

illustrated and designed by thoe htein

အခန်း (၁)

“ထန်းလျက်နဲ့ ချက်တာခြင်းတူပေမယ့်..ဝက်လက်က နတ်ဆက်တဲ့အရက်ကွ...တောသားရ”

“ဟိတ်အကောင်...နင်လည်း တောသားပဲ..မဟုတ်လား....တောသားချင်းအတူတူ..မောင်ရွှေကြူတို့က လေကြီးနေ”

“တောသားချင်းအတူတူ..ငါက ယိုးဒယားအထိ ရောက်ဖူးတယ်ဟ...ငအိုးရ...ဟေ့...မင်းနောက်မှာ တကောင်..လှည့်ခုတ်လိုက်ဦး”

“ကဲကွာ....အေး..တောသားချင်းအတူတူ မြို့မှာနည်းနည်းနေဖူးတာနဲ့.. မြို့သားအစစ်တွေထက် နင်တို့ က ဖင်ဂေါင်းပိုကျယ်ပြန့်နေတာပ..မောင်ရွှေကြူ...”

ငအိုးက သူ့နောက်မှ ဓားလွတ်ကိုင်လျက် ပြေးဝင်လာသောသူတစ်ဦးကို ခါးဖြင့် တွတ်ထည့်လိုက်သည်။ ခါးစာမိသွားသူမှာ ခွေခနဲ လဲကျသွား၏။

“အမြည်းကတော့...လယ်ကြွက်ကြီးတွေကို ရဲနေအောင် ကင်ပြီး...ကိုင်း...ဒင်းက တမျိုး..ကဲဟာ..ကဲဟာ..ဒီမှာ စကားပြောကောင်းနေတာကို”

ရွှေကြူ က သူ့အား သေနတ်ဖြင့် ချိန်နေသော မြင်းစစ်သည်တစ်ယောက်အား တင်ကျည်းတုတ်ဖြင့် ရိုက်ချလိုက်သည်။

“ငရွှေကြူ ရာ..မင့်အရက်က တို့ စည်ပုတ္တရာက ထန်းဦးရည်လောက်များ ကောင်းဦးမလား”

“ဟာ..ကောင်းပါတယ်ဆို....ဒီနှမပေးနဲ့ ပြောရဆိုရ...လက်ပေါက်ကပ်ပါဘိ”

“ဟေ့..ဟေ့..ငါ့အမလည်း မင့်အကို ကို ပေးထားပြီးပြီ...ငါ့နှမတော့ မင်းလို အရက်သမား ကဇော်သမား ကို မပေးနိုင်ပေါင်ဗျာ”

ရွှေကြူ နှင့် ငအိုး။

သူတို့နှစ်ဦးကား တိုက်ပွဲအတွင်း ခုတ်သည်။ ထိုးသည်။ သတ်သည်။

စကားလေး တပြောပြောနှင့်။

တိုက်ပွဲက ပြီးဆုံးခဲ့ပြီ။

ငသာ က ရန်သူဘက်မှ ကျန်ခဲ့သည့် လက်နက်များကို တလက်ချင်း စိစစ်ပြီး လိုက်သိမ်းနေသည်။

အလောင်းတစ်လောင်းဘေးတွင် ခြေပစ်လက်ပစ်ထိုင်နေသည့် ရွှေကြူ က လှမ်းခေါ်လိုက်၏။

“ဟေ့..မောင်သာ”

“ဗျ..ကိုကြီးရွှေကြူ”

“သေနတ်တွေကို သေချာသိမ်းပြီး..မုဆိုးဖိုဆီ မြန်မြန်ရောက်အောင်သွားကွ..ငါတို့ မင်းကိုစိတ်ချမယ်”

“ကိုကြီး ရွှေကြူ တို့က ဘယ်သွားကြမလို့လဲ”

“ဝက်လက်က ထန်းလျက်အရက်ဘယ်လောက်ကောင်းတယ်ဆိုတာ..ဒီတောသားကို ခေါ်သွားပြီး တိုက်မလို့ကွ..မနက်ဖြန် မနက်ပြန်လာခဲ့မယ်လို့ ပြောလိုက်ကွာ”

“ဟာ..ဖိုးအောင်ဇေယျကြီး သိရင်...အထောင်းခံနေရပါ့မယ်..ကြည့်လုပ်ကြပါဦး”

“ဟေ့..ငါ့အကိုကြီး ငါ့အကြောင်းသိတယ်...ဒီမှာ ခုတ်စရာရှိတာ ခုတ်...ထစ်စရာရှိတာထစ်ပြီးပြီပဲ...သောက်စရာရှိတဲ့ ကိစ္စ သွားသောက်ရမှာပ..နော့..မဟုတ်လား..ငအိုရ”

ရန်သူ ထံမှရသည့် သေနတ်တလက်ကို သေချာကိုင်ကြည့်နေသော ငအိုက ခေါင်းညိတ်ပြသည်။

“ဟေ့..ရွှေကြူက နာရာဂီရိဂိုဏ်းဝင်ကွ..အရက်ကိုးမောင်းသောက်ပြီးမှ...အလုပ်လုပ်လို့ရတာ..ဟား..ဟား”

“ဒါဆိုနင်က..အရက်မူးရင် ဘုရားတောင်သတ်မယ့် တိရိစ္ဆာန်ပေါ့..ဟုတ်လား”

“နင်မေကလွှား..ငါက သဘောပြောတာဟ..စည်ပုတ္တရာသားတိတ္တိကောင်ရ”

“ဟား..ဟား”

ရွှေကြူ နှင့် ငအိုး က တဟားဟားဖြင့် ရယ်မောနေကြသည်။

ရွှေကြဲ။

မုဆိုးဖိုရွာခေါင်းဆောင် အောင်ဇေယျ ၏ ညီငယ်။

အင်းဝမြို့တော်ကောင်းစားစဉ်က နာမည်ကျော်လက်ဝှေ့သမားတစ်ဦးအဖြစ် ထင်ရှားသကဲ့သို့ မုတ္တမ၊ အယုဒ္ဓယ တို့အထိ နယ်လှည့် သွားရောက်ထိုးသတ်ခဲ့သူ ဖြစ်သည်။

အိမ်ထောင်မရှိ။ လူပျိုကြီး။အရက်ကို အနုပညာဆန်ဆန်တပ်မက်သူ။

ပေတေလေလွင့်နေရာမှ အင်းဝသို့ ကသည်းတပ်များလာရောက်တိုက်ခိုက်စဉ် ကာလ ၁၇၃၉ ခုနှစ် တွင် မုဆိုးဖိုသို့ ရွှေကြဲ ပြန်ရောက်လာခဲ့သည်။

ယခုတော့ အောင်ဇေယျ၏ ဇနီး ခင်ယွန်းစံ၏ မောင်ဖြစ်သူ ငအိုး နှင့် ပေါင်းမိကြလေပြီ။

“ပတက်သား ရတဲ့အခါဆို...အဲဒဲ့ အရက်လေးကို တစ်မြိုမြိုလိုက်....ပတက်ကင်လေး ကို သံပုရာရည်လေးညှစ်ပြီး စားလိုက်..သခွားသီးလေးတကိုက်..ကိုက်လိုက်...ဆွေမျိုးမေ့ပဲ..ငါ့လူ”

“ငါ့တော့ ရွက်နီသိပ်မပါဘူးနော်...မင်းပဲ ရှင်းရမှာ”

“ဟေ့..တစ်ယောက်တဝက်ပေါ့ကွ...မပါလည်း..မင်းနားတောင်းကြီး ဖြုတ်ပေးထားခဲ့တာပ”

မကြာသေးမီကမှ အသက်ချင်း လုကြရသည့် တိုက်ပွဲ ကိုလည်း ခုတ်ရင်းထစ်ရင်း စကားကောင်းနေကြသည့် ထိုနှစ်ယောက်။

ယခုလည်း အစောပိုင်းက တိုက်ပွဲသည် ဘာမှမဖြစ်ခဲ့သည့်အလား စကားတပြောပြောနှင့် ဝက်လက်ဘက်သို့ အရက်သောက်ရန် ထွက်သွားကြပြီ။

……
……

၁၇၄၂ တွင်စတင်လာခဲ့သည့် အင်းဝ - ဟံသာဝတီစစ်ပွဲကြီးသည် ဆယ်နှစ်အကြာတွင် ပြီးဆုံးခဲ့သည်။

၁၇၅၂ မတ်လ ၁၁ ရက်နေ့တွင် အင်းဝမြို့ကြီးသည် ဟံသာဝတီတပ်များလက်အောက်သို့ ကျရောက်ခဲ့သည်။

ခုနှစ်ရက်အကြာတွင် အင်းဝဘုရင် မဟာဓမ္မရာဇာဓိပတိ နှင့် မိဖုရားများ၊ မင်းညီမင်းသားများကို ရေကြောင်းမှ တဆင့် ဟံသာဝတီသို့ ပို့ဆောင်ခဲ့သည်။

နန်းစဉ်ရတနာများ၊ ပေပုရပိုက်များ၊ လက်နက်ပစ္စည်းများစွာကို တပါတည်း သိမ်းဆည်းသွားခဲ့သည်။

ဟံသာဝတီဘုရင်၏ ညီ..ဥပရာဇာဦးအောင်မြ သည် အင်းဝကို သိမ်းပိုက်ပြီးသည်နှင့် အနီးအနားမှ မြို့ရွာခေါင်းဆောင်အချို့က သစ္စာခံခိုဝင်လာကြသည်။

ခိုဝင်သူများထဲတွင် အင်းဝစစ်တပ်၏ အားကိုရသော စစ်ကဲတစ်ဦးဖြစ်သူ ခင်ဦးမြို့သူကြီး လက်ျာပုံချီ ချစ်ညို ပင် ပါဝင်သည်။

သို့သော်ငြား ဟံသာဝတီ၏ အာဏာရိပ်ကို မခိုလှုံပဲ ထွက်ပြေးတိမ်းရှောင်သွားသည့် အစုအဖွဲ့များလည်း ရှိနေသေးသည်။

ထိုအဖွဲ့များမှာ အင်းဝတဖက်ကမ်းတွင် အခိုင်အလုံဖြင့် နေနေသော မုဆိုးဖို သို့ ဝင်ရောက်ပူးပေါင်းသွားကြကြောင်း သတင်းများရရှိခဲ့သည်။

မုဆိုးဖိုရွာသူကြီးမှာ အင်းဝစစ်တပ်မှ ထွက်ပြေးလွတ်မြောက်သွားသူ စည်သာမင်းကြီးဦးစည်းစိမ် နှင့် ဆွေမျိုးတော်နေသည့်အချက်ကို ဥပရာဇာ နှင့် စစ်သူကြီးတလပန်းတို့က အထူးစိုးရိမ်နေကြသည်။

အင်းဝ၏ စစ်ဦးစီးချုပ်ဖြစ်သော ကိုးသိန်းသခင်ကို ဟံသာဝတီသားတို့ ဖမ်းဆီးရမိထားသော်လည်း ဦးစည်းစိမ် ပျောက်နေခြင်းသည် သူတို့အတွက် အန္တရာယ်တစ်ခုအဖြစ် ယူဆကြသည်။

အင်းဝဘုရင်၏ သားတော်များဖြစ်သော ရွှေတောင်စားမင်းသား နှင့် မင်းသားမင်းရဲမြတ်ဘုန်း တို့မှာလည်း တရုတ်ပြည်မှပြန်လာမည့်သံအဖွဲ့ကို ရှမ်းပြည်တွင် သွားရောက်ကြိုဆိုနေကြသဖြင့် အင်းဝတွင် မရှိကြ။

ထိုအခြေအနေတွင် ဘုရင့်သားတော်များ ပြန်ရောက်လာပါက ဦးစည်းစိမ် တို့ အင်အားစုများ ပေါင်းစည်းမိသွားမည်ကို ဥပရာဇာက မလိုလား။

ထို့ကြောင့် မူလက ဟံသာဝတီသို့ ပြန်ရန် စီစဉ်ထားသည့် ဥပရာဇာဦးအောင်မြသည် ဟံသာဝတီသို့ မပြန်သေးပဲ ဦးစည်းစိမ်ရှိနေနိုင်မည့် မုဆိုးဖို ကို သစ္စာပေးရန် ဆုံးဖြတ်လိုက်သည်။

၁၇၅၂ ဧပြီ ၂ ရက်နေ့ ၊မွန်းတည့်ချိန်...။

ဟံသာဝတီဥပရာဇာ စေလွှတ်လိုက်သော လူ(၃၀) သည် မုဆိုးဖိုသို့ ရောက်ရှိလာကြ၏။

သို့သော် မုဆိုးဖို ရွာသားများ က ထန်းလုံးခံတပ်တံခါးကို ဖွင့်မပေးကြ။

“ငါတို့ ဟံသာဝတီမဟာဥပရာဇာ က လွှတ်လိုက်တဲ့..အဖွဲ့ပဲ...မုဆိုးဖိုရွာသူကြီး အခုချက်ချင်းထွက်ခဲ့ပါ”

ရွာစည်းရိုးပေါ်မှ လူတစ်ဦးပေါ်လာသည်။

“မင်းက ရွာသူကြီးလား”

“ရွာသူကြီး ဦးညိုစံက ကျုပ်အဖေ ပဲ..ကျုပ်က ဒီရွာရဲ့ကျေးကိုင်အရာရှိ ဗလနန္ဒ ကျော်ဘွဲ့ခံ အောင်ဇေယျ”

“ငါတို့ သူကြီးနဲ့ စကားပြောချင်တယ်..မြို့တံခါးဖွင့်ပေး”

“သူကြီးက ကျန်းမာရေးသိပ်မကောင်းတော့ဘူး...ကျုပ်ပဲ သူ့အရိုက်အရာကို ဆက်ခံမှာ...ကျုပ်နဲ့ပြောကြ”

“အေး...ဒါဆိုလည်း တံခါးဖွင့်ပေး..မင်းတို့ကို သစ္စာရည်တိုက်မယ်..ပြီးရင် မုဆိုးဖိုသားမွတ်သမျှ သွေ့ျာင်ထုံးတွေအကုန် မွန်ဆံဖြတ်ရမယ်လို့ ဥပရာဇာ က အမိန့်တော်ရှိလိုက်တယ်”

အောင်ဇေယျ နှင့် သူ့နဘေးက ငကောင်း၊ ငသာတို့က မခိုးမခန့်ပြုံးလိုက်ကြသည်။

“နာရီတစ်မောင်းလောက် စောင့်ပါ...ရွာသားတွေကို ဒီအကြောင်းပြောပြီး မှ ရွာတံခါးဖွင့်ပေးနိုင်မယ်”

အောင်ဇေယျက ခပ်ပြတ်ပြတ်ပြောပြီး ခံတပ်စည်းရိုးပေါ်မှဆင်းလာသည်။

“ဟေ့..မောင်ကောင်း...မင်း..ဒီမှာ ကင်းအဖွဲ့နဲ့ ကျန်ရစ်...ငါက တံခါးဖွင့် ဆိုပြီး လူလွှတ်အမိန့်ပေးမှ ဖွင့်ပေးနော်.. အတင်းတိုးလာရင်တော့..သေနတ်နဲ့သာ ပစ်ချပစ်”

ထို့နောက် မြင်းပေါ်တက်ကာ မုဆိုးဖို ရွာလည်ရှိ နေအိမ်ရှိရာသို့ ပြန်လာခဲ့သည်။

အောင်ဇေယျ၏ နေအိမ်ရှေ့တွင် တဲကန္နားကြီးတစ်ခု ကြီးစွာထိုးထားသည်။

တဲကန္နားရှေ့တွင် မြင်းကောင်းများနှင့် ကွေ့စစ်သည် ဆယ်ဦးခန့်က ရပ်နေကြ၏။

အောင်ဇေယျ ကို မြင်သည်နှင့် ရှင်မိငယ်က မတ်တပ်ထရပ်လိုက်သည်။

ကွေ့ကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ နားလဲ နှင့် ငနက် တို့လည်း မတ်တပ်ရပ်လိုက်ကြ၏။

“သူတို့က ဘာတဲ့လဲ..မောင်ကြီး”

“ရတယ်...သူတို့ကို လက်မခံသေးဘူး...အခု နားလဲ တို့နဲ့ ကိစ္စ အရင်ဖြတ်ကြတာပေါ့..ဗိုလ်တွန်..ရော”

“ကျုပ်ရှိပါတယ်..ကိုအောင်ဇေယျ”

“လာ..ခင်ဗျားရော..မောင်သာရော..လာထိုင်...ဟေ့...မောင်လောက် နဲ့ မောင်ရွှေကိုပါ ခေါ်ချေကွယ့်”

စဉ့်ကိုင်ကို အခြေပြုလျက် အင်းဝအထက်ပိုင်းနယ်မြေကို သိမ်းပိုက်ထားသည့် ကွေ့ခေါင်းဆောင် ဂုဏ္ဍာအိမ်၏ နှမ နားလဲ နှင့် အင်းဝတစ်ဖက်ကမ်းရှိ ရွာအများစုကို စုစည်းထားနိုင်သူ မုဆိုးဖိုရွာခေါင်းဆောင် အောင်ဇေယျ တို့ မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

“မြင်တဲ့အတိုင်းပဲ....ဟံသာဝတီကလည်း ကျုပ်တို့ကို သစ္စာပေးဖို့ လာနေပြီ..ဒီတော့...ကွေမင်းက တစ်ဖက်..ဟံသာဝတီကတစ်ဖက် ကြားမှာ ကျုပ်တို့က သစ္စာချောင်းကြား ဝါးညပ်သလို ညပ်တော့မယ်....ကျုပ်တို့ မုဆိုးဖိုဟာ ခင်ဗျားတို့ နှစ်ဖက်အင်အားနဲ့ ယှဉ်ရင် ဘာမှမဟုတ်ပါဘူး...ဘာပဲဖြစ်ဖြစ်ပါ...ဂုဏ္ဍာအိမ် အနေနဲ့ စည်သာမင်းကြီးကို စောင့်ရှောက်ပေးထားတယ်ကြားရတော့ ကျုပ်တို့ အင်မတန်ကျေးဇူးတင်ရပါတယ်”

“နင်တို့ အခြေအနေကို ငါနားလည်ပါတယ်...အခုသိချင်တာက...မကြာခင်မှာ..ဟံသာဝတီ နဲ့ ကွေ့တွေကြားမှာ စစ်ပွဲကြီးတစ်ခုဖြစ်လာနိုင်တယ်...နင်တို့ မုဆိုးဖိုအုပ်စုက ဘယ်ဘက်ကရပ်တည်မလဲဆိုတာပဲ”

နားလဲ ၏ စကားကြောင့် အောင်ဇေယျ က မျက်ခုံးကို ပင့်လိုက်သည်။

“ဒါကတော့ စည်သာမင်းကြီးအပေါ် မူတည်ပါတယ်...စည်သာမင်းကြီးကို ကျုပ်တို့ ဆီကို ဘေးမသီရန်မခ ပြန်ပို့ပေးမလား...မပေးဘူးလားဆိုတဲ့ အဖြေပေါ

မူတည်ပါတယ်”

“အခု ငါတို့ ပြန်သွားချိန်မှာ နင်တို့က ဟံသာဝတီကို သစ္စာခံလိုက်ပြီဆိုရင်ရော”

“သစ္စာပေးတိုင်း ခံနေရအောင် မုဆိုးဖိုသားတွေ က ငကြောက်တွေမဟုတ်ဘူး... အမကြီး”

မောင်ရွှ က ဝင်ပြောလိုက်ခြင်းဖြစ်သည်။

“မောင်ရွှ...တော်စမ်း...မင်းတို့ကို ခေါ်ထားတာ သံခင်းတမန်ခင်းမှာ ဘယ်လို စကားပြောရတယ်ဆိုတာ..သိဖို့ ခေါ်ထားတာ....ရွှေကြူ..မင်းတူကို ခေါ်သွားတော့”

အောင်ဇေယျ၏ ညီ ရွှေကြူ က မောင်ရွှ ကို ခေါ်ထုတ်သွားသည်။

“လူပျိုပေါက်လေးတွေဆိုတော့..ဒီလိုပဲ စိတ်လိုက်မာန်ပါပြောတတ်တာမို့..စိတ်မရှိပါနဲ့..နားလဲ”

“သူက ကလေးပဲ..ငါနားလည်ပါတယ်...ဒီတော့...ခုန ကိစ္စ ပြန်ဆက်လိုက်ရအောင်”

“စိတ်ချပါ...ဟံသာဝတီကို သစ္စာခံ မခံဆိုတာ...မကြာခင် ခင်ဗျားတို့ သိရပါလိမ့်မယ်...အဲဒီအဖြေကို သိပြီးမှ...ဦးစည်းစိမ်ကို ကျုပ်တို့ဆီ ပြန်ပို့သင့် မပို့သင့် ခင်ဗျားတို့ ဆုံးဖြတ်ပေါ့”

“ဟုတ်ပြီ...ဒါဆို ငါတို့လည်းအချိန်မရှိဘူး...အကိုတော်ဆီ အမြန်သတင်းပို့ရဦးမယ်”

“ဗိုလ်တွန်....သူတို့ကို ခင်ဗျားတပ်နဲ့အတူ ရွာအနောက်တံခါးကနေ ထွက်ပြီး ကျောက်မြောင်းဆိပ်အထိ လိုက်ပို့ပေးလိုက်ပါ”

နားလဲ နှင့် ကွေ့ကိုယ်စားလှယ်အဖွဲ့ ထွက်သွားပြီးနောက် အောင်ဇေယျက ညီဖြစ်သူ ရွှေကြူ၊ ယောက်ဖတော် မောင်အိုး နှင့် ငသာ တို့ကို တဲအတွင်းသို့ ခေါ်လိုက်သည်။

ခဏအကြာတွင် ရွှေကြူ၊ ငသာ ၊ မောင်အို တို့ နှင့် လူငယ် (၄၀) တို့သည် တင်ကျီးတုတ်များ၊ ဝါခွံနှံများကိုယ်စီဖြင့် ရွာအနောက်တံခါးမှ ထွက်ခွာသွားကြ၏။

နာရီဝက်ခန့်အကြာတွင် မုဆိုးဖိုရွာထဲသို့ ဟံသာဝတီကိုယ်စားလှယ်အဖွဲ့ ရောက်ရှိလာသည်။

နေမွန်းတည့်ချိန်ဖြစ်သဖြင့် ဆာလောင်နေကြပြီဖြစ်သော ဟံသာဝတီသံအဖွဲ့ကို မုဆိုးဖိုသားများက ဝက်သား၊ ထမင်း၊ ပုန်းရည်ကြီးတို့ဖြင့် ဧည့်ခံကြသည်။

ထို့နောက် မုဆိုးဖိုထွက် ထန်းရည်ချို နှင့် စကားဝိုင်းစတင်ကြ၏။

“စည်သာမင်းကြီးက ကျုပ်တို့ဆီ မှာ မရှိပါဘူးဆိုတာ..သစ္စာဆိုပြောခဲ့ပြီးပါပြီ...ပြီးတော့...ဟံသာဝတီဥပရာဇာရဲ့ သဘောကိုလည်း ကျုပ်တို့ သိပါပြီ..ဒါပေမယ့်..ကျုပ်တို့ တန်ဖိုးထားတဲ့ သျှောင်ထုံးတွေကိုဖြတ်ဖို့ဆိုတာကတော့ ရွာသားတွေလည်း နှစ်သက်ကြမယ်မထင်ဘူး”

ဟံသာဝတီကိုယ်စားလှယ်က ပြုံးလိုက်သည်။

“ညောင်ရမ်းမင်းဆက်ရဲ့ ဟိုးအစ..ဘုရင်နောင်ကျော်ထင်နော်ရထာမင်းတရားလက်ထက်ကတည်းက ဗမာတွေကလည်းလဲလို့ မွန်တွေ၊ အယုဒ္ဓယသားတွေဟာ ဆံဖြတ်ကြရပါတယ်...ပြည့်ရှင်သခင်ရဲ့ အမိန့်အတိုင်း ကျွန်ဖြစ်ရတဲ့ လူတွေက လုပ်ကြရတာပါပဲ...အခုလည်း ဟံသာဝတီဟာ အင်းဝရဲ့ အရှင်သခင်ဖြစ်ပါပြီ...အင်းဝသားတွေအားလုံး မွန်ဆံဖြတ်ကြရမှာပါပဲ”

အောင်ဇေယျက ရုတ်တရက်တင်းမာသွားသော မျက်နှာကို အသာထိန်းလိုက်သည်။

“အင်း..ကိုယ်စားလှယ်ကြီးပြောတာလည်း ဟုတ်ပါတယ်..ဒါပေမယ့်..မကွယ်တမ်းပြောရရင် ဒီနေ့မနက်ပဲ..ကွေမင်း ဂုဏ္ဍာအိမ်ရဲ့ ကိုယ်စားလှယ်အဖွဲ့ရောက်လာပြီး သစ္စာရည်တိုက်ပါတယ်...ကျုပ်တို့ ငြင်းပယ်လိုက်ပါတယ်”

“ဒါဆို ဟံသာဝတီရဲ့ သစ္စာကို ခံလိုက်တော့ပေါ့...”

“ကျုပ် ဆုံးအောင် ပြောပါရစေ...ဟံသာဝတီလို လက်နက်နှိုင်ငံတော်ကြီးရဲ့ ထိုးစစ်ကို အင်းဝရွှေနန်းတော်တောင် မခံနိုင်ပါဘူး...မုဆိုးဖိုဟာ ဘာမှမဟုတ်တဲ့ သာမန် ရွာသိမ်ရွာငယ်လေးပါ...အင်းဝစစ်ဘေးက ပြေးလာသူတွေကို လက်ခံပေးထားလို့သာ အလုံးအရင်းရှိသယောင်ထင်ရတာပါ..ထန်းလုံးခံတပ်တွေဆိုတာကလည်း ဟိုးအရင် အင်းဝရွှေနန်းရှင်လက်ထက်ကတည်းက လုပ်ခဲ့တာပါ...ဒီတော့...ဟံသာဝတီဖြစ်ဖြစ်..ကွေ့ဖြစ်ဖြစ် ဘယ်သူက လာတိုက်တိုက်..မုဆိုးဖိုဟာ ခုခံဖို့မလွယ်ပါဘူး..အခုအခြေအနေက ဟံသာဝတီ နဲ့ ကွေ့ကြားမှာ မုဆိုးဖိုဟာ ညပ်နေပါတယ်...တကယ်လို့ ဟံသာဝတီကို သစ္စာခံလိုက်ရင်...မုဆိုးဖိုနဲ့

အနီးဆုံးမှာရှိနေတဲ့ ကွေ့တွေ့ လာဖျက်စီးမှာကိုလည်း စိုးရပါတယ်..ဒါကြောင့်... မုဆိုးဖိုအနေနဲ့...ဟံသာဝတီ ကို တောင်းဆိုချင်တာက..ကွေ့တွေ့ရန်ကိုအရင် နှိမ်နင်းပေးပါ...ကွေ့တွေ့မရှိတော့တဲ့အခါ မုဆိုးဖိုဟာ ဟံသာဝတီကို အလိုလို ရောက်လာပါလိမ့်မယ်”

အောင်ဇေယျ၏ စကားအဆုံး ဟံသာဝတီကိုယ်စားလှယ်က အတန်ငယ်စဉ်းစား နေသည်။

ထို့နောက်..

“ကောင်းပါပြီ..ဒီကိစ္စကို ဥပရာဇာဆီ လျှောက်တင်ပေးပါ့မယ်..ဥပရာဇာရဲ့ အဆုံးအဖြတ်အတိုင်း မုဆိုးဖို က နာခံရလိမ့်မယ်..ကျုပ်တို့ ပြန်မယ်”

မုဆိုးဖို ထန်းလုံခံတပ်တံခါး ပွင့်သွား၏။

သေနတ်ငယ် (၁၀)လက်၊ လှံ (၁၀)စင်းကိုင်ဆောင်လာသည့် ဟံသာဝတီ ကိုယ်စားလှယ်အဖွဲ့ ထွက်ခွာသွားသည်ကို အောင်ဇေယျက ခံတပ်ပေါ်မှ လက်ပိုက်လျက် ကြည့်နေသည်။

ခဏအကြာတွင် ဖုန်တထောင်းထောင်းဖြင့် ငတွန် နှင့် သူ့တပ်ဖွဲ့များ ပြန်လည် ရောက်ရှိလာ၏။

“ဘယ်လိုလဲ..ဗိုလ်တွန်..သူတို့ကိုသေချာလိုက်ပို့လိုက်ရဲ့လား”

“အဆင်ပြေပြေပါပဲ...ကိုအောင်ဇေယျ”

“ကိုစည်းစိမ် က အဲ့ဒီမှာ ရှိနေတာ သေချာပါရဲ့နော်”

“နားလဲ နဲ့ ကျွန်တော်နဲ့က အရင်ကတည်းက ရင်းနှီးရင်းစွဲရှိပါတယ်...သူတို့က မလိမ်တတ်ပါဘူး...စည်သာမင်းကြီး..ကွေ့တွေ့ဆီမှာ သေချာပေါက်ရှိနေမှာပါ”

“အင်း..အဲ့ဒါ အရေးကြီးတယ်...ငါ့လူလည်း ပင်ပန်းလာတယ်... နားလိုက်ပါဦး”

ညမိုးစုန်းစုန်းချုပ်ချိန်တွင် မုဆိုးဖိုခံတပ် ရှေ့မှ မြင်းခွာသံများ တဖြောင်းဖြောင်း ကြားလိုက်ရ၏။

လင်းလေးကိုင်၊ သေနတ်ကိုင်ကင်းအဖွဲ့များက မီးတုတ်ကိုယ်စီဖြင့် မြို့ရိုးပေါ် ထွန်းညှိလိုက်ကြသည်။

“ငါ ငသာ ပဲဟေ့”

ငသာ ၏ အသံကြားသည်နှင့် ထန်းလုံးခံတပ်တံခါးကို ဖွင့်ရန် ပြင်ဆင်ကြသည်။

“လာသယ်ကြဦး..ကိုယ့်လူတို့..သေနတ်တွေ ရလာတယ်”

ငသာ က ဝမ်းသာအားရအော်သည်။

ခဏအကြာတွင် အောင်ဇေယျ က သားကြီး မောင်လောက် နဲ့အတူ ရောက်ရှိလာ၏။

“အချိန်မီလေးပဲ..ဦးရီးရဲ့....သေနတ်တွေတော့ အကုန်ရလာတယ်..လေးငါး ယောက်ကတော့ ကိုယ်လွတ်ထွက်ပြေးသွားလေရဲ့..ကျန်တဲ့ကောင်တွေတော့..သေကျန်ရစ်ပြီ”

အောင်ဇေယျက မီးတုတ်အလင်းရောင်ဖြင့် ငသာတို့ လူစုကို ကြည့်လိုက်သည်။

“ဟဲ့..ဒါနဲ့ ရွှေကြူ နဲ့ မောင်အို ရော”

“ဝက်လက်မှာ အရက်ဦးရေ..ကောင်းကောင်းရတယ်ဆိုလို့...ဝင်နေခဲ့တယ်... ... မနက်ဖြန် မိုးမလင်းခင် ပြန်လာခဲ့မယ်..ပြောတာပဲ”

“ဒီ ခွေးသားနှစ်ကောင်နှယ့်တော့..ငါ..”

အောင်ဇေယျ၏ ဆဲသံက ခပ်ရွင်ရွင်။

မုဆိုးဖို့ကို သစ္စာပေးရန်လာပြီး ပြန်သွားကြသော ဟံသာဝတီကိုယ်စားလှယ်အဖွဲ့အား ဝက်လက်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်အကွာရှိ ဟန်လင်းရွာတောင်ဘက်တွင် မုဆိုးဖို့သားများက လုပ်ကြံသတ်ဖြတ်လိုက်ကြပေပြီ။

ထို့သို့ဖြင့်... မုဆိုးဖို့ရွာသည် စစ်ပွဲကြီးကို ခေါ်ယူခဲ့ပြီဖြစ်သည်။

.....
.....

ညဦးပိုင်းဖြစ်သော်လည်း လမိုက်ညမို့ ပန်းလှိုင်မြစ်ပြင်တစ်ခုလုံး ပိန်းပိတ်လျက်။ ရွက်တပ်ထားသော သင်္ဘောတစ်စီးသည် ဒဂုံမြို့ရှိရာသို့ တရွေ့ရွေ့လာနေသည်။

သင်္ဘောမှာ ပြဲ၍သစ်သင်္ဘောပုံစံဖြစ်သော်လည်း ဟံသာဝတီ အလံက တလူလူလွင့်နေ၏။

ထိုသင်္ဘောကား ပြင်သစ်မှ ဟံသာဝတီသို့ လက်ဆောင်ပေးထားသည့် တိုက်သင်္ဘောငယ်များထဲမှ တစ်စီး။

လက်ျာဗိုလ်က ဆေးတံကို မီးညှိပြီး သင်္ဘောဦးသို့ လမ်းလျှောက်လာသည်။

ရှေ့မှ မီးရောင်ပြပြကြောင့် စစ်သည်များအားလုံးကို အသင့်ပြင်ရန် အချက်ပြလိုက်၏။

သင်္ဘောပေါ်တွင် ပါလာသည့် စစ်သည်များက သေနတ်များကို ကျည်ထိုးကာ အသင့်ချိန်ထားလိုက်ကြသည်။

“ဟော့..ရှေ့ကဘယ်သူတွေလဲ...ငါတို့ ဟံသာဝတီတပ်မတော်ကကွ...မဖြေရင် ပစ်မယ်”

မီးအိမ်ခပ်ပြပြထွန်းထားသည့် လှေကလေးပေါ်မှ အရိပ်နှစ်ခု လှုပ်ရှားလာသည်။

“ကျွန်တော်မျိုးတို့ ဆားမလောက်ရွာသား တံငါတွေပါ....ဒီနားမှာ ပိုက်တွေချထားလို့..ဒီရေကျချိန်မှာ သင်္ဘောတွေ၊ လှေတွေ ငြိကုန်မှာစိုးလို့ လာပြန်ဖြုတ်ပေးနေကြတာပါ”

“ဖြုတ်ပြီးပြီလား”

“နည်းနည်းကျန်ပါသေးတယ်..ခင်ဗျ”

လက်ျာဗိုလ်က သင်္ဘောသူကြီးဖြစ်သူ အာမေးနီးယန်းလူမျိုးကို ခေါင်းညိတ်ပြလိုက်သည်။

“မြန်မြန်လုပ်ကြကွ..ငါတို့ အင်းဝကနေတောင်လာရတာ..အချိန်မီ ဒဂုံဆိပ်ကမ်းကို ဝင်မှရမယ်”

“မှန်ပါ..ဘုရား..မှန်ပါ”

“ကွန်ပရဲ...သူတို့ကို သေချာကြည့်ထား...အနောက်မှာ ကိုးသိန်းသခင် ထမင်းစားပြီးပြီလား..ငါသွားကြည့်ဦးမယ်”

လက်ျာဗိုလ်က သူ့နဘေးမှ သွေးသောက်ကြီးကွန်ပရဲ ကို ပြောပြီး..သင်္ဘော အနောက်ဘက်သို့ သွားရန်ပြင်လိုက်သည်။

“ဝုန်း”

တစ်စုံတစ်ရာရေထဲသို့ ပြုတ်ကျသံနှင့်အတူ သင်္ဘောအနောက်ဘက်ခန်းမှ ဆူဆူညံညံအသံများ ကြားလိုက်ရသည်။

တချိန်တည်းတွင်ပင် သင်္ဘောရှေဘက်တွင် ပိုက်ဖြုတ်နေသည့်ဆိုသော တံငါလှေမှ မီးများ ရုတ်တရက်ငြိမ်းသွားပြီး သေနတ်သံများ ထွက်ပေါ်လာ၏။

ရုတ်တရက်ပစ်ခတ်ခံရမှုကြောင့် သွေးသောက်ကြီး ကွန်ပရဲ ၏ လက်မောင်းကို ကျည်စ ထိမှန်သွားသည်။

အခြားစစ်သည်များလည်း သင်္ဘောကုန်းဘောင်ပေါ်သို့ အလန့်တကြားဝပ်ချလိုက်ကြသည်။

လက်ျာဗိုလ်က ခါးတွင်ထိုးထားသည့် ပြင်သစ်နိုင်ငံလုပ် စမောအမ်းပစ္စတိုကို ထုတ်ကာ သင်္ဘောအနောက်ဘက်သို့ပြေးသွား၏။

“ဟေ့..ဘာဖြစ်တာလဲ”

“ကိုးသိန်းသခင်...ရေထဲ ခုန်ချသွားပြီ..ဗိုလ်မင်း”

“မီးအိမ် ဒီဘက်ကို ထွန်းဟေ့”

သင်္ဘောခေါင်မိုးထိပ်မှ မီးအိမ်သမားက အနောက်ဘက်သို့ လှည့်ပေးသည်။

မီးရောင်အောက်တွင် အသင့်စောင့်နေသော လှေတစ်စင်းထံ ကူးခတ်နေသည့် လူတစ်ယောက်ကို ကို တွေ့လိုက်ရ၏။

အင်းဝ၏ နောက်ဆုံးစစ်ဘုရင် ကိုးသိန်းသခင်မင်းခေါင်။

လက်ျာဗိုလ်မှ ဦးဆောင်ကာ သုံ့ပန်းအဖြစ် ဟံသာဝတီသို့ သင်္ဘောဖြင့် ခေါ်ဆောင်လာခြင်းဖြစ်သည်။

ယခုတော့ ဆားမလောက်ရှာနားအရောက်တွင် ကြုံတင်ကြံစည်မှုနှင့်အတူ လွတ်မြောက်သွားခဲ့ပြီဖြစ်၏။

ကိုးသိန်းသခင်ကား ခပ်ဝေးဝေးပင် ရောက်နေလေပြီ။ လက်ျာဗိုလ်က ရေထဲတွင် ကူးခတ်နေသော ကိုးသိန်းသခင်ကို ချိန်လိုက်သည်။

“အင်းဝစစ်သူကြီး..လွတ်သွားပြီဟေ့...ကိုးသိန်းသခင်..လွတ်သွားပြီ”

အနောက်ဖက်မှ အော်သံများကြောင့်ခေတ္တမျှတွေဝေသွား၏။

ထို့နောက်သေနတ်ကို အောက်သို့ပြန်ချလိုက်သည်။

သင်္ဘောပေါ်တွင် ပါလာသော ပသီလူမျိုး လက်ဖြောင့်တပ်သား ဟာမစ် က ပြင်သစ်လုပ် မက်စကက်ပြောင်းရှည်သေနတ်ကို ယမ်းထိုးကာ ရေကူးနေသော ကိုးသိန်းသခင်ထံ ချိန်လိုက်သည်။

“ဟာမစ်...မောင်မင်း..အခုရပ်လိုက်စမ်း”

လက်ျာဗိုလ်က ဟာမစ်ထံလျှောက်သွားကာ ပစ္စတိုဖြင့် ချိန်လိုက်သည်။

“မပစ်နဲ့လို့..ငါအမိန့်ပေးတယ်....ငါ့အမိန့်မရပဲပစ်ရင်..မောင်မင်းကို ငါကိုယ်တိုင် စီရင်မယ်.”

ဟာမစ်က ကြောက်လန့်တကြားဖြင့် သေနတ်ကို ချလိုက်သည်။

ထိုအချိန်တွင် သွေးသောက်ကြီးကွန်ပရဲက ကျည်ထိထားသော လက်မောင်းကို အုပ်ကိုင်ကာ အနောက်သို့ ရောက်လာသည်။

“ဟိုအကောင်တွေ ပစ်ပြီး ပြေးကြပါပြီ...ဗိုလ်မင်း.. ကိုးသိန်းသခင် ရေထဲခုန်ချပြီဆို...ဟာမစ်..ဘာလုပ်နေတာလဲ...ဟာ..ဟိုမှာမဟုတ်လား.... ပစ်လေ...ပစ်..ဘာလုပ်နေတာလဲကွ”

“ငါ မပစ်ခိုင်းတာ..ကွန်ပရဲ”

“သူလွတ်သွားရင် ကျွန်တော်မျိုးတို့ အကုန်လုံး အသတ်ခံရမှာပေါ့..ဗိုလ်မင်း”

“ဒီမှာ..ကွန်ပရဲ.....အင်းဝထီးနန်းဟာ အခုအချိန်မှာကျဆုံးသွားပေမယ့်..ဟံသာဝတီအပါအဝင်..အရပ်လေးမျက်နှာက အင်းဝရဲ့ရန်သူတွေကို..ဒီလောက်အကြာကြီး ခုခံတိုက်ခိုက်နိုင်ခဲ့တာ....ကိုးသိန်းသခင် ဆိုတဲ့ စစ်သူကြီး ရှိနေလို့သာပဲ....ဒီလို စစ်သူကြီးတစ်ယောက်ကို ဟံသာဝတီသား လက်ျာဗိုလ်ရဲ့တပ်က နောက်ကျောကနေ သေနတ်နဲ့ ပစ်သတ်လိုက်တယ်ဆိုတာမျိုး...အဖြစ်မခံနိုင်ဘူး..ငါရှက်တယ်..ဒီတော့..ဒီနေ့...ဖြစ်သမျှအပြစ် ငါခံမယ်...သူသွားပါစေတော့”

ကွန်ပရဲန့်ဒ့် အခြားစစ်သည်များက လက်ျာဗိုလ်ကို နားမလည်နိုင်စွာငေးကြည့်နေကြသည်။

ကိုးသိန်းသခင်ကား အသင့်စောင့်နေသော လှေပေါ်သို့ တက်ကာ အမှောင်ထုထဲသို့ ချည်းနင်းပျောက်ကွယ်သွားတော့၏။

အခန်း (၂)

မိကျောင်းတူရိယာ နှင့် ဆိုင်းသံတို့က ညီညီညာညာ ပေါင်းစပ်ထွက်ပေါ်လာသည်။

ကချေသည်အမျိုးသား၏ လက်ညိုးနှစ်ချောင်းက စည်းချက်အလိုက်..လှုပ်ရှားယိမ်းနွဲ့နေ၏။

ဟံသာဝတီဘုရင် ဖြမိုင်းဓိရာဇာဘွဲ့ခံ ဗညားဒလဦးအောင်လှ တို့ မိသားစု နှင့် မနီးမဝေး သလွန်ပေါတွင် မဟာဓမ္မရာဇာဓိပတိက ထိုင်နေသည်။

သလွန်အောက်တွင် မိဖုရားခေါင်ကြီးပါဝင်သော အစုအဖွဲ့က ခစားလျက်။

မဟာဓမ္မရာဇာဓိပတိသည် ရှေ့မှ ကချေသည်အမျိုးသားကနေသော ဒေဝပဇ္ဇုန်အက ကို အသေအချာခံစားကြည့်ရှုနေ၏။

ဒေဝပဇ္ဇုန်အက ခေါ်မိုးနွတ်သားအကမှာ လက်ညိုးကို အဓိကထား ပြောင်းလဲကပြရသော မွန်ရိုးရာ ကကြိုးတစ်မျိုးဖြစ်သည်။

လက်ညိုးနတ်သားအကဟုလည်း အရပ်သားအခေါ် ဖြင့် ခေါ်ဆိုကြသည်။

တီးလုံးနှင့်အညီ လှုပစွာကနေသော မွန်ကချေသည်၏ လက်ညိုး အနုတ်အသိမ်း ၊ သုခုမဟန်ပန်များကို မဟာဓမ္မရာဇာဓိပတိက အနီးတွင် ခစားနေသော ဝန်ကြီးပ ဒေသရာဇာနှင့် ခပ်တိုးတိုးပြောကာ ဆွေးနွေးနေကြသည်။

ထိုအချိန်တွင် ဥယျာဉ်တော်အတွင်းသို့ အိမ်ရှေ့ဥပရာဇာ ဦးအောင်မြ ၊ ဗညားဒလဘွဲ့ခံ ညီတော် အောင်စတို့ ဝင်ရောက်လာသည်။

ဥပရာဇာ က ဦးအောင်လှ ၏ နဘေးသို့ လက်အုပ်ချီလျက်ဒူးထောက်ကာ တစ်စုံတစ်ရာကို ခပ်တိုးတိုး လျှောက်တင်လိုက်သည်။

ဦးအောင်လှ၏ မျက်နှာက စိုးရိမ်တကြီးဖြစ်သွားပြီး ခေါင်းညိတ်လိုက်သည်။

ဥပရာဇာ က တီးဝိုင်းနှင့် ကချေသည်ကို ရပ်တန့်ရန် အချက်ပြလိုက်၏။

ဘုရင်ဦးအောင်လှနှင့်အတူ မိဖုရားသားသမီးများက အတွင်းတော်သို့ ဝင်ရန် ခပ်သုတ်သုတ် ပြင်ဆင်ကြသည်။

ထိုနောက် ဥပရာဇာ၏စစ်သည်များက မဟာဓမ္မရာဇာဓိပတိ နှင့် မိသားစုများကို ဝိုင်းလိုက်ကြသည်။

“အင်းဝဘုရင်..အခုပဲ...စံမြန်းရာအိမ်တော်ကို ပြန်ရပါ့မယ်”

“ဘာကြောင့်လဲ..ဥပရာဇာ”

“အင်းဝဘုရင်ရဲ့လုံခြုံရေးအရပါ”

“ဟော့ဒီ..ဟံသာဝတီမြို့ကြီးမှာတောင် ကျုပ်က မလုံခြုံတော့ဘူးလား”

“ဟုတ်ပါတယ်...အိမ်တော်ကို နောက်ထပ် အစောင့်အနေတွေ ထူထပ်စွာ ထပ်ချထားပြီး..မိသားစုဝင်တွေ အပြင်ထွက်ခွင့်ကိုပါ..ပိတ်ပင်ဖို့ ဘုရင်က အခုပဲ သဘောတူလိုက်ပါပြီ”

“ဘာကွဲ့...ဒါကကျတော့..”

“စိတ်ချပါ..စားတော်ဆောင်မှာ ချက်ပြုတ်ဖို့ ရိက္ခာဝယ်ယူရေးကိစ္စအတွက် မြို့ဝန်က တဆင့် မှာကြားလို့ ရမှာပါ..မြို့ဝန်ကို တပတီတခါ အိမ်တော်ဆီ ဝင်ခိုင်းမှာပါ..ဘုရင်မင်းမြတ်”

“လျှောက်တင်ခွင့်ပြုပါ...ဟံသာဝတီဥပရာဇာ က အကြောင်းပြချက်မရှိပဲ...ကျွန်တော်မတို့ အရှင်သခင်ကို ချုပ်နှောင်လိုက်တဲ့ သဘောလား..ဘုရား..စစ်ရှုံးသုံ့ပန်းမှန်ပေမယ့်...အင်းဝဘုရင်ဟာ အခု ဟံသာဝတီဘုရင်အပေါ် တချိန်က ကျေးဇူးရှိခဲ့ဖူးတဲ့သူပါလေ..ဒီကျေးဇူးတရားတွေကိုတော့ ထောက်ထားသင့်တယ်..ဟံသာဝတီအထိ လိုက်လာပြီးမှတော့....လွတ်လပ်စွာ နေခွင့်ပေးသင့်ပါတယ်...နိုင်ငံရေးစစ်ရေးတွေကို မပတ်သက်ရင် ပြီးရောပေါ့”

ခစားနေသော လူအုပ်ထဲမှ အမျိုးသမီးငယ်တစ်ယောက်၏ အသံကြောင့် ဥပရာဇာက မျက်မှောင်ကြုံ့ကြည့်လိုက်သည်။

“မယ်မင်းက ဘယ်သူလဲ”

“ကျွန်တော်မက ...လင်ဇင်းမိဖုရားရဲ့ညီမတော်..မြို့ကြီးမင်းသမီး နန်းသွယ် ဆိုတာ ကျွန်မပဲ”

နို့နှစ်ရောင်အသားအရည်၊ ပါးလှပ်လှပ်ခန္ဓာကိုယ်ဖြင့်...နီတာရဲနူတ်ခမ်းပါးပိုင်ရှင် အမျိုးသမီးငယ်တစ်ဦး။

“ဩော်...ဟော်.လွမ်ပရာဘွမ်သွေး ကလည်း အင်းဝ အတွက် ရဲပြနေသကိုး...ဟုတ်ပါပြီ...ကျုပ်တို့ဘက်ကလည်း လိုအပ်လို့ လုပ်ရတယ်လို့ပဲမှတ်ပါ..ဘာကြောင့်ဆိုတာတော့ မသိချင်ကြပါနဲ့..ကဲ..ပြန်ဖို့ပြင်ကြတော့”

ဟံသာဝတီသည် အင်းဝကို သိမ်းပိုက်နိုင်ပြီးနောက် အင်းဝဘုရင် မဟာဓမ္မရာဇာဓိပတိ နှင့် မိဖုရားများ၊ မင်းညီမင်းသား၊ အခြွေအရံများကို ဟံသာဝတီသို့ ဖမ်းဆီးခေါ်ဆောင်လာခဲ့သည်။

ဟံသာဝတီတွင် ဦးအောင်လှ ဘုရင်မဖြစ်မီ ဆင်ဝန်ဘဝ၊ အမတ်ကြီးဘဝ က နေထိုင်ခဲ့သော အိမ်တော်ကို မဟာဓမ္မရာဇာဓိပတိ တို့အား အကျယ်ချုပ်ဖြင့် နေထိုင်စေခဲ့သည်။

မဟာဓမ္မရာဇာဓိပတိနှင့် မိဖုရားခေါင်ကြီး မှအပ ကျန်သူများမှာ ဟံသာဝတီ မြို့တွင်း လွတ်လပ်စွာ သွားလာခွင့်ပေးထားခဲ့သည်။

တခါတရံ နန်းတော်တွင်းပြုလုပ်သည့် ပွဲလန်းသဘင်များ၊ အခမ်းအနားများတွင် ဦးအောင်လှက မဟာဓမ္မရာဇာဓိပတိကို ခေါ်ယူတက်ရောက်စေလေ့ရှိသည်။

ယခုတော့ ထိုအခြေအနေမှာ ခဏတာမျှသာ။

အဘယ်ကြောင့်ဆိုသော် အင်းဝဘုရင်၏ ဘထွေး တော်စပ်ပြီး အင်းဝ၏ အား အကိုးရဆုံး စစ်ဦးစီးချုပ်လည်းဖြစ်သူ ကိုးသိန်းသခင်မင်းခေါင် သည် အင်းဝမှ ဟံသာဝတီသို့ သဘော်ဖြင့် ဖမ်းဆီးခေါ်ဆောင်အလာတွင် ပန်းလှိုင်မြစ်နဘေး ဆားမလောက်ကျေးရွာအနီးသို့အရောက် သစ္စာရှိငယ်သားတစ်ချို့က တံငါ အယောင်ဆောင်ကာ လာရောက်ကယ်တင်ခဲ့သဖြင့် ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီဖြစ်သည်။

.....
.....

လှံ၏ အဖျားက ချွန်မြမြ။

ကျစ်လစ်လှသော ငတွန်၏ လက်ဖျံကြောများက လှံအရိုးကို ခပ်တင်းတင်း ဆုပ်ကိုင်ထားသည်။

ရှေ့တည့်တည့်တွင်ရှိသော အောင်ဇေယျ က ရင်အုပ်များမောက်သည်အထိ အသက်ကို ခပ်ပြင်းပြင်းရှူလိုက်သည်။

ထို့နောက် လှံအသွားရှိရာသို့ အရှိန်ဖြင့် ပြေးဝင်သွား၏။

အောင်ဇေယျ ၏ ရင်ညွန့်နှင့် လှံအသွားတို့ ထိခါနီးတွင် ငတွန်က လှံကို ဆတ်ခနဲ အောက်သို့ စိုက်ချလိုက်၏။

“ဟား….”

ပတ်ပတ်လည်တွင် ဝန်းရံထားသူများထံမှ အာမေဋိတ်သံများ။

ထိုအခါမှ ရှင်မိငယ်က မှိတ်ထားသော မျက်လုံးများကို ဖွင့်ကြည့်တော့သည်။

အောင်ဇေယျက ငတွန်၏ ဘေးတွင် ရပ်လိုက်ပြီး ပုခုံးကို ဆုပ်ကိုင်လိုက်၏။

ငတွန်က လှံကို အောင်ဇေယျလက်သို့ ပေးလိုက်သည်။

အောင်ဇေယျက လှံသွားကို ရှေ့တည့်တည့်သို့ စိုက်ကာ ကိုင်ထားလိုက်သည်။

ငတွန်က အနောက်သို့ ခြေလှမ်းဆယ့်ငါးလှမ်းခန့် ဆုတ်လိုက်သည်။

ထို့နောက် သျှောင်ထုံးကို ဖြေချလိုက်သဖြင့် ဆံပင်ဖားလျားဖြစ်သွား၏။

လှံဖျားကို စိုက်ကြည့်နေသော ငတွန်၏ မျက်လုံးတို့က အေးတိအေးစက်။

“မုဆိုးခြံဗိုလ်ကွ…မုဆိုးခြံဗိုလ်”

ဗိုလ်တွန်က ရင်ကို ဖွင့်ကာ လှံဖျားဆီသို့ အရှိန်ဖြင့် ပြေးဝင်သွားသည်။

လှံဖျားနှင့် အနီးဆုံးနေရာအရောက်တွင် အောင်ဇေယျက လှံသွားကို အပေါ်သို့ ထောင်လိုက်၏။

“အံမယ်လေး”

ကိုယ်ဝန်လနှုန်းဖြစ်သည့် မြတ်ထားသီရိ က မျက်စိမှိတ်ကာ လန့်အော်လိုက်သဖြင့် နဘေးနားမှ ရှင်မိငယ်က ပုခုံးကို ဖက်ကာ ဆုပ်ကိုင်လိုက်သည်။

အောင်ဇေယျက လှံကို မြေကြီးတွင် စိုက်ချလိုက်သည်။ ထို့နောက် ဘေးနှစ်ဖက်မှ လူအုပ်ဆီသို့ တလှည့်ဆီ ကြည့်လိုက်သည်။

ဆူညံနေသော လူအုပ်ကြီးမှာ တစစ ငြိမ်ကျသွား၏။

“မကြာခင်မှာ...အင်းဝ မှာရှိတဲ့ ဟံသာဝတီတပ်တွေက ငါတို့ကို လာဝိုင်းတော့မှာ သေချာနေပြီ.. လူအင်အား..လက်နက်အင်အားမမျှတာတော့ အားလုံးအသိပဲ.သတ္တိ၊ စိတ်ဓာတ် နဲ့ ဉာဏ်ပညာ ပဲ ငါတို့မှာ အားကိုးစရာရှိတယ်.....ဒီတော့ တိုက်ပွဲတစ်ခုကို တိုက်တော့မယ်ဆိုရင်.... ကိုယ်နဲ့ တိုက်ကြမယ့် ရဲဘော်ရဲဘက်အပေါ် ယုံကြည်စိတ်ကလည်း အရေးကြီးတယ်...အခု..ကျုပ် ဗိုလ်တွန်ရဲ့ လှုံဖျားကို ရင်ကော့ပြီး ရဲရဲကြီးတိုးဝင်ခဲ့သလို...ဗိုလ်တွန်ကလည်း ကျုပ်ရဲ့လှုံဖျားကို မရှုံမကြောက် တိုးဝင်ခဲ့တယ်..အဲ့ဒါဟာ... ကျုပ်တို့ ရဲဘော်ရဲဘက်ချင်း အသက်နဲ့ရင်းပြီးယုံကြည်ကြောင်း ပြတာပဲ...ဗိုလ်တွန်မှ မဟုတ်ဘူး..ဟောဒီမှာ စုရုံးနေကြတဲ့ ကျုပ်ရဲ့ ရဲဘော်များကိုလည်း ကျုပ်ယုံကြည်တယ်...ကျုပ်ယုံကြည်သလို ခင်ဗျားတို့လည်း ကျုပ်ကိုယုံကြည်ကြ...ခင်ဗျားတို့အချင်းချင်းလည်းယုံကြည်ကြ...ဒီအချိန်မျိုးမှာ...ယုံကြည်မှုဟာ ကျုပ်တို့လက်ထဲက အကောင်းဆုံးလက်နက်ပဲ..က..ငကောင်း”

အောင်ဇေယျ၏ ငယ်သူငယ်ချင်းလူယုံ ငကောင်း ထွက်လာသည်။ ထို့နောက် ဝတ်ထားသော ဖျင်အင်္ကျီကို ချွတ်လိုက်၏။

ပုဆိုးကို ခါးတောင်းမြှောင်နေအောင် ကျိုက်လိုက်သည်။

ငတွန်က လှုံသွားကို အသင့်ပြင်ထားလိုက်၏။

“ဟိတ်”

ငကောင်းက လှုံဖျားဆီသို့ အရှိန်ဖြင့်..ပြေးဝင်သွားသည်။ အနီးအရောက်တွင် ငတွန်က လှုံကို အောက်သို့ စိုက်ချလိုက်ပြန်၏။

အရှိန်ပြင်းလွန်းသောကြောင့် ငကောင်း၏ ခန္ဓာကိုယ်က ငတွန်ကို ဝင်တိုက်ကာ နှစ်ဦးလုံး လဲကျသွားသည်။

လူအုပ်ထဲမှ ရယ်သံများထွက်လာ၏။

အောင်ဇေယျက ငကောင်းနှင့် ငတွန်ကို လက်ကမ်းကာ ဆွဲထူပေးလိုက်သည်။

“ကဲ..ကိုယ့်လူတို့...မြင်းရည်တက် (၆၇)ယောက်ကို ဒီနည်းအတိုင်း ကျုပ်ရွေးချယ်မယ်...လှုံသွားကိုတော့ ငတွန်နဲ့ ငကောင်းက တလှည့်ဆီ ကိုင်လိမ့်

မယ်...ကျုပ် နဲ့အတူ သူတို့ကို ယုံကြဲည်တယ်ဆို...လုံသွားဆီ ရဲရဲသာ တိုးဝင်ကြဲ ပါလေ့....ကဲ..ဘယ်သူစမလဲ."

အောင်ဇေယျ၏ ညီနှစ်ယောက်ဖြစ်သော ရွှေကြူ၊ ရွှေဂူ ၊ ညီဝမ်းကွဲ ငဆွေနည်း ၊ အောင်ဇေယျ၏ ယောက်ဖ မောင်အိုး၊ စည်သာမင်းကြီးဦးစည်းစိမ်၏ သမက်ငသာ တို့ထွက်လာသည်။

နောက်ထပ်...နောက်ထပ်....လူငယ်များ ထပ်ထွက်လာကြ၏။

နေကား ထန်းတဖျားပင် မြင့်သွားခဲ့ပြီ။

မုဆိုးဖိုခံတပ်ကို ကာကွယ်မည့် မြင်းရည်တက် (၆၇) ယောက် ရွေးချယ်ပွဲမှာ ပြီးသွားခဲ့ပြီဖြစ်သည်။

ဟံသာဝတီတပ်များ အင်းဝအား တက်အသိမ်းတွင် ပျောက်ဆုံးနေခဲ့သော အောင်ဇေယျ၏ မယားညီအစ်ကို စည်သာမင်းကြီး ဦးစည်းစိမ် ကိုလည်း မြင်းရည်တက် စာရင်းတွင် ထည့်သွင်းခဲ့သဖြင့် မြင်းရည်တက် (၆၈) ဦးဖြစ်သွားခဲ့ပေပြီ။

ငတွန်နှင့် ငကောင်းသည်လည်း ခွေးဒီးဒီးကျပေပြီ။

နောက်ဆုံး တစ်ယောက်ဖြစ်သော ငချင်းတီး အလှည့်အပြီးတွင် ငတွန်က လုံကို မြေကြီးတွင် စိုက်လိုက်သည်။

"ခဏနေကြဦး"

လူအုပ်ထဲမှ အသံတစ်ခု ထွက်လာ၏။

ပိန်ပိန်ပါးပါး အသားညိုညိုဖြင့် အသက် (၁၆)နှစ်အရွယ် လူငယ်။

"မောင်ရွှ...ဘာဖြစ်ပြန်ပြီတုန်း"

"ကျုပ်လည်း...မြင်းရည်တက်ထဲ အရွေးခံမလို့"

အောင်ဇေယျက သူ၏ သားလတ်ကို တချက်ကြည့်ကာ ပြုံးနေသည်။

ထိုစဉ် ဇနီး ခင်ယွန်းစံ နှင့် သမီးမယ်သာတို့ ရောက်လာပြီးခေါ်သဖြင့် အောင်ဇေယျက ထွက်သွားသည်။

"ဦးလေးတွန်...လုပ်လေဗျာ..လုံကို ကိုင်ထား..ကျုပ် ပြေးဝင်မယ်"

“မောင်ရွှ…မင်း လုပ်ပြဲန်ပြီကွယ်..”

“ဘာကိုလဲဗျ…ခင်ဗျားတို့ လုပ်သလောက်တော့ ကျုပ်လည်း လုပ်ရဲ လုပ်ဝံ့ပါတယ်ဗျ..ကျုပ်လည်း မုဆိုးဖို့သားပါဗျ”

ငတွန် က မောင်ရွှ၏ စကားကို အရေးမစိုက်။

မြတ်ထားသီရိ ကမ်းလာပေးသည့် ရေတကောင်းကို မော့သောက်လိုက်သည်။

“မင်း…ကိုယ်ဝန်ကြီးနဲ့ ဒီလိုနေရာကို လာကြည့်နေရသလား..မြတ်ထားသီရိ”

“မြတ်ထား ကြည့်ရဲပါတယ်..မောင်ကြီးရဲ့”

“ကဲ..နေကလည်း ပူလာပြီ..သွားနားချေတော့”

“ဒီမယ်…ကျုပ်ပြောနေတယ်လေ..ဦးလေးတွန်..ခင်ဗျား လှံ ကိုင်လိုက်ဆို”

“ငါလည်း လက်တွေ ညောင်းပြီး..မောလှပြီ..ကောင်လေးရ…အေးအေးနေစမ်းပါကွာ”

“ခင်ဗျား မောရင်..ဟေ့..ဦးလေးကောင်း…ခင်ဗျား ကိုင်ထားဗျာ…ကျုပ်တို့ဝင်ပြမယ်..ဟေ့လူတွေ…တစ်ယောက်မှ မပြန်ကြနဲ့ဦး..ငရွှ ရဲ့သတ္တိကိုလည်း ကြည့်သွားကြဦး”

“ မီးပေါက်သေနတ်တွေ ယမ်းစပ်နေတဲ့နေရာမှာ…မင်းအကို မောင်လောက် တစ်ယောက်တည်း..ဦးစီးနေတာ..မောင်ရွှရေ….ငါအခုသွားမှဖြစ်မယ်ဟေ့”

ငကောင်းက လှစ်ခနဲ ထသွားသည်။

မောင်ရွှက မြေကြီးတွင် စိုက်ထားသော လှံကို ဆွဲနှုတ်လိုက်သည်။

“ဟေ့…ဗိုလ်တွန်ကြီး..လုပ်ပါဗျ…လုပ်..ခင်ဗျားကြီးတို့က ကျုပ်ကို အထင်သေးသလား..ခင်ဗျားတို့ပဲ သွေးရဲတယ်ထင်နေသလား..ဟမ်”

မောင်ရွှ က ငတွန်လုပ်ခဲ့သည့်အတိုင်း သူ၏ သျှောင်တုံးကို ဖြေကာ ဆံပင်ဖားလျားချလိုက်သည်။

အပေါ်မှ သင်တိုင်းအင်္ကျီကို ချွတ်လိုက်၏။

“ကဲ…သူရဲကောင်းမင်းသားလေးကို အထင်မသေးပါဘူးဗျာ…ဒါပေမယ့်..ကျုပ်ထမင်းစားလို့ သွားစားခွင့်ပြုပါဦး”

ငတွန် အပြုံးတဝက်ဖြင့် ပြောကာ သူ၏ တဲရှိရာသို့ လှည့်ထွက်လာခဲ့သည်။

“ဟာ..ဒီအကောင်ကြီး ကတော့..ငါ…ထိုးထည့်ရ”

မောင်ရွှက လက်ထဲက လုံကို ဆ လိုက်၏။

“ဟေ့..မောင်ရွှငယ်…လူပုံအလယ်..ဘာဖြစ်နေတာလဲ..မင်းနှယ့်”

ရွှေကြူ က မောင်ရွှ လက်ထဲမှ လုံကို ဆွဲယူလိုက်ပြီး လုံ သွားဖြင့် လက်မောင်းကို တစ်ချက် ရိုက်လိုက်သည်။

မောင်ရွှ မှာ ဦးလေးဖြစ်သူရွှေကြူကို ငယ်ကြောက်ဖြစ်၏။

“မင်းအဖေက ဘုရင်ဖြစ်ရင်..မင်းက ဘုရင့်သား ဖြစ်လာမှာ…မင်းသားဖြစ်လာမှာက္ခ…အနေအထိုင် အပြောအဆိုတွေမှာ အခုကတည်းက ဆင်ခြင်းစမ်းပါ…မင်းအဆင့်က ဒီလိုတွေ လုပ်ဖို့ မလိုအပ်လို့ပေါ့”

“ဟ..အဖေတို့ ဦးလေးတို့တောင် လုံဆီ ပြေးဝင်သေးတာပဲ..ကျွန်တော်လည်း သွေးရှိကြောင်းပြရတာပ”

“တယ်..ဒီကောင်လေး..ငါ နောက်တချက်တီးထည့်လိုက်ရ..သွား…ဟိုမှာ မင်းအမေ နဲ့ နှမတွေ စည်ပုတ္တရာကို သွားဖို့ လှည်းပြင်နေတယ်…မောင်ဝိုင်းတို့နဲ့.လိုအပ်တာတွေ ဝိုင်းကူသယ်ပေးလိုက်”

မောင်ရွှ က လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် လှည့်ထွက်သွားတော့သည်။

.....
.....

မုံလှရွာ ကက်သလစ်ဘုရားရှိခိုးကျောင်းကြီး၏ ရှေ့ကွင်းပြင်တွင် စုဝေးနေကြသော ဗရင်ဂျီပေါ်တူဂီများမှာ တိတ်ဆိတ်နေကြသည်။

သူတို့အထဲတွင် ကက်သလစ်ဘုန်းတော်ကြီးများ၊ အင်းဝမှ စစ်ရှောင်လာကြသော ပေါ်တူဂီလူမျိုးများ၊ အင်းဝစစ်တပ်နှင့်အတူ နောက်ဆုံးအချိန်အထိ တိုက်ခိုက်ခဲ့ပြီးမှ တိမ်းရှောင်လာကြသောပေါ်တူဂီအမြောက်စစ်သည်များ၊ ချင်းတွင်းမြစ်နှင့်

မူးမြဲစ်ကြေားမှ မုံလှ၊ ချမ်းသာ၊ချောင်းဦး၊ချောင်းရိုး၊ နဘတ်၊ မေဂွန် စသည့် ဘုရင်ကျိကျေးရွာများမှ ရပ်ရွာခေါင်းဆောင်များပါဝင်ကြသည်။

“ကျွန်မ..ဆိုလိုချင်တာက...ဒီမြေမှာရှိသမျှ ပေါ်တူဂီမျိုးဆက်တွေအားလုံးကို လစ်ဘရယ်း ဒါမှမဟုတ် ဂိုအာကို ကျွန်မ ပြန်ပို့ပေးမယ်....အဲဒီလို ပို့ဖို့ကိုလည်း ဟံသာဝတီဘုရင်ဆီက ခွင့်ပြုချက်ရပြီးသား...ပြင်သစ်သင်္ဘောတွေကလည်း အဆင်သင့်ပဲ”

ပေါ်တူဂီအသိုင်းအဝိုင်းမှ နှစ်ပေါင်းများစွာ ပျောက်ကွယ်သွားခဲ့သော သေနတ်ဗိုလ်ဒီမဲလိုး၏ သမီး လွီဇာဒီမဲလိုးသည် နှစ်ပေါင်းများစွာအကြာတွင် အီတလီဘုန်းတော်ကြီးဖာသာနာရေနှိုင့်အတူ ဟံသာဝတီတပ်တစ်ခု ခြံရံလျက် မုံလှရွာသို့ ရောက်ရှိလာခဲ့သည်။

သူမသည် ဟံသာဝတီဘုရင် ဖြမိုင်းဓိရာဇာ ခေါ်ဗညားဒလဦးအောင်လှ နှင့် အထူးနီးကပ်သော အကြံပေး တော်ဝင်ကုန်သည်ကြီးအဖြစ် ပြန်လာခဲ့ခြင်း ဖြစ်သည်။

သူမသည်ပေါ်တူဂီကျေးရွာများမှာ ပေါ်တူဂီမျိုးဆက်များအား မိခင်မြေသို့ ပြန်လည်ခေါ်ဆောင်သွားနိုင်ရေးအတွက် အစီအစဉ်များဆွဲရန် ပြန်လာခဲ့ခြင်း ဖြစ်သည်။

“ဒီနေ့ အခြေအနေမှာတော့ ကျွန်မတို့ ဘိုးဘွားတွေကို အတင်းအဓမ္မခေါ်ဆောင်ထားခဲ့တဲ့ ဒီမြေကြီးကနေ ကျွန်မတို့ မျိုးဆက်လက်ထက်မှာ ပြန်လည်လွတ်မြောက်အောင် လုပ်နိုင်တော့မှာပါ... တချိန်က သခင်မ ဒွန်နာ လွီဇာဒီ ဆာဒါညာ ဟာ ကျွန်မတို့ဘိုးဘွားအားလုံးကို ဒီမြေပေါ်ကနေ မိခင်တိုင်းပြည်ကို ပြန်ခေါ်သွားပေးမယ်လို့ ကတိပေးထားခဲ့ပါတယ်.... မရှိတော့ပြီဖြစ်တဲ့ ကျွန်မရဲ့ အဘွား မင်ဒါလီနာ နဲ့ ဖာသာဆီဘက်ရွန်မင်းဒက်ဇ်တို့ဟာလည်း ဒီအချိန်ကို စောင့်မျှော်ရင်း သေဆုံးသွားခဲ့ကြတာပါ.....အခုတော့ အဲဒီနေ့ကို ရောက်ရှိလာပါပြီ..ကျွန်မ လွီဇာဒီမဲလိုး ဟာ ...သခင်မလွီဇာ ရဲ့ ကတိ ကို တာဝန်ကျေစွာထမ်းဆောင်ပေးဖို့ ရှိနေပါပြီ...ကျွန်မတို့အားလုံး ဇာတိမြေကို ပြန်ကြဖို့ဆိုတာ...ရှင်တို့အားလုံးလည်း ဝိုင်းဝန်းအကြံပေးကူညီကြမှ အဆင်ပြေမှာပါ”

လွီဇာ၏ စကားများဆုံးသွားသော်လည်း...အားလုံးက... တိတ်ဆိတ်နေမြဲပင်။

“အင်းဝ ဟာ ကျုပ်တို့ ဇာတိမြေပဲလေ”

လူအုပ်ကြားထဲမှ အသံတစ်ခုထွက်လာသည်။
အသက် (၂၀)ကျော်အရွယ် ပေါ်တူဂီသွေးလူငယ်တစ်ယောက်။

“ဘာပြောလိုက်တာလဲ”

လွိဇာအသံက ခပ်မာမာ။

“အင်းဝ ဟာ ကျုပ်တို့ အမိမြေပဲလေ...ကျုပ်တို့က အင်းဝကို စွန့်ခွာပြီး ဘယ်ကို သွားရမှာလဲ”

လွိဇာက လူငယ်ကို စိုက်ကြည့်လိုက်သည်။

“မင်းက ဘယ်သူလဲ”

“မောင်ဂျုံးပါ..ဗရင်ဂျီနာမည် ဂျုံးဇက်ဒီဆေးဗားပါ”

လွိဇာက လူငယ်၏ မျက်နှာကို သေချာစူးစိုက်ကြည့်နေသည်။

“အဲ့ဒါ မင်းသူငယ်ချင်းပက်ဒရို ရဲ့သားပဲ...လွိဇာ..သူက အင်းဝရဟိုင်းမြင်းတပ်မှာ ဗိုလ်ရာထူးနဲ့ အမှုထမ်းနေခဲ့တာ...အင်းဝပျက်တော့ ဒီမှာ လာခိုနေတာပဲ...သူ့ အန္တရာယ်အတွက် သူဘာဆိုတာ ဟံသာဝတီသားတွေ မသိပါစေနဲ့”

ဘေးနားတွင်ရှိနေသော ဖာသာဂိုးမက်ဇ်က ပေါ်တူဂီဘာသာစကားဖြင့် ပြောလိုက်သည်။

လွိဇာက ခေါင်းညိတ်ပြလိုက်သည်။

လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်က..အင်းဝရှိ ပေါ်တူဂီဘုရားကျောင်းတွင် ယခု လူငယ်၏ဖခင်ဖြစ်သူ ပက်ဒရိုဒီဆေးဗား ကလည်းထိုသို့သော စကားမျိုး သူမကို ပြောခဲ့ပြီးသည်ကို လွိဇာ ပြန်အမှတ်ရလာသည်။

“ကောင်လေး..မင်းနားလည်အောင်ပြောရရင်..ငါတို့ဟာ ဒီမြေရဲ့ဧည့်သည်တွေ ပါ...ငါတို့ဘိုးဘေးတွေဟာ ဒီမြေပေါ်မှာ အတင်းအကြပ်ပို့ဆောင်ပြီး နေခိုင်းခံခဲ့ရ တာ..ငါတို့က သုံ့ပန်းတွေပဲ...ငါတို့နေရပ်ဟာ ပေါ်တူဂီဘုရင် ရဲ့ပိုင်နက်ပဲဖြစ် တယ်”

ဂျုံးဇက် က ခေါင်းခါရမ်းလိုက်သည်။

“သုံ့ပန်းဆိုတာဟာ စစ်မြေပြင်ကနေဖမ်းဆီးခေါ်ဆောင်ခံခဲ့ရတဲ့သူတွေကို ပြော တာမဟုတ်လား...အရီးလေး လွိဇာ”

“အေး”

“အရီးလေးလွီဇာ ကရော...စစ်မြေပြင်ကဖမ်းဆီးခေါ်ဆောင်လာခံခဲ့ရတာလား”

လွီဇာက မဖြေ။

“အရီးလေး အဖေကရော”

လွီဇာက ဂျုံစ် ကိုသာ စူးစိုက်ကြည့်နေသည်။

“အဲ့ဒါပါပဲ..ကျုပ်တို့ရဲ့ မျိုးဆက်သုံးဆက်လောက်ဟာ..အင်းဝမှာပဲ မွေးခဲ့ကြတာပါ...အင်းဝဘုရင်ဆီ အမှုထမ်းကြ၊ အင်းဝမှာ ရောင်းဝယ်ဖောက်ကားကြတဲ့ အင်းဝသားတွေပဲ...ကျုပ်တို့ရဲ့ ဘိုးဘွားတွေက စစ်သုံ့ပန်းတွေဆိုပေမယ့်....ကျုပ် အဖေ ပက်ဒရိုဒီဆေးဗား ဟာ အင်းဝမှာမွေးတယ်...အင်းဝဘုရင့်တပ်မှာ ဗိုလ်မှူးဘယကျော်သူအဖြစ်နဲ့အမှုထမ်းတယ်...အင်းဝအတွက်ပဲ စစ်တိုက်ပြီးသေသွားခဲ့တယ်..ကျုပ်ကိုလည်း အင်းဝမှာပဲမွေးတယ်...ကျုပ် အင်းဝအတွက်အမှုထမ်းတယ်..ကျုပ်တို့ဟာအင်းဝသားတွေပဲ ”

“မဟုတ်ဘူး...ဒီမြေဟာ မင်းတို့ငါတို့ မျိုးဆက်တွေကို...ဖိနှိပ်နေတဲ့မြေ....ငါတို့ မျိုးဆက်တွေကို စစ်ပွဲတွေမှာ အသေခံခိုင်းနေတဲ့မြေ...ဒီမြေမှာ ရှိနေတာ..ငါတို့ မျိုးဆက်က နောက်ဆုံးဖြစ်ရမယ်..ငါတို့ ဇာတိမြေဖြစ်တဲ့ ပေါတူဂီကို ပြန်ကြရမယ်”

“ခင်ဗျားမှားနေပြီ..အရီးလေး....ပေါတူဂီရောက်တော့ရော..ပေါတူဂီဘုရင်က ကျုပ်တို့ကိုလက်ခံမှာတဲ့လား..ပြီးတော့...ပေါတူဂီဘုရင်လက်အောက်မှာရော..ကျုပ်တို့ကစစ်ပွဲတွေမှာ ဝင်မတိုက်ရတော့ဘူးတဲ့လား....ကျုပ်တို့ဟာပေါတူဂီသွေးတွေ ဆိုတာကျုပ်လက်ခံပါတယ်...ဒါပေမယ့်...ပေါတူဂီဆိုတဲ့ ဘယ်မှာမှနှမ်းမသိတဲ့နိုင်ငံထက်စာရင်..ဟောဒီ အင်းဝနိုင်ငံကမှကျုပ်တို့ နဲ့ ပိုရင်းချာပါသေးတယ်....ဒီမြေဟာ ကျုပ်တို့မြေပါပဲ”

“မင်း ပါးစပ်ကို ပိတ်ထား”

လွီဇာက ဒေါသဖြင့် အော်ဟစ်လိုက်သည်။

“တော်ပြီ..ဂျိုးဇက်..မင်းထိုင်တော့”

ခပ်လှမ်းလှမ်းတွင် ခုံတစ်လုံးဖြင့်ထိုင်နေသည့် အဘိုးအို ဒိုင်ယက်စ်က အသံခပ်မာမာဖြင့် အော်လိုက်သည်။

အဘိုအိုဒိုင်ယက်စ်သည် ၁၆၈၈ ခုနှစ် မင်းရဲကျော်ထင်မင်းလက်ထက် အမြောက်တပ်မှူးဟောင်းတစ်ဦးဖြစ်ပြီး အသက်(၇၉)နှစ်ရှိပြီဖြစ်သည်။

အင်းဝမြေမှ ပေါ်တူဂီမျိုးနွယ်စုများအပေါ် သြဇာညောင်းသူတစ်ဦးလည်း ဖြစ်သည်။ လွိဇာ၏ ဖခင် သေနတ်စုဗိုလ်ဒီမလိုးကို ကို အင်းဝစစ်တပ်တွင် စောင့်ရှောက်ပေးခဲ့သူလည်းဖြစ်သည်။

အဘိုးအို ဒိုင်ယက်စ်က တောင်ဘေးကို ထောက်လျက် မတ်တပ်ထရပ်လိုက်သည်။

“ဒီကလေး ပြောသွားတာ..မှန်တယ်...လွိဇာ....ငါ့အဖေ ဟာ သန်လျင်ကနေ အင်းဝကို လာခဲ့ကြတဲ့ ပေါ်တူဂီတွေရဲ့ ခရီးကြမ်းကြီးကို အိပ်မက်ဆိုးကြီးတစ်ခုလို ငါ့ကို အမြဲပြောပြနေခဲ့တာ...အင်းဝ တပ်မှူးတစ်ယောက်က သူတို့ ထွက်မပြေးနိုင် အောင်ဆိုပြီး ဖနောင့်အကြောကို ခါးနဲ့ဖြတ်ခံရတဲ့ဒဏ်ကြောင့် ငါ့အဖေဟာတသက်လုံး မသန်စွမ်းဘဝ နဲ့နေသွားခဲ့ရတယ်....အဖေဟာ အင်းဝမြေကို အရမ်းစိတ်နာခဲ့တာပေါ့....ဒါပေမယ့်...ငါကိုကျ..ဒီမြေမှာပဲမွေးခဲ့တယ်...ဒီမြေမှာပဲ ငါကြီးပြင်းခဲ့တယ်....အခုဆို...နောက်ထပ်..နောက်ထပ်...ငါတို့ မျိုးဆက်တွေဟာ မွေးရေနဲ့ ချင်းတွင်းမြစ်ရေ ကို သောက်ပြီး ဒီအင်းဝမြေ နဲ့ တသားတည်းဖြစ်ခဲ့ပြီးပြီ.....အခြေတကျရှိနေခဲ့ပြီ..ဒီလိုအချိန်မျိုးမှာ..ငါတို့ဟာ သူတို့ မရင်းနှီးတဲ့ ဟိုးပင်လယ်ရပ်ခြားကို ဘာအကြောင်းပြချက်နဲ့ ထွက်ခွာကြမှာတဲ့လဲ.....ပြီးတော့...အခုက စစ်ပွဲတွေ ဖြစ်နေတာပါ..လွိဇာ....ဒီအခြေအနေကြီးမှာ ပေါ်တူဂီမပြောနဲ့...အင်းဝ ကနေ ဟံသာဝတီကို ငါတို့အားလုံး သွားဖို့ဆိုတာ...လုံးဝမဖြစ်နိုင်ဘူး....မင်း..အိပ်မက်တွေကနေ နိုးထလိုက်တော့..လွိဇာ..မင်းအဘွား မက်ဂဒါလီနာ ရဲ့ပုံပြင်တွေကို မင်းမေ့ပစ်လိုက်ပါတော့....သူရဲ့ပုံပြင်တွေနဲ့ နောက်မျိုးဆက်အပေါ် ဒဏ်ရာတွေ ထပ်မပေးချင်ပါနဲ့တော့”

လွိဇာ တိတ်ဆိတ်ငြိမ်သက်သွားသည်။

သို့သော် အံကို တင်းတင်းကြိတ်ထား၏။

အဘိုးအိုဒိုင်ယက်စ်က သူ့မြေးမငယ်လေးကို တွဲကာ ထပြန်ရန် ပြင်သည်။

“ကျုပ် သူတို့အားလုံးကို ပြန်ခိုင်းလိုက်တော့မယ်...လွိဇာ”

ဖာသာဂိုးမက်ဇ်က ခပ်တိုးတိုးပြောလိုက်သည်။

လွိဇာ ဘာကိုမှ မကြားနိုင်တော့။

ဘုရားကျောင်းရှေ့မှ ပေါ်တူဂီလူအုပ်ကြီးကလည်း အလျှိုလျှို ထပြဲန်ကုန်ကြဲ၏။

ဖာသာနာရေနီက လွီဇာ၏ ပုခုံးကို လာဖက်ကာ နှစ်သိမ့်လိုက်သည်။

လွီဇာ၏ ပါးပြင်ပေါ်သို့မျက်ရည်များ စီးကျလာ၏။

“ကျွန်မ တစ်ဘဝလုံးနီးပါး....သူတို့အတွက် ကြိုးစားပေးခဲ့တာ...ဒီနေ့...ဒီလိုမျိုး ကြုံရဖို့တဲ့လား”

ဖာသာ နာရေနီက သက်ပြင်းချလိုက်သည်။

“သူတို့ပြောတာလည်း မှန်တာပါပဲ...လွီဇာ”

“ဒါဆို...ကျွန်မက မှားခဲ့တာပေါ့....ရာစုနှစ်တစ်စုစာ အတင်းအကြပ်ခေါ်ဆောင်ခံခဲ့ရတဲ့ ကျွန်မလူမျိုးတွေကို သူတို့ အမိမြေကိုပြန်ခွင့်ရအောင်..လွတ်မြောက်အောင်..နှစ်နှစ်ဆယ်လောက် ကျွန်မ ပေးဆပ်၊ စွန့်လွှတ်ပြီး လုပ်ခဲ့သမျှ....အမှားတွေချည်းပဲပေါ့....ဟုတ်လား”

“သူတို့အားလုံးက ၁၆ ရာစုက အင်းဝကို ရောက်လာကြတဲ့ စစ်သုံ့ပန်းပေါ်တူဂီတွေ..မဟုတ်ကြတော့ဘူးလေ..လွီဇာ...သူတို့ဟာ အင်းဝသားတွေပါလို့ သူတို့ကိုယ်တိုင်ပြောနေကြတာ...မင်း.ကြားခဲ့ရပြီပဲ”

“ကျွန်မ...သူတို့ကိုမုန်းတယ်..ဖာသာ....ကျွန်မကိုယ်..ကျွန်မလည်း..မုန်းတယ်”

“ကဲ..ကျုပ်တို့..အင်းဝကိုပြန်ကြရအောင်ပါ”

“အင်းဝ....အင်းဝ....အဲ့ဒီမြို့ကြီးကိုလည်း..ကျွန်မ....မုန်းတယ်”

အခန်း (၃)

ဂုဏ္ဍာအိမ်၏ ခေတ္တနန်းတော်အဖြစ် ပြုလုပ်ထားရာ မတ္တရာမြို့ဝန်နေအိမ်။

“ဒီစကားက နင်...တကယ် အတည်ပြောတာလား...ဘယ်ကျော်”

ဂုဏ္ဍာအိမ်က သူ့ရှေ့တည့်တည့်တွင် ထိုင်နေသော မတ္တရာဗိုလ်ဘယ်ကျော် ကို မေးလိုက်သည်။

“ကျုပ်စကားက မတ္တရာမွန်အစုအားလုံးကိုယ်စား ပြောခဲ့တာပါ..ဂုဏ္ဍာအိမ်”

“သွေးသောက်ကြီးထော်ကန်ကရော..ဘာပြောချင်လဲ”

“ကျုပ်တို့က မွန်တွေပါ...ဂုဏ္ဍာအိမ်...ဟံသာဝတီကလည်း မွန်တွေပါပဲ...ဘာမှ မဟုတ်တဲ့ မုဆိုးဖို ထက် ဟံသာဝတီကို ပိုအလေးထားဖို့ လိုပါလိမ့်မယ်”

ဂုဏ္ဍာအိမ်၏ ဘေးရှိ သလွန်တစ်ခုတွင် ထိုင်နေသော နားလဲက သူ့ပေါင်ပေါ်မှ ကလေးငယ်ကို အစေခံတစ်ယောက်နှင့် အပြင်ထွက်သွားစေသည်။

ထို့နောက် ထိုင်နေရာမှာ မတ်တပ်ရပ်လိုက်၏။

“ငါ..တစ်ခုတော့ ပြောချင်တယ်...စည်သာမင်းကြီးကို ငါတို့ မုဆိုးဖိုကို ပြန်အပ်မယ်ဆိုတာက..မုဆိုးဖို နဲ့ ပူးပေါင်းတာမျိုး မဟုတ်ဘူး...လောလောဆယ်...ငါတို့နဲ့ အနီးကပ်ဆုံး ရန်စလေးကို ခဏငြိမ်းထားတဲ့သဘောပဲ... မုဆိုးဖိုရဲ့ သဘောထားကတော့ အသိသာကြီးပဲ..ငါတို့ တွေ သူတို့ဆီ သစ္စာပေးဖို့ သွားတဲ့နေ့မှာ ဟံသာဝတီကလည်း သစ္စာပေးဖို့လာကြတာပဲ..ငါတို့ကို ကောင်းကောင်းမွန်မွန်ဆက်ဆံပြီး... ဟံသာဝတီသားတွေကိုကျ သူတို့ လမ်းမှာ သတ်ဖြတ်လိုက်ကြတယ်...ဒီတော့ မုဆိုးဖိုဟာ ငါတို့ထက် ဟံသာဝတီကို သူ့ရန်သူလို သတ်မှတ်နေတာမဟုတ်လား”

“ဒါပေမယ့်..ဟံသာဝတီဟာ ကျုပ်တို့ ရန်သူမဟုတ်ဘူးလေ..သူတို့နဲ့ ကျုပ်တို့ကြားမှာ ကတိကဝတ်တွေရှိတယ်..မဟုတ်လား”

“အဲ့ဒါက အင်းဝမကျခင်ကလေ...ငါတို့ အရည်တူချင်း ထားတဲ့ ကတိပဲ...ဒါပေမယ့်..အခု ဟံသာဝတီက ငါတို့ကို သူ့ကျွန် လို လက်အောက်ခံလို ဆက်ဆံချင်နေ

တာ...ငါတို့ က လွတ်လပ်ချင်လို့ တိုက်ခိုက်ခဲ့ကြတာ..နောက်ထပ် ထီးနန်းတစ်ခု ကို ကျွန်ခံဖို့ မဟုတ်ဘူး..ဘယ်ကျော်"

ဗိုလ်ဘယ်ကျော်က ခေါင်းခါလိုက်သည်။

"ကျုပ်တို့ဟာ သာမန်သူပုန်တွေပါ...အင်းဝ လို ဟံသာဝတီလို တိုင်းကြီးပြည်ကြီး ထူထောင်နိုင်တဲ့အဆင့်မဟုတ်ပါဘူး.. ကိုယ့်အခြေအနေကိုယ်နားလည်ဖို့လိုပါ တယ်... ဟံသာဝတီဟာ အင်းဝလို တိုင်းပြည်ကြီးကိုတောင် အလွယ်ကလေး သိမ်းနိုင်ခဲ့ရင်..မကြာခင် ကျုပ်တို့ မြောက်ဘက်ကို ရောက်လာမှာပါပဲ..ဒါ ကြောင့်..ဒီအချိန်မျိုးမှာ ဟံသာဝတီကလိုချင်နေတဲ့ စည်သာမင်းကြီး ကို ပေးလိုက်ပြီး..သူတို့ဆီ သစ္စာခံ..ကျုပ်တို့ လိုချင်တဲ့ အခွင့်အရေးတွေ တောင်းလို့ ရနေတာပဲ..အနည်းဆုံး..မတ္တရာနဲ့ အုတ်ဖိုကို ကျုပ်တို့ မွန်တွေနဲ့ ခင်ဗျားတို့ကွေ့ တွေ ဟံသာဝတီထီးရိပ်အောက်ကနေ ပူးတဲ့အုပ်ချုပ်လို့ရမယ်..မဟုတ်လား..အခု တော့ ဘာမဟုတ်တဲ့ မုဆိုးဖိုလို ဇနပုဒ်ကို..ဒီလိုဆက်ဆံဖို့လိုသလား"

ဂုဏ္ဍအိမ်က ထိုင်နေသည့် သလွန်ကို လက်ဖြင့် ခပ်ကြမ်းကြမ်းပုတ်လိုက်သည်။

"တော်သင့်ပြီ...ဘယ်ကျော်...အောင်ပွဲဟာ ငါတို့ လက်တကမ်းကို ရောက်နေ ပြီ...အခုကိစ္စက မုဆိုးဖိုကို စကားထဲ ထည့်ပြောနေတာမဟုတ်ဘူး....ငါတို့ရဲ့ ကိုယ်ပိုင်ထီးနန်းအတွက် အရေးပါတဲ့ ကစားကွက်တစ်ခုကို ရွှေ့နေတာ"

"ဒါဆိုလည်း ခင်ဗျားတို့ ဘာသာ ခင်ဗျားတို့ရွှေ့ကြလေ..ကျုပ်တို့ကတော့...ဟံ သာဝတီနဲ့ ပူးပေါင်းရလိမ့်မယ်"

ဗိုလ်ဘယ်ကျော်၏ စကားအဆုံး မတ္တရာမွန်ခေါင်းဆောင် သွေးသောက်ကြီးထော် ကန် က မတ်တပ်ထရပ်လိုက်သည်။

"ဂုဏ္ဍအိမ်...ခင်ဗျားတို့ကျုပ်တို့ တချိန်က ပူးပေါင်းခဲ့ကြတာတွေကို ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး...ကျုပ်တို့ဟာ မွန်တွေမို့....ကျုပ်တို့နဲ့ လူမျိုးတူထီးနန်းကိုပဲ ခစားတာ အကောင်းဆုံးပါပဲ..ခင်ဗျားရဲ့..ဆန္ဒအတိုင်း ထီးနန်းတစ်ခု ထူထောင်နိုင် ပါစေလို့..ဆုတောင်းပေးလိုက်ပါတယ်...နာလဲ...ငကက်..ငနက်.မင်းတို့ကိုလည်း နှုတ်ဆက်ပါတယ်..."

ထော်ကန် နှင့် ဘယ်ကျော်တို့က အိမ်ပေါ်မှ ထွက်ခွာသွားကြသည်။

အင်းဝမြို့ ကျဆုံးပြီးသည့်နောက် မတ္တရာကို အခြေပြုထားပြီး..မြောက်ဖက်တ လွှားကို ဂုဏ္ဍအိမ်ဦးဆောင်သည့် ကွေ့တို့က သိမ်းပိုက်ထားသည်။

ကွေ့တို့သည့် အစပိုင်းတွင် အင်းဝ၏ အခွန်အတုပ်များ၊ ဖိနှိပ်မှုများကြောင့် တော်လှန်ပုန်ကန်ခဲ့ကြရာမှ တဖြည်ဖြည်း အင်အားတောင့်တင်းလာကြသည်။

အင်းဝတပ်များအပြင် ကသည်းတပ်များ၊ တရုတ်တပ်များကိုပင် တွန်းလှန်တိုက်ခိုက်နိုင်ခဲ့ကြသည့်အတွက် ဂုဏ္ဍာအိမ်ကို မြောက်ဖက်တလွှား မင်းလောင်းအဖြစ် သတ်မှတ်ထားကြသည်။

အင်းဝ နှင့် ဟံသာဝတီတိုက်ပွဲတွင် ဂုဏ္ဍာအိမ်နှင့် ဟံသာဝတီဥပရာဇာတို့ နှစ်ဦးနှစ်ဖက် ကတိကဝတ်များ ထားရှိခဲ့ကြသည်။

သို့သော် ယခုတော့ နှစ်ဦးနှစ်ဖက်လုံးက ထိုကတိကဝတ်များကို အသိအမှတ်မပြုကြတော့။

ဂုဏ္ဍာအိမ်သည်လည်း ထီးနန်းတစ်ခုထူထောင်ရန် စိတ်ပိုင်းဖြတ်ပြီးဖြစ်သည်။

ထိုအချိန်တွင် မူလက ကွေ့များနှင့် ပူးပေါင်းနေကြသော ထော်ကန် နှင့် ဗိုလ်ဘယ်ကျော် တို့၏ မတ္တရာမွန် အုပ်စုကြားသဘောထားကွဲလွဲမှုများစတင်လာသည်။

ကွေ့တို့ထံသို့ ရောက်ရှိနေသော အင်းဝနန်းတွင်းမှ အရေးပါသူတစ်ဦးဖြစ်သည့် စည်သာမင်းကြီးဦးစည်းစိမ်ကို သူ၏ မယားညီအကိုဖြစ်သော မုဆိုးဖိုရှိ အောင်ဇေယျထံသို့ ပြန်ပို့မည်ကိစ္စတွင်မူ ကွေ့ခေါင်းဆောင်များနှင့် မတ္တရာမွန် ခေါင်းဆောင်များအကြား ပေါင်းစည်း၍မရဖြစ်ခဲ့ပေပြီ။

မတ္တရာမွန်တို့ ဟံသာဝတီနှင့်ပူးပေါင်းရန် ဆုံးဖြတ်လိုက်ခြင်းသည် မြောက်ပိုင်းတွင် တန်ခိုးကြီးနေသောကွေ့တို့၏ အင်အားစုများကို စတင်ကွဲထွက်စေခဲ့ခြင်းပင်။

ယာယီနန်းတော်ပေါ်တွင် ကျန်ရစ်သော ကွေ့ခေါင်းဆောင်များ ခေတ္တမျှ ငြိမ်သက်နေကြသည်။

“အကို....ငါတို့..စည်သာမင်းကြီးကို ဘယ်နေ့လောက် ပြန်ပို့ရမလဲ”

ဂုဏ္ဍာအိမ်က သူ၏ မျက်လုံးကလေးများ ကျဉ်းမြောင်းသွားသည်အထိ မှေးပြီး စဉ်းစားနေသည်။

“ဒီတခေါက်...နားလဲ..နင်မလိုက်သွားနဲ့....ငနက် နဲ့ ငကက် ပြန်ပို့ပါစေ”

“ဘာဖြစ်လို့လဲ”

“ငါ့မှာ အကြောင်းရှိလို့ပါ..နားလဲ...ဟံသာဝတီကို ငါတို့နှိုင်ပြီးခဲ့ရင်တောင်...အဲဒီ မုဆိုးဖိုရွာက ငါတို့အတွက် ခေါင်းခဲစရာဖြစ်လာနိုင်တယ်... ဘယ်ကျော်တို့ မရှိတော့ရင်..ငါတို့မှာရှိတဲ့ အင်အားကို ချေတာကြရမှာပဲ..နောက်တစ်ခုက ငါတို့ စစ်သားတွေက ကိုယ့်ဒေသကို အခြေပြုထားတဲ့ ခြံခိုတိုက်ပွဲမှာပဲ အားသာတာ..အခုချိန်ထိ..လွင်ပြင်တိုက်ပွဲတွေကို အတွေ့အကြုံမရှိကြသေးဘူး... နင်တို့ ထောက်လှမ်းရသမျှဆို မုဆိုးဖိုမှာ လွင်ပြင်တိုက်ပွဲတွေကို ပိုင်နိုင်တဲ့ လူအတော်များများ ရှိနေပြီးသား..လက်နက်ကလည်းစုဆောင်းပြီးသား...မုဆိုးဖို က လူသူလက်နက်တွေ နဲ့ ငါတို့ အင်အားကို ပေါင်းစပ်နိုင်ရင်..အင်းဝထိ သိမ်းနိုင်မှာ အသေအချာပဲ”

“ဒီလိုဆို ကျွန်တော်တို့က မုဆိုးဖိုနဲ့ ပူးပေါင်းတော့မှာပေါ့”

ငနက် ၏ စကားကို ဂုဏ္ဍာအိမ်က ပြုံးလိုက်သည်။

“ငါတို့ လူတွေ သွေးတစက်မှ မကျပဲ..မုဆိုးဖိုကို ယူလို့ရတဲ့နည်းတွေ သုံးရမှာပေါ့...ငါ့မှာ အကြံတွေ ရှိပါတယ်..ကဲ..နားလဲ..အခုပဲ..ပျားဖယောင်းနှိမိတ်ကြည့်ပေးဖို့ သွားစီစဉ်ထားပါ..သာဗိုတွေကိုပါ ခေါ်ထား..အောင်ဇေယျရဲ့နိမိတ်ကို ငါသိချင်တယ်”

အားလုံး ထရန်ပြင်လိုက်သည်။

“ငနက် နဲ့ ငကက်..မင်းတို့ နေခဲ့ဦး”

.....
.....

ရှင်ပြေ နှင့် မောင်လှ မောင်နှမနှစ်ဦးက သူတို့ဖခင် စည်သာမင်းကြီး ဦးစည်းစိမ်ထံသို့ ပြေးသွားကြသည်။

ဇနီးဖြစ်သူ နှင့် သမီးကြီးဖြစ်သူ မယ်တလိုင်း က အပြုံးဖြင့် ဆီးကြိုနေ၏။

အင်းဝ၏ နောက်ဆုံးတိုက်ပွဲအပြီးတွင် စည်သာမင်းကြီးဦးစည်းစိမ်နှင့် သူ၏လက်ရုံးတပ်အချို့မှာ အင်းဝအထက်ဘက်ဆီသို့ တိမ်းရှောင်ရာမှာ မတ္တရာနယ်စပ်တွင် ဂုဏ္ဍာအိမ်၏ ကွေ့တပ်များနှင့်တွေ့ရှိကာ အဖမ်းခံခဲ့ရခြင်းဖြစ်သည်။

ခင်ကောင်းစံက ဦးစည်းစိမ်သောက်နေကျ..ကြေးဝါဆေးတံကို ကမ်းပေးလိုက်သည်။

“အင်းဝက ထွက်လာတော့...ရှင့်အသည်းစွဲ ဒီပစ္စည်းကို မပါပါအောင် ကျုပ် ယူခဲ့ရတာ”

ဦးစည်းစိမ်က ကြွေးဝါဆေးတံလေးကို သူ၏ ပုဆိုးစဖြင့် ပွတ်လိုက်ပြီး ခင်ကောင်းစံကို ပြုံးပြလိုက်သည်။

“ခင်ကောင်းတို့ သားအမိတတွေ အင်းဝက ဘေးမသီရန်မခ ထွက်လာနိုင်တာ တော်သေးတာပေါ့..နို့မဟုတ်..ကိုယ်တော်က တချိန်လုံး စိတ်ပူနေရတာ..ကဲ..အောင်ဇေယျရော..ဘယ်မှာတုန်း”

“ဟိုးက..တဲကန္နားထဲမှာပါ..လူစုံ တက်စုံပဲ”

မုဆိုးဖို၏ စစ်ရေးကိစ္စများ စည်းဝေးရာ တဲကန္နားတွင်း လူစုံတက်စုံရှိနေသည်။

ဦးစည်းစိမ်မှာ ရှေးဦးစွာ မိသားစုနှင့် သွားရောက်တွေ့ဆုံနေသဖြင့် တဲကန္နားထဲတွင် ကွေ့တပ်မှ ငကက် နှင့် ငနက်က အောင်ဇေယျ နှင့် စကားပြောနေကြသည်။

ဦးစည်းစိမ်ဝင်လာသောအခါ..အောင်ဇေယျက သလွန်ပေါ်တွင် ထိုင်နေရာမှာ မတ်တပ်ရပ်ကာကြိုဆိုလိုက်၏။

“ကိုကြီးစည်းစိမ်..ကျန်းမာပါရဲ့ဗျ...နော့”

“ကျန်းမာပါတယ်..ဖိုးအောင်ဇေယျ”

ဦးစည်းစိမ်က သူ့အတွက် ပြင်ဆင်ပေးထားသော သလွန်တွင် ဝင်ထိုင်လိုက်သည်။

“ဒီလိုဆို ကျုပ်တို့ ပြန်ခွင့်ပြုပါဦး..ခရီးက အဆန်ခရီးမို့...အချိန်မှီပြန်ရမှာမို့ပါ”

“ဟဲ့..တစ်ယောက်လောက်...ဒီမှာ ကွေ့သံတမန်များပြန်တော့မယ်...မင်းတို့ မိကြီးခင်ယွန်းကို သွားမေးကြစမ်း...ကွေ့သံတမန်တွေအတွက် လက်ဆောင်နဲ့ ရေရိက္ခာများ စီမံတာ ပြီးပြီလားလို့”

အနီးအပါးမှ လုလင်တစ်ယောက်က ထွက်သွားသည်။

ခဏအကြာတွင် ကွေ့ကိုယ်စားလှယ်များအတွက် စီမံထားသော လက်ဆောင်နှင့် လမ်းခရီးအတွက် ရိက္ခာများ ကို မြင်းတစ်စီးဖြင့် အဆင်သင့်ဆွဲယူလာ၏။

ငကက် နှင့် ငနက်ဦးဆောင်သော အဖွဲ့က မုဆိုးဖိုခံတပ် တံခါးဆီသို့ ထွက်ခွာသွားကြပြီဖြစ်သည်။

ဦးစည်းစိမ်က တဲကန္နားအတွင်း စုရုံးထားသော မုဆိုးဖို အင်အားစုကို တချက် အကဲခတ်လိုက်သည်။

“ငတွန်၊ ငသာ၊ ငကောင်း၊ ငရွှေကြူး၊ ငအိုး...အင်း...တကယ့်လူတွေပါလား..အောင်ဇေယျ”

“ဟုတ်တယ်..လေးဆယ့်ခြောက်ရွာက ရွာခေါင်းတွေလည်း ကျွန်တော်နဲ့ အတူရှိနေပါပြီ...အကိုကြီး..နောက် မြင်းရည်တက်ခြောက်ကျိပ်ရှစ်ယောက်လည်း ဖွဲ့ပြီးပါပြီ..အကိုကြီးလည်း အဲ့ဒီထဲ ပါပါတယ်”

“မြင်းရည်တက်..ဟုတ်လား...တောင်ငူတပင်ရွှေထီး လိုပေါ့”

အောင်ဇေယျက ဘာမှ ပြန်မပြောပဲ ပြုံးပြလိုက်သည်။

“မင်း.က..အင်းဝကို ပြန်တိုက်ယူပေးမှာလား..အောင်ဇေယျ”

အောင်ဇေယျက ခေါင်းခါလိုက်သည်။

“အကိုကြီး မုဆိုးဖိုကို လာတော့ မုဆိုးဖိုမရောက်ခင် ဆယ်မိုင်ပတ်ချာလည်မှာ ဘာတွေထူးခြားတာတွေ့ခဲ့လဲ”

ဦးစည်းစိမ်က မျက်လုံးမှိတ်ကာ တချက်စဉ်းစားလိုက်သည်။

“အင်း..ငါသတိထားမိတာတော့...ရေတွင်းရေကန်မှန်သမျှ မြေဖို့ပစ်ထားတယ်....လယ်ယာစိုက်လို့ရတဲ့ မြေတစ်ချို့ကို မီးတိုက်ပစ်ထားတယ်...ဆိုတော့....မင်းက..ဘယ်သူ့ကိုမှ သစ္စာမခံပဲ ခံတိုက်မယ်ဆိုတဲ့သဘောပေါ့.”

အောင်ဇေယျက ခေါင်းညိတ်လိုက်သည်။

“ငါကွေ့တွေဆီမှာ နေတုန်းက သတင်းတစ်ခုကြားခဲ့ရတယ်..အောင်ဇေယျ..ကိုးသိန်းသခင် လွတ်သွားပြီတဲ့... မင်း ကိုသိန်းသခင်နဲ့ ဆက်သွယ်သင့်တယ်”

“ကျွန်တော်လည်း အဲ့ဒီသတင်းကြားပြီးပါပြီ...ဒါပေမယ့်...အင်းဝ ဟာ ပြီးသွားခဲ့ပြီ....ညောင်ရမ်းမင်းဆက်ဟာ ဒီမှာပဲ အဆုံးသတ်သွားပြီလို့..ကျွန်တော့်စိတ်ထဲထင်နေတယ်”

“မဟာဓမ္မရာဇာဓိပတိကရော”

“ဟံသာဝတီက သူ့ကို အသက်ရှင်လျက် ကြာကြာထားမယ်လို့...အကိုကြီး ထင်လား..သူတို့စိတ်ထဲ အင်းဝ တလွှားကို ထိန်းချုပ်နိုင်ပြီလို့ထင်တဲ့အချိန်ကျရင်.....တချိန်က အင်းဝဘုရင်ဟောင်းကို ဒီအတိုင်းပါ့မလား”

ဦးစည်းစိမ်က မျက်ခုံးများတွန့်သည်အထိ အတန်ကြာတွေးတောနေသည်။

“ဒီတော့ မင်း ဘာဆက်လုပ်မှာလဲ”

“အကိုကြီးဟာ အင်းဝနန်းတွင်းမှာ အကြွာကြီး အမှုထမ်းခဲ့တဲ့ မူးကြီးမတ်ကြီးတစ်ယောက်မဟုတ်လား...ဒီတော့ နန်းပြဿဒ်အဆောင်ယောင်တွေဆောက်တဲ့အခါ လိုအပ်တာတွေ၊ မင်းခမ်းတော်အသုံးအဆောင် အတွက် လိုအပ်တာတွေ၊ တော်၊ဒူး၊စနည်း၊ဘဝေါ ဆိုတဲ့ နေရာတော်ယူပုံတွေ၊ ထွက်တော်မူစည်တူရိယာတွေ၊ နန်းဓလေ့ထုံးစံတွေ အကြောင်းကို ကျွန်တော့် လူများကို လမ်းညွှန်ပြသပေးပါ”

စည်သာမင်းကြီး ဦးစည်းစိမ်က အောင်ဇေယျကို အလန့်တကြားကြည့်လိုက်သည်။

“ဆိုလိုတာက”

“ကျွန်တော် ဒီမြေကို အခြေပြုပြီး...နိုင်ငံတော်အသစ်တစ်ခုတည်ထောင်မယ်”

အောင်ဇေယျ၏ အသံက အနည်းငယ်တိုးလျနေသော်လည်း မာမာထန်ထန်။

ဦးစည်းစိမ် က ခေတ္တမျှ ပြန်တိတ်ဆိတ်သွားသည်။

တဲကန္ဒားအတွင်း ထိုင်နေသော အောင်ဇေယျ၏ လူများကို တစ်ဦးချင်းစီ လိုက်ကြည့်သည်။

သူတို့၏ မျက်နှာများက မျှော်လင့်ချက်များဖြင့် တက်ကြွနေ၏။

“နန်းတော်သစ်တစ်ခု ထူထောင်မယ်ဆိုရင်တော့...မင်းခုနပြောတဲ့ အချက်အလက်တွေအားလုံး သိရဖို့..လူနှစ်ယောက်ကို လိုက်ရှာရလိမ့်မယ်..အောင်ဇေယျ”

“ဘယ်သူတွေလဲ”

“မောင်ဩ် နဲ့ မောင်မြဲတ်စံပဲ”

“သူတို့က ဘယ်သူတွေလဲ”

“နှစ်ယောက်လုံးက ကိုးသိန်းသခင်ဆီမှာ အမှုထမ်းနေတဲ့ စာဆိုတော်ပညာရှိတွေ...မောင်ဩ် ဆိုတာ သံတော်ဆင့်ရွှေတောင်ရာဇကျော် ကို ပြောတာ”

“သိပြီ..အသက်(၁၅)နှစ်နဲ့..ကဝိလက္ခဏာကျမ်းရေးတဲ့ ရွှေတောင်ရာဇကျော်.မဟုတ်လား..သူ..ဟံသာဝတီကို မပါသွားဘူးလား”

“ဟံသာဝတီတပ်တွေ အပြင်မြို့ကို ဝိုင်းကတည်းက သူဇာတိ မောင်းထောင်ကြီးရွာကိုပြန်သွားတယ်”

“နောက်တစ်ယောက်ကရော”

“မောင်မြတ်စံ ကိုတော့...ကိုးသိန်းသခင်အိမ်တော်စာရေးမို့လို့ မင်းတွေ့ဖူးမှာပါ...လူက ငယ်ပေမယ့်...နန်းတွင်း စာတော်ဖတ်အဖြစ်လည်းလုပ်ခဲ့ဖူးတယ်...ဝန်ကြီးပဒေသာရာဇာ ရဲ့ အစုအငန်းစာတမ်းဖွဲ့တဲ့အခါ မှာလည်း သူက ဘေးကအများကြီးကူညီပေးခဲ့ဖူးတယ်..သူလည်း ဟံသာဝတီပါမသွားဘူး...သူ့ဇာတိ မကျည်းတုံမှာ ရှိကောင်းရှိနေနိုင်တယ်”

“သူတို့ကို ကျွန်တော်ဆီ မရရအောင်ခေါ်မယ်... ထီးသစ်နန်းသစ်တစ်ခုဆီ သွားမယ့် စစ်ပွဲမှာ တိုက်ရဲခိုက်ရဲသူတွေသာမက...ဉာဏ်ပညာနဲ့ ယှဉ်တဲ့ နှလုံးရည်သမားတွေလည်း လိုအပ်တယ်မဟုတ်လား....အကိုကြီး”

ဦးစည်းစိမ်က အောင်ဇေယျ၏ မျက်နှာကို စေ့စေ့ကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။

.....
.....

“ဟံသာဝတီကပေးသော သစ္စာရည်ကိုသောက်လျှင်...မွန်ဆံမဖြတ်..သျှောင်ထားခွင့်ပြုမည်၊ သစ္စာမခံလျှင် မုဆိုးဖိုကို အပြီးတိုင်ချေမှုန်းမည်...အင်းဝကဲ့သို့ အုတ်မြို့သည်ပင်လျှင် ငါတို့စစ်အင်အားကို မခံနိုင်၊ နင်တို့ ထန်းလုံးခံတပ်ငယ်ကား ငါတို့လက်ကို ခံနိုင်မည်လော”

အင်းဝတွင်ရှိနေသော ဟံသာဝတီစစ်သူကြီး တလပန်း၏ မုဆိုးဖိုရွာသူကြီး အောင်ဇေယျထံသို့ ပေးလိုက်သည့် ရာဇသံ။

ထိုရာဇသံနှင့်အတူ ဟံသာဝတီဗိုလ်မှူး ဘွားငယ်ဗိုလ် ဦးဆောင်သော စစ်သည် (၃၀၀၀)သည် စစ်ကိုင်းမှ မုဆိုးဖို့သို့ လေးရက်နှင့်အရောက် အပြင်းချီတက်လာကြသည်။

မြို့ရှေ့ချောင်းနားအရောက်တွင် ဟံသာဝတီတပ်ဦးသည် ရုတ်တရက် ရပ်တံ့သွား၏။

“ရှေ့ကင်းက ဘာကြောင့်ရပ်သွားတာလဲ”

မြင်းပေါ်မှ ဘွားငယ်ဗိုလ် ထံသို့ ရှေ့ကင်းဗိုလ်က ရောက်လာသည်။

“မှန်ပါ....မုဆိုးဖိုဘက်က အကြိုတော်လွတ်လိုက်သည့် မြင်းခေါင်း ဒေဝသီဟတုရင် နှင့်အဖွဲ့..အခစားဝင်လိုကြောင်း လျှောက်လာပါတယ်...ဘုရား”

ဘွားငယ်ဗိုလ် က မြင်းပေါ်မှ ဝံ့ကြွားစွာ ပြုံးလိုက်သည်။

ခဏအကြာတွင် မြင်းခေါင်းဒေဝသီဟတုရင် နှင့် ဆယ်ဦးက ဘွားငယ်ဗိုလ်ရှေ့တွင် ဝပ်တွားဦးချလျက်။

“ကဲ... ပိုးစုန်းကြူးငယ် ဟာ နေမင်းအရောင်ကို လာပြိုင်နေတာမှန်းသိသွားကြပြီပေါ့...ကဲ..မောင်မင်းတို့ လျှောက်တင်သလို သစ္စာရည်သောက်ဖို့ သံတဲကန္နားကမှာ အောင်ဇေယျငယ်က စောင့်နေလေပြီပေါ့”

“မှန်ပါ”

“ကဲ..စစ်သည်တွေကို ကြေညာလိုက်ဟေ့....မုဆိုးဖိုရွာငယ်က မခုမခံပဲ သစ္စာရည်သောက်ဖို့ ရှေ့က တောကျောင်းမှာ တဲကန္နားနဲ့ ကြိုဆိုနေကြပြီမို့..စိတ်အေးသက်သာ ချီတက်ကြစေဖို့ပဲ”

တပ်ဦးရှေဆုံးတွင် ဘွားငယ်ဗိုလ်၊ ဟံသာဝတီတပ်မှူးများနှင့်အတူ ဒေဝတုရင် က မြင်းဖြင့် ချီတက်သည်။

ချောင်းရိုးအတိုင်း အတန်ကြာချီတက်လာသောအခါ ခြံနွယ်များထူထပ်ရာသို့ ရောက်ရှိလာ၏။

“တဲကန္နားလုပ်ထားတဲ့ နေရာက ရောက်တော့မှာလား..မောင်မင်း”

“မှန်ပါ ဟိုးရှေ့ခပ်လှမ်းလှမ်း တောကျောင်းနားမှာပါ”

ထိုစဉ်..ချိုးကူသံ သဲ့သဲ့ကြားလိုက်ရသည်။

ချိုးကူသံ နောက်တစ်ချက် ကြားရပြန်သည်။

ဈေးငယ်ဗိုလ် မျက်မှောင်ကြုံ့လိုက်ပြီး ဒေဝသီဟတုရင်ကို တချက်ကြည့်လိုက်သည်။

ဒေဝသီဟတုရင် ခေါ်မောင်စံမှတ် ၏ မျက်လုံများက ကဏ္ဍာမငြိမ်လှ။

ဈေးငယ်ဗိုလ်က မြင်းက ဘေးတွင် ချိတ်ဆွဲလာသည့် လှံလျင်ပေါ်သို့ လက်ကို တင်ထားလိုက်သည်။

ထိုအချိန်တွင် ခရားခြုံတစ်ခုဆီမှ တင်ကျည်းတုတ်တစ်ချောင်း ထိုးထိုးထောင်ထောင်ပေါ်ထွက်လာသည်ကို ဈေးငယ်ဗိုလ်တွေ့လိုက်သည်။

“အား”

ဈေးငယ်ဗိုလ်က သူနှင့် ဘေးချင်းယှဉ်လျက်ရှိနသော ဒေဝသီဟတုရင် ကို လှံဖြင့် ထိုးချလိုက်သည်။

ထိုအချိန်တွင် ဘေးနံဖက်ဆီမှ သေနတ်သံများ ထွက်ပေါ်လာကြသည်။

ငကောင်း၏ သေနတ်တပ်များက နှစ်ဖက်ညှပ်ကာ ပစ်ခတ်လိုက်ကြခြင်း ဖြစ်သည်။

သတိလက်လွတ်ရှိနေသော ဟံသာဝတီတပ်သားများမှာ ဝရုန်းသုန်းကားဖြစ်ကုန်ကြ၏။

တပြိုင်နည်တည်း မြင်းခွာသံများ ထွက်ပေါ်လာပြီး ငတွန်၊ ရွှေကြူ ဦးဆောင်သည့် မုဆိုးဖို မြင်းစီးစစ်သည်တစ်ရာက ဟံသာဝတီတပ်၏ အလယ်ကို ခွဲကာ ထိုးခုတ်တိုက်ခိုက်ကြသည်။

ဘယ်ညာ နှစ်စုကွဲသွားသော ဟံသာဝတီတပ်၏ ခါးလယ်သို့ ငသာ၊ ငအို၊ ငညွန့်တို့၏ တင်ကျည်းတုတ်၊ နှစ်ဖက်ချွန်တုတ်တပ်သားများ က ခါးလယ်မှ ဖြတ်ဝင်တိုက်သဖြင့် လူ(၃၀၀၀) ရှိသော ဟံသာဝတီတပ်မှာ လေးစုကွဲသွားတော့၏။

ဈေးငယ်ဗိုလ် နှင့် ဟံသာဝတီတပ်မှူးသုံးယောက်မှာ မြင်းဖြင့် ကိုယ်လွတ်ဆုတ်ခွာသွားခဲ့သည်။

တပ်မှူးများပင် တပ်ကို စွန့်ခွာခဲ့ပြီဖြစ်သဖြင့် ဟံသာဝတီတပ်သားများလည်း အပျက်အပျက်ဖြင့် ထွက်ပြေးကြသည်။

တိုက်ပွဲကား မိနစ်လေးဆယ်နီးပါးသာ ကြာမြင့်ခဲ့သည်။

ဟံသာဝတီတပ်များဘက်မှ လူ နှစ်ထောင်ကျော်ကျဆုံးပြီး...မုဆိုးဖိုမှ ငါးရာနီးပါး ကျဆုံးခဲ့သည်။

သို့သော်ငြား မုဆိုးဖိုသားတို့အတွက် ပြင်သစ်လုပ်သေနတ်ကောင်း (၁၀၀၀)ကျော်၊ အမြောက်လှည်း နှစ်လက် နှင့် မြင်းကောင်း (၄၀၀)ကျော်ကို ရရှိလိုက်သည်။

.....
.....

အင်းဝနန်းမြို့တွင်း မြေနန်းပြဿာဒ်ဆောင်ပေါ်မှ ဗိုလ်ချုပ် တလပန်း သည် ခပ်သွက်သွက်ဆင်းလာ၏။

သူ၏နောက်တွင် ဦးလေးတော်သူ ဒေါ်ထောအိုင်၊ ဗိုလ်မှူးဗညားပရံ တို့ လိုက်ပါလာကြသည်။

မနော်ရမ္မာန်ဥယျာဉ်အတွင်းသို့ တလပန်း ဝင်လိုက်သည်အခါ လှုပစိမ်းလန်းသည့် ဥယျာဉ်တော်နှင့် လိုးဝမသက်ဆိုင်သည့် မြင်ကွင်းက ဆီးကြိုနေကြသည်။

သွေးသံရဲရဲဖြင့် ဒဏ်ရာရနေသူများ၊ အော်ဟစ်ညည်းသူနေကြသူများက နန္ဒာရောကန်ကြီး နဘေးတွင် အပြည့်။

“စျေးငယ်ဗိုလ်ရော....သူ အသက်ရှင်ရဲ့လား”

“ပေါင်မှာ သေနတ်ယမ်းတော့ ထိထားပါတယ်...ဗိုလ်မင်း..ဟိုဘက် ရေနန်းဆောင်အဝင်ဘက်မှာပါ”

စျေးငယ်ဗိုလ်၏ ပေါင်မှ ယမ်းစများကို သမားတော်နှစ်ဦးက ခွဲထုတ်ပေးရင်း အလုပ်ရှုပ်နေကြသည်။

တလပန်းရောက်လာသဖြင့် သမားတော်များက လက်အုပ်ချီလိုက်ကြ၏။

“နေ..နေ..လုပ်စရာရှိတာလုပ်ကြ...ကျုပ် သူ့ကို မေးစရာရှိလို့”

ဈေးငယ်ဗိုလ်က မျက်စိကို စုံမှိတ်လျက် အသက်ကို ခပ်ပြဲပြဲရှူနေသည်။

“ဘယ့်နှယ့်ဖြစ်ကြတာတုန်း”

“အောင်ဇေယျက...သစ္စာရည်သောက်ဖို့တဲ့ကန္တားနဲ့ ကြုံနေပါတယ်ဆိုပြီး အထောက်တော်လွှတ်လိုက်တာ...ကျွန်တော်တို့လည်း ယုံမိတယ်..အကို....ကျွန်တော် အသုံးမကျတာပါ..ကျွန်တော် ညံ့ဖျင်းလို့ ကျွန်တော့်လူတွေသေရတာ...ဥပရာဇာ ဆီ လျှောက်တဲ့အခါ..ကျွန်တော့်ကိုသာ သေဒဏ်ပေးလိုက်ဖို့ လျှောက်ပေးပါ..အကို”

တလပန်းက ဈေးငယ်ဗိုလ်၏ လက်ကို ဆုပ်ကိုင်လိုက်သည်။

“မဟုတ်ဘူး....မင်းအပြစ် မဟုတ်ဘူး..ငါ့လူ...ငါတို့အားလုံးက...ဒီရွာသေးသေးလေးကို အထင်သေးခဲ့ကြတာပဲ”

တလပန်းက ဈေးငယ်ဗိုလ်၏ ဒဏ်ရာများကို တချက်ကြည့်လိုက်ကာ...မတ်တပ်ပြန်ရပ်လိုက်သည်။

“ပရုံ..ငါ့အမိန့်....ဒီညတွင်းချင်းပဲ..တပ်မှူးတွေအားလုံးကို မြေနန်းဆောင်ဆီ ဆင်ခေါ်ပါ...အင်းဝသားတွေထဲက ဗိုလ်မှူးရဲခေါင်စံကျော် နဲ့ ခင်ဦးစား တို့ကိုပါ ခေါ်ချေ”

ဗညားပရုံက အနီးမှ ထွက်ခွာသွားသည်။

ထိုအချိန်တွင် နန်းတော်တံခါးဆီမှ မြင်းကိုယ်စီဖြင့် လူနှစ်ဦး ဝင်လာ၏။

လွိဇာ နှင့် ဖာသာနာရေနီ။

ဖာသာနာရေနီက မြေပြင်တွင် လဲလျောင်းနေသော လူမမာများကို သူတတ်ထားသမျှ ဆေးပညာနှင့် ပြုစုပေးရန် လိုက်လံကြည့်ရှုနေသည်။

လွိဇာ က တလပန်းအနီးသို့ လျှောက်လာ၏။

“ဘာတွေ ဖြစ်ကုန်ကြတာလဲ...ဗိုလ်မင်း”

တလပန်းက အံကို ကြိတ်ရင်း...သက်ပြင်းချလိုက်သည်။

“သူတို့..မုဆိုးဖိုကို သွားတိုက်ကြတာလေ”

“မုဆိုးဖို ကို ရ ခဲ့ပြီလား”

တလပန်းဆီမှ အဖြေမရ။

“ဒါနဲ့....အောင်ဇေယျ ဆိုတာ..ဘယ်လိုလူမျိုးလဲ..လွိဇာ...မင်း သူ့ကို သိခဲ့မြင်ခဲ့ဖူးလား”

လွိဇာက လှစ်ခနဲ ပြုံးလိုက်သည်။

“မုဆိုးဖို ကို ရှင်တို့ ရခဲ့လားလို့..ကျွန်မမေးတာ အရင်ဖြေပါဦး”

“မုဆိုးဖိုကို ကျုပ်တို့ လူသုံးထောင် လွတ်လိုက်တာ..အခု ပြန်ရောက်လာတာကတော့..ခင်ဗျား..မြင်တဲ့အတိုင်းပဲ..လွိဇာ”

“အဲ့ဒါက အဖြေပဲ...အောင်ဇေယျ ဆိုတာ ဘယ်လိုလူလဲဆိုတာရဲ့အဖြေပဲ..မဟုတ်လား..တလပန်း”

“တောက်...ထန်းပင်တွေကို စည်းရိုးလုပ်ထားတဲ့ သာမန်ရွာသူကြီးတစ်ယောက်က..ဟံသာဝတီလက်နက်နှိုင်ငံတော်ကြီးကို မထီမဲ့မြင့် လုပ်ရဲသတဲ့လား”

တလပန်း၏ အသံက မာကြောအေးစက်နေသည်။

“ကျွန်မ ကိုးနှစ်ဆယ်နှစ် သမီးလောက်က.....တနင်္္ဂနွေမင်းရဲ့နန်းတော်ကြီးတစ်ခုလုံး မီးလောင်ပြာကျသွားတာကို ကြုံဖူးတယ်....အဲဒီတုန်းက နန်းတွင်းနဲ့ အဆက်အဆံရှိတဲ့ ကျွန်မတို့ ပေါတူဂီလူကြီးတွေ ပြောပြလို့ ကျွန်မ သိရတာ တစ်ခုရှိတယ်..... တနင်္္ဂနွေမင်းရဲ့ ကိုယ်လုပ်တော်..မကျည်းကန်ကတော်ကြီး ဟာ ရှင်ဘုရင် အနောက်သဘင်ခံတော်မူပွဲကို မမြဲမှာစိုးလို့ သူ့အဆောင်ကနေ ကမန်းကတန်းထွက်ခဲ့သတဲ့...သူရှာသောက်လက်စ ကျန်ရစ်တဲ့ ဆေးတံဟာ မီးမငြိမ်းသေးခင် ဖတ်လက်စ ထန်းဖူးပေလွှာပေါ် ကျတယ်...အဲဒီကတဆင့် သူ့အဆောင်တော်၊ သူ့အဆောင်တော်ကနေ နန်းတော်တစ်ခုလုံး ပြာကျတဲ့အထိ လောင်တော့တာပဲ”

တလပန်းက လွိဇာ၏ စကားကို နားမလည်သကဲ့သို့ ကြည့်လိုက်သည်။

“မီးဟုန်းလေးတစ်စ ဆိုပြီး အထင်မသေးနဲ့....နန်းတော်ကြီးတစ်ခုလုံးကို ပြာချပစ်လိုက်နိုင်တယ်...ငယ်ခြင်း ကြီးခြင်းနဲ့ မဆိုင်ဘူး..မီး..ဟာ..မီးပဲ..တလပန်း”

အခန်း (၄)

မြတ်ထားသီရိက မီးပြောင်းကိုကိုင်ကာ တဖူးဖူး မှုတ်သည်။

မီးပြောင်းမှ ထွက်သောလေကြောင့် မီးစလေးအချို့ပင် အဝေးသို့ လွင့်ထွက်သွား၏။

“ရှင်မိငယ်ရေ....ကောင်မလေးတွေကိုကောက်ရိုးတွေ ဒီဘက်မှာ သက်သက်လာပုံလို့ ပြောချေ”

ခင်ယွန်းစံက ကောက်ရိုးပုံဘက်တွင် အလုပ်ရှုပ်နေသော ရှင်မိငယ်ကို လှမ်းအော်ပြောပြီး မြတ်ထားသီရိ အနားသို့ ရောက်လာသည်။

“အံမယ်လေး..အင်းဝသူ မမဗိုက်လေး....ခပ်ဝေးဝေးမှာ သွားထိုင်နေပါတော်..မီးက တမြွေမြွေ ပူက ပူနဲ့....အထဲက ကလေးထိခိုက်မှဖြင့်”

ခင်ယွန်းစံက ကောက်ရိုးနှင့် ထင်းများဖြင့် အုံထားသည့် မီးဖိုနဘေးတွင် ထိုင်လိုက်သည်။

“ရှင်မင်းတို့ရေ...ဒီကိုလာကြဦးဟ..ဒီမှာ ခဲလံကျည်တောက်တွေ မီးကျက်နေပြီ...မမခင်ကောင်းစံတို့ဆီ သယ်ပေးဖို့ လုပ်ကြဟော့”

“မမခင်ယွန်း..ခဏနေပါဦး..ဒီခဲလံကျည်တောက်လေးတွေက..ဆားမထည့်ပဲ..ကျွန်မ သီးသန့်ဖုတ်ထားတာလေးတွေမို့..ယူသွားမယ်နော်”

ခင်ယွန်းစံက ပြုံးလိုက်သည်။

“အောင်မလေး...အငံမကြိုက်တဲ့ တော့် ဗိုလ်တွန်ကြီးအတွက် မဟုတ်လား..ယူထားပါ..ယူထားပါ”

မြတ်ထားသီရိက ရှက်ပြုံးပြုံးကာ
ခဲလံကျည်တောက်(ကောက်ညှင်းကျည်တောက်)အချို့ကို မီးပုံအပြင်ဘက်သို့ ညှပ်ဖြင့် ဆွဲထုတ်နေသည်။

မုဆိုးဖို ထန်းလုံးတပ် အတွင်းရှိ မိန်းမသားများမှာ ခုခံစစ်အတွက် အဓိကလိုအပ်သော ရိက္ခာကိစ္စကို တာဝန်ယူကြရသည်။

အဆာခံနိုင်သကဲ့သို့ တာရှည်ထားခံရိက္ခာဖြစ်သော ခဲလံကျည်တောက်ဖုတ်များ၊ ဆန်ကျည်တောက်ဖုတ်များ ကို ပြုလုပ်နေကြ၏။

ပထမအကြိမ် မုဆိုးဖို့ကို လာရောက်စဉ် ဥပါယ်တံမျဉ်ဖြင့် ခြုံခိုတိုက်ခံရခြင်း သည် ဟံသာဝတီ စစ်သူကြီး တလပန်းအတွက် ခံပြင်းစရာဖြစ်ခဲ့သည်။

ထို့ကြောင့် တလပန်း သည် ဟံသာဝတီတပ်များအပြင် မြောက်ဘက်မှ သစ္စာခံ ထားသော ရှမ်းမြန်မာတပ်များကိုပါ စုစည်းလိုက်သည်။

ထို့နောက် ဟံသာဝတီတပ်မှူးများဖြစ်သော ဗညားလကွန်းအိမ်၊ သန်လျင်ဝန် ဗ ညားပရံ၊ ဗညားအေဉ်၊ ဗညားအိန္ဒဗလကျော်သူ တို့ကို တတပ်လျှင် မြင်း ၃၀၀၊ လူ ၅၀၀၀ စီဖြင့် မုဆိုးဖို၏ အနီးတဝိုက်ဒေသများဖြစ်သော တည်တောဟင်းသာ၊ အမြင့်၊ ကျောက်ကာ၊ ငါးစို့ဇင်လေးရွာ တို့တွင် သွားရောက်တပ်စွဲထားစေသည်။

ခင်ဦးစား ချစ်ညို နှင့် ချစ်မြ ညီနောင်ကိုလည်း ခင်ဦးတွင် လူ ၅၀၀၀ မြင်း ၃၀၀ ဖြင့် အသင့်နေစေ၏။

ဟံသာဝတီ တပ်မှူးများဖြစ်သော သမိန်ဇီတ်ပြု၊ ဗညားကျဉ် ၊ အဲနရဲ ၊ အဲ ကံကောင်းတို့၏ တပ်များက အင်းဝမှ စစ်ကိုင်းသို့ ကူးလာကြသည်။

ထို့နောက် အသင့်နေရာယူထားကြသော တပ်များနှင့်ပူးပေါင်းကာ အင်အား လေး သောင်းခွဲရှိသော ဟံသာဝတီတပ်ကြီးမှာ ၁၇၂၂ ဧပြီ ၁၅ တွင် မုဆိုးဖိုအား ဝန်းရံ လိုက်ကြပြီဖြစ်သည်။

မုဆိုးဖို၏ အရှေ့ဘက်မြို့ရိုးနှင့် မျက်နှာချင်းဆိုင်ကွင်းပြင်တွင် ကောက်ရိုးအပြည့် တင်ထားသော လှည်းပေါင်း (၇၀)သည် အသင့်ရှိနေပြီဖြစ်သည်။

အပေါ် ပိုင်းအဝတ်ဗလာကျင်းထားပြီး ခန္ဓာကိုယ်တွင် ချွေးများ ရွဲနစ်နေကြသည် ဟံသာဝတီစစ်သည် တို့သည် လှည်းများဘေးတွင် အသင့်ရပ်နေကြ၏။

အနောက်ဖက် က လှည်းများပေါ်တွင်တော့...အမြောက်ကြီးများ၊ မြတံပူများက မုဆိုးဖိုရွာထဲသို့ ချိန်ထားကြသည်။

အမြောက်လှည်းများနောက်တွင် သေနတ်ကိုင်စစ်သည်များ။

ထို့နောက် ကတုတ်ကျင်းများထဲတွင်တော့ ရွှေထီးများ၊ ထီးနီများဖြင့် စစ်ပွဲကို ကွပ်ကဲကြမည့် ဟံသာဝတီတပ်မှူးများက နေရာယူထား၏။

အပေါ် ပိုင်းတွင် သိုရင်းအင်္ကျီအဖြူကို ဝတ်လျက် ပုဆိုးကို ခါးတောင်းကျိုက်ထားသည့် အောင်ဇေယျက ခံတပ်ပေါ် ခပ်သွက်သွက်လျှောက်သွားသည်။

နဘေးတွင် လက်ရုံးစစ်ဦးစီးများဖြစ်သော ငကောင်း ၊ ငတွန်၊ ငသာ နှင့် သားကြီးမောင်လောက် တို့ ပါလာ၏။

မုဆိုးဖိုပတ်ချာလည် ကွင်းပြင်ပြောင်ပြောင်၊ နေပူပူတွင် အင်အားကြီးမားလှသော ဟံသာဝတီတပ်များက ကြောက်ခမန်းလိလိ။

သို့သော်ငြား လူအင်အား လေးသောင်းကျော်ရှိသော တပ်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်နေကြသည်။

ထိုအခြေအနေကပင် ခြောက်ချားဖွယ်ကောင်းနေခြင်းပင်။

“ဒီပုံစံအတိုင်းဆို..ခဏနေတာနဲ့ သူတို့ မြို့ရိုးကို စဖြိုကြလိမ့်မယ်ထင်တယ်”

မြို့ရိုးပေါ်တွင် မတ်တပ်ရပ်နေသော ဦးစည်းစိမ်က ဆိုလိုက်သည်။

“သေနတ်ကိုင်တွေ ထပ်ဖြည့်လိုက်ရမလား..ကိုအောင်ဇေယျ”

ငကောင်းက မေးလိုက်သည်။

“နေ..ငကောင်း..ဒီလောက်နေပူပူမှာ သူတို့ အားစမ်းတဲ့အနေနဲ့...တိုက်တာလောက်ပဲလုပ်မှာ...ညကျမှ တကယ် အင်နဲ့ အားနဲ့ တိုက်လိမ့်မယ်...တို့က ယမ်းတွေကို သိပ်မဖြုန်းနဲ့”

အောင်ဇေယျ၏ အပြောကို စည်သာမင်းကြီးဦးစည်းစိမ်ကလည်း ခေါင်းညိတ်ထောက်ခံလိုက်သည်။

“ဒီနေ့ခင်းကို ဗိုလ်တွန်တပ်တွေနဲ့ပဲ ရအောင်ခုခံကြရမယ်..ကျန်တဲ့ တပ်မှူးတွေ၊ တပ်သားတွေ ညအတွက် အားမွေးထားကြ..ညအတွက် အစီအစဉ်ဆွဲကြမယ်...ဗိုလ်တွန် ခင်ဗျားကို ကျုပ်ယုံတယ်နော်”

ငတွန်က ဟံသာဝတီတပ်များရှိရာသို့ လှမ်းကြည့်ကာ မခိုးမခန့်ပြုံးလိုက်သည်။

အောင်ဇေယျတို့ ခံတပ်ပေါ်မှ ပြန်ဆင်းသွားသည့်နောက်..ငတွန် က သူ၏တပ်များနှင့်အတူ ခံတပ်ပေါ်တွင် ကျန်ရစ်၏။

ငတွန်က ခံတပ်ပေါ်တွင် အသင့်ထားရှိသော ပွဲညက်အပူရည်အိုးများကို လိုက်လံစစ်ဆေးနေသည်။

တချက်တချက် ဟံသာဝတီတပ်ဆီသို့လည်း အကဲခတ်၏။

“မောင်ကြီး...”

အသံကြောင့် ငတွန် လှည့်ကြည့်လိုက်သည်။

မြတ်ထာသီရိက တောင်းတစ်ခုကို ခေါင်းပေါ်ရွက်လျက် ခံတပ်အောက်တွင် မတ်တပ်ရပ်နေ၏။

“မောင်ကြီးအတွက် နေ့လည်စာလာပို့တာ...မွန်းလွဲချိန်တောင်ရောက်နေပြီ..မြတ်ထား တက်လာခဲ့မယ်နော်”

“ဟာ..မြတ်ထား...ဒီကလေးမတော့ ခက်ပြီ....နင့် မပေါ့မပါးကြီးနဲ့...ငါ ဆင်းလာမယ်”

ငတွန်က ခံတပ်အောက်သို့ ဆင်းလိုက်သည်။

“ဒီမှာ မောင်ကြီးအတွက် အဆာခံအောင် ခဲလံကျည်တောက်နဲ့ ချိုးကြော်လေးတွေ..မြတ်ထားကိုယ်တိုင် လုပ်လာတာ”

“ငါက အရေးမကြီးပါဘူး..မြတ်ထား..ညည်းသာ ဒီနားသိပ်မလာနဲ့... အမြှောက်ဆံတွေက ဘယ်အချိန်ကျလာမယ်မသိဘူး...အန္တရာယ်ရှိတယ်...ကဲ..သွားတော့”

ငတွန်က ခဲလံကျည်တောက်တစ်ခုကို ယူကာထပ်ပိုင်းချိုးယူလိုက်သည်။

ထို့နောက် အနီးအနားတွင် အဲမောင်းလှံများအား ကြိုးဖြင့် စည်းနေသော တပ်သားတစ်ဦးကို လှမ်းမေးလိုက်၏။

“ဟေ့...ငါ့ညီ...မင်း စားပြီးပြီလား”

“အလုပ်များနေလို့ ခုန ခဲလံချောင်းလာဝေတော့..မယူလိုက်မိဘူး..နောက်မှ စားမယ်..ဗိုလ်မင်း..ရတယ်”

“ကဲ..ဒီတောင်းယူလိုက်ကွာ...မစားရသေးသူတွေကို ကျွေး..ငါအပေါ်တက်ဦးမယ်”

ငတွန်က ခဲလံကျည်တောက်ထဲမှ ကောက်ညှင်းကို ပလုပ်ပလောင်းပါးစပ်ထဲ ထိုးထည့်လိုက်သည်။

“မောင်ကြီး”

မြတ်ထားသီရိက ငတွန်၏ လက်မောင်းကို အနောက်မှ ကိုင်လိုက်သည်။

ငတွန် ဆတ်ခနဲ ဖြစ်သွား၏။

“ပြန်တော့လေ..မြတ်ထား...ဒီမှာ ဘေးမကင်းဘူးနော်”

“မြတ်ထား..တောင်းပန်ချင်လို့ပါ”

“ဘာကိုလဲ”

“ဟိုတခါ..မောင်ကြီး ရင်ဘတ်ကို ကန်ခဲ့မိတာ”

ငတွန်က မြတ်ထားသီရိ၏ ပုခုံးကို ဆုပ်ကိုင်လိုက်သည်။

“ကဲ...ဒါတွေ..ငါ အမှတ်မထားပါဘူး..မြတ်ထားရယ်”

“ဝုန်း”

ခံတပ်ရှေ့မှ အသံတစ်ခုကြောင့် ငတွန်က မြတ်ထားသီရိအပေါ်မှ အုပ်မိုးကာ ဖက်ထားလိုက်သည်။

“ဗိုလ်မင်း....သူတို့ စပြီ”

“ဟေ့..ငါ့ညီ...သူ့ကို ကျောပိုးပြီး ရွာထဲ ပြန်ပို့လိုက်ဟေ့..ဘာမှမဖြစ်စေနဲ့နော်”

ငတွန်က အဲမောင်းလှံများဘေးမှ တပ်သားကို ခေါ်ကာ မြတ်ထားသီရိ နှင့် ထည့်ပေးလိုက်သည်။

“မမလေး...ကျွန်တော့်ကျောပေါ်တက်”

တပ်သားလေးက မြတ်ထားသီရိကို ကျောပိုးလိုက်သည်။

ငတွန်က နဘေးရှိ အဲမောင်း လှံအစည်းထဲမှ လှံတစ်ချောင်းကို ယူကာ ခံတပ်ပေါ်သို့ တက်ချသွား၏။

ဟံသာဝတီတပ်များဆီမှ အမြော်က်ကြီးများက ထန်းလုံးတပ်ဆီသို့ တဖွဲဖွဲကျလာသည်။

အမြောက်သံများဆုံးသည်နှင့် အသင့်ပြင်ထားသော ကောက်ရိုးလှည်းများကို မီးရှို့လိုက်ကြသည်။

ကောက်ရိုးအောက်တွင် လောင်ကျွမ်းစေသော မီးစာများထည့်ထားသဖြင့် လှည်းပေါ်တွင် မီးများမှာ တဟုန်းဟုန်း။

ဟံသာဝတီတပ်သားများက မီးလှည်းများကို ဘေးတစ်ဘက်ဆီမှ တွန်းကာ ထန်းလုံးတပ်တံခါးဆီသို့ အရှိန်ဖြင့် ပြေးလာဝင်တိုက်ကြသည်။

“မုဆိုးဖိုကို မီးတိုက်ကြဟော့”

သန်လျင်ဝန် ဗညားပရံ ၏ အသံကြီး ဟိန်းထွက်လာသည်။

ခါးလွတ်ကိုင်၊ လှံကိုင်တပ်သားများက လေ့ကားများ၊ ဆူးကြိုးများကိုင်ကာ ထန်းလုံးတပ်ဆီသို့ ညာသံပေးကာ ချီတက်လာကြသည်။

“ဟော့...မောင်ကျော်မှတ်....မင်း နဲ... မင်းတို့ လူတွေ လှံရှည်တွေနဲ့ စီတန်းထား..အနောက်က ငပွင့် လူတွေ ပွဲလျက်ပူရည်အိုးတွေ အသင့်ထားဟော့...ငါ့ အမိန့်ကိုစောင့်”

ငတွန်က သူ့အောက်မှ မြင်းရည်တက်ထဲပါဝင်သော တပ်မှူးများကို အမိန့်ပေးလိုက်သည်။

ထို့နောက် သျှောင်ထုံးကို ဖြည်လိုက်ပြီး ဆံပင်ကို ဖားလျားချလိုက်သည်။

လက်ထဲတွင် လှံရှည်ကို ကိုင်ကာ ထန်းလုံးခံတပ်ပေါ်တွင် ခြေနှစ်ချောင်းကို ခွဲလျက် မတ်တပ်ရပ်လိုက်၏။

ရှေ့ဆုံးမှ လေ့ကားထောင်ကာ တက်လာသော ဟံသာဝတီစစ်သည်ကို ငတွန်က လှံဖြင့် ထိုးချလိုက်သည်။

“လှံတွေ..ထိုးတော့”

လေ့ကားထောင်လာသော စစ်သည်တို့မှာ မုဆိုးဖိုသားများ၏ လှံချက်များအောက်တွင် ဝရုန်းသုန်းကားဖြင့် ပြုတ်ကျကုန်သည်။

နောက်ထပ် ရောက်လာသော လူအုပ်ကြီးက လှေကားအောက်တွင် တက်ရန် တိုးဝှေ့နေ၏။

“ပွဲလျက်ရည်”

အင်္ဂတေထောင်းထောင်းထနေသော ပွဲလျက်ရည်များကို ခံတပ်ပေါ်မှ လောင်းချပက်ဖြန်းကျသည်။

အောက်ဘက်မှ ဟံသာဝတီစစ်သည်တို့မှာ ပွဲလျက်အပူကြောင့် အသားအရည်များလောင်ကာ အော်ဟစ်ကြရသည်။

“သေနတ်တွေ...ပစ်ကြဟေ့”

မြို့ရိုးထောင့်များတွင် နေရာယူထားကြသော သေနတ်တပ်များက ပစ်ခတ်ကြပြန်သည်။

လေးကြိမ်မြောက် လူလှိုင်းလုံးများဖြင့် ထိုးတက်ရန် ကြိုးစားပြီးသည့်နောက် နေဝင်ချိန်တွင် ဟံသာဝတီတပ်များမှာ ပြန်လည်ဆုတ်ခွာသွားကြတော့၏။

အောင်ဇေယျနှင့် စည်သာမင်းကြီးတို့မှာ ခံတပ်တစ်နေရာတွင် ခုံဖြင့် ထိုင်ကာ တိုက်ပွဲကို ကြည့်ရှုနေ၏။

မုဆိုးဖိုသားတို့၏ အောင်ပွဲခံသံများက ဆူညံစွာပေါ်ထွက်လာသည်။

ခြေပစ်လက်ပစ်ထိုင်ချနေသော ငတွန် ရှိရာသို့ အောင်ဇေယျနှင့် စည်သာမင်းကြီးတို့ က လျှောက်သွားကြ၏။

အောင်ဇေယျက ငတွန်ဘေးတွင် ဝင်ထိုင်လိုက်သည်။

“ငါ့လူ ကို ယုံတယ်ဆိုတာ..အလကားပြောခဲ့တာမှမဟုတ်တာ...ဒီပွဲက ငါ့လူပွဲပဲပ”

“အခုမှ ဗိုက်က ဆာလာတာဗျာ..ကိုအောင်ဇေယျ..ကျုပ်တစ်ခုခု စားလိုက်ဦးမယ်”

“ကဲ..ငါ့လူ ရွာထဲပြန်နားတော့...ဟိုမှာ..ခင်ယွန်းတို့ မိုင်းတို့က ဒီပွဲရတပ်မှူးတွေအတွက် အစားအသောက်ကောင်းများ စီမံထားတယ်...ညဦးပိုင်းကျ...တဲကနားမှာ အစည်းအဝေးတော့ လာတက်ဦးဗျနော့...ခင်ဗျားတပ်တွေနေရာကို ဆင်နှင်းဗိုလ်ငကျော်စံ နေရာယူလိမ့်မယ်”

ဟံသာဝတီတပ်များက မုဆိုးဖိုထန်းလုံးတပ်ကို အကြိမ်ကြိမ် ထိုးဖောက်သော်လည်း ပြန်ပြန်လန်ကျသည်သာ။

ခုနှစ်ရက်တိုင်တိုင် တိုက်ခိုက်သော်လည်း အထိအခိုက်အသေအပျောက်များသောကြောင့် ခပ်ဝေးဝေးမှပင် ဝန်းရံထားနိုင်တော့သည်။

.....

ဗြီ ၂၂ ရက်။

“အခြေအနေက နင်တို့ မြင်တဲ့အတိုင်းပဲပ”

တလပန်း အသံက မာမာထန်ထန်။ သူ့ပတ်ချာလည်တွင်ရှိနေသော တပ်မှူးများ တိတ်ဆိတ်နေကြ၏။

“မတ္တရာမွန် ဗိုလ်ဘယ်ကျော်နဲ့ လူနှစ်ထောင်ကျော်ကလည်း မကြာခင် အင်းဝကို ရောက်တော့မယ်..ငါတို့ဆီ ခိုဝင်ဖို့ ဆိုပေမယ့်...ဒီလူအင်အားနဲ့ အင်းဝမြို့စောင့်တပ်အင်အားက စိတ်ချထားလို့မဖြစ်ဘူး..ဒီတော့..ငါတပ်တွေက မဖြစ်မနေ...အင်းဝကို ပြန်မှဖြစ်ချေမယ်...မင်းတို့ချည်းပဲဆို..မုဆိုးဖိုကို ဒီရက်အတွင်း အပြီးသိမ်းနိုင်ပါ့မလား..ငါ့ကိုယ်စား ဘယ်သူ တာဝန်ယူရဲလဲ”

“ကျွန်တော်မျိုး တာဝန်ယူပါတယ်..ဗိုလ်မင်း”

သန်လျင်ဝန် ဗညားပရံ ၏ အသံ။

“ပရံ...မောင်မင်း..အစီအမံရှိသလား”

“ရှိပါတယ်...ကျွန်တော်မျိုးကို လက်ရွေးစင်လူ (၁၅၀၀)ရွေးခွင့်ပေးပါ.အင်းဝက သစ္စာခံဗမာ၊ ရှမ်း၊ မွန်ပူးပေါင်းတပ်တွေ အရှေ့ပိုင်းကို တပ်အလုံးနဲ့ အယောင်ပြဝင်တိုက်နေချိန်မှာ တောင်ဘက်ခြမ်းကို ကျွန်တော်မျိုး လက်ရွေးစင်လူ (၅၀၀)က ဝင်တိုက်ပါမယ်..အဲ့ဒီအခါ မုဆိုးဖိုရဲ့ အရှေ့ဘက်ကလို့ ကျန်တဲ့ဘက်က ကင်းတွေဟာ တောင်ဘက်ကို ပူးပေါင်းလာရမှာပါပဲ...အနောက်ဖက်တံခါး အင်အားနည်းနေချိန်မှာ ကျွန်တော်မျိုး လူ (၁၀၀၀) က မီးလည်းတွေဆင်ပြီး တိတ်တိတ်ချည်းကပ်ကာ ဝင်တိုက်ပါ့မယ်..ဒီစစ်ပရိယာယ်နဲ့ဆို မုဆိုးဖို့တပ်များ ခံနိုင်မည်မဟုတ်ပါ”

ဗညားပရံ၏ စကားကို တလပန်းက အတန်ကြာ စဉ်းစားနေသည်။

“ဗိုလ်မင်းတို့ရော..ဘယ်လို သဘောရသလဲ”

တလပန်းက ဘေးတွင်ထိုင်နေသည့် သမိန်ဇင်ပြဲ နှင့် အဲနရဲ့ ကို မေးလိုက်၏။

“ဗိုလ်ချုပ်တလပန်းပဲ ဆုံးဖြတ်ပါလေ...ကျုပ်တို့ကလည်း ခင်ဗျားအဆုံးအဖြတ်ပါပဲ”

“ဟုတ်ပြီလေ...ပရုံ...မင်းအစီအမံအတိုင်းလုပ်ပါလေ..ဒီမှာ အကိုဇင်ပြဲတို့ လည်း ရှိနေမှာပဲ...ငါနဲ့ အဲကံကောင်းကတော့.တပ်အင်အား (၅၀၀၀) နဲ့..မနက်ဖြန်.အင်း ဝကို ပြန်မယ်”

အရှေ့ဘက်ဆီမှ အမြောက်လှည်းတွန်းသံများ တကျွိကျွိကြားနေရသည်။

ဗြဲ ၂၅ ရက်နေ့။ ည နှစ်နာရီ။

မုဆိုးဖို ရှေတံခါးဆီသို့ စိန်ပြောင်း၊ မြတံပူ၊သေနတ်များပစ်ခတ်လျက် ဟံသာဝတီတပ်များ ထိုးဖောက်ကြပြန်သည်။

အရှေ့တံခါးကို ခုခံနေကြချိန်တွင် တောင်ဘက်မှ ရုတ်တရက်ဝင်စီးနင်းခံရသည်။

“တောင်ဘက်တံခါး..ကို ဝင်တိုက်နေကြပါပြီ..လူအင်အားလိုနေပါတယ်..ကျွန်တော်မျိုး သေနတ်တပ်တွေ..ထပ်ခွဲထုတ်ပြီး လွှတ်ပေးရမလား..ကို အောင်ဇေယျ”

“နင်...အနောက်တံခါးမှာပဲ သွားပြန်နေ..ငကောင်း...ဗိုလ်တွန်..လာ..ကျုပ်နဲ့ လိုက်ခဲ့”

ငတွန်က ဘေးနားတွင် ချထားသော ကာ ကို ကောက်ကိုင်ကာ ခါးလွတ်ဖြင့် ထလိုက်သည်။

အောင်ဇေယျက အိမ်ဓားကို လက်မှ ကိုင်လျက် ထန်းလုံးခံတပ်၏ တောင်ဖက်စည်းရိုးဆီသို့ လျှောက်သွား၏။

တောင်ဘက်တွင် မီးတိုက်ထားသော ကောက်ရိုးလှည်းများနှင့် ဟံသာဝတီသားများက အော်ဟစ်နေကြသည်။

“ဗိုလ်တွန်...သူတို့အင်အား..ဘယ်လောက်ရှိမယ်မှန်းလဲ”

ငတွန်ကမီးတောက်များအကြား မျက်မှောင်ကြုံ့ကာ ကြည့်လိုက်သည်။

“တစ်ထောင်မကျော်ဘူး..လေးငါးရာဝန်းကျင်ပဲ”

အောင်ဇေယျက အတန်ငယ်စဉ်းစားနေ၏။

“ကိုစည်းစိမ် နဲ့ သားတော်တွေရော”

“ငသာနဲ့ အတူ...အရှေ့မျက်နှာခံတပ်မှာပါ”

“ဟေ့..ဒီတောင်ဘက်က မြင်းရည်တက်တပ်မှူးလာဟေ့”

ဝက်လက်နယ်၊ဆင်နင်းရွာခေါင်း ဆင်နင်းဗိုလ်ဘွဲ့ခံ ငကျော်စံ က ချွေးသံတလုံးလုံးဖြင့် ရောက်ရှိလာသည်။

“ငကျော်စံပဲ....မင်းလူတွေ ထဲ မြင်းကောင်းကောင်းစီးတတ်သူ၊ ထိုးရဲခုတ်ရဲသူ (၁၀၀)ရွေးကွယ်..ပြီးရင်..တောင်တံခါးကို ဖွင့်ပြီး မြို့ရိုးမှာ ခိုကပ်နေတဲ့ အုပ်စုကို ပတ်တိုက်..ဟုတ်ပြီလား”

“မှန်ပါ့”

“လာ..ဗိုလ်တွန်..အနောက်ဘက်တံခါးကိုသွားမယ်”

အနောက်ဘက်တံခါးသို့ သူတို့ရောက်လာကြသည်။

အရှေ့ဘက်နှင့် တောင်ဘက်တွင် တိုက်ပွဲသံများဆူညံနေသော်လည်း အနောက်ဘက်က အမှောင်ထုထဲတွင် တိတ်ဆိတ်နေ၏။

“ငကောင်း..အခြေအနေဘယ့်နှယ့်လဲ”

“ဒီလောက်ငြိမ်သက်နေတာကို မသက်ာဘူး..တချက်တချက် လေသံတိုးတိုးတွေကြားနေတယ်လို့လည်း..ရှေ့ကင်းက ပြောတယ်..ကိုအောင်ဇေယျ”

အောင်ဇေယျက ထန်းလုံးခံတပ်ပေါ်တွင် ဒူးထောက်ထိုင်လိုက်ပြီး အခြေအနေကို အသာအကဲခတ်သည်။

“အမှောင်ထဲမှာ တစ်ခုခုရှိတာသေချာတယ်....ငကောင်း...မင်းသေနတ်သမားတွေ ထဲ မွန်စကားတတ်တဲ့သူရှိလား”

“မတ္တရာမွန် ငသိုင်းစပ် ရှိပါတယ်”

“ခေါ်ခေျ”

.....
.....

တောင်ဘက်ထန်းလုံးတပ်ကား ပေါက်သွားခဲ့သည်။

မုဆိုးဖိုတပ်သားများတို့က်ခိုက်နေသည့်ကြားမှပင် ဟံသာဝတီ
တပ်သား(၅၀)ခန့်သည် ထန်းလုံးတပ်ပေါ်သို့ ရောက်လာ၏။

အောက်ဘက်မှ ဟံသာဝတီသားတို့လည်း အားကြိုးမာန်တက်ဖြင့် ခံတပ်ပေါ်
တက်ရန်ပြင်ကြသည်။

ထိုအချိန်တွင် မထင်မှတ်ပဲ တောင်ဘက်တံခါးပွင့်သွားပြီး ဆင်နင်းဗိုလ်ဦးဆောင်
သည့် မြင်းစီးတစ်ရာက ထွက်လာကာ..ထန်းလုံးတပ်ပေါ်တက်ရန် စုရုံးနေကြ
သော ဟံသာဝတီစစ်သည်တို့ကို ဝင်ရောက်ထိုးခုတ်ကြသည်။

ရုတ်တရက်ဖြစ်ပေါ်လာသော အခြေအနေကြောင့် ဟံသာဝတီတပ်များမှာ ဖရိုဖရဲ
ဖြစ်ကုန်ကြ၏။

မြို့ရိုးပေါ် ရောက်နေသော ဟံသာဝတီစစ်သည်များမှာလည်း အောက်တွင် ဖြစ်
ပေါ်နေသော အခြေအနေကြောင့် အလန့်တကြားဖြင့် ပြန်ဆင်းရန်း၊ ဆက်တိုက်
ရန်းဖြစ်ကုန်ကြသည်။

ဟံသာဝတီတပ်သား (၂၀)ခန့်မှာ မိနစ်ပိုင်းအတွင်းကျဆုံးကုန်၏။

တောင်ဘက်ခြမ်းရှိ ကျန်ဟံသာဝတီတပ်သားများမှာ အလဲလဲအကွဲကွဲ ဆုတ်ခွာ
ကုန်သည်။

တောင်ဘက်မှ အခြေအနေများကြောင့်..အနောက်ဖက်မျက်နှာ၏ အမှောင်ထဲ
တွင် ငြိမ်သက်စွာ စောင့်ဆိုင်းနေသော သန်လျင်ဝန်သမိန်ပရံ၏ တပ်များမှာ
အနည်းငယ်လှုပ်ရှားလာကြသည်။

“ဟေ့..ဘယ်သူလဲ”

အမှောင်ထဲမှ မွန်ဘာသာဖြင့် ခပ်အုပ်အုပ် မေးလိုက်သံ။

“ငါပါကွ..ဗိုက်နာလာလို့..ဟိုဘက်နား ချီးယိုပြီး ပြန်လာတာ”

အမှောင်ထဲကလူက မွန်ဘာသာဖြင့်ပင် ပြန်ဖြေပေးလိုက်သည်။

“အရေးထဲကွယ်..ဟိုမှာ တပ်မှူးက ခဏနေ စကြဖို့ အဆင့်ဆင့်လိုက်ပြောခိုင်းနေပြီ..အသင့်ပြင်ထား”

“အေးပါကွယ်”

ခေတ္တမျှ အခြေအနေက ငြိမ်သက်သွားသည်။

ထို့နောက် အမှောင်ထဲမှ မီးခတ်သစ်သားချောင်းလှည့်သံ တိုးတိုး ထွက်ပေါ်လာ၏။

“ဟေ့...မီးဘယ်သူမွေးဖို့ လုပ်နေတာလဲ..တပ်မှူးက ပြောထား”

စကားပင် မဆုံးလိုက်။

ကောက်ရိုးတင်လှည်းကြီး တစ်စီးထံမှ မီးတောက်များ အုံးခနဲ ထလာသည်။

ငသိုင်းစပ်က အသင့်ပါလာသော မီးတုတ်ဖြင့် မီးကူးလိုက်ပြီး လှည်းများထံသို့ ပြေးလွှားကာ မီးကို လိုက်ရှို့တော့သည်။

“ဟ..သူလျှိုဟေ့...သူလျှို”

အချို့က အယောင်ယောင်အမှားမှားဖြင့် လှည်းများကို မီးငြိမ်းသက်ရန် ကြိုးစားကြသည်။

ငသိုက်စပ်က အလျင်မြန်ဆုံးနှုန်းဖြင့် မုဆိုးဖို ခံတပ်ဆီ ပြေးသည်။

ငသိုက်စပ်နောက်မှ ဟံသာဝတီစစ်သည်တချို့လိုက်လာ၏။

“ဖောင်း..ဖောင်း..ဖောင်း”

မီးလောင်နေသော လှည်းများ၏ အလင်းရောင်အောက်တွင် အခွင့်ကောင်းစောင့်နေသော ဟံသာဝတီတပ်သားတို့မှာ မုဆိုးဖိုခံတပ်ပေါ်မှ သေနတ်သမားတို့၏ ပစ်ခတ်မှုကြောင့် လဲကျကုန်၏။

အောင်ဇေယျက လက်ဖြောင့်တပ်သားသူရိန်ဒေဝ ၏ ဘေးတွင် ဝင်ထိုင်လိုက်သည်။

ထို့နောက် မီးအလင်းရောင်အောက်တွင် ရွှေကျင်ခတ်ပုဝါခေါင်းပေါင်းထားသော သူကို လှမ်းပြလိုက်၏။

“ဖောင်း”

ဟံသာဝတီစစ်သည်များကို ကွပ်ကဲနေသော သန်လျင်ဝန် သမိန်ပရံမှာ အနောက်သို့ လန်ကျသွားသည်။

“တပ်မှူးကျပြီဟေ့”

သမိန်ပရံကျပြီဖြစ်သဖြင့် အနောက်ဘက်မှ တပ်များမှာ အလျင်အမြန်ဆုတ်ခွာကြတော့သည်။

တောင်ဘက်တွင်လည်း တပ်များပျက်ကာ ကစဉ့်ကလျားပြေးလွှားကုန်ကြ၏။

အနောက်ဖက်နှင့် တောင်ဘက်မှ တပ်များပျက်ကုန်သဖြင့် အရှေ့တွင် ဟန်ပြတိုက်နေသော ဟံသာဝတီတပ်များမှာလည်း ခပ်ဝေးဝေးသို့ ပြန်လည်ဆုတ်ခွာသွားကြတော့သည်။

သို့သော်...အပြီးတိုင် ဆုတ်ခွာသွားခြင်းမဟုတ်။

မုဆိုးဖိုသားတို့ ရိက္ခာပျက်စေရန် ရည်ရွယ်လျက် ဟံသာဝတီတပ်များသည် ခပ်ဝေးဝေးမှ ဝိုင်းရံထားတော့၏။

.....
.....

၁၇၅၂ မေလ ၅ ရက်။

မွန်းလွဲချိန်မို့ နေရောင်ကား ခြစ်ခြစ်တောက်ပူနေသည်။

တံလျှပ်များထလျက်ရှိသော ကွင်းပြင်တစ်ဖက်မှ မုဆိုးဖို ထန်းလုံးတပ်ကို ဟံသာဝတီသားများက ဝန်းရံထားမြဲ။

သို့သော်ငြား...ဟံသာဝတီသားများမှာ စိတ်ဓာတ်ကျလျှက်ရှိကြပေပြီ။ အထူးသဖြင့် မုဆိုးဖိုနှင့် ရေဆုံးတပ်များအဖြစ် ရင်ဆိုင်နေကြရသော ဟံသာဝတီသစ္စာခံ ရွမ်း၊ဗမာ ရွာစား၊ မြို့စားအချို့မှာလည်း နေပူကြဲတဲထဲတွင် ဆယ်ရက်မျှ နေနေရပြီဖြစ်သဖြင့် နွမ်းနယ်နေကြ၏။

မုဆိုးဖိုပတ်ချာလည်တွင် ရေတွင်းရေကန်၊ သီးပင်စားပင်မှန်သမျှကို ဖျက်ဆီးထားသည်။ ထို့ကြောင့် လွန်ခဲ့သည့် နှစ်ရက်ကပင် သူတို့တွင် ပါလာသည့်

သောက်ရေမှာ ကုန်လွန်ခဲ့ပြီ။

သောက်ရေခပ်ရန် သွားသောအဖွဲ့မှာ ပြန်မလာကြသေး။

မုဆိုးဖို၏ ခုခံစစ်မှာလည်း သူတို့ထင်မှတ်ထားကြသလိုမဟုတ်။ မုဆိုးဖိုသည် အဘယ်သို့သော ခွန်အားနှင့် သည်မျှ တောင့်တင်းနေရသနည်း။

ထိုသိချင်စိတ်ကလည်း သူတို့ကို စိုးမိုးထား၏။

သူတို့သည် မုဆိုးဖိုကို ကိုးရက်တိုင်တိုင်ဝန်းရုံကြသော်လည်း ဟံသာဝတီဘက်မှ သန့်လျင်ဝန့်ဗညားပရိမ္မလွှဲပြီး ကျန်သည့် စစ်သူကြီးများမှာ နောက်မှသာ ကွပ်ကဲနေကြသည်။

ယခုတော့ ဗညားပရိုလည်း ကျဆုံးခဲ့ပြီ။

နေက မွန်းလွဲခဲ့ပြီ။

မုဆိုးဖိုထန်းလုံးခံတပ်ဆီမှ စည်တော်ရွှမ်းသံများ ကြားလိုက်၏။

ဘုရင့်တပ်တော်များတွင်သာ သုံးလေ့ရှိသော စည်တော်ရွှမ်းသံမို့ အားလုံး ခေါင်းထောင်လာကြသည်။

မုဆိုးဖိုထန်းလုံးတပ်၏ အရှေ့ဘက်တံခါး ပွင့်သွားသည်။

မင်းဝတ်မင်းစားဖြင့် ရွှေထီးမိုးလျက် ထွက်လာသော လူတစ်ယောက်။

“မဟာဓမ္မရာဇာဓိပတိဘုရင်..က မုဆိုးဖိုမှာ ခိုနေတာလား..ဒါဆို ဟံသာဝတီပါသွားတာဘယ်သူလဲ”

“ကိုးသိန်းသခင်..မုဆိုးဖိုရောက်နေပြီထင်တယ်”

တချိန်က အင်းဝသစ္စာခံဖြစ်ခဲ့ဖူးပြီး..ယခု ဟံသာဝတီသစ္စာကိုခံနေရသော ရှမ်း၊ ဗမာ ရွာသူကြီး၊ မြို့သူကြီးများမှာ တအံတသြဖြစ်နေကြသည်။

ဟံသာဝတီသားတို့မှာလည်း မုဆိုးဖိုရွာအတွင်းမှ မင်းခမ်းမင်းနားဖြင့် ထွက်လာသူကို ကြောင်ကြည့်နေကြ၏။

ရှင်ဘုရင်ဝတ်စုံအပြည့်ဖြစ်သော အောင်ဇေယျ၏ နဘေးတွင် မောင်လောက်နှင့် မောင်ရွှ က မင်းသားဝတ်စုံအပြည့်ဖြင့်။

“အလောင်းဘုရားတဲ့ဟေ့”

အနောက်ဘက်မှ ပါလာသော မုဆိုးဖိုတပ်ကြီးမှာ ရှေ့ဆုံးမှ ဦးဆောင်တိုက်မည့် အောင်ဇေယျ၏ ကြုံးဝါးသံကြောင့် အားတက်သရောဖြင့် အော်ဟစ်လိုက်ကြတော့သည်။

တပ်များကို အနောက်ဘက်မှ ကွပ်ကဲနေသော ဟံသာဝတီတပ်မှူးများမှာ မုဆိုးဖို၏ စစ်ထွက်လာပုံကို တအံ့တသြဖြစ်သွားကြ၏။

ပဘက်ဗျူဟာခေါ် နေမင်းပုံစစ်ကပ်ခြင်း မှာ ရန်သူစစ်တပ်နှင့်နီးကပ်သည်အထိ စစ်ခေါင်းဆောင်က နေမင်းကဲ့သို့ ရှေ့တည့်တည့်မှထွက်တိုက်သည့်ဗျူဟာမျိုးဖြစ်နေသည်။

ထိုဗျူဟာမျိုးကို အင်အားချင်းကွာခြားသည့် စစ်တပ်များတွင်ပင် ခေါင်းဆောင်များက အသုံးပြုလေ့မရှိ။

ယခုတော့ အောင်ဇေယျသည် ပဘက်ဗျူဟာဖြင့် စစ်ထွက်လာချေပြီ။

မကြာမီ လက်ျာဘက်မှ ငတွန်က ဆံပင်ကို ဖားလျားချလျက်၊ မိန်ညိုအနက်ဖြင့် မြင်းကို စီးကာ ဒုံးစိုင်းထွက်သွား၏။

ငကောင်းနှင့် ငသာတို့က လက်ဝဲဘက်မှ ထွက်လာသည်။

သူတို့နောက်တွင် မုဆိုးဖိုသားများက ညာသံပေးကာ တက်လာကြတော့၏။

“ဟေ့...တက်ကြတော့..တက်ကြတော့”

အနောက်ဘက်မှ ဟံသာဝတီဗိုလ်မှူးတို့က အမိန့်ပေးသည်။

သို့သော် ဟံသာဝတီတပ်များ၏ ရှေ့ဆုံးမှထားခြင်းခံရသည့် သစ္စာခံရှမ်းဗမာတပ်များမှာ ထိန်းသိမ်းမရပဲ ကစဉ့်ကလျားပြေးလွှားကုန်သည်။

အလောင်းဘုရားဆိုသည်မှာ မည်သူလဲ။ အင်းဝဘုရင် သို့မဟုတ် ကိုးသိန်းသခင် ကိုယ်တိုင် မုဆိုးဖိုတပ်များကို ကွပ်ကဲနေပြီလော စသည့် ဒွိဟများကြောင့် ဆက်မတိုက်တော့ပဲ.နောက်သို့သာ ပြေးလွှားပြန်ဆုတ်ကြသည်။

အချို့လည်း လက်နက်များကို ပစ်ချကာ လက်အုပ်ချီလျက် မုဆိုးဖိုတပ်ဘက်သို့ ခိုဝင်သွားကြသည်။

ထိုအခြေအနေကြောင့် အနောက်ဘက်မှ ပါလာသည့် ဟံသာဝတီတပ်များမှာ စိတ်ဓာတ်ပျက်ကုန်ကြသည်။

ခေါင်းဆောင်အောင်ဇေယျ ကိုယ်တိုင် ရှေ့ဆုံးမှ ထွက်လာသည်ဖြစ်သဖြင့် မုဆိုးဖိုတပ်များက အကြောက်အလန့်မရှိ ရှေ့သို့ တက်ကာ ထိုးခုတ်ကြတော့သည်။

အောင်ဇေယျ နှင့် သားတော်နှစ်ပါးကလည်း တိုက်ပွဲအတွင်း ပါဝင်တိုက်ခိုက်ကြသည်။

သားတော်လတ် မောင်ရွှ က ပြင်သစ်လုပ်ပစ္စတိုသေနတ်ဖြင့် အတက်ကြွဆုံးဖြစ်နေသည်။

မကြာမီ စည်သာမင်းကြီးက မြင်းဖြင့် အနားသို့ ရောက်လာ၏။

“အထဲကို ပြန်ဝင်သင့်ပြီ..ဖိုးအောင်ဇေယျ...ကင်းလက်မဗျူဟာပြောင်းဖို့ အမိန့်ပေးပါတော့..မတော်တဆဆိုတာ ပြောမရဘူး”

“ကျွန်တော်...အားမရသေးဘူး..အကိုကြီး”

“မင်းတခုခုဖြစ်ရင် တပ်သားများ စိတ်ဓာတ်ပျက်သွားလိမ့်မယ်....တပ်သားများ စိတ်ဓာတ်တက်ကြွနေပါစေလေ...မင့်တို့သားအဖတတွေ တန်ဖိုးက ဒီနေ့ပွဲမှာမြင့်တက်သွားပြီ”

“ငါပြောတာ..နားထောင်ပေးပါ...အင်း..ကျွန်တော်မျိုး လျှောက်တင်တာကို လိုက်လျောတော်မူပါ..ဘုရင်မင်းမြတ်...တပ်အတွင်းကသာ ကွပ်ကဲရတော့မယ့် အချိန်ပါ”

ဦးစည်းစိမ်က လက်အုပ်ချီလိုက်သဖြင့် အောင်ဇေယျမှာ မျက်လုံးပြူးသွား၏။

အောင်ဇေယျသူကြီးသားဘဝကပင် နန်းတွင်းတွင် စစ်သူကြီးအမတ်ဖြစ်နေသည့် ဦးစည်းစိမ်က သူ့ကို ရှင်ဘုရင်အဖြစ် အသိအမှတ်ပြုလိုက်သည့်သဘောပင်။

“ဒီလောက်ဆို ရနေပါပြီ..ဘုရား...ကျည်ကွယ်အရပ်ကပဲ ကွပ်ကဲတော်မူပါ..ကျန်တာ ငတွန်တို့ ငကောင်းတို့ စစ်သူကြီးများ ဆက်လုပ်ကြပါလိမ့်မယ်”

ဦးစည်စိမ်နှင့်ပါလာသော မြင်းရည်တက် ညွှန့်ဦးဆောင်သည့် ကာကိုင်အဖွဲ့က အောင်ဇေယျ နှင့် သားတော်များကို ဝန်းရံလိုက်ကြသည်။

ထို့နောက်..ထန်းလုံးခံတပ်အတွင်းသို့ ပြန်ဝင်လာခဲ့ပြီး အတွင်းမှ တိုက်ပွဲကို ကွပ်ကဲတော့သည်။

ငတွန်၊ ငကောင်း၊ ငသာ တို့ ဦးဆောင်သော မူဆိုဖို့တပ်များကတော့ တိုက်ပွဲ အတွင်း အသည်းအမဲဆက်လက်တိုက်ခိုက်ကြဆဲ။

အခန်း (၅)

စစ်တလင်းသည် ဆည်းဆာ၏ နေရောင်အောက်တွင်..သွေးညှီနံ့တသင်းသင်း။

ဟံသာဝတီတပ်များကား အလဲလဲ အပြုံပြုံဖြင့် စစ်ကိုင်းဘက်သို့ ဆုတ်ခွာသွားကြပြီဖြစ်၏။

အောင်ဇေယျနှင့် သားတော်လတ် မောင်ရွှေ၊ ငကောင်း၊ ငတွန် ၊ ငသာတို့ တပ်များက စစ်ကိုင်းအထိ လိုက်လံတိုက်ခိုက်ရန် ထွက်ခွာသွားကြသည်။

သားတော်ကြီး မောင်လောက်နှင့် စည်သာမင်းကြီးတို့မှာ မုဆိုးဖိုမြို့စောင့်အဖြစ် ကျန်ရစ်၏။

ထန်းလုံးခံတပ်အပြင်ဘက်လွင်ပြင်တွင်ကား လက်နက်များ၊ စစ်ဝတ်တန်ဆာများ၊ အလောင်းကောင်းများ၊ ဒဏ်ရာကြောင့် ကျန်ရစ်ခဲ့သူများ ပြန့်ကျဲလျက်။

မကြာမီနေဝင်တော့မည်။

“မောင်အိုး..ဟေ့ကောင်..မောင်အိုး”

ရွှေကြူ၏ အသံခပ်အုပ်အုပ်ကြောင့် အလောင်းတစ်ခုမှ မိန်ညိုကို ဖြုတ်ကြည့်နေသော မောင်အိုး က လှည့်ကြည့်လိုက်သည်။

မုဆိုးဖိုခံတပ်ပြင်ပ လွင်ပြင်တွင် ကျန်ရစ်သော လက်နက်၊ စစ်ဝတ်များကို သိမ်းဆည်းရန် အောင်ဇေယျ၏ ညီတော် ရွှေကြူ နှင့် ယောက်ဖမောင်အိုး တို့က ခေါင်းဆောင်တာဝန်ယူထားခြင်းဖြစ်၏။

“ဘာလဲ..ရွှေကြူ”

“ဒီမှာ..လာကြည့်လှည့်ဟ..လာကြည့်”

ရွှေကြူလက်ထဲတွင် ပွေ့ထားသော လူတစ်ယောက်။

ဟံသာဝတီအရာရှိငယ်များဝတ်လေ့ရှိသည့် တမာရွက်မောက်လူဖြင့် ဗာလီကွေးခေါ် ပုခုံးကာနှစ်ဆင့်၊ မျဉ်းတို၊ မျဉ်းရှည် ဝတ်စုံကိုလည်း ဝတ်ထားသည်။

“ဘာဖြစ်လို့လဲ”

“သူ..မသေသေးဘူး”

“မသေသေးရင်လည်း... သုံ့ပန်းစာရင်းသွင်းဖို့ လိုက်လေကွာ”

“မဟုတ်ဘူး..ဒီနားသေချာလာကြည့်စမ်းပါဟ”

ရွှေကြူ၏ လက်ထဲ ညည်းညူနေသောသူမှာ အသက်(၂၀)ကျော်ပင်ရှိဦးမည်။ နုဖတ်ဖတ်မျက်နှာတွင် သွေးခြောက်များ စေးကပ်နေ၏။

ရွှေကြူက ဒဏ်ရာရထားသူ၏ ဗာလီကွေးခေါ်ပုခုံးကာကို လှန်ပြလိုက်၏။

“ဟေ့..အဲ့အောက်နားကြီးက ဖောင်းနေတယ်ဟ.နော်...”

“ဖောင်းဆို...အဲ့ဒါ....နို့ဟ..နို့”

“ဟေ...နို့....ဟံသာဝတီသားတွေက ယောကျ်ားတန်မဲ့... နို့အဲ့ဒီလောက် ကြီးသလား”

“နင့်မေကလွှား.....ဒါ..ယောကျ်ားမဟုတ်ဘူး...မိန်းမဟ..ငတုံးရ”

“ဟာ..ဟုတ်ပါ့မလား..ရွှေကြူရာ..မင်းဟာက”

“ဟုတ်တယ်...ငါသေချာစမ်းကြည့်ပြီးပြီ”

“ဟေ..ဒါဆို...ဟံသာဝတီတပ်မှာ မိန်းမတွေပါ ဝင်တိုက်နေတာလား”

“အေး..မိန်းကလေးတန်မဲ့ ဒီစစ်ပွဲထဲ ပါနေတော..ထူးတော့ ထူးဆန်းနေတယ်...ပြီးတော့..အရာရှိဝတ်စုံနဲ့ကွ....စိတ်ဝင်စားဖို့ကောင်းတယ်.တခြားသူတွေတော့ မသိစေနဲ့...သူ့ကို ငါခံတပ်ထဲ တိတ်တိတ်လေးခေါ်သွားမယ်...ကျန်တဲ့ကောင်တွေကို မင်း ကွပ်ကဲထားလိုက်”

“အေး..နေဦး.ရွှေကြူ.....ဟေ့ကောင်တွေ...စောင်တစ်ထည်ယူလာစမ်း...လှည်းအလွတ်တစ်စီးပါ မောင်းလာခဲ့”

ခဏအကြာတွင် ရွှေကြူက လှည်းတစီးကိုမောင်းလျက် မုဆိုးဖိုထန်းလုံးတပ်အတွင်သို့ ဝင်ရောက်သွားသည်။

လှည်းပေါ်တွင်ကား စောင်အုပ်ထားသည့် လူတစ်ဦးက ပက်လက်။

.....
.....

မုဆိုးဖို အရွေ့ဘက်တံခါးမှ မြင်းဖြူကြီး စီးလာသော အောင်ဇေယျ ရှေ့တွင် စည်သာမင်းကြီးဦးစည်းစိမ်က ဝပ်တွားရှိခိုးလိုက်၏။

အောင်ဇေယျက မြင်းပေါ်မှ ကမန်းကတန်းဆင်းလိုက်သည်။

“အကိုကြီး..ဘာလုပ်ပြန်တာလဲ”

“ကျွန်တော်မျိုး ငစည်းစိမ်..အလောင်းမင်းတရားကြီး ရဲ့ကျွန်တော်မျိုးအဖြစ် ပျပ်ဝပ်ရှိခိုးတာပါ..ဘုရား”

“ကျွန်တော်တို့ကြား..အဲ့ဒီလောက်ကြီး မလိုပါဘူး..အကိုကြီး”

“လိုပါတယ်..အရှင်..ကျွန်တော်မျိုးဟာ...အင်းဝရွှေနန်းရှင်နှစ်ဆက် နန်းတွင်းမှာ ခစားခဲ့ပါတယ်...စစ်ပွဲပေါင်းများစွာလည်း လိုက်ခဲ့ဖူးပါတယ်..ဒါပေမယ့်...စစ်ပွဲမှာ ကိုယ့်လူတွေ ရှေ့ဆုံးကနေ နေမင်းဗျူဟာနဲ့ စိတ်ဓာတ်ကြွဖွယ်ကွပ်ကဲတိုက်ပြတဲ့ စစ်သူကြီးများ မမြင်ဖူးခဲ့ပါ...ရှင်ဘုရင်ဆိုတာကတော့ သာပြီး ဝေးပါသေးတယ်..ယမန်နေ့က ဟံသာဝတီတပ်တို့ကို တိုက်ရာမှာ...အလောင်းဘုရား ကိုယ်တိုင် ကိုယ့်လူများ ရှေ့မှ ဦးစီးသည်ကို ကြည့်ပြီး...ဒါ ငါ့ရှင်ဘုရင် ဆိုတဲ့ အသိစိတ်ဖြစ်လာပြီး..အခုလို ရှိခိုးခစားဖို့ ဆုံးဖြတ်မိတာပါ..ခွင့်ပြုတော်မူပါ..ဘုရား”

တချိန်က အင်းဝနန်းတွင်း၏ အရာရှိကြီးတစ်ဦးဖြစ်ခဲ့ပြီး အောင်ဇေယျကပင် လေးစားရသည့် စည်သာမင်းကြီးဦးစည်းစိမ်ကပင် ရှိခိုးနေသဖြင့်..ငတွန်၊ ငကောင်း၊ ငသာ တို့အပါအဝင် တပ်မှူးတစ်စုမှာ မြင်းများပေါ်မှ ဆင်းကာ အောင်ဇေယျကို ဒူးတုပ်ရှိခိုးလိုက်ကြ၏။

ဟံသာဝတီတပ်များကို ဧရာဝတီမြစ်တစ်ဖက်ကမ်းရောက်သည်အထိ လိုက်လံတိုက်ထုတ်ရာမှာ ပြန်လာသော အောင်ဇေယျ နှင့် သူ၏ တပ်မှူးများ ၏ မျက်နှာတွင် အရောင်များ တဖိတ်ဖိတ်တောက်နေကြ၏။

သူတို့သည် အင်အားကြီးမားလှသော ဟံသာဝတီတပ်များကို အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ကြပြီ။

ကုန်းဘောင်ထီးနန်းဟု အမည်ပေးထားသော မင်းဆက်အသစ်တစ်ခု၊ နိုင်ငံတော်အသစ်တစ်ခုကိုလည်း ထူထောင်ရန် အသင့်ပြင်ဆင်နေကြပြီဖြစ်သည်။

အောင်ဇေယျ၏ အောင်ပွဲကို ကြုံဆိုနေကြသော မုဆိုးဖိုမြို့တွင်းမှ လူအုပ်ကြီး၏ အသံကလည်း ဆူညံနေ၏။

“ဟေ့..ငသိုက်စပ်...ငသိုက်စပ်”

ရွာသူအပျိုများကမ်းနေသည့် ရေမုတ်ကို သောက်နေသည့် ငသိုက်စပ် ၏ ပုခုံးကို တစ်စုံတစ်ယောက်က လာပုပ်လိုက်သည်။

“သြော်..ကိုကြီးငအိုး...ဘာများလဲဗျိုး..ဒီမှာ မောရတဲ့အထဲ”

“မောမနေနဲ့....ငါနဲ့ ခဏလိုက်ခဲ့စမ်းပ”

“ဘယ်ကိုလဲဗျာ”

“လိုက်ခဲ့စမ်းပါကွာ..အရေးကြီးလို့”

ငအိုးက ငသိုက်စပ်ကို ဆွဲခေါ်သွားသည်။

“ဟေ့..ရွှေကြူ...ရွှေကြူ”

တဲအိမ်တံခါးဝသို့ ရွှေကြူထွက်လာသည်။

“ဟိတ်ကောင်..တိုးတိုးကွ..ဘာလဲ”

“ဒီမှာ..ငါ ငသိုက်စပ်ကို ခေါ်လာပြီ”

“ဟ..ဟေ့ကောင်ရ.ဘယ်သူမှမသိပါစေနဲ့ဆိုတာကို.ဘာလို့ ခေါ်လာရတာလဲ”

“မင်းပဲပြောတယ်လေ..ဟိုဟာမလေး က မွန်လိုပဲပြောနေတယ်..နားမလည်ဘူးဆို..သူဘာလဲဆိုတာ သိလို သိငြား...မွန်စကားတတ်တဲ့သူခေါ်လာမှ စကားဖလှယ်လို့ ရမှာပေါ့ဟ”

မတ္တရာမွန်ငသိုက်စပ်က သူတို့နှစ်ဦးကို နားမလည်သလို ကြည့်နေ၏။

ရွှေကြူ က လက်ထဲမှ ခါးကို ချွတ်လိုက်သည်။

“ဟေ့..ငသိုက်စပ်....မင်း ငါ့အကြောင်းသိတယ်နော်..ဒီအကြောင်း ဘယ်သူမှ မလျှောက်မပြောနဲ့..ပြောတာနဲ့ မင်းခေါင်းငါအရင်ဖြတ်မယ်”

“ဟုတ်ပါပြီဗျာ....ကျုပ် ဘာလုပ်ပေးရမလဲသာပြော”

“လာ..အထဲဝင်ခဲ့”

တဲအိမ်ထဲရှိ ကုတင်ပေါ်တွင် ဆံပင်ဖားလျားချထားသော အမျိုးသမီးငယ်တစ်ယောက်။

သွေးစတို့ဖြင့် ခြောက်ကပ်နေသည့် ဟံသာဝတီအရာရှိဝတ်စုံအောက်တွင် သူမ၏ကောက်ကြောင်းတို့က ပေါလွင်ထားရှားလွန်းနေသည်။

ထို့နောက်..မျက်တောင်ကော့ကြီးများဝန်းရံထားသည့် မျက်ဝန်းညိုညို ၊ ပါးပြင်နုနုပေါ် ယှက်ဖြာနေသည့် အကြောစိမ်းနုလေးများဖြင့် မျက်နှာဝိုင်းလေး။

အောက်နှုတ်ခမ်းဖူးဖူးလေးများအထက်တွင် နှုတ်ခမ်းမွေးစိမ်းစိမ်းလေးများပင် ရေးတေးတေးမြင်နေရ၏။

ငသိုက်စပ် က မိန်းကလေးငယ်၏ အလှကို တအံ့တသြကြည့်နေသည်။

“သူ့ ကို တိုက်ပွဲထဲက ငါတို့ရခဲ့တာ..ခြေထောက်တစ်ဖက်ကျိုးထားတယ်...ငါ နဲ့ ငအိုး တတ်သလောက်မှတ်သလောက်တော့ ကြပ်စည်းပြီး သေချာကုပေးထားပါတယ်...သူက ဗမာစကားမတတ်ဘူး..မွန်လိုပဲပြောနေတယ်...သူ ဘယ်သူဆိုတာမင်းသေချာမေးပေးစမ်းပါ”

ငသိုက်စပ်က မိန်းကလေးအနီးသို့ သွားကာ မွန်ဘာသာဖြင့် စကားပြောလိုက်၏။

မွန်စကားသံကြားသဖြင့် မိန်းကလေး၏ မျက်လုံးများမှာ အရောင်လက်သွားသည်။

ထို့နောက် မွန်ဘာသာဖြင့် အပြန်အလှန်စကားပြောကြ၏။

“ငသိုက်စပ်...သူ ဘယ်သူတွဲလဲ”

“သူနာမည်က ခင်ထော်မိ တွဲ....စစ်တောင်းဘက်က တွဲဗျ”

“သူက စစ်ထဲ ဘယ်လို ပါလာရတာတွဲလဲ”

ငသိုက်စပ်က ရွှေကြူနှင့် မောင်အိုး အနားသို့ တိုးကပ်သွားသည်။

“သူအဖေနဲ့အတူ ပါလာတာတဲ့....သူမှာ အမေမရှိတော့ဘူး.သူအဖေကလည်း ကျန်းမာရေးလုံးဝမကောင်းဘူး..ဒါပေမယ့်..တလပန်းကို ကြောက်ရတယ်တဲ့...သူအဖေကို ပြုစုပေးဖို့ရော...စစ်ပွဲထဲ သူအဖေကို ကာကွယ်ဖို့ပါ...သူက မုဆိုးဖိုကို စစ်ချီရာမှာ သူအဖေဘေးက လိုက်လာပေးတာတဲ့”

“ဟေ..ဘယ်လိုလဲကွ..ဟံသာဝတီသားတွေက မကျန်းမာတဲ့လူလည်း စစ်ထဲထည့်ခိုင်းတာပဲလား”

“သူအဖေက ဟံသာဝတီတပ်တွေအတွက် မရှိမဖြစ်လိုအပ်တဲ့ လူဖြစ်နေလို့ လို့ပြောတယ်ဗျ”

“သူအဖေက ဘယ်သူတဲ့လဲ”

“ခဏနေဦး..ကျုပ်နာမည်မေ့သွားပြန်ပြီ”

ငသိုက်စပ်က ခင်ထော်မိ ဘက်သို့ မွန်ဘာသာဖြင့် လှည့်မေးလိုက်သည်။

ထို့နောက်...

“သူအဖေက...ဟံသာဝတီ စစ်တောင်းစားတပ်မှူး ဗိုလ်ချုပ်ဗညားကျဉ် တဲ့ဗျ”

“ဟေ”

ရွှေကြူ နှင့် ငအိုး တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

.....

၁၇၅၂ ဇွန် ၁၈ ရက် ။

အင်းဝနန်းတော်၊ မြေနှန်းဆောင်ရှေ့ တွင် တလပန်း၏တပ်အချို့မှာ မြင်းနှင့် လှည်းများကို ပြင်ဆင်နေကြ၏။

ထိုမြင်ကွင်းကို တလပန်းက ငေးကြည့်နေသည်။

ဖာသာနာရေနီနှင့် လွီဇာက ထိုလူစုကို ကျော်ဖြတ်ကာ တလပန်းဆီသို့ လျှောက်လာကြ၏။

“ခင်ဗျားတို့ရော..အဆင်သင့်ဖြစ်ကြပြီလား..လွီဇာ”

“အင်း..ကျွန်မတို့ကတော့..အသင့်ဖြစ်ပါပြီ”

လွီဇာက တလပန်း၏ ဘေးတွင် မတ်တပ်ရပ်လိုက်သည်။

“လွီဇာ နဲ့ ဖာသာတို့က တပ်မှူးဗညားကျဉ် ရဲ့ ရှေ့တပ်ကနေ လိုက်သွား လိုက်ပါ...ကျုပ်က မတ္တရာက ဗိုလ်ဘယ်ကျော်တို့ တပ်တွေကို အလယ်ကထား ပြီး အနောက်က လိုက်ရမှာပ”

“မတ္တရာဗိုလ်ဘယ်ကျော် ဆိုတာက”

“ဂုဏ္ဍာအိမ်ရဲ့တပ်ကနေ ခွဲထွက်လာတဲ့ မတ္တရာမွန်အုပ်စုတွေပါ...သူတို့ကို အင်းဝ မှာ ထားဖို့ကို ဥပရာဇာက စိတ်မချဘူး...ဂုဏ္ဍာအိမ်ရဲ့ ပရိယာယ်လည်းဖြစ်နိုင်တယ် လို့ တွက်ဆတယ်..ဒါကြောင့် သူတို့အားလုံးကို ဟံသာဝတီမှာသာ ခေါ်ထားဖို့ အမိန့်ပေးထားတယ်”

“ရှင်က ပြီးရင်..အင်းဝကို ပြန်လာရမှာလား”

တလပန်းက ခေါင်းခါကို ဖြည်းညှင်းစွာခါရမ်းလိုက်သည်။

“မဟုတ်ဘူး..လွီဇာ....ဥပရာဇာက ကျုပ်ကို ဟံသာဝတီကို အပြီးပြန်ခေါ်တာ”

“ဒါဆို အင်းဝကို ဘယ်သူ အုပ်ချုပ်မှာလဲ”

“တောင်ငူဥဒေ္ခန်မှူး ဗညားအရိန္ဒမာဘွဲ့ခံ မောင်အွတ် နဲ့ ခင်ဦးစားချစ်ညို့ တို့ အင်းဝ ကို ကွပ်ကဲကြလိမ့်မယ်”

“အင်း...မောင်အွတ်ဆိုတာ.ကျွန်မ အခုမှ ကြားဖူးတာ...ဘာပဲဖြစ်ဖြစ်..အင်းဝ မှာ ရှင်ရှိနေမှဖြစ်လိမ့်မယ်ထင်တယ်..ကျွန်မ ဦးအောင်လှကို ဒီအကြောင်း ဝင် လျှောက်တင်ပေးမှပါပဲ”

“မလုပ်နဲ့..လွီဇာ.....ပြီးခဲ့တဲ့ မုဆိုးဖိုနဲ့ တိုက်ပွဲတွေမှာ ကျုပ် ကွပ်ကဲမှုညံ့လို့ ဆက်တိုက်ရှုံးနေတယ်ဆိုတာရယ်...အင်းဝက ဗမာတွေကို မွန်ဆဲမဖြတ်ပဲ နေခွင့် ပြုတာရယ်တွေကို ဥပရာဇာဆီ တိုက်ရိုက်သတင်းပို့နေတဲ့သူရှိတယ်...ကျုပ် တာဝန်ကျုပ်ယူရမှာပါပဲ..ပြီးတော့ ဟံသာဝတီဘုရင်နဲ့ ဝေးတဲ့ အင်းဝလိုမြို့ကြီး ကို အုပ်ချုပ်ရတဲ့အခါ...တချို့လိုရာစွဲတဲ့သတင်းတွေက ဟံသာဝတီကိုရောက် သွားတဲ့အခါ ကျုပ် အသက် အထိ ထိပါးလာနိုင်တယ်..ဒါကြောင့်..အင်းဝကို ကျုပ် စွန့်ခွာတာပဲ ကောင်းပါတယ်လေ...နောက်တစ်ခုက....”

“ဘာလဲ..နောက်တစ်ခုက..ဂမုန်းကို လွှမ်းနေပြီပေါ့..အဲ့ဒီလိုလား”

တလပန်းက နှုတ်ခမ်းကို စေ့လျက် ပြုံးလိုက်သည်။

“အင်း..အဲ့ဒါလည်းပါတယ်..ပြီးတော့...အခု လွှဲဇာနဲ့ ဖာသာနာရေနီတို့ကိုပါ ဟံသာဝတီကို ကျူပ်ပြန်ခေါရတာ ဘာကြောင့်လဲသိလား”

“ကျွန်မ ဟံသာဝတီနဲ့ ပတ်သက်ရင် ဘာမှ မသိဘူး”

“ဗရင်ဂျီရွာတွေမှာ လွှဲဇာ တို့ ဖြစ်ခဲ့တဲ့ကိစ္စအစုံကို ကျူပ်သိပြီးပါပြီ...ဒီကိစ္စက ဖြစ်နိုင်ဖို့ မလွယ်တော့ဘူး..မဟုတ်လား”

တလပန်း စကားကြောင့် လွှဲဇာ မျက်နှာ ညှိုးသွားသည်။

“ဟုတ်တယ်...ကျွန်မကို သူတို့ နားမလည်ပေးခဲ့ကြဘူး...သူတို့က ပေါ်တူဂီတွေဆိုတာကို မေ့ပစ်လိုက်ကြပြီ”

“ဒါဆို..ကျူပ် တစ်ခုတောင်းဆိုချင်တာက...ဦးအောင်လှတို့ လက်ျာဗိုလ်တို့ လွှဲဇာတို့ ကျူပ်တို့ဆိုတာ ဟံသာဝတီထီးနန်းကို အင်းဝအောက်က စထူထောင်မယ်ဆိုကတည်းက ပါခဲ့တဲ့ ရဲဘော်ရဲဘက်တွေမဟုတ်လား..အခုက ဟံသာဝတီနန်းတွင်း အခြေအနေ ကျူပ်ပြောပြမယ်”

ဟံသာဝတီတပ်များသည် မုဆိုးဖို့မှ အကျအဆုံးများစွာဖြင့် ဆုတ်ခွာခဲ့ရပြီးနောက် တလပန်းသည် နောက်တကြိမ် မုဆိုးဖို့ကို ခံတပ်တစ်ခု စင်ပြိုင်တည်ပြီး တိုက်ခိုက်ရန် ကြိုးပမ်းခဲ့သည်။

၁၇၅၂ ဇွန် ၅ ရက်နေ့တွင် တလပန်း၏ လက်ရုံးဖြစ်သော တပ်မှူးအဲကံကောင်းနှင့် ခင်ဦးစားချစ်ညို တို့ကို ဦးစီးစေကာ စစ်သည်တစ်သောင်းခွဲဖြင့် မုဆိုးဖို့ မြောက်ဘက် ဒီပဲရင်းနှင့်နှစ်မိုင်အကွာ မြောင်းဝန်းတွင် တပ်ကြီးတစ်ခု တည်ထားစေသည်။

သို့သော် နောက်ထပ်သုံးရက်အကြာ ဇွန်လ ၈ ရက်နေ့တွင်ပင် အောင်ဇေယျ၏ သားနှစ်ဦးဖြစ်သော မောင်လောက်၊ မောင်ရွှ ၊ လက်ရုံးများဖြစ်သော ငကောင်း၊ ငတွန် တို့ က စစ်ကြောင်းနှစ်ကြောင်းဖြန့်ခွဲကာ မြောင်းဝန်းတပ်ကို တိုက်ခိုက်ကြသည်။

မြောင်းဝန်းတပ်ပျက်ပြီး ဟံသာဝတီစစ်သည် ၂၀၀၀ ကျော် ကျဆုံးသည်။

အဲကံကောင်းနှင့် ငချစ်ညို တို့မှာ မြင်းများဖြင့် ထွက်ပြေးလွတ်မြောက်သွားခဲ့၏။

ထိုတိုက်ပွဲသတင်းသည် ဟံသာဝတီ ဥပရာဇာဆီသို့ ရောက်ရှိသွားခဲ့သည်။

ဟံသာဝတီတွင်လည်း နန်းတွင်းရေးအပြောင်းအလဲတစ်ခုဖြစ်ရန် အစပျိုးနေပြီ ဖြစ်သည်။

ဗညားဒလဦးအောင်လှ ကို ဗဟိုတည်လျက် အားပြိုင်နေကြသော အစုနှစ်စု တိုက်ပွဲမှာ သိသိသာသာ ဖြစ်လာနေသည်။

ဦးအောင်လှ အမတ်ဘဝက နှန်းရရေးကူညီပေးခဲ့ကြသော...ဦးမောင်၊ ဦးကို တို့မှာ ကွပ်မျက်ခံခဲ့ရပြီဖြစ်သည်။

နဲရွဲရွာသူကြီး၊ စာရေးကြီးထားကစားတို့မှာ ဥပရာဇာအုပ်စုနှင့် ပူးပေါင်းသွားခဲ့၏။

ဦးအောင်လှ၏ အနီးကပ်မိတ်ဆွေများဖြစ်ကြသည့် လက်ျာဗိုလ်၊ လွိဇာ၊ တလပန်း တို့ အနက် တလပန်းနှင့် လွိဇာမှာ အင်းဝသို့ ရောက်ရှိနေကြသည်။

သမက်တော်စောြဗ မှာလည်း အယူဒွယတပ်များအား ကင်းထောက်ရန် ထားဝယ်သို့ လွှတ်ထားခြင်းခံရသည်။

လက်ျာဗိုလ်မှာ ကိုးသိန်းသခင်ကို လွှတ်လိုက်သည့်ပြစ်မှုကြောင့် အရာမှ ချထားခြင်းခံရ၏။

လက်ျာဗိုလ်အား အင်းဝဘုရင်ဟောင်း မဟာဓမ္မရာဇာဓိပတိအိမ်တော်နှင့် ဟံသာဝတီနန်းတွင်းကြား ဆက်ဆံရေးအရာရှိအဖြစ်သာ တာဝန်ပေးထားသည်။

အိမ်ရှေ့စံ ဥပရာဇာ ဦးအောင်မြ၊ ဗညားဒလဘွဲ့ခံ ဦးအောင်စ တို့ အုပ်စုသည် ဟံသာဝတီ၏ စစ်ရေး၊ နိုင်ငံရေးတို့တွင် ဦးအောင်လှ ၏ အားအကိုးရဆုံးလူများ ဖြစ်လာနေသည်။

အသက်အရွယ်အနည်းငယ်ရနေပြီဖြစ်သော ဦးအောင်လှ သည်လည်း ..သူတို့ အား မလွန်ဆန်နိုင်သည်အဖြစ်သို့ တဖြည်းဖြည်းရောက်ရှိနေပြီဖြစ်သည်။

“အဲ့ဒါပဲ..လွိဇာ...ကျုပ်ကို ပြန်ခေါ်တာလည်း..အင်းဝမှာ ကျုပ်အစား ဥပရာဇာက ပိုယုံကြည်တဲ့လူကို ထားဖို့ပဲ...ဟံသာဝတီမှာ လက်ျာဗိုလ်လည်း အရာချခံထားရတယ်ဆိုတော့...ရှင်ဘုရင်မိသားစု ဘေးမှာ ဥပရာဇာ ဦးအောင်မြ တို့ပဲ ကျန်တော့တယ်”

“ဥပရာဇာ ဟာ ဘုရင့်ညီတော်အရင်းပဲမဟုတ်လား..တလပန်း”

“အဲ့ဒါကြောင့် ကျုပ် ပိုစိုးရိမ်တာ...လွီဇာ....အိမ်ရှေ့မင်းသားဆိုတာ ဘုရင်သေသွားရင် ဘုရင်ဖြစ်မယ့်ရာထူးမဟုတ်လား...ပြီးတော့...အခု ဥပရာဇာ နဲ့ ပြင်သစ်ဘရန်ဒီက အကောင်းဆုံး ဆက်ဆံရေးရှိနေတယ်....ဒါကြောင့် လွီဇာက ဘရန်ဒီတို့နဲ့ သိပ်ပြီးသားဆိုတော့....ဟံသာဝတီကို ပြန်လိုက်ခဲ့ဖို့ ကျုပ်က ပြောရတာပဲ....ဘုရင့်မိသားစုကို ကျုပ်တို့ ဟံသာဝတီမှာရှိနေသမျှ ကာကွယ်နိုင်မယ်..မဟုတ်လား”

“ဟံသာဝတီဟာ ကျွန်မအပေါ်ကျေးဇူးရှိပါတယ်..အထူးသဖြင့် ဦးအောင်လှ တို့မိသားစုဟာ ရှင်ဘုရင်မဖြစ်ခင်ကတည်းက ကျွန်မရဲ့ မိသားစုလိုပါပဲ...ကျွန်မအပေါလည်း အထူးစောင့်ရှောက်ကြတယ်... အခုချိန် အင်းဝမှာ ကျွန်မရဲ့ အရေးအရာကိစ္စတွေ၊ မျော်လင့်ထားသမျှတွေ အားလုံးပျက်စီးသွားခဲ့ပြီးပြီ.... ကျွန်မဟံသာဝတီကို ပြန်ပြီး...သူတို့အတွက် ရှိနေပေးဖို့ ဆုံးဖြတ်လိုက်ပြီ..တလပန်း”

ထိုအချိန်တွင် နန်းပြဿဒ်ပေါ်သို့ အသားဖြူဖတ်ဖြူလျှော် ၊ အသက်(၅၀)ဝန်းကျင် မွန်တပ်မှူးတစ်ဦး တက်လာသည်။

“ဗိုလ်မင်း....တောင်ငူင္ဂေခွန်ဝန်ဗညားအရိန္ဒမာ နဲ့ ခင်ဦးစားလက်ဉာပုံချီ ဦးချစ်ညို့တို့ ဖြဲတိုက်မှာ ရောက်ရှိနေပါပြီ... အင်းဝနဲ့ပတ်သက်တဲ့ အုပ်ချုပ်ရေးဆိုင်ရာကိစ္စတွေ လွှဲအပ်လက်ခံဖို့ အသင့်ဖြစ်နေပါပြီတဲ့”

“အင်း..ကျုပ် လာခဲ့ပါမယ်..ဒါနဲ့...ခင်ဗျားလည်း ဟံသာဝတီကို ပြန်လိုက်ခဲ့ရမယ့်..အမိန့်တော်ထဲ ပါတယ်မဟုတ်လား... ဦးရီး ဗညားကျဉ်”

ဗညားကျဉ် က ခေါင်းငုံ့လိုက်သည်။

ထို့နောက် တလပန်းနားသို့ ကပ်ကာ လက်အုပ်ချီလိုက်၏။

“ဘာဖြစ်လို့လဲ...ဦးရီး”

“ကျွန်တော်မျိုးကို ကယ်ပါဦး..ဗိုလ်မင်း”

ဗညားကျဉ်၏ လက်တို့က တုန်ရီနေသည်။

“ဦးရီး..ဘာဖြစ်နေတာလဲ..ပြောပါဦး”

“သူ..မင်းကို မပြောရဲဘူးဖြစ်နေတယ်..ငါပြောပြမယ်...တလပန်း”

အနောက်ဘက်တွင်ရပ်နေသော တလပန်း၏ ဦးလေး ဒေါတောအိုင် ၏ အသံ။ ဒေါတောအိုင်နှင့် ဗညားကျဉ်တို့မှာ ငယ်စဉ်ကတည်းက မုတ္တမစားထံတွင် ခစားခဲ့ကြသည့် ငယ်သူငယ်ချင်းများဖြစ်ကြသည်။

“ဘာများလဲ..ဦးလေး”

“သူ့သမီးလေး ခင်ထော်မိ မုဆိုးဖိုတိုက်ပွဲမှာ ပျောက်သွားတယ်”

“ဘယ်လို....သူ့သမီး..ဟုတ်လား”

“ဟုတ်ပါတယ်..ဗိုလ်မင်း..ကျွန်တော်မျိုးသမီးပါ”

“ဦးရီးသမီးက ဘယ်ကနေ ဘယ်လို တိုက်ပွဲထဲပါလာရတာလဲ...ကျုပ်လည်း မသိရပါလား”

“ကျွန်တော်မျိုးတို့က သားအဖနှစ်ယောက်တည်းနေကြတာပါ...ကျွန်တော်မျိုးက ကျန်းမာရေးအခြေအနေမကောင်းတော့....သမီး က အင်းဝကို လိုက်ရမယ်ဆိုကတည်းက သဘောမတူဘူး..ဒါပေမယ့်...ကျွန်တော်မျိုးက ဗညားဥပရာဇာရော၊ ဗိုလ်မင်းတလပန်းကိုပါ လွန်ဆန်လို့မရဘူး..မဟုတ်လား.... သူက ကျွန်တော်မျိုး ကျန်းမာရေးအတွက် သူဘေးကနေ ရှိနေမယ်ဆိုပြီး ယောကျ်ားလေးပုံစံဝတ်စားပြီး ကျွန်တော်မျိုးရဲ့လက်ထောက်တပ်မှူးအနေနဲ့ လိုက်လာခဲ့တာပါ....အဲ့ဒါ ပြီးခဲ့တဲ့ မုဆိုးဖိုတိုက်ပွဲမှာ...သူပျောက်သွားတယ်..ကျွန်တော်မျိုးကိုယ်တိုင် အသက်လုနေရတော့...သူ့ကို သတိမမူမိတာ..ကျွန်တော်မျိုး အပြစ်တွေပါ..ကလေး နုနုနယ်နယ်ကို အလိုလိုက်ပြီး..ခေါသွားမိတာ”

“သူက ဘယ်အရွယ်ရှိပြီလဲ”

“အသက်က နှစ်ဆယ့်တစ်နှစ်ရှိပါပြီ..ဗိုလ်မင်း”

“တခြား တိုက်ပွဲထဲ ပါတဲ့သူတွေကိုရော မေးကြည့်မိသေးလား”

“ဘယ်သူမှ သတိမထားမိပါဘူး”

“ဒါဆို...တိုက်ပွဲမှာများ ကျသွား..”

“မဟုတ်ဘူး..ဗိုလ်မင်း...သူ မသေဘူး..သမီးလေးမသေဘူးဆိုတာ ကျွန်တော်မျိုး ယုံတယ်...သူ မုဆိုးဖိုသားတွေ လက်ထဲမှာပဲ ရှိနေမှာ..သေချာပါတယ်”

“အဲ့ဒီတော့..ကျုပ်က ဘာလုပ်ပေးရမလဲ..ဦးရီး”

“အင်းဝကို သူ ရတဲ့နည်းနဲ့ ပြန်လာမယ်လို့ ကျွန်တော်မျိုး ယုံပါတယ်...ကျွန်တော်မျိုး သမီးလေး အင်းဝကို ပြန်လာတဲ့အထိ အင်းဝက စောင့်ချင်ပါ

တယ်..နောက်ပြီး မုဆိုးဖို့ကို တိုက်တဲ့တိုက်ပွဲတွေမှာလည်း ကျွန်တော်မျိုး လိုက်သွားပြီး မုဆိုးဖို့က သုံ့ပန်းတစ်စုံတစ်ယောက်ရရင် သမီးလေးအကြောင်း စုံစမ်းချင်ပါသေးတယ်”

တလပန်းက ဗညားကျဉ် ၏ ပုခုံးကို ဆုတ်ကိုင်လိုက်သည်။

“ဦးရီးဗညားကျဉ်...ဦးရီးနဲ့ ကျုပ်နဲ့ဟာ ဟိုးအင်းဝဘုရင်လက်ထက်ကတည်းက စစ်ပွဲတွေကို တအိုးစားတည်း တိုက်လာခဲ့ကြတာပါ... ဦးရီးသမီးကို ကျုပ်မမြင်ဖူးပေမယ့်...ကျုပ်နှမလိုပါပဲ...ဒါပေမယ့်..ဒီနေ့ ဟံသာဝတီကို ပြန်ရမယ့်အမိန့်ဟာ ဥပရာဇာရဲ့အမိန့်ပါ...ဦးရီးအနေနဲ့ ဒီကိစ္စကို အကြောင်းပြချက်ပေးတဲ့အခါ...စစ်ပွဲထဲ အခွင့်မရပဲ..အမျိုးသမီးငယ်တစ်ယောက်ကို ခေါ်သွားတဲ့ ဦးရီးကို ဥပရာဇာက ခွင့်လွှတ်ပေးနိုင်ပါ့မလား...အဲ့ဒါကိုလည်း စဉ်းစားပါ”

“ကျွန်တော်မျိုးသိပါတယ်..ဒါကြောင့်လည်း..ဗိုလ်မင်းဆီ အခုလို အသနားခံရတာပါ”

“ကျွန်မ တစ်ခု ဝင်ပြောလို့ရမလား”

သူတို့နှစ်ဦးပြောသမျှကို နားထောင်နေသော လွိဇာက ဝင်ပြောလိုက်သည်။

“ခင်ဗျားမှာ ဘာအကြံအစည်ရှိလို့လဲ..လွိဇာ”

“ဒီက တပ်မှူးက ဟံသာဝတီကို ပြန်လိုက်သွားလိုက်ပါ...ကျွန်မ ဟံသာဝတီကို ပြန်သွားပေမယ့်..ဒီက ကုန်သွယ်လုပ်ငန်းအချို့အတွက် ကျွန်မရဲ့လူယုံ ငလေးနဲ့ မယ်ဖူးလင်မယားက အင်းဝမှာ ကျန်ခဲ့လိမ့်မယ်.. သူတို့ ကနေတဆင့် မုဆိုးဖို့မှာ တပ်မှူးရဲ့သမီးလေး ရှိမရှိ ကျွန်မ စုံစမ်းခိုင်းပါ့မယ်..ဘာကြောင့်လဲဆိုတော့...မုဆိုးဖို မှာ ရှိနေတဲ့ အောင်ဇေယျတို့၊ ရှင်မိငယ်တို့ဆိုတာ တခြိန်က ကျွန်မနဲ့ ပတ်သက်ခဲ့ကြ..သိခဲ့ကြဖူးသူတွေပါ... နောက်ပြီး မုဆိုးဖို့ရဲ့ အဓိက စစ်သူကြီးတစ်ယောက်ဖြစ်နေတဲ့ သူက..ကျွန်မရဲ့ အရင်းနှီးဆုံးတစ်ယောက်ပါ...သူ့ဆီကို.ကျွန်မ စာလွှာပါးပြီး အကူအညီတောင်းကြည့်ပါ့မယ်...ကျွန်မဆို သူက ကူညီမှာအသေအချာပါပဲ....အောင်ဇေယျဆိုတာလည်း...စစ်ပွဲမှာ ဖမ်းမိတဲ့ မိန်းကလေးတစ်ယောက်ကို နှိပ်စက်မယ့်လူမျိုးတော့ မဟုတ်ဘူးလို့ ကျွန်မယူဆတယ်...ဒါကြောင့် ကျွန်မ ကူညီပေးမယ်..ဘယ့်နှယ့်လဲ”

“သူပြောတာ ကောင်းတယ်..ဦးရီး..လောလောဆယ်..ဦးရီး...ဟံသာဝတီကို ပြန်လိုက်ခဲ့ပါ...ဘာကြောင့်လဲဆိုတော့.. ဦးရီးရော..အဲကံကောင်းရောဟာ ကျုပ်လူတွေလို့ ဥပရာဇာကသတ်မှတ်ထားခဲ့တာ...ဒီကောင်မလေးကိစ္စပါ သိသွားခဲ့

ရင်...ကျုပ်ကို မကျေနပ်တာတွေနဲ့ရောပြီး..ဦးရီးကိုပါ ပြစ်ဒဏ်သင့်နေမယ်...အသက်ရှင်နေသမျှ..မျှော်လင့်ချက်ရှိနေပါဦးမယ်..ဦးရီး”

ဗညားကျဉ်က စကားတခွန်းမှမပြောပဲ..လွိဇာကို တချက်ကြည့်လိုက်သည်။

“လွိဇာ အကြောင်းကိုတော့ ဦးရီး ကြားဖူးမှာပါပဲ.... .ဟော့ဒီနှစ်ကာလတွေမှာ...ဒီအမျိုးသမီးဟာ အင်းဝနဲ့ ဟံသာဝတီကြားတင်မက..ပြင်သစ်ပိုင်နယ်မြေတွေအထိ...သူလုပ်စရာရှိတာတွေကို ပြီးပြတ်အောင် လုပ်ပြသွားနိုင်ခဲ့တယ်..သူ့ကို ကျုပ်ယုံတယ်..ဦးရီး...ဦးရီးလည်းယုံပါ”

ဗညားကျဉ်က လွိဇာ ဘက်သို့ လှည့်လိုက်သည်။

“ငါ့နှမ....ဦးရီး သမီးလေး ကို ကယ်ပေးပါ”

“စိတ်ချပါ..တပ်မှူး”

ထိုအချိန်တွင် မြင်းစီးလူတစ်စုက မြေနန်းဆောင်ရှေ့သို့ ရောက်ချလာသည်။

ချစ်ညို၊ ချစ်မြ၊ ချစ်မြ ညီအကိုသုံးဦးနှင့် နောက်လိုက်နောက်ပါများ။

ဒေါ်ထောအိုင် က မြေနန်းလှေကားရင်းသို့ ဆင်းသွားသည်။

“ဘာကိစ္စရှိလို့ပါလဲ..ခင်ဦးစား”

“ကျုပ်တို့ ဖြတိုက်မှာ စောင့်နေကြတာကြာပြီ....ဗိုလ်မင်းတလပန်း က အခုထိ ရောက်မလာသေးလို့ လိုက်လာကြတာပါ..ဟိုမှာ တောင်ငူငွေခွန်မှူးလည်း စောင့်နေတာ အတော်ကြာနေပြီ”

သူတို့နှင့် ပါလာသောလူများက မြင်းပေါ်မှ ပစ္စည်းအချို့ကိုချနေကြသည်။

ချစ်ညိုက မြင်းပေါ်မှ ဆင်းလာ၏။

ငယ်သားတစ်ဦးကား ရွှေထီးတလက် ကို နောက်မှ မိုးကာ လိုက်ပါလာသည်။

“ဟော့....ငါ့ ကွမ်းအစ်တွေ...ကို ဒီဘက်ထောင့်မှာ ချ....ဟိုနေရာမှာ သလွန်ကို ထားမှာနော်”

သူတို့လူစုကို တလပန်းက မျက်မှောင်ကြုံ့ကြည့်နေ၏။

“ခင်ဦးစားငယ်...ဒါ ဘာလုပ်တာလဲ”

တလပန်း ၏ စကားကြောင့် ချစ်ညို က တလပန်းဘက်သို့ လှည့်ကြည့်လိုက်သည်။

“သြော်...ခင်ဗျားလည်း ရောက်နေတာကိုး...လွိဇာ..အင်းဝ နဲ့ ဟံသာဝတီစစ်ပွဲကြားမှာ စီးပွားဖြစ်သွားတဲ့..သူကြွယ်မကြီး...အခုမှပဲ တွေ့ရတော့တယ်”

“အင်း..ရှင်လည်း အင်းဝ နဲ့ ဟံသာဝတီစစ်ပွဲကြားမှာ ရွှေထီးတောင် ဆောင်းနေပါလားရှင်”

လွိဇာက ခပ်ဟဟ ရယ်ပြီး အောက်တွင် ကျန်ရစ်သော ချစ်မြ ထံသို့ ဆင်းသွား၏။

“ဗိုလ်မင်း....ကျုပ်က အခု ဗိုလ်မင်းနေတဲ့ မြေနှန်းပြဿဒ်အဆောင်မှာ စံမြန်းဖို့ ဥပရာဇာဆီက ခွင့်ပြုချက် ရထားပါပြီ..ဗိုလ်မင်းကလည်း တော်တော်နဲ့ပေါ်မလာတော့....ဗိုလ်မင်းကိုလည်း လာပင့်ရင်း ကျုပ်ပစ္စည်းတွေ နေရာလာချထားတာပါ”

“ဒီနေရာက ကျုပ် မခွာရသေးဘူးလေ..ခင်ဦးစား..ကျုပ်မထွက်ခွာသေးသမျှ ဒီနေရာက ကျုပ်နေရာပဲ မဟုတ်လား”

“ဒါက ဗိုလ်မင်းနေရာမဟုတ်ပါဘူး....အရင်က အင်းဝဘုရင်မင်းမြတ်နေရာပါ..အခုတော့ ဟံသာဝတီဘုရင်မင်းမြတ် ရဲ့ ကိုယ်စား ဘုရင်မင်းမြတ်ထားတဲ့သူတွေ နေတဲ့ နေရာပါပဲ...အခုတော့ ခင်ဦးစားချစ်ညို ရဲ့ နေရာဖြစ်သွားပါပြီ”

တလပန်းက ချစ်ညို ကို စူးစူးရဲရဲကြည့်လိုက်သည်။

ချစ်ညို ကလည်း မထီတရီမျက်နှာဖြင့်..တလပန်းအား..ပြန်စိုက်ကြည့်လိုက်၏။

အခန်း (၆)

ဘရာသာအင်ဂျလို က ဗညားဒလဦးအောင်လှ ၏ ခါးပတ်ပတ်လည်ကို သူ၏ လက်ဖြင့် သေချာစမ်းသပ်ကြည့်နေ၏။

အနောက်တိုင်းဆရာဝန်ဘွဲ့ရခဲ့သော အီတလီဘုန်းတော်ကြီး၏ အဖြေကို မိဖုရား ခေါင်ကြီးနှင့် ဂမုန်းတို့က မျှော်လင့်လျက်။

“ဘုန်းတော်ကြီးဘုရား..ဒီနားက နာနေတာမဟုတ်လား..ဘုရား”

ဦးအောင်လှက ဝေဒနာကို ကြိတ်မှိတ်ခံစားနေဟန်ဖြင့် ခေါင်းငြိမ့်ပြသည်။

“ကျောက်ကပ် မှာ တစ်ခုခုဖြစ်နေတာပဲ..ကွမ်းယာမှာပါတဲ့ ထုံးဓာတ်ကြောင့်လို့ တော့ ယူဆတာပါပဲ...သန်လျင်က ကျွန်တော်မျိုး ဆေးခန်းမှာ လာပြကြတဲ့ လူအတော်များများလည်း ကျောက်ကပ်ပြဿနာအဖြစ်များကြပါတယ်”

ဘရာသာအန်ဂျလိုက သူ့တွင်ပါလာသော ဖန်ပုလင်းသုံးလုံးမှ ဆေးမှုန့်များကို ရောစပ်လိုက်သည်။

“ဒီဆေးတွေက ရောမမြို့က မှာယူရတာမို့..တန်ဖိုးကြီးလှပါတယ်...ဘုရင်မင်းမြတ်အနေနဲ့ သေသေချာချာ အချိန်မှန်မှန်သောက်သုံးပေးဖို့တော့ လိုပါလိမ့်မယ်”

ထိုအချိန်တွင် လူပျိုတော်သားတစ်ဦးက ဒူးတုပ်လျက် အဆောင်ထဲသို့ ဝင်လာ၏။

“ဟဲ့...ဘာကိစ္စလဲ”

ဂမုန်းက မေးလိုက်၏။

“မှန်ပါ...ဗိုလ်မင်းလက်ျာဗိုလ်က အခစားဝင်လိုကြောင်း ခွင့်ပန်လာလို့ပါ”

“ဒီမှာ ဘုရင်မင်းမြတ် မကျန်းမမာဖြစ်နေတာ...မောင်မင်းမသိဘူးလား”

ဂမုန်း၏ ဒေါသသံကြောင့် လူပျိုတော်သားမှာ ခန္ဓာကိုယ်ပင် တုန်ခနဲ ဖြစ်သွားသည်။

“အင်းဝဘုရင် ကိစ္စ အရေးတကြီးတင်လျှောက်စရာမို့လို့ပါတဲ့..ထိပ်ထား”

“ဘာတွေများ အရေးတကြီးတင်လျှောက်စရာရှိနေတာလဲ..ဒီမှာ ခမည်းတော် နေမကောင်းလို့ အီတလီသမားတော်နဲ့ ပြသနေရတယ်လို့ ပြောလိုက်”

“သမီး...ခဏနေဦး”

ဦးအောင်လှက သလွန်ပေါ်တွင်လှဲလျောင်းနေရာမှထလာသည်။

ဘရာသာအန်ဂျလိုက လက်မောင်းကိုကိုင်ကာ ဖေးမလိုက်၏။

“လက်ျာဗိုလ်မင်း အနေနဲ့ တိုက်ရိုက်လျှောက်တင်စရာရှိလို့နေပါ့မယ်..လွှတ်လိုက်ပါ”

ခဏအကြာတွင် လက်ျာဗိုလ်က ဦးအောင်လှ၏ သလွန်ခြေရင်းသို့ အခစားဝင်လာသည်။

“နေကောင်းသက်သာပါရဲ့လား...ဘုရား”

“ညညဆို ခါးက အိပ်မရအောင် ကိုက်တာကွယ်..အင်းဝက ခေါ်လာတဲ့ သမားတော်တွေရော..ဟံသာဝတီက သမားတော်တွေပါ စုံနေပြီ..အခု..သန်လျင်က ဘရင်ဂျီဆေးသမားနဲ့ ကုကြည့်နေတာပဲ..ကဲ..ဘာကိစ္စ ရှေ့တော်အထိ လာခစားရသလဲ..ပြောပါဦး”

“အင်းဝဘုရင်မင်းမြတ်ကိစ္စပါ..ဘုရား”

“အဲ့ဒီကိစ္စ က ညီတော်အိမ်ရှေ့ဥပရာဇာ နဲ့ပဲ လွှဲအပ်ထားတာလေ..အရေးရှိရင် သူ့လျှောက်ချည်ပေါ့”

“မှန်ပါ..ဥပရာဇာ က ကိုးသိန်းသခင်လွတ်သွားတဲ့ကိစ္စမှာ ကျွန်တော်မျိုးကို အမြတ်တော် မပြေသေးဟန် တူပါတယ်... အိမ်ရှေ့အိမ်ဖြူကို အခစားဝင်ပါသော်လည်း ထွက်မတွေ့ပါ..ဘုရား”

“အင်း...မင်းကလည်း..မင်းပဲလေ....ဒီလောက်အရေးကြီးတဲ့လူကိုမှ လွတ်အောင်အထိ ပေါ့လျော့ရသလားကွဲ့”

လက်ျာဗိုလ်က ခေါင်းကိုငုံ့လျက် လက်အုပ်သာချီထားသည်။

“ကဲ..ပြောစေကွယ်..အင်းဝဘုရင် ဘာဖြစ်ပြန်ပြီလဲ”

“အင်းဝဘုရင်ရဲ့ မိသားစုမှာ မင်းအစေခံကျွန်တွေဟာ သုံးရာခန့်ရှိပါတယ်..ဘုရား...အခု အင်းဝဘုရင်ကို ထားရှိတဲ့ အိမ်နိမ့်တော်ဝန်း ပတ်ချာလည်မှာတဲထိုး၊ အိမ်ဆောက်ပြီး သူတို့ နေကြပါတယ်...အခုက ဘုရင့်မိသားစုနဲ့ အစေအပါးတွေကို ဝင်ထွက်ဆက်ဆံခွင့်ပိတ်ပင်ထားပါတယ်...အင်းဝဘုရင်ရဲ့ အကြီးတော် ဝန်ကြီးပဒေသရာဇာကိုလည်း သန်လျင်ကို ပို့ပစ်ထားခြင်းခံရပါတယ်...”

“ဒါက ဘုရင်ရဲ့ လုံခြုံရေးအတွက် ဥပရာဇာက စီမံထားတဲ့ အစီအမံမဟုတ်လား”

“မှန်ပါ..အခုလျှောက်တင်လိုတာက...အိမ်တော်ထဲမှာရှိတဲ့ အင်းဝဘုရင်နဲ့ မင်းညီမင်းသား၊ မင်းသမီး အယောက် (၅၀)ဟာ နေရထိုင်ရကြပ်တည်းလွန်းတဲ့ အတွက် အိမ်တော်ဝန်းထဲ သီးခြားအဆောက်အဦတွေကို...အပြင်ဘက်က အင်းဝပါ အစေအပါးကျေးကျွန်တွေ အင်အားနဲ့ အသစ်ဆောက်လုပ်လိုတာပါ...ဆောက်လုပ်နေစဉ်အတွင်း လိုအပ်တဲ့ အစားအသောက်၊ ပစ္စည်းတွေကို ဝယ်ယူဖို့ကိုလည်း...ဟံသာဝတီမြို့ထဲ ထွက်ဝယ်ခွင့်ရစေဖို့ ခွင့်တောင်းလာတာပါ”

ဦးအောင်လှ က ရွှေထွေးခံကို ယူကာ တံတွေးထွေးလိုက်သည်။

“အဟမ်း..အင်း...အင်းဝဘုရင်နဲ့ မိဖုရားတွေဟာ အကျဉ်းသားတွေဖြစ်တယ်...တော်ဝင်မိသားစုဖြစ်တဲ့အတွက်သာ နှောင်အိမ်နဲ့မထားပဲ..အိမ်နိမ့်နဲ့ထားပြီး ငါ့ရဲ့ လေးစားသမှုကို ပြသထားတာပါ...အိမ်ပြင်ထွက်ခွင့်ပြုဖို့ကတော့...”

“လျှောက်တင်ခွင့်ပြုပါ..ဘုရား...အခုကိစ္စက..အင်းဝဘုရင်နဲ့ မိဖုရားတွေက မြို့ထဲ ထွက်မှာမဟုတ်ပဲ..အိမ်တော်ဝန်းတည်ဆောက်ရေး.ကိစ္စအဝဝကို တာဝန်ယူတဲ့ မြို့ကြီးမင်းသမီး နန်းသွယ်ကိုသာ မြို့ထဲသွားခွင့်၊ ကျွန်များနှင့်ဆက်သွယ်ခွင့် တောင်းခံခြင်းပါ... ယခု..အင်းဝပြည်ကြီးအလုံးက ပြည်သူတွေဟာ ဟံသာဝတီပြည့်ရှင်မင်းမြတ်ရဲ့ဖဝါးတော်အောက်မှာပါ....တိုင်းကြီးပြည်ကြီးအရှင်သခင် ဘုရင်မင်းမြတ်တပါးအနေနဲ့ သဘောထားကြီးမြတ်ကြောင်းကို ပြသသင့်ပါတယ်လို့ ကျွန်တော်မျိုးတင်လျှောက်ပါရစေ”

ဦးအောင်လှက အတန်ငယ်စဉ်းစားနေသည်။

“လွှဲဇာက တလပန်းနဲ့အတူ အင်းဝကနေ ပြန်လာတော့မယ်ဆို”

“မှန်ပါ...လမ်းခရီးမှာလို့ သတင်းရပါတယ်..ဘုရား”

“အင်းဝဘုရင်အိမ်တော်ဝန်းနဲ့အနီးမှာက လွီဇာရဲ့အိမ်ရှိနေတယ်မဟုတ်လား...ဒီတော့ လွီဇာ ပြန်ရောက်တဲ့အခါ အိမ်ခြံဝန်းချဲ့ထွင်တည်ဆောက်ရေးကိစ္စတွေကို လွီဇာနဲ့အတူ..ခုန အင်းဝမင်သမီး..ဘယ်သူ..”

“မြို့ကြီးမင်းသမီး နန်းသွယ်ပါ..ဘုရား”

“အေး..အဲ့ဒီမင်းသမီးအနေနဲ့ ကုန်သည်တော်ကြီးလွီဇာနဲ့သာ ပူးတွဲပြီး လုပ်ဆောင်ခွင့်ပြုမယ်..မောင်မင်းကလည်း သူ့လှုပ်ရှားမှုကို မျက်ခြေမပျက်စေနဲ့...ငါကိုယ်တော်...ခဏနေ ဗြဲတိုက်စာရေးကို ခေါ်ပြီး အမိန့်တော်ပြန်တမ်းထုတ်ပေးမယ်.ဟုတ်ပြီလား”

လက်ျာဗိုလ်က ဗညားဒလဦးအောင်လှကို ရှိခိုးဦးတိုက်လျက် အခန်းတွင်းမှ ထွက်သွား၏။

“ဗိုလ်မင်း..ဗိုလ်မင်း”

အနောက်ဘက်မှ ခပ်တိုးတိုးခေါ်သံကြောင့် လက်ျာဗိုလ်လှည့်ကြည့်လိုက်သည်။

တပင်တိုင်မင်းသမီးဂမုန်းဖြစ်နေသဖြင့် လက်အုပ်ချီလိုက်၏။

“ဦးရီး...လက်အုပ်ချီမနေပါနဲ့..ဂမုန်း မေးစရာရှိလို့”

“ဘာများသိချင်ပါသလဲ..ထိပ်ထား”

“ဗိုလ်မင်းတလပန်းက ဟံသာဝတီကို ပြန်လာနေပြီဆိုတာ..ခုန ကြားလိုက်လို့”

“ဟုတ်တယ်လေ...ထိပ်ထား....လွီဇာရော..ဖာသာနာရေနီပါ သူနဲ့အတူ ပါလာတာ”

“သူက ပြီးရင် အင်းဝကို ပြန်မှာလား”

“မဟုတ်ဘူး..ဟံသာဝတီကို အပြီးပြန်လာတာ”

ဂမုန်း၏ မျက်နှာက ဝင်းလက်သွားသည်။

“သူ့ကို အင်းဝဘုရင်ခံခန့်ထားတာမဟုတ်ဘူးလား..ဘာဖြစ်လို့..ဟံသာဝတီကို ပြန်ခေါ်တာလဲဟင်”

“ထိပ်ထား ဒီအကြောင်းတွေ မသိသေးဘူးလား”

“ထိပ်ထား စစ်ရေးစစ်ရာကိစ္စတွေ ဘာမှကို မသိပါဘူး...အားလုံးက ဦးရီးတော် ဦးအောင်မြပဲ စီမံနေတာလေ... ပြီးတော့ ခမည်းတော်အကြောင်းကလည်း သိတဲ့အတိုင်းပဲ..ကျန်းမာရေးမကောင်းတာကို ကျွန်ရင်းတွေ..ကိုယ်လုပ်မောင်းမတွေ ပြုစုတာမခံပဲ...မိသားစုဝင်တွေ ပြုစုတာကိုပဲ လက်ခံတာ. ..အမတော်သီရိကလည်း ဗိုလ်မင်းစောဖြန့်အတူ ထားဝယ်ကြောင်းမှာ ပါသွားတော့...မယ်မယ်နဲ့ ထိပ်ထားပဲ ခမည်းတော်ဘေးမှာ တလှည့်စီ ပြုစုနေကြရင်း..နန်းတော်ထဲ ဘာတွေဖြစ်မှန်းတောင်မသိပါဘူး”

“အင်း....တလပန်းက အင်းဝကို အုပ်ချုပ်တဲ့နေရာမှာ အစီအရင်ပေါ့လျော့တဲ့အတွက် ဥပရာဇာအမိန့်နဲ့ ဟံသာဝတီကို ပြန်ခေါ်လိုက်တာပါ..ထိပ်ထား”

“သြော်...ဒါဆို...သူဟံသာဝတီကို ပြန်လာတော့မယ်ပေါ့”

ဂမုန်း၏ အသံ က မျှော်လင့်ချက်အပြည့်ဖြင့်။

.....

အမွှေးဖားဖားဖြင့် ဥရောပအမျိုးအစားခွေးကြီး နှစ်ကောင် က အချင်းချင်း လုံးထွေး ဆော့ကစားနေကြသည်။

ဥပရာဇာဦးအောင်မြ က မြင်ကွင်းကို ကြည့်ရင်း သဘောကျနေ၏။

နဘေးတွင် ထိုင်နေသော ဘရှုနို က ဘရန်ဒီကို ဖန်ခွက်ထဲ ငှဲ့ထည့်ပြီး ဥပရာဇာထံသို့ လက်နှစ်ဖက်ဖြင့် ကမ်းပေးလိုက်သည်။

“ဒီကောင်ကြီးတွေက အမဲလိုက်ရင်လည်း အင်မတန်အားကိုးရတယ်ဆို...မောင်မင်း”

“မှန်ပါ...ပရပ်ရှားပြည်က အမဲလိုက်မုဆိုးတွေ အတွက်တော့..ဒီခွေးကြီးတွေက တန်ဖိုးအလွန်ကြီးမားကြပါတယ်... သမင်ကြီးတွေကိုတောင် အမဲလိုက်နိုင်ကြပါတယ်”

“အိမ်း..စစ်တောင်းဘက် တောကစားတဲ့အခါ...သင်းတို့ အစွမ်းကို ကြည့်ကြတာပေါ့..ဘရှုနို...မောင်မင်း ကိုလည်း ဒီလက်ဆောင်တွေအတွက် ကျေးဇူးတင်ပါရဲ့”

“မှန်ပါ...အိမ်ရှေ့ဥပရာဇာရဲ့ ကျေးဇူးတော်တွေက ကျွန်တော်မျိုးအပေါ် ပိုများလှပါတယ်...ပုသိမ်မှာ ရေတပ်စခန်းဆောက်ခွင့် ကိစ္စနဲ့ ပတ်သက်လို့..ဥပရာဇာရဲ့

သဘောထားကို သိရလို့...ပွန်ဒီချယ်ရီက ဘုရင်ခံမင်းမြတ်က ကျွန်တော်မျိုး အပေါ်ကို အတော်လေးကို အားရကျေနပ်လျက်ရှိပါတယ်.."

ထို့စဉ် ဖြေတိုက်နာခံတော်အရာရှိ ဝင်လာသဖြင့် ပြောလက်စ စကားကို ရပ်တန့်လိုက်ကြသည်။

"ဘာများထူးသလဲ..မောင်မင်း"

"ရွှေနန်းတော်တွင်း ဘုန်းတော်ကြီးဘုရားရဲ့အမိန့်တော် ကို ဖြေတိုက်စာရေးကြီးမှ တဆင့် ဖြန့်ဝေပေးတာပါ..ဘုရား"

"ကမ်းစမ်း...ဘာအမိန့်များလဲ"

ရွှေအနားချထားသော ထန်းရွက်ဖူးအမိန့်စာကို ဥပရာဇာ က သေချာဖတ်လိုက်သည်။

ထို့နောက် အတန်ကြာစဉ်းစားနေ၏။

"ကိုဇာနီကော့ဗ်"

အောက်ဘက်မြက်ခင်းတွင် ထိုင်လျက် ခစားနေသည့် အာမေးနီးယန်းလူမျိုး ကိုဇာနီကော့ဗ် က ဘုရားထူးလိုက်သည်။

"ငါနောင်တော်ကြီးကတော့..ဂယောင်ချောက်ချားတွေလုပ်နေပြီ...အင်းဝဘုရင်ရဲ့ အိမ်နမ့်ခြံဝန်းထဲ အိမ်တွေ ဆောက်ခွင့်ပြုထားတယ်...အင်းဝကပါလာတဲ့ မြို့ကြီးမင်းသမီး နဲ့အတူ လွီဇာကပါ တဲ့ဖက်ကွပ်ကဲစီမံပေးရမယ်တဲ့.. ဆိုတော့... မောင်းမင်းနဲ့ လွီဇာ က ပွန်ဒီချယ်ရီကို သံတမန်အဖြစ် အတူသွားခဲ့တာဆိုတော့..ရင်းနှီးရင်းစွဲရှိကြတယ်... မကြာခင်..လွီဇာပြန်လာတဲ့အခါ..လွီဇာဆီ ချဉ်းကပ်ပြီး အင်းဝအိမ်နမ့်စံတွေရဲ့လှုပ်ရှားမှုကို ရသလောက်စုံစမ်းပါ...မြို့ကြီးမင်းသမီးဆိုတာ..ဟိုတရက်က ငါကို ဆတ်ဆတ်ထိမခံပြန်ပြောတဲ့ မင်းသမီးပဲ..ဒီကိစ္စဟာ..သွေးရိုးသားရိုးတော့မဟုတ်နိုင်ဘူး..နောက်ကွယ်မှာ အကြံအစည် တစ်ခုခုရှိနေလိမ့်မယ်လို့ ငါထင်တယ်"

.....
.....

"ဝုန်း"

"ဟ..ဘာလဲဟ"

မုဆိုးဖို့ထန်းလုံးတပ်တံခါးဆီမှ ဒုံးစိုင်းဝင်လာသော မြင်းနှစ်စီးကြောင့် အားလုံး အလန့်တကြားဖြစ်ကုန်ကြသည်။

မြင်းပေါ်တွင်ပါလာသူတစ်ဦးမှာ သျှောင်ထုံးနှင့်မဟုတ်ပဲ..မွန်ဆံဖြတ်ထားသည်။ ဟံသာဝတီစစ်သူကြီးဝတ်စုံကို ဝတ်ဆင်ထား၏။

သူနောက်မှ ပါလာသော လူငယ်မှာလည်း သေနတ်အရှည်တလက်ကို လက်တစ်ဖက်ဖြင့် ကိုင်လာသည်။

တဲကန္နားကျယ်ကြီးတွင် စကားပြောနေကြသော ဦးစည်းစိမ်၊ ငတွန်၊ငကောင်းနှင့် မောင်လောက်တို့ က လှံများကို ကိုင်ကာ အလန့်တကြားထရပ်လိုက်ကြ၏။

“ဟေ့...ရပ်စမ်း..ရပ်စမ်း”

“ဟား..ဟား..ဟား...လန့်သွားကြသလားဗျိုး...ကျုပ်ပါဗျ..ကျုပ်..မောင်ရွှေပါ..ဟားဟား”

သျှောင်ထုံးမပါ မွန်ဆံဖြတ်ဆံပင်ဖြင့် မောင်ရွှေ။

ဟံသာဝတီစစ်သူကြီးအဆင့် ဝတ်စုံကို ကပိုကယို ဝတ်ထားသော မောင်ရွှေ။

သူနောက်တွင် ဘရင်ဂျိလူငယ်တစ်ဦးကလည်း ပြင်သစ်လုပ်သေနတ်အရှည်ဖြင့်။

“မင်း ဘယ်လိုဖြစ်လာတာလဲ..မောင်ရွှေ..မတော်..ကင်းတပ်က ဟံသာဝတီစစ်ဗိုလ်ထင်ပြီး လှမ်းပစ်မှ သေနေမယ်”

ဦးစည်းစိမ်က ကွမ်းတဝါးဝါးဖြင့် ဆဲဆိုကာ လျှောက်သွား၏။

“မင်း...ဆံပင်တွေဖြတ်လိုက်တယ်..ဟုတ်လား..ဘာတွေ လျှောက်လုပ်လာတာလဲ”

“ကျွန်တော် အင်းဝက ပြန်လာတာ..ဘကြီးတော်ရ...ဟားဟား”

“အင်းဝက ဟုတ်လား..မင်းကို ဘယ်သူက အင်းဝ ပေးသွားလို့လဲ”

“အင်းဝကို သွားရှုံမကဘူး...ဒီမှာ ဧရာဝတီမြစ်ထဲ ရေဆင်းကူးနေတဲ့ ဟံသာဝတီစစ်သူကြီးရဲ့ဝတ်စုံကို ပါ ခိုးလာသေးတာ..ဟားဟား..ဟေ့..မောင်ဂျိုး ဟိုလူကြီး

တော့..မြဲစ်ထဲကိုယ်လုံးတီးကြီးနဲ့ ပြဲန်တက်လာပြီး အဝတ်မပါ..နေပူပူမှာ..မြင်ယောင်နေတုန်းကွာ..ဟားဟား"

ထိုအချိန်တွင် တဲကန္နားအနောက်ဘက်မှ လက်ပိုက်လျက်ကြည့်နေသော ဖခင်ဖြစ်သူ အောင်ဇေယျကို မြင်သဖြင့် မောင်ရွှ မှာ မျက်နှာပိုးသတ်သွားသည်။

အောင်ဇေယျ မျက်နှာက တင်းမာနေသဖြင့် မောင်ရွှမှာ လက်အုပ်ချီလက်မြေပြင်တွင် ဒူးတုပ်ထိုင်လိုက်သည်။

မောင်ရွှနှင့် ပါလာသော လူငယ်မှာ လက်များပင် တဆတ်ဆတ်တုန်နေ၏။

"မင်း...ကို..ငါ စနည်းနာလွတ်လိုက်တာ..စစ်ကိုင်းကိုပါ...မောင်ရွှ..ဘာကိစ္စ အင်းဝအထိ ကူးသွားရတာလဲ..ပြီးတော့..မင်းသျှောင်ထုံး..ဘယ်မလဲ..မင်းကို တလပန်းတပ်တွေက မွန်ဆံဖြတ်ပစ်တာ ခံလာရတာလား....ငါ..တယ်"

"မဟုတ်ပါဘူး...သားတော် တင်လျှောက်ပါရစေ"

လွန်ခဲ့သော လေးရက်။

စစ်ကိုင်းတွင်ရှိနေသော ဟံသာဝတီတပ်အားလုံး ရုတ်သိမ်းပြီး အင်းဝဘက်ကမ်းသို့ ပြန်ကူးသွားပြီဆိုသည့် သတင်းက ပျံ့နှံ့လာသည်။

ထိုသတင်းကို အတည်ပြုပေးမည်ဟုဆိုကာ မောင်ရွှ က ဖခင်ကို ခွင့်တောင်းပြီး စစ်ကိုင်းသို့ မြင်းဖြင့် တက်သွားခဲ့၏။

ဂုဏ္ဍာအိမ်ရန်ကြောင့် စစ်ကိုင်းတွင်တိမ်းရှောင်နေသော မတ္တရာမြို့စာရေးကြီး၏ သားမှာ မောင်ရွှ နှင့် သူငယ်ချင်းများဖြစ်ကြသည်။

ထိုအိမ်တွင် ယခင်အင်းဝစစ်တပ်အမှုထမ်း ဂျိုးဇက်ဒီဆေးဗား နှင့် မောင်ရွှ တို့ ဆုံတွေ့ကြသည်။

"မောင်ရွှ..မင်းအဖ ဆီမှာ အမှုတော်ထမ်းချင်တယ်ဆိုပြီး ရောက်နေတဲ့ ဗရင်ဂျီသေနတ်စု က မောင်ဂျိုး တဲ့ကွ... မင်းပြန်ရင် သူ့ကို ခေါ်သွားချည်"

မောင်ရွှ က သူ့ထက် အသက်အနည်းငယ်သာ ကြီးဟန် တူသော ပေါ်တူဂီလူငယ်ကို မောင်ရွှက သေချာ အကဲခတ်လိုက်သည်။

"မင်း...ငါ့အဖဆီ စစ်မှုထမ်းချင်တယ်ဆိုတော့..သတ္တိရော..တကယ်ရှိရဲ့လား..ငါ့လူ"

“ကျုပ်တို့က အင်းဝဘုရင့်တပ်မှာ မျိုးရိုးစဉ်ဆက်အမှုထမ်းခံသူတွေပါ...ကျုပ်အဖေက သေနတ်စုဗိုလ်ပက်ဒရို ဆိုတာပဲ”

“အေး..ငါ့အဖေကလည်း မုဆိုးဖိုက ရှင်ဘုရင်လောင်းအောင်ဇေယျကွ...အဖေတွေ သတ္တိရှိတိုင်း သားတွေက လုပ်ဝံ့ကိုင်ဝံ့တယ်လို့ ဘယ်နှယ့်မှတ်ယူရမလဲ”

“ခင်ဗျား...ဘာခိုင်းချင်လဲ...ပြောလေ..ကျုပ်ဘာလုပ်ရမလဲ”

“အင်းဝဘက်ကမ်းမှာ ဟံသာဝတီတပ်တွေရှိတယ်..အဲ့ဒီကို ငါနဲ့အတူ ကူးသွားရဲလား”

“ဟာ..သိပ်ရတာပေါ့”

“ဟေ့..ဟေ့..မင်းစည်သာမင်းကြီးတူလေး မဟုတ်လား....မလုပ်နဲ့..မလုပ်နဲ့..ဟိုဘက်ကိုသွားရင်... မင်းတို့ကို မွန်ဆံဖြတ်ကြလိမ့်မယ်....ဆံမဖြတ်ရင် ခေါင်းဖြတ်သတ်တယ်ဆိုလား..မလုပ်ကြပါနဲ့ကွယ်”

မတ္တရာမြို့စာရေးကြီးက လူငယ်များစကားကိုနားထောင်နေရာမှာ စိုးရိမ်တကြီးဝင်ပြောသည်။

“မွန်ဆံမဖြတ်ရင် ခေါင်းဖြတ်သတ်တာ တကယ်လား ဦးရီး”

“အေးကွ..ဟုတ်တယ်ဆို”

“ဒါဆို..ဦးရီး..မွန်ဆံဖြတ်တာဘယ်လိုဆိုတာ သိလား”

“သိပါ့ကွာ”

“ဒါဆို..ကျုပ်တို့ နှစ်ယောက်လုံးကို မွန်ဆံဖြတ်ပေးဗျာ...ပြီးရင် အင်းဝဘက်ကူးမယ်”

“ဟာ..ဒီကောင်လေးတွေတော့”

“ရတယ်..ဦးရီး မဖြတ်ပေးလည်း...စစ်ကိုင်းထဲ ဆတ္တာသည်ရှာပြီး ဖြတ်မယ်..လာ..သွားကြမယ်”

“အံမယ်လေး..ငါ့သားတော့ ခေါ်မသွားပါနဲ့ မောင်..မင်းတို့ဟာမင်းတို့ သွားကြ..သွားကြ”

မောင်ရွက ဂျိုးဇက်ကို ခေါ်လျက် ထွက်လာခဲ့သည်။

.....

အင်းဝမီးသွေးတိုက်ဆိပ်ကမ်းကို အင်းဝသားများဖြင့် ပြန်လည်တည်ဆောက်နေကြသည်။

ဟံသာဝတီအရာရှိအချို့က ကွပ်ကဲနေကြပြီး ဟံသာဝတီစစ်သားများက သေနတ်ကိုယ်စီဖြင့် ဟိုတစ်စု ဒီတစ်စု။

ဆိပ်ကမ်းတည်ဆောက်ရေးကို ကြီးကြပ်နေသော ဟံသာဝတီဗိုလ်မှူး ဗညားတောသည် ကိုယ်ရံစစ်သည်နှစ်ဦးကို ခေါ်လျက် ခပ်လှမ်းလှမ်းမြစ်ဆိပ်ဆီသို့ ဆင်းလာသည်။

ထို့နောက် သူ၏ စစ်သူကြီးဝတ်စုံများကို ချွတ်လိုက်၏။ ထို့နောက် သေနတ်ကိုင်အစောင့်နှစ်ယောက်ထံ ဝတ်စုံများကို ထားကာ မြစ်ထဲသို့ ဆင်းကာ ရေကူးနေသည်။

သေနတ်ကိုင်အစောင့်နှစ်ဦးမှာ နေရိပ်ရာ သစ်ပင်ကြီးအောက်တွင် ထိုင်လျက် စောင့်နေကြ၏။

ထိုစဉ် မွန်ဆံဖြတ်ထားသော လူငယ်နှစ်ဦးမှာ မြစ်ဆိပ်မှ တက်လာကြသည်။

နှစ်ဦးလုံးမှာ ထမ်းပိုးကိုယ်စီ..အထမ်းကိုယ်စီဖြင့်။

သစ်ပင်ကြီး၏ တစ်ဖက်တစ်ချက်တွင် အထမ်းကို ချကာ ထိုင်လိုက်ကြသည်။

“ဗိုလ်မင်းတို့ခင်ဗျာ..အင်းဝမြို့တံခါးက ဘယ်အချိန်များ ပိတ်တာများလဲ”

“မင်းတို့က စစ်ကိုင်းက လာကြတာလား”

“ဟုတ်ပါတယ်...ပျားရည်ကောင်းကောင်းရလာလို့ ဒီဘက် လာရောင်းကြတာပဲ”

“အေး...မြို့တံခါးကတော့ အခုရက်ပိုင်း စောစောပိတ်တယ်..မင်းတို့ မြို့ထဲ ညမအိပ်ရင် စောစောပြန်ထွက်ကြပေါ့”

“အရင်တစ်ခေါက်ကတော့ ညဉ့်ဦးပိုင်းအထိ ဖွင့်တယ်မဟုတ်လား..ဗိုလ်မင်း”

“ဟေ့ကောင်ရေ...အရင်က တလပန်းအမိန့်..အခု တလပန်းကြီးက မရှိတော့ပြန်ဘူး...တောင်ငူငွေခွန်ဝန်နဲ့ ခင်ဦးစားဆိုတလား..အဲ့ဒီဗိုလ်တွေ့ အမိန့် အတိုင်း အစောပိတ်နေရတာဟေ့..ဟိုမှာတွေ့လား..တို့တပ်မှူးတောင်.. အရင်က ညနေမှ ရေချိုးဆင်းတာ..အခု ဒီအချိန် ချိုးနေတာပဲကြည့်.”

မြစ်လယ်တွင် လွတ်လပ်စွာရေကူးနေသော ဗညားတောကို ခပ်ရေးရေးမြင်ရသည်။

“သြော်....အဲ့ဒါ ခင်ဗျားတို့ တပ်မှူးလား”

မောင်ရွှေက တောင်းမှ ထမ်းပိုးကို ဖြုတ်လိုက်သည်။

ထို့နောက်...ဂျိုးဇက် ကို မျက်ရိပ်ပြလိုက်၏။

“ဝုန်း”

“ဖြောင်း..ဖြောင်း..ဖြောင်း”

မောင်ရွှေနှင့် ဂျိုးဇက်တို့က ဟံသာဝတီစစ်သည်နှစ်ဦး၏ ခေါင်းတည့်တည့်နှင့် လည်ပင်းရိုးများကို ထမ်းပိုးဖြင့် အချက်ပေါင်းများစွာ ဝင်ရိုက်ကြသည်။

အလစ်အငိုက်အခြေအနေမို့ သေနတ်ကိုင်စစ်သားများမှာ နေရာတွင်ပင် အသက်ပျောက်သွားကြ၏။

“ဟေ့..ဒါ ဒင်းတို့ တပ်မှူးဝတ်စုံပဲကွ”

မောင်ရွှေ က တပ်မှူးဝတ်စုံကို လုံးထွေးယူကာ စစ်ကိုင်းဘက်မှ ငှားလာသော လှေထဲသို့ ဆင်းပြေးကြတော့သည်။

.....
.....

အဖြစကားအဆုံးတွင် မောင်ရွှေက ဖခင်ဖြစ်သူကို မော့ကြည့်လိုက်သည်။

အောင်ဇေယျ ၏ အကြည့်စူးစူးကြောင့် ခေါင်းပြန်ငုံ့လိုက်၏။

“ဟိတ်ကောင်...ခေါင်းမငုံနဲ့..ငါ့ကို သေချာကြည့်”

မောင်ရွှေ ခေါင်းပြန်မော့လာသည်။

“မင်း စစ်ကိုင်းကို မသွားခင်က....ကင်းထောက်ရုံပဲသွား...ဟံသာဝတီတပ်တွေ ကို.တခြား ထိကပါး ရိကပါး ဘာမှ မလုပ်လာနဲ့လို့..ငါ မမှာလိုက်ဘူးလား”

မောင်ရွှက ပြန်မဖြေ။

“မင်းမှာ အပြစ်မရှိဘူးလား..ရှိလား..မောင်ရွှ”

“မရှိပါဘူး..အဘ”

“မင်းအမေ့လင်မို့ မရှိရမှာလား”

“အဘ မှာလိုက်တာ ထိကပါး ရိကပါးမလုပ်ဖို့ပဲမှာလိုက်တာပါ....အခုက သားက အရေးကြီးသတင်းစုံစမ်းရင်း..ဒင်းတို့ မသက်ာဖြစ်မှာစိုးလို့..တခါတည်း အပျောက်ရှင်း”

အောင်ဇေယျက သူ့လက်ထဲမှ ဓါးအိမ်ဖြင့် မောင်ရွှ၏ ခေါင်းကို ခပ်ဆဆရိုက် လိုက်သည်။

“အေး....မင်းရလာတဲ့ သတင်းကြောင့်..မင်းသက်သာတယ်မှတ်..ခွေးကောင်လေး..ဒါနဲ့..ဟိုကောင်လေးက အင်းဝသေနတ်စုအမှုထမ်းပေါ့..ဟုတ်စ”

“မှန်ပါ”

“အေး..မောင်ကောင်းအစုဆီ အပ်နှံ့ အမှုထမ်းစေကွယ့်..သစ္စာရည်တိုက်ဖို့တော့ စည်သာမင်းကြီး က စီစဉ်လိမ့်မယ်..သွားကြတော့”

မောင်ရွှ နှင့် ဂျိုးဆက်တို့က ထွက်ခွာသွားကြသည်။

အောင်ဇေယျနှင့်အတူ မုဆိုးဖိုစစ်ခေါင်းဆောင်တစ်သိုက်ကျန်ရစ်ကြ၏။

“ခင်ဗျားတို့ကလည်း...ကျုပ်သားတွေကို သိပ်အလိုမလိုက်ကြပါနဲ့..နည်းနည်း ဝိုင်းဝန်းထိန်းပေးကြပါ..အထူးသဖြင့်..ဒီကောင် ငရွှ ကို ထိန်းပေးကြပါ”

စည်သာမင်းကြီးအပါအဝင် မြင်းရည်တက်လူယုံတော်များက ခေါင်းကိုသာ ငုံ့ ထားကြသည်။

“ဒီကောင်ရခဲ့တဲ့သတင်းအရဆို...အင်းဝနန်းတော်မှာ တလပန်းမရှိတော့ပဲ ချစ်ညီကြီး ရှိနေပုံပဲ....ဗိုလ်တွန် က ဒီသတင်းကို အင်းဝထိတက်ပြီး ရုပ်ဖျက်စုံစမ်းပေးပါ..ဒီသတင်းတကယ်ဆို..ချစ်ညီကြီးကိုသာ ကျုပ်တို့ဘက် ပါအောင်သိမ်းသွင်း

နိုင်ရင်..ကျုပ်တို့အဖို့ တအားပဲ...ချစ်ညီကြီး ဆီ ကျုပ်ကိုယ်တိုင် စာရေးပြီး လူ စေရမယ်”

အခန်း (၇)

ဖြူလွှသောအသားအရည်။ ပါးလှပ်လှပ်ခန္ဓာကိုယ်။

သူမျက်နှာတွင် ရာဇမာန်က အထင်းသား။

သို့သော်ငြား ပြုံးလိုက်သည့်အခါ ဖော်ရွေမှုက ပေါ်လွင်လာသည်။

“ကုန်သည်ကြီးမမလွိဇာကို အင်းဝနန်းတွင်းမှာရှိစဉ်ကတည်းက နန်းသွယ် မြင်ဖူးတွေ့ဖူးပါတယ်..နန်းသွယ်တို့က အဲ့ဒီတုန်းက ငယ်သေးတော့ မမလွိဇာ သတိမထားမိတာနေပါလိမ့်မယ်”

“အင်း...ဟုတ်ပါလိမ့်မယ်..မင်းသမီး...အင်းဝနန်းတော်ထဲကို ကျွန်တော်မျိုးမ ရောက်တဲ့အချိန်က နှစ်ပေါင်းများစွာ ကြာခဲ့ပြီပဲ..ဘာပဲဖြစ်ဖြစ်..ဟံသာဝတီ မှာလိုအပ်တာအားလုံးကို ကျွန်တော်မျိုးမ ကူညီဖို့ အသင့်ပါပဲ”

အမျိုးသမီးနှစ်ဦး၏ အချိန်တို့အတွင်း ရင်းနှီးသောဆက်ဆံရေးတည်ဆောက်နိုင်မှုကို လက်ျာဗိုလ်က ပြုံးလျက် ကြည့်နေသည်။

“ကဲ...ဒီလိုဆို..ကျုပ်ကို ခွင့်ပြုကြပါဦး...ဒါနဲ့..လွိဇာ...ဘုရင်မင်းမြတ်က သူ့ဆီကို သီးသန့်အခစားဝင်ဖို့ .. ပါ မိန့်လိုက်ပါတယ်”

“ဘယ်တော့ဝင်ရမယ်တဲ့လဲ”

“လောလောဆယ်တော့..ဘုရင်မင်းမြတ်က ဟိုဘက်ကမ်းက ကလျာဏီကျောင်းမှာ ရောက်နေတဲ့ ဝေါဆရာတော်ကို သွားဖူးတယ်...မနက်ဖြန် ည ညီလာခံမှာ ကျုပ်နဲ့အတူ အခစားဝင်ကြဖို့ပါ”

လက်ျာဗိုလ်က သူတို့နှစ်ဦးကို နှုတ်ဆက်ထွက်ခွာသွားသည်။

လွိဇာနှင့် နန်းသွယ်နှစ်ဦးသာ ကျန်ရစ်တော့၏။

“အဆောက်အဦတွေကို ဘယ်အချိန်လောက် စ ဆောက်ချင်တာလဲ...မင်းသမီး”

“ဖြစ်နိုင်ရင်တော့...ဒီတပတ်ထဲ စချင်ပါတယ်..ဒါပေမယ့်...အင်းဝနန်းတွင်းက ပါလာတဲ့ ကျွန်အသီးအစုတွေ နဲ့ တိုင်ပင် လုပ်ဆောင်ပါလို့..အင်းဝဘုရင်မင်းမြတ်

က မှာလိုက်ပါတယ်..ဒီတော့..နန်းသွယ်..သူတို့တွေဆီ အရင် သွားတွေ့ချင်ပါ တယ်”

“ဘယ်တော့သွားတွေ့ချင်တာလဲ”

“ဖြစ်နိုင်ရင် ဒီနေ့ပါပဲ”

လွိဇာက ခေတ္တမျှ စဉ်းစားနေသည်။

“အခုကတော့ ခဏလောက်သည်းခံပါဦး..မင်းသမီး..ကျွန်တော်မျိုးမအနေ နဲ့..ဘုရင်မင်းမြတ်ဆီ အခစားဝင်ပြီးတဲ့အခါ မင်းသမီးတို့အပေါ် မှာ ဘယ်လိုမျိုး စည်းမျဉ်းတွေနဲ့ ဆက်ဆံရမယ်..ဘယ်လောက်အထိ ခွင့်ပြုပေးရမယ်ဆိုတာ ကို...အမိန့်တော်ခံပြီးမှသာ..ဒီကိစ္စတွေကို ဆုံးဖြတ်ပေးနိုင်မှာမို့ပါ”

နန်းသွယ်၏ မျက်နှာက သိသိသာသာညှိုးကျသွားသည်။

“မမလွိဇာ...နန်းသွယ် တစ်ခု ဝန်ခံချင်တယ်”

“ဘာကိုများလဲ..မင်းသမီး”

“နန်းသွယ်ဒီတာဝန်ကို ယူလိုက်တာဟာ...တခြားမဟုတ်ပါဘူး..နန်းသွယ်ရဲ့ ရည်းစားနဲ့ ဆက်သွယ်ခွင့်ရချင်တာပါ..သူက အင်းဝတပ်က သာမန်အမှုထမ်းတစ် ဦးပါပဲ...အင်းဝဘုရင်ရဲ့ အလုပ်အကျွေးအဖြစ်ပါလာခဲ့တာပါ..ဒါပေမယ့်..ဘုရင့် ဆွေတော်မျိုးတော်မဟုတ်တဲ့ သူတို့ကို ဘုရင့်တော်ဝင်မိသားစုတွေနဲ့ တွေ့ခွင့်မ ပေးပဲ...အိမ်နီမ်တော်ဝန်းပတ်ဝန်းကျင်မှာသာ တဲထိုးနေစေပါတယ်..နန်းသွယ် သူ နဲ့ တွေ့ချင်လို့ပါ...နန်းသွယ်ကို ကူညီပါ”

နန်းသွယ်၏ အသနားခံသည့်အကြည့်တို့ကြောင့် လွိဇာ မှာ အနည်းငယ်တွေဝေ သွား၏။

“မင်းသမီး နဲ့ သာမန်အမှုထမ်းတစ်ဦး ချစ်ကြိုက်ကြတယ်ဆိုတာ..အန္တရာယ်ကြီး လွန်းမနေဘူးလား”

“အင်းဝနန်းတော်ထဲမှာ ဟိုးငယ်ငယ်ကတည်းက နန်းသွယ်တို့ချင်း ရည်ငံနေကြ တာပါ..ဒါပေမယ့်...အဲ့ဒီတုန်းကလည်း နန်းတော်ထဲမှာ အဆင့်ချင်းကမတူ..သူ့ အပေါ် မင်းဒဏ်သင့်ခံရမှာလည်းစိုးနဲ့..နန်းသွယ်တို့မှာ ခိုးကြောင်ခိုးဝှက်ပဲတွေ့ခွင့် ရခဲ့တာပါ...အခု ဒီရောက်တော့လည်း...သူပါလာတာသိပေမယ့်..နန်းသွယ်တို့

တွေ့ခွင့်မသာခဲ့ဘူး..ဒီဟံသာဝတီမှာ နန်းသွယ်တို့ ဘဝက ဘယ်တော့ ကွပ်မျက်ခံရမလဲဆိုတာလည်း မရေရာတဲ့ဘဝမို့..နန်းသွယ်မသေခင်လေး..သူ့ကိုတွေ့ချင်”

“တော်ပါတော့..မင်းသမီး..ဆက်မပြောပါနဲ့တော့..ကျွန်တော်မျိုးမ မင်းသမီးကို ကိုယ်ချင်းစာပါတယ်...ကျွန်တော်မျိုးမ သူနဲ့ တွေ့ဖို့ ကူညီပါ့မယ်...သူနာမည်က ဘယ်သူများလဲ”

“နန္ဒဝေ လို့ ခေါ်ပါတယ်”

“နန္ဒဝေ...ဒီနာမည် ကျွန်တော်မျိုးမ တစ်နေရာရာမှာ ကြားဖူးနေသလိုပဲ”

“နန်းသွယ်ရဲ့ အမတော် လင်းဇင်းမိဖုရားဆီမှာ အမှုထမ်းအစုကဆိုတော့...မမလွိဇာ နန်းတွင်းကို ဝင်ထွက်ချိန်က ကြားဖူးသိဖူးတာနေမှာပါ”

“ကဲ.ဟုတ်မှာပါ....ဒါဆို အခု အိမ်တော်ထဲကို ပြန်မဝင်ခင်...ကျွန်တော်မျိုးမ လှည်းနဲ့ အင်းဝအစုသားတွေဆီ ခေါသွားပေးမယ်...အချိန်တော့အများကြီးမရပါဘူး”

“ကျေးဇူးတင်ပါတယ်..မမလွိဇာရယ်”

.....

“ကဲ....စကားပြောစရာရှိတာ မြန်မြန်ပြောပြီး..ပြန်လာခဲ့ပါ..မင်းသမီး..ကျွန်တော်မျိုးမ ဒီကပဲ စောင့်နေပါ့မယ်.. မင်းသမီးကို ကျွန်တော်မျိုးမ ယုံကြည်ပါရစေ”

နန်းသွယ်က လှည်းပေါ်မှ ဆင်းပြီး တဲတန်းစုဆီသို့ ခပ်သွက်သွက်လျှောက်သွား၏။

နန်းသွယ်ဝင်လာသည်ကို မြင်သည်နှင့် အင်းဝသူအင်းဝသားအချို့မှာ တအံ့တသြဖြစ်သွားကြသည်။

အချို့က ချက်ချင်းဒူးတုတ်ကာ ရှိခိုးလိုက်ကြ၏။

“မမဖုရား..ဘယ်လိုများ ကြွချီလာတာလဲ..ဘုရား”

“နန္ဒဝေ..ဘယ်မှာလဲ...သူ့ဆီ ငါ့ကို မြန်မြန်ဦးနန်ကြစမ်း”

“ဟိုးနောက်မှာ ခြင်းဝိုင်းမှာပါ...မမဖုရား..ကျွန်တော်မျိုး လိုက်ဦးနန်ပြပါ့မယ်”

အင်းဝသုံ့ပန်းလူငယ်တို့၏ ခြဲခင်းဝိုင်းနှင့် မလှမ်းကမ်းတွင် နန်းသွယ်က မတ်တပ်ရပ်လိုက်သည်။

လမ်းညွှန်ပြသူက ခြင်းဝိုင်းအတွင်းဝင်သွားပြီး တစုံတစ်ခု ပြောလိုက်၏။

ခဏအကြာတွင် နန္ဒဝေက ခါးတောင်းကျိုက်ပင်မဖြုတ်ပဲ အပြေးထွက်လာပြီး မင်းသမီး၏ ခြေရင်းတွင် ဒူးတုပ်ကာ ခစားလိုက်သည်။

“မမဖုရား....ဘယ်လိုများ ထွက်လာတာလဲ..ဘုရား”

“ဟဲ့..နန္ဒဝေ...စကားတွေ အများကြီးမပြောချင်ဘူး....နင့်လူတွေ အခြေအနေ ဘယ့်နှယ့်ရှိစ”

“အချို့လည်း ဟံသာဝတီကခိုးထွက်ပြီး..ကိုးသိန်းသခင် ဆီ ခိုဝင်ဖို့ သွားဖို့ စီစဉ်နေကြပါပြီ”

“အေး...ကိုးသိန်းသခင်က ဘယ်မှာတဲ့လဲ”

“ယောနယ်ဘက်ခြမ်းက ပိုနိမ့်ပိုမြင့်အရပ်မှာ..အင်းဝနေပြည်တော်က ထွက်ပြေးလာတဲ့ သူရဲသူခက်များကို စုဆောင်းနေတယ်လို့ သတင်းရပါတယ်”

“ဒီစာချွန်က မြောက်နန်းမတော် လင်ဇင်းမိဖုရားကိုယ်တိုင်ရေးထားတာပဲ...ကိုးသိန်းသခင် ဆီ ရောက်အောင် ပို့ပေးဖို့ မောင်မင်း တာဝန်ယူနိုင်မလား”

“မှန်ပါ....အင်းဝရွှေနန်းရှင်အတွက် ကျွန်တော်မျိုးအသက်ကို ပေးပြီးသားပါ”

“မပေါက်စေ မကြားစေနဲ့...နင်နဲ့ငါ နှစ်ဦးပဲ ဒီသတင်းစကားသိစေနော်..မောင်မင်း..နောက်တပတ်မှာ ငါအခြေအနေ လာမေးဦးမယ်”

“မှန်ပါ”

“ကဲ..ငါ သွားပြီ”

နန်းသွယ်က လာရာလမ်းအတိုင်းခပ်သွက်သွက်ပြန်လှမ်းလာသည်။

လမ်းသွားရင်း သူမ၏ မျက်လုံးအား လက်နှစ်ဖက်ဖြင့် ပွတ်ချေလိုက်၏။

“မင်းသမီး....တွေ့ခဲ့ရဲ့လား”

မျက်လုံးများမို့အစ်နီရဲနေသော နန်းသွယ်ကို လွိဇာက ကြည့်ရင်း မေးလိုက်သည်။

“အင်း....နန်းသွယ်..စိတ်ထဲ ဝမ်းနည်းဝမ်းသာကြီး...မမလွိဇာရယ်..ကျေးဇူးလည်း တင်ပါတယ်”

“ကျွန်တော်မျိုးမ နားလည်ပါတယ်...ကဲ...လာ..အချိန်လင့်နေပြီ..မင်သမီးရဲ့အိမ်တော်ဆီ ပြန်ပို့ပေးမယ်”

.....

ဗညားဒလဦးအောင်လှ က သလွန်ပေါ်တွင် ထိုင်နေသည်။

ရှေ့တွင် ခစားသူမှာ လွိဇာ နှင့် လက်ျာဗိုလ် တို့သာ ရှိနေ၏။

“လွိဇာ..အခု..မင်းရော...တလပန်းရော..ဟံသာဝတီမှာ ရှိနေပြီဆိုလို့ ကျုပ် စိတ်တစ်ခုအေးရပါတယ်”

“မှန်ပါ”

“ပြင်သစ်သံ ဘရူနို ဟာ ကျုပ်ဆီ အခစားမဝင်တာကြာပြီ..ကိစ္စအချို့ကို ညီတော် ဥပရာဇာနဲ့ပဲ လွှဲထားတော့ သူတို့ချင်းသာ ပြီးပြတ်ကြတယ်ထင်ရဲ့...လွိဇာ ပြန်လာပြီဆိုတော့ ပြင်သစ်နဲ့ ပတ်သက်တဲ့ အချို့ကိစ္စတွေ ကျုပ်တို့ ပြန် တိုင်ပင်လို့ ရတာပ..ဒါနဲ့...ဗရင်ဂျီရွာကလူတွေရော..ဘယ်တော့လောက် ဟံသာဝတီကို ရောက်မလဲ”

ဦးအောင်လှ အမေးကြောင့် လွိဇာ၏ မျက်နှာပျက်သွားသည်။

“သူတို့....သူတို့...အင်းဝကနေ..ဘယ်ကိုမှ မသွားနိုင်ပါဘူးတဲ့...ဘုရင်မင်းမြတ်”

“ဟေ”

“သူတို့က သူတို့ကိုယ်သူတို့..အင်းဝသားတွေအဖြစ်ခံယူလိုက်ကြပါပြီ”

“အင်း...ဖြစ်ရလေ..လွိဇာရယ်..ဒီတော့..မင်းဘာဆက်လုပ်မလဲ”

“ကျွန်တော်မျိုးမ...ကတော့ ကျွန်တော်မျိုးမ ဘိုးဘွားတွေရဲ့ဇာတိမြေ ကို ရအောင် ပြန်ပါ့မယ်”

“အင်း...ပြဲန်မယ်ဆိုတာလည်း ကျုပ်မတားပါဘူး..ဒါပေမယ့်...အင်းဝကို အပြီးသတ် ပိုပြားအောင် မထိန်းနိုင်သေး သ၍ ဒီဟံသာဝတီနန်းတွင်းထဲမှာ လွိဇာကို ရှိနေစေချင်တယ်...ဒီထီးဒီနန်းက ကျုပ်တို့တွေ အတူတကွ ထူထောင်ခဲ့ကြတာမဟုတ်လား.. ကျုပ်မှာ အသက်အရွယ်ကရလာပြီဆိုတော့..ကျန်းမာရေးကလည်း သိပ်မကောင်းဘူး....စစ်ရေး၊အုပ်ချုပ်ရေးကိစ္စတွေအားလုံးနီးပါး ညီတော်ဥပရာဇာကို လွှဲထားရတာဆိုတော့..တချို့ကိစ္စတွေမှာ..အနီးအနားမှာ ကိုယ့်လူရင်းတွေ ရှိနေစေချင်သေးတယ်”

“မှန်ပါ..ကျွန်တော်မျိုးမမှာ မိသားစုရယ်လို့မရှိပါဘူး..ဘုရင်မင်းမြတ်ရဲ့မိသားစုကို သာ ကိုယ့်မိကိုယ့်ဖ လို ခင်တွယ်နေရတာမို့...မစိုးရိမ်ပါနဲ့..ဘုရား”

“အင်း...နောက်.အင်းဝဘုရင်မိသားစုနဲ့ ပတ်သတ်လို့လည်း လက်ျာဗိုလ်နဲ့ လွိဇာတို့ နှစ်ယောက်က သေချာလေး ကြည့်ရှုပေးပါ....ဥပရာဇာ ရဲ့သဘောကတော့...သူတို့ကို ကြာကြာမထားချင်ဘူး..ဒါပေမယ့်..ကျုပ်သဘောက ဖြင့်..အင်းဝက ဗမာတွေစိတ်ထဲ သူတို့ဘုရင်ကို ကျုပ်က သဘောထားကြီးစွာ အမိန့်နဲ့ နေထိုင်ခွင့်ပေးထားတယ်ဆိုတဲ့ အချက်ကို ရှိနေစေဖို့ လိုအပ်တယ်လို့ထင်ပါတယ်..ဒါကြောင့် သူတို့နဲ့ပတ်သက်တာကို မဖြစ်သင့်တာတွေ၊ ဖြစ်သင့်တာတွေ အားလုံးကို လွိဇာနဲ့ လက်ျာဗိုလ်က အနီးကပ်နေပြီး ကျုပ်ဆီ လျှောက်တင်ပေးဖို့ပါပဲ”
“မှန်ပါ..စိတ်ချတော်မူပါ..ဘုရား”

“ကဲ...ဒီလိုဆို...ကျုပ်လည်း ခါးနာက ဒီအချိန်ဆို စလာပြီမို့.နားဦးမယ်..”

လွိဇာက ဟံသာဝတီနန်းရင်ပြင်အတိုင်း လျှောက်လှမ်းလာသည်။

ကညင်ဆီမီးတိုင်များ၊ ဆီမီးခွက်များဖြင့် လင်းနေသော နန်းဆောင်အသီးအသီးကို ဖြတ်ကျော်လာ၏။

“ဟိတ်..မမလွိဇာ”

တစုံတယောက်အသံကြောင့် လွိဇာက လှည့်ကြည့်လိုက်သည်။

“နင်တို့ ဒီနား သင့်တော်ရာမှာ ခစားနေခဲ့..ငါ မမလွိဇာနဲ့ ဥယျာဉ်ထဲ စကားပြောစရာရှိလို့”

ဂမုန်းက သူနှင့်အတူပါလာသော အပျိုတော်များကို အမိန့်ပေးလိုက်သည်။

သူ့ထံသို့ လှမ်းလာသော ဂမုန်းကို လွိဇာက လက်အုပ်ချီလိုက်၏။

“ကဲ..လုပ်မနေပါနဲ့..လာ..စကားတွေပြောစရာရှိတယ်”

ဂမုန်းက လွိဇာ၏ လက်မောင်းကို တွဲခိုကာ ဥယျာဉ်တော်ဘက်ဆီသို့ ဆွဲခေါ်သွား၏။

ပဲခူးမြစ်မှ သွယ်တန်းထားသော တူးမြောင်းရေသည် လရောင်အောက်တွင် ကြည်ကြည်လင်လင် စီးဆင်းနေသည်။

“အင်းဝမှာ မောင်ကြီးငတ္တန်နဲ့တွေ့ပြီး....အိမ်ထောင်ရက်သားတွေဘာတွေကျနေပြီလားလို့...မမလွိဇာရယ်”

ဂမုန်း၏ ကျိစယ်စကားကို လွိဇာက ပြုံးရုံသာပြုံးလိုက်သည်။

“ဘယ့်နယ့်..ဒီနေ့ တယ်ရွှင်မြူးနေပါ့လား...ဂမုန်း..တလပန်း ပြန်ရောက်လာလို့ ထင်ရဲ့”

“ခိ..အဲ့ဒါထက် ပိုထူးတာ မမလွိဇာကို ပြောပြစရာရှိလို့”

“ဘာလဲ..ဂမုန်းရဲ့”

“မနက်က ခမည်းတော်က ကလျာဏီကျောင်းမှာ ဝေါဆရာတော်ကို သွားဖူးတာ သိတယ်ဟုတ်”

“သိပ”

“အဲ့ဒီကို ဟိုလူကြီးလည်း ပါသွားတယ်”

“ဘယ်လူကြီးတုန်း..ဂမုန်းရဲ့”

“တလပန်းလေ..”

“အင်း..အဲ့ဒါဘာဖြစ်လဲ”

“ခမည်းတော်က ဝေါဆရာတော်ရှေ့မှာ ကတိပေးခဲ့သတဲ့....သူအပေါ် ဘယ်လို အခြေအနေမျိုးမှာမဆို သစ္စာရှိပါ့မယ်ဆိုရင်...ဂမုန်းကို တလပန်းနဲ့ ထိမ်းမြားပေးမယ်တဲ့”

“ဟေ..တကယ်လား..ဂမုန်းရဲ့”

“တကယ်ပါဆို...မမလွိဇာရဲ့..တကယ်..တကယ်”

ညမွေးပန်းရနံ့များနှင့်အတူ ဂမုန်း၏ အပျော် က လွိဇာကိုပါ လှိုက်မောစွာ ကူးစက်သွားစေတော့သည်။

နွေခင်းက အင်းဝမင်းသမီး နန်းသွယ် ၏ အချစ်ကိစ္စကိုပါ ပြန်လည်စဉ်းစားမိလိုက်၏။

“မမလွိဇာ...ဘာဖြစ်သွားတာလဲ..ဘာလဲ..မောင်ကြီးငတွန်ကို သတိရသွားတာလား”

“မဟုတ်ပါဘူး..ဂမုန်းရယ်..မမလွိဇာ တို့ အရွယ်က...သတိတရတွေရှိခဲ့ရင်တောင် ရင့်ကျက်မှုနဲ့ အတူ ခပ်ငေးငေးပဲ တွေးခွင့်ရှိပါတော့တယ်...သူလည်း သူ့ဘဝ နဲ့ သူ ပျော်နေလောက်ရောပေါ့”

ညသည် တိတ်ဆိတ်သည်ထက် တိတ်ဆိတ်။

နန်းတော်တွင်းမှ ဆီမီးခွက် လဲ့လဲ့ကလေးများက မှိန်တချည် လင်းတချက်။

.....
.....

“ဒီမယ်..အမိ”

အနောက်ဘက်မှ အသံကြောင့် ခင်ထော်မိ လန့်ခနဲ လှည့်ကြည့်လိုက်၏။

မထင်မှတ်ပဲ တွေ့လိုက်ရသည့် မွန်လူငယ်တစ်ဦးမို့လက်ထဲမှ ရေအိုးပင် လွတ်ကျသွားသည်။

“ခလွမ်”

“ဟာ..ဘယ်လိုဖြစ်တာလဲ..မမငယ်ငယ်ရဲ့...ကျုပ်ရုပ်က လန့်စရာကောင်းနေလို့လား..ရေတမုတ်လောက် တိုက်ဖို့ ပြောတာ”

ဆယ်ကျော်သက်အရွယ် လူငယ်က လက်ထဲတွင် တင်ကျည်းတုတ်ကို ကိုင်ထားသည်။ ကျစ်လစ်သောခန္ဓာကိုယ်တွင် ကြွက်သားအချို့က အမြောင်းမြောင်း။

“နင်..နင်...မွန်လားဟင်..မွန်လား”

ခင်ထော်မိ က မွန်ဘာသာဖြင့် မေးလိုက်သည်။

“ဟုတ်ပ..ကျုပ် မွန်လေ..အမိက ဘယ်သူလဲ”

“နင်..နင်.ဒီမုဆိုးဖိုကို ဘယ်လိုရောက်နေတာလဲ...ငါ့လို..တိုက်ပွဲမှာ ဖမ်းခံရတာလားဟင်”

လူငယ်က ခင်ထော်မိ အနီးသို့ ကပ်လာသည်။

ထို့နောက်...လက်နှစ်ဖက်ကို ချုပ်ကိုင်လိုက်၏။

“ခင်ဗျား..ဘယ်သူလဲ....မွန်သူလျှိုလား...ပြောစမ်း”

“အို..ဟဲ့အကောင်လေး..ငါ့လက်ကိုလွှတ်”

“ကျုပ်ကို ဘယ်သူထင်လို့တူန်း..ကျုပ် အလောင်းဘုရားအောင်ဇေယျရဲ့သား တော်လတ်..မောင်ရွှ ပဲ..ခင်ဗျား ဘယ်သူလဲ”

အောင်ဇေယျ၏ ဒုတိယမယား ရှင်မိငယ်ထံမှ ငယ်စဉ်ကတည်းက မွန်ဘာသာစကားကို သင်ယူထားသည့် မောင်ရွှ။

လွန်ခဲ့သည့် ရက်ကမှ မွန်ဆံဖြတ်ကာ အင်းဝတွင် ပွဲခံလာသော မောင်ရွှ။

ရွှေကြွှ၏ တဲကလေးတွင် လျှို့ဝှက်နေထိုင်နေရာမှာ ခြေထောက်အနည်းငယ် သက်သာချိန်တွင် ရေတွင်းတွင် သောက်ရေလာငင်မိသော ခင်ထော်မိ။

အမှတ်မထင် ဆုံကြလေပြီ။

“ခင်ဗျား..ဘယ်သူလဲ..မွန်သူလျှိုလား..ပြောလေ..ပြော”

“မဟုတ်ဘူး...ငါ့က ကိုရွှေကြွှ ရည်းစား”

“ဟင်..ဦးရီးရွှေကြွှ ရည်းစားဟုတ်လား...ဘယ့်နယ့်ခင်ဗျားက မွန် မဟုတ်လား”

“မဟုတ်ဘူး..မဟုတ်ဘူး”

“မညာနဲ့..ခင်ဗျား..ဗမာစကားမပြောတတ်ဘူး..ခင်ဗျား...မွန်..ခင်ဗျားကို အခုချက်ချင်း ခမည်းတော်ဆီ အပ်မယ်”

“မလုပ်ပါနဲ့...တောင်းပန်ပါတယ်...မလုပ်ပါနဲ့နော်..မင်းသားရယ်..မလုပ်ပါနဲ့”

မင်းသားရယ် ဆိုသည့် အသုံးအနှုန်းကြောင့် မောင်ရွှက ပြုံးလိုက်သည်။

“မပို့စေချင်ရင်..ခင်ဗျား ဘယ်သူလဲ..ဘယ်ကလဲ မှန်မှန်ပြော..အမိ”

“ပြောပါ့မယ်..ပြောပါ့မယ်..လက်ကိုလွှတ်ပါ”

မောင်ရွှက လက်ကို လွှတ်ပေးလိုက်၏။

ထွားကြိုင်းသန်မာသည့် ခင်ထော်မိက လက်နှစ်ဖက်ဖြင့် မောင်ရွှ၏ ခန္ဓာကိုယ်ကို အားကုန်ဖိတွန်းလိုက်သည်။

ရုတ်တရက်မို့..အနောက်ဘက်မှ ရေတွင်းထဲသို့ မောင်ရွှမှ လန်ကျသွား၏။

“ဝုန်း”

မောင်ရွှမှာ မုဆိုးဖို၏ တစ်ခုတည်းသော ရေတွင်းလေးထဲတွင် ယက်ကန်ယက်ကန်ဖြင့်။

ခဏအကြာတွင် မောင်ရွှ ရေတွင်းပေါ်သို့ ခဲရာခက်ဆစ် ပြန်တက်လာသည်။

ပတ်ဝန်းကျင်တွင် မည်သူမျှ မရှိတော့။

ခင်ထော်မိ ကွဲကျန်ခဲ့သည့် ရေအိုးကလေးတော့ ရှိနေသေးသည်။

ထိုအရာက သူကြုံခဲ့သည့် အဖြစ်အပျက်သည် တကယ်ဖြစ်ခဲ့ကြောင်း သက်သေပင်မဟုတ်လား။

မောင်ရွှ သဘောတကျ ပြုံးလိုက်တော့သည်။

.....

“ဦးရီး ရွှေကြူ”

“ဟေ့..ဘယ်သူလဲကွ”

“ကျွန်တော်ပါဗျ...မောင်ရွှ”

ရွှေကြူက တဲဝသို့ ထွက်လာသည်။

“ညကြီးမင်းကြီး..ဘာများလဲ..မောင်ရွှ”

“ဦးရီးဆီ လာလည်တာပါဗျ”

“ဟေ့ကောင်...မောင်ရွှ....ထူးထူးဆန်းဆန်းပါလား”

မောင်ရွှက တဲအတွင်းသို့ ဝင်ပြီး အသေအချာ အကဲခတ်လိုက်သည်။

“ဦးရီး..ဒီတဲမှာ တစ်ယောက်တည်းပေါ့”

“မင်းငယ်ငယ်ကတည်းက ငါတစ်ယောက်တည်းနေတာလေ...ဘာအခုမှ အထူးအဆန်းလာမေးနေတာတုန်း”

“ဟုတ်ရဲ့လားဗျာ”

ရွှေကြူ ကာ မောင်ရွှ၏ အမေးကြောင့် မျက်မှောင်ကြုံ့လိုက်သည်။

“မင်း ဘာတွေဖြစ်နေတာလဲ..မောင်ရွှ..မင်း ဘာသိချင်တာလဲ”

“နေ့လည်က ဦးရီးရွှေကြူရဲ့ ရည်းစားဆိုတာနဲ့ တွေ့လိုက်တယ်”

“ဟေ..ငါရည်းစားဟုတ်လား”

“ဟုတ်တယ်....ခန္ဓာကိုယ်လှလှ၊ အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်းနဲ့ဗျာ...ပြီးတော့ မွန်စကားပြောတယ်”

“ဟား..ဟား...မင်းတော့ ဥစ္စာစောင့်မနဲ့တွေ့ခဲ့ပြီထင်ပ..ငါ့တူ...ဘယ့်နှယ့်..ငါ့မှာ ရည်းစားဆိုလို့ ဟော့ဟိုက အရက်အိုးတွေပဲရှိတယ်ဟေ့”

မောင်ရွှက တဲအတွင်း အကဲခတ်လိုက်သည်။

ထို့နောက် သူ့ခါးကြားတွင် လိမ်ယူလာသော တစ်စုံတစ်ခုကို ထုတ်လိုက်၏။

“ဒီမှာ...သူကွဲကျန်ခဲ့တဲ့..ရေအိုးခွဲခြမ်းအစလေး..ကျွန်တော် အမှတ်တရတောင် ကောက်သိမ်းထားသေးတာဗျ..မွန်မ တစ်ယောက် ဒီထဲရောက်နေတာတော့ အသေအချာပဲ”

“ငါ့ကောင်ရယ်..ကြည့်လည်းလုပ်ပါကွာ..မုဆိုးဖိုက ဒီလောက်တင်းတင်းကြပ်ကြပ်စည်းရိုးတွေ ကာထားတာပဲ..ဘယ်က မွန်မက ရောက်ရမှာလဲ..ငသိုက်စပ် အမျိုးတစ်ယောက်ယောက်က မင်းကို မွန်စကားနဲ့ ကျိစယ်လိုက်တာနေပါ့မယ်”

“ဦးရီး..ကျွန်တော်..တကယ်တွေ့ခဲ့တာဗျ..သူက ဦးရီးရည်းစားလို့လည်း ပြောတယ်”

ရွှေကြူက ရယ်လိုက်သည်။

“အေး..ငါ့ကြိုက်နေတဲ့ တစ်ယောက်နေမှာပေါ့ကွာ..ငသိုက်စပ်ကို မင်း မေးကြည့်..ဒင်းနှမလား ဘာလားလည်း ဖြစ်နေဦးမယ်..ဟား..ဟား..ကဲ..ပြန်တော့ဟေ...ငါ မနက်ကျရင် ဗို့လ်တွန်နဲ့အတူ အင်းဝကို သွားရမယ်..ချစ်ညိုကြီးဆီ စာသွားပို့ဖို့ မင့်အဖေက ခိုင်းထားတယ်ဟ...စောစောအိပ်ရမယ်..သွားတော့..ငါ့တူ”

မောင်ရွက မကျေမနပ်ဟန်ဖြင့် တဲပြင်သို့ ထွက်လာခဲ့သည်။

လရောင်မြမြအောက်တွင် ပတ်ဝန်းကျင်က တိတ်ဆိတ်လျက်။

တဲနှင့် မလှမ်းမကမ်း ကွပ်ပျစ်ပေါ်တွင် ရှိနေသော လိုးလိုးလက်လက်အရာဝတ္ထုတစ်ခုကို သတိထားမိလိုက်၏။

မောင်ရွက ကွပ်ပျစ်ပေါ်မှ ထန်းရွက်များကို ဖယ်လိုက်သည့်အခါ တစ်စုံတစ်ရာကို တွေ့လိုက်ရသည်။

“ဒါ..ဟံသာဝတီဗို့လ်မှူးတွေဆောင်းတဲ့ မောက်ရူပါလား”

နောက်ထပ် ထန်းရွက်ခြောက်များကို ဖယ်ကြည့်လိုက်သည့်အခါတွေ့လိုက်ရသည့်အရာကြောင့် မောင်ရွ ပို့မို့မျက်လုံးပြူးသွားတော့သည်။

ကျောက်ပြင်တစ်ချပ်။ သွေးလက်စ သနပ်ခါးတို့ပင် မခြောက်သေး။

အခန်း (၈)

ချစ်ညိုက ရွှေအနားဖြင့် ကွပ်ထားသည့် ထန်းဖူးပေစာကို စားပွဲပေါ်တွင် ချလိုက်သည်။

ထို့နောက် နဖူးကြောများ ရှုံ့သည်အထိ စဉ်းစားနေ၏။

“ကိုကြီးညို့..ဘယ်လို ဆုံးဖြတ်မလဲ”

ချစ်မြ က မေးလိုက်သည်။

“စာအသွားအလာအရတော့..အောင်ဇေယျ က သူနဲ့ပူးပေါင်းဖို့ ခေါ်တာပဲ”

“ဘယ့်နှယ့်လုပ်မယ် စိတ်ကူးလဲ..ကိုကြီးညို့”

“ငါတို့ ညီအကိုတွေက သူ့ကို သတ်ဖို့ ကြိုးစားခဲ့ဖူးတယ်မဟုတ်လား.. မင်း စဉ်းစားကြည့်စမ်း..ချစ်မြ...သူ့ကို သတ်ဖို့ကြံစည်ခဲ့တဲ့လူတွေကို သူနဲ့ လာပူးပေါင်းဖို့ ခေါတယ်ဆိုတာက..ယုံချင်စရာကောင်းပါ့မလား..ပြီးတော့ ပူးပေါင်းဖို့ ဆိုတာထက်...သူဆီမှာ လာခစားဖို့ခေါ်တာ..သူ့ကိုယ်သူလည်း ရှင်ဘုရင်တစ်ယောက်လို သုံးနှုန်းထားလေရဲ့”

“ဘာပဲဖြစ်ဖြစ်...ဟံသာဝတီသားတွေထက်စာရင်တော့...မုဆိုးဖိုက ကျွန်တော်တို့နဲ့ ပိုနီးစပ်မယ်ထင်ရဲ့”

ချစ်ညို့ က ခေါင်းခါလိုက်သည်။

ထို့နောက် မည်သည့်စကားမျှ ဝင်မပြောပဲ အနားတွင် ထိုင်နေသည့် ချစ်ဝကို ကြည့်လိုက်၏။

“ချစ်ဝ...အမေ မဆုံးခင်က မင်းပဲ သူ့အနားမှာ ရှိခဲ့တာနော်”

“ဟုတ်ကဲ့..ကိုကြီးညို့”

“သူ.ဘာပြောခဲ့လဲ”

“မင်းတို့အကိုကြီး မောင်ချစ်ညို့ကို ရှင်ဘုရင်ဖြစ်အောင် ညီအကိုတွေ အားလုံး ဝိုင်းကူကြပါတဲ့”

“အမေ ဟာ ငါ့အပေါ် မျှော်လင့်ချက်အကြီးကြီးထားခဲ့တယ်...အခုအချိန်မှာ ငါ့က အမေ့ ဆန္ဒအတိုင်း ရှင်ဘုရင်ဖြစ်မယ့် လမ်းကြောင်းပေါ်မှာ ရှိနေဆဲပဲ..အောင် ဇေယျနဲ့ ပေါင်းပြီး ဟံသာဝတီကို တိုက်တာထက်..ဟံသာဝတီနဲ့ ပေါင်းပြီး အောင် ဇေယျကို တိုက်တာက ပိုလွယ်ကူလိမ့်မယ်....အခုတောင် ဟံသာဝတီဟာ အင်းဝ ကို ယုံယုံကြည်ကြည်နဲ့ ငါ့လက်ထဲထည့်ထားပြီမဟုတ်လား..မကြာခင် အင်းဝကို ငါရအောင်ပြန်ယူမယ်”

“ဟံသာဝတီတပ်တွေ မုဆိုးဖိုကို ထိုးစစ်ဆင်တိုင်း ဘယ်လို ပြန်ဆုတ်လာရတယ် ဆိုတာ.ကိုကြီးညို ကိုယ်တိုင် အသိဆုံးမဟုတ်လား”

“တော်တော့..ချစ်မြ...ချစ်ညို ဟာ.အောင်ဇေယျ ကို ရှိခိုးပြီးတော့မှ သေတယ်ဆို တဲ့ အဖြစ်ကို နောင်လာနောက်သားတွေ ပြောကြမှာ ငါမဖြစ်ချင်ဘူး...သေခြင်း သေ..အမေ့ရဲ့ ဆန္ဒအတိုင်း ငါကြိုးစားရင်းနဲ့ အသေခံသွားမယ်....ဒီတော့..ချစ်မြနဲ့ ချစ်ဝ..မင်းတို့ အခုချက်ချင်း ခင်ဦးကိုပြန်...အဖေ့ကို သေချာပြောပြီး တပ်တွေကို သေချာပြင်ထား..ဒီစာအသွားအလာအရဆို...အောင်ဇေယျ ဟာ နောက်ဆုံး သံတမန်နည်းနဲ့ ငါ့ဆီချဉ်းကပ်တာပဲ...မကြာခင် သူ ခင်ဦးကို လာတိုက်လိမ့် မယ်...ငါလည်း အင်းဝက တပ်တွေနဲ့အတူ မကြာခင်လိုက်လာခဲ့မယ်”

.....
.....

လင်းကြက်တွန်သံကြားရပြီ။

သို့သော် အရုဏ်က မကျင်းသေး။

ခင်ဦးရွာဘက်အခြမ်းဆီမှ မီးတောက်မီးညွှန့်များတက်လာသည်။

“ငနေ...ဟိုက မီးတောက်များက ခင်ဦးဘက်ဆီက မှတ်တယ်”

အောင်ဇေယျက သူ၏ အပါးတော်မြဲ စာဆိုတော် ငနေ ကို မေးလိုက်သည်။

“မှန်ပါ့..ဘုရား...ခင်ဦးဘက်ဆီကပါ”

“မောင်ကောင်းတို့တော့ ပွဲလန်းအောင်လို့..ခင်ဦးကို မီးတိုက်ပြီး အချက်ပေးနေပြီ ထင်ပ..ဟော့..တပ်တွေ ပြင်..အောင်စည်အောင်မောင်းတွေသမားတွေကို နှိုး...အခုပဲ ခင်ဦးကို ကိုယ်တော်တိုင်ဝင်မယ်”

“မုဆိုးဖိုက ကိုတွန်တို့၊ ကိုသာတို့ တပ်တွေကို စောင့်ပြီးမှ ဝင်ဖို့ လျှောက်တင်ပါရစေ..ဘုရား”

“ဟေ့..ရတယ်...ဟိုမှာ ငကောင်းတို့က အောင်နေပြီပဲ..ငါ့ကိုယ်ရံတပ်နဲ့ပဲ ဝင်မယ်”

“ကျွန်တော်မျိုး လည်း လိုက်ခဲ့ပါရစေ..ဘုရား”

“ဟေ့..ငနေနဲ့...မင်းက စာဆိုကွယ့်..မင်းကညစ်ကို ရွှေကုပ်ပေးထားတာ ဟာ..အလကားမဟုတ်ဘူး..မင်း ရဲ့ကဝိဘဏ်ကို ငါတန်ဖိုးထားလွန်းလို့..မင်း လက်တွေက ခါးကိုင်လှုံကိုင်ဖို့ မသင့်ဘူးမောင်...ဒီမှာသာ အသာတချည် နေရစ်ပြီး ဗိုလ်တွန်တို့ကိုစောင့်ရစ်”

အောင်ဇေယျက သူ၏ ကိုယ်ရံတပ်အနည်းငယ်နှင့်အတူ ခင်ဦးဘက်သို့ ထွက်ခွာသွား၏။

ငနေသည် ရဲမက်တော် ခြောက်ကျိပ်ရှစ်ယောက်ဖွဲ့စည်းပြီးသည့်အချိန်မှ ငတွန်က မုံရွေးနယ်မှ ခေါ်လာခဲ့သူဖြစ်သည်။

မုံရွေးနယ်တဝိုက်ရှိ ရွေးဟောင်းစာပေပုရပိုဒ်များကို စုဆောင်းကျမ်းကျင်သည့် စာဆိုတစ်ဦးဖြစ်သည့်အပြင် ငနေ ဟူသော အမည်သည် နိမိတ်ကောင်းသည်ဟု ယူဆကာ အောင်ဇေယျက ရဲမက်တော် ခြောက်ကျိပ် ရှစ်ယောက်ကို ငနေ တစ်ဦးတိုးကာ ခြောက်ကျိပ်ကိုးယောက်အဖြစ် ပြင်ဆင်ပေးခဲ့သည်။

အောင်ဇေယျထံ ရောက်ခါစတွင်ပင် “ဇေယျတုသံ”အစချီ ဘုန်းတော်ဘွဲ့ကို ရေးသားဆက်သနိုင်သဖြင့် အောင်ဇေယျက လက်ဝဲနော်ရထာဘွဲ့ဖြင့် အပါးတော်မြဲအမှာတော်ရေးအဖြစ် ခန့်အပ်သည်။

ငနေ စာရေးသည့် ကညစ်ကို ရွှေချပေးပြီး..စာထည့်သေတ္တာကိုလည်း ရွှေဖိန်းချစေသည်။

အောင်ဇေယျက ငနေကို လက်ရုံးရည်အလုပ်များ မလုပ်စေရ၊ စာပေပညာရှင်အဖြစ် သာ အနားတွင် နေစေသည်။

အောင်ဇေယျ ထွက်ခွာသွားသည့်အခါ.. ငတွန်၏တပ်များကို ခေါ်ယူရန် ငနေ က မုဆိုးဖိုဘက်သို့ ထွက်ခွာသွား၏။

အိုးစည်ဗုံမောင်းသံများနှင့် အောင်ဇေယျ၏ တပ်များ မှာ စည်သာမြောက်ရွာသို့ ဝင်လာခဲ့ပြီဖြစ်သည်။

“ဟေ့..ရှေ့က အကွဲအကွဲအပြဲားပြဲားနဲ့ ပြဲန်လာကြဲတာ..ဘယ်သူတွေတုန်း”

“သေနတ်ဝန်တပ်က ပါ..ဘုရား..ခင်ဗျိုးကို ဝန်းရံရာမှာ အခြေမလှပဲ..ကျွန်တော်မျိုးတို့ ပြန်ဆုတ်လာကြတာပါ”

“ဘာ...ဘယ်လို..ဟိုအကောင်..ငကောင်း..ဘယ်မလဲ..ငါ့ဆီ လွှတ်စမ်း”

“ကျွန်တော်မျိုး ခြေတော်ရင်းရောက်ပါပြီ..ဘုရား”

“ဟဲ့..ငကောင်း...နင် ခင်ဗျိုးကို ရလို့ မီးတိုက်ပြီး အချက်ပေးတာ မဟုတ်ဘူးလား”

“မှန်ပါ..ခင်ဗျိုးစား ညီအကိုသုံးဦးလုံး အပြင်..ဟံသာဝတီတပ်အချို့ပါ...ပါဝင်နေလို့ ကျွန်တော်မျိုးတို့ ချဉ်းကပ်မရကြောင်းပါ..ဒါကြောင့် ခင်ဗျိုးသားတို့ ကြောက်လန့်စေရန် ရွာပြင်က ဇရပ်ကို မီးတိုက်နေတုန်း...ချစ်ညီကြီးကိုယ်တိုင် သရဲမရဲစီးပြီး ထွက်တိုက်လို့..တပ်သားများ အဆီးအတားမရှိ ပြေးရာက တပ်ပျက်လာပါတယ်”

“မင်းကို ငါဘယ်လိုမှာထားသလဲ...အောင်ပြီဆို မီးတိုက်အချက်ပြပါဆိုတာကို မေ့နေရောသလား..ငကောင်း..ဟမ်”

“မှန်ပါ..ထားရင်လည်းနေ..သတ်ရင်လည်းသေရပါ့မယ်..ကျွန်တော့်မျိုးရဲ့အဆင်အခြင်မဲ့မှုပါ”

“အေး..ဒီမှာ ငါ့ကိုယ်ရံတပ်ကိုကြည့်...တိုက်ပွဲမှာ ပွဲလန်းမရနိုင်တဲ့ လူအိုတွေကို ငါ့ကိုယ်ရံအဖြစ်ဘာလို့ထားလဲဆိုတာ နင်တို့သိလား...သူတို့ဟာ တိုက်ပွဲဝင်ဖို့ လုံလောက်တဲ့ ကိုယ်စွမ်း မရှိဘူးဆိုပေမယ့်...ငါ့ကို ယုံစားလို့ ခိုဝင်လာကြသူတွေ...ဒီတော့ သူတို့ကို တိုက်ပွဲမှာ သွားအသေခံခိုင်းမယ့်အစား..ငါအနားမှာထားပြီး ကိုယ်ရံတပ်ခန့်ထားတာ..သူတို့ရဲ့ ငါ့အပေါ်ထားတဲ့ ယုံကြည်ချက်ကို မပျက်အောင်လို့ပဲ..မင်းလို ငါလက်ရုံးသူရဲကောင်းက မစွမ်းသာတဲ့ ခင်ဗျိုးကို....ငါ့ လူအိုတပ်နဲ့ ရအောင်တိုက်ပြမယ်”

“စဉ်းစားပါဦးဘုရား..ကျွန်တော်မျိုးတပ်တွေပြန်စုပြီး..ဗိုလ်တွန်တို့တပ်တွေနဲ့ ပေါင်းပြီးမှာသာ ခင်ဗျိုးကို သွားရံသင့်ပါတယ်”

“ဟဲ့...ဟံသာဝတီတပ်ကိုတောင် ပြုအောင်ဖြိုခဲ့ကြသေးတာ..ဘာမဟုတ်တဲ့ခင်ဗျိုးကို ငါက မှုရမှာလား...ကဲ..ကိုယ်ရံတပ်တွေ ခင်ဗျိုးကို ချီကြမယ်ဟေ့”

သို့သော် အောင်ဇေယျ၏ တပ်များမှာ ခင်ဗျိုးကို မချဉ်းကပ်နိုင်ခဲ့။

စိတ်ဓာတ်တက်ကြွနေပြီဖြစ်သော ခင်ဦးသားတို့၏ တိုက်ခိုက်မှုကြောင့် ရန်သူကို အထင်အမြင်သေးခဲ့သော အောင်ဇေယျနှင့်အဖွဲ့မှာ အလဲလဲအပြိုပြိုဖြင့် ပြန်လည်ဆုတ်ခွာခဲ့ရတော့သည်။

.....
.....

ရွှေကြူ က မြင်းကို မန်းကျည်ပင်ရိပ်တွင် ချည်လိုက်သည်။

ထို့နောက် သူ၏ အိမ်ဝိုင်းလေးထဲသို့ မဝင်ပဲ အနောက်ဘက်ရှိ မျိုးစေ့များထားရှိရာ မြေစိုက်တဲဆီသို့ လျှောက်သွားသည်။

“ခင်ထော်မိ...ခင်ထော်မိ”

အထဲမှ ပြန်ထူးသံမကြားဖြင့် ရွှေကြူ ရင်ထိတ်သွား၏။

အင်းဝတွင်ရှိသော ချစ်ညီထံသို့ အကိုဖြစ်သူ အောင်ဇေယျမှ စာလွှာပါးရန် သူ့အား စေလွှတ်လိုက်သည်။

ထို ကာလအတွင်း ခင်ထော်မိ ၏ လုံခြုံရေးကို စိတ်မချသဖြင့် မျိုးစေ့များထားသည့် အနောက်ဘက်တဲတွင် စားနပ်ရိက္ခာအစုံအလင်ဖြင့် သူဝှက်ပေးထားခဲ့၏။

သူ မှဆိုးဖိုသို့ ပြန်ပြန်ရောက်ချင်းတွင်ပင်..ခင်ဦးအား သွားရောက်တိုက်ခိုက်ကြမည်ဆိုသဖြင့် အိမ်ဘက်သို့ ခြေဦးပင် မလှည့်နိုင်အားခဲ့။

ယခု ခင်ထော်မိ မရှိတော့။

တဲထဲတွင်မရှိသဖြင့် အရှေ့ဘက်မှ သူ့နေထိုင်ရာတဲတွင် တက်ရှာသည်။ အရိပ်အယောင်မျှပင် မတွေ့။

ခင်ထော်မိ ထွက်ပြေးသွားပြီလား။ မဖြစ်နိုင်။

ခင်ထော်မိ၏ ခြေထောက်မှာ လမ်းလျှောက်နိုင်ပြီဖြစ်သော်လည်း..ခရီးဝေးကို ခြေလျင်သွားနိုင်ဖို့ရာအထိတော့ မကောင်းသေး။

ယခင်နေ့က သူတဲသို့ မလာစဖူး လာသွားခဲ့သော မောင်ရွ မျက်နှာကို ရွှေကြူ ချက်ချင်းပြေးမြင်လိုက်သည်။

မြဲင်းဆီသို့ အပြေးအလွှားသွားပြီး တက်ခွကာ ရွာတွင်းဘက်ဆီသို့ ဒုန်းစိုင်းလိုက်၏။

မုဆိုးဖို့ရွာလည် ဇရပ်တစ်နေရာတွင် စာဆိုတော်ပညာရှိများဖြစ်သော ငနေ၊ မောင်မြတ်စံ၊ စိန္တကျော်သူမောင်ဩ နှင့် အတူ အလုပ်ရှုပ်နေသော စည်သာမင်းကြီးတို့ ကို တွေ့လိုက်ရသည်။

သူတို့သည် ရွှေဘိုနန်းမြို့တည်ဆောက်ရန်အတွက် အောင်ဇေယျ၏ ခိုင်းစေချက်အရ မြို့ကွက်ဖော်ရန် တိုင်ပင်နေကြခြင်းဖြစ်သည်။

“ဟေ့..မောင်ရွှေကြူ လောလောလောလောနဲ့ ဘာဖြစ်လာတာတုန်း”

စည်သာမင်းကြီးဦးစည်းစိမ်က ဇရပ်ပေါ်မှ ထလာပြီး မေးလိုက်သည်။

“မောင်ရွှေငယ်တစ်ယောက်များ... တွေ့မိသေးလား..မင်းကြီး”

“အေး..မနက်ကတော့..သူ့တပည့် ဟိုပေါ်တူဂီကောင်လေးတွေတစ်အုပ်စုနဲ့ အနောက်ဖက်တံခါးက ထန်းပင်လုံးတွေ ပုံထားတဲ့နား စုရုံးစုရုံးလုပ်နေကြတာ တွေ့တာပ”

ရွှေကြူ က စကားမပြန်တော့ပဲ...အနောက်ဘက်တံခါးဆီသို့ မြင်းကို ကဆုန်ဆိုင်းသွားတော့၏။

မောင်ရွှ နှင့် ဂျူးဇက်ပက်ထရိုတို့ လူငယ်တစ်စုမှာ ဝါးလေးတိုင်စင်ပေါ်တွင် ထန်းသီးတစ်လုံးကို တင်လျက်..ပစ္စတိုသေနတ်ပစ် လေ့ကျင့်နေကြသည်။

“ဦးရီးရွှေကြူ...မောကြီးပန်းကြီးနဲ့ ဘာအရေးများရှိလို့တုန်းဗျ”

ရွှေကြူက မောင်ရွှ တို့ အုပ်စုကို တချက်ကြည့်လိုက်သည်။

“ဟေ့..မောင်ရွှ...မင်းနဲ့ ငါပြောစရာရှိတယ်”

“ဘာများလဲ ဦးရီးရဲ့”

မောင်ရွှက သူ့ဖခင်ပေးထားသည့် ပစ္စတိုသေနတ်ကို ပုဆိုးခါးတောင်းကျိုက်ကြားသို့ ညှပ်လိုက်ပြီး လျှောက်လာသည်။

ရွှေကြူက မောင်ရွှ၏ လည်ပင်းကို သိုင်းဖက်ကာ ခပ်လှမ်းလှမ်းသို့ ခေါ်သွား၏။

“ဟေ့အကောင်....ဟိုကောင်မလေး..ဘယ်မလဲ..မင်းတို့ ဝှက်ထားတယ်မဟုတ်လား..ပြောစမ်း”

“ဘယ်ကောင်မလေးတုန်း..ဦးရီးရ”

“မောင်ရွှ...မင်း ကို ငါငယ်ငယ်ကတည်းက ထိန်းလာတာနော်...မင်းမျက်လုံးတွေကြည့်တာနဲ့ မင်းဘာလုပ်ထားတယ်ဆိုတာ ငါသိတယ်..ဟေ့ကောင်”

မောင်ရွှက စပ်ဖြဲဖြဲဖြင့် ရယ်ပြလိုက်သည်။

“သြော်..ဟိုဟံသာဝတီသူမမချော ကို ပြောတာလား....ဒီမယ်..ဦးရီးမရှိတုန်း...သူထွက်ပြေးဖို့ကြိုးစားတယ်ဗျ... ကျုပ်လူ..ဂျိုးဇက်တို့က အနောက်ဘက်တံခါးမှာလူရိပ်တွေလို့ ဖမ်းမိလာတာနဲ့ ကျုပ်က ခေါထားပေးတာပါဗျာ.. တခြားသူတွေမြင်သွားရင်..ဦးရီးအတွက်လည်း မကောင်းဘူးမဟုတ်လား”

“ဟေ့ကောင်..မင်းပေါက်ကရမပြောနဲ့..သူ့ခြေထောက် က ကောင်းကောင်းတောင်လျှောက်နိုင်သေးတာ..မဟုတ်ဘူး...ထွက်ပြေးတယ်ဆိုတာ မဟုတ်နိုင်ဘူး...မင်းလက်ချက် မှန်း ငါသိတယ်”

“ဟဲ..ဟဲ..သိ..ပြီးတာပဲဗျ”

“သူက စစ်ပွဲထဲ မပါချင်ပဲ ပါလာရတဲ့ မိန်းမငယ်ပါကွာ...ဒီကိစ္စ ကိုအောင်ဇေယျတို့ သိသွားရင်...ငါ ပါ မကောင်းဘူးဖြစ်မယ်...သူမှာ ဘာအပြစ်မှမရှိပါဘူး..သူ့ကို ငါ့ဆီ ပြန်ပို့ပေးပါ”

“ဘာ အပြစ်မရှိရမှာတုန်း...ဦးရီး...သူက ဟံသာဝတီသူမဟုတ်လား...ဟံသာဝတီသူတောင် ရိုးရိုးမဟုတ်ဘူး..ဟံသာဝတီဗိုလ်ချုပ်ဗညားကျဉ်ရဲ့ သမီးလေ...သူလို လူတစ်ယောက်က မုဆိုးဖို့ အတွင်းစည်းအထိ ပေါက်ပြီး တိတ်တိတ်လေးရောက်နေတာ....အန္တရာယ်မဟုတ်လား..ဦးရီးရ”

“ငါ့တူ..မောင်ရွှ...ငါတို့က ယောကျ်ားချင်းစစ်တိုက်နေကြတာလေကွာ...ဒီမိန်းမငယ်လေးကိုတော့...သူ့တိုင်း သူပြည်ဆီ ရောက်အောင် ငါပို့ချင်ပါသေးတယ်..အခုလည်း ငါ အင်းဝမှာ သူ့အဖေအကြောင်း စုံစမ်းပြီးပြန်လာတာ.. သူ့အဖေ ဗိုလ်ချုပ်လည်း အင်းဝမှာ မရှိတော့ဘူး..တလပန်းနဲ့အတူ ဟံသာဝတီကို ပြန်ပါသွားပြီ...ဒီတော့...သူ့ကိုအင်းဝပြန်ပို့ဖို့ရာလည်းမဖြစ်တော့လို့ပါ”

“နေပါဦး..ဦးရီးက...ဘာဖြစ်လို့ ဒီရန်သူ့သမီးကို အသည်းအသန်ဖြစ်နေတာလဲ....ခမည်းတော်ကြီးလက်ကို အပ်လိုက် ပြီးနေမင့်ကို...ဘာလဲ ခမည်းတော်သိ

သွားရင်..ဦးရီးကို အပြဲစ်ဖို့မှာစိုးလို့လား”

“ဟာ..မလုပ်ပါနဲ့..မောင်ရွှရာ....ခမြာ သနားစရာလေးပါ....ငါ သူ့ကို ဟံသာဝတီကို ရောက်အောင် ပြန်ပို့ပေးပါ့မယ်လို့..ကတိခံထားတယ်”

“အင်း..ဒီတစ်ခုတည်းတော့ ဟုတ်ဟန်မတူပါဘူး...သူက ကျုပ်ကို ပြောဖူးတယ်..ဦးရီးက သူ့ရည်းစားတဲ့လေ”

လူပျိုကြီး ရွှေကြူ၏ မျက်နှာမှာ ရှက်စိတ်ကြောင့် မလုံမလဲဖြစ်သွား၏။

“ငါ သူ့ကို ချစ်တယ်လို့ မပြောဖူးပါဘူးကွာ”

“ပြောတော့ ပြောတော့မယ်ပေါ့လေ”

“ငါမှ မွန်စကားမတတ်တာကွာ..သူဘယ်နားလည်မှာလဲ”

“ဦးရီးရွှေကြူ...ခင်ဗျား ဒါ့ကြောင့်..ဒီအရွယ်အထိ မိန်းမ မရပဲလူပျိုကြီးဖြစ်နေတာ..အဲ့ဟာမ က ဗမာစကားတတ်တယ်ဗျာ..မတတ်ချင်ယောင်ဆောင်နေတာ...ဦးရီးတို့ ကျုပ်တို့ သူ့ရှေ့ ဗမာလိုပြောနေတာတွေ သူအကုန်နားလည်တယ်”

“ဘာ”

“မယုံ လာခဲ့ဗျာ..ပြမယ်”

ခုတ်လှဲထားသော ထန်းပင်ကြီးများပုံထားသည့် အနောက်ဘက်သို့ မောင်ရွှက ဦးဆောင်ခေါ်သွားသည်။

ခပ်လှမ်းလှမ်းတွင် ထန်းရွက်ခြောက်များဖြင့် မိုးထားသည့် တဲတစ်ခု။

“ဦးရီး ကျုပ်နောက်က အသာလိုက်ခဲ့”

မောင်ရွှက တဲအတွင်းသို့ ဝင်သွားသည်။

တဲအတွင်းတွင် ခြေထောက်တစ်ဖက်ကို ထိပ်တုံးခတ်ခံထားရသည့် ခင်ထော်မိ။

မောင်ရွှက ပစ္စတို သေနတ်ကို ထုတ်ကာ...ခင်ထော်မိ ဘေးတွင် ထိုင်လိုက်သည်။

“ကဲ...ဟံသာဝတီက မမ...ကျုပ် ခင်ဗျားကို ချစ်တယ်....သဘောကျတယ်...တော်ကောက်ဖို့ စဉ်းစားထားတယ်... ခင်ဗျား သဘောတူမတူ..ကျုပ်ကိုပြော....ဗမာလိုပဲ ကြားချင်တယ်နော်...ငြင်းမယ်ဆိုရင်တော့ ပစ်သတ်ပစ်မှာ”

ခင်ထော်မိ က မောင်ရွှ ကို အံကြိတ်ကာ ကြည့်လိုက်သည်။

“ငါ ဘယ်တော့မှ နင့်မယားလုပ်မှာမဟုတ်ဘူး....ငါ့ကို ကိုရွှေကြူ ဆီ ပြန်ပို့ပေး”

ဗမာစကားသံ ပီပီသသ။

မောင်ရွှက ပြုံးလိုက်သည်။

“ကဲ..ဦးရီးတော်လူပျိုကြီးရေ.....ဦးရီး ဟာမလေး အကြောင်း သိပြီမဟုတ်လား”

အနောက်ဘက်မှ ဝင်လာသည့် ရွှေကြူ ကို မြင်လိုက်ရသည့်အခါ ခင်ထော်မိ၏ မျက်လုံးလေးများ ဝန်းလက်တောက်ပသွားသည်။

ရွှေကြူက မျက်နှာထားခပ်တင်းတင်းဖြင့်ပင်..ခင်ထော်မိကို စိုက်ကြည့်နေ၏။

ထိုအခါမှ ခင်ထော်မိမှာ ခေါင်းကလေးငုံ့သွားတော့သည်။

“မင်းက ဗမာစကားတတ်ပြီးသားပေါ့...တချိန်လုံး ငါတို့ပြောနေတာတွေကို ခိုးနားထောင်နေတယ်ပေါ့..ဟုတ်လား..အမိ”

ခင်ထော်မိ ၏ ခေါင်းကလေးမော့လာသည်။

“ဟော့...ဖြေလေ...ကျုပ်မေးနေတာ”

ခင်ထော်မိ မျက်လုံးတွင် မျက်ရည်လေးများ ဝိုင်းစို့လာ၏။

“ငါ့မှာတော့ ငါ့အသက်နဲ့ရင်းပြီး..မင်းကို ကယ်ထားရ..ဝှက်ထားရတာ...မင်းက ငါ့အပေါ် မကောင်းကြံနေတော့ပေါ့လေ”

ခင်ထော်မိ မျက်ရည်ကျပြီ။ အိခနဲ ရှိုက်သံလေးထွက်လာသည်။

“ကဲ..ဦးရီး...သူ့ကို ခမည်းတော်ဘုရားဆီ ပို့တော့မလား”

“ဟာ..မလုပ်ပါနဲ့...မောင်ရွှ”

ရွှေကြူက မောင်ရွှ၏ ပုခုံးကို ဆုပ်ကိုင်လိုက်သည်။

မောင်ရွှက ရွှေကြူ၏ လက်ဖဝါးကို ခပ်ဖြည်းဖြည်းဖယ်ချလိုက်ပြီး မတ်တပ်ရပ်လိုက်၏။

“ဒီတော့..ဦးရိုးက ဘာလုပ်ချင်တာလဲ”

“ငါ သူ့ကို ဟံသာဝတီပြန်ပို့ပေးမယ်လို့...ကတိပေးထားတယ်...မောင်ရွှ..ငါ ကတိတည်ချင်တယ်”

“ဟံသာဝတီနဲ့ ကျုပ်တို့က စစ်ဖြစ်နေတာလေ...ဦးရိုးရဲ့”

“ငါ့နည်းငါ့ဟန်နဲ့ ကြိုးစားတာပေါ့ကွာ”

“မုဆိုးဖိုရဲ့ လျှို့ဝှက်ချက်တွေ...သူ့ ဟံသာဝတီကို သယ်မသွားပါဘူးလို့..ဦးရိုး အာမခံလား”

ရွှေကြူက ခင်ထော်မိ ကို တချက်ကြည့်လိုက်သည်။

“သူ့ကို စစ်ပွဲထဲမှာ ဒဏ်ရာတွေနဲ့ ငါတွေ့လာကတည်းက...စေတနာထားပြီး ငါ စောင့်ရှောက်လာခဲ့တာပါ.. သူအပေါ်ထားတဲ့ ငါ့စေတနာတွေကို သူ ပြန်တန်ဖိုး ထားတတ်မယ်ဆိုရင်တော့...ဒီမြေရဲ့ ပျက်စီးရာပျက်စီး ကြောင်းကို သူမလုပ်လောက်ဘူးလို့ ငါယုံကြည်တယ်..မောင်ရွှ”

“အင်း..ဟုတ်ပါပြီလေ...ဒါပေမယ့်..သူ့ကို ဦးရိုးလက်ထဲတော့ ဒီအတိုင်း ပြန်မထည့်နိုင်ဘူး”

“ဘာဖြစ်လို့လဲ..မောင်ရွှ”

“ဦးရိုးဆီက ကျုပ်တောင်းဆိုစရာရှိတယ်”

“ဘာလဲ..မောင်ရွှ”

မောင်ရွှ က ဘယ်လက်ကို ခါးပေါ်ယှက်တင်လျက်..ညာလက်ဖြင့် ရွှေရင်ထောက် ခါးထုတ်ဟန်ကို လုပ်ပြလိုက်သည်။

“ကျုပ် ဝါသနာကို ဦးရိုးသိပါတယ်....ဦးရိုးဆီမှာ ယိုးဒယားရာမဇာတ်ကို ဇဝါရိုက်ထားတဲ့ မိုးကြိုးခါး ရှိတယ်လို့..ကြားဖူးတယ်”

“ဟာ..ဟေ့ကောင်...အဲ့ဒါက ငါ အယုဒ္ဓယရောက်တုန်းက သေသေချာချာဇဝါရိုက် ခိုင်းခဲ့တာ...ငါ့ ဘဝရဲ့ တန်ဖိုးအထားရဆုံးနဲ့ အကြိုက်ဆုံး ပစ္စည်းပဲ..အဲ့ဒါတော့...”

“ဒါကတော့....ဦးကြီးသဘောလေ...ကျုပ်က အဲ့ဒီဓါးသာရရင်...ဒီခင်ထော်မိ ဆိုတာကိုပါ ဦးနှောက်ထဲက ဖျောက်ပစ်ပေးမှာနော်”

ရွှေကြူ မှာ ခေါင်းကိုသာ တွင်တွင်ခါရမ်းနေ၏။

ထိုဓါးမှာ ရွှေကြူ လက်ဝဲ့သမားဘဝဖြင့် နယ်လှည့်စဉ်က အယုဒ္ဓယတွင် အနုပညာဆန်စွာ ဇဝါရိုက်ပြီး ပြုလုပ်ထားခဲ့သည့် ဓါးဖြစ်သည်။

ရွှေကြူ၏ လက်ဝဲ့အစွမ်းကို ကြိုက်နှစ်သက်လွန်းသည့် အယုဒ္ဓယနန်းတွင်း ပန်းပဲဆရာကိုယ်တိုင် ပြုလုပ်ပေးထားခြင်းဖြစ်သည်။

ဇဝါ ရိုက်သည့်ဆိုသည်မှာ ပန်းပဲဆရာက ဓါးတချောင်းရိုက်ပြီး၊ ကိုက်ထိုးပြီးသည့်နောက် ဓါး၏ ဓါးမင်းနားရှိ သွေးစီးကြောင်းအဆုံးနားတွင် ဆောက်သွား (သို့) စိုဖြင့် ကနုတ်ပန်းပုံများ၊ ဗုဒ္ဓဝင်ဇာတ်တော်များကို အလှပုံဖော် ခြင်းဖြစ်သည်။

ထူးထူးခြားခြား ရွှေကြူ၏ ဓားမှာ အယုဒ္ဓယတွင် ခေတ်စားလှသည့် ရာမယဏ ဇာတ်တော်ကို ပုံဖော်ထားသဖြင့် ရှားပါးလှသည်။

ထိုဓါးအကြောင်းကို သိထားသည့် မောင်ရွှက အကြပ်ကိုင်ပေပြီ။

ခင်ထော်မိ က တူဝရီးနှစ်ဦး ၏ အခြေအနေကို ကြည့်ကာ..ဆုံးဖြတ်ချက်တစ်ခုချလိုက်၏။

“ကျွန်မကို...အလောင်းဘုရားဆီ အပ်လိုက်ပါတော့..ကိုကြီးရွှေကြူ”

ရွှေကြူရော...မောင်ရွှ ပါ ခင်ထော်မိ ကို ကြည့်လိုက်ကြသည်။

“ကျွန်မ ကိုကြီးရွှေကြူကို ဒုက္ခရောက်စေလိုလို့ လိမ်ခဲ့တာမဟုတ်ပါဘူး....ရန်သူ့လက်မှာ ဖမ်းမိတဲ့အခါ ဗမာစကားတတ်မှန်းသိရင်...အများကြီးစစ်မေးနေနိုင်တာမို့..စကားမတတ်ချင်ယောင်ဆောင်ခဲ့မိတာပါ... အခု ကိုကြီးရွှေကြူ ရဲ့တန်ဖိုးထားရတဲ့ အရာကို ကျွန်မအတွက် အဆုံးရှုံးမခံပါနဲ့...ကျွန်မ ကိုသာ အလောင်းဘုရားဆီ အပ်လိုက်ပါတော့”

ရွှေကြူက မောင်ရွှ၏ ပုခုံးကို ဆုပ်ကိုင်လိုက်သည်။

“မောင်ရွှ...ညနေ ငါ့အိမ်မှာ ဓါးလာယူချေ”

မောင်ရွှက ပြုံးလိုက်သည်။

ထိုအချိန်တွင် ဂျူးဇက်ဒီဆေးဗား က တဲအတွင်းသို့ ဝင်လာ၏။

“သခင်လေးဘုရား....ခင်ဦးစားညီနောင်များက မှဆိုးဖိုအပြင်က ကျွဲနွားတွေကို အတင်းမောင်းနှင် ယူဆောင်သွားတဲ့အတွက် ခင်ဦးကို ချက်ချင်း လိုက်တိုက်ဖို့....မင်းသားများရော၊ တပ်မှူးများကိုပါ အလောင်းဘုရားက ဆင့်ခေါ်နေတယ်လို့..နားခံတော် ထံမှ အမိန့်တော်ရောက်ကြောင်းပါ”

“ဟာ..အရေးပေါ် ပြီပဲ...ကဲ...သူ့ကို ထိပ်တုံးမြန်မြန်ဖြုတ်ပေးလိုက်....မောင်ဂျူး”

ဂျူးဇက် က ခါးကြားတွင် ချိတ်လာသော သော့ဖြင့် ထိပ်တုံးကို လှည့်ဖွင့်ပေးလိုက်သည်။

ခင်ထော်မိက အားယူပြီးထသော်လည်း အချိန်ကြာမြင့်စွာ ထိပ်တုံးခတ်ခံထားရသဖြင့် ခြေထောက်များ ထုံကြင်နေသည်။

ရွှေကြူက ခင်ထော်မိ၏ လက်မောင်းကို ပွေ့ကာ ဆွဲထူလိုက်သည်။

ခင်ထော်မိ ၏ လက်ဖဝါးနှုနှုလေးများက ရွှေကြူ၏ လက်ကြမ်းကြီးကို အားကိုးတကြီး အုပ်ကိုင်မိလိုက်တော့၏။

အခန်း (၉)

အဝေးဆီမှ တလိမ့်လိမ့်တက်လာသော ဖုန်လုံးကြီးသည် ခင်ဦးမြို့နှင့် နှစ်တိုင်အကွာရှိ ကျွန်းချောင်းအရပ်တွင် ရပ်သွား၏။

ချစ်ညို့ က ဟံသာဝတီဥပရာဇာချီးမြှင့်ထားသည့် မှန်ပြောင်းဖြင့် မြင်ကွင်းကို သေချာကြည့်နေ၏။

“သင်းတို့ လိုက်လာကြပြီ...ခင်ဦးကို ဒီအင်အားလောက်နဲ့ တက်လာကြတယ်ပ”

ချစ်ညို့ က ဘေးတွင်ရပ်နေသော ချစ်ဝထံသို့ မှန်ပြောင်းကို ကမ်းပေးလိုက်သည်။

ချစ်ဝက မှန်ပြောင်းဖြင့် သေချာကြည့်လိုက်၏။

“ဘယ့်နှယ့်...ဒီဘက်ကို ဆက်ချီလာတာ မြင်းအစီး (၂၀)လောက်ပဲ ရှိတယ်..ကိုကြီးညို့”

“သူတို့ ကျွဲနွားတွေကို လာပြန်ဆွဲတာထင်ရဲ့....ရှေ့က ချီလာတာ ဘယ်အကောင်လဲ..သေချာကြည့်စမ်း..ချစ်ဝ”

“ခပ်ရေးရေးပဲ..ကိုကြီးညို့...မှန်း...ကိုယ်လုံးကိုယ်ပေါက်နဲ့ ဝတ်ပုံစားပုံအရတော့..ငကောင်းထင်ရဲ့”

ချစ်ညို့ က တစ်ချက်ပြုံးလိုက်သည်။

“ချစ်မြ...မင်း ခံတပ်ထဲမှာ တပ်ကို ကွပ်ကဲကျွန်ရစ်စေ.....ငကောင်းငယ်..က ချစ်ညီနှားများ ကပ်လာရဲသေး..ဒင်းခေါင်းကို ဖြတ်ပြီး ပြန်လာခဲ့မယ်..ချစ်ဝ ရှေ့ပြေးချီ..ငါနောက်က လိုက်မယ်”

ခင်ဦးမြို့တံခါး ပွင့်သွား၏။

ချစ်ဝ ခေါင်းဆောင်သော မြင်းသုံးစီးက ရှေ့ဆုံးမှ ဒုန်းစိုင်းထွက်လာသည်။

အနောက်မှ ချစ်ညို့ နှင့် မြင်း(၂၀)၊ ခြေလျင်(၃၀၀)က ညာသံပေးကာ လိုက်လာ၏။

ငကောင်းနှင့် မုဆိုးဖိုမြဲင်း(၂၀)မှာ ခင်ဦးမြို့ထဲမှ ထွက်လာသည့်မြဲင်းများကို မြင်သည်နှင့် ရုတ်တရက် ရပ်တန့်လိုက်ကြသည်။

အနောက်ဘက်တွင် အကိုဖြစ်သူ ချစ်ညိုကြီးကိုယ်တိုင် ပါနေသဖြင့် ချစ်ဝက ခါးကို ဝဲ့လျက် ရှေ့ဆိုးအထိ မြင်းကို ကျွန်ထွက်သွားသည်။

ငကောင်း နှင့် မြင်းနှစ်ဆယ်စီမှာ ရုတ်တရက် တောင်၊မြောက်အရပ်များကို မြင်းကို ခွဲကာ လှည့်ထွက်သွားကြသည်။

ချစ်ဝနှင့် မြင်းသည်(၃)ဦးမှာ ကွင်းပြင်တွင် ထီးထီးကြီးကျန်ရစ်သည်။

ချစ်ဝက အခြေအနေကို အကဲခတ်ပြီး မြင်းကို ဇက်ခွံ့လျက်...ပြန်လှည့်ရန် ပြင်လိုက်သည်။

သို့သော် နောက်ကျသွားချေပြီ။

ခပ်လှမ်းလှမ်းသစ်ပင်ပေါ်တွင် စောင့်နေသည့် လက်ဖြောင့်သမား သူရိန်ဒေဝ ၏ ကျည်ဆံက ချစ်ဝ၏ ပုခုံးကို ဖောက်မှန်သွားသည်။

ချစ်ဝ ကား မြင်းပေါ်မှ ခွေခနဲကျသွား၏။

မြင်းကနှင့် ခြေထောက် ချိတ်မိနေချိန်တွင် တောင်ဘက်အခြမ်းတွင်ရှိနေသော မုဆိုးဖိုမြင်းရည်တက် လက်ျာဘီလူးငညိုသူ က မြင်းဖြင့် ဒုန်းစိုင်းကာ ဝင်ချလာသည်။

ထို့နောက် မြင်းပေါ်မှ ထိုင်လျက်နှင့်ပင် ချစ်ဝ၏ ဇက်ကို ခါးဖြင့် ပိုင်းချလိုက်တော့၏။

ထိုအချိန်တွင် အနောက်ဘက်မှ ချစ်ညိုနှင့် တပ်များက အနီးသို့ ရောက်ရှိလာချေပြီ။

“တပ်ရင်းရှိရာ ပြန်ဆုတ်ကြဟေ့”

ငကောင်း၏ အမိန့်ကြောင့် မြင်း(၂၀)မှာ စုစည်းပြီး ပြန်ဆုတ်ကြသည်။

သစ်ပင်ပေါ်မှ သူရိန်ဒေဝလည်း ဆင်းကာ...မြင်းဖြင့် အနောက်သို့ ပြန်ဆုတ်၏။

ချစ်ညို သည် ညီဖြစ်သူ ချစ်ဝ၏ အချစ်တော်မြင်းကြီး နားသို့ ကပ်သွားသည်။

ထို့နောက် မြဲင်းပေါ်မှ အလျင်စလို ခုန်ချလိုက်၏။

သေနတ်သံများကြောင့် ကဏ္ဍာမငြိမ်ဖြစ်နေသော မြင်းဇက်ကြိုးကို ချစ်ညိုက ဆွဲလိုက်သည်။

ထို့နောက် မြင်းပေါ်မှ တန်းလန်းကျနေသော ချစ်ဝကို ထွေးပွေ့လိုက်သည်။

“ငါ့ညီ..ချစ်ဝ..ချစ်ဝ”

သို့သော် ချစ်ဝတွင် ဦးခေါင်းမရှိတော့။

နွေ၏ အပူရှိန်အောက်တွင် လည်ပင်းရင်းမှ ထွက်လာသောသွေးများက ပွက်ခန်။

“ငကြေးနီ..ငကြေးနီ”

ချစ်ညိုက သူ့လက်ရုံးနာမည်ကို အော်ခေါ်သည်။

“ဘုရား..ရှိပါတယ်..ဘုရား”

“ငါညီခေါင်းကို ရှာစမ်း...ပြီးရင်..အလောင်းကို ယူပြီး..မင်းတို့အားလုံး.တပ်ထဲပြန်ဝင်...ငါ ဒီကောင်တွေနောက် ဆက်လိုက်မယ်..”

“ဗိုလ်မင်း...တစ်ယောက်တည်းဖြစ်ပါ့မလား”

“နှင့်မေလိုးတဲ့ကောင်တွေကို..ငါတစ်ယောက်တည်း ယှဉ်ပြမယ်..မလိုက်နဲ့ဆို မလိုက်ကြနဲ့..ပေးစမ်း..မင်းလှံ”

ချစ်ညို ကြေးနီလက်ထဲမှ လှံရှည်ကိုယူကာ မြင်းပေါ်သို့ လွှားခနဲ ပြန်တက်သွားသည်။

ကျွန်းချောင်းရှိ ကုန်းမြင့်ပေါ်တွင် သေနတ်သမား(၇၅) ဦး နှင့်အတူ ငတွန်၊ ငမြတ်ထွန်း တို့ ရှိနေသည်။

ငကောင်း၊ သူရိန်ဒေဝနှင့် မြင်း(၂၀)တို့ ခင်ဦးဘက်ဆီမှ ပြန်ဆုတ်လာကြသည်နှင့် သေနတ်သမားများက အသင့်ပြင်လိုက်ကြ၏။

“ကိုကောင်း...အခြေအနေ”

ငတွန်က စီးမေးလိုက်၏။

“ချစ်ညိုကြီး ညီတစ်ယောက်တော့..ခေါင်းပြဲတ်သွားပြီ”

“ဟင်..ဘယ်သူလဲ..ချစ်မြများလား”

“ဒီမှာ..ဒီလူပဲ”

မြင်းရည်တက်များထဲတွင် အငယ်ဆုံးဖြစ်သူ လက်ျာဘီလူးဘွဲ့ခံ ညိုသူ က သူ့မြင်းတွင် ချိတ်လာသော ခေါင်းကို ပြလိုက်သည်။

“အင်း..ချစ်ဝတော့.သွားရှာပေါ့”

ငတွန်က သက်ပြင်းချလိုက်သည်။

ထိုအချိန်တွင် မြင်းတစ်စီး က သူတို့ တပ်အရှေ့တွင်ထီးထီးကြီးလာရပ်နေ၏။

သေနတ်သမားများက မြင်းစီးကို ဝိုင်းချိန်လိုက်ကြသည်။

“ဟေ့ကောင်တွေ....ငါတစ်ယောက်တည်းလာတာကို ဝိုင်းပစ်ကြမယ်ပေါ့..ထွီ..မုဆိုးဖိုသားသတ္တိက ဒါမျိုးလား”

“ဟေ့..သေနတ်တွေ ချထားကြစမ်း”

ငတွန်က အမိန့်ပေးလိုက်သည်။

“ချစ်ညိုကြီး...ခင်ဗျား သေချင်နေပြီလား...ဘာလိုက်လာတာတုန်း”

“ငါညီကို သေနတ်နဲ့ပစ်ပြီးမှ ခေါင်းဖြတ်ရဲတဲ့ကောင်တွေ...ဟေ့..သေနတ်မပါကြေး..ငါနဲ့ စီးချင်းယှဉ်ရလား”

ငမြတ်ထွန်း က ဓါးကို ဆွဲလျက် မတ်တပ်ရပ်လိုက်သည်။

“ဟေ့..ငမြတ်ထွန်း...စောက်ကလေး...ငါ့လှံက နင့်သွေးနဲ့ မတန်သေးဘူး..ပင်ပန်းတယ်...နောက်တယောက်လာ”

ငတွန်က လှံရှည်ကို ဆွဲကာ မြင်းပေါ် ခုန်တက်လိုက်၏။

“ငတွန်ငယ်....စဉ့်ကိုင်မှာအတူတိုက်ကြကတည်းက မင်းဘာကောင်၊ ငါဘာကောင်လဲ သိသာနေတာပဲ...မင်းနဲ့ ငါတိုက်ဖို့မတန်ဘူး...ခုန ရှေ့ဆုံးက ချီလာတဲ့ကောင်...ငကောင်း...မင်းထွက်ခဲ့...ယောကျ်ားချင်း တစ်ယောက် တစ်ယောက် ယှဉ်တဲ့ပွဲ..သေနတ်သမားတွေ မပါကြေး..လာခဲ့”

မြင်းပေါ်မှ ဆင်းကာ ခဏနားနေသော ငကောင်းက မြင်းပေါ် လွှားခနဲ ခုန်တက်လိုက်သည်။

ငတွန်က သူ့လက်ထဲမှ လှံကို ငကောင်းထံ သို့ ပစ်ပေးလိုက်၏။

ငကောင်းက မြင်းကို ဇက်ကြိုးဆွဲလျက် လှံကို အသင့်ကိုင်ကာ ထွက်လာသည်။

ချစ်ညို ကာ မြင်းပေါ်တွင် မတ်တပ်ရပ်လိုက်ပြီး တစ်ဖက်က မြင်းဇက်ကြိုးကို ကိုင်၊ တစ်ဖက်က လှံရှည်ကို ကိုင်လျက် မြင်းကို စက်ဝိုင်းပုံသဏ္ဌာန် လှည့်ပတ်စီးပြသည်။

ငကောင်း က လှံကို ဆလျက် ချစ်ညို ကို ပစ်ရန် ချိန်ဆနေ၏။

ရုတ်တရက် ချစ်ညို က မတ်တရပ်ရပ်နေရာမှ မြင်းပေါ်သို့ လှစ်ခနဲထိုင်ချလိုက်သည်။

ထိုမြင်ကွင်းကို ငကောင်းက ငေးမိလိုက်စဉ် ချစ်ညို လက်ထဲမှ လှံရှည်က အရှိန်ပြင်းစွာဖြင့် ထွက်လာ၏။

လှံရှည်က ငကောင်းလက်ထဲတွင် ကိုင်ထားသော လှံရိုးတည့်တည့်ကို ထိမိပြီး ငကောင်းလက်ထဲမှ လှံပြုတ်ကျသွားသည်။

ထိုအခြေအနေတွင် ချစ်ညိုက ကျောတွင် လွယ်ထားသောဓါးကို ထုတ်ကာ အနီးသို့ ကပ်လာ၏။

“ဟာ”

ထိုင်ကြည့်နေကြသည့် မုဆိုးဖိုသေနတ်သမားများမှာ ရုတ်တရက်ဖြစ်ပေါ်လာသော အခြေအနေကြောင့် သေနတ်များဖြင့် ချစ်ညိုကို ဝိုင်းချိန်လိုက်ကြသည်။

ချစ်ညိုက မြင်းဇက်ကြိုးကို ဆွဲကာ ရပ်လိုက်သည်။

“စကားမတည်ကြတဲ့ကောင်တွေ...ထွီ”

ချစ်ညိုက မခိုးမခန့်ပြုံးကာ မြင်းကို ပြန်လှည့်ပြီး ခင်ဦးဘက်ဆီသို့ ဒုံးစိုင်းထွက်သွား၏။

ငကောင်းက မြဲင်းပေါ်မှ ဆင်းကာ...ကျသွားသော လုံရှည်ကို ကောက်လျက်...သူ့နောက်မှ သေနတ်သမားများထဲသို့ လှမ်းပစ်လိုက်သည်။

သေနတ်သမားများမှာ အပြေးအလွှားရှောင်ကြရတော့သည်။

“မင်းတို့ကြောင့်....ငါ စောက်ရွက်ကွဲတာ..ယောကျ်ားချင်းတစ်ယောက်စီ ယှဉ်ကြတာကွ...ကတိစကားတည်ကြမှပေါ့....ငါသေလည်း ကြည့်နေကြ...အခုတော့ သေတာထက်တောင် ရှက်ဖို့ကောင်းပြီ..ခွေးမသားတွေ”

ငတွန်က ငကောင်းအနားသို့ ရောက်လာသည်။

“ကိုကောင်း...ကိုယ့်လူတွေကလည်း မျက်စိရှေ့ သူတို့တပ်မှူးထိတော့..ဘယ်နေစိမ့်ကြပါ့မလဲ...လာပါဗျာ..ပြန်ဆုတ်ကြစို့”

မုဆိုးဖိုတပ်မှူးက ချစ်ညို၏ ညီတစ်ယောက်ကို သတ်နိုင်ပြီဖြစ်သဖြင့် ပြန်ဆုတ်ရန် ပြင်ဆင်ကြသည်။

“ညိုသူ...မင်းဆီက ဟိုခေါင်းကြီး ငါ့ကို ပေးစမ်း”

ညိုသူ က ငတွန်ထံသို့ ချစ်ဝ၏ ခေါင်းပြတ်ကြီးကို ပေးလိုက်သည်။

“ဘာလုပ်မလို့လဲ..ဗိုလ်တွန်”

“ကိုကောင်းတို့ ဆုတ်နှင့်....ကျုပ်...ဒီခေါင်းကြီး ခင်ဦးဘက်ခြမ်းမှာ သွားချပေးလိုက်ဦးမယ်”

“ဘာဖြစ်လို့လဲဗျ..ဒီခေါင်းကို အလောင်းဘုရားကို ပြရမယ်လေ”

“ကျုပ်ပြောပါ့မယ်..ကိုကောင်း...ချစ်ဝ ဆိုတာ ခင်ဦးသူရဲကောင်းညီအစ်ကိုတွေထဲက တစ်ယောက်မဟုတ်လား....ချစ်ညိုကြီးတို့ ချစ်မြတို့ဆိုတာ ကျုပ်တို့နဲ့လည်း သိခဲ့ကျွမ်းခဲ့ကြသူတွေပဲ..သူတို့ ညီရဲ့နောက်ဆုံးအချိန်မှာ ခေါင်းနှင့်ကိုယ်တွဲလျက်လေးတော့..သူတို့လည်း ရှိစေချင်မှာပါပဲ...ပြီးတော့...ငါတို့ ဘက်က ခုနစီးချင်းပွဲမှာ ကတိမတည်သလို ဖြစ်ခဲ့တာအတွက်...ချစ်ညိုကြီးကို ပြန်ပေးရမယ်”

ငတွန်၏ စကားကို ငကောင်းက ခေါင်းညိတ်လိုက်သည်။

“ကဲ..ဒါဆိုလည်း...မြတ်ထွန်းတို့ ဆုတ်ကြပါစေ..ကျုပ်နဲ့ ညိုသူ ခင်ဗျား..ခေါင်းသွားချပေးပြီး ပြန်လာတဲ့အထိ စောင့်မယ်..ဗိုလ်တွန်”

ငကောင်း၏ စကားအဆုံး ငတွန်က အနီးရှိ သေနတ်တလက်ကိုယူကာ ကျောတွင်လွယ်လိုက်သည်။

ထို့နောက် ချစ်ဝ၏ ခေါင်းကို ဆွဲကာ..ခင်ဦးဘက်ဆီသို့ ရုတ်တရက်ထွက်ခွာသွားတော့၏။

.....
.....

“ညီလေး..ငါ့ညီလေးရာ”

ခေါင်းမပါသည့် ခန္ဓာကိုယ်ကြီး က သွေးစေးတို့ဖြင့် ခြောက်ကပ်နေခဲ့ပြီ။

ချစ်မြကား ထိုခန္ဓာကိုယ်ကြီးကို ထွေးပွေ့ထားသည်။ ပါးတွင်လည်း မျက်ရည်များစီးကျလျက်။

ချစ်ညို ကာ အလောင်းရှေ့တွင် မတ်တပ်ရပ်ရင်း တွေတွေကြီးစိုက်ကြည့်လိုက်၏။

“ငါ့ညီခေါင်း ဘယ်မှာလဲ”
ငကြေးနီ က လက်အုပ်ချီလျက် အနားကပ်လာသည်။

“သူတို့ဘက်က ယူသွားပြီထင်ပါတယ်...လုံးဝရှာမတွေ့ခဲ့ပါဘူး..ဗိုလ်မင်း”

ချစ်ညိုက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။

ထိုအချိန်တွင် ခင်ဦးမြို့ရိုးပြင်ဆီမှ သေနတ်ဖောက်သံ တစ်ချက်ကြားရသည်။

မြို့ရိုးဆီသို့ တပ်သားများ ပြေးတက်သွားကြသည်။

သို့သော် ချစ်ညို နှင့် ချစ်မြ တို့ကား တချက်မှ မတုန်လှုပ်။ ချစ်ဝ၏ ခန္ဓာကိုယ်ဘေးတွင် ခေါင်းငိုက်စိုက်ကာ ထိုင်နေကြသည်။

မကြာမီ ခင်ဦးတပ်သားတစ်ဦးက အရာဝတ္ထုတစ်ခုကို ကိုင်လျက် ပြေးဝင်လာသည်။

“ရပါပြီ..ဘုရား..ရပါပြီ..”

ချစ်ညိုက ချစ်ဝ၏ ခေါင်းပြတ်ကို ယူပြီး..ခန္ဓာကိုယ်တွင် ပြန်ဆက်ပေးလိုက်သည်။

ချစ်မြ ဆီမှ ဟီးခနဲ ငိုသံ ထွက်လာ၏။

ချစ်ညိုက ပွင့်လျက်သားဖြစ်နေသော ချစ်ဝ၏ မျက်လုံးများကို လက်ဖြင့် ပိတ်ပေးလိုက်သည်။

“သူ့ခေါင်းကို ဘယ်ကရလာတာလဲ”

“ခုန သေနတ်သံကြားလို့ ကြည့်ကြတော့..ဆံပင်ဖားလျားနဲ့ လူသန်သန်ညိုညိုကြီး တစ်ယောက် ခံတပ်ရှေ့ သေနတ်ဖောက်ပြီး ပစ်ချပေးသွားတာပါ..ဘုရား”

“အင်း..ငတွန် ကတော့...သူတို့ ကတိမတည်ခဲ့တဲ့အတွက် တာဝန်ပြန်ယူပေးတာပဲ..အောင်ဇေယျ...မင်း ဆီ လူကောင်းတွေရှိနေတာ...မင်းကံကောင်းတာပဲ”

ချစ်ညိုက တကိုယ်တည်း တီးတိုးရေရွတ်လိုက်သည်။

ထို့နောက် ငိုကြွေးနေသော ချစ်မြအနားသို့ သွားထိုင်လိုက်၏။

“မင်း..မနက်ဖြန် အင်းဝကို ပြန်..ချစ်မြ”

ချစ်မြ က မျက်ရည်များကြားထဲမှ ချစ်ညိုကို ကြည့်လိုက်သည်။

“ဘာဖြစ်လို့လဲ”

“အဖေကို အင်းဝမှာ ငါ့ကိုယ်စားထားခဲ့တာ..သူ့ကို ပြန်လွှတ်လိုက်...သူ့သားရဲ့ နောက်ဆုံးခရီးကို အဖေ ရှိနေပါစေကွာ...မင်းက ငါ့ကိုယ်စား အင်းဝမှာ နေပေးပေါ့”

“အင်းဝမှာ ဟံသာဝတီကလူတွေလည်းရှိနေတာပဲ...ကျွန်တော်မလိုပါဘူး”

“ငါ့စကားနားထောင်ပါ..ချစ်မြ...ငါ..ငါညီတွေကို ဘယ်လောက်ချစ်တယ်..ငါ့မိသားစုကို ဘယ်လောက်ချစ်တယ် ဆိုတာ..မင်းသိပါတယ်...အမေ မရှိတဲ့နောက်..မင်းတို့အားလုံးကို အကိုကြီးတစ်ယောက်အနေနဲ့ ကာကွယ်ပေးဖို့ ငါ့မှာ တာဝန်ရှိတယ်..ဒါပေမယ့်...အခုတော့ ငါညီတစ်ယောက်ကို ပေးလိုက်ရပြီ...မင်းကိုတော့ ငါဆုံးရှုံးမခံနိုင်ဘူး... ပြီးတဲ့ မင်းရဲ့စိတ်နှလုံးကလည်း စစ်မြေပြင်နဲ့ မအပ်စပ်ပါဘူးကွာ”

“ကျွန်တော် ခင်ဦးသားပါ.ကိုကြီးညို...ခင်ဦးအတွက်တော့ ကျွန်တော်လည်း ဓားဆွဲလှံဆွဲရမှာပါပဲ”

“မဟုတ်ဘူး..ချစ်မြ..မကြာခင်မှာ မုဆိုးဖိုသားတွေနဲ့ ငါတို့ အကြီးအကျယ်တိုက်ရလိမ့်မယ်... စစ်ပွဲမှာ အနိုင်အရှုံးဘာဆိုတာမသိပေမယ့်...ငါခံစားရသလို အောင်ဇေယျလည်း ခံစားရအောင်...ငါ ကလဲစားချေမယ်.. အဆုံးအထိတိုက်မယ်..အဲ့ဒီအချိန်မှာ နောက်ဆုံးကျန်တဲ့ ငါ့ညီတစ်ယောက်အတွက် တိုက်ပွဲထဲမှာ ငါစိတ်မထင့်ချင်ဘူး...မင်းအတွက် စိတ်ရောက်နေတာနဲ့..ငါမှာ ရန်သူလက်မှာ အသက်ပျောက်သွားနိုင်တယ်... ဒီတော့...ခင်ဗျီးမှာ မင်းကို မရှိစေချင်ဘူး..ဒါပဲ..မနက်ဖြန် မင်း..အင်းဝကို ပြန်..အဖေ့ကို ဒီကို ပြန်လွှတ်လိုက်...ချစ်ဝ ကို အမေ့အုတ်ဂူဘေးမှာ သင်္ဂြိုလ်မယ်”

ချစ်ညို က ချစ်မြ ၏ ပုခုံးကို ဆုပ်ကိုင်ကာ ထွက်ခွာသွားတော့သည်။

.....
.....

မုဆိုးဖိုခံတပ်အတွင်းသို့ နောက်ဆုံးဝင်လာကြသော ငတွန်၊ ငကောင်းနှင့် ညိုညူတို့မှာ မုဆိုးဖိုရွာတွင်း အခြေအနေ ထူးခြားနေသည်ကို သတိထားမိလိုက်သည်။

မြို့တွင်း တပ်များ အသုတ်လိုက် အသုတ်လိုက် ရှုပ်ထွေးကာ သွားလာနေကြ၏။

“ဗိုလ်တွန် တို့ ပြန်လာကြပြီပေါ့”

အသံကြောင့် လှည့်ကြည့်လိုက်သည်။

မြင်းတစ်စီးကို ဆွဲလျက် လျှောက်လာကြသော ရွှေကြူ ။ နဘေးတွင် ငအိုးလည်း ပါလာသည်။

“ဘာတွေဖြစ်နေတာလဲ...ရွှေကြူ”

“ရွှေတောင်စားမင်းသားက မုဆိုးဖိုမှာ လာခိုလှုံနေတဲ့ အင်းဝသားတွေကိုခေါ်ပြီး ထွက်ပြေးသွားလို့...အခု နောင်တော်ကြီးအောင်ဇေယျနဲ့ သားတော်တွေတစ်ဖွဲ့၊ စည်သာမင်းကြီးနဲ့ ငသာက တစ်ဖွဲ့ အဖွဲ့ခွဲပြီး လိုက်နေကြတယ်...ကျုပ်တို့ကို တော့တပ်စောင့်ထားရစ်တယ်”

ရွှေကြူ၏ စကားကြောင့် ငတွန်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ရွှေတောင်စားမင်းသားသည် မဟာဓမ္မရာဇာဓိပတိမင်းနှင့် ကိုယ်လုပ်တော်စဉ္ဒာဒေဝီ တို့မှ မွေးဖွားသော မင်သားဖြစ်သည်။

အင်းဝအပျက်တွင် ထွက်ပြေးလွတ်မြောက်ကာ တရုတ်ပြည်မှ ပြန်လာသည့် သံအဖွဲ့ကို ကြိုဆိုရန်သွားရောက်သည့် အကိုတော် အနော်ရထာစော နှင့် ညီဝမ်းကွဲ စကိုင်ရွှေတောင် တို့နှင့် ပူးပေါင်းရန် ရှမ်းပြည်ဘက်သို့ တက်သွားခဲ့သည်။

သို့သော်ငြား အနော်ရထာစောနှင့် စကိုင်ရွှေတောင်တို့မှာ လမ်းခရီးတဝက်တွင်ပင် အင်းဝပျက်ကြောင်း သတင်းကို ကြားရသဖြင့် ခရီးမဆက်နိုင်ပဲ သီပေါတွင် သောင်တင်နေကြ၏။

ထို့အချိန်တွင် အင်းဝသို့ ပြန်လှည့်ရေး ၊ မလှည့်ရေးကိစ္စ ညီနောင်ချင်းစကားများ ကြရာမှာ စကိုင်ရွှေတောင်က အကိုဖြစ်သူ အနော်ရထာစောကို လုပ်ကြံသတ်ဖြတ်လိုက်သည်။

သတင်းများကြောင့် ရွှေတောင်စားမင်းသားမှာ ရှမ်းပြည်သို့ မသွားတော့ပဲ...သူ၏ မယား မင်းထီပ်ပန် သွားရောက်ခိုလှုံနေသည့် မုဆိုးဖိုသို့ သွားရောက်ပူးပေါင်းသည်။

အောင်ဇေယျက ကောင်းမွန်စွာ ကြိုဆိုလက်ခံထားခဲ့သည်။

သို့သော်...အောင်ဇေယျသည် ရှင်ဘုရင်အဖြစ် ခံယူပြီး မုဆိုးဖိုကို မြို့တော်အဖြစ် စတင်တည်ဆောက်ရန် လုပ်နေချိန်တွင် ရွှေတောင်စားမင်းသားအနေဖြင့် ဒွိဟများဖြစ်ပေါ်လာခဲ့သည်။

အောင်ဇေယျသည် ရှင်ဘုရင်ဖြစ်ပြီဆိုပါက တချိန်က အင်းဝနန်းဆက်၏ နန်းညွှန့်နန်းလျာစာရင်းဝင် မိမိအား အရှင်ထားမည်မဟုတ်ကြောင်း သံသယဝင် တွေးမိလာသည်။

ထို့ကြောင့် မုဆိုးဖိုတွင် ခိုဝင်နေသော အင်းဝနန်းတွင်းအမှုထမ်းအချို့နှင့် အင်းဝသားများကို စည်းရုံးကာ..မုဆိုဖိုသားတို့ ခင်ဦးစစ်ဘက်သို့ အာရုံရောက်နေချိန် ထွက်ပြေးကြခြင်းဖြစ်သည်။

ငတွန်မှာ အင်းဝသူဖြစ်သော မြတ်ထားသီရိအတွက် စိတ်ပူသွား၏။

ထို့ကြောင့် မြတ်ထားသီရိရှိရာသို့ မြင်းကို အပြင်းနှင်သွားသည်။

အိမ်ခြံဝန်းထဲတွင် ကိုယ်ဝန်အတန်ငယ်ရင့်မာနေပြီဖြစ်သော မြတ်ထားသီရိ ကလမ်းလျှောက်နေ၏။

“မြတ်ထားသီရိ”

ငတွန်က အမောတကောဖြင့် မြဲတ်ထားသီရိထံ လျှောက်သွားသည်။

“မောင်ကြီးငတွန်...ပြန်လာပြီပေါ့..မောလာလား..မြတ်ထားရေခပ်ပေးမယ်”

“နေ..နေ...မြတ်ထားသီရိ”

ငတွန်က မြတ်ထားသီရိ ၏ လက်မောင်းနှစ်ဖက်ကို ကိုင်လိုက်သည်။

“ရွှေတောင်စားမင်းသားရဲ့အင်းဝအုပ်စုတွေနဲ့အတူ မင်းလိုက်သွားပြီလားလို့ စိတ်ပူလိုက်ရတာ”

မြတ်ထားသီရိက ပြုံးလိုက်သည်။

ကိုယ်ဝန်လွယ်ထားသည့်အတွက် မြတ်ထားသီရိ၏ မျက်နှာလေးမှာ နူးညံ့ဖောင်းမွတ်နေ၏။

“မင်း..ဘာလို့ လိုက်မသွားတာလဲ..မြတ်ထားသီရိ..ကိုယ်ဝန်ကြောင့်လား”

“ဟင်အင်း...မောင်ကြီးကို အသိမပေးပဲ..မြတ်ထား..ဒီကနေ ဘယ်မှ မခွာပါဘူး..မောင်ကြီးရဲ့”

“ဟူး...တော်ပါသေးရဲ့...မြတ်ထားသီရိရယ်..ဒီလူတွေ ထွက်ပြေးတဲ့အထဲ မင်းပါသွားလို့ကတော့..တကယ်လို့...ကိုအောင်ဇေယျ သာ သူတို့ကို မီသွားရင်..အကုန်လုံးကို ကွပ်မျက်ပစ်မှာပဲလို့ ငါတွေးပြီး..အတော်စိတ်ပူသွားတာ”

“မောင်ကြီးက မြတ်ထားအတွက် စိတ်ပူတယ်ပေါ့”

“အေးပေါ့ဟ”

“ဘာလို့လဲဟင်”

“ဒီမှာလေ..မင်းမှာ..ဗိုက်ထဲက ကလေးနဲ့”

“သြော်..ကလေးကို ပူတာပေါ့..ဗိုက်ထဲမှာ ကလေးမရှိရင်တော့..ဖြစ်ချင်တာဖြစ်ပေါ့..ဟုတ်လားဟင်”

“အဲ့ဒီလိုလည်း...မဟုတ်ပါဘူး..မြတ်ထားသီရိ..မင်း..သိပ်စကားများတာပေါ့..ရေခပ်ပေးမယ်ဆို..သွား”

“ဟုတ်ပါရဲ့..ခဏ..အား”

မြတ်ထားသီရိက မြေပြင်မှ သစ်ငုတ်လေးကို နင်းမိကာ ဟန်ချက်ပြန်သွားသည်။

ငတွန်က ပုခုံးကို ထိန်းကိုင်လိုက်၏။

“ကဲ..ကိုယ်ဝန်ကိုပဲ ဂရုစိုက်ပါ..မမရယ်..ကျွန်တော်မျိုးဖာသာ သွားသောက်ပါ့မယ်”

ငတွန်က မန်းကျည်ပင်ရိပ်မှ ရေအိုးစင်တွင် ရေမုတ်ကို ယူကာ သောက်လိုက်သည်။

ထိုအချိန်တွင် ခြံဝန်းအတွင်းသို့ ရွှေကြူ ဝင်လာ၏။

“ဗျိုး..ဗိုလ်တွန်..ဝင်လာပြီနော်”

“လာပါဗျာ..ဘာကိစ္စလဲဗျိုး”

“နောင်တော်ကြီးတို့တော့...ပြန်ရောက်လာပြီဗျိုး..ဘယ်မှာမှ ရှာမတွေ့ဘူးတဲ့..ခင်ဗျားကို ခင်ဦးကိစ္စ မေးစရာရှိလို့ ခေါ် ခိုင်းလိုက်သတဲ့”

“အင်း..လာရတာပေါ့”

“မောင်ကြီး..ပြန်လာရင်..မြတ်ထားဆီမှာ ထမင်းစားနော်...ဝက်သားဟင်းချက်ထားပေးမယ်ရှင့်”

မြတ်ထားသီရိ နှင့် ငတွန်တို့ကို ရွှေကြူက ကြည့်ကာ ပြုံးလိုက်သည်။

“ကိုယ့်လူတော့..ဒီမှာ အင်းဝသူလေးနဲ့ အမောဖြေလို့မဝသေးဘူး..ဟို ဒေါသအိုးကျုပ်အကို နဲ့ စာရင်းရှင်းရတော့မယ်ထင်ပ”

“ဘယ်ဖြစ်လို့လဲ..ကိုရွှေကြူ”

“ခင်ဗျား ချစ်ဝခေါင်းကို သွားပြန်ပေးခဲ့တယ်ဆိုဗျ”

ငတွန်က ဘာမှပြန်မဖြေပဲ..မြင်းပေါ်သို့ တက်လိုက်သည်။

ငတွန် နှင့် ရွှေကြူ တို့ အောင်ဇေယျ၏ ယာယီနန်းတော်အိမ်သို့ ရောက်ရှိသွားသည့်အခါ လူစုံတက်စုံနေပေပြီ။

ငကောင်း၊ မြတ်ထွန်းတို့ လူစုက မြေပြင်တွင် ပြားပြားဝပ်နေကြသည်။

အောင်ဇေယျ၏ မျက်နှာကား တင်းမာနေ၏။

ရွှေတောင်စားထွက်ပြေးသည်ကို ဖမ်းမမိခဲ့ပဲ ပြန်လာလာချင်းပင် ချစ်ဝကို ခေါင်းဖြတ်သတ်နိုင်ခဲ့သည့်သတင်းကို ကြားရသည်။

သို့သော် ချစ်ဝ ခေါင်းကို မပြန်နိုင်သဖြင့် အကျိုးအကြောင်းမေးသော် ဗိုလ်တွန်က တာဝန်ခံကာ သွားပြန်ပေးခဲ့သည်ကို သိလိုက်ရခြင်းကြောင့်ဖြစ်သည်။

“ကဲ...ဗိုလ်မင်းငတွန်...ချစ်ညိုကြီးညီ ချစ်ဝခေါင်းကို ဖြတ်လိုက်နိုင်ရဲ့ဆို”

ငတွန်က မြေပြင်တွင် ဒူးတုပ်လျက် ရှိခိုးပြီး ခေါင်းကို မော့လိုက်သည်။

“ချစ်ဝ ကို ငညိုသူက သေချာပေါက် ခေါင်းဖြတ်နိုင်ခဲ့ပါတယ်..ဘုရား”

“ကိုင်း..ဒါဆို ဘယ်မလဲ..သင်းရဲ့ခေါင်း”

ငတွန်က မဖြေ။

“ရှင်ဘုရင်ဆိုတာ လက်အောက်စစ်သူကြီးတွေကို နေရာတိုင်းယုံနေလို့ မပြီးဘူး..ဘယ်မလဲ..ချစ်ဝရဲ့ခေါင်း..ဖြေလေ..အေး..ငါကိုယ်တော်ကြားပြီးပြီ...ဗိုလ်တွန်..နေစမ်းပါဦး..မောင်မင်းက... ဘာလဲ..သူတော်ကောင်းလား.. သူရဲကောင်းလား”

ဗိုလ်တွန်က လက်အုပ်ချီလျက် အောင်ဇေယျကို စေ့စေ့စိုက်ကြည့်လိုက်သည်။

ထို့နောက်...

“ထားရင်လည်းနေ..သတ်ရင်လည်း သေရပါမယ်..ကျွန်တော်မျိုးဟာ မိဘက မွေးကတည်းက တကောင်ကြွက်ဘဝ နဲ့ မွေးလာပါတယ်...ညီရင်းအကိုဆိုတဲ့ ခံစားချက်ကို တစ်ခါမျှ မခံစားရဖူးပါ...မိမိမိတ်ရင်းသူငယ်ချင်းများ ကို ပဲ ညီအစ်ကို အဖြစ် သဘောထားခဲ့သူပါ....ဒါပေမယ့်...မုဆိုးဖိုမှာ ခစားတဲ့အခါ ဒီက အလောင်းဘုရားမင်း ဖိုးအောင်ဇေယျတို့၊ အကိုကြီး ဦးဖြိုးတို့၊ ရွှေခြူတို့ ညီနောင်တွေကို ကြည့်တဲ့အခါ ညီအကိုကြား သံယောဇဉ်များကို စာနာတတ်ခဲ့ပါတယ်... ချစ်ညို၊ ချစ်မြ၊ ချစ်ဝ တို့ဆိုတာဟာလည်း ရန်သူများ ဖြစ်နေကြလင့်ကစား... တချိန်က အင်းဝမှာ ဆုံကြတွေ့ကြဖူးသူတွေမဟုတ်ပါလား..ဘုရား...သူတို့ ညီအကို ချစ်ခြင်းကို ကိုယ်ချင်းစာပြီး...အခုလို လုပ်လိုက်ရခြင်းပါ”

ထိုအခါ အောင်ဇေယျ၏ ညီဖြစ်သူ ရွှေကြဲကလည်း ခေါင်းမော့ကြည့်လာသည်။

အနီးအနားတွင် ထိုင်နေသော အောင်ဇေယျ၏ အကို ဦးဖြိုး၏ မျက်နှာမှာ လည်း ပြောင်းလဲသွား၏။

အောင်ဇေယျက သူ့အကိုနှင့် ညီများ၏ မျက်နှာများကို ကြည့်လိုက်သည်။

“ကျွန်တော်မျိုး ငတွန်..မှားခဲ့ပါလျှင်....ကျွန်တော်မျိုးခေါင်းကို ချစ်ဝ၏ ခေါင်းလို့ မှတ်ပြီး..ဆက်သ ပေးရန်အသင့်ပါ”

အောင်ဇေယျက လက်သုံးတော်ခါးကို ထုတ်ကာ ငတွန်ရှေ့တွင် မတ်တပ်ရပ် လိုက်သည်။

“တကယ့်လူဟ..စစ်ပွဲထဲ သရဲမရဲ စီးသလောက်..ဒါမျိုး ကိစ္စကျ..ရန်သူရဲ့ ဂုဏ်သိက္ခာနဲ့ ခံစားချက်ကိုပါ အသက်နဲ့ရင်းကိုယ်ချင်းစာကြည့်ပေးနေသတဲ့ လား.....နင့် ငါက သတ်ရက်မလားဟဲ့..နင်လည်း ငကောင်းလုပ်..တဝမ်းထဲက မထွက်ပေမယ့်..ငါ့ညီအကိုပဲမှတ်တယ်...အေး..ဒီတခါတော့ ရှိစေတော့..နောက် တစ်ခါဆိုရင်တော့ နင့်သဘော နဲ့ နင်ဒီလိုလုပ်လို့ကတော့..မလွယ်ဘူးသာမှတ် ဟေ့..ငါ့လူ”

အောင်ဇေယျက ငတွန်၏ ကျောကို ခါးပြားဖြင့် အသာရိုက်ပြီး ခပ်ပြုံးပြုံးနေ လိုက်သည်။

ထိုအခါမှ ယာယီနန်းအတွင်းရှိသူ အားလုံး...သက်ပြင်းကိုယ်စီချလိုက်ကြ တော့သည်။

အခန်း (၁၀)

“သူ..တကယ်မရှိတော့ဘူးပေါ့”

နားလေ၏ အသံက အနိမ့်အမြင့်မရှိ။ တုန်လှုပ်ခြင်းမရှိ။ ပကတိ အေးစက်စက်။

တချိန်က စစ်ကိုင်းရှိ မဏိပူရကသည်း ဘုရားကျောင်းတွင် ဟိန္ဒူပရောဟိတ်ကြီး မဟာပရဘူကျောင်းတွင် နေထိုင်သည့် ပုဏ္ဏားလူမျိုး ငဖြူ က နားလေ၏ ခြေရင်းတွင် ဝပ်တွားခစားလျက်။

ငဖြူသည် ဂါရစ်နာဝဇ် နှင့် သားတော် ဆန်ဂျေးခူရာလက်ပ တို့ အင်းဝမှ မဏိပူရသို့ အပြန်ခရီးတွင် လိုက်ပါခဲ့ရသူဖြစ်သည်။

၁၇၅၂ အင်းဝတပ်များနှင့် ဟံသာဝတီတပ်များ တိုက်ပွဲပြင်းထန်နေချိန်တွင် အင်းဝသို့ သမီးကညာဆက်လာသော မဏိပူရဘုရင် ဂါရစ်နာဝဇ် နှင့် သားတော်ဆန်ဂျေးခူရာလက်ပ တို့မှာ မဏိပူရသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

သို့သော် ထိုအချိန်တွင် မဏိပူရ ကန်ကလာ နန်းတော်တွင် နန်းစောင့်အဖြစ် ကျန်ရစ်သော သားတော် သျှန်သျားက ဂါရစ်နာဝဇ် ၏ ဘက်တော်သားများ၊ ဟိန္ဒူဘာသာဝင်ပုရောဟိတ်များ၊ အမတ်များကိုလည်း တိတ်တဆိတ်လုပ်ကြံသတ်ဖြတ်နေသည်။

ဂါရစ်နာဝဇ်ဘုရင် ၊ သားတော်ဆန်ဂျေးခူရာလက်ပတို့ စစ်ကြောင်းသည် အင်းဝနှင့် မဏိပူရနယ်စပ် သောင်သပ်မြို့သို့ ရောက်ရှိလာသည်။

သောင်သပ်မြို့တွင် စစ်ကြောင်းကိုရပ်တန့်ပြီး...ကန်ကလာနန်းတော်ရှိ သားတော် သျှန်သျားမှ အကြိုထောက်သည့် အဖွဲ့ကို စောင့်ဆိုင်းနေခဲ့ကြ၏။

ထိုအချိန်တွင် သောင်သပ်စော်ဘွားကြီး စောခမ်းဟို နှင့် မဏိပူရမင်းသား သျှန်သျားတို့ ကြိုတင်စီမံထားကြသည့်အတိုင်း ဂါရစ်နာဝဇ်နှင့် သားတော်ဆန်ဂျေး တို့ကို လုပ်ကြံသတ်ဖြတ်လိုက်ကြသည်။

သျှန်သျားမှာ ခမည်းတော်နှင့် နောင်တော်ဆန်ဂျေးတို့ အင်းဝမှအပြန် စစ်ပွဲတွင် ကျဆုံးသွားပြီဟု ကြေညာကာ အာဂျစ်ရှားဘွဲ့ဖြင့် မဏိပူရဘုရင်အဖြစ် ကြေညာခဲ့သည်။

ဂါရစ်နာဝဲ့ လုပ်ကြံခံရပြီးသည့်နောက် အတူလိုက်ပါလာသည့် အင်းဝသား ပုဏ္ဏား ငဖြူတို့မှာ မဏိပူရသို့ မလိုက်သွားတော့ပဲ...အင်းဝသို့ သာပြန်လာကြသည်။

သို့သော် အင်းဝနေပြည်တော်ကား ဟံသာဝတီလက်အောက်ရောက်နေပြီဖြစ်သဖြင့် ပို့ဝအရပ်တွင် တပ်ချနေသော နားလဲ ဦးဆောင်သည့် ကွေ့တို့ထံ ခိုဝင်လာခြင်း ဖြစ်သည်။

ပုဏ္ဏားငဖြူ ထံမှ သတင်းစကားသည် နားလဲ ၏ တဒင်္ဂမျှ တိတ်ဆိတ်ဆွံအသွားစေသည်။

အင်းဝလက်မရှုံထောင်ကြီးမှ ထွက်ပြေးလွတ်မြောက်လာခဲ့သော ကွေ့သူပုန်မလေး နှင့် ကသည်းမင်းသား တို့၏ အတိတ်ဇာတ်လမ်း မှာ နားလဲ၏ စိတ်ထဲတွင် တဝဲလည်လည်။

“ဟံသာဝတီတပ်တွေ ပို့ဝဆိပ်မှာ ဆိုက်ကပ်နေပါပြီ...သခင်မ”

ကွေ့စစ်သည်တစ်ဦးက လာရောက်လျှောက်တင်၏။

“အစီအမံတွေအားလုံး စနစ်တကျပြင်ဆင်ပြီးပါရဲ့လား”

“မှန်ပါ..ဗိုလ်မင်းငနက်တို့ကိုယ်တိုင် ကြီးကြပ်ထားပြီးကြောင်းပါ”

“အေး...အကိုတော် ဂုဏ္ဏာအိမ်ရော”

“သခင်မ ကပဲ ဟံသာဝတီသားတွေကို ကြိုဆိုဧည့်ခံပေးထားပြီး...နေစောင်းချိန်မှာမှ ဂုဏ္ဏာအိမ်မင်းကြီးနဲ့ ဗိုလ်မင်းငကက် တို့ က ရွှေတောင်မင်းသားနဲ့ မိသားစုကို ခေါ် ပြီး အုတ်ဖိုက တက်လာပါလိမ့်မယ်”

မုဆိုးဖိုမှ ထွက်ပြေးလာသော ရွှေတောင်စားမင်းသားတို့ အစုမှာ အုတ်ဖိုရှိ ဂုဏ္ဏာအိမ်ထံသို့ ခိုဝင်လာကြသည်။

ဂုဏ္ဏာအိမ်က အသတ်ကိုမသတ်ပါဟု ကတိပေးပြီး ပြုစုစောင့်ရှောက်ထားသည်။

သို့သော် ရွှေတောင်မင်းသားရောက်လာပြီး မကြာမီပင် ဂုဏ္ဏာအိမ်က အင်းဝရှိ ဟံသာဝတီတပ်များနှင့် တိတ်တဆိတ်ဆက်သွယ်ခဲ့သည်။

ဟံသာဝတီတပ်များထံ ရွှေတောင်စားမင်းသားမိသားစု ကို အပ်နှံပြီး ဟံသာဝတီနှင့် ကွေ့တို့ကြား စစ်မက်မဖြစ်ပွားစေရေးနှင့် နယ်မြေပိုင်းခြားရေးကို ဆွေးနွေး

ကြဲမည်ဟု ပို့ခဲ့သည်။

ယနေ့တွင် ပိုဝအရပ်သို့ ဟံသာဝတီတပ်များ ရောက်ရှိလာကြပြီဖြစ်သည်။

ဟံသာဝတီရေတပ်ဗိုလ်ချုပ် ဗညားစိုး ဦးစီးသည် အင်အား(၁၀၀၀)သည် ပိုဝဆိပ်သို့ ဆိုက်ကပ်လာကြပြီဖြစ်၏။

နာလဲက ဒူးလေးကို စလွယ်သိုင်းလွယ်ကာ မြင်းဖြင့် မြစ်ဆိပ်သို့ ဆင်းလာသည်။

နဘေးတွင် ဒူးလေးကိုယ်စီကိုင်ထားသည့် ကွေ့အမျိုးသမီးတပ်ဖွဲ့က ဝန်းရံလာ၏။

ဗိုလ်ချုပ်ဗညားစိုး သည် နေရောင်အောက်တွင် ငွေရောင်တလက်လက်ဖြစ်နေသည့် နားလဲ၏ ဝတ်စုံကို ငေးကြည့်နေသည်။

နားလဲက မြင်းပေါ်မှ ဆင်းလိုက်သည်။

“ကွေ့မင်းသမီး ထင်ပါရဲ့..ကျုပ် ဟံသာဝတီလှေသင်းဗိုလ် ဗညားစိုးပါ”

“အကိုတို့က ရွှေတောင်မင်းသားကို ခေါ်ယူပြီး အုတ်ဖိုကနေ ထွက်လာကြပါပြီ...မကြာခင် ရောက်တော့မှာပါ..ငါက ကွေ့မင်းဂုဏ္ဍာအိမ်ကိုယ်စား လာရောက်တပ်ချစောင့်ဆိုင်းပေးနေတာပါ.. ဟံသာဝတီဗိုလ်ချုပ်အနေနဲ့ ခရီးအဝေးကြီးကို ဆန်တက်လာကြတော့..မောကြပန်းကြရောပေါ့....ဟိုရှေ့မှာ တဲကန္နားကြီး ရှိပါတယ်...အဲဒီမှာ ဝက်သားဟင်း၊ ထမင်းနဲ့အတူ ကွေ့တွေရဲ့ အထူးညှော့ထောက်ခံဖြစ်တဲ့ တိုးတက်မှုမှာတ်ရည်များသုံးဆောင်ဖို့ ဟံသာဝတီဗိုလ်ချုပ်နဲ့ တကွ အရာရှိများကို ဖိတ်ကြားပါရစေ”

“ကျုပ်တပ်သားတစ်ထောင်ကျော်အတွက်ရော”

“မကြာခင်မှာ ရိက္ခာဆန်တွေရော၊ အမဲသားငါးတွေပါ တပ်တွေထဲ ဝေငှဖို့ စီစဉ်ပေးသွားပါ့မယ်...အဲဒီကိစ္စ ဆွေးနွေးကြဖို့ ဗိုလ်ချုပ်တို့သာ တဲကန္နားကို ကြွကြပါ”

နားလဲက ရှေ့မှ ဦးဆောင်သွားသည်။

ဗိုလ်ချုပ်ဗညားစိုးနှင့်အတူ ဟံသာဝတီရေတပ်ကို ဦးဆောင်လာသည့် အရာရှိ သုံးဆယ်ဦး က နားလဲ၏ နောက်မှ လိုက်ပါလာကြ၏။

တဲကန္နားရှေ့တွင် ကွေ့တပ်မှူး ငနက်က အသင့်စောင့်ကြိုနေသည်။

တဲထဲတွင် အသီးသီးနေရာဝင်ယူလိုက်ကြ၏။

“အစားအသောက်များ အရင်စားသောက်ရင်း..စောင့်ဆိုင်းကြပါ”

ကွေ့လူမျိုး အမျိုးသမီးလေးများက ဖက်ရွက်များဖြင့် တည့်ခင်းထားသည့် ထမင်းများပေါ်သို့ ဝက်သားဟင်းများကို လိုက်လံထည့်ပေးကြသည်။

တိုးတက်မှုမာတ်ရည်ခေါ် ယမကာထည့်ထားသည့် ရေတကောင်းများကို ငှဲ့ပေးကြ၏။

“မင်းသမီးရော....ကျုပ်တို့နဲ့အတူတူ မသုံးဆောင်ဘူးလား”

ဗိုလ်ချုပ်ဗညားစိုး ၏ အမေးကို နားလဲက မကြား။

နေပူပူတွင် တံလျပ်များထနေသည့် ကွင်းပြင်အဆုံးမှ မြစ်ပြင်ကိုသာ ငေးရီနေသည်။

“သခင်မ..သခင်မ”

ဘေးနားတွင်ထိုင်နေသည့် ငနက်က ခပ်တိုးတိုး သတိပေးလိုက်၏။

ထိုအခါမှ နားလဲ သတိပြန်ဝင်လာသည်။

“ဘာများပြောလိုက်ပါသလဲ...အတွေးလွန်သွားလို့ပါ”

“ရပါတယ်..ဘာမှ မဟုတ်ပါဘူး”

ဗညားစိုး က အရက်တစ်ခွက်ကိုငဲ့ကာ သောက်လိုက်သည်။

ဟံသာဝတီတပ်မှူးများမှာ ခရီးဝေးကလာကြရသဖြင့် စားကောင်းသောက်ဖွယ်များကို ခေါင်းမဖော်တမ်း စားနေကြ၏။

ဆန်ဂျေး လုပ်ကြံခံရပြီးသေဆုံးသွားသည်ဆိုသည့်သတင်းကြားရသည့်အချိန်မှစ..နားလဲ၏ စိတ်နှင့် ကိုယ်သည် မကပ်တော့။

ထိုအချိန်တွင် ခပ်ဝေးဝေးဆီမှ ကန်းပုလွေသံ တစ်ခု ပျံ့လွင့်လာ၏။

ပုလွေသံ၏ အဓိပ္ပါယ်ကို သိလိုက်သော နားလဲက တအံတသြဖြင့် မတ်တပ်ထရပ်လိုက်သည်။

ကွေ့လူမျိုးတို့၏ စစ်ပွဲ စပြီဖြစ်ကြောင်း ဖော်ကျူးသည့်တေးသွား။

ထိုစဉ် မဏ္ဍပ်ထိပ်ဆုံးတွင် ထိုင်နေသော..ဟံသာဝတီတပ်မှူးတစ်ဦးမှာ မျက်လုံးကြီးပြူးပြီး စားလက်စ ထမင်းဖက်ရွက်ပေါ် ခေါင်းစိုက်ကျသွား၏။

“အံမယ်လေး”

ညည်းညူသံနှင့်အတူ နောက်ထပ် တပ်မှူးတစ်ဦးမှာ မြေပြင်တွင် လူးလိမ့်နေသည်။

သူ့ရှေ့တည့်တည့်တွင် ထိုင်နေသော နားလဲက အခြေအနေကို နားမလည်နိုင်ပဲ ကြောင်ကြည့်နေသည်။

“မင်းတို့...မင်းတို့”

လှေသင်းဗိုလ်ဗညားစိုး က လက်ထဲမှ ဓါးကို ဆွဲထုတ်ပြီး မတ်တပ်ရပ်လိုက်၏။

သို့သော်.ပါးစပ်ထဲမှ သွေးများ ပွက်ခနဲထွက်လာကာ..လဲကျသွားတော့သည်။

မြစ်ဆိပ်ဘက်ဆီသို့ ညာသံပေးတက်သွားကြသော ကွေ့စစ်တပ်ကြီးတစ်တပ်ကိုလည်း နားလဲ လှမ်းမြင်လိုက်ရသည်။

မြစ်ကမ်းနဘေးတွင် ခြေပစ်လက်ပစ်နားလျက် ရှိကွာကို စောင့်နေကြသော ဟံသာဝတီတပ်များမှာ ကွေ့တို့၏ ရုတ်တရက်တိုက်ခိုက်မှုအောက်တွင် အငိုက်မိကုန်ကြ၏။

နားလဲက ထိုမြင်ကွင်းများကိုကြည့်ကာ အလန့်တကြားမတ်တပ်ထရပ်လိုက်သည်။

နဘေးတွင်ရှိနေသော ငနက် က ခပ်အေးအေးပင်။

“ဘာ..ဘာတွေ ဖြစ်ကုန်တာလဲ..ဘာတွေဖြစ်ကုန်တာလဲ”

ဟံသာဝတီတပ်မှူးများကား မဏ္ဍပ်ထဲတွင် အဆိပ်မိကာ အတုံးအရုံးသေကုန်ပြီဖြစ်သည်။

“ဒါက ဂုဏ္ဍအိမ်သခင် နဲ့ ရွှေတောင်စားမင်းသား ရဲ့အကြံအစည်တွေပါ...သခင်မ”

ငနက်က ဗညားစိုး ၏ လက်တွင်ဝတ်ထားသော ပတ္တမြားလက်စွပ်ကို ချွတ်နေရင်းမှ ပြောလိုက်သည်။

“ငါ့ကို ဘာလို့ အသိမပေးကြဲတာလဲ”

“ဒီအကြံအစည်ကို သခင်မ သိရင် ကန့်ကွက်မယ်ဆိုတာသိလို့ ဂုဏ္ဍာအိမ်သခင်က အသိမပေးတာပါ”

“ဘာ”

နားလဲက ငနက်ကို စူးစူးရဲရဲကြည့်လိုက်သည်။

ထိုအချိန်တွင် ဂုဏ္ဍာအိမ်က ရွှေထီးဆောင်းလျက် မဏ္ဍပ်ထဲသို့ ဝင်လာ၏။ နဘေးတွင် ရွှေတောင်စားမင်းသား ကလည်း ရွှေထီးမိုးလျက် ။

“ကဲ...ဟံသာဝတီက လှေအစင်း(၂၀၀)ကို ကိုယ့်ဘက်က လူအများကြီး အသေအပျောက်မရှိပဲ.ရလိုက်ပြီ..မဟုတ်လား...အဆွေတော်ဂုဏ္ဍာအိမ်”

ရွှေတောင်စားမင်းသားက လက်ပိုက်လျက် ပြုံးပြီးပြောလိုက်သည်။

ဂုဏ္ဍာအိမ်က မဏ္ဍပ်အတွင်း အဆိပ်မိကာ သေဆုံးနေသော ဟံသာဝတီစစ်သူကြီးများကို သေချာစွာကြည့်ရှုနေ၏။

“အကို....ဒီနေ့ နှင့်လုပ်ရပ်ဟာ ကွေ့တွေ အတွက် အမဲစက်ဖြစ်သွားပြီ..သွားပြီ..သွားပြီ..ငါတို့လူမျိုး..ရဲ့တည်ဆောက်ခဲ့သမျှ ရိုးသားမှုတွေ သွားပြီ”

နားလဲ က သူရူးတစ်ယောက်ကဲ့သို့ အော်ဟစ်နေသည်။

ဂုဏ္ဍာအိမ်က နားလဲ ၏ အနားသို့ ရောက်လာပြီး ပုခုံးကို ဆုပ်ကိုင်လိုက်သည်။

“ငါ့နှမ...နင်ဘာဖြစ်နေတာလဲ..နင်က ကွေ့တွေရဲ့ဒုတိယခေါင်းဆောင် တစ်ယောက်ဆိုတာလည်း သတိထားဦးလေ”

“ဟုတ်တယ်..ငါက ဒုတိယခေါင်းဆောင်...ဒါပေမယ့်...သစ္စာတရားကို တန်ဖိုးမထားတဲ့ ပထမခေါင်းဆောင် အတွက် ငါ ဒီလိုပြောနေရတာ...ငါတို့က အင်းဝဘုရင်ရဲ့ဖိနှိပ်မှုတွေကို တော်လှန်ပုန်ကန်ရင်း ဒီအဆင့် အထိ ရောက်လာကြတာလေ...စစ်ပွဲတွေအားလုံးကို ငါတို့ ရိုးရိုးသားသားပဲ တိုက်ခဲ့ကြတယ်...အောင်မြင်ခဲ့ကြတယ်မဟုတ်လား...အခုလို ရန်သူကို မိတ်ဆွေယောင်ပြုပြီး အဆိပ်ခတ်သတ်တာမျိုးတော့..ငါလက်မခံဘူး”

“ဒါလည်း စစ်ပရိယာယ်ပဲလေ..နားလဲ”

“မဟုတ်ဘူး...ဒါ..စစ်ပရိယာယ်မဟုတ်ဘူး..အကို..ဒါ သရဲဘောကြောင်တာ..ရန်သူကို နောက်ကြောက ဓါးနဲ့ထိုးတာ...သတ္တိမဲ့တာ..ယုတ်မာတာ..ငါရှက်တယ်..အကို..ဒီနေ့ နင်တို့ လုပ်ရပ်အကုန်လုံးကို ငါရှက်တယ်”

နားလဲက မဏ္ဍာပ်အပြင်သို့ ထွက်သွားပြီး မြင်းကို ဒုံးစိုင်းကာ အဝေးသို့ ထွက်ခွာသွားသည်။

မောင်နှမနှစ်ဦး၏ ပဋိပက္ခကို ကြည့်နေသာ ရွှေတောင်စားမင်းသား ထံသို့ ဂုဏ္ဍာအိမ်က လျှောက်သွားသည်။

“ကျုပ်နှမ ရဲ့အပြောအဆိုတွေ ရိုင်းပြသွားရင်..သည်းခံပေးပါ..မင်းသား”

“အင်း..ရပါတယ်...ကျုပ်တို့အနေအထားနဲ့ ရန်သူရဲ့ အင်အားကို ဒီလိုပရိယာယ်နဲ့ ဖဲ့ယူရမယ်ဆိုတာကို သူနားမလည်သေးလို့ဖြစ်မှာပါ..နောက်လည်း ဒီလိုပရိယာယ်တွေ ဆက်သုံးရဦးမှာမို့..သူနားလည်အောင် ရှင်းပြထားဖို့တော့လိုမယ်..ဂုဏ္ဍာအိမ်..ဒါနဲ့. အခု...သူ ဘယ်ထွက်သွားတာလဲ”

“အုတ်ဖိုတောင်ခြေက ကျုပ်တို့ဇာတိရွာမှာ သူ့သမီးလေး ရှိတယ်လေ....ကျုပ်ကို စိတ်အလိုမကျတိုင်း..သူ့သမီးနဲ့အတူ တလက်ိုးသီတင်းသွားနေတတ်တယ်..စိတ်ကောက်ပြေတော့ ပြန်လာမှာပါ”

မြစ်ဆိပ်နဘေး တွင် ပြန့်ကျဲလျက်ရှိသော အလောင်းကောင်များကို ဖြတ်ကျော်သွားသော နားလဲ၏ မြင်းက တဖြည်းဖြည်း မြင်ကွင်းမှ မှုန်ပျပျောက်ကွယ်သွားတော့သည်။

.....
.....

ကမ္ဘောဇတိုင်း၏ ဖြူလွှလွှအလှတရား။

ရာမညတိုင်း၏ စိမ်းဝင်းစိုလဲ့သောအလှတရား။

ထိုအလှတရားနှစ်ခုဖြစ်သော မြတ်ထားသီရိ နှင့် ခင်ထော်မိ ကား မျက်နှာချင်းဆိုင်မိကြပြီ။

သူတို့နှစ်ဦးဘေးတွင်တော့ လူညိုကြမ်းအညာသားကြီး ငတွန်နှင့် ရွှေကြူ။

“အဖြစ်ကတော့ ဒါပါပဲ..ဗိုလ်တွန်...ကျုပ်တူ မောင်ရွှ က သိသွားပြီဆိုတော့...ခင်ထော်မိ ကို ဒီမှာဆက်ထားလည်း မောင်ရွှ က ကတိကို ဆက်တည်ချင်စိတ်ရှိနေ

တဲ့အချိန်အထိပဲဆိုတာ ကျုပ်နားလည်ပြီးသားပါ... ဒီကြားထဲမှာလည်း ကျုပ်တို့က စစ်ထွက်ကြရတဲ့အခါ ကျုပ်အိမ်မှာ ဟိုတခါလို သူ့ကို တစ်ယောက်တည်း ထားခဲ့ရတာ စိတ်မချဘူး..ရွာထဲမှာလည်း လူသိများအောင်မထားချင်ဘူး..ဒါကြောင့်..ရွာနဲ့ အဆက်အဆံလည်း နည်းတဲ့...အင်းဝသူ နဲ့ အတူ ခဏခေါ်ထားပေးဖို့ပါ"

ရွှေကြူ ၏ စကားကြောင့် ငတွန်က မြတ်ထားသီရိ ကို ကြည့်လိုက်သည်။

"ခင်ဗျားအကိုက ရှင်ဘုရင်ဖြစ်နေပြီနော်..ကိုရွှေကြူ...ဒီကိစ္စကရှင်ဘုရင်ကို လိမ်ညာဖုံးကွယ်ရတဲ့ ကိစ္စ...သူသာသိသွားရင်...ခင်ဗျားက သူညီမို့ သက်သာမယ်..ကျုပ်က ခေါင်းနဲ့ကိုယ် အိုးစားကွဲမှာ"

ငတွန်စကားကြောင့် ရွှေကြူ ပြုံးလိုက်သည်။

"ဒီမယ်ဗျ...ကျုပ် ဒီမှာ သူ့ကို လာထားရတဲ့အကြောင်းကလည်း....မြတ်ထားသီရိ ဟာ ခင်ဗျားနဲ့ ပတ်သက်သူ ဖြစ်နေလို့ပဲ..ဘာလို့လဲဆိုတော့...ကျုပ်အကို ဟာ ခင်ဗျားကို သူ့ရဲ့ညီအရင်းလို၊ အားကိုးအားထားရာလက်ရုံး အဖြစ် သဘောထားတယ်...ခင်ဗျားကိုတော့ သူဘယ်လိုမှအဆုံးရှုံးခံမှာမဟုတ်ဘူး..ပြီးတော့...ဒီမုဆိုးဖို မြင်းရည်တက်တွေထဲမှာလည်း သူ့ကို နားလည်အောင် နားဝင်အောင် ပြောနိုင်တာ..ပြောရဲတာ..ခင်ဗျားရယ်..စည်သာမင်းကြီးရယ်ပဲ ကျုပ်မြင်သေးတယ်...ဒါကြောင့်...ခင်ထော်မိ ကို မြတ်ထားသီရိ နဲ့အတူ ခေါ်ထားပေးဖို့ ကျုပ်က ပြောရတာပါ"

"အင်း.... ဒီညီမ ရှိတော့ မြတ်ထားလည်း မွေးခါနီးဖားခါနီးဆို ဘေးနားမှာ အားရှိတာပေါ့.. မောင်ကြီးငတွန်..အပြစ်မဖြစ်ရပါဘူး...မြတ်ထားဆီမှာ ခေါ်ထားတာ ဖြစ်လို့ တစ်ခုခုဆို မြတ်ထားပဲ ခံမှာပါ."

"ငါက ကြောက်လို့ ပြောနေတာမဟုတ်ဘူး..မြတ်ထား..ဒီကိစ္စက ဒီလိုဖြစ်လာနိုင်တယ်ဆိုတာ..ကြိုပြောထားတာ... မင်း ခေါ်ထားချင်သပဆိုလည်း...ခေါ်ထားပါ....ငါ့အနေနဲ့ဘာမှ မပြောပါဘူး"

ငတွန်က မားကို ကျောတွင် လွယ်ကာ ထထွက်သွား၏။

ခင်ထော်မိ မှာ အားတုံ့အားနာမျက်နှာဖြင့် မြတ်ထားသီရိ ကို ကြည့်နေသည်။

"မောင်ကြီးငတွန်က...အပြောဆိုးပေမယ့်...စိတ်ထားကတော့ ကောင်းပါတယ်...စိတ်ထဲဘာမှမဖြစ်နဲ့နော်..ညီမ..နေဦး ညီမ နေဖို့ ထိုင်ဖို့ အနောက်မှာ ရှင်းလင်းလိုက်ဦးမယ်"

“မမက မပေါ့မပါးကြီးနဲ့...ညီမလည်း ဝိုင်းကူလုပ်ပေးပါ့မယ်”

ခင်ထော်မိ က မတ်တပ်ထရပ်ရန် ပြင်သည်။

ရွှေကြူက ခင်ထော်မိ၏ လက်ကို ဆွဲထားလိုက်၏။

“ စကားနည်းနည်းလောက်ပြောပါရစေဦး...ခင်ခင်”

မြတ်ထားသီရိက သူတို့အဖြစ်ကို မသိယောင်ဆောင်ကာ အခန်းတွင်း ဝင်သွားသည်။

“ခုန ဘယ်လိုခေါ်လိုက်တယ်”

“ခင်ခင် လို့ ခေါ်လိုက်တာလေ...အဲ့ဒီလိုခေါ်လို့ရမလားဟင်”

“ကျွန်မက ရှင်ဖမ်းလာတဲ့ သုံ့ပန်းပဲ...ရှင်ခေါ်ချင်တာခေါ်...လုပ်ချင်တာလုပ်..ပို့ချင်တဲ့နေရာပို့ပေါ့”

“အဲ့ဒီလိုလည်း...မဟုတ်ရပါဘူး..ခင်ခင်ရယ်..ခင်ခင်မကြိုက်ရင်...ခင်ခင်လို့ မခေါ်ပါဘူး..ဒါပေမယ့်..ခင်ခင်လို့ အရမ်းခေါ်ချင်နေလို့”

“နေပါဦး..ခင်ခင် ဆိုတာ....သမီးရည်းစားဖြစ်မှ ခေါ် ကြရတာလေ..တော်နဲ့ ကျွန်မက ဘာမို့လို့”

“ဟင်..ဟုတ်လား..ခင်ခင်..ဟိုကောင်..ငအိုးက အဲ့ဒီလိုခေါ်လိုက်ရင် ခင်ခင်ကြိုက်မှာပဲဆိုလို့..ခေါ် မိတာ..ဟို..ကျုပ်...ခင်ခင့်ကို အဲ့ဒီသဘောနဲ့ ခင်ခင်လို့ ခေါ်တာ မဟုတ်”

“ခွိ ခွိ ခွိ”

အခန်းဝတွင် ပြန်ရောက်နေသော မြတ်ထားသီရိက သူတို့အဖြစ်ကိုကြည့်ကာ ဗိုက်ကိုနှိက်လျက် တခွိခွိဖြင့်ရယ်လိုက်သည်။

အသံကြားသဖြင့် ခင်ထော်မိ က ရွှေကြူ၏ လက်ကို ရုန်းကာ ထလိုက်သည်။

ရွှေကြူ က ရှက်ကိုးရွက်ကန်းဖြင့် နဘေးတွင် ချထားသော သူ၏လက်သုံးငှက်ကြီးတောင်မားကို ယူကာ အိမ်ပေါ်မှ ဆင်းပြေးသည်။

“ကိုကြီးရွှေကြူ...ကိုကြီးရွှေကြူ”

ခြံတံခါးဝအရောက်တွင် ခင်ထော်မိ အပြေးအလွှားလှမ်းခေါ်လိုက်သည်။

ရွှေကြူက ရှက်နေသဖြင့် လှည့်မကြည့်။

“ကိုကြီးရွှေကြူ...မှားနေပြီ..ခါးက ဒီမှာ...ဒီမှာ”

ထိုအခါမှ ရွှေကြူက သူ့လက်ထဲမှ ဆွဲယူလာသော အရာကို ကြည့်လိုက်မိ၏။

“ကိုကြီး လက်ထဲယူသွားတာ...မမမြတ်ထား..တောင်ဝှေးကြီးတဲ့”

ကိုယ်ဝန်ဆောင်မြတ်ထားသီရိ အိမ်ပေါ်အတက်အဆင်းများတွင် သုံးသည့် တောင်ဝှေးကြီးက ရွှေကြူလက်ထဲတွင် ပါလာခြင်းဖြစ်သည်။

ခင်ထော်မိ က ရွှေကြူ၏ ခါးကို ကမ်းပေးလိုက်သည်။

ရွှေကြူက ခေါင်းကိုငုံ့ပြီး တောင်ဝှေးကို ကမ်းပေး၏။

“အံမယ်လေး..လူကြီး..အခုတော့...ခင်ခင့် မျက်နှာကိုတောင် မကြည့်ရဲတော့ဘူး ပေါ့လေ”

ခင်ထော်မိ၏ အရယ်တစ်ဝက်ကျီစယ်သံလေးကြောင့် ရွှေကြူ ခေါင်းပြန်မော့ လာသည်။

“စစ်ထွက်ပြန်လာရင်လည်း..ဒီအိမ်ကို လာလည်ဦး..ခင်ခင့်ကို ပစ်မထားပါနဲ့”

ခင်ထော်မိ က နှုတ်ခမ်းလေးကိုက်ကာပြောပြီး ပြေးထွက်သွားသည်။

ရွှေကြူ မှာ မတ်တပ်ရပ်လျက် ပြုံးပြုံးကြီး။

“ငါ့လူ..ဟေ့..ဒီမယ်..ငါ့လူ”

ငတွန်က ပုခုံးပုတ်လိုက်မှ ရွှေကြူ သတိပြန်ဝင်လာသည်။

“ဟာ..ဗိုလ်တွန်..ခင်ဗျား ခုန စိတ်ဆိုးပြီး ပြန်သွားတယ်..မှတ်တာ”

“စိတ်မဆိုးပါဘူးဗျာ...တမင် မြတ်ထားသီရိ ကို ဘုတောလိုက်တာ”

“ဘယ်လိုဖြစ်ရတာလဲဗျာ..သူလေးခမြာလည်း..ခင်ဗျားကို အားကိုးပြီး ဒီမုဆိုးဖို မှာ လာနေနေရတာကိုး”

“အဲ့သဟာ ပြောပြချင်လို့....ခင်ဗျားကို စောင့်နေတာ..ကိုရွှေကြူ..ခင်ဗျားတို့က အကြည်စိုက်နေတာ မပြီးမစီးနိုင်ဖြစ်နေလို့”

ငတွန်စကားကြောင့် ရွှေကြူမှာ ရယ်ကြဲကြဲလုပ်လိုက်သည်။

“ခင်ဗျားအနေနဲ့ ခင်ထော်မိကို မုဆိုးဖိုမှာပဲ တသက်လုံးထားမှာလား..ဒါမှမဟုတ် မဖြစ်ဖြစ်တဲ့နည်းနဲ့...အင်းဝကိုဖြစ်ဖြစ်၊ ဟံသာဝတီကိုဖြစ်ဖြစ် ပြန်ပို့ပေးမှာလား..အဲ့ဒါ ကို ကျုပ်သိချင်တယ်”

ရွှေကြူ ရယ်နေရာမှ တည်သွားသည်။

“ကျုပ်စိတ်အရဆိုရင်တော့..တသက်လုံး ခေါ်ထားချင်တာပေါ့ဗျာ..ဒါပေမယ့်...သူလည်း သူ့ဇာတိ၊ သူအဖေ ရှိတာကို ပြန်ချင်မှာပေါ့”

“အင်း..အဲ့ဒါကို ကျုပ်ပြောတာပဲ...အခုချိန်မှာ မုဆိုးဖိုဟာ ဟံသာဝတီနဲ့ စစ်ဆိုင်နေရတာ..ဟံသာဝတီစစ်သူကြီး တစ်ယောက်ရဲ့သမီးက မုဆိုးဖိုရွာထဲခိုးကြောင်ခိုးဝှက်ရှိနေတာ...မုဆိုးဖိုအတွက်ရော...သူ့အတွက်ပါ အန္တရာယ်ဗျ”

“သူက သူလျှိုဒလန်တော့ မဟုတ်ပါဘူး..ဗိုလ်တွန်..သူကလေးက ရိုးသားပါတယ်”

“အင်း..ခင်ဗျားကတော့ ချစ်တဲ့မျက်စိနဲ့ ကြည့်တာကိုးဗျ...ဒါပေမယ့်..ကျွန်တဲ့သူတွေက ဒီလို မြင်ကြဦးမှ..မတော်တဆများ..ဟံသာဝတီတပ်တွေနဲ့ တိုက်ကြပြီး ကျုပ်တို့ အရေးနိမ့်သွားခဲ့သည် ရှိသော်... တပ်ထဲ သူလျှိုဒလန်ပါနေတယ်ဆိုပြီး သံသယဝင်လာတဲ့အခါကျ..ခင်ထော်မိ အပေါ် အကုန် ပုံကျလာနိုင်တယ်..အဲ့ဒါကိုတော့ သတိထားသင့်တယ်..ကိုရွှေကြူ”

ရွှေကြူက သက်ပြင်းကို လေးတွဲစွာ ချလိုက်သည်။

“အင်း...ကျုပ်..သူ့ကို ပြန်ပို့ပေးမှာပါ..ဗိုလ်တွန်”

“မပူပါနဲ့..ကျုပ်လည်း အမြန်ဆုံးနည်းလမ်းရှာပြီး ကူညီပေးပါမယ်..နောက်တစ်ခုက...အခုလို ကျုပ်ပြောရတာက..မိန်းကလေးကို မြတ်ထားသီရိနဲ့ အတူတူမထားချင်လို့မဟုတ်ဘူးနော်..မြတ်ထားသီရိ ကိုယ်တိုင်လည်း မကြာခင်...လက်ထပ်ချင်လက်ထပ်ရတော့မှာမို့”

ရွှေကြူ က ငတွန်ကို ပြုံးစစဖြင့် ကြည့်လိုက်သည်။

“ခင်ဗျား သူကို လက်ထပ်ယူတော့မှာပေါ့...ဗိုလ်တွန်..ဟုတ်လား”

ငတွန်က ခေါင်းခါလိုက်သည်။

“မဟုတ်ဘူး”

“ဟင်..ဒါဖြင့် သူက ဘယ်သူနဲ့...”

“မြတ်ထားသီရိကို ကျုပ် သံယောဇဉ်ရှိတာမှန်ပါတယ်...သူကလည်း ကျုပ်အပေါ် သံယောဇဉ်ရှိနေတယ်...ဒါပေမယ့်..သူကလေးမီးဖွားပြီးချိန်အထိ ကျုပ်စောင့်ကြည့်ရမယ်..ယောကျ်ားလေး မီးဖွားတယ်ဆိုရင်တော့...မြတ်ထားသီရိ ဟာ ကိုအောင်ဇေယျရဲ့ မိဖုရားဖြစ်လာလိမ့်မယ်”

“ဘာ..ဘယ်လို..ဘာလဲဗျ..ခင်ဗျားဟာက...ဒီမယ်..မြတ်ထားသီရိ နဲ့ ခင်ဗျားနဲ့ တချိန်ကျရင် ယူကြမယ်ဆိုတာမျိုးကို တရွာလုံး က သိထားကြတာဗျ..ဘယ့်နှယ့်..ကျုပ်အကိုက..ပါလာရတာလဲ”

“ဒီကိစ္စကို ကိုအောင်ဇေယျနဲ့ ကျုပ်ပြီးရင်..ခင်ဗျားအရင်သိတာပဲ..ကိုရွှေကြူ..ကျုပ်ရှင်းပြမယ်...မြတ်ထားသီရိ ဗိုက်ထဲမှာ ရှိနေတဲ့ ကလေးက....အင်းဝဘုရင်ရဲ့ သွေးဗျ..ရှင်ဘုရင့်မျိုးဆက်...အခုချိန်က နယ်ပယ်တိုင်းမှာ ရှင်ဘုရင်လောင်းတွေ၊ ရှင်ဘုရင်ဖြစ်ဖို့အားထုတ်နေသူတွေ စစ်ပြိုင်နေကြတဲ့ကာလ...ဒီအချိန်မျိုးမှာ အရင် ရှင်ဘုရင်ဟောင်းရဲ့ သွေးပါတဲ့ ကလေးတစ်ယောက်ဟာ ဘယ်လောက်အန္တရာယ်ကြီးတယ်မှတ်လဲ... တကယ်လို့များ မွေးလာတဲ့ကလေးဟာ..ယောကျ်ားလေးဆိုရင်တော့... ကလေးအတွက် ဘေးအကင်းဆုံးအလုပ်ကို လုပ်ကြရလိမ့်မယ်.... ကလေးဘေးကင်းဖို့ရာက သူ့အမေဟာ အလောင်းဘုရားရဲ့ မိဖုရားဖြစ်နေမှသာ ဘေးကင်းမှာ..မဟုတ်လား”

“မြတ်ထားသီရိကရော လက်ခံပါ့မလား”

“သူမွေးလာတဲ့ ကလေးပေါ် မူတည်ပြီး သူ့ကို အသိပေးရမှာပေါ့”

“ခင်ဗျားတို့ မိန်းကလေးအပေါ် မတရားဘူး..ဗိုလ်တွန်..ခင်ဗျားတို့လုပ်နေတာ ဘာအဓိပ္ပါယ်မှမရှိဘူး...မိန်းကလေးတစ်ယောက်ရဲ့ ဘဝကို ခင်ဗျားတို့က စစ်ပွဲတစ်ပွဲလို တွက်ချက်ဗျူဟာခင်းကစားနေကြတာပဲဗျ..ထွီ”

ရွှေကြူက ငတွန်ကို ဒေါသတကြီး စောင့်တွန်းလိုက်သည်။

အခန်း (၁၁)

“စကော့ဝီစကီ အကောင်းစားတစ်လုံးလောက်များ ရနိုင်မလားဗျာ”

ဂိုထောင်အတွင်း ဝီစကီသေတ္တာများကို လိုက်လံစစ်ဆေးနေသော လွိဇာ က အသံကြောင့် လှည့်ကြည့်လိုက်သည်။

ပြင်သစ်သံတမန် ဘရူနို၏ လက်ထောက် လာဗီး။

ပွန်ဒီချယ်ရီတွင်ကတည်းက လာဗီးသည် ဘရူနိုထက် ဆက်ဆံရေးပိုမို့ကောင်းမွန်ပြီး ဖော်ရွေသော လူတစ်ယောက်အဖြစ် လွိဇာ သိထားခဲ့ပြီးဖြစ်သည်။

“ကျွန်မက ကုန်သည်နော်...ဝီစကီလိုချင်ရင်..ပိုက်ဆံပေးမှာတော့ ရမယ်..ဟံသာဝတီဥပရာဇာလိုမျိုး အမွှေးပွခွေးတစ်ကောင်ပေးရုံနဲ့...ဆိပ်ကမ်းမှာ ကုန်တိုက်ဖွင့်ခွင့်မျိုး ပေးမှာတော့ မဟုတ်ဘူး”

လွိဇာ့စကားကြောင့် လာဗီး က ဟက်ဟက်ပက်ပက်ရယ်လိုက်၏။

“ဒီလို ထက်ထက်မြက်မြက်ပြောဟန်ဆိုဟန်တွေကြောင့်လည်း ပွန်ဒီချယ်ရီက မွန်စီယာမီလပ်စ် တစ်ယောက် တသသ ဖြစ်နေတာကိုးဗျ..ဟဲ..ဟဲ”

အသက်(၄၀)ကျော်၊ အပြည့်စုံဆုံး၊ အဖွံ့ဖြိုးဆုံး အလှအပတရားတို့ဖြင့် ထုံမွှမ်းထားသည့် လွိဇာ က ခပ်ဝင့်ဝင့်ပြုံးလိုက်သည်။

“ဒီကိုလာတာ..ကျွန်မကို ချီးမွမ်းခံ ဖွင့်ဖို့သက်သက်တော့ မဟုတ်လောက်ပါဘူးနော်...မွန်စီယာလာဗီး”

“ဟုတ်ပါတယ်ဗျာ...ကိစ္စရှိလို့ပါ..ကျုပ် ဒီမှာ ခဏထိုင်မယ်နော်”

လာဗီးက ဦးထုပ်ကို ချွတ်လိုက်ပြီး စားပွဲရှေ့ရှိ ခုံတွင် ဝင်ထိုင်လိုက်သည်။

လွိဇာ က အလုပ်သမားတစ်ဦးကိုခေါ်ကာ ဝီစကီသေတ္တာများအား နေရာချခိုင်းလိုက်၏။ ထို့နောက် လာဗီး၏ ရှေ့တွင် ဝင်ထိုင်လိုက်သည်။

“ကဲ....ကျွန်မဆီ မလာစဖူး..ဘာကိစ္စများလဲ..မွန်စီယာ”

“ကျုပ်ကို မွန်စီယာဘရူနို့ က လွှတ်လိုက်တာပါ.... ဘရူနို့ က လွီဇာ နဲ့ ညစာစား ရင်း တိုင်ပင်စရာတွေရှိလို့ပါတဲ့”

လွီဇာက ပြုံးလိုက်သည်။

“ဟံသာဝတီမှာ အာဏာအရှိဆုံး ဥပရာဇာဦးအောင်မြ နဲ့ အရင်းနှီးဆုံးဖြစ်နေတဲ့ သံအမတ်ကြီးဘရူနို့ က ကျွန်မနဲ့ ဘာများ တိုင်ပင်စရာရှိမှာတဲ့လဲ”

“ရှိတယ်..လွီဇာ..ရှိတယ်”

လာဗီး၏ အသံက အနည်းငယ်တိုးညှင်းသွားသည်။

“အခု ဥပရာဇာ နဲ့ ဘရူနို့ တို့ကြား ဆက်ဆံရေးအခြေအနေက သိပ်မကောင်းလှဘူး”

“ဘာဖြစ်ကြပြန်ပြီလဲ”

“အင်းဝဘက်မှာ အောင်ဇေယျ ဆိုတဲ့ ရွာသူကြီးကို ဟံသာဝတီတပ်တွေ က တိုက်လို့မနိုင်ဖြစ်နေတဲ့ သတင်းတွေ မင်းကြားပြီးမှာပေါ့...အခုနောက်ဆုံးရတဲ့သတင်း အရဆို မုဆိုးဖို့ကို ဝန်းရံထားတဲ့ ဟံသာဝတီရဲ့ ခင်လတ်ခံတပ်၊ ရွာသစ်ကြီးခံတပ်တွေကို အောင်ဇေယျ ဆိုတဲ့သူက သိမ်းယူလိုက်ပြီတဲ့၊ ဟံသာဝတီတပ်မှူး သမိန်သံလိုက်တပ်ကိုလည်း ဖမ်းမိသွားပြီး နေရာတင်ပဲ ကွပ်မျက်ပစ်လိုက်ပြီတဲ့”

“ဒါဆို အထက်ဘက်မှာ ဟံသာဝတီတပ်တွေအခြေအနေမကောင်းဘူးပေါ့”

“ဟုတ်တယ်...အဲ့ဒီကိစ္စမှာ ဥပရာဇာ က မုဆိုးဖိုကို အပြီးတိုက်ဖို့ ပြင်သစ်စစ်ဗာရီတပ်ကွန့် လက်နက်တွေ ထပ်လိုချင်နေတယ်...ဒီကိစ္စကို ဘရူနို့လည်း ပွန်ဒီချယ်ရီကို စာပို့ပြီး ကြိုးစားကြည့်ပါသေးတယ်..ဒါပေမယ့်..ပွန်ဒီချယ်ရီမှာလည်း ဘုရင်ခံချုပ်ဒူပလေ နဲ့ ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီ ရုံးချုပ်ကြား ပြဿနာတွေ ဖြစ်နေတယ်...ဒူပလေက ဟံသာဝတီစစ်ပွဲထဲမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံခြင်းပေမယ့်..ကုမ္ပဏီက သဘောမတူဘူး...အခုဆို ဥရောပမှာလည်း ပြင်သစ်အနေနဲ့ နောက်ထပ်စစ်ပွဲကြီး တစ်ပွဲကို စတင်မယ့်အလားအလာတွေရှိနေတယ်...ဒီလို အချိန်မျိုးမှာ မလိုအပ်ပဲနဲ့..ဒီမုတ္တမ ကမ်းခြေမြို့တွေဆီကို လူ၊လက်နက်ဘာမှ မပေးချင်ဘူးတဲ့”

“ဒီတော့ ဟံသာဝတီကို ပြင်သစ်က ဘာအကူအညီမှ မပေးနိုင်တော့ဘူးပေါ့..အဲ့ဒီလိုလား”

“ဘုရင်ခံချုပ်ကတော့ ဟံသာဝတီဘုရင်ကို အကျိုးအကြောင်းရှင်းပြပြီး ခဏသည်းခံခိုင်းဖို့၊ သူ ပါရီအထိ သွားပြီး ဒီကိစ္စကြိုးစားကြည့်ပေးမယ်လို့ ပြောလာတယ်...ဒါပေမယ့်..ဥပရာဇာက လက်မခံဘူး...အခြေအနေက ဒီကာလမှာ မှအင်းဝကို ငြိမ်အောင်မထိန်းနိုင်ရင်...ဟံသာဝတီအထိပါ အန္တရာယ်ရှိလာနိုင်တယ်တဲ့..တကယ်လို့ ပြင်သစ်က မကူနိုင်ဘူးဆို...ကူညီနိုင်တဲ့သူကို ဟံသာဝတီက မဟာမိတ်အဖြစ် ဆက်ဆံရလိမ့်မယ်လို့ ခြိမ်းခြောက်နေတယ်”

“အင်္ဂလိပ်ကိုလား”

“ဟုတ်တယ်...အခု ဥပရာဇာအိမ်တော်က တိုးတိုးတိတ်တိတ်ကြားရတဲ့သတင်းတွေအရတော့...သန်လျင်မှာ ပေါ်တိုဗဲလိုး(Porto Bello) သဘော်ပြင်ဖို့ဆိုပြီး ရောက်နေတဲ့ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီက သောမတ်တေလာ နဲ့ ဥပရာဇာရဲ့လူ ကိုဇာနီကော့ တို့ သန်လျင်မှာ ပထမတစ်ကြိမ်တွေ့ခဲ့ကြပြီးပြီတဲ့”

“သူတို့ ဘာတွေဆွေးနွေးကြတယ်ဆိုတာရော..သိလား”

“အဲ့ဒါတော့..ကျုပ်တို့ စုံစမ်းဆဲပါပဲ..ဘရူနိုက လွိဇာကို အကူအညီတောင်းချင်တာက...ဟံသာဝတီနဲ့ ပြင်သစ်ဟာ တရားဝင်စာချုပ်ချုပ်ဆိုထားကြတာဖြစ်တယ်...ဒီကိစ္စမှာလည်း လွိဇာနဲ့ ကိုဇာနီကော့တို့က အဓိကပါဝင်ခဲ့တဲ့သူပဲ .. အခုက ပြင်သစ်ဟာ ဟံသာဝတီကို မကူညီချင်တာမဟုတ်ဘူး...အခက်အခဲတွေနည်းနည်းရှိနေလို့ အချိန်အနည်းငယ် စောင့်ပေးစေချင်ယုံပါပဲ....ဒီလိုမှမဟုတ်ပဲ...ဟံသာဝတီဥပရာဇာအနေနဲ့ ပြင်သစ်ရဲ့ ရန်သူ အင်္ဂလိပ်တွေဆီက အကူအညီယူပြီး...အင်္ဂလိပ်ကိုပါ ဒီမြေပေါ်မှာ နေရာပေးမယ်ဆိုရင်တော့...ပြင်သစ် ဟံသာဝတီ နှစ်နိုင်ငံမဟာမိတ်ဆက်ဆံရေးဟာ..မကြာခင်ဆုံးခန်းတိုင်သွားမှာကို ဘရူနိုက မဖြစ်စေချင်ဘူး..အဲ့ဒီကိစ္စ...လွိဇာနဲ့ အသေးစိတ်ဆွေးနွေးပြီး...ဗညားဒလဘုရင်ဆီ ဝင်ခွင့်ရဖို့အတွက်ပါ”

လွိဇာ က အချိန်အတန်ကြာ စဉ်းစားနေသည်။

“ဘာလဲ....ဘုရင် နဲ့ ဥပရာဇာကြားထဲ မှာ ကျွန်မကို ဓါးစာခံအနေနဲ့ ထိုးထည့်တော့မယ်ပေါ့လေ”

“နောက်တစ်ခုရှိသေးတယ်..လွိဇာ..အဲ့ဒါကတော့ မင်းအတွက် အရေးကြီးတယ်.... အခု မင်း ကို အင်းဝဘုရင်ဟောင်းရဲ့ အိမ်ဆောက်လုပ်ရေးမှာ အင်းဝမင်းသမီးတစ်ပါးနဲ့ပူးတဲ့ တာဝန်ပေးထားတဲ့ ကိစ္စမှာ.. ဥပရာဇာ က နောက်ကွယ်ကနေ မင်းတို့ကို စောင့်ကြည့်ခိုင်းထားတယ်ဆိုတာကို ဘရူနို ကိုယ်တိုင် သိထားတယ်.. လက်ျာဗိုလ်ရယ် ၊ မင်းရယ် ကို အင်းဝဘုရင်မိသားစုနဲ့ ပတ်သက်ခိုင်းထား

တယ်ဆိုတာဟာ ဥပရာဇာရဲ့အစီအမံတွေထဲက တခုပဲ.... အဲ့ဒီကိစ္စအတွက်လည်း မင်းမှာ အန္တရာယ်တစ်စုံတစ်ရာရှိလာပြီဆို ပြင်သစ်တွေက မင်းနောက်က ရပ်တည်နိုင်အောင် ကူညီပေးမယ်..ဘယ်လိုလဲ စီတိုင်စားလား"

လွီဇာက သူမ၏ ခန္ဓာကိုယ်တွင် အမြဲဆောင်ထားသော ဆင်စွယ်ရိုးတပ်ပစ္စတို ကို ထုတ်ကာ စားပွဲပေါ် တင်လိုက်သည်။

"ဒီမှာ..လာဗီး..ကျွန်မအသက် လေးဆယ်ကျော်လာပြီ..လွီဇာဟာ.အဲ့ဒီနှစ်ပေါင်း လေးဆယ်လုံးလုံး အန္တရာယ်တွေကြားထဲမှာ တစ်ယောက်တည်း ဖြတ်ကျော်ခဲ့တဲ့ မိန်းမပါ.... သေရမှာ ထူးပြီး မကြောက်ပါဘူး.. ဒါပေမယ့်..ဟော့ဒီဟံသာဝတီ ထီးနန်းနဲ့ ဘုရင်မိသားစု ကို စတင်ရာမှာ ကျွန်မက ပါဝင်ခဲ့တယ်..ပြင်သစ်နဲ့ ဟံသာဝတီကြား တရားဝင်ဆက်ဆံရေးကိုလည်း ကျွန်မပဲ ထူထောင်ပေးခဲ့ရတယ်...ဒီတော့..ကျွန်မ လုပ်ခဲ့တဲ့ အလုပ်တစ်ခုကို ကျွန်မ ဆက်ကူညီမှာပါ....စိတ်ချပါ...မကြာခင်မှာ ကျွန်မလည်း ဒီဟံသာဝတီက ထွက်ခွာပြီး...လစ္စဘွန်းမှာ သီလရှင်ဝတ်ပြီး နေတော့မှာ...ကျွန်မ မသွားခင်..အားလုံးကို ကူညီပေးခဲ့မှာပါ"

"ဒါဆို..ဒီည မွန်စီယာဘရူနို ဖိတ်တဲ့ ညစာစားပွဲကို မင်း လာမှာပေါ့..လွီဇာ"

လွီဇာက သေနတ်ကိုပြန်သိမ်းပြီး ခေါင်းညိတ်ပြလိုက်သည်။

.....

မီးရောင်အောက်တွင် ဘရူနို၏ မျက်နှာမှာ အမာရွတ်ကြီးက အထင်းသား။

ဘရူနိုက အသားတစ်ဖဲ့ကို လှီးလိုက်သည်။

ထို့နောက် အသားကို ခက်ရင်းဖြင့် ထိုးထားရင်းမှ ဝိုင်ကို တငုံ ငုံလိုက်၏။

"ကျုပ်တို့ သတင်းအတိအကျ ရထားပြီးပြီ..လွီဇာ...သောမတ်တေလာ က ဥပရာဇာကို ရွှေသေတ္တာတစ်လုံး၊ ငွေကွပ်သေနတ်ရှည်တစ်လက်၊ ငွေကွပ်ပစ္စတို နှစ်လက်၊ သံစုံနာရီတစ်လုံး လက်ဆောင်ပေးတယ်။ အဲ့ဒီအတွက် ဥပရာဇာက ဘာပြန်ပေးထားတယ်ထင်တုံး"

"ရှင်ပြောမှ ကျွန်မသိမှာပါ..ကျွန်မက ကျွန်မဟာ ကျွန်မ အရက်ကုန်ကူးနေသူပါ..မွန်စီယာ..ဒီနိုင်ငံရေးသတင်းတွေကို အမြဲလိုက်မစုံစမ်းနေအားပါဘူး"

ဘရူနိုင် က ပြုံးလိုက်သည်။ အသားတုံးကို ပါးစပ်အတွင်းသို့ ထည့်ကာ ဝါးလိုက်၏။

“သစ်ထုတ်လုပ်ခွင့်...တံတေးဘက်က သစ်တောတွေဆီကနေ သစ်ထုတ်လုပ်ခွင့်..အဲ့ဒါကို ဥပရာဇာက ခွင့်ပြုလိုက်တယ်...လွှဇာ”

“အင်း...ရှင်လည်း အစပိုင်းက အဲ့ဒါကို တောင်းဖို့ အခွင့်အရေးရှိတာပဲ..ရှင်မှ မတောင်းတာ”

“ပြင်သစ်တွေက အင်္ဂလိပ်တွေလို ဟိုတတိ ဒီတတိ တောင်းတတ်တဲ့ သူတွေမဟုတ်ဘူး..လွှဇာ.. ဒါပေမယ့်..ဒီအခြေအနေကို ကျုပ်စိုးရိမ်တယ်..နောက်ထပ် သတင်းတစ်ခုက မဒရပ်မှာရှိတဲ့ အင်္ဂလိပ်ဘုရင်ခံ သောမတ်ဆောင်းဒါး က ဟံသာဝတီကို လက်နက်ကူညီမယ်ဆိုပြီး ရိပ်ဖမ်းသံဖမ်းရေးထားတဲ့စာဟာ ဥပရာဇာ လက်ထဲမှာတဲ့....အဲ့ဒီအတွက်လည်း သန်လျင်မှာ လက်နက်စက်ရုံတစ်ခု ဆောက်ခွင့်ပေးရမယ်ဆိုတာပါ တပါတည်း ပါလာတယ်....ခင်ဗျားဟာ ဟံသာဝတီကိုယ်စားလှယ်အနေနဲ့ ဘုရင်ခံဒူပလေ ဆီ ဝင်ရောက်ခဲ့တဲ့ သူမဟုတ်လား..လွှဇာ..ဒီကိစ္စ ခင်ဗျား စခဲ့တဲ့ ကိစ္စမဟုတ်လား”

“အင်း..ကျွန်မက ဟံသာဝတီဘုရင်ခိုင်းတာ လုပ်ရတဲ့အဆင့်ပါလေ”

“အခု ဟံသာဝတီနန်းတွင်းအခြေအနေလည်း ခင်ဗျားသိမှာပေါ့...ဥပရာဇာ ဟာအဘက်ဘက်မှာ စိုးမိုးခြယ်လှယ်ထားတယ်.... ဒါပေမယ့်...ပြင်သစ်နဲ့ အင်္ဂလိပ်လေ့နံ့နှစ်ဖက်နှင်းမယ့်ကိစ္စမှာတော့... သူ သွားနေတဲ့ လမ်းကြောင်းဟာ ဟံသာဝတီနဲ့ ပြင်သစ်ကြား ဆက်ဆံရေးကို ထိခိုက်စေတယ်ဆိုတာကို သူဂရုစိုက်ပုံမရဘူး”

“အဲ့ဒီတော့...ကျွန်မ ဘာလုပ်ပေးရမှာလဲ”

“ကျုပ်တို့အနေနဲ့ ဟံသာဝတီနဲ့ ဆက်ဆံရေးကောင်းတာကို လိုချင်ပါတယ်..ပြီးတော့..အင်္ဂလိပ်နဲ့ ပတ်သတ်လို့လည်း.. ဟံသာဝတီဘက်က ကျုပ်တို့ကို ပွင့်ပွင့်လင်းလင်းဖွင့်ပြောပြီးလုပ်စေချင်တယ်..ဒီကိစ္စကို ဥပရာဇာကို နားချပေးနိုင်သူကတော့...ဗညားဒလဘုရင်ပဲရှိတော့တယ်”

“ဘုရင်က ကျန်းမာရေးမကောင်းဘူးလေ”

“ဟုတ်တယ်...ဘုရင်က ဘယ်သူကိုမှ အတွေ့မခံဘူး..အထူးသဖြင့် ကျုပ်နဲ့ ဥပရာဇာဆက်ဆံရေးအပေါ် သူစိတ်ခုနေတယ်ထင်ပါတယ်..တလောက တွေ့ဆုံခွင့်တောင်းတဲ့အခါ ဥပရာဇာနဲ့သာ တွေ့ပါဆိုပြီး အကြောင်းပြန်တယ်..လွှဇာ..ဒီ

တော့...မင်းက ဘုရင့်မိသားစုနဲ့ ရင်းနှီးသူဖြစ်လို့...ဘုရင့်ဆီကို ဒီအကြောင်း ရောက်အောက်လျှောက်တင်ပေးစေလိုပါတယ်"

"အင်း...သိပ်ခက်ခဲတဲ့ကိစ္စတောမဟုတ်ပါဘူး..ဒါပေမယ့်...ဒီကိစ္စက.ဥပရာဇာနဲ့ ကျွန်မကြားမှာ အဖုအထစ်တစ်ခု ဖြစ်လာနိုင်တယ်မဟုတ်လား"

ဘရူနိုက နောက်ထပ် ဝိုင်တစ်ခွက်ကို ငဲ့လိုက်သည်။

"ခင်ဗျားအပေါ် ဥပရာဇာက အစောကြီးကတည်းက မယုံကြည်ဘူး....အင်းဝ ဘုရင်အိမ်ဆောက်လုပ်ရေးကိစ္စမှာ ခင်ဗျားကို ဘုရင်က တိုက်ရိုက်တာဝန်ပေး ထားတာကို သူ မကြိုက်ဘူး...ခင်ဗျားတို့ သွားလာလှုပ်ရှားမှုတွေကို ထောက်လှမ်းဖို့...ကိုဇာနီကော့ ကို ကျုပ်ရှေ့တင် သူတာဝန်ပေးခဲ့တယ်....ဒီ တော့...ခင်ဗျားအနေနဲ့ သူ့ကို သတိထားပေးပါ.... သူခင်ဗျားအပေါ် တခုခုကြံစည် နေတာရှိရင်လည်း..ကျုပ်က ခင်ဗျားကို အသိပေးပါ့မယ်.. ကျုပ်အတို့အချင်းချင်း ရိုင်းပင်းကြတာပေါ့"

"ကျွန်မတို့ အချင်းချင်းတဲ့လား.....အဟက်"

လွိဇာက ခပ်ဟဟ ရယ်လိုက်သည်။

"ပွန်ဒီချယ်ရီမှာတုန်းက ကိစ္စတွေအတွက် ကျုပ်ကို စိတ်ခုနေတယ်ထင်တယ်..ဒါ ဆိုလည်း ကျုပ်တောင်းပန်ပါတယ်..လွိဇာ"

လွိဇာက လက်သုပ်ပုဝါဖြင့် သူမ၏ နှုတ်ခမ်းများကို သေသေသပ်သပ်သုတ်လိုက် သည်။

"သိပ်လည်းစိတ်ပူမနေပါနဲ့...ဒီတပတ်ထဲ ကျွန်မ ဗညားဒလဘုရင်ကြီးနဲ့ တွေ့နိုင် အောင် လုပ်မှာပါ..တစ်ခုတော့ ရှိတယ်...ရှင့်အတွက်လုပ်ပေးတာမဟုတ်ဘူး နော်..ဟံသာဝတီနန်းတော်ကြီး တည်မြဲရေးအတွက်..ကျွန်မ စိတ်ဓာတ်နဲ့ ကျွန်မ ကူညီပေးတာမျိုးပါ...ညစာအတွက် ကျေးဇူးတင်ပါတယ်..ကျွန်မကို ခွင့်ပြုပါဦး မွန်စီယာ"

"မင်းက...လှပသလောက်..ပြတ်သားတဲ့ ပေါ်တူဂီမိန်းကလေးတစ်ယောက်ပါ ပဲ...ဒါနဲ့...ဒီလထဲ ကျုပ်တို့ သဘော်အချို့..ပွန်ဒီချယ်ရီကို ပြန်စရာရှိတယ်...မွန်စီ ဘာမီလပ် ဆီရော ဘာမှာလိုက်ဦးမလဲ"

"မမှာတော့ပါဘူး...သူ့ဟာသူ ပြင်သစ်သူ ချောချောလေးတွေနဲ့ ပျော်နေပါစေ"

လွီဇာက မတ်တပ်ထရပ်ပြီး ပြန်ရန်ပြင်လိုက်သည်။

.....
.

“ရှေ့မှာ ဘာဖြစ်နေတယ်..မသိဘူး..ခဏာရပ်ပါဦး”

ဘရူနို့ ဖိတ်ကြားသော ညစာစားပွဲမှ ပြန်လာသည့် လွီဇာက လှည်းကို ခဏာရပ်ခိုင်းလိုက်သည်။

အင်းဝကုန်းဟုခေါ်သော သာမန် အင်းဝသုံ့ပန်းများကို ထားရာ ရပ်ကွက်တွင် စစ်သည်များဖြင့် ရှုပ်ယှက်နေ၏။

ညမှောင်မှောင်တွင် မီးတုတ်များတရဲရဲဖြင့် ဆူညံနေသည်။

လွီဇာက လှည်းပေါ်မှဆင်းပြီး လမ်းလျှောက်သွား၏။

ရာနှင့်ချီသော အင်းဝသုံ့ပန်းအမျိုးသား၊ အမျိုးသမီးများမှာ မြေပြင်တွင် ပြားပြားဝပ်နေကြသည်။

ရှေ့တွင် စျေးငယ်ဗိုလ်နှင့်အတူ လွီဇာတစ်ခါမျှမတွေ့ဖူးသော ဟံသာဝတီတပ်မှူးတစ်ဦးလည်းရှိနေသည်။

“ဘာတွေများ ဖြစ်နေကြတာလဲ..စျေးငယ်ဗိုလ်မင်း”

လွီဇာက မေးလိုက်သည်။

နဘေးမှ မျက်နှာစိမ်းဗိုလ်မှူးကလည်း လွီဇာကို သေချာအကဲခတ်နေ၏။

“ညနေက မြို့တံခါးပိတ်ချိန်မှာ အင်းဝသုံ့ပန်းလို့ ယူဆရတဲ့လူတစ်ယောက် မြင်းတစ်စီးနဲ့ ထွက်ပြေးသွားလို့...ဒီမှာ လာစစ်ဆေးနေတာပါ...ကုန်သည်ကြီး...မကြာခင် ဥပရာဇာလည်းရောက်လာပါလိမ့်မယ်”

“ပြေးတဲ့ သုံ့ပန်းက မင်းညီမင်းသားလား”

“မဟုတ်ပါဘူး..သာမန်အရပ်သားပါပဲ”

“သြော်..ဒါများ ဘာအရေးကြီးလို့လဲ...သူမြို့သူရွာပြန်ချင်လို့ ဖြစ်မှာပေါ့..ဥပရာဇာကိုယ်တိုင် စစ်ဆေးစရာလို့လို့လား”

“ဒါက ခင်ဗျားကိစ္စမဟုတ်ပါဘူး..ခင်ဗျားက ဘယ်သူလဲ”

မျက်နှာစိမ်းစစ်ဗိုလ်က ဝင်ပြောလိုက်သည်။

“ဟံသာဝတီမှာ နေပြီး...ကျွန်မကို ရှင်မသိဘူးလား..ဗိုလ်မင်း”

စွေးငယ်ဗိုလ်က ကြားဝင်လိုက်သည်။

“ဗိုလ်ဘယ်ကျော်..ဒါက ဟံသာဝတီက နန်းတော်အသိအမှတ်ပြု တော်ဝင်ကုန်သည်တော်ကြီး လွီဇာဒီမဲလိုးပါ...သူက မတ္တရာဗိုလ်ဘယ်ကျော်ပါ..လောလောဆယ်..အိမ်ရှေ့မင်းရဲ့မြင်းတပ်မှာ ဗိုလ်မှူးအဖြစ် အမှုထမ်းနေပါတယ်...သူက မတ္တရာကွေ့တွေဆီက ခွဲထွက်ပြီး ခုမှ ဟံသာဝတီကိုလာပူးပေါင်းတာမို့..ကုန်သည်ကြီးကို မသိတာပါ”

“ဟုတ်ပါပြီ...ကျွန်မလည်း လူစုစု ဖြစ်နေလို့ ဘာများလဲဆိုပြီး လာမေးကြည့်တာပါ..ဒီမှာက အင်းဝဘုရင်ရဲ့အိမ်နန်းခြံဝန်းထဲ ဆောက်လုပ်ရေးမှာ လုပ်ပေးနေတဲ့သူတွေလည်းရှိတော့...ကျွန်မမှာလည်း တာဝန်ရှိနေသလို့ပါ”

“သိပ်တာဝန်ရှိတာပေါ့..လွီဇာ”

ထိုစဉ်အနောက်မှ ထွက်ပေါ်လာသော အသံကြောင့် အားလုံး မြေပြင်တွင် ဝပ်ကာ ခစားလိုက်ကြ၏။

ဥပရာဇာဦးအောင်မြ က ဝေါယာဉ်ပေါ်မှ ဆင်းလာသည်။

လွီဇာ က မြေပြင်တွင် ဒူးထောက်ကာ ခစားလိုက်၏။

“အခု ပျောက်သွားတဲ့လူနာမည်က နန္ဒဝေ တဲ့...မင်း သူ့ကို သိလား..လွီဇာ”

လွီဇာက ခေါင်းမော့လိုက်သည်။

“ခြံတော်ဝန်းဆောက်လုပ်ရေးမှာ ကျွန်တော်မျိုးမ တာဝန်ယူကွပ်ကဲတာမှန်ပေမယ့်..အင်းဝသား တစ်ယောက်ချင်းစီကိုတော့...အမည်မသိရိုးပါ”

“သေချာရဲ့လားကွယ့်....ကျုပ်ကိုယ်တိုင် ဒီကိစ္စကို စစ်ဆေးဖို့ ဆင်းလာရတယ်ဆိုတာက အကြောင်းရှိတယ်..လွီဇာ.. အရင်က ဘုရင့်မိသားစု နဲ့ အင်းဝ က သာမန်နန်းတွင်းသား၊ အရပ်သားသုံ့ပန်းစုကို မပတ်သက်ကြဖို့ ကန့်သတ်ထားခဲ့တယ်..အခုတော့ အိမ်တော်ဝန်းဆောက်လုပ်ရေးကို အကြောင်းပြပြီး ကူးလူး

ပတ်သတ်ခွင့်ပြုတာမှမကြာသေးဘူး....အင်းဝသားတစ်ယောက်က ထွက်ပြေးပြီတဲ့...ဒါက သံသယဖြစ်စရာ မကောင်းပေဘူးလား”

“မှန်ပါ”

“မယ်မင်းတို့လည်း သေချာဂရုစိုက်ပါ....ကျုပ်လူတွေကလည်း အင်းဝဘုရင်မိသားစုကို အမြဲစောင့်ကြည့်နေမှာပါ.. ဒီကြားထဲကမှ တစ်ခုခုဖြစ်လို့ကတော့...မယ်မင်းတို့ ပါ..မလွယ်ဘူးမှတ်..မယ်မင်းနဲ့အတူ ဒီကစ္စကို စီမံနေတဲ့မြို့ကြီးမင်းသမီးကို လည်း သတိပေးထားပါ....ဆောက်လုပ်ရေးအလုပ်ကလွဲလို့..တခြားကိစ္စတွေမှာ အင်းဝသားတွေ နဲ့ ပါဝင်ပတ်သက်မှု မပြုမိကြပါစေနဲ့”

“မှန်ပါ...မိုးလည်းချုပ်ပြီမို့..ကျွန်တော်မကို ပြန်ခွင့်ပြုပါ..ဘုရား”

လွိဇာက ဒူးတုပ်လျက်က နောက်ဆုတ်ကာ လှည်းဆီသို့ ပြန်လာခဲ့သည်။

လှည်းပေါ်ရောက်သည်နှင့် အမည်တစ်ခု ကို ခပ်တိုးတိုးရေရွတ်ကြည့်လိုက်၏။

“နန္ဒဝေ”

.....

မိုးက စိမ့်စိမ့်။ လေက ထန်ထန်။

သစ်တောအုပ်ကြီးထဲမှ တဲအစုလေးမှာ မှောင်ကုပ်ကုပ်ဖြင့်။

မြင်းသုံးစီးသည် တဲအစုအတွင်းသို့ ဝင်လာသည်။

ကင်းသမားတစ်ဦးက တဲကြီးတစ်လုံးထံသို့ မြင်းသမားများကို လမ်းပြသွား၏။

တဲကြီးရှေ့သို့ ရောက်လျှင် မြင်းပေါ်မှ လူများက ဆင်းပြီး ခပ်သုတ်သုတ်ဝင်သွားကြသည်။

တဲအတွင်းတွင် ဆီမီးခွက်ရောင်က မှိန်ဖျော့ဖျော့။

သလွန်ငယ်တစ်ခုထက်တွင် စောင်များအထပ်ထပ်ခြုံလျက် ညည်းညူနေသော သူတစ်ဦး။

သူနှင်းတွင် လုံမငယ်က ကောက်တီစပါးဖြင့် ချက်ထားသော ဆန်ပြုတ်တစ်ပန်းကန်ကို ကိုင်ထားသည်။

“ဘယ်..သူ..တွေ..လဲ”

“ကျွန်းတောကြီးတပ် ရာဇဓိရာဇ်ဆီ က ဆက်သားတွေပါ”

“ငထွေးငယ် ဆီကလား....ငါ့ကို ထူကြစမ်းပါဟဲ့”

ငထွေးငယ် ခေါ် ရာဇဓိရာဇ် သည် ကိုးသိန်းသခင်၏ တပ်မှူးတစ်ဦးဖြစ်ပြီး အင်းဝ အပျက်တွင် ကျွန်းတောကြီး အရပ်တွင် တပ်များနှင့် တိမ်းရှောင်နေသူဖြစ်သည်။

ဟံသာဝတီသို့ ပို့ဆောင်ခံရသော ကိုးသိန်းသခင်ကို ဆားမလောက်ရွာတွင် ကယ်တင်ရေးကို အစီအစဉ်ဆွဲခဲ့သူလည်း ဖြစ်သည်။

ကိုးသိန်းသခင်သည် ယော၊ကျောက်ကာနယ်ရှိ ပိုနိမ့်ပိုမြင့်အရပ်တွင် ခိုအောင်းကာ လူသူလက်နက်များ စုဆောင်းလျက် ဟံသာဝတီတပ်များကို ပြန်တိုက်ရန် စီစဉ်နေသည်။

ထိုသို့စီစဉ်နေဆဲမှာပင်...ကိုးသိန်းသခင်မှာ ငှက်ဖျားနှင့် အစာအိမ်ရောဂါဝေဒနာ စွဲကပ်လာသည်။

နှစ်ပေါင်းများစွာ စစ်ပွဲများအတွင်း ကြင်လည်ခဲ့သည့်ဒဏ်ကြောင့် အိပ်ရာထဲတွင် လဲသည်အထိ ဖြစ်ခဲ့ရသည်။

ယခု...ရာဇာဓိရာဇ်ထံမှ ဆက်သားလာသည်ဆိုသဖြင့် ကိုးသိန်းသခင်မှာ စိတ်ဓာတ်အနည်းငယ်တက်ကြွသွား၏။

ဘေးတွင်ခစားနေသော လူငယ်နှစ်ဦးက ကိုးသိန်းသခင်မင်းခေါင်ကို ထူလိုက်သည်။

ငှက်ဖျား နှင့် အစာအိမ်ရောဂါဒဏ်ကြောင့် ကိုးသိန်းသခင်၏ ပါးရိုးများမှာ ချောင်ကျနေ၏။

ကိုးသိန်းသခင်ကား ရောဂါဝေဒနာကို အပြင်းထန်ဆုံးခံစားနေရသည့်ကြားမှာပင် သလွန်ပေါ်တွင် အားပြုပြီး ထိုင်လိုက်၏။

“လျှောက် ကြ”

“မှန်ပါ...တပ်မှူးရာဇဓိရာဇ်ဇ ကကြားရောက်လိုက်ပါသည်ဘုရား...ဟံသာဝတီမှ နန္ဒဝေဆိုသူ ကျွန်းတော်ကြီးတပ်သို့ သဝဏ်စာတစ်စောင်နှင့်အတူ ရောက်ရှိလာပါသည်။ သဝဏ်စာမှာ ဟံသာဝတီရောက် အင်းဝဘုရင်မင်းမြတ်၏ မြောက်နန်း

မိဖုရားကြီး ဆီမှ ပါးသောစာဖြစ်ပါသည်။ စာပါအကြောင်းအရာများမှာ ဟံသာဝတီတွင် အင်းဝဘုရင်မှာ ဥပရာဇာ၏ အခြွယ်လွယ်ခံအိမ်နိမ့်ဘဝဖြင့် ဆင်းရဲစွာနေရကြောင်း၊ သို့သော် နောက်တော်ပါ ကျွန်တော်စုများက နယ်ပယ်အတွင်းရှိ ဗမာများကို စုစည်းပြီး ဟံသာဝတီထီးနန်းကို တော်လှန်ရန် ပြင်ဆင်ပြီးကြောင်း၊ ဟံသာဝတီဘုရင်အား နှစ်လိုခြင်းမရှိသည့် ဟံသာဝတီအမတ်အချို့ကလည်း တသဘောတည်း ဖြစ်ရန် စည်းရုံးနေကြောင်းနဲ့...ကိုးသိန်းသခင်နှင့် စာ ၊ တမန်တို့ဖြင့် မပြတ်ဆက်သွယ်ကာ စီစဉ်ကြစေလိုကြောင်းပါ..ဘုရား”

ကိုးသိန်းသခင်က မျက်လုံးကို စုံမှိတ်ထားပြီး..အသက်ကို ခပ်ပြင်းပြင်းရှူနေသည်။

“ရဲထင်...ရဲထင်”

ကိုးသိန်းသခင်၏ လက်ရုံးဖြစ်သော မင်းကြီးရဲထင် က လက်အုပ်ချီလျက် ရှေ့သို့တိုးလာသည်။

“ငါ့ကို ကြည့်စမ်းပါ...ငါ စစ်တိုက်နိုင်သေးရဲ့လား..ဖြေစမ်းပါ”

“အခုတော့...မသင့်လျော်သေးကြောင်းပါ..ဘုရား”

“ငါ ညံ့လို့..ငါမြို့၊ ငါ့တိုင်းနိုင်ငံလည်း ပျက်စီးရပြီ...တူတော်ဘုရင်လည်း ထီးနန်းဆုံးရှုံးပြီး..တစ်ချိန်က သူ့ကျွန် ထဲမှာ သိမ်သိမ်ငယ်ငယ်နဲ့ ကျွန်ပြန်ဖြစ်နေရပြီ...ငါ..တာဝန်မကျေခဲ့ဘူး...အခု..ငါ စစ်ထွက်မယ်..ရာဇဓိရာဇဆီ ဆက်သားများက ပြန်လျှောက်ကြစမ်း....မကြာခင်...ကိုးသိန်းသခင်မင်းခေါင်ကိုယ်တိုင် တပ်တွေ ချီပြီး...အင်းဝကို ပြန်တိုက်မယ်..ပြီးရင် ဟံသာဝတီအထိဆင်းပြီး အောင်လှငယ်ကို ဖမ်း....အင်းဝမင်းကို နန်းပြန်တင်ချေမယ်လို့...”

ကိုးသိန်းသခင်၏ ဖြူလျော်နေသောနှုတ်ခမ်းမှ စကားသံများ ဆက်တိုက်ထွက်ပေါလာသည်။

ထို့နောက် မောဟိုက်သွားဟန်ဖြင့် အသက်ကို ခပ်ပြင်းပြင်းရှူကာ သလွန်ပေါ်တွင်ပင် ဘေးတစ်စောင်း လှဲကျသွားတော့၏။

“ကိုယ်တော်ကြီးဘုရား...ကိုယ်တော်ကြီးဘုရား”

မင်းကြီးရဲထင်က အလန့်တကြားထကာ ထွေးပွေ့လိုက်သည်။ အလုပ်အကျွေးပြုနေသည့် မောင်းမငယ်များကလည်း ကိုးသိန်းသခင်နားတွင် ဝိုင်းအုံသွားကြ၏။

မင်းကြီးရဲထင်က ကိုးသိန်းသခင်၏ လက်များကို ဆုပ်ကိုင်ထားသည်။

ကိုးသိန်းသခင်၏ မျက်လုံးများက မျက်ရည်များဖြင့် ရီဝေနေ၏။

“အမတော်ခင်မင်းအုံ...လာနေပြီ.....ရဲထင်...ဟိုမှာ အမတော်ခင်မင်းအုံ အင်းဝ ကို ပြန်ဖို့ ငါ့ကို လာခေါ်နေပြီ.. အင်းဝကို ငါတို့ ပြန်ကြမယ်”

ကိုးသိန်းသခင်သည် ကွယ်လွန်သွားပြီးဖြစ်သော သူ၏ပထမဇနီး လောင်းရှည် မင်းသမီးကြီး၏ အမည်ကို နှုတ်မှတဖွဖွရွတ်ရင်း လက်ညှိုးလိုက်ထိုးနေ၏။

“စိတ်ထိန်းပါ..ဘုရား..စိတ်ထိန်းပါ”

မင်းကြီးရဲထင် ၏ မျက်လုံးမှ မျက်ရည်များ ပြည့်လျှံကြလာသည်။

သမားတော်တစ်ဦးက ကမ်းပေးသော ဆေးခွက်ကို ရဲထင်က ယူကာ ကိုးသိန်း သခင်၏ နှုတ်ခမ်းတွင် တေ့လိုက်သည်။

“ငတွန်ငယ် နဲ့ လှီဇာမငယ် ကို..ငါကိုယ်တော်မှားခဲ့တာတွေ..ခွင့်လွှတ်ကြ ပါ..အောင်ဇေယျဆီ ငါ့ကို ပို့ပေးကြ....ငါ..သူနဲ့အတူ..အင်းဝကို ပြန်တိုက်မယ်”

ကိုးသိန်းသခင် က လက်များကို ကယောင်ကတန်းဖြင့် ဆန့်တန်းလိုက်သဖြင့် ဆေးခွက်ကို တိုက်မိပြီး ကြမ်းပြင်ပေါ်သို့ မှောက်ကျသွား၏။

“ငါ့ကို အောက်ချပေးကြ..ဟိုမှာ ငါ့နောင်တော်တနင်္္ဂနွေမင်းတရားကြီး ကြွလာ ပြီ...ဒူးတုပ်ရှိခိုးရမယ်...အင်းဝဘုရင် ကြွလာပြီ....အားလုံး အင်းဝရွှေနန်း ရဲ့ အာဏာစက်မှာ ဒူးထောက်ကြစမ်းဟေ့”

ကိုးသိန်းသခင်မှာ ဝမ်းခေါင်းသံကြီးဖြင့် အော်လိုက်ပြီးနောက် မျက်ဖြူလန်တက် သွားသည်။

မိုးသံနှင့်အတူ တဲငယ်အတွင်း ငိုသံများ ကျွက်ကျွက်ညံစွာ ထွက်ပေါ်လာတော့၏။

အင်းဝ၏ အထက်မြက်ဆုံး၊ အားအကိုးရဆုံး စစ်ဘုရင်တစ်ဦး၏ နောက်ဆုံး ထွက်သက်ကား....စိမ့်သော အေးသော မိုးနှင့်အတူ။

အခန်း (၁၂)

၁၇၅၂ အောက်တိုဘာလ ၁၁ ရက်။ နံနက်အာရုဏ်တက်ချိန်။

ခင်ဦးမြို့တံခါး၏ တောင်ဘက် တွင် သေနတ်သံများ ဆူညံနေသည်။

အောင်ဇေယျ၏ နောင်တော်ကြီး ဦးအောင်ဖြူး ဦးစီးသည့် တပ်များက ခင်ဦးမြို့ တံခါးကို ထိုးဖောက်ရန် ကြိုးစားနေကြခြင်းဖြစ်သည်။

မုဆိုးဖို၏ အဓိကစစ်သူကြီးများဖြစ်သော ငကောင်း၊ ငတွန်၊ ငသာ တို့နှင့် သား တော်နှစ်ပါးတို့မှာ ရွာသစ်ကြီးနှင့် ညောင်လှရှိ ဟံသာဝတီတပ်များကို တိုက်ထုတ် ပြီးနောက်..ထိုခံတပ်များကို ထိန်းသိမ်းကွပ်ကဲနေကြရသည်။

ပတ်ဝန်းကျင်မှ ဟံသာဝတီတပ်များ အင်းဝသို့ ဆုတ်ခွာသွားခိုက် နောက်တကြော့ ထိုးစစ်ပြန်မဆင်လာမီ အောင်ဇေယျသည် ခင်ဦးကို အပြီးသိမ်းပိုက်ရန် စီမံလိုက် သည်။

အောင်ဇေယျ နှင့် နောင်တော် ဦးအောင်ဖြူး တို့ က မုဆိုးဖိုရှိ လက်ကျန်စစ် အင်အားကို စုစည်းကာ စစ်ကြောင်းနှစ်ကြောင်းဖြင့် ခင်ဦးကို ဝိုင်းရံလိုက်ကြ၏။ အောင်ဇေယျသည် ခင်ဦးအရှေ့ဘက် အင်ကြင်းကုန်းတွင် အမြောက်၊သေနတ် များ ဆင်ကာ မြို့တွင်းသို့ ပစ်သွင်း၏။

ဦးအောင်ဖြူး၏ မြင်းတပ်က ခင်ဦးမြို့ တောင်ဘက်တံခါးကို ဝင်ရောက်စီးနင်းရန် ကြိုးစားကြသည်။

ခင်ဦးသားတို့မှာ တောင်ဘက်တံခါးကို အသည်းအသန်ကာကွယ်နေကြရ၏။

ထိုအချိန်တွင် လူအင်အားနည်းပါးလှသော အရှေ့ဘက်မြို့တံခါး ပွင့်လာသည်။

အညိုရောင်မြင်းကြီးပေါ်မှာ လူထွားကြီးတစ်ဦးသည် လှံရှည်တစ်ဖက်၊ ဓါးလွတ် တစ်ဖက် ကိုင်လျက် အင်းကြင်းကုန်း ရှိရာသို့ ဦးတည်လာ၏။

ရှေ့ပြေးတပ်အချို့မှာ ဝင်ရောက်ထိုးခုတ်ကြသော်လည်း လူထွားကြီး၏ ဓါးချက်၊ လှံချက်အောက်တွင် သွေးအလူလူးဖြစ်ကာ ပြိုကွဲကုန်ကြသည်။

“အဲ့ဒါ..ချစ်ညိုကြီး ထင်ပ”

အောင်ဇေယျက နဘေးတွင် ရွှေထီးမိုးပေးနေသည့် ငနေကို မေးလိုက်သည်။

“မှန်ပါ..ဒီလိုမျိုး တစ်ယောက်တည်းထွက်ရဲတာ ချစ်ညီကြီးကလွဲပြီး တခြားမရှိနိုင်ပါ..ဘုရား”

“ဖောင်း”

ထိုအချိန်တွင် မလှမ်းမကမ်းတွင် ဝပ်နေသော လက်ဖြောင့်သေနတ်သမား သူရိန်ဒေဝ ၏ သေနတ်သံကြားလိုက်ရသည်။

အရှိန်ဖြင့် လာနေသော ချစ်ညီ၏ မြင်းကြီးမှာ မြေကြီးတွင် တလိမ့်ခေါက်ကွေးလဲကျသွား၏။

“ဟဲ့..သူရိန်ဒေဝ...ထိ သွားတာလား”

“လူကို မထိလောက်ဘူး..ဘုရား..မြင်းကိုထိသွားပုံပဲ..ဒီတစ်ချက်တော့ ဒီကောင်ကြီး ခေါင်းတည့်တည့်ထိစေ့ပါမယ်.”

သူရိန်ဒေဝက သေနတ်ကို ယမ်းထိုးနေရင်းမှ လှမ်းပြောသည်။

“ဟေ့...တော်တော...မပစ်ရဘူး..အဲ့ဒါ ချစ်ညီကွဲ့...အဝေးက သေနတ်နဲ့ လှမ်းပစ်လို့ သေရမယ့်လူမျိုး မဟုတ်ဘူး”

ထိုအချိန်တွင် ချစ်ညီက မြို့ရိုးအတွင်း ပြေးဝင်သွားပြီး နောက်ထပ် မြင်းတစ်ကောင်ဖြင့် ထပ်ထွက်လာပြန်သည်။

“ဇဲကြီးတဲ့လူပဲ....သူမြို့တောင်ဘက်မှာ ဒီလောက်မီးတောက်နေတာတောင်..ဒီဘက်ကို တစ်ယောက်တည်းထွက်လာဝံ့တယ်....မြင်းကိုပဲ ထပ်ပစ်ချေ..သူလဲကျသွားတာနဲ့ ငါ ဒင်းဆီ မြင်းနဲ့ အပြင်းနှင်ပြီး လက်ရဖမ်းချေမယ်”

အောင်ဇေယျက မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

“ဖောင်း”

ချစ်ညီစီးလာသော မြင်းမှာ ဒုတိယအကြိမ် လဲကျသွားပြန်သည်။

“သူက..ငါ့ဆီကို ရင်ဆိုင်လာနေတာပဲ...သူရဲကောင်းဆန်ဆန်ပဲ ငါတို့ချင်း ရင်ဆိုင်မယ်.....သူနဲ့ငါ ယှဉ်ကြလို့ မတော် ငါရှုံးလို့ သေရမယ်ဆိုရင်တောင် နင်တို့ ဒီတိုင်း

ရပ်ကြဲည်နေ ....သေနတ်ဖောက်တာတွေ...ဝင်ကူဖို့လုပ်တာတွေ မလုပ်မိစေနဲ့... ဟိုတစ်ခါ ငကောင်းတုန်းကလို..ငါ့ အရှက်ကို မခွဲကြနဲ့...ဟေ့..ငထော်...နင့် မှာထန်းလျှီးခါးပါသေးလား”

“ပါပါတယ်..ဘုရား”

အောင်ဇေယျ၏ မြင်းရည်တက်ထဲမှ တစ်ဦးဖြစ်သည့် ထန်းသမားငထော်က ထန်းလျှီးဓားကို ထုတ်ကာ လက်အုပ်ချီလိုက်၏။

ငထော်သည် တချိန်က အောင်ဇေယျ နှင့် ချစ်ည၊ ချစ်မြ ညီအကို သတ်ပုတ်ကြချိန်တွင် အောင်ဇေယျဘက်မှ ဝင်ကူပေးခဲ့ပြီးနောက် မုဆိုးဖိုသို့ ပါလာခဲ့သူဖြစ်သည်။

စစ်ထွက်ချိန်တိုင်းတွင် သူ၏ ထန်းလျှီးဓားကို သံယောဇဉ်မပြတ်ပဲ ခါးတွင် အမြဲထိုးထားသူလည်းဖြစ်သည်။

“အေး..ငါအခု ချစ်ညိုကြီးပြန်လာရင်..သူနဲ့ သွားရင်ဆိုင်မယ်....နင်က ဒီထန်းလျှီးခါးနဲ့ ဒီအကောင်တွေကို စောင့်စမ်း...ငါဘက်က ဝင်ကူမယ်ဆိုပြီး ထလာတဲ့ကောင်ပဲဖြစ်ဖြစ်..သေနတ်ကျည်ထိုးတဲ့ကောင်ပဲဖြစ်ဖြစ် လည်ပင်းသာဖြတ်ပစ်...ငါ့အမိန့်”

သို့သော် ထိုအချိန်တွင်ပင် ခင်ဦးတောင်ဘက်ခြမ်းသို့ ထိုးဖောက်နေသော မုဆိုးဖိုမြင်းတပ်များမှာ ကစဉ့်ကလျားဖြင့် အရှေ့ဘက်သို့ ဆုတ်ပြေးလာကြသည်ကို မြင်လိုက်ရသည်။

ချစ်ညို ကာ မြို့တံခါးတွင် အသင့်ရှိနေသော နောက်ထပ် မြင်းတစ်စီးပေါ် တက်ခွကာ...ပြေးလာကြသော မုဆိုးဖိုအစုများကို လိုက်လံထိုးခုတ်တော့၏။

“နောင်တော်ကြီး ကျသွားပြီ..ဘုရား...ကျသွားပါပြီ”

အပြေးဆုတ်လာသော မုဆိုးဖိုသားတစ်ဦးက အောင်ဇေယျကို တွေ့လိုက်သဖြင့် အော်ဟစ်ပြောလိုက်သည်။

“ဘယ်သူလဲ..ဘယ်သူလဲ...ကိုအောင်ဖြိုးလား”

“မှန်ပါ...ဦးအောင်ဖြိုးပါ..ဘုရား..မြင်းပေါ်က ဆင်းပြီး..တပ်ကို ကွပ်ရာမှာ...ရန်သူ့ ကျည်သင့်ပြီး ဆုံးပါပြီ..အလောင်းတောင် မကောက်နိုင်ခဲ့ပါ...ဘုရား”

“ဟာ”

အောင်ဇေယျမှာ မြင်းပေါ်တွင် ထိုင်လျက် ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ရပ်တန့်သွားသည်။

မှဆိုးဖိုတပ်များ ဆုတ်ပြိုဖြစ်သဖြင့် ခင်ဦးတပ်များက ညာသံပေးကာ လိုက်လာကြ၏။

“ကိုယ်တော်ကြီးဘုရား..တပ်တွေကို....ဆုတ်မိန့် ပေးပါ..ဘုရား..ဆုတ်မိန့်ပေးပါ”

အပါးတော်မြဲစာဆို ငနေ က မြင်းဘေးသို့ ရောက်လာကာ ပေါင်ကို ပုတ်လျက် ပြောမှ သတိပြန်ဝင်လာသည်။

“နင်တို့ ဆုတ်ချေ...ဟိုမှာ ရှေ့ဆုံးကလာတာ ချစ်ညိုကြီးမဟုတ်လား...သင်းလည်း..ချစ်ညို..ငါလည်း အောင်ဇေယျ..တစ်ယောက်ချင်း တွေ့ကြတာပေါ့”

ရှေ့ဆုံးမှ အနီနှင့်အဖြူကျား မြင်းစိုင်းလျှောဖြူကို စီးလာသည့် ချစ်ညိုက သူတပ်များကို ရပ်ရန် အမိန့်ပေးလိုက်၏။

ထို့နောက် သူတစ်ဦးတည်းသာ အောင်ဇေယျ ဆီသို့ ခါးဝင့်လျက် မြင်းကို အပြင်းနှင်လာသည်။

အောင်ဇေယျက ခါးအိမ်က ခါးကို မချွတ်သေးပဲ..ချစ်ညို ၏ မျက်နှာကို စိုက်ကြည့်နေသည်။

အနီးသို့ ရောက်သောအခါ ချစ်ညိုမှာ မြင်းကို ဇက်ကြိုးသတ်လိုက်၏။

ခါးကို ရွယ်ထားလျက်မှ အောင်ဇေယျ ၏ မျက်လုံးများကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

အောင်ဇေယျကလည်း မတုန်မလှုပ်သည့် မျက်နှာသေဖြင့် ချစ်ညိုကို စိုက်ကြည့်နေသည်။

နောက်ဘက်တွင် ကိုယ်စီရှိနေသော နှစ်ဖက်စစ်တပ်များမှာလည်း အရှေ့ဆုံးမှ ခေါင်းဆောင်နှစ်ဦး ၏ ရင်ဆိုင်အတွေ့အကြောင့် ခေတ္တမျှ တိတ်ဆိတ်သွားကြ၏။

အောင်ဇေယျက ခါးကို ဆွဲထုတ်ရန် လက်တင်လိုက်ချိန်တွင် ချစ်ညိုက ခါးလွတ်ကို ချလျက်...မြင်းကို ပြန်လှည့်ထွက်သွားတော့သည်။

အောင်ဇေယျက ခင်ဦးဘက်တွင် ကျဆုံးကျန်ရစ်သော နောင်တော်ကြီး ဦးအောင်ဖြိုး ကို ရည်မှန်းကာ လက်အုပ်ချီရှိခိုးလိုက်၏။

ထို့နောက် မြင်းကို ပြန်လှည့်ပြီး ဆုတ်ခွာသွားတော့သည်။

.....

“နှစ်ပေါင်းများစွာ...ရန်သူလို..ယှဉ်ပြိုင်ဘက်လို ငါတို့တွေက သဘောထားလာကြတာပဲ..ဒါပေမယ့်..ဒီနေ့လို သူအသက်..ကိုယ့်အသက် လဲရတော့မယ့် အခြေအနေမှာ...ငါတို့ချင်း နှမြောနေခဲ့ကြတယ်... ရန်သူကောင်း..ပြိုင်ဘက်ကောင်းမို့ မဆုံးရှုံးသွားစေချင်တာလည်းဖြစ်မယ်...သူ့မျက်လုံးထဲမှာလည်း အဲ့ဒီလို ခံစားမှုမျိုးဖြစ်နေတာကို ငါ ရိပ်စားမိလိုက်တယ်..အဲ့ဒါဟာ တစ်ယောက်အပေါ် တစ်ယောက် ကိုယ်ကိုယ်တိုင်တောင် မသိပဲ စိတ်ထဲမှာဖြစ်ပေါ်နေတဲ့ လေးစားမှုဆိုတာ ငါကိုယ်တော် နားလည်သွားတယ်”

အောင်ဇေယျ က ချစ်ညို နှင့် တဒင်္ဂရင်ဆိုင်မှုကို သူ၏ အနီးကပ်တပ်မှူးများအား ပြောပြနေခြင်းဖြစ်သည်။

“ဒါနဲ့များ...သူက ဘာလို့ ခမည်းတော်ဆီ မခိုဝင်ရတာပါလိမ့်”

မောင်လောက်က ဝင်လျှောက်လိုက်သည်။

အောင်ဇေယျက ခေါင်းညိတ်ပြီး ပြုံးလိုက်၏။

“သားတော်ကြီးက ငယ်သေးလို့ပါ..ဟောဒီက မင်္ဂဦးရီး မောင်ကောင်းတို့၊ ဗိုလ်တွန်တို့၊မင်္ဂယောက်ဖတော် မောင်သာ တို့ဆို ချစ်ညိုကြီး ဘာကြောင့် ခမည်းတော်နဲ့ မပူးပေါင်းရလဲဆိုတာကို သိကြမယ်ထင်တယ်..တကယ်လို့ ခမည်းတော်လည်း သူ့နေရာမှာသာဆို...ဘယ်တော့မှ အောက်ကျိုးမှ မဟုတ်ဘူး.အချင်းချင်းထားတဲ့. လေးစားမှု ကလေးစားမှု..မာန က မာန သက်သက်စီပဲ..သားတော်.. ဒါကြောင့် လာမယ့် လာမယ့် လဆန်းရှစ်ရက်နေ့မှာ ခင်ဦးတပ်ကို မုဆိုးဖိုမှာ ရှိသမျှ တပ်အင်အားအကုန်စုပြီး အပြီးတိုက်မယ်.. နောက်ဆုတ်သူ တပ်မှူးမှန်သမျှ ကွပ်ခံရမယ်..ချစ်ညိုတို့ သားအဖတွေကို ရင်ဆိုင်တွေ့ရင် မသတ်ရ...အရှင်သာဖမ်းပြီး ငါ့ထံ ဆက်ကြစေ”

.....

“ငွေခွန်ဝန် ဗိုလ်မင်းဗညားအရိန္ဒမာ အား ကျွန်ုပ်မောင်ချစ်ညို ကြား‌ရောက်လိုက်သည်။

မုဆိုးဖို့မှ ငအောင်ဇေယျငယ်၏ တပ်များသည် ခင်ဦးတပ်ကို အကြိမ်ကြိမ်လာရောက်လုပ်ကြံတိုင်း မပေါက်မြောက်ကြသည်ကို ဗိုလ်မင်းသိပြီးဖြစ်ပါသည်။

သို့သော်ငြား..ခင်ဦးမှ အပ အခြားသော ခံတပ်များကိုသိမ်းပိုက်နိုင်ခဲ့သဖြင့် မုဆိုးဖိုသားတို့မှာ စိတ်ဓာတ်အား တက်ကြွလျက်ရှိနေပါသေးသည်။

မကြာမီတွင် သင်းတို့တသိုက် စစ်အားဖြည့်တင်းပြီး ပြုန်လည်လုပ်ကြံလာပါက စစ်ခေါင်းကြိမ်းလှုပြီဖြစ်သော ခင်ဦးသားတို့ချည်း ခံနိုင်မည်မထင်ပါ။

ခင်ဦးခံတပ်ကျဆုံးလျှင် အင်းဝ သည် တံခါးမရှိ၊ ခါးမရှိ ဖြစ်လာတော့ပါမည်။

ထို့ကြောင့် ငအောင်ဇေယျငယ်၏ စစ်မရောက်မီ ဟံသာဝတီတပ်ကူ (၃၀၀၀) အား ခင်ဦးတပ်သို့ အမြန် ဖြည့်တင်း ပေးနိုင်ပါရန် အစီရင်ခံပါသည်။

ခင်ဦးမြို့စား လက်ျာပျံချီ

.....

၁၇၅၂ အောက်တိုဘာ ၁၅ ရက်။ နံနက် ၂ နာရီ။

အမြောက်ဆံ ၊ ဗုံးဆံများ၊ မီးတောက်မီးလျှံများ။

ချစ်ညို နှင့် ဖခင်ဖြစ်သူ ဦးလုံးတို့သည် အိပ်စက်နေရာမှ အလန့်တကြား ထလာကြတော့၏။

အင်းဝတွင် တပ်ထိုင်ထားသော ဗညားအရိန္ဒမာ က ခင်ဦးသို့ လူသုံးထောင်ပါသော စစ်ကြောင်း ကို စေလွှတ်လိုက်ပြီဖြစ်သည်။

သို့သော်ငြား..ခင်ဦးသို့ မရောက်သေးပဲ...ခင်ဦးနှင့် မလှမ်းမကမ်းအရပ်တွင် တပ်များကို ဖိုခနောက်ဆိုင် တည်ကာ ညအိပ်ရပ်နားနေကြသည်။

နောက်တစ်ရက်အကြာတွင် ခင်ဦးခံတပ်သို့ ဝင်ရောက်ပူးပေါင်းကြမည် ဖြစ်သည်။

ထိုအချိန်တွင်ပင် မုဆိုးဖိုတပ်များက ညသန်းခေါင်အချိန် မထင်မှတ်ပဲ..ခင်ဦး၏ အနောက်တောင်ဘက်တံခါးမှ အင်အားအပြည့်ဖြင့် ဝင်ရောက်တိုက်ခိုက်ကြခြင်း

ဖြဲ့စ်သည်။

“အနောက်တောင်တံခါးကိုပဲ သူတို့ ဖိတိုက်နေတယ်..ရှိသမျှ လူ...အပေါ်တက်ပြီး စီးခံကြ”

ချစ်ညိုက သျှောင်ထုံးပင် မထုံးနိုင်ပဲ ကွပ်ကဲနေသည်။

သို့သော် မုဆိုးဖိုသားတို့က အမျောင်ထုထဲတွင် နေရာယူပြီး တိုက်နေခြင်းဖြစ်သဖြင့် ခံစစ်ဖြင့်သာ ခုခံနေရ၏။

ထိုအချိန်တွင် စည်သာမင်းကြီး ဦးစည်းစိမ် နှင့် လက်ရွေးစင် လူနှစ်ဆယ်မှာ အင်အားနည်းသော မြောက်ဖက်တံခါးနားသို့ ချဉ်းကပ်လာကြသည်။

ထိုနောက် အသင့်ပါလာသော ယမ်းထည့်ထားသည့် ဝါးကျည်တောက်များကို မီးရှို့ဖောက်ခွဲပြီး အော်ဟစ်ကြ၏။

မြောက်ဖက်တံခါးတွင်ရှိသော အင်အားများမှာ အနောက်တောင်ဘက်သို့ အားဖြည့်နေရသဖြင့် ဆယ်ဂဏန်းသာ အစောင့်အနေကျန်ရစ်၏။

ထိုအစောင့်တို့မှာလည်း မုဆိုးဖိုတပ်ကြီး မြောက်ဖက်သို့ ပြောင်းရွှေ့တိုက်ခိုက်လာပြီအထင်ဖြင့် ကိုယ်လွတ်ရုန်းဆုတ်ခွာကြသဖြင့် မြောက်ဖက်တံခါးပွင့်သွားလေတော့သည်။

ဦးစည်းစိမ်နှင့် သူ့လူများမှာ မြောက်ဖက်တံခါးမှဝင်လာပြီး မြင်သမျှကို မီးတိုက်ပစ်ကြ၏။

မြောက်ဖက်မှ မီးတောက်မီးလျှံကြီးများကို မြင်သည့်အခါ ချစ်ညို့မှာ မုဆိုးဖိုက ထင်မှတ်မထားသည့် အင်အားစုကြီး နှစ်စုဖြင့် ဝင်တိုက်ပြီအထင်ဖြင့် ဆုတ်ခွာရန် ပြင်ဆင်တော့သည်။

မကြာမီပင် အနောက်ဘက်တံခါးမှ ခင်ဦးစားချစ်ညို၏ မယားသုံးဦး၊ သား၊သမီးများပါသော လှည်းသည် စစ်ကိုင်းဘက်ဆီသို့ ထွက်ခွာသွားတော့သည်။

ချစ်ညိုနှင့် ဖခင်ဖြစ်သူ ဦးလုံးတို့လည်း မြင်းကိုယ်စီဖြင့် ခင်ဦးကို ကိုယ်လွတ်စွန့်ခွာသွားတော့၏။

တပြိုင်နက်တည်းတွင်ပင် အောင်ဇေယျ၏ သားများဖြစ်သော မောင်လောက်၊ မောင်ရွှ နှင့် ငတွန်တို့ ဦးစီးသည့် စစ်ကြောင်းများက ခင်ဦးအနီး တပ်ချနေသည့် စစ်ကူ ဟံသာဝတီတပ်သုံးတပ်ကို ဝင်ရောက်တိုက်ခိုက်ကြသည်။

ခင်ဦးကို အလွယ်တကူရရှိပြီးသော မူဆိုးဖိုတပ်များက ထပ်မံအားဖြည့်လာရာ စစ်ကူဟံသာဝတီတပ်များလည်း တပ်ပျက်ကာ အင်းဝသို့ ပြန်လည်ဆုတ်ခွာသွားရတော့သည်။

.....

“ကိုရွှေဖြိုးဆိုတာ ကျုပ် ကိုယ်တိုင် မင်းပြိုင်အဖြစ်နဲ့ စစ်ကိုင်းမှာ နန်းတော်ဆောက်ပေးထားခဲ့သူပါ... ဒီဟံသာဝတီကို ရောက်ကတည်းက သူ့မှာ ဆင်းဆင်းရဲရဲနေခဲ့ရပြီးပြီ...အခုလည်း..သူနောက်ဆုံးအချိန်မှာ.. လောင်တိုက်၊ ရွှေပိန်းချပျဉ်ခေါင်းတလားတွေနဲ့ လုပ်ပေးသင့်ပါတယ်လေ”

မဟာဓမ္မရာဇာဓိပတိ ၏ အသံက မချိတင်ကဲ။

နဘေးတွင်ရပ်နေသော ဟံသာဝတီဥပရာဇာ ဦးအောင်မြ က ပုဆိုးဖြူအုပ်ထားသည့် ဝန်ကြီးဦးရွှေဖြိုး၏ အခေါင်းကိုသာ ကြည့်နေသည်။

“အကြီးတော် ဝန်ကြီးပဒေသရာဇာကိုလည်း သန့်လျင်ကို ပို့လိုက်ကြပြီးပြီ...ငါ့မှာ လူရင်းဆိုလို့ ကိုရွှေဖြိုးပဲ ကျန်တာပါ...ဒီတော့ ကိုရွှေဖြိုးရဲ့ မသာတော်ကို ဟံသာဝတီဘုရင်က တူတူတန်တန်မလုပ်ပေးရင်လည်း ငါ့ ပိုင်ဆိုင်မှုတွေ ထုခွဲပြီး ကိုယ်တော်တိုင် သင်္ဂြိုလ်တော်အခမ်းအနားလုပ်ပါ့မယ်လေ”

“မဖြစ်နိုင်ပါဘူး..အင်းဝဘုရင်...ကျုပ်တို့အနေနဲ့တော့...သုံ့ပန်းတစ်ယောက်သေတာထက် ပိုပြီး လုပ်ပေးသင့်တာ လုပ်ပေးပြီးပါပြီ..မသာအခမ်းအနားကို အကျယ်ချဲ့တာမျိုး ခွင့်မပြုနိုင်ပါဘူး”

“ဒါက ဗညားဒလဘုရင်ရဲ့ အမိန့်ပေါ့ဟုတ်လား”

ဦးအောင်မြက ခပ်ထေ့ထေ့ပြုံးလိုက်၏။

“ဗညားဒလဘုရင်ရဲ့ နေရာကိုဆက်ခံမယ့် အိမ်ရှေ့ဥပရာဇာရဲ့ နှုတ်ထွက်အမိန့်ပါ”

မဟာဓမ္မရာဇာဓိပတိ မှာ ခံပြင်းစိတ်တို့ဖြင့် လက်များပင် တဆတ်ဆတ်တုန်ရီနေသည်။

မိဖုရားခေါင်ကြီးနှစ်ပါးမှာ တအိအိငိုနေကြ၏။

“မနက်ဖြန်မနက်မှာ...ကျုပ်တို့ခွင့်ပြုတဲ့အတိုင်း..အပြီးသတ်သဂြိုလ်ဖို့ တောင်းဆိုချင်ပါတယ်...အင်းဝဘုရင်မင်းမြတ်.. နောက်တစ်ခုရှိတာက... ဘုရင်မင်းမြတ်ဟာ ဟံသာဝတီရဲ့သုံ့ပန်းတစ်ယောက် ဖြစ်တဲ့အတွက် နောက်နောင်ဘာကိစ္စမဆို ဟံသာဝတီက ခွင့်ပြုချက်အောက်မှာပဲ လုပ်ရမယ်ဆိုတာကို..သတိထားပေးပါ”

ဦးအောင်မြ က မဟာဓမ္မရာဇာဓိပတိ ကို တစ်ချက်ကြည့်ပြီးနောက် ဝန်ကြီးဦးဖြိုး၏ နောက်ဆုံး ခေါင်းချရာဖြစ်သော တစ်ဖက်ယက်တင်ယဲလေးအတွင်းမှ ထွက်ခွာသွားသည်။

“ဥပရာဇာဘုရား...ဥပရာဇာဘုရား”

ဥပရာဇာ ထွက်လာသည်မို့ အင်းဝကုန်းခေါ် အင်းဝအစုသားတို့နေထိုင်ရာ လမ်းကျဉ်းတစ်လျှောက် အားလုံးက ပြားပြားဝပ်ရှိခိုး နေကြရ၏။

ဝေယာဉ်ရှိရာသို့ ရောက်သောအခါ အနောက်ဘက်မှ ခပ်တိုးတိုးခေါ်သံကြောင့် ဥပရာဇာ က လှည့်ကြည့်လိုက်သည်။

အင်းဝသူတို့နှင့် ရုပ်ရှည်အနည်းငယ်ခြားနားသည့် အမျိုးသမီးနှစ်ဦး။

တစ်ဦးက အသက်ကြီးရင့်နေပြီဖြစ်သော်လည်း တစ်ဦးက လုံမပျိုအရွယ်။

“ဘာများလဲ..မယ်မင်းတို့”

“ကျွန်တော်မျိုးမတို့ဟာ မဏိပူရမှ ဆက်သခံထားရတဲ့ မင်းသမီးများဖြစ်ပါတယ်...ကျွန်တော်မျိုးမ က ပုပ္ပါးမင်းသမီး နီလာခမ်းပါ...သူကတော့ ကျွန်တော်မျိုးရဲ့တူမတော် သျှတ္တာရမာလာခေါ် သျှန်သီ ပါ”

“အင်း...ကသည်းမင်းသမီးတွေကို...အင်းဝကို ဆက်သထားတဲ့ ကသည်းမင်းသမီးတွေအကြောင်း ကျုပ် ကြားဖူးပါတယ်...ကဲ...ဘာများ ရှိလို့လဲ လျှောက်စေ”

နီလာခမ်းက အပေါ်ထပ် အခြေအနေကို ကြည့်လိုက်သည်။

“ကျွန်တော်မျိုးမတို့ဟာ အခုအချိန်မှာ အင်းဝဘုရင်ရဲ့မိဖုရားခေါင်ကြီးရဲ့ အလှပ်အကျွေးအစုအဖြစ် ဒီအင်းဝကုန်း မှာ အင်မတန်ဆင်းရဲစွာနေနေရပါတယ်... အင်းဝဘုရင်ဟောင်းရဲ့ အိမ်တော်ဝန်းတွင်းမှာတောင် နေခွင့်မရပါဘူး... တကယ်တမ်းက ကျွန်တော်မျိုးတို့ဟာ မဏိပူရပြည့်ရှင်မင်းတို့ရဲ့ သမီးတော်များဖြစ်ကြပါတယ်...စစ်သဘောအရ အင်းဝမင်းဟာ သုံ့ပန်းဖြစ်လာတဲ့အခါ

ကျွန်တော်မျိုးမတို့ပါ လိုက်ပါပြီး သုံ့ပန်းအဖြစ် ဆင်းရဲစွာနေကြရပါတယ်... ဟံသာဝတီထီးနန်းအနေနဲ့...မဏိပူရကသည်းမင်းနဲ့ ချစ်ကြည်ရေးကို ရှေးရှုပြီး ကသည်းမင်းသမီးများဖြစ်တဲ့ ကျွန်တော်မတို့ကိုလည်း ထိုက်သင့်တဲ့ အဆောင်အယောင် အခွင့်အရေးတစ်ချို့ပေးစေချင်ပါတယ်”

ဥပရာဇာ က အမျိုးသမီးနှစ်ဦးကို အကဲခတ်လိုက်သည်။

“ကျွန်တော်မ တို့ ဆင်းရဲရင်း နေရအိပ်ရတယ်..ဘုရာ့...အစာတွေကလည်း မကောင်းဘူး.ကယ်ပေးပါ..ဘုရာ့”

သျှန်သီ က မျက်လုံးဝိုင်းကြီးများနှင့် မော့ကြည့်ကာ ဗမာစကား မပီကလာဖြင့် ပြောလိုက်သည်။

နှာတံစင်းစင်း၊ မျက်နှာဝိုင်းဝိုင်းလေးကို ဥပရာဇာက တချက်ကြည့်ကာ ပြုံးလိုက်၏။

“မယ်မင်းတို့ကို ကိုယ်တော်သနားတော်မူတယ်...မကြာခင်..ကိုယ်တော် ပြန်လာခဲ့ပါ့မယ်”

ဥပရာဇာဦးအောင်မြ က သျှန်သီ၏ ဦးခေါင်းလေးကို လက်ဖြင့် ပွတ်ကာ ထွက်ခွာသွားတော့သည်။

.....
.....

“ဒါဆို....ကျွန်တော်မျိုးမ ကို မင်းသမီး လိမ်ခဲ့တာပေါ့”

လွီဇာ ၏ အမေးကို နန်းသွယ်က ခေါင်းညိတ်ဝန်ခံလိုက်သည်။

“ဟုတ်တယ်..နန္ဒဝေ ဟာ နန်းသွယ်ရည်းစားမဟုတ်ဘူး..မမလွီဇာ”

“ဒီကိစ္စဟာ မင်းသမီးတင်မက..ကျွန်တော်မျိုးမရဲ့အသက်ကိုပါ နုတ်ယူနိုင်တယ်ဆိုတာ...မင်းသမီး မစဉ်းစားခဲ့တာလား”

“စဉ်းစားခဲ့ပါတယ်...နန်းသွယ် အများကြီးစဉ်းစားခဲ့ပါတယ်..ဒါပေမယ့်...နန်းသွယ် ဒီလိုလုပ်မှ ဖြစ်မှာ... နန်းသွယ်ဟာ အင်းဝနန်းတွင်းမှာပဲ အမတော်နဲ့အတူ ကြီးပြင်းလာခဲ့တယ်...မဟာဓမ္မရာဇာဓိပတိ နဲ့ အမတော်မြောက်နန်းမိဖုရားရဲ့ အရိပ်အောက်မှာ အေးအေးချမ်းချမ်းနေလာခဲ့ရတယ်... အမတော် ဟာ နန်းသွယ်ကို ဘယ်လောက်ချစ်လဲဆို..ဘယ်မင်းညီမင်းသားနဲ့ ထိမ်းမြားပေးတာကိုမှ

လဲက်မခံခဲ့ဘူး.. နန်းသွယ်ဘဝကို လွတ်လွတ်လပ်လပ်ပဲဖြစ်စေချင်တယ်လို့လည်း အမြဲပြောတတ်တယ်... အခုလည်း နန်းသွယ်ကို ဟံသာဝတီကနေ ခိုးထွက်သွားပြီး လင်ဇင်းကို ပြန်ဖို့ နန္ဒဝေန့် ချိတ်ဆက်ပြီး သူ စီစဉ်ထားခဲ့တာ..ဒါပေမယ့်...နန်းသွယ် လက်မခံခဲ့ဘူး.... နန်းသွယ်ဟာ ဘုရင်နဲ့ တိုက်ရိုက်ပတ်သက်တဲ့ သူ မဟုတ်လို့... ဟံသာဝတီသားတွေရဲ့ ဂရုတစိုက်စောင့်ကြည့်ခြင်းကနေ ကင်းလွတ်နေတယ်..ဒါကြောင့် အမတော် နဲ့ အင်းဝဘုရင်လွတ်မြောက်ရေး အတွက် နန်းသွယ် ကူညီမယ်လို့ ဆုံးဖြတ်လိုက်တာပဲ...နန်းသွယ်တို့အားလုံး သုံ့ပန်း ဘဝက လွတ်အောင် နန်းသွယ် ဘာမဆိုကို ရင်းနှီးမှာပဲ”

လွိဇာက နန်းသွယ်၏ ပါးလျလျမျက်နှာကို ငေးကြည့်နေသည်။

ဟိုးငယ်စဉ်တချိန်က သူမ သည်လည်း...နန်းသွယ်ကဲ့သို့ပင် မိမိ၏ အမျိုးအဆွေများကို သုံ့ပန်းဘဝ မှ ကယ်တင်ရန် ကြိုးစားခဲ့ဖူးသည်မဟုတ်လား။

ထိုစိတ်ဓာတ်ပြင်းပြမှုနှင့်ပင် အင်းဝ နှင့် ဟံသာဝတီအကြား...သူမ၏ အချိန်၊စိတ်၊ခန္ဓာ၊ နှလုံးသား၊ ပို့ုမြစ်မှုအားလုံးသည် ကုန်ဆုံးသွားခဲ့ပြီး သူမ၏ အမျိုးအနွယ်ပေါတူဂီများ နှင့်ပင် နီးစပ်မှုမရှိပဲ ဝေးကွာသွားခဲ့ရသည်။

နောက်ဆုံးတွင် သူမ၏ မျိုးနွယ်များက သူမ၏ အကြံအစည်ကို ယုံကြည်ချင်းမရှိပဲ ငြင်းပယ်ခံခဲ့ရသည်။

ယခု သူမရှေ့တွင်...နန်းသွယ်ဆိုသော မိန်းမပျိုကို မြင်နေရပြန်၏။

နန်းသွယ်သည် အင်းဝဘုရင်မိသားစု၏ လွတ်မြောက်ရေးမှ အင်းဝ လွတ်မြောက်ရေးကို ကြံစည်နေသည်။

ထိုကြံစည်မှုကို သိနေခြင်းသည်ကပင် လွိဇာအတွက် သေဒဏ်က လုံလောက်နေပြီမဟုတ်လား။

သို့သော်..လွိဇာ မကြောက်။

နန်းသွယ်၏ စိတ်ကို လွိဇာ ပူးဝင်ခံစားနိုင်သည်။ စာနာနားလည်နိုင်သည်။

“ကဲ..ဘယ်လိုလဲ မမလွိဇာ...နန်းသွယ် ဘာလုပ်တယ်ဆိုတာ သိသွားပြီဆိုတော့...ဗညားဒလဘုရင်ဆီ လျှောက်တင်လိုက်ပါတော့...နန်းသွယ်လည်း မြန်မြန်သေချင်လှပါပြီ”

လွိဇာ က ပြုံးလိုက်သည်။

“မလိုပါဘူး...မင်းသမီး....ခုန မင်းသမီးပြောတဲ့အထဲ...နန္ဒဝေကို ကိုးသိန်းသခင်ဆီကို လွှတ်လိုက်တာ မဟုတ်လား”

“ဟုတ်တယ်လေ”

“အင်း...ပြောရမှာတော့ စိတ်မကောင်းပါဘူး....ကိုးသိန်းသခင်က ကွယ်လွန်သွားခဲ့ပါပြီ”

“ရှင်”

“အင်းဝက လာတဲ့သတင်းတွေဖြစ်တဲ့အတွက် တိကျသေချာပါတယ်...ကိုးသိန်းသခင်က ယောနယ်ဘက် ပို့နိမ့်ပို့မြင့်မှာ ဆိုးပါးသွားခဲ့ပြီ....သူ့ရဲ့လက်ရုံး မင်းကြီးရဲထင် ဟာ မုဆိုးဖို့က အောင်ဇေယျ ဆီ သစ္စာဝင်ခံသွားခဲ့ပြီ”

နန်းသွယ်က စိတ်ပျက်လက်ပျက်ဖြင့် မြေကြီးတွင် ထိုင်ချလိုက်သည်။

လွိဇာက နန်းသွယ်ဘေးတွင် ဝင်ထိုင်လိုက်၏။

“ဒါဆို...နန်းသွယ်တို့မှာ မျှော်လင့်ချက် မရှိတော့ဘူးပေါ့....ဟံသာဝတီသားတွေ စော်ကားသမျှကို သေတဲ့အထိ ခံသွားရတော့မှာပေါ့”

“ဟံသာဝတီသားတွေက ဘာတွေများဘယ်လိုစော်ကားနေကြလို့လဲ..မင်းသမီး..အခုလည်း မင်းသမီး တို့ကို ထိုက်သင့်တဲ့အကူအညီတွေပေးနေကြတာပဲမဟုတ်လား....ကျွန်တော်မျိုးမတို့လည်း ရှိပါတယ်လေ”

“ရှင် တကယ်မသိသေးတာလား..မမလွိဇာ...အခု...ဥပရာဇာ က ကသည်းမင်းသမီးကို ဥပရာဇာက အိမ်ရှေ့မိဖုရား မြှောက်ဖို့ စီစဉ်နေပြီ....ဒါ အင်းဝဘုရင်ကို စော်ကားတာမဟုတ်လား...”

နန်းသွယ်စကားကြောင့် လွိဇာ အံ့သြသွားသည်။

“ကသည်းမင်းသမီးဆိုတော့...နီလာခမ်းလား...သူက အသက်ကြီးနေပြီပဲကိုး”

“မဟုတ်ဘူး...အင်းဝကျခါနီးမှ လာဆက်သထားတဲ့...သျှတ္တရမာလာမင်သမီးကို..အိမ်ရှေ့စံက တော်ကောက်မှာ”

“သြော်”

“မမလွိဇာ က ဟံသာဝတီဘုရင်မိသားစုနဲ့ နန်းတွင်း အဝင်အထွက်ရှိနေတယ်ဆိုတော့..ဒီကိစ္စဟာ အင်းဝဘုရင်ရဲ့ဂုဏ်သိက္ခာကို ချိုးနှိမ်လိုက်တယ်ဆိုတာကို..ဟံသာဝတီဘုရင်ဆီ လျှောက်ပေးလို့မရဘူးလား”

လွိဇာက သက်ပြင်းချလိုက်သည်။

“ဟံသာဝတီနန်းတွင်းဟာ ထင်ထားတာထက် ပိုရှုပ်ထွေးနေတယ်...မင်းသမီး...ဟိုရက်က ပြင်သစ်ကိုယ်စားလှယ် နဲ့ ဥပရာဇာကြားက ပြဿနာကို ကျွန်တော်မျိုးမဘုရင်ဆီ ဝင်လျှောက်ပေးခဲ့တယ်..ဒါကို ဥပရာဇာသိသွားတဲ့အခါ ကျွန်တော်မျိုးမအပေါ် တော်တော်လေးကို မကျေမနပ်ဖြစ်နေတယ်တဲ့...ဘုရင်ကိုယ်တိုင်လည်း သူညီတော်အပေါ် ဩဇာမလွှမ်းနိုင်တော့ဘူးထင်ပါရဲ့...ဒီကိစ္စကို ဘုရင်သိသွားလည်း...ဘာမှ လုပ်ပေးနိုင်မယ်မထင်ဘူး”

“အင်း..ဒီလိုဆို..နန်းသွယ်လည်း ဘယ်နေ့မှာ ကိုယ်လုပ်တော်အဖြစ် သိမ်းသွင်းခံရဦးမလဲ..စောင့်နေကြရုံပေါ့....နန်းသွယ်တို့ဘဝတွေက ဘာမျှော်လင့်ချက်မှ မရှိကြတော့ပါဘူး”

နန်းသွယ်က လွိဇာ၏ ပုခုံးပေါ်သို့ ခေါင်းကို တင်ကာ ငိုရှိုက်လိုက်သည်။

မျက်ရည်များက လွိဇာ၏ ခြုံထည်အင်္ကျီမှတဆင့် ပုခုံးသားပေါ်အထိ စွတ်ဆိုသွား၏။

“ဒီမှာ မင်းသမီး.....ကျွန်တော်မျိုးမအကြောင်းကို မင်းသမီး ကြားဖူးခဲ့တယ်မဟုတ်လား”

“အင်း”

“ကျွန်တော်မျိုးမ လွိဇာ ဟာ ဘာမျှော်လင့်ချက်မှ မရှိတော့ဘူးဆိုတဲ့ အခြေအနေကနေ အကြိမ်ကြိမ် ရုန်းကန် လွတ်မြောက်လာပြီး...ဒီနေ့အထိ ဒီလိုရပ်တည်နေနိုင်ခဲ့ပါတယ်....ဘာမှ မရှိတော့ဘူးဆိုတဲ့ အခြေအနေဟာ ဘာမဆို ရင်ဆိုင်တိုက်ပွဲဝင်ဖို့ အကောင်းဆုံးပါပဲ..ဆုံးရှုံးစရာဘာမှမကျန်တော့တဲ့အခါ.. .ပြန်ရသမျှဟာ ကိုယ့်အတွက် အနိုင်ပါပဲ..မင်းသမီးဟာ...လူက ပါးပါးလှပ်လှပ်ပေမယ့်...စိတ်ဓာတ်က ခိုင်မာတယ်ဆိုတာ ကျွန်တော်မ သိပါတယ်....ကဲ...ထပါ....မျှော်လင့်ချက်ဆိုတာ..မမျှော်လင့်တဲ့အချိန်မှာမှ ပြန်ပေါ်လာတတ်တယ်”

နန်းသွယ်က လွိဇာ ၏ လက်မောင်းကို ဆုပ်ကိုင်ဖက်တွယ်လိုက်သည်။

“မမလွိဇာ...ရှင့်ဆီကနေ နန်းသွယ်ခွန်အားတွေ အများကြီးရပါတယ်...ဒီလိုအချိန်မှာ နန်းသွယ်ဘေးနားမှာ ရှင်ရှိနေပေးလို့သာပါပဲ....ရှင်သာ ယောကျ်ားတစ်ယောက်ဆို ဘယ်လောက်ကောင်းလိုက်မလဲ”

လွိဇာက နန်းသွယ်၏ လက်များကို ဖြုတ်ကာ မတ်တပ်ထရပ်လိုက်သည်။

“ကျွန်တော်မျိုးမကတော့ ယောကျ်ားဘယ်တော့မှမဖြစ်ချင်ဘူး....ဒါနဲ့.. ဆင်ရိုင်းကြီးတွေကို ဖျားယောင်းပြီး ကျုံးသွင်းတဲ့ အောက်မားဆင်မတွေ အကြောင်း...မင်းသမီး... ကြားဖူးလား”

အခန်း (၁၃)

၁၇၅၃ ဇွန်လ ၂၁ ။

ရွှေချက်သိုစေတီဝင်းအတွင်းမှ ခရုသင်းသံများထွက်ပေါ်လာသည်။

တည်ဆောက်ပြီးစ နန်းမြို့ အရှေ့မျက်နှာ ရွေးတော်ယူတံခါး လက်ဝဲဘက် ပဟိုရ်စည်ကြီးပေါ်မှ စည်တီးသံက ရတနာသိဃ် တစ်ဖြစ်လဲ မုဆိုးဖို၏ အတွင်း မြို့ရိုး၊ အပြင်မြို့ရိုး နှစ်ထပ်အတွင်း ဖုန်းလွှမ်းသွားတော့၏။

အောင်ဇေယျသည် ရွှေချက်သိုဘုရားဝန်းအတွင်းမှ သင်္ကန်းနက်သားမတ်တပ်ရပ် ရုပ်ပွားတော်ရှေ့တွင် ဒူးထောက်ဝတ်ပြုနေရာမှ ထလိုက်သည်။

အင်းဝမှ မုဆိုးဖိုသို့ ပြောင်းရွှေ့ခစားလာကြသော ပုဏ္ဏားတော် ရှစ်ဦး က လက်ဥ ရစ်ခရုသင်း၊ သပြေပန်းတို့ဖြင့် အောင်ဇေယျကို ပက်ဖြန်းကာ ဂါထာများ ရွတ်ဆို ကြသည်။

မြို့တောင်ဘက် ကန်ဖြူဘေးတွင် ရှိနေကြသော လက်ရွေးသေနတ်အစု စစ်သည် (၅၀၀) က သေနတ်များကို တပြိုင်နက် ပစ်ဖောက်လိုက်ကြ၏။

သစ္စာဆိုပွဲကား ပြီးဆုံးသွားခဲ့ပြီ။

တပြိုင်နက် ပန္နက်ချဆောက်လုပ်ခဲ့သော ကျုံး၊ အပြင်မြို့၊ နန်းမြို့တော် ၊ ရွှေချက် သိုစေတီ၊ ပဟိုရ်စင်၊ နတ်ကွန်း၊ ကန်တော် တို့ကား ပြီးစီးသွားခဲ့ပြီလည်း ဖြစ်သည်။

အရှေ့ဘက် ဧရာဝတီမြစ်မှ (၁၇)မိုင်အကွာ၊ အနောက်ဘက်မှူးမြစ် မှ (၁၀)မိုင် အကွာ ကုန်တွင်းပိုင်းတွင် နောက်ထပ် မင်းနေပြည်တော်အသစ်တစ်ခု ပေါ်ပေါက် လာခဲ့ပြီဖြစ်သည်။

မင်းဆရာဖြစ်သည့် အတုလဆရာတော်က မြို့တော်တိုမည်သည် လွင်ပြင်တွင် မ တည်ရပ်..တောင်တန်း၊တောတန်းများ ကာရံထားပြီး မြစ်ဆိပ်ကမ်းနားရှိရာတွင် သာ တည်ရမည်ဟု အကြံပြုခဲ့သည်။

သို့သော်ငြား ဒေသစွဲကြီးလွန်းသည့် အောင်ဇေယျက မုဆိုးဖိုသည် မိမိအောင်မြေ အစစ်အမှန်ဖြစ်သည့် အတွက် ထိုအရပ်မှာပင် မြို့တော်တည်ရန် ဆုံးဖြတ်ခဲ့ခြင်း

ဖြဲ့စ်သည်။

စာဆို့ပညာရှိများဖြစ်သော ငနေ၊ ငမြတ်စံ၊ ငထွန်းညို့ တို့ စီမံပေးသည့် ထွက်တော်မူပုံစံအတိုင်း..လေးဆယ်တော်သား၊ ငါးဆယ်တော်သား၊ သေနတ်ကိုင် အစောင့်များ၊ မင်းညီမင်းသား၊ မူးမတ်၊ စစ်သူကြီးများဖြင့် ခင်းကျင်းကာ နန်းတော်သစ်ကို ဥကင်ဖွင့်လှစ်တော့မည်ဖြစ်၏။

အောင်ဇေယျ သည် ရထားတော်ပေါ်တွင် ထိုင်လျက် ကုန်းဘောင်ရတနာသိန်မြို့ အသစ်ကို ကြည့်ရှုနေသည်။

ထူးခြားသည့်က ရထားပေါ်တွင် မင်းမိဖုရားနှစ်ပါးစုံညီရမည်ဖြစ်သော်လည်း အောင်ဇေယျ တစ်ဦးတည်း။

ထိုအချိန်တွင် မုဆိုးဖို နှင့် ဆန့်ကျင်ဘက် စည်ပုတ္တရာသို့ သွားသည့် လှည်းလမ်းပေါ်တွင် မြင်းတစ်စီး အပြင်းနှင်လာ၏။

ဖုန်တသောသောတွင် ခပ်သွက်သွက်မောင်းနေသည့် ရှေ့မှ နွားလှည်းကို အမှီလိုက်နေခြင်းဖြစ်သည်။

“ဟေ့..လှည်းကို ရပ်စမ်း....အခုရပ်စမ်း”

သေနတ်ဝန်ငကောင်း ၏ အသံကြောင့် လှည်းသမားမှာ အလန့်တကြားရပ်လိုက်၏။

ငကောင်းမှာ ရွှေပိန်းချမောက်တိုဦးထုတ်၊ ကတ္တီပါမျဉ်းရှည်၊ မျဉ်းတို အင်္ကျီတိုဖြင့် ပွဲတက် စစ်သူကြီးဝတ်စုံကို ဝတ်ဆင်ထားသည်။

လှည်းနောက်ပေါင်းမိုးအတွင်းတွင် ခင်ယွန်းစံ နှင့် သမီးနှစ်ဦးဖြစ်သော မယ်မြတ်လှနှင့် မယ်သာတို့။

ခင်ယွန်းစံ က မုဆိုးဖို ရှိရာဘက်ကို ကျောပေးလျက် မျက်နှာကို လှည်းဦးဘက်ဆီသို့ မော့ထားသည်။

လှည်းရပ်သွားသဖြင့် ခင်ယွန်းစံက လှည်းရှေ့တွင် ရပ်နေသည်ကို ကြည့်လိုက်၏။

“ငကောင်း...နင်က ငါစီးတဲ့လှည်းကို ရပ်ဖို့ အမိန့်ပေးရဲတယ်ပေါ့လေ”

ငကောင်းက မြင်းပေါ်မှ ဆင်းကာ လက်အုပ်ချီလိုက်သည်။

“အမတော်ဘုရား...ဟိုမှာ နန်းတော်ဥကင်ဖွင့်ပွဲကျင်းပတော့မှာမို့..အချိန်မှီ ပြန်လိုက်ခဲ့စေချင်ပါတယ်..ဘုရား”

“ဟဲ့...ငါတို့ မိန်းမများက နင်တို့ကိစ္စများမှာ ဘာအရေးများပါလို့တုန်း”

“မှန်ပါ..ဟိုမှာ မင်းမိဖုရားစုံညီမှသာ ကြည့်လို့သင့်တော့မှာပေါ့..ဘုရား”

“ဟဲ့...သူတည်ထောင်တဲ့နန်း..သူသဘော...သူ ကြိုက်တဲ့သူ မိဖုရားတင်ပြီး မြှောက်ပါစေပေါ့..ငါမပါလည်း ဖြစ်နေတာပဲအေ..ဟော့..မောင်စိန်ငုံ..မောင်းလေကွယ်..နေမမြင့်ခင်..စည်ပုတ္တရာဝင်မှ ရမယ်..ပူက ပူသနဲ့”

ခင်ယွန်းစံ ၏ မျက်နှာက တင်းမာပြတ်သားလွန်းနေသည်။

“မင်းတရားကြီးက မှာလိုက်ပါတယ်....မိဖုရားခေါင်ကြီးအရာကို အမတော်မှ တစ်ပါး အခြားမထားပါတဲ့..ဘုရား..ပြန်လိုက်ခဲ့စေချင်ပါတယ်”

“ငကောင်း...နင့်ဘုရင် နင့်သခင် က သူလုပ်ချင်ရာလုပ်နေတာကို...ငါက ဘေးက ထိုင်ကြည့်မနေနိုင်ပေါင်လို့..ပြောလိုက်..ငါသွားမယ်..နင်ဆက်လိုက်လာရင်...ငါ့ အဆိုးမဆိုနဲ့..အခု လှည့်ပြန်စမ်း”

ခင်ယွန်းစံကို ငယ်ကြောက်ဖြစ်ရရှာသော မောင်ကောင်းမှာ မျက်နှာငယ်ဖြင့် လက်အုပ်ချီလျက် ကျန်ရစ်သည်။

လှည်းက ထွက်ခွာသွားပြီဖြစ်သည်။

၁၇၅၂ မှ ၁၇၅၃ တစ်နှစ်တာ ကာလအတွင်း အောင်ဇေယျသည် စစ်ပွဲပေါင်း (၁၄)ပွဲကို တိုက်ခိုက်အောင်မြင်နိုင်ခဲ့သည်။

ရွာသစ်၊ ညောင်လှ၊ ကျွန်းတောကြီး၊ မြောင်းဝန်း၊ ခင်ဦး၊ ရွှေပေါင်းလောင်း၊ ခင်လတ်၊ ငါးစီး၊ ရေဦးကုန်း၊ တည်တော၊ ကျောက်ကာ၊ မင်းခင်း စသည့် ခံတပ်ဒေသများကို သိမ်းပိုက်နိုင်ခဲ့သည်။

အောင်ဇေယျ၏ ရှင်ဘုရင်လောင်းအိပ်မက်မှာ တဖြည်းဖြည်းပီပြင်လာပြီဖြစ်သည်။

ထိုတပြိုင်နက်တည်းတွင်ပင် အောင်ဇေယျသည် ထီးနန်းတစ်ခုကို စနစ်တကျ ထူထောင်ရန် အင်းဝနန်းတွင်း ပညာရှိများနှင့် ကြီးကြပ်လုပ်ဆောင်ကြသည်။

ထိုအထဲတွင် မိဖုရားတင်မြှောက်ရေးကိစ္စများပါ ပါရှိလာခဲ့၏။

ခင်ယွန်းစံ ကား မိဖုရားခေါင်ကြီးဖြစ်ခဲ့ပြီး၊ ရှင်မိငယ်မှာ ရှင်ရွှေငယ်ဘွဲ့နှင့် မိဖုရားငယ်ဖြစ်လာသည်။

အင်းဝဘုရင်နှင့် သွေးသားတော်စပ်သည့် နန်းတွင်းအပျိုတော် ရှင်မင်းပြေ၊ ရှင်မင်းသူ တို့ကို ကိုယ်လုပ်တော်အဖြစ်သိမ်းပိုက်သည်။

အင်းဝဘုရင်၏ ကိုယ်လုပ်တော်ဖြစ်သော မြတ်ထားသီရိ ကို နောက်ထပ်မိဖုရားငယ်အဖြစ် သိမ်းပိုက်မည့် ကိစ္စ သို့ ရောက်ရှိလာသည့်အခါ ခင်ယွန်းစံကား ဒေါသပေါက်ကွဲတော့၏။

“မိန်းကလေးနဲ့ ဗိုလ်တွန် ကြား ထားတဲ့မေတ္တာကို ကျုပ်တို့ အားလုံးသိနေမင့်ကို... ရှင်က ဘာကိစ္စ သိမ်းပိုက်ချင်နေရတာလဲ...အခု ကျွန်မမှာလည်း ကိုယ်ဝန်နဲ့...ဘာလဲ..ရှင်က...အတော်ကို တဏှာကိစ္စ ထက်သန်နေလို့လား.”

ခင်ယွန်းစံက စကားကို ဆက်မပြောတော့ပဲ..သူ့ရှေ့မှ ကွမ်းအစ်ကို လက်ဖြင့် ပေါက်ခွဲလိုက်သည်။

အသံအနည်းငယ်ကျယ်သွားသဖြင့် နန်းဆောင်အရှေ့တွင် ကစားနေသော သားငယ်များဖြစ်သည့် မောင်ပိုး၊ မောင်ဝိုင်းတို့ပင် အသံများ တိတ်သွားကြ၏။

“မြတ်ထားသီရိ ဟာ...အင်းဝဘုရင်ရဲ့ သွေးကို မွေးထားတာ..ခင်ယွန်း..ပြီးတော့ ယောကျ်ားလေး...သူ့ကို ငါမိဖုရားမြှောက်တာဟာ..မင်းပြောသလို ညစ်ပတ်တဲ့ ကိစ္စမျိုးမဟုတ်ဘူး...ဒါ နိုင်ငံရေးပဲ..စစ်ရေးပဲ..မင်းနားလည်လား”

“ရှင့်ရဲ့ အဲ့ဒီနိုင်ငံရေး စစ်ရေးတွေ ကို ကျွန်မ နားလည်ပေးခဲ့ရတာ နှစ်ပေါင်း ဘယ်လောက်ရှိပြီလဲ..ကိုအောင်ဇေယျ... နိုင်ငံရေး၊စစ်ရေးမှာ ဘာမှ မဟုတ်ခင် ဘဝကတည်းက ကျွန်မထက်..စစ်ကိုင်းက ရှင်မိငယ်ကို ပိုးခါးစည်းကြိုးပေးပြီး အကဲပိပြခဲ့တယ်...သူ့ကို အိမ်ခေါ်လာတော့လည်း ကျွန်မ ဘာပြောခဲ့လဲ..သြော်..မိန်းမသားချင်း ဒုက္ခရောက်ပြီးလာတာကို..ငါ သဘောထားကြီးပြရမယ်ဆိုပြီး သည်းခံပေးခဲ့တာပဲ...ဘုရင်ပိုးထလို့..မိဖုရားတွေကောက်တာလည်း..ကျွန်မ ဘာမှ မပြောခဲ့ဖူးပါဘူး...မိဖုရားတွေသာ ကောက်တယ်..ကျွန်မမှာလည်း ဟော့ဒီမှာ တစ်ဗိုက်ပြီး တစ်ဗိုက်..အနားကိုမရဘူး.အခုထိ အဆက်မပြတ် ရှင်တာဝန်ကို ထမ်းပေးနေရတုန်းပဲ”

ခင်ယွန်းစံက သုံးလခန့်ရှိနေပြီဖြစ်သော သူ၏ စူပုံ့ပုံ့ဗိုက်ကို ပုတ်ကာ ပြောလိုက်သည်။

“တိုးတိုးပြောစမ်းပါ...မင်းက အရင်လို မဟုတ်တော့တာ ..သတိထားပါ..ခင်ယွန်း..မင်းက မိဖုရားခေါင်ကြီးဖြစ်နေပြီ..အဲ့ဒါကို နားလည်”

“ကျွန်မက မိဖုရားခေါင်ကြီး ..အင်းပါ..ဟုတ်ပါပြီ..ဒါကြောင့်..မင်းတရားကြီးကို ပြောချင်တာက... မြတ်ထားသီရိ ဟာ ဗိုလ်တွန်အပေါမှာ မေတ္တာရှိနေသူပါ..ဗိုလ်တွန်ကလည်း သူ့အပေါ် သံယောဇဉ်ရှိနေတာ ကျွန်မသိတယ်... ဒီလို လူနှစ်ယောက်ကြားမှာ ဖျက်လို့ဖျက်စီးနဲ့ ဝင်ပြိုး တော်ကောက်မယ်ဆိုတာတော့..ကျွန်မလုံးဝလက်မခံဘူး..ရှင်လိုချင်ရင်..မူဆိုးဖိုရော..စည်ပုတ္တရာမှာပါ..နောက်ထပ်မိန်းမတွေအများကြီးရှိတယ်...ကျွန်မ တူမတွေလည်း အရွယ်ရောက်နေပါပြီ...သူတို့ကိုရော ကျွန်မ ဆက်သရမလား”

“တော်စမ်း..ခင်ယွန်းစံ...ဒီကိစ္စက ဗိုလ်တွန်ကိုယ်တိုင်ပဲ သဘောတူထားခဲ့တာ...ဗိုက်ထဲက ကလေးဟာ ရှင်ဘုရင်သွေးဖြစ်နေတာမို့...ငါတို့က”

“ကျုပ်..စည်ပုတ္တရာပြန်မယ်...ကိုအောင်ဇေယျ.ဒီနန်းတော်ဆိုတဲ့ဟာမျိုးမှာ ဒါမျိုးကိစ္စတွေနဲ့ ရှုပ်ထွေးနေရင် ကျုပ်မနေဘူး....ရှင်လုပ်ချင်ရာ လုပ်ပြီးနေခဲ့ပေတော့.ကျုပ်သမီးတွေနဲ့ ကျုပ် တောမှာ ဘာပဲလုပ်စားရစားရ...ဒီတသက်ပြန်မလာဘူး”

ထိုအချိန်တွင် ငကောင်း နှင့် စာဆိုတော်ငနေ တို့က အခန်းဝတွင် ဒူးတုတ်လျက် ဝင်လာကြသည်။

အောင်ဇေယျက စကားပြန်မပြောတော့ပဲ..အခန်းတံခါးကို ပိတ်ကာ အပြင်သို့ ထွက်လိုက်၏။

“ဘာအရေးကြီးလို့လဲ..ငနေ”

“မှန်ပါ...မနက်ဖြန်ကျင်းပမည့်..မြို့တည်းနန်းတည်အခါများကို ရဟန်းပုဏ္ဏားများတွက်ချက်မှုထွက်ပေါ်လာပါပြီ...ဘုရား”

“အေး....ငါသိတယ်လေ”

“အခါတော်ထွက်ချိန်နှင့်အတူ အတိတ်နိမိတ်ဆောင်ကိစ္စထူးရှိလို့..လာရောက်လျှောက်တင်တာပါ”

“ဘာများလဲ”

“ဂုဏ္ဍာအိမ်ရဲ့ လက်ရုံးတပ်မှူးဖြစ်တဲ့ ငနက် ဟာ ကိုယ်တော်မြတ်ထံပါး သစ္စာခံယူအမှုထမ်းရန် သူရဲသူခက် (၂၀) နှင့်အတူ ဖဝါးတော်အောက် ရောက်လာကြောင်းပါ”

“ဟေ...အခု သူဘယ်မှာလဲ”

“မြေဒူးတံခါးကနေ ဝင်လာနေပြီဖြစ်ကြောင်းပါ”

“မြေနန်းဆောင်အသစ်မှာ ငါကိုယ်တော် လက်ခံတွေ့မယ်..အခမ်းအနားပြင်ဖို့ လုပ်တော့”

အောင်ဇေယျ က အလောတကြီးထွက်ခွာသွား၏။

ခင်ယွန်းစံ ကား ထန်းခေါက်ဖာများကို ပြင်ဆင်နေပေပြီ။

နောက်တစ်နေ့နံနက်တွင်တော့.....စည်ပုတ္တရာသွားရာလမ်းပေါ်တွင် ခင်ယွန်းစံနှင့် သမီးများ သည် ယခုကဲ့သို့ မုဆိုးဖို ခေါ် ရတနာသိန်မြို့ကြီးကို ကျောခိုင်းလျက်။

.....
.....

အင်းဝမြို့။

စစ်သည် တစ်နှစ်ကျော်ကြာခဲ့ပြီ။

ဟံသာဝတီ၏ လက်အောက်ကျရောက်ခါစတွင် မီးလောင်ပြင်ဖြစ်ခဲ့ရသော မြို့သည် တဖြည်းဖြည်း ပြန်လည်စည်ကားလာသည်။

အင်းဝ၏ အပြင်ဘက်ဒေသများတွင်တော့ စစ်မီးက တဟုန်းဟုန်းတောက်နေဆဲ။

ထိုစစ်မီးတောက်ရာဒေသများမှာ ပြည်သူများ ခိုလှုံရာမှာ အင်းဝ နှင့် မုဆိုးဖို နှစ်နေရာသာရှိတော့၏။

အင်းဝ ၏ မွန်ဆံဖြတ်ဥပဒေကြောင့် သျှောင်ထုံးကို တန်ဖိုးထားသူများသည် မုဆိုးဖို သို့ ခိုဝင်ကြသည်။

အချို့အင်းဝသားများကတော့...ဟံသာဝတီဥပရာဇာအမိန့်အတိုင်း မွန်ဆံဖြတ်ကာ နေသားတကျဖြစ်လာကြ၏။

မြို့ပြဲကား မြို့ပြဲပင်။ သူစိမ်းသူရုံဆန်သည့် စည်ကားမှုများဖြင့်။

“ဟိတ်...အမျိုးသမီး..ရပ်စမ်း...ရပ်စမ်း”

မီးသွေးတိုက်ဆိပ်ရှိ လှေပေါ်မှ ခပ်သွက်သွက်ဆင်းလာသော အမျိုးသမီးကို ဟံသာဝတီစစ်သည်များက တားလိုက်ကြသည်။

အမျိုးသမီးနှင့်အတူ အသက် ဆယ်နှစ်ဝန်းကျင်မိန်းကလေးငယ်တစ်ဦးလည်း ပါလာ၏။

“ဘယ်က လာကြသလဲ”

“အထက် ကသာဘက်ကပါ”

“ဘာလာလုပ်သလဲ”

“ကျွန်မ မုဆိုးမပါ...သစ်စေး အရောင်းအဝယ်များ ပြန်ကောင်းလာပြီဆိုလို့..သစ်စေးစျေးလေးများ စုံစမ်းရအောင် လာတာပါ”

“ဘယ်မလဲ..သစ်စေးက”

“အခုတော့ မပါလာသေးပါဘူး”

“ဟော့...အင်းဝမှာ မုဆိုးဖိုကသူလျှိုတွေ...ကွေ့သူလျှိုတွေ စိမ့်ဝင်နေလို့ ငါတို့ စောင့်ကြည့်နေတာ...မင်းကို မသင်္ကာဘူး...တပ်မင်းဆီ ခေါ်သွားရမယ်”

“မလုပ်ပါနဲ့ရှင်..ကျွန်မ လူကောင်းသူကောင်းပါ”

“ဟုတ်ရဲ့လား...မင်းလူကောင်းဆိုတာသေချာချင်ရင်တော့....မင်းဆီမှာ ဂင်ဇာ၊ ရွက်နီ ဘယ်လောက်ပါလဲ...ဆိုတာက မူတည်တယ်..ကဲ”

ဆိပ်ကမ်းစောင့် ဟံသာဝတီစစ်သည်ထဲမှ ခေါင်းဆောင်အကြပ် က လက်ဖဝါးကို မသိမသာဖြန့်ပြသည်။

“ကျွန်မမှာ ရွက်နီနည်းနည်းပဲ ပါပါတယ်..ဗိုလ်မင်းတို့”

အမျိုးသမီးက သူမ၏ အိတ်ထဲမှ အိတ်ရုံငယ်လေးတစ်ခုကို ဖြည်နေသည်။

ထိုအချိန်တွင် မြဲစ်ဆိပ်သို့ ထီးနီဆောင်းထားသော လူတစ်စုလာနေသဖြင့် ဟံသာဝတီစစ်သည်များမှာ ပြာပြာသလဲဖြစ်သွား၏။

“ဗိုလ်မင်းချစ်မြ လာနေတာဟာ...သွားတော့..သွားတော့..ဘာမှ ပေးမနေနဲ့တော့”

စစ်သည်သုံးဦးက ထီးနီမိုးလျက်လာနေသည့် ရှေ့ဆုံးမှလူဆီသို့ လက်အုပ်ချီလျက် ပြေးသွားကြသည်။

အမျိုးသမီးက ထီးနီမိုးခံထားရသည့်သူကို သေချာကြည့်နေ၏။

ထို့နောက် ထိုသူရှိရာသို့ ဦးတည်သွားကာ အနီးအနားတွင် ရပ်နေလေသည်။

ချစ်မြက ဟံသာဝတီစစ်သည်များနှင့် စကားအနည်းငယ်ပြောဆိုပြီးနောက် ဝေါပေါသို့ ပြန်အတက်တွင် အမျိုးသမီးကို သတိထားမိသွား၏။

ဝေါယာဉ်မှာ ထွက်ခွာသွားပြီဖြစ်သည်။

“အမိ...အမိ”

အနောက်မှ ခေါ်သံကြောင့် လှည့်ကြည့်လိုက်၏။

“အမိကို ကျုပ်တို့ ဗိုလ်မင်းက သူ့ဆီ ခေါ် ခဲ့ဖို့ ပြောလိုက်တယ်”

“ရှင်တို့ ဗိုလ်မင်းကဘယ်သူလဲ”

“ဗိုလ်မင်းချစ်မြလေ...ခုန...ဝေါယာဉ်နဲ့ ထွက်သွားတဲ့သူ”

“ကျွန်မက ဘယ်လိုရမှာလဲ”

“လာပါ.ကျုပ်တို့မှာ လှည်းယာဉ်ပါတယ်...လိုက်ခဲ့”

.....

မြို့စာရေးရုံး အတွင်း လူများ ရှုပ်ယှက်နေ၏။

အနောက်ဘက်တွင် ဆောက်လုပ်ထားသော ဧရပ်ကြီးပေါ်တွင် ချစ်မြ ထိုင်နေသည်။

အမျိုးသမီးကို မြင်သည်နှင့် ချစ်မြက ထလာ၏။

“မင်း...နားလဲ..မဟုတ်လား”

“အင်းဝလက်မရွံထောင်ထဲ ကာလတစ်ခု အတူရှိဖူးရုံနဲ့...နင် ငါ့ကို မှတ်မိသားပဲ”

“နားလဲ...မင်းဟာ ဂုဏ္ဍာအိမ်ရဲ့နှမ...ငါသိတယ်..ဘာကိစ္စ...အင်းဝကို ဝင်လာတာလဲ..ဟံသာဝတီသားတွေ သိရင်တော့ မင်းအသက်ပျောက်မှာသေချာတယ်..ဒါကြောင့် ငါ တိတ်တိတ်ခေါ် ခိုင်းလိုက်တာပဲ”

“ငါ လှီဇာ ဆီ လာတာ”

“လှီဇာ...လှီဇာ က ဒီမှာ မရှိဘူး...ဟံသာဝတီမှာလေ”

“အဲ့ဒါဆို ဟံသာဝတီအထိ သွားမယ်”

“နေပါဦး..မင်းက ဘာကိစ္စ လှီဇာကို တွေ့ချင်နေရတာလဲ”

“ငါ..ငါလူမျိုးစုကို စွန့်ဆွာလာခဲ့ပြီ....စစ်ပွဲတွေကြောင့်...ငါ့ချစ်တဲ့သူတွေ၊ ငါ့ကိုချစ်တဲ့သူတွေ့ တစ်ယောက်ပြီး တစ်ယောက်သေကြရတယ်...ငါ့သမီးလေးကိုတော့ အဲ့ဒီ ရက်စက်တဲ့ ညစ်ပတ်တဲ့ စစ်ပွဲတွေ နဲ့ မပတ်သက်တဲ့ ဘဝလေးပဲ ဖြစ်စေချင်တယ်..ဒါကြောင့် လှီဇာ က ငွေကြေးအင်အားရှိတယ်...စီးပွားရှာတတ်တယ်..ငါ့သမီး နဲ့ ငါ လှီဇာကို အကူအညီတောင်းပြီး..အေးအေးချမ်းချမ်း လက်ကျန်ဘဝကို ဖြတ်သန်းဖို့ ထွက်လာခဲ့တာ.”

ချစ်မြက သက်ပြင်းချလိုက်သည်။

“ဒီမှာ နားလဲ....ဒီမြေပြင်တစ်ခုလုံးက အခုချိန် စစ်ပွဲတွေနဲ့ချည်းပဲ....အင်းဝ ဟာလည်း အခု စည်ကားပျော်ပါးနေတဲ့ မြို့ကြီးဆိုပေမယ့်...စစ်ပွဲက သူနဲ့ လက်တကမ်းမှာရှိနေတာ..ဟံသာဝတီလည်းအတူတူပဲ...မင်း ဘယ်သွားသွား..စစ်ပွဲနဲ့ မလွတ်ပါဘူး”

“ဘာပဲဖြစ်ဖြစ်...ငါ လှီဇာ နဲ့ တွေ့ချင်တယ်”

“လှီဇာက ဟံသာဝတီမှာဆိုတော့ ငါလည်း မကူညီနိုင်ဘူး..နားလဲ..အခု ငါ ကိုယ်တိုင်တောင်..ဒီအင်းဝမှာ အခြေအနေ ကြည့်နေထိုင်နေရတာ..ငါအကို ကို ချစ်ညိုနဲ့ ငါ့အဖေ လည်း ခင်ဦးတိုက်ပွဲမှာ တပ်ပျက်ပြီး ဘယ်ကို ထွက်ပြေးသွားတယ်မသိဘူး...ငါ့အကိုရဲ့ သားမယားတွေပဲ အင်းဝကို ရောက်လာလို့ ငါ့မှာ စောင့်ရှောက်ထားရသေးတာ....ဟံသာဝတီသားတွေကလည်း အင်းဝမှာ ဓါးစာခံလို ကျန်နေတဲ့ ငါ့ကို စောင့်ကြည့်နေကြတာ.....အင်း..တစ်ခုတော့ ရှိ

တယ်...အင်းဝက လွိဇာအိမ်မှာတော့..လွိဇာရဲ့အမူထမ်း ငလှေးနဲ့ မယ်ဖူး ကျန်ခဲ့တယ်...သူတို့ နဲ့ လွိဇာကတော့ အဆက်အသွယ်ရှိကောင်းရှိမှာ..မင်းကို ငါ သူတို့ဆီ ပို့ပေးမယ်"

.....
.....

သူတို့လင်မယားအား ပြန်စုံစမ်းခဲ့စေခဲ့သည့်ကျေးဇူးရှင် နားလဲ ကို နှစ်အတန်ကြာတွင် ပြန်တွေ့လိုက်ရသဖြင့် ငလှေးရော၊ မယ်ဖူးမှာ ပျော်ရွှင်သွားကြသည်။

"မမလွိဇာ သာ သိရင် သိပ်ဝမ်းသာမှာပဲ...သူလေးက မယ်စောတဲ့လား..ဗမာနာမည်ပေးထားတာပဲနော်"

"အင်း..ဟုတ်တယ်..မယ်ဖူး..သူ့အဖ ဗိုလ်မင်းသူရိန်စောကို အမှတ်တရအနေနဲ့ မယ်စောလို့ပဲ ပေးထားတာ..ကွေ့နာမည်တောင် မပေးဖြစ်ပါဘူး"

"ဒါနဲ့...လွိဇာကို ဘယ်လိုတွေ့လို့ရမလဲ...ငလှေး"

ငလှေးက သူစောင်းနေကျ ခမောက်ကြီးကို ချွတ်လိုက်သည်။

ကျောက်ပေါက်ရာများနှင့် ကြောက်လန့်ဖွယ်မျက်နှာကြီးကြောင့် နားလဲ၏ သမီးငယ် မယ်စောမှာ ထိတ်လန့်သွား၏။

"ရှင်ခမောက် ပြန်ဝတ်ထားပါ...ကိုရင်ငလှေးရယ်...ကလေးက ကြောက်နေပြီ"

"အေးပါကွာ..အေးပါ"

မယ်ဖူးက ပြောသဖြင့် ငလှေးက ရယ်ကျဲကျဲဖြင့် ခမောက်ပြန်ဆောင်းထားလိုက်၏။

"မမလွိဇာ က ဟံသာဝတီမှာရှိနေတာ...သူ့ဆီ သွားဖို့ လှေကြံကတော့ ပေါတယ်..ဒါပေမယ့်..နားလဲ တို့ သားအမိတွေချည်းတော့ သွားလို့မဖြစ်ဘူး...အခုကလမ်းမှာ ဟံသာဝတီတပ်တွေက အစစ်အဆေးကြမ်းနေတာ..နောက်ပြီး ကွေ့တပ်က မတ္တရာဗိုလ်ဘယ်ကျော်တို့ကလည်း ဟံသာဝတီနဲ့ ပေါင်းနေတာဆိုတော့ တစ်နည်းမဟုတ်တစ်နည်း မိသွားရင် မလွယ်လှဘူး"

"ဘာဖြစ်ဖြစ် ငါကတော့ ရောက်အောင်သွားမှာပဲ..ငလှေး..ငါ့ထက်.ငါ့သမီးလေး...စစ်ပွဲတွေနဲ့ဝေးရာမှာ..နေပြီး ကုန်သည်ပညာပဲတတ်တတ်၊ ဘာပဲတတ်

တတ် သင်ယူနိုင်ရင်ကို ငါကျေနပ်ပြီ”

“အင်း...တစ်ခုတော့ရှိတယ်..ကျုပ်တို့ လင်မယားကို မမလွိဇာ ပေးသွားတဲ့ တာဝန်တစ်ခုရှိတယ်..အဲ့ဒီတာဝန် ပြီးရင်တော့ အင်းဝကနေ ဟံသာဝတီကို လိုက်လာခဲ့ဖို့ မှာထားတယ်..ကျုပ်တို့နဲ့ အတူသွားရင်တော့..ခင်ဗျား ဘေးကင်းမှာပဲ”

“နင်တို့က ဘာတာဝန်လဲ”

“ဟံသာဝတီနဲ့ မုဆိုးဖို စစ်ပွဲမှာ ဟံသာဝတီဗိုလ်ချုပ်ရဲ့ သမီး ခင်ထော်မိ ဆိုတာက ပျောက်ဆုံးသွားတယ်... အဲဒီကိစ္စ က ခင်ထော်မိ အသက်ရှင်လျက်ရှိနေသေးတယ်ဆိုရင်..ဟံသာဝတီကို အရောက်လာပြီး သတင်းပို့ပေးဖို့ပဲ”

“အဲ့ဒါက လွိဇာနဲ့ ဘာဆိုင်လို့လဲ”

“ခင်ဗျားသူငယ်ချင်းအကြောင်း ခင်ဗျားသိမှာပေါ့...သူက သူနဲ့မဆိုင်လည်း..သူကူညီချင်တာဆို ကူညီတယ်..လုပ်ချင်တာဆို လုပ်တာပဲ..ကျုပ်တို့ကလည်း သူ့သဘောလေ”

“ဟုတ်ပါပြီ..ဒါနဲ့..အဲ့ဒီ ခင်ထော် လား ဘာလား သူက..စစ်ပွဲထဲမှာ ပျောက်သွားတာဆိုတော့ အသက်ရှင်နိုင်ပါ့မလား”

“အဲ့ဒါတော့ ကျုပ်တို့လည်းမသိဘူး...ကျုပ်တို့ လင်မယား..နောက်ရက်ကျရင်..စည်ပုတ္တရာဘက်ကို အထည်လိပ်ကုန်သည်အဖြစ်နဲ့ သွားဖို့ရှိတယ်...စည်ပုတ္တရာမှာ ခဏနေပြီး မုဆိုးဖိုမှာ ခင်ထော်မိ အသက်ရှင်လျက် ရှိမရှိ စုံစမ်းကြရမှာပဲ..ရှိတယ်ဆိုရင်တော့...ဟံသာဝတီကိုဆင်းပြီး ဒီအကြောင်း သတင်းပို့ရမှာပေါ့”

“ဒါဆို...ငါတို့ သားအမိက လိုက်ခဲ့ရမှာလား”

“အံမယ်လေး..မလိုက်ကြပါနဲ့ဗျာ..ဒီအိမ်မှာပဲ စားစရာအပြည့်အစုံနဲ့ နေခဲ့ဖို့ ကျုပ်တို့ စီစဉ်ပေးခဲ့ပါ့မယ်...အပြင်လည်း မထွက်ကြပါနဲ့...ခင်ဗျားတို့သားအမိ ပုံစံတွေက အင်းဝသားနဲ့မတူပဲ ကွဲထွက်နေလို့..မသင်္ကာဖြစ်နေကြပါ့မယ်”

.....
.....

“စက်ထမီ အနားပန်းပွင့်လေးတွေက.. လှပါဘိ...မမခင်ယွန်းကြည့်စမ်းပ”

“ခင်မိ လိုချင်ရင်..ယူလိုက်လေကွယ်”

စည်ပုတ္တရာသူများ ခင်ယွန်းစံဘေးတွင် ပတ်ချာလည်။

အသစ်စက်စက် ရွှေဘိုမင်းနေပြည်၏ မိဖုရားခေါင်ကြီး စည်ပုတ္တရာတွင် လာရောက်နေထိုင်ချိန် နှင့် စစ်ကိုင်းမှ အထည်ကုန်သည်လင်မယားရောက်ရှိချိန် တိုက်ဆိုင်နေ၏။

ခမောက်ငိုက်ငိုက်ကြီးဆောင်းထားသော အထည်သည်ယောကျ်ားနှင့် အသားဖြူဖြူမိန်းမတို့မှာ လက်မလည်ကြ။

ထိုအချိန်တွင် အိမ်ပေါ်သို့ လူနှစ်ဦးတက်လာသည်။ လက်ထဲတွင်လည်း သဇင်ပန်းခြင်းကြီးနှစ်ခြင်း ဖြင့်။

“အမ...”

ခင်ယွန်းစံက အထည်စတစကို ကိုင်ထားရာမှ ထိုသူများကို မျက်ထောင့်နှိဖြင့် ကြည့်လိုက်သည်။

“နင်တို့ ဘာလာလုပ်ကြတာလဲ”

မောင်အိုး နှင့် ရွှေကြူ က မျက်နှာငယ်လေးများဖြင့်။

“အကိုကြီး အောင်ဇေယျက.....”

ခင်ယွန်းစံက အထည်စကို ပစ်ချကာ ဝုန်းခနဲ အခန်းထဲသို့ ဝင်သွားတော့၏။

မိန်းမတသိုက်ကြားဝယ်...ရွှေကြူ နှင့် မောင်အိုး မှာ သဇင်ပန်းခြင်းကို ချကာ ယောင်နနဖြင့် မတ်တပ်ရပ်နေကြသည်။

“ကိုရင်အိုး..မတွေ့တာတောင်ကြာလှပေါ့...ရှင့်ဘုရင်လောင်းယောက်ဖဖြစ်ပြီဆို တော့..တို့လူလည်း...မင်းညီမင်းသားပုံ ဝတ်ပါစားပါတော့...ဒီမှာ..နော်...စစ်ကိုင်းက လာတဲ့အထည်သည်တွဲ့..ပန်းပုဆိုးတွေ၊ တကျွန်းပုဆိုးတွေ လှချက်တော်...အားပေးသွားကြဦးလား”

အပျိုခေါင်း ခင်မိက အော်ကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

“ဟေ့..ရွှေကြူ....မင်း ခင်ထော်မိလေးအတွက်...ပုဝါတပိုင်းလောက် ဝယ်သွားပါလားကွ..ကြုံတုန်း..ပိုးကြေး ပန်းကြေးပေါ့”

မောင်အိုးက နဘေးမှ ရွှေကြူကို တံတောင်နှင့်တွတ်ကာ ပြောလိုက်သည်။

ခမောက်ဆောင်းထားပြီး အထည်ပုံကြား ခေါင်းငုံ့နေသော ငလှေး မှာ ခင်ထော်မိ
ဆိုသောအသံကြောင့် မသိမသာ ခေါင်းထောင်လာတော့၏။

အခန်း (၁၄)

“ဒီက တို့အကိုတို့...လာပါ..ရည်းစားအတွက်ဖြစ်ဖြစ်..နှမအတွက်ပဲ ဖြစ်ဖြစ်..လက်ဆောင်ဝယ်သွားကြပါလား”

မယ်ဖူး က ရွှေကြူနှင့် မောင်အိုးတို့ကို လှမ်းပြောလိုက်၏။

“နေပါစေ. ခုနက ကျုပ်သူငယ်ချင်းကို အလကား စနောက် ပြောနေတာပါ..ကျုပ်တို့မှာ အဲ့ဒါဝယ်စရာ...ရွက်နီလည်းသိပ်မပါဘူး..သွားစရာလည်းရှိသေးတယ်”

“ဟေ့..တို့က..ဘယ်ဆက်သွားဦးမှာလဲကွ”

“ဘယ်သွားရမလဲ..ရွှေကြူရ...ရွှေကာကို သွားမှရမှာပေါ့....အမ စည်ပုတ္တရာမှာ လာနေနေတာ..အဖေတို့ သခ္ဂါမှသိဦးမှာ....ငါ့အမအကြောင်း..ငါသိပါတယ်...ငါတို့ ပြန်ခေါ်လည် သူလိုက်မှာမဟုတ်ဘူး...သူ့ကို ပြောလို့ဆိုလို့ရတာ ဆိုလို့ အဖေပဲ ရှိတယ်”

“ဒါဆို ဦးရီးဖြူးမြတို့ ဆီ သွားဦးမှာပေါ့”

“အေး..အဲ့ဒီကျမှ ထမင်းစားကြမယ်လေကွာ”

ရွှေကြူ နှင့် ငအိုး က အိမ်ပေါ်မှ ဆင်းသွားကြ၏။

“နောင်ကြီးတို့...နောင်ကြီးတို့....ခဏနေကြပါဦး”

ငလေး က လှေကားပေါ်မှ ပြေးဆင်းလာသည်။

“ဘာလဲကွ”

“ကျွန်တော်တို့ လင်မယားလည်း...ရွှေကာ မှာ အထည်လိုက်ရောင်းချင်လို့ ပါ...လမ်းမသိလို့..နောင်ကြီးတို့ နဲ့ အတူ လိုက်ပါရစေ”

“ဟ..လမ်းမသိရင် မေးမြန်းသွားပေါ့..စည်ပုတ္တရာနဲ့ ရွှေကာ ဘယ်လောက်မှ ဝေးတာလည်းမဟုတ်ပဲနဲ့”

“အကိုကြီးတို့ရှင်...ဒီက ပုဝါပိုင်းလေးများ လွှက လှုနဲ့..ငါ့အကိုမျှားကို လက်ဆောင်ပေးချင်လို့ပါ...ရွှေကာမှာ နှမတို့က အသိအကျွမ်းမရှိလုတော့..ဒီစစ်

ကာလကြီး မယုံမကြည်ဖြစ်မှာလည်းစိုးပါတယ်..အကိုကြီးတို့နဲ့ အတူတူလိုက်လာရင် နှမတို့လည်း ဘေးကင်းမှာမို့ပါ”

ရွှေကြူနှင့် ငအိုး တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

ငအိုးက မယ်ဖူး ကမ်းပေးသည့် ပုဝါနှစ်ပိုင်းကို လှမ်းယူလိုက်၏။

“အေး..ဒီလိုဆိုလည်း လိုက်ခဲ့ကြ..ငါတို့မှာတော့ မြင်းပါတယ်...ညည်းတို့မှာရော”

“ကျွန်မတို့က လှည်းနဲ့လာကြတာပါ”

“အေး..ဒါဆို..ဒီလမ်းအတိုင်း လှည်းကိုမောင်းပြီးလိုက်လာခဲ့...စည်ပုတ္တရာနဲ့ ရွှေကာကြားမှာ ထန်းတောတစ်ခုရှိတယ်..အဲ့ဒီထန်းတောမှာ ငါတို့စောင့်နေမယ်...ပြီးရင် ရွှေကာအထိ ညည်းတို့ကို စောင့်ခေါ်သွားပါ့မယ်..ခရီးက မဝေးလှပါဘူး”

ရွှေကြူနှင့် ငအိုးတို့က မြင်းပေါ်တက်ကာ ခပ်သွက်သွက်ထွက်သွားကြ၏။

မယ်ဖူးနှင့် ငလှေးတို့ လင်မယားက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြသည်။

.....
.....

“လာကြ...ခဏနားကြဦး..ကျုပ်တို့ကတော့ လေးမြူလောက် အသာလေးကုန်သွားပြီ”

ရွှေကြူ က ထန်းရည်ထည့်ထားသည့် ထန်းမုတ်ခွက်ကို မြှောက်ရင်းမှ ပြောလိုက်သည်။

ငလှေး က သူတို့ရှိရာသို့ လျှောက်လာ၏။

“ဟေး..ကိုရင်..ခင်ဗျား မိန်းကလေးကိုလည်း ခေါ်ချည်ဗျာ..ထန်းရည်ချိုလေးဘာလေး အမောဖြေသောက်ရတာပ..ကျုပ်တို့များက ဟော့ဟော့ရမ်းရမ်းလည်း မဟုတ်ပါဘူး..ဒီက ပင်ကျ နဲ့ ကြက်ကြော်က ကောင်းသမို့ပါ”

သူတို့ဝိုင်းဖွဲ့လိုက်ကြသည်။

“ကိုရင်ကလည်း ပူကပူသနဲ့.ခမောက်ကြီး ချွတ်စမ်းပါဗျာ”

“ဖြိုး”

ငလှေး က ဆောင်းထားသော ခမောက်ကြီးကို ခွျတ်လိုက်သဖြင့် ငအိုးမှာ သောက်လက်စ ထန်းရည်ပင် သီးသွားတော့၏။

“ဘယ့်နှယ့်....ကျုပ်..ဦးထုပ်.ပြန်ဆောင်းထားလိုက်ရမလားဗျ”

ရွှေကြူက ငလှေးနှင့် မယ်ဖူး ကို အားတုံ့အားနာဖြင့် ကြည့်လိုက်သည်။

“ရပါတယ်ဗျာ...ခင်ဗျားက.ကျောက်ရောဂါ ကပ်ဆိုးကြီးထဲက လွတ်လာခဲ့သူထင်ပါရဲ့”

“ဆိုပါတော့ဗျာ..ကျုပ်နာမည် ငလှေးပါ..ဒါက ကျုပ်အိမ်သား မယ်ဖူး”

“ခုကာလကြီးထဲ နယ်စဉ်လှည့်အထည်စလိုက်ရောင်းဝယ်နေရတာ...လွယ်မယ်တော့မထင်ဘူး”

“ဘယ်လွယ်မလဲ.နောင်ကြီးတို့ရာ...စစ်ပွဲတွေကလည်း အရပ်လေးမျက်နှာ ဖြစ်ချင်တိုင်းဖြစ်နေကြတာ..ဒါပေမယ့်လည်း ဝမ်းရေးအတွက် ဒါပဲ လုပ်တတ်ကိုင်တတ်တာဆိုတော့.. ဘယ်တတ်နိုင်ပါ့မလဲဗျာ”

ထန်းရည်တမြူမှာလိုက်ကြသည်။

မယ်ဖူးက ကြက်ကြော်တစ်ကိုက်စားနေရာမှ ထသွား၏။

ထို့နောက် အထည်စတစ်စ ကို လှည်းပေါ်မှ ယူလာသည်။

“ဒါက ရှားရှားပါးပါး ဟံသာဝတီနယ်ခြားကနေ သွင်းလာတဲ့...ဖဲခြုံထည်လေးပါ...ခုန အကိုကြီးရဲ့ ရည်းစားဆိုလား..ခင်ထော်မိ ဆိုတာ..သူ့အတွက် လက်ဆောင်ပေးဖို့ ယူသွားပါ..အကိုကြီး”

မယ်ဖူးက ရွှေကြူကို လှမ်းပေးလိုက်သည်။

ရွှေကြူက မယူ။

“ပေးမနေနဲ့...အလကား အဖြစ်ရှိတဲ့သူ မဟုတ်ပါဘူး...မုဆိုးဖိုပတ်လည် တစ်နယ်လုံးက မိန်းကလေးတွေနဲ့ မစွန့်လို့...ဟံသာဝတီသူနဲ့စွန့်မလားဆိုတော့လည်း..ပြောရဲဆိုရဲက မဟုတ်တော့..အခုထိ ရည်းစားဆိုတာ ဘာမှန်း မသိသေးတဲ့ကောင်ပါ..ဟား..ဟား”

“ငအိုး....မင်းမူးနေပြီလား”

ရွှေကြူက ငအိုး ကို လှမ်းဟန့်လိုက်သည်။

“သြော်..အကိုတို့က မုဆိုးဖိုသားတွေလား”

ရွှေကြူ က ခန္ဓာကိုယ်ကို မတ်လိုက်သည်။

“ဟုတ်တယ်...ငါတို့ မုဆိုးဖိုသားတွေပဲ”

“ကြားရတဲ့ သတင်းတွေကတော့ဖြင့် မုဆိုးဖိုဟာ မြို့တော်ကြီးအဖြစ် တည်ထောင်လိုက်ပြီဆို...စစ်အင်အားတွေနဲ့ ကျုံးလေးဘက်လေးတန်နဲ့ တကယ့် မင်းနေပြည်လို တည်ဆောက်ထားတာဆို..အကိုတို့..အဲ့ဒါ...ဟုတ်လားဟင်”

ရွှေကြူနှင့် ငအိုး တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

ရွှေကြူက နဘေးတွင် ချထားသော ဓါးကို ဆတ်ခနဲကောက်ကိုင်ကာ ဓါးအိမ်မှ ချွတ်လိုက်၏။

ထို့နောက် ငလေး၏ လည်မြိုပေါ် ထောက်ထားလိုက်သည်။

“မင်းတို့ ဘယ်သူတွေလဲ”

ငအိုးကလည်း ဓါးကို အသင့်ကိုင်ကာ မတ်တပ်ရပ်လိုက်၏။

ထန်းတဲပိုင်ရှင်နှင့်အတကွ အခြားဝိုင်းမှ လူများမှာ အလန့်တကြားဖြစ်ကုန်ကြသည်။

“ကျုပ်တို့...ရွာစဉ်လှည့်အထည်ရောင်းသူတွေပါလို့..ပြောပြီးပါကောဗျာ”

ငလေး အသံက တုန်လှုပ်ခြင်းမရှိ။

မယ်ဖူး က မျက်လုံးအဝိုင်းသားဖြင့် သူတို့ကို ကြည့်နေသည်။

“ဟေ့..မိန်းကလေး...စည်ပုတ္တရာမှာကတည်းက..ငါတို့ကို လက်ဆောင်တွေ အတင်းလာပေးပြီး လာရောနေလို့ မင်းတို့ကို မသက်ာဖြစ်နေတာ..မင်းတို့ ဘယ်သူတွေလဲ...အင်းဝက လွတ်လိုက်တဲ့ ဟံသာဝတီသူလျှိုတွေ မဟုတ်လား..ပြောစမ်း..မပြောရင်...ဒီရုပ်ဆိုးကောင်..လည်မြိုကို ဓါးဖောက်သွားမယ်နော်”

မယ်ဖူး က ရွှေကြူကို ပြုံးပြီး ကြည့်လိုက်သည်။

“ဒီမယ်...အကိုတို့...နှမက အင်းဝသူပါ..လက်ထဲမှာ လူသတ်လက်နက်ကိုင်ထားလိုက်ရင်...အဲ့ဒီဟာအားကိုးနဲ့..ခြိမ်းခြောက်ကြတာ..အနိုင်ကျင့်ကြတာကို...နှမရော ဟော့ဒီက နှမရဲ့လင် ကိုရင်ငလေးရော..လိမ့်နေအောင်...ခံစားခဲ့ကြဖူးသူတွေပါ...အဝမြို့ခေတ်ကောင်းစဉ်က.ကိုရင်ငလေး ထောင်ကျနေချိန်မှာ. နှမကို ဆို..မြို့ဝန်ရုံးက စာရေးအဆင့်ကတောင် ပြည့်တန်ဆာဘဝ ရောက်အောင်အထိ ကို ရက်စက်ခဲ့ကြဖူးတယ်...အခုတော့ အဝမြို့ကြီးလည်း..ပျက်ခဲ့ရပါပြီ.....နှမတို့မှာ မတတ်သာလို့ ဟံသာဝတီသားတွေလက်အောက်မှနေပြီး...ရရစားစား ဒီဘက်နယ်တွေမှာ စီးပွားရှာနေကြတာပါ..အခုလည်း အလောင်းဘုရားမင်းလောင်း က ကုန်းဘောင်ရွှေဘို ဆိုပြီး မြို့တော်သစ်ထူထောင်တယ်ကြားလို့.ကိုယ့်လူမျိုးချင်း..ခိုဝင်အားကိုးလို့ရလို့ရငြား စုံစမ်းမိရှိသက်သက်ပါ...ဒါကို...အခုလို ခါးနဲ့ထောက်ပြီး သူလျှိဒလန်ယိုးစပ်ခံရတယ်....နှမတို့အတွက်တော့ အင်းဝ ခေတ်ပျက်ကြီးကို ကြုံခဲ့ရသလို.နောက်ထပ်ပေါပေါက်လာမယ့် ကုန်းဘောင်မုဆိုးဖိုသားများ ခေတ်မှာလည်း ဒီနှယ် လက်နက်အားကိုး နှိပ်စက်ခံရမယ်ဆိုရင်တော့ဖြင့်...နှမတို့လည်း လူအဖြစ်ကို စိတ်ကုန်လှပါပြီ ....နှမတို့ နှစ်ယောက်လုံးကို သတ်သာ သတ်လိုက်ပါတော့”

ရွှေကြူရော...ငအိုး ပါ ငိုင်သွားကြသည်။

ငအိုး က ခါးကို ခါးအိမ်ထဲ ပြန်သွင်းလိုက်၏။ ရွှေကြူ ကမူ ခါးကို ငလေး၏ လည်မြိုကို ထောက်မြဲထောက်ထား၏။

“ဒီမယ်....အခုက စစ်ဖြစ်နေတာ...ငါတို့က အဲ့ဒီစစ်ပွဲထဲ ကိုယ်တိုင်ပါဝင်တိုက်နေရသူတွေ..သတိတစ်ချက် လွတ်တာနဲ့...စစ်ပွဲရဲ့အဖြေက ပြောင်းသွားရုံမက...ငါတို့ တည်ဆောက်ခဲ့သမျှရော..ငါတို့ အသက်တွေပါ ပြီးဆုံးသွားမှာ..အဲ့ဒါကိုလည်း ညည်းတို့ဘက်က နားလည်ပေးဦး..ညည်းတို့ ဝင်လာတဲ့နေရာက..စစ်ပွဲနေရာ..ဒီလိုနေရာမျိုးမှာ မလိုအပ်ပဲ အမေးအမြန်းမထူရဘူး...အပြောအဆို မရှိရဘူး..သဘောပေါက်ရဲ့လား”

“ဟုတ်ပါပြီ..ကျုပ်မိန်းမ မှားတာပါ..သူ...မမေးသင့်တာတွေ မေးမိပါတယ်”

ငလေး က အသံခပ်လေးလေးဖြင့် ပြောလိုက်၏။

ငအိုး က ရွှေကြူ၏ ပုခုံးကို လာကိုင်လိုက်သည်။

“ရွှေကြူ...သူတို့လည်း မသိနားမလည်လို့ မေးလိုက်တာထင်ပါတယ်...ထားလိုက်ပါတော့ကွာ”

ရွှေကြူက ဓါးကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်သည်။

ထိုအခါမှ မယ်ဖူး က ငလှေး ၏ ခါးကို ပြေးဖက်ကာ တရှုံ့ရှုံ့ ငိုချလိုက်တော့၏။

ရွှေကြူက ထိုမြင်ကွင်းကို ခေတ္တမျှ ငေးကြည့်ရင်း သက်ပြင်းချလိုက်သည်။

“ငအိုး....ငါ မုဆိုးဖို ပြန်တော့မယ်ကွာ”

“ဟ..ဘာလဲဟ...ရွှေကာကိုသွားရဦးမယ်လေ”

“ငါမလိုက်တော့ဘူး...မင်းဖာသာ မင်းသွားလိုက်တော့”

“ဟာ..ဒီကောင် ဘာဖြစ်ပြန်တာလဲ”

“ခင်ထော်မိ....ငါသူ့ကို သတိရသွားလို့”

“ဟင်”

“ငါ..သူ့ကို ဒီတစ်ခါတော့ ရည်းစားစကား ပြောဖြစ်အောင်ပြောပြီး..သူ့သဘောကို မေးမယ်ကွာ..ပြီးရင်..သူ့ကို ယူမယ်”

“ဟ”

ရွှေကြူက စကားဆုံးသည်နှင့် ထန်းပင်တစ်ခု ခြေရင်းတွင်ရှိနေသည့် သူ၏ မြင်းပေါတက်ကာ မုဆိုးဖိုဖက်ဆီသို့ ထွက်ခွာသွားတော့သည်။

ငအိုးမှာ ခေါင်းကုပ်လျက်။

“ကဲ...ဘာတွေဖြစ်ကုန်မှန်းကို မသိတော့ပါဘူး...ထန်းရည်ဖိုးက သူနဲ့ကျုပ် တစ်ယောက်တစ်ဝက် ပြောထားတာ..သူမရှိတော့...မင်းတို့လင်မယားပဲ တစ်ဝက်စိုက်ချေတော့”

“ရပါတယ်..ကျုပ်တို့ပဲ ရှင်းပေးလိုက်ပါ့မယ်”

ငလှေးစကားကြောင့် ငအိုး ကသွားဖြဲကာ ရယ်ပြလိုက်သည်။

“အဟီး....ဓါးနဲ့လည်းထောက်ခံရ...ထန်းရည်ဖိုးလည်းရှင်းရဆိုတော့..အားလည်းနားပါရဲ့ဗျာ..ရွှေကာ ရောက်ရင် ကျုပ်မိဘများအိမ်မှာ ထမင်းကျွေးပါ့မယ်”

“ကျုပ်တို့ အကိုက သဘောကောင်းပေမယ့်..ရွေကာရွာအထိ ဆက်မလိုက်နိုင်တော့တာ .ခွင့်လွှတ်ပါဗျာ.. ဒီလိုမျိုးကြီး ကြုံလိုက်ရလို့ ကျုပ်တို့မှာ ရှေ့လည်းမဆက်ဝံ့တော့ပါဘူး.... စစ်ကိုင်းဘက်ပဲ ပြန်ပါတော့မယ်”

ငလေးနှင့် မယ်ဖူး က ငအိုးကို နှုတ်ဆက်ကာ နွားလှည်းကို လာရာလမ်းဆီသို့ ပြန်လှည့်သွား၏။

ငအိုးက သူတို့ကို ကြည့်ကာ အူကြောင်ကြောင်ဖြင့် ကျန်ရစ်တော့သည်။

.....

နောက်တစ်နေ့။ နံနက်စောစော။

မုဆိုးဖို အနီးမှ ချောင်းငယ်တစ်ခု။

ငတွန်၊ ငည်ိသူ နှင့် သေနတ်ကိုင်တပ်သား ငါးဦးတို့သည် မြင်းကိုယ်စီဖြင့် ချောင်းစပ်ဆီသို့ ရောက်လာကြ၏။

ချောင်းစပ်တွင် ကြိုးဖြင့်တုတ်နှောင်ခံထားရသည့် လူနှစ်ဦး။

သူတို့ကို မြင်းရည်တက် ယင်းပါဗိုလ်ပိန်ကျော်၏ အဖွဲ့က လှံရှည်များဖြင့် ထောက်ကာ စစ်မေးနေကြသည်။

“ဟေ့..ငည်ိသူ...ရှေ့မှာ..ပိန်ကျော်တို့မှတ်တယ်..ဘာအရေးများဖြစ်နေလဲ..မေးလကွယ်”

ငည်ိသူက မြင်းဖြင့် ရှေ့သို့တက်သွား၏။

“ဟေး..အဲ့ဒီမှာ...ဘာအရေးဖြစ်လို့လဲ..ပိန်ကျော်”

“ဒီမှာ မနက်ဝေလီဝေလင်းက မုဆိုးဖိုနား ကပ်လာတဲ့ လူနှစ်ယောက်ကို ကင်းပုန်းအဖွဲ့က မိထားလို့ဗျို့... သူတို့က ကုန်သည်တွေလို့ပြောတာပဲ...သူလျှိုတွေထင်လို့ စစ်မေးနေကြတာ”

ပိန်ကျော် ပြန်ဖြေသံကြောင့် ငတွန်ကလည်း မြင်းကို အနီးသို့ ကပ်သွား၏။

“ဟေ့..အရမ်းတော့မလုပ်ကြနဲ့ဦးလေ...စစ်မေးစရာရှိ..သေချာမေးမြန်းကြ..ဟင်”

ဖမ်းဆီးခံထားရသူနှစ်ဦး၏ မျက်နှာကို မြဲ့င်သည့်အခါ ငတွန် ၏ ပြောလက်စ စကားပင်ရပ်သွားသည်။

“မယ်ဖူး...မဟုတ်လား...မယ်ဖူး”

“ဟုတ်ပါတယ်...ကျွန်မ မယ်ဖူးပါ..ကိုကြီးတွန်...စည်ပုတ္တရာဘက် အထည်တွေ လာရောင်းရင်း...မုဆိုဖိုဟာ ရွှေဘိုမြို့တော်ဖြစ်ပြီဆိုတော့ စည်ကားမှာပဲ....သွား ရောင်းကြမလားဆိုပြီး ကျွန်မလင်က ပြောလို့ လာကြည့်ကြတာပါ”

“ငါ့လူတို့ မှားကုန်တော့မယ်...ဒါ အင်းဝက အထည်သည်မယ်ဖူးတို့ လင်မယားပဲ..ကျုပ် နဲ့ သိရင်းစွဲတွေပါ..ဟုတ်တယ်”

“ဗိုလ်တွန် အာမခံတယ်လား”

“ကျုပ်..အာမခံပါတယ်”

“ဒါဆို ဗိုလ်တွန်လက်ပဲ အပ်လိုက်တော့မယ်...ဗိုလ်တွန်ပဲ သေချာစစ်မေး ပြီး..မင်းတရားကြီးဆီ အပ်သင့်အပ်ပေတော့ဗျို့..ကျုပ်တို့လည်း ရှေ့ကင်းပုန်း စခန်းတွေဆီ သွားစရာရှိသေး”

ဗိုလ်ပိန်ကျော်တို့ အဖွဲ့က ငလှေးနှင့် မယ်ဖူးကို ငတွန်၏ လက်သို့ အပ်ကာ ထွက် ခွာသွားကြသည်။

“တော်သေးတာပေါ့..မယ်ဖူးရယ်..ငါလည်း မနေ့က မုဆိုးခြံသွားတာ..ဒီမနက် ပြန်လာတာ..နို့မဟုတ်..ငါနဲ့သာ မတွေ့ရင်..ပိန်ကျော်တို့လက်လွန်ခြေလွန်လုပ် လိုက်မှဖြင့်”

ငတွန် က သူတို့နှစ်ဦးကို ကြိုးဖြည်ပေးရင်း ပြောလိုက်သည်။

“ညီညူရေ....မြင်းတကောင်အလွတ်ထားပြီး..မင်းတို့ ရွေ့က သွားနှင့်ကြ ကွာ..ငါ..မီတာဆေဟောင်းတွေနဲ့ တွေ့လို့...သူတို့နဲ့ မြင်းဖြည်းဖြည်းချင်းစီး ရင်း...လိုက်ခဲ့မယ်”

“ဒါဆိုကျုပ်တို့ သွားနှင့်မယ်..ဗိုလ်တွန်..စိတ်ချမယ်ဗျ”

ညီညူ နှင့် အဖွဲ့ထွက်ခွာသွားသည်။

ငတွန်က သူနှင့် မြင်းချင်း ယှဉ်လျက် စီးလာသော ငလှေးနှင့် မယ်ဖူးကို ကြည့် လိုက်သည်။

“ကဲ...ငါကတော့...မုသာဝါဒသုံးပြီး မင်းတို့အသက်ကို ကယ်လိုက်ပြီးပြီ...ငါ့ကို မလိမ်ကြနဲ့တော့..မင်းတို့ ဘာကိစ္စ ဒီကို လာကြတာလဲ...အထည်ရောင်းဖို့လို့ တော့မပြောနဲ့နော်”

မယ်ဖူးက သက်ပြင်းချလိုက်သည်။

“ကျွန်မတို့ မမလွိဇာ ခိုင်းတဲ့ကိစ္စတစ်ခုအတွက် လာကြတာပါ..ကိုကြီးတွန်”

ငတွန်က ခပ်ဖြည်းဖြည်းလာနေသည့် မြင်းကိုပင် တုန့်ခနဲဖြစ်အောင် ဇက်ကြိုးဆွဲလိုက်မိသည်။

“လွိဇာ....သူ...ဘာလုပ်ပြန်ပြီလဲ”

“မုဆိုးဖိုနဲ့ ဟံသာဝတီနဲ့ စစ်ပွဲမှာ ပျောက်နေတဲ့ ခင်ထော်မိ ဆိုတဲ့ ဟံသာဝတီသူလေးကို ရှာခိုင်းလိုက်တာ..ကိုကြီးတွန်”

“အဲ့ဒါ...သူနဲ့ ဘာဆိုင်လို့လဲ”

“မမလွိဇာအကြောင်းလဲ..သိသားပဲ...သူနဲ့မဆိုင်လည်းပဲ..ဒုက္ခရောက်နေတဲ့ မိန်းမသားချင်းဆို..သူက အရမ်းကူညီချင်တာ..မယ်ဖူးတို့ ဘဝကိုလည်း သူပဲ ကယ်ခဲ့တာပဲမဟုတ်လား”

“လွိဇာ....နှစ်တွေ ဒီလောက်ကြာတာတောင်..ဘာမှမပြောင်းလဲသေးပါလား”

ငတွန်က ခပ်တိုးတိုးရေရွတ်လိုက်သည်။

.....

“ဘာပဲဖြစ်ဖြစ် ဒီအခြေအနေကို ပြောင်းလဲပစ်ရမယ်..လွိဇာ...ဒါက တို့တွေ မဏိပူရကို ပြန်နှိုင်ဖို့ရာ...နောက်ဆုံးရှိတဲ့ မျှော်လင့်ချက်ပဲ..လွိဇာ..ဒါကြောင့် တူမတော်ကို ဟံသာဝတီ ဥပရာဇာ တော်ကောက်မယ့်ကိစ္စကို ငါကိုယ်တိုင်ပဲ လမ်းကြောင်းပေးခဲ့တာ”

ကသည်းမင်းသမီးကြီး နီလာခမ်း က လွိဇာနားသို့ ခပ်တိုးတိုးကပ်ပြောသည်။

“တကယ်ပဲ...အဲ့ဒီကလေးမလေးက..ဒီလူကို လက်ထပ်လိုက်ရင်..မဏိပူရကို ပြန်ခွင့်ရမယ်လို့ ထင်နေတာလား..မင်းသမီးကြီး”

နီလာခမ်းက လွီဇာ၏ အမေးကို ပြန်မဖြေပဲ မတ်တပ်ရပ်လိုက်သည်။

ဥပရာဇာဦးအောင်မြ သည် ကသည်းမင်းသမီးလေး သျှန်သီ ကို အိမ်ရှေ့အိမ်ဖြူ တော်သို့ ခေါ်ဆောင်ရန် ဝေါယာဉ် ရောက်ရှိလာပေပြီ။

စည်နီ ၊ ဗုံသာ၊ စည်ပုတ်၊ လင်းကွင်း၊ ငွေနဲ့ကြီး၊ ငွေနဲ့ငယ်၊ ခရာ တို့ဖြင့် အိမ်ရှေ့မင်း စည်တော်စုံအဖွဲ့က တီးမှုတ်လိုက်သည်။

အိမ်ရှေ့ဥပရာဇာဦးအောင်မြသည် ဧင်းမယ်တိုင်မျိုးနွယ်ဖြစ်သော်လည် မွန်ယဉ်ကျေးမှုကို ခံယူသူဖြစ်သည်။

ထို့ကြောင့် လက်ထပ်ပွဲကိုလည်း မွန်ရိုးရာအတိုင်း ပြုလုပ်ရန် စီစဉ်ထား၏။

နန်းတွင်သူ အပျိုတော်များအနက် သမီးဦးအဖြစ်မွေးဖွားလာသည့် အပျိုတော်က “နုတိုန်”ခေါ် မှန်စီရွှေချထားသည့် ရွှေဖရုံသီးပုံမဂိလာအိမ်တက်တောင်းကို ရှေ့ဆုံးမှ ရွက်လာသည်။

အရှည်တတောင်ခန့်ရှိသော ထိုတောင်းထဲတွင် အုန်းပင်ပေါက်တပင်၊ ကွမ်းသီးပင်ပေါက်တပင်၊ ကွမ်း၊ ကွမ်းသီး၊ ဆေး၊ လက်ဖက်၊ ငရုတ်၊ ကြက်သွန်၊ ဆန်၊ ဆီ၊ ဆား တို့ကို ထည့်ထား၏။

တောင်းကို ရွှေသားအစစ်ဖြင့် ခြည်ထိုးထားသည့် ပုဝါဖြင့် ပတ်လာသည်။

သမီးဦးအပျိုတော်နောက်တွင် သမီးလတ်၊ သမီးထွေးစသဖြင့် ထမင်းအုပ်ရွက် အပျိုတော်များ လိုက်လာကြသည်။

အရှေ့တွင်းတော်မြဲလူပျိုတော်သားစုက ခန်းဝင်ပစ္စည်းများကို ကိုင်လာကြပီး နောက်ဆုံးတွင် အိမ်ရှေ့ဥပရာဇာ သည် ဖြည်းဖြည်းချင်း ကြွချီလာ၏။

မဏိပူရနန်းတွင်းဝတ်စုံကို ဝတ်ဆင်လျက် ထိုင်နေသည့် သျှတ္တရမာလာခေါ် မင်းသမီးလေးသျှန်သီ က ခေါင်းကို ငုံ့ထားသည်။

သူမ၏ အသက်မှာ ငယ်ရွယ်သေးသော်လည်း ယခုအကြိမ်သည် သူမ၏ နှစ်ကြိမ် မြောက်လက်ထပ်ခြင်း အခမ်းအနားဖြစ်သည်။

ပထမတစ်ကြိမ်မဟာမွမ္မရာဇာဓိပတိထံ ဆက်သခံရာတွင် ရှင်ခုန်တုန်ရီခဲ့ဖူး သော်လည်း..ယခုတကြိမ်တွင်မူ.. ကျောက်ရုပ်တစ်ရုပ်ကဲ့သို့အလား။

သူမ၏ ဘေးတွင် နီလာခမ်း၊လွိဇာ၊ မြို့ကြီးမင်းသမီး နန်းသွယ်၊ လက်ျာဗိုလ် တို့နှင့်အတူ ခေါ်ယူထားသော မွန်အမျိုးကောင်းသား ဟံသာဝတီရပ်မိရပ်ဖလူကြီးများသုံးဦး ထိုင်နေကြ၏။

ဥပရာဇာ၏ဘက်မှ လူကြီးခုနှစ်စုံကို ဗညားအရိန္ဒမာ ၊ ဒေါဗညား စသော မွန်အမတ်ကြီးနှစ်ဦး က ဦးဆောင်သည်။

မွန်ရိုးရာအတိုင်း သတို့သားသတို့သမီးဘက် အပြန်အလှန် လက်ာများရေရွတ်ကာ အခြေအတင် မြန်းကြ၏။

ထို့နောက် ဥပရာဇာဦးအောင်မြနှင့် သျှန်သီမင်းသမီးတို့ နှစ်ဦးယှဉ်ထိုင်ကြသည်။

မြေဇာမြက်၊ ပန်း၊ နံ့သာတို့ ပြင်ဆင်ထားသည့် ရွှေအစစ်ဖလားကြီးတစ်ခုအတွင်းသို့ လက်တစ်ဖက်စီ နှစ်ထားကြ၏။

ဗညားအရိန္ဒမာအမတ်ကြီး က မင်္ဂလာဆောင်နှင်းဂါထာကို ရွတ်ဆိုပြီးနောက် လက်နှစ်စုံကို ထုတ်စေသည်။

သျှန်သီ၏ လက်ဖဝါးနုနုလေးပေါ်တွင် ဦးအောင်မြ၏ လက်ကြမ်းကြီးကို အုပ်ကာ ပုဝါဖြင့် စီးပေး၏။

ထို့နောက် ပုဝါကိုဖြည်ပေးလိုက်ပြီးနောက် မင်္ဂလာအိမ်တက်တောင်းကိုဖွင့်ပြီးနောက်..ထမင်းအုပ်များ စီရရီကို ဖွင့်ကြသည်။

ထမင်းအုပ်တစ်အုပ်ဖွင့်တိုင်း မဏ္ဍပ်ထဲမှ ပရိသတ်က လက်ခုပ်သြဘာတီးကာ အားပေးကြ၏။

ထမင်းအုပ်ထဲမှ ထမင်း၊ဟင်း၊ ချိုချဉ်များကို ရွှေလင်ဗန်းတစ်ခုတွင်ထည့်ကာ သတို့သားနှင့် သတို့သမီး လက်စုံစားရန်ပြင်ဆင်ကြသည်။

မင်္ဂလာပွဲအခမ်းအနားကို ပရိသတ်များက စိတ်ဝင်တစားရှိနေချိန်တွင် နန်းသွယ်ကတော့ မဏ္ဍပ်အပြင်ဘက် ကျွန်းပင်ကြီးအောက်သို့သာ စူးစူးစိုက်စိုက်ကြည့်နေ၏။

ထို့နောက် ထိုင်နေရာမှ လှစ်ခနဲ ထထွက်သွားသည်ကို လွိဇာက သတိထားမိလိုက်သည်။

“တို့ငမျိုးနွယ်ဇင်းမယ်အဆက် နဲ့ အင်းဝဘုရင့်ရဲ့ မိဖုရားဟောင်း မဏိပူရမင်းသမီး တို့က မွန်လို မင်္ဂလာဆောင်နေကြတယ်ဆိုတော့..ရယ်စရာတော့

အကောင်းသား‌နော်”

နန်းသွယ်အသံကြောင့် ကျွန်းပင်ကို စေ့စေ့စပ်စပ်ကြည့်နေသော သူက လှည့်ကြည့်လိုက်သည်။

အသက်(၃၀) အရွယ်လူလတ်ပိုင်းတစ်ဦး။ ဟံသာဝတီ၏ မြင်းမှူးမင်းသားဝတ်စုံကို ဝတ်ဆင်ထာသည်။

“အိမ်ရှေ့ဥပရာဇာ ရဲ့လက်ထပ်မင်္ဂလာအခမ်းအနားကို လှောင်ပြောင်ဝံ့ရအောင်..မယ်မင်းက ဘယ်သူလဲ”

“ရှင်ကရော..ဘယ်သူလဲ..ကျွန်မ မဏ္ဍပ်ထဲကနေ ရှင့်ကို ကြည့်နေတာကြာပြီ...မင်္ဂလာမဏ္ဍပ်တော်ထဲကိုလည်း ဝင်မလာပဲ...ဒီကျွန်းပင်ကိုပဲ လှည့်ပတ်ကြည့်နေတယ်မဟုတ်လား”

“ကျုပ်က အောင်စ...ဘွဲ့တပ်ပြောရရင်တော့ ဟံသာဝတီဖြိုမိုင်းဓိရာဇာမင်းတရားရဲ့တတိယမြောက်ညီတော်..မြင်းမှူးမင်းသား ဗညားဒလပဲ”

“သြော်..ဥပရာဇာရဲ့ညီတော်ကိုး...ကြားဖူးနေတာတော့ကြာပါပြီ...လူကိုတော့ကျွန်မဖြင့် အခုမှ မြင်ဖူးတာပဲ”

“မယ်မင်းက ဘယ်သူလဲဆိုတာ မဖြေသေးဘူးနော်”

“ကျွန်တော်မ က နန်းသွယ်ပါ..အင်းဝမြောက်နန်းမိဖုရား လင်ဇင်းမင်းသမီးရဲ့ညီမတော်ပါ”

“အင်းဝမင်းသမီးကိုး....”

ဗညားဒလအောင်စ က ခပ်တိုးတိုးရေရွတ်ပြီး ကျွန်းပင်၏ ပင်စည်ကိုသာ လက်ဖြင့် ကိုင်တွယ်ကြည့်နေ၏။

“ရှင်က အင်းဝမင်းသမီးတစ်ပါးကို ကျွန်းပင်တစ်ပင်လောက်တောင် စိတ်မဝင်စားပါလား”

ဗညားဒလအောင်စ ဆတ်ခနဲလှည့်ကြည့်လိုက်သည်။

နန်းသွယ်က သူ့ကို ပြုံးစစဖြင့် ကြည့်နေ၏။

“မင်းသမီးကရော....ဟိုမှာ လုပ်နေတဲ့ မင်္ဂလာပွဲထဲမှာ မရှိပဲ..ဘာလို့.ကျုပ် နား လာပြီး စကားတွေပြောနေရတာလဲ”

“ကျွန်မ က စိတ်မွန်းကြပ်လာလို့ပါ...ဒီကျွန်းပင်ကြီးအောက် လာနေကျ ပါ..ကျွန်မတို့က သုံ့ပန်းအကျဉ်းသားတွေဆိုတော့...ဒီအောက်မှ လာနေရတဲ့ အခါ....တစ်ခုခု အားကိုးရှိသလိုခံစားရလို့..အမြဲလာနေကြပါ...ရှင်ကသာ..ဒီနေ့မှ ဒီကျွန်းပင်ကြီးဆီရောက်တာ”

“သြော်..အဲ့ဒီလိုလား..ကျုပ်က လှေထွင်းဝါသနာအိုးမို့..ဒီကျွန်းပင်ကြီးနဲ့ဆို..လှေ ကောင်းကောင်း တစ်စီး ထွင်းလို့ ရကောင်းပါရဲ့ဆိုပြီး လာကြည့်နေမိတာ”

“ဘုရားရေ..ဒီကျွန်းပင်ကြီးကိုး”

ရင်ဘတ်ကလေးကို ဖိ မျက်လုံးကလေးကို ပြူးပြလိုက်သည့် နန်းသွယ်၏ အမူအရာကြောင့် ဗညားဒလအောင်စ က ပြုံးလိုက်သည်။

“ကဲပါ..မင်းသမီးရယ်...ကျုပ်က စိတ်ကူးပဲရှိတာပါ....တကယ်လုပ်မယ် မပြောပါ ဘူး”

“ကျွန်မ မသိလို့ မေးပါဦးမယ်...ရှင်တို့ ဟံသာဝတီသားတွေက သက်ရှိ၊ သက်မဲ့ ဘာကိုပဲဖြစ်ဖြစ် စစ်ပွဲမှာ အသုံးချဖို့ပဲ စဉ်းစားနေကြတာလားဟင်”

ဗညားဒလအောင်စ က ရယ်လိုက်သည်။

“ခင်ဗျားတို့ အင်းဝသူတွေကလည်း စကားသိပ်တတ်ကြတာပဲလားဗျ.... လှေ ထွင်းတယ်ဆိုတိုင်း စစ်လှေ ဟုတ်ချင်မှ ဟုတ်မှာပေါ့ဗျာ..ပိန်းကောတွေ၊ လောင်း တွေ၊ တပါလှေတွေ လည်း ထွင်းချင်ထွင်းမှာပေါ့.. ကျုပ်က လှေထွင်းတာကို အနုပညာကိစ္စတစ်ခုလို ဝါသနာပါရုံသက်သက်ပါဗျာ...အားနေ စစ်ပွဲအကြောင်း ချည်း တွေးနေတဲ့လူမျိုးလည်း မဟုတ်ရပါဘူး”

“အင်း..တော်ပါသေးရဲ့နော်....ရှင်က ရှင့်အကို ဥပရာဇာကြီးလို စကားပြောကြမ်း ကြမ်း၊ လူကြမ်းကြမ်းကြီး မဟုတ်ပဲ..ဒီလိုလေး ပြောတတ်ဆိုတတ်သေးလို့”

“ကဲ...အမိ...ကျုပ်အကိုအကြောင်း..ကျုပ်ကို အတင်းလာချနေပါ့လား..ခင်ဗျား လေးက..ဘယ်လိုတုန်း”

“ဟုတ်ပါရဲ့..နော်..သူညီရှေ့မှာ အကိုအကြောင်းပြောမိရတယ်လို့..ဟင်း..ဟင်း”

နန်းသွယ်က ခေါင်းမော့ကာ တခစ်ခစ်ရယ်သည်။

လင်ဇင်းမင်းသမီးလေး၏ ဖြူလွှလွှ ပါးလှုပ်လှုပ် အပြုံးသွားတက်ကလေးများ
အောက်တွင် ဟံသာဝတီ၏ မြင်းမှူးမင်းသား ခေတ္တမျှ မိန်းမောသွား၏။

အခန်း (၁၅)

“ကျုပ်တို့အတွက် အင်းဝစစ်မျက်နှာဟာ အရင်လို အချိန်ဆွဲနေလို့မရတော့ဘူး..အခုဆိုရင် ရွာသူကြီး အောင်ဇေယျရဲ့သောင်းကျန်းမှုက အင်းဝနားအထိကို ရောက်လာနေပြီ..ဒါကြောင့် ကုမ္ပဏီအနေနဲ့ ဖြစ်နိုင်သမျှ မြန်မြန် လက်နက်တွေကို ပို့စေချင်တာပဲ”

ဥပရာဇာဦးအောင်မြ၏ စကားကို ကိုဇာနီကော့က ဘာသာပြန်ပေးလိုက်သည်။

အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၏ ကိုယ်စားလှယ်အသစ် ဒေးဗစ်ဟန်းတား က သူ့လက်ထဲမှ စာလိပ်ကို ကိုင်ကာ ခေါင်းညိတ်လိုက်၏။

ထိုစာလိပ်ကား အခြားမဟုတ်။ သန်လျင်တွင် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီအတွက် ကုန်တိုက်ဆောက်လုပ်ခွင့်အမိန့်စာဖြစ်သည်။

ထူးထူးခြားခြားမြန်မာများသုံးလေ့ရှိသည့် ထန်းရွက်ပေစာနှင့်မဟုတ်ပဲ..အနောက်နိုင်ငံသားများသုံးသည့် စက္ကူစာရွက်ဖြင့် အမိန့်စာကို ရေးသားထားခြင်းဖြစ်သည်။

ဒေးဗစ်ဟန်းတာ၏ ဘေးတွင်ထိုင်နေသာ သောမတ်စ်တေလာ က ကြိုးစားပမ်းစားလေ့ကျင့်ထားသည့် ဗမာစကားဖြင့် ဥပရာဇာကို လက်အုပ်ချီကာ လျှောက်တင်လိုက်သည်။

“ကျွန်တော်မျိုးရဲ့အရာရှိ မစ္စတာဟန်းတာ နေဂရေ(ဟိုင်းကြီးကျွန်း)ကို ပြန်ပြီးရင် ကျွန်တော်မျိုးတို့လည်း မဒရက်ကို အလျင်အမြန်ပြန်ပါ့မယ်...မဒရပ်ဆိပ်ကမ်းကလာတဲ့ လက်နက်တွေကို နေဂရေ့မှာတထောက် နားပြီးရင်...ပဲခူးအရောက်ပို့ပေးပါ့မယ်....လက်နက်တွေတင်လာမှာဖြစ်တဲ့အတွက်..ကုမ္ပဏီစစ်သားအစောင့်အရှောက်တပ်များ ပါလာခဲ့မှာမို့..ပဲခူးဘုရင်က အထင်အမြင်မလွဲစေချင်ပါဘူး”

ဥပရာဇာက ခေါင်းညိတ်လိုက်သည်။

“မောင်မင်းတို့ ကုမ္ပဏီစစ်သားများက နေဂရေမှာပဲ နေကြမှာ မဟုတ်လား...သန်လျင်ဘက်ကျော်မလာခဲ့ရင် ကျုပ်တို့ဘက်က ပြောစရာမရှိပါဘူး..လက်နက်တွေ နေဂရေ့ကို ရောက်ရင်..ဟော့ဒီက ကျုပ်ညီ ဦးဆောင်တဲ့ ရေတပ်နဲ့ လာသယ်မှာ

ပါ...ဟေ့..အောင်စရော...အခစားဝင်ဖို့ ခေါ်ထားရဲ့မဟုတ်လား..အခု ဝင်ခိုင်းလိုက်တော့”

ဦးအောင်မြ က တံခါးဝတွင် ဝပ်တွားနေသော အိမ်တော်စာရေးကို လှမ်းပြောလိုက်၏။

“မှန်ပါ...မနက်ကတည်းက မင်းသားအိမ်ကို လူလွှတ်ပြီး ပြောခိုင်းထားပါတယ်..ဒါပေမယ့်..မင်းသား က အခြား လုပ်စရာတွေရှိနေလို့..ညနေပိုင်းမှပဲ အခစားဝင်ပါ့မယ်ဆိုပြီး ပြန်ပြောလာပါတယ်..ဘုရား”

“အင်း..အောင်စ တစ်ယောက်နဲ့တော့ ခက်တာပဲ...ဘာတွေများအရေးတကြီးရှိလို့ ငါခေါ်တာတောင် မလာနိုင်ပါလိမ့်..ကဲ့ပါလေ...ကိုဇာနီကော့...မင့်လူတွေကို ပြောပါဦး...ဒီမိုးကုန်တာနဲ့ လက်နက်တွေကို ပဲခူးတပ်တွေအတွက် မဖြစ်ဖြစ်အောင် လုပ်ပေးပါလို့..ပြောလိုက်ချေ..ဟုတ်လား”

ဥပရာဇာဦးအောင်မြ က အိမ်ရှေ့ကွမ်းရေတော်ကိုင်ဆက်သသော ကွမ်းတယာကို ယူဝါးလိုက်ပြီး မတော်တပ်ထလိုက်သည်။

ကိုဇာနီကော့က ဘာသာပြန်ပြောပြနေရင်းမှ ဒူးတုပ်လိုက်သဖြင့် အင်္ဂလိပ်အရာရှိများပါ ဒူးတုပ်လိုက်ကြ၏။

ဥပရာဇာဦးအောင်မြ ထွက်ခွာသွားပြီဖြစ်သည်။

သောမတ်စ်တေလာ နှင့် ဒေးဗစ်ဟန်းတားတို့ အိမ်ရှေ့အိမ်တော်မှ ဆင်းလာကြ၏။

မြင်းများထားရှိသော မြင်းဇောင်းရှေ့တွင် မြင်းများကို ချည်တိုင်မှ ဖြုတ်ရင်း..

“မစ္စတာတေလာ...သူတို့ပြောတဲ့ထဲက သူကြီးအောင်ဇေယျ ဆိုတဲ့ နာမည်ကြားလိုက်တယ်...သူက ဘာလဲ”

“အင်း..ကျွန်တော်လည်း ဒီနာမည်ကို ကြားဖူးတာမကြာသေးပါဘူး...ပဲခူးဘုရင်က အင်းဝကို သိမ်းပိုက်နိုင်ခဲ့ပေမယ့် .. အဲ့ဒီသူကြီးကိုတော့ နှိမ်နင်းရခက်နေတယ်လို့ သိရတယ်... ပဲခူးသင်္ဘောဆိပ်က အညာဆန်လှေတွေဆီက ရတဲ့ သတင်းတွေအရတော့...အောင်ဇေယျဟာ အင်းဝနဲ့ မနီးမဝေးနယ်မြေအတော်များများကို သိမ်းပိုက်ထားပြီး..မြို့တော်အသစ်တောင် ထူထောင်ထားတယ်တဲ့”

“ဒီကိစ္စ ခင်ဗျား အသေးစိတ်စုံစမ်းပါ...မဒရပ်ဆီ အစီရင်ခံစာရေးတဲ့အခါ ဒီအကြောင်း ကိုလည်း ကျုပ်တို့ ထည့်ရေးမှဖြစ်မယ်....အဲ့ဒီ သူကြီးနာမည်က ဘယ်လို.”

“အောင်ဇေယျပါ”

“အောင်ဇေယျ..အောင်ဇေယျ”

အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၊ နေဂရေစ် ခေါ် ဟိုင်းကြီးကျွန်းကုန်သွယ်စခန်း၏ တာဝန်ခံ ဒေးဗစ်ဟန်းတာက ထိုအမည်ကို ထပ်ခါထပ်ခါ ရေရွတ်လိုက်သည်။

.....

“အို...ကျောက်ထမ်းတွေ...ဦးတိုင်ဆိုင်းကြိုးလေးတွေက အစပါတာပါလား...တယ်လဲ..လက်ရာမြောက်ပါဘိဗျာ”

မြင်းမှူးမင်းသား ဗညားဒလအောင်စ က သူ့လက်ထဲတွင်ရှိနေသော တပါလေ့ကြီး ပုံစံငယ်ကလေး ကို သဘောတကျဖြင့် ကြည့်ရှုနေသည်။

“ဒါမျိုး လက်ရာမြောက်အောင် ဘယ်သူကများ ထုလုပ်တာလဲ..နန်းသွယ်ရယ်”

“ဘယ်သူ ထုပေးတာပဲဖြစ်ဖြစ်...ရှင်ကြိုက်တယ်..မဟုတ်လား..မင်းသား.. ရှင်ကလေ့တွေနဲ့ ပတ်သက်ရင် အရူးအမူးပဲမို့..ကျွန်မ က ဒီလက်ဆောင်ပေးဖို့ စိတ်ကူးမိတာပါ”

အောင်စ က ပုံစံတူလေ့ကလေးကို ရေထဲတွင် သွားသည့်ဟန်မျိုး လုပ်လိုက်သည်။

“အင်း...ကျုပ် ကို သတိတရရှိနေလို့လည်း...အားရကျေနပ်မိပါတယ်လေ”

“ဒီလက်ဆောင်ကို ဟံသာဝတီတစ်ဖက်ကမ်းမြို့ဟောင်းမှာရှိတဲ့ အင်းဝက ပါလာတဲ့ ပန်းပုတော်သားတွေ ထုထားတာ...သူတို့ဆီကို ကျွန်မကိုယ်တိုင်သွားပြီး အသေအချာလေး လုပ်ဖို့ မှာချင်ပေမယ့်...ကျွန်မတို့မှာ သိတဲ့အတိုင်း ဒီနား ဒီနားတောင် ခွင့်တောင်းသွားနေရတာ..လက်ဂျာဗိုလ်နဲ့ လွိဇာဆီ ခွင့်ပြုချက်တင်ပြီးတာတောင်မှ မြို့ဝန်တပ်တွေနဲ့တွေ့ရင်...အတားအဆီးကခံရသေးတာ...မလွတ်မလပ်တဲ့ကြားကပဲ..လူကြုံနဲ့ ဒါမျိုးရဖို့..မှာရတာပါပဲ...ဘယ်တတ်နိုင်မလဲ..ကိုယ်တွေက...သုံ့ပန်းတွေကိုး”

နန်းသွယ်၏ လေသံက တိုးလျသွားသည်။

အောင်စ က နန်းသွယ်ကို ကြည့်ကာ သက်ပြင်းချလိုက်၏။

“နန်းသွယ်”

“ဘုရား”

“ကျုပ်က ဟံသာဝတီဘုရင်မင်းမြတ်ရဲ့ညီတော်ဗျ”

“အင်း..ဟုတ်တယ်လေ”

“ဟံသာဝတီ ရေတပ်နဲ့ မြို့စောင့်တပ်တွေဟာ ကျုပ်လက်အောက်မှာ...ရှင်ဘုရင်ပြီးရင်..အိမ်ရှေ့ဥပရာဇာဟာ ဟံသာဝတီမှာ တန်ခိုးအကြီးဆုံးပဲ.....သူတို့နှစ်ယောက်လုံးဟာ ကျုပ်အကိုတွေပ..ကျုပ်ကိုလည်း အကိုကြီး ဦးအောင်လုဘုရင်မဖြစ်ခင်က ဘွဲ့ဖြစ်တဲ့ ဗညားဒလဘွဲ့ပေးထားခဲ့ကြတာ..သိရဲ့မဟုတ်လား”

“သိပါရဲ့ရှင်...ကြောက်လည်းကြောက်မိပါရဲ့”

အောင်စ က နန်းသွယ်၏ ပုခုံးကို ဆုပ်ကိုင်လိုက်သည်။

“ဟင်အင်း..မကြောက်ရဘူးပါဘူးဗျ...ကျုပ်ရှိနေသမျှ ဒီဟံသာဝတီမှာ နန်းသွယ်ဘယ်သူ့ကိုမှ ကြောက်စရာမလိုဘူး”

နန်းသွယ်က ပုခုံးပေါ်တွင် ရှိနေသော အောင်စ၏ လက်ကို သူ၏ ပါးပြင်လေးစောင်းကာ ပွတ်သပ်လိုက်သည်။

အောင်စ ရင်ဘတ်တို့ ဒိန်းခနဲ ဒိန်းခနဲ ခုန်သွား၏။

“ဟံသာဝတီရဲ့ဘယ်နေရာမဆို..သွားနိုင်ခွင့်ပါတဲ့..မြင်းမူးမင်းသားဗညားဒလရဲ့ချိတ်တံဆိပ်တော် ကို နန်းသွယ် ဆီ မကြာခင်ပို့ပေးလိုက်မယ်..အဲ့ဒီချိတ်တံဆိပ်ပါလာရင်..ဘယ်သူမှ နန်းသွယ်ကို အတားအဆီးမရှိစေရ...ဟုတ်ပြီလား..နန်းသွယ်”

နန်းသွယ်၏ မျက်နှာလေး ဝင်းလက်သွားသည်။

“ဟို..နန်းသွယ်က သန်လျင်ကိုလည်း သွားလည်ချင်တာ..အဲ့ဒီမှာ ဘိုးဘိုးပဒေသရာဇာလည်း ရှိနေတယ်..သူ့ကို မတွေ့ရတာကြာလို့ သွားတွေ့ချင်သေးတာ”

“သန်လျင်လည်း သွားလို့ရပါရဲ့ဗျာ..ဒါပေမယ့်...အဲ့ဒီချိတ်တံဆိပ်က..နန်းသွယ် တစ်ယောက်တည်းသာ သွားခွင့်ရှိတာနော်..တခြားအင်းဝသူအင်းဝသားတွေ ခေါ်လို့မရဘူး”

“စိတ်ချပါ...နန်းသွယ်တစ်ယောက်တည်းပဲသွားမှာပါ...မမလွိဇာတို့ သန်လျင်သွားကြတဲ့အခါ လိုက်သွားမှာပေါ့..သန်လျင်က..ကျိုက်ခေါက်ဘုရားကြီးကိုသွားပြီး..နန္ဒာမင်းသားနဲ့ မွေ့နွန်းမင်းသမီးတို့အကြောင်းလေးတွေတွေးပြီး..ကိုယ်ချစ်တဲ့သူ ကျန်းမာပါစေ..ဘေးကင်းပါစေဆိုပြီး ဆုတောင်းခွင့်ရတာပေါ့ ”

အောင်စ က ကြည်ကြည်နူးနူးပြုံးလိုက်သည်။

“နန်းသွယ်....မင်းသားကို ကျေးဇူးတင်ပါတယ်နော်”

“မလိုပါဘူး...နန်းသွယ်ရယ်...တစ်ခုတော့..ကတိပေး..နန်းသွယ်”

“ဘာများလဲ”

“ဟော့ဒီ..ဟံသာဝတီပြည်ကြီး ပျက်စီးရာပျက်စီးကြောင်းကိုတော့ နန်းသွယ်မ ကြံစည် မဖော်ဆောင်ပါဘူးလို့..ကတိပေးပါ”

နန်းသွယ်က ခေါင်းကိုမော့ကာ ခပ်ဟဟလေး ရယ်မောလိုက်သည်။

“မင်းသားရယ်..ဒီမှာကြည့်စမ်းပါဦး..ဒီလောက်ပါးလှပ်လှပ်..ဖြူလျော်လျော် မိန်းကလေးက...ဟံသာဝတီမင်းနေပြည်တော်ကြီးကို ဖျက်စီးပစ်နိုင်မတဲ့လား...အင်း..ဟံသာဝတီနေပြည်တော်ကြီးမပြောနဲ့...ဟော့ဒီမှာ နန်းသွယ်ပုခုံးကို ဖျစ်ညှစ်ကိုင်ထားတဲ့ ဟံသာဝတီမင်းသားရဲ့လက်ကိုတောင် ရုန်းဖယ်နိုင်စွမ်းမရှိပါဘူး..ရှင်ရယ်..နော့”

“နန်းသွယ်”

အောင်စ က နန်းသွယ်၏ မေးစေ့ချွန်ချွန်ကို သူ၏ လက်ဖြင့် ပင့်တင်လိုက်သည်။

နန်းသွယ်၏ မျက်လုံးကလေးများက ခပ်စင်းစင်း။နှုတ်ခမ်းလေးက ခပ်ဟဟ။

မကြာမီ..အောင်စ၏ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများထံမှ ကြမ်းရှရှအထိအတွေ့ကို နန်းသွယ် ခံစားလိုက်ရသည်။

သက်တမ်းရှင့်ကျွန်းပင့်ကြီး၏ အရွက်ဖားဖားများက သူတို့နှစ်ယောက်ကြား နေပျောက်မထိုးစေရန်..မိုးကာပေးထားသကဲ့သို့။

.....
.....

“အို့..အို့..အေ..အေ”

မြတ်ထားသီရိ၏ မွေးကင်းစသားငယ်လေးကို ခင်ထော်မိက မွန်သားချော့တေး တစ်ပုဒ်ဖြင့် ချော့သိပ်နေသည်။

ခပ်လှမ်းလှမ်းကပ်ပျစ်တွင်ထိုင်လျက် ခင်ထော်မိ ကို လှမ်းကြည့်နေသော ရွှေကြူ၏ ပုခုံးကို တစ်စုံတစ်ယောက်က ဆုပ်ကိုင်လိုက်သည်။

“သြော်..ဗိုလ်တွန် ပြန်ရောက်ပြီလား”

“အင်း..ခင်ဗျားတို့လည်း...မိဖုရား ကို သွားခေါ်ကြတာဆို..ဘယ်နှယ့် အစောကြီး ပြန်ရောက်နေပါလား...ပြန်ရောပါလာရဲ့လား”

“မမခင်ယွန်းအကြောင်းလည်း ခင်ဗျားအသိသားပဲဗျ..စိတ်က ခပ်မာမာ ရယ်...မောင်အိုကတော့ သူ့အဖေ ကို ပြောပြီး ရအောင်ခေါ် ခဲ့မယ်ပြောတာပဲ..ကျုပ်က ကိစ္စရှိလို့ မနေ့က မနက်ကတည်းက ပြန်လာခဲ့တာ”

“ဘာကိစ္စလဲ..သူ့ကိစ္စမို့လား”

ငတွန် က ခင်ထော်မိကို မေးငေါ့ပြလိုက်၏။

ရွှေကြူက ရှက်ပြုံးပြုံးလိုက်သည်။

“မောင်ကြီးငတွန် ပြန်လာပြီကော...မောလာသလားတော့..အိမ်ပေါ်တက် ရေနွေးသောက်ပါလား..မြတ်ထား စားစရာတစ်ခုခုစီစဉ်လိုက်ပါ့မယ်”

မီးဖွားပြီးခါစ မြတ်ထားသီရိ ၏ အသားအရည်လေးများက လူးထားသော ဆန္ဒင်းကြောင့် ပို၍ ဝါညက်နေသည်။

“နေပါစေ..မြတ်ထား...ကျုပ်...ဒီမှာ ရွှေကြူနဲ့ စကားပြောစရာရှိနေလို့..ပြီးရင်...အိမ်ပေါ်လာခဲ့ပါမယ်..ခင်ထော်မိ ကို ဒီကို လွှတ်လိုက်ပါဦး”

မြတ်ထားသီရိက အိမ်ဘက်သို့ လျှောက်သွားသည်။

“ဘာကိစ္စများ ပြောစရာရှိလို့လဲ..ဗိုလ်တွန်”

“အင်း...မကြာခင်မှာ ကျုပ်တို့ အင်းဝကို အပြီးသိမ်းဖို့ စီစဉ်ထားပြီးတာ ခင်ဗျား သိတယ်မဟုတ်လား...အင်းဝအောက်ဘက်.လောင်းသာမှာ ဟံသာဝတီတပ်တွေ ကလည်း အခိုင်အဖိုးနဲ့ကို ခံစစ်ပြင်ထားနေကြပြီ”

“အင်းလေ..သိပြီးသားကိစ္စပဲဗျာ”

“ဒီတိုက်ပွဲဟာ ကျုပ်တို့ အတွက် အဆုံးအဖြတ်တိုက်ပွဲကြီးပဲ..ဒီပွဲပြီးရင် နောက်ထပ် စစ်ပွဲတွေက ပိုပြီး စိပ်လာဖို့ပဲ ရှိတော့တယ်...ကျုပ်တို့ စစ်ထွက်ချိန်ဟာ..နှစ်နဲ့ချီပြီကြာချင်ကြာသွားနိုင်တယ်..အဲ့ဒီအချိန်မှာ....ခင်ထော်မိ ကို ခင်ဗျား..ဒီမုဆိုးဖို့မှာပဲ ထားရစ်ခဲ့နိုင်ရဲ့လား”

ထိုအချိန်တွင် ခင်ထော်မိ က သူတို့ကို ပြုံးပြန္နတ်ဆက်ကာ အနီးသို့ ရောက်လာ၏။

ရွှေကြူ၏ နဘေးတွင် ဝင်ထိုင်လိုက်သည်။

ရွှေကြူ က ခင်ထော်မိ ဘေးမှာလာထိုင်သည်နှင့် ခေါင်းကို ငုံ့ထားလိုက်၏။

“ရွှေကြူ....ကျုပ်ပြောပြမယ်..အခု ခင်ထော်မိ ကို လာခေါ်တဲ့သူတွေ...ရောက်နေပြီ”

“ဘာ..ဘယ်သူ”

ရွှေကြူ ခေါင်းထောင်လာ၏။

“ဟုတ်တယ်...အင်းဝကနေ တဆင့် ခင်ထော်မိကို ဟံသာဝတီကို ပို့ပေးဖို့ လိုက်လာတဲ့သူတွေပဲ.....သူတို့ ဒီရွှေဘို မြို့ပြင်မှာ ရှိနေတယ်”

ငတွန်စကားကြောင့် ခင်ထော်မိ ပါ တအံတသြဖြစ်သွား၏။

“ဟံသာဝတီက လာကြတာလား...အဖ တို့လား”

“မဟုတ်ဘူး...နှမ..ကျုပ်အသိတွေပါ..မင်း..လွိဇာကို သိလား”

“လွိဇာ..ဟံသာဝတီမှာနေတုန်းကတော့ နာမည်ကြားဖူးပါတယ်...ဟံသာဝတီနန်းတွင်းက အရေးပေးရတဲ့ ဗရင်ဂျီကုန်သည်မဆိုတာ”

“အင်း..ဟုတ်တယ်..သူက ငါ့ရဲ့.....အင်း...ငါမိတ်ဆွေပဲ...သူက မင်းကို ဟံသာဝတီကို ပြန်ခေါ်သွားပေးဖို့ လူလွှတ်လိုက်တာ”

“သူတို့ အခုဘယ်မှာလဲဟင်”

ခင်ထော်မိ အသံက တက်ကြွနေသည်။

ရွှေကြူကမူ စကားလုံးဝမပြောတော့ပဲ ခေါင်းကိုသာ ပြန်ငုံ့ထား၏။

ထိုအခါမှ ခင်ထော်မိက ရွှေကြူကို သတိထားမိသွားသည်။

“ကိုကြီးရွှေကြူ...ခင်ခင်..ပြန်လိုက်သွားရမလားဟင်”

ရွှေကြူ ခေါင်းပြန်မော့မလာသေး။

ငတွန်က ရွှေကြူ၏ ပုခုံးကို လက်သီးဖြင့် ခပ်ဖွဖွထိုးလိုက်သည်။

“ငါ့လူ..ကြက်ကြီးလည်လိမ်ထားသလို လုပ်မနေနဲ့..တခုခုတော့ပြောဦး..ကျုပ်က ခင်ဗျားဆုံးဖြတ်ချက်အတိုင်းပဲ လုပ်မှာ”

ရွှေကြူ ခေါင်းပြန်မော့လာသည်။ ခင်ထော်မိ အား စိုက်ကြည့်လိုက်၏။

“ခင်ခင်..က..ဒီမှာ မပျော်တော့ဘူးလား”

“အဲ့ဒီလိုတော့..ဘယ်ဟုတ်ပါ့မလဲ”

ခင်ထော်မိ အသံက ခပ်တိမ်တိမ်။

“ခင်ခင် ပြန်ချင်ရင် ပြန်ပါ..ကျုပ် ဘာမှ မပြောလိုပါဘူး”

သူတို့နှစ်ဦး အတန်ကြာတတ်ဆိတ်နေကြ၏။

“ကဲ...ခင်ဗျားတို့နှစ်ယောက်..ညှိစရာရှိတာ ညှိကြဦး...ကျုပ်မှာလည်း မြတ်ထားသီရိနဲ့ ပြောစရာရှိသေးတယ်..ခဏနေပြန်လာခဲ့မယ်”

ငတွန် ထထွက်သွားသည်။

“ကိုကြီးရွှေကြူက ပြန်မလိုက်နဲ့ဆို...ခင်ခင် ပြန်မလိုက်ပါဘူး”

ခင်ထော်မိ အသံက အဝေးကြီးမှ လာသကဲ့သို့။

ရွှေကြူ က ခေါင်းကို ပြန်ငုံ့ထားသည်။

ခင်ထော်မိ၏ လက်တစ်ဖက်က ရွှေကြွေ၏ လက်ပေါ်သို့ လာတင်သည်။

ရွှေကြွေ ဆတ်ခနဲဖြစ်သွား၏။ ခင်ထော်မိ၏ လက်ကို ရုန်းဖယ်လိုက်သည်။

“မင်း..ပြန်လိုက်သွားရမယ်..ငါ့မ....မင်းဇာတိမြေ ကို မင်းပြန်ရမယ်လို့ ငါကတိပေးထားတာပဲ..မင်းပြန်ရမယ်”

ခင်ထော်မိက အိခနဲ ရှိုက်လိုက်သည်။

“ခင်ခင် ဟံသာဝတီကိုပြန်သွားတာနဲ့..ခင်ခင်နဲ့ ကိုကြီးရွှေကြွေဟာ ရန်သူတွေဘဝရောက်သွားကြမှာလားဟင်”

ရွှေကြွေမှာ အလန့်တကြားဖြင့် မတ်တပ်ရပ်လိုက်၏။

“ခင်ခင်....မင်းက ကျွပ်ရန်သူမဟုတ်ဘူး..ဘယ်တော့မှ ကျုပ်ရန်သူဖြစ်လာမှမဟုတ်ဘူး...စိတ်ချပါ....ကျုပ်..ခင်ခင့်ကို.....”

ခင်ထော်မိ က ရွှေကြွေ နှင့် ယှဉ်လျက် မတ်တပ်ရပ်လိုက်သည်။

ထို့နောက် ရွှေကြွေ၏ ခါးကို အားကုန်သိုင်းဖက်ကာ ရင်ခွင်ထဲ တိုးဝင်လိုက်၏။

“ဘယ်နေရာရောက်ရောက်..ကိုကြီးရွှေကြွေကို ခင်ခင်စောင့်နေမယ်”

သူတို့နှစ်ဦး၏ အဖြစ်သနစ်အား ငတွန်တစ်ယောက် ဂရုမစိုက်အား။

အိမ်ပေါ်တွင် လွတ်လွတ်လပ်လပ် ကလေးနို့တိုက်နေသော မြတ်ထားသီရိ၏ ရင်ခွင်လမင်းဖွေးဖွေးတစ်စုံကို ငတွန် ခေတ္တမျှငေးမိသွားသည်။

မြတ်ထားသီရိက မော့ကြည့်သည့်အခါမှ ငတွန်က လှစ်ခနဲ မျက်နှာလွှဲလိုက်၏။

မြတ်ထားသီရိက အနားမှ တဘက်ကိုယူကာ ဖုံးလိုက်၏။

“လာ..ထိုင်လေ...မောင်ကြီး”

မြတ်ထားသီရိက ငတွန်ကို ပြုံးပြလိုက်သည်။

ငတွန်က မြတ်ထားသီရိကို မကြည့်။ အိမ်ရှေ့ခေါ်လှမ်းလှမ်းတွင် တင်းတင်းကြပ်ကြပ်ဖက်ထားကြသည် ရွှေကြွေတို့ ဘက်သို့ ကြည့်နေသည်။

သို့သော်ငြား..သူ၏ စိတ်တို့ကလည်း ထိုစုံတွဲဆီတွင်မရှိ။

“ငါ..လက်ထပ်တော့မယ်”

ငတွန်၏ အသံက ခြောက်ကပ်နေသည်။

“ရှုန်”

“ဟုတ်တယ်..မနေ့က မုဆိုးခြုံသွားတာ...တခြားမဟုတ်ဘူး..ငါငယ်ငယ်က ကျေးဇူးရှိကြတဲ့ မွေးစားမိဘများဆီ သွားတာပါ... ငါ့ရဲ့ မွေးစားမိဘများမှာ သမီးတစ်ယောက်ရှိတယ်...ထွေးပုလို့ ခေါ်တယ်...မိဘများကလည်း အသက်ကြီးပြီဆိုတော့...ထွေးပုကို ငါနဲ့ပဲစိတ်ချချင်ရှာတယ်...အခုတော့.ငါ.. သူ့ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာ..မြတ်ထား”

မြတ်ထားသီရို က ခေါင်းငုံ့လိုက်သည်။ မျက်ရည်တစက်က ခြုံထားသော တဘက်ပေါ်သို့ ပေါက်ခနဲ ကျသွား၏။

“မောင်ကြီး....မောင်ကြီးစိမံတဲ့အတိုင်း...မြတ်ထား...ကိုအောင်ဇေယျကို လက်ထပ်မှာပါ...မြတ်ထားအတွက်နဲ့ တော့ မောင်ကြီး မချစ်တဲ့သူနဲ့ အိမ်ထောင်ပြုလိုက်ရတာမျိုး မဖြစ်စေချင်ဘူး”

“ငါက..ရှေ့မှာ စစ်ပွဲတွေအများကြီးကို တိုက်ရဦးမယ်...မြတ်ထား...အလောင်းဘုရားဘုရင်ရဲ့ မိဖုရားဘဝ ကသာ မင်းကို ပိုလုံခြုံစေမှာပါ...ငါ့ကို နားလည်ပေးပါ”

“နားလည်ရမယ်တဲ့လား..မောင်ကြီးရယ်..မောင်ကြီးကသာ မြတ်ထားကို နားမလည်ခဲ့တာပါ”

“ဝါထွက်တာနဲ့....ထွေးပုကို ငါ သွားတောင်းရမ်းတော့မယ်..မြတ်ထား”

“မောင်ကြီး...မြတ်ထား တစ်ခုတော့ မေးမယ်..မောင်ကြီး မှန်မှန်ဖြေပေးပါ”

ငတွန်က ခေါင်းငြိမ့်လိုက်သည်။

“ဒီကာလတွေအတွင်းမှာ မြတ်ထားအပေါ်မှာ မောင်ကြီး စိတ်ခံစားမှုတစ်ခုခုရှိခဲ့လား”

“မင်းက ငါ့သူငယ်ချင်း ဗညားကျန်းတောရဲ့ ရည်းစားလေ”

“ဟုတ်ရဲ့လား....မြဲတ်ထားအပေါ် မောင်ကြီး ကယ်တင်ခဲ့၊ ဂရုစိုက်ခဲ့တာတွေက..အဲ့ဒီတစ်ခုတည်းအတွက် ဟုတ်လို့လား”

ငတွန်က မတ်တပ်ထရပ်လိုက်သည်။

“ငါက စစ်ပွဲတွေကိုပဲ ရည်းစားတော်ပစ်လိုက်ပြီ..မြတ်ထား...ချစ်ခြင်းမေတ္တာတစ်ခုတည်းအတွက်နဲ့ ငါဘဝ အကြာကြီးလေလွင့်ခဲ့ပြီးပြီ....တကယ်တော့..အိမ်ထောင်ပြုတယ်ဆိုတာ..အချစ်ဆိုတာထက်..ကိုယ်နဲ့အဆင်ပြေမယ့် အရာကို ရွေးချယ်ကြတာပါပဲ...ဘာမှမဟုတ်ပါဘူး”

ငတွန်က ချာခနဲလှည့်ထွက်သွား၏။

ရွှေကြူနှင့် ခင်ထော်မိတို့က ငတွန် ကို တွေ့လိုက်သည့်အခါမှလူချင်း ခွာလိုက်ကြသည်။

“ကဲ..ခင်ဗျားတို့ အဖြေထွက်ပြီလား”

“သူ့ကို ပြန်ထည့်ပေးလိုက်မယ်..ဗိုလ်တွန်..ခင်ဗျားလူတွေက စိတ်ချရပါတယ်နော်”

“ဒီကာလကြီးမှာ ဘာကိုမှတော့ အာမ မခံနိုင်ဘူးလေ..ဒါပေမယ့်..အတတ်နိုင်ဆုံးတော့ ခင်ဗျား မိန်းကလေးကို ဘေးကင်းအောင် ခေါ်သွားဖို့ ကျုပ် ပြောလိုက်ပါ့မယ်”

“တစ်ခုတော့ သတိထားဗိုလ်တွန်..ဟိုကောင်..ကျုပ်တူ..မောင်ရွှ..ဒီကိစ္စကို လုံးဝသိလို့မရဘူး...ဒီကောင်က အတော် မွှေနှောက်တဲ့ကောင်မို့”

“ဟုတ်ပြီ..ကျုပ် စီစဉ်လိုက်ပါမယ်..အခုလောလောဆယ်တော့..လာခေါ်တဲ့သူတွေကို ရွှေဘုံမြို့ပြင်က ဇရပ်အသစ်မှာ ထားခဲ့တယ်...ဒီရက်ပိုင်အတွင်းပဲ ကျုပ် စီစဉ်လိုက်မယ်”

ငတွန်က ခြံဝန်းအတွင်းမှ ထွက်သွားသည်။ ရွှေကြူကလည်း နောက်မှ လိုက်လာ၏။

“ဗိုလ်တွန် ခင်ဗျား ဘယ်သွားမလို့လဲ”

“ဘယ်ရယ်မဟုတ်ဘူး..ကျုပ်..စိတ်တွေ...အရင်လို လေလွင့်ပစ်လိုက်ချင်နေတယ်”

“ကျုပ်လည်း အတူတူပဲ....လာဗျာ..အနောက်ဈေးသစ်တန်းမှာ ရှမ်းပြည်က တရုတ်တကောင် အရက်ကောင်းကောင်းတွေ ရောင်းနေတယ်...တခွက်တဖလား..စိတ်ဖြေကြတာပေါ့”

.....

“ဟေ့လူတွေ..ထကြ..ဟေ့လူတွေ..ဘယ်လိုကောင်တွေလည်း..ညကလည်း မပြန်ဘူး..ခုလည်း ငါ့ဆိုင်ခုံပေါ် အိပ်နေကြတယ်..ထကြစမ်းကွ..ကျက်သရေမရှိဘူး”

ရွှေဘိုမြို့အသစ်စက်စက်ကလေးတွင် အရက်လာရောင်းသည့် ထောင်ကဲ၏ အသံက ညံထွက်သွားသည်။

အနောက်ဘက်ဈေးတန်းမှာလည်း စည်ကားစ ပြုနေပြီမို့..လူအများက ညပိုင်းက အမူးလွန်သွားသည့် လူနှစ်ယောက်နှင့် ထောင်ကဲအဖြစ်ကို ကွက်ကြည့်ကွက်ကြည့်သွားကြသည်။

ငတွန်က လေးတီလေးကန်ဖြင့် မျက်လုံးကို ဖွင့်လိုက်၏။

“ဘာလဲ..ဟေ့ကောင်”

“ငါ့ဆိုင်ပေါ် နင်တို့ တက်အိပ်နေတယ်လေ..ဖယ်ကြလို့ ပြောနေတာ”

ငတွန်က ရွှေကြူကို လှုပ်နှိုးလိုက်၏။

ထိုအချိန်တွင် ဈေးအတွင်း လူအများက လမ်းဘေးသို့ဆင်းကာ ဒူးထောက်လိုက်ကြသဖြင့် ထောင်ကဲပါ အလန့်တကြားဖြင့် ဒူးထောက်လိုက်သည်။

ထီးနီဆောင်းထားသော ဘုရင့်ယောက်ဖတော်မောင်အို နှင့် စစ်သည်တော်များဝင်လာကြခြင်းဖြစ်သည်။

အကျောဆန့်နေကြသည့် ငတွန်နှင့် ရွှေကြူထံသို့ မောင်အိုက တန်းတန်းမတ်မတ် လျှောက်သွား၏။

“ဟာ..ဗိုလ်တွန်..ရွှေကြူ..ခင်ဗျားတို့ ပျောက်နေလို့ မနက်အစောကတည်းက လိုက်ရှာနေတာ....ဒီမှာ ဘယ်လိုဖြစ်လို့ လာအိပ်နေကြတာလဲ”

“ဟ..ငအို..မင်းပြန်ရောက်လာပြီလား..ဘယ့်နယ့်..မင်း အမတော် ပြန်ပါလာရဲ့လား”

“ပါမလာပေါင်ဗျာ..ထားလိုက်..အခုက အရေးကြီးတယ်..ခင်ဗျားတို့ ညီလာခံ ချက်ချင်းဝင်ရမှာမို့...အဝတ်အစားပြန်လဲရအောင်..လုပ်တော့ဗျိုး”

“ဟေ..ဘာတွေများအရေးကြီးနေတာလဲကွ”

“အင်းဝတပ်မှူးဟောင်း ရဲခေါင်စံကျော်ရယ်၊ ကွေ့တွေ့လွတ်လိုက်တဲ့ တရုတ်ဝန်ဆိုတဲ့သူရယ်.. ကျုပ်တို့ ဆီ ခိုဝင်လာတယ်..အဲဒီကိစ္စ မင်းတရားကြီးက တပ်မှူးစုံရာနဲ့ ညီလာခံပြုပြီးမှ တွေ့ဆုံလက်ခံတော်မူမလို့...ကဲ..မြန်မြန်လာကြဗျာ..ဟိုဘက်မှာ မြင်းတွေအဆင်သင့်ရှိတယ်”

“တယ်..သောက်လုပ်ရှုပ်တဲ့ အင်းဝတပ်မှူးကွာ..ဒီမှာက ခေါင်းကိုက်တာတောင် မပျောက်သေးဘူး”

ရွှေကြူက ညည်းညည်းညူညူဖြင့် ထသွားသည်။ငတွန်ကမူ ..ထိုအခါမှ ပတ်ဝန်းကျင်မှ လူများကို ကြည့်ကာ ရှက်ကိုးရှက်ကန်းဖြစ်သွား၏။

သူတို့အနီးတွင် ဒူးထောက်နေသော အရက်ရောင်းသူ ထောင်ကဲမှာမူ ခေါင်းငုံ့ထားလျက်က လက်များ တဆတ်ဆတ်တုန်ရီနေသည်။

ညက သူ့ဆိုင်တွင် အရက်သုံးအိုးမှာသောက်ပြီး ဆိုင်ခုံပေါ်တွင်ပင် အိပ်နေသဖြင့် သူနှင့်လွတ်မိသူများမှာ..နန်းတော်သစ်မှ တပ်မှူးများဖြစ်နေသည်မဟုတ်လား။

“ဟေ့လူ...ကျုပ်မှတ်မိပြီ..ညက ကျုပ်တို့ ခင်ဗျားဆီမှာ..ရွှက်နီ နှစ်ကျပ် အကြွေးကျန်နေတယ်..မဟုတ်လား”

“မဝံ့ပါ..တပ်မင်းဘုရား..မဝံ့ပါ”

“ကိုအိုး...ခင်ဗျားမှာ ရွှက်နီပါရင်...နှစ်ကျပ်လောက်..ထောင်ကဲကို ပေးလိုက်ပါဗျာ..ကျုပ်ပြန်ဆပ်ပါ့မယ်.ညက ကျုပ်တို့မှာ ပေးစရာမရှိတော့လို့..သူ့ဆိုင်ကို ညစောင့်လုပ်အိပ်ပေးလိုက်ကြတာ”

ငတွန်က ပြောပြောဆိုဆိုနှင့်ထွက်သွား၏။

ငအိုးမှာ ခေါင်းကိုကုတ်လိုက်ပြီး သူ့အိတ်ထဲမှ ရွှက်နီငွေကို ထုတ်ရေတွက်လိုက်တော့သည်။

အခန်း (၁၆)

ညီလာခံဆောင်၏ အနောက်ဘက် မြေနန်းပြဿာဒ်ဆောင်။

အောင်ဇေယျနှင့်အတူ သားတော်သုံးဦး၊ ညီငယ်ရွှေဂူ၊ စည်သာမင်းကြီးဦး စည်းစိမ်၊ စာဆိုပညာရှိများဖြစ်သော ငသြ၊ ငမြတ်စံ၊ ငနေ၊ တပ်မှူးများဖြစ်သော ငကောင်း၊ ငသာ တို့ ရှိနေကြသည်။

ငအိုးနှင့်အတူ ငတွန်၊ ရွှေကြူတို့ က အောင်ဇေယျထိုင်နေသည့် သလွန်ရှေ့တွင် ဒူးထောက်ပျပ်ဝပ်ကာ ရှိခိုးလိုက်ကြ၏။

“ဗိုလ်တွန်နဲ့ ရွှေကြူ..မောင်မင်းတို့ကို စောင့်နေကြတာ..ဘယ်တွေများ သွားနေကြတာလ”

ငတွန်နှင့် ရွှေကြူက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

“မှန်ပါ... မြို့ထဲစောစောစီးစီး သတင်းစကားများ စနည်းနာထွက်နေကြတာပါ”

“အေး..ရှိစေတော့...အခု ဒီထဲမှာ ရှိနေကြတဲ့လူအားလုံးဟာ ငါ့မိသားစုလို ငါယုံကြည်ရတဲ့ လူတွေပဲ ဖြစ်တယ်..ငါတို့ဟာ မိသားစုတွေဆိုတာ အရင်မှတ်ကြ...အခု တိုင်ပင်ချင်တာက...ငါတို့မှာ သံတမန်ရေးရာ အရ အရေးကြီးဆုံး အခြေအနေတစ်ခုကို ကြုံနေရပြီ..အခု ရှေ့က ညီလာခံဆောင်မှာ အဖွဲ့နှစ်ဖွဲ့ ရှိနေကြတယ်..တစ်ဖွဲ့က ဟံသာဝတီဘက်ကနေ ဘက်ပြောင်းလာတဲ့ တပ်မှူး ရဲခေါင်စံကျော်ငယ်နဲ့အဖွဲ့ပဲ...ရဲခေါင်စံကျော်ဟာ အင်းဝဘုရင်ဆီကနေ ဟံသာဝတီကို သစ္စာခံခဲ့တဲ့သူ....ပြောရရင် သစ္စာဖောက်ဖူးတဲ့သူပဲ... နောက်တစ်ဖွဲ့ကတော့..ကွေ့ဂုဏ္ဍာအိမ်က လွှတ်လိုက်တဲ့ တရုတ်ဝန် ကျော်သူ ဆိုတဲ့သူပဲ...ကျော်သူ က အရင်က အင်းဝမင်းမှုထမ်း၊ အခုတော့..ကွေ့တွေဆီခိုဝင်နေတဲ့သူ..သူရောက်လာတဲ့အကြောင်းက...ဂုဏ္ဍာအိမ်ဟာ ငါ့သစ္စာကိုခံမယ်...ငါကိုယ်တော်တိုင် သူရှိရာ အုတ်ဖိုကို လာရောက်သစ္စာပေးမှ မြို့ကိုပါ အပ်နှံမယ်လို့ ဆိုလာတယ်”

အောင်ဇေယျက စကားဆုံးသည်နှင့် သူ၏ သားတော်များနှင့်တပ်မှူးများကို တချက်အကဲခတ်လိုက်သည်။

“နောက်ထပ် ပြဿနာတစ်ခုက ရဲခေါင်စံကျော်ဆီက ကြားရတဲ့သတင်းပဲ...သတင်းအရ ဂုဏ္ဍာအိမ်ဟာ ဟံသာဝတီတပ်တွေကိုလည်း သစ္စာခံမယ်ဆိုပြီး ခေါ်ယူပြီး..အဆိပ်ခတ်သတ်ခဲ့ဖူးတယ်...အခု ကိစ္စဟာလည်း ဥပါယ်တံမျဉ်ပဲ ဖြစ်ဖို့များတယ်..ဘယ်လိုသဘောရကြလဲ”

“မှန်ပါ...ယုံစားစရာမရှိတာကတော့..နှစ်ဖွဲ့လုံးပါပဲ..ဒါပေမယ့်...ကွေ့တွေ ဟံသာဝတီတပ်များကို အဆိပ်ခတ်သတ်ခဲ့တယ်ဆိုတဲ့ သတင်းကတော့ မှန်ကန်ပါတယ်..ဘာကြောင့်လဲဆိုတော့ ကျွန်တော်မျိုး ရဲ့ မိတ်ဆွေအင်းဝက အထည်ကုန်သည်လင်မယားနှစ်ယောက် မုဆိုးဖိုမြို့ပြင်မှာ ရောက်ရှိနေကြပါတယ်...သူတို့ဆီက ကြားရတဲ့သတင်းအရ...အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး ဂုဏ္ဍာအိမ်နဲ့ သူ့မှ နားလဲ တို့ သဘောထားကွဲလွဲကြပါတယ်..နားလဲ ဟာ သူ့အကို့ရဲ့သစ္စာမဲ့မှုကို သဘောမတူလို့...မတ္တရာအုတ်ဖိုကို စွန့်ခွာပြီး အင်းဝမြို့ကို ရောက်ရှိလို့နေပါတယ်တဲ့..ဘုရား”

ငတွန်၏ လျှောက်တင်မှုကြောင့် အောင်ဇေယျက မျက်ခုံးကို ပင့်ကာ စဉ်းစားလိုက်သည်။

“ဒါဆို...ဒီသတင်းအတည်ပေါ့”

“မှန်ပါ”

“အင်း....ငါတို့ကို လုပ်ကြံသတ်ဖြတ်ဖို့အရေး...ငါတို့ဆီကိုတောင် အရောက်လာရဲကြတဲ့ ကောင်တွေပါလား... ဒီအတိုင်းဆို..ဒင်းတို့ အားလုံးကို ကွပ်မျက်ပစ်ရမယ်...ငါ့ထဲ အရင်ဆုံးခွဲဝင်လာပြီး အယုံသွင်းနေတဲ့ ကွေ့ သူရဲကောင်း ငနက်လည်း သင်းတို့နဲ့ တကျိပ်တည်း တဉာဏ်ထဲပေပဲ”

“မင်းတရားကြီး..အနေနဲ့..ရဲခေါင်စံကျော်တို့ကိုတော့ အသာအယာလက်ခံပြီး စောင့်ကြည့်စေချင်ပါတယ်... ရဲခေါင်စံကျော်ဟာ အင်းဝမင်းကိုတစ်ခါ..ဟံသာဝတီမင်းကိုတစ်ခါ နှစ်ခါ သစ္စာဖောက်ဖူးပါတယ်...သူဟာ သုံးခါမြောက် သစ္စာဖောက်ဖို့လည်း ဝန်လေးမယ့်သူမဟုတ်ပါဘူး...သာတဲ့ဘက်ကို ပြေးကပ်တတ်တဲ့သူပါ..ဒါကြောင့် သူ့ကိုလည်း စောင့်ကြည့်ဆက်ဆံစေချင်ပါတယ်”

စည်သာမင်းကြီးက ဝင်ရောက်လျှောက်ထားသည်။

“မောင်ရွှေယဉ်....မင့် လေးဆယ်တော်သားအဖွဲ့ကိုခေါ် ပြီး..ညီလာခံဆောင်ကို အခုပဲသွား... တရုတ်ဝန်နဲ့ အဖွဲ့ကို ငါကိုယ်တော်က သီးသန့်တွေ့ချင်တယ်ဆိုပြီး သွားခေါ်ထုတ်လာချေ..ပြီးရင် တယောက်မကျန် ကွပ်...ငကောင်း က နင့်အစုအဖွဲ့မှာ တာဝန်ထမ်းနေတဲ့ ကွေ့ငနက်ကို ဖမ်းပြီး ချက်ချင်းသုတ်သင်.....အင်းဝ

ကို မလုပ်ကြံခင်..ဂုဏ္ဍာအိမ်ကို ဒီအတိုင်းထားရင် မုဆိုးဖိုအတွက် နောက်ကြောင်းမအေးဖြစ်ရမယ်.. ဒီတော့..သားတော်မောင်လောက်၊ မောင်ပိုး နဲ့ ဗိုလ်တွန်၊ ငကောင်း တို့က ဝါမထွက်ခင်...ဂုဏ္ဍာအိမ်ကို အပြီးသတ်ချေမှုန်းဖို့ စစ်ကြောင်းတွေ တိုင်ပင်စီစဉ်ကြချေ.....ရဲခေါင်စံကျော်ကိုတော့ စည်သာမင်းကြီးနဲ့အတူ ငါကိုယ်တော်တိုင် လက်ခံတွေ့မယ်”

.....
.....

ငတွန်က ဇရပ်ရှေ့တွင် မြင်းကို ရပ်လိုက်သည်။

ငလှေးနှင့် မယ်ဖူး က အထုပ်အပိုးများ အသင့်ပြင်ထားပြီဖြစ်၏။

“အင်းဝက လာတဲ့အထည်သည်နှစ်ဦးအကြောင်းကိုတော့ ရှင်ဘုရင် နားထဲရောက်အောင် ငါပြောပြီးပြီ... မင်းတို့ အခု မြို့ထဲ ဝင်ဖို့ လာခေါ်တာပဲ”

“မြို့ထဲမှာ ခင်ထော်မိ ရှိနေလား”

“ဟုတ်တယ်...သူ ညည်းတို့နဲ့ အတူလိုက်ဖို့ အဆင်သင့်ဖြစ်နေပြီ”

ငလှေးနှင့် မယ်ဖူးမှာ စိတ်လှုပ်ရှားမှုအပြည့်ဖြင့် လှည်းပေါ်သို့ တက်လိုက်ကြ၏။

“ဒီနေ့တော့ မြို့ထဲမှာ အထည်ရောင်းတဲ့ကိစ္စကို အယောင်ပြလုပ်လိုက်ကြပေါ့..မနက်ဖြန် မနက်စောစော မြို့တံခါးဖွင့်ချိန်မှာ မိန်းကလေးကို လှည်းပေါ်မှာ ဝှက်တင်ပြီး သွားကြပေရော့...တစ်ခု မှာချင်တာက မင်းတို့တွေ...မိုးမကုန်ခင်..အင်းဝကနေ ထွက်ကြပါ...မကြာခင်မှာ အင်းဝကို စစ်ကြီးရောက်ဖို့ရှိတယ်..ကဲ..မြို့ထဲဝင်ကြစို့”

.....
.....

ကျင်းစ အာရုဏ်နှင့်အတူ မိုးက ခပ်ဖွဲဖွဲရွာချလိုက်သည်။

ငလှေးက သူဆောင်းနေကျ ခမောက်ရှည်ကြီးကို ဆောင်းလျက် လှည်းပေါ်တွင် ထိုင်နေ၏။

အားလုံးအသင့်ဖြစ်နေကြပြီ။

“မိန်းကလေး...လှည်းပေါ်တက်တော့လေ”

ငတွန် ၏ စကားကို ခင်ထော်မိ မကြား။ မိုးဖွဲဖွဲအောက်မှ လမ်းမကိုသာ ငေးနေတော့သည်။

“မယ်ဖူး..သူ့ကို ခေါ်သွားတော့..မြို့တံခါးမှာ လူအရမ်းမရှုပ်ခင်..ထွက်သွားကြတာကောင်းတယ်”

မယ်ဖူးက ခင်ထော်မိ ၏ ပုခုံးကို ဖက်လိုက်သည်။

“သူ...ကျွန်မကိုတောင် လာမနှုတ်ဆက်တော့ဘူးလား”

ခင်ထော်မိအသံက အဝေးကြီးမှ လာသည့်အသံကဲ့သို့..တိုးအက်အက်။

နဘေးတွင်ရပ်နေသော မြတ်ထားသီရိ က ခင်ထော်မိ၏ လက်ဖဝါးများကို ဆုပ်ကိုင်လိုက်သည်။

“မမမြတ်ထား...သူ..ကျွန်မကို စိတ်နာသွားပြီလားမသိဘူး”

“အဲ့ဒီလိုတော့ မဟုတ်ပါဘူး....ငါ့ညီမကို သူ..နားလည်မှာပါ..သူက စိတ်သဘောထားပြည့်ဝတဲ့ ယောကျ်ားတစ်ယောက်ပဲကိုး”

“ဟုတ်ပါတယ်လေ...ဘာပဲဖြစ်ဖြစ် ကိုကြီးရွှေကြူနဲ့ ကိုအိုရော....ဟော့ဒီက ဦးလေးတွန်နဲ့ မမမြတ်ထားရောက...ကျွန်မအပေါ် ကျေးဇူးကြီးကြပါတယ်...ကျွန်မဒီမှဆိုးဖို့မှာ ဘေးမသီရန်မခပဲ နေခဲ့ရတဲ့ ကာလတွေကို အမြဲသတိရနေမှာပါ...ကျွန်မ ကန်တော့ခဲ့ပါရစေ”

ခင်ထော်မိ က မြေပြင်တွင် ဒူးထောက်ကာ လက်အုပ်ချီလိုက်သည်။

“ကဲ..ထပါ..မိန်းကလေး...ဦးလေးတွန်တော့မလုပ်နဲ့..ကိုကြီးတွန်လောက်တော့လုပ်လိုက်..ဟုတ်ပြီလား.. ဘယ့်နယ့်..သူ့အကောင်ကြီးကိုကျ.. ကိုကြီးရွှေကြူတဲ့..ငါ့ကျ..ဦးလေးတွန်တဲ့...ညည်းဟာက.မနှိပ်လိုက်တာဟာ”

ငတွန်က ခင်ထော်မိ ၏ ပုခုံးကို ဖေးမကာ ထူရင်း ရယ်ကျဲကျဲဖြင့် ပြောလိုက်၏။

ဆွေးမြေ့တဒင်္ဂများကြားမှ ငတွန်၏ စကားကြောင့် မြတ်ထားသီရိပင် ပြုံးစစဖြစ်သွားသည်။

ခင်ထော်မိ က လှည်းပေါ်သို့ တက်သွားသည်။

မယ်ဖူးက ငတွန်ဘက်သို့ လှည့်လိုက်၏။

“မမလွိဇာကို ဘာမှာချင်သေးလဲ..ကိုကြီးတွန်”

“လွိဇာ့ကို ပြောလိုက်ပါ...ပျော်အောင်နေပါလို့..အင်း..ပြောမနေပါနဲ့တော့..သူ ပျော်မှာပါလေ”

ငတွန်၏ အသံက တိုးညှင်းတိမ်ဝင်သွားသည်ကို မြတ်ထားသီရိ သတိထားမိလိုက်သည်။

မယ်ဖူးက ခေါင်းညိတ်ပြီး လှမ်းပေါ်သို့ တက်သွား၏။ မကြာမီ လှည်းသည် မြို့တံခါးဆီသို့ ထွက်ခွာသွားတော့၏။

“ရှင် လက်ထပ်တော့မယ်ကိစ္စ....ဘာလို့ မပြောလိုက်တာလဲ”

မြတ်ထားသီရိက ငတွန်ကို မေးလိုက်သည်။

“ငါတို့နှစ်ယောက်ကြားမှာ..ဒါတွေက ပြောစရာမလိုတော့ပါဘူး..မြတ်ထား”

မြတ်ထားသီရိက သက်ပြင်းရှည်ကြီးချလိုက်၏။

“စစ်ပွဲတွေ နဲ့ ပြည့်နှက်နေတဲ့ဒီမြေမှာ..မြတ်ထားတို့ အားလုံးရဲ့ ချစ်ခြင်းမေတ္တာတွေဟာ..ဘယ်တော့များမှ လူလှပပဖူးပွင့်နိုင်ပါမလဲ....မြတ်ထားဆုတောင်းပါတယ်..ဒီမြေဟာ စစ်ပွဲတွေ မရှိပဲ..ချစ်တဲ့သူချင်း ပေါင်းကြရတဲ့မြေ ဖြစ်ပါစေလို့...”

မြတ်ထားသီရိက ငတွန်၏ ရှေ့တည့်တည့်တွင်ရပ်လျက် ခြေဖျားထောက်လိုက်သည်။

ထို့နောက် ငတွန်၏ လည်ပင်းကို လက်ဖြင့်သိမ်းဖက်ကာ နှုတ်ခမ်းကို နမ်းလိုက်၏။

“ကျွန်မ ရှင့်ကို ချစ်တယ်..ငတွန်....ဒါပေမယ့်..ကျွန်မ ရှင်ဘုရင်ကိုပဲ လက်ထပ်မယ်..ဒါပဲ..ကျွန်မ ကလေးကို နို့သွားတိုက်လိုက်ဦးမယ်”

မြတ်ထားသီရိ က လှည့်ထွက်သွား၏။

မိုးဖွဲဖွဲထဲ ငတွန်းကား ရပ်နေမြဲ။

.....

လှည်းသည် တအိအိအသံပေးလျက် ရွှေဘို မြို့တံခါးကို ဖြတ်ကျော်ခဲ့ပြီ ဖြစ်သည်။

မိုးသက်လေက တချက်ချက် ဝှေ့အတိုက်တွင် လှည်းပေါင်းမိုးလေးကား လန်လန် သွား၏။

မြို့တွင်းဘက်ဆီမှ အပြေးနှင်လာသော မြင်းတစ်စီးကို မိုးစက်မှုန်ဖွားပျပျများ ကြားမှ ခင်ထော်မိ မြင်လိုက်ရသည်။

မြင်းသည် မြို့တံခါးကိုကျော်ဖြတ်လာပြီဖြစ်၏။

“ခဏရပ်ပေးပါလား...သူ..သူ...လိုက်လာတယ်ထင်တယ်”

ခင်ထော်မိ က အသံကြောင့် ငလှေးက လှည်းကို ခေတ္တရပ်လိုက်သည်။

သို့သော် မြင်းစီးသမားက ရှေ့သို့ ဆက်မလာ။

ခပ်ဝေးဝေးတွင် ရပ်တန့်လျက်...ခင်ထော်မိ တို့ လှည်းရှိရာသို့ ငေးကြည့်နေ၏။

ခင်ထော်မိက လှည်းပေါ်မှ ခုန်ဆင်းရန်ပြင်လိုက်သည်။

မယ်ဖူးက ခင်ထော်မိ၏ လက်မောင်းကို လှမ်းဆွဲထားလိုက်၏။

“ကျွန်မတို့ အခြိန်မရဘူး...နေမစောင်းခင်..နားရမယ့်ရွာကို ရောက်မှဖြစ် မယ်..ဒီက ညီမ လူမှားတာနေမှာပါ”

ငလှေးက လှည်းကို မောင်းထွက်သွားသည်။

မုဆိုးဖို ခေါ် ရွှေဘိုမြို့ကြီးကား ဟိုးခပ်ဝေးဝေးတွင် တရွေ့ရွေ့ကျန်ရစ်၏။

“ကျွန်မ လူမမှားပါဘူး...အဲ့ဒါ ကိုကြီးရွှေကြူပါ..သေချာပါတယ်..သူပါ”

ခင်ထော်မိက ခပ်တိုးတိုးလေးရေရွတ်ရင်းလိုက်ပါလာတော့သည်။

.....
.....

၁၇၅၃ စက်တင်ဘာ ၂ ရက်။

အိမ်ရှေ့စံ မောင်လောက် ၊ တပ်မှူးများဖြစ်သော ငတွန်၊ ငကောင်းတို့ ဦးစီးသည့် လူအင်အား ၃၅၀၀ ပါဝင်သည့် ရွှေဘိုတပ်ကြီးသည် ကွေ့တို့အခြေချရာ အုတ်ဖို မြို့ကို ကျော်ဖြတ်လာခဲ့ပြီဖြစ်သည်။

တရုတ်ဝန်ကျင်သူ နှင့် ငနက်တို့ကို အောင်ဇေယျ မှ ကွပ်မျက်ပစ်လိုက်ပြီဆို သည့် သတင်းကြားသည်နှင့် ဂုဏ္ဍာအိမ်သည် သူ၏ တပ်များကို အုတ်ဖိုမှ ဆုတ်ခွာ စေခဲ့သည်။

ထို့နောက် စစ်ဗျူဟာအရ ပိုမိုသင့်လျော်သည့် တောင်သုံးဆင့်အရပ်သို့ ဆုတ်ခွာ ကာ တပ်တည်နေခဲ့ပြီဖြစ်သည်။

တောင်သုံးဆင့်သို့ သွားရာလမ်းသည် ကျောက်သားတောင်နံရံများကြားတွင် ကျဉ်းမြောင်းစွာတည်ရှိနေသည်။

ထိုအခြေအနေသည် ကွေ့တို့ကျမ်းကျင်သည့် ပျောက်ကျားစစ်နည်းဗျူဟာ အတွက် အကောင်းဆုံးအနေထားဖြစ်၏။

ရှေ့ဆုံးတွင် တပ်မှူး ပင်လယ်ဂါမဏိကြီး၏ ကင်းထောက်တပ်၊ နောက်ကပ်လျက် တွင် မုဆိုးခြံဗိုလ်တွန်၏ တပ်၊ အလယ်တွင် အိမ်ရှေ့စံ မောင်လောက်၏ တပ်မ၊ အနောက်တွင် သေနတ်ဝန်မောင်ကောင်း၊ မင်းလှကျော်သူ ဥညွန့် တို့၏ တပ်များက အစဉ်လိုက်ဖြင့် တောင်သုံးဆင့်လမ်းသို့ ဝင်လာကြသည်။

မိုးက သဲသဲမဲမဲရွာနေ၏။

တောင်ခါးပန်းလမ်းကျဉ်းလေးပေါ်တွင် ရွှေဘိုတပ်များမှာ မြင်းပေါ်မှဆင်းပြီး ခက်ခဲစွာ နှစ်ယောက်တတွဲ ချီတက်လာရသည်။

“ကျား”

အော်သံနှင့်အတူ လှံရှည်တစ်ချောင်းက ရှေ့ဆုံးမှ ရွှေဘိုစစ်သည်တစ်ဦးကို စိုက် ဝင်သွား၏။

မြင့်မားသောအရပ်၊ ကျစ်လစ်သောခန္ဓာကိုယ်နှင့်အတူ ကွေ့တပ်မှူး ငကက် သည် လှံရှည်ကြီးကို ကိုင်လျက် မတ်မတ်ရပ်နေသည်။

ဂုဏ္ဍာအိမ် သည် မကြာမီ မုဆိုးဖိုတပ်များ မိုးကုန်သည်နှင့် လာတိုက်မည်ကို ရိပ်မိ သဖြင့် ရှမ်းပြည်တလွှား အင်အားစုစည်းရန် ပြင်ဆင်ခဲ့သည်။

ယခုအခါတွင် မိုးမိတ်စော်ဘွားအား သစ္စာပေးရန် သွားနေသဖြင့် ငကက်က ကွေ့တပ်များကို ဦးစီးနေရ၏။

သို့သော် အောင်ဇေယျမှာ မိုးအကုန်အထိမစောင့်ပဲ လာတိုက်သဖြင့် ကွေ့တပ်များမှာ မထင်မှတ်ပဲ ရန်သူကို ခုခံရန် ပြင်ဆင်ကြရတော့သည်။

ခန္ဓာကိုယ်အနှံ့ဆေးနီများထိုးနှံ့ထားသည့် ငကက် သည် လှံရှည်ကြီးကို ကိုင်လျက် မတ်မတ်ရပ်နေသဖြင့် ပင်လယ်ဂါမဏိကြီး၏ စစ်သည်များမှာ ရုတ်တရက် မှင်တက်နေကြ၏။

“ဟဲ့..အကောင်တွေ...အဲ့ဒါ နင်တို့ ယောက်ဖမို့ ဒီအတိုင်းရပ်နေကြရလား”

ပင်လယ်ဂါမဏိကြီးက အော်ဟစ်ကြိမ်းမောင်းပြီး ငကက်ကို လှံဖြင့် လှမ်းပစ်လိုက်သည်။

ငကက်က သူထံဝဲပျံလာသော လှံရှည်ကို တိမ်းရှောင်လိုက်ပြီး လက်ဖျံဖြင့် ရိုက်ချလိုက်ရာ လှံမှာ ထက်ပိုင်းကျိုးထွက်သွား၏။

“လာကြစမ်း”

ငကက် အသံနက်ကြီးဖြင့် အော်လိုက်သဖြင့် စစ်သည်တို့မှာ အလန့်တကြားဖြစ်သွားကြသည်။

တချိန်တည်းတွင် တောင်ပေါ်တွင် ပုန်းအောင်းနေကြသော ကွေ့တပ်များက ဒူးလေးများဖြင့် ဝိုင်းဝန်းပစ်ခတ်ကြ၏။

တောင်ခါးပန်းကြားတွင်ဖြစ်နေသဖြင့် ရွှေဘိုတပ်များမှာ ရှေ့တိုးမရ နောက်ဆုတ်မရ အခြေနေဖြစ်နေကြသည်။

လွင်ပြင်စစ်ပွဲများတွင်သာ အားသာချက်ရှိသော ရွှေဘိုတပ်တို့မှာ အချင်းချင်းဖိတိုးမိပြီး တောင်ခါးပန်းမှ ချောက်ထဲသို့ ပြုတ်ကျသူ ကျကြသည်။

အချို့လည်း ကိုယ်လွတ်ရုန်းကာ အနောက်သို့ ပြန်ပြေးကြ၏။

ရှေ့ပြေးဖြစ်သော ဂါမဏိကြီး၏ တပ်ပျက်ပြီဖြစ်သဖြင့် ကပ်လျက်ပါလာသော ငတွန်၏ တပ်မှာလည်း မထိန်းနိုင်တော့။

အနောက်ဖက်မှ တပ်များအားလုံးလည်း ဖရိုဖရဲဖြစ်ကုန်ကြသည်။ ငတွန် မှာလည်း ကာကို တစ်ဖက်မှကိုင်ကာ လှံရှည်ကို ဆွဲလျက်..တပ်ကို ဆုတ်ခွာရန်

ကွပ်ကဲနေ၏။

ဒူးလေးမြှားတံများသာမက..ကျောက်တုံးကျောက်ခဲကြီးများ၊ ပွဲညက်ဖြင့် မီးရှို့ထားသည့် မီးလုံးများပါ..တောင်ကြားသို့ ကျလာကြသည်။

အရှေ့ဘက်ထိပ်ဆီမှ ကွေ့တပ်များကလည်း တွေ့မြင်ရာ ထိုးခုတ်ကာ ဝင်လာနေကြ၏။

“တပ်တွေအကုန် နောက်ပြန်ဆုတ်..ပြန်ဆုတ်”

စစ်ကြောင်းမှူးဗိုလ်ချုပ်ဖြစ်သော အိမ်ရှေ့စံ မောင်လောက် က အော်ဟစ်အမိန့်ပေးလိုက်သည်။

“ကာကိုင်တွေ ငါ့ကို မိုးထားပေးကြစမ်း”

ကာကိုင်များက အိမ်ရှေ့စံ၏ အပေါ်နှင့် ဘေးပတ်လည်ကို မိုးပေးလိုက်ကြ၏။

ထို့နောက် အိမ်ရှေ့စံမောင်လောက်သည် ကာကိုင်အဖွဲ့နှင့်အတူ သူ့ရှေ့မှ စစ်ကြောင်းဖြစ်သော ငတွန်၏ စစ်ကြောင်းဆီသို့ တက်သွားသည်။

မိုးရွာသကဲ့သို့ ကျနေသော ဒူးလေးမြှားတံများကို ကာကွယ်ရင်း ငတွန်နှင့် မောင်လောက်တို့ မျက်နှာချင်းဆိုင်မိကြသည်။

“အိမ်ရှေ့ကိုယ်တော်လေး....ဘာတက်လုပ်တာလဲ....ခွာစစ်အမြန်ဆင်ပါ”

“ကျုပ် ခင်ဗျားကို အမိန့်လာပေးတာ..ဗိုလ်တွန်”

ငတွန်က မျက်ခုံးတွန့်ကာ ကြည့်လိုက်သည်။

“ဗိုလ်တွန်....ကွေ့တွေကို.ခင်ဗျားတပ်နဲ့ ရအောင်စီးခံပါ...ကိုယ်တော်တို့နဲ့ ကျန်တဲ့တပ်တွေ ဆုတ်မယ်...ခင်ဗျားတပ်က...ရန်သူကို အသေခံတိုက်ပြီး ကျန်ရစ်ခဲ့ချေ..အမိန့်”

“ဟ..ပါလာသမျှတပ် အကုန်လုံးပျက်နေတာ...ငါ့တပ်တစ်ခုထဲကို အသေခံတိုက်ခိုင်းရအောင်...ဖြစ်မလားဟ..မင်းသားတို့ ဆုတ်ရင်..ငါ့တပ်လည်းဆုတ်မယ်”

“ခင်ဗျား..အိမ်ရှေ့စံအမိန့်ကို မနာခံတာလား”

“ဒါ..စစ်တိုက်နေတာ..မောင်လောက်...သေမှာသိသိကြီးနဲ့ အကျိုးမရှိတဲ့ကိစ္စကို ငါမလုပ်ဘူး”

“ခင်ဗျား..ကျုပ်ကို ဘယ်လိုခေါ်လိုက်တယ်”

ဗိုလ်တွန်က စကားပြန်မပြောတော့ပဲ..ဒဏ်ရာရနေသည့် သူ့တပ်သားတစ်ဦးကို ကျောပိုးလိုက်သည်။

“မင်းကျောကုန်းကို ဟော့ဒီ ကာနဲ့ သေချာမိုးထား...အပြင်အထိ ငါရအောင်ခေါ် ထုတ်သွားမယ်”

ငတွန် ကား တိုက်ပွဲအတွင်းမှ ဆုတ်ခွာသွားခဲ့ပြီ။

အိမ်ရှေ့စံ၏ ကာကိုင်အဖွဲ့မှာလည်း သုံးဦးခန့်ကျဆုံးပြီဖြစ်သဖြင့် အလျင်အမြန် ပြန်ဆုတ်ကြသည်။

လွင်ပြင်တစ်ခွင် မင်းမူခဲ့ကြသော ရွှေဘိုသားတို့ကား...ကွေ့တပ်တို့၏ တောင်ကြားတွင် ပျောက်ကျားစစ်ကို အရှုံးပေးဆုတ်ခွာခဲ့ရပြီဖြစ်သည်။

.....
.....

“အိမ်ရှေ့မင်းဟာ ငါ့ကိုယ်စား..ဒီတိုက်ပွဲကို ခေါင်းဆောင်သူပဲ...အိမ်ရှေ့မင်း အမိန့်ဟာ..ငါ့အမိန့်..ဒါကို ခင်ဗျားမသိလေရောလား..ဗိုလ်တွန်”

အောင်ဇေယျ၏ မျက်နှာက ဒေါသကြောင့် ခက်ထန်နေသည်။

ငတွန်မှ အပ စစ်ရှုံးတပ်မှူးများမှာ ခေါင်းများကို ပြားပြားဝပ်ထားပြီး တုပ်တုပ်မျှ မလှုပ်ဝံ့ကြ။

ငတွန်က တည်တည်ငြိမ်ငြိမ်ပင် ခေါင်းမော့လိုက်သည်။

“ရှုံးမှာသေချာနေတဲ့စစ်ပွဲမှာ ကိုယ့်လက်အောက်ငယ်သားကို သေခံခိုင်းတာဟာ အကျိုးမရှိနိုင်ပါ...ဘုရားကျွန်တော်မျိုးဟာ တပ်မှူးတစ်ယောက်ပါ...တပ်မှူးဆိုတာ တပ်သားအပေါင်းကို ကိုယ်စားပြုခေါင်းဆောင်နေရတဲ့သူပါ..နိုင်မှာသေချာလို့ အသက်စွန့်ရတာကို တပ်သားတိုင်းက မရှုံ့ပါ..ဒါပေမယ့်.. အရှုံးရလာဒ်ပဲ ထွက်မယ့်..ပွဲမှာ..ကိုယ့်လူကိုယ်အသေခံခိုင်းတဲ့ တပ်မှူးအောက်မှာတော့ ဘယ် တပ်သားမှ အမှုထမ်းချင်ကြမည်မထင်ပါ..ဘုရား”

ငတွန်၏ စကားအဆုံးတွင် အောင်ဇေယျ က သလွန်ပေါ် ထိုင်နေရာမှ ထလိုက်သည်။

“စစ်မှာ ခေါင်းဆောင်ရဲ့ အမိန့်ဟာဘယ်လောက်အရေးကြီးလဲ...ခင်ဗျားသိတယ်..ဗိုလ်တွန်...အခု အိမ်ရှေ့မင်း နေရာမှာ ကျုပ် က ဒီအမိန့်ပေးရင် ရော..ခင်ဗျား နာခံမှာလား”

“မှန်ပါ.. ကျွန်တော်မျိုး ရဲ့လက်အောက်ငယ်သားတွေ အလဟဿ အသေခံခိုင်းတာမျိုးဆိုရင်တော့...သူတို့အစား ကျွန်တော်မျိုးပဲ အသေခံသွားမှာပါ”

အောင်ဇေယျ၏ အကြည့်က ငတွန့်အပေါ်တွင် စူးစူးရဲရဲ။

“အေး...ငတွန်ငယ်...မင်းလည်း အရှင်ထားကောင်းတဲ့ကောင်မဟုတ်ဘူး...မင်းတို့တပ်မှူးတွေ အသုံးမကျလို့ပဲ..ငါ့စစ်သည်တွေ ဒီပွဲမှာ သေကြရတာ....ကွေ့တွေလို..ဘာမဟုတ်တဲ့လူစုကိုတောင် ဖြစ်ဖြစ်မြောက်မြောက်မတိုက်နိုင်ရင်..ရှေ့ဆက် ဟံသာဝတီတပ်များကို ဘယ်လိုရင်ဆိုင်ကြမလဲ..သင်းတို့ တပ်မှူးများ အားလုံးကို အကျဉ်းချထား...တပ်တွင်းအမိန့်တော်ကို ဖီဆန်တဲ့ ငတွန်ငယ်ကို...အကျဉ်းသာမက..သံခြေကျင်း ခုနှစ်ဆင့်ခတ်စေ”

အောင်ဇေယျက အမိန့်ချပြီးသည်နှင့် ခြေလှမ်းကျဲကျဲဖြင့်ထွက်ခွာသွားသည်။

နန်းရင်ပြင်တစ်ခုလုံး တိတ်ဆိတ်ပြီး ကျန်ရစ်၏။

“ကဲ..မောင်ကောင်းတို့၊ ကိုညွန့်တို့..ကျုပ်တို့လည်း စစ်ချည်းတိုက်နေရတာနဲ့ သုံးပုံဖဲ ကောင်းကောင်းမကစားရတာကြာပြီ...အချုပ်ထဲရောက်တော့လည်း အေးအေးဆေးဆေး ကစားရတာပေါ့....ကျုပ်ကတော့ သံခြေကျင်းနဲ့မို့...တစ်ဖူတော့ အကြောပေးကြမယ် မဟုတ်လား”

ငတွန်က ရယ်ကြဲကြဲနှင့်ဆိုလိုက်သဖြင့် ကျန်တပ်မှူးများ ပါ ပြုံးသွားကြသည်။

ထိုစည် နန်းတော်စောင့်တပ်ဖွဲ့ဝင်လာပြီး သူတို့ကို ဝိုင်းလိုက်ကြ၏။

“ဟေ့..ဒါဘာလုပ်ကြမလို့တုန်း”

ထိုအချိန်တွင် မောင်ရွှ ၏ အသံကြောင့် နန်းစောင့်တပ်ဖွဲ့က လက်အုပ်ချီလျက်ခါးကို ကိုင်းလိုက်ကြသည်။

“မင်းတရားကြီးအမိန့်ရ..စစ်ရှုံးတပ်မှူးများကို အကျဉ်းထားဖို့ ခေါ်ဆောင်တာပါ..ကိုယ်တော်လေးဘုရား”

“နေကြပါဦးဟ...စစ်ရုံးတပ်မှူးလို့ ခေါ်ရအောင်..ဒီစစ်ကြောင်းကို ဦးစီးတာက
နောင်တော်မောင်လောက် မဟုတ်လား...ဘာလို့ သူတို့မှာပဲ အပြစ်ရှိရတာလဲ”

အခန်း (၁၇)

သစ်စေးများ ပျက်ပြယ်စပြုနေပြီဖြစ်သည့် ကုတင်ပေါ်တွင် အဘိုးအိုတစ်ယောက်။

ဖွေးဖွေးဖြူနေသော ရှိစုမဲ့စုဆံစုလေးကို သျှောင်ထုံးဖြစ်အောင် ထုံးထား၏။

“ဟံသာဝတီမှာ အရှင်နှစ်ပါး....နေလို့ထိုင်လို့မှ ကောင်းကြတယ်မဟုတ်လား”

အဘိုးအို၏ အသံက တုန်တုန်ရီရီ။

“ကောင်းပါတယ်..ဘိုးဘိုး...ဘိုးဘိုးရော...နေရထိုင်ရာ အဆင်ပြေရဲ့လား”

အဘိုးအို၏ မျက်ဝန်းတွင် မျက်ရည်များ ဝေ့သီလာသည်။

“အခု နေနေရတာကိုသာ ကြည့်ပေတော့...မင်းသမီး”

ထိုအခါမှ နန်းသွယ်က အိမ်အခြေအနေကို ကြည့်လိုက်သည်။ မလုံတလုံကာထားသည့် အိမ်နံရံများမှ ကြွက်များက ဥဒဟို ဝင်ထွက် ပြေးလွှားနေကြသည်။

“မိုးအရမ်းသည်းတဲ့ည်တွေဆို...ရေကယိုလို့..ကျိုက်ခေါက်ပေါ်က တန်ဆောင်းတွေမှာ သွားသွားအိပ်နေရတာလည်းရှိပ”

အနားတွင် ထိုင်လျက် သင်တိုင်းတထည်ကို ချုပ်သီနေသည့် ဝန်ကတော်အဘွားအိုက ဝင်ပြောသည်။

“အင်းဝဘုရင်ရဲ့ အကြီးတော်..ပညာရှိစာဆိုတော်..နန်းတွင်းသက်တော်ရှည် ဘိုးဘိုးတစ်ယောက်ကို ဒီလိုထားထားကြတာ...သင်းတို့ရဲ့ မထီမဲ့မြင်မှုပဲ..ဒီကိစ္စ ပြန်ရောက်တာနဲ့ အမတော်ကနေတဆင့် ဘုရင်မင်းမြတ်ဆီလျှောက်တင်ရမယ်”

နန်းသွယ်၏ အသံက မာသွားသည်။

“ကျုပ်အတွက်နဲ့ မင်းတရားကြီး မှာ စိတ်ထိခိုက်နေရပါဦးမယ်..ပြီးတော့..ကျုပ်လည်း နေတတ်နေပါပြီ..ကျုပ်ကြောင့်...မင်းတရားကြီးက ဟံသာဝတီဘုရင်ကို အောက်ကျခံနေရမှာလည်း ကျုပ်မလိုလားပါဘူး...နေပါစေ..မင်းသမီး..ဟူး..ဟဲ”

စကားကို အကြာကြီးပြောပြီးနောက် ဝန်ကြီးပဒေသရာဇာ က မောဟိုက်နေသည်။

“ဘိုးဘိုး”

နန်းသွယ်က ပဒေသရာဇာ၏ ခြေရင်းနားသို့ တိုးကပ်သွား၏။

“သမီးမှာ အကြံအစည်ရှိတယ်..ဘိုးဘိုး”

နန်းသွယ်၏ အသံက ခပ်တိုးတိုး။

“အင်းဝထီးနန်းကို အင်းဝဘုရင်ဆီ ပြန်အပ်ဖို့..သမီးကြံစည်မယ်”

ပဒေသရာဇာက ခေါင်းကို ဖြည်းညှင်းစွာခါလိုက်သည်။

“နောက်ကျနေပြီ..မင်းသမီး..ကျုပ်တို့အားလုံး နောက်ကျခဲ့ပြီ”

“နောက်မကျဘူး...ဘိုးဘိုး....ဘိုးဘိုး..ဟံသာဝတီနန်းတွင်းက..အတွင်းဝန်ကျော်ထင်နော်ရထာကို သိလား”

“ဘယ်သူလဲ”

“သူက အနောက်ဘက်လွန်မင်းလက်ထက် ဗညားဒလအမတ်ကြီးက ဆင်းသက်လာတဲ့သူပဲ... သူက ဟံသာဝတီနန်းကို မွန်မဟုတ်တဲ့ ဇင်းမယ်သားတွေ ကြီးစိုးထားတာကို မလိုလားဘူး...တကယ်လို့ ဖြစ်နိုင်ရင်..ငအောင်လှတို့ ညီအစ်ကိုတွေကိုလုပ်ကြံပြီး...အင်းဝဘုရင်ကို နှန်းပြန်တင်မယ်...သူ့ကို ဟံသာဝတီမှာ မင်းပြုင်ပြန်တင်ပေးရမယ်ဆိုပြီး....သမီးနဲ့ တိုင်ပင်ထားပြီးကြပြီ”

ပဒေသရာဇာ က နန်းသွယ်ကို အလန့်တကြားဖြင့် ကြည့်လိုက်သည်။

“ဒါ..ဒါ..ဘုရင်မင်းမြတ်ရော သိပြီးပြီလား”

“ဘုရင်မင်းမြတ်ကို အသိမပေးရသေးပါဘူး..ဒီကိစ္စညီညွတ်ကြစေဖို့က လက်ရှိဦးအောင်လှ လက်အောက်မှာ အမှုဝင်ထမ်းနေရတဲ့ အင်းဝအမှုထမ်းဟောင်းတွေအင်အားလိုပါတယ်...အင်းဝအမှုထမ်းဟောင်းတွေနဲ့ အတွင်းဝန်ကျော်ထင်နော်ရထာရဲ့မွန်အမှုထမ်းတွေညီတဲ့အခါ..ဒင်းတို့ ဇင်းမယ်သား ညီအကိုတစ်သိုက်ကို ဟော့ဒီ မြေကနေ အပြီးနှုင်ထုတ်ကြမှာပါ....ဟံသာဝတီနန်းတွင်းမှာ အမှုထမ်းနေကြတဲ့ အင်းဝသားတွေထဲက သက်ရှည်ကျော်ထင်အမတ် ကို သမီး တွေ့ဆုံပြီးပါပြီ...သူ့သဘောကတော့...မင်းတရားကြီး ကို အသိမပေးသေး

ရင်တောင်...ဝန်ကြီးပဒေသရာဇာကို အသိပေးပြီးမှ သဘောညီမှုရယူဖို့ပြောပါတယ်...ဘိုးဘိုးသဘောတူညီမှုရပြီဆို မင်းတရားကြီးကလည်း ငြင်းမယ်မထင်ပါဘူး..ဒါကြောင့်...သမီး အခုလို သန့်ဝင်းအထိ ကြံဖန်ပြီး လာခဲ့တာပါ..ဘိုးဘိုး”

“ကျုပ် က အသက်ကြီးပြီ...ကျုပ်ဆန္ဒအရတော့ အင်းဝရွှေနန်းရိပ်မှာပဲ ခေါင်းချချင်တာ..မသေခင်လေး..ကျုပ်ရဲ့ အရှင်ခြွေရင်းမှာ ခိုလှုံခွင့်ရချင်ပါသေးတယ်..ဒါပေမယ့်...မင်းသမီး...သေချာစဉ်းစားပါ...ဒီကိစ္စမျိုးက မအောင်မြင်တဲ့အခါ..ကျုပ်တို့အားလုံးတင်မက..သူတို့လက်ထဲမှာရှိတဲ့ အင်းဝမင်းဆွေမင်းမျိုးအားလုံးအတွက် အသက်ရှင်ဖို့ဆိုတာ..မလွယ်ဘူး..အဟွတ်..အဟွတ်”

“သမီးသိချင်တာက..အခုအကြံအစည်ကို ဘိုးဘိုး သဘောတူတာလား..မတူတာလား..ဘုရား”

“ကျုပ် ပင်ပန်းလှပြီ..မင်းသမီး..ကျုပ်ကို နားခွင့်ပေးပါ”

နန်းသွယ်က ပဒေသရာဇာ၏ လက်ကို ဆုပ်ကိုင်ထားရာမှ လွှတ်ချလိုက်သည်။

ထို့နောက် မတ်တပ်ရပ်ကာ ချာကတည်းလှည့်ထွက်သွား၏။

“မင်းသမီး”

ပဒေသရာဇာ ၏ ခေါ်သံကြောင့် နန်းသွယ် က သမင်လည်ပြန်လှည့်ကြည့်လိုက်၏။

“ကိုယ်တင်မဟုတ်..တပါးသူအသက်တွေများကြီးနဲ့ ရင်းနှီးရတဲ့အလုပ်တွေကိုလုပ်တော့မယ့်အခါ...ဘယ်သူကိုမှ စကားကုန်မပြောပြမိပါစေနဲ့...အယုံမလွယ်မိပါစေနဲ့...လျော့မတွက်မိပါစေနဲ့...ကျုပ်လည်း မသေခင်တော့ ကျုပ်တိုင်းပြည်၊ကျုပ်အရှင်သခင် ကို ပြန်လိုချင်တာပါပဲ”

နန်းသွယ်က ဝန်ကြီးပဒေသရာဇာကို ထားရှိရာ အိမ်အိုလေးထဲမှ ထွက်လိုက်သည်။

ခပ်လှမ်းလှမ်းရှိ ကျိုက်ခေါက်ဘုရားကုန်းတော်မှ ဆည်းလည်းသံများကို ကြားရ၏။

နန်းသွယ်သည် လွိဇာ တို့နှင့် အတူ သံလျင်သို့ လိုက်ပါလာခြင်းဖြစ်သည်။

မကျန်းမမာဖြစ်နေသော ဝန်ကြီးပဒေသရာဇာနှင့် တွေ့ဆုံခွင့်ကို မြင်းမှူးမင်းသားအောင်စ ထံမှ အထူးအခွင့်အရေးအဖြစ်လည်း ရရှိလာခဲ့သည်။

ကျိုက်ခေါက်ဘုရားရင်ပြင်ထက်တွင် တစ်ကိုယ်တည်းထိုင်နေသော လွိဇာ ရှိရာသို့ နန်းသွယ် လျှောက်လာသည်။

“ဝန်ကြီးနဲ့ တွေ့ခဲ့ရဲ့လား...မင်းသမီး”

“အင်း..တွေ့ခဲ့ပါတယ်”

နန်းသွယ်က လွိဇာ၏ ဘေးတွင် ဝင်ထိုင်လိုက်သည်။

“မျက်နှာလည်းမကောင်းလာပါလား..ဘယ့်နှယ့်..ဝန်ကြီး နေရထိုင်ရတာ အဆင်ပြေပြေရှိရဲ့လား”

နန်းသွယ်က ခေါင်းခါလိုက်သည်။

“ကျွန်မ စိတ်မကောင်းဘူး..မမလွိဇာ...အင်းဝနန်းတော်ရဲ့အကြီးကျယ်ဆုံး စာဆိုတော်ပညာရှိ ဟာ လေမလုံ မိုးမလုံ တဲအစုတ်ကြီးထဲမှာ သူ့ဘဝနောက်ဆုံး အချိန်ကို ကျော်ဖြတ်နေရတယ်..အင်းလေ...ပညာတွေ ဘယ်လောက် တတ်ခဲ့တတ်ခဲ့ ၊ ဩဇာအာဏာတွေ ဘယ်လောက်ရှိခဲ့ရှိခဲ့၊ သုံ့ပန်း ဟာ သုံ့ပန်းပါပဲ..သုံ့ပန်း တစ်ယောက်အတွက် ဂုဏ်သိက္ခာတွေ ၊ ကိုယ်ချင်းစာတရားတွေဆိုတာ ဘာမှမဟုတ်ပါဘူးလေ”

နန်းသွယ်၏ စကားအဆုံးတွင် လွိဇာက ပြုံးလိုက်သည်။

“မင်းသမီးတို့ က အခုမှ ဒီခံစားမှုကို ရတာပါ...ကျွန်တော်မျိုးမတို့က မျိုးဆက်ပေါင်းများစွာခီပြီး စစ်သုံ့ပန်း အဖြစ် သူတပါးမြေပေါ်မှာ နေခဲ့ကြရတာ...ဟိုးလွန်ခဲ့တဲ့ ရာစုနှစ်တွေက..ဟော့ဒီ ကျိုက်ခေါက်ဘုရားကုန်းပေါ်မှာ အနောက်ဘက်လွန်မင်းဟာ သံလျင်ကို ပေါ်တူဂီတွေလက်ထဲကနေ ပြန်သိမ်းယူနိုင်ဖို့ ထိုးစစ်ဆင်ခဲ့တယ်...အဲ့ဒီနောက်မှာတော့ သူစိမ်းသူရဲမြေပေါ်မှာ ဘုရင်ဖြစ်ချင်တဲ့ ကျွန်မတို့ရဲ့ဘိုးဘွားတွေဟာ...စစ်သုံ့ပန်းအဖြစ်နဲ့ မျိုးဆက်နဲ့ခြီ ပေးဆပ်ကြရတော့တာပဲ”

“မမလွိဇာ..ရှင့်အကြောင်းကို...မြင်းမူးမင်းသားအောင်စ ဆီ က ကျွန်မ သိထားရတာတွေရှိတယ်...ရှင်က ရှင်တို့ လူမျိုးတွေကို ပေါ်တူဂီပြည်ကို ပြန်ခေါ်သွားဖို့ အတွက်...ဟိုးအင်းဝမှာ ရှိစဉ်ကတည်းက အခု ဟံသာဝတီဘုရင် ဦးအောင်လှ နဲ့ ကတိကဝတ်တွေပေးပြီး ကြိုးစားခဲ့တယ်ဆို”

လွိဇာ က မဲ့ပြုံးပြုံးလိုက်သည်။

“အင်း...ကြိုးစားဖူးခဲ့တာပါပဲ”

“အခု အချိန်မှာ ဟံသာဝတီက အင်းဝကိုသိမ်းထားနိုင်ပြီလေ...ဘာလဲ..ဟံသာဝတီဘုရင်က ကတိမတည်လို့လား”

လွီဇာက လေတွင် တလူလူလွင့်နေသည့် သူမ၏ နားသယ်စများကို သပ်တင်လိုက်သည်။

“ဟံသာဝတီဘုရင်က ကတိတည်ခဲ့ပါတယ်..ပြင်သစ်တွေကလည်း သဘော်အလွတ်နှစ်စီးအဆင်သင့် လွှတ်ပေးဖို့ သဘောတူပြီးသားပါ..ဒါပေမယ့်....ကျွန်မတို့ကိုကိန်းမှားသွားခဲ့တယ်..မင်းသမီး....ကျွန်မရဲ့လူမျိုးတွေဟာ ကျွန်မကို မယုံကြည်ခဲ့ကြဘူး...သူတို့ဟာ ပေါ်တူဂီကို ပြန်မလိုက်နိုင်ဘူးလို့ ငြင်းခဲ့ကြတယ်”

“ဟင်..ဘယ်လိုဖြစ်လို့လဲ”

“ဟုတ်တယ်..ကျွန်တော်မျိုးမ ဟာ ငယ်ငယ်လေးကတည်းက အဖွားပြောပြနေကြ ဇာတ်လမ်းတွေထဲက သန်လျင်မြို့စား ဖိလစ်ဒီဘရစ်တိုရဲ့ ဇနီး ဒွန်နာလွီဇာ ရဲ့ ဝိညာဉ်ပူးကပ်နေတယ်လို့ ခံစားခဲ့ရတယ်..ဒွန်နာလွီဇာ ဟာ သူ့ခင်ပွန်းကြောင့် စစ်သုံ့ပန်းဖြစ်ခဲ့ရတဲ့ ပေါ်တူဂီတွေကို တချိန်မှာ ပေါ်တူဂီမြေကို ပြန်ခေါ်သွားမယ်လို့ ပေးခဲ့တဲ့ ကတိစကားဟာ ကျွန်တော်မျိုးမ တာဝန်ဖြစ်တယ်လို့ ခံယူခဲ့တာ..ဒီလိုနဲ့ပဲ..ကျွန်တော်မျိုးမဟာ အဲ့ဒီရည်ရွယ်ချက် ကြီးကို ပိုက်ပြီး....အသက်နှစ်ဆယ်ကျော်အရွယ်မှာ..အင်းဝနဲ့ ဟံသာဝတီကြား နိုင်ငံရေးအရှုပ်အထွေးတွေနဲ့ မထင်မှတ်ပဲရောက်သွားခဲ့တယ်..နှစ်ဖက်စစ်ပွဲထဲ အရေးအပါဆုံးလူတွေ ဟာ ကျွန်တော်မျိုးမ နဲ့ ပတ်သက်ခဲ့ကြတယ်.. ဒါပေမယ့်...အဲ့ဒီနှစ်တွေမှာ ကျွန်တော်မျိုးမမ သတိမထားမိခဲ့တာက..ကျွန်တော်မျိုးမဟာ ကျွန်တော်မျိုးမနဲ့ မျိုးနွယ်တူ ပေါ်တူဂီအသိုက်အဝန်း နဲ့ လုံးဝနီးပါးအဆက်အသွယ်ပြတ်နေခဲ့တာ....ကျွန်တော်မျိုးမရဲ့ရည်မှန်းချက်တွေ အကောင်ထည်ဖော်နိုင်ချိန်မှာ ကျွန်တော်မျိုးမရဲ့ မျိုးနွယ်စုတွေဆီ ကျွန်မ ပြန်သွားခဲ့တယ်...သူတို့ကို သူစိမ်းမြေကနေ မိခင်မြေကို ပြန်ပို့ပေးဖို့ ကျွန်တော်မျိုးမ လုပ်နိုင်ပြီလို့ ပြောတဲ့အချိန်မှာ သူတို့က ကျွန်တော်မျိုးမကို ငြင်းပယ်ခဲ့ကြတယ်...အင်း သေချာပြန်စဉ်းစားတော့လည်း..ကျွန်တော်မျိုးမဟာ သူတို့ အသိုက်အဝန်းထဲက နှစ်ပေါင်းများစွာပျောက်ကွယ်သွားခဲ့တဲ့ သူစိမ်းတစ်ယောက်ဖြစ်နေခဲ့ပြီလေ...ဒီအချိန်မှ ပြန်ပေါ်လာတဲ့ ကျွန်တော်မျိုးမကို သူတို့ ဘယ်ယုံကြည်ကြမတဲ့လဲ..ပြီးတော့....သူတို့ဟာ..အင်းဝနဲ့ တသားတည်းဖြစ်နေခဲ့ပြီ.. ဒီမြေဟာ သူတို့မြေလို့ခံယူလိုက်ကြပြီ.... သူတို့ဟာ ဗမာတွေ ဖြစ်သွားကြပြီ”

လွီဇာက စကားလုံးများကို နာနာကြင်ကြင်ပြောပြီးနောက် ရပ်တန့်သွားသည်။

“ဒီလိုဆို..မမလွိဇာ ကြိုးစားခဲ့သမျှ အလကားဖြစ်ကုန်တာပေါ့....အင်း..အဲဒီလိုပဲ...ကျွန်မတို့ အင်းဝသားတွေ အားလုံးလည်း အဲဒီပေါ်တူဂီတွေလို..တချိန်မှာ ဟံသာဝတီသားတွေ ဘဝကို လက်ခံလိုက်ကြရမှာပေါ့”

လွိဇာက...နန်းသွယ် ၏ လက်ဖဝါးကို ဆုပ်ကိုင်လိုက်သည်။

“ဝန်ကြီးက နန်းသွယ်တို့ ကိစ္စကို ငြင်းလိုက်ပြီလား”

“သူက ငြင်းလည်းမငြင်းဘူး..ထောက်လည်းမထောက်ခံဘူးဆိုတဲ့သဘောပါပဲ...အသက်ကြီးတော့ သွေးကြောင်နေပြီထင်ပ..ဘာတွေပြောနေမှန်းမသိဘူး...ထားပါ..သူမပါလည်း..နန်းသွယ်တို့.. ဖြစ်အောင် လုပ်မှာပါ”

“မင်းသမီးကို မြင်ရတာ..လွန်ခဲ့တဲ့နှစ်နှစ်ဆယ်ဝန်းကျင်က ကျွန်တော်မျိုးမ ကိုယ်ကျွန်တော်မျိုးမ မြင်ရတယ်လို့ ခံစားရတယ်....ဒါပေမယ့်..ဒီကိစ္စမှာ ကျွန်တော်မျိုးမ အနေနဲ့ နှုတ်ဆိတ်ပေးထားရုံ၊ မသိချင်ယောင်ဆောင်ပေးထားရရုံကလွဲလို့ ဘာမှ မကူပေးနိုင်တာ ခွင့်လွှတ်ပါ..မင်းသမီး..ဘာကြောင့်လဲဆိုတော့..မကြာခင်မှာ ကျွန်တော်မျိုးမဟာ ဒီနိုင်ငံရဲ့ အရှုပ်အထွေးတွေထဲကနေ ထွက်ခွာပြီး ကျွန်တော်မျိုးမရဲ့ ဘိုးဘွားဇာတိမြေမှာ ကက်သလစ်သီလရင်အဖြစ် နေဖို့ ဆုံးဖြတ်ပြီးသားပါ...ဒါပေမယ့်..တစ်ခုတော့ မင်းသမီးကို သတိပေးပါရစေ...ဒီမြေမှာ ကျွန်တော်မျိုးမ ရှိနေသမျှ ကျွန်တော်မျိုးမအပေါ် သွေးရင်းသားရင်းလို အားကိုးတဲ့ ဂမုန်း ကိုတော့ ကျွန်တော်မျိုးမ အတတ်နိုင်ဆုံး စောင့်ရှောက်သွားမှာပါ”

“ဂမုန်းဆိုတာ”

“ဟံသာဝတီဘုရင် ဦးအောင်လှရဲ့ သမီးအငယ်ပေါ့..”

“စစ်သူကြီးတလပန်းနဲ့ ဖြစ်နေတဲ့တစ်ယောက်လား”

လွိဇာက ခေါင်းညိတ်ပြလိုက်သည်။

“စိတ်ချပါ...နန်းသွယ်တို့အရေးအောင်မြင်သွားခဲ့ရင်တောင်..ဂမုန်းကိုတော့ လက်ဖျားနဲ့တောင် မထိပါဘူး...မမလွိဇာ”

.....
.....

“ကျုပ်..ဦးဆောင်တဲ့ စစ်....နိုင်လည်း ကျုပ်ပွဲ..ရှုံးလည်း ကျုပ်ပွဲပဲ....ဘယ်သူမှ တာဝန်မျှမခံစေရ”

ငတွန်၏ သံခြေကျင်းများကို အကျဉ်းထောင်ဝန်ထမ်းများက ဖြုတ်ပေးနေစဉ် မောင်ရွက မတ်တပ်ရပ်လျက် ပြောလိုက်သည်။

အခြားတပ်မှူးများဖြစ်သော ငကောင်းနှင် ငသာတို့မှာလည်း အချုပ်မှ လွတ်ပြီ ဖြစ်သည်။

“ကွေ့တွေဟာ သူတို့ကျွမ်းကျင်ရာဖြစ်တဲ့ တောင်ကြားလမ်းကျဉ်းထဲ မျှားခေါ် ပြီး ပျောက်ကျားတို့က်လို့သာ အလစ်အငိုက်ခံခဲ့ရတာပါ..ဒါဟာလည်း တပ်မှူး များရဲ့ အမှားမဟုတ်ပါ...သမာရိုးကျစစ်ချီဗျူဟာကို သုံးမိလို့သာ အထိနာခဲ့ရတာ ပါ..ခမည်းတော်..ဒီတစ်ခေါက်မှာ သားတော်ကိုယ်တိုင် ဗျူဟာချက္ခုပ်ကပါ့ မယ်...ဦးရီးတွန်တို့၊ ဦးရီးကောင်းတို့ တပ်မှူးတစ်စုကို အရင်လမ်းကြောင်းအတိုင်း အယောင်ပြသွားပါစေ...သားတော်နဲ့ ပေါတူဂီသေနတ်စု တို့က ကွေ့မှား ပုန်းဝပ် ရာ တောင်အထက်ပိုင်းလမ်းကို မိုးမိတ်ကြောင်းဖြင့် ကြုံတင်ချီသွားပြီးမှ နှစ်ဖက် ညှပ်တိုက်ကြကြပြီး ဂုဏ္ဍာအိမ်ကို လက်ရဖမ်းပေးပါ့မယ်..ခမည်းတော်”

သားတော်လတ်မောင်ရွ ၏ လျှောက်တင်ချက်ကို အောင်ဇေယျ က သဘောတူခဲ့ သည်။

ထို့ကြောင့် အကျဉ်းထားခံရသည့် တပ်မှူးများကို လွှတ်ရန်လည်း အမိန့်ပေးခဲ့ သည်။

၁၇၅၃ နိုဝင်ဘာလ ၃၀ ရက်။

သေနတ်ဝန်ငကောင်း၊ မှဆိုးခြုံဗိုလ်တွန်၊ ပင်လယ်ဂါမဏိ တို့ သည် မြင်းတပ် သား(၃၀၀)၊ သေနတ်ကိုင်တပ်သား (၁၀၀၀)၊ ခြေလျင်တပ်သား(၃၀၀၀)တို့ဖြင့် အုတ်ဖို တောင်သုံးဆင့်သို့ ယခင်လမ်းအတိုင်း ချီတက်ကြသည်။

ထိုနေ့မတိုင်ပင်နှစ်ရက်ကတည်းက မောင်ရွ နှင့် အင်အား (၃၀၀၀)မှာ မိုးမိတ် ကြောင်းဖြင့် ဝေ့ဝိုက်ချီတက်သွားကြပြီဖြစ်၏။

တောင်သုံးဆင့်သွားရာလမ်း သပြေချောင်းတွင် ပထမအကြိမ်အတိုင်း ဂုဏ္ဍာ အိမ်၏ ကင်းတပ်နှင့်တွေ့ဆုံကာ တိုက်ပွဲဖြစ်သွားသည်။

ထိုတိုက်ပွဲတွင်မူ ပထမတစ်ကြိမ်အတွေ့အကြုံကိုယူလျက် ခုခံကြသဖြင့် ကွေ့ တပ်များ ဆုတ်ခွာသွားကြ၏။

ဆုတ်ခွာလာသောတပ်များကို မင်းသားမောင်ရွှ ၏ တပ်မှ လမ်းတွင် ကြားဖြတ် တိုက်ခိုက်သည့်အခါ ဂုဏ္ဍာအိမ်၏ လက်ရုံးဖြစ်သူ ငကက် ကျဆုံးလေသည်။

ထိုသတင်းကို ကြားသည်နှင့် ဂုဏ္ဍာအိမ်သည် သူ၏တပ်များကို စုစည်းပြီး တောင်သုံးဆင့်မှတဆင့် ရှမ်းပြည်သို့ သွားရာလမ်းတလျှောက်တပ်ဖျောက်နေသည်။

မှဆိုးဖို့စစ်ကြောင်းနှစ်ကြောင်းမှာ သီပေါတွင် ဆုံကြပြီးနောက် တောင်သုံးဆင့် ခံတပ်ကို ဝန်းရံတိုက်ခိုက်ရန်အတွက် ခေတ္တမျှ ရပ်နားကာ ရိက္ခာ၊ လက်နက် ပြင်ဆင်ကြသည်။

.....
.....

၁၇၅၃ ဒီဇင်ဘာလ ၄ ရက်။

ဆောင်းဥတု နံနက်စောစောမို့..အင်းဝမြို့ကြီးတစ်မြို့လုံးမှာ မြူတို့ဖြင့် မှိုင်းဝေသီနေ၏။

အညာစောင်အထူကြီးကို ခြုံထားသော ငလေးက မြင်းကုန်းနှီးပေါ်သို့ ဝန်စည် စလွယ်အချို့ကို တင်နေသည်။

ခဏအကြာတွင် ဓါးရှည်တစ်ချောင်းကို လွယ်ထားသော နားလဲက အိမ်အတွင်းမှ ထွက်လာ၏။

မယ်ဖူးက အနောက်မှ ပါလာသည်။

“အားလုံးအဆင်သင့်ဖြစ်ပြီ”

ငလေး က မြင်းဇက်ကြိုးကို နားလဲထံသို့ အပ်လိုက်သည်။

“ခင်ဗျား တကယ်သွားတော့မှာလား..နားလဲ”

“အေး.ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့..ငါ့မျိုးနွယ်စု တိုက်ခိုက်ခံနေရတဲ့အချိန်၊ အားနည်းနေတဲ့အချိန်မှာ ငါသူတို့နဲ့အတူ ရှိနေပေးရမယ်လို့ ငါဆုံးဖြတ်လိုက်ပြီးပြီ...မယ်စောလေး နို့းလာရင်...သူ့အမေဟာ သူ့တာဝန်တွေကို အဆုံးသတ်ဖို့ သူ့ကို ခဏထားခဲ့တာ..မကြာခင် လိုက်လာမယ်လို့ ပြောပေးပါ....မယ်ဖူး...ဟံသာဝတီရောက်တဲ့အထိ ငါ့သမီးလေးကို စောင့်ရှောက်ပေးပါ....ပြီးတော့.. လွိဇာကို ငါမှာတာတွေ သေချာပြောပြပေးပါ..ငါစိတ်ချမယ်”

နားလဲ က မြင်းပေါ်သို့ တက်လိုက်သည်။

ထို့နောက် အိမ်အတွင်းသို့ တချက်ကြည့်လိုက်၏။

အညာဆောင်းအေးအေးတွင် သမီးငယ် မယ်စောမှာ ကွေးကွေးလေးအိပ်လျက်။

ခင်ထော်မိ က မယ်စော၏ နဘေးတွင် ထထိုင်လျက်..သူတို့ကို ငေးကြောင်ကြည့်နေသည်။

မကြာမီ မြင်းက နှင်းထုထဲသို့ တဖြည်းဖြည်းပျောက်ကွယ်သွားတော့၏။

.....
.....

မြူထူထူကြား တောင်ခါးပန်းမှ မြင်းတစ်စီး။

ကင်းထောက်ဒူးလေးသမားက မြှားတံကို ထည့်ကာ မောင်းတင်ထားလိုက်၏။

နဘေးတွင်ရှိသော ကင်းသမားတစ်ဦးက အထက်ကင်းစခန်းကြီးဆီသို့ အချက်ပြရန် ကန်းပုလွေငယ်ကို မှုတ်လိုက်သည်။

ထိုအသံကြားသည်နှင့် မြင်းက ရပ်သွား၏။

မြင်းပေါ်မှ သူက ဘူးသီးခြောက်ကန်းပုလွေတစ်ခုကို ထုတ်ကာ အသံပြုလိုက်သည်။

ဒူးလေးသမားက ဒူးလေးကို ချကာ အလံဖြူကို ကိုင်လျက် အရှေ့သို့ ထွက်လိုက်၏။

မြင်းသမားက နှင်းမှုန်မှုန်ကြားမှ တဖြည်းဖြည်း နီးကပ်လာသည်။

“သာလာမာသခင်မ...ပြန်လာပြီ..သာလာမာသခင်မ ပြန်လာပြီ”

ကင်းသမားက အံ့သြဝမ်းသာစွာဖြင့် အော်ဟစ်ကာ မြင်းဆီသို့ ပြေးသွားတော့သည်။

မကြာမီ ကွေ့တပ်သားများ အုံလာတော့၏။

ကွေတို့၏ နောက်ဆုံးခံတပ်ဖြစ်သော တောင်သုံးဆင့်ခံတပ်ကား ဆူဆူညံညံအသံများဖြင့် နိုးထလောတော့သည်။

ဂုဏ္ဍအိမ် က သူ့ရှေ့တွင် ရပ်နေသော နှမဖြစ်သူကို စူးစူးစိုက်စိုက်ကြည့်လိုက်၏။

“နင် ပြန်လာပြီပေါ့”

“ဟုတ်တယ်..အကို..ငါသတင်းတွေကြားကြားချင်း ပြန်လာခဲ့တာပဲ..ငါကြားတာတွေ အမှန်ပဲလား”

“ဟုတ်တယ်...ငကက် ကို မုဆိုးဖို့က မင်းသားမောင်ရွှ ဆိုတဲ့လူငယ်က လုံနဲ့ထိုးသတ်လိုက်တယ်...မုဆိုးဖို့က စစ်ကြောင်းနှစ်ကြောင်းက အင်အားလည်းအတော်များတယ်..လက်နက်တွေလည်း အပြည့်အစုံပဲတဲ့..ပြီးတော့ သူတို့ စိတ်ဓာတ်တွေ အရမ်းတက်ကြွနေကြတယ်”

“နင် ဘာဆက်လုပ်မလဲ...အကို”

“မကြာခင် ဒီခံတပ်ကို သူတို့ ရောက်လာတော့မယ်...ငါတို့ ခံတိုက်ကြရုံပေါ့”

“ငါတို့ နိုင်မယ်လို့ နင်ထင်လား”

ဂုဏ္ဍအိမ်က နားလဲ ၏ လက်ကို ဆွဲကာ ပုခုံးကို ဖက်လိုက်သည်။

ထို့နောက် သူအတွက်ချပေးထားသည့် သလွန်ရှိရာသို့ ခေါ်သွား၏။

“ငါမရှိတော့ရင်..ဒီနေရာဟာ..နင့်နေရာပဲ..နားလဲ...ရှမ်းပြည်မှာ ငါတို့ ကွေ့လားဟူတွေရဲ့နယ်မြေကို နင်ကိုယ်တိုင် ခေါင်းဆောင်ပြီး ထူထောင်ပါ....ငါကတော့ ဒီကနေ အောင်ဇေယျရဲ့တပ်ကို ခံတိုက်မယ်”

နားလဲက သလွန်ပေါ်တွင် မထိုင်ပဲ ထလိုက်သည်။

“မုဆိုးဖိုတပ်တွေက အခုဘယ်ရောက်ပြီလဲ”

“သီပေါမြို့ထဲမှာ”

“အကို....နင်ဟာ ကွေတို့ရဲ့ဘုရင်ပါပဲ....ဒီနေရာဟာ နင့်နေရာပါ..နင်ဟာခေါင်းဆောင်ကောင်းပါ...ဒီတော့..ဟောဒီက ထောင်ချီတဲ့ကွေ့လူမျိုးမိသားစုတွေအားလုံးကို နင်ဦးဆောင်ပြီး...ရှမ်းပြည်ကို ဒီနေ့ပဲ အမြန် ဆုတ်ခွာပါ...ငါနဲ့

အတူ..ငါ့လက်ရွေးစင် လူ(၃၀)က သူတို့ ကို သီပေါမှာ သွားတိုက်ပြီး ဆက်မလိုက်လာနိုင်အောင် ထိန်းထားပေးမယ်"

"နာလဲ.....နင်ဘာတွေပြောနေတာလဲ...ငါ့တူမလေးရော"

"သူ့ကို ဘဝအသစ်တစ်ခုမှာ ငါထားခဲ့ပြီးပြီ...နင် ငါ့လူမျိုးတွေကို လွတ်အောင် ကယ်တင်ပါ..အကို...ကျွန်တော ငါ့တာဝန်ထား..ငါ့တာဝန်ပြီးတဲ့အခါ...ငါ့သမီးလေးဆီ ငါပြန်သွားမှာပါ"

"သီပေါမှာက မုဆိုးဖိုတပ်က နှစ်တပ်၊ လူအင်အားထောင်ချီတယ်..နင်က လူသုံးဆယ်ထဲနဲ့..ဘယ်လိုဖြစ်မှာလဲ"

"ဒီမယ်..အကို..သူတို့ မလာခင်သ သွားတိုက်လို့.ငါတို့ သေရင် လူသုံးဆယ်ပဲ သေမယ်....တို့ကွေ့လူမျိုး မိသားစုပေါင်းများစွာ လွတ်မြောက်မယ်..ဒီလိုမှ မဟုတ်..ဒီတောင်သုံးဆင့်ကပဲ ခံတိုက်မယ်ဆို..သူတို့နှိုင်သွားတဲ့အခါ.. ငါတို့ အရင်လို သုံ့ပန်းကျွန်ဘဝပဲ ပြန်ရောက်သွားကြမှာ..ငါတို့ ရဲ့နောက်ထပ်မျိုးဆက်တစ်ခုလုံးပဲ... နင်စဉ်းစားပါ"

"ဒါဆိုလည်း...ငါပဲ သီပေါတပ်ကို သွားဝင်တိုက်မယ်"

"မဟုတ်ဘူး..အကို...နင်ဟာ ကွေ့တွေရဲ့ဘုရင်..ကွေ့တွေရဲ့ခေါင်းဆောင်...သူတို့အတွက် နင်လိုအပ်တယ်..အကို"

ဂုဏ္ဍာအိမ်က နှဘေးတွင်ရပ်နေကြသော ကွေ့ဘာသာရေးခေါင်းဆောင်သာဗို များကို တချက်ကြည့်လိုက်သည်။

သာဗိုများအားလုံးက နားလဲ၏ အစီအစဉ်ကို လက်ခံကြသည့်သဘော။

"ပျားဖယောင်းနိမိတ်ကြည့်ပြီး ဆုံးဖြတ်ကြမလား..နားလဲ"

နားလဲက ခေါင်းခါလိုက်သည်။

"ငါတို့ရဲ့ကံကြမ္မာကို ငါတို့ပဲ ဆုံးဖြတ်ပေးရမှာ...အကို..နင် ပြင်ဆင်စရာရှိတာ ပြင်ဆင်တော့"

နားလဲ က ကျောကုန်းမှ ဓါးကို ဆွဲထုတ်လိုက်သည်။

ထို့နောက် ကွေ့လူငယ်တပ်သားများရှေ့တွင် ရပ်လိုက်၏။

“ကွေ့လူမျိုးတွေရဲ့ လွတ်မြောက်အရေးအတွက် အရှေ့မှာ သူရဲကောင်းတွေက အသက်တွေ ပေးသွားခဲ့ကြပြီ...ငါတို့ရဲ့ကံကြွမှာကို ပျားဖယောင်းနိမိတ်မကြည့်ပဲ..ငါတို့ကိုယ်တိုင် ဖန်တီးနိုင်ဖို့ လူ(၃၀) ငါလိုတယ်”

.....

သီပေါမြို့ရိုးပေါ်မှာ မီးတုတ်ရောင်သဲ့သဲ့မှ လွဲပြီး ပတ်ဝန်းကျင်သည် မှောင်မိုက်လျက်။

သစ်တပ်မြို့ဖြစ်သည့်အတွက် မီးအန္တရာယ်ကြောင့် မီးတုတ်များကို အများကြီး ထွန်းမထား။

အရိုးကွဲအောင်အေးသည့် ဆောင်းဒဏ်ကြောင့် ကင်းတပ်သားများမှာ စောင် အထပ်ထပ်တင်ပတ်ကာ ငြိမ်သက်နေကြ၏။

ရုတ်တရက် ကင်းတပ်ပေါ်မှ မီးတုတ်များ ငြိမ်းသွားကြသည်။

“ရန်သူ..ဟေ့...ရန်သူ”

ကင်းတပ်ပေါ်မှ တပ်သားတစ်ဦးမှာ အော်သံပင်မဆုံးလိုက်။

သူ၏လက်မြိုသို့ ဒူးလေးမြှားတစ်စင်းက ဖောက်ဝင်သွားသည်။

မြို့ရိုးနဘေးတွင် တပ်ချနေကြသော မုဆိုးဖိုတပ်ကြီးနှစ်တပ်မှာ ရုတ်တရက် ထိုးခုတ်သံများကြောင့် အလန့်တကြားထလာကြသည်။

မည်းမည်းမြင်ရာထိုးခုတ်ကြသည့် လူတစ်စုကြောင့် တပ်များမှာ ရုတ်တရက် စုစည်းမရဖြစ်နေ၏။

“မီးတုတ်တွေ..ထွန်းဟေ့..ထွန်း”

ငတွန်က မီးတုတ်တစ်ခုကို ကိုင်လျက်....မြို့ရိုးပေါ်မှ အော်လိုက်သည်။

ခဏချင်းပင်...မီးတုတ်များ ထွန်းလိုက်ကြပြီး..သဲသဲကွဲကွဲမြင်လိုက်ရတော့၏။

ကွေတပ်သားများမှာ လက်နှစ်ဖက်တွင် ဓားများကို ကြိုးဖြင့် အသေပူးချည်ထားပြီး မြင်မြင်ရာ လိုက်ခုတ်နေကြသည်။

အချို့က မြဲင်းချည်ကြိုးများကို ဝင်ခုတ်ကြဲသဖြင့် မြဲင်းများမှာ အလန့်တကြား ပြေးလွှားကုန်၏။

မောင်ရွှေသည် ကုန်းမြင့်ပေါ် ရှိ သီပေါစော်ဘွား၏ ဟော်တွေ အိပ်နေရာမှာ အသံများကြောင့် လန့်နိုးလာသည်။

မြင်းပေါ်သို့ တပ်လျက် ပစ္စတိုသေနတ်ဖြင့် မြို့ရိုးရှိရာသို့ အပြင်းနှင်လာ၏။

ငတွန်နှင့် ငကောင်းတို့ က တပ်များကို အချိန်မှီ ကွပ်ကဲလိုက်ကြသည်။

အလစ်ဝင်လာသော ကွေ့များမှာ အင်အားမမျှသဖြင့် တစ်ယောက်ပြီး တစ်ယောက်ကျဆုံးကုန်ကြ၏။

မြို့ရိုး၏ အတွင်းဘက်တစ်နေရာတွင်မူ မုဆိုးဖိုတပ်သားများ ပတ်လည်ဝန်းရံနေသည့် ကွေ့စစ်သည်တစ်ဦး။

လက်နှစ်ဖက်တွင် ချည်ထားသော ခါးကို အသေခုတ်ရမ်းနေသော်လည်း သွေးများက တကိုယ်လုံးတွင် ရွဲနစ်နေပြီဖြစ်သည်။

“ဟေ့..ဖယ်ကြ..ဖယ်ကြ”

ငတွန်အသံကြောင့် ဝိုင်းထားသော တပ်သားများက ဖယ်ပေးလိုက်ကြ၏။

“သေကြ..သေကြစမ်း”

သွေးသံရဲရဲ ဆံပင်ဖားလျားနှင့် ကွေ့စစ်သည်ကို ငတွန်က သေချာကြည့်လိုက်သည်။

“ဟေ့...တယ်သတ္တိကောင်းနေပါလား..မင်းလူတွေ အကုန်သေနေပြီ..အခု အဖမ်းခံ..”

ငတွန်က အော်ပြောနေရာမှ ရုပ်တန့်သွား၏။

“နင်...နင်..နားလဲ”

နားလဲ၏ ကျောကုန်းတွင် လှံရှည်တစ်စင်းက စိုက်ဝင်နေပြီး ဗိုက်မှ ပြန်ထွက်နေသည်။

ဒရီးဒရိုင်ဖြင့် နားလဲက လက်ထဲမှ ဓားကို ဝှေ့ယမ်းနေ၏။

ငကောင်းက ငတွန်ဘေးတွင် လာရပ်ပြီး သေနတ်အရှည်ဖြင့် ပစ်ရန်ပြင်လိုက်သည်။

ငတွန်က ငကောင်း၏ သေနတ်ကို အသာဆုပ်ကိုင်လိုက်၏။

“သူ သေတော့မှာပါ...မလိုပါဘူး”

နားလဲ က ငတွန်ကို စူးစူးရဲရဲကြည့်လိုက်သည်။

ထို့နောက် ဗိုင်းခနဲ ပစ်လဲကျသွားတော့၏။

ငတွန်က နားလဲ အနားသို့ သွားကာ ဒူးထောက်ထိုင်လိုက်သည်။

နားလဲက ပါးစပ်ကို ဟလျက် အသက်ကို အလုအယက်ရှူရင်း ငြိမ်ကျသွားတော့သည်။

မျက်လုံးများက ငတွန်အား စိုက်ကြည့်လျက်။

ငတွန်က နားလဲ၏ မျက်လုံးများကို ပိတ်ပေးလိုက်၏။

“ဒါ..သူရဲကောင်းမိန်းမတစ်ယောက်ရဲ့မြင့်မြတ်တဲ့ ကျဆုံးခြင်းပဲ...သူ့ကို ငါတို့ လေးစားကြရမယ်...တခြားသူတွေနဲ့ မရောပဲ..ကောင်းကောင်းမွန်မွန်သင်္ဂြိုလ်ပေးလိုက်ကြ”

ငတွန်က နားလဲ၏ အလောင်းကို ကျောခိုင်းလျက် ဖြည်းညှင်းစွာထွက်ခွာသွားသည်။

အခန်း (၁၈)

“ချစ်ညို ဘယ်မလဲ”

အင်းဝမြို့ကို အုပ်ချုပ်နေရသော တောင်ငူငွေခွန်မှူး ဗညားအရိန္ဒမာဘွဲ့ခံ မောင်အွတ် ၏ အမေး။

“ကျုပ် မသိဘူး”

ချစ်မြ က ပြန်ဖြေသည်။

“အောင်ဇေယျကို ချေမှုန်းပေးမယ်မဆိုပြီး ဟံသာဝတီကနေ လက်နက်အင်အား၊ လူအင်အားတောင်းတယ်...ပြီးတော့...အောင်ဇေယျက ခင်ဦးကို လာလည်းတိုက်ရော ရှေ့ဆုံးက ထွက်ပြေးတယ်.. အခု သူဘယ်မှာလဲဆိုတာ ခင်ဗျား တကယ်မသိတာလား..ချစ်မြ”

“ကျုပ် တကယ်မသိတာပါ..ကျုပ်က တချိန်လုံး အင်းဝမြို့မှာပဲရှိနေတာ ခင်ဗျား အသိပဲမဟုတ်လား”

မောင်အွတ်က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါလိုက်သည်။

“ချစ်မြ..ချစ်မြ...ခင်ဗျား... တကယ် မသိတာလား..မသိချင်ယောင်ဆောင်တာလားတော့ ကျုပ်မသိဘူး..ဒါပေမယ့်..ကျုပ်ပြောပြမယ်...ခင်ဗျားအကိုနဲ့ ခင်ဗျားအဖေဟာ ကိုးသိန်းသခင်ရဲ့ လူယုံတော် စစ်သူကြီး ရာဇဓိရာဇဆီ ခိုဝင်သွားခဲ့ပြီ..ဟံသာဝတီကို သစ္စာဖောက်သွားခဲ့ပြီ”

“ဟင်”

“ခင်ဗျားကို ဟံသာဝတီနန်းတော်က သစ္စာဖောက်အဖြစ် သတ်မှတ်ပြီး စစ်ဆေးဖို့ အမိန့်ချလိုက်ပြီ..ချစ်မြ”

မောင်အွတ်၏ စကားဆုံးသည်နှင့် လှုံ့ရှည်ကိုင် စစ်သည်နှစ်ဦးက ချစ်မြ နားသို့ တိုးကပ်လာကြသည်။

နောက်တစ်ဦးက ချစ်မြ ၏ လက်နှစ်ဖက်ကို ကြိုးဖြင့်တုတ်နှောင်လိုက်၏။

“ဟံသာဝတီကနေ လွတ်လိုက်တဲ့ စစ်သူကြီးနှစ်ဦး..အင်းဝကို ရောက်တဲ့ အခါ....သူတို့နဲ့ တိုင်ပင်ပြီး ခင်ဗျားကို စစ်ဆေးစီရင်မှာပါ.. အခုတော့..ထောင်ထဲ မှာ ခဏနေလိုက်ပါဦး”

“ကျုပ် အကိုက သစ္စာဖောက်မဟုတ်ဘူး..ကျုပ်လည်း သစ္စာဖောက်မဟုတ်ဘူး”

မောင်အွတ်က မဲ့ပြုံးတစ်ချက်ပြုံးပြပြီး အချက်ပြလိုက်သည်။

စစ်သည်များက ချစ်မြကို ဆွဲခေါ်သွားကြတော့၏။

.....

ရောဝတီမြစ်အတွင်း၊ တပါ ခေါ် ကုန်တင်လှေကြီးတစ်စင်း။

ရှေ့ခပ်လှမ်းလှမ်းရေပြင်တွင် မီးတောက်မီးလျှံများ၊ မီးခိုးများ တလူလူကို မြင်ရ သည်။

သေနတ်သံ။ စိန်ပြောင်းသံများကလည်း ဆူညံလျက်။

“ရှေ့မှာ ဘာဖြစ်ကြတာလဲ..ကိုကြီးလှေး”

လှေဦးတွင် မတ်တပ်ရပ်နေသော ငလှေး ရှိရာသို့ ခင်ထော်မိ က ရောက်လာပြီး မေးလိုက်သည်။

“ကျုပ်တို့ အင်းဝကို ပြန်လှည့်ရမယ်...ရှေ့လောင်သာခံတပ်မှာ ဟံသာဝတီတပ် တွေကို မုဆိုးဖိုတပ်တွေက အသည်းအမိုက်ခိုက်နေတယ်တဲ့..အခုပဲ..ဖြတ်သွား တဲ့ တံငါလှေတွေက ပြောသွားတယ်”

“ဒုက်ခပါပဲ”

“စိတ်တော့သိပ်မပူပါနဲ့...တိုက်ပွဲပြီးသွားချိန်မှာ အောက်ကို စုန်ကြတာပေါ့.. လောလောဆယ်တော့..မီးသွေးတိုက်ဆိုက်ကိုပဲ ပြန်ဆန်တက်ဖို့ လှေသူကြီးက ဆုံးဖြတ်လိုက်ပြီ..မယ်ဖူးနဲ့ မိစောလေးရော”

“သူတို့ အောက်မှာပါပဲ”

“ငါ့နှမလည်း..အောက်ဆင်းနေတော့...အမြောက်ဆံတွေ ဘာတွေ လာကျနေမှာ စိုးရတယ်”

အင်းဝမှ ဟံသာဝတီသို့ စုန်ဆင်းသော ကုန်သည်လှေကြီးမှာ အင်းဝ မီးသွေး တိုက်ဆီပ်ကမ်းသို့ပင် ပြန်လည် ဦးလှည့်ရတော့၏။

အောင်ဇေယျ ၏ သားလတ် မောင်ရွှေ နှင့် စစ်သူကြီး ငတွန်၊ ငကောင်းတို့ ဦးစီးသည့် စစ်ကြောင်းသည် ကွေ့ဂုဏ္ဍာအိမ်၏ ခံတပ်ဖြစ်သော မိုးမိတ်တောင်သုံးဆင့် ခံတပ်ကို ဝင်ရောက်သိမ်းပိုက်နိုင်ခဲ့ကြသည်။

သို့သော်ငြား ဂုဏ္ဍာအိမ်နှင့် ကွေ့စစ်သည်များ မရှိကြတော့ပဲ..ဖမ်းဆီးထားသည့် သုံ့ပန်းများနှင့် မသယ်ယူနိုင်သည့် လက်နက်များ၊ ကျွဲနွားများသာ ကျန်ရစ်တော့၏။

မုဆိုးဖို့တပ်များ သီပေါတွင် စခန်းချစဉ် နားလဲနှင့် ကွေ့(၃၀)တို့က အလစ်ဝင် ရောက်တိုက်ခိုက်မှုကြောင့် ဆင်၊မြင်းများ တကွဲတပြားဖြစ်ကုန်ကြသဖြင့် တပ်ကို နှစ်ရက်ခန့် စုစည်းနေရခြင်းက ...ဂုဏ္ဍာအိမ်ကို လွတ်မြောက်စေခဲ့ခြင်းဖြစ်သည်။

ထိုအချိန်တွင် မုဆိုးဖို့မှ အလောင်းဘုရားအောင်ဇေယျထံမှ သားတော်မောင်ရွှေကို မုဆိုးဖို့သို့ ပြန်လာရန်နှင့်..ငတွန်နှင့် ငကောင်း၏ တပ်များ မူးမြစ်အတိုင်းဆင်းလာပြီး လောင်သာခံတပ် တိုက်ကြရန် စစ်ကြောင်းပြောင်းမိန့်ဝင်လာသည်။

မုဆိုးဖို့ရှိတပ်များကလည်း အင်းဝ အောက်ဘက်ရှိ လောင်သာတွင် ခံတပ်ကြီးတည်ထားသော ဟံသာဝတီတပ်များကို တိုက်ခိုက်ရန် အသင့်ပြင်ဆင်ကြသည်။

လောင်သာသည် အင်းဝရှိ ဟံသာဝတီသားတို့၏ နောက်ဆုံးခံတပ်ကြီးဖြစ်လည်းဖြစ်သည်။

၁၇၅၁ ဒီဇင်ဘာ ၁၂ ရက်နေ့တွင် ဆင်းလာသော ငတွန်၊ ငကောင်း ဦးစီးသော စစ်ကြောင်းနှစ်ကြောင်း ၊ မုဆိုးဖို့မှတက်လာသော ရဲစက်တံခွန်ဘွဲ့ခံ ငကျော်မှတ်၊ မင်းကျော်တန်ဆောင်တို့ ဦးစီးသော စစ်ကြောင်းနှစ်ကြောင်း ပူးပေါင်းကာ လောင်သာခံတပ်ကို တိုက်ခိုက်ကြသည်။

အင်းဝအတွက် အရေးအပါဆုံးနှင့် နောက်ဆုံးခံတပ်ကြီးဖြစ်သည့်အတွက် ဟံသာဝတီတပ်များက အပြင်းထန်ဆုံး ပြန်လည်ခုခံကြသည်။

ခံတပ်ပတ်လည်တွင်သာမက ဧရာဝတီမြစ်ပြင်အထိ တိုက်ပွဲက ပြင်းထန်သည်။

မြင်းရည်တက်များထဲမှ ရဲစက်တံခွန် ကျော်မှတ် ကျည်သင့်ကျဆုံးရ၏။

ငတွန်နှင့် ငကောင်း ၏ တပ်များက တစ်ရက်ကျော်ကြာ တိုက်ခိုက်အပြီးတွင် လောင်သာခံတပ်ကျသည်။

ဟံသာဝတီတပ်များမှာ အင်းဝသို့ အသည်းအသန်ပြန်လည်ဆုတ်ခွာပြေးတော့၏။

အင်းဝ မီးသွေးတိုက်ဆိပ်က ရုတ်ရုတ်သဲသဲဖြစ်နေချေပြီ။

အလဲလဲအပြုံပြုံဖြင့် ရေကြောင်းအတိုင်းဆုတ်ခွာလာကြသော ဟံသာဝတီလှေများ၊ တိုက်ပွဲကြောင့် ပြန်လှည့်လာကြသော ကုန်သွယ်လှေများဖြင့် ရှုပ်ယှက်နေတော့၏။

မုဆိုးဖိုမှ သေနတ်ဝန်နှင့် မုဆိုးခြံဖိုလ်၏ တပ်များမှာ အင်းဝအထိ တက်လာနေပြီဆိုသည့်သတင်းကလည်း ပုံ့နှံ့နေပြီဖြစ်သည်။

ဟံသာဝတီမှ လွတ်လိုက်သည့် စစ်သူကြီးများဖြစ်သော လက်ျာဗိုလ်နှင့် ဗညားကျဉ်တို့မှာလည်း ပြည်မှတဆင့် ကြည်းကြောင်းအတိုင်း အင်းဝသို့ ရောက်ရှိလာပြီဖြစ်သည်။

ငွေခွန်ဝန်ဗညားအရိန္ဒမာမောင်အွတ်နှင့် ခင်ဦးစားချစ်ညိုတို့ကို ဥပရာဇာအမိန့်အရ အင်းဝကို ထိန်းသိမ်းရန် ထားခဲ့သော်လည်း ချစ်ညိုမှာ ခင်ဦးတိုက်ပွဲအပြီး အင်းဝစစ်သူကြီးဟောင်းထံသို့ ခိုလှုံသွားခဲ့ပြီဖြစ်သည်။

ငွေခွန်ဝန်မှာ အင်းဝပတ်ဝန်းကျင်တိုက်ပွဲများကို မကိုင်တွယ်နိုင်ပဲ..အင်းဝမှလွဲပြီး ကျန်သည့်နယ်မြေများမှာ မုဆိုးဖိုလက်အောက်သို့ ကျရောက်ခဲ့ရသည်။

ထို့ကြောင့် ကျန်းမာရေးအနှည်းငယ်ကောင်းမွန်လာပြီဖြစ်သည့် ဟံသာဝတီ ဗညားဒလဉီးအောင်လှ ကိုယ်တိုင် အင်းဝအရေးကို ကိုင်တွယ်ရန် ဖြစ်လာတော့၏။

ကိုးသိန်းသခင်လွတ်မြောက်မှုကြောင့် အရာမှန်ချခံထားရသော ဝါရင့်စစ်ဗိုလ်ချုပ်လက်ျာဗိုလ်ကို ရာထူးပြန်ပေးကာ အင်းဝသို့ ချီတက်စေသည်။

စစ်တောင်းဗိုလ်ဖြစ်သော ဗိုလ်ချုပ်ဗညားကျဉ် သည်လည်း အင်းဝကို ပထမအကြိမ် တိုက်ခိုက်သိမ်းပိုက်ရာတွင် တလပန်းနှင့်အတူ ပါဝင်ခဲ့သူဖြစ်သဖြင့် ဗညားကျဉ်ကိုပါ အင်းဝသို့ ထည့်လိုက်သည်။

လက်ျာဗိုလ်နှင့် ဗညားကျဉ်တို့တပ်များ အင်းဝမြို့တွင်း ရောက်ရှိသည့်နေ့မှာ ပင်..လောင်သာခံတပ်မှာ ကျဆုံးသွားတော့သည်။

ငလေး၊ မယ်ဖူး၊ ခင်ထော်မိ နှင့် မယ်စော တို့သည် အထုပ်ကိုယ်စီဖြင့် မီးသွေး တိုက်ဆိပ်ပေါ်သို့ တက်လာကြ၏။

“အရပ်သားတွေ..အကုန်လုံး အင်းဝမြို့ထဲ တန်းဝင်မယ်..မြို့တံခါးကို မကြာခင် ပိတ်ပါတော့မယ်..ဆိပ်ကမ်းမှာ ကျန်ခဲ့တဲ့သူတွေကို တာဝန်မယူဘူး..ရန်သူမှတ် လို့ အကုန်လုံးကိုရှင်းရမယ်လို့ အမိန့်တော်ပါတယ်....ဗိုလ်ချုပ် ဗညားကျဉ် အမိန့်”

စစ်သည်တစ်ဦးက ဗမာဘာသာ၊ မွန်ဘာသာဖြင့် အမိန့်စာကို အသံကျယ်ကျယ် ဖြင့် အော်ဖတ်နေ၏။

ခင်ထော်မိ က မယ်ဖူး၏ လက်ကို ဆတ်ခနဲ ဆွဲလိုက်သည်။

“ဘာလဲ..ညီမ...မြို့ထဲ မြန်မြန်ဝင်ကြစို့လေ”

“ညီမ..အဖ...သူ အင်းဝမှာ ရောက်နေပြီ...ခဏာ”

ခင်ထော်မိက မယ်ဖူး၏ လက်ကို လွှတ်ပြီး အမိန့်စာအော်ဖတ်နေသော စစ်သည် ထံသို့ပြေးသွားသည်။

“ဗိုလ်မင်း....ဗိုလ်ချုပ်ဗညားကျဉ်..ဘယ်မှာလဲ..ဘယ်မှာပါလဲ”

စစ်သည်က ထန်းရွက်ပေဖူးကို ကိုင်ထားရာမှ မျက်မှောင်ကြုံ့လိုက်သည်။

အနီးမှ စစ်သည်တစ်ဦးက လှုံ့ရှည်ဖြင့် ခင်ထော်မိ၏ လည်မြိုကို ထောက်ထား လိုက်၏။

“ဟေ့..လာမနှောက်ယှက်နဲ့..အခုထွက်သွားစမ်း..ငါ..ထိုးသတ်လိုက်ရ”

ခင်ထော်မိ၏ လက်ကို နောက်မှ ဆတ်ခနဲ စောင့်ဆွဲခံလိုက်ရသည်။

“ဟိုမှာ မြို့တံခါးပိတ်တော့မယ်..နင့်အဖကို..မြို့ထဲရောက်မှ ရှာလို့ ဖွေလို့ရပါ တယ်”

မယ်ဖူး။ မယ်ဖူးဘေးတွင် ငလေးက မယ်စောလေးကို ကျောပိုးထား၏။

မယ်ဖူးဆွဲခေါ်ရာသို့ ခင်ထော်မိ ပါသွားတော့သည်။

.....
...

အင်းဝမြို့တွင်းရှိ လွိဇာ၏ အိမ်သို့ သူတို့ ပြန်လည်ရောက်ရှိလာကြသည်။

ညကားမှောင်ပြီ။ အပြင်ဘက်တွင် မီးတုတ်တလူလူဖြင့် ဟံသာဝတီစစ်သားများ ရှုပ်ယှက်နေကြ၏။

အမြောက်လှည်းများကို တွန်းလာသည့် တကျွိကျွိအသံများလည်း ညံလျက်။

“ဗိုက်ဆာတယ်.”

မယ်စောလေး ၏ အသံကြောင့် ငလှေး နှင့် မယ်ဖူးတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။

ရိက္ခာများကား ဝရုန်းသုန်းကားအခြေအနေများကြောင့် လှေပေါ်တွင် ကျန်ရစ်ခဲ့ပြီးဖြစ်သည်။

“အိမ်မှာ ဘာစားစရာရှိဦးမလဲ..မယ်ဖူး..ရှာကြည့်ပါဦး”

“မရှိတော့ဘူးလေ..ဟံသာဝတီကို အပြီးပြန်ကြမယ်ဆိုလို့...ဘာမှ မထားခဲ့ဘူး”

“ဒါဆို...ငါ့ကို ရွက်နီနည်းနည်းပေး..အပြင်မှာ စားစရာထွက်ရှာလိုက်ဦးမယ်”

မယ်ဖူးက ရွက်နီငွေစ အထုပ်ကို ငလှေးထံ ကမ်းပေးလိုက်၏။

ငလှေး က ရွက်နီငွေအနည်းငယ်ကို ခါးပုံစထဲ ထည့်လိုက်သည်။

ထို့နောက် ခါးမောက်ကို ဆောင်းလိုက်ပြီး ဝါးရင်းတုတ်တစ်ချောင်းကို ကိုင်ကာ အပြင်သို့ ထွက်ရန်ပြင်လိုက်၏။

“နေဦး....ကျွန်မလည်း လိုက်မယ်”

ခင်ထော်မိ ထလာသည်။

“ဘာလိုက်လုပ်မှာလဲ..ငါ့မ...အိမ်မှာပဲ အေးအေးနေခဲ့ပါ..ကျုပ် စားစရာ ရအောင်ရှာလာခဲ့ပါ့မယ်”

“ကျွန်မ အဖ ...အင်းဝကို ရောက်နေတာ သေချာတယ်....သူ့ကို ကျွန်မ ဒီမှာရှိနေကြောင်း အသိပေးရမယ်လေ...ဒါကြောင့်..သူဘယ်မှာရှိနေလဲ ကျွန်မအပြင်ထွက် စုံစမ်းချင်တယ်.. သူနဲ့ ကျွန်မ တွေ့တဲ့အခါ ရှင်တို့ အားလုံးပါ လုံခြုံနိုင်ပါတယ်”

ငလေးက မယ်ဖူးကို ကြည့်လိုက်သည်။ မယ်ဖူးက ခေါင်းညိတ်ပြလိုက်၏။

“ကဲ..ဒါဆိုလည်း လိုက်ခဲ့”

“ခဏနေဦး...ခင်ထော်မိ”

မယ်ဖူးက ထလာသည်။ ထို့နောက် ဓါးမြောင်လေးတစ်လက်ကို ခင်ထော်မိ လက်တွင်းသို့ ထည့်ပေးလိုက်၏။

“အပြင်မှာက အခြေအနေက ဘာမဆိုဖြစ်လာနိုင်တယ်..တစ်ခုခုဆို ကိုယ့်ကို ကိုယ်ကာကွယ်ဖို့”

“ကျေးဇူးတင်ပါတယ်..မမဖူး..မယ်စောလေးရေ..မမတို့ သွားဦးမယ်နော်”

ငလေးနှင့် ခင်ထော်မိ တို့ ခြံဝန်းအပြင်သို့ ထွက်သွားကြ၏။

.....

“ဝုန်း”

အင်းဝမြို့ မြောက်မျက်နှာ၊ လေသာတံခါး ဆီမှ အမြောက်ပစ်သံကြီး မြည်ဟည်း သွားသည်။

ဟံသာဝတီစစ်သည်များက လေသာတံခါးဆီသို့ အပြေးအလွှားသွားနေကြ၏။

စစ်သည်အချို့က လမ်းပေါ်တွင် တွေ့သည့် အရပ်သားများကို ဓါးနှင့်ရွယ်ကာ...ကျောက်ခဲထုတ်များ၊ အမြောက်ဆံများကို သယ်ခိုင်းနေကြ၏။

ငါးပိတန်းအတွင်းမှ ရှားရှားပါးပါးရလာသည့် ခဲလံချောင်း (ကောက်ညှင်းကျည်တောက်) နှစ်ချောင်းကို ကိုင်လာသည့် ငလေးက အခြေအနေကို အကဲခတ်ကာ ခြံစည်းရိုးတိုင်ကွယ်တစ်ခုတွင် ထိုင်ချလိုက်သည်။

သူ့ဘေးတွင် ခင်ထော်မိက ပါ ထိုင်လိုက်သည်။

ထိုအချိန်တွင် မြဲငြိုးအဖြူရောင်သုံးစီး က မြောက်ဘက်တံခါးဆီသို့ အပြေးနှင်သွား၏။

“ဟာ..ဟိုမှာ..အဲ့ဒါ..ကျွန်မ အဖပဲ”

ခင်ထော်မိက မတ်တပ်ထရပ်လိုက်သည်။

“အဖ...အဖ”

ခင်ထော်မိက လမ်းပေါ်ထွက်ကာ ပြေးလိုက်၏။ ထိုအချိန်တွင် အနောက်မှ ပါလာသော မြင်းတပ်ဗိုလ်တစ်ဦး၏ မြင်းက ခင်ထော်မိကို တိုက်ချလိုက်သည်။

“ကောင်မ..သေချင်နေသလား...စစ်ဖြစ်နေတာ...ငါတို့ကို နင့်လင်ထင်နေလား”

မြင်းတပ်ဗိုလ်က ခါးဖြင့် ရွယ်လိုက်သည်။

ငလှေးက ခဲလံချောင်းကို ပစ်ချပြီး ခင်ထော်မိကို ပြေးထူလိုက်၏။

“ဟေ့..ဒီကောင် သန်သန်မာမာကြီးပဲ...မြို့ရိုးပေါ်မှာ လူတွေလိုတယ်..ခေါ် ခဲ့ကွာ...ခေါ် ခဲ့”

မြင်းတပ်ဗိုလ်က အမိန့်ပေးလိုက်သည်။ အနောက်တွင် ပါလာသော ခြေလျင်စစ်သည်များက ငလှေးကို လှံဖြင့် ထောက်လိုက်၏။

ထို့နောက် လည်ပင်းတွင် ကြိုးကွင်းတပ်ကာ...စစ်ပွဲတွင်း ခိုင်းစေရန်ဖမ်းဆီးလာသည့် အရပ်သားများထဲသို့ ထည့်လိုက်တော့သည်။

“နေဦး....ကျွန်မလည်း လိုက်မယ်....ခံတပ်ပေါ်..ကျွန်မလည်း လိုက်မယ်”

“ဟာ..ဒီကောင်မ..ဘာလာဖြစ်နေတာလဲ”

မြင်းတပ်ဗိုလ်က ခင်ထော်မိ၏ ရင်ဘတ်ကို စောင့်ကန်လိုက်၏။

ခင်ထော်မိမှာ မြေပြင်ပေါ်သို့ လဲကျသွားသည်။

“ဟဲ့..ငါ က တပ်မှူးဗညားကျဉ်ရဲ့သမီးနော်...ခင်ထော်မိဆိုတာ ငါပဲ..ကျွန်သဘောက်ကောင်ရဲ့”

ခင်ထော်မိက မွန်ဘာသာဖြင့် ပြောလိုက်သည်။

“အံမယ်..ကောင်မက မွန်လိုပါတတ်တာဟ..ဒီလောက်ဖြဲစ်တဲ့ ဟာမ..လည်ပင်းကို ကြိုးတပ်ပြီး သူ့ပါ ခေါ်ခဲ့ချေကွာ..အပေါ်မှာ ပွဲလျက်ရည်ပူ ကြိုခိုင်းရမယ်”

ခင်ထော်မိ၏ လည်ပင်းကိုပါ ကြိုးတပ်ကာ ဆွဲခေါ်သွားကြတော့၏။

.....

ဆံပင်အရှည်ကြီး ဖားလျားချ ၊ ပုခုံးတွင် အနက်ရောင်ပါလယ်ကွေးကို စွတ်လျက်။

ခါးထောင်းမြောင်၊ အပေါ် ပိုင်းအဝတ်ဗလာ။

ခန္ဓာကိုယ်အနှံ့ ကြွက်သားများပေါ်မှ ဆေးနီများက ကြွကြွရွရွ။

“တက်”

ငတွန်က မြင်းဇက်ကြိုးကို စောင့်ဆွဲကာ လှံရှည်ကို ဝင့်လိုက်သည်။

အော်သံပင်မဆုံးလိုက်..အနောက်မှ စိတ်ဓာတ်တက်ကြွလျက်ရှိသော တပ်သားများက ဓါး၊ ပုဆိန်များ၊ သစ်လုံးကြီးများကို မချီကာ...လေသာတံခါးဆီသို့ ပြေးတက်သွားကြတော့၏။

ငကောင်း၏ သေနတ်တပ်များက ကပ်လျက်ဖြစ်သော မာန်အောင်တံခါးပေါ်သို့ ပစ်ခတ်နေကြသည်။

အချို့ကလည်း လှေကားများကို ထောင်ကာ..အုတ်မြို့ရိုးဆီ ပြေးသွားကြ၏။

အင်းဝမြို့တံခါးပေါ်တွင် လက်ဦဗိုလ် ၊ ဗညားကျဉ်နှင့် မောင်အွတ်တို့က အခြေအနေကို အကဲခတ်နေကြသည်။

“မောင်အွတ်..မင်း မာရ်အောင်တံခါးဘက်ကို သွား....လှေကားတွေ အကုန် ထောင်ပြီးတဲ့အထိစောင့်ကြပါစေလို့..ငါအချက်ပြတာနဲ့..ပွဲလျက်ရည်သမားတွေ အသင့်ပြင်ထား”

မောင်အွတ်က ခေါင်းညိတ်လျက် မာရ်အောင်တံခါးဘက်သို့ ပြေးသွားတော့သည်။

“ဗညားကျဉ်..ခင်ဗျားအောက်ကိုဆင်း မြင်းတပ်ကို အသင့်ပြင်ထားချေ..ကျုပ် အမိန့်ကိုစောင့်”

ဗညားကျော် က သူ၏လက်ထောက်တပ်မှူးနှစ်ဦးနှင့်အတူ မြို့ရိုးအောက်သို့ ဆင်းလာသည်။

မြို့ရိုးအောက်တွင် ဟံသာဝတီတပ်များဖမ်းခေါ်လာသည့် အင်းဝမြို့တွင်းမှ သူများမှာ ပွဲလျက်ရည်ပူအိုးကြီးများကို ကြိုပေးနေကြရသည်။

“မြန်မြန်လုပ်ကြဟ...နှေးတယ်..မကြိုက်ဘူး”

ခန္ဓာကိုယ်တုတ်တုတ်ခိုင်ခိုင်ဖြင့် စစ်သားတစ်ဦးက ပွဲလျက်ရည်အိုးငယ်များကို လက်ဆင့်ကမ်းသယ်နေသည့် အရပ်သားများ၏ ကျောကုန်းကို ခါးပြားဖြင့် တဖြန်းဖြန်းလိုက်ရိုက်သည်။

“ဟဲ့..ကောင်မ..နင်လည်း ပေကပ်ကပ်”

စစ်သားက ခင်ထော်မိ၏ တင်ပါးကို ခါးပြားဖြင့် ထပ်ရိုက်လိုက်သည်။

“အင့်ဟာ”

“အား..ပူတယ်”

ခင်ထော်မိက လက်ထဲတွင် ကိုင်ထားသော အိုးထဲမှ ပွဲလျက်ရည်များဖြင့် စစ်သား၏ ရင်ဘတ်ကို ပက်လိုက်သည်။

စစ်သားမှာ မြေပြင်တွင် လူးလှိမ့်နေ၏။

အနီးရှိ တပ်သားများက ခင်ထော်မိကို လှံများဖြင့် ထိုးရန် ပြင်ကြသည်။

“ဟေ့...ရပ်..ရပ်..ဘာဖြစ်နေကြတာလဲ..ဗိုလ်ချုပ်လာနေတယ်..လမ်းရှင်းကြ”

ခင်ထော်မိက မြေပြင်ပေါ်တွင် လဲကျနေသည်။ အပူလောင်နေသော စစ်သားနဘေးတွင် အခြားဟံသာဝတီစစ်သားများက ဒေါသများဖြင့် သူ့ကို ကြည့်နေကြ၏။

“အပေါ်မှာ တိုက်တဲ့သူတွေက တိုက်နေကြတယ်..မောင်မင်းတို့က ဘာဖြစ်နေကြတာ..ဟင်”

ဗညားကျော်၏ လက်ထောက်တပ်မှူး ဗညားတာနော မှာ ခင်ထော်မိကို မြင်လိုက်ရသဖြင့် ကြောင်အမ်းအမ်းဖြစ်သွားသည်။

မြေင်းပေါ်မှ ချက်ချင်းဆင်းလိုက်၏။

“တပ်မှူး...ဒီမှာ.ခင်ထော်မိကို တွေ့ပြီ..ဒီမှာ”

ဗညားကျဉ် က မြင်းပေါ်မှ အပြေးအလွှားဆင်းကာ လူအုပ်ဆီသို့ ရောက်လာသည်။

“သမီး...သမီး”

မြေပြင်ပေါ်တွင် လဲနေသော ခင်ထော်မိကို ကြောင်ကြည့်နေ၏။

“ဟေ့..ကိုယ့်အလုပ်ကိုယ်ပြန်လုပ်ကြတော့...ဒါ..တပ်မှူးဗညားကျဉ်ရဲ့သမီးပဲ...သေချင်းဆိုးတွေ..ရှေ့မကြည့်နောက်မကြည့် တပ်မှူးသမီးကို ဒီကျွန်အစုထဲ ဘယ်ကောင်ထည့်ခေါ်လာတာလဲ...ဒီပွဲပြီးရင်..အကုန်ခေါင်းဖြတ်ပစ်မယ်”

တပ်မှူးတာနော၏ ကြိမ်းဝါးသံကြောင့် အစောပိုင်းက ခင်ထော်မိကို ရန်မူရန်လုပ်နေကြသော စစ်သည်များမှာ အလျှိုလျှိုပျောက်ကုန်ကြသည်။

ထိုအချိန်တွင် ခံတပ်အောက်တွင်ရှိသော ရွှေဘိုတပ်များက လှေကားများထောင်ကာ တက်လာနေကြပြီဖြစ်သည်။

“ပွဲလျက်”

လက်ျာဗိုလ်က အမိန့်ပေးလိုက်သည်။

မြို့ရိုးပေါ်တွင် အသင့်စောင့်နေကြသောသူများက ပွဲလျက်ရည်အိုးများကို ပြုံ့တူလောင်းချလိုက်တော့၏။

“အား..”

“အူး”

ရှဲခနဲအသံများနှင့်အတူ ရွှေဘိုတပ်သားများမှာ အပူလောင်ဒဏ်ကြောင့် ပြုတ်ကျကုန်ကြ၏။

“ပွဲလျက်တွေ...ပေးကြဟေ့..အမြန်..အမြန်”

အားလုံး စစ်ပွဲဆီသို့ အာရုံပြန်ရောက်သွားကြသည်။

ဗညားကျဉ် က ခင်ထော်မိ၏ လက်မောင်းကို ဆွဲကာ မြို့ရိုးထောင့်ရှိ နတ်ကွန်းနဘေးသို့ ခေါသွား၏။

“သမီးလေး...သမီးလေးရယ်..ကံကောင်းလို့..ကံကောင်းကြလွန်းလို့ကွယ်”

ထိုအချိန်တွင် တပ်မှူးတာနော ရောက်လာသည်။

“တပ်မှူး..ဗိုလ်ချုပ်လက်ဂျာဗိုလ် က အရေးခေါ်ပါပြီ..ခုချက်ချင်းလိုက်ခဲ့ပါတဲ့”

“တာနော..မင်း..သူ့ကို နန်းတော်ထဲ ပို့ပေးပြီး..လုံလုံခြုံခြုံရှိတဲ့ ဆီ အပ်ခဲ့..ငါ စိတ်ချမယ်”

“အဖ...”

“ခဏပဲ..သမီး..အဖ..သမီးဆီ ရောက်အောင်ပြန်လာခဲ့မယ်...နန်းတော်ထဲကို သူနဲ့ လိုက်သွား”

ဗညားကျဉ် က မြို့ရိုးဘက်ဆီသို့ အပြေးအလွှားထွက်သွားသည်။

“ကဲ..သွားကြစို့...ခင်ထော်မိ”

“ခဏနေဦး...ကျွန်မနဲ့အတူ ကျွန်မကို ကူညီခဲ့တဲ့လူတစ်ယောက်ကိုလည်း ဟိုလူတွေ ဖမ်းထားသေးတယ်”

“အဲ့ဒါတွေ နောက်မှပြောပါ....တိုက်ပွဲက ပိုကြမ်းလာပြီ....နန်းတော်ဆီ ကျုပ် အရောက်ပို့ပေးပါ့မယ်”

“မဟုတ်ဘူး...ကျွန်မသူ့ကို ရှာချင်သေးတယ်”

“အာ..ဒီဟာမလေး..စကားများတာ”

လူထွားကြီး ဗညားတာနောက ခင်ထော်မိ၏ ခါးကို လက်တစ်ဖက်ဖြင့် သိမ်းဖက်ကာ မလိုက်ပြီး မြင်းပေါ်သို့ ကျွမ်းကျင်စွာတက်လိုက်သည်။

ခင်ထော်မိ မှာ ယက်ကန်ယက်ကန်ဖြင့် မြင်းပေါ်ပါသွားတော့၏။

.....

ရွှေဘိုတပ်များက လွှေကားထောင်တက်မရသည့်အခါ ခါး၊ ပုဆိန်များဖြင့် မြို့ရိုးတံခါးများကို ခိုးဖျက်နေကြ၏။

လက်ျာဗိုလ်က သူ့ဘေးသို့ ရောက်လာသော ဗညားကျဉ်ကို တစ်ချက်ကြည့်လိုက်သည်။

“တွေ့လား...သူတို့မှာ ရှိသမျှ လူအင်အားအကုန်နဲ့ ဒီတံခါးနှစ်ပေါက်ကို တိုးနေကြတာပဲ”

“ဟုတ်ကဲ့..ဗိုလ်မင်း”

“ဗညားကျဉ်..ခင်ဗျားနဲ့ မြင်းတပ် အင်အား (၅၀၀) က မြို့အရှေ့မျက်နှာတံခါးကနေထွက်...ပြီးရင်..မြောက်ဘက်ကို ကွေ့ပတ်လာခဲ့..ခင်ဗျားတို့ အသင့်စောင့်နေ..ဒီပေါ်မှာ သေနတ်သူရဲတစ်ထောင်က အင်္ဂလိပ်သေနတ်ကောင်းတွေ၊ စိန်ပြောင်းတွေနဲ့ စပစ်တာနဲ့..ခင်ဗျားတပ်က ဒီကောင်တွေကို နောက်က ဝင်တိုက်ချေ...ဟုတ်ပြီလား”

“ဟုတ်ကဲ့..ဗိုလ်မင်း”

ဗညားကျဉ် ဆင်းသွားသည်။

နာရီပိုင်းတွင်း တိုက်ပွဲအခြေအနေကားပြောင်းလဲသွားတော့သည်။

မြို့မြောက်ဘက်တံခါးဝကိုသာ မဲတိုက်နေကြသော ရွှေဘိုတပ်တို့မှာ အရှေ့တံခါးမှ ထွက်လာသည့် မြင်းတပ်ကြီးကို သတိမမူမိလိုက်ကြ။

တစ်ချိန်တည်းတွင် မြို့ရိုးများပေါ်မှ သေနတ်သမားများ၊ စိန်ပြောင်းများ တန်းစီပစ်ခတ်သည်နှင့် အနောက်ဘက်တွင်ရောက်နေသော ဗညားကျဉ်၏ မြင်းတပ်များက ဝင်ရောက်ထိုးခုတ်ကြတော့သည်။

စစ်နှစ်ဖက်ညှပ်သည့်အခြေအနေတွင် ရွှေဘိုတပ်သား (၄၀၀)မှာ ခဏချင်းပင် ကျဆုံးသွားတော့၏။

ငတွန်နှင့် ငကောင်းတို့မှာတပ်များကို စုစည်းကာ မြစ်ဆုံအရပ်ရှိရာသို့ အပြင်းဆုတ်ကြရသည်။

စီနင်းလာသော လှေ (၁၀၀)ကျော်နှင့် သေနတ် (၂၀၀၀)ကျော်ကို ဟံသာဝတီတပ်များက သိမ်းဆည်းလိုက်ကြတော့၏။

လက်ျာဗိုလ်သည် အင်းဝအုတ်မြို့ရိုး၏ သူရဲခိုပေါက်တစ်ခုတွင် ထိုင်လျက်...အလောင်းကောင်များပြန့်ကျဲလျက်ရှိသော စစ်တလင်းကို မမှိတ်မသုန်

ငေးကြဲည့်နေသည်။

အခန်း (၁၉)

“ကိုယ်တော်ကြီးဘုရား....ညနေစောင်းနေပါပြီ..ဘုရား”

အပါးတော်မြဲငနေ က အောင်ဇေယျ၏ အနောက်ဘက်မှ ခပ်တိုးတိုး လျှောက်ထားလိုက်သည်။

လောင်သာတိုက်ပွဲအပြီး အင်းဝကို ဝန်းရံတိုက်ခိုက်ကြသည့် မုဆိုးဖိုတပ်များ အရေးနိမ့်ကာ ပြန်လည်ဆုတ်ခွာလာခဲ့သည်။

ထိုအချိန်မှစပြီး..အောင်ဇေယျသည် အင်းဝအား သိမ်းပိုက်ရရှိရေးအတွက်သာ အာရုံစူးစိုက်ထားခဲ့၏။

ယခုလည်း တစ်နေ့ခင်းလုံး..အင်းဝမြေပုံကားချပ်ရှေ့တွင် အချိန်ကုန်နေခဲ့သည်။

“ငနေ...ကာခမောက် တွေ အခြေအနေ ဘယ်လိုရှိပြီလဲ”

“မင်းသားမောင်ပိုးနဲ့ ကိုမြတ်စံ တို့ ကိုယ်တိုင် ဦးစီးပြီး လုပ်နေပါတယ်..ဘုရား”

“ရှုမီးတွကရော”

“မင်းသားမောင်ရွှန့် ကိုဩ တို့ ပြီးစီးသည်အထိလုပ်နေပါတယ်”

“ငါ ခိုင်းထားတဲ့ အရေအတွက် ပြည့်မှီပြီရဲ့လား..ကိုယ်တော်တိုင် စစ်ဆေးမယ်”

“လေးတပ် လေ့ကျင့်မှုကိုရော...စစ်ဆေးဦးမလား..ဘုရား”

“အိမ်ရှေ့စံကိုယ်တိုင် ကြပ်မတ်နေတာမဟုတ်လား.... ငါစစ်ဖို့ မလိုပါဘူး”

ကာခမောက် ဆိုသည်မှာ အလောင်းဘုရားအောင်ဇေယျနှင့် စာဆိုပညာရှိ မောင်မြတ်စံ၊ မောင်ဩ တို့ ၏ အကြံအစည်ဖြစ်သည်။

မြို့ရိုးခံတပ်များကို လှေကားထောင်တက်ရာတွင် ပွဲလျက်ရည်ပူများ ဒဏ်ခံနိုင်စေရန် တီထွင်ကြံစထားကြခြင်းဖြစ်သည်။

စကောဝိုင်းခန့်ကြီးမားသော ခမောက်ကြီးများကို သစ်စေးများအထပ်ထပ်သုပ်လိမ်းကာ စစ်သည်များ အပူဒဏ်ခံနိုင်ရည်ရှိစေရန် နှင့် ခန္ဓာကိုယ်ပေါ်သို့ မကျစေ

ရန် အထူးပြုင်ဆင်ထားခြင်းဖြစ်၏။

ရှူမီးဆိုသည်မှာ (၉)တောင်မှ (၁၀)တောင်အထိ ရှည်လျားသည့် မီးတိုင်လိပ်များဖြစ်သည်။

ရှူမီးတိုင်ထိပ်တွင် ယမ်းနှင့် ငရုတ်မှုန့်များကို အပြည့်သိပ်ထား၏။

ခံတပ်များထိပ်သို့ တက်သည့်အခါ ရှူမီးတိုင်ကို မီးရှို့လိုက်လျက်..ခံတပ်ပေါ်မှ ရန်သူစစ်သည်များမှာ ငရုတ်မှုန့်ညှော်နံ့ကို မခံနိုင်ပဲ...အသက်ရှူကြပ်စေရန်ဖြစ်သည်။

မုဆိုဖိုသားတို့သည် ပြန်လည်ဆုတ်ခွာခဲ့ရသည့် အင်းဝမြို့သိမ်းတိုက်ပွဲကို နောက်တကြိမ်အောင်မြင်နိုင်ရန်အတွက် စစ်ဘက်ဆိုင်ရာနည်းပညာများကို ထိုသို့သမာရိုးကျမှ ခွဲထွက်ပြီး ကြံဆထားကြခြင်းဖြစ်သည်။

သို့သော် ထိုကာခမောက်များနှင့်ပင် မလုံလောက်သဖြင့် အောင်ဇေယျကိုယ်တိုင် နောက်ထပ် နည်းပညာများကို အခြေခံစဉ်းစားနေခြင်းဖြစ်သည်။

မြင်းရည်တက်ဝင်သူရဲကောင်းများမှာလည်း တကျိပ်ကျော်ကျဆုံးသွားပြီဖြစ်သဖြင့် မင်းသားမောင်ရွှ ဦးစီးပြီး ငလူကြီးကွပ်ကဲသည့် အင်အား (၁၂၀၀)ပါ အထူးလေးတပ်ကို ဖွဲ့စည်းထားသည်။

ထိုလေးတပ်မှာ မြို့သိမ်းတိုက်ပွဲတွင် အဝေးမှ ပစ်ခတ်ရန် အထူးလက်ဖြောင့်စစ်သည်များကို ရွေးချယ် ထားခြင်းဖြစ်၏။

ကာခမောက်များ လုပ်နေသည့် ကျီတော်စု သို့ အောင်ဇေယျကိုယ်တိုင် ရောက်ရှိသွား၏။

သစ်စေးကြိုသည့်အိုးများ၊ ခမောက်ကြီးများ တစီတတန်းထားသည့် လုပ်ငန်းခွင်ထဲသို့ အောင်ဇေယျကိုယ်တိုင်ရောက်သွားသဖြင့် အားလုံးမှာ အလန့်တကြားဖြင့် မြေပြင်တွင် ပြားပြားဝပ်ကြသည်။

အောင်ဇေယျ၏ တတိယသား မောင်ပိုး နှင့် မောင်မြတ်စံတို့က လက်အုပ်ချီလျက် ခစားကြ၏။

“ဘယ့်နှယ့်လဲ..သတ်မှတ်ထားတဲ့ အရည်အတွက် တွေ ပြည့်လုပြီလားဟေ့”

“မွန်ပါ..ကာခမောက် တစ်ထောင်ပြီးရင်...အမာခံစစ်သည်အားလုံး ဝတ်ဆင်နိုင်ပါပြီ..ဘုရား”

“အေး..ကောင်းတယ်...ဖြစ်နိုင်ရင် ဒီလဆန်းရက်ထဲ အင်းဝကို အရောက်ချီကြမယ်..ကဲ..လုပ်စရာရှိတာ..လုပ်ကြ”

ထိုအချိန်တွင် မြင်းတစ်စီးက ခပ်လှမ်းလှမ်းမှ ဒုံးစိုင်းလာ၏။

“ကိုကြီးပိုး..အလုပ်ပြီးရင်..ခြင်းသွားခပ်ကြမယ်ဗျို့...ဟိုမှာ လူစုံနေလောက်ပြီ”

မင်းသားငယ် မောင်ဝိုင်း။

မောင်ဝိုင်းက အော်ကြီးဟစ်ကျယ်ပြောနေရင်းမှ ဖခင်ဖြစ်သူအောင်ဇေယျကို သတိထားမိသွား၏။

မြင်းပေါ်မှ အလျင်အမြန်ဆင်းကာ ဒူးထောက်လိုက်သည်။

မြင်းတွင် ချိတ်လာသော ခြင်းလုံးကို ဝင်တိုက်မိပြီး ခြင်းလုံးမှာ မြေပြင်သို့ ပြုတ်ကျသွား၏။

မြေပြင်ပေါ်တွင် လိမ့်နေသော ခြင်းလုံးမှာ ပွက်ပွက်ဆူနေသည့် သစ်စေးရည်ဘေးသို့ ကျသွားလေတော့သည်။

သစ်စေးရည်များမှာ ခြင်းလုံးပေါ်သို့ ကျကုန်၏။

အောင်ဇေယျက ထိုမြင်ကွင်းကို သေချာစိုက်ကြည့်နေသည်။

အောင်ဇေယျက ခြင်းလုံးကို ကောက်လိုက်သည်။

မောင်ဝိုင်းမှာ ဖခင်၏ ခြေရင်းတွင် ဒူးထောက်ရင်း စိုးရိမ်သည့် မျက်ဝန်းများဖြင့် ကြည့်နေ၏။

“မောင်ဝိုင်း”

“ဘုရား”

“ငါ့သားငယ်က ခြင်းလုံးဝါသနာပါတယ်ဆိုတော့....ဒီလို ပုံစံမျိုး..လူ လေးငါးခြောက်ယောက် ဝင်လို့ရတဲ့...အမြင့် ၃ တောင် ၄ တောင်ရှိတဲ့.. ခြင်းလုံးအကြီးကြီးတွေ ယက်ရင် ဖြစ်နိုင်မလား”

“ခြင်းယက်သည့်အစုအဖွဲ့များ နှင့် တိုင်ပင်လျင် ရနိုင်ပါတယ်..ဘုရား”

“မောင်မြဲတ်စံ..ဒီနားလာစမ်း”

“မှန်ပါ”

“ဒီလိုခြင်းလုံး အကြီးကြီးတွေ့လုပ်မယ်...ဒီအပေါက်တွေထဲကနေ ခြေထောက်တွေ့ ထုတ်ထားမယ်...အပေါ်ဘက်မှာ ယမ်းမီးမပေါက်နိုင်တဲ့ ကောက်ရိုးတွေကို သစ်စေးနဲ့ ကြပ်နေအောင် ထပ်ထားလိမ့်မယ်ဆို...ယမ်းကျည်တိုးနိုင်မလား”

“တိုက်ပွဲတွေကို လက်တွေ့ဝင်နေတဲ့ သေနတ်ဝန်မောင်ကောင်းနဲ့ ဗိုလ်တွန်တို့ သာအသေအချာ ပြောနိုင်မှာပါ..ဘုရား”

“ဗိုလ်တွန်က မုဆိုးခြုံမှာ မိန်းမသွားတောင်းနေတယ်...မဟုတ်လား....ငကောင်းခေါ်ချေ”

.....

“ဖလောက်..ဖလောက်...ဖလောက်..ဖလောက်”

“ဝရုန်း..”

ထန်းလက်ကိုင်းခြောက်ကြီး တစ်ခုလုံး ခေါင်မိုးပေါ်ကျလာသံ။

ထိုအခါမှ ငတွန်က အိမ်ပေါ်မှ ဆင်းလာသည်။

“ငအိုးတို့၊ ငသာတို့ ဘာလာဖြစ်ကြတာတုန်းကွာ”

“ဟေ့လူ...ဗိုလ်တွန်...ခဲဖိုးဗျ...ခဲဖိုး”

“ဘာ..ခဲဖိုးတုန်း”

“ဟ..ခင်ဗျား..မုဆိုးခြုံကနေ မိန်းမယူလာတာလေ...ခဲဖိုး ပေးရမယ်ဗျ....ဘာမသိချင်ယောင်ဆောင်နေတာတုန်း”

“ဟိုမှာ မိန်းခလေး အမိအဖကို တင်ကြေးတောင်းကြေးပေးခဲ့ရသေးတယ်ကွ..မရှိသေးဘူး”

“အောင်မယ်....မရဘူး..ကိုယ့်လူ..ရှင်ဘုရင်က ခင်ဗျားကို နှစ်ခန်းဆက်အိမ်တော်ကြီး ဆောက်ပေးရမယ်လို့ အမိန့်ရှိလိုက်တယ်...ဒါတော့ လုပ်လိုက်ကိုယ့်လူ”

“အဲ့ဒီ ခဲဖိုးနဲ့ မင်းတို့ကဘာလုပ်ကြမှာတုန်း”

“ဟ..ဒါချ ကြမ္မာပေါ့ဗျ...တခွက်တဖလား..တခွက်တဖလား..လုပ်ပါဗျာ..မကြာခင်လည်း စစ်ထွက်ကြရတော့မှာပဲ”

ငတွန်၏ နောက်မှ ဇနီးအသစ်စက်စက် ရှင်ထွေးပု ထွက်လာသည်။

လူကောင်သေးသေး၊ မျက်နှာဝိုင်းဝိုင်း၊ အသားညိုညိုဖြင့် ရှင်ထွေးပု။ ငတွန်ထက် အသက်ဆယ့်သုံးနှစ်ကျော်ငယ်သည်။

“ဟ...ဗိုလ်တွန်ကြီး..ခင်ဗျားကလေးမက... အုတ်လုံးသိမ်းပြီးစလေးပါလားဟ..ငါ့လူကြီးကတော့ဖြင့်ကွာ... မျှစ်နုနုကြိုက်တတ်တယ်ထင်ပဟေ့”

“တော်ပြီ..ဟေ့ကောင်တွေ....ရော့..ရော့”

ငတွန်က သူ့ခါးကြားတွင်လိမ်ထားသော ရွက်နီငွေအချို့ကို ကမ်းပေးလိုက်၏။

“ကုသိုလ်ရပါတယ်..ဗိုလ်တွန်ရာ..ကျုပ်တို့က အသဲကွဲနေတဲ့ ရွှေကြူကြီးကိုပါသွားပြီး စိတ်ဖြေပေးရဦးမှာ..သွားပြီဗျို့”

ငအိုးနှင့် ငသာတို့ ထွက်ခွာသွားကြသည်။

“ထွေးပု..စိတ်ညစ်သွားသလား”

“မညစ်ပါဘူး..ကိုကြီးတွန်..အထွေးက ပျော်တောင်ပျော်ပါသေးတယ်”

“ကဲ...အိမ်ထဲ ဝင်ကြစို့”

“မောင်ကြီးငတွန်”

ခြံတံခါးအပြင်မှ ခေါ်သံကြောင့် ငတွန် လှည့်ကြည့်လိုက်သည်။

မြတ်ထားသီရိက တောင်းတတောင်းကို ပိုက်လျက်။

ငတွန်က မြတ်ထားသီရိကို ကြောင်ကြည့်နေ၏။

“မောင်ကြီငတွန်ရဲ့ မိန်းကလေးအတွက်...သနပ်ခါးတုံးကောင်းကောင်းတွေ လာပေးတာပါ”

ထိုအခါမှ တောင်းထဲမှ သနပ်ခါးတုံးများကို ငတွန် သတိထားမိလိုက်သည်။

“ကလေးကို ဘယ်သူနဲ့ထားခဲ့လဲ..မြဲတ်ထားသီရိ”

“မောင်ကြီး မသိသေးဘူးလား....အင်းဝကို နောက်တကြိမ်စစ်မချီတက်ခင်..မြတ်ထားကို မင်းတရားကြီးက မိဖုရားအဖြစ် သိမ်းပိုက်တော့မယ်လေ..အခု အိမ်မှာ အထိန်းတော်နှစ်ယောက် ကြိုပြီးရောက်နေပြီ..နောက်ရက်ထဲ နန်းတွင်းမှာ အဆောင်တစ်ဆောင်သီးသန့်ရတော့မှာ”

“မင်းရဲ့နေရာမှန်ကို ပြန်ရတော့မှာပေါ့..မြတ်ထားသီရိ”

မြတ်ထားသီရိ၏ မျက်နှာက ပြုံးနေရာမှာ ပြန်တည်သွားသည်။

“မောင်ကြီးပြောခဲ့ဖူးသလိုပေါ့....အချစ်တို့ဘာတို့ဆိုတာထက်...အိမ်ထောင်ရေးဆိုတာ ကိုယ်နဲ့အဆင်ပြေဆုံးကို ရွေးချယ်ရတာပါပဲ..နော့”

မြတ်ထားသီရိ၏ စကားကြောင့် ငတွန်မျက်နှာပျက်သွား၏။

ထို့နောက် နဘေးမှ ရှင်ထွေးပု ၏ ပုခုံးကို ဖက်လိုက်သည်။

“ဒါ...ငါ့ဇနီး...ရှင်ထွေးပုတဲ့..မြတ်ထားသီရိ”

“မိန်းကလေးက ချစ်ဖို့ကောင်းလိုက်တာ..မောင်ကြီးငတွန်ရယ်...ဒီမှာ..ငါ့ညီမအတွက် သနပ်ခါးတုံးတွေနော်...နောက် ဒီမြို့မှာ အကူအညီလိုရင်လည်း နန်းတွင်းမှာ မမမြတ်ထားရှိနေမယ်”

မြတ်ထားသီရိက သနပ်ခါးတောင်းကို ရှင်ထွေးပု ၏ လက်ထဲသို့ ထည့်ကာ ပြန်လှည့်ထွက်သွား၏။

“ကိုကြီးတွန်...အဲ့ဒီ မမ က မိဖုရားလားဟင်”

ရှင်ထွေးပုက တောင်းကိုပိုက်ထားရင်းမှ ငတွန်ကို မေးလိုက်သည်။

“အင်း..ဆိုပါတော့”

“သိပ်လှတာပဲနော်..အထွေးဖြင့် မိဖုရားတွေ၊ နန်းတွင်းသူတွေဆိုတာ အခုမှ အရှင်လတ်လတ်မြင်ဖူးတော့တယ်”

ရှင်ထွေးပုများ စကားများ တီတီတာတာပြောနေ၏။ ငတွန်က ခံစားချက်ကင်းမဲ့နေသော မျက်နှာဖြင့် တစုံတရာကို တွေးတောရင်းလိုက်ပါလာသည်။

ခင်ထွေးပုက ပြောလက်စ စကားရပ်သွား၏။

“အဲ့ဒီမမက ကိုကြီးတွန်ရဲ့ ရည်းစားဟောင်းများလားဟင်”

ထိုအခါမှ ငတွန် သတိပြန်ဝင်လာ၏။

“အာ..မဟုတ်ပါဘူး..ထွေးပုရယ်..မဟုတ်ရပါဘူး...ငါတို့က ရိုးရိုးပါ”

ငတွန်က စကားဆုံးသည်နှင့် ရှင်ထွေးပု၏ ပုခုံးကို ခပ်ကြမ်းကြမ်းဖက်ကာ..ပါးပြင်ကို ငုံ့နမ်းရှိုက်လိုက်သည်။

“အို..ကိုကြီးတွန်.... အပြင်ကြီးမှာ..ရှက်စရာကြီးတော့”

.....

၁၇၅၃ ဒီဇင်ဘာ ၁၈။

အောင်ဇေယျ၏ သားတော် သတိုးမင်းစောဘွဲ့ခံ မောင်ရှ နှင့် မင်းရဲကျော်စွာဘွဲ့ခံ ငအို ဦးဆောင်သော လူ(၄၅၀၀)ပါ စစ်ကြောင်းသုံးကြောင်းသည် စဉ့်ကိုင်မှ ရောဝတီမြစ်အရှေ့ဘက်ကမ်းကို ကူး၍ အင်းဝကို ဝန်းရံသည်။

မင်းလှစည်သူဘွဲ့ခံ ဦးစည်းစိမ်၊ မင်းလှမင်းခေါင်ဘွဲ့ခံ ငတွန်၊ လက်ျာဘီလူးဘွဲ့ခံ ငညိုသူ၊ မင်းလှကျော်သူဘွဲ့ခံ ဦးညွှန့်၊ လက်ျာပုံချီဘွဲ့ခံ ငစံရာ တို့ ပါဝင်သည့် စစ်သည် (၄၀၀၀)ပါသော တပ်ငါးတပ်က အင်းဝကို အနောက်ဘက်မှ ဝန်းရံသည်။

သေနတ်ဝန် မင်းလှမင်းခေါင်ကျော်ဘွဲ့ခံ ငကောင်း က မြစ်ဆုံမှ အင်းဝသို့ တိုက်လှေ (၃၀၀)ဖြင့် ရေကြောင်းချီပြီး ဆင်တဲတွင် တပ်တည်နေ၏။

ကျန်သည့်တပ်များမရောက်သေးမီ..ဟံသာဝတီတပ်များက ငကောင်း၏ ဆင်တဲတပ်ကို လှေများဖြင့် ထွက်တိုက်ခိုက်ကြသော်လည်း အကျအရှုံးများဖြင့်ပင် ပြန်လည်ဆုတ်ခွာလာရသည်။

မကြာမီ အလောင်းဘုရားဦးအောင်ဇေယျ ၏ တပ်များမှာ အရှေ့၊အနောက်နှင့် မြောက်ဘက်တို့မှ အင်အားကြီးမားစွာ ဝန်းရံလာသဖြင့် အင်းဝသည် မြို့တံခါးကို ပိတ်ကာ အခိုင်အလုံသာ နေနေတော့၏။

.....

၁၇၅၃ ဒီဇင်ဘာ ၂၂ ။

အင်းဝမြို့ အောင်နန်းဘုံကျော်နန်းတော်။

ဟံသာဝတီဗိုလ်ချုပ်များဖြစ်သော လက်ျာဗိုလ်၊ ဗညားကျဉ် နှင့် အင်းဝငွေခွန်မှူး မောင်အွတ်တို့သည် ဥယျဉ်တော်အတွင်းမှ ရေနန်းတော်တွင် သီးသန့် အစည်းအဝေးကျင်းပနေကြ၏။

“ဟံသာဝတီကတော့..ဥပရာဇာဟာ ထားဝယ်၊တနင်္သာရီဘက်ဆီကို တပ်တချို့ပို့ ထားရလို့...ကျုပ်တို့ဆီ ချက်ချင်း စစ်မကူနိုင်ဘူးလို့ ပြောလိုက်ပြီ”

လက်ျာဗိုလ် ၏ အသံက အေးစက်စက်။

“တလပန်းကရော”

“တလပန်းက ဟံသာဝတီမြို့စောင့်တပ်အနေနဲ့ ကျန်ရစ်တယ်...အင်းဝဘုရင် ဟောင်းရှိနေသမျှ မြို့ကို ဒီတိုင်းလွှတ်ထားလို့လည်းမဖြစ်ဘူးလေ”

“ဒါဆို ကျုပ်တို့ ဘာလုပ်ကြမလဲ...မုဆိုးဖိုတပ်တွေကို အသေခံတိုက်ကြမလား”

မောင်အွတ်၏ စကားကြောင့် အားလုံးတိတ်ဆိတ်သွားကြသည်။

လက်ျာဗိုလ်က အင်းဝမြေပုံချပ် စားပွဲပေါ်မှ ခေါက်သိမ်းလိုက်၏။

“မောင်အွတ်...ဟော့ဒီအင်းဝမှာ ရှိနေတဲ့ တို့ဟံသာဝတီတပ်သားတွေလည်း စစ်ပန်းနေကြပြီ၊ ပြီးတော့ ဒီမုဆိုးဖိုဆိုတဲ့ ရွာလေးက စတင်လာတဲ့ ခုခံစစ်ကို မန္ဒိမနှင်းနှိုင်ခဲ့ရာက အခုဆို အင်းဝအထိ ထိုးစစ် ဆင်ခဲနေရပြီဆိုတော့ အားလုံး စိတ်မာတ်တွေကျနေကြပြီ.၊ အင်းဝမှာ ငါတို့နဲ့ ပူးပေါင်းထားတဲ့ ဗမာတွေ အပေါ် သြဇာကြီးတဲ့ ချစ်သီမရှိတော့ကတည်းက..အားလုံးဟာ မုဆိုးဖိုဘက်ကို စိတ်တွေယိုင်းယိုင်နေကြပြီ..ပြီးတော့ ပထမအကြိမ်ကို အင်းဝကို လာဝန်းရံတုန်းက ငါတို့ အနိုင်ယူလိုက်နိုင်တယ်ဆိုတာက မုဆိုးဖိုတပ်နှစ်တပ်တည်းပဲ..အဲဒါက လည်း အုပ်ချုပ်တဲ့တပ်မှူးတွေရဲ့ အလောကြီးမှုနဲ့ မဆင်မခြင်မှုကြောင့် ငါတို့ဘက် ကနိုင်တာပဲ....အခု မုဆိုးဖိုက တပ်ချီတပ်ချုပ်တွေကို ငါ ကြည့်ရသလောက်တော့.. သူတို့ဟာ ရှိသမျှ အင်အားတွေကို စနစ်တကျ ဖြန့်ချိလာတာပဲ.....ဒီအခြေအနေမှာ ငါ့တို့ ခံတိုက်ပြီး မနိုင်မှ ဆုတ်ခွာမယ်ဆို...အောင်ဇေယျ တပ်ကတွေက နောက်က ထပ်ချပ်မခွာလိုက်တိုက်မှာပဲ..အဲ့ဒီတော့...သူတို့ မသိအောင် ငါတို့ တိတ်တဆိတ် ခွာစစ်ဆင်ရမယ်”

“မုဆိုးဖိုသားတွေ မသိအောင် တိတ်တိတ်လေး ဆုတ်ခွာကြဲရမှာလား”

“မုဆိုးဖိုသားတွေက လေးဘက်လေးတန်ဝိုင်းရုံလို့ ရနေလျက်နဲ့ တောင်ဘက်မျက်နှာကို ဖွင့်ပေးထားတာ ဘာကြောင့်လဲ မင်းသိလား...မောင်အွတ်”

မောင်အွတ်က ခေါင်းခါလိုက်သည်။

“ငါတို့အတွက် ပြေးပေါက်ဖွင့်ပေးထားတာပဲ..သူတို့ လေးဘက်လေးတန်တိုက်တဲ့အခါ ငါတို့လည်း မထူးဇာတ်ခင်းပြီး အသေခံတိုက်ရင် အင်းဝမြို့လည်းကြေမယ်..ပထမတိုက်ပွဲလို့ နှစ်ဖက်လည်း အထိအခိုက်များနိုင်တယ်...အင်းဝဟာ သူတို့သွေးချွေးနဲ့ဆောက်ခဲ့တဲ့ သူတို့နေပြည်တော်ပဲ..ဒါကြောင့် သူတို့ အလွယ်တကူမဖျက်စီးချင်ကြတာ...ဒါကြောင့် ငါတို့အတွက် ထွက်ပေါက်တစ်ပေါက်ပေးလိုက်တာလို့ငါယူဆတယ်..အဲ့ဒီအခွင့်အရေးကို အမြန်ဆုံး အသုံးချနိုင်ရင်..ငါတို့ အသက်နဲ့ခန္ဓာမြဲမယ်...အသက်ခန္ဓာမြဲနေသမျှ တိုက်ပွဲဆိုတာ နိုင်အောင်တိုက်လို့ ရပါသေးတယ်ကွာ”

“ဒီလိုဆို ကျွန်တော်မျိုးတို့ ဘယ်တော့ ဆုတ်ခွာကြမလဲ”

“မနက်ဖြန်ည...တောင်ဘက်မျက်နှာ ကျော်ဘုံဝင်မနားတံခါးကနေ ဆုတ်ခွာမယ်”

.....

၁၇၅၃ ဒီဇင်ဘာ (၂၃)ရက်။

နတ်တော်လပြည့်ကျော် (၁၃)ရက်မို့ .. ညက မှောင်၏။

ဆောင်းက စိမ့်၏။

သို့သော်ငြား အင်းဝလက်မရွံ့ထောင်ကား လေဝင်ပေါက်မရှိသဖြင့် အိုက်စပ်စပ်။

“ဂလောက်...ဂလောက်”

“ငချစ်မြ..ထစမ်း..ထစမ်း”

ကိုယ်လုံးတီးဖြင့် ငိုက်မြည်းနေသော ချစ်မြ က ရုတ်တရက်မျက်လုံးများဖွင့်လိုက်သည်။

မီးတုတ်အလင်းရောင်က စူးရှလှသဖြင့် လက်ကို ကာလိုက်၏။

သို့သော် မကြာမီ သူ့ခေါင်းကို အရာဝတ္ထုတစ်ခုဖြင့် စွပ်ချလိုက်သဖြင့် အမှောင်အတိပြန်ဖြစ်သွားတော့သည်။

လက်ပြန်ကြိုး တင်းကြပ်စွာတုပ်ပြီး ချစ်မြကို လူတစ်စုက ခေါ်ထုတ်လာသည်။

“ကျုပ်ကို သတ်ကြတော့မှာလား”

“မသေချင်ရင်...မင်းပါးစပ်ကို ပိတ်ထားစမ်း..ခွေးကောင်”

နောက်ထပ် အဝတ်အိတ်တစ်ခုဖြင့် အပေါ်မှ စွတ်ချခံလိုက်ရသည်။

ထို့နောက် အိတ်အဝကို ကြိုးဖြင့် တုတ်နှောင်လိုက်၏။

“ဘုန်း”

“အင့်”

ချစ်မြ ၏ ခန္ဓာကိုယ်ကို ထုတ်ပိုးထားသော အိတ်ကို လှည်းတစီးပေါ်သို့ ပစ်တင်လိုက်ကြသည်။

.....
.

“အကျဉ်းသားကို ခေါ်ထုတ်လာခဲ့ပါပြီ...ဗိုလ်မင်း”

အင်းဝမြို့၊ ကျော်ဘုံဝင်မနားတံခါးဝမှ မြို့တွင်းသွားလမ်းအထိ တန်းစီထားသော ဆင်၊ မြင်း နှင့် နွားလှည်းတန်းကြီးက တန်းစီနေသည်။

တပ်မှူးဗညားစိန် က လက်ျာဗိုလ်ထံ လျှောက်တင်လိုက်၏။

“ဗညားကျဉ်ရော..အဆင်သင့်ဖြစ်ပြီလား...သူ့ကို မတွေ့မိပါလား..သူ့တပ်တွေ အဆင်သင့်ဖြစ်မဖြစ် ငါ့ဆီ သတင်းပို့ခိုင်းပေးပါ”

တပ်မှူးဗညားစိန် ထွက်ခွာသွားသည်။ ခဏအကြာတွင် ဗညားစိန် နှင့်အတူ တပ်မှူးဗညားကျဉ် ရောက်လာ၏။

အသက်ကြီးပြီဖြစ်သော စစ်သူကြီးဗညားကျဉ်မှာ မောဟိုက်နေပုံရပြီး မျက်စိမျက်နှာများပျက်နေသည်။

“ဘာအရေးများဖြဲ့စ်နေလို့လဲ...ဗိုလ်မင်း”
“ကျွန်တော်မျိုးရဲ့သမီး...ခင်ထော်မိကို ရှာနေတာပါ”

“သူ ဘယ်ပျောက်သွားပြန်ပြီလဲ”

“သူက သူ့ကို မုဆိုးဖိုက ကယ်တင်လာတဲ့...လင်မယားနှစ်ယောက်ကိုလည်း ခေါ်သွားချင်ပါတယ်ဆိုလို့ ညနေကတည်းက အင်းဝမြို့ထဲ ထွက်သွားတာပါ..အခုထိ မလာသေးလို့”

“အချိန်မရှိဘူး...သန်းခေါင်မတိုင်ခင် ကျုပ်တို့ ထွက်မှာဖြစ်မယ်....မဟုတ်ရင် တော့..ထားခဲ့ရမှာပဲ”

“ကျွန်တော်မျိုး သမီးလေးကို သေပြီလို့ ယူမှတ်ထားပြီး..အခုမှ ပြန်တွေ့ရတာပါ...သည်းခံပြီး စောင့်ပေးဖို့ တောင်းပန်ပါတယ်..ဗိုလ်မင်း”

“သူ ဘယ်သူနဲ့သွားတာလဲ”

“ကျွန်တော်မျိုးရဲ့လက်ထောက် ဗညားတာနောကိုပါ ထည့်ပေးလိုက်ပါတယ်”

“ဒီကိစ္စဟာ လျှို့ဝှက်ဆုတ်ခွာတဲ့ကိစ္စ..လူပို့တွေ ခေါ်လို့မရသလို...လူသိများလို့ မရဘူးဆိုတာ..ခင်ဗျား တပ်မှူး တစ်ယောက်အနေနဲ့ သိရမှာပေါ့..ဗညားကျဉ်”

ဗညားကျဉ် က ခေါင်းကိုသာ ငုံ့ထားတော့၏။

“အဖ”

အနောက်ဘက်မှ အသံကြောင့် ဗညားကျဉ်...လှည့်ကြည့်လိုက်၏။

ခင်ထော်မိ။

ဗညားတာနောက တစ်ဖက်မှ ကလေးငယ်တစ်ဦးကို ချီပွေ့ထားလျက်..တစ်ဖက်က ဓါးရှည်ကိုကိုင်ထားသည်။

အနောက်ဘက်တွင် ခမောက်ကို ခပ်ငိုက်ငိုက်စောင်းထားသည့် ငလှေးနှင့် မယ်ဖူးတို့ လင်မယား။

“သူတို့ လာကြပါပြီ..ဗိုလ်မင်း...သူတို့ လာကြပါပြီ”

လက်ျာဗိုလ်က ခင်ထော်မိနှင့် ပါလာသူများကို သေချာကြည့်လိုက်သည်။

“ဟာ..ဘယ်သူတွေများလဲလို့..လွီဇာအိမ်တော်ပါတွေပါလားဟ”

ငလျှေးက လက်အုပ်ချီလိုက်သည်။

“မောင်မင်းတို့က ခင်ထော်မိကို မုဆိုးဖိုကနေ သွားခေါ်လာကြသူတွေပေါ့”

“မှန်ပါ့....မမလွီဇာက..အမိန့်ပေးထားခဲ့လို့ပါ..ဗိုလ်မင်း”

“အင်း..တော်ပါသေးရဲ့ကွယ်..လွီဇာလူတွေဆိုတော့...အချိန်မှီပေလို့ပဲ..ကဲ..ထွက်ကြမယ်ဟေ့”

.....

နောက်တစ်နေ့။

နံနက်ခင်း အလင်းရောင်အောက်တွင်..တိတ်ဆိတ်နေသော အင်းဝမြို့ကြီး။

မုဆိုးဖိုသားတို့က ရဲတံခွန်များ၊ စစ်တမဲများ၊ ကဒေါင်းအောင်လံများ တလူလူ လွှင့်ထူလျက် ဝင်လာသည်။

ဆယ်စုနှစ်များစွာအတွင်း စစ်ပွဲပေါင်းများစွာ၊ ရန်သူပေါင်းများစွာကို ခုခံတိုက်ခိုက်ခဲ့သော အင်းဝမြို့တော်ကြီး။

ယခုတော့ မုဆိုးဖိုသားတို့က သေနတ်တစ်ချက်၊ ဓါးတစ်လက်မျှပင် မဝံ့ရဲပဲ..သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်သည်။

ဆင်ပေါ်တွင် လိုက်ပါလာသော သတိုးမင်းစောဘွဲ့ခံမောင်ရွှက ဆင်ပေါ်မှ မတ်တပ်ရပ်လိုက်သည်။

အရှေ့အရပ်ဆီတွင် အောင်နန်းကျော်ဘုံအင်းဝနန်းတော်၏ တလက်လက် တောက်ပနေသော..စူးလစ်မွန်းခွန် မှန်ကင်းများ။

အခန်း (၂၀)

ရှင်မိငယ်က အောင်ဇေယျနားသို့ တိုးကပ်ကာ ခပ်တိုးတိုးပြောလိုက်၏။

အောင်ဇေယျက ရုတ်တရုတ်အံ့သြသွားပြီးနောက် ကျေကျေနပ်နပ်ပြုံးလိုက်သည်။

“ညီလာခံကို ရပ်လိုက်မယ်...သူတို့ကို...အခုပဲ..အခစားဝင်စေလို့”

ရှင်မိငယ်ပြန်ထွက်သွားသည်။

ခဏအကြာတွင် ကျောက်မြောင်းရှိ ယာယီတဲနန်းအတွင်းသို့ အမျိုးသမီးသုံးဦး ဝင်လာ၏။

“ခင်ယွန်း”

အောင်ဇေယျ က စိတ်လှုပ်ရှားစွာဖြင့် မတ်တပ်ရပ်လိုက်သည်။

ခင်ယွန်းစံက အဝတ်ဖြူဖြင့်ထုပ်ထားသော တောင်းတစ်ခုကို ရွက်လာပြီး အောင်ဇေယျ၏ ရှေ့တွင်ချကာ ဒူးတုပ်ခစားလိုက်၏။

နဘေးတွင် အပျိုပေါက်(၁၆)နှစ်အရွယ်ဖြစ်နေပြီဖြစ်သော သမီးတော်မယ်သာ၊ (၁၂)နှစ်အရွယ်သမီးတော် မယ်မြတ်လှ တို့က ခမ်းနားလှသော ယာယီတဲနန်းကို အံ့ဩတကြည့်ရှုနေကြသည်။

“အငယ်ဆုံးမယ်အိပ်ကလေးရော..ခင်ယွန်း”

“စည်ပုတ္တရာမှာ ထားခဲ့တယ်.”

“ကဲ...ငါ့မိဖုရားခေါင်ကြီးရော.မင်းသမီးတွေနဲ့ရော.မတွေ့ကြရတာကြာပြီ...စကားအေးအေးဆေးဆေးပြောချင်တယ်..ကျန်တဲ့သူတွေ သင့်တော်ရာမှာသွားခစားနေကြချေ”

ယာယီတဲနန်းအတွင်းခစားနေသူများအားလုံးက လက်အုပ်ချီလျက် နောက်ဆုတ်ခွာ ထွက်ခွာသွားကြ၏။

“ကဲ....ငါ့သမီးတွေ..လာကြပါဦး..အနားကို..မတွေ့ရတာကြာပေါ့”

အောင်ဇေယျက သလွန်ပေါ်မှ ဆင်းကာ သမီးငယ်နှစ်ဦးဘေးတွင် ထိုင်လိုက်သည်။
“ငါ့သမီးများ..တောမှာ ဘယ်လိုတောင်နေနေရတာလဲ...မင်းသမီးလေးက ရွှေနန်းတော်မှာ စံရမယ့်ဟာကို..အခုတော့လေကွယ်..ဖြစ်ရတယ်”

အောင်ဇေယျက သမီးငယ်နှစ်ဦး၏ ဦးခေါင်းများကို ပွတ်သပ်ကာ ပြုံးနေလိုက်၏။

ခင်ယွန်းစံက အောင်ဇေယျကို မကြည့်ပဲ...အဝတ်ဖြူဖြင့်အုပ်လာသော တောင်းကို ဖွင့်လိုက်သည်။

“ဒီမယ်..ကိုအောင်ဇေယျ...ရှင်ကြိုက်တတ်တဲ့..မုန့်ဆန်း..ကျွန်မကိုယ်တိုင်လုပ်လာပေးတာ”

အောင်ဇေယျက သမီးနှစ်ဦးကို ဖက်ထားရင်းမှ ခင်ယွန်းစံရှေ့သို့ တိုးကပ်လိုက်သည်။

“အောင်မယ်...မိဖုရားခေါင်ကြီးနေရာကို မုန့်ဆန်းနဲ့ လာလဲတာပေါ့လေ”

“မစားချင်လည်းနေလေ..တော့်မိဖုရားခေါင်ကြီးနေရာကို ကျုပ်မမက်ဘူး”

ခင်ယွန်းစံက မုန့်ဆန်းတောင်းကို ပြန်ပိတ်ရန် ပြင်လိုက်၏။

အောင်ဇေယျက ခင်ယွန်းစံ၏ လက်ကို အပေါ်မှ အုပ်ကိုင်လိုက်သည်။

“အလကားး စတာပါ..ခင်ယွန်းရယ်..ဒေါသတွေက မပြေနိုင်သေးဘူးလား..ဒီလောက်အထိ ကိုယ့်လင် ကို ပစ်ထားခဲ့တာ..တော်ရောပေါ့....အခု ပြန်လာတာမဟုတ်လား..ရွှေဘိုကို တခါတည်းလိုက်ခဲ့မယ်..မဟုတ်လား”

“ဒီမယ်...ရှင့်ဆီလာတာ..အခြားမဟုတ်ဘူး....သမက်ဘုရင်ဖြစ်မှပဲ ကျွန်မ အဖေမှာ ရွာမှာ မျက်နှာပျက်ရတယ်ရှင့်...စည်ပုတ္တရာနဲ့ကျောက်ကာတစ်ကြောကို ဒီလောက်အခွန်အတုပ်တွေ စည်းကြပ်ထားတာ ဘာသဘောလဲ...စည်ပုတ္တရာသူမိဖုရားခေါင်ကြီးရှိနေပါလျက်နဲ့...စည်ပုတ္တရာသားများမှာ အခွန်ကို ကြပ်ကြပ်တည်းတည်း ဆောင်ကြရတယ်..စစ်ကြီးမက်ကြီးကတဖက်၊ နောက်တက်လာတဲ့ ရှင်ဘုရင်သစ်ရဲ့ အခွန်ကို ဆောင်ရတာတစ်ဖက်နဲ့ ဒုက္ခကများကြတယ်..ဒီကြားထဲ အခွန်မဆောင်နိုင်တဲ့ဆင်းရဲသားတွေကို မောင်းတီးပြီး ကျွန်အဖြစ် လေလံပစ်တာကိုလည်း ရှင့်လူတွေက လုပ်ကြပေရဲ့...ရှင်တစ်လျှောက်

လုံး လေ့လာခဲ့တဲ့ မင်းကျင့်တရားတို့ဘာတို့ စာတွေက စာထဲမှာပဲ ကျန်ခဲ့တာလား..တကယ်လည်းရှင်ဘုရင်ဖြစ်သွားရော...လုပ်ချင်ရာ လုပ်တာပဲလား...ရှင့်လူများကိုလည်း ရှင်ထိန်းပါဦး”

အောင်ဇေယျက ပြုံးစိစိဖြင့်။

“အံမယ်လေး..ရန်တွေ တွေ့လိုက်တာဗျာ...စည်ပုတ္တရာနယ်ထဲ ဒီလိုတွေဖြစ်နေတာ..မောင်ကြီး တကယ်မသိရိုးပါပဲ..မောင်ကြီးအပြစ်ပါ”

“မောင်ကြီးအပြစ်လုပ်မနေနဲ့....ဒါဆိုလည်း ရှင့် မြေခွန်ဝန်ဆီ စာတစ်စောင်မြန်မြန်ရေးချေ”

“ရေးပါမယ့်ဗျာ..ရေးပါမယ်..ကဲ...ရွှေစိတ်တော်ပြေစေတော့...ခင်ယွန်းရယ်..နော့”

ခင်ယွန်းစံက အောင်ဇေယျကို မျက်စောင်းတစ်ချက်ချိတ်လိုက်၏။

ထို့နောက် မုန့်ဆန်းကို လက်ဖြင့် တစ်ဖဲ့ဖဲ့ကာ ခွံကျွေးလိုက်သည်။

အပျိုပေါက်အရွယ် သမီးနှစ်ယောက်က ဖခင်နှင့်မိခင် ၏ ပြန်ပေါင်းထုပ်ခန်းကို ကြည့်ကာ တခစ်ခစ်ရယ်ကြ၏။

.....
.....

၁၇၅၃ ဒီဇင်ဘာ ၁၃ တွင် မင်းသားမောင်ရွှန့် စစ်သူကြီးများသည် ခုခံသူမရှိတော့ပြီဖြစ်သော အင်းဝမြို့ကြီးကို အလွယ်တကူသိမ်းယူနိုင်ခဲ့ကြသည်။

ဒီဇင်ဘာ ၂၉ တွင် အလောင်းမင်းတရား ဦးအောင်ဇေယျသည် ဗိုလ်မှူးတပ်မှူးများ၊ ဆင်တပ်၊မြင်းတပ်များ ခြံရုံလျက် အင်းဝ သို့ ချီတက်လာ၏။

၁၇၅၄ ဇန်နဝါရီလ ၃ ရက်နေ့တွင် သာစည်တံခါးမှဝင်ပြီး အဝမြို့ကို လက်ခံသိမ်းယူသည်။

ထို့နောက် မယားညီအကိုဖြစ်သော ငညွန့်ကို မြင်းတပ် ၁၅၀၊ သေနတ်ကိုင်တပ်သား ၃၀၀၊ ခြေလျင်စစ်သည် ၃၀၀၀ ၊ အမြောက်၊စိန်ပြောင်းတို့နှင့်အတူ အင်းဝမြို့စောင့်တပ်မှူးအဖြစ် ခန့်အပ်ခဲ့သည်။

၁၇၅၄ ဖေဖော်ဝါရီ ၁၅ တွင် သားများဖြစ်သော မောင်လောက်၊ မောင်ရွှ၊ ညီ ရွှေကြူ ၊ တပ်မှူးငတွန် တို့ကို ရှေ့ပြေးတပ်အဖြစ် ထားရှိပြီး အညာဆင်ဘိုမှန်းကင်း သို့ချီတက်သည်။

ကျောက်မြောင်းဆိပ်သို့ အရောက် ယာယီတဲနန်းဖြင့် စခန်းချနေစဉ် စိတ်ကောက်လျက် မုဆိုးဖိုမှ ထွက်ခွာသွားခဲ့သော မိဖုရားခေါင်ကြီးခင်ယွန်းစံက သမီးများနှင့် အတူ ရောက်ရှိလာခြင်းဖြစ်သည်။

မိဖုရားခေါင်ကြီး၊သမီးတော်များကို အင်းဝသို့ တပ်များနှင့် ပြန်လည်ပို့ဆောင်လိုက်ပြီးနောက် ကသာမြို့သို့ ဆက်လက်ချီတက်ခဲ့သည်။

ကသာအရောက်တွင် ငတွန်နှင့် ယောက်ဖ မောင်အို တို့စစ်ကြောင်းကို ရှမ်းပြည်၊ မိုးညှင်း၊ မိုးကောင်းသို့ ခွဲထွက်ချီတက်စေသည်။

ကသာမှ ရွှေပေါက္ခရဏီ သို့ ရောက်လျှင် မိုးမိတ်စော်ဘွား၊ ဗန်းမော်စော်ဘွားတို့က မြင်း၊သေနတ်၊ ရွှေငွေ၊ အထည်လိပ်များ ဆက်သကာ ရွှေပေါက္ခရဏီဘုရားရင်ပြင်တွင် သစ္စာခံယူကြသည်။

၁၇၅၄ မတ်လ ၁၇ တွင် မိုးညှင်းချောင်းဝတွင် လှေတပ်အတွက် သစ်လုံးသုံးရာကျော်ကို ရွှေဘိုတပ်များက ခုတ်ယူကြ၏။

ထမံနယ်မြေအတွင်းသို့ ကျော်လွန်လာသည့်အခါ ကချင်လူမျိုးစုများ၊ ရှမ်းနီလူမျိုးစု များနှင့် ထိပ်တိုက်တွေ့ဆုံမိကြတော့သည်။

ကချင်နှင့်ရှမ်းနီလူမျိုးစုတို့မှာ အင်းဝမင်းအဆက်ဆက်နှင့်အသာ အဆက်အဆံရှိကြသဖြင့် အသစ်စက်စက် မုဆိုးဖိုတပ်များ ဝင်လာသည့်အခါ ခုခံတိုက်ခိုက်ကြ၏။

သမိုင်းရှာအနောက်ဘက်တောင်ရိုးသို့နယ်မြေကျော်ဝင်ရောက်လာကြသော မောင်ရွှ၊ ရွှေကြူ တို့၏ ရှေ့ပြေး တပ်များကို ကချင်၊ရှမ်းနီလူမျိုးစု (၁၀၀၀)ကျော်က ခုခံတွန်းလှန်ကြ၏။

သို့သော် လက်နက်အင်အားနှင့် စစ်မှုရေးရာကွာဟမှုများကြောင့် ကချင်၊ရှမ်းနီ (၂၀၀)ကျော် ကျဆုံးပြီး (၁၀၀)ကျော် သုံ့ပန်းအဖြစ် အဖမ်းခံရသည်။

မကြာမီ နောက်တွင်ပါလာသည့် အလောင်းဘုရားအောင်ဇေယျကိုယ်တိုင် ရောက်ရှိလာပြီးနောက် ဒေသခံ လူမျိုးစုခေါင်းဆောင်များ၊ ဒူဝါများနှင့် ညှိနှိုင်းကာ

နှစ်ဖက်အပြဲန်အလှန်လက်ဆောင်များကမ်းပြီး စစ်ရပ်စဲကာ သစ္စာခံယူစေခဲ့သည်။

ထို့နောက် ကသာသို့ ပြန်လည်စုန်ဆင်းပြီး ကသာတွင် ပြန်လည်ရောက်ရှိနေသည့် ငအို နှင့် ငတွန်တို့က မိုးညှင်းမိုးကောင်းနယ်များကို သိမ်းပိုက်ပြီး ရရှိခဲ့သည့် လက်နက်များကို ဆက်သသည်။

၁၇၅၄ ဧပြီ ၉ တွင် အောင်ဇေယျသည် ရွှေဘိုနန်းတော်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

.....
.

“အင်းဝကို သိမ်းပြီးသွားပြီဆိုတော့...သူက ရှင်ဘုရင်ဆိုတာ..ကျုပ်တို့ အသိအမှတ်ပြုရမှာပ..ကိုချစ်ညို”

ရာဇဓိရာဇ်၏ စကားကို ချစ်ညိုက မည်သို့မျှ မတုန့်ပြန်။

“မကြာခင်မှာ ဟံသာဝတီတပ်တွေကလည်း အင်းဝကို အနှေးနဲ့အမြန်ပြန်ဝိုင်းမှာပဲ...ကျုပ်သဘော ကတော့ဖြင့် ကျုပ်တို့အရှင် ကိုးသိန်းသခင်မင်းခေါင်လည်း မရှိတော့ဘူး...ဒီတော့...အင်းဝကို ဟံသာဝတီသားတွေထက် မုဆိုးဖိုသားတွေ လက်မှာပဲရှိစေချင်တော့တယ်.... နောက်ပြီး...ဟံသာဝတီတပ်တွေ ရောက်လာတဲ့အခါ..ကျုပ်တို့မှာ ဟံသာဝတီနဲ့ မုဆိုးဖို စစ်နှစ်ဖက်လုံးက တိုက်တာကိုလည်း အချိန်မရွေးခံရနိုင်တယ်..ကျုပ်လူတွေကလည်း...အောင်ဇေယျဆီမှာ အမြန်ခိုဝင်ဖို့ ပြောနေကြပြီ...သူတို့ကို ကြာကြာထိန်းထားနိုင်မယ်မထင်ဘူး”

“ဒါကတော့ မင်းကြီးသဘောလေ...ကျုပ်ကတော့ဖြင့် ဘယ်လို အရှုံးနဲ့ပဲ ရင်ဆိုင်နေရ နေရ..ကိုယ့်ပြုင်ဘက်တစ်ယောက်ကိုမရှိခိုးဘူး..အောက်ကျမခံချင်ဘူး...သူနဲ့ကျုပ် ဟာ ပြိုင်ဖက်တွေ၊ တစ်ယောက်နဲ့ တစ်ယောက် သေကြသတ်ကြဖို့အထိ ထိပ်တိုက်အကြိမ်ကြိမ်တွေ့ခဲ့ကြတယ်...ဒါပေမယ့် တကယ်တမ်းရင်ဆိုင်တွေ့တဲ့အခါ သူရော ကျုပ်ပါ တစ်ယောက်ကိုတစ်ယောက် သတ်ပစ်ရမှာ နှမြောနေကြတာ...အခု ကျုပ်သူဆီ ခိုဝင်သွားတဲ့ အခါ သူ့ကျွန်အဖြစ်နဲ့နေရမယ်..အဲ့ဒီအခါ ကျုပ်ရဲ့မာနကခွင့်ပြုမှာမဟုတ်ဘူး...တစ်စုံတစ်ခုတုံ့ပြန်မိတဲ့အခါ.. သူလူတွေ သူ့ကျွန်တွေရှေ့မှာ ကျုပ်ကို သူ သတ်ရင် သတ်ရတဲ့အခြေအနေအထိ ဖြစ်သွားလိမ့်မယ်..ဒါကြောင့်...ကျုပ် အောင်ဇေယျ ဆီ ဘယ်တော့မှ မသွားဘူး”

“ဒါဆို ခင်ဗျား ဘယ်သွားမလဲ..ကျုပ်မရှိရင်..မင်းကင်းစားကလည်း ခင်ဗျားတစ်ယောက်တည်းကို လက်ခံရဲမှာမဟုတ်ဘူး..ကိုချစ်ညို”

“ရပါတယ်...ကျုပ်တပ်နဲ့ အတူ စလံကသူမင်းရွာသူကြီး တုရင်ပျံချီ ဆီကို သွားပူးပေါင်းပါ့မယ်”

“သေချာစဉ်းစားပါဦး....ကိုချစ်ညို”

“စဉ်းစားစရာမလိုပါဘူး”

ချစ်ညို ၏ အသံက ပြတ်ပြတ်သားသား။

.....

အောင်ဇေယျက သူ့ရှေ့တွင် ဝပ်တွားခစားနေသူကို ကြည့်လိုက်သည်။

ခြေရင်းတွင် ရာဇမိရာဇ။ ကိုးသိန်းသခင်မင်းခေါင်၏ သစ္စာရှိတပ်မှူး။

ရာဇမိရာဇဦးဆောင်သည့် အင်းဝ၏ နောက်ဆုံးလက်ကျန်အင်အားစုမှာ အောင်ဇေယျ၏ ခြေရင်းသို့ ခိုဝင်ခဲ့ပြီဖြစ်သည်။

ကိုးသိန်းသခင်၏ လူယုံတော်ဖြစ်သော မင်းကြီးရဲထင်၊ အင်းဝတပ်မှူးဟောင်းဖြစ်ခဲ့ပြီး ဟံသာဝတီဘက်ပြောင်းခဲ့သူ ရဲခေါင်စံကျော်၊ အင်းဝရေတပ်ဗိုလ်မှူးဗာရာကြီးတို့ လည်း အောင်ဇေယျထံတွင် သူကောင်းပြုထားခံရ၏။

ခိုဝင်လာသူများအနက် ရာဇမိရာဇလည်း တိုက်ဆင်(၆၀)၊ မြင်း (၅၀၀)၊ လူ (၅၀၀၀)၊ အမြောက်သေနတ်များ၊ ဓါးလှံများစွာပါရှိသဖြင့် ရွှေဘိုတပ်အတွက် အင်အားတစ်ခုဖြစ်သောကြောင့် အောင်ဇေယျမှ အလွန်ကျေနပ်နေသည်။

“ချစ်ညိုကြီးလည်း မောင်မင်းနှင့်အတူ ရှိတယ်မဟုတ်လား..သူက ဘာလို့ မပါလာသလဲ”

“မှန်ပါ..ကျွန်တော်မျိုးက ခေါ်ပါသော်လည်း...မင်းတရားထံ မခစားလိုပါသဖြင့်ဆိုကာ စလံကသူ သူကြီး ထံ ထွက်ခွာသွားကြောင်းပါ”

“အင်း...ဘယ်တတ်နိုင်မလဲ..သူလမ်းသူရွေးတာပေါ့...ကဲ..အချိန်မှီ အမြင်မှန်ရလာတဲ့.ကျုပ်ရဲ့ မဟာဆွေတော်ကြီး ကတော့ သားတော် သတိုင်းမင်းစော မောင်ရွှ ရဲ့ လက်အောက်မှာ အမှုထမ်းစေဗျာ... စစ်သူရဲကျေးကျွန်များကိုလည်း မြို့တော်တောင်ဘက်မှာ ရပ်ကွက်သီးသန့်တည်ပေးပြီး အမှုတော်ကို ထမ်းစေပါမယ်..အမိန့်”

.....
.....

ဟံသာဝတီနန်းတော်၊ ညဥ့်ညီလာခံဆောင်။

ယခင်ကဲ့သို့ တူရိယာသံများ၊ တေးသီချင်းသံများ မကြားရပဲ တိတ်ဆိတ်နေ၏။

အိမ်ရှေ့ဥပရာဇာ ဦးအောင်မြ၊ ဗညားဒလ ဦးအောင်စ တို့က ပလ္လင်၏ လက်ဝဲ၊ လက်ယာနှစ်ဖက်တွင် သလွန်ငယ်များဖြင့် ထိုင်နေကြသည်။

စစ်ဦးစီးများဖြစ်သော တလပန်း၊ လက်ျာဗိုလ်၊ ဗညားကျင်၊ ဗညားအဲ၊ သမိန်အဲ၊ ကံကောင်း၊ လဂွန်းအိမ် တို့ က တခြမ်း၊ ကုန်သည်တော်ကြီး လွိဇာ၊ သဘော်ပြင်အင်ဂျင်နီယာ မစ္စတာကိုဇာနီကော့ဗ်၊ ပြင်သစ်သံအမတ် မွန်စီယာဘရူနို ၊ မွန်စီယာလာဗီး ၊ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီကိုယ်စားလှယ် သောမတ်တေလာ၊ ဟိုင်းကြီးကျွန်းတာဝန်ခံ ဟင်နရီဘရွတ် တို့ ရှိနေကြသည်။

ဟင်နရီဘရွတ်မှာ ပထမကိုယ်စားလှယ် ဒေးဗစ်ဟန်းတား၏ အရိုက်အရာကို ဆက်ခံသူဖြစ်သည်။

ဒေးဗစ်ဟန်းတားသည် ၁၇၅၃ စက်တင်ဘာ ၉ တွင် ဟံသာဝတီဥပရာဇာထံမှ သန္လျင်တွင် စက်ရုံဆောက်ခွင့် အမိန့်ကို ရပြီးနောက် ဟိုင်းကြီးကျွန်းသို့ ပြန်သွားခဲ့သည်။

သန်လျင်တွင် သဘော်ပြင်နှင့်လက်နက်စက်ရုံတည်ဆောက်ရန် မဒရပ်စိန့်ဂျော့ ခံတပ်ဘုရင်ခံဆီ အစီအစဉ်များ တင်ပြခဲ့သည်။

မဒရပ်မှ ပြန်ကြားလာမည့်အရေးကို စောင့်ဆိုင်းနေစဉ် ၁၇၅၃ ဒီဇင်ဘာ ၂၄ တွင် ဒေးဗစ်ဟန်းတားမှာ ဟိုင်းကြီးကျွန်းတွင် ဥက်ဖျားမီပြီး ကွယ်လွန်သွားတော့၏။

ဟန်းတား၏ နေရာကို ဆက်ခံရန် ရောက်ရှိလာသူ ဟင်နရီဘရွတ်မှာမူ သန်လျင်တွင် စက်ရုံဆောက်သည်ထက် ပုသိမ်တွင် ဆောက်သည်က ပိုမိုကောင်းမွန်ကြောင်း ယူဆသည်ဖြစ်သည်။

ထို့ကြောင့် သန်လျင်တွင် တည်ဆောက်ခွင့်အစား ပုသိမ်တွင် တည်ဆောက်ခွင့်ရရေးအတွက် ဟံသာဝတီနန်းတွင်း သို့ ဝင်ရောက်နေချိန်ဖြစ်၏။

မကြာမီ ဗညားဒလဦးအောင်လှ သည် သမီးဖြစ်သူ ဂမုန်း က ဖေးကူလျက် ပလ္လင်ပေါ်သို့ တက်ရောက်လာသည်။

ခါးနာနေသဖြင့် ခေါင်းအုံးနှစ်လုံးကို အနောက်တွင် ခုကာ ထိုင်လိုက်သည်။

အင်းဝမြို့ ကို လက်လွတ်ခဲ့ရပြီးနောက် တောင်ဘက်တကြောတွင် ဖြန့်ကျက်ထားခဲ့သောတပ်များ အားလုံးကို ဟံသာဝတီသို့ ပြန်လည်စုစည်းခဲ့သည်။

မင်းညီမင်းသားများ၊ တပ်မှူးများ၊ မဟာမိတ်သံတမန်များပါ ညီလာခံတွင် စုံညီကြပြီဖြစ်၏။

“အင်းဝ လက်လွတ်လိုက်ရတဲ့ကိစ္စဟာ..မုဆိုးဖိုကို ငါတို့ အထင်သေးခဲ့ကြလို့ပဲ..မဟုတ်လား..ညီတော်ဥပရာဇာ”

ဦးအောင်လှ က ဥပရာဇာထံ ကြည့်ပြီး စကားဆိုလိုက်သည်။

“မှန်ပါ..ကျွန်တော်မျိုး၏တပ်များ..တောင်ဘက်တလွှားကို အာဏာစက်ဖြန့်ကျက်နေချိန်.. သင်းတို့က အင်းဝမှာ အစောင့်အနေအင်အားနည်းသည်ကို အခွင့်ကောင်းယူသွားလို့သာ..ဒီလိုဖြစ်ရတာပါ..အင်းဝကို အချိန်မရွေး ပြန်လည်ရယူနိုင်ပါတယ်..ဘုရား”

“အင်အားနည်းတယ်ဆိုပေမယ့်...လက်ျာဗိုလ်တို့ ၊ဗညားကျဉ်တို့ ရှိနေပါလျက်နဲ့ လွယ်လွယ်လေး ပေးခဲ့ရတာ မဟုတ်လား”

လက်ျာဗိုလ်က လက်အုပ်ချီမိုးလိုက်သည်။

“ဘုရားကျွန်တော်မျိုးတို့ တပ်များ အင်းဝသို့ ရောက်ချိန်တွင် လောင်သာခံတပ်မှာ ကျဆုံးပြီးနေပါပြီ...ခင်ဦးစား ငချစ်ညို သည်လည်း ခင်ဦးတိုက်ပွဲတွင် မုဆိုးဖို တပ်များကို ချေမှုန်းမည်ဟုဆိုကာ လူသူလက်နက်များ တောင်းဆိုသဖြင့် ငွေခွန်ဝန် မောင်အုတ်က ဖြည်းဆည်းပေးလိုက်ပါတယ်..ဘုရား..တကယ်တမ်း မုဆိုးဖို တပ်များ တိုက်ကြသည့်အခါ ခင်ဦးတပ်ပျက်ပြီး ခင်ဦးစားငယ်လည်း ယခင် အင်းဝဘုရင်ကျွန်များဆီ ပူးပေါင်းခိုဝင်သွား ကြပါတယ်..ချစ်ညိုကြီးမရှိတော့တဲ့နောက် အင်းဝမြို့အတွင်းမှာရှိတဲ့ ဗမာတွေဟာလည်း အောင်ဇေယျကို သူတို့ရဲ့ ရှင်ဘုရင်အဖြစ် လက်ခံနေတဲ့ အရိပ်အယောင်များတွေ့နေရတာ ရယ်....စိတ်ဓာတ်တက်ကြွနေတဲ့ မုဆိုးဖိုတပ်များဟာ အင်အားအကုန်ဖြင့် အင်းဝကို ဝန်းရံလာချိန်မှာ လူအင်အား၊ စိတ်ဓာတ်အင်အားနည်းနေတဲ့ ဟံသာဝတီ တပ်တွေအနေနဲ့ ခွာစစ်ဆင်မှသာ သင့်တော်မယ်ထင်ပြီး လူသူအထိအရှအနည်းဆုံးနည်းနဲ့ ဆုတ်ခွာဖို့ ကျွန်တော်မျိုး အမိန့်ပေးခဲ့တာပါ”

ပလွင်ပေါ်မှ ဦးအောင်လှက အတန်ကြာစဉ်းစားနေသည်။

“ခက်ခက်ခဲခဲတိုက်ယူထားရတဲ့ အင်းဝကို ရှောရှောရှူရှူသူများလက်အပ်လိုက်ရတာ...ငါတို့ရဲ့ ရန်သူကို အထင်သေးစိတ်ကြောင့်ပဲ..မုဆိုးဖို့ဟာ ထီးကနက်တစ်ခုအဖြစ် ထူထောင်ထားပြီးပြီ..အောင်ဇေယျဟာ ရှင်ဘုရင်အဖြစ် ခံယူထားပြီးပြီ..ဒီတော့ အရင်ကလို သူပုန်သူကန်အဆင့်ကို နှိမ်နင်းသလို အင်အားမျိုးနဲ့ ပေါ့ပေါ့ တွက်ဆဖို့ မသင့်တော့ဘူး...ဟံသာဝတီမှာ ရှိသမျှ စစ်အင်အားအကုန်နဲ့ ထိုးစစ်ကြီးဆင်ပြီး အင်းဝကို ငါတို့ ပြန်ယူကြရမယ်...လူသူအင်အားအခြေအနေကို ဥပရာဇာက တပ်မှူးများနှင့် ညှိနှိုင်းပြီး မှ အကျိုးအကြောင်းကို ကျုပ်ဆီလျှောက်တင်ကြ”

“မှန်ပါ”

“လက်နက်ကိုတော့ ကိုယ်တော်တို့ရဲ့ မဟာမိတ်များဖြစ်တဲ့ ပြင်သစ်သံတမန်ကြီးနဲ့ အင်္ဂလိပ်ကုမ္ပဏီကိုယ်စားလှယ်ကြီးများ ထံမှ ထပ်မံ အကူအညီများ လိုအပ်ပေတယ်..အဲ့ဒီအရေးကို ကုန်သည်တော်ကြီးလွိဇာ နဲ့ ကိုဇာန်ကော့ဗ်တို့ကို လွှဲအပ်တော်မူမယ်.သံကြီးတမန်ကြီးများနှင့် တိုင်ပင်နှီးနော်ပြီးလျှင် ဥပရာဇာနှင့် ညှိနှိုင်းလုပ်ဆောင်ကြစေ”

ညီလာခံ စဲပြီဖြစ်သည်။

ဦးအောင်လှ ပလွင်ပေါ်မှ ဆင်းရန် သမီးငယ်ဂမုန်းက တွဲထူပြီး ဆင်းရ၏။

အိပ်ဆောင်တော်သို့ သွားသည့်လမ်းကား မီးတိုင်များဖြင့် ထင်းလင်းနေသည်။

“သမီး..ဂမုန်း”

“ဟုတ်..ပြောပါ..အဖ”

“တလပန်းနဲ့ သမီးတို့ကို လက်ဆက်ပေးမယ့်..အစီအစဉ်ကို နောက်ဆုတ်ထားဖို့ အဖ ဆုံးဖြတ်ထားတယ်”

ဂမုန်း ၏ မျက်နှာလေး ညှိုးလျော်သွား၏။

“ဘာဖြစ်လို့လဲ..အဖ..သမီးနှစ်ယောက်လုံးက မကြာခင် ပေါင်းရတော့မယ်ဆိုပြီး ပျော်နေကြတာ”

“အင်းဝကို အဖတို့ နောက်တကြိမ် အသည်းအမဲတိုက်ကြရဦးမယ်..သမီး...အဲ့ဒီကာလအတွင်းမှာ တလပန်းကို နောက်ဆံမတင်းစေချင်ဘူး...ပြီးတော့..စစ်ပွဲဆို

တာ ဘယ်သူဘာဖြစ်သွားနိုင်လဲဆိုတာ ကြိုတင်ခန့်မှန်းလို့ မရစကောင်းဘူး...ဒါကြောင့်..."

"တော်ပါတော့..အဖ..သမီး..မကြားပါရစေနဲ့တော့..အဲ့ဒီ..စစ်..စစ်...စစ် ဆိုတာ တွေချည်းပဲ..သမီးအရွယ်ရောက် ကတည်းက ကြားလာရတာ..စိတ်ညစ်လှပြီ"

ဦးအောင်လှ ကျိန်းစက်မည့် မိဖုရားငယ်တစ်ဦး၏ အဆောင်ရှေ့သို့ ရောက်သောအခါ အပျိုတော်များ ထွက်လာပြီး ဝိုင်းဝန်းဖေးမကြသည်။

ဦးအောင်လှက စကားတစ်ခွန်းမှ ဆက်မပြောတော့ပဲ...အဆောင်အတွင်းသို့ ဝင်သွား၏။

ဂမုန်းက နန်းဆောင်ရှေ့တွင် မတ်တပ်ရပ်ကာ ကျန်ရစ်သည်။

.....
.....

"ဒီအချိန်ကြီး ဘာကြောင့်များ တွေ့ချင်နေရတာလဲ..ဂမုန်းရယ်...မင်းသမီးတစ်ပါး အနေနဲ့ ညဉ့်နက်သန်းခေါင် မြို့တော်ထဲ ထွက်တယ်ဆိုတာ အန္တရာယ်က များပါဘိနဲ့"

ဟင်္သာကုန်းစေတီလေးပေါ် လေက တဟူးဟူး။

တလပန်း၏ ရင်ခွင်ထဲတွင် ဂမုန်းက ခေါင်းကလေးကို ဝှက်ထား၏။

"ကဲ..ပြောတာကြားလား..အမိ"

"ရှင်..မကြာခင်...စစ်ထွက်ရတော့မယ်..မဟုတ်လား"

တလပန်း က မတုန့်ပြန်။ သက်ပြင်းသာ ခပ်လေးလေးချလိုက်သည်။

"ဂမုန်းတို့နွှစ်ယောက်ကို လက်ဆက်ပေးမယ့်အစီအစဉ်ကို အဖက နောက်ဆုတ်လိုက်ပြီတဲ့..အဲ့ဒါ သိလား"

"ဘုရင်မင်းမြတ်ကိုယ်တိုင်..ကျွန်တော့်ကို ပြောပြီးပါပြီ..ဂမုန်း"

"ရှင် သိပြီးသားကိုး..ဒါနဲ့များ...ဒီလိုနေနိုင်တယ်နော်"

“စစ်တိုက်တယ်ဆိုတာ ကျွန်တော့်ဘဝအတွက်တော့ ဘာမှ မထူးဆန်းတော့ဘူးလေ..ဂမုန်း”

“ဒါပေမယ့်....ဂမုန်းနဲ့ လက်ထပ်ဖို့ က နောက်ဆုတ်ရတော့မှာလေ...တလပန်း..အဲ့ဒါကို ရှင်ဘယ်လိုမှ မခံစားရဘူးလား..ဟင်..မခံစားရဘူးလား”

ဂမုန်းက တလပန်း၏ အင်္ကျီလည်ပင်းကို သူ့လက်များဖြင့် ခပ်တင်းတင်းစောင့်ဆွဲကာ ပြောလိုက်သည်။

“ကျွန်တော်လည်း ဂမုန်းနဲ့ အတူတူနေချင်လှပါပြီ..ဂမုန်းရယ်..ဒါပေမယ့်”

တလပန်းက စကားကို ရပ်တန့်လိုက်ပြီး ဂမုန်း၏ နားရွက်ဖျားလေးကို နှုတ်ခမ်းဖြင့် ဖိကိုက်လိုက်သည်။

ဂမုန်း၏ လက်များ ပြေလျော့သွား၏။

ထို့နောက် တလပန်း၏ အင်္ကျီအောက်မှ ရင်ဘတ်အမွှေးနုများကို လက်ဖြင့်ပွတ်သပ်ဆော့ကစားရင်း တိတ်ဆိတ်နေသည်။

“ဒီပေါ်မှာ အေးတယ်..ပြီးတော့..ဘုရားပေါ်မှာကြီး..အောက်ဆင်းကြမယ်လေ”

တလပန်း၏ အသံက တိုးလျလျ။

သူတို့ မတ်တပ်ရပ်လိုက်ကြသည်။

ဟင်္သာကုန်းအပေါ်မှ စီးမြင်ရသော ဟံသာဝတီမြို့ကြီးမှာ မီးရောင်ပျပျအချို့မှလွဲပြီး မှောင်မဲနေ၏။

မြို့တွင်းတစ်နေရာမှ ကျွန်းပင်ဖားဖားကြီးသည်လည်း။

.....

ကျွန်းပင်ဖားဖားကြီးအောက် အမှောင်ရိပ်တွင် သူတို့နှစ်ယောက် ရှိနေကြသည်မှာ အတော်ပင်ကြာသွားခဲ့ပြီ။

ဝင်သက်ထွက်သက်များမှအပ..အရာရာတိတ်ဆိတ်နေခဲ့ခြင်း။

နန်းသွယ်က သူမ၏ ထမီလေးကို နေသားတကျဖြစ်စေရန် အောင်စက ပြုပြင်ဖုံးအုပ်ပေးလိုက်သည်။

နန်းသွယ်က အောင်စ၏ လည်ပင်းများကို ဖက်တွယ်ထား၏။

“နန်းသွယ်တော့ အားငယ်ပြီး ကျန်ခဲ့ရတော့မှာပဲ..မောင်မောင်ဘုရားရယ်”

အောင်စ က နန်းသွယ်၏ လက်များကို အသာအယာကိုင်ကာ ဖယ်လိုက်သည်။ ထို့နောက် သူ၏ ပုခုံးကို ခပ်တင်းတင်းဖြစ်စေရန် ထိုင်လျက်ကပင် ဝတ်လိုက်သည်။

“ဘာများ....အားငယ်စရာရှိလဲ..နန်းသွယ်ရန်..မောင်ဘုရား မရှိလည်း...မောင်ဘုရားရဲ့တူ ဗညားစိန် ကို နန်းသွယ်ကိစ္စ ဘာမဆို အရာရာ အပ်ထားခဲ့မယ်...သူ့ကို သာ ပြော...မောင်ဘုရားကိုယ်စား..သူက အားလုံး စီစဉ်ပေးလိမ့်မယ်လို့ ပြောပြီးသားပဲ”

“အိမ်တော်ဆောက်လုပ်ရေးကိစ္စတွေကတော့ လွဲ၍ နဲ့ လုပ်နေရလို့ ဘာမှအခက်ခဲမရှိပါဘူး... နန်းသွယ်စိုးရိမ်တာက သန်လျင်မှာ ဘိုးဘိုးပဒေသရာဇာ အခြေအနေက နေလားညလားပဲ..သူ မတော်တဆကွယ်လွန်သွားခဲ့ရင်...သူ့စျာပနကို နန်းသွယ် ဖြစ်ဖြစ်မြောက်မြောက်လေး လုပ်ပေးချင်တာ..သူ့နောက်ဆုံးအချိန်မှာ တချိန်က အင်းဝမင်းမှူထမ်းတွေနဲ့ အင်းဝခလေ့တွေ အတိုင်း လုပ်ပေးချင်တာပါ..အဲ့ဒါကြောင့် မောင်ဘုရား စစ်ထွက်ချိန်နဲ့ ဘိုးဘိုးကွယ်လွန်ချိန် တိုက်နေရင်..နန်းသွယ် လုပ်ရကိုင်ရခက်လိမ့်မယ်”

အောင်စက နန်းသွယ်၏ မေးချွန်ချွန်လေးကို လက်မဖြင့် ပင့်တင်လိုက်သည်။

“အောင်မလေး..နန်းသွယ်လေးရယ်...ဘာများလဲလို့....နာရေးကိစ္စပဲ...ကျန်ရစ်တဲ့မြို့တော်ဝန်တွေကို မောင်ဘုရား သေသေချာချာအမိန့်ချခဲ့ပါမယ်...တကယ်လို နန်းသွယ်ပြောသလို အင်းဝဝန်ကြီးနာရေးဖြစ်ခဲ့ရင်တောင်..နန်းသွယ် သဘောအတိုင်း အင်းဝမင်းမှူထမ်းဟောင်းတွေကို သန်လျင်မှာ စျာပနကိစ္စစုဝေးခွင့်ရဖို့ မောင်ဘုရား အာမခံခဲ့မယ်..ဟုတ်ပြီလား”

နန်းသွယ်က အောင်စ၏ လက်မောင်းကို ဖိကာ ရှိုက်နမ်းလိုက်၏။

“ခုနကတော့ ခြင်တွေကိုက်မှန်းမသိဘူး...အခုမှ ခြင်တွေကိုက်လိုက်တာနော်”

“မောင်တောင်းပန်ပါတယ်..နန်းသွယ်ရယ်..ဟံသာဝတီက မြင်းမူးမင်းသားတစ်ပါးဟာ ကိုယ့်ချစ်သူနဲ့ ဒီလို မှောင်မှောင်မဲမဲကျွန်းပင်ကြီးအောက်မှာ လာပြီး ချစ်တင်းနှောရတယ်ဆိုတာ..နန်းသွယ်ကို အားနာလှတယ်..ဒါပေမယ့်...မောင်ဘုရားက စိတ်ကလည်း ခက်တယ်ကွယ်...နန်းသွယ်ကို စတွေ့တဲ့ ဒီကျွန်းပင် ကြီးအောက်မှာတွေ့ရရင်..စိတ်ကို မထိန်းနိုင်တော့တာ”

“နန်းသွယ်တော့ အကြောကြီးလွမ်းနေတော့မှာပဲ...ဒါနဲ့ မောင်ဘုရားတို့က ဘယ်နေ့ အင်းဝကို စစ်ထွက်ကြမှာလဲ..ဘယ်သူတွေပါသွားမှာလဲ...ဟင်”

“နန်းသွယ်က ဘာလို့ သိချင်တာလဲ”

“တခြားမဟုတ်ပါဘူး..ကိုယ်ချစ်တဲ့ စစ်ထွက်ယောကျ်ား ဟာ ဘယ်လို တပ်မကြီးတွေကို ဦးစီးပြီး စစ်ချီတယ်ဆိုတာကို သိထားတော့ ဂုဏ်ယူရင်း လွမ်းနေချင်လို့ပါ”

“မနက်ဖြန်တော့ စစ်ချီကိစ္စ အစည်းအဝေးကို ညီလာခံမှာ လုပ်ဖို့ရှိတယ်..အဲ့ဒီကျ မောင်ဘုရားတို့ စစ်ထွက်မယ့်အခါကောင်းရယ်၊ ဘယ်လိုတပ်မတွေကို ဘယ် တပ်မှူးတွေက ကွပ်ကဲပြီးသွားကြရမယ်ဆိုတာကို အတိအကျ သိရမယ်... အဲ့ ဒီကျမှ နန်းသွယ်ကို ပြောပြမယ်..ဟုတ်ပြီလား”

“ဟင်..ဒါဆို မနက်ဖြန်ညလည်း တွေ့ရဦးမှာပေါ့”

“အင်း..တွေ့ကြမယ်လေ..ဘာဖြစ်လို့လဲ”

“နန်းသွယ်..ကြောက်လို့”

“ဘာလဲ..ခြင်ကိုက်မှာကိုလား”

“မဟုတ်ပါဘူး..ခြင်ထက်ဆိုးတဲ့...သွေးစုပ်ကောင်ကြီးကို.ကြောက်တာ.”

နန်းသွယ်၏ တခစ်ခစ်ရယ်သံလေးကြောင့် မြင်းမှူးမင်းသား ဗညားဒလအောင်စ မှာ အရည်ပျော်ဝင်သွားရပြန်တော့သည်။

(ပြီးခဲ့သည့် အခန်း(၁၉)တွင်..အင်းဝမြို့သိမ်းမင်းသား နေရာတွင် သတိုးမင်းစော အား မောင်လောက်ဟု မှားယွင်းဖော်ပြခဲ့ပါသည်။ မောင်လောက်အစား မောင်ရွ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် နှင့် မှားယွင်းမှုအတွက် တောင်းပန်အပ်ပါသည်ဗျ)

အခန်း (၂၁)

“ဟံသာဝတီ၏ အာဏာစက်ကို ခုခံသူမှန်သမျှ..အရင်းအမြစ်မကျန်..သုတ်သင်စေ”

၁၇၅၄ ဧပြီလ ၁၉ ရက်။ ဟံသာဝတီဘုရင် ဖြမိုင်ဓိရာဇာဘွဲ့ခံ ဗညားဒလဦးအောင်လှ ၏ အမိန့်ဖြင့် ဟံသာဝတီတပ်များသည် အင်းဝသို့ အပြီးသတ်ချေမှုန်းတိုက်ခိုက်ရန် ပြင်ဆင်လာကြသည်။

ကြည်းတပ်တွင် မြင်းမူးမင်းသား ဗညားဒလအောင်စ က ဦးဆောင်လျက် ဗညားကျဉ်၊ ဗညားအဲ၊ ဗညားရက္ခိုက်၊ ဗညားရွတ်၊ ဗညားနန္ဒကျော်ထင်၊ ဗညားတာနော၊ ဗညားယက္ခ၊ သမိန်အံကံကောင်း၊ လက္ခန်းအိန်၊ အိန္ဒဘိပျံချီ တို့ တပ် (၁၁)တပ် ၊ မြင်း ၄၀၀၀၊ စစ်သည် ၁၁၀၀၀၀၊ ရေတပ်တွင် ဥပရာဇာဦးအောင်မြဦးဆောင်လျက် တလပန်း၊ လက်ျာဗိုလ်၊ စောဖြ၊ ဒေါစွယ်ယစက် ၊ စစ်တောင်းစား၊ ဓနုဖြူစား၊ လှိုင်စား၊ဘောလယ်စား၊ ပန်းတနော်စား၊ ပန်းလှိုင်စား၊ တောသမိစား၊ သနဲလျက်ကင်းစား၊ ဇရုံစား၊ ကနောင်စား၊ ရေကင်းစား၊ မော်ဝန်းစား၊ ဘောင်းနင်းစား၊ ညောင်စာရေးစား၊ ကြံခင်းစား၊ကွင်းကောက်စား တို့ပါဝင်သည် (၂၁)တပ်၊ တိုက်လှေကြီး (၁၂၀၀)၊ ရိက္ခာတင်ဝန်လှေ (၁၃၀၀)၊ စစ်သည် ၁၂၅၀၀၀ ၊ စုစုပေါင်း စစ်သည် (၂၃၅၀၀၀) ပါဝင်သည့် ဟံသာဝတီတပ်ကြီးသည် အင်းဝသို့ ချီတက်လာခဲ့ပြီဖြစ်သည်။

တိုက်လှေပေါင်းထောင်ချီဝန်းရုံနေသည့် အလယ်တွင် မြတံပူများ ပတ်ပတ်လည်တင်လာသည့် ဖောင်ကြီးတစ်စီး။

ဖောင်ဦးရှိ ပလ္လင်ပေါ်တွင် ရွှေရောင်တလက်လက်ဖြင့် ဘုရားထီးတော်ကို ပင့်ဆောင်လာသည်။

ထိုထီးတော်သည် ပုဂံရှိ ရွှေစည်ခုံစေတီတော်တွင် တင်ထားသည့် မြန်မာထီးကို ချလျက်..မွန်ထီး တင်ရန် ဟံသာဝတီဘုရင် ဗညားဒလ ဦးအောင်လှ က ဟံသာဝတီမှ ဆရာတော်၊ သံဃာတော်များပါ ထည့်ပေးလိုက်ခြင်းဖြစ်သည်။

“ပေါ်နွေ့လလျှင်..တောင်ကခြိမ့်မြူး.....သင်္ကန်းတလူးလူးပါလား..ဗိုလ်မင်းရ”

တလပန်း က နတ်သျှင်နောင်စာသားတစ်ခုကို ခပ်ရွတ်ရွတ်ပြောလိုက်သဖြင့် နဘေးရှိ လက်ျာဗိုလ်က ပြုံးလိုက်သည်။

“ဟေ့...ကိုယ့်လူ တိုးတိုးလုပ်ပါဟာ...ဥပရာဇာကြားသွားမှဖြင့်..”

“ကြားလည်း မတတ်နိုင်ဘူးဗျာ...ဒီမှာ စစ်ပွဲက သူသေကိုယ်သေအပြီးသတ်တိုက်ကြတော့မယ့်အချိန်မှာ... ဘုရားလည်း သူဟာသူ ဗမာထီးနဲ့ဖြစ်ဖြစ်..မွန်ထီးနဲ့ဖြစ်ဖြစ်နေပါစေလားဗျာ...အလကား ဘုန်းကြီးတွေကိုပါ ကျုပ်တို့ အရှုပ်ထဲ ဆွဲထည့်နေတယ်”

“ဝေါဆရာတော်ဘုရားကတော့ဖြင့် ဒီကိစ္စကို တားသေးတယ်ကြားပါရဲ့...ဒါပေမယ့်သိတဲ့အတိုင်း..ရှင်ဘုရင် မျှားဟာဖြင့် ကိုယ်ဟာကိုယ် ကင်းကင်းရှင်းရှင်း ရဟန်းအလုပ်လုပ်ကြတဲ့ ဘုန်းကြီးဆို အထင်မကြီးကြဘူး... ပြည်ထဲရေးလည်းပါ..စစ်ရေးလည်းပါ..ဗေဒင်ယတြာအခါလေးပေးတတ်တဲ့ ဘုန်းကြီးမျိုးမှ ပလွင်ပေါ် တင် ချင်ကြတာမဟုတ်လား”

“အင်း...စစ်တပ်ထဲ ဘုန်းကြီးတွေကိုပါထည့်တိုက်တဲ့ မဟာဓမ္မရာဇာဓိပတိတော့....စစ်သုံ့ပန်းဘဝနဲ့ အင်းဝကို ဆုံးရှုံးလိုက်ရပြီးပြီ..ကျုပ်တို့ ဘုရင်လည်း သူ့ကို အတုမယူတဲ့အပြင်..သူနည်းကို လိုက်နေတာတော့ဖြင့်ဗျာ”

“ကဲပါ..ကိုယ့်လူရာ....ကျုပ်တို့အလုပ်က တိုက်စရာရှိတာ တိုက်ကြရုံပါပဲ....ဘုန်းကြီးတွေပါလာတော့လည်း သေတဲ့အခါ သရဏဂုံတင်ပေးမယ့်သူ အသင့်ရှိတာပ”

“မသေတော့ မသေပါရစေနဲ့ဦးဗျာ....ဘုရင့်သမီးတော်နဲ့တော့ ပေါင်းသွားပါရစေဦး..ဟား..ဟား”

တလပန်းရော၊ လက်ျာဗိုလ်ပါ တဟားဟားအော်ရယ်လိုက်ကြတော့သည်။

မကြာမီ ဟံသာဝတီရေတပ်သည် ဆင်ဖြူကျွန်းသို့ ရောက်ရှိ၏။ အင်းဝအား အပြီးသတ်ချေမှုန်းပြီးမှ အပြန်တွင် ထီးတင်မည်ဟု ယုံကြည်ကာ ရဟန်းသံဃာများကို အစောင့်အကြပ်များနှင့် ရေကြည်ဝတွင် ထားရစ်ခဲ့ကြသည်။

ထို့နောက် ပုဂံအထက်ဆင်တဲဝတွင် တပ်များကို ခေတ္တရပ်နား၏။

ဆင်တဲဝအရောက်တွင် အနီးအနားဒေသခေါင်းဆောင်များဖြစ်သော ပင်းမဲထီးရွာစား လက်ဝဲသီဟကျော်ထင်၊ စလင်္ဃရွာစား တုရင်ပျံချီ တို့ကို ဟံသာဝတီတပ်များနှင့်ပူးပေါင်းချီတက်ရန် ဥပရာဇာဦးအောင်မြက စာဖြင့် ဆင့်ခေါ်သည်။

.....
.....

စလင်္ကာသူရွာ။

“အခုအချိန်မှာ ဟံသာဝတီက ဆင့်ခေါ်တာကို သွားလိုက်ရင်..ဟံသာဝတီရဲ့ လက်အောက်ခံအဖြစ်နဲ့ အင်းဝတိုက်ပွဲမှာ ပါဝင်ရမယ်....တဖက်က မုဆိုးဖိုသားတွေက အင်အားကလည်း သေးတာမဟုတ်ဘူး... ခင်ဗျားတို့ ကျုပ်တို့သာ သူတို့ဆီရောက်သွားရင်...ဒေသခံကျွမ်းကျင်သူတွေဆိုတဲ့ အချက်တစ်ခုတည်းနဲ့တင် အင်းဝကို တိုက်တဲ့အခါ ကျုပ်တို့ကို ရှေ့က တင်တိုက်ခိုင်းမှာပဲ..အဲ့ဒီအခါ ကျုပ်တို့ သေကောင်းသေကြလိမ့်မယ်..မသေလို့ တိုက်ပွဲနိုင်ရင်လည်း..ကောင်းစားမှာက ဟံသာဝတီသားတွေပဲ...ဒီတော့..ဘယ်လမ်းကို ရွေးမလဲ..ကိုယ့်ဘာသာ ဆုံးဖြတ်ပါ...ဗိုလ်မင်း”

စစ်ပွဲပေါင်းများစွာကို အတွေ့အကြုံရှိခဲ့သော ချစ်ညို၏ စကားကြောင့် စလင်္ကာသူရွာသူကြီး တုရင်ပျံချီနှင့် ညီဖြစ်သူ မင်းလှပျံချီမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

ချစ်ညို သည် အင်အားများစွာနှင့်အတူ သူတို့ရွာတွင် ခိုဝင်နေခဲ့သူဖြစ်သည်။ စစ်ပါးဝင်လှသော စစ်သူကြီးဖြစ်သည့် လက်ျာပျံချီ ဘွဲ့ခံ ချစ်ညို ၏ စကားသည်လည်း အလေးအနက်ထားစရာဖြစ်နေသည်။

“ဒီတော့..ကျုပ်တို့က ဘာဆက်လုပ်ကြမှာလဲ”

“ဟံသာဝတီတပ်တွေက ရသလောက်ဆင့်ခေါ်ကြမယ်..မရရင်လည်း..အင်းဝကို ဆက်ချီတက်သွားကြမှာပဲ”

“သေချာရဲ့လား..ကိုချစ်ညို...အခုဆို ပင်းမဲထီးစား လက်ျာကျော်ထင် ကလည်း ဟံသာဝတီဥပရာဇာတပ်နဲ့ ပေါင်းသွားပြီ...ကျုပ်တို့ချည်းဆို ဟံသာဝတီကို ခံနိုင်ပါ့မလား”

“ကျုပ်တို့ချည်း ဆိုတဲ့အထဲမှာ ခင်ဦးစားချစ်ညို ပါနေတယ်လေ..ဗိုလ်မင်း...ကျုပ်တပ်တွေက ခင်ဗျားတပ်တွေနဲ့ အတူ ရှေ့ဆုံးကနေ ခံတိုက်ပေးမယ်”

“ဟံသာဝတီတပ်မှာက ဥပရာဇာကိုယ်တိုင်ဦးဆောင်လာတာဗျ....တလပန်းတို့၊ လက်ျာဗိုလ်တို့လည်းပါလာတယ်..ကျုပ်တို့ ချည်း ခုခံရမယ်ဆိုရင်ဖြင့်”

ချစ်ညိုက လက်ကာပြလိုက်သည်။

“ခင်ဗျားမသိသေးတဲ့ အချိတ်အဆက်တွေ ကျုပ်မှာ အများကြီးရှိနေတယ်..ကျုပ်ပြောပြမယ် အခု ဟံသာဝတီသားတွေက ရသလောက် လာတိုက်ကြည့်မယ်..ကျုပ်တို့ ခုခံနိုင်ရင်...သူတို့ ဆက်မတိုက်တော့ပဲ...အင်းဝကို ချီတက်သွားမှာပဲ....အင်းဝမှာ ဟံသာဝတီနဲ့ မုဆိုးဖို..အင်အားကုန်တိုက်ကြခိုက်ကြလိမ့်မယ်....ကြက်နှစ်ကောက်ခွပ်နေကြတုန်း..အနီးအနား နယ်တွေကို ခင်ဗျားနဲ့ကျုပ်တပ်တွေ ပေါင်းပြီး သိမ်းထားမယ်..ပြီးရင်...စစ်ပန်းနေတဲ့ မုဆိုးဖိုနဲ့ ဟံသာဝတီကို ယှဉ်နိုင်တဲ့အထိ အင်အားစုတစ်ခု ကျုပ်တို့ စုစည်းထားကြမယ်...မကြာခင်မှာပဲ ဟံသာဝတီဘုရင် ဦးအောင်လှ ကိုလည်း ဟံသာဝတီရောက် အင်းဝ အင်အားစုတွေက လုပ်ကြံကြလိမ့်မယ်..အဲ့ဒီအခါ ဟံသာဝတီမှာရှိတဲ့ အင်အားစုက မဟာဓမ္မရာဇာဓိပတိမင်းကို ဟံသာဝတီမှာ နန်းပြန်တင်လိမ့်မယ်...ကျုပ်တို့က ဘုရင်မင်းမြတ်ရဲ့ တပ်တွေနဲ့ပူးပေါင်းပြီး အင်းဝမှာရှိနေတဲ့ မုဆိုးဖိုသားတွေကို မောင်းထုတ်ရုံပဲ..ပြီးရင်...ခင်ဗျားရော ကျုပ်ပါ အင်းဝဘုရင်ရဲ့လက်ရုံးစစ်သူကြီးတွေအဖြစ် သူကောင်းပြုခံကြရမှာပေါ့”

တုရင်ပုံချီနှင့် မင်းလှပုံချီ ညီနောင်က ခေတ္တမျှ ငြိမ်သက်သွားကြ၏။

ညီဖြစ်သူ မင်းလှပုံချီ က ခါးကို ရှေ့သို့ ကိုင်းလိုက်သည်။

“ဟံသာဝတီဘုရင်ကို လုပ်ကြံကြမယ်ဆိုတာ...တကယ်လား...ဗိုလ်မင်းချစ်ညို..ခင်ဗျားက ဘာလို့ ဒီလို အခိုင်အမာပြောနိုင်ရတာလဲ”

“အခု အင်းဝကို ခိုဝင်သွားတဲ့ ရာဇဓိရာဇ်ငထွေး နဲ့ ချိတ်ဆက်နေတဲ့ လူတစ်ယောက်ရှိတယ်...သူက အခု ဟံသာဝတီမှာ ရောက်နေတဲ့ မြို့ကြီးမင်းသမီးနန်းသွယ် ရဲ့လွှတ်လိုက်တဲ့သူပဲ....ငထွေး က မုဆိုးဖိုအောင်ဇေယျ ဆီ ခိုဝင်သွားတော့...သူနဲ့ကျုပ် ဆက်သွယ်နေကြတယ်..သူက အခု ပြည်မှာရှိနေတယ်..ဟံသာဝတီရောက် မင်းတရားရဲ့အထောက်တော်တွေနဲ့ အင်းဝက အင်အားစုတွေကို ချိတ်ဆက်သတင်းဖလှယ်ပေးနေတာပဲ..ခုန ရတဲ့ သတင်းဟာ သူ့ဆီကနေ အသေအချာရထားတာပါ”

“ဗိုလ်မင်းချစ်ညို...က ကျုပ်တို့ ထက် စစ်ရေးစစ်ရာမှာ အတွေ့အကြုံရင့်ကျက်သူပါ..ဗိုလ်မင်းစကားအတိုင်း...ကျုပ်တို့ စွန့်စားကြတာပေါ့”

စလင်္ဂသူရွာစားတုရင်ပုံချီ က လက်သီးကိုဆုပ်ကို စားပွဲပေါ်တင်ကာ ပြောလိုက်တော့သည်။

.....
.....

တံလျှပ်တို့ တညီးညီးကြားမှာ စစ်ချီမောင်းသံ က တဖြည်းဖြည်း နီးကပ်လာသည်။

ဟံသာဝတီမှ ရှေ့ပြေးစေလွှတ်လိုက်သော ဗညားရက္ခိုက်၏ တပ်များမှာ စလင်္ဂသူရွာကို ပထမအကြိမ် ဝန်းရံတိုက်ခိုက်ခဲ့ပြီးဖြစ်သည်။

သို့သော်ငြား စလင်္ဂသူရွာကား ခင်ဦးစားချစ်ညို၏ တပ်များနှင့် ပူးပေါင်းထားသဖြင့် ဗညားရက္ခိုက်တပ်ထက် အင်အားသာလွန်နေသည်။

ခင်ဦးစားချစ်ညိုကြီး ကိုယ်တိုင် ရွာစည်းရိုးသစ်တပ်ပေါ်မှ ရွှပ်ရွှပ်ခွဲခွဲခုခံသဖြင့် ဟံသာဝတီတပ်များ မှာ အကျအဆုံးများဖြင့် ဆုတ်ခွာခဲ့ရသည်။

ယခုတကြိမ်တွင် ဗညားရက္ခိုက်နှင့် အတူ ဗညားတာနော ၏ တပ်ပါ ထပ်မံပူးပေါင်းချီတက်လာခြင်းဖြစ်၏။

“တက်”

ကွင်းပြင်ပပ်ကြားအက်များကို ကျော်ဖြတ်ကာ ဟံသာဝတီတပ်များ ပြေးတက်လာကြသည်။

အသားနက်နက်၊ ခန္ဓာကိုယ်ထွားထွားဖြင့် လှံရှည်ကြီးကို ကိုင်ထားသည့် ချစ်ညိုက သစ်တပ်ကြီး၏ ထိပ်ဆုံးတွင် ရပ်နေသည်။

လှံတပစ်အကွာမရောက်မီတွင်ပင် ချစ်ညိုက လက်မှ လှံရှည်ကို ပစ်လွှတ်လိုက်၏။

“အား”

ဗညားရက္ခိုက်၏ နဘေးမှ ဗိုလ်တစ်ဦး၏ ရင်ဝသို့ လှံစိုက်ဝင်သွားသည်။

တပ်နှစ်တပ်ပေါင်းသဖြင့် စိတ်ဓာတ်တက်ကြွနေသော ဗညားရက္ခိုက်မှာ ရုတ်တရက်ပြေးနေရာမှပင် ရပ်တန့်သွား၏။

“သေနတ်တွေ ပစ်ကြတော့”

ချစ်ညိုက အသံကျယ်ကြီးဖြင့် အမိန့်ပေးလိုက်သည်။

မြို့ရိုးပတ်လည်မှ သေနတ်သမားများက သေနတ်များဖြင့် ပစ်ခတ်ကြ၏။

ဟံသာဝတီတပ်နှစ်တပ်ကလည်း အင်အားဖြဲ့ သစ်တပ်ရှိရာသို့ ပြေးဝင်ကာ ဖျက်စီးကြသည်။

ထိုအချိန်တွင် ဟံသာဝတီတပ်များထဲမှ မြင်းတစ်စီးက အရှိန်ဖြင့် ရှေ့ဆုံးသို့ ထွက်လာသည်။

မြင်းပေါ်တွင် ပါလာသူက လူသန်ကြီးဗညားတာနော။

မြင်းနောက်တွင် လူတစ်ဦးကို ကြိုးဖြင့် တရွတ်ဆွဲလာ၏။

ချစ်ညို့က သေနတ်သမားများကို လက်ကာပြပြီး မြင်ကွင်းကို သေချာကြည့်လိုက်သည်။

မြင်းနောက်တွင် တရွတ်ဆွဲလာသူမှာ ခန္ဓာကိုယ်နှင့်မျက်နှာတွင် ဖုံများ ပေကျံနေသော်လည်း ချစ်ညို့ က ချက်ချင်း မှတ်မိလိုက်၏။

“ချစ်မြ..ညီလေး”

ချစ်ညို့ က ခံတပ်ပေါ်မှ လှမ်းအော်လိုက်သည်။

ဗညားတာနောက မြင်းကို မြို့ရိုးပတ်လည်တွင် သုံးလေးပတ် ပတ်မောင်းနေ၏။

“မပစ်ကြနဲ့တော့...ရပ်...ရပ်”

ချစ်ညို့က သေနတ်တပ်များကို အမိန့်ပေးသဖြင့် အားလုံးရပ်လိုက်ကြသည်။

စလင်္ဂသူသူကြီးတို့ရင်ပုံချီ နှင့် ညီ မင်းလှပုံချီ ၏ တပ်များက တစ်ဖက်ခြမ်းတွင် ဆက်လက်ပစ်ခတ်တိုက်ခိုက်နေကြဆဲ။

“ဟေ့..ဗိုလ်မင်းချစ်ညို့ ဘာဖြစ်တာလဲဗျ..ခင်ဗျားလူတွေကို ဆက်ပစ်ခိုင်းလေ”

ချစ်ညို့ က တုရင်ပုံချီ တို့ရှိရာသို့ လျှောက်လာ၏။

“မပစ်ကြနဲ့တော့...ရပ်..ရပ်..ရပ်”

တုရင်ပုံချီက ချစ်ညို့ကို နားမလည်သလို ကြည့်လိုက်သည်။

“ဟေ့...ကောင်လေး..မင်းတပ်တွေကိုလည်း ဆက်မပစ်ခိုင်းနဲ့တော့..ရပ်”

“ဘာဖြစ်လို့ရပ်ရမှာလဲဗျ..ဟိုမှာ သစ်တပ်ခြေရင်းထိ ရောက်နေပြီ”

မင်းလှပျံချီက ပြန်အော်ပြောသည်။

“သူတို့လက်ထဲမှာ ငါ့ညီ ချစ်မြ ရှိတယ်....သူ့ကို ထိမယ်..ထိမယ်”

“ဟ...အဲ့ဒီလို လုပ်လို့မရဘူးလေ....ဒါ စစ်တိုက်နေတာဗျ..ခင်ဗျား ဘာဖြစ်နေတာလဲ”

“ပစ်ရဲတဲ့ကောင်ပစ်စမ်း..ငါ့ညီ ကို ထိသွားလို့ကတော့..အကုန် ခုတ်သတ်ပစ်မယ်”

ချစ်ညိုကား သူရူးပမာ အော်ဟစ်နေ၏။

“ဦးလုံး..ခင်ဗျားသားကို ပြောပါဦး....ဒါ သေရေးရှင်ရေးနော်”

တဖက်ခြမ်းတွင် တပ်များကို ကွပ်ကဲနေသည့် ဦးလုံး ကို တုရင်ပျံချီက အော်ပြောသည်။

ဦးလုံး ကလည်း သားဖြစ်သူ ရှိရာသို့ ပြေးသွား၏။

“ချစ်ညို....မင်းဘာဖြစ်နေတာလဲ...စိတ်ကိုထိန်းစမ်း”

“အဖေ..ဟိုကောင်တွေ လက်ထဲမှာ..အဖေ့သား..ချစ်မြရှိနေတယ်..အဖေ..ဟိုမှာ..ဟိုမှာ မြင်းနောက်မှာ”

ချစ်ညို လက်ညှိုးညွှန်ရာသို့ ဦးလုံးက မျက်လုံးကို လက်ဖြင့်ကာလျက် သေချာကြည့်သည်။ ဦးလုံးသည် အသက်ကြီးရင့်နေပြီဖြစ်သဖြင့် မျက်လုံးများ မှုန်နေသည်။

“မင်း သေချာလို့လားကွာ”

“သေချာတယ်..အဖေ..ဟော့..ဟိုကောင်တွေ..အဲ့ဒီမှာ ငါ့ညီရှိနေတယ်.မင်းတို့ မပစ်ကြနဲ့ဆို... ငါအကုန်သတ်မှာနော်”

ချစ်ညို၏ တပ်သားများမှာ မပစ်ခတ်ဝံ့ကြသဖြင့် ဟံသာဝတီတပ်များမှာ သစ်တပ်ခြေရင်းတိုင် ထိုးဖောက်လာတော့သည်။

“အကို..ဒီကောင်ကြီးရူးသွားပြီ..ကျုပ်တို့ ကို ဒုက္ခပေးပြီဗျ”

မင်းလှပျံချီ က ဒေါသတကြီးဖြင့် ပြောလိုက်သည်။

“ဒွေးလှ ကို ခေါ်ပြီး မင်း.. အနောက်တံခါးက ပြေးတော့..ညီလေး..အင်းဝက မင်းသားမောင်ရွှေဆီ မှာ သွားခိုလှုံချေတော့...ငါ့ ခံတိုက်ထားမယ်”

ချစ်ညို၏ တပ်များရှိရာဘက်သည် ကျိုးပေါက်စပြုနေပြီဖြစ်သည်။

အကိုဖြစ်သူ တုရင်ပျံချီအမိန့်ကြောင့် ခံတပ်မှဆင်းကာ သူတို့၏ နှမအငယ်ဆုံးဖြစ်သူ ဒွေးလှကို ထားရှိရာရွာထဲသို့ မြင်းကို ဒုံးစိုင်းသွားတော့၏။

ဟံသာဝတီတပ်များမှာ အင်အားအလုံးအရင်းဖြင့် စလင်္ဘူရွာထဲသို့ ထိုးဖောက်ဝင်ရောက်ခဲ့ပြီဖြစ်သည်။

တုရင်ပျံချီကား သစ်တပ်ပေါ်တွင်ပင် ကျည်သင့်လျက် ကျဆုံးသွားခဲ့၏။ မင်းလှပျံချီနှင့် နှမဖြစ်သူဒွေးလှတို့မှာမူ..အစောပိုင်းကပင် လွတ်မြောက်သွားခဲ့လေပြီ။

.....
.

“ငါ့ညီနဲ့ တွေ့ချင်တယ်”

ချစ်ညို မှာ လက်ပြန်ကြိုးတုပ်လျက် ဒူးထောက်ထားရသော်လည်း အသံက မာကြောနေသည်။

ဗညားတာနော က မြင်းပေါ်မှထိုင်ပြီး ခံစားချက်မဲ့နေသော မျက်နှာဖြင့် ချစ်ညိုကို ကြည့်လိုက်၏။

“မင်းက ခင်ဦးစား ချစ်ညိုပေါ့လေ”

“အေး..ဟုတ်တယ်..ငါ့ညီ ချစ်မြ ဘယ်မလဲ”

ဗညားတာနော က သူ့နောက်မှ တပ်မှူးကို အချက်ပြလိုက်သည်။

ဒဏ်ရာအလူးလူး၊ သွေးအထပ်ထပ်ဖြင့် မေ့မျောနေသော ချစ်မြကို မြင်းတစ်စီးဖြင့် တရွတ်ဆွဲခေါလာ၏။

ချစ်ညိုနှင့် ဖခင်ဖြစ်သူ ဦးလုံး၏ ရှေ့တွင် ချစ်မြကို ကြိုးဖြုတ်ကာ ထားလိုက်သည်။

“ကိုကြီးညို....အ..အ”

“ညီလေး..ချစ်မြဲ...ငါ့ အပြစ်ပါကွာ...ငါမင်းကို အင်းဝမှာ ပစ်ထားခဲ့တာ”

“ကျွန်တော့်အတွက်နဲ့များ..ဘာလို့...အရှုံးပေးနေရတာလဲ”

“ငါ့ မိသားစုလေကွာ....ငါမှာ ညီလေးနှစ်ယောက်ရှိတာ..တစ်ယောက်က ငါ့ရှိနေပါလျက်...ရန်သူက ခေါင်းဖြတ်တာ ခံရတယ်....အခု မင်းလည်း ငါရှိနေပါလျက်...ဘာမှမဖြစ်စေရဘူး”

“ကိုကြီးညို...ခင်ဗျား ဒီတကြိမ်လုပ်တာ..အမေသိရင်...ကျွန်တော့်ကို ဆဲဦးမှာဗျ....ကျွန်တော်က ဘာမှ မဟုတ်တဲ့ ကောင်ပါဗျာ..အခုတော့..ကျွန်တော့်ကြောင့်..ကိုကြီးညို ပါ..အဖမ်းခံရပြီ”

“မင်းမသေသေးသ၍ ငါတို့ ညီအကိုတွေ၊သားအဖတွေ ဘာမဆို မျှော်လင့်လို့ရသေးတယ်..ညီလေး..မင်းကို ငါအသေမခံနိုင်ဘူး”

“ကဲ..တော်ပြီ....ဒီလောက်ဆိုရင်..ခဏနေ ဥပရာဇာကိုယ်တိုင်ကြွချီလာတော့မယ်...ထကြ”

မြင်းပေါ်မှ ဗညားတာနော က ခပ်မာမာပြောပြီး ထွက်ခွာသွားသည်။

ဟံသာဝတီတပ်သားများက ဦးလုံး ၊ ချစ်ညို၊ ချစ်မြ တို့သုံးဦး၏ လည်ပင်းနှင့် ခြေထောက်များတွင် ကြိုးကွင်းများအထပ်ထပ် စွပ်ကာ တန်းစီသွယ်တန်းလိုက်၏။

ထို့နောက် ရွာလည်ရှိ သူကြီးနေအိမ်သို့ လှုံများဖြင့် ထောက်ကာ ခေါ်သွားကြတော့သည်။

ချစ်မြကား မြင်းနှင့်တွဲချည်ခံထားရသော ဒဏ်ရာကြောင့် ပေါင်ဒစ်ရိုးပြုတ်ကာ လမ်းမလျှောက်နိုင်တော့။

“ငါ့ညီ လမ်းလျှောက်နိုင်တော့ဘူး...ငါ့ ပွေ့ချီမယ်...ငါ့လက်ကို ကြိုးဖြည်ပေး”

“ခင်ဗျားကို ကြိုးမဖြည်ပေးရဘူးလို့..ဗိုလ်မင်းက မှာထားတယ်”

ချစ်ညိုက စကားတစ်ခွန်းမှ မပြောတော့ပဲ...အံကို ကြိတ်ထားသည်။

သူတို့သုံးဦးအား ရှေ့မှ ကြိုးဖြင့်ဆွဲခေါ်နေသည့် မြင်းသည်ပင် ရွေ့မရတော့။

“ငါ့ညီ လမ်းမလျှောက်နိုင်တော့ဘူးလို့ ငါပြောနေတယ်နော်..ဟေ့ကောင်တွေ”

“ကျုပ် မြင်းတွေနဲ့ စောင့်ဆွဲလိုက်ရင် ခင်ဗျားတို့ သားအဖသုံးယောက်လုံး မသာဖြစ်ကုန်မယ်”

“ဆွဲလေ..ဆွဲ...ဟေ့ကောင်”

“ဟာ..ဒီမအေလိုးကတော့...ဒီလောက်ဖြစ်နေတာတောင် မာန်ကထနေ”

နဘေးနားမှ သွေးသောက်ကြီးက ချစ်ညိုကို ခါးနှောင့်ဖြင့် ဝင်ထောင်းသည်။

ချစ်ညိုက ခါးနှောင့်ကို ငုံ့ရှောင်လိုက်ပြီး သွေးသောက်ကြီး၏ နားရွက်ကို ပါးစပ်ဖြင့် ကိုက်ထားတော့၏။

“အား..အား”

သွေးသောက်ကြီးက ချစ်ညို၏ ကျောကုန်းကို ခါးနှောင့်ဖြင့် ထုသည်။ ချစ်ညိုက မလွှတ်။

ကျန်သည့် တပ်သားများကလည်း ဝိုင်းလာပြီး ဆွဲခွာကြသည်။ သို့သော် ချစ်ညို၏ ခွန်အားကို မယှဉ်နိုင်ကြ။

“ဟေ့..ဘာဖြစ်ကြတာလဲ..ဘာဖြစ်ကြတာလဲ”

ဗညားတာနောက အံ့နေကြသော စစ်သည်များကို တစ်ယောက်ပြီး တစ်ယောက် ခါးမှကိုင်ကာ လွှင့်ပစ်လိုက်သည်။

ချစ်ညိုနှင့် အကိုက်ခံနေရသော..သွေးသောက်ကြီးသာ သွေးသံရဲရဲဖြင့် ကျန်နေကြ၏။

ချစ်ညို က ကိုက်ထားရာမှ လွှတ်လိုက်သည်။ သွေးသောက်ကြီးမှာ နားရွက်ကို အုပ်လျက်..အသံပင်မထွက်နိုင်တော့ပဲ..တဆတ်ဆတ်တုန်နေသည်။

"ငါ့ ညီ လမ်းမလျှောက်နိုင်လို့..ငါပွေ့သွားမယ်ဆိုတာကို...ဒင်းက ခါးနှောင့်နဲ့ ဝင်ထုတယ်”

ဗညားတာနော က ချစ်ညို၏ ဘေးတွင် ထိုင်လိုက်သည်။ ဘီလူးကြီးနှစ်ကောင် ယှဉ်ထိုင်နေသည့်အလား။

“ငါ့လူ စိတ်ကြီးချက်က ငါ့တောင် လန့်လာပြီ....အေး...မင်းညီ မင်းပွေ့ပါ့ကွာ...ငါတို့ကိုလည်း ရန်မရှာနဲ့..ကတိတော့ပေး..ဟုတ်လား”

“အေး”

“ကဲ...သူ့လက်ကို ကြိုးဖြည်ပေးလိုက်ဟော့”

ချစ်ညိုက ချစ်မြကို ပွေ့ကာ ဖြည်းဖြည်းချင်းလျှောက်လာသည်။

မကြာမီ စလင်္ဘူရွာ သူကြီးအိမ်သို့ ရောက်လာခဲ့၏။

ကျဆုံးခဲ့ပြီးဖြစ်သော တုရင်ပျံချီ၏ အလောင်းကို သူ၏ အိမ်ရှေ့တိုင်တွင်ပင် ချိတ်ဆွဲထားသည်။

ရွှေထီးများ အစီအရီစိုက်ထူထားသည့် အိမ်ခြံဝန်းအတွင်းတွင် ဟံသာဝတီ ဥပရာဇာ ဦးအောင်မြ သည် ဟံသာဝတီတပ်မှူးများ ခြံရံလျက် ထိုင်နေသည်။

ပါးစပ်တွင် သွေးရဲရဲများ ပေကျံလျက်..ညီဖြစ်သူကို ပွေ့လာသည့် ချစ်ညိုကို အားလုံးက ငြိမ်သက်စွာ ကြည့်နေကြ၏။

“ဥပရာဇာရှေ့ ဒူးထောက်ခစားစမ်း...ဒူးထောက်ခစားစမ်း”

အစောင့်တပ်သားများက လှံရှည်များဖြင့် ချစ်ညို၏ တံခေါက်ကွေးကို ရိုက်လိုက်ကြသည်။

ချစ်ညိုက မတ်တပ်ရပ်လျက်က နဘေးသို့ တစ်ချက်ကြည့်လိုက်သည့်အခါ အားလုံးမှာ နောက်သို့ ဆုတ်သွားကြ၏။

“ငချစ်ညိုငယ်...နင် ဟံသာဝတီ၏ သစ္စာကို သောက်ခဲ့သူမဟုတ်လော”

ချစ်ညို ကား ကြောင်စီစီမျက်လုံးများဖြင့် ဥပရာဇာဦးအောင်မြကို စိုက်ကြည့်နေသည်။

“ဟဲ့..သဘောက်မသား...ငါပြောနေတာ..မကြားဘူးလား..ကျွန်မျိုးက”

ဥပရာဇာက ခါးကို ကိုင်လျက် မတ်တပ်ရပ်လိုက်သည်။

ဦးလုံးက ဒူးထောက်ကာ မြေပြင်တွင် ပြားပြားဝပ်လိုက်၏။

ချစ်ညို့က တုတ်တုတ်မလှုပ်။ ဥပရာဇာဦးအောင်မြဲကို အကြဲည့်စူးစူးဖြင့်သာ စိုက်ကြည့်နေ၏။

ဥပရာဇာမှာ ဓားကိုင်ထားသော လက်တို့ပင် တဆတ်ဆတ်တုန်လာသည်။ ဒေါသကြောင့် ရင်ဘတ်မှာ နိမ့်ချည်မြင့်ချည်ဖြစ်နေသည်။

“နင်...နဲ့ ငါတို့ဟာ အင်းဝမှာ အမှုတော်အတူထမ်းခဲ့သူများဖြစ်တယ်....နင့်ကို ငါတို့က ရန်သူလို သဘောမထားခဲ့ပေမယ့်..နင်က ငါတို့ကို..”

ဥပရာဇာမှ စကားမဆက်တော့ပဲ...ရပ်တန့်နေ၏။

အခြေအနေကို အကဲခတ်နေသည့် တလပန်းက မတ်တပ်ရပ်လိုက်သည်။

ဥပရာဇာ ၏ နဘေးတွင် ရပ်ကာ လက်အုပ်ချီလိုက်၏။

“သစ္စာရည်ကို ကြဲသလိုသောက်နေတဲ့..သစ္စာဖောက်ကြောင့်..အင်းဝမရောက်ခင်ကပင်..ကျွန်တော်မျိုးတို့ တပ်သားများ သေကြရတယ်..အန္တရာယ်များတဲ့သားအဖတွေပါပဲ...ကျွန်တော်မျိုးလက်ကို အပ်လိုက်ပါတော့..ဘုရား”

“အေး...တပ်မှူးတလပန်းလက်..အပ်တယ်...ငါ ဖောင်တော်ပေါ် ပြန်ကြွမယ်”

ဥပရာဇာဦးအောင်မြ မှာ သူ၏ အချွေအရံတပ်သားများနှင့်အတူ ပြန်လည်ထွက်ခွာသွားသည်။

ချစ်ညို့ က မျက်နှာထားတင်းတင်းဖြင့် ညီဖြစ်သူ ချစ်မြကို ပွေ့ကာ ရပ်လျက်။

တလပန်းက ဗညားတာနောကို အချက်ပြလိုက်သည်။

ဗညားတာနော က သူကြိုးအိမ်ဘေးတွင် ထောင်ထားသော မောင်းထောင်းတံအရှည်ကို လက်နှစ်ဖက်ဖြင့် ယူလာသည်။

ထို့နောက် ချစ်ညို့ ၏ ဦးခေါင်း အနောက်ကို အားကုန်လွှဲရိုက်လိုက်တော့၏။

“ဒုတ်”

ချစ်ညို့ရော ချစ်မြပါ မြေပြင်ပေါ်သို့ လဲကျသွားတော့သည်။

“သုံးယောက်လုံး...မနက် နေထွက်တာ မမြင်ခိုင်းနဲ့တော့..တာနော”

တလပန်းက အမိန့်ပေးပြီးနောက်...မြင်းပေါ်သို့ တက်လိုက်တော့၏။

အခန်း (၂၂)

“အမေလွိဇာ....အမေနားလဲ က လည်း ခုချိန်ထိ လိုက်မလာသေးဘူးနော်”

မယ်စောလေး ၏ ဆံပင်များအား လိပ်ခွံဘီးဖြင့် သန့်ရှင်းပေးနေသည့် လွိဇာမှာ ရုတ်တရက်ငေးငိုင်သွား၏။

“လိုက်လာမှာပါ..သမီးရဲ့..သမီးကိုသမီးအမေ က ကတိပေးသွားတာပဲ..မဟုတ်လား”

“သမီး သိပါတယ်....အမေနားလဲ စစ်ပွဲထဲမှာ သေသွားလောက်ပြီ”

“ဟင်”

လွိဇာမှာ မယ်စော စကားကြောင့် အာမေဋိတ်သံပင် ထွက်သွား၏။

“ဒီဘက်လှည့်ပါဦး..သမီးရဲ့”

မယ်စောက လွိဇာဘက်သို့ လှည့်လိုက်သည်။

“သမီးဘာတွေ လျှောက်ပြောနေတာလဲ..သမီးအမေက ပြန်လာမှာ”

“ဟင်အင်း..သမီးသိတယ်..သမီး အိပ်မက်တွေထဲမှာ အမေနားလဲ ကို တွေ့တယ်....သွေးတွေနဲ့...စစ်ပွဲထဲက ထွက်လာတာ...သမီးကို ပြုံးပြနေတယ်”

“အဲ့ဒါ သူမသေလို့ပေါ့ သမီးရဲ့”

“မဟုတ်ဘူး..သမီးသိတယ်...သမီးက သေပြီးသားလူတွေကိုပဲ အမြဲအိပ်မက်မက်တတ်တာ...ဦးရီးငနက် တုန်းကလည်း သမီးအိပ်မက်မက်တယ်....သိပ်မကြာဘူး..ဦးရီးငနက်သေပြီဆိုတာ..အမေတို့ ပြောလို့ သမီးသိရတယ်”

“အိပ်မက်တွေဆိုတာ ပေါက်တတ်ကရတွေပါ..သမီးလေးရယ်”

မယ်စော က အကြာကြီး ငြိမ်နေသည်။ ထို့နောက်..လွိဇာ၏ လက်ဖဝါးများကို သူမ၏ လက်ကလေးဖြင့် ဆော့ကိုင်ကစားလိုက်ရင်း....

“အမေလွိဇာ...လူကြီးတွေက ဘာလို့ အမြဲတမ်း စစ်တိုက်နေကြတာလဲဟင်”

လွိဇာ ပြန်မဖြေနိုင်။

“သူတို့ စစ်မတိုက်ပဲ နေလို့မရဘူးလားဟင်”

လွိဇာ က သက်ပြင်းချပြီး မယ်စော၏ ခေါင်းကို ပွတ်သပ်နှစ်သိမ့်လိုက်၏။

ထိုအချိန်တွင် အိမ်ခြံဝသို့ လှည်းယာဉ်တစ်စီး ဆိုက်လာသည်။

လှည်းပေါ်မှ ဆင်းလာသူ က မင်းသမီးနန်းသွယ်။

“သမီးလေးသွား...အရီးမယ်ဖူးတို့နဲ့ သွားနေချေ...အမေလွိဇာ ညှော့်သည်နဲ့ စကားပြောလိုက်ဦးမယ်”

မယ်စောက လွိဇာနဘေးမှ ပြေးထွက်သွား၏။

“မင်းသမီး ဘယ်အရေးများရှိလို့ ကိုယ်တိုင်ကြွလာပါသလဲ”

လွိဇာက နန်းသွယ်ကိုခရီးဦးကြိုပြုလိုက်သည်။

နန်းသွယ်က လွိဇာ၏ နဘေးတွင် ဝင်ထိုင်လိုက်၏။

“ဘိုးဘိုးပဒေသရာဇာ..မနေ့က ဆုံးသွားပြီ.မမလွိဇာ..အခုပဲ သံလျင်က သတင်းပါးလာတယ်”

“သြော်...အင်းဝဘုရင်မင်းမြတ်ရော သိပြီးပြီလား”

“ဘုရင်မင်းမြတ်ရော မိဖုရားခေါင်ကြီးပါ သိပ်ပြီး စိတ်ထိခိုက်နေကြတယ်...ဦးရွှေဖြူး လွန်လို့မှ မကြာသေးဘူး... အခု အကြီးတော်ဘိုးဘိုးကပါ ထပ်ဆုံးသွားတော့..သူတို့ အားလည်းအားငယ်နေကြတယ်...နန်းသွယ်က သန်လျင်ကို သွားပြီး အမှုထမ်းဟောင်းတွေနဲ့ အကြီးတော်ရဲ့အသုဘတော်အခမ်းအနားကို ဦးဆောင်ကျင်းပ ပေးရမယ်..မမလွိဇာ”

“ဟင်..သန်လျင်ကို သွားဖို့ကို နန်းတော်က ခွင့်ပြုလို့လား...မင်းသမီး”

“ဟို့မှာလေ..လှည်းယာဉ်ပေါ်မှာ..စစ်ကဲဗညားစိန်ပါတယ် ...မင်းသားအောင်စ က နန်းသွယ်ကိစ္စတွေ ဆောင်ရွက်ပေးဖို့ သူ့ကို အပ်ထားခဲ့တာ..အစစအရာရာ သူစီစဉ်ပေးလိမ့်မယ်”

လွိဇာက ပြုံးလိုက်သည်။

“မင်းသမီးက...အောက်မားဆင်မတွေ့ အကြောင်း သင်ခန်းစာကို ကြေညက်နေပြီ ပဲ..ဒါပေမယ့်..သတိတစ်ချက်မလွတ်ပါစေနဲ့လေ”

နန်းသွယ် က လွိဇာ၏ လက်ဖဝါးများကို ဆုပ်ကိုင်လိုက်သည်။

“နန်းသွယ်....နောက်မဆုတ်နိုင်တော့ဘူး...မမလွိဇာ...တပါးသူ သုံ့ပန်းဘဝနဲ့ လည်း မနေချင်တော့ဘူး”

“ကျွန်တော်မျိုးမ ဘာမှ မကူညီနိုင်လို့ နားလည်ပေးပါ...မင်းသမီး”

“နန်းသွယ်...သန်လျင်ကို သွားနေတဲ့အချိန်...တစ်ခုတော့ ကူညီပေးပါ...မမလွိ ဇာ...ဘုရင်မင်းမြတ်နဲ့ မိဖုရားကြီးတို့ ဆီ အခစားဝင်ပေးပါ....ဗိုလ်မင်းလက်ဥ ဗိုလ်ကလည်း မူလရာထူးနဲ့ စစ်ထွက်နေပြီဆိုတော့...အိမ်နိမ့်တော်မှာ လိုအပ်တဲ့ အရာတွေ မမလွိဇာကို ကူညီပေးစေချင်ပါတယ်”

“ကျွန်တော်မျိုးမ သွားလိုက်ပါ့မယ်..မင်းသမီး”

“နောက်တစ်ခုက ...မြေတူးမင်းသမီး ရှင်နှင်းအံ့....သူလည်း မမလွိဇာနဲ့တွေ့ချင် နေတယ်..သူ့ကို မမလွိဇာ သိတယ်မဟုတ်လား..ကိုးသိန်းသခင်ရဲ့ကြင်ယာတော် လေ”

“အင်း...ဟုတ်တယ်..ကိုးသိန်းသခင်က အင်းဝမှာ ဖမ်းခံရစဉ်က...ကျွန်တော်မျိုး မကို မှာသွားတယ်...သူ့ကို စောင့်ရှောက်ပေးဖို့”

“မမလွိဇာ သွားရောက်ခစားတဲ့အခါ ဘုရင်မင်းမြတ်နဲ့ မိဖုရားလည်းပျော်ကြမှာ ပါ...သူတို့ က သိပ်အထီးကျန်ဆန်ကြတယ်..နောက်ပြီး အင်းဝက သတင်းတွေ၊ စစ်ပွဲသတင်းတွေကိုလည်း သိချင်နေကြတယ်”

“ဟုတ်ပါပြီ..ကျွန်တော်မျိုးမ သွားလိုက်ပါ့မယ်..မင်းသမီး”

“ဒါဆို...နန်းသွယ် သွားလိုက်ပါဦးမယ်....သန်လျင်မှာ အကြီးတော်အတွက် အုတ်ဂူလုပ်ဖို့ရယ်...အင်းဝအမှုထမ်းဟောင်းတွေကို စျာပနမှာ ဆုံနိုင်ကြဖို့ ရယ်..စီစဉ်ရဦးမယ်”

“ဂရုစိုက်ပါ..မင်းသမီး”

နန်းသွယ်က လွိဇာကို နှုတ်ဆက်ကာ ထွက်ခွာသွားသည်။

.....

ငွေရောင်အတိပြီးနေသော ဆံနွယ်များမှ အပ အရာရာသည် နုပျိုနေဆဲ။

ကြည်လင်သောအသားအရည်၊ သွေးရောင်လွှမ်းနေဆဲ နှုတ်ခမ်းများပေါ်မှ နှုတ်ခမ်းမွှေးထူထူတစ်ခုသာ အပြောင်းအလဲရှိသည်။

မဟာဓမ္မရာဇာဓိပတိ ကား အင်းဝနေ့စွဲများကဲ့သို့ပင် တင့်တယ်သောရုပ်ရည်ဖြင့်။

“လွီဇာမငယ် ကို မြင်ရတော့....ဟိုးလွန်ခဲ့တဲ့ နှစ်တွေကို သတိတောင် ရမိပါရဲ့ ကွယ်”

မဟာဓမ္မရာဇာဓိပတိ၏ အသံက ညှင်ညှင်သာသာ။

“ဟံသာဝတီမှာ ကောင်းစားနေတယ်ကြားရတော့..ဝမ်းမြောက်မိပါတယ်”

မိဖုရားခေါင်ကြီး က ဝင်ပြောလိုက်သည်။

“မှန်ပါ...ကျွန်တော်မျိုးမအပေါ် ဘုရင်မင်းမြတ်ရဲ့ ကျေးဇူးများလည်း ရှိခဲ့ပါတယ်...ဘုရင်မင်းမြတ်တို့ ဟံသာဝတီမှာ ပြောင်းရွှေ့စိုက်ပြီးနောက် ကျွန်တော်မျိုးမလည်း မအားလပ်တဲ့အတွက် အခစားမဝင်ရောက်မိတာ..ခွင့်လွှတ်ပေးကြပါ”

“အိမ်းလေ...ကိုယ်တော်တို့ဆီဝင်ထွက်တယ်ဆိုတာကလည်း...မလွယ်လှတာသိပါတယ်..ဟံသာဝတီမင်းရဲ့ညှဉ်မှုကိုလည်း ကြောက်ကြရသေးတယ်မဟုတ်လား..နားလည်ပါတယ်လေ...ဒါနဲ့...လွီဇာ ကို ကိုယ်တော်တို့ သီးခြားတိုင်ပင်စရာရှိတယ်”

“မှန်ပါ...မိန့်တော်မူပါ”

“မြို့ကြီးမင်းသမီးကိစ္စပေပဲ”

မဟာဓမ္မရာဇာဓိပတိ ၏ အသံက ပုံမှန်ထက်ပင် ထပ်တိုးလျှသွား၏။

မိဖုရားခေါင်ကြီးက အခန်းတွင်းရှိသော သူများကို ထွက်သွားရန် အချက်ပြလိုက်သည်။

ပတ်ချာလည်ခစားနေသူများ အားလုံးထွက်သွားကြ၏။

မဟာဓမ္မာရာဇာဓိပတိနှင့် မိဖုရားခေါင်ကြီး၊ လင်ဇင်းမိဖုရားတို့သာ ကျန်ရစ်တော့သည်။

“လင်ဇင်းနှမတော်ပဲ ပြောလိုက်ပါလေ”

လင်ဇင်းမိဖုရားက ကိုယ်ကို မတ်လိုက်သည်။

“လွိဇာ”

“ဘုရား”

“ငါ့ညီမတော်နန်းသွယ်..ကိစ္စ...နင် သိပြီးသားမဟုတ်လား”

လွိဇာက စကားမတုန့်ပြန်ပဲ ခေါင်းသာ ငုံ့ထားလိုက်၏။

“ဒါဟာ သူတင်မက ငါတို့ အားလုံးရဲ့ အသက်အန္တရာယ်နဲ့ သက်ဆိုင်နေတယ်..ဒါပေမယ့်..ငါ့ညီမတော်ကို ဘုရင်မင်းတရားကြီးကိုယ်တိုင် တားမြစ်ပေမယ့်...သူကတော့ ဘာမှ မလုပ်ပါဘူးပဲ ငြင်းနေတယ်..ဒီတော့..ဒီအိမ်နှိမ့်တော်မှာ သူတစ်ဦးပဲ အပြင်ကို လိုသလိုထွက်ခွင့်ရနေတာမို့..လွိဇာနဲ့ သူကလည်း အတွေ့များတယ်မဟုတ်လား....ဒီတော့...လွိဇာမငယ်အနေနဲ့ သူ့ကို တားပေးဖို့...ဘုရင်မင်းမြတ်က အလိုရှိတယ်”

“သူအောင်မြင်ရင် အားလုံး လွတ်မြောက်ကြမယ်..အရင်ဘဝကို ပြန်ရကြမယ်..မဟုတ်လား”

“မအောင်မြင်ရင်လည်း...ငါတို့ အားလုံးသေကြရမယ်လေ”

လွိဇာ ၏ မျက်နှာက ရုတ်တရက်တင်းမားသွားသည်။

“မင်းသမီးနန်းသွယ်ရဲ့ အခုအခြေအနေ ကို ကျွန်တော်မျိုးမ အရင်ပြောပြပါမယ့်..သူဟာ..ဟံသာဝတီရဲ့ တတိယအာဏာအရှိဆုံး မြင်းမူးမင်းသား ရဲ့ အချစ်ကို ရထားသူပါ....သူအနေနဲ့ တကိုယ်ကောင်းဆန်ချင်တဲ့အခါ...မင်းသားအောင်စနဲ့ လက်ထပ်ပြီး...ဒီအိမ်နှိမ့်စ အလုပ်အကျွေးဘဝကို စွန့်သွားရုံပါပဲ...ဟံသာဝတီဘုရင်အနေနဲ့လည်း သူညီတော်ကို အင်းဝမင်းသမီးတစ်ပါးနဲ့ သဘောမတူစရာအကြောင်းမရှိပါဘူး...ဒါပေမယ့်..နန်းသွယ်ဟာ ဟံသာဝတီနန်းတော်ကြီးထဲ သူတစ်ယောက်တည်း စံစားနေရမယ့်ဘဝထက်....သူချစ်တဲ့ ဒီအသိုက်အဝိုင်းကြီး တစ်ခုလုံးကိုအရင်နေရာကို ပြန်ရဖို့...သူအသက်ကိုတောင် မနှမြောပဲ ကြိုးပမ်းနေခဲ့တာပါ....ဒါကို အရှင်မင်းမြတ်တို့ သိပါရဲ့လား”

အားလုံးတိတ်ဆိတ်သွားကြသည်။

“ကျွန်တော်မျိုးမကို ပြန်ခွင့်ပြုပါ..ဘုရား”

လွိဇာက မဟာဓမ္မရာဇာဓိပတိ၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ ထို့နောက် လက်အုပ်ချီရှိခိုးလိုက်ပြီး..အပြင်သို့ လှည့်ထွက်သွားတော့၏။

ခြံဝန်းအတွင်းသို့ လွိဇာ ဆင်းလာခဲ့သည်။

“ကုန်သည်တော်ကြီးလွိဇာ”

ခေါ်သံတစ်ခုကြောင့် လွိဇာ လှည့်ကြည့်လိုက်၏။

“ခင်ခင့်ကို မှတ်မိရဲ့လား”

အင်းဝမင်းသမီးဝတ်စုံကိုဝတ်ထားသဖြင့် လွိဇာက လက်အုပ်ချီလိုက်သည်။

“ရှင်နှင်းအံ့လေ...ကိုးသိန်းသခင်မင်းခေါင်ရဲ့ကြင်ယာတော်ပါ”

လှပပျိုမြစ်သော အသက်(၂၅)နှစ်အရွယ် မိန်းမချောလေး။

သူမသည် မဟာဓမ္မရာဇာဓိပတိဘုရင်မင်းမြတ်၏ တစ်ဦးတည်းသော နှမတော်၊ မြေတူးမြို့စားမင်းသမီး။

သူမထက် အသက်ထက်ဝက်မကကြီးသော ဘထွေးတော်နဲ့လက်ထက်ခဲ့ရပြီး မုဆိုးမဘဝ၊ စစ်သုံ့ပန်းဘဝ ရောက်ရှိခဲ့ရသူ။

လွိဇာ ၏ တင်းမာနေသော မျက်နှာမှာ ပြေလျော့သွားသည်။

“မိန့်တော်မူပါ..မင်းသမီး”

“ဘထွေးတော် ဦးဦးဘုရားရှိစဉ်က ဒီက ကုန်သည်တော်ကြီးနာမည်ကို အမြဲကြားဖူးနေပါတယ်....ဘထွေးတော်နဲ့ နောက်ဆုံးတွေ့တော့လည်း...တကယ်လို့ အင်းဝမြို့ကြီး ဟံသာဝတီလက်ကျသွားရင်..လွိဇာ ဆီ ရောက်အောင်သွားပါ..သူကယ်တင်မယ်လို့ မှာသွားဖူးပါတယ်”

“မှန်ပါ..ကျွန်တော်မျိုးမကိုလည်း ကိုးသိန်းသခင် က မှာကြားခဲ့ပါတယ်”

“နန်းသွယ် ခေါ်သလို မမလွိဇာလို့ပဲ ခေါ်မယ်နော်....ခုနက အဆောင်တော်ထဲမှာ မမလွိဇာတို့ ပြောခဲ့တာတွေအားလုံး...ခင်ခင်ကားပါတယ်...မမလွိဇာ ပြောတာမှန်

တယ်...နန်းသွယ်ဟာ တကိုယ်ကောင်း ဆန်ခြင့်ရလျက်နဲ့...အသက်စွန့်ပြီးလုပ်နေတာ....ခင်ခင်တော့ သူ့သတ္တိကို အားကျတာပဲ”

“မှန်ပါ..မင်းသမီးလည်း..ကျန်းမာရေးကို ဂရုစိုက်ပါ..လိုအပ်တာတွေရှိလည်း..ကျွန်တော်မျိုးမကို ဆင့်ခေါ်ပြီး မိန့်ကြားနိုင်ပါတယ်”

ထိုအချိန်တွင် အနောက်ဘက်မှ မဟာဓမ္မရာဇာဓိပတိ ရောက်လာသဖြင့် နှစ်ဦးသား လက်အုပ်ချီကာ ဒူးထောက်ရန် ပြင်လိုက်ကြ၏။

“သင့်တော်သလို ခစားပါ....လွှဇာ”

မဟာဓမ္မရာဇာဓိပတိနှင့် အတူပါလာသည့် မင်းချင်းတစ်ဦးက ကတ္တီပါစအုပ်ထားသည့် အရာတစ်ခုကို မလာသည်။

“လွှဇာမင်ယ်...ခုန လျှောက်ခဲ့တာတွေကို ကိုယ်တော် သေချာစဉ်းစားပြီးပါပြီ....ကိုယ်တော်ရဲ့သတ္တိနည်းမှုအတွက်လည်း အရှက်ရမိပါတယ်...မြို့ကြီးမင်းသမီးကိစ္စကို ကိုယ်တော် မတားမြစ်တော့ပါဘူး.. ဒါက လွှဇာအတွက် ကိုယ်တော် ပေးသနားတဲ့လက်ဆောင်ပါ”

လွှဇာက သူ့ရှေ့တွင်ရှိနေသော အရာဝတ္ထုမှ ကတ္တီပါစကို လှန်ကြည့်လိုက်၏။

တချိန်က အင်းဝနန်းတွင်းတွင် သူမအား ပုံစံထိုင်ခိုင်းကာ မဟာဓမ္မရာဇာဓိပတိကိုယ်တိုင် ထွင်းထုထားသော ပုံတူပန်းပုရုပ်ကို အံ့သြစွာတွေ့လိုက်ရသည်။

“ကိုယ်တော် အင်းဝ ကနေ ထွက်လာကတည်းက..တခြားရွှေငွေရတနာတွေထက်...ကိုယ်တော်မြတ်နိုးတဲ့ အနုပညာလက်ရာတွေကို ဦးစားပေးပြီး သယ်ယူလာခဲ့တာပါ....အခု ဒီလက်ဆောင်ဟာလည်း ကိုယ်တော် တန်ဖိုးထားရတဲ့ အနုပညာလက်ရာပါပဲ...စစ်နိုင်ဘုရင်ဟာ တိုင်းပြည်တွေကိုသိမ်းလို့ရမယ်...အသက်အိုးအိမ်တွေကိုသာ ဖျက်စီးလို့ရမယ်...လူတစ်ယောက်ရဲ့ရင်ထဲကလာတဲ့ သုခုမဖန်တီးမှုအနုပညာကိုတော့...ဖျက်စီးနိုင်စွမ်း..ပိတ်ပင်နိုင်စွမ်းမရှိဘူး..မဟုတ်လား”

မဟာဓမ္မရာဇာဓိပတိ ၏ အသံက ယခင်ကထက် များစွာတည်ငြိမ်ရင့်ကျက်နေသည်ဟု လွှဇာခံစားလိုက်ရသည်။

.....
.....

၁၇၅၄ ဧပြီလ ၂၉ ရက်။

စလင်္ဘသူတပ်ပျက်ပြီးနောက် တူရင်ပုံချီ၏ ညီ မင်းလှပုံချီ နှင့် နှမငယ် ဒွေးလှ တို့သည် စုရုံးမိသမျှဆွေမျိုးများဖြင့် အင်းဝမြို့ရှိ မင်းသားမောင်ရွှ ထံ ပြေးဝင်ခိုလှုံသည်။

အင်းဝမြို့တွင် အောင်ဇေယျ၏ မယားညီအကို ငညွန့်ကို မြို့စောင့်တပ်အဖြစ် ထားရာမှ အင်အားနည်းသဖြင့် မင်းသားမောင်ရွှ နှင့် ငတွန်တို့၏ တပ်များကို ထပ်မံဖြည့်ဆည်းထားသည်။

မင်းလှပုံချီတို့ မောင်နှမ အား မောင်ရွှက ရွှေဘိုရှိ ခမည်းတော်ဦးအောင်ဇေယျထံ လွှဲပြောင်းပေးပြီး...ဒွေးလှ အား စန္ဒာမဟော်ဘွဲ့ဖြင့် ကိုယ်လုပ်တော်မြောက်ခဲ့သည်။

စလင်္ဘသူရွာအား သိမ်းပိုက်ပြီးနောက် ဟံသာဝတီဥပရာဇာသည် ဆက်လက်ချီတက်သွားပြီး တလုတ်မြို့တွင် စောင့်နေကြသည့် ညီတော်ဗညားဒလအောင်စ ၊ စောဗြ တို့ တပ်များနှင့် သွားရောက်စုစည်းကာ တပ်တည်နေ၏။

ထိုသတင်းကို ကြားသောအခါ အောင်ဇေယျသည် သားကြီး မောင်လောက်၏ တပ်များအား အင်းဝသို့ ထပ်မံစေလွှတ်သည်။

ထို့နောက် အင်းဝတွင်ရှိနေသော မောင်ရွှ၏ တပ်နှင့် ပူးပေါင်းကာ တလုပ်မြို့ကို အားစမ်းသည့်အနေဖြင့် စစ်မြူရန် စေလွှတ်လိုက်၏။

၁၇၅၄ မေလ ၅ ရက်တွင် မောင်လောက်နှင့် မောင်ရွှဦးဆောင်သော တပ်များက ကြည်းကြောင်း၊ သေနတ်ဝန်ငကောင်း ဦးဆောင်သည့် လှေတပ် (၁၀၀) က မြစ်ဆုံမှ ရေကြောင်းချီကာ တလုပ်မြို့ရှိ ဟံသာဝတီတပ်များကို ဝန်းရံတိုက်ခိုက်ကြတော့သည်။

ဟံသာဝတီ၏ ဝါရင့်စစ်ဗိုလ်ချုပ်များစွာ စုစည်းထားသည့် စစ်တပ်ကြီးကို ထိုးမဖောက်နိုင်ကြ။

လက်ျာဗိုလ်နှင့် စောဗြတို့၏ တပ်များက ပြင်သစ်၊အင်္ဂလိပ်တို့ထံမှ ရရှိသော သုံးဆင့်ကွဲအမြောက်များကို လှည်းများပေါ်တွင်တင်ကာ မင်းသားနှစ်ပါး၏တပ်များအလယ်သို့ ထိုးဖောက်ကာ ပစ်ခတ်တိုက်ခိုက်ကြသည်။

မောင်လောက်နှင့် မောင်ရွှ၏ တပ်များမှာ အကျအဆုံးအထိအရှမ်းများနေသဖြင့် အင်းဝသို့ ပြန်လည်ဆုတ်ခွာကြ၏။

ထိုအချိန်တွင် ရေကြောင်းမှ ပစ်ခတ်နေသော ငကောင်း၏ တပ်များကို တလပန်း ဦးဆောင်သည့် တိုက်လေ့ (၄၀၀)ကျော်က ဖိတိုက်တော့သည်။

အောက်ပြည်သားဖြစ်သည့် ဟံသာဝတီသားတို့၏ ရေကြောင်းကျွမ်းကျင်မှုကို အထက်သားတို့ မခံနိုင်ကြ။

သေနတ်ဝန်ငကောင်းမှာ လှေဦးတွင် ကိုယ်တိုင်ရပ်ကာ ဖိဖိစီးစီးကွပ်ကဲခုခံ သော်လည်း နောက်ဆုံးတွင် လှေတပ်ပျက်ပြီး ကိုယ်လွတ်ဆုတ်ခွာရသည်။

လှေတစ်ရာကျော်အနက် ငကောင်း၏ လှေအပါအဝင် အခြားနှစ်စင်းသာ လွတ်မြောက်သွားပြီး ကျန်လှေများကို ဟံသာဝတီသားတို့ ရရှိသည်။ တပ်သား များစွာသေဆုံးပြီး ရေကူးနိုင်သူများသာ လွတ်မြောက်ကြ၏။

ငကောင်း၏ လက်ထောက်တပ်မှူးဖြစ်သော မင်းလှကျော်စွာဘွဲ့ခံ ယင်းမာကန် ဗိုလ်ငထွန်းရ သေနတ်ထိမှန်ကာ ကျဆုံးကျန်ရစ်သည်။

မောင်လောက်သည် ရွှေဘိုသို့ ပြန်လည်ဆုတ်ခွာသွားပြီး မောင်ရွ သည် အင်းဝသို့ ပြန်လည်ဆုတ်ခွာသည်။

အင်းဝတွင် ကျန်ရစ်သော ဥည္ဆန့်နှင့် ငတွန်တို့က မင်းသားမောင်ရွတပ်များ မြို့တွင်းရောက်သည်နှင့် မြို့ပြင်သို့ ထွက်ကာ ဆင်ခလုတ်၊ မြင်းခလုတ်များ၊ ထောင်ချောက်များ စီရင်ကြသည်။

သေနတ်ဝန်ငကောင်းမှာ မြစ်ဆုံတပ်သို့ ပြန်လည်ဆုတ်ခွာပြီး...ကြည်းကြောင်း၊ ရေကြောင်းမှ ဆုတ်ခွာကြစဉ်ကွဲသွားသည့် တပ်များကို ပြန်လည်စုစည်းသည်။

ထို့နောက် မြစ်ဆုံတပ်ရှိ ရိက္ခာကျီများ၊ယမ်းတိုက်များကို အပြီးတိုင် ဖျက်စီးကာ စစ်ကိုင်းသို့ ဆက်လက်ဆုတ်ခွာသည်။

စစ်ကိုင်းတွင် တပ်များကို ရပ်နားပြီးနောက် ငကောင်းမှာ တပ်စုတစ်စုနှင့်အတူ ရွှေဘိုမြို့သို့ ဆက်လက်ချီတက်သွား၏။

.....
.....

“ဒါက ငါမှန်းထားပြီးသား ရလာဒ်ပဲ...ငကောင်း”

ငကောင်းက စစ်ပွဲအဖြေကို စိုးရိမ်ကြီးစွာလျှောက်တင်ခဲ့သော်လည်း အောင်ဇေယျက တုန်လှုပ်ခြင်းမရှိ။

“အားလုံးစိတ်ဓာတ်ကျစရာမလိုဘူး....အင်းဝမြို့ကြီးကိုတောင် သိမ်းပိုက်နိုင်ခဲ့တဲ့ ဟံသာဝတီစစ်တပ်ကြီး တစ်စုတစ်စည်းထဲ ရှိနေတာကို သွားတိုက်လို့က နိုင်စရာ မရှိဘူး...အခုဆို သူတို့ စိတ်ဓာတ် တက်ကြွသွားကြပြီ.. သူတို့ စစ်ကြောင်းတွေ ဖြန့်ခွဲပြီး အင်းဝကို ထိုးစစ်ဆင်ကြလိမ့်မယ်...သူတို့လူတွေ ပြန့်ကျဲသွားတဲ့အခါမှ တို့ရဲ့တကယ့်စစ်ဆင်ရေးက စမှာ”

ဦးစည်းစိမ်၊ ရွှေကြူ၊ ရွှေဂူ၊ ငအိုး၊ ငသာ၊ ညိုသူ၊ ငအောင် စသော တပ်မှူးများမှာ မျက်နှာများ အိုနေရာမှ ပြန်လည် ဝင်းလက်လာကြသည်။

“ကျွန်တော်မျိုးတို့ ဘယ်သို့ အမှုတော်ထမ်းရမည်လဲ..မိန့်တော်မူပါ”

ဦးစည်းစိမ်က လျှောက်တင်လိုက်သည်။

အောင်ဇေယျက အပါးတော်မြဲ စာဆိုငနေကို အချက်ပြလိုက်သည်နှင့် မြေပုံသားရည်ချပ်တစ်ချပ်ကို ရှေ့တွင် ဖြန့်ခင်းလိုက်၏။

အောင်ဇေယျက သလွန်ပေါ်မှ ထလာပြီး လက်သုံးတော်ဓားကို မြေပုံပေါ်သို့ ထောက်လိုက်သည်။

“သူတို့ အင်းဝ ဆိုတဲ့ ငါးစာကို အရင်ဟပ်ကြပါစေ”

.....

တလှုပ်မြို့တွင် တပ်စွဲနေသည့် ဟံသာဝတီတပ်များမှာ စိတ်ဓာတ်တက်ကြွနေကြသည်။

ဗညားဒလအောင်စ ဦးဆောင်သည့် (၁၁)တပ် က သာဖောင်ကျင်းကြောင်းဖြင့် အင်းဝသို့ ချီတက်သည်။

ဥပရာဇာဦးအောင်မြန့် စောဖြတို့၏ ရေတပ် (၂၁) တပ်က ရေကြောင်းအတိုင်း ချီတက်လာရာ မူးမြစ်၊ ရွာထောင်တွင် တပ်စွဲနေသည့် ကင်းတပ်နှင့် ထိပ်တိုက်တွေ့တော့သည်။

ထိုတိုက်ပွဲတွင်လည်း ဟံသာဝတီတပ်များအနိုင်ရက ကင်းတပ်ပျက်သည်။

ဥပရာဇာ၏ တပ်များမှာ အင်းဝသို့ ဆက်လက်ချီတက်သွား၏။

အင်းဝသို့ ရောက်သောအခါ ဗညားဒလအောင်စ ၏ တပ်(၁၁)တပ်က အင်းဝမြို့ကို တောင်ဘက်မှ အရှေ့လေးထောင့်ဝဲ၊ ငွေစင်ချောင်းဝအထိ ဝန်းရံထားပြီး ဖြစ်သည်။

ဥပရာဇာ၏ တပ်က အနောက်ဘက်ခရမ်းပေါက်မှ ဆင်ရဆိပ်ကမ်းအထိ ရေကြောင်းအပြည့်ရံထား၏။

စောဖြူ၏ လှေတပ်သည် နွားချေးကျွန်းမှ သလွင်ဖြူငါးထပ်ကြီးအထိ၊ ဒေါစွယ်ယစက်၏ လှေတပ်သည် ရွှေကြက်ယက်၊ အိုးထိန်းမော်အထိ ဝန်းရံသည်။

တလပန်းဦးဆောင်သည့် မြို့စားတပ်(၇)တပ် လှေအစီး (၄၀၀)ဖြင့် စဉ့်ကူးမြို့တွင် တပ်စွဲထားပြီး အင်းဝအား အကူအညီပေးနိုင်သည့် အရှေ့အနောက်တလွှားရွာများကို မီးတိုက်ဖျက်စီးပစ်သည်။

.....
.....

မောင်ရွှသည် အင်းဝမြို့ရိုးပေါ်တွင် ဝပ်လျက် မှန်ပြောင်းဖြင့် ကြည့်လိုက်သည်။

ထို့နောက် မြို့ရိုးအောက်ဖက်သို့ ပြန်ဆင်းလာ၏။

အောက်ဖက်တွင် ငတွန်၊ ငညွန့် တို့ စစ်ဦးစီးများက အသင့်စောင့်နေကြသည်။

စိတ်လှုပ်ရှားမှုကြောင့် မောင်ရွှမှာ ပြင်ဆင်ပေးထားသော သလွန်ပေါ်တွင်ပင်မထိုင်ပဲ..မတ်တပ်ရပ်ကာ ခါးကို ကျစ်ကျစ်ပါအောင်ဆုပ်ထား၏။

“ဦးရီးတို့...ဟံသာဝတီအင်အားကတော့ မျက်စိတစ်ဆုံးပဲ...လှေတွေဆိုလည်း မြစ်ကြောင်းအပြည့်ပဲ...သူတို့မှာပါတဲ့ သုံးဆင့်အမြောက်တွေ နဲ့သာဆို..အင်းဝကတော့...ခံနိုင်မယ်မထင်ဘူး...ကျုပ်တို့ မြစ်ငယ်ဘက်ကို ကူးပြီး အရှေ့ဘက်ကြောင်းကနေ ရွှေဘိုကိုပြန်ဆုတ်ဖို့ သင့်မယ်ထင်တယ်”

“မင်းသားကို တစ်ခုလျှောက်တင်ပါရစေ”

ငတွန်က ပြောလိုက်သည်။

“ပြောပါ..ဗိုလ်တွန်”

“ဒီလောက်အင်အားကြီးတဲ့ ဟံသာဝတီတပ်တွေ အင်းဝကို ရံနေတာကို မင်းသား ရဲ့ ခမည်းတော်က သိပြီးသားဖြစ်မှာပါ...သိပါလျက်နဲ့ တပ်မှူးကို အင်းဝမှ မ ဆုတ်ခိုင်းစေခြင်းနဲ့ စစ်ကူမပို့ခြင်းဟာ...ရန်သူလာလျှင် ခံတိုက်ဖို့အတွက် ထား ထားတာဖြစ်ပါလိမ့်မယ်...စစ်ဗျူဟာသဘောကို သူက တစ်ဖက်ကမ်းခပ်နေတဲ့ လူပါ...အင်းဝကို ငါးစာထားပြီး စစ်မှားနေခြင်းသာဖြစ်ပါလိမ့်မယ်..ဒီတော့..မ ဆုတ်ခွာပဲ ခံတိုက်ဖို့သာ အကြံပေးပါရစေ”

မောင်ရွှက ထိုအခါမှ သလွန်ပေါ်တွင် ထိုင်ချလိုက်သည်။

ထို့နောက် အင်းဝမြို့စောင့်တပ်မှူး ငညွန့်ကို ကြည့်လိုက်၏။ ငညွန့်ကလည်း ငတွန်၏ စကားကို သဘောတူကြောင်း အရိပ်အယောင်ပြလိုက်သည်။

မောင်ရွှက သူ၏ လက်သုံးတော်ခါးတွင် စီထားသော ကျောက်မျက်များကို မမှိတ်မသုန်စိုက်ကြည့်နေ၏။

အတန်ကြာပြီးနောက်..ခေါင်းပြန်မော့လာသည်။

“မောင်ဂျိုး ကို အခစား ခေါ်ခဲ့”

စစ်သည်တစ်ဦးက သုတ်သုတ်ပြာပြာထွက်သွား၏။

ခဏအကြာတွင် မောင်ရွှ၏ လက်ရုံးပေါ်တူဂီလူငယ် ဂျိုးဇက်ပက်ဒရို ရောက်လာ၏။

“ငဂျိုးငယ်....နင်တခါ ငါ့ကို လျှောက်ဖူးတယ်...သာစည်နယ်ဘက် မြင်းစီးပြီး နွား ကလေးတွေကို လိုက်ခိုးတတ်တဲ့ သူငယ်တစ်ယောက် နင့်ထံရှိနေတယ်ဆို”

“မှန်ပါ..သာစည်ငအောင်သလေး ပါ...မြင်းတစ်စီးနဲ့ နွားစားကျက်တွေကို လှည့်လည်ပြီး...လူတနိုင်စာ နွားပေါက်ကလေးများကို ကြိုးကွင်းပစ်ဖမ်းပြီး မြင်း ပေါ်တင်ပြေးရာမှာ ကျွမ်းကျင်လှပါတယ်”

“သူ့ ခေါ်စမ်း..ခေါ်စမ်း”

ခဏအကြာတွင် အသားညိုညို၊ လူကောင်းညှက်ညှက်ဖြင့် လူငယ်တစ်ဦး ရောက်လာသည်။

မောင်ရွှ၏ ရှေ့တွင် ပြားပြားဝပ်နေ၏။

“ဟဲ့.....မျက်နှာမော့..ဖူးစေတော့”

ငအောင်သလေး က လက်အုပ်ချီလျက် မော့လာသည်။

“နင် က မြင်းစီးပြီး နွားလှည့်ခိုးတတ်တယ်ဆိုကွဲ့..မှန်သလား”

“မှန်..မှန်ပါ့...အမှုတော်မထမ်းခင်က...မိုက်မိတာပါ..ဘုရား..နွားပေါက်စလေးတွေပဲ ခိုးတာပါ”

“အေး..အခု လူခိုးရမယ်..ဖြစ်မလား”

ငအောင်သလေးက မောင်ရွှကို ကြောင်တောင်တောင်ဖြင့် ကြည့်လိုက်သည်။

အတူရှိနေသော ငတွန်၊ငညွန့်တို့ တပ်မှူးတသိုက်ပါ မောင်ရွှအား တအံတသြ ကြည့်လိုက်ကြ၏။

“ဟွဲ့..ကြောင်တောင်တောင်လုပ်မနေနဲ့...နင်..ညကျ...အပြင်က မွန်တပ်ထဲကို ဝင်....ဟံသာဝတီသားတစ်ကောင်ကို ကြိုးပစ်ဖမ်းပြီး မြင်းနဲ့ ပြန်ဝင်လာချေ..ဖြစ်မလား”

ငအောင်သလေး က သူ၏ တပ်မှူးဖြစ်သူ ဂျိုးဇက်ပက်ဒရိုကို လှမ်းကြည့်လိုက်သည်။

“မှန်ပါ...မှန်ပါ....ခိုးနိုင်ပါတယ်..ဘုရား”

“ကဲ...မောင်ဂျိုး....ညကျ မင်းလူကို လိုအပ်တာ စီစဉ်ပေးလိုက်...သူ ပြန်ဝင်လာတဲ့အခါ နောက်က ဟံသာဝတီတပ်မှူး ပါလာရင် ပစ်ခတ်ရအောင်လည်း သေနတ်စုကို အသင့်ထည့်ပေးလိုက်မယ်ဟေ့...တခြားတော့မဟုတ်ဘူး....ကိုယ့်ကို ဝန်းရံထားတဲ့ ရန်သူရဲ့အင်အားနဲ့ အနေအထားအမှန်ကို သိရမှလည်း စစ်ခံတဲ့အခါ သေနင်္ဂဗျူဟာကို တွက်ချက်စဉ်းစားနိုင်မယ်မဟုတ်လား”

အခန်း (၂၃)

အော်ဟစ်အားပေးသံများနှင့်အတူ မြင်းခွာသံပြင်းပြင်းကြောင့် မောင်ရွှက မတ်တပ်ထရပ်လိုက်သည်။

“ဟေ့..မောင်ဂျိုး.တို့လူထင်ပါရဲ့....မြေနန်းတော်ရှေ့ထိ မြင်းစီးဝင်ခွင့်ပြုလိုက်လို့ အစောင့်တွေကို သွားပြောချေ”

မောင်ရွှန့်အတူ တပ်မှူးများဖြစ်သော ငတွန်နှင့် ငညွန့် တို့ပါ စိတ်လှုပ်ရှားစွာဖြင့် ထလာကြသည်။

ခဏအကြာတွင် မြင်းတစ်စီးက မြေနန်းရှေ့ ကွက်လပ်သို့ ဝင်လာ၏။

ဆီမီးတိုင်များ၏ အလင်းရောင်အောက်တွင် မြင်းပေါ်မှ ငအောင်သလေးကို မြင်ရသည်။

ငအောင်သလေး၏ မြင်းနောက်ဘက်တွင် ကြိုးဖြင့် တုတ်ခံထားရသည့် လူတစ်ဦးက ရုန်းကန်လျက်ပါလာသည်။

ငအောင်သလေးက မြင်းပေါ်မှ ခုန်ဆင်းကာ မောင်ရွှအား ဒူးတုပ်ကာ ရှိခိုးလိုက်၏။

“ညောင်စဉ်တပ်နှင့် လေးထောင့်ဝဲတပ် ကြားမှာ ကင်းပုန်းဝပ်ရင်း အိပ်ပျော်နေတဲ့ ဟံသာဝတီသားကို ဖမ်းဆီးလာနိုင်ပါတယ်..ဘုရား”

မောင်ရွှက သူ့ရှေ့တွင် ရှိနေသော ရွှေအနားကွပ်ထားသည့် ငွေခွက်တစ်ခုကို ယူကာ ငအောင်သလေးထံ ပစ်ပေးလိုက်၏။

“အားရသဟေ့...ငအောင်သလေး...သွား..နောက်မှာ စားစရာသောက်စရာအပြည့်နဲ့ သွားနားချေတော့..ဟေ့...မောင်ဂျိုး..ငအောင်သလေးကို ဒီည လိုလေသေးမရှိ ပြုစုလိုက်ကြစေ..ဒီအကောင်ကြီးတော့ ငါတို့နဲ့ ထားခဲ့”

ဂျိုးဇက်ဒီဆေးဗား နှင့် ငအောင်သလေးတို့ ထွက်ခွာသွားသည်။

မောင်ရွှ နှင့်အတူ ငတွန်၊ငညွန့်တို့က ဖမ်းဆီးလာသည့် ဟံသာဝတီစစ်သည် ရှိရာသို့ ဆင်းလာကြ၏။

ဟံသာဝတီစစ်သည်မှာ ကြိုးဖြင့်တုပ်နှောင်ခံထားရသည့်ကြားမှ ကြောက်လန့်တကြားဖြင့် ရုန်းကန်နေသည်။

“မင်း ဗမာစကားတတ်ကဲ့လား”

“တတ်ပါတယ်”

“ဟံသာဝတီတပ်မှာ ဘာအဆင့်လဲ”

“ဗိုလ်ပါ”

“ဟေ...ကောင်းသကွာ...ဒီလိုမှန်းသိ ငအောင်သလေးကို ဒီထက်ပိုပြီး ဆုချပါတယ်..ကဲ...သိပ်လည်း မကြောက်ပါနဲ့...ငါတို့ မင်းကို မသတ်ပါဘူး...ငါတို့သိချင်တာတွေ ဖြေပေးရင်ပေါ့..ဘယ်လိုလဲ ဖြေပေးမှာလား”

“ဖြေပေးပါ့မယ်”

“သူ့ကို ကြိုးဖြည်ပေးလိုက်ကြဟေ့”

.....

အင်းဝမြို့ပြင်တွင် ဟံသာဝတီတပ်များက စတုရန်းပုံ လေးဘက်လေးတန်နေရာယူထား၏။

လေးထောင့်ဝဲတွင် ဗညားအဲ၏ တပ်က လူငါးထောင်၊ ညောင်စဉ်တွင် ဗညားကျဉ်၏တပ်က လူငါးထောင်၊ ပြဿဒ်ကျောင်းတွင် ဗညားယက္ခိုက် ၏ တပ်က လူငါးထောင်၊ တပ်တော်ကျောင်းတွင် ဗညားတာနော၏တပ်က လူငါးထောင်၊ ထိုတပ်များ၏ အလယ်တွင်ရှိသော နွေရာသီနန်းတော်သစ်အုတ်မြို့ရိုးတွင် ဥပရာဇာဦအောင်မြ၏ တပ်က နေရာယူထားသည်။

ရောဝတီမြစ်အတွင်းတွင်လည်း ဟံသာဝတီရေတပ်များက မြစ်ငယ်အထိတိုင်အောင် ပိတ်ဆို့ထားကြ၏။

“တပ်တွေအားလုံးထဲမှာ အကြမ်းဆုံးဆိုတဲ့တပ်က ရွှေဆုံးမှာ စစ်ဦးအဖြစ် တည်ထားတဲ့ ကျွန်တော်မျိုးတို့ လေးထောင့်ဝဲတပ်ပါပဲ..လေးထောင့်ဝဲတပ်ပျက်ရင် ကျန်တပ်များ စိတ်ဓာတ်ပျက်ပြားမည်မှာ အမှန်ပါ”

ဖမ်းဆီးရမိသော ဟံသာဝတီသုံ့ပန်း၏ စစ်ကြောခ်ုက်ကို အခြေခံကာ မောင်ရွှန့် တပ်မှူးများ စစ်ရေးအစီအမံများ ချမှတ်ပြီးဖြစ်သည်။

၁၇၅၄ ဧပြီ ၁၆ ရက်နေ့ ၊ နံနက်အာရုဏ်တက်။

ဟံသာဝတီတို့၏ တပ်ဦးဖြစ်သော လေးထောင့်ဝဲတပ်နှင့် မျက်နှာချင်းဆိုင်ဖြစ်သော အင်းဝ ဈေးငယ်တံခါး သည် ရုတ်တရက်ပွင့်လာသည်။

ထို့နောက် စစ်ချီစစ်မောင်းသံများ ဆူညံသွားသဖြင့် အမှတ်တမဲ့နေသော ဟံသာဝတီတပ်များမှာ အသင့်နေရာယူရန် ပြင်ဆင်ကြသည်။

ရှေ့ဆုံးမှ ဆံပင်ဖားလျား၊ ဓါးရှည်ကို ကိုင်လျက် ထွက်လာသည်က ငတွန်၊ ဘေးတွင် အဲမောင်းလှံရှည်ဖြင့် ငညွန့်။

အနောက်ဘက်တွင် ရွှေထီးဆောင်းထားသည့် မောင်ရွက ဆင်ပေါ်တွင် ထိုင်နေသည်။

ဆင်ကျောပေါ်တွင် ဒေါက်တစ်ချောင်းတင်ထားပြီး ဒေါက်ပေါ်တွင် အဝေးပစ်ပြောင်းရှည်သေနတ်တစ်လက်ကို တင်ထားသည်။

ဆင်ဦးစီးအနောက်တွင် ခွလျက်ထိုင်နေသည့် ဂျိုးဆက်ဒီဆေးဗားက ပြောင်းရှည်သေနတ်ကို ယမ်းထိုးပေးပြီးနောက် ဆင်ကျောကုန်းနှင့်ကပ်ကာ ဝပ်လိုက်ကြသည်။

မောင်ရွက သေနတ်နောက်တွင် နေရာယူကာ မျက်လုံးတစ်ဖက်မှိတ်ပြီး ချိန်လိုက်၏။

ထို့နောက် နားခွက်ကို မီးညှိလိုက်ပြီး ခလုတ်ကို လက်ညှိုးဖြင့် ကွေးညှစ်လိုက်သည်။

“ဘောင်း”

သေနတ်ကျည်ဆံက လေးထောင့်ဝဲတပ်အလယ်ရှိ တပ်မှူးဗညားအဲ ၏ ရွှေထီးလက်လက်ကို မှန်ကာ ထီးတိုင်ကြိုးကျသွားသည်။

သေနတ်သံကြားသည်နှင့် ဘေးဝယ်ယာမှ သေနတ်တပ်များက အသီးသီး လိုက်လံပစ်ခတ်ကြသည်။

ဟံသာဝတီတပ်များမှာလည်း သေနတ်များဖြင့် ပြန်လည်ပစ်ခတ်ကြ၏။

နှစ်ဖက်ကျည်ထိုးနေကြချိန်တွင် ငတွန် ၊ ငညွန့်ဦးဆောင်သည့် မြင်းတပ်များက လေးထောင့်ဝံတွင်းသို့ ဝင်ရောက်ကာ ထိုးခုတ်ကြသည်။

အင်းဝမြို့တွင်း ပိတ်မိနေသော ရွှေဘိုတပ်များသည် ယခုကဲ့သို့ ပြန်လည်ခုခံတိုက်ခိုက်မည်ဟု မထင်ထားသည့် ဗညားအဲ၏ တပ်မှာ အနောက်သို့သာဆုတ်လျက် ခုခံနေရသည်။

နာရီဝက်ခန့်အကြာတွင်ပင် လေးထောင့်ဝဲတပ်ပျက်လေသည်။

မောင်ရွှ က ဆင်ပေါ်မှ နောက်ထပ် သေနတ်တစ်ချက် ပစ်ဖောက်လိုက်သည်နှင့် ငတွန် က မြင်းကို တုန့်ခနဲရပ်လိုက်သည်။

“သေနတ်တွေ၊ မြင်းတွေ ရသလောက်သိမ်း..ပြန်ဆုတ်မယ်..ပြန်ဆုတ်မယ်”

ငတွန့်၏ အမိန့်သံကို တပ်မှူးငယ်များက အဆင့်ဆင့် အော်ဟစ်ပြီးသည့်နောက်..ရွှေဘိုတပ်များမှာ ဟံသာဝတီတပ်များကို လိုက်လံတိုက်ခိုက်ခြင်းမပြုတော့ပဲ..သေနတ်များ၊ မြင်းများကို သိမ်းဆည်းကာ အင်းဝမြို့တွင်းသို့ ပြန်လည်ဆုတ်ခွာသွားကြသည်။

ပတ်ချာလည်တွင် နေရာယူထားသည့် ဟံသာဝတီတပ်များ လေးထောင့်ဝဲသို့ ရောက်လာချိန်တွင်မူ ရွှေဘိုတပ်များမှာ အင်းဝမြို့တွင်းသို့ ပြန်လည်ဝင်ရောက်သွားပြီဖြစ်သည်။

နောက်တစ်ရက်တွင်လည်း ထို့နည်းလည်းကောင်း ညောင်စဉ်တပ်ကို ရွှေဘိုတပ်များက ဝင်ရောက်တိုက်ခိုက်ပြန်၏။

ဥပရာဇာဦးအောင်မြ ၏ နန်းတော်သစ်ကို ဝန်းရံထားသော တပ်များမှာ အင်းဝမြို့ပြင်သို့ ထွက်ကာ မကြာခဏတိုက်ခိုက်ခြင်းခံရသဖြင့် တတိယမြောက်နေ့တွင် ဗညားအဲနှင့် ဗညားကျဉ် တပ်နှစ်တပ်ပေါင်းကာ ဈေးငယ်တံခါးဘက် ကျုံးတလျှောက် စီတန်းလျက် အသင့်စောင့်ဆိုင်းနေကြ၏။

သို့သော် ထွက်တိုက်နေကျ ဆေးငယ်တံခါးမှ ထွက်မလာပဲ..စံရာတံခါးဘက်မှ တပ်များထွက်ကာ ဥပရာဇာ၏ နန်းတော်သစ်တပ်ကို ခါးလယ်မှ ထိုးဖောက်ကာ ဝင်ရောက်တိုက်ခိုက်ကြသည်။

ဥပရာဇာ၏ တပ်မှာ လူတစ်သောင်းကျော်ရံထားသဖြင့် မပြုပျက်သော်လည်း..နောက်ဆုတ်ကာ ဝန်းရံကြရ၏။

ဗညားအဲနှင့် ဗညားကျဉ်တပ်များက နန်းတော်သစ်တပ်ကို စစ်ကူလာချိန်တွင်မူ ရွှေဘိုတပ်များမှာ အင်းဝမြို့တွင်းသို့ ပြန်လည်ဆုတ်ခွာသွားကြပြန်သည်။

ရွှေဘိုတပ်တို့က အင်အားကြီးဟံသာဝတီတပ်ကို ထိပ်တိုက်ရင်ဆိုင်ချင်းမပြုပဲ အားနည်းနေရာသို့ ဝင်ဝင်တိုက်သဖြင့် ဟံသာဝတီတပ်များမှာ တဖြည်းဖြည်း နောက်ဆုတ်ကာ နီးနီးကပ်ကပ်စုစည်း စောင့်ဆိုင်းနေကြ၏။

တညနေတွင် အင်းဝမြို့တွင်းမှ တိတ်တဆိတ်ထွက်လာသော မြင်းတစ်စီးကို ဟံသာဝတီတပ်များက သေနတ်ဖြင့် ပစ်ခတ်လိုက်ကြသည်။

ဟံသာဝတီတပ်များအခြေအနေကို နောက်တကြိမ် စုံစမ်းရန် ထွက်လာသော သာစည်ငအောင်သလေးမှာ ကျည်ဆံထိမှန်သွားပြီး မြို့တွင်းတွင်ပင် သေဆုံးသွားတော့၏။

ထိုအချိန်မှစတင်ကာ ရွှေဘိုတပ်များမှာ ဟံသာဝတီတပ်များကို ထွက်တိုက်ခြင်းမပြုတော့ပဲ...အင်းဝမြို့တွင်းတွင်သာ ကြံ့ကြံ့ခံနေထိုင်ကြတော့သည်။

.....
.....

ပုံလွင့်ပုံလွှား။

ဟင်္သာအလံတလူလူလွင့်နေသော တလပန်း၏ စစ်လှေကြီး။

စဉ့်ကူမြို့အထက် သိမ်တိုက်ကျွန်းတွင်ရပ်နားထားသော ပုံလွင့်ပုံလွှားလှေကြီးပေါ်တွင် ဟံသာဝတီရေတပ်မှူးများ စုစည်းနေကြသည်။

“အင်းဝကိုတော့ ဥပရာဇာတပ်တွေက မလှုပ်နိုင်အောင်ထိန်းထားပြီးပြီ....မောင်ရွှေနဲ့အတူ ငတွန်လည်း အင်းဝမြို့ထဲ ပိတ်မိနေကြပြီ...သူတို့လည်း ဥပရာဇာတပ်ကို မနိုင်မနှဲသိလို့ နောက်ထပ် ထွက်တိုက်ရဲမှာမဟုတ်တော့ဘူး.....မုဆိုးဖိုသားတွေဟာ ကြည်းတပ်မှာသာ ငါတို့ကို ယှဉ်နိုင်ပေမယ့်...ရေတပ်မှာတော့ သင်းတို့မှာ လှေကောင်းကောင်းမရှိ၊ ရေကြောင်းတိုက်ပွဲမကျွမ်းကျင်ကြဘူး...သင်းတို့..အင်းဝက ပိတ်မိနေတဲ့သူလူတွေကိုကယ်ချင်ရင် ရေကြောင်းကသာ ခိုမှဖြစ်တော့မယ်..ရေတပ်ဆိုရင်တော့ ငါတို့ အောင်ပွဲပဲ.. ဒီတော့ အောင်ဇေယျ ဆီမှာ ငါတို့ သတိထားရမယ့်သူဆိုလို့ သေနတ်ဝန်ငကောင်းတစ်ယောက်သာ ရှိတော့တယ်..ရေကြောင်းတိုက်ပွဲတွေမှာ ငကောင်းကိုသာ သေအောင်သတ်နိုင်ရင် အောင်ဇေယျလက်မောင်းတစ်ဖက်ပြုတ်ပြီပဲ...ဒီအချက်ကို တပ်မှူးများ အားလုံး မှတ်ထားကြပါ”

“မှန်ပါ...ဗိုလ်မင်း...အထောက်တော်သတင်းများအရတော့ အောင်ဇေယျညီ ငရွှေကြူ ဟာ ကျောက်မြောင်းမှာ ရှိနေပါတယ်...ငကောင်းနဲ့ သူတပ်ကတော့ စစ်ကိုင်းမှာ ရသမျှလေ့တွေကို စုစည်းနေတယ်လို့ သိရပါတယ်”

သန်လျင်စားက လျှောက်တင်လိုက်သည်။

“လာစမ်းပါစေ..ငါတို့မှာ အမြောက်တင်ထားတဲ့ တိုက်လေ့ချည်းပဲ (၂၀၀)ကျော်ရှိတယ်..ဒီအညာသားတွေရဲ့ လေ့စုတ်ကလေးတွေဟာ...ငါတို့ သုံးဆင့်အမြောက်တွေနဲ့တွေ့ရင်..အကုန် ရေအောက်ရောက်ကုန်မှာပ”

.....
.....

၁၇၅၄ မေလ ၂၄ ရက်။

ရောဝတီမြစ်အတွင်းမှ ဘွားခနဲပေါ်လာသော လေကွဲသို့အရာကြီးတစ်ခုကြောင့် ဟံသာဝတီရေကြောင်းအစောင့်တပ်မှာ တအံတသြဖြစ်သွားကြသည်။

အနောက်တိုင်းသားတို့၏ သင်္ဘောကဲ့သို့ပင် ကြီးမားကျယ်ပြန့်သော လေ့မကျ၊ ဖောင်မကျ ယာဉ်တစ်စီးက သူတို့တပ်ဆီ ဦးတည်လာနေသည်။

လေ့ပတ်လည်တွင် အမြောက်ကြီးများကို တင်ထား၏။

ထို့အရာကား.. “မြို့သဲသဲ” ၊ အောင်ဇေယျ၏ စစ်ရေးတီထွင်မှုများထဲမှ တစ်ခု။

ရွှေဘိုတပ်များအနေဖြင့် ဟံသာဝတီကို ကြည်းတပ်တွင် ယှဉ်နိုင်သော်လည်း ရောဝတီမြစ်ကြောင်းတွင်မူ ရေကြောင်းကျွမ်းကျင်သော ဟံသာဝတီတိုက်လေ့ကြီးများကို ယှဉ်နိုင်မည့် လေ့များမရှိကြောင်း တွက်ဆမိသည်။

ဟံသာဝတီတိုက်လေ့များမှာ တစ်စီးလျှင် အမြောက်တစ်လက် တင်ထားနိုင်ကြ၏။

ရွှေဘိုရေတပ်တွင် အမြောက်တင်နိုင်လောက်သည့် လေ့ကြီးမျိုးမရှိသေး။

ထို့ကြောင့်...ပြည်မြို့မှ ခိုဝင်လာသူ အာမေးနီးယန်းလူမျိုး ရေကြောင်းကျွမ်းကျင်သူ အန်တိုနီယို နှင့် တိုင်ပင်သည်။

နောက်ဆုံးတွင် အင်းဝသိမ်းစဉ်က ရရှိထားသည့် မဟာဓမ္မရာဇာဓိပတိ၏ စီးတော်ဖောင်ကြီးဘေးတွင် တိုက်လှေငယ်များကို ပူးချည်တွဲစပ်ကာ အနောက်တိုင်းတိုက်သင်္ဘောများ ပုံသဏ္ဌာန်လှေကြီးတစ်စီးကို ပြုလုပ်ကြသည်။

အင်းဝခေတ်ကောင်းစဉ်က နာမည်ကျော်ခဲ့ဖူးပြီး..ဟံသာဝတီသားတို့လုယူသွားခဲ့သည့် "မိုင်းသဲသဲ" ဆိုသည့် စစ်လှေကြီး၏ နာမည်ကိုယူကာ...မိုင်းသဲသဲ ဟုပင် အမည်တပ်လိုက်ကြသည်။

“မိုင်းသဲသဲ” တိုက်လှေကြီးသည် ဟံသာဝတီတိုက်လှေများထက် ငါးဆမျှကြီးများကျယ်ပြန့်သည်။ လှေပေါ်တွင် တင်ကျည်းတုတ်ကိုင်တပ်သား(၅၀၀) ၊ သေနတ်တပ်သား(၁၀၀)၊ စစ်သည်(၃၅၀)၊ အမြောက်ငယ်(၁၀)လက် တင်ဆောင်နိုင်ခဲ့သည်။

တိုက်လှေငယ် (၃၆)စင်းခြံရုံလာသော မိုင်းသဲသဲလှေပေါ်တွင် သေနတ်ဝန်ကောင်းက ဦးစီးလျက် ဟံသာဝတီရေတပ်ကင်းဦးဖြစ်သော သီလရွာလယ်ခူလှေတပ်ထဲသို့ ထိုးဖောက်ဝင်ရောက်သွား၏။

ဟံသာဝတီတပ်သားများမှာ မုဆိုးဖိုအညာသားတို့စီးနင်းလာသော ထူးဆန်းသောတိုက်လှေကို ကြောင်ကြည့်နေစဉ်မှာပင်..မိုင်းသဲသဲပေါ်မှ အမြောက်များက တရစပ်ပစ်ခတ်ကြသည်။

ဟံသာဝတီတိုက်လှေများမှာ အကွဲအကွဲအပြားပြားဖြစ်ကုန်ကြ၏။

တိုက်လှေများက မိုင်းသဲသဲကို ဦးတည်တိုက်ခိုက်ရန် လာနေချိန်တွင် နဘေးတွင် ဝန်းရံလာသော ရဲခေါင်စံကျော်နှင့် ဗာရာကြီးတို့၏ လှေ(၃၆)စီးက ဟံသာဝတီလှေတပ်များကြားသို့ ဝင်ရောက်ကာ ကျောက်ဆူးကြိုးများ၊ ချိတ်များဖြင့် ဆွဲကာ ဟံသာဝတီလှေများကို ဆွဲမှောက်ပစ်ကြသည်။

တပြိုင်နက် ကမ်းနှစ်ဖက်အတိုင်း တိတ်တဆိတ်လိုက်ပါချီတက်လာကြသည့် ရွှေဘိုသေနတ်တပ်များက ခြံပုတ်များ အတွင်းခိုဝင်ကာ ဟံသာဝတီလှေတပ်များကို ပစ်ခတ်ကြပြန်သည်။

အချို့လှေများမှာ ကမ်းသို့ဆိုက်ကပ်ကာ ကုန်းပေါ်သို့ တက်ပြေးကြ၏။

ကုန်းပေါ်တွင်လည်း သေနတ်တပ်နှင့်အတူ ရွှေဘိုမြင်းတပ်(၃၀၀)ကျော်က တက်လာသမျှကို ပစ်ခတ်ဖမ်းဆီးသည်။

ပုံလွင့်ပုံလွှား လေပေါ်မှ တလပန်းသည် သွေးခြဲင်းခြဲင်းနီနေသော မြဲစ်ရေပြင်ကို တအံတသြ ကြည့်လိုက်သည်။

သူထံသို့ တည့်တည့်ဦးတည်လာနေသော ရွှေဘိုသားတို့၏ မှိုင်းသဲသဲလှေကြီးကို မြင်လိုက်ရသည့်အခါ မျက်စိမျက်နှာပျက်သွား၏။

သို့သော် အိန္ဒြေကို ထိန်းလိုက်ပြီး...လှေဦးသို့ ခါးကို ဝုံလျက် တက်သွားသည်။

ပုံလွင့်ပုံလွှားအား ဝန်းရံလိုက်ပါလာသည့် အမြောက်တင်အရံလှေ (၂၀၀)ပေါ်မှ တပ်မှူးများမှာ မှိုင်းသဲသဲပေါ်မှ ပတ်ချာလည်ပစ်ခတ်နေသည့် အမြောက်များကြောင့် လှေပေါ်တွင် ပြားပြားဝပ်နေကြပြီဖြစ်သည်။

တလပန်းက ခါးကို လှေဦးတွင် စိုက်ချကာ...သူနဘေးမှ လှထိုးသားစစ်သည်၏ မျက်နှာကို စေ့စေ့ကြည့်လိုက်၏။

လှထိုးသားမှာ လှော်တက်ကို ရင်ဘတ်တွင်ပိုက်လျက် မှိုင်းသဲသဲလှေကြီးကို မဝံ့မရဲကြည့်ကာ ခေါင်းကို ဝပ်ချထားသည်။

မှိုင်းသဲသဲ ကား ပုံလွင့်ပုံလွှားရှိရာသို့ ဦးတည်လာနေသည်။

လှေဦးတွင် သေနတ်ရှည်တစ်လက်ကို ကိုင်လျက် ပစ်ခတ်လာနေသော ငကောင်းကိုလည်း မြင်လိုက်ရသည်။

တလပန်းက သွေးချောင်းစီးနေသော မြစ်ပြင်ကို ကြည့်ကာ ခါးကို ဆွဲနုတ်လိုက်၏။

“အားလုံး..ဆုတ်မယ်...ရွှေကြက်ယက်အထိ ဆုတ်မယ်”

မွန်ဘာသာစကားဖြင့် အမိန့်သံကြားသည်နှင့် လှေတွင်းမှ စည်တော်တီးသူက ဆုတ်ခွာရန် အချက်ပြတီးခတ်လိုက်တော့၏။

ဟံသာဝတီရေတပ်ကြီးကား ဆုတ်ခွာပြေးလေပြီ။

ရဲခေါင်စံကျော်၊ ဗာရာကြီးတို့က ကုန်းပေါ်မှ မြင်းတပ်များနှင့်ပူးပေါင်းကာ ဟံသာဝတီရေတပ်၏ ရိက္ခာတင်လှေ၊ ခဲယမ်းလက်နက်တင်လှေ (၅၀၀)ကျော်၊ တိုက်လှေ (၄၀၀)ကျော်၊ အမြောက် (၄၀၀)ကျော် ကို ကမ်းပေါ်သို့ ဆွဲယူသိမ်းဆည်းနေသည်။

ဟံသာဝတီတို့ စွန့်ခွာသွားသော တိုက်လေ့များပေါ်သို့ ကုန်းပေါ်မှ စစ်ကူများက နေရာယူကာ မှိုင်းသဲသဲနောက်မှ လှော်ခတ်လိုက်ကြ၏။

တလပန်း၏ ပုံလွှင့်ပုံလွှားဦးဆောင်သည့် လေ့တပ်မှာ ရွှေကြက်ယက်ခံတပ်သို့ ရောက်သောအခါ ဒေါစွယ်ယစက်၏ တိုက်လေ့(၅၀၀)နှင့်အတူ ပိတ်ဆို့စောင့်နေကြပြန်သည်။

သို့သော်ငြား မှိုင်းသဲသဲအပြင် လက်နက်များ၊ လေ့များကို ရရှိလိုက်သည့် ရွှေဘို ရေတပ်မှာ စိတ်ဓာတ်အင်အား နှင့် လက်နက်၊လူအင်အားပါ သာလွန်နေခဲ့ပြီ ဖြစ်၏။

တလပန်းနှင့် ဒေါစွယ်ယစက်တို့မှာ ကြာကြာမခုခံနိုင်ပဲ..လေ့လျင်ဖြင့် ဆုတ်ခွာ ပြေးကြရပြန်သည်။

ထိုအချိန်တွင် လေ့လျင်တစ်စီးက မှိုင်းသဲသဲလေ့ကြီးနားသို့ ကပ်လာ၏။

“အလောင်းဘုရား..အမိန့်ပါတယ်....သေနတ်ဝန်ဘုရား..သေနတ်ဝန်ဘုရား”

“ဟေ..ဘာတဲ့လဲ..သာဂသူ”

“ဟံသာဝတီတပ်တွေနောက် ကို တပ်ဦးမကျုံပါစေနဲ့တဲ့..အင်းဝဆိပ်မှာ ဥပရာဇာတပ်က အင်အားကြီးတယ်...သူတို့ကို လိုက်မတိုက်သေးပဲ ဒီနေရာတင် ရပ်ပါတဲ့ဘုရား”

“ဟ...ဟိုကောင်တွေ တက်ပျက်တုန်း ဖိတိုက်ရမှာလေ...ငါက ပြန်လှည့်ရမှာတဲ့လား”

“ပြန်မလှည့်ရသေးဘူး..ဘုရား...ကျွန်တော်မျိုးတို့ လူတွေ အလောင်းတွေကို ရသလောက်ဆယ်ယူပြီး ကမ်းပေါ်တင်ထားပါ..ဟံသာဝတီသားအလောင်းတွေကိုတော့ ရောဝတီမြစ်အတိုင်း အင်းဝ၊ စစ်ကိုင်းအထိ မျောပါစေတဲ့ဘုရား”

အလောင်းဘုရားဦးအောင်ဇေယျထံမှ လေ့လျင်ဖြင့် လိုက်လာသည့် ဥဒိန်သာဂသူ စကားကြောင့် ငကောင်းမှာ ခေတ္တမျှ တွေဝေသွား၏။

ထို့နောက် မျက်နှာက တဖြည်းဖြည်းပြောင်းလာသည်။

“ဟာ.ဟုတ်သား..ဒါကို ငါမတွေးမိလိုက်ဘူး..ကဲဟော့..လေ့အားလုံးကို ဒီမှာ တင်ရပ်ပြီး..တို့လူတွေ အလောင်းတွေကိုဆယ်ပြီး ကမ်းပေါ်တင်ကြ...ကမ်းပေါ်က ဟံသာဝတီသားအလောင်းတွေကိုတော့ မြစ်ထဲမျောပစ်ကြဟော့”

.....

အောက်ဘက် နွားချေးကျွန်း၊ သလွင်ဖြူ တို့တွင် တပ်စွဲနေကြသော စောဖြ ၏ ဟံသာဝတီရေတပ်များမှာ ဆူညံနေကြရာမှ တဖြည်းဖြည်း တိတ်ဆိတ်သွားကြသည်။

အစောပိုင်းတွင် ဟံသာဝတီတပ်သားအလောင်းများ တလောင်းစနှစ်လောင်းစ မျောလာချိန်တွင် ဆူညံစွာဖြင့် အလောင်းဆယ်ယူနေကြသည်။

နာရီပိုင်းအတွင်းတွင်ပင် အလောင်းပေါင်းရာချီမျောပါလာသည့်အခါ အားလုံးမှာ တိတ်ဆိတ်သွားကြတော့၏။

စီးဆင်းနေသည့် ဧရာဝတီမြစ်ရေသည် သွေးညှိရောင်ထနေသည်။

ဗိုလ်မင်းစောဖြ က အလောင်းကောင်များကို ကြည့်ရင်း..အံကိုကြိတ်ထား၏။

ရွှေဘိုသားတို့၏ အလောင်းတစ်လောင်းမျှပင်မပါ။ ဟံသာဝတီရေတပ်သားများ ချည်း ရာနှင့်ချီနေ၏။

“တလပန်းနှင့် ဒေါစွယ်ယစက်တို့ရော..ကျဆုံးခဲ့ပြီလား”

စောဖြ သည် ထိုမေးခွန်းကို စိတ်တွင်း အကြိမ်ကြိမ်မေးနေသည်။

ထိုအချိန်တွင် မြောက်ဘက်ကုန်းမြင့်ပေါ်မှ အမြောက်သံများ ကြားရတော့၏။

ကုန်းမြင့်ထက်တွင် ဒေါင်းအလံတလူလူ။

မင်းသားမောင်လောက်၏ စစ်ကိုင်းကြောင်းချီ ကြည်းတပ်များသည် မြစ်ကမ်းဆီသို့ ချီတက်လာနေကြပြီဖြစ်၏။

“ဒီပုံအတိုင်းဆို အထက်ဘက်ကနေလည်း ရွှေဘိုသားတွေက ရေကြောင်း အင်အားပြည့်ချီလာနေပြီ..ကမ်းကနေလည်းချီလာနေပြီဆိုတော့..ငါတို့ ညှပ် တိုက်ခံရတော့မယ်...အင်းဝမှာရှိတဲ့ ဥပရာဇာတပ်နဲ့ ပေါင်းဖို့ ဆုတ်ကြချေ”

စောဖြ ၏ အမိန့်သံက အားမပါလှ။

ခဏအကြာတွင် စောဖြ၏ တပ်များမှာ မောင်လောက်၏ တပ်များကို ဟန်ပြမျှ သာ တိုက်ပြီး အင်းဝဆီသို့ ဆုတ်ခွာစုန်ဆင်းသွားကြတော့သည်။

ဝါရင့်ရေကြောင်းချီဗိုလ်မင်းများနှင့် ဖွဲ့စည်းထားသည့် ဟံသာဝတီရေတပ်ကြီးမှာ အလံလဲအပြိုပြိုနှင့် ဆုတ်ခွာလာကြသောကြောင့် အင်းဝမြို့ပြင်တွင် ရှိနေသော ဥပရာဇာဦးအောင်မြ၏ တပ်များမှာ စိတ်ဓာတ်ကျဆင်းနေကြသည်။

ရောဝတီမြစ်ပြင်တွင် မျောပါလာသော ဟံသာဝတီရေတပ်သားများ၏ အလောင်းများကလည်း ဟံသာဝတီတပ်များ၏ စိတ်ဓာတ်ကို ပျက်ပြားစေ ကုန်၏။

တချိန်တည်းတွင်ပင်...ဟံသာဝတီရေတပ်များပျက်ကြောင်းကြားသည့်နှင့် မြို့ ပြင်ရှိ ဟံသာဝတီကြည်းတပ်များကို အင်းဝမြို့တွင်းမှ ထွက်ကာ တိုက်ခိုက်ကြ တော့သည်။

မောင်ရွက လေးထောင့်ဝဲတွင် ပြွန်လည်တပ်စွဲထားသော ဗညားအဲ၏ တပ်ကို ဖိ တိုက်သည်။ ငတွန်က ညောင်စဉ်တွင် ရှိနေသော ဗညားကျဉ်တပ်များကို ဝင် တိုက်သည်။

တောင်တွင်းမင်းလှငယ်က ငွေစင်ချောင်းတဘက်မှ ဗညားရက္ခိုက်တပ်ကို ဝင် တိုက်သည်။

အားကိုးရာ ရေတပ်ကြီးပြိုပျက်သွားသဖြင့် စိတ်ဓာတ်ကျနေသော ဟံသာဝတီ သားတို့မှာ ကြာကြာမခုခံနိုင်တော့ပဲ..ထိုးစစ်မှ ခံစစ်ဘဝကို ပြောင်းကာ ဦးအောင် မြ၏ တပ်များထံ ဆုတ်ခွာပူးပေါင်းနေရတော့၏။

မြို့ပြင်နှန်းတော်သစ်ကြီးအတွင်းရှိ ဟံသာဝတီတပ်မှူးများမှာ စိတ်ရောလူ ပါ..ချွတ်ခြုံကျနေကြပြီဖြစ်သည်။

ဥပရာဇာဦးအောင်မြ မှာ သလွန်ပေါ်တွင်ထိုင်နေရင်း စကားအတော်နှင့်မပြော။

ရေကြောင်းတိုက်ပွဲအတွင်းမှ ကိုယ်လွတ်ရုန်းထွက်ပြေးလာကြသည့် တလပန်း နှင့် ဒေါစွယ်ယစက်တို့မှာ နောက်ဆုံးမှ ရောက်ရှိလာကြသည်။

“မင်းတို့ မသေကြဘူးပေါ့”

ဥပရာဇာဦးအောင်မြ ၏ အသံက အေးစက်စက်။

“ငါ့ရဲ့ ဟံသာဝတီရေတပ်ကြီးကို...မုဆိုးဖိုသားတွေဖျက်စီးတာမဟုတ်ဘူး....မင်း တို့ ဖျက်စီးတာ..မင်းတို့ဖျက်စီးတာ”

ဥပရာဇာဦးအောင်မြဲ က ထိုင်နေသော သလွန်ကို လက်သီးဖြင့် ခပ်ပြဲင်းပြဲင်းထုလိုက်တော့၏။

“နောင်တော်ဘုရင်ကို ငါဘယ်နှယ့်..မျက်နှာပြရမလဲ...ငါတို့မှာ အင်အားအပြည့် ပါလာပါလျက်နဲ့ ဒီမလောက်လေးမလောက်စား ရွာသူကြီးတပ်ကို ဘာလို့ ဒီလောက်ရှုံးကြတာရလဲ..ဖြစမ်းပါ”

တလပန်းက ခန္ဓာကိုယ်ကို မတ်ပြီး လက်အုပ်ချီလိုက်သည်။

“စစ် မှန်ရင် အနိုင်အရှုံးရှိကြတာပါပဲ..ဘုရား...ဒါပေမယ့်..စစ်နိုင်ချင်ရင်တော့ အဲ့ဒီစစ်ပွဲရဲ့ အနိုင်အရှုံးကို လက်ခံပြီး...နိုင်ရခြင်း ၊ ရှုံးရခြင်း အကြောင်းတရားများကို လက်ခံနိုင်ရပါမယ်.မုဆိုးဖို့ရွာလေးဟာ ဘာကြောင့် ဒီလောက် အင်အားကောင်းလာရသလဲ..အင်းဝဟာ ဟံသာဝတီလက်ကနေ သူတို့လက်ကို ဘာကြောင့် ရောက်သွားခဲ့ကြသလဲ...ကျွန်တော်မျိုး မြင်သလောက် လျှောက်တင်ရရင်တော့...ကျွန်တော်မျိုးတို့ဟာ အင်းဝကို သိမ်းပြီးတဲ့အခါ ရန်သူမရှိတော့ဘူးဆိုပြီး မှတ်ယူကြတယ်...မုဆိုးဖို့ကို ရွာသိမ်ရွာငယ်လေးဆိုပြီး သဘောပိုက်ခဲ့ကြတယ်...ဒီတော့ အင်းဝမှာ ထားတဲ့ တပ်မအင်အားကို ပြန်ရုတ်ပြီး...တပ်အနည်းစုနဲ့သာ ထားရစ်ခဲ့တယ်..အင်းဝထက်..တောင်ပိုင်းအယုဒ္ဓယဘက်ကိုသာ အာရုံစိုက်ပြီး စစ်အင်အားတွေ ဖြန့်ခဲ့ကြတယ်..ဒီအချိန်မှာ...မုဆိုးဖိုဟာ အင်းဝမြို့ကလွဲလို့ အင်းဝတဝိုက်ကို စည်းရုံးသိမ်းပိုက် ဝန်းရံပြီး အင်အားစုကြီးဖြစ်လာခဲ့တယ်..အင်းဝကွက်ကွက်လေးတဝိုက်သာ ဟံသာဝတီတပ်တွေ ကျန်ရစ်တော့တယ်..ဒါဟာ ကျွန်တော်မျိုးတို့ရဲ့ အရှုံးနိဒါန်းပါပဲ....အဓိကကတော့ ကျွန်တော်မျိုးတို့ဟာ ရန်သူကို အင်အားငယ်တယ်ဆိုပြီး အထင်သေးခဲ့ကြတယ်...ဝန်ခံရရင်..ယခု ရေကြောင်းတိုက်ပွဲမှာလည်း ကျွန်တော်မျိုးကိုယ်တိုင်..မုဆိုးဖိုရေတပ်ကို အထင်အမြင်သေးခဲ့မိလို့...ကိုယ်လွတ်ရုံးထွက်ပြေးလာရတာပါပဲ ”

တလပန်း၏ လျှောက်တင်မှုအဆုံးတွင် ဥပရာဇာ က မျက်လုံးကို စုံမှိတ်ကာ တွေးတောနေ၏။

ထို့နောက် မျက်လုံးတို့ကို မဖွင့်သေးပဲ..လေသံတိုးတိုးဖြင့် မိန့်လိုက်သည်။

“မကြာခင် ရေကြောင်း၊ ကြည်းကြောင်းနှစ်ဖက်ညှပ်ပြီး ငါတို့ကို ချေမှုန်းကြလိမ့်မယ်..ငါတို့ ဟံသာဝတီကို ဆုတ်ခွာကြမယ်...မိုးကုန်မှ အင်အားစုဆောင်း၊ စနစ်တကျပြင်ဆင်ပြီး ပြန်လာကြမယ်။ မုဆိုးဖိုတပ်တွေကို ခုခံရင်း ဆုတ်ခွာဖို့ နောက်ချန်တပ်အဖြစ် ဘယ်သူတွေ ကျန်ရစ်မလဲ”

“ကျွန်တော်မျိုး ကျန်ရစ်မယ်”

တလပန်းက မတ်တပ်ထရပ်လိုက်သည်။ ခြေသလုံးတွင် ဒဏ်ရာတစ်ဖက်နှင့် မို့..ဘေးနားမှ ဒေါ်စွယ်ယစက်က တွဲထူကာ ထိန်းပေးလိုက်၏။

“ကျွန်တော်မျိုးလည်း ဗိုလ်မင်းတလပန်းနဲ့ အတူ နောက်ချန်နေခဲ့ပါ့မယ်”

အခန်း (၂၄)

ကတ္တီပါအနီရောင်ပိတ်စ မွှန်းထားသော ခေါင်းတလားပေါ်တွင် ရွှေချထားသော လက်ဖက်အစ်ကလေး။

ထိုလက်ဖက်အစ်ကလေး၏ ပိုင်ရှင် ဝန်ကြီးပဒေသရာဇာမှာ ခေါင်းတလားထဲတွင် ငြိမ်သက်စွာလှဲလျောင်းနေ၏။

လက်ဖက်အစ်ကလေး သည် တချိန်က အင်းဝမြို့တော်ကြီးကောင်းစားစဉ်၊ မဟာဓမ္မရာဇာဓိပတိမင်းက..ပဒေသရာဇာအား နတ်သျှင်နောင်ဘွဲ့ပေးအပ်စဉ်က ဝေါပလာတစ်စင်းနှင့်အတူ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ရှင်ဘုရင်၏ အကြီးတော်၊ အင်းဝရွှေနန်းတော်၏သက်တော်ရှည်ပညာရှိစာဆိုကြီးသည် ဘဝသက်တမ်းတစ်လျှောက် ဆုတော်လာဘ်တော်များစွာ ချီးမြှင့်ခံရသည်။

ယခု သုံ့ပန်းဘဝဖြင့် ကွယ်လွန်ချိန်တွင်တော့...နန်းတော်သုံးပစ္စည်းဟူ၍ ရွှေချထားသော လက်ဖက်အစ်ကလေး တစ်လုံးသာ။

ဟံသာဝတီတွင် ရှိနေသာ မဟာဓမ္မရာဇာဓိပတိ က သူ၏အကြီးတော်ဝန်ကြီးကို မင်းသားများ သင်ကြိုလ်သည့် သင်ကြိုလ်အစဉ်အတိုင်း သင်ကြိုလ်ရန် မြို့ကြီးမင်းသမီးနန်းသွယ်အား အမိန့်ပေးခဲ့သည်။

သို့သော်ငြား အခေါင်းတလားတွင် ကတ္တီပါစအုပ်သည်မှလွဲပြီး ကျန်သည့် မင်းသားအဆောင်အယောင်ဘာမျှ မပါရှိနိုင်ခဲ့။

စန္ဒား၊ယပ်မား၊ ရွှေမြှူတာ၊ ငွေမြှူတာ၊ ရွှေတကောင်း၊ ငွေတကောင်း၊ ရွှေပချုပ်၊ ငွေပချုပ်စသည့် မင်းသားအဆောင်အယောင်များထည့်သွင်းရန်ကို ဟံသာဝတီနန်းတွင်းအရာရှိများက ခွင့်ပြုခြင်းမရှိခဲ့ပေ။

မသာတော် ပတ်တဆိုင်းနှင့် စည်တော်တို့ တီးခတ်သံစတင်သည်နှင့်..အခေါင်းတလားအား လောင်စင်ပေါ်တင်ကာ မီးရှို့လိုက်ကြတော့သည်။

မင်းသားအဆင့် သင်ကြိုလ်အစဉ်အတိုင်း သင်ကြိုလ်သည့်အခါ အတိုင်း အင်းဝအမှုထမ်းဟောင်းများက အဝတ်ဖြူများ ဝတ်ကာ စီမံဆောင်ရွက်ကြ၏။

မြို့ကြီးမင်းသမီးနန်းသွယ်သည် မီးတောက်များကြားမှ ဝန်ကြီးပဒေသရာဇာ၏ အလောင်းကို ငေးကြည့်နေသည်။

သူ၏ နဘေးတွင် ဝန်ကတော်ကြီးမှာ ကွမ်းကို မြိုရင်း..လောင်စင်ကို လက်အုပ်ချီထား၏။

ယခင်က အမှုထမ်းဖြစ်ပြီး ယခု ဟံသာဝတီနန်းတွင်းတွင် အတွင်းဝန်ဖြစ်နေသော အတွင်းဝန်ကျော်ထင်နော်ရထာနှင့် နန်းသွယ်တို့ မျက်လုံးချင်း ဆုံသွားကြသည်။

ကျော်ထင်နော်ရထာက လူအုပ်ကြားမှ လှစ်ခနဲ ပျောက်သွား၏။

မကြာမီ နန်းသွယ်လည်း ဝန်ကတော်ကြီး၏ နဘေးမှပျောက်ကွယ်သွားသည်။

ကျိုက်ခေါက်ဘုရားရင်ပြင်တော်၏ အနောက်ဘက် ဧရပ်တစ်ဆောင်ပေါ်တွင် ကျော်ထင်နော်ရထာနှင့်အတူ အင်းဝအမှုထမ်းဟောင်းအချို့ ရှိနေကြသည်။

နန်းသွယ်က ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကာ ဧရပ်ပေါ်သို့ တက်ကာ ထိုလူအုပ်ကြားတွင် ထိုင်လိုက်၏။

“မင်းတရားကြီး ကျန်းမာပါရဲ့လား...မင်းသမီး”

“ကျန်းကျန်းမာမာပါပဲ..ကဲပါ...လိုရင်းကိုသာ မြန်မြန်ပြောဆိုကြတာပေါ့...ဟံသာဝတီက လွှတ်ထားတဲ့သူတွေကလည်း စျာပနပွဲထဲမှာ အများကြီးရှိနေကြမှာ”

ကျော်ထင်နော်ရထာ က ပတ်ဝန်းကျင်ကို တချက်မျက်လုံးကစားလိုက်သည်။

ကျိုက်ခေါက်ဘုရားရင်ပြင်မှာ ရှင်းလင်းလျက်။

ခပ်လှမ်းလှမ်းတွင်ရှိသော မွန်ရဟန်းတစ်ပါးသာ တရားထိုင်နေ၏။

“အင်းဝမြို့ကိုတော့ မဆိုးဖို့ကအောင်ဇေယျတို့က သိမ်းထားလိုက်ပြီ...ဥပရာဇာလည်း လက်လျော့ပြီး ဟံသာဝတီကို ပြန်လည်ဆုတ်ခွာလာပြီ”

“သတင်းက အသေအချာပဲလား”

“မှန်ပါ..အတိအကျပါပဲ..မင်းသမီး...နောက်အခွင့်အရေးတစ်ခုက ဘုရင်ဟာ ဒီသုံးလေးလအတွင်း မဖြစ်မနေ နန်းတော်ကထွက်မယ့် ပွဲလန်းသဘင်တစ်ခုရှိနေပါတယ်... အဲ့ဒါကတော့...ဘုရင်ဟာ အင်းဝမှာရှိနေတဲ့ ရန်သူတွေကို နှိမ်နင်းနိုင်ဖို့ အနောက်တောက ဓမ္မစေတီ၊ဓမ္မပါလ အစီအရင်ကုန်းမှာ ယတြာချေပါလိမ့်မယ်၊

ပြီးရင် မဟာစေတီက ဘုရင်နောင် အောင်မြေမှာ အဓိဌာန်ပြုမယ် လို့ မိဖုရားဆောင်တွေဆီကနေ သတင်းအတိအကျကြားရပါတယ်”

“ဘယ်နေ့ ဘယ်ရက် အတိအကျသိနိုင်မလား”

“ဝါခေါင်လပြည့်နေ့ လို့ အခါပေးပုဏ္ဏားများက တွက်ချက်ပေးထားကြပါတယ်”

“ဒါဟာ...အကောင်းဆုံးအခွင့်အရေးပဲ...မဟာစေတီပတ်ဝန်းကျင်က ဥယျာဉ်မြေတွေမှာ တိုလူတွေကို အခုကတည်းက သွားရောက်လုပ်ကိုင်နေစေရင်း...လက်နက်တွေ သိုဝှက်ထားဖို့ စီစဉ်မယ်...ဘုရင့်နဲ့ ဥပရာဇာကို သတ်ဖို့လက်ရွေးစဉ် လူ(၂၀)ကို ဝန်မင်းသက်ရှည်ကျော်ထင်နဲ့ တိုင်ပင်ပြီး ရွေးချယ်ထားမယ်..ဒီဇရပ်ပေါ်က ဆင်းတာနဲ့ အကြီးတော်အလောင်းဂူသွင်းတဲ့နေရာမှာ အားလုံးဟန်မပျက်ပြန်နေကြပါ..နောက်မကြာခင် ပြန်လည်ဆက်သွယ်လိုက်မယ်..ဟုတ်ပြီလား”

နန်းသွယ်က အစီအစဉ်များကို ခရားရေလွှတ်ပြောသွားသည်။

ထို့နောက် ဇရပ်ပေါ်မှ ခပ်သွက်သွက်ပြန်ဆင်းသွား၏။ အခြားသူများလည်း အသီးသီးလူခွဲကာ ပြန်ဆင်းသွားကြတော့၏။

.....

“ပုသိမ်မှာခံတပ်ဆောက်ဖို့နဲ့ ရန်ကုန် (ဒဂုံ) မှာ ကုန်တိုက်ဖွင့်ခွင့်ရဖို့က အဓိကပါပဲ..အဲဒီအတွက်.စိန်ဂျော့ (မဒရပ်)မှာရှိနေတဲ့ ကုမ္ပဏီအကြီးအကဲတွေအနေနဲ့ ဘယ်လောက်တောင် စိတ်အားထက်သန်စွာ ပြင်ဆင်ထားပြီလဲဆိုတာ အင်ဂျင်နီယာ မစ္စတာ ချားနက်တန်ကို အကဲဝမ္းသာသော်နဲ့အတူ ဟိုင်းကြီးကို ချက်ချင်းလွှတ်လိုက်တာပဲ ကြည့်ပါ...လွိဇာ...ဟံသာဝတီဘက်က ခွင့်ပြုမိန့်ချတာနဲ့...မစ္စတာချားနက်တန်က ရက်ငါးဆယ်အတွင်း ပုသိမ်ခံတပ်ကို ပြီးအောင်ဆောက်ဖို့အသင့်ပါပဲ”

သောမတ်တေလာ က တဝီဝီဖြင့် ဝဲနေသော ယင်ကောင်များကို လက်ဖြင့် ယပ်ထုတ်ရင်းမှ ပြောလိုက်သည်။

အင်းဝကို သိမ်းပိုက်ထားသော မုဆိုးဖိုတပ်များကို တိုက်ခိုက်ရန် ပထမအကြိမ် ညီနွှင်းကြစဉ်က အင်္ဂလိပ်အရှေ့အိန္ဒိယ ကုမ္ပဏီမှ တောင်းဆိုထားသည့် သန်လျင်တွင် ခံတပ်ဆောက်ခွင့်နှင့် ကုန်တိုက်ဖွင့်ခွင့်များကို ဥပရာဇာ ဦးအောင်မြက ခွင့်ပြုပေးခဲ့သည်။

သို့သော် ဟိုင်းကြီးကျွန်းတာဝန်ခံ ဒေးဗစ်ဟန်းတားကွယ်လွန်ပြီးနောက် ယင်း၏နေရာကို ဆက်ခံသူ ဟင်နရီဘရွတ်မှာ သန်လျင်ထက် ပုသိမ်နှင့် ဒဂုံ ဆိပ်ကမ်းများတွင်သာ ဆောက်လုပ်ရန်သင့်လျော်ကြောင်း တင်ပြခဲ့၏။

အင်္ဂလိပ်တို့ထံမှ ပေးပို့ကူညီမည်ဟု ကတိခံထားသည့် လက်နက်များမှာ ဟံသာဝတီတပ်များ အင်းဝသို့ စစ်မချီမီတွင် တဝက်ခန့်သာ ရောက်လာသည်။

ထိုအချက်ကို ဥပရာဇာဦးအောင်မြက ကြေလည်ခြင်းမရှိပဲ စစ်ချီထွက်သွားခဲ့သည်။

ယခုအခါ ဟံသာဝတီတပ်များမှာ အင်းဝကို မသိမ်းနိုင်ပဲ အရှုံးနှင့်သာ ပြန်လည် ဆုတ်ခွာလာရသည့် သတင်းကြောင့် သန်လျင်ရှိ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီရုံးထံ ဥပရာဇာဦးအောင်မြ ကိုယ်စား လွှဲဇာက လာရောက်တွေ့ဆုံရခြင်းဖြစ်သည်။

ဟိုင်းကြီးတွင် ရှိနေသော ဟင်နရီဘရွတ်က သန်လျင်တွင်ရှိနေသည့် သောမတ်တေလာ နှင့် လွှဲဇာကို တွေ့ဆုံရန် လွှဲအပ်ထား၏။

သောမတ်တေလာမှာ ဥပရာဇာဦးအောင်မြနှင့် ပူးပေါင်းကာ သစ်ထုတ်လုပ်ရေးမှ အမြတ်အစွန်းများစွာ ရရှိနေသူဖြစ်သည်။

“ဥပရာဇာအနေနဲ့ကလည်း ကတိပေးထားတဲ့အတိုင်း သန်လျင်မှာ ဆောက်မယ်ဆို အခုချက်ချင်းခွင့်ပြုမှာပါ..ပုသိမ်နဲ့ ဒဂုံကတော့ သဘောတူထားတဲ့ထဲမှာမပါတဲ့အတွက်..နောက်ထပ် လိုအပ်တဲ့ လက်နက်တွေ ထပ်ရောက်လာမှပဲ စဉ်းစားဆုံးဖြတ်မယ်လို့ သူ့အထောက်တော်တွေကတဆင့် ကျွန်မကို အကြောင်းပြန်ထားပါတယ်”

သောမတ်တေလာက သူ၏ခေါင်းတွင် ဆောင်းထားသည့် သိုးဆောင်းဆံပင်တုကြီးကို ခွာတ်လိုက်သည်။

ထိပ်ပြောင်ပြောင်ပေါ်မှ ဆံပင်ဝါဝါအချို့မှာ ခွေးစေးများဖြင့် ကပ်နေ၏။

“လွှဲဇာ...ခင်ဗျားလည်း ကုန်သည်။ ကျုပ်လည်းကုန်သည်။ ကျုပ်တို့က ကိုယ်ကျိုးစီးပွားအတွက် ဒီနှစ်ဖက်ကို ကိုယ်စားပြုပြီး အလုပ်လုပ်နေကြတာမဟုတ်လား”

လွှဲဇာက ပြုံးလိုက်သည်။

“ကိုယ်ကျိုးစီးပွားဆိုတာထက်တော့ ပိုပါတယ်..မစ္စတာတေလာ..ဟံသာဝတီ ဟာလွတ်လပ်တဲ့နိုင်ငံဖြစ်ဖို့ ကျွန်မ ပါဝင်ခဲ့တယ်ဆိုတဲ့ ဇာတ်လမ်းတွေ ရှင်မကြားဖူး

လို့ဖြစ်ပါလိမ့်မယ်”

“ကြားဖူးပါရဲ့ဗျာ....အင်းဝ - ဟံသာဝတီစစ်ပွဲကြီးတွေထဲ..ပြင်သစ်စစ်ဗိုလ်ရဲ့ပစ္စတိုတစ်လက်နဲ့ ပေါ်တူဂီမိန်းမလှတစ်ယောကျ်အကြောင်းက တောင်အာရှဆိပ်ကမ်းတိုင်းမှာ ပါးစပ်ပုံပြင်တွေလို ကျုပ်ကြားဖူးခဲ့တာပေါ့...ကျုပ်ပြောချင်တာက...ခင်ဗျားရော..ကျုပ်ပါ ကြားလူတွေဖြစ်တဲ့အတွက် တချို့ကိစ္စတွေမှာ နှစ်ဖက်လုံးက ငြိုငြင်တာမျိုးကို မဖြစ်တာ အကောင်းဆုံးပဲမဟုတ်လား”

“ရှင်ဘာပြောချင်တာလဲ..ပွင့်ပွင့်လင်းလင်းသာပြောလိုက်ပါ”

“ဟံသာဝတီမှာ အာဏာအရှိဆုံးဖြစ်တဲ့ ရှင်ဘုရင်ကိုယ်တိုင် ရှိနေတာပဲ...လွီဇာ..ကုန်တိုက်နဲ့ ခံတပ်ဆောက်ခွင့်ရဖို့ လောက်ကို အိမ်ရှေ့မင်းသားက ဆုံးဖြတ်ပေးမှတဲ့လား....ဘုရင်ကိုယ်တိုင် ဆုံးဖြတ်ခွင့်ရှိနေတာပဲ..ပြီးတော့...ခင်ဗျားက ဘုရင့်မိသားစုနဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေထဲက တစ်ယောက်မဟုတ်လား..ခင်ဗျား အကြံပေးတိုက်တွန်းရင်..ဘုရင်က အမိန့်ချပေးမှာပါ...ခင်ဗျား ကူညီနိုင်ပါတယ်”

“အဲ့ဒါတော့...ကျွန်မ မကူညီနိုင်ဘူး..မစ္စတာတေလာ”

“ဘာဖြစ်လို့လဲ...အဟင်း..ကျုပ်သိပါပြီ..ခင်ဗျားက ပြင်သစ်လူ ဆိုတာ ကျုပ်မေ့သွားတယ်...ပြင်သစ်တွေထက် အရင် ကျုပ်တို့က ပုသိမ်မှာ ခံတပ်တစ်ခုရသွားမှာကို ခင်ဗျားက ဘယ်လိုချင်မှာလဲ...ဟုတ်သားပဲ”

“ရှင်..ထင်ချင်သလို ထင်ပါ...မစ္စတာတေလာ..ကျွန်မ အခုလာခဲ့တာက ဥပရာဇာကိုယ်စားလာခဲ့တာသက်သက်ပဲ...နောက်ပြီးတော့....ရှင်ဘုရင်နဲ့ဥပရာဇာကြားမှာရှိနေတဲ့ အာဏာအားပြိုင်မှုကြားထဲမှာ ကျွန်မ မညပ်ချင်ဘူး”

“ကျုပ်နောက်ဆုံးအကြိမ် ခင်ဗျားကို ကမ်းလှမ်းချင်ပါတယ်...ပြင်သစ်တွေနဲ့ ခင်ဗျားကြား ဘာတွေရှိနေလဲတော့ ကျုပ်မသိပါဘူး..ဒါပေမယ့်..ခင်ဗျားအနေနဲ့...ဒီကိစ္စမှာ ကျုပ်တို့ကို ကူညီပြီး ဘုရင့်ဆီက အမိန့်ရအောင်လုပ်ပေးမယ်ဆိုရင်...ခင်ဗျားကို သန်လျင်ဆိပ်ကမ်းမှာ အရှေ့အိန္ဒိယကုမ္ပဏီရဲ့ ဂုဏ်ထူးဆောင်ကောင်စီဝင် အဖြစ် ထားပေးမယ်လို့ ကျုပ်တို့ ကတိပေးတယ်...ခင်ဗျား မဒရပ်မှာတုန်းက ကိုဂျာပီးထရပ်အူစကန် နဲ့ တွေ့ဖူးခဲ့တယ်ဆိုတာ ကျုပ်တို့သိပါတယ်...အရှေ့အိန္ဒိယကုမ္ပဏီရဲ့ ဂုဏ်ထူးဆောင်ကောင်စီဝင် အူစကန် ဟာ မဒရပ်တင်မက အိန္ဒိယတစ်ခွလုံးမှာ ဘယ်လောက်ဩဇာကြီးပြီး ခမ်းနားတယ်ဆိုတာ မင်းသိခဲ့တယ်..မဟုတ်လား.”

“ကျွန်မက ပြဲင်သစ်လူလည်းမဟုတ်ဘူး....အင်္ဂလိပ်လူလည်းမဟုတ်ပါဘူး..ဟံသာဝတီဘုရင်မိသားစုဟာ ကျွန်မ မိသားစုလို့ ကျွန်မသဘောထားပြီး သူတို့ကို ကူညီပေးနေရုံပါပဲ...ဒါကလွဲပြီး သူတို့ရဲ့ အုပ်ချုပ်ရေးကိစ္စတွေ ၊ စစ်ရေးကိစ္စတွေမှာ ကျွန်မ ဘာမှ ဝင်စွက်ဖက်ပိုင်ခွင့်မရှိဘူး၊ ရှိလည်း ကျွန်မ လုပ်မှာမဟုတ်ဘူး..ဒါကျွန်မရဲ့ နောက်ဆုံးစကားပါ..မစ္စတာတေလာ”

သောမတ်တေလာက ခပ်ထေ့ထေ့ပြုံးလိုက်သည်။

ထို့နောက် ပြတင်းတံခါးကို ထသွားပြီး ပိတ်ထားသော ပြတင်းပေါက်ကို ဖွင့်လိုက်၏။

ပြတင်းပေါက်မှတဆင့် ကုမ္ပဏီခြံဝန်းကို မြင်နေရသည်။

ခပ်လှမ်းလှမ်းတွင် သောမတ်တေလာ၏ လက်ထောက်ဖြစ်သူ ဝက်စဂတ်နှင့် သက်နိုးကို ဖြစ်သလို ရုံထားသည့် လူတစ်ဦး စကားပြောနေကြသည်ကို မြင်နေရ၏။

“လွန်ခဲ့တဲ့ တပတ်က အင်းဝဝန်ကြီးတစ်ပါးရဲ့ စျာပနကို ကျိုက်ခေါက်ဘုရားခြေရင်းမှာ လုပ်ခဲ့တာ မင်းသိမှာပေါ့..လွီဇာ”

လွီဇာက ခေါင်းညိတ်ပြလိုက်သည်။

“မြို့ကြီးမင်းသမီး နန်းသွယ် ကို မင်းသိမှာပေါ့...မင်းနဲ့ သူနဲ့ဟာ အင်းဝဘုရင်ဟောင်းရဲ့ခြံဝန်းဆောက်လုပ်ရေးမှာ အတူတူလုပ်ခဲ့ကြတယ်...မင်း နဲ့ သူကြားရင်းနှီးတဲ့ဆက်ဆံရေးတွေရှိကြတယ်..ဟုတ်တယ်မဟုတ်လား”

သောမတ်တေလာ က လွီဇာ၏ ရှေ့တည့်တည့်တွင် ပြန်ဝင်ထိုက်လိုက်၏။

လွီဇာက သောမတ်တေလာ ၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

“အခု မစ္စတာဝက်စဂတ်နဲ့ စကားပြောနေတဲ့ သူဟာ...မွန်ဘုန်းကြီးအယောင်ဆောင်ထားတဲ့သူတစ်ယောက်ပဲ..သူ က လွန်ခဲ့တဲ့တစ်ပတ်က ကျိုက်ခေါက်ဘုရားက ဝန်ကြီးစျာပနပွဲလုပ်နေချိန်မှာ မြို့ကြီးမင်းသမီး နဲ့ ဟံသာဝတီနန်းတွင်းက ဗမာလူမျိုး အတွင်းဝန်တစ်ယောက်အဓိကပါတဲ့ အင်းဝအမှုထမ်းဟောင်းတွေ...ဧရပ်တစ်ခုမှာ လျှို့ဝှက်စည်းဝေးနေတာကို မျက်မြင်တွေ့ခဲ့တဲ့သူပဲ...သူတို့ ဘာတွေ စည်းဝေးခဲ့တယ်ဆိုတာကိုတော့...သူ လိုက်စုံစမ်းပြီး အခုပဲ ဝက်စဂတ်ကို သူပြောပြနေတာနေလိမ့်မယ်”

“အဲ့ဒါ ဘာဖြစ်လဲ”

“သူတို့ စည်းဝေးနေတာဟာ ဟံသာဝတီဘုရင်အတွက် အန္တရာယ်ရှိတဲ့ကိစ္စ ဆို....ငါတို့အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီအနေနဲ့ ဘာလုပ်မယ်လို့...မင်းထင်လဲ”

“သူတို့ဟာ တချိန်က ဘုရင်တစ်ပါးအောက်မှာ လုပ်ဖော်ကိုင်ဖက်ဟောင်းတွေလေ..သူတို့ ရဲ့ဝန်ကြီးတစ်ပါး စျာပနမှာ တွေ့ဆုံကြတာများ..ဘာများဆန်းလို့လဲ”

“ဟုတ်ပါပြီ..လွီဇာ..မြို့ကြီးမင်းသမီး ရဲ့လုပ်ဆောင်မှုတွေဟာ သူနဲ့ အမြဲတမ်း အဆက်အဆံရှိနေတဲ့ မင်း အပေါ်မှာ အကျိုးသက်ရောက်နိုင်တယ်ဆိုတာ...မင်း တွေးမိမှာပါ..မင်းက ပါးနပ်တဲ့ မိန်းမလည်တစ်ယောက်ပဲဟာ”

လွီဇာက ခေတ္တမျှ စဉ်းစားနေသည်။ ထို့နောက် မတ်တပ်ထရပ်လိုက်၏။

သူမ၏ ခါးကြားတွင် အမြဲဆောင်လေ့ရှိသည့် ဆင်စွယ်ရိုးတပ်ပစ္စတိုက အပေါ်အင်္ကျီကြားမှ လှစ်ခနဲ ထွက်ပေါ်လာ၏။

“ကျွန်မနာမည် လွီဇာဒီမဲလိုး။ ယောကျ်ားရင့်မကြီးတွေရဲ့ခြိမ်းခြောက်စကားတွေ၊ သူတို့လက်ထက ခါးတွေ၊ သေနတ်တွေက ကျွန်မကို ကြောက်သွားအောင်၊ ရွံသွားအောင်လုပ်လို့ရခဲ့တယ်လို့များ ရှင်အထင်မှားနေသလား..မစ္စတာတေလာ...ကျွန်မ အင်းဝနန်းတွင်းမှာ ခြံပုဝါတစ်ထည်နဲ့ ရှင့်လို သန်သန်မာမာ ယောကျ်ားကြီးတစ်ယောက်ကို သတ်ခဲ့ဖူးတယ်...အခု ကျွန်မ ခန္ဓာကိုယ်ပေါ်မှာ ခြံပုဝါထက် လူသတ်နိုင်စွမ်းပိုတဲ့ သေနတ်တစ်လက်အမြဲရှိတယ်။ ကျွန်မ ဘယ်သူမှ မကြောက်ဘူး။ ကျွန်မပြန်မယ်။ ရှင်တို့ ကိစ္စ ဥပရာဇာ ဟံသာဝတီကို ပြန်ရောက်မှ ကိုယ့်ဖာသာရှင်းကြပေတော့”

လွီဇာက သောမတ်တေလေ၏ မျက်လုံးများကို တည့်တည့်စိုက်ကြည့်ပြီးနောက်..အနောက်သို့ လှည့်ထွက်သွားသည်။

.....
.....

အင်းဝ မနော်ရမ္မာန်ဥယျာဉ်အတွင်း သက်ကယ်ဖြင့် ဆောက်လုပ်ထားသည့် ယာယီနန်းအဆောက်အဦ။

ဟံသာဝတီတပ်များ ဆုတ်ခွာသွားပြီးနောက် အလောင်းဘုရားအောင်ဇေယျသည် အတွင်းနန်းတော်၊ အပြင်နန်းတော်များတွင် မစံပဲ ဥယျာဉ်တော်အတွင်းတွင်သာ သက်ကယ်နန်းထိုးကာနေသည်။

သားတော်များနှင့် မူးမတ်များက ဟံသာဝတီကို ဆက်လက်ချီတက်တိုက်ခိုက်ရန် အကြံပြုကြသည်။ ထိုအချက် ပြုချက်ကို အောင်ဇေယျက ပယ်ချလိုက်သည်။

“ဟံသာဝတီတပ်တွေ မုဆိုးဖိုတပ်တွေကို မနိုင်ပဲ အင်းဝက ပြန်ဆုတ်ခွာလာရ တယ်ဆိုတဲ့သတင်း အောက်ပြည် အောက်ရွာမှာ ပျံ့နှံ့စေဖို့ အချိန်ပေးလိုက်ပါ ဦး...အဲ့ဒီအခါမှာ သူတို့ကိုမကျေနပ်သူတွေရော။ သူတို့ရဲ့ သစ္စာကို မတတ်သာလို့ ခံနေရသူတွေပါ..သူတို့အားနည်းချိန်ကို အခွင့်အရေးယူပြီး ပုန်ကန်ကြလိမ့် မယ်...အဲ့ဒီအခါမှ တို့က သက်သက်သာသာအလွယ်တကူနဲ့ အကြေကို သိမ်းမယ် ပ”

ထိုသို့ ဆုံးဖြတ်ချက်ချပြီးနောက် ၁၇၅၄ ဇွန် ၂ တွင် ဟံသာဝတီတပ်များချီစဉ်က ပူးပေါင်းခဲ့သူ ပင်းမဲထီး ရွာစား လက်ဝဲသီဟကျော်ထင်ကို တိုက်ခိုက်ရန် ချီတက်သည်။

ပုပ္ပါးသို့ ရောက်လျှင် အနီးအနားမှာ မြို့ရွာများစွာမှ ရွာသူကြီး၊ စော်ဘွားများက ဆင်၊မြင်း၊လက်နက်၊ ရွှေငွေ လက်ဆောင်တို့ဖြင့် သစ္စာခံယူကြသည်။

ပင်းမဲထီးရွာသို့ ရောက်ရန် နှစ်စခန်းအလိုတွင် လက်ဝဲသီဟကျော်ထင်က လက်ဆောင်ပဏ္ဏာများဖြင့် အသနားခံကာ သစ္စာခံယူသည်။

၁၇၅၄ ဇွန်လ ၂၁ တွင် ဦးအောင်ဇေယျသည် ရွှေဘိုနန်းတော်သို့ ပြန်လည်ရောက် ရှိလာခဲ့သည်။

ထို့နောက် သားတော်၊ ညီတော်များနှင့် တပ်မှူးကြီးများကို ဘွဲ့ရာထူးနှင့် မြို့စား ရွာစားများ ပေးအပ်ခဲ့၏။

ရတနာသိန်းအမည်ခံသော ရွှေဘိုမြို့ကား စစ်ရေးအောင်ပွဲများအကြောင်းပြုကာ ပျော်ပွဲရွှင်ပွဲများ မပြတ် ကျင်းပနေသည်။

“အံမယ်လေး...နာတယ်တော့...ကိုကြီးတွန်ရဲ့...ခပ်ဖြည်းဖြည်း..ခပ်ဖြည်းဖြည်း”

ငတွန်၏ အိမ်လှေကားရင်းတွင် ရောက်နေသော ရွှေကြူမှာ အသံများကြောင့် ရုတ်တရက် ရပ်တန့်သွားသည်။

“မုန့်ညင်းဆီဆို့တာ အကြောထဲ စိမ့်ဝင်အောင်လိမ်းရတာမျိုးဟ...ရှင်ထွေးပု ရ...ခပ်ဖြည်းဖြည်းဆို ဆေးက ဘယ်တိုးပါ့မလဲ”

နောက်ဆက်တွဲအသံကြားမှ ရွှေကြူက အိမ်ပေါ်သို့ ရဲရဲဝံ့ဝံ့တက်လာတော့၏။

ထမီရင်လျားဖြင့် ဗိုက်ကလေး စူပုံ့ပုံ့ဖြစ်နေပြီဖြစ်သော ရှင်ထွေးပု ၏ ကျောကုန်းကို ငတွန်က နှိပ်နယ်ပေးနေသည်။

ရုတ်တရက်အိမ်ပေါ်သို့ တက်လာသော ရွှေကြူကို ကြည့်ကာ ငတွန်ရော၊ ရှင်ထွေးပုပါ ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

ငတွန်က ရှင်ထွေးပုကျောကုန်းပေါ်တွင်ရှိနေသော လက်ကို ကမန်းကတန်းရုတ်လိုက်သည်။

“စည်ပုတ္တရာမြို့စားမင်းသတိုးသိန်သူဘုရား...အကြောင်းမကြား ဘာမကြား..ကွတော်မူပါ..ခင်ဗျာ..ကွတော်မူပါ”

“လုပ်မနေပါနဲ့..ဗိုလ်တွန်ရာ...အဲ့ဒီနာမည်ကြီးတွေ ခေါ်မနေစမ်းပါနဲ့.ခင်ဗျားနှယ့်”

ရွှေကြူက လက်ထဲတွင်ပါလာသော အထုတ်ကို ချကာ သူတို့ ရှေ့တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

“မင်းသား..ကြမ်းပြင်မှာ ဒီတိုင်းချည်းတော့ မထိုင်ပါနဲ့..ဘုရား..သင်ဖြူခင်းပေးပါ့မယ်”

“နေနေ..မယ်မင်း..ကိုယ်ဝန်ရခါစမို့လား..သက်သက်သာသာနေပါ..ကျုပ် ဗိုလ်တွန်နဲ့ ပြောစရာရှိလို့လာတာပ..သောက်စရာခွက် တစ်ခွက်သာချပေး..အုန်းမုတ်ခွက်လည်းရတယ်”

ရွှေကြူက အထုတ်ဖြင့်ထုတ်လာသော ပုလင်းတစ်လုံးကို ထုတ်လိုက်၏။

“ဘာတွေလဲ..ကိုရွှေကြူ”

“ဗျန် အရက်ဗျ....အင်းဝက ရလာတာ”

“ဟ..ဒါနဲ့များ ခွက်မှာတာ..နှစ်ခွက်မှာလေဗျာ...ထွေးပုရေ...အကို့အတွက်ပါ..တစ်ခွက်ဟေ့”

“ဟေ့...လူ..ခင်ဗျားမသောက်ရဘူး..ကျုပ်တစ်ယောက်ပဲ သောက်မယ်”

“ဘာလဲဗျ..ခင်ဗျားဟာက ကျုပ်အိမ်ပေါ် ပုလင်းပိုက်တက်လာပြီး.ကျုပ်ကျ မသောက်ရဘူးဆိုတော့”

“ခင်ဗျားကို ကျုပ် အကူအညီတောင်းစရာရှိလို့လာတာ....ဟိုကောင် ငအို က လည်း သူ့မယားနဲ့ ပွဲလန်းထဲ ပျော်ပါးနေတယ်လေ”

“အင်း..ဟုတ်ပါရဲ့...ဒီမှာလည်း အစေအပါးကလေးများက ပွဲလန်းထဲ သွားချင်ကြ တာနဲ့ သူတို့ကို သွားခွင့်ပြုပြီး...ကျုပ်တို့ ချည်းကျန်ခဲ့တာ”

ရှင်ထွေးပု က ခွက်နှစ်လုံးနှင့် ကြက်သားကြော်တစ်ပန်းကန်ကို ယူကာ ထွက်လာ သည်။

“ရှင်ထွေးပု...ရတယ်..ပေး..ပေး..သွားနားချည်တော့”

ငတွန်က ထကာ ရှင်ထွေးပုလက်မှ ခွက်နှင့် ကြက်သားကြော်ကို ယူကာ ချထား လိုက်သည်။

ရွှေကြူက ခွက်နှစ်ခွက်ထဲမှ တစ်ခွက်ကို သူ့အနောက်သို့ ဝှက်လိုက်၏။

ထို့နောက် ကျန်သည့်ခွက်တစ်ခွက်ထဲသို့ ပုလင်းထဲမှ အရက်ကို ငဲ့လိုက်သည်။

“ခင်ဗျား မသောက်နဲ့နော် ..ဗိုလ်တွန်..ကျုပ်ကိစ္စပြီးမှသာ ကြိုက်သလောက် သောက်..အခုမသောက်နဲ့”

“ကဲ..ဟုတ်ပါပြီ...ပြောစမ်းပါဦး..ခင်ဗျားကိစ္စ”

“မပြောခင်...ကျုပ်မေးစရာရှိတယ်ဗျ..ဗိုလ်တွန်...ခင်ဗျား..မိန်းမယူ တာ..အဆင်ပြေရဲ့လား”

“အင်း..ခင်ဗျား..ခုနတက်လာတော့ မြင်တဲ့အတိုင်းပဲလေဗျာ”

“အာ.ကျုပ်ပြောတာ..စစ်မြေပြင်က ဘီလူးသရဲလိုအကောင်ကြီးက မယားငယ် ငယ်လေးယူပြီး နှိပ်နယ်ပေးနေရတာကို ပြောတာမဟုတ်ဘူးဗျ...ဒီမယ်”

ရွှေကြူက ငတွန်နားသို့ တိုးကာ လေသံကို နှိမ့်လိုက်သည်။

“ခင်ဗျားတကယ်ချစ်တဲ့ မိန်းကလေးမဟုတ်ပဲနဲ့...အိမ်ထောင်ပြုလိုက်ရတာကို ပြောတာ..”

ငတွန်က ဘာမှ ပြန်မပြောသေးပဲ ခွက်ထဲမှ ပယင်းရောင်ထနေသည့် အရက်များ ကိုသာ ငေးကြည့်နေသည်။

“ဟေ့...ဖြဲ့လေ...ငါ့လူ..ဘာငိုင်သွားတာလဲ”

“အင်း..ပြေပါတယ်...ပြေရမှာပေါ့လေ”

“ဘာလဲဗျ...ခင်ဗျားဟာကလည်း”

“ကိုရွှေကြူရဲ့.....ကျုပ် ပြောဖူးတယ်ထင်ရဲ့....အိမ်ထောင်ရေးဆိုတာ ကိုယ် အဆင်ပြေတဲ့လူနဲ့ သံယောဇဉ်ကို ဖန်တီးတည်ဆောက်ယူကြတာဆိုတာကိုလေ”

“ကျုပ်ကတော့....ခင်ထော်မိ ကလွဲရင် ဘယ်သူနဲ့မှ အဆင်မပြေနိုင်ဘူးထင်တယ်..ဗိုလ်တွန်”

“ရော်...ခင်ဗျားသူ့ကို မမေ့သေးဘူးလား”

“ဟ..မေ့စရာလားဗျ”

“သူက ရန်သူ့ဘက်က မိန်းကလေးလေဗျာ...ခင်ဗျားဆီ သူ ဘယ်တော့မှ ပြန်လာတော့မှာမဟုတ်ဘူး...ခုလောက်ဆို ဟံသာဝတီသားတစ်ယောက်နဲ့တောင် လက်ဆက်ပြီးချင် ပြီးနေမှာ”

ရွှေကြူ မှာ စကားတစ်ခွန်းမှ မပြောပဲ ငြိမ်သက်သွားသည်။

ငတွန်က အားနာသွား၏။

“အလကားစတာပါဗျာ...လင်ယူချင်မှလည်း ယူမှာပါ..စိတ်ထဲသိပ်ထားမနေနဲ့”

“မထားလို့မရဘူး..ဗိုလ်တွန်...အခု..ကျုပ်ကို မိန်းမပေးစားဖို့ လုပ်နေကြပြီ”

“ဟင်..ဘယ်သူနဲ့တုန်းဗျ”

“တောင်ပြုန်းရွာစားသမီး မယ်တိုး ဆိုတာနဲ့တဲ့ဗျ...ကျုပ်မိကြီး တွေ သွားစပ်လာတာပဲ...စနေမင်းအဆက်အနွယ်ဆိုလားပဲ”

“ခင်ဗျား အကို ကရော..ဘာပြောလဲ”

“ကိုအောင်ဇေယျလား....သူကပါ မြို့စားတစ်ယောက်ဖြစ်နေပြီ...ကတော်ရှိမှ ဖြစ်မယ် ဟေ့ကောင်ဆိုပြီး မာန်လား မဲလားလုပ်နေလို့ ခက်နေတာပဗျာ”

“ဒါဆိုလည်း ယူပေါ့ဟ..မိန်းမတစ်ယောက်အလကားရမှာ..နည်းလား”

“ဟ..ကျုပ်မှ မချစ်တာ..မယူနိုင်ပေါင်”

“မယူရင် ခင်ဗျားအကို ရှင်ဘုရင်က သျှောင်ဆွဲပြီး တံတောင်နဲ့ ထောင်းမှာနော့”

“ထောင်း..ထောင်း..သတ်..သတ်ဗျာ..ခင်ထော်မိ ကိုပဲ ကျုပ် လက်ထပ်ချင်တာ”

“ငါ့လူနဲ့တော့ ခက်နေပြီ”

“မခက်ဘူး...အခု အရက်သောက်ပြီးရင်..ကျုပ် ကိုအောင်ဇေယျဆီ အခစားဝင်မယ်...ကျုပ်နဲ့ ခင်ထော်မိ ကိစ္စ သွားလျှောက်တင်မယ်ဗျာ..အဲ့ဒါ ခင်ဗျားက ကျုပ် ကိုယ်စား လျှောက်တင်ပေးရမယ်”

ငတွန် မျက်လုံးပြူးသွား၏။

“ဟာ..ဟေ့..ကျုပ်ကိုတော့ ဆွဲမထည့်ပါနဲ့..မောင်..ကိုယ့်ဟာကိုယ်သွားပါ”

“မလိုက်လို့မရဘူးဗျ...ခင်ထော်မိ ကို ဟံသာဝတီကို ပြန်ထည့်ပေးလိုက်တဲ့အထဲ ခင်ဗျားလည်းပါတယ်လေ...ပြီးတော့...အရက်သောက်ပြီးရင်..ကျုပ်အကို ကို..ကျုပ် စကားမပြောရဲဘူး”

“ဟ..ဒါဆိုလည်း အစကတည်းက မသောက်နဲ့လေ”

“ဒီတိုင်းသွားလျှောက်တင်ရင်..ဖနောင့်နဲ့ထပေါက်မှာကြောက်လို့ ရဲဆေးတင်တာပေါ့ဗျ”

“နို့..ခင်ဗျားဟာက ရဲဆေးတင်တယ်လည်းဆိုသေး..အခုကျ အရက်သောက်ပြီး စကားမပြောရဲဘူး ဖြစ်ပြန်ရောလား”

“ဟာ..ဘာဖြစ်ဖြစ်ဗျာ...ကျုပ်အကိုက ခင်ဗျားပြောပေးရင် ရပါတယ်ဗျာ..သူက ခင်ဗျားကိုဆို သိပ်ယုံကြည်တာ”

“ကျုပ်က ကိုယ့်ကိစ္စမရှိပဲ..နန်းတော်ထဲ ဝင်ထွက်သွားလေ့မရှိတာမို့ပါဗျာ...တကယ်ပါ..ရှိကြီးများခိုးပါရဲ့..မလိုက်ပါရစေနဲ့”

“ဘာလဲ..ခင်ဗျားက ခင်ဗျားအဆက်ဟောင်း..မြတ်ထားသီရိ ကို မြင်ရင် အသဲတွေကြွေမှာစိုးလို့မလိုက်တာလား”

“ဟာ..တိုးတိုးလုပ်ပါဗျာ...အထဲက ကြားသွားရင် ပြဿနာတွေတက်လို့ ကျုပ်မှာ ချော့လို့ဆုံးမှာမဟုတ်ဘူး...ကဲ..သွားမယ်ဆိုလဲ..ဆက်မသောက်နဲ့တော့...ကျုပ်

လိုက်ခဲ့ပေးမယ်..ဟုတ်ပြီလား”

“အေး..ဒီလိုမှပေါ့..ဗိုလ်တွန်ရာ”

.....

“ဘာကိစ္စတွေများ အရေးကြီးနေလို့ အတွင်းတော်ထိ ဝင်လာရတာလဲ..ညီပု နဲ့ ဗိုလ်တွန်”

ရွှေကြူက နဘေးတွင်ရှိသော ငတွန်ကို တံတောင်ဖြင့် အသာတို့လိုက်သည်။

“ဗိုလ်တွန်..ခင်ဗျားကို ဒီကောင် လူမိုက်ဌားလာပြန်ပြီမဟုတ်လား”

“မှန်ပါ”

“အင်း..ညီပုနှယ်..ငယ်က အကျင့်တွေ ဒီအချိန်ထိ မပျောက်သေးကိုးကွဲ့..ဒင်းက ငါကိုယ်တော်ကို ငယ်ငယ် ကတည်းက သိပ်ကြောက်တာ..တစ်ခုခုဆို...ရွှေဂူကို ရှေ့နေတင်ပြီး ပြောတာဆိုတာ...အခုကျ..ဗိုလ်တွန် ဖြစ်ပြီပေါ့..ကဲ..ဗိုလ်တွန် လျှောက်စေဗျာ”

“မှန်ပါ..ထားရင်လည်းနေ..သတ်ရင်လည်းသေရပါ့မယ်..ဘုရား...ဒီကိစ္စမှာ ကျွန်တော်မျိုးရော၊ အရှင့်ယောကျ်ဖတော်မင်းရဲကျော်စွာရော ပါဝင်ပတ်သတ်ခဲ့ပါတယ်”

“ဟော..မောင်အိုရောလား....ရွှေကြူနဲ့ မောင်အို လူရူပ်နှစ်ကောင်နဲ့ ဘယ်လိုများ ပတ်သက်ပြန်ပြီလဲ..ဗိုလ်တွန်”

“မှန်ပါ...ဟံသာဝတီတပ်များ မုဆိုးဖိုကို ဝန်းရံတိုက်ခိုက်ကြစဉ်က.....”

ငတွန်က ရွှေကြူနှင့် ခင်ထော်မိ တို့၏ ဇာတ်လမ်းကို စီကာပတ်ကုံးလျှောက်တင်လိုက်သည်။

အောင်ဇေယျက မျက်မှောင်ကြုံ့လျက် နားထောင်ရာမှာ အံကို ကြိတ်လိုက်၏။

“ငါ့ ဝိုင်းလိမ်ထားကြသပေါ့လေ....အိမ်း..ဒီကိစ္စအရေးယူရပြန်ရင်လည်း...ရွှေကြူ၊ ငအို၊ ငါ့သားတော် မောင်ရွှ တို့ရော၊ ဟိုကလေးမ မြတ်ထားသီရီ ပါ အရေးယူရမလိုဖြစ်နေပါပြီကော..ဟိတ်ကောင်..ငရွှေကြူ”

ရွှေကြူမှာ တုန်ခနဲ ဖြစ်သွားသည်။

“ဘုရား”

“ဘာ အခုမှ ဘုရားလဲ...နင့်အပြစ်နင်သိသလား”

“သိပါတယ်..ဘုရား”

“ငါ့ မော်ကြည့်စမ်း”

ရွှေကြူက အောင်ဇေယျအား မော့ကြည့်လိုက်သည်။

အောင်ဇေယျ မျက်နှာမှာ တင်းမာနေရာမှ တဖြည်းဖြည်း ပြုံးသွား၏။

“ညီပုရယ်..ဘာများလဲလို့...သက်သက်မဲ့ ငတွန်ကြီးကို သွားဒုက္ခပေးရသလား ဟ..ဒီမယ်..အခု မိကြီးတို့ စပ်ပေးထားတဲ့ မယ်တို့းကိုလည်း ယူလေ....နောက် မကြာခင် ဟံသာဝတီကို ငါအလိုတော်ပြည့်တဲ့အခါကျ...ခင်ထော်မိ နဲ့ နင့်ကို ငါကိုယ်တိုင် လက်ဆက်ပေးပါမယ်ဟ.. နင်လည်း မြို့စားမင်းသားပဲ...မယားတစ်ယောက်မကတော့ ယူခွင့်ရှိပါတယ်ဟ..ငါ့နှယ့်ကွာ..မယားတရူးတာတောင်..ရှေ့နေခေါ်လာသေး”

ထိုအခါမှ ရွှေကြူ၏ မျက်နှာမှာ ဝင်းပသွားတော့သည်။

“ကဲ..မင့်အရေးပြီးပြီဆို သွားချေတော့..ရွှေကြူ...ဗိုလ်တွန်က ကိုယ်တော်နဲ့ နေခဲ့..ငကောင်းကလည်း မြစိစုံကင်းတပ် မှာ ရောက်နေတာဆိုတော့..ရှေ့ဆက်မယ့် စစ်ရေးကိစ္စအတွက် တိုင်ပင်စရာနည်းနည်းရှိတယ်”

အခန်း (၂၅)

၁၇၅၄ စက်တင်ဘာလ ၂၅ ရက်။

ဟံသာဝတီမြို့။

နန်းမြို့တွင်း ကျီတော်ကုန်းရပ်ကွက်နဘေးရှိ မြင်းမူးမင်းသား ဗညားဒလအောင်စ၏ အိမ်တော်သို့ ခြေလျင်မြင်းစစ်သည်အများအပြား ရောက်ရှိလာသည်။

အောင်စ က အပြင်သို့ သွားရန် ဝေါယာဉ်ကို ပြင်ဆင်နေခိုက်ဖြစ်၏။

အိမ်ရှေ့ဥပရာဇာ ဦးအောင်မြ က ခြံဝန်းအတွင်းသို့ ဝင်လာသည်။

အောင်စနှင့် ဝေါယာဉ်ထမ်းများက မြေပြင်တွင် ဒူးတုပ်ကာ ရှိခိုးလိုက်ကြ၏။

“ဘာကိစ္စများရှိလို့ ကိုယ်တော်တိုင်ကြွချီလာရပါသလဲ.အကိုတော်ဥပရာဇာ..ဘုရား”

ဦးအောင်မြ က ခြံတွင်းသို့ မျက်လုံးကို ဝှေ့ကြည့်လိုက်သည်။

“မြို့ကြီးမင်သမီးနန်းသွယ်ကိစ္စပဲ..အောင်စ”

အောင်စ က ပြုံးလိုက်သည်။

“မှန်ပါ..ညီတော်လည်း အခုပဲ...သူ့ဆီ သွားဖို့ပါ..သီတင်းကျွတ်တာနဲ့ လက်ထပ်မင်္ဂလာဆင်ယင်ကျင်းပ ကြမယ့် အကြောင်း တိုင်ပင်ဆွေးနွေးကြမလို့ပါ”

“အောင်စ”

ဥပရာဇာဦးအောင်မြ ၏ အသံက တင်းမာလှသည်။

အောင်စ က အံ့သြဟန်ဖြင့် မော့ကြည့်လိုက်၏။

“မင်း ဒီနေ့ ဘယ်မှ မသွားရဘူး..ဒီအိမ်ထဲမှာပဲ နေရမယ်”

“ဘယ်လိုအရေးတော်များ ပေါ်လို့လဲ..ဘုရား”

“ထီးဘုရားကြီးဆီက အမိန့်တိုက်ရိုက်ပါလာတာ....ညနေ ဖြဲတိုက်တော်ကို မင်း ဝင်ခစားရမယ်..အဲ့ဒီတော့မှ အကြောင်းစုံကို ထီးဘုရားကြီးမိန့်လိုက် မယ်..အောင်စ..အခုတော့..မင်း ဒီအိမ်တော်ကနေ တစ်ဖဝါးမှ မခွာပါနဲ့... ငါ့တပ် တွေ ချထားခဲ့မယ်....အမိန့်မနာခံရင်...ပုန်ကန်မှုပဲ”

ဥပရာဇာဦးအောင်မြက ခပ်ပြတ်ပြတ်ပြောပြီး လှည့်ထွက်သွားသည်။

အောင်စမှာ အကိုဖြစ်သူ၏ ကျောပြင်ကို ကြည့်ကာ ဒွိဟများဖြင့် ကျန်ရစ်၏။

.....
....

“သုံးခွင်ပိုက်မှောင်၊ လေးမည်ရောင်လည်း၊ ရာထောင်ဆကာ၊ မန္ဒိုင်းသာသား၊ အဝိဇ္ဇာယုက်မြေး၊ ရှိသည့်ဘေးကြောင့်၊ တုန်အေးသည်းတွင်း၊ ချဉ်ဆီချင်းမျှ၊ ပျံသင်းမရှင်၊ ရှိသည်ပင်ကို၊ နှောင်းမြင့်ငြိမ့်ရှန်း၊ လှတုံ့လွန်းသာ၊ သုံးခန်းခေတ္တာ၊ စံတိုင်ပသည်၊ ‘ရှင်ယျ’ကိုသာ တမ်းခဲ့မိ”

“မောင်ဘုရား”

မိဖုရားခေါင်ကြီးမဟာရာဓိန္ဒာဓိပတိဒေဝီ ၏ အသံကြောင့် ပတ္တလားဖြင့် သီချင်းဆိုနေသည့် မဟာဓမ္မရာဇာဓိပတိ က မော့ကြည့်လိုက်သည်။

“ဘာအရေးရှိလို့လဲ..ခင်ခင်..ကိုယ်တော် သီချင်းတက်နေချိန်..မနှောင့်ယှက်ပါနဲ့လို့ ပြေထားပါလျက်”

မိဖုရားခေါင်ကြီး၏ အနောက်မှ ပေါ်လာသော မျက်နှာတစ်ခုကြောင့် မဟာဓမ္မရာ ဇာဓိပတိ၏ ပြောလက်စ စကားမှာ ရပ်တန့်သွားသည်။

မဟာဓမ္မရာဇာဓိပတိက ပတ္တလားတံကို ချပြီး မတ်တပ်ရပ်လိုက်သည်။

“အိမ်ရှေ့မင်း ပါလား...ဘာကိစ္စများရှိလို့လာရတာလဲ”

ဥပရာဇာဦးအောင်မြ က စကားတစ်ခွန်းမှ မပြောပဲ သူ့နောက်မှ စစ်သည်များကို အချက်ပြလိုက်သည်။

သန်မာလှသော ပသီသေနတ်စစ်သည်သုံးဦးက မဟာဓမ္မရာဇာဓိပတိ ၏ လက် နှစ်ဖက်ကို ချုပ်ကာ ကြိုးဖြင့် တုပ်နှောင်လိုက်ကြ၏။

“မောင်မင်းတို့ မိုက်ရိုင်းအတင့်ရဲလှချည်လား..ဒါဘာလုပ်တာလဲ”

ဥပရာဇာက တခွန်းမှ ပြန်မဖြေ။

မိဖုရားခေါင်ကြီးနှင့် မဟာဓမ္မရာဇာဓိပတိတို့ကို ကြိုးဖြင့်ချည်နှောင်ကာ တတွဲတည်း ပူးချည်လိုက်ကြ၏။

“ဟံသာဝတီဘုရင်က သနားညှာတာလို့ အသက်ရှင်ခွင့်ပေးထားတာကို မှ မထောက်..အသက်သခင်ကို လုပ်ကြံချင်ကြတဲ့ အင်းဝကျွန်တွေ...ခြံရှေ့ကွင်းပြင်ကို အကုန်ခေါ်သွား”

ဘုရင်နှင့် မိဖုရားတို့ကို ပသီစစ်သည်များက ဆွဲခေါ်ကြသည်။

“ဟေ့..ဒီအခန်းကိုလည်း ရှိသမျှ အကုန်မွှေနှောက်ရှာစမ်း...အဲ့ဒီ ပတ္တလားထဲလည်း ရှာ”

စစ်သည်တစ်ဦးက ပတ္တလားပေါ်တွင် သွယ်တန်းထားသော ကြိုးများဖြင့် ခါးဖြင့် ခုတ်ချလိုက်သည်။

“ဟေ့..ငါ့ပတ္တလားကို မထိကြနဲ့ကွ..မောင်မင်းတို့ ရိုင်းစိုင်းလွန်းတယ်”

မဟာဓမ္မရာဇာဓိပတိက ရက်ကန်ရက်ကန်ဖြင့် လှမ်းအော်၏။ စစ်သည်များက ဂရုမစိုက်ကြ။

အိမ်နီမ့်တော်၏ အရှေ့ကွက်လပ်တွင် အင်းဝဘုရင်၏ညီတော် မင်းရဲကျော်စွာ၊ နှမတော် မြေတူးမင်းသမီးရှင်နှင်းအဲ၊ မင်းသမီး မင်းရွှေနန်း၊ သားတော်၊သမီးတော်များ၊ အင်းဝမင်းဆွေမင်းမျိုးတို့အားလုံးမှာ ကြိုးတုပ်ကာ မြေပြင်တွင် ပြားပြားဝပ်နေကြသည်။

သေနတ်ကိုင်ပသီစစ်သည်များ၊ အာမေးနီးယန်းမြင်းသည်တော်များ၊ ဟံသာဝတီတပ်သားများက အိမ်နီမ့်တော်ကို အင်အား ရာနှင့်ချီကာ ဝန်းရံထား၏။

“မြို့ကြီးမင်းသမီးရော...မိရဲ့လား”

“အနောက်ဖေးပေါက်က ပြေးဖို့လုပ်နေတာကို မိလာပါပြီ..ဘုရား”

ဈေးငယ်ဗိုလ်က လက်ပြန်ကြိုးတုပ်လာသော နန်းသွယ်ကို မြေကွက်လပ်ထဲသို့ စောင့်တွန်းလိုက်သည်။

နန်းသွယ်မှာ မြေပြင်ပေါ်သို့ ပုံလျက်သား လဲသွားတော့၏။

ဥပရာဇာဦးအောင်မြ က နန်းသွယ်၏ ရှေ့တည့်တည့်သို့ ရပ်လိုက်သည်။

ထို့နောက် သူ၏ ခြေထောက်ဖြင့် နန်းသွယ်၏ မေးဖျားကို ကလော်တင်လိုက်၏။

“ရုပ်ကလေး လှသလောက်...ယုတ်မာတဲ့မိန်းမ....ငါညီတော်ကိုတောင် နင်က နင့်စက်ကွင်းထဲ မြူဆွယ်ဖမ်းဝံ့တယ်ပေါ့လေ..အရှက်မဲ့တဲ့ကောင်မ..ထွီ”

နန်းသွယ်က ရုတ်တရက်ခေါင်းကို ရှေ့တိုးကာ ဥပရာဇာ၏ ခြေဖဝါးအပေါ် နှင့် ခြေထောက်ကြားနေရာကို ပါးစပ်ဖြင့် အားကုန်ကိုက်ချလိုက်၏။

“အား”

ဘေးနားတွင်ရှိသော စျေးငယ်ဗိုလ်က ဓါးနှောင့်ဖြင့် နန်းသွယ်၏ ကျောကို ထုကာ ဆွဲသည်။

နန်းသွယ်က မလွှတ်။

ဘေးနားမှ စစ်သည်များက နန်းသွယ်၏ ခေါင်းကို ဓါးနှောင့်များဖြင့် ဝင်ထုကြ၏။ ဝမ်းဗိုက်ကို လှိမ့်ကန်ကြ၏။

နောက်ဆုံးသွေးအလူးလူးအခြေအနေတွင်မှ နန်းသွယ်က ကိုက်ထားရာမှ လွှတ်လိုက်သည်။

ဥပရာဇာမှာ နာကြင်လွန်းသဖြင့် မြေပြင်တွင်ပင် ထိုင်ချလိုက်ရသည်။

“အိမ်ရှေ့မင်းဘုရား...အဆင်ပြေရဲ့လားဘုရား”

“မြို့ထဲက အီတလီဆေးဆရာခင်ကြီးကို သွားပင့်ကြဟော့”

အိမ်ရှေ့မင်း၏ တပ်သားများမှာ အုတ်အော်သောင်းနင်းဖြစ်ကုန်ကြသည်။

“ငါ့ထက် ဒီရာဇဝတ်ကောင်တွေက ပိုအရေးကြီးတယ်..အားလုံးကို ကြေးတိုက်ထဲပို့....အင်းဝဘုရင်၊မိဖုရားနဲ့ နန်းသွယ်ဆိုတဲ့ကောင်မကို ဖြဲတိုက်တော်ကို တန်းပို့..ညနေ အကိုတော်ထီးဘုရားကိုယ်တိုင် စစ်ဆေးစီရင်မယ်”

ဥပရာဇာက စစ်သည်နှစ်ဦးလူတွဲဖြင့် မတ်တပ်ထရပ်လိုက်သည်။ နန်းသွယ်၏ ကိုက်ခြင်းကို ခံထားသော ခြေထောက်မှာ သွေးအလိမ်းလိမ်းဖြင့်။

.....
.....

“အင်းဝဘုရင်....ငါကိုယ်တော်တို့မှာ သင့်ကျေးဇူးခံကျေးဇူးစားတွေရှိခဲ့ဖူးတာကြောင့် အင်းဝကို အလိုတော်ပြည့်သော်လည်း...အသက်ကိုရန်မရှာ...ကောင်းမွန်စွာထားခဲ့သည်မဟုတ်လော”

ဖြဲတိုက်ရုံးပေါ် ရှိ သလွန်ပေါ်တွင် ထိုင်နေသော ဟံသာဝတီဘုရင်ဦးအောင်လှ၏ အမေးကို မဟာဓမ္မရာဇာဓိပတိက ဒူးတုပ်လျက်မှ ခေါင်းညိတ်ပြလိုက်သည်။

“ဒါနဲ့မျှား....ငါကိုယ်တော်ရဲ့အသက်ကို ရန်ရှာသည်အထိ ကြံရသလား..အင်းဝဘုရင်”

“ကျုပ် မကြံပါ...ဟံသာဝတီဘုရင်”

ဦးအောင်လှ က နဘေးရှိ သလွန်တွင် ထိုင်နေသော အိမ်ရှေ့ဥပရာဇာဦးအောင်မြထံ ကြည့်လိုက်၏။

ဦးအောင်မြက သူ့နဘေးမှ မင်းချင်းတစ်ဦးကိုခေါ်ကာ စာရွက်လိပ်တစ်လိပ်နှင့် ပုရပိုဒ်တစ်ခုအား ပေးလိုက်သည်။

စာရွက်လိပ်မှာ အနောက်တိုင်းသားတို့ သုံးလေ့ရှိသော စက္ကူစာရွက်ဖြစ်၏။

ဘုရင်ဦးအောင်လှ က စက္ကူစာရွက်နှင့် ပုရပိုဒ်တို့အား တိုက်ဆိုင်ကြည့်လိုက်သည်။

ထို့နောက်။

“မြို့ကြီးမြို့စားမင်းသမီး နန်းသွယ် ဆိုတာ ဘယ်သူလဲ”

“ကျွန်တော်မပါ”

မျက်နှာတဝိုက်သွေးစေးများခြောက်ကပ်နေသော်လည်း နန်းသွယ်၏ အသံကမာကျောနေမြဲ။

ဥပရာဇာဦးအောင်မြ နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသော မြင်းမူးမင်းသားအောင်စ မှာ ခေါင်းကို ငုံ့ထားရာမှ မော့လာသည်။

“အတွင်းဝန်ကျော်ထင်နော်ရထာ နဲ့ တိုင်ပင်ပြီး..ငါကိုယ်တော်ကို လုပ်ကြံနန်းချ မယ်ဆိုတာ မှန်သလား..မယ်မင်း”

နန်းသွယ်က ပြန်မဖြေသေး။ အောင်စ နန်းသွယ်၏ မျက်နှာကို စိုးတထိတ်ထိတ် ဖြင့် ကြည့်နေသည်။

“မှန်.ပါ..တယ်”

အောင်စက လက်သီးကို ဆုတ်ကာ..ခေါင်းကို ငုံ့ထားလိုက်တော့၏။

“ငါ့ညီတော် မြင်းမူးမင်းသားကိုလည်း ဥပါယ်တံမျဉ်နဲ့ ချစ်ဟန်ဆောင်ပြီး စည်းရုံး လှည့်ဖျားခဲ့သေးတယ်မဟုတ်လား”

ဦးအောင်မြ က ဝင်ပြောသည်။ ခြေထောက်တွင် သွေးတိတ်စေရန် ပတ်တီးဖြူ ဖြူများစည်းထားသည့် ဦးအောင်မြမှာ နန်းသွယ်ကို မီးတောက်မတတ် မျက်လုံး များဖြင့် စိုက်ကြည့်နေသည်။

သို့သော် နန်းသွယ်က ဦးအောင်မြကို အရေးမစိုက်။

အောင်စရှိရာဘက်သို့သာ မော့ကြည့်လိုက်သည်။

သူတို့နှစ်ဦး အကြည့်ချင်းဆုံသွားကြ၏။

နန်းသွယ်က အောင်စကို ပြုံးပြလိုက်ပြီး မျက်နှာလွှဲလိုက်သည်။
“နောင်တော်ဘုရင်မင်းမြတ်ဘုရား..ထားရင်လည်း နေရပါမယ်..သတ်ရင်လည်း သေရပါမယ့်...ကျွန်တော်မျိုးမှာ တခြားစီရင်ဆောင်ရွက်စရာအရေးပေါ်ကိစ္စများ ရှိနေပါသဖြင့် ထီးဘုရားထံ ခစားနေရာမှ ခွင့်ပြုတော်မူပါ..ဘုရား”

အောင်စက သလွန်ပေါ်မှ ဆင်းကာ ဘုရင်ဦးအောင်လှရှေ့တွင် ဒူးထောက်ရှိခိုး လိုက်သည်။

အသံများပင် တုန်ရီနေသော သူညီတော်အောင်စ၏ အဖြစ်ကို ဦးအောင်လှ က အကဲခတ်နေ၏။

“ဒါက ဘယ်လိုလျှောက်တင်ချက်လဲ...ညီတော်...မြင်းမူးမင်းသားတစ်ပါးက ဘုရင်မင်းမြတ်ကိုယ်တိုင် စစ်ဆေးနေတဲ့ ခုံရုံးကနေ ပျက်ကွက်ခွင့်မရှိဘူး....သူ ဖြေတာကိုသာ နားထောင်ပါ”

အကိုဖြစ်သူ၏ စကားဆုံးသည်နှင့် ဥပရာဇာဦးအောင်မြဲ ၏ မျက်နှာမှာ ပိုမို တင်းမာသွားသည်။ ဒေါသစိတ်ကြောင့် အသက်ရှူများပင် မြန်လာ၏။

“ကဝေမ..နင်ဖြစ်မ်း....ငါတို့ ရဲ့ညီတော်ကို နင့်ရုပ်ရည်ဗန်းပြပြီး ဥပါယ်တံမျဉ်နဲ့ လှည့်စားချစ်ဟန်ဆောင်ခဲ့တာမဟုတ်လား”

“ကျွန်တော်မ..ဟံသာဝတီဘုရင်ကို လုပ်ကြံရန် ကြံစည်ခဲ့ပါတယ်...အဲ့ဒါကလွဲပြီး တခြားမေးခွန်းတွေ မဖြေဆိုနိုင်ပါဘူး”

“ငါ..တယ်...ဒီနားတင် လက်စတုံးလိုက်ရ”

ဥပရာဇာဦးအောင်မြ က ဒေါသဖြင့် အော်လိုက်သော်လည်း ဦးအောင်လှက လက်ကာပြလိုက်သည်။

ထို့နောက် မဟာဓမ္မရာဇာဓိပတိ ဆီသို့ လှည့်လိုက်၏။

“ကဲ..အင်းဝဘုရင်.....ခင်ဗျားရဲ့အလုပ်အကျွေးဖြစ်တဲ့ မြို့ကြီးမင်းသမီး နန်းသွယ်ဦးဆောင်ပြီး...ငါကိုယ်တော်ဟံသာဝတီပြည့်ရှင်မင်းကို လုပ်ကြံမယ့်..အစီအစဉ်နဲ့ လူစာရင်း..ဒီထဲမှာ အတိအကျပါတယ်....သင်းကိုယ်တိုင်လည်း ဝန်ခံပြီးသွားပြီ....အင်းဝဘုရင်...ဒါကို ခင်ဗျား မသိဘူးလား”

“ကျုပ်သိတယ်..ဒါပေမယ့်..ကျုပ်ဟာ အာဏာရှိတဲ့ဘုရင်မဟုတ်တော့ဘူး..ကျုပ်တားမြစ်လည်း..သူတို့ ကျုပ်အမိန့်ကို နာခံမှာမဟုတ်တော့ဘူး”

“ဒါဖြင့် မိတ်ဆွေကောင်းပီပီသသနဲ့ ဟံသာဝတီနန်းတွင်းကို အသိပေးရမယ် မဟုတ်လား”

“ကံ ကံ၏ အကျိုးပဲ.. ဘာဖြစ်ဖြစ်ကျုပ်ခံမယ်...စီရင်စရာရှိ ကျုပ်ကိုစီရင်ပါ..ကျုပ်သားမယားကိုတော့ ချမ်းသာပေးစေချင်တယ်”

ဖြဲတိုက်ရုံးကား တိတ်ဆိတ်သွားသည်။

ဗညားဒလဦးအောင်လှ က သက်ပြင်းချလိုက်၏။ ခါးနောက်တွင် ခုထားသော ခေါင်းအုံးပေါ်သို့ ခပ်ပြေပြေလျော့ထိုင်လိုက်သည်။

“သူတို့ကို ခေါ်သွားလိုက်တော့...လွတ်တက်မင်းသားများ၊ ဝန်ကြီးများနဲ့ တိုင်ပင်ပြီးစီးမှ အမိန့်တော်စီရင်မယ်”

.....
.....

ဟံသာဝတီ၊ ဒဂုံနှင့် သန်လျင်မြို့တို့ တွင် စစ်တပ်များ ပြားပန်းခပ်မျှ လှုပ်ရှားနေကြသည်။

မြို့ကြီးမင်းသမီး အမှုန့်ပတ်သက်သည့် ထိုမြို့များမှ ဗမာ - မွန် (၃၀၀၀)ခန့်မှာ ချက်ချင်း ဖမ်းဆီးခံကြရ၏။

ဟံသာဝတီနန်းတွင်းတွင် အမှုထမ်းနေသော အင်းဝအမှုထမ်းဟောင်းများဖြစ်သည့် အမတ်ကျော်ထင်၊ သေနတ်စုဗိုလ် သတိုးကျော်သူ၊ သွေးသောက်ကြီး ရမ္မသိရိတို့မှာမူ..သားမယားတို့ကို ဟံသာဝတီမြို့တွင်းတွင် ထားခဲ့ကာ ထွက်ပြေးလွတ်မြောက်သွားသည်။

သန်လျင်ဆိပ်ကမ်းရှိ လွှဲဇာ၏ ကုန်လှောင်ရုံအားလည်း သန်လျင်မြို့ဝန်တပ် က ဝိုင်းလိုက်ကြ၏။

အရက်စည်များအား စာရင်းတိုက်နေသည့် ငလေး မှာ အပြင်မှ ဝင်လာသော စစ်သည်များကြောင့် ရုတ်တရက် အံ့သြသွားသည်။

“ကုန်သည်တော်ကြီးလွှဲဇာရော”

“မှန်ပါ..အထဲမှာရှိပါတယ်...မြို့ဝန်မင်းဘုရား”

“လိုက်ပို့စမ်းကွဲ့”

ငလေးက ကုန်လှောင်ရုံအနောက်ဘက်ရုံးခန်းသို့ ဦးဆောင်ခေါ်သွားသည်။

သန်လျင်မြို့ဝန်ကို မြင်သောအခါ လွှဲဇာက မတ်တပ်ရပ်လိုက်၏။

“မယ်ဖူးရေ....အစောလေးကို လာခေါ်ချေကွယ်”

အပြင်တွင်ရှိနေသော မယ်ဖူးက မယ်စောလေးကို လာရောက်ခေါ်ယူသွားသည်။

“ဘာကိစ္စရှိလို့လဲ..မြို့ဝန်မင်း”

“ကုန်သည်တော်ကြီးကို ဟံသာဝတီကို အရောက်ပြန်ခေါ် ခဲ့ဖို့..ဟံသာဝတီနန်းတော်က အမိန့်ပါလာပါတယ်”"

“ဒီမှာ အလုပ်ကိစ္စတွေ နည်းနည်းကျန်သေးတယ်..နောက်နှစ်ရက်နေရင် ဟံသာဝတီကို ပြန်မှာပါ”

“မရပါဘူး..အခုချက်ချင်း မြစ်ဆိပ်မှာ လေ့ရောက်နေပါပြီ...ကုန်သည်တော်ကြီးကို အစောင့်အရှောက်နဲ့တကွ..ဟံသာဝတီကို ပြန်ခေါလာဖို့ နန်းတော်က တိုက်ရိုက်ပေးတဲ့အမိန့်ပါ”

လွိဇာက မြို့ဝန်မင်းနောက်တွင် အသင့်အနေအထား ပါလာသော စစ်သည်များကို တချက်အကဲခတ်လိုက်သည်။

“အင်း...ဒါဆိုလည်း...ကျွန်မ အလုပ်သမားတွေကို မှာစရာရှိတာ မှာပြီး..သိမ်းစရာရှိတာသိမ်းပါဦးမယ်...မြို့ဝန်မင်းတို့ အပြင်ကပဲ စောင့်နေကြပါ”

မြို့ဝန်မင်းက လွိဇာ၏ ရှေ့သို့တိုးလာသည်။

“တစ်စုံတစ်ခုတော့ မကြံစည်စေချင်ဘူး.ကုန်သည်တော်ကြီး..ဒီဆိပ်ကမ်းတစ်ခုလုံးမှာ ကျုပ်တို့ လူတွေဝိုင်းထားပြီးပါပြီ”

“နေပါဦး...ကျွန်မက ဘာအပြစ်မှလုပ်ထားသူမဟုတ်ဘူး..တရားခံလည်းမဟုတ်ဘူး..ဘာဖြစ်နေကြလဲ..ကျွန်မ ထွက်မပြေးဘူးစိတ်ချ...ငလှေးလာဦး..အခန်းထဲက ငါ့ပစ္စည်းတွေ ကူသိမ်းပေးချေ”

ငလှေးက အထဲဝင်လာသည်။

လွိဇာက ငလှေး ကို ခေါ်ကာ သူမ၏ အခန်းတွင်း ဝင်သွားပြီး စကားအနည်းငယ်ပြောကာ သိမ်းဆည်းစရာများကိုသိမ်းဆည်း၏။

ထို့နောက် လွိဇာက သူမ၏ အဝတ်အစားထုပ်ကို ဆွဲကာ အပြင်သို့ ထွက်လိုက်သည်။

အပြင်တွင် စောင့်နေသော သန်လျင်မြို့ဝန်က လွိဇာ၏ အနားသို့ ကပ်လာ၏။

“စိတ်မရှိပါနဲ့....စိတ်ချရအောင် နှောင်ကြိုးတည်းခဲ့ပါလို့..နန်းတော်က အမိန့်တော်ပါလို့ပါ”

စစ်သည်နှစ်ဦးက လွိဇာ၏ လက်နှစ်ဖက်ကို ကြိုးဖြင့် ချည်နှောင်လိုက်ကြတော့သည်။

.....
.....

နေဝင်ခါစပင်ရှိသေးသော်လည်း သန်လျင်ဆိပ်ကမ်းမှာ တိတ်ဆိတ်ခြောက်ကပ်နေ၏။

သန်လျင်မြို့စောင့်တပ်စစ်သည်များ သာမက ဟံသာဝတီရေကင်းစောင့်လှေများမှ တပ်သားများပါ ဆိပ်ကမ်းအနှံ့ နေရာယူထားကြသည်။

ခပ်ဝေးဝေးမှ အရှေ့အိန္ဒိယကိုယ်စားလှယ်ရုံးသည်လည်း ဝန်းတံခါးကြီးကို ပိတ်ချထားလိုက်၏။

အသင့်စောင့်နေသော စစ်လှေကြီးပေါ်သို့ လက်ပြန်ကြိုးတုပ်ခံထားရသော လွိဇာကို သန်လျင်မြို့ဝန်နှင့်အဖွဲ့က ခေါ်ဆောင်လာကြသည်။

လှေဦးတွင် ဘရင်ဂျီဘုန်းကြီးဝတ်စုံဖြင့် ခေါင်းစွတ်ကြီးကို စွတ်ထားသည့် ဖာသာနာရေနှံက မီးအိမ်တစ်လုံးကို မီးညှိနေ၏။

ထို့နောက် လွိဇာတို့ရှိရာသို့ လှမ်းလာသည်။

မီးအိမ်ကို မြှောက်ကြည့်လိုက်၏။

“ကြိုးတုတ်လာတာလား”

“ဟုတ်ပါတယ်..ခင်ကြီးရာနိတ်...ဥပရာဇာပေးလိုက်တဲ့ အမိန့်စာအရပါ”

“လွိဇာဟာ မင်းတို့ရန်သူမဟုတ်ဘူး...မင်းတို့ ဟံသာဝတီဘုရင်အတွက် သူအများကြီး ကူညီပါဝင်ပေးခဲ့ဖူးတယ်..အဲ့ဒီလိုမဆက်ဆံသင့်ဘူး”

“အမိန့်အရမို့ပါ..ခင်ကြီးရာနိတ်”

“ဘုရင်သိရင် စိတ်ကောင်းမှာမဟုတ်ဘူး....ငါဘုရင်နဲ့တွေ့ရင်တော့ ဒီကိစ္စလျှောက်ရလိမ့်မယ်..အဲ့ဒီအခါ..မင်းတို့ လည်း သက်သာမယ်မထင်ဘူး”

သန်လျင်မြို့ဝန်၏ မျက်နှာ မှာ အကြောက်တရားကပေါ်လွင်သွားသည်။

လွိဇာတို့နှင့် ဟံသာဝတီဘုရင်ဦးအောင်လှတို့အကြား ပတ်သတ်မှုအချို့ကို သူကြားဖူးနားဝရှိခဲ့သည်။

ထို့ပြင် ဖာသာနာရေနီသည်လည်း အိမ်ရှေ့ဥပရာဇာက အထူးဦးစားပေးဆက်ဆံလေ့ရှိသည့် ပုဂ္ဂိုလ်တစ်ဦး။

သို့သော် ခါးထက်ပြီး ပြတ်သားလှသည့် ဥပရာဇာဦးအောင်မြ ၏ အမိန့်ကို သူ့အနေဖြင့် ပိုမိုကြောက်ရသည်။

“ခင်ကြီးအနေနဲ့ မင်းမှူထမ်းတွေရဲ့ကိစ္စမှာ ဝင်မပါတာ ကောင်းပါလိမ့်မယ်..ပြီးတော့ ကုန်သည်ကြီးလွိဇာဟာ သေဒဏ်သင့်နိုင်တဲ့ ရာဇဝတ်သားဆိုတာ ခင်ကြီး သိမယ်ထင်ပါတယ်”

“ကဲပါ....ကြိုးမဖြည်ပေးနိုင်ဘူးဆိုရင်လည်း..လွိဇာကို ငါ့အတွက် လုပ်ပေးထားတဲ့ နေရာမှာ ငါခေါ်ထားမယ်..ဟုတ်ပြီလား..အဲ့ဒါတော့ခွင့်ပြု”

“ဒီလောက်တော့ ရပါတယ်...ခင်ကြီးက သူ့ကို ကြိုးဖြည်ပေးပြီး..လွှတ်မပေးဘူးဆိုတာ ကတိခံရင်ပေါ့”

“ငါက သာသနာ့ဝန်ထမ်းပါ..အခုလည်း မင်းတို့ဘုရင်က ခေါ် ခိုင်းလို့ လာရတဲ့သူ..ငါ့ဂုဏ်သိက္ခာကိုတော့...လေးစားသင့်တယ်”

“ကျုပ် ခင်ဗျားကို လေးစားပါတယ်..ခင်ကြီးရာနိတ်”

သန်လျင်မြို့ဝန်က ခပ်ပြတ်ပြတ်ပြောပြီး ထွက်ခွာသွား၏။

ဖာသာနာရေနီက သူ့အတွက် စီစဉ်ပေးထားသည့် လှေပေါင်းမိုးအောက်မှ ကောက်ရိုးခင်းထားသည့် နေရာသို့ လွိဇာကို ခေါ်သွားသည်။

လွိဇာ၏ လက်ကောက်ဝတ်များမှာ ကြိုးဒဏ်ကြောင့် နီမြန်းနေ၏။

“ဒီတညတော့ သည်းခံလိုက်ပါ..မိုးလင်းလို့ ဟံသာဝတီရောက်ရင်..ကြိုးဖြည်ပေးဖို့..ဥပရာဇာကို ကျုပ်ကိုယ်တိုင် ပြောပေးပါ့မယ်..လွိဇာ”

“နေပါစေ..ရပါတယ်..ဖာသာ..အဲ့ဒါက အရေးမကြီးပါဘူး...ဒါနဲ့...အခု ဟံသာဝတီမှာ ဘာဖြစ်နေတာလဲ..ကျွန်မ ဘာမှ မသိရဘူး”

“ဟံသာဝတီမှာ အင်းဝဘုရင်ရဲ့အစုအဖွဲ့တစ်ခုက ဦးအောင်လှကို လုပ်ကြံဖို့ လုပ်တဲ့ကိစ္စ..ပေါက်ကြားသွားတယ်..လွိဇာ”

“သြော်..ထင်တော့ထင်သားပဲ”

လွီဇာက နှုတ်ခမ်းတစ်ဖက်ကို တွန့်ကွေးပြီး ပြုံးလိုက်သည်။

“ဒီကိစ္စ..ခင်ဗျား သိပြီးသားပေါ့..လွီဇာ..ဟုတ်လား”

လွီဇာက ပြန်မဖြေ။

“ခင်ဗျား သိပြီးသားဆိုရင်လည်း...အစကတည်းက တားမြစ်ခဲ့သင့်တယ်..လွီဇာ..အခုတော့ သန်လျင်နဲ့ ဒဂုံမှာ ဗမာမှန်သမျှ ဟံသာဝတီစစ်သားတွေက အကုန်လိုက်ဖမ်းစီးနေကြတယ်..တချို့ ဗမာကုန်သည်တွေကို အဖမ်းမခံချင်ရင် လာဘ်ငွေအများကြီးယူပြီး မှ လွှတ်ပေးကြတယ်..ဆင်းရဲသားဗမာတွေကတော့ ဖမ်းခံရသူ ဖမ်းခံရ..တချို့လည်း သတ်ခံလိုက်ရပြီ..အဲ့ဒီ ဒီနေ့ တမနက်တည်းမှာပဲ ဖြစ်သွားတာနော်..နောက် ဘာတွေ ဆက်ဖြစ်ဦးမယ်မသိဘူး”

“ဖာသာလည်း ဒီမြေမှာ နေခဲ့တာကြာပြီပဲ..ကျွန်မတို့ သိနေတဲ့ကိစ္စတွေကို ကျွန်မတို့ ဝင်တားမြစ်လို့ ရခဲ့ရင်...အစောကြီးကတည်းက....စစ်ပွဲတွေတောင် ဖြစ်လာမှာမဟုတ်ဘူး..ဖာသာ”

ဖာသာနာရေနီ က သူ့ခေါင်းမှ ခေါင်းစွတ်ကို ချွတ်လိုက်သည်။

“အင်း..ဟုတ်တော့လည်း ဟုတ်ပါတယ်..ဒါနဲ့”

ဖာသာနာရေနီက စကားမစပ်ပဲ ရုပ်တန့်သွား၏။

“ပြောပါ..ဖာသာ”

“ဒီအရွယ်အထွေးမှာ လက်ျာဗိုလ်မင်းတော့ မပါလောက်ဘူး မဟုတ်လား”

“သူ့ကို အရာချထားတုန်းကတော့....အင်းဝဘုရင်ဟောင်းရဲ့ အိမ်တော်ဆက်ဆံရေးအရာရှိအဖြစ် ထားခဲ့တာမှန်ပါတယ်..ဒါပေမယ့်..တပ်မှူးရာထူးပြန်ပေးအပြီးမှာတော့..အဲ့ဒီတာဝန်က ကျွန်မလွှဲယူလိုက်ရတယ်..ဖာသာ..သူနဲ့ မဆိုင်ပါဘူး”

ဖာသာနာရေနီက သက်ပြင်းချလိုက်သည်။

“ဒါနဲ့..ဖာသာက ဘာလို့ စိတ်ပူနေတာလဲ...သူလည်း..သူ့အိမ်ထောင်နဲ့ သူဖြစ်နေပြီလေ”

“သံယောဇဉ်ဆိုတာမျိုးက တစ်စုံတစ်ယောက်နဲ့ ပတ်သက်ခွင့်မရှိရင်တောင်မှ သူ့အတွက် စိတ်ပူပန်ပေးခွင့်တော့ ရှိသေးတယ်မဟုတ်လား..လွီဇာ”

“ဖာသာက ဘုန်းကြီးမလုပ်ပဲ..ကဗျာဆရာလုပ်ခဲ့သင့်တာ..ဟင်း..ဟင်း”

“မနက်ဖြန်ဆို ဟံသာဝတီရောက်ရင်...သေမှာ ရှင်မှာ မသိရတဲ့အခြေအနေမှာ တောင်..ဟာသပြောပြီး ရယ်နိုင်သေးတယ်နော်..လွိဇာ”

“ဖာသာရယ်..သေဖို့ရှင်ဖို့ မသေချာတဲ့အခြေအနေမှာ ငိုနေတာထက်...ရယ်နေတာ ပိုမကောင်းဘူးလား..ဖာသာရဲ့”

“လွိဇာ...ခင်ဗျားကို ကျုပ်သိပ်အားကျတာပဲ...ဗုဒ္ဓဘာသာတွေယူဆကြသလို နောက်ဘဝဆိုတာ ရှိခဲ့ရင်...ကျုပ် မိန်းမတစ်ယောက် ဖြစ်ချင်တယ်...မိန်းမဖြစ်ခဲ့ရင်တောင် ခင်ဗျားလို မိန်းမမျိုး ဖြစ်ချင်တာပါပဲ”

“ဘာလဲ..လက်ပြန်ကြိုးတုပ်ခံထားပြီး လှေလိုက်စီးချင်လို့လား..ဟားဟား”

လွိဇာ စကားကြောင့် ဖာသာနာရေနီကပါ လိုက်လံရယ်မောလိုက်၏။

လှေဦးတွင် ရှိနေသော သန်လျင်မြို့ဝန်ကမ္ဘ သူတို့နှစ်ဦး၏ ရယ်သံများကြောင့် ပေါင်းမိုးအတွင်းသို့ တအံ့တသြလှမ်းကြည့်လိုက်သည်။

အခန်း (၂၆)

ဘရူနို က စာကို ဆုံးအောင်ဖတ်လိုက်သည်။

ထို့နောက် ဘေးနားတွင်ရှိသော သူ၏လက်ထောက်လာဗီး အား စာကို ကမ်းပေးလိုက်၏။

ထိုစာသည် သန်လျင်ရှိ ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီရုံးဆီမှ လှေလျင်ဖြင့် ပို့လိုက်သောစာဖြစ်သည်။

သန်လျင်မြို့ဝန်တပ်များ လွီဇာကို လာရောက်ဖမ်းဆီးစဉ်က လွီဇာက ငလှေးကို ခေါ်ယူပြီး ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီရုံးထံ အကူအညီတောင်းခံစေလာ ကြောင်း စာဖြစ်သည်။

လာဗီးက စာကို ဖတ်ပြီး ဘရူနို ရှေ့တွင် ချထားလိုက်၏။

“လွီဇာ ကတော့ ပြင်သစ်အစိုးရရဲ့ သံတမန်အခွင့်အရေးကိုသုံးပြီးတော့သူ့အသက်ကို ကယ်ပေးဖို့ ပြောလာတာပဲ.. သူ့အသက်ကို ကယ်ပေးရင်..ဒဂုံနဲ့ ပုသိမ်ခံတပ်ကိစ္စကို သူရအောင် ကူညီပေးမယ်ဆိုတော့..ဘယ်လိုစဉ်းစားထားလဲ..မွန်စီယာဘရူနို့”

“ဒီကိစ္စကို ဝင်ပါမယ်ဆိုရင်တော့...ပွန်ဒီချယ်ရီက နိုင်ငံရေးအခြေအနေကိုလည်း ငါတို့ ထည့်တွက်ဖို့လိုမယ်”

အိန္ဒိယမြေပေါ် ရှိ အင်္ဂလိပ်တို့နှင့် အားပြိုင်မှုတွင်လည်း ပြင်သစ်တို့မှာ အခြေအနေဆိုးရွားလျက်ရှိသည်။

ကာနာတစ်စစ်ပွဲတွင် ပြင်သစ်တို့လက်အောက်မှ လွတ်မြောက်သွားခဲ့သော အင်္ဂလိပ် လူငယ်ဗိုလ်မှူး ရောဘတ်ကလိုက်ဖ် သည် အင်္ဂလိပ်တပ်မများကို ပြန်လည်စုစည်းပြီး ပြင်သစ်ပိုင်နယ်မြေများကို ထိုးစစ်ဆင်ခဲ့သည်။

၁၇၅၂ တွင်စတင်သော ဒုတိယကာနာတစ်စစ်ပွဲတွင် ပြင်သစ်တို့သည် အိန္ဒိယရှိ ကိုလိုနီခံတပ်အတော်များများတွင် လက်နက်ချအညံ့ခံခဲ့ရ၏။

ဆုံးရှုံးမှုများစွာနှင့် ရင်ဆိုင်နေရသော ပွန်ဒီချယ်ရီရှိ ပြင်သစ်ဘုရင်ခံဒူပလေ ကို ပါရီရှိအစိုးရက ပြန်လည်ခေါ်ယူပြီး ချားလ်ဂေါ် ဒီဟူး အား ဘုရင်ခံအဖြစ် ခန့်အပ်

မည့်သတင်းများ ထွက်ပေါ်နေပြီဖြစ်သည်။

“ဟံသာဝတီဘုရင်ဟာ အထက်ပိုင်းမှာလည်း အင်းဝကိုလည်း လက်လွတ်လိုက်ရပြီ....ဒီတော့..ဟံသာဝတီမှာ သူ့ကို နှန်းချဖို့ကြိုးစားတဲ့ ဘယ်အင်အားစုကိုမဆို အရှင်ထားမှာမဟုတ်တော့ဘူး...အင်းဝဘုရင်ဟောင်းအုပ်စုဆိုရင်တော့ ပိုဆိုးတာပေါ့... လွိဇာ ကိုလည်း သူတို့ ကွပ်မျက်ချင် ကွပ်မျက်ပစ်မှာပဲ....ကျွန်တော်သိရသလောက်တော့...ဒီကိစ္စရဲ့စနက်က အင်္ဂလိပ်ကောင်တွေပဲဆိုတာ...မွန်စီယာဘရူနိုလည်း သိသားပဲ”

“လွိဇာကို ငါတို့ လက်လွတ်လိုက်ရင်..ဘာဖြစ်နိုင်လဲဆိုတာ စဉ်းစားရမယ်..လာဗီး”

“လွိဇာပါးခိုင်းလိုက်တဲ့ သတင်းစကားအရဆိုရင်တော့..ဒီကိစ္စမှာ အင်္ဂလိပ်တွေဟာ အင်းဝဘုရင်ဟောင်းအုပ်စုအပြင်..လွိဇာကိုပါ ဟံသာဝတီနန်းတွင်းက ရှင်းထုတ်ချင်တဲ့သဘောပဲ...ဟံသာဝတီဘုရင့်မိသားစုနဲ့ ရင်းနှီးနေတဲ့ လွိဇာကို ပြင်သစ်လူလို့ သူတို့ သတ်မှတ်ထားကြပုံရတယ်..”

“ဥပရာဇာရဲ့ သဘောထားကတော့...အင်းဝအထက်ပိုင်းကို သူတို့ အနိုင်မရမချင်း..အင်္ဂလိပ်ကိုရော..တို့ကိုပါ ကြိုးရှည်ရှည်နဲ့လှန်ထားပြီး...လက်နက်ကိစ္စအပေးအယူတွေလုပ်မယ့်သဘောမှာရှိနေတယ်...လွိဇာဟာ ပြင်သစ်ဘုရင်ခံ ဒူပလေ နဲ့ တွေ့ဆုံဖူးတဲ့ သံတမန်ကြီးတစ်ယောက်ဖြစ်တယ်ဆိုတဲ့အချက်ကို သူသတိတော့ထားမယ်ထင်ပါတယ်”

“ဘာပဲဖြစ်ဖြစ်ပါ..မွန်စီယာ...အင်္ဂလိပ်တွေအနေနဲ့ ပြင်သစ်ဘက်ကလူလို့သူတို့ထင်တဲ့ လွိဇာကို နှိမ်နင်းနိုင်သွားပြီဆိုပြီး စီတ်အားတက်ကြွသွားမှာကို အဖြစ်မခံပါနဲ့....အိန္ဒိယမှာဖြစ်ခဲ့တဲ့ အဖြစ်လိုမျိုး..ဒီမြေမှာ ကျွန်တော်တို့ ထပ်အရှုံးမခံနိုင်ဘူး..နောက်ပြီး..လွိဇာလို အမျိုးသမီးအပေါ်မှာ ကျူပ်တို့ ကျေးဇူးကြွေးတင်နေတာဟာ..ကျူပ်တို့အတွက် အကျိုးအမြတ်ပဲမဟုတ်လား”

“ဒီကိစ္စမှာ လွိဇာ ကြောင့်...ဟံသာဝတီနန်းတွင်းနဲ့ ငါတို့ ဆက်ဆံရေးထိခိုက်နိုင်တာကိုလည်း ထည့်စဉ်းစားရမယ်..လာဗီး”

“မွန်စီယာစဉ်းစားပါဦး...လွိဇာ ကို ကူညီလိုက်ခြင်းအားဖြင့်..လွိဇာဟာ တကယ်ပဲကျူပ်တို့ လူဖြစ်လာနိုင်တယ်နော်”

“ငါစဉ်းစားပြီးပြီ..ဒီကိစ္စနဲ့ ငါတို့ ဝေးဝေးနေကြမယ်..လာဗီး”

လာဗီးက စိတ်မသက်သာစွာဖြင့် ခေါင်းကိုခါလိုက်သည်။

“ဒီအမျိုးသမီးရဲ့ အရည်အသွေးကို ခင်ဗျားရော ကျုပ်ပါ မြင်ခဲ့တွေ့ခဲ့ဖူးတာပဲ..မွန်စီယာ..သူ့ကို ဆုံးရှုံးလိုက်ရမှာကိုတော့ ကျုပ်နှမြောတယ်”

“မင်းက ဒီအမျိုးသမီးကို ကြိုက်နေတာလား..လာဗီး....ဟိုကောင်လေး မီလပ်စ် တုန်းကလည်း..သူကျော့ကွင်းထဲ မှာ အရူးအမူးတိုးဝင်မိပြီးပြီ...မင်းလည်း..သူနဲ့ အတူတူပဲဖြစ်နေပြီလား”

လာဗီး က ခပ်ထေ့ထေ့ပြုံးလိုက်သည်။

“မဟုတ်ဘူး...မွန်စီယာ...ကျုပ် မှာ သားနဲ့မယားနဲ့ပါ...ဒါပေမယ့်...လွီဇာ နဲ့ တွေ့တဲ့အခါတိုင်း...သူ့ရဲ့ စိတ်ဓာတ်ပြတ်သားမှုနဲ့ ရဲရင့်မှုတွေကို ကျုပ်မြင်ရတယ်...သူ့ရဲ့ ပရိယာယ်တွေ ဟာ သူ့အလှ လိုပဲ ကြောက်စရာကောင်းမယ်ကျုပ်သိပြီးသားပါ...ဒါပေမယ့်...အာရုဒေသက လူစိမ်းတွေကြား ကြီးပြင်းလာရတဲ့ အနောက်တိုင်းသူအမျိုးသမီးတစ်ယောက်အနေနဲ့ သူ့အခက်အခဲတွေ၊ သူဘဝရဲ့ သူစိမ်းဆန်မှုတွေကို ကျုပ်နားလည်တယ်၊ ကိုယ်ချင်းစာတယ်...ဒါကြောင့်..မွန်စီယာမကူညီဘူးဆိုပေမယ့်..ကျုပ် သူ့ကို ရအောင် ကူညီမယ်”

“ဒါကတော့ မင်းရဲ့ လွတ်လပ်ခွင့်ပဲ...လာဗီး...ဒါပေမယ့်..တစ်ခုတော့ရှိတယ်....မင်းရဲ့ ကူညီမှုဟာ...မင်းရဲ့ ကူညီမှုပဲဖြစ်ပါစေ...ငါရော..ပြင်သစ်အစိုးရရဲ့ နာမည်ကိုရောမသုံးမိပါစေနဲ့”

လာဗီးက ဘရူနိုအား မဲ့ပြုံးပြုံးကာ အပြင်သို့ ထွက်သွားသည်။

.....
.....

“ကျွိ”

နှစ်ပေါင်းများစွာက ရင်းနှီးခဲ့ဖူးသော အငွေ့အသက်တစ်ခုကို လွီဇာ ခံစားလိုက်ရသည်။

“ဝင်”

အနောက်မှ တစ်စုံတစ်ယောက်က သူ့အား စောင့်တွန်းလိုက်၏။

လွီဇာက အချုပ်ခန်းတွင်းသို့ ဝင်လိုက်သည်။

နဘေးတွင်ပါလာသော ထောင်အမှူထမ်းက လွီဇာကို လက်မောင်းမှာ ဆွဲကာ ခေါ်သွား၏။

အမှူထမ်းတစ်ဦးက ထိပ်တုံးသော့ကို ဖွင့်လိုက်သည်။

“ကျန်တဲ့သူတွေ ခြေထောက်တွေ ထုတ်မထားနဲ့နော်..ငြိမ်ငြိမ်နေကြ”

ထို့နောက် လွီဇာအား ထိုင်ခိုင်းကာ ခြေထောက်တစ်ဖက်ကို ထိပ်တုံးအတွင်းသို့ ထည့်လိုက်၏။

လွီဇာ၏ မျက်နှာချင်းဆိုင်နှင့် ဘေးဘက်တွင် လူနှစ်ဦးရှိနေသည်ကို အလင်းရောင်သဲ့သဲ့ဖြင့် လွီဇာ သတိထားမိသည်။

မျက်လုံးများမှာ အမှောင်ထုထဲတွင် ကျင့်သားမရသေးသဖြင့် မသဲကွဲလှ။

ထောင်အမှူထမ်းများ ပြန်ထွက်သွားကြ၏။

“လွီဇာ..ရှင်လည်းရောက်လာပြီပေါ့”

ရှေ့တည့်တည့်မှ ခေါ်လိုက်သည့် အသံကို လွီဇာ မှတ်မိသွားသည်။

“မင်းသမီးနန်းသွယ်..မဟုတ်လား”

“ဟုတ်တယ်..ရှင့်ဘေးမှာက မြေတူးမင်းသမီးရှင်နှင်းအံ့လေ”

ထိုအခါမှ လွီဇာနှင့် ထိပ်တုံးတစ်ခုတည်းအခတ်ခံထားရပြီး လှဲလျောင်းနေသော အမျိုးသမီးငယ်ကို လွီဇာ သတိထားမိလိုက်သည်။

“မမလှိဇာ..”

အသံကဖျော့တော့တော့။

“မှန်ပါ..မင်းသမီး..ကျွန်တော်မျိုးမ ပါ”

“သူ နေမကောင်းဘူး..လွီဇာ..အဖျားတွေလည်းတက်နေတယ်”

အမှောင်ထဲတွင် မျက်လုံးကျင့်သားရစပြုနေပြီဖြစ်သည့် လွီဇာက ရှင်နှင်းအံ့၏ ခန္ဓာကိုယ်ကို စမ်းသပ်ကြည့်လိုက်၏။

“ပူခြစ်နေတာပဲ...ထောင်အမှူထမ်းတွေကို မပြောပြဘူးလား..မင်းသမီး”

လွီဇာက တဖက်မှ နန်းသွယ်ကို မေးလိုက်သည်။

“ပြောထားတာပဲ..ဘာမှ လာမလုပ်ပေးပါဘူး...စခေါ်လာတဲ့နေ့ကတည်းက တရက်ပဲစစ်ဆေးပြီး ဒီထဲ ပစ်ထည့်ထားတာပဲ..ကိုယ်တော်ကြီးဘုရားနဲ့ မိဖုရားတွေကိုတော့ ဘယ်မှာ ချုပ်ထားတယ် မပြောတတ်ဘူး..မမလွီဇာကိုရော ဘယ်ကခေါ်လာတာလဲ”

“ကျွန်တော်မျိုးမ က သန်လျင်မှာ အလုပ်ကိစ္စနဲ့ရောက်နေတုန်း ဖမ်းခံရတာပါ”

“နန်းသွယ်ကြောင့် ဒီလိုဖြစ်ရတာ..စိတ်မကောင်းပါဘူး”

လွီဇာ က ဘာမှမပြန်မပြောပဲ..အချုပ်ခန်းကြမ်းပြင်ပေါ်တွင် လှဲချလိုက်သည်။

“လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်နီးပါးလောက်က...အင်းဝက မှောင်မဲနေတဲ့ ဒီလိုအချုပ်ခန်းတစ်ခုတည်းမှာ နေခဲ့ဖူးတယ်..အဲ့ဒီအချိန်မှာ မင်းသမီးတို့ကတော့ ခမ်းနားတဲ့ နန်းတော်ကြီးထဲမှာပေါ့”

“ဆက်ပြောပါဦး..မမလွီဇာ”

“အတွင်းဝန်အာကာရွှေတောင်ကို သတ်မှုနဲ့ အဖမ်းခံခဲ့ရတယ်...တစ်ခြားယောကျ်ားနှစ်ယောကျ်နဲ့ အတူတူပေါ့လေ”

“ယောကျ်ားနှစ်ယောက်..ဟုတ်လား..ဘယ်သူတွေလဲ”

“ကျွန်တော်မျိုးမကို ကာကွယ်ပေးခဲ့တဲ့ ယောကျ်ားတွေပါ..ထားလိုက်ပါတော့...အဲ့ဒီတုန်းက ကျွန်တော်မျိုးမ ဟာ သေဒဏ်ကျခံရဖို့သေချာနေချိန်ပေါ့...ကျွန်တော်မျိုးမနဲ့အတူ အခုလိုတစ်ခန်းထဲရှိနေတဲ့ နောက်ထပ် မိန်းကလေးတစ်ယောက်ရှိသေးတယ်...သူလည်း တိုင်းပြည်ပုန်ကန်မှုနဲ့ သေဒဏ်ချခံထားရသူပါပဲ”

“ဟုတ်လား...အဲ့ဒီတုန်းက တိုင်းပြည်ကို ပုန်ကန်တဲ့ မိန်းမ ရှိတယ်ဆိုတာ..နန်းသွယ်ဖြင့် တခါမှ မကြားဖူးပါဘူး”

“ရှိတာပေါ့...မင်းသမီး..သိပ်ရှိခဲ့တာပေါ့..သူနာမည်က နားလဲ တဲ့...ကွေ့ခေါင်းဆောင် ဂုဏ္ဍအိမ်ရဲ့နှမပဲ”

“သူ သေသွားလား”

“ဟင်အင်း..သူရော..ကျွန်တော်မျိုးမပါ..သေဒဏ်ကနေ လွတ်မြောက်ခဲ့ကြဲတယ်”

“အဲ့ဒီအကြောင်း ပြောပြပါလားဟင်”

.....

အချိန်မည်မျှကြာသွားသည်မသိ။

ထောင်တံခါးမကြီးဖွင့်သံနှင့်အတူ မီးတုတ်အရောင်များကြောင့် လွိဇာက ပြောလက်စ စကားကို ရပ်တန့်လိုက်သည်။

ထောင်အမှူထမ်းနှစ်ဦးက သော့ဂလောက်ကို ဖွင့်ကာဝင်လာ၏။

ထို့နောက် လွိဇာအားထိပ်တုံးမှ ဖြုတ်ပေးကာ အပြင်သို့ ဆွဲခေါ်လာကြသည်။

အချုပ်ခန်း၏ ပြင်ပရှိ ဧရပ်ပုံစံအဆောက်အဦပေါ်တွင် လွိဇာအား ထိုင်ခိုင်းလိုက်၏။

မကြာမီ လူနှစ်ဦး ဧရပ်ပေါ်သို့ တက်လာသည်။

“ဗိုလ်မင်းတလပန်း”

တလပန်းမှာ ခြေထောက်ဒဏ်ရာသက်သာခါစဖြစ်သော်လည်း လှေကားအတက်အဆင်းများအတွက် လူတစ်ဦး တွဲပေးနေရသည်။

တလပန်းက လွိဇာ၏ ရှေ့တွင် ထိုင်လိုက်သည်။

“ကျုပ် ခြေထောက်ဒဏ်ရာကို ဆေးကုနေတာ..လွိဇာ...အင်းဝဘုရင်ဟောင်းနဲ့ မြို့ကြီးမင်းသမီးတို့ သတင်းကိုတော့ ကြားပါတယ်..ဒီကိစ္စမှာ ခင်ဗျားကိုပါ ဖမ်းလိမ့်မယ်လို့တော့ မထင်ထားခဲ့ဘူး”

“အခု ဘယ်လိုသိတာလဲ”

“ပြင်သစ်လက်ထောက်သံအမတ် လာဗီး ကျုပ်ဆီ လာတွေ့တယ်...ခင်ဗျားက ပြင်သစ်တွေကို အကူအညီတောင်းခဲ့တယ် ပြောတယ်..ဒါပေမယ့်...သံကိုယ်စားလှယ်ဘရူနိုက ခင်ဗျားကို ကယ်ဖို့ သဘောမတူဘူး..ဒါကြောင့် လာဗီးက သူ့သဘောနဲ့ သူ ကျုပ်ဆီလာပြီး အကူအညီတောင်းတာပဲ”

“ရှင်က ဟံသာဝတီဘုရင်ရဲ့စစ်သူကြီးလေ..တလပန်း...ရှင်ကျွန်မကို ကူညီရင်...ရှင်ပါ မင်းပြစ်မင်းဒဏ်သင့်နေပါ့မယ်”

“ဒီကိစ္စကို ဂမုန်းသိရင်လည်း..ခင်ဗျားအသက်ကို ကယ်ဖို့ သူဘယ်နည်းနဲ့မဆို ကြိုးစားပေးမှာပါပဲ... အင်းဝဘုရင်ဟောင်းကြံစည်တဲ့ကိစ္စမှာ ခင်ဗျားက အိမ်တော်ဆက်ဆံရေးအရာရှိမို့..သိကောင်းသိနေလိမ့်မယ်..ဒါပေမယ့်..ခင်ဗျားက ကိုယ်တိုင်ကိုယ်ကျ မပါဝင်ခဲ့ဖူးဆိုတာတော့...ကျုပ်ယုံတယ်..ဟုတ်တယ်မဟုတ်လား”

“ဟုတ်တယ်..ကျွန်မ မပါဝင်ခဲ့ဘူး..ဒါပေမယ့်...ဒီကိစ္စမျိုးဆိုတာက ထိန်ချန်ထားတာနဲ့တင် သေဒဏ်သင့်နေပြီမဟုတ်လား”

“ဟော်ဒီ ဟံသာဝတီထီးနန်းဟာ ခင်ဗျားတို့ ကျုပ်တို့ ရဲ့ပခုံးတွေနဲ့ ပင့်တင်ပေးခဲ့တာကို..ဘုရင်က မေ့သွားမယ်တော့ မထင်ပါဘူး..ပြီးတော့..ခင်ဗျားက လွိဇာလေ...ဘုရင့်မိသားစုနဲ့ ခင်ဗျားကြားမှာ ရှိတဲ့ သံယောဇဉ်ဟာ ကျုပ်တို့ထက်တောင် စောခဲ့သေးတာပဲ..မဟုတ်လား”

“မဟုတ်ဘူး...ဗိုလ်မင်း...စည်းစိမ်အာဏာဟာ လူတွေကို သူစိမ်းဆန်စေတယ်..ရက်စက်တတ်စေတယ်...ကျေးဇူးကန်းစေတတ်တယ် .အခုဆို ကျွန်မဟာ သူတို့ စည်းစိမ်အာဏာကို ခြိမ်းခြောက်မှုမှာ ပါဝင်နေပြီ..ဒါကို သူတို့ ခွင့်လွှတ်ပါ့မလား”

“ဒီပြဿနာမှာ အခရာကျတာက ဥပရာဇာဦးအောင်မြဆိုတာ ကျုပ် သိပြီးပါပြီ...ဥပရာဇာဟာ ဘုရင်နားမှာရှိခဲ့တဲ့ လူဟောင်းတွေကို တစ်ယောက်ပြီးတစ်ယောက်..ဖယ်ထုတ်ခဲ့တာ.သိသာနေတာပဲ.အခုလည်း အင်းဝဘုရင်ကိစ္စနဲ့အတူ.ခင်ဗျားကို ဖယ်ထုတ်ဖို့ သူကြိုးစားနေတာ..လွိဇာ....ဒီအခြေအနေမှာ လက်ျာဗိုလ်တို့၊ လွိဇာတို့လို လူတွေ ဘုရင့်ဘေးနားမှာ ရှိနေဖို့လိုတယ်ဆိုတာ..သူသိအောင်..ကျုပ် ဂမုန်းကနေ တဆင့် ပြောခိုင်းမယ်..ခင်ဗျား ဘာမှ မဖြစ်စေရဘူး..လွိဇာ”

“အခုလောလောဆယ်တော့...ကျွန်မ ကိစ္စထက် အရေးကြီးတာတစ်ခု ရှင့်ကို အကူအညီတောင်းရလိမ့်မယ်..တလပန်း”

“ပြောပါ..လွိဇာ”

“အခု ဘုရင့်နှမတော် မြေတူးမင်းသမီး အချုပ်ခန်းထဲမှာ အပြင်းဖျားနေတယ်..အားရှိတဲ့ အစားအစာတစ်ခုခုနဲ့ ဆေး လိုအပ်တယ်...သမားတော်ရရင် ပိုကောင်းတာပေါ့”

“ဒီအတွက် စိတ်မပူပါနဲ့...ဒီကထောင်မှူးက ကျုပ်လက်အောက်မှာ စစ်တိုက်ခဲ့ဖူးတဲ့သွေးသောက်ကြီးတစ်ယောက်ပဲ..ကျုပ် ကြည့်ပြောပေးပါမယ်..ခင်ဗျားနေရေးထိုင်ရေးအဆင်ပြေ အောင်ပါ..ကျုပ် စီစဉ်ခိုင်းလိုက်မယ်”

“နောက်တစ်ခုရှိသေးတယ်...တလပန်း...ကျွန်မကို သန့်လျင်က ဖမ်းလာကြတုန်းက ကျွန်မ ငလေးကို မှာလိုက်တယ်..ငလေးရော ၊ မယ်ဖူးနဲ့ မယ်စောလေးတို့ကို ကျွန်မဆီက ဘာမှအကြောင်းမကြားအချင်း ဟံသာဝတီကို ပြန်မလာဖို့ မှာထားတယ်...အခု..သူတို့ကို ဟံသာဝတီကို ပြန်လာဖို့လူလွှတ်ပြောပေးပါ...ရှင်တို့ ဟံသာဝတီမှာရှိနေပြီဆို သူတို့ကို စောင့်ရှောက်နိုင်မယ်လို့ ကျွန်မ ယုံတယ်”

“ကောင်းပါပြီ..လှိုဏ..ဒီကိစ္စလဲ စိတ်မပူပါနဲ့..ဗိုလ်မင်းလက်ျာဗိုလ်နဲ့ မြတ်ဝါတို့ စီစဉ်ပေးပါလိမ့်မယ်”

.....
.....

“မဟာဓမ္မရာဇာဓိပတိ မရှိတော့ရင် ဘာတွေဖြစ်လာနိုင်မလဲ”

ညဉ့်ညီလာခံထဲ မှ ဗြမိုင်းဓိရာဇာဘွဲ့ခံ ဟံသာဝတီဘုရင် ဦးအောင်လှ၏ အသံ။

“ဟံသာဝတီထီးနန်းကို ခြိမ်းခြောက်နိုင်မယ့် အင်းဝသားတွေရဲ့ မျှော်လင့်ချက်တစ်ခု လျော့သွားတာပေါ့..ဘုရား”

ဥပရာဇာဦးအောင်မြ က လျှောက်တင်လိုက်သည်။

“ဗိုလ်မင်းလက်ျာဗိုလ်အနေနဲ့ကရော..ဘာများလျှောက်စရာရှိလဲ”

“အခု အထက်အညာမှာ ဖြစ်ပွားနေတဲ့ စစ်ပွဲဟာ...အင်းဝဘုရင်ဟောင်းနဲ့ ဘယ်လိုမှ သက်ဆိုင်ခြင်းမရှိပါ.ဘုရား..အောင်ဇေယျခေါင်းဆောင်တဲ့ မုဆိုးဖို အုပ်စုဟာ အင်းဝဘုရင်ဟောင်းကို နန်းပြန်တင်လိုတဲ့ အရိပ်အယောင်မတွေ့ရပါဘူး...ဒါကြောင့် မဟာဓမ္မရာဇာဓိပတိ ရှိခြင်း၊ မရှိခြင်းဟာ ဘာမှာတော့ အကျိုးမထူးနိုင်ဘူးလို့ လျှောက်တင်ပါရစေ”

“ဗိုလ်မင်း တလပန်းကရော”

“ဟံသာဝတီနဲ့ အောက်ပြည် အနီးတဝိုက်မှာရှိတဲ့ ဗမာအမှုထမ်းတွေ၊ ဗမာကျေးကျွန်တွေရဲ့ စိတ်ထဲမှာ ဟံသာဝတီကို မုန်းတီးမှုတွေ ပိုလာနိုင်ပါတဲ့ကိစ္စမျိုးဆိုတာကိုလည်း သတိချပ်သင့်ပါတယ်..ဘုရား...နိုင်ငံရေးကို ကိုင်တွယ်ရာမှာ

မဟာဓမ္မရာဇာဓိပတိ ရှိနေခြင်းအားဖြင့် အဲထက်တကြော်က ဗမာတွေက အောင်ဇေယျကို လုံးလုံးလျားလျား မပူးပေါင်းသေးတဲ့ အကျိုးကျေးဇူးရှိနေမှာကိုလည်း တွက်ဆသင့်ပါတယ်..ဘုရား”

“အမတ်ကြီးဗညားအရိန္ဒမာ နဲ့ ဗညားကျဉ်၊ ဗညားအဲ တို့ကရောလျှောက်စရာရှိကြကဲ့လား”

“ကျွန်တော်မျိုး ဗညားအရိန္ဒမာ က အိမ်ရှေ့မင်းနဲ့အတူ ထပ်တူထပ်မျှ သဘောရပါတယ်...မဟာဓမ္မရာဇာဓိပတိ ရှိနေသေးသမျှ ဟံသာဝတီက အင်းဝအမှုထမ်းတွေအနေနဲ့..နောက်ထပ် ဒီလို ကြံစည်မှုမျိုး တွေ ရှိမလာဘူးလို့ မပြောနိုင်ပါဘူး..ဘုရား”

“ဟုတ်ပါတယ်..အကိုတော်ဘုရား...မဟာဓမ္မရာဇာဓိပတိ ရှိနေသမျှ ဗမာတွေဟာ သူတို့ရဲ့ ထီးနန်းကို မျှော်လင့်နေကြဦးမှာပဲ...ခုန တလပန်းလျှောက်သလို အောက်ပြည်က ဗမာတွေ ကိစ္စကိုလည်း ကျွန်တော်မျိုး တွေးတောစီမံထားပြီးသားပါ..ဗမာ ဆိုလျှင် ကျွန်တော်မျိုး အိမ်ရှေ့ဥပရာဇာ၏ ချိတ်တံဆိပ်ပါတဲ့ နားတောင်းကို ပန်ပြီး သစ္စာခံစေပါမယ်..သစ္စာခံနားတောင်းမပါတဲ့ ဗမာမှန်သမျှ ဆားချက်ရန် ပင်လယ်စပ်ကို ပို့..ဖိနှိပ်ထားစေလျှင် သင်းတို့ ထောင်ထားဝံ့တော့မည်မဟုတ်ပါ”

ဦးအောင်လှက ခေတ္တမျှ တိတ်ဆိတ်နေသည်။

“အမိန့်တော်မှတ်မယ်..နားခံတော်များ အသင့်ပြင်”

အားလုံး ခန္ဓာကိုယ်များကို မတ်လိုက်ကြ၏။

.....

အချုပ်ခန်းတံခါးမကြီးကို ဖွင့်လိုက်သံကြောင့် နန်းသွယ် ကို ပြန်လာပို့ကြပြီဖြစ်ကြောင်း လွဗာ သိလိုက်သည်။

လွန်ခဲ့သည့် နှစ်နာရီခန့်က နန်းသွယ်အား ထောင်အမှုထမ်းများက အပြင်သို့ ခေါ်ထုတ်သွားကြ၏။

လွဗာမှာ မကျန်းမမာဖြစ်နေသော ရှင်နှင်းအုံ့ကို လာပို့ထားသည့် အစားအစာများကျွေးမွေးရင်း ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

အချုပ်တိုက်ကား အမှောင်အတိ ပြန်ကျသွားခဲ့ပြီ။

“ဘယ်သူတဲ့လဲ..မင်းသမီး”

“မြင်းမှူးမင်းသားအောင်စ”

“သူ..မင်းသမီးကို သံယောဇဉ်မကုန်သေးဘူးကိုး..ဘာတဲ့လဲ”

“သူက မေးတယ်....သူ့ကို တကယ်မချစ်ခဲ့ပဲ..ဒီကိစ္စအတွက် ပရိယာယ်သုံး ချဉ်းကပ်ခဲ့တာ အမှန်ပဲလားတဲ့..တကယ်လို့ နန်းသွယ်က သူ့ကို တကယ်ချစ်ခဲ့ပါ တယ်ဆိုရင်...သူ့အသက်နဲ့ လဲပြီး နန်းသွယ်ကို သူကယ်တင်မယ်တဲ့လေ”

“မင်းသမီးက ဘာပြောလိုက်လဲ”

“နန်းသွယ်..ဒီတစ်ခါတော့ သူ့ကို မလိမ်ခဲ့ဘူး..လွိဇာ”

“မလိမ်ခဲ့ဖူးဆိုတာ”

“နန်းသွယ်...သူ့ကို တကယ်မှ မချစ်တာပဲ”

“ဟာ”

“နန်းသွယ်တို့အားလုံးကို ရှင်ဘုရင်က သေဒဏ်ချလိုက်ပြီတဲ့..လွိဇာ”

နန်းသွယ်၏ အသံက ပိုမိုတိုးလျသွား၏။

လဲလျောင်းနေသော ရှင်နှင်းအံ့ ထံမှ ငိုသံသဲ့သဲ့ထွက်လာသည်။

“ပိုဆိုးတာက နန်းသွယ်ကိုစီရင်ဖို့ မင်းသားအောင်စကို ဥပရာဇာက တာဝန် ပေးလိုက်သတဲ့”

“ဟာ..ရက်စက်လိုက်ကြတာ”

“နန်းသွယ်ကြောင့်...လွိဇာပါ..အသက်ဘေးတွေ့ရပြီ..တောင်းပန်ပါတယ်”

ရှင်နှင်းအံ ၏ တဟီးဟီးငိုသံက ပိုမိုကျယ်လောင်လာတော့သည်။

.....

၁၇၅၄ အောက်တိုဘာလ ၁၃ ရက်၊နံနက်အာရုဏ်တက်။

“အားလုံးထတော့..အပြင်ထွက်ရမယ်”

ပါးကွက်သားတစ်ဦး၏ အသံကျယ်ကျယ်လောင်လောင်ကြောင့် အချုပ်ခန်းတစ်ခုလုံး နိုးလာကြသည်။

အချုပ်ထောင်အမှုထမ်းတို့က ထိပ်တုံးများကို လိုက်လံ ဖြုတ်ပေးလိုက်၏။

လမ်းကောင်းကောင်းမလျှောက်နိုင်သော ရှင်နှင်းအံ့ကို နန်းသွယ်နှင့် လွိဇာတို့ က တွဲထူလိုက်ကြသည်။

အကျဉ်းထောင်အပြင်ဘက် တလင်းပြင်ပတ်ချာလည်တွင် ပသီသေနတ်ကိုင် စစ်သားများ၊ ဓားလွတ်ကိုင်စစ်သည်များစွာ ဝန်းရံထား၏။

မဟာဓမ္မရာဇာဓိပတိ နှင့် မိဖုရားသုံးပါး ကို သလွန်ဟောင်းတစ်ခုပေါ်တွင် ထိုင်ခိုင်းထားသည်။

သူတို့ရှေ့တွင်တော့ မဟာဓမ္မရာဇာဓိပတိ၏ ညီတော် မင်းရဲကျော်စွာဘွဲ့ခံ မောင်စိုးနှင့် မင်းညီမင်းသားများ။

“မင်းသမီးတွေက ဒီဘက်ကိုလာကြ”

မင်းသမီးများကို စီတန်းထိုင်ရမည့်နေရာတွင် မင်းသမီးမင်းရွှေနန်းက ရောက်နှင့်နေသည်။

ရှင်းနှင်းအံ့အား နန်းသွယ်နှင့် လွိဇာက တွဲခေါ်လာသည်ကို မြင်သည့်အခါ မဟာဓမ္မရာဇာဓိပတိမှာ စိုးရိမ်စွာဖြင့် မတ်တပ်ရပ်ဟန်ပြုလိုက်၏။

“ဘုရင်မင်းမြတ်..ငြိမ်ငြိမ်လေးထိုင်နေဖို့ သတိပေးပါရစေ”

အနီးရှိ ဟံသာဝတီစစ်ဗိုလ်တစ်ဦးက သတိပေးလိုက်သည်။

“မင်းသမီးက သုံးပါးတည်းပါ...မင်းက ဘယ်သူလဲ”

“ကျွန်မသူ့ကို တွဲလိုက်ပို့တာပါ”

ထိုအချိန်တွင် ဟံသာဝတီစစ်ဗိုလ်က သူတို့အနီးသို့ အပြေးရောက်လာသည်။

“ကုန်သည်ကြီးလွိဇာ က ဒီဘက် သာမန်ကျေးကျွန်တွေရှိတဲ့နေရာမှာ နေရာယူပေးပါ”

အင်းဝမင်း၏ အိမ်တော်အမှုထမ်းများ ရှိရာအတန်းထောင့်ဆုံးတွင် လွီဇာက ဝင်ထိုင်လိုက်၏။

ခေတ္တမျှကြာသောအခါ ကြိုးခွေများကိုင်လာသည့် စစ်သားများ ရောက်ရှိလာကြသည်။

လွီဇာအပါအဝင် အိမ်တော်အမှုထမ်းများ၏ လည်ပင်းများတွင် ကြိုးကွင်းများစွပ်လိုက်ပြီး သွယ်တန်းလိုက်ကြ၏။

မဟာဓမ္မရာဇာဓိပတိနှင့် မိဖုရားများ၊ မင်းညီမင်းသားများ၊ မင်းသမီးများမှာမူ အစောင့်အကြပ်များ ဝန်းရံထားသော လှည်းယာဉ်များပေါ်သို့ ရောက်ရှိပြီဖြစ်သည်။

“အားလုံးလူစုံပြီလားဟေ့”

အော်သံကြားရာသို့ လွီဇာ လှည့်ကြည့်လိုက်သည်။

မြင်းမူးမင်းသားအောင်စ။

အောင်စ ၏ မျက်နှာကား ခံစားချက်မဲ့နေသည့် ကျောက်စစ်ရုပ်ကဲ့သို့။

“စုံပါပြီ...ကိုယ်တော်လေးဘုရား”

“ဒါဆို စထွက်ကြမယ်”

လူတန်းကြီးသည် ဟံသာဝတီမြို့အနောက်တံခါးဆီ ဦးတည်လာခဲ့သည်။

အနောက်တံခါးမှ ထွက်ပြီးသည့်နောက် သံချိုင်းကိုလည်းကျော်ဖြတ်ခဲ့ပြီဖြစ်၏။

နေကားတဖြည်းဖြည်း မြင့်သည်ထက် မြင့်လာသည်။

အချို့အမှုထမ်းများမှာ ရေငတ်လွန်းသဖြင့် ညည်းညူနေကြ၏။

လွီဇာ ကား မျက်လုံးတို့ ပြာဝေလာသည်။

တချိန်က သန့်လျင်မြို့မှ အင်းဝအထိ ကုန်းကြောင်းခရီးဖြင့် လမ်းလျှောက်သွားခဲ့ရသော မိမိဘိုးဘွား ပေါတူဂီသုံ့ပန်းတို့၏ ခရီးကြမ်းကို မျက်လုံးထဲတွင် မြင်ယောင်လာ၏။

“ဗြန်း..အခုပြန်ထ”

လဲကျသွားသော အမှုထမ်းတစ်ချို့ကို ဟံသာဝတီစစ်သည်များက ခါးပြားများဖြင့် ရိုက်လိုက်သံများ မကြာခဏထွက်ပေါ်နေ၏။

အချို့ကလည်း မိမိတို့ကို အင်းဝသို့ ပြန်ပို့မည်လား။ သို့မဟုတ်။ အကျဉ်းထောင်တစ်နေရာရာသို့ပို့ပြီး အလုပ်ကြမ်းခိုင်းစေမည်လား..ဒွိဟဖြစ်နေကြသည်။

စည်တီးကျေးရွာသို့ပင်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ပဲခူးချောင်းရေပြင်လဲ့လဲ့ကို မြင်ယောင်နေရ၏။

စည်တီးကျေးရွာအောက်ဘက်၊ ထနောင်းပင်အရပ်ရှိ ပြန့်ပြူးသောသောင်ပြင်တွင် လူတန်းကြီး ရပ်တန့်လိုက်ကြသည်။

မွန်းလွဲချိန်ရောက်ခဲ့ပြီ။ မနက်ကတည်းက ဘာမှ မစားသောက်ရသေးသော လူများမှာ ခရီးပန်းသည့်ဒဏ်ကြောင့် ခြေကုန်လက်ပန်းကျနေ၏။

“ဒီနားမှာ အကုန်လာစု..လာစုကြ”

သေနတ်တပြင်ပြင်နှင့် အော်ဟစ်သံများကြောင့် ခြေပစ်လက်ပစ်ထိုင်နေကြရာမှ အပြေးအလွှား စုကြရသည်။

နောက်ထပ် သေနတ်ကိုင်စစ်အင်အားများက ရေပြင်နှင့် ကမ်းပတ်ပတ်လည်ကို ဝိုင်းပတ်နေရာယူကြပြန်၏။

ဝါးခနိတို့ဖြင့်ဆောက်ထားသည့် အဆောက်အဦငယ်ထဲတွင် မဟာဓမ္မရာဇာဓိပတိနှင့် မိဖုရားများ၊ မင်းမျိုးမင်းနွယ်များကို တွေ့ရသည်။

အားလုံးမှာ မျက်စိသူငယ်နားသူငယ်နှင့်။

မြစ်ပြင်ထဲတွင်တော့ ဖောင်ကြီးတစ်စင်းက အဆင်သင့်။

“လူစစ်တော့”

သက်ဆိုင်ရာအရာရှိများက လူစာရင်းကို လိုက်လံတိုက်ဆိုင်စစ်ဆေးကြသည်။

ထို့နောက် မြင်းမှူးမင်းသားအောင်စက အင်းဝဘုရင်ရှိရာ တဲနန်းသို့ လျှောက်လာသည်။ သူနှင့်အတူ အနောက်တွင် အိတ်ကြီးများကို သယ်လာသည့် စစ်သားနှစ်ဦးပါလာ၏။

အောင်စက စားပွဲတစ်လုံးတွင် ထိုင်လိုက်သည်။ ထို့နောက် ပရိုက်ကို ထုတ်ယူလိုက်၏။

“အင်းဝဘုရင်ဟောင်း မဟာဓမ္မရာဇာဓိပတိ ခေါ်ငဖြူ”

မဟာဓမ္မရာဇာဓိပတိသည် သလွန်ပေါ်မှ ဆတ်ခနဲ ဖြစ်သွား၏။

စစ်သားတစ်ဦးက သူ၏ လက်ထဲသို့ ကတ္တီပါအဝတ်စတစ်ခုကို ထည့်ပေးသွားသည်။ မဟာဓမ္မရာဇာဓိပတိက ထိုအဝတ်စကို သေချာဖြန့်ကြည့်လိုက်သည်။

ရှုံ့ကြုံးဖြင့် တွဲထားသော အိတ်သဖွယ် အဝတ်စတစ်ခု။

နဘေးနားမှ မိဖုရားခေါင်ကြီးမှာ အိခနဲ ငိုချလိုက်သည်။ မဟာဓမ္မရာဇာဓိပတိက ချောင်းရေကိုသာ ငေးကြည့်နေ၏။

သူတို့အား ကတ္တီပါအိတ်တွင်ထည့်ကာ ရေပြင်တွင် ဖျောက်ဖျက်ပစ်ကြတော့မည်။

“ကိုပုရေ....ကျုပ်တော့ ဝဋ်လည်ပါပြီကော”

လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်က သူ၏အမိန့်ဖြင့် ရောဝတီမြစ်ရေပြင်တွင် ရေနှစ်ဖျောက်ဖျက်ခံရသည့် ဝန်ကြီးဦးပု ကို မဟာဓမ္မရာဇာဓိပတိ ရုတ်တရက်သတိရသွား၏။

ပုရပိုက်ပေါ်မှ မင်းညီမင်းသားများ၏ နာမည်ကို ခေါ်နေရာမှာ အောင်စ၏ အသံမှ ရှေ့မဆက်တော့။

နန်းသွယ်က ခေါင်းကိုမော့၊ ရင်ကိုကော့ထားပြီး အောင်စရှိရာသို့ ကြည့်နေသည်။

အောင်စ က သူ့လက်ထဲမှ ပရပိုက်ကိုသာ အကြာကြီးငေးကြည့်နေသည်။ နဘေးမှ အရာရှိစစ်သည်များက စိုးရိမ်တကြီးဖြင့် မေးလိုက်ကြ၏။

“ဘာများဖြစ်လို့ပါလဲ..ကိုယ်တော်လေးဘုရား”

“ရတယ်..ငါ..ဘာမှ မဖြစ်ဘူး”

အောင်စ၏ အသံက တုန်ရီနေသည်။ ထို့နောက် ပုရပိုက်ကိုသာ ပြန်စိုက်ကြည့်လိုက်၏။

“မြို့ကြီးမြို့စားမင်းသမီး..ခင်...နန်း...သွယ်”

အောင်စ က နန်းသွယ်ရှိရာသို့ လှမ်းကြည့်လိုက်သည်။ နန်းသွယ်က အောင်စကို ပြုံးပြီးကြည့်နေ၏။

“ဈေးငယ်ဗိုလ်”

“ဘုရား”

“ငါကိုယ်တော် နေထိုင်သိပ်မကောင်းလို့..မင်းပဲ လူစာရင်းရွှတ်ပြီး တိုက်ချေကွယ်...ဒီမနီးမဝေးမှာ ငါရှိမယ်”

အောင်စ က မတ်တပ်ရပ်လိုက်သည်။

“မင်းသား ဘယ်မှ မသွားပါနဲ့လား”

နန်းသွယ်၏ အသံကြောင့် အားလုံးအံ့အားသင့်သွားကြ၏။

“ကျွန်တော်မျိုးမ ကို ချစ်တဲ့ ယောကျ်ားတစ်ယောက်ရှေ့မှာ ကျွန်တော်မျိုးမ ရဲရဲကြီးသေပြချင်လို့...ဘယ်မှ မသွားပါနဲ့လား..အရှင်မင်းသား”

အောင်စက နန်းသွယ်ကို ကျောခိုင်းလိုက်သည်။

လွှဲဇာတို့ တစ်စုကိုကား မျက်လုံးတွင် အဝတ်များ စည်းလိုက်ကြ၏။

မင်းဆွေမင်းမျိုးများ မဟုတ်ကြသောကြောင့် သူတို့အား ဝါးရင်းတုတ်နှင့် နောက်စေ့ကို ရိုက်ကာ ကွပ်မျက်မည်ဖြစ်သည်။

ထောင်အရာရှိက သေဒဏ်စာရင်းပါ ပုရပိုက်ကို ဖတ်လျက် နာမည်များ ခေါ်သည်။

နာမည်ပါသူအားအသင့်တူးထားသော တွင်းကြီး၏ နှုတ်ခမ်းဝသို့ တစ်ယောက်ပြီး တစ်ယောက်ဆွဲခေါ်သွားကြ၏။

“ဒုတ်”

အချို့လည်း တည်တည်ငြိမ်ငြိမ်။

“ဒုတ်”

အချို့လည်း ငိုယိုရှုန်းကန်လျက်။

“ဒုတ်”

တချို့က ဆဲရေးအော်ဟစ်။

လွိဇာက ကက်သလစ်ခရစ်ယာန်သီချင်းတစ်ပုဒ်ကို တည်တည်ငြိမ်ငြိမ်ရွတ်ဆိုနေသည်။

နေက တဖြည်းဖြည်းဝင်တော့မည်။

မဟာဓမ္မရာဇာဓိပတိ နှင့် မိဖုရားသုံးပါးအား ကတ္တီပါအိတ်အတွင်း အရှင်လတ်လတ်သွတ်သွင်းပြီးခဲ့ပြီဖြစ်သည်။

နန်းသူယ်၊ ရှင်နှင်းအုံနှင့် မင်းရွှေနန်းတို့အားလည်းကတ္တီပါအိတ်များအတွင်း ထည့်ပြီးခဲ့ပြီ။

အိတ်များအား ဖောင်ပေါ်သို့ စစ်သည်များက သယ်ယူကာ စနစ်တကျစီတန်းထားလိုက်၏။

အသက်ရှူသံများ၊ ငိုသံများက ကတ္တီပါအိတ်အပြင်ဘက်သို့ တိုးကန်ထွက်လာနေသည်။

“အချိန်ကျပြီ”

ပဲခူးမြစ်အနောက်ဘက်ဆီ နေလုံးကမေးတင်သည်နှင့် ဈေးငယ်ဗိုလ်က ရေရွတ်လိုက်သည်။

ရဲမက်များက ရှေးဦးစွာ မဟာဓမ္မရာဇာဓိပတိ၏ ကတ္တီပါအိတ်ကို ရေပြင်သို့ ပစ်ချလိုက်ကြ၏။

ထို့နောက်...ထို့နောက်။

လှေတစ်စီးက ဖောင်ရှိရာသို့ အပြေးလှော်လာသည်။ လှေရွေ့တွင် မတ်တပ်ရပ်လိုက်လာသော မြင်းမှူးမင်းသားက ပစ္စတိုသေနတ်ကို မိုးပေါ်သို့ ထောင်ဖောက်လိုက်၏။

“ဟေ့..ရပ်လိုက်ကြဦး..ရပ်လိုက်ကြဦး”

ဖောင်ပေါ်မှ လူများ အလန့်တကြားဖြစ်သွားကြသည်။

“နန်းသွယ်...နန်းသွယ်..ဘယ်မလဲ”

ဖောင်ပေါ်တွင် ကျန်ရှိနေသော ကတ္တီပါအိတ်လေးခုဆီသို့ အောင်စ က အပြေးအလွှားသွားကာ ကြိုးဖြည်ရန်ပြင်လိုက်သည်။

ဈေးငယ်ဗိုလ်က ဒူးတုပ်ကာ အောင်စ၏ ခါးကို လှမ်းဖက်ထားလိုက်၏။

“ဟေ့ကောင်...နှန်းသွယ်..ငါ့နန်းသွယ်..ဘယ်မှာလဲ..သူ့ကို အခုချက်ချင်း လွှတ်..အခုလွှတ်”

“မြို့ကြီးမင်းသမီးကို ပြောတာလား..ဘုရား”

“အေး”

ဈေးငယ်ဗိုလ်က သူ့လက်ထဲမှ ပုရပိုက်စာရင်းကို အောင်စထံ ပြလိုက်၏။

“ခုနကပဲ...ရေချလိုက်ပါပြီ”

“ဟာ..ငါပျော့ညံ့တာ..ငါသူရဲဘောကြောင်တာ..ဘယ်နားကို ပစ်ချလိုက်တာလဲ..ဟေ့ကောင်တွေပြောစမ်း..ငါလိုက်ဆယ်မယ်...နန်းသွယ်”

အောင်စ ကား အရှူးတစ်ယောက်လို အော်ဟစ်ပြီး မြစ်ထဲခုန်ချရန်ပြင်လိုက်သည်။

ဈေးငယ်ဗိုလ်နှင့် အမှုထမ်းများက အောင်စကို ဝိုင်းဝန်းချုပ်ထားလိုက်ကြ၏။

“နန်းသွယ်..နန်းသွယ်”

ဖောင်ပေါ်မှ အောင်စအော်လိုက်သောအသံက လွိဇာတို့ရှိရာ ကွင်းပြင်အထိ ကြားလိုက်ရသည်။

နာမည်များ တစ်ခုပြီးတစ်ခု ခေါ်ပြီးသွားခဲ့ပြီ။

လွိဇာကား သူ၏ နာမည်ကို စောင့်မျှော်ရင်း...ဓမ္မတေးကို ညည်း၏။

သို့သော်ငြား သူမ၏ နာမည်ခေါ်သံမကြား။

ထိုစဉ်အနောက်ဘက်မှ လွီဇာကို တစ်စုံတစ်ယောက်က ဆွဲထူသည်ကို ခံလိုက်ရ၏။

“သေဒဏ်ပေးရမယ့်စာရင်းထဲမှာ မင်းမပါဘူး..လွီဇာ..မင်း..မသေဘူး”

နှစ်ပေါင်းများစွာက ရင်းနှီးခဲ့သော လက်ျာဗိုလ်၏ အသံကို လွီဇာ ကောင်းကောင်းမှတ်မိလိုက်ပါသည်။

အခန်း (၂၇)

စကားသံသဲ့သဲ့များကြားရသည်။

အာခေါင်ကို ခြောက်ကပ်လျက် ရေငတ်လာသည်။

လွီဇာက မျက်လုံးကို ဖြည်းညှင်းစွာဖွင့်ကြည့်လိုက်၏။

ဖာသာနာရေနီက လွီဇာကို ပြုံးပြလိုက်သည်။

“သတိရပြီလား..လွီဇာ”

“ကျွန်မ ဘာဖြစ်သွားတာလဲ”

“မမလွီဇာ..သတိလစ်နေတာ..အတော်ကြာပြီ”

မြတ်ဝါက လွီဇာ၏ လက်ဖဝါးကို ဆုပ်ကိုင်ရင်း ပြောလိုက်သည်။

မြတ်ဝါ နဘေးတွင် လက်ျာဗိုလ်။

လွီဇာသည် အချုပ်ခန်းထဲတွင် အချိန်ကြာမြင့်စွာနေခဲ့ရသည့်ဒဏ်နှင့် သေဘေးမှ လွတ်မြောက်ပြီးနောက် စိတ်ထိခိုက်မှုများကြောင့် သတိလစ်သွားခဲ့ခြင်း ဖြစ်သည်။

လွီဇာက လှဲနေရာမှ ဖြည်းဖြည်းချင်းထလိုက်၏။

“ကျွန်မ လှေပေါ်မှာ ရောက်နေတာလား”

“ဟုတ်တယ်..လွီဇာ..တို့ သန်လျင်ကို သွားနေကြတာ”

လက်ျာဗိုလ်က ဖြေလိုက်၏။

“ဘာဖြစ်လို့လဲ”

လက်ျာဗိုလ်က သက်ပြင်းချလိုက်သည်။

“မင်းကို သေဒဏ်ချမယ့်ကိစ္စက..ပယ်ဖျက်ပေးဖို့...တပင်တိုင်မင်းသမီးဂမုန်း က ဘုရင်ဆီ အသနားခံလျှောက်တင်တယ်...ဘုရင်နဲ့ဥပရာဇာကြား ဒီကိစ္စအငြင်းပွားကြတယ်...ငါရယ်၊ တလပန်းရယ်၊ ဗညားကျဉ်ရယ်က မင်းဘက်ကနေ ရပ်တည်ပေးခဲ့ကြတယ်..လွိဇာ..နောက်ဆုံးတော့...မင်းကို သေဒဏ်က လွှတ်မယ်..ဒါပေမယ့်..ဟံသာဝတီမြေကို ခြေမချဖို့နဲ့...သန်လျင်မြို့ကိုနယ်နှင်ဒဏ်ပေးဖို့တော့ အမိန့်ချလိုက်တယ်”

“ဒါဆို..ကျွန်မရဲ့ဟံသာဝတီက လုပ်ငန်းတွေကရော”

“ဟံသာဝတီရော၊ သန်လျင်မှာပါရှိတဲ့ မင်းရဲ့အရက်ဂိုထောင်တွေ၊လုပ်ငန်းတွေကို ဘုရင့်ပိုင်အဖြစ် သိမ်းဆည်းလိုက်ကြပြီ”

“ဩော်...ဒီလိုတောင် လုပ်ရက်ကြတယ်လား”

လက်ျာဗိုလ်က ခေါင်းငုံ့လိုက်သည်။

“အသက်မသေတာပဲ..ဘုရားကျေးဇူးတော်ပေါ့...လွိဇာ..သန်လျင်မှာ ခင်ဗျားပိုင်ဆိုင်မှုဘာမှ မရှိတော့လည်း..ကျုပ်ရဲ့ဘုရားကျောင်းတော့ ရှိပါသေးတယ်...ဘုရားရဲ့အိမ်တော်က ဒုက္ခရောက်သူအားလုံးအတွက်ပါပဲ”

ဖာသာနာရေနီက ဝင်ပြောလိုက်သည်။

“ကျွန်မက အရှေးမကြီးပါဘူး..ဖာသာ..ဒါနဲ့...မယ်ဖူးနဲ့ လင်မယားနဲ့ မယ်စောလေးရော..ဘယ်မလဲ”

“တလပန်းက ကျုပ်ကို သူတို့ရှိရာသန်လျင်ကို သွားခေါ် ဖို့ ပြောပါသေးတယ်..ဒါပေမယ့်..အခုအခြေအနေမှာ သူတို့ကို သန်လျင်မှာပဲရှိစေတာ ဘေးကင်းတယ်...လွိဇာ..ဘာလို့လဲဆိုတော့..ဟံသာဝတီမှာ ဗမာမုန်သမျှ ဖမ်းပြီး နှစ်ထောင်စု၊ သုံးထောင်စု တစ်စုစီစုပြီး မုတ္တမဘက်ကို ဆားချက်ဖို့ ခေါ်သွားကြပြီ...သန်လျင်က နိုင်ငံခြားသားအစုံရှိနေတာဆိုတော့..သန်လျင်ကိုတော့ အဲ့ဒီကိစ္စက မသက်ရောက်သေးဘူး”

“သူတို့ ဘေးကင်းဖို့ အရေးကြီးတယ်..ဖာသာ”

“အင်း..ဟိုရောက်တာနဲ့..သူတို့ကိုကျုပ်ရဲ့ကျောင်းမှာပဲ ခေါ်ထားမယ်..လွိဇာ..စိတ်မပူပါနဲ့..ကျုပ်ကျောင်းကတော့ လုံခြုံပါတယ်”

“ကျေးဇူးတင်ပါတယ်..ဖာသာ”

.....

၁၇၅၄ နိုဝင်ဘာလ။

ဟံသာဝတီအာဏာပိုင်များက မုတ္တမသို့ ဆားချက်ရန်ခေါ်သွားခဲ့သော ဗမာအများစုကို သတ်ပစ်လိုက်ကြောင်း သတင်းများက ဟံသာဝတီလက်အောက်ခံ မြေလတ်ဒေသများထံ ပျံ့နှံ့သွားတော့သည်။

ဟံသာဝတီမှထွက်ပြေးလာသော မြန်မာအမတ်ကျော်ထင်သက်တော်ရှည် ၊ သတိုးကျော်သူ၊ သွေးသောက်ကြီးရမ္မသီရိ တို့သည် မြေလတ်ဒေသများဆီသို့ လျှို့ဝှက်ရောက်ရှိလာကြ၏။

မြေလတ်ဒေသဖြစ်သော လွန်ဆေး၊ ကြံခင်း၊ တလည်းတန်၊ တလည်းစီး၊ ပြင်ကြီး၊ ရွှေတောင်၊ ပန်းတောင်၊ တရုတ်မော်၊ ညောင်စာရေးစသော ဒေသများမှ သူကြီးများနှင့် ဆက်သွယ်မိကြသည်။

ဗမာတို့အား သတ်ဖြတ်မှုသည် မကြာမီ အောက်ပိုင်းမှ မြေလတ်သို့ ဖြစ်လာနိုင်ချေရှိသည်ဟူသော စိုးရိမ်စိတ်များမှာလည်း တဖြည်းဖြည်းမြင့်တက်လာသည်။

နောက်ဆုံးတွင် မြေလတ်ဒေသတစ်လျှောက်ရှိဒေသများသည် အုပ်ချုပ်သူအရာရှိများကိုသတ်ဖြတ်ပြီး ဟံသာဝတီကို စတင်ပုန်ကန်ကြတော့၏။

ထိုပုန်ကန်မှုကို တချိန်က မင်သမီးနန်းသွယ်၏ အစုအဖွဲ့များဖြစ်သော သတိုးကျော်သူ၊ကျော်ထင်သက်တော်ရှည်တို့က ဦးဆောင်ကာ လူ(၁၀၀၀၀)ကျော်ခန့် အထိ စုရုံးမိလာကြသည်။

ဟံသာဝတီကလည်း ပြည်မြို့တွင် ဗိုလ်မှူးသမိန်သံလိုက် ဦးစီးသည့်တပ် (၁၅)တပ်၊ ပြည်မြို့အောက်ဘက် တလည်းစီးတွင် ဗိုလ်မှူးဒေါစွယ်ယစက် ဦးစီးသည့် (၁၂)တပ်ဖြင့် စောင့်ဆိုင်းနေ၏။

သတိုးကျော်သူတို့ အစုသည် ပြည်မြို့တွင်း ဟံသာဝတီလက်အောက်ခံအဖြစ် မြန်မာအစုကို ဦးဆောင်နေသည့် အာကာရွှေတောင်၊ စလေမြို့ဝန်တို့နှင့် တိတ်တဆိတ် ဆက်သွယ်မိကြသည်။

အာကာရွှေတောင် မှာ ကိုးသိန်းသခင်၏အမှုထမ်းဟောင်းဖြစ်ပြီး မင်းသမီးနန်းသွယ်နှင့် အဆက်အသွယ်ရှိသူဖြစ်၏။

မဟာဓမ္မရာဇာဓိပတိ နှင့် မင်းသမီးနန်းသွယ်တို့ ကွပ်မျက်ခံရပြီး..မုတ္တမတွင် ဗမာအများစုအသတ်ခံရသည့် သတင်းကိုကြားသိပြီးလည်းဖြစ်သည်။

သတိုးကျော်သူတို့က မိမိတို့တွင် လူတစ်သောင်းခန့် စုရုံးမိနေပြီဖြစ်ပြီး တလည်းစည်းတွေနေသည့် ဒေါစွယ်ယစက်တပ်ကို ပျက်အောင်တိုက်မည်၊ ပြည်မြို့တွင်းရှိ ဗမာများကိုလည်း စုစည်းကာ ဟံသာဝတီတပ်များအား တိုက်ပေးရန် စာရေးသားပေးပို့လိုက်၏။

၁၇၅၄ နိုဝင်ဘာ ၁၀ တွင် အောကာရွှေတောင်၏ တပ်များသည် ဟံသာဝတီတပ်များကို ပြည်မြို့တွင် စတင်ပုန်ကန်တိုက်ခိုက်ကြသည်။

လက်အောက်ခံအဖြစ်ယူဆထားသောတပ်များက အလစ်အငိုက်ပုန်ကန်တိုက်ခိုက်ကြသည်မှာ မှုဆိုးဖိုသားတို့နှင့် ပေါင်းတိုက်ခြင်းဖြစ်သည်ဟု ယူဆကာ သမိန်သံလိုက်မှာ အနည်းငယ်သာ ခုခံပြီး ပြည်မြို့မှ ဆုတ်ခွာတော့သည်။

ဟံသာဝတီသားတို့ အလေးအမြတ်ထားအားကိုးရာလက်နက်ဖြစ်သော ရန်ပုံခွင်းအမြောက်ကို လှေဖြင့်သယ်ယူခဲ့သော်လည်း ပြည်မြို့အနောက်တောင်ဘက်ရေပြင်တွင် လှေနစ်သဖြင့် ထားရစ်ခဲ့ရသည်။

ရံပုံခွင်းအမြောက်သည် ဟံသာဝတီဘုရင် သမိန်ထောလက်ထက် သန်လျင်သို့ ဆိုက်ကပ်လာသော အာရပ်သင်္ဘောတစ်စင်းထံမှ ငွေခုနှစ်ပိသာငါးဆယ်ဖြင့် ဝယ်ယူထားခြင်းဖြစ်၏။

သုံးဆင့်ကွဲအမြောက်ဖြစ်ပြီး ပစ်မှတ်ကို တိကျစွာမှန်သဖြင့် ဟံသာဝတီတပ်များ၏ အားကိုးရာလည်းဖြစ်သည်။

ထိုအမြောက်ကို ဥပရာဇာဦးအောင်မြကိုယ်တိုင် ရန်ပုံခွင်း ဟု အမည်ထွင်းခဲ့ပြီး အမြောက်တစ်ခုလုံးကို ရွှေပန်းချထား၏။

သက်ရှိတစ်ဦးအလား ထမင်း၊ ဟင်း ၊ သေရည်တို့ တင်မြှောက်ပသထားကြသည်။

ပြည်မြို့တွင် အောကာရွှေတောင်ပုန်ကန်သည်ဟု ကြားသည့်အခါ အောကာရွှေတောင်၏ ဇာတိဖြစ်သော အညာကျားအို့ရွာမှ ဆွေမျိုးသားချင်း နှစ်ရာခန့်သည် ပြည်မြို့အနောက်ဘက် အညာဆင်တံကင်းမှ လှေများဖြင့် ဆန်တက်လာကြသည်။

ထိုသို့ဆန့်တက်လာရာမှာ ရေထဲတွင် မမြဲပ်သေးပဲ...သောင်စပ်တွင်.ရွှေရောင်တဝင်းဝင်းဖြင့် ပေါနေသော ရံပုံခွင်းအမြှောက်ကို တွေ့ရှိသွားခဲ့၏။

.....
.....

“ရံပုံခွင်းကိုလည်း အာကာရွှေတောင်တို့က ရထားပြီတဲ့လား”

အလောင်းဘုရားအောင်ဇေယျ၏ အသံက ရွှင်ပြနေသည်။

အာကာရွှေထောင်၏ စာရေးပုံချီကျော်ထင် နှင့် တိုက်လှေနှစ်စင်း၊ လူ၁၀၀ ကျော်သည် ၁၇၅၄ နိုဝင်ဘာ ၁၉ တွင် ရွှေဘိုသို့ ရောက်ရှိလာခဲ့သည်။

ပြည်မြို့ကို ဟံသာဝတီတို့လက်မှ အာကာရွှေတောင်ကသိမ်းယူထားကြောင်းနှင့် မြစ်အနောက်ဘက်ကမ်းတွင် သတိုးကျော်သူတို့၏တပ်များကလည်း ဒေါစွယ်ယစက်၏ တပ်များကိုအောင်မြင်ကြောင်း သတင်းစကား ပါးလိုက်ခြင်းဖြစ်သည်။

သတင်းစကားနှင့်အတူ အာကာရွှေတောင်နှင့် သတိုးကျော်သူတို့သည် မုဆိုးဖိုမင်း၏ သစ္စာကို ခံယူမည့်အကြောင်းလည်း ပါဝင်လာခဲ့သည်။

“ကျွန်တော်မျိုးတို့ ပြည်ကို သိမ်းယူပြီး ဟံသာဝတီကို ချက်ချင်းချီတက်တိုက်ခိုက်လျှင် သင့်ပါမည်..ခမည်းတော်”

မောင်ရွှ ၏ အသံက တက်ကြွနေ၏။

အောင်ဇေယျ က သူ့ရှေ့တွင် ခစားနေကြသော သားတော်၊ ညီတော်နှင့် တပ်မှူးများကို တစ်ချက်ကြည့်လိုက်သည်။

အားလုံးက မျှော်လင့်ချက်များနှင့် တက်ကြွနေကြ၏။

“ဟံသာဝတီသားတွေ အင်းဝကို သိမ်းပြီးမှ ဘာကြောင့်လက်လွှတ်ခဲ့ရသလဲ..မင်းတို့ အားလုံး စဉ်းစားမိကြရဲ့လား... ဟံသာဝတီဥပရာဇာ ဟာ အင်းဝကို သိမ်းပြီးပေမယ့်...နောက်ကြောမလှဲခဲ့ဘူး..မဟာဓမ္မရာဇာဓိပတိမင်း ဟံသာဝတီမှာရှိနေတာရယ်..သူနဲ့ မဟာမိတ်ဖြစ်ဖူးတဲ့ အယုဒ္ဓယကဝင်တိုက်မယ်ဆိုတဲ့ သတင်းတွေကြောင့် တပ်နည်းနည်းကိုပဲ အင်းဝမှာထားခဲ့ပြီး အောက်ပြည်ကို အမြန်ပြန်စုန်ဆင်းလို့..စစ်ရှုံးရတာပဲ”

အောင်ဇေယျမှ နဘေးမှ ကွမ်းရေတော်ကိုင်အရာရှိ ထံမှ ကွမ်းတစ်ယာကို ယူစားလိုက်သည်။

ထို့နောက် ထန်းဖူးရွက်ပေစာတစ်ရွက်ကို ထုတ်ကိုင်လိုက်၏။

“ထီးလင်းစားညီ ငကျွန်က ငါ့သစ္စာကို အခုထိမခံသေးတာ..မောင်မင်းတို့အသိပဲ...သူဘာကြောင့် ငါ့သစ္စာကို မခံရသလဲ ဆိုတာ..ဟော့ဒီက စာချွန်ထဲမှာ အဖြေပါလာတယ်...ဒီစာက မန်းလင်စော်ဘွားက ပို့လိုက်တဲ့စာ...ဒီစာအရဆို မဟာဓမ္မရာဇာဓိပတိ ကွပ်မျက်ခံလိုက်ရတဲ့သတင်းက ရှမ်းပြည်အထိ ပျံ့နှံ့နေခဲ့ပြီ... ဂုဏ္ဍာအိမ်ဟာ သူ့လက်ထဲမှာရှိနေတဲ့ ရွှေတောင်စားမင်းသားကို အသုံးချပြီး ရှမ်းစော်ဘွားတွေကို စည်းရုံးနေတယ်.... ရွှေတောင်စားမင်းသားဟာ အင်းဝရဲ့ထီးမွေနန်းမွေခံဖြစ်နေတဲ့အတွက်လည်း ရှမ်းစော်ဘွားတွေက လိုလားတဲ့အရိပ်အယောင်တွေရှိနေတယ်တဲ့...ထီးလင်းစားညီ ငကျွန် ဟာလည်း သူတို့နဲ့ စာချင်းအဆက်အသွယ်ရှိနေတယ်လို့ မန်းလင်စော်ဘွားက စာထဲမှာ ထည့်ရေးထားတယ်...ဒီပြဿနာကိုလည်း ငါတို့ အမြန်ဖြေရှင်းပစ်ရမယ်မဟုတ်လား”

“မှန်ပါ...ရွှေတောင်စားမင်းသားကို ရဖို့အတွက် ကျွန်တော်မျိုးအား ရှမ်းပြည်သို့ စစ်ချီခွင့်ပြုပါ”

ငတွန် က လျှောက်တင်လိုက်သည်။

“ဗိုလ်တွန်တို့၊ စည်သာမင်းကြီးတို့တပ်တွေ က ရွှေဘိုမှာပဲ အထိုင်ရှိနေရမယ်..ဘာကြောင့်လဲဆိုတော့ ဟံသာဝတီတပ်တွေဟာ ပြည်ကို အချိန်မရွေးချီလာနိုင်တာမို့လို့ပဲ..ဒီတော့. နန္ဒင်းကိုင်းမှာချထားတဲ့ သေနတ်ဝန်တပ်တွေဟာ စစ်ကစားဖို့ အသင့်တော်ဆုံးပဲ..ထီးလင်းတပ်ကို တိုက်ပြီး..ရှမ်းပြည်အထိ ချီတက်ဖို့ သေနတ်ဝန်ကို အခု ဆင့်ခေါ်စေ”

.....
.....

သွယ်ပြောင်းနူးညံ့သော လက်ကလေးတစ်ဖက်။

ဂုဏ္ဍာအိမ်က ထိုလက်ကလေးဖြင့် ကမ်းပေးလာသည့် လက်ဖက်ရည်ကြမ်းခွက်ကို ယူလိုက်သည်။

“သခင်ကြီးအနေနဲ့ အင်းဝအိပ်မက်ကို စွန့်လွှတ်လိုက်တာက အခုအချိန်မှာ လက်တွေ့အကျဆုံးဖြစ်လိမ့်မယ်”

ရှမ်း-တရုတ် ကပြားဖြစ်သော နန်းချန် ၏ အလှတရားက ရင့်ကျက်တည်ငြိမ်ပြီး မိမိကိုယ်ကိုယုံကြည်မှုအပြည့်ရှိနေကြောင်း ပြသနေ၏။

နန်းချန် သည် နမ္မတူသတ္တုတွင်းမှ တရုတ်အလုပ်သမားတစ်ဦး၏ သမီးငယ်ဖြစ်၏။

အောက်ခြေအလုပ်သမားတစ်ဦး၏ သမီးဖြစ်သော်လည်း နန်းချန်၏ လှုပမှုမှာ ကျော်ကြားလှသည်။

ဂုဏ္ဍအိမ်၏ နှမဖြစ်သူ နားလဲ ဦးဆောင်ပြီး နမ္မတူေဘာ်တွင်းမှ တရုတ်လူမိုက် ဂိုဏ်းကို နှိမ်နင်းခဲ့ပြီးနောက် နမ္မတူသတ္တုတွင်းသည် ဂုဏ္ဍအိမ်၏ လက်အောက်သို့ ရောက်ရှိလာခဲ့၏။

အသက်(၁၇)နှစ်သာရှိသေးသော သတ္တုတွင်း၏ အလှနတ်ဘုရားမလေးသည် ဂုဏ္ဍအိမ်ထံဆက်သခံခဲ့ရသည်။

မြေပြန့်တွင် မုဆိုးဖို့သားများကို ဆက်တိုက်ရှုံးနိမ့်ပြီးနောက် ဂုဏ္ဍအိမ်သည် ရှမ်းပြည်သို့ တိမ်းရှောင်လာရသည်။

စည်းစိမ်ဥစ္စာများစွာနှင့် လူအင်အားများစွာပါလာခဲ့သော ဂုဏ္ဍအိမ် ရှမ်းပြည်သို့ တိမ်းရှောင်လာမှုသည် ရှမ်းစော်ဘွားများအတွက် ဒွိဟဖြစ်ရာဖြစ်လာခဲ့၏။

အကြောင်းမှာ ဂုဏ္ဍအိမ်နှင့်အတူ အင်းဝဘုရင်၏ သွေးသားဖြစ်သော ရွှေတောင်မင်းသားနော်ရထာစော ပါ အတူပါရှိလာသောကြောင့်ဖြစ်သည်။

တချိန်က အင်းဝသြဇာခံဖြစ်ခဲ့သော ရှမ်းစော်ဘွားများမှာ ဂုဏ္ဍအိမ်အား မိမိတို့နယ်မြေများတွင် လက်ခံထားရန် သင့်မသင့် ဝေခွဲမရဖြစ်နေချိန်တွင် နန်းချန်သည် လိမ္မာပါးနပ်စွာဖြင့် ဝင်ရောက်ကိုင်တွယ်ခဲ့၏။

တရုတ်စကားရော၊ ရှမ်းစကားများကိုပါ ကျွမ်းကျင်သည့် နန်းချန်သည် ဂုဏ္ဍအိမ်နှင့် ရှမ်းစော်ဘွားများအကြား ပေါင်းကူဆက်သွယ်ပေးသူဖြစ်လာသည်။

နန်းချန်၏ အလှတရားနှင့် လိမ္မာပါးနပ်မှုသည် ရှမ်းပြည်တွင်ကျော်ကြားလာခဲ့၏။

ဂုဏ္ဍအိမ်၏ အရိုက်အရာကို ဆက်ခံရန် လျှာထားသည့် နမတော် နားလဲ မှာ မုဆိုးဖိုတပ်မှူးနှင့်တိုက်ပွဲတွင် ကျဆုံးသည်မှာ သေချာပြီးသည့်နောက် နန်းချန်မှာ ဂုဏ္ဍအိမ်ပြီးလျှင် ကွေ့တပ်ဖွဲ့များအကြား သြဇာအကြီးမားဆုံးဖြစ်လာသည်။

ယခုလည်း ရွှေဘိုမှ ရှင်ဘုရင်အသစ်ဖြစ်လာသော အောင်ဇေယျ၏ လက်ရုံးသေနတ်ဝန်ငကောင်း ဦးဆောင်သည် တပ်များသည် ဂုဏ္ဍအိမ်နှင့် ချိတ်ဆက်ထား

သော ထီးလင်းစော်ဘွားညီ ငကျန်၏ သစ်ခေါက်တပ်ကို အပြီးတိုင် ဖြုခွင်းခဲ့ပြီ ဖြစ်သည်။

ထို့နောက် သေနတ်ဝန်တပ်များမှာ ဂုဏ္ဍာအိမ်နှင့် ရွှေတောင်စားမင်းသားတို့ ရှိရာ ကျိုင်းတောင်းကို တိုက်ခိုက်ရန် ရှမ်းပြည်သို့ ချီတက်လာနေပြီဖြစ်၏။

ထို့ကြောင့် နန်းချုန်က ရွှေဘိုသားတို့၏ ပစ်မှတ်မှာ ရွှေတောင်စားမင်းသားသာ ဖြစ်သဖြင့်ထိုမင်းသားနှင့် လမ်းခွဲကြရန် အကြံပြုနေခြင်းဖြစ်သည်။

အသက်(၅၀)ကျော်အရွယ်ဖြစ်နေပြီဖြစ်သော ဂုဏ္ဍာအိမ်သည် အသက်(၃၀)ခန့် ကွာဟသည့် ဇနီးချောလေးကို မမှိတ်မသုန်စိုက်ကြည့်နေ၏။

“နားလဲ အတွက် ငါ ကလဲ့စားချေရဦးမယ်လေ..နန်းချုန်”

“ကျွန်မတို့မှာ ကိုယ်ပိုင်နယ်မြေတောင် သေသေချာချာမရှိသေးဘူး..သခင်ကြီး...စော်ဘွားတွေ ကလည်း မတတ်သာလို့သာလက်ခံထားနေရတာ..တကယ်လို့..ရွှေဘိုစစ်တပ်ရောက်လာရင်..သူတို့တွေက ကျွန်မတို့ကို ကာကွယ်ပေးနိုင်ပါဦးမလား”

ဂုဏ္ဍာအိမ်က လက်ထဲမှ ရေနွေးခွက်ကို ဆက်မသောက်တော့ပဲ ချထားလိုက်သည်။

“ရွှေတောင်စားမင်းသား က ငါ့ကို ယုံကြည်လို့ ငါ့ဆီ ခိုဝင်လာခဲ့တာမဟုတ်လား..နန်းချုန်”

“သခင်ကြီးကလည်း သခင်ကြီးရဲ့ကစားကွက်အတွက် သူ့ကို လက်ခံခဲ့တာ မဟုတ်လား....အခုချိန်မှာ...သူဟာ ကျွန်မတို့အတွက် အန္တရာယ်ဖြစ်နေပြီဆိုတာ နားလည်သင့်ပါပြီ..ကျွန်မက သခင်ကြီးနဲ့အတူ ကွေ့စစ်သည်အားလုံး အရေးအတွက် အကြံပေးနေတာပါ...ကျွန်မအဖေက သာမန်သတ္တုတွင်းတူးသမားပါ...သူပြောခဲ့ဖူးတာရှိတယ်...ဒီအချိန်အထိသူမသေတာက...တွင်းတူးတဲ့အခါမှာပဲ သူငယ်ချင်းတော်တယ်..တွင်းပြုတ့်အခါမှာတော့ သူငယ်ချင်းသံယောဇဉ်ထက်ကိုယ့်အသက်ကိုပဲရွေးချယ်ပါတဲ့”

ဂုဏ္ဍာအိမ်က သက်ပြင်းရှည်ကြီးချလိုက်သည်။ ထို့နောက် နန်းချုန်၏ ထိုင်ခုံနောက်သို့ သွားကာ...ခါးကိုကိုင်းလျက် ပုခုံးမှ သိုင်းဖက်လိုက်၏။

“ငါ့ရဲ့..နန်းချုန်လေး...အကြံပေးတာမှန်တယ်.....မနက်ဖြန် မင်းသား နဲ့ သွားတွေ့မယ်....သူ့တို့ကို သိန္ဓိနယ်ဘက်မှာ ခေတ္တရှောင်နေဖို့..ငါပြောမယ်..သူတို့သွားပြီး

တာနဲ့..ငါတို့က ကျိုင်းတုံအထိ ဆုတ်ကြဲတာပေါ့..အဲ့ဒီ အစီအစဉ်ကောင်းရဲ့ မဟုတ်လား”

နန်းချုန် က ဂုဏ္ဍာအိမ်၏ ပါးရေများတွန့်နေသော ပါးပြင်ကို နှုတ်ခမ်းဖူးဖူးလေးများဖြင့် နမ်းလိုက်သည်။

(ဂုဏ္ဍာအိမ်သည် ကျိုင်းတုံသို့ တိမ်းရှောင်ပြီးနောက် ၁၇၅၈ ခုနှစ်တွင် ရှမ်းစော်ဘွားများကို စည်းရုံးပြန်သဖြင့် အလောင်းဘုရားတပ်များနှင့်တိုက်ပွဲဖြစ်ပွားပြန်သည်။ ဆင်ဖြူရှင်လက်ထက်တွင် ဂုဏ္ဍာအိမ်၏ ဇနီးဖြစ်သူ နန်းချုန်ကို လိုချင်သော မန်းလင်စော်ဘွားက တရုတ်အာဏာပိုင်များအား ကုန်းလျှောရာမှ ဂုဏ္ဍာအိမ်မှာ တရုတ်တို့၏ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။ ဂုဏ္ဍာအိမ်သေပြီးနောက် ဇနီးဖြစ်သူ နန်းချုန်မှ ကွေ့လူမျိုးများကို ဦးဆောင်ကာ ကျိုင်းတုံတဝိုက်တွင် အခြေချနေထိုင်သွားခဲ့သည်။ ကွေ့လူမျိုးများသည် ယခု လားဟူရှီ (LaHuSi)လူမျိုးများဖြစ်ကြသည်)

……
……

“ဝုန်း”

အမြှောက်သံနှင့်အတူ အာကာရွှေတောင်မှာ မြင်းပေါ်မှ လွင့်စင်ကျသွား၏။

ပြည်မြို့ကား အင်အားကြီးမားလှသော ဟံသာဝတီတပ်များ၏ ဝန်းရံခြင်းကို ခံနေရပြီဖြစ်သည်။

တပ်တွင်းပုန်ကန်မှုကြောင့် ဟံသာဝတီတပ်များ ပြည်မြို့များ ဆုတ်ခွာခဲ့ပြီးသည့်နောက် ဟံသာဝတီဘုရင်ဦးအောင်လှ သည် အင်အား တစ်သိန်းနှစ်သောင်းရှိသော တပ်များကို ပြည်မြို့သို့ စေလွှတ်ခဲ့သည်။

စစ်သူကြီးတလပန်း၊ စောဖြ၊ ဒေါ်စွယ်ယစက်၊ လက္ခန်းအိမ်၊ ဗညားကျဉ်၊ သမိန်သံလိုက် တို့က ရေကြောင်း၊ မြင်းမူးမင်းသားညားဒလအောင်စ ၊ ဗညားရက္ခိုက်၊ ဗညားတာနော၊ ဗညားအဲ၊ ဗညားရွှတ်၊ သမိန်လွတ်တို့က ကြည်းကြောင်းဖြင့် ချီတက်လာခဲ့သည်။

ရေတပ်မှာ ပြည်မြို့အနီး စကြ်နှင်္ကျွန်းတွင် တပ်စွဲပြီး ဧရောဝတီမြစ်ပြင်တစ်လျှောက် ဖြန့်ကျက်ထား၏။ ကြည်းတပ်က ပြည်ရွှေဆံတော်ဘုရားကုန်းပေါ်သို့ အမြှောက်ကြီးများတင်ကာ ပစ်ခတ်ကြသည်။

အာကာရွှေတောင်က ပြဲည်မြို့တွင်းမှ ကြွံကြွံခံနေ၏။ သို့သော် ရံပုံခွင်းအမြော်က် အပါအဝင် အမြောက်အများစုမှာခဲယမ်း မရှိသဖြင့် မပစ်ကြရ။

သို့သော် ဟံသာဝတီသားများ မြို့အနီးအနားသို့ ကပ်လာသည်နှင့် အာကာရွှေတောင်ကိုယ်တိုင် မြင်းနှင့် ထွက်ထွက်တိုင်ခဲ့သည်။

ဟံသာဝတီသားများ သုံးကြိမ်မြောက်တပ်ပြန်လန်ပြီးသည့်နောက်..အာကာရွှေတောင်ထွက်အလာကို စောင့်ရန် စစ်မြို့ကြသည်။

ရေတပ်မှ တက်လာသော စောဖြတပ်များက ပြည်ကို အရှေ့မျက်နှာမှ တိုက်ရန် ဟန်ပြသည်ကို အာကာရွှေတောင်က မြင်းနှင့် ထွက်သည်။

သို့သော် မည်သူမျှ မတွေ့တော့သဖြင့် မြင်းကို ပြန်လှည့်စဉ်တွင် မြစ်ထဲမှ ပစ်သော အမြောက်ကျည်ထီသဖြင့် အာကာရွှေတောင် မြင်းပေါ်မှ ကျလေသည်။

သို့သော် ပေါင်ရင်းကိုသာ ထိမှန်ခြင်းဖြစ်သဖြင့် မသေဆုံးခဲ့။

“ငါ့ကို အခုသတ်…အခုသတ်…မင်းတို့ ဘယ်လိုသတ်သတ်..ငါမသေဘူးကွ…ဟေ့..ရွှေဘိုသားကွ”

“အံမယ်..အခုမှ ရွှေဘိုသား ဆိုပါလားဟေ့…ဘယ်လိုသတ်သတ်မသေရင်..ကျည်ကုန်တယ်..လက်သွေးပေတယ်…သူလူတွေကြည့်နေတယ်မဟုတ်လား…သူတို့ရှေ့မှာတင်.ကျင်းတူးပြီး..အရှင်လတ်လတ် မြေမြှုပ်ပစ်ကွာ”

ထိုသို့နှင့်…ဟံသာဝတီသားတို့သည် ပြည်မြို့ရိုးပေါ်တွင် ကြည့်နေကြသော အာကာရွှေတောင်၏ စစ်သည်များရှေ့တွင်ပင် အာကာရွှေတောင်အား အရှင်လတ်လတ်မြေမြှုပ်သတ်ပြခဲ့သည်။

“ပုန်ကန်သူအားလုံးလက်နက်ချကြ..ငါတို့လက်ထဲရောက်ရင်တော့..အားလုံးကို..မင်းတို့တပ်မှူးလို အရှင်လတ်လတ်မြေမြှုပ်ပစ်မယ်”

ဟံသာဝတီတပ်များဘက်မှ အော်လိုက်သော ဗမာစကားသံသည် ပြည်မြို့ရိုးပေါ်သို့ ရိုက်ခတ်သွား၏။

မြို့ရိုးပေါ်တွင်ရှိနေသော စစ်သားများရော၊ မြို့သူမြို့သားအချို့ပါ…မျက်နှာငယ်ငယ်များဖြင့် ကြောက်လန့်နေကြသည်။

စလေဝန်သည် သူ့အား မိုးထားသော ထီးကို ဖယ်ကာ..အမြင့်တွင် မတ်တပ်ရပ်လိုက်သည်။

“အားလုံးကြောက်နေကြတယ်..မဟုတ်လား...ဗိုလ်မင်းအာကာရွှေတောင်ကို တောင် ဒီလို ရက်ရက်စက်စက်သတ်ပြသေးတာ..ကျုပ်တို့ဆိုရင်တော့...ဒီထက် ရက်စက်တဲ့နည်းပဲ သူတို့သုံးကြမှာပဲ..ကဲ..ဒီတော့...သူတို့ ငါတို့ကို ဘယ်လို ရက်ရက်စက်စက်သတ်မှာလဲဆိုတဲ့ အတွေးနဲ့ ကြောက်လန့်ပြီးသေမလား..သူတို့ ကိုပြန်တိုက်ရင် သေမလား..ခင်ဗျားတို့ တစ်မြို့လုံးရွေးချယ်ကြတော့”

ထိုအချိန်တွင် အာကာရွှေတောင်မရှိတော့ပြီဖြစ်သည့်အတွက် အားတက်ကာ ပြည်မြို့ရိုးဆီသို့ ဟံသာဝတီသားများ ချဉ်းကပ်လာကြသည်။

သို့သော် စစ်သည်များသာမက ပြည်မြို့တွင်းမှ ရှိသမျှ ယောကျ်ားများ၊ မိန်းမတို့မှာ ကျောက်ခဲ၊ ဒူးလေး၊ ပွဲညက်ရည်၊ ရေနွေးပူ ရရာများဖြင့် မြို့ရိုးထိပ်တက်ကာ ခုခံတော့၏။

ထို့ကြောင့် ဟံသာဝတီတပ်များမှာ ပြည်မြို့ရိုးအား မတက်နိုင်ပဲပြန်လည်ဆုတ်ခွာရတော့သည်။

ညဦးပိုင်းတွင် ပြည်မြို့တွင်းမှ ထွက်လာသော မြင်းတစ်စီးသည် ရွှေဘိုဘက်ဆီသို့ တိတ်တဆိတ် ထွက်ခွာသွားနိုင်ခဲ့၏။

.....
....

ပြည်မြို့မှ စစ်ကူခေါ်စာနှင့်အတူ...ရှမ်းပြည်မှ စော်ဘွားများကို သစ္စာပေးနိုင်ခဲ့ကြောင်းနှင့် ဂုဏ္ဍာအိမ်နှင့် ရွှေတောင်စားမှာ နယ်ခြားအထိ တက္ကဝတ်ပြားစီ ထွက်ပြေးပြီဖြစ်ကြောင်း သေနတ်ဝန်အကြောင်းကြားစာများမှာ ရွှေဘိုနန်းတော်သို့ ရှေ့ဆင်နောက်ဆင့် ရောက်ရှိလာကြသည်။

အလောင်းဘုရားဦးအောင်ဇေယျက ကိုယ်တိုင်ဟံသာဝတီသို့ ချီတက်မည် ဖြစ်ကြောင်း အမိန့်ထုတ်ပြန်၏။ ဟံသာဝတီသို့ ကိုယ်တိုင်မချီတက်မီတွင် ဟံသာဝတီ၏ စစ်ဦးကို ချိုးဖျက်ရန် စည်သာမင်းကြီးဦးစည်းစိမ် မှ မှူးသဲသဲလှေကြီးနှင့်အတူ ကြိုတင်စစ်ထွက်မည်ဖြစ်သည်။

၁၇၅၄ နိုဝင်ဘာ ၂၇ ။

ကျောက်မြောင်းဆိပ် ကား အုတ်အုတ်ကျက်ကျက်ရှုပ်ထွေးစည်ကားနေ၏။

မှိုင်းသဲသဲလှေကြီးပေါ်တွင် ဗိုလ်မှူးများက အမြှောက်များကို နေရာချရန် စီမံကွပ်ကဲနေသည်။

အရုံလှေ (၃၇)စင်းပေါ်သို့လည်း ရိက္ခာများ၊ လက်နက်များ စစ်ဆေးတင်ဆောင်နေကြ၏။

စစ်ထွက်ယောက်ျားများကို လာနှုတ်ဆက်သည့် မိသားစုဝင်များ၊ လာရောက်ကြည့်ရှုသူများ မှာ ကမ်းနှင့်အပြည့်ပင်။

ဦးအောင်ဇေယျနှင့် အမတ်၊စစ်သူကြီးများမှာ ဦးစည်းစိမ်ကို နှုတ်ဆက်ရန် ကမ်းနားဆိပ်ရှိ ယာယီတဲတွင် ရှိနေကြ၏။

“ငါတော့ အခုအချက်ချင်းသာ မှိုင်းသဲသဲကြီးပေါ် ပြေးတက်ချင်သကွာ”

ရွှေကြူ က နဘေးတွင်ရှိသော ငအိုးကို ခပ်မြူးမြူးလေးပြောလိုက်သည်။

“ဟ..ငါတို့မှာတော့ မိန်းမနဲ့ နောက်တစ်ခါထပ်ခွဲရဦးမှာမို့..စိတ်က သိပ်ပါချင်တာမဟုတ်ဘူး..ခွေးမသား..မင်းကတော့ ပျော်နေ”

ငအိုးက ရွှေကြူ ၏ ခြေသလုံးကို သူ၏ ခြေထောက်ဖြင့် မသိမသာလှမ်းကန်ရင်းပြောလိုက်သည်။

“အဖေ တို့အလှည့်ကျရင်ရော…ဒီလှေကြီးစီးပြီး စစ်တိုက်ရမှာလား”

ငအိုး၏ သားကလေးက မိခင်၏ ပေါင်ပေါ်တွင် ထိုင်နေရာမှ လှမ်းမေးလိုက်သည်။

“မဟုတ်ဘူးကွ..မင်းအဖေက…ဟိုးနောက်က ငှက်ပျောတုံးကို ဖက်ပြီး စစ်တိုက်လိုက်ရမှာ..ဟားဟား”

ရွှေကြူက ကလေးငယ်၏ ပါးကို ဆွဲကာ ဖြေလိုက်၏။

“ငှက်ပျောတုံးကတော့ မင်းပဲ စီး..မယားတရူး…ဟံသာဝတီကို တိုက်ချင်တာထက်..မယားတရူးချင်နေတာ..ငါပြောလိုက်ရမကောင်းရှိရောမယ်..မြင်ယောင်ပါသေးတယ်..ဟိုရောက်ရင်..မင်း..ခင်ထော်မိက ကလေးတွဲလောင်းနဲ့..ဖြစ်နေမှာ”

“ဟေ့..ခွေးမသားငအိုး..မင်းပါးစပ်ပုပ်ကြီးနဲ့..မဦးမချွတ်…တော်စမ်းကွာ”

ငအိုးက တခွီးခွီးဖြင့်ရယ်သည်။

ထိုအချိန်တွင် မှိုင်းသဲသဲပေါ်တွင် ပါသော စစ်ချီစည်တော်စုံက တီးခတ်လိုက်ပြီ ဖြစ်၏။

ဦးအောင်ဇေယျ နှင့် နောက်လိုက်နောက်ပါများက မတ်တပ်ရပ်လိုက်ကြသည်။

စစ်ထွက်မည်ဖြစ်သော စည်သာမင်းကြီးနှင့် တပ်မှူးများက ဦးအောင်ဇေယျကို ကန်တော့လိုက်ကြသည်။

မှိုင်းသဲသဲကြီးသည် ဟံသာဝတီရှိရာအရပ်သို့ မျက်နှာမူလျက်...ရဲတံခွန်များတလူလူ။

အခန်း (၂၈)

“ဖြောင်း...ဖြောင်း..ဖြောင်း..ဖြောင်း”

သန်မာထွားကြိုင်းလှသော လက်မရွံပါးကွက်သားကြီး၏ လက်ထဲမှ ကြိမ်ဒဏ်သည် စည်းချက်ကျကျ..လှုပ်ရှားနေ၏။

အောက်တွင်ရှိနေသော ထီးလင်းမြို့သူကြီး ငပြည့်ထွန်းအောင်သည် သူ၏ကုပ်ပိုးပေါ်သို့ ကြိမ်တုတ်တစ်ချက်ကျတိုင်း တွန့်ခနဲ ဖြစ်ဖြစ်သွားသည်။

ပါးစပ်တွင်မူ အဝတ်စစို့ထားသဖြင့် အသံမထွက်နိုင်။

နဘေးတွင် သူအပြစ်ပေးခံရသည့်အလှည့်ကိုစောင့်နေသည့် ယောမြို့သူကြီး ငအောင်နိုင်းနှင့် မင်းရွာသူကြီး ငအောင်စည် တို့မှာ..ကြောက်လန့်တုန်လှုပ်စွာဖြင့်။

ကြေးတိုက်အရှေ့ကွက်လပ်တွင် ဖြစ်ပျက်နေသော ထိုမြင်ကွင်းကို ငတွန်က မြင်းပေါမှ သေချာကြည့်နေသည်။

ထို့နောက် မြင်းပေါမှ ဆင်းလိုက်၏။

အာဏာပါးကွက်သားမှာ လက်သောင်းနေပြီဖြစ်သဖြင့် နောက်တစ်ဦး နှင့် အလွှဲအပြောင်းလုပ်ကာ ဆက်ရိုက်နေကြ၏။

သူတို့ရှေ့တွင် လွှတ်စာရေးနှင့်အတူ ကြိမ်ရေမှတ်နေသော စစ်ကိုင်းအမှုထမ်းဟောင်း သီရိကျော်ထင်ငအောင် ရှိရာသို့ ငတွန်က လျှောက်သွား၏။

“ကိုအောင်...ဘယ်သူတွေလဲဗျ..ဒီလောက်ရိုက်နေရတာ”

“ထီးလင်းမြို့သူကြီးနဲ့ ယောမြို့သူကြီးတွေလေဗျ”

“ဘာဖြစ်လို့..ဒီပြစ်ဒဏ်ကျနေရတာလဲဗျာ...ငကျန်ကိစ္စများလား”

“ငကျန်ကိစ္စလည်း ပါကောင်းပါနိုင်တာပေါ့...အခုဟာက လွန်ခဲ့တဲ့လက ထီးလင်းမြို့စားညီ ငကျန်ကိုလည်း နှိမ်နင်းခဲ့တယ်မဟုတ်လား...အဲဒီတော့ လွတ်နေတဲ့ထီးလင်းစားရာထူးကို မင်းတရားကြီးက မိဖုရားခေါင်ကြီးခင်ယွန်းစံကို ပေးခဲ့တယ်ဗျ...ဒါကို ဟော့ဒီက မြို့သူကြီးတွေက မကျေနပ်ကြဘူး...ရှေးဘုရင်တွေရဲ့

ပဒေသရာဇ်အစဉ်အလာရ ထီးလင်းမြို့စား၊ ထီးလင်းစော်ဘွားရာထူးဟာ ထီးလင်းနယ်ထဲက သစ္စာတော်ခံ မြို့သူကြီး၊ရွာသူကြီးတွေထဲကပဲ ဘုရင်ကရွေးကောက်ပေးရရိုးထုံးစံရှိတယ်ဆိုပြီး..ရှေးဘုရင်အဆက်ဆက်ကအမိန့်တော်တွေကိုယူပြီး..ဘုရင်ကို သွားလျှောက်ကြလေရဲ့..အဲ့ဒါနဲ့ ဟိုက စိတ်ဆိုးပြီး ကုတ်ပိုးကို အချက်တစ်ရာစီ ကြိမ်ရိုက်ဖို့ အမိန့်တော်ပြန်တမ်းထုတ်ပြန်ပြီး ပြစ်ဒဏ်ချလိုက်တာပဲဗျာ”

ငတွန်က သက်ပြင်းချလိုက်သည်။

“မကြာခင် ဟံသာဝတီကို စစ်ထွက်ကြတော့မှာ....ယောဇထီးလင်းဆိုတာက ရွှေဘိုနဲ့ အင်းဝအတွက်က..မဏ္ဍိပူရရန်အတွက်..နယ်ခြားစောင့်ကင်းမြို့တွေပဲ...ဒီမြို့တွေမှာ သြဇာကြီးပြီးအတွေ့အကြုံရှိတဲ့ မြို့သူကြီး၊ ရွာသူကြီးတွေကိုသာ မြို့စားရာထူးပေးပြီး ချီးမြှောက်သင့်တာပေါ့...သူတို့လျှောက်တာလည်း.မှန်တာပါပဲ”

“ဟေ့..ဗိုလ်မင်း..တိုးတိုးသက်သာလုပ်ပါဗျာ...ကြမ်းကြားလေကြား ကိုယ်ပါရာဇဝတ်သင့်မယ့်စကားကြီး”

“ဟုတ်ပါပြီ..ကျုပ်တစ်ခုတော့ တောင်းပန်ချင်တယ်ဗျာ..အခု မကြာခင်ဟံသာဝတီကို စစ်ထွက်မယ့်ထဲမှာ.တိုက်ရည်ခိုက်ရည်ကောင်းတဲ့.ယောဇထီးလင်းတပ်တွေလည်း မပါမဖြစ် ပါမယ်မဟုတ်လား..အဲ့ဒီတပ်တွေကို ဒီလူတွေပဲ ခေါင်းဆောင်ရမှာ...ရိုက်တဲ့နေရာလေး နည်းနည်းတော့ အချက်ရေခိုးပေးပေါ့ဗျာ..ဖော့ရိုက်တန်သင့် ဖော့ရိုက်ပေါ့...စစ်ထွက်တဲ့အခါ ကျုပ်တို့ ခင်ဗျားတို့နဲ့ ဒီလူတွေ တအိုးစားဖက်လို့ ကုန်းရုန်းတိုက်ရမှာပ..အဲ့ဒီကျ မျက်နှာနာစရာကောင်းတယ်”

ငအောင်က ငတွန်ရှေ့သို့ ကိုယ်ကို ခပ်ရှို့ရှို့တိုးလာလိုက်သည်။

“ပါးကွက်သားတွေကိုလည်း ကျုပ်မှာတာထားပါတယ်..နောက်ပိုင်းကျ ခပ်ဖြည်းဖြည်းပဲရိုက်ဖို့နဲ့...အကြိမ်ရေလျော့ဖို့ကို..စိတ်မပူပါနဲ့..ဗိုလ်မင်း”

ငတွန်က မြင်ကွင်းကို စိတ်မသက်သာစွာကြည့်ရင်း မြင်းပေါ်သို့ တက်လိုက်သည်။

ထို့နောက် သူ၏ နေအိမ်ရှိရာသို့ ဦးတည်သွား၏။

ငတွန်၏ နေအိမ်တွင် ရှေ့ကြူ၊ ငအိုး တို့နှင့်အတူ အောင်ဇေယျ၏ ညီဝမ်းကွဲ ငနည်း တို့ပါ ရောက်ရှိနေကြသည်။

ရှင်ထွေးပုက အသားခြောက်များ၊ ရေနွေးကြမ်းတို့ဖြင့် ည့်ခံနေ၏။

“လူစုံတက်စုံပါလား..ကိုယ့်လူတို့”

ရွှေကြူ၏ မျက်နှာမှာ ပြုံးရွှင်နေသည်။

“မကြာခင်..ကျုပ်တို့ ဟံသာဝတီကို ချီရတော့မယ်ဗျ....ကာမ၊ကျောက်အိုး၊ ပန်းကုံးရွာတွေမှာ.သတိုးကျော်သူနဲ့ ရမ္မသီရိ တို့ ရဲ့ရိက္ခာထောက်စပါးကျီတွေ ဆောက်လုပ်ပြီးစီးပြီလို့ စာပို့လာတယ်..ဒီတော့ ..သဘက်ခါကျရင်..စစ်အင်ခွင်းဖို့ တပ်မှူးစုံညီ ညီလာခံဝင်ရမယ်...လောလောဆယ် မင်းတရားကြီးက...အကြမ်း ဖျဉ်းသတ်မှတ်ထားတဲ့ စစ်အင်္ဂါစဉ် ကို သိခဲ့ရလို့.ခင်ဗျားကို အဲ့ဒါ လာ အကြောင်းကြားတာ...ဗိုလ်တွန်”

“ကိုကြီးတွန်..ကျွန်တော်က ကိုကြီးတွန်နဲ့အတူ တပ်တစ်တပ်တွဲပြီး ချီရမှာတဲ့ဗျာ”

ယခုမှ စစ်ပွဲကြီးကို စချီရမည်ဖြစ်သည့် ငနည်းက ဝင်ပြောလိုက်သည်။

“ဟုတ်တယ်..ဗိုလ်တွန်..ကျုပ်ညီ ကို ခင်ဗျားနဲ့ တွဲချီတက်ဖို့..အမိန့်တော်ချထား တယ်..အဲ့ဒါ..ခင်ဗျား ကြည့်ရှုစောင့်ရှောက်ရအောင် လာပြောတာ”

“အင်း...ဒီမယ်..ကိုရွှေကြူရဲ့..ကျုပ်က ဘယ်သူဖြစ်ဖြစ် ကျုပ်ရဲဘော်ရဲဘက်ဆို စစ်ပွဲထဲမှာ စောင့်ရှောက်ပြီးသားပါဗျ..ဒါနဲ့ ခင်ဗျားကရော..ဘယ်တပ်နဲ့ချီရမှာလဲ”

“ကျုပ်ကတော့ အင်းဝအထိ ဖောင်နဲ့လိုက်မယ်..ပြီးရင် စော်ဘွားတွေ၊ မြို့သူကြီး တပ်တွေနဲ့အတူ တောင်ငူကြောင်းချီရမှာဗျ..ငအိုးကတော့...ခင်ဗျားတို့လို ရေကြောင်းချီပဲ”

“ခင်ဗျားနဲ့ ချီရမယ့်..တပ်တွေထဲမှာ ထီးလင်းတို့ ယောတို့က မြို့သူကြီးတွေ ရော..ပါရဲ့လား”

“ပါတာပေါ့ဗျာ..ထီးလင်း၊ယောနယ်ကလူတွေက ရှေ့တန်းကနေ တိုက်ရည်ခိုက် ရည်ကောင်းတဲ့သူတွေပဲ”

“ဒါဆို..ခင်ဗျားနဲ့အတူတိုက်မယ့်သူတွေ...ကြိမ်ဒဏ်ပေးခံနေရတာရော..သိရဲ့ မဟုတ်လား”

ရွှေကြူက စိတ်မကောင်းဖြစ်သွားပုံဖြင့် ခေါင်းငုံ့သွား၏။

“ကျုပ်ကြားပြီးပါပြီ”

“ကြားပြီးပြီဆို..ဒီတိုင်းမနေနဲ့..ကိုယ့်လူ...ဟေ့...ထွေးပုရေ...ခဏကွယ်”

အိမ်ခန်းထဲတွင် ရှိနေသော ထွေးပုက ထွက်လာသည်။

“တလောက အကိုဒဏ်ရာရလာတော့..သမားတော်ပေးတဲ့လိမ်းဆေးတွေများ ပို သေးလားကွဲ့”

“အများကြီးကျန်ပါသေးတယ်...အကို”

“ကောင်မလေးတွေကို အဲဒီဆေးတွေကို ယူခိုင်းပြီး..ဟော့ဒီက ကိုရွှေကြူနဲ့ လိုက်သွားခိုင်းချေကွယ့်..ဒီမယ်..ဟေ့လူ...အခု သူတို့ကို ကြေးတိုက်ရှေ့မှာ ကြိမ်ဒဏ်စီရင်နေလေရဲ့..ကိုယ့်လူက သူတို့ တပ်မင်းအနေနဲ့ ချီရမှာဆို တော့..ကိုယ့်ရဲဘော်တွေကို ကြည့်ရှုသင့်တယ်..ကျုပ်အိမ်က ကောင်မလေးတွေ ကို ခေါသွား.. ဟိုရောက်ရင်..သူတို့ကို ဆေးလေးဘလေးလိမ်းပေးပြီး...ပြုစု ကျွေးမွေးသင့်တာ ကျွေးမွေးပါဗျ..ခင်ဗျား အကို လုပ်တာကို စိတ်ခုနေ ရင်တောင်..ကျုပ်တို့က ပြန်ဖြေပေးရတာပ”

“ငအိုး..မင်းပါ လိုက်ခဲ့ကွာ”

“ထန်းရည်တိုက်မယ်ဆိုလို့ လိုက်လာခဲ့တာမောင်..မင့်အကောင်ကြီးတွေကို ဆေး လိမ်းပေးရမယ်ဆိုရင်တော့..ငါဖြင့် မလိုက်နိုင်ဘူး”

“ဟ...ဆေးက ကောင်မလေးတွေလိမ်းပေးမှ..ပြီးရင်..သူတို့ကိုပါ..ခေါ် ပြီး..တခါ တည်း ထန်းတောကို သွားကြစို့လေ....ယောသား၊ ထီးလင်းသားများ..ထန်းရည် ကောင်းနဲ့တွေ့ရင် အကုန်မေ့သွားတတ်တဲ့အမျိုးဟ”

“ကြည့်ကြတာပေါ့လေ...ငါတို့က ဒီတစ်ပွဲတော့ အတူတူ စစ်မတိုက်ကြရ ပဲ..သက်သက်စီတိုက်ကြရမှာဆိုတော့..ရွှေဘိုမှာရှိတုန်းလေး..ငါ့လူ တိုက်တဲ့ ထန်းရည် နောက်ဆုံးအနေနဲ့ သောက်တာပ”

ရွှေကြူနှင့် ငအိုးတို့က ငတွန်အိမ်မှာ အစေခံမိန်းကလေးများနှင့်အတူ ထသွားရန် ပြင်လိုက်သည်။

“ဟိုကောင်လေး..ငနည်း ..မင်းမလိုက်သွားနဲ့..မင်းက ငါနဲ့ အတူစစ်တိုက်ရမှာဆို တော့..ငါတို့ စကားပြောဖို့လိုတယ်”

ငနည်းမှာ မထိုင်ချင်ထိုင်ချင်နှင့် ပြန်ထိုင်ချလိုက်ရ၏။

.....
.....

၁၇၅၅ ဇန်နဝါရီလ ၁၃ ရက်။

ကျောက်မြောင်းဆိပ်။

စစ်ချီအခါတော်ရောက်ပြီမို့ အလောင်းဘုရားဦးအောင်ဇေယျကိုယ်တိုင်လိုက်ပါမည့် ဖောင်ကြီးပေါ်မှ ပုဏ္ဏားတော်များ၏ ခရုသင်းသံများ ထွက်ပေါ်လာသည်။

စစ်ချီစည်တော်စုံက စတင်တီးခတ်လိုက်၏။

မိဖုရားခေါင်ကြီးခင်ယွန်းစံ က ဦးအောင်ဇေယျအား ရှိခိုးကန်တော့ပြီး နောက်..ဖောင်ပေါ်မှ ဆင်းသက်သွားသည်။

စော်ဘွား၊မြို့စားတို့ပါဝင်သော ကြည်းတပ်(၈)တပ်က အင်းဝသို့ စတင်ထွက်ခွာပြီဖြစ်သည်။

ရေတပ်တွင် ဦးအောင်ဇေယျနှင့်အတူ သားတော် မောင်လောက်၊ မောင်ရွှ ၊ ညီတော် ရွှေကြူ၊ ယောက်ဖတော် ငအိုး၊ တပ်မှူးများဖြစ်သော ငတွန်၊ ခင်လတ်ဗိုလ် ငရွှေရည်၊ ဆင်နင်းဗိုလ်ငကျော်စံ၊ ယင်းတောဗိုလ်ငပန်းထွေ၊နေမျိုးနန္ဒမိတ်ငသော်၊ မင်းရဲစည်သူငနည်း၊ လက်ျာဘီလူးငညိုသူ၊ သီရိပျံချီသောမြတ် တို့ ဆယ့်သုံးတပ်က ရေကြောင်းချီရမည်ဖြစ်သည်။

ဦးအောင်ဇေယျ၏ ဖောင်တော်ပေါ်တွင် မိဖုရားစန္ဒာမဟေ၊ မြတ်ထားသီရိတို့လိုက်ပါရသည်။ မန္တာန်ယတြာတတ်ကျွမ်းသူဗေဒင်ပညာရှင်များ၊ ပိသုကာ၊ ပန်းပဲ၊ ပန်းပုပညာရှင်များ၊ ဆေးသမားတော်၊ သီချင်းသည်များလည်း ဖောင်တော်ပေါ်တွင် အစုအဖွဲ့အလိုက် လိုက်ပါရသည်။

ငတွန်က အောင်ဇေယျ၏ ဖောင်နှင့် ကပ်လျက်လိုက်ပါရသော ရဲလှေကြီး ရှေ့တွင် မတ်တပ်ရပ်လျက် ရှေ့တူရွှသို့သာ စိုက်ကြည့်နေ၏။

သူ၏မျက်နှာသို့ ကျလာသော ရေမှုန်ရေစက်များကြောင့် နဘေးသို့ ကြည့်လိုက်သည်။

“သင်္ကြန်အခါတွင်းတုန်းက ရေမလောင်းလိုက်ရလို့လေ”

မိဖုရားငယ်အဆောင်အယောင်ဖြင့် ဖောင်တော်နဘေးတွင် ထိုင်နေသာ မြတ်ထားသီရိက အပြုံးတစ်ဝက်ဖြင့် ပြောလိုက်၏။

“မိဖုရားကျန်းဂန်သာလို့ မာပါစ”

ငတွန်က လက်အုပ်ချီကာ အသံမှန်မှန်ဖြင့် ပြန်ပြောလိုက်သည်။

“ပို့သတဲ့မေတ္တာတွေကြောင့်..မာပါ့ရှင်..မာပါ”

မြတ်ထားသီရိက ခပ်ရွတ်ရွတ်ပြောရင်း..လက်တစ်ဖက်ဖြင့် ရေပြင်ကိုသာ ထိခတ်ကစားနေ၏။

ငတွန်က ကမ်းပေါ်မှ လူအုပ်ကြီးထဲမှ ရှင်ထွေးပုများ သူတို့နှစ်ဦးအား အကဲခတ်နေမလားဟူသည့် အတွေးဖြင့် ကမ်းပေါ်သို့ လှမ်းကြည့်လိုက်သည်။

လူအုပ်ကြီးက ကမ်းလုံးကျွတ်မျှ များပြားလှသဖြင့် မည်သူမည်ဝါမသဲကွဲ။ စစ်ချီစစ်မောင်းသံများကလည်း ဆူညံနေသည်။

လှေငယ်တစ်စီးက သူ့ရှေ့မှ ဖြတ်သွားသည်။

ငအိုး၏ ဇနီးနှင့်သားငယ်က လှေပေါ်အထိ လိုက်ပို့ပြီးနောက် ကမ်းသို့ ပြန်ကြခြင်းဖြစ်၏။ ခပ်လှမ်းလှမ်း တိုက်လှေကြီးပေါ်မှ ငအိုးကိုကြည့်ရင်း သားငယ်ဖြစ်သူက တဝါးဝါးအော်ငိုနေသည်။

“ဒီနေ့တော့ သံယောဇဉ်အမျှင်အတန်းတွေချည်း မြင်နေရပါလားကွယ် ရို့...သြော်..စစ်ထွက်ယောကျ်ားချင်းအတူတူ..ငါတို့များတော့..ရေပက်ဆော့မယ့် သူမရှိ...လှေပေါ်ထိ လိုက်ပို့မယ်သူမရှိ”

ဖောင်တော်ပေါ်တွင်ရှိနေသည့် ရွှေကြူက ငတွန်ကြားအောင်...ခပ်ကျယ်ကျယ် အော်ပြောလိုက်၏။

ငတွန်က ရွှေကြူကို အသံမထွက်ပဲ ဟန်အမူအရာဖြင့် ဆဲရေးလိုက်သည်။

မကြာမီ ဖောင်တော်နှင့်အတူ တိုက်လှေကြီးများ စတင်ထွက်ခွာပြီဖြစ်သည်။

.....

ရေနံချောင်းမြို့အောက်ဘက် မြစ်ပြင်တွင်ကား တိုက်ပွဲကား ပြင်းထန်နေသည်။

ရွှေပြေးအဖြစ် ထွက်ခွာသွားခဲ့သော စည်သာမင်းကြီးဦးစည်းစိမ် ၊ ရဲစက်ကျော်ခေါင်ငခင်ပါး၊ ရာဇကုမ္ဘဏ်ငထွေးတို့ လှေတပ် (၃)တပ်သည်

တိုက်လေ့(၅၀၀)ပါဝင်သော ဗညားကျဉ်၏ တပ်နှင့် ထိပ်တိုက်တွေ့ဆုံနေကြ၏။

ဗညားကျဉ်တပ်မှ လေ့များမှာ မြစ်ကြောင်းပြည့်မျှ ခင်ကျင်းထားပြီး အမြောက်သေနတ်များစွာ တင်ဆောင်ထားကြသည်။

သို့သော် စည်သာမင်းကြီး၏ မှိုင်းသဲ့သဲ့လေ့ကြီးမှာ ရှေ့သို့ မတက်သေးပဲ...ပေါ့ပါးသည့် လေ့ငယ်များက ဟံသာဝတီလေ့တပ်စုအတွင်းသို့ အတင်းထိုးဖောက်ကြသည်။

ဟံသာဝတီလေ့များပေါ်သို့ အနီးကပ် ဝင်ရောက်ထိုးခုတ်ကြသဖြင့် အမြောက်၊ သေနတ်တို့မှာ အနီးကပ်တိုက်ပွဲတွင် အသုံးမဝင်ဖြစ်ကြ၏။

ဟံသာဝတီလေ့စုကို ရှုန်းရင်းဆန်ခတ်ဖြစ်အောင်ပြလုပ်ပြီးနောက် လေ့လျင်အားလုံးပြန်လည်ဆုတ်ခွာကာ မှိုင်းသဲသန့် ပူးပေါင်းလိုက်၏။

ထိုအချိန်မှ မှိုင်းသဲသဲလေ့ရှိ အမြောက်များဖြင့် ပစ်ခတ်သဖြင့် ပြိုကွဲနေပြီဖြစ်သော ဗညားကျဉ်၏ တပ်မှာ ရေစုန်တွင်ဆုတ်ခွာပြေးရသည်။

မှိုင်းသဲသဲကြီးပေါ်မှ အမြောက်၊ စိန်ပြောင်များ ပစ်ဖောက်လျက် တရစပ်လိုက်သည်။

ဗညားကျဉ်၏ တိုက်လေ့(၅၀၀)ပါ စစ်ဦးလေ့တပ်အလဲလဲအပြုံပြုံဖြင့် ဆုတ်လာသည်ကို မြင်သောအခါ စကြံန်ကျွန်းတွင် တပ်စွဲနေသည့် တိုက်လေ့(၂၀၀)ကျော်ရှိ တလပန်း၏တပ်များပါ ခုခံတိုက်ခိုက်ခြင်းမပြုပဲ အသာအယာပင် ဆုတ်ခွာဟန်ပြုလိုက်သည်။

ရွှေဘိုလေ့တပ်များလည်း စိတ်ဓာတ်တက်ကြွကာ နောက်မှ အားကုန်လိုက်ကြ၏။

ဦးစည်းစိမ်ကွပ်ကဲလာသော မှိုင်းသဲသဲလေ့ကြီးမှာ အားကြိုးမာန်တက်အလိုက်လွန်ကာ တစ်စီးထဲ ကျွန်ထွက်သွားသည်။

ထိုအခါကျမှ ဆုတ်ခွာဟန်ပြုသောတလပန်း၏ တိုက်လေ့(၂၀၀) နှင့် နောက်တွင် အသင့်စောင့်နေသော ဒေါစွယ်ယစက်၏ တိုက်လေ့ (၂၀၀)က မှိုင်းသဲသဲကို ဝိုင်းညှပ်ကာ တိုက်ခိုက်ကြ၏။

ရွှေဘိုသားတို့၏ ရေတပ်တွင် အဓိကလက်နက်ဖြစ်သည့် မှိုင်းသဲသဲကြီး အားအရယူရန် ကြိုစည်ထားသည့် တလပန်း၏ ပရိယာယ်ထဲသို့ ဦးစည်းစိမ်မှာ တိုးဝင်

မိလျက်သားဖြဲစ်သွားသည်။

ဟံသာဝတီလှေတပ်၏ အသဲအမဲတိုက်ခိုက်မှုကြောင့် မြိုင်းသဲသဲပေါ်မှ ပေါ်တူဂီ အမြောက်တပ်သားများ၊ ပသီသေနတ်ကိုင်များမှာ ကျဆုံးကုန်ကြသည်။

မြိုင်းသဲသဲပေါ်မှ ရွှေဘိုအမှူထမ်းလူမျိုးစုံ (၃၀၀)ခန့် ကျဆုံးသွားကြပြီဖြစ်၏။

သွေးများဖြင့် ရွဲနစ်နေသော မြိုင်းသဲသဲပေါ်သို့ ဟံသာဝတီတပ်သားများ တက်လာနိုင်ကြပြီဖြစ်သည်။

ဦးစည်းစိမ်နှင့် လူ(၃၀)ခန့်သည် တင်ကျည်းတုတ်များ၊ လှံရှည်များဖြင့် လှေဦးအထိ ဆုတ်ကာခုခံနေကြရ၏။

ထိုအချိန်အတွင် အမြောက်သံများ ဆက်တိုက်ထွက်ပေါ်လာပြီး ဝန်းရံထားသော ဟံသာဝတီလှေအချို့ နစ်မြုပ်ကုန်သည်။

ရဲစက်ကျော်ခေါင်ခင်ပါးနှင့် ရာဇကုမ္ဘဏ်ငထွေးတို့၏ တပ်များက မှီလာပြီဖြစ်သဖြင့် အမြောက်ငယ်များနှင့် ပစ်ခွင်းကာ အတင်းဝင်တိုးကြသည်။

ရဲစက်ကျော်ခေါင်တပ်မှ လှေတော်သားအချို့မှာ ရေကူးပြီး မြိုင်းသဲသဲပေါ် တက်ရောက်ခုခံကြသည်။ ထို့နောက် လှေကို လွတ်မြောက်ရာသို့ အတင်းလှော်ခတ်ထွက်ကြ၏။

ရွှေဘိုလှေတပ်သုံးတပ်မှာ ဟံသာဝတီတပ်များကြားမှ ထိုးဖောက်ကာ ပြည်မြို့ကျောင်းကြီးဆိပ်တွင် ဆိုက်ကပ်လိုက်ကြသည်။

အနောက်ဘက်မှ ဟံသာဝတီလှေတပ်များကလည်း လိုက်လာနေကြပြီဖြစ်၏။

“အားလုံး..သွေ့ာင်ထုံးတွေဖြည်ကြ..ဖြည်ကြ”

စည်သာမင်းကြီးက လှံရည်ကို ဝှံကာဝှံကာဖြင့် အမိန့်ပေးလိုက်၏။

လှေတပ်များပေါ် ရှိ ရွှေဘိုသားများ၏ ဆံပင်ရှည်ဖားလျားများမှာ မြစ်ပြင်ပေါ် တိုက်ခတ်နေသည့် လေတွင် တလွင့်လွင့်ဖြစ်နေကြသည်။

ထိုမြင်ကွင်းကို ပြည်မြို့ရိုးပေါ်တွင်ရှိနေသော စလေဝန်နှင့် ပခန်းဝန်တို့က လှမ်းမြင်သည့်အခါမှ မွန်ဆိုဖြတ်ထားသည့် ဟံသာဝတီတပ်များမဟုတ်ပဲ မွန်ဆိုးဖိုမှ တပ်များဖြစ်ကြောင်း သိရှိကာ ပြည်မြို့တွင်းမှ တပ်များကို မြစ်ဆိပ်သို့ စေလွှတ်ကြ၏။

ဟံသာဝတီတပ်များလည်း ဆက်မလိုက်ကြတော့ပဲ..ပြည်အောက်ဘက်ရှိ စောဖြ တပ်သို့ သွားရောက်ပူးပေါင်းကြတော့သည်။

ဧန်နဝါရီ ၁၅ တွင် ဦးအောင်ဇေယျ၏ ရေတပ်မှာ အင်းဝသို့ ဆိုက်ရောက်သည်။

အင်းဝအရောက်တွင် ညီတော် သတိုးသိန်သူဘဲခံ ရွှေခြူ သည် မြို့စား၊စော်ဘွား တပ်များနှင့် ပူးပေါင်းကာ တောင်ငူသို့ ကြည်းကြောင်းချီတက်သွားခဲ့သည်။

ဦးအောင်ဇေယျ၏ လှေတပ်ကြီးမှာ ဆက်လက်စုန်ဆင်းလာခဲ့ရာ ၁၇၅၅ ဧန်နဝါရီ ၁၈ တွင် ကာမမြို့သို့ ရောက်ရှိလာသည်။ ရိက္ခာထောက်စခန်းများ တည်ဆောက် ရန်သွားနှင့်ခဲ့သည့် သတိုးကျော်သူ၊ ရမ္မသီရိတပ်တို့က ဝင်ရောက်ပူးပေါင်းလာ သည်။

အောင်ဇေယျ၏ ရေတပ်ကြီး ပြည်မြို့သို့ ဆိုက်ကပ်သည့်အခါ ဟံသာဝတီတပ်မှူး များမှာ စစ်ရေးအစီအမံများကို ပြောင်းလဲပစ်လိုက်ကြသည်။

ထိုးစစ်ဆင်ခြင်းမရှိပဲ..ရွှေဘိုတပ်များ၏ ပတ်ချာလည်မှ ဝိုင်းကာ ရိက္ခာဖြတ် တောက်ရန် ကြံရွယ်ကြသည်။

ရွှေဘိုတပ်များ၏ ရိက္ခာထောက်တပ်များဖြင့် ရေကြောင်းမှဆက်သွယ်မရစေရန် ရွှေဘုံသာလက်ကြားတွင် လင်္ဂန်းအိမ်၏ တပ်က စီးဆို့နေ၏။

ကြည်းကြောင်းမှ ရိက္ခာမပို့နိုင်စေရန် ဗညားဖြအဂ္ဂ တပ်များက အနောက်ဘက် တွင် စီးဆို့ထားသည်။

ဟံသာဝတီမြင်းမူးမင်းသား ဗညားဒလ အောင်စ၊ ဗညားကျဉ်၊ စောဖြ စသည့် ဟံ သာဝတီထိပ်တန်းတပ်မှူးများပါဝင်သည့် တပ်ပေါင်းစုမှာ ပြည်မြို့ရိုး၏ အထက်စီးဖြစ်သော ရွှေဆံတော်ကုန်းတွင် သစ်တပ်ကြီး အခိုင်အမာ တည်ဆောက်ကာ စုပေါင်းနေ၏။

တလပန်းနှင့် ဒေါစွယ်ယစက်မှာ မြစ်အောက်ဘက်တွင် လှေတပ်မှ အမြောက် များဆင်ကာ အသင့်ပြင်ထားသည်။

အောင်ဇေယျ က တပ်ပေါင်းစုကို မတိုက်စေပဲ....ရိက္ခာထောက်များကို ပိတ်ဆို့ ထားသည့် တပ်များကို ဦးစွာ တိုက်စေခဲ့သည်။

လင်္ဂန်းအိမ်တပ်နှင့် ဗညားအဂ္ဂ၏ တပ်များကို စစ်ကြောင်းနှစ်ကြောင်းဖြင့် ဖြိုဖျက်တိုက်ခိုက်စေရာ ဧန်နဝါရီ ၃၀ တွင် လင်္ဂန်းအိမ်နှင့် ဗညားအဂ္ဂနှစ်တပ်လုံး

ပျက်ကာ ရွှေဆံတော်တံပိုးသို့ ခိုဝင်ကြရသည်။

ထိုတပ်နှစ်တပ်ကို တိုက်ရာတွင် သေနတ်(၂၀၀)နှင့် အမြောက်(၁၀)လက်ရရှိလိုက်၏။

.....
.....

“ရွှေဘိုသားဟေ့”

၁၇၅၅ ဖေဖော်ဝါရီ ၆ ရက်။

အော်ဟစ်ကြိမ်းဝါးသံများနှင့်အတူ ရွှေဘိုတပ်များသည် လူအလုံးအရင်းဖြင့် ထိုးစစ်ဆင်ဝင်တိုက်ကြပြီဖြစ်သည်။

လွန်ခဲ့သည့်ရက်များက ဟံသာဝတီတပ်များ ထွက်လာစေရန် စစ်ရေးမြှုခဲ့သော်လည်း ဟံသာဝတီတပ်များမှာ ထွက်မတိုက်ခဲ့ကြ။

တပ်ထိပ်မှ အမြောက်လက်နက်ကြီးများ အကူဖြင့် တရစပ်ပစ်ခတ်နေသဖြင့် အနားကပ်မရပဲရှိနေခဲ့သည်။

ထိုအခါ အောင်ဇေယျသည် ဗျူဟာတစ်မျိုးပြောင်းခဲ့ပြန်၏။ ဥနောက်ရွာသား ငဖြိုးနှင့် အမာခံ လူ (၂၀)ကို ပြည်မြို့တွင်းသို့ ခိုးဝင်ကာ တိုက်ခိုက်စေသော်လည်း...မြို့ရိုးအနီးသို့ပင် မချဉ်းကပ်နိုင်ပဲ ပြန်လာသဖြင့် ကွပ်မျက်ပစ်ခဲ့သည်။

အောင်ဇေယျနှင့်သားတော်များသည် ရွှေဆံတော်ခံတပ်နှင့် အပြိုင်တည်နေသော ပြည်မြို့သို့ဝင်ကာ အခြေအနေကို စောင့်ကြည့်ကြ၏။

နောက်ဆုံးတွင် အမာခံတပ်မှူးဖြစ်သော ငတွန် ၊ ငအိုး ဦးဆောင်သော တပ်များက ရွှေဆံတော်တပ်များကို အသေခံထိုးဖောက်ရန် ဆုံးဖြတ်လိုက်သည်။

စစ်ပွဲကြီးတစ်ခုကို တပ်မှူးအဖြစ် စတင်ဦးစီးရသော မင်းရဲစည်သူဘွဲ့ခံ ငနည်းမှာ တက်ကြွနေ၏။

“ကျုပ် ရှေ့က တက်ခွင့်ပေးပါ..ကိုကြီးတွန်”

“မလုပ်နဲ့....ဒီကောင်တွေက စစ်ပရိယာယ်ကြွယ်တယ်...သူတို့ခံတပ်ပေါ် ဘာတွေစီမံထားမှန်းမသိဘူး...မင်းက အနောက်ကနေ ငါ့တပ်ကို ရိုပြီးလိုက်...တို့ကို သူတို့

ဖိတိုက်နေချိန်..မောင်အိုးက တောင်ဘက်ခြံမ်းကနေ ပတ်ပြီး ခံတပ်ကို ဖြု”

ငတွန်သည် သျှောင်ကို ဖြည်ကာ ဆံပင်ကို ဖြန့်လိုက်သည်။

ထို့နောက် အပေါ်အကျီဗလာကျင်းလျက်၊ ပါလီကွေးကို ပုခုံးတွင်စွပ်လျက်...ဓား ရှည်ကို ဝှံကာ ကြုံးဝါးလိုက်တော့သည်။

“ရွှေဘိုသားဟေ့”

ငတွန်နှင့်တပ်များမှာ ခံတပ်စည်းရိုးခြေသို့ ပင် ရောက်သွားကြသည်။

တပ်များမှ ကြိုးများ၊ လင်းလေးများဖြင့် ပစ်ခတ်ကြသော်လည်း မြို့ရိုးမှာ ငြိမ် သက်လျက်ပင်။

တစ်စုံတစ်ရာထူးဆန်းနေသဖြင့် ငတွန်က သူ၏ တပ်များကို ရပ်ရန် အချက်ပြ လိုက်၏။

ကပ်လျက်ပါလာသော ငနည်း က မချင့်မရဲဖြင့် လှမ်းအော်သည်။

“ကိုကြီးတွန်....ဖိတိုက်တော့လေ..ဒီကောင်တွေ ကြောက်ချေးပန်းပြီး ပြန်မတိုက် ရဲတာနေမယ်”

ငတွန်က လက်ကာပြလိုက်၏။

“တစ်ခုခုပဲဟေ့..သတိနဲ့ ပြန်ဆုတ်ကြ”

ငတွန်၏ တပ်များ တဖြည်းဖြည်းပြန်ဆုတ်ကြသည်။

ထိုအချိန်တွင် ရုတ်တရုတ် ငနည်း၏ အမိန့်သံနှင့်အတူ တပ်များက ညာသံပေး ကာ ခံတပ်ကို သစ်လုံးလှည်းများဖြင့် တိုက်ရန် ပြေးတက်လာကြ၏။

ရွှေဆံတော်မြို့ရိုးပေါ်မှ မီးရှူးတစ်ပန်းတက်သွားသည်။

တပြိုင်နက် မြစ်ပြင်တွင် ရှိနေသော တလပန်းနှင့် ဒေါ့စ္စယ်ယစက်တို့၏ တပ်မှ ပသီအမြောက်တပ်သားများက အမြောက်များကို တစ်ပြိုင်နက်ပစ်ခတ်လိုက် ကြ၏။

အမြောက်ဆံများမှာ ရွှေဆံတော်ခံတပ်ရှေ့ပတ်ချာလည်ကျလာကြသည်။

ထိုအချိန်မှ ရွှေဆံတော်မြို့ရိုးဆီမှ သေနတ်ကိုင်စစ်သားများရုတ်တရက်ပေါ်လာပြီး..ပစ်ခတ်ကြတော့၏။

ရွှေဘိုတပ်များမှာ အငိုက်မိသွားကြပြီဖြစ်သည်။

စစ်ပရိယာယ်ကို ရိပ်ဖမ်းမိသဖြင့် ပြန်ဆုတ်နေသောငတွန်၏တပ်များနှင့် ရှေ့သို့ထိုးတက်လာသော ငနည်း၏ တပ်များမှာ ဒွေးရောယှက်တင်ဖြစ်ကုန်ကြသည်။

မြစ်ဘက်မှ ပစ်ခတ်သည့် အမြောက်များကြား သေဆုံးကုန်ကြ၏။

“ဟေ့ကောင်လေး..မင်းလူတွေ ခေါ် ပြီး အလွတ်ဆုတ်တော့..ဆုတ်တော့”

ငတွန်က အော်ဟစ်အမိန့်ပေးသည်။

အနောက်ဘက်မှ ရံလာသော ငအိုး၏တပ်များက ငတွန်နှင့် ငနည်းတို့ တပ်များဆုတ်နိုင်ရန် မြို့ရိုးပေါ်သို့ သေနတ်များဖြင့် ဝန်းရံပစ်ခတ်ပေးကြသည်။

“ဝုန်း”

အမြောက်ဆံတစ်လုံးက ငနည်း၏ အနားသို့ ကျလာသည်။

ငနည်း၏ လက်တစ်ဖက်မှာ ဖွာခနဲဖြစ်ကာ ပြတ်ထွက်သွား၏။

ထိုအချိန်တွင် ခံတပ်တံခါးပွင့်သွားပြီး သေနတ်နှင့်စိတ်ကြိုက်ပစ်ခတ်နေသော ဟံသာဝတီသေနတ်ကိုင်စစ်သည်တို့ကို ငတွန်နှင့် သူ့တပ်က ပြန်လည်ခုခံနေရသည်။

အနောက်ဘက်မှလည်း အမြောက်ဆံများ တဖွဲဖွဲ။

ငအိုးက လက်ပြတ်သွားပြီဖြစ်သော ငနည်းကို ဆွဲကူရန် ရှေ့တက်လာ၏။

ခံတပ်အမြင့်ပေါ်တွင်ရှိနေသော ဗညားဒလအောင်စက ခွထောက်ရှည် ထောက်ထားသော အင်္ဂလန်လုပ်သေနတ်ပြောင်းရှည်ကြီးဖြင့် ရွှေဘိုတပ်မှူးများရှိရာသို့ လိုက်ရှာနေသည်။

ရွှေကျင်ခတ်ခေါင်းပေါင်းနှင့် တပ်မှူးဝတ်စုံဝတ်ထားသော ငအိုး ကို သတိထားမိသွား၏။

ငနည်းကို မြင်းပေါ်သို့ တင်ပေးနေသော ငအိုး၏ ကျောကုန်းမှာ ဖွာခနဲ ပွင့်ထွက်သွားသည်။

“ကိုယ်တော်ကြီး”

ငအိုး၏ တပ်သားများက အတင်းတိုးဝင်ကာကွယ်ကြသည်။ သို့သော် မမှီတော့။ ဗညားဒလအောင်စ ၏ အမိန့်ပေးမှုနှင့်အတူ ပေါ်တူဂီကြေးစားအမြောက် စစ်သည်များက ထိုနေရာသို့ အမြောက်ဖြင့် လှမ်းပစ်လိုက်တော့သည်။

“ဝုန်း”

မြင်းပေါ်မှ ငနည်းရော၊ ငအိုးပါ အမြောက်ဆံများစိုက်ဝင်ပြီး သွေးအလိမ်းလိမ်းဖြင့် မြေပြင်တွင် လဲကျနေသည်။

ငတွန်က ဟံသာဝတီတပ်များရှိရာ ဖိတိုက်ရန် ပြင်နေစဉ်...ပြည်မြို့ရိုးဘက်ဆီမှ တံပိုးခရာမှုတ်သံ ကြားလိုက်ရ၏။

အောင်ဇေယျထံမှ တပ်ဆုတ်ရန် အမိန့်ပေးသံ။

“ငအိုး..မင်းတို့ အရင်ဆုတ်ဟော့..ငါခံတိုက်.....”

အနောက်ဘက်မှ မြင်ကွင်းကြောင့်..ငတွန် ပြောလက်စ စကားရပ်သွား၏။

ထိုစဉ် ဟံသာဝတီခံတပ်ပေါ်မှ သေနတ်တချက်က ငတွန်၏မြင်းကို ထိမှန်ကာ မြင်းလဲကျသွား၏။

ငတွန်က အနီးအနားက ကာတစ်ခုအား ကောက်ကိုင်ကာ...လက်နှစ်ဖက်ကို နောက်ပြန်လျက် ကျောကုန်းမှာ ကပ်ကာ..ပြည်မြို့ရိုးရှိရာသို့ မြွေလိမ်မြွေကောက်ဆုတ်ပြေးတော့သည်။

မောင်လောက် က မှန်ပြောင်းကို လက်တွင်ကျစ်ကျစ်ပါအောင် ဆုတ်ထားလိုက်၏။

“ဟုတ်တယ်...ခမည်းတော်..ဦးရီးတော်နှစ်ပါးလုံး ကျသွားတာ...သေချာပါတယ်”

အောင်ဇေယျက အသက်မဲ့နေသည့် ကျောက်ရုပ်အလား စစ်မြေပြင်ကို ငေးကြည့်နေသည်။

“ဗိုလ်တွန်ရော..ရှင်ရဲ့လား”

“သူ မြို့ထဲ ပြန်ဝင်လာနိုင်ပါပြီ”

အောင်ဇေယျက စကားဆက်မပြော်တောပဲ...သွေးညှီနံများ၊အလောင်းကောင်များ၊ ယမ်းခိုးငွေ့များ၊ အော်ဟစ်ညည်းညူသံများဖြင့်ပြည့်နေသည့် စစ်တလင်းကိုသာ စူးစိုက်ကြည့်နေသည်။

အခန်း (၂၉)

“တောသား...ငါ့ကို ထားသွားပြီ..ဒီအကောင်နှယ့်ကွာ”

ရွှေကြူ၏ အသံက တိမ်ဝင်သွား၏။ လက်ထဲမှ ထန်းဖူးစာလိပ်မှာ ကျိုးကြေနေပြီဖြစ်သည်။

ပြည်မြို့မှ ခြေလျင်မြင်းသည်ဖြင့်ပို့လိုက်သည့် စာ။

“ကဲ..ကိုယ့်လူတို့..တောင်ငူကလည်း အခုအခံမရှိ သစ္စာခံမည်ဆိုတော့ကာ...အလောင်းဘုရား အမိန့်အရ..ထီးလင်းမြို့သူကြီး၊ ယောမြို့သူကြီးတို့တပ်တွေက ဒီကနေ လမ်းခွဲပြီး ပြည်ကို သွားပူးပေါင်းရလိမ့်မယ်တဲ့”

ထီးလင်းမြို့သူကြီးငပြည့်ထွန်းအောင်၊ ယောမြို့သူကြီး ငအောင်နိုင်းနှင့် မင်းရွာသူကြီး ငအောင်စည်တို့၏ မျက်နှာများမှာ မသာယာလှ။

“ကိုယ့်လူတို့...ကျုပ်မပါပေမယ့်လည်း...အလောင်းဘုရားနဲ့ ဗိုလ်တွန်ကို ကျုပ်လိုမှတ်ပြီး အမှုထမ်းကြစေချင်တယ်.. အခု ပြည်ခံတပ်ကို ထိုးတိုက်တဲ့အခါ အလောင်းဘုရားက ကိုယ့်လူတို့တပ်မှူးကို အားကိုးတကြီးနဲ့ လှမ်းမှာတယ်ဆိုတာက ကိုယ့်လူများကို တန်ဖိုးထားလို့သာပဲမဟုတ်လား..ကျုပ်လည်း ကိုယ့်လူတို့ ထီးလင်းသား၊ယောသားများ သတ္တိကိုယုံပါတယ်လေ”

“မှန်ပါ...ကိုယ်တော်ကြီး၏ ယုံကြည်မှုကို အလကားမဖြစ်စေရ ကြောင်း..ကျွန်တော်မျိုးတို့ သက်သေပြပါ့မယ်..ဘုရား”

“ကဲ..ဟုတ်ပြီ..ဒါဆိုရင်..ဒီနားလာကြ...အလောင်းဘုရားခင်းပေးလိုက်တဲ့ စစ်ဗျူဟာအစီအမံအတိုင်း ခင်ဗျားတို့ ပြည်ကို အမြန်ချီတက်ပြီး တိုက်ကြရလိမ့်မယ်”

ရွှေကြူက မြေပုံသားရေကားချပ်ကို ဖြန့်ခင်းလိုက်သည်။

.....

ညဉ့်နှစ်ချက်တီးခဲ့ပြီ။

ပြည်မှာဆောင်း သည် အေးမြတိတ်ဆိတ်နေ၏။

ရွှေဆံတော်ဘုရားပေါ်မှ ပန်းရနံ့မွှေးပျံ့ပျံ့က တချက်တချက် ခံတပ်ပေါ်သို့တိုင် ပျံ့လွင့်လာသည်။

ဗညားဒလအောင်စမှာ ယခုတိုင် အိပ်မပျော်နိုင်သေး။

ခပ်လှမ်းလှမ်းမှ ကျွန်းပင်ကြီးကို ငေးကာ ဆေးတံကို ဖွာရှိုက်နေ၏။

“ကျွန်တော်မျိုးမ ကို ချစ်တဲ့ ယောကျ်ားတစ်ယောက်ရှေ့မှာ ကျွန်တော်မျိုးမ ရဲရဲကြီးသေပြချင်လို့...ဘယ်မှ မသွားပါနဲ့လား..အရှင်မင်းသား”

နန်းသွယ်၏ အသံ က သူနားထဲ ပဲ့တင်ထပ်မျှ ကြားယောင်နေသည်။

“နန်းသွယ်...မောင့်ကို ခွင့်လွှတ်ပါ...ခွင့်လွှတ်ပါ”

ခပ်လှမ်းလှမ်းခံတပ်ပေါ်တွင်တော့ ကင်းတာဝန်ကျစစ်သားများက အမှောင်ထုထဲသို့ ငြိမ်သက်စွာ စောင့်ကြည့်နေကြ၏။

မျက်နှာချင်းဆိုင်တွင်ရှိသော ပြည်မြို့ရိုးမှာ မီးအလင်းရောင်ပင်မရှိ အမှောင်အတိဖြစ်နေသဖြင့် အခြေအနေမှာ ထူးဆန်းနေသည်။

ညဉ့်ဌက်များ၊ ဇီးကွက်များ က ပထမနွေတိုက်ပွဲများတွင် မကောက်နိုင်ခဲ့သော အလောင်းကောင်များ အပေါ်တွင် ဥဒဟိုပျံသန်းကာ အစာရှာနေကြ၏။

ဟံသာဝတီတပ်မှူး ဗညားတာနော သည် ရွှေဆံတော်ခံတပ် တောင်ဘက်ခြမ်းသို့ တက်လာသည်။

“ဒီပေါ်မှာ...မြင်းမှူးမင်းသားလေးများ ရှိသလားဟေ့”

ကင်းပုန်းဝပ်နေသော သွေးသောက်ကြီးကို လှမ်းမေးလိုက်၏။

“မရှိပါဘူး..ဗိုလ်မင်း”

“ဘာထူးသေးလဲ”

“ပြည်မြို့တစ်ခုလုံး ထူးထူးခြားခြား မီးရောင်မတွေ့ရှိရတော့ပါဘူး...သူတို့တပ်တွေ တိတ်တဆိတ်များ ဆုတ်ခွာသွားကြပြီထင်တယ်..ဗိုလ်မင်း”

“ဟင်..ဟုတ်လား..မှန်းစမ်း”

ဗညားတာနောက သူ၏ခန္ဓာကိုယ်တုတ်တုတ်ခိုင်ခိုင်ကြီးဖြင့် ပြဲအိုးပေါ်သို့ တက်ကာ အမှောင်ထုထဲသို့ ကြည့်လိုက်သည်။

ထို့နောက် ရုတ်တရက်မတ်တပ်ထရပ်လိုက်၏။

“မီးတုတ်တွေ..ထပ်ညှိကြဟော့..အမြှောက်တွေပြင်...ဒီတောင်ဘက်ကနေ.ရန်သူတက်လာနေပြီ”

တောင်ဥကြောင်းမှ ပတ်ကာ ရွှေဆံတော်ခံတပ်တောင်ဘက်ခြမ်းသို့ တိတ်တဆိတ်ချဉ်းကပ်လာသော ထီးလင်း၊ယောတပ်များ သည် ခံတပ်ပေါ်မှ မီးအလင်းရောင်များကြောင့် ဝပ်နေရာမှာ ထလာကြသည်။

မီးအလင်းရောင်အောက်တွင် ထီးလင်း၊ယောတပ်မှ လူအင်အားကို မြင်သည်နှင့် ဗညားတာနောက ခံတပ်တံခါးဖွင့်ကာ ထွက်တိုက်ရန် အမိန့်ပေးလိုက်တော့၏။

တောင်ဘက်တံခါးပွင့်ထွက်သွားသည်။

ဟံသာဝတီတပ်များက မြင်းများနှင့် အရှိန်ပြင်းစွာ ထွက်လာကြ၏။ ထီးလင်၊ ယောတပ်များက ခုခံတိုက်ခိုက်ဟန့်ပြုကြပြီး..နောက်သို့သာ ဆုတ်ခွာနေသည်။

ထိုအချိန်တွင် တောင်ဘက်ခံတပ်ပြအိုးပေါ်သို့ ဗညားဒလအောင်စ ရောက်လာပြီဖြစ်သည်။

“ဟဲ့..တာနော....ဘာတွေဖြစ်ကုန်နေတာလဲ”

“မုဆိုးဖိုတပ်က သွေးတိုးစမ်းတယ်ထင်ပါတယ်...တပ်နည်းနည်းနဲ့ တောင်ဘက်ခြမ်းက တိတ်တိတ်ဝင်လာလို့..ကျွန်တော်မျိုးတို့ လူအားနဲ့ ဖိကာ စစ်ဦးကို နှိမ်ခိုင်းလိုက်တာပါ”

အောင်စ က မီးတုတ်များ၊ မီးရောင်များကြားမှ တိုက်ပွဲအခြေအနေကို အကဲခတ်လိုက်သည်။

“ဟ.သူတို့က ခွာစစ်နဲ့တိုက်နေတာပါလား..ဒါစစ်မြို့နေတာပဲ”

ဟံသာဝတီမြင်းတပ်များက တောင်ဘက်ခံတပ်တွင် အာရုံစိုက်နေကြစဉ် မြောက်ဘက်သို့ အိမ်ရှေ့မင်းသား မောင်လောက် နဲ့ မောင်ရွှ ၏ တပ်များက အပြင်းအထန်ဝင်တိုက်ကြတော့သည်။

အင်းဝတိုက်ပွဲတွင် မသုံးလိုက်ရသည့် ခြံငုံးလုံးကြီးများ ကို လှိမ့်ကာ ခံတပ်ရင်းဆီသို့ ချဉ်းကပ်လာကြ၏။

“မြောက်ဘက်တံခါးကိုလည်း ဝင်တိုးတိုက်နေပါပြီ..ဘုရား”

ဗညားရက္ခိုက်ကလာရောက်လျှောက်တင်သဖြင့် ဗညားဒလအောင်စမှာ မြောက်ဘက်သို့ လှည့်လာရပြန်သည်။

အနောက်ဘက်တံခါးတွင် စစ်သည်များနှင့်အတူ အိမ်ရှေ့မင်းသားမောင်လောက်၊ မောင်ရွှတို့ကိုယ်တိုင် ခြင်းလုံးကြီးများကို လှိမ့်ကာ ချီတက်လာကြ၏။

အမြှောက်များ၊ သေနတ်များဖြင့် ပစ်ခတ်ကြသော်လည်း ကောက်ရိုးသစ်စေးများဖြင့် အပြည့်အသိပ်ထည့်ထားသော ခြင်းလုံးကြီးများကို မတိုးနိုင်ကြ။

ခြင်းလုံးကြီးများနောက်တွင် ကိုးတောင်၊ ဆယ်တောင်ခန့်ရှည်လျားသော ဝါးတိုင်များကို သယ်လာသည့် စစ်သည်များလည်း ပါလာကြသည်။

“အမြှောက်တွေပစ်..ဆက်တိုက်သာ ပစ်ကြဟေ့..မနားနဲ့..မရပ်နဲ့..နာနာပစ်”

အောင်စက အော်ဟစ်အမိန့်ပေးနေသည်။

လွန်ခဲ့သော နာရီပိုင်းကမျှ အေးမြတိတ်ဆိတ်နေသည့် ဆောင်းညသည် မီးတောက်မီးလျှံများ၊ ယမ်းပေါက်ကွဲသံများ နှင့် ဆူညံနေတော့၏။

ခြင်းလုံးများကို လှိမ့်သည့်နောက်မှ အကာအကွယ်ယူလာသည့် စစ်သည်များမှာ ဆင်ခလုတ်၊ မြင်းခလုတ်၊ ထောင်ခြောက်များကို တပါတည် နုတ်ကြသည်။

ခံတပ်ခြေရင်းသို့ ရောက်သည်နှင့် ဝါးတိုင်များကိုင်ဆောင်ထားသောအဖွဲ့သည် သစ်တပ်နံရံများဆီ ပြေးကပ်လိုက်ကြ၏။

ထို့နောက် ဝါးတိုင်ထိပ်မှ ရှူမီးများကို ခတ်မီးများဖြင့် ခတ်ကာ မီးရှို့လိုက်ကြတော့သည်။

ဝါးတိုင်များကို ခံတပ်အပေါ် သူရဲခိုများနှင့်အနီးဆုံးဖြစ်အောင် တပြိုင်နက်ထောင်လိုက်ကြ၏။

ဝါးတိုင်ထိပ်မှ ယမ်း၊ငရုတ်ရောထားသည့် ရှူမီးဇွန်းများမှာ ခံတပ်ပေါ်မှ သေနတ်ကိုင်စစ်သည်များထံသို့ အလုံးအရင်းဖြင့် ဝင်လာကြသည်။

“အဟွတ်..အဟွတ်...အနောက်ကို ခဏဆုတ်ကြဲ..ဆုတ်ကြဲ”

ဗညားဒလအောင်စ သည် ခေါင်းမှ ပုဝါကို ခွတ်ကာ နှာခေါင်းရင်းတွင်း စည်းလိုက်ရင်းမှ လိုက်လံညွှန်ကြားနေ၏။

တောင်ဘက်မျက်နှာတွင်လည်း တပ်ကွဲသွားသည့် မြင်းတပ်များမှာ ဝိုင်းဝန်းပိတ်ဆို့ချေမှုန်းခံနေကြရသည်။

“သောက်ရေစည်တွေမတင်..မတင်ကြ”

အောင်စက အမိန့်အပေးသဖြင့် ခံတပ်အောက်ဘက်မှ သောက်ရေစည်များကို မတင်လာကြ၏။

ထို့နောက် ရွှမြီးများကို သောက်ရည်စည်များဖြင့် လောင်းချကြ၏။ အချို့ရွှမြီးများမှာ ငြိမ်းသက်ကုန်ကြသည်။

ထိုအခါအမှ ဟံသာဝတီသေနတ်သမားများအချို့မှာ နေရာပြန်ယူပြီး အောက်သို့ ပစ်ခတ်နိုင်ကြသည်။

တိုက်ပွဲနှင့် မနီးမဝေးတစ်နေရာတွင် ငတွန်နှင့် လူတစ်စုမှာ အလုပ်ရှုပ်နေကြ၏။

သံကြိုးများအထပ်ထပ်ရစ်ပတ်ထားသော ရန်စဖြတ်ဆင်ကြီး မှာ မုန်ယိုတို တတောက်တောက်ယိုနေသည့်ကြားမှာ ရုန်းကန်နေသည်။

ငတွန်က တိုက်ပွဲအခြေအနေကို စောင့်ကြည့်ပြီးနောက်...အချက်ပြလိုက်၏။

အနောက်ဘက်မှ တံပိုးခရာသံတစ်ချက် ထွက်ပေါ်လာသည်။

ခံတပ်မြောက်ဘက်တွင် ပိတ်ဆို့ဝန်းရံနေသော ရွှေဘိုစစ်သည်များမှာ အနောက်ဘက်သို့ ကြည့်ကာ ဘေးတစ်ဖက်တစ်ချက်စီသို့ နေရာရွှေ့လိုက်ကြ၏။

သံကြိုးသမားများက သံကြိုးကိုယ်စီကိုယ်လျက် မြင်းများပေါ်သို့ တက်လိုက်ကြသည်။ ဆင်ထိန်းဂဇရဲတို့ဆင်က ဆင်ကြီးကို ခွန်းဖြင့် တချက်ပေါက်ပြီးနောက် နောက်သို့ တဖြည်းဖြည်းဆုတ်သွား၏။

ငတွန်က မြင်းပေါ်တက်လိုက်ပြီး ခပ်လှမ်းလှမ်းရောက်သည်နှင့် လှံရှည်ကို ရန်စဖြတ်ဆင်ကြီး၏ တင်ပါးဆုံဆီသို့ လှမ်းပစ်လိုက်တော့သည်။

မုန်ယိုနေသော ဆင်ကြီးမှာ နာကြဲင်မှုကြောင့် စူးစူးရှားရှားအော်လိုက်ချိန်တွင် သံကြိုးများကို ဖြေလျော့ပေးလိုက်ကြတော့၏။

ဆင်ကြီးမှာ ရှေ့တည့်တည့် ခံတပ်ဆီမှ ပစ်ခတ်နေသည့် အသံများဆီသို့ ဒေါသများ စုပြုံကာ ခံတပ်ကို တဟုန်တည်းပြေးတိုးကာ ဝင့်တော့၏။

ခေါင်းနှင့် အစွယ်တို့မှ သွေးများကျသည်အထိ ဝင့်သောအခါ သစ်သားခံတပ်မှာ မခံနိုင်ပဲ..ကျိုးပျက်တော့၏။

ဟံသာဝတီစစ်သည်များမှာ ဆင်ကြီးရန်စဖြတ်ကို အမြှောက်များ၊ သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ကြသည်။

“သားကြီးရေ....သားကြီး”

ထိုမြင်ကွင်းကို မြင်နေရသော ဆင်ဦးစီးဂဇရဲတိုင်က ခါးလွတ်ကို ကိုင်ကာ မြင်းတစ်စီးဖြင့် ရန်စဖြတ် ရှိရာသို့ ပြေးဝင်ကာ ဟံသာဝတီတပ်များကို ထိုးခုတ်တော့၏။

ဂဇရဲတိုင်၏ သူငယ်ချင်းဖြစ်သူ မင်းရဲကျော်ထင်လွမ်းသူ ကလည်း မြင်းတစ်စီးဖြင့် အတင်းဝင်ရောက်ကာ ပတ်ချာလည် ထိုးခုတ်တော့သည်။

ဆင်တစ်ကောင်၊ မြင်းနှစ်စီး၊ လူနှစ်ယောက်ဖြင့် ဖြင့် ဟံသာဝတီသေနတ်တပ်များမှာ ဝရုန်းသုန်းကားဖြစ်ကုန်ကြ၏။

ခံတပ်ကျိုးပေါက်ပြီဖြစ်သဖြင့် မင်းသားနှစ်ပါး၏တပ်နှင့် ငတွန်၊ငသာတို့၏တပ်များက ဆင်၊မြင်းများနှင့်အတူ ခံတပ်အတွင်း ထိုးဖောက်ဝင်ရောက်ကြတော့သည်။

တချိန်တည်းမှာပင် ခံတပ်ဆီမှ အသံများကြောင့် တလပန်းသည် သူ၏လှေတပ်များကို အသင့်ပြင်ဆင်စေသည်။

ပသီစစ်သည်များက အမြှောက်များကို ပစ်ခတ်ရန် ပြင်ဆင်နေစဉ်မှာပင်...ကောင်းကင်ထက်မှ မီးလုံးကြီးတစ်လုံးက သူတို့လှေတပ်ထဲသို့ ဦးတည်လာနေသည်ကို မြင်လိုက်ရ၏။

ပြည်မြို့ရိုးထိပ်တွင်ရှိနေသော ရံပုံခွင်းအမြှောက်နှင့် အခြားအမြှောက်ကြီးများကို အလောင်းဘုရားအောင်ဇေယျကိုယ်တိုင် ကွပ်ကဲလျက် တလပန်း၏ ရေတပ်ကို ပစ်ခတ်စေလိုက်ခြင်းဖြစ်သည်။

တလပန်းမှာ...ပြဲညိုမြို့ရိုးထိပ်မှ အဆက်မပြတ်ပစ်နေသည့် အမြောက်များဒဏ်ကို အလူးအလဲခံနေရ၏။

ထိုအချိန်တွင် ခံတပ်ပျက်သဖြင့် မြစ်ဆိပ်သို့ ဆင်းကာ ရေတပ်နှင့် ပူးပေါင်းရန် ပြေးလာကြသော ဟံသာဝတီစစ်သည်အုပ်ကြီးကို တလပန်းမြင်လိုက်ရသည်။

ခံတပ်ကား မီးဟုန်းဟုန်းတောက်နေချေပြီ။

“ဆုတ်မယ်..ဆုတ်မယ်..တလပန်း”

လှေတစ်စီးပေါ်သို့ ကမူးရှူးထိုးဖြင့် ပြေးတက်လာသော မြင်းမူးမင်းသား အောင်စ။

လစ်ဟာနေသည့် အရှေ့ဘက်မျက်နှာမှာ ဆုတ်ခွာလာသော ဟံသာဝတီတပ်များမှာ လမ်းတွင် နှစ်ဖက်သွယ်စောင့်ဆိုင်းနေကြသော ငသာ ၏ တပ်များက ချေမှုန်းခြင်းကိုလည်း ခံကြရပြန်သည်။

ဟံသာဝတီတပ်မှူးများဖြစ်သော ဗညားရက္ခိုက်နှင့် ဗညားတာနောတို့မှာ မြင်းများဖြင့် ကိုယ်လွတ်ရုန်းပြေးကြ၏။

မြင်းမူးမင်းသားဗညားဒလမှာ မြင်းပင် မပါတော့ပဲ ရေတပ်ရှိရာသို့ ခြေလျင်ပြေးလာရခြင်းဖြစ်သည်။

စစ်ပွဲကား အဆုံးအဖြတ်မြန်ဆန်သွားပြီဖြစ်သည်။

ရွှေဆံတော်ခံတပ်၏နောက်တွင်ရံထားသော ဗညားကျဉ်၊ ဗညားအဲ၊ သမိန်လွတ်တို့၏ တပ်များလည်း ရွှေဘိုတပ်များ၏ ဆက်လက်တိုက်ခိုက်ခြင်းကို ခံကြရသည်။

အထက်မှ တပ်များပျက်လာသည်ကို သတင်းရသော လက္ခန်းအိမ်နှင့် စောဖြတို့၏ လှေတပ်များမှာလည်း အောက်ဘက်သို့ ဆက်လက်ဆုတ်ခွာသွားကြ၏။

ထိုတိုက်ပွဲတွင် ရွှေဘိုဘက်မှာ အင်အားထောင်နှင့်ချီကျဆုံးသကဲ့သို့ ဟံသာဝတီဘက်မှလည်း အင်အား၏ သုံးပုံ တစ်ပုံသာ အသက်ရှင်လွတ်မြောက်နိုင်ခဲ့ကြသည်။

.....
.....

ကြဲညည်လင်လှပသော ကောင်းကင်ပြဲင်ကြီး။

ငတွန်က ပက်လက်လှန်လျက် ထိုကောင်းကင်ကို ကြည့်ကာ အသက်ကို ဝဝရှူလိုက်သည်။

သွေးညှီနံ့များ၊ ယမ်းနံ့များက သူ၏ နှာခေါင်းထဲသို့ ဝင်လာ၏။

သူနှင့် မနီးမဝေးတွင် ဆင်ဦးစီ ဂဇရဲတိုင်မှာ ခန္ဓာကိုယ်အနှံ့ ကျည်ဆံရာများနှင့် သွေးအိုင်ထဲလဲနေသည်။

ဂဇရဲတိုင်၏ ဘေးတွင် ဝေဒနာကို ခံစားရင်းနှောက်ဆုံးထွက်သက်အထိ သခင်ဘေးတွင် လှဲလျောင်းနေသည့် ဆင်ကြီး ရန်စဖြတ်။

ရန်စဖြတ်သည့် နှာမောင်းတစ်ဖက်ကို သူသခင်၏ ရင်ဘတ်ပေါ်သို့ တင်လိုက်ပြီးနောက်.. “ကျီ”ခန် အသံပေးကာ..ငြိမ်သက်သွားတော့သည်။

ဂဇရဲတိုင်၏ အလောင်းဘေးတွင် တွန်းလှည်းတစ်စီးရပ်လိုက်သည်။

တွန်းလှည်းပေါ်တွင် စစ်ပွဲတွင်းထိုးဖောက်ဝင်ရောက်ခဲ့သူ မင်းရဲကျော်ထင်ဘွဲ့ခံ ငလွမ်းသူ ၏ အသက်မဲ့နေသော ခန္ဓာကိုယ်။

အလောင်းဘုရားဦးအောင်ဇေယျ၏ အမိန့်အရ ငလွမ်းသူ၏ အလောင်းတွင် အဝတ်ဖြူအုပ်လျက်။

လှည်းတွန်းလာသော စစ်သည်များက ဂဇရတိုင်၏ အလောင်းကိုလည်း အဝတ်ဖြည်ဖြင့် လွှမ်းကာ လှည်းပေါ်တင်လိုက်ကြ၏။

ရဲဘော်ရဲဘက်သူငယ်ချင်းနှစ်ဦး၏ အသက်မဲ့သော ခန္ဓာကိုယ်များမှာ ငတွန်၏ ဘေးမှ တကျွိကျွိနှင့် ဖြတ်သွားသည်။

“ဦးရီးတွန်”

ဘေးနားမှ အသံကြောင့် ငတွန်က ကြည့်လိုက်သည်။

အဖြူရောင်မြင်းပေါ်မှ မောင်ရွှ။

မောင်ရွှ ၏ ခန္ဓာကိုယ်တွင်လည်း သွေးစေးများ ရွဲနစ်လျက်။ လက်မောင်းတစ်ဖက်မှာ ဓါးဒဏ်ရာရရှိထား၏။

“သြော်..ခင်ဗျား သေပြီမှတ်လို့..ခေါ်ကြည့်တာ...ဘာလုပ်နေတာတုန်း..မျက်လုံးကြီး ပြူးပြီး..မိုးကိုမော့ကြည့်နေတာ”

ငတွန်က ဘာမှမဖြေပဲ ထထိုင်လိုက်သည်။

“ဗိုလ်တွန်ကြီးတစ်ယောက်..ပွဲက ကြမ်းလွန်းလို့..ရူးသွားပြီလားမှတ်တာ..အဟက်”

ငတွန်က သူ၏ ဆံပင်ဖားလျားကို စုစည်းလိုက်ပြီးပုခုံးရှေ့သို့ ချလိုက်သည်။

ထို့နောက် မတ်တပ်ထရပ်လိုက်၏။

“မင်းသားနဲ့....ဒီလောက်လေးကိုများ ပွဲကြမ်းသတဲ့လား..အင်းလေ...ငယ်သေးတော့..တကယ်ပွဲကြမ်းတွေ့ မကြုံဖူးသေးလို့ပါ..မင်းသားရဲ့ခမည်းတော်ကို မေးကြည့်စမ်းပါ..ဒီပွဲက ပွဲကြမ်းတာလားလို့”

ငတွန်က လှောင်ပြုံးပြုံးလိုက်ပြီး မောင်ရွှကို ကျောခိုင်းကာထွက်ခွာသွားသည်။

.....

“သို့

မွန်စီယာအန်တိုနီ လူးဝစ် ရိုလီယို

နိုင်ငံခြားရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ပါရီမြို့

ပြင်သစ်ဘုရင့်နိုင်ငံတော်၊ ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီ၊ ပြင်သစ်အိန္ဒိယကိုလိုနီဘုရင်ခံချုပ် မှ ပဲခူးတိုင်းပြည်အရေး နှင့်ပတ်သက်ပြီး အစီရင်ခံအပ်ပါသည်။

သတင်းများအရ အင်္ဂလိပ်များသည် ဟိုင်းကြီးကျွန်းတွင်ခံတပ်တစ်ခု အခိုင်အမာ ဆောက်လုပ်နေပါသည်။ အင်္ဂလိပ်တို့သည် ဟိုင်းကြီးကျွန်းမှတဆင့် မြစ်လက်တက်တစ်ခုကို တွေ့ရှိထားပြီး သန့်လျင်သို့ အလွယ်တကူ ချီတက်နိုင်ရန် လမ်းကြောင်းရှာနေကြကြောင်းလည်းသိရှိရသည်။

အမှန်တကယ်တမ်းဆိုရလျှင် ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ်စခန်းသည် ကျွန်ုပ်တို့ ပဲခူးနှင့် ဒဂုံတွင် ဝင်ရောက် ခြေကုပ်ယူနိုင်ရေးကို ဟန့်တားရန်ရည်ရွယ်ရင်းဖြစ်ပါသည်။

မြိတ်ဘက်မှ ရောက်ရှိလာသူ အကြီးအကဲတစ်ဦး၏ ပြောဆိုချက်အရ အင်္ဂလိပ်များသည် မြိတ်ဘက်တွင်လည်း ယခင်ပြင်သစ်များနေရာယူထားသည့် နေရာတွင်ပင် အယုဒ္ဓယဘုရင်ထံ ခွင့်ပန်၍ ခံတပ်ဆောက်လုပ်နေကြောင်း သိရပါသည်။

ပဲခူးမြို့နှင့် မြိတ်မြို့အကြားရှိ ထားဝယ်မြို့သည်လည်း စိတ်ဝင်စားဖွယ်ကောင်းသော ကမ်းခြေမြို့ဖြစ်ပြီး ထိုမြို့ကမ်းခြေတစ်လျှောက်ကိုလည်း အင်္ဂလိပ်တို့က အုပ်စိုးကာ ပင်လယ်ဝင်ပေါက်တို့ကို ပိတ်ဆို့ထားပြီဖြစ်ပါသည်။

အထက်ပါအကြောင်းအရာများ မှန်ကန်ခဲ့ပါက ပြင်သစ်လူမျိုးများအဖို့ အိန္ဒိယသမုဒ္ဒရာအတွင်းနောက်ထပ် စစ်ပွဲများ ဖြစ်လာခဲ့လျှင် အဖက်ဖက်မှ ဝိုင်းဝန်းပိတ်ဆို့ထားခြင်းခံရမည့် အခြေအနေသို့ ရောက်စေနိုင်ပါသည်။

အင်္ဂလိပ်တို့သည် ကျွန်ုပ်တို့၏ ပဲခူးစစ်ရေးခေါင်းဆောင် အိမ်ရှေ့ဥပရာဇာထံ ဝင်ထွက်နေပြီး..ကျွန်ုပ်တို့က လတ်တလောအခြေအနေအရ လက်နက်မဖြည့်ဆည်းပေးနိုင်မှုများအပေါ် အခြေတည်ကာ ပဲခူးနှင့် ကျွန်ုပ်တို့ ကိုယ်စားလှယ်များအကြား ရန်တိုက်ပေးရန် ကြိုးစားလျက်ရှိနေပါသည်။

ဥပရာဇာသည်လည်း ကျွန်ုပ်တို့၏ သန်လျင်ခံတပ်တည်ဆောက်ရေးကိစ္စကို ပြတ်သားစွာ မပြောကြားပဲ..အထက်ဘက်တွင် ဖြစ်ပွားနေသော စစ်ပွဲများအတွက်လက်နက်ရရှိရေးကိုသာ ဆန္ဒစောလျက်ရှိပါသည်။

အင်္ဂလိပ်တို့ကလည်း ကျွန်ုပ်တို့အား ပဲခူးနိုင်ငံ ရောင်းဝယ်မှုနယ်ပယ်မှ အပြီးတိုင်ဖယ်ထုတ်ရန် ရည်မှန်းထားပုံရပါသည်။

စစ်ဖြစ်လာလျှင် ကျွန်ုပ်တို့ သဘော်များကို ပဲခူးမြစ်ဝအပြင်၊ အာချမ်၊ မာလာမြစ်များအထိ ပိတ်ဆို့ထားပြီ ယင်းတို့၏ သဘော်များအား ဂင်္ဂါမြစ်တိုင်အောင် ဆန်တက်ကာ၊ စစ်ရေးရည်မှန်းချက်ထားပုံပေါ်လွင်နေပါသည်။

ယခုကာလ စစ်ရေးအားပြိုင်မှုအချက်အခြားဖြစ်သော ပဲခူးနိုင်ငံနှင့်ပတ်သက်ပြီး ကျွန်ုပ်တွင် အကြံအစည်ရှိပါသည်။

ကျွန်ုပ်၏ အကြံအစည်မှာ အင်္ဂလိပ်တို့နှင့် ကွာခြားချက်ရှိပါသည်။

ပဲခူးဘက်သို့ လက်နက်အချို့ ပို့ဆောင်ပေးသကဲ့သို့..အချိန်တို့အတွင်း အင်အားကောင်းလာပြီး ပဲခူး၏ အဓိကရန်သူဖြစ်လာနေသော မုဆိုးဖို့ရွာသူကြီး အောင်ဇေယျ ၏ တပ်များကိုလည်း တိတ်တဆိတ်ဆက်သွယ်ကာလက်နက်ထောက်ပံ့

ပေးခြဲင်းဖြင့် အင်္ဂလိပ်တို့ထက် ခြေတဖျားသာနိုင်မည့် နိုင်ငံရေးကစားကွက်ကို ဖော်ဆောင်နိုင်မည်ဟု ယူဆပါသည်။

ဂျိုးဇက်ဖရက်စစ် ဒူပလေ

ပြင်သစ်အရှေ့အိန္ဒိယကိုလိုနီဘုရင်ခံချုပ်

ပွန်ဒီချယ်ရီ”

.....

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ရိုလီယို (Antoine-Louis Rouillé) က သူ့လက်ထဲမှ စာကို မှင်တိုဖြင့် မှတ်ချက်အနည်းငယ်ရေးကာ...ချထားလိုက်သည်။

ထို့နောက် သူ့ရှေ့တွင် ထိုင်နေသော ဗြိတိသျှအင်ပါယာဆိုင်ရာပြင်သစ်သံအမတ်ကြီး လာဒွတ်ဒီမီးရိပွာ (Ledue de Mirepoix) ကို ထိုးပေးလိုက်၏။

မီးရ်ပွာက စာကို နှစ်ခေါက်ခန့် သေချာပြန်ဖတ်လိုက်သည်။

“သူ့စာထဲက ရွာသူကြီးအောင်ဇေယျ ဆိုတာ ဘယ်သူလဲ..ဝန်ကြီး”

ရိုလီယိုက စာကို ပြန်ယူပြီးနောက် ပြုံးလိုက်သည်။

“အေး..ကျုပ်လည်း မသိဘူး...ဘယ်ကနေဘယ်လိုပေါ်လာမှန်းမသိတဲ့...ရွာသူကြီးအဆင့်ကို လက်နက်ကူပေးဖို့ပြောနေတာကတော့..ဒူပလေ ဟာသူ့ရဲ့ ကျရှုံးမှုတွေအတွက် မူမမှန်တဲ့ အကြံအစည်တွေကိုပဲ ပေးနေပြီဆိုတာ..သတိထားမိစေတာပဲဗျ...ကျုပ်တို့ နိုင်ငံခြားရေးမူဝါဒအရတော့..အဲဒီရွာသူကြီးအင်အားစုဟာ...သူတို့ဟာသူတို့ စစ်ပွဲတွေ ဘယ်လောက်နိုင်နိုင်..ပဲခူးနိုင်ငံကိုပဲ တရားဝင်အသိအမှတ်ပြုထားတဲ့အတွက်...အခြေအနေကို အသာစောင့်ကြည့်ကြရုံပါပဲ”

ရိုလီယို၏ စကားကို မီးရ်ပွားက ခေါင်းညိတ်လိုက်သည်။

“ဒါပေမယ့်..တစ်ခုတော့ရှိတယ်...သံအမတ်ကြီးရဲ့...သူ့အစီရင်ခံစာထဲမှာပါတဲ့..အင်္ဂလိပ်တွေရဲ့ နေရာယူမှုတွေကိုတော့ ထည့်စဉ်းစားရလိမ့်မယ်..ဟာဒီမှာ..မြေပုံကိုသာ ကြည့်တော့..ဒီအတိုင်းဆို အိန္ဒိယသမုဒ္ဒရာထဲက ဒီအမြောင်းလေးတစ်လျှောက်ကို သူတို့ ခံတပ်တွေနဲ့ပိတ်ဆို့ထားမယ့်ပုံပဲ..ဒါကတော့ စိုးရိမ်စရာကောင်းတယ်...သံအမတ်ကြီးရဲ့”

“အင်း…ဒီတိုင်းဆို ရှင်ဘုရင်နဲ့ ဝန်ကြီးချုပ်ဆီ ကျုပ်တင်ပြပြီး..မနက်ဖြန်ပဲလန်ဒန်ကို ပြန်ပါမယ်….ဒီနေရာက ခံတပ်စခန်းတွေဟာ နောက်ထပ် ပြင်သစ် - အင်္ဂလိပ် တို့ရဲ့ အိန္ဒိယသမုဒ္ဒရာထဲက စစ်ပွဲတစ်ခုဆီ ဦးတည်နေလားဆိုတာကို ဗြိတိသျှ ဝန်ကြီးချုပ်ဆီ မေးခွန်းထုတ်ရလိမ့်မယ်”

……
……

၁၇၅၅ ဖေဖော်ဝါရီ ၂၀ ရက်စွဲဖြင့် ဒူပလေ၏ အစီရင်ခံစာထွက်ပေါ် ပြီးသည့်နောက် လန်ဒန်မြို့မှ ပြင်သစ်သံအမတ်ကြီးသည် ဗြိတိသျှဝန်ကြီး လော့ဒ် ဟိုဒါနက်စ် နှင့် တွေ့ဆုံခဲ့ကြသည်။

ထို့နောက် ပဲခူး၊ အယုဒ္ဓယ၊ ဘင်္ဂလားပင်လယ်အော်၊ ဂင်္ဂါမြစ်ဝှမ်း၊ မလက္ကာ ရေလက်ကြား၊ ဟိုင်းကြီးကျွန်း၊ နီကိုးဘားကျွန်းစုများ ရှိ အင်္ဂလိပ်နှင့် ပြင်သစ် တို့၏ခံတပ်များကို ထပ်မံ၍ အင်အားတိုးချဲ့ခြင်း၊ ဆောက်လုပ်ခြင်းများ များကို အသိအမှတ်မပြုကြကြောင်း၊ ထိုအဆောက်အဦများကို ကုန်သွယ်ရေးအတွက်သာ အသုံးပြုကြမည်ဖြစ်ကြောင်း စာချုပ် ချုပ်ဆိုခဲ့ကြသည်။

ပြင်သစ်ဗဟိုအစိုးရက ဒူပလေကိုလည်း ပါရီသို့ အပြီးတိုင် ပြန်လည်ခေါ်ယူလိုက်ကြ၏။

ဟံသာဝတီတွင်ရှိနေသော ဘရူနိုမှာ ဒူပလေက အောင်ဇေယျနှင့် တိတ်တဆိတ် ဆက်သွယ်ရန် ညွှန်ကြားခဲ့သော်လည်း…နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်သာ အမြင်ချင်းတူနေခဲ့သည်။

ထို့ကြောင့်…ဟံသာဝတီတွင် အလိုက်သင့်နေထိုင်ရင်း..အခြေအနေကိုသာ စောင့်ကြည့်နေခဲ့၏။

ထိုအချိန်တွင် အင်္ဂလိပ်တို့၏ ခြေလှမ်းများကား ရပ်တန့်မနေခဲ့။

အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီသည် ကိုဇာနီကော့နှင့် အနီးကပ်အတူတွဲကာ အလုပ်လုပ်နေသော အာဖရိကန်လူမျိုး တော့ပေလို (Toppelo)ကို အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီ၏ ဝန်ထမ်းအဖြစ် လျှို့ဝှက်ခန့်အပ်ထားခဲ့သည်။

ဌေဝယ်ကျွန်ဘဝဖြင် မွေးဖွားလာသော တော့ပေလိုသည် အင်ဒိုနီးနားရှားကျွန်းစု ရှိ ပြင်သစ်သခင်များထံ မှ ထွက်ပြေးပြီးနောက် မဒရပ်ရှိ အင်္ဂလိပ်ရေတပ်တွင် အမှုထမ်းခဲ့ဖူးသည်။

ထို့နောက် ပြင်ပသဘော်သားအဖြစ် အရှေ့တောင်အာရှတခွင် လှည့်လည်နေထိုင်ခဲ့၏။

ဗမာစကား၊မွန်စကား၊ ထိုင်းစကား၊ ပြင်သစ်စကား၊ အင်္ဂလိပ်ဘာသာစကား စသော ဘာသာစကား (၅)မျိုးကို ကျွမ်းကျင်ပြီး ဟံသာဝတီ - အင်းဝကြားပြေးဆွဲနေသည့် လှေများရောင်းဝယ်ရေးတွင် ပါဝင်ဖူးသူ တော့်ပေလို သည် ဟံသာဝတီနှင့် မုဆိုးဖိုအင်အားစုများအကြားမှ သတင်းများကို စုဆောင်းနေခဲ့သည်။

စစ်တိုက်နေကြသော အင်အားစုနှစ်စု၏ စစ်အင်အားစာရင်း၊ နှစ်ဖက်ခေါင်းဆောင်များ၏ စိတ်နေသဘောထား၊ အကျင့်စရိုက်များ၊ စစ်ပွဲကို ဦးစီးနေသည့် တပ်မှူးများစာရင်း၊ စစ်ပွဲသုံးသပ်ချက်များကို စနစ်တကျ စုဆောင်းမှတ်တမ်းတင်ထားခဲ့၏။

အလောင်းဘုရားအောင်ဇေယျ၏ တပ်များသည် ၁၇၅၅ ဖေဖော်ဝါရီ ၉ တွင် ပြည်ရွှေဆံတော်ခံတပ်ကို သိမ်းပိုက်ရရှိခဲ့သည်။

ထိုတိုက်ပွဲတွင် ဟံသာဝတီဆတပ်များထံမှ တိုက်လှေ ၅၀၀ကျော်၊ ဝန်တင်လှေ ၄၀၀ကျော်၊ အမြောက် ၅၀၀ကျော်၊ သေနတ် ၅၀၀၀ ကျော်၊ မြင်း ၃၀၀၊ စပါးတင်း ၅၀၀၀၊ ဆန် တင်း ၁၀၀၀၀ ကျော်၊ အရက်စည် နှင့် ပုလင်းများ (၇၀၀)ကျော်သိမ်းဆည်းရမိခဲ့၏။

အမြောက်နှင့် သေနတ်အများစုတွင် ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီတံဆိပ်များပါရှိနေခဲ့သည်။

ထို့ကြောင့် ၁၇၅၅ မတ်လ ၄ ရက်နေ့ မြန်အောင်ဟု အမည်ပြောင်းပေးထားသော လွန်ဆေးမြို့တွင် အောင်ဇေယျရှိနေစဉ်...အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီထံသို့ လျှို့ဝှက်ဆက်သွယ်ရန် သဝဏ်လွှာတစ်စောင်ကို ရေးသားခဲ့သည်။

ထိုသဝဏ်လွှာထဲတွင် အင်္ဂလိပ်တို့အနေဖြင့် ဟံသာဝတီကို လက်နက်ဆက်လက်မထောက်ပံ့ရန်နှင့် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီနှင့် လက်နက်ရောင်းဝယ်ရေးကိစ္စများ ဆွေးနွေးလိုကြောင်းတို့ပါရှိသည်။

မတ်လ ၁၂ ရက်နေ့တွင် သက်ရှည်နှော်ရထာနှင့် စကားပြန်သီရိဘင်္ဂလွန်တို့သည် သဝဏ်လွှာကို ဆောင်ယူပြီး ဟိုင်းကြီးကျွန်းသို့ခရီးဆက်ရန် ပုသိမ်သို့ လျှို့ဝှက်ရောက်ရှိလာကြသည်။

သက်ရှည်နော်ရထာသည် ပုသိမ်မြို့သို့ ရောက်ရှိပြီးမကြာမီပင် နှစ်ဖက်အခြေအနေအပြောင်းအလဲများကို မျက်ခြေမပြတ်စောင့်ကြည့်နေသော တော့ပေလို သည်လည်း ပုသိမ်သို့ ရေကြောင်းဖြင့် ချက်ချင်းရောက်ရှိလာသည်။

မကြာမီ တော့ပေလိုသည် ပုသိမ်တွင်ရှိနေသော သက်ရှည်နော်ရထာတို့အား လိုက်လံရှာဖွေကာ ချိတ်ဆက်မိကြတော့သည်။

ဧရာဝတီမြစ်အထက်လွင်ပြင်တွင် အင်းဝနိုင်ငံတော် ကျဆုံးပြီးသည့်နောက် အသစ်ပေါက်ပေါက်လာသည့် ကုန်းဘောင်နိုင်ငံတော်၏ ပထမဆုံးသော ပင်လယ်ရပ်ခြား နိုင်ငံခြားဆက်ဆံရေး ခြေလှမ်းသစ် သည် စတင်ခဲ့ပြီဖြစ်သည်။

အခန်း (၃၀)

“အမေလွိဇာ..အမေလွိဇာ...ရှေ့မှာ ည့ေသည်လာတယ်”

မယ်စောလေးက ကစားနေရာမှ အော်ဟစ်ပြေးဝင်လာ၏။

ဘုရားကျောင်းထဲတွင် ဝတ်ပြုဆုတောင်းနေသည့် လွိဇာက သူ့ခေါင်းတွင် ခြုံထားသော ခြုံလွှာကို ဖယ်လိုက်သည်။

ဘုရားကျောင်းတံခါးဝတွင် လူတစ်ယောက်။

အရပ်ခပ်မြင့်မြင့်၊ ညိုချိုစိုသော အသားအရည်၊ မုတ်ဆိတ်ကြင်စွယ်အနည်းငယ်နှင့် ထိုလူငယ်။

“ဘယ်သူများလဲ”

“ကုန်သည်တော်ကြီးလွိဇာ..ကျွန်တော့်ကို မမှတ်မိဘူးလား”

လွိဇာက သေချာကြည့်လိုက်သည်။

“ဘယ်သူလဲ”

“ကျွန်တော် မင်းသားမောင်မင်းပါ...ပုပ္ပါးမင်းသမီးကြီး နီလာခမ်းရဲ့သားလေ”

“ဩော်.မှတ်မိပြီ...အင်းဝနန်းတွင်းမှာတုန်းက..မင်းသား တို့က ငယ်ငယ်လေးတွေရှိကြသေးတာလေ”

အင်းဝသိမ်းပိုက်ခံရပြီးနောက် ကသည်းမင်းသမီးကြီးဖြစ်သော ပုပ္ပါးမင်းသမီး နီလာခမ်းနှင့် သားနှစ်ဦးဖြစ်သော မောင်ဖြူ၊ မောင်မင်း တို့မှာ ဟံသာဝတီသို့ ပါလာကြသည်။

မင်းသမီးသျှန်သီအား ဟံသာဝတီအိမ်ရှေ့ဥပရာဇာက အိမ်ရှေ့မိဖုရားမြှောက်သည့်အခါ နီလာခမ်းနှင့် သားနှစ်ဦးသည် အိမ်ရှေ့မင်းအိမ်တော် အစုအသားများအဖြစ် ခေါယူခံခဲ့ရ၏။

ယခုတော့ အင်းဝရှင်ဘုရင်နှင့် ကသည်းမင်းသမီးကြီးတို့၏ သွေးဖြစ်သော မောင်မင်း သည် ထွားထွားကြိုင်းကြိုင်း လူပျိုကြီးပင်ဖြစ်နေခဲ့ပြီ။

“ဘာအရေးများရှိလို့ သန်လျင်အထိ လာရတာလဲ..မင်းသား”

“မယ်တော်ကြီးက ကုန်သည်တော်ကြီးလွိဇာ သန်လျင်ကိုနယ်နှင်ခံရတာနဲ့ ပိုင်ဆိုင်မှုတွေသိမ်းခံရတဲ့ သတင်းကို ကြားပြီး ကျွန်တော့်ကိုလွှတ်လိုက်တာပါ”

“ကုန်သည်တော်ကြီးလည်းမဟုတ်တော့ပါဘူး...အရီးလွိဇာလို့ပဲ ခေါ်ပါ..မင်းသား”

“ဟုတ်ကဲ့ပါ..အရီးလွိဇာ”

မောင်မင်း က သူ့လက်ထဲမှ သေတ္တာလေးတစ်ခုကို ထုတ်ပေးလိုက်သည်။

“ဒါက..ဘာလဲ.မင်းသား”

“တပင်တိုင်မင်းသမီး ဂမုန်း ဆီကပါ..အထဲမှာ စာလွှာလည်းပါပါတယ်”

သေတ္တာငယ်ထဲတွင် ရွှေလက်ကောက် ဆယ်ကွင်းခန့်နှင့် နော်ဇောကုံးတစ်ကုံး။

လွိဇာက အပေါ်မှ စာကိုသာ လှမ်းယူလိုက်၏။

“မင်းသားမယ်တော်ရော..နေကောင်းပါရဲ့လား”

“မယ်တော်ကြီးကတော့ ကျန်းမာရေးသိပ်မကောင်းပါဘူး...သျှန်သီဘေးမှာပဲ ဝေယျာဝစ္စတွေ လုပ်ပေးနေပါတယ်”

“အင်း...ကောင်းပါတယ်လေ...ခဏထိုင်ပါဦး...မယ်စောရေ..သမီးက အနောက်က ဒေါ်လေးမယ်ဖူး တို့ဆီသွားပြီး..ည့ဲသည်အတွက် ရေနဲ့ အစားအသောက်တစ်ခုခု စီစဉ်ပေးဖို့ ပြောပါဦး”

အသက်ဆယ့်သုံးနှစ်အရွယ်ရှိနေပြီဖြစ်သော အပျိုပေါက်မလေး မယ်စော သည် လွိဇာ၏ နဘေးတွင်ထိုင်လျက် သူ့ရှေ့မှ မင်းသားဆိုသည့် လူငယ်ကို ခိုးကြောင်ခိုးဝှက်တချက်ကြည့်ကာ ထထွက်သွား၏။

လွိဇာက က စာလိပ်ကို ဖြည်လိုက်သည်။

.....

“သို့

မမလှိဇာ..

ဂမုန်း..မမလှိဇာ သတင်းတွေကြားရပါတယ်။ ဒါပေမယ့်...မမလှိဇာ ကို ဘာမှ မကူညီပေးနိုင်ခဲ့ဘူး။ နန်းတွင်းမှာလည်း ပြဿနာတွေက ပုံရှုပ်ထွေးလာနေတယ်။ အင်းဝဘုရင်ကိစ္စရော၊ အထက်ဘက်က စစ်ပွဲတွေရော တကယ့်စိတ်ရှုပ်စရာပါ။

မမလှိဇာ ဟာ ဟံသာဝတီကိုသစ္စာဖောက်တဲ့ ရာဇဝတ်သားမို့..နန်းတွင်းကလူတွေအနေနဲ့ ဘာမှ အဆက်အသွယ် အကူအညီမပေးဖို့လည်း ဦးရီးတော်က အမိန့်ကြပ်ကြပ်တည်းတည်းထုတ်ထားတယ်။

ခမည်းတော် ရဲ့ ခါးနာရောဂါကလည်း မသက်သာလှပါဘူး။ အခု အယုဒ္ဓယက ဆေးသမားတော်တွေ ခေါပေးကြည့်မယ်လို့ ဘရာသာအင်ဂျလို ကပြောပါတယ်။

ဂမုန်း..မမလှိဇာကို အရမ်းသတိရတယ်။ ဂမုန်းမှာ ရင်ဖွင့်စရာလူဆိုလို့ မမလှိဇာပဲ ရှိတာလေ။

ဗိုလ်မင်းတလပန်းကလည်း ဒဏ်ရာတောင်အကင်းမပျောက်သေးဘူး...အထက်ဘက်ကို စစ်ထွက်သွားတာ ကြာလှပြီ။ တလောက သူ့ဆီက စာလွှာ ရောက်လာတယ်။

ဟံသာဝတီတပ်တွေဟာ အထက်ဘက်မှာလည်း စစ်ပွဲတွေ ဆက်တိုက်ရှုံးနေတယ်။ ဒါပေမယ့်..နန်းတွင်းမှာရော..မြို့တွေမှာပါ...ဟံသာဝတီဘက်က စစ်နိုင်နေတယ်။ ပုန်ကန်သူ မုဆိုးဖိုသားတွေကို ချေမှုန်းလို့ အတုန်းအရုံးသေနေကြတယ်ဆိုပြီး သတင်းတွေလွှင့်ထားကြတယ်။

ခမည်းတော်တောင် ဦးရီးတော်ဥပရာဇာက မကြာခင် အင်းဝကို ပြန်သိမ်းနိုင်မယ်ဆိုပြီး စာပို့တာကို ယုံကြည်နေလေရဲ့။

ဗိုလ်မင်းတလပန်းကတော့ ဂမုန်းကို အသင့်ပြင်ဆင်ခိုင်းထားတယ်။အခု မုဆိုးဖိုမင်း က လွန်ဆေး အထိ ရောက်နေပြီတဲ့ မကြာခင်..စစ်က ဟံသာဝတီအထိ ရောက်နိုင်ချေရှိတယ်တဲ့လေ။

စစ်ပွဲတွေ မြန်မြန်ပြီးချင်လှပြီ..မမလှိဇာရယ်။

ဒါမှ သူနဲ့ ဂမုန်း အမြန်လက်ဆက်လို့ရမှာ။

ဘာပဲဖြစ်ဖြစ် ဂမုန်းက သူ့ကိုပဲ ချစ်တာ။ ပထမတကြိမ် ဂမုန်းဘဝမှာ အသဲကွဲခဲ့ရပြီးပြီ။ ဒီတကြိမ်တော့ သူနဲ့ မလွဲချင်ဘူး..မမလွိဇာရယ်။ စစ်ပွဲမှာ သူဘာမှ မဖြစ်ပါစေနဲ့ပဲ..နေ့တိုင်းဆုတောင်းပေးနေမိတယ်။

ဂမုန်းရဲ့ကုသိုလ်ကံကိုက ဆိုးလွန်းပါတယ်လေ။

အခုလည်း မမလွိဇာအကြောင်းကြားတော့..ဂမုန်း တတ်နိုင်တဲ့ဘက်က ကူပေးချင်တာ။ အိမ်ရှေ့အိမ်တော် က ကသည်းမင်းသမီးကို အကူအညီတောင်းရတာပါပဲ။

အခု ဂမုန်းပိုင်တဲ့ ရွှေလက်ကောက်တွေနဲ့ နော်ဇာကုံးတစ်ကုံး မမလွိဇာအတွက် လက်ဆောင်ထည့်ပေးလိုက်တယ်။

စီးပွားရေးတွေ မရှိတော့ရင်လည်း..ဒါကို အရင်းပြုပြီး လုပ်ကိုင်စားသောက်လို့ရတာပေါ့။

နောက်လည်း မကြာမကြာ မမလွိဇာဆီ ဆက်သွယ်ပါ့မယ်။

ဂမုန်း”

.....

လွိဇာက စာကိုဖတ်ပြီးနောက် သက်ပြင်းချလိုက်သည်။

မယ်စောက မုန့်ဆီကြော်ပန်းကန်နှင့် ရေတစ်ခွက်ကို လင်ဗန်းတွင်ထည့်ကာ ယူလာ၏။

“စားပါရှင့်”

မယ်စောက လောက္ခပ်ပြုပြီး မောင်မင်း၏ ရှေ့သို့ ချပေးလိုက်ချိန်တွင် မောင်မင်းကလည်း ရေခွက်ကို လက်အလှမ်း။

“အံမယ်လေး”

ရေခွက်မှာ မှောက်သွားပြီး မောင်မင်း ၏ ပုဆိုးများပေါ်သို့ ရွဲစိုသွားတော့သည်။

“တောင်းပန်ပါတယ်နော်..တောင်းပန်ပါတယ်ရှင်”

“ကဲ..မယ်စောရယ်...ညည့်သည်ရဲ့စိုကုန်ပါပြီ..မယ်ဖူးကို သွားခေါ်ခဲ့ချေ..ဒီမှာ မင်းသားလဲဖို့ ...ငလှေးရဲ့ပုဆိုးအသစ်တစ်ထည်ယူလာပေးလို့သွားပြောချေ”

မယ်စောက မျက်လုံးကလေးပြူးကာ ကပြာကယာဖြင့် ပြန်ထွက်သွား၏။

မင်းသားမောင်မင်းမှာ အပျိုပေါက်မလေးကိုသာ ငေးမောရင်း ပြုံးလိုက်သည်။

.....
..

၁၇၅၅ ဧပြီလ ၁၀ ရက်။

သင်္ကြန်အကျနေ့ ဖြစ်သော်လည်း ဟံသာဝတီ အပြင်မြို့ကြီး တစ်ခုလုံး တိတ်ဆိတ်ခြောက်ကပ်နေ၏။

ယခင်က ဆူညံလှုပ်ရှားနေလေ့ရှိသည့် နိုင်ငံခြားသားရပ်ကွက်ဖြစ်သော ကမ်းနားဆိပ်အနီးတဝိုက်ပင် လူတစ်ဦးစ နှစ်ဦးစ သာ တွေ့ရသည်။

ဟံသာဝတီတပ်များသည် အထက်ပိုင်းစစ်ပွဲတွင် အရှုံးများဖြင့်သာ ရင်ဆိုင်ဆုတ်ခွာလာရသည်ဆိုသည့် သတင်းက အပြင်မြို့နေ ပြည်သူများအကြား ပျံ့နှံ့နေသည်။

အလောင်းဘုရားအောင်ဇေယျ၏ ရွှေဘိုတပ်များသည် ပြည်ကိုသိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ကြောင်း ၊ ညီတော် သတိုးသိန်သူဘုခံ ရွှေကြူ က တောင်ငူကြောင်းချီတက်ရာတွင် တောင်ငူမြို့မှ မွန်တပ်မှူးများဖြစ်သော ပုတ္တအိမ်၊ ဒေါတော နှင့် ဗမာလူမျိုးတပ်မှူးများဖြစ်သော ရန်နိုင်ကျော်သူ၊ ငကောင်း၊ ငပိုးစီ တို့က ခုခံချင်းမရှိပဲ..အညံ့ခံပူးပေါင်းလိုက်ပြီဖြစ်ကြောင်း လည်း ကြားသိကြရ၏။

ထို့ကြောင့် မကြာမီ ဟံသာဝတီမှာ အောင်ဇေယျ နှင့် ညီတော်တို့၏ စစ်ကြောင်းနှစ်ဖက်ညှပ်တိုက်ခိုက်ခံရတော့မည်ဆိုသော သတင်းစကားကြောင့် ပြည်သူအများမှာ သင်္ကြန်ပွဲကို စိတ်မပါပဲ..တိတ်ဆိတ်နေကြခြင်းဖြစ်သည်။

သို့သော်...အတွင်းမြို့ဖြစ်သော နန်းတော်ဥယျာဉ်အတွင်းတွင်တော့ အပြင်မြို့နှင့် ဆန့်ကျင်ဘက်ဖြစ်နေ၏။

ဥပရာဇာဦးအောင်မြနှင့် ဗညားဒလအောင်စ တို့သည် အင်းဝစစ်ပွဲကို အောင်မြင်ပြီး ပြန်လာကြသည်ဟု နန်းတွင်းတစ်ခုလုံး ယုံကြည်စေရန် သတင်းလွှင့်ထားသည်။

ထောင်ထားထဲကြွဲသော မုဆိုးဖိုသားတို့၏ ရန်ကို အောင်မြဲင်ပြီး ဟံသာဝတီပြည် အေးချမ်းပြီဖြစ်သဖြင့် အတာတော်သင့်ရေသဘင်ပွဲကို နန်းတွင်းတွင် ဆင်နွှဲနေကြ၏။

သပြေညွန့်များထောင်ထားသည့် မြူတာအိုး များကို လက်ျာဝင်းသားလူပျိုတော်၊ နောက်ဝင်းသားလူပျိုတော်၊ အရှေ့ဝင်းသားလူပျိုတော်တို့က လက်တွင်ပိုက်လျက် တန်းစီနေသည်။

ထို့နောက်မှ ခမောက်ဆောင်းမြင်းသည်တော် (၅၀) က မြင်းနှင့်လိုက်၏။

မြင်းသည်တော်များနောက်တွင် ဥပရာဇာဦးအောင်မြ နှင့် မြင်းမူးမင်းသား ဗညားဒလအောင်စ တို့က ဝေါယာဉ်ကိုယ်စီတွင် ရွှေထီးမိုးကာ လိုက်ကြသည်။

သင်္ကြန် ကျူးကြွတ် နေ့များတွင် မောဓောစေတီပေါ်တွင် ညောင်ရေသွန်းရသည့် ဓလေ့အတိုင်း နန်းတော်ကို လက်ျာရစ်ပတ်ပြီးနောက် မောဓောစေတီတော်သို့ စီတန်းလျှောက်သွားကြမည်ဖြစ်သည်။

နန်းတော်ကို လက်ျာရစ်ရစ်ပတ်နေချိန်တွင် နန်းတွင်းသူများမှ လူပျိုတော်သားများကို ရေများပက်ဖြန်းကြရသည်။

မိဖုရားများ၊ မင်းသမီးများက ဥပရာဇာနှင့် မြင်းမူးမင်းသား အောင်စတို့ကို ရေဖြန်းပေးကြရ၏။

ဥပရာဇာနှင့်တကွ မူးကြီးမတ်ရာများမှ အတာကြေးဟုခေါ်သော ငွေထုပ်ကလေးများကို ရေဖြန်းသူများ၊ လှည့်လည်သူများ၊ အမှုထမ်းများကို ဝေငှပေးကြသည်။

အတာပွဲဆင်နွှဲမည့် လူပျိုတော်သားများ၊ နန်းတော်စောင့်သေနတ်လှုလင် အမှုထမ်းများအတွက်လည်း အရက်မျိုးစုံ၊ထန်းရည်တို့ကို မဏ္ဍပ်တစ်ခု ထိုးကာ သောက်စားရန် စီရင်ပေးထားလေသည်။

ဥပရာဇာ၏ ဝေါယာဉ်မှာ အနီးသို့ရောက်လာသော်လည်း ခင်ထော်မိ မှာ ဖလားကို ပိုက်လျက် ငေးငိုင်နေ၏။

“မမထော်မိ...မမထော်မိ”

နဘေးတွင် ရှိနေသော မြတ်ဝါက သတိပေးမှသာ အသိဝင်လာပြီး သပြေခက်ကို ရေထဲနှစ်ကာ သွန်းလောင်းလိုက်သည်။

ဥပရာဇာဦးအောင်မြဲ၏ နောက်တွင် လိုက်ပါလာသော မြင်းမူးမင်းသားအောင်စမှာ ပွဲတော်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိသော လူတစ်ယောက်ကဲ့သို့ ခံစားချက်ကင်းမဲ့သော မျက်နှာဖြင့်။

ခင်ထော်မိ က သူနဘေးနားတွင်ရှိသော မြတ်ဝါကို ရေဖလားထဲမှ ရေများဖြင့် လောင်းလိုက်၏။

ထို့နောက်.....
“အောင်ပွဲရပြီး ပြန်လာတယ်သာပြောတယ်...ညီမရယ်...မြင်းမူးမင်းသားပုံစံလည်းကြည့်ပါဦး... တစ်ခုခုကို စိတ်အလိုမကျပုံဖြစ်နေတယ်..သူတို့ တကယ်ရော..စစ်ပွဲမှာ နိုင်ခဲ့တာ ဟုတ်ရဲ့လား”

မြတ်ဝါ က မချိပြုံး ပြုံးပြလိုက်၏။

“ပြောစမ်းပါဦး..မြတ်ဝါရဲ့...ညီမ ယောကျ်ားက စစ်ရေးမှာ အရေးပါတဲ့ လက်ျာဗိုလ်မင်းဆိုတော့...တစ်ခုခုတော့ သိထားမှာပါ....စစ်ပွဲအောင်ခဲ့တယ်လည်းဆိုသေး....ခင်ခင် ရဲ့ အဖ ရော၊ တပ်မှူးတလပန်းတို့ပါ ဟိသာဝတီကို ပြန်မဝင်လာကြပဲ..သန်လျင်မှာ ကျန်ရစ်ကြတယ်ဆိုတော့...တခုခုတော့..လွဲနေသလိုပဲ”

“မမ ထော်မိ ပြောတာမှန်ပါတယ်...ဟံသာဝတီက စစ်ရှုံးနေပြီဆိုတာ...အပြင်မြို့တစ်မြို့လုံးသိနေကြပြီ.. ဒီနန်းတွင်းက သူတွေက သိလျက်နဲ့ အဲဒါကို လက်မခံပဲ...ကိုယ့်ကိုကိုယ် လိမ်နေကြတာ...ပြည်မြို့ကိုလည်း ဦးအောင်ဇေယျက သိမ်းသွားပြီ..တောင်ငူကိုလည်း သူညီ ဆိုလားတစ်ယောက်က သိမ်းလိုက်ပြီတဲ့”

“ဦးအောင်ဇေယျရဲ့ညီ ဟုတ်လား...နာမည်က ဘယ်သူလဲဟင်..အဲဒါရော မြတ်ဝါ..သိလား”

မြတ်ဝါက အနည်းငယ်စဉ်းစားလိုက်သည်။

“အင်း...သတိုးသိန်သူ ဆိုလား”

“ဘွဲ့မဟုတ်ဘူး..ငယ်မည်ကို သိလားဟင်”

“ဦးဦးဗိုလ်မင်း တော့ သိလိမ့်မယ်....ဘာဖြစ်လို့လဲဟင်...မမထော်မိ”

“အရေးကြီးလို့ပါ..သူ့နာမည်အရင်းသိချင်တာ”

“နေဦး”

နန်းမြဲင့်ရင်ပြင်ပေါ်တွင် ဟံသာဝတီဘုရင် ဖြဲမိုင်းဓိရာဇာ ဦးအောင်လှ နှင့်အတူ အတာလှည့်ပွဲကို ကြည့်နေကြသော ဝန်ကြီးများရှိရာ သို့ မြတ်ဝါက ပြေးတက်သွားသည်။

မြတ်ဝါကို မြင်သည်နှင့် လက်ျာဗိုလ်က ထလာ၏။

ခဏအကြာတွင် မြတ်ဝါ ပြန်ရောက်လာသည်။

“သိပြီ..မမထော်မိ..ငရွှေကြူတဲ့လေ”

“ရွှေကြူ.....ရွှေကြူ..ဟုတ်လား”

ခင်ထော်မိ မျက်နှာက ပြုံးယောင်သမ်းသွား၏။

“မမထော်မိ က သိလို့လား..သူ့ကို”

“သိတာပေါ့..မြတ်ဝါရယ်...မုဆိုးဖိုတို့က်ပွဲမှာ မမထော်မိ ရန်သူလက်မိသွားတော့...သူပဲ ကယ်တင်ထားခဲ့တာပေါ့”

“ဒါပေမယ့်...သူတို့က ရန်သူတွေလေ...မမထော်မိ...ဦးဦးဖိုလ်မင်း တို့ ပြောနေတာတွေကို မြတ်ဝါ ခိုးနားထောင်ဖူးတယ်...အဲဒီသူတွေက ဟံသာဝတီကို အပြီးတိုင် ဖျက်စီးကြလိမ့်မယ်....မြတ်ဝါတို့ကိုလည်း သတ်ရင်သတ်..မသတ်ရင်လည်း ကျွန်အဖြစ် ရောင်းစားချင်ရောင်းစားမှာတဲ့လေ”

မြတ်ဝါအသံက ရုတ်တရတ် တုန်ရင်လာ၏။

“မြတ်ဝါ...ကြောက်တယ်...မြတ်ဝါ..ကြောက်တယ်..မုဆိုးဖိုက စစ်သားတွေ ကို မြတ်ဝါ ကြောက်တယ်...ကြောက်တယ်”

မြတ်ဝါ၏ အသံကျယ်သွားသဖြင့် လက်ျာဗိုလ်က ခပ်သွက်သွက်ဆင်းလာသည်။

နွေရာသီ၏ အပူဒဏ်နှင့်အတူ စစ်ပွဲသတင်းများကြားလျှင် မြတ်ဝါ၏ စိတ်မှာ မကြာခဏဖောက်ပြန်လာတတ်သည်။

“မြတ်ဝါလေး...သတိထားပါဦး”

လက်ျာဗိုလ်က မြတ်ဝါ၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

“လာ..လာ..ဦးဦးဗိုလ်မင်း..ဘုန်းတော်ကြီးဘုရားကိုလျှောက်ပြီးရင်..အိမ်ပြန်ကြမယ်နော်”

စိတ်ဝေဒနာအရှင်းမပျောက်သေးသော မြတ်ဝါကို ကြည့်ကာ ခင်ထော်မိ စိတ်မကောင်းဖြစ်သွား၏။

ထို့နောက် မြတ်ဝါပြောခဲ့သော စကားများကို နားထဲတွင် ပြန်ကြားယောင်လာသည်။

“ကိုကြီးရွှေကြူ က...ခင်ခင်တို့ရဲ့ ရန်သူတဲ့လား..ဟံသာဝတီသိမ်းပြီးရင်..ခင်ခင့်ကို သူက သတ်မှာတဲ့လား”

.....
.....

၁၇၅၅ ဧပြီလ ၁၂ ရက်။ အတာသင်္ကြန်အတက်နေ့။ နံနက် ၁၁ နာရီ ၄၅ မိနစ်၊ ၃၆ စက္ကန့်။

သင်္ကြန်အခါပြောင်းချိန်သင့်ပြီဖြစ်သဖြင့် ဟံသာဝတီဗြဲတိုက်တော်အတွင်းမှ အခါတော်ပေး ပုဏ္ဏားပညာရှိများ ၊ နန်းတွင်းဗေဒင်ပညာရှင်ကြီးများ ထွက်လာကြသည်။

မျက်နှာချင်းဆိုင်တွင်ရှိသော လွှတ်တော်ရှေ့မှ အမြှောက်ကြီး ငါးစင်းကို တစ်ပြိုင်နက် အချက်ပေး ပစ်ဖောက်လိုက်ကြ၏။

“ဖောင်း..ဖောင်း..ဖောင်း..ဖောင်း.ဖောင်း”

စည်တော်စုံတီးခတ်လိုက်သံနှင့်အတူ နန်းရင်ပြင်တစ်ခုလုံး ပျော်ရွှင်စွာအော်ဟစ်သံများ ထွက်ပေါ်လာသည်။

တချိန်တည်းတွင်ပင်...သန်လျင်ရေကင်းတွင်လည်း အမြှောက်သံများ ဆက်တိုက်ထွက်ပေါ်နေ၏။

သို့သော် ဟံသာဝတီကဲ့သို့ နှစ်သစ်ကို ကြိုဆိုသော အမြှောက်သံများမဟုတ်။

ပြည်မြို့မှ ဆုတ်ခွာလာရပြီးနောက်..ဥပရာဇာဦးအောင်မြ နှင့် မြင်းမူးမင်းသား အောင်စ တို့မှာ အောင်ပွဲနှင့်အတူဟု ဝါဒဖြန့်ကာ ဟံသာဝတီသို့ ပြန်သွားခဲ့ကြသည်။

တလပန်း၊ စောဗြဲ၊ ဒေါစွယ်ယစက်၊ ဗညားကျဉ်၊ လက္ခန်းအိန်၊ သမိန်သံလိုက်တို့ တပ်များမှာမူ..ရွှေဘိုတပ်များသည် သန်လျင်မှတဆင့် ဟံသာဝတီသို့ဆက်လက် ချီတက်လာတော့မည်ကို သိနေကြသဖြင့် သန်လျင်မြစ်ကျဉ်းနေရာ၌ ကမ်းနှစ်ဖက်တွင် တပ်ကြီးများတည်ကာ ခံစစ်ပြင်ထား၏။

အလောင်းဘုရားဦးအောင်ဇေယျ ၏ ရှေ့ချီလှေတပ်များသည် ဧပြီ ၁၂ ရက်နေ့တွင် မြန်အောင်မှတဆင့် ဓနုဖြူ ၊ ဓနုဖြူမှတဆင့် သန်လျင်ကင်းဝသို့ ရောက်ရှိလာခဲ့သည်။

သန်လျင်ကင်းဝ၏ ရေပြင်တွင် လှေများမသွားလာနိုင်ရန် ဆူးငုတ်များ၊ ပိုက်များ ချထားသဖြင့် ရှေ့ပြေးတပ်များမှာ အခက်တွေ့နေကြ၏။

ထိုအချိန်တွင် ကမ်းနှစ်ဖက်စီတွင် ချထားသော ခံတပ်များမှ သေနတ်များ၊ အမြောက်များဖြင့် ဝိုင်းဝန်းပစ်ခတ်ကြတော့သည်။

မောင်ရွှန့် မောင်လောက်၏ တပ်များ ရောက်ရှိလာပြီး...ရေထဲသို့ ဆင်းကာ...အတားအဆီးများ အသေခံ ဖယ်ရှားကြ၏။

နှစ်ဖက်ညှပ်အပစ်ခံရသည်ဖြစ်ရာ ရွှေဘိုစစ်သည်အများအပြားကျဆုံးကုန်သည်။

ထိုအချိန်တွင် အလောင်းဘုရားအောင်ဇေယျ၏ မှိုင်းသဲသဲကြီးအပါအဝင် ရေတပ်မကြီးရောက်လာသဖြင့် စောဗြဲ နှင့် တလပန်း၏ တပ်များမှာ အပြင်းဆုတ်ခွာပြီး..ပန်းလိုင်မြစ်ဝ စျေးငယ်ဗိုလ်တပ်၊ ကုလားဗိုလ်ခေါ် စပိန်လူမျိုး ကြေးစားရေတပ်ဗိုလ် ရာမိုစ့် ၏ တပ်များနှင့် သွားရောက်ပူးပေါင်းရသည်။

၁၇၅၅ ဧပြီ ၁၄ ရက်တွင် ရှေ့သို့ဆက်တိုးလာသော ရွှေဘိုတပ်များနှင့် ပန်းလိုင်ချောင်းဝတွင် ရေကြောင်းတိုက်ပွဲပြင်းထန်စွာဖြစ်ပွားကြပြန်သည်။

ရွှေဘိုတပ်များမှာ သန်လျင်ကင်းမှ သိမ်းဆည်းရမိသော အမြောက်ကြီး ၅ လက်ကို မှိုင်းသဲသပေါတွင် ထပ်တင်ကာ ပစ်ခတ်ကြသဖြင့် တစ်ရက်ကြာခုခံပြီးနောက် ညပိုင်းတွင် ဟံသာဝတီတပ်များ ဆက်လက်ဆုတ်ခွာရသည်။

ဧပြီ ၁၅ ရက်နေ့တွင် သန်လျင်သို့ စစ်ကူလာသော ဥပရာဇာဦးအောင်မြ ၏ တပ်များသည် ဒဂုံတွင် ခေတ္တ စခန်းချနေစဉ် ပန်းလိုင်ချောင်းဝတွင် တလပန်း၊ စောဗြဲတို့၏ရေတပ်များ အရေးနိမ့်ကြောင်း သတင်းကို ကြားရသည်။

ထို့ကြောင့် ဥပရာဇာဦးအောင်မြလည်း ဒဂုံ နှင့် ဒလတို့တွင် ဗိုလ်မှူးအချို့ကို ထားခဲ့ကာ ဟံသာဝတီသို့ ပြန်လည်ဆုတ်ခွာသွား၏။

ဦးအောင်မြ ထွက်ခွာသွားပြီးနောက် အစောင့်အနေထားခဲ့သော ဟံသာဝတီ ဗိုလ်မှူး၊ စစ်သည်တို့လည်း ဒဂုံမြို့ကို စွန့်ခွာထွက်ပြေးတော့သည်။

၁၇၅၅ ဧပြီလ ၁၆ ရက်။

မင်းသားမောင်ရွှ သည် လှေပေါ်တွင် ပါလာသော အမြှောက်ငယ်များ၊ မြေတံပူများကို ယမ်းများ အပြည့်ဖြည့်ရန် အမိန့်ပေးလိုက်၏။

ရှေ့တွင် ဒဂုံသစ်တပ်မြို့ရိုးကို မြင်နေရပြီဖြစ်သည်။

မောင်ရွှက လှေဦးတွင် မုဆိုးဒူးထောက်ထိုင်ကာ မှန်ပြောင်းဖြင့် ဒဂုံဆိပ်ကမ်းဆီ ကြည့်လိုက်၏။

“အခြေအနေက ငြိမ်သက်လှချည်လား..မင်းဘယ်လိုသဘောရလဲ..မောင်ဂျိုး”

မောင်ရွှက သူ၏ လက်ထောက်တပ်မှူး ဂျိုးဆက်ဒီဆေးဗားကို မေးလိုက်သည်။

“ပရိယာယ်ဆိုလည်းဖြစ်နိုင်ပါတယ်..သတိတော့ထားသင့်တယ်..ကိုယ်တော်လေး ဘုရား”

ဂျိုးဆက်ဒီဆေးဗားက ပြောပြောဆိုဆိုနှင့် သူ၏ အပေါ်အင်္ကျီကို ချွတ်လိုက်သည်။ ထို့နောက် အနီးမှ အမြှောက်များကို အုပ်ထားသည့် သက္ကလပ်စထဲမှ အစိမ်းရောင်နှင့် အနီရောင်အစကို ဓားဖြင့် ဖြတ်တောက်လိုက်၏။

“မင်းဘာလုပ်မလို့လဲ..မောင်ဂျိုး”

“ကိုယ်တော်လေးတို့ ဒီကနေပဲ အသာစောင့်ကြည့်ပါ...ကျွန်တော်မျိုး ဒဂုံဆိပ်ဆီ ရေကူးပြီးသွားကြည့်မယ်...ဟိုမှ ပရိယာယ်ဆင်ထားတာဆို အစိမ်းရောင်ပြမယ်...ဒါမှမဟုတ် သူတို့ဆုတ်ခွာသွားတာဆို အနီရောင်ပြမယ်”

ဂျိုးဆက်ဒီဆေးဗားလ်က အစနှစ်စကို လက်မောင်တစ်ဖက်စီတွင် ရစ်သိုင်းစီးနှောင်လိုက်သည်။

ထို့နောက် ပါးစပ်တွင် ပစ္စတိုသေနတ်ကို ကိုက်လိုက်ပြီးနောက် ရေထဲ ဆင်းသွားတော့၏။

မောင်ရွ က အခြေအနေကို အသာစောင့်ကြည့်နေသည်။

အနောက်မှ မင်းသားမောင်လောက်၏ လေတပ်နှင့် စည်သာမင်းကြီးဦးစည်းစိမ်၊ ငတွန်တို့ ၏ လှေတပ်များကလည်း မှီလာကြပြီဖြစ်၏။

မောင်ရွက အချက်ပြကာ ထိုတပ်များကို ခေတ္တရပ်ခိုင်းထားသည်။

မကြာမီ ဒဂုံဆိပ်ကမ်းဘက်ဆီမှ အနီရောင်အဝတ်စတစ်ခု ဝှေ့ယမ်းနေသည်ကို တွေ့လိုက်ကြ၏။

“အမြောက်သုံးချက် ဖောက်လိုက်တော့..ခမည်းတော်ဆီ အချက်ပြရမယ်ဟေ့”

မောင်ရွက မတ်တပ်ထကာ ဝမ်းသာအားရအော်ဟစ်လိုက်၏။

မကြာမီ အချက်ပေးအမြောက်သံ သုံးချက်ထွက်လာသည်။

မြစ်ဝဘက်ဆီမှ လာနေသော မိုင်းသဲသဲလှေကြီးသည် ရှေ့ပြေးတပ်ဖြစ်သော မင်းသားမောင်ရွှေထံမှ အချက်ပေးအမြောက်သံကို ကြားလိုက်ကြရ၏။

အောင်ဇေယျသည် မိုင်းသဲသဲကြီး ၏ လှေဦးတွင် မတ်တပ်ရပ်ကာ ဒဂုံဆီသို့ မျှော်ကြည့်လိုက်သည်။

ရွှေတိဂုံစေတီတော်ကြီး၏ ရွှေရောင်တဝင်းဝင်းမှာ နေရောင်တွင် တောက်ပနေတော့၏။

.....
....

သန်လျင်မြို့။

အာမေးနီးယန်းကုန်သည်ကြီး နီကိုလပ်စ်အာကိုးလား၏ လှူဒါန်းမှု၊ ဟံသာဝတီဥပရာဇာ၏ ချီးမြှောက် ခွင့်ပြုမှုတို့ဖြင့် ဆောက်လုပ်ထားသော ဘာနာဘိုက် ကက်သလစ်ခရစ်ယာန်ဘုရားကျောင်းကုန်းပေါ်သို့ ဟံသာဝတီစစ်တပ်ကြီး ချီတက်လာကြသည်။

ဘုရားကျောင်းအတွင်းတွင်တော့ ဖာသာနာရေနှီ၏ မိခင်ကွယ်လွန်ခြင်း တစ်နှစ်ပြည့် ဆုတောင်းဝတ်ပြုအစီအစဉ် ပြုလုပ်နေကြ၏။

“ဝမ်းနည်းပါတယ်....ဟံသာဝတီမြင်းမှူးမင်းသား ဗညားဒလ ကြွချီလာမှာမို့လို့..အခုချက်ချင်း ဝတ်ပြုအစီအစဉ်ကို အဆုံးသတ်ပြီး အားလုံး ပြန်ကြပါ”

ဘုရားကျောင်းတံခါးဝမှ တပ်မှူးတစ်ဦး၏ အသံကြောင့် ဖာသာနာရေနီမှာ ရွှတ်ဆို လက်စ မစ္ဆားတရားတော် ကို ရပ်တန့်လိုက်သည်။

“လွီဇာဒီမဲလိုး...တစ်ယောက်ပဲ ကျန်နေပေးပါ”

ဝတ်ပြုလာသူ ကက်သလစ်ဘာသာဝင် ဥရောပသားများ၊ မွန်၊မြန်မာများအားလုံး က ဘုရားကျောင်း၏ ခုံတန်းတစ်နေရာတွင်ရှိနေသော လွီဇာ ကို ကြည့်လိုက်ကြသည်။

“ကျွန်မ လွီဇာဒီမဲလိုးပါ....နာရေးကိစ္စအထိမ်းအမှတ်မို့..ကျန်တဲ့သူတွေ ဆက်လက်ဝတ်ပြုခွင့်ပေးပါ.....မြင်းမှူးမင်းသားဆီကို ကျွန်မပဲ အခစားဝင်ပါ့မယ်”

ကြွက်သွေးရောင်ဂါဝန်အရှည်ကို ဝတ်ဆင်ထားသော လွီဇာ က မတ်တပ်ရပ်လိုက်သည်။

နဘေးတွင်ရှိနေသော မယ်စော ကို နှစ်သိမ့်စကားပြောပြီးနောက် လွီဇာက အပြင်သို့ ထွက်လိုက်၏။

“မဟုတ်ဘူး....မကြာခင် သန့်လျင်ကို မုဆိုးဖိုတပ်တွေရောက်လာတော့မယ်..ဒါကြောင့်...ကျန်တဲ့သူတွေ အချိန်မီ ရှောင်နိုင်အောင်ပါ”

တပ်မှူး၏ စကားကြောင့်..ဘုရားကျောင်းအတွင်း ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြသည်။

ဖာသာနာရေနီ က မယ်စောကို ခေါ်ကာ အပြင်သို့ ခပ်သွက်သွက်ထွက်သွား၏။ ဝတ်ပြုလာသူများလည်း ဘုရားကျောင်းအတွင်းမှ အလျှိုလျှိုထွက်ခွာသွားကြသည်။

ခဏအကြာတွင် မြင်းမှူးမင်းသားဗညားဒလ အောင်စ က ကိုယ်ရံတော်ခါးလွတ်ကိုင်တပ်နှင့်အတူ...ဘုရားကျောင်တံခါးဝသို့ ရောက်လာ၏။

ထို့နောက် သူတစ်ဦးတည်း လွီဇာရှိရာသို့ လျှောက်လာသည်။ စစ်သည်များက ဘုရားကျောင်းတံခါးမကြီးကို အပြင်မှ ပိတ်လိုက်ကြသည်။

လွီဇာက ဒူးတုပ်လျက် ခစားရန်ပြင်လိုက်၏။

“နေပါစေ...လွီဇာ..သင့်သလို ခစားပါ”

“ဘာကိစ္စများရှိပြန်ပြီလဲ..မင်းသား”

“ကျုပ်တို့ကို ကူညီပါ..လွိဇာ”

“ရာဇဝတ်ဘေးသင့်နေတဲ့ အမျိုးသမီးတစ်ယောက်ဆီက ဘာအကူအညီများ လိုချင်နေသေးတာလဲ..မင်းသား... မင်းသားတို့ သိမ်းဆည်းလိုက်လို့..ကျွန်တော် မျိုးမရဲ့ ပိုင်ဆိုင်မှုဆိုတာလည်း ဘာမှ မရှိတော့ပါဘူးလေ”

“ဒီကိစ္စက ခင်ဗျားပဲ..ကူညီနှိုင်တဲ့ကိစ္စပါ...လွိဇာ...အခု သူတို့ ဒဂုံကို သိမ်းလိုက်ကြပြီ...မကြာခင် သန်လျင်ကို ရောက်လာကြတော့မယ်...ကျုပ်တို့အမြောက်တွေက အထက်ဘက်စစ်ပွဲတွေမှာရော၊ သန်လျင်ကင်းတိုက်ပွဲမှာပါ..အတော်များများ ရေထဲပစ်ချခဲ့တာရယ်..သူတို့ဘက်က ရသွားတာရယ်နဲ့ အားနည်းနေပြီ..ဒီတော့...မြစ်ဝမှာ ဘရှန်တို့ရဲ့ ပြင်သစ်သင်္ဘောသုံးစင်းအသင့်ရှိနေတယ်...အဲဒီသင်္ဘောပေါ်မှာ အမြောက်တွေ ဆယ်စင်းမက ရှိနေတာ ကျုပ်သိထားတယ်...ပြင်သစ်စစ်သင်္ဘောသုံးစင်းအနေနဲ့ ကျုပ်တို့ကို ကူညီပေးဖို့ မွန်စီယာဘရှန်ကို လွိဇာက ပြောပေးပါ”

“ဘရှန်နဲ့ အိမ်ရှေ့ဥပရာဇာနဲ့ တိုက်ရိုက်အဆက်အသွယ်ရှိနေတာပဲ..မဟုတ်လား..ကျွန်တော်မျိုးမ က ဘာဆိုင်တော့လို့လဲ”

“ဘရှန် က အခုသန်လျင်က အဲ့ဒီသင်္ဘောပေါ်မှာပါ..သူ့ ကို ကျုပ်ကိုယ်တိုင်ပြောပြီးပါပြီ....သူအနေနဲ့ ချုပ်ထားတဲ့ စာချုပ်များအရ ဒေသတွင်းစစ်ပွဲမှာ တိုက်ရိုက်မကူညီနိုင်ပါဘူးလို့ တွင်တွင်ပြောနေတယ်...ကျုပ်ကြားဖူးတာကတော့..လွိဇာဟာ ပွန်ဒီချယ်ရီက ဘုရင်ခံမင်းမြတ်အထိ ပေါက်ရောက်ခဲ့ဖူးတယ်တဲ့...အခုချိန်မှာ လွိဇာအနေနဲ့ ဘရှန်ကို အကူအညီတောင်းရင် ရနိုင်မှာပါ..နောက်ပိုင်းကျ...ဟံသာဝတီရဲ့အထူးသံတမန်ဘွဲ့ထူးနဲ့အတူ ပွန်ဒီချယ်ရီကို လွိဇာကို ပြန်လွှတ်ဖို့ ကျုပ်နောင်တော်ဘုရင်ဆီမှာ လျှောက်ပေးပါ့မယ်...ကျုပ် ကတိပေးပါတယ်”

“ကျွန်တော်မျိုးမအနေနဲ့ ဒီမြေမှာ ဆက်နေဖို့ စိတ်ကူးမရှိတော့ပါဘူး..ဒါပေမယ့်...အခု မင်းသားတောင်းဆိုတာကို ကူညီပေးမယ်ဆိုရင်..ကျွန်တော်မျိုးမလည်း တစ်ခုတောင်းဆိုချင်ပါတယ်...ကျွန်မရှာဖွေထားတဲ့ စည်းစိမ်တွေ၊ ပိုင်ဆိုင်မှုတွေ၊ လုပ်ငန်းတွေကို...ကျွန်တော်မျိုးမရဲ့ မိသားစုဖြစ်တဲ့ ငလေးနဲ့ မယ်ဖူးကို ပြန်လွှဲပေးမလား”

“စိတ်ချပါ..ဖြစ်စေရပါ့မယ်..ဘာမဆိုဖြစ်စေရပါ့မယ်”

“အခုပဲ ကမ်းနားကို ကျွန်မဆင်းပြီး ဘရှန်ဆီသွားပါ့မယ်..ငလေး လှည်းပြင်ဟေ့”

ဘုရားကျောင်းဝတွင် စောင့်နေသော ငလေးကို လွီဇာက လှမ်းအော်လိုက်သည်။

“ကျုပ်ဝေါနဲ့ပဲ သွားပါလား..လှည်းပြင်မနေပါနဲ့”

“မလိုပါဘူး..မင်းသား..ကျွန်မတို့ကိုယ့်လှည်းနဲ့ပဲ ကိုယ်သွားပါမယ်”

လွီဇာက ဘုရားနဘေးတွင် ရှိသော လှည်းဆီသို့ လျှောက်လာသည်။

“လွီဇာ”

ဖာသာနာရေနီက အနောက်မှ လှမ်းခေါ်လိုက်၏။

“တစ်မြို့လုံးမှာ အခြေအနေတွေရှုပ်ထွေးနေတယ်..မင်းတစ်ယောက်တည်းမသွားပါနဲ့..ကျုပ်ပါ အဖော်လိုက်ပေးမယ်”

လှည်းပေါ်သို့ ဖာသာနာရေနီရော၊ လွီဇာပါ တက်လိုက်ကြသည်။

“မမလွီဇာ..ဒီမှာ”

မယ်ဖူးက အပြေးအလွှားထွက်လာပြီး ကတ္တီပါအဝတ်ထုတ်တစ်ခုကို ပေးလိုက်၏။

လွီဇာက ကတ္တီပါအဝတ်ထုတ်ထဲမှ ပစ္စတိုသေနတ်ကိုထုတ်ကာ.ပြောင်းနှင့် နားခွက်ကို စစ်ဆေးလိုက်သည်။

“ကျည်နဲ့ ယမ်းမှုန့်ထုတ်ရော”

“အဲ့ဒီထဲမှာပဲ.ပါပါတယ်..မမလွီဇာ”

“ငလေး..သွားလို့ရပြီ”

လှည်းက ငြိမ့်ခနဲ ထွက်သွားသည်။

လွီဇာက ပစ္စတိုသေနတ်အတွင်းသို့ ခဲဖူးကျည်နှင့် ယမ်းမှုန့်များကိုအေးဆေးစွာ ဖြည့်နေ၏။

သေနတ်တစ်လက်၊ ဘုန်းကြီးတစ်ပါး၊ လှည်းတစင်းနှင့် ထိုမိန်းမလှ ကို ဗညားဒလအောင်စ နှင့်တကွ ဟံသာဝတီတပ်ကြီးက ငေးကြည့်နေကြသည်။

အခန်း (၃၁)

လွန်ခဲ့သောရက်များက လူမျိုးပေါင်းစုံဖြင့် စည်ကားရှုပ်ထွေးနေခဲ့သော သန်လျင်ဆိပ်ကမ်းသည် တိတ်ဆိတ်ရှင်းလင်းနေသည်။

ထူးထူးခြားခြား ဆိပ်ကမ်းတွင် သင်္ဘောတစ်စီးမှ ပင်ရှိမနေတော့။

ယခင်က အမြဲရပ်ထားကြသည့် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီသင်္ဘောများနှင့် ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီသင်္ဘောများကိုပင် မတွေ့ကြရ။

ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီရုံးဝန်းရှေ့တွင် ငလှေးက လှည်းကို ရပ်လိုက်၏။

လွီဇာက လှည်းပေါ်မှ ဆင်းလိုက်သည်။

ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီရုံးဝန်းသည် သစ်တပ်တံခါးကို ပိတ်ထားပြီး ငြိမ်သက်တိတ်ဆိတ်လျက်။

လွီဇာက တံခါးလက်ကိုင်ကွင်းကို ခေါက်လိုက်၏။

ခြံဝန်းတံခါးက ခပ်ဟဟပွင့်လာပြီး အိန္ဒိယလူမျိုးတစ်ဦး၏ မျက်နှာထွက်လာသည်။

“ဘာကိစ္စများလဲ”

“ကျွန်မ ကုန်သည်ကြီး လွီဇာဒီမဲလိုးပါ..မွန်စီယာဘရူနို နဲ့ တွေ့ချင်လို့”

“ဘရူနိုသခင် မရှိပါဘူး..မနက်စောစောကပဲ..ဒဂုံ ကို သင်္ဘောနှစ်စီး နဲ့အတူ ထွက်ခွာသွားပါပြီ”

“ဒါဆို..မွန်စီယာလာဗီးရော”

“လာဗီးသခင်လည်း ပါသွားပါတယ်..ပြင်သစ်အရာရှိတွေ၊ သင်္ဘောကပ္ပိတန်တွေ အားလုံးပါသွားကြပါတယ်။ ဒီမှာ ကျွန်တော်တို့ အစေခံအချို့ပဲကျန်ရစ်တာပါ”

“အင်း..ဟုတ်ပါပြီ”

တံခါးက ပြန်ပိတ်သွားသည်။

“ဘာတဲ့လဲ..လွိဇာ”

“ပြင်သစ်တွေကတော့...အစောကြီးကတည်းက ဒဂုံဆိပ်ကမ်းဘက်ဆီ သွားကြပြီ တဲ့....ဟံသာဝတီကို ဒင်းတို့ သစ္စာဖောက်ကြပြီထင်ပါရဲ့”

“ဒါဆိုလည်း ပြန်ကြတာပေါ့..လွိဇာ”

လွိဇာ နှင့် ဖာသာနာရေနီသို့ လှည်းဆီသို့ ပြန်အလှည့်တွင် သေနတ်သံတစ်ချက် ကြားလိုက်ရ၏။

ဗညားဒလအောင်စက တပ်စိတ်တစ်စိတ်နှင့်အတူ ကိုယ်တိုင်လိုက်ပါလာခြင်း ဖြစ်သည်။

“သူတို့နဲ့ တွေ့ခဲ့ပြီလား..လွိဇာ”

အောင်စ က မြင်းပေါ်မှ မဆင်းပဲ မေးလိုက်၏။

“မတွေ့ခဲ့ပါဘူး..မင်းသား...သူတို့..ဒဂုံကို ထွက်ခွာသွားကြပါပြီ”

“ဟင်..ဒဂုံကို..ဟုတ်လား...အောင်ဇေယျနဲ့ သွားပူးပေါင်းကြတာတဲ့လား”

“သူတို့ဟာ သူတို့ အကျိုးစီးပွားအတွက် စစ်ရေးအားသာတဲ့ဘက်ဆီကို ချဉ်းကပ် ကြမှာပါပဲ...တစ်ခုရှိတာ ဟံသာဝတီအနေနဲ့ သန်လျင်ကို အလွယ်တကူ လက်လွှတ်မခံဖို့ ကျွန်တော်မျိုးမ လျှောက်တင်ပါရစေ....ဘာကြောင့်လဲဆိုတော့ အင်္ဂလိပ်ရော၊ ပြင်သစ်ရော သူတို့နှစ်ဦးလုံးရဲ့ အကျိုးစီးပွားတွေ၊ ဂိုထောင်တွေ၊ သဘော်ကျင်းတွေဟာ သန်လျင်မှာရှိနေတာပါ..ဒီနေရာကို စိုးမိုးထားနိုင်သမျှ..သူ တို့ ဟံသာဝတီကို လွန်ဆန်လို့မရပါဘူး”

လွိဇာ၏ စကားကို ဗညားဒလက အတန်ငယ်စဉ်းစားပြီးနောက် ခေါင်းညိတ်လိုက် သည်။

ထိုအချိန်တွင် နောက်ထပ် မြင်းသည်တစ်စုက ဗညားဒလဆီသို့ ရောက်လာ၏။

တပ်မှူးဒေါ်စွယ်ယစက်က မြင်းပေါ်မှဆင်းကာ မြင်းမှူးမင်းသားအောင်စ အား ရှိခိုး လိုက်သည်။

“အင်္ဂလိပ်ကုမ္ပဏီသဘော်များလည်း ယမန်နေ့ကတည်းက ဒဂုံသို့ ရွက်လွှင့်ထွက် ခွာသွားကြပါပြီ..ဘုရား”

“အင်း..သင်းတို့က အပြိုင်အဆိုင်ကို လှေနှံနှစ်ဖက်နင်းကြတာပဲ...ကဲ..အခု သန်လျင်မြို့ထဲကနေ ဒေါပုံကို ခေတ္တဆုတ်ခွာထားပြီး အခြေအနေကို စောင့်ကြည့်ကြမယ်...ဒီက လွိဇာတို့၊ ဖာသာတို့ရော..ဟံသာဝတီကို သွားချင်တယ်ဆိုရင်ဖြင့် ဟံသာဝတီကို လွှတ်မယ် ခြေမြန်တပ်နဲ့အတူ ထည့်ပေးလိုက်ပါ့မယ်”

လွိဇာက ခေါင်းခါလိုက်သည်။

“သန်လျင်ဟာ ခေတ်အဆက်ဆက် စစ်မြေပြင်ဖြစ်ခဲ့တဲ့မြို့ပါ၊ ကျွန်တော်မျိုးမနဲ့ ဖာသာရေနီတို့ဟာ ဟိုးအရင် အင်းဝမင်းလက်ထက် တိုက်ပွဲတွေကတည်းက သန်လျင်စစ်မြေပြင်မှာ ဒဏ်ရာရလာတဲ့ အရပ်သူ၊ အရပ်သားတွေကို ပြုစုကုသပေးဖို့ ဘာနာဘိုက်အသင်းတော်နဲ့အတူ ရှိခဲ့ကြပါတယ်၊ အခုလည်း သန်လျင်က ပြည်သူတွေနဲ့အတူ ကျွန်တော်မျိုးမတို့ နေရစ်ပါမယ့်..မင်းသား”

“အိမ်း..ဒါဆိုလည်း..ပြီးတာပဲ.....မကြာခင်..ပြန်တွေ့ကြတာပေါ့..လွိဇာ”

အောင်စန့်ငှ သူ၏တပ်များက လာရာလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားကြသည်။

ဖာသာရေနီနှင့် လွိဇာတို့က လှည်းပေါ်သို့ တက်လိုက်ကြ၏။

“ဘုရားကျောင်းကိုပဲ ပြန်မောင်းရမလား..မမလွိဇာ”

“နေဦး..ငလှေး..အရှေ့အိန္ဒိယကုမ္ပဏီဝန်းဘက်ကို မောင်း”

“ဘာလုပ်ဖို့လဲ..လွိဇာ”

ဖာသာရေနီက မေးလိုက်၏။

“မကြာခင်..သန်လျင်ကို စစ်ပွဲအကြီးကြီးတစ်ခု ရောက်လာတော့မယ်မဟုတ်လား..ဖာသာ..ဒီတော့ မြို့သူမြို့သားတွေ ထိခိုက်ဒဏ်ရာရတဲ့အခါ ဆေးကုပေးဖို့ ယာယီဆေးရုံတစ်ခုလိုတယ်လေ.. ဘရာသာအင်ဂျလိုဆီမှာရှိတဲ့ ဆေးတွေ၊ ပက်တီးတွေနဲ့ တင်လုံလောက်မှာမဟုတ်ဘူး..ဒီတော့ အရှေ့အိန္ဒိယကုမ္ပဏီရုံးဝန်းအပြင်ဘက်မှာ ကုမ္ပဏီအလုပ်သမားတွေနဲ့ သင်္ဘောကျင်းအလုပ်သမားတွေအတွက် ဒေါက်တာဝီလျံဆင် ရဲ့ဆေးခန်းရှိတယ်မဟုတ်လား၊ သူ့ဆီမှာ ဆေးအလုံအလောက်ရှိနိုင်တယ်”

“တို့သွားတောင်းလို့...သူတို့က ပေးပါ့မလား..လွိဇာ”

“အင်း..ဒီတိုင်းတောင်းမရရင်လည်း..ဒါလေးပြဲပြီး တောင်းရမှာပေါ့..ဖာသာ”

လွီဇာက သူ့လက်ထဲမှ ပစ္စတိုသေနတ်ကို ထောင်ပြလိုက်သည်။

မကြာမီ နွားလှည်းက အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီဆေးခန်းရှေ့သို့ ရောက်ရှိလာ၏။

အရှေ့အိန္ဒိယကုမ္ပဏီဝန်းတစ်ခုလုံးမှာလည်း ပြင်သစ်တို့ကဲ့သို့ပင် လူသူကင်းမဲ့လျက်။ အစောင့်အနေစစ်သားပင်မရှိ။

လွီဇာက ပစ္စတိုကို လက်ကိုင်လျက် ဆေးခန်းရှေ့တွင် ရပ်လိုက်သည်။

ဆေးခန်းတံခါးဝမှ တေလဂူအမျိုးသားတစ်ဦး လက်အုပ်ချီလျက် ထွက်လာ၏။

“ဘာကိစ္စများရှိလို့ပါလဲ..သခင်မ”

အင်္ဂလိပ်ဘာသာဖြင့် မေးလိုက်ခြင်းဖြစ်သည်။

“ဒေါက်တာဝီလျံဆင်က သူသွားခါနီးမှာ ဒီဆေးခန်းက ဆေးတွေကို ဘာနာဗိုက်ကျောင်းတော်က သိမ်းဆည်းထားပေးဖို့ ပြောသွားလို့ ငါလာယူတာ”

“ဝီလျံသခင် က လွှဲစာတွေဘာတွေများ ပေးခဲ့သေးလား သခင်မ..ကျွန်တော်မျိုးကို ပြပါဦး”

“အေး..ဒါ လွှဲစာပဲ”

လွီဇာက သူမ၏ ပစ္စတိုသေနတ်ကို ထိုသူ၏ နဖူးတွင် တေ့လိုက်သည်။

“ခွင့်လွှတ်ပါ..သခင်မ..ကြောက်ပါတယ်..ဒီမှာသော့ပါခင်ဗျ”

“အေး..ဒါဆို..နင်လည်းသွားတော့..နင့်မှာ ဘာတာဝန်မှမရှိတော့ဘူး”

ဆေးခန်းအစောင့်ထွက်ခွာသွားပြီးနောက်..လွီဇာက လက်ထဲမှသော့ကို ငလှေးထံ ပစ်ပေးလိုက်သည်။

“ငလှေး..အထဲမှာ ရှိသမျှ ဆေးတွေ အကုန် လှည်းပေါ်တင်ချေ”

.....

၁၇၅၅ မေလ ၂ ရက်။

သွေးမြှုပ်ကျပဲ သိမ်းယူနိုင်ခဲ့သည့် ဒဂုံမြို့ကို အလောင်းဘုရားဦးအောင်ဇေယျက ရန်ကုန်ဟု အမည်ပြောင်းသည်။

ရန်ကုန်ကား တချိန်က ဒဂုံမြို့ဟောင်းအဖြစ် ခမ်းနားခဲ့သော်လည်း ယခုအခါ ခံတပ်သစ်ရိုးမှ လွဲပြီးယာတောများ၊ ခြံတောများနှင့်သာ ပြည့်နှက်နေသည်။

အောင်ဇေယျက ဒဂုံမြို့ဟောင်း၏ အနောက်မြောက်ဘက် ကိုက်(၇၀၀)အကွာတွင် ကျုံးမြောင်း၊ တန်ဆောင်း၊ ပြအိုးများဖြင့် သစ်တပ်ကြီးတစ်ခုတည်ဆောက်နေသည်။

ဆောက်လက်စ သစ်တပ်ကြီးအတွင်းသို့ အင်္ဂလိပ်အရှေ့အိန္ဒိယအလံလွှင့်ထူထားသော မြင်းစီးလူတစ်စု ဝင်ရောက်လာ၏။

သူတို့၏ အနောက်တွင် သေနတ်ကိုင် အာဖရိကန်သင်္ဘောသားတပ်စိတ်နှစ်စိတ်က စီတန်းလျက် လျှောက်လာသည်။

သူတို့၏ အနောက်ဘက်တွင် ရွှေဘိုစစ်တပ်က ခြံရံလျက် လိုက်ပါလာ၏။

သစ်တပ်မြို့ရိုးတံခါးဝတွင် အဖြူရောင်မြင်းကို စီးလျက် ရွှေထီးဆောင်းထားသော တပ်မှူး ငတွန် က အင်္ဂလိပ်ကိုယ်စားလှယ်များကို အကာခတ်လိုက်သည်။

၁၇၅၅ မတ်လတွင် ပုသိမ်သို့ရောက်ရှိလာသော အလောင်းဘုရား၏ ကိုယ်စားလှယ် သီရိဘင်္ဂလွန်နှင့် သက်ရှည်နော်ရထာတို့ကို အရှေ့အိန္ဒိယကုမ္ပဏီမှ ကင်းထောက် တော့ပေလို က လာရောက်ချိတ်ဆက်ပြီးနောက် ဟိုင်းကြီးကျွန်းသို့ ခေါ်ဆောင်သွားခဲ့သည်။

သီရိဘင်္ဂလွန်နှင့် သက်ရှည်နော်ရထာတို့သည် ဟိုင်းကြီးကျွန်းရှိ အရှေ့အိန္ဒိယကုမ္ပဏီတာဝန်ခံ ဟင်နရီဘရွတ်ထံ ဦးအောင်ဇေယျ၏ သဝဏ်လွှာနှင့်အတူ ဟံသာဝတီအားလက်နက်ဆက်လက်မထောက်ပံ့ရေးနှင့် ရွှေဘိုတပ်များအားလက်နက်ထောက်ပံ့နိုင်ရေးဆွေးနွေးခဲ့၏။

ထိုအကြောင်းကို ဟင်နရီဘရွတ်က စိန့်ဂျော့ခံတပ်မြို့(မဒရပ်)တွင်ရှိနေသော ဘုရင်ခံ ဂျော့ပီကော့ ထံ အကြောင်းကြား အစီရင်ခံစာပေးပို့သည်။

ထိုအချိန်တွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် ဥရောပတွင် စစ်ပွဲများပြီးဆုံးခဲ့ပြီဖြစ်သော်လည်း အိန္ဒိယတိုက်ငယ်အတွင်း ကြားခံနယ်မြေလုစစ်ပွဲဖြစ်သော တတိယကာနာတစ်စစ်ပွဲကို စတင်ရန် တာဆူနေချိန်ဖြစ်သည်။

ပွန်ဒီချယ်ရီတွင် ဩဇာကြီးမားခဲ့သည့် ဒူပလေကို ပြုင်သစ်အစိုးက ပြန်လည်ခေါ်ယူပြီးသည့်နောက်ပိုင်း ပြင်သစ်တို့မှာလည်း ဓနအင်အား၊ စစ်အင်အားမှာ အနည်းငယ်ဆုတ်ယုတ်လာခဲ့၏။

ထိုအချက်ကို အကြောင်းပြုကာ အင်္ဂလိပ်ဘုရင်ခံ ပီးကော့သည် အိန္ဒိယရှိပြင်သစ်နယ်မြေများကို လုယူရန် ကြံစည်နေချိန်ဖြစ်သည်။

ထိုအချိန်တွင် ဟိုင်းကြီးကျွန်းမှ လာသော စာကိုဖတ်ပြီးသည့်နောက် လက်ရှိဟိုင်းကြီးကျွန်းတွင် ရှိနေသော လက်နက်များမှအပ..နောက်ထပ် လက်နက်များတင်ပို့ရန် အစီအစဉ်မရှိသဖြင့် အောင်ဇေယျ၏ အကူအညီတောင်းခံမှုကို ပယ်ချကြောင်း ပီးကော့က စာပြန်ပို့ခဲ့သည်။

ရွှေဘိုကိုယ်စားလှယ်အဖွဲ့မှာလည်း မပြေမလည်နှင့်ပင် ၎ပြီ ၁၂ ရက်နေ့တွင် အောင်ဇေယျ၏ တပ်များရှိရာ ဓနုဖြူသို့ ပြန်ရောက်လာကြ၏။

ရက်ပိုင်းမျှ အကြာတွင် အလောင်းဘုရားကိုယ်တိုင်ဦးစီးသောတပ်များမှာ ပုသိမ်နှင့် ဒဂုံမြို့များကို သိမ်းပိုက်နိုင်ခဲ့ကြသည့် သတင်းကို သန်လျင်နှင့် ဟိုင်းကြီးကျွန်းမှ အင်္ဂလိပ်ကိုယ်စားလှယ်များ ကြားသိကြရသည်။

ထို့ကြောင့် သန်လျင်တွင်ရှိနေသော အင်္ဂလိပ်ကုမ္ပဏီကိုယ်စားလှယ်အာဆိုင်းလက်စတာ နှင့် ဒေါက်တာဝီလျံဆင်တို့ကို အထည်အလိပ်များ၊ အရည်စည်များနှင့် ကုမ္ပဏီလက်အောက်ခံ အာဖရိကန်စစ်သားတပ်စု နှစ်စု အား သဘော်လေးစီးဖြင့် တင်ကာ ဒဂုံသို့ စေလွှတ်လိုက်ခြင်းဖြစ်၏။

ယခုတော့ အင်္ဂလိပ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အာဆိုင်းလက်စတာသည် လာရောက်ကြိုဆိုသည့် ဗိုလ်ချုပ်ငတွန်ကို မြင်းပေါ်မှ ဆင်းကာ အလေးပြုနေပြီဖြစ်သည်။

“မင်းတရားကြီးက သံအဖွဲ့ကို တဲနှန်းတော်မှာ တွေ့ဆုံဖို့ ကျုပ်ကို အစေလွှတ်လိုက်တာပါ..အနောက်က ပါလာတဲ့ စစ်တပ်များ သစ်တပ်အပြင်ဘက်မှာပဲ လက်နက်တွေကို ခေတ္တအပ်နှံပြီး နေခဲ့စေလိုပါတယ်”

ငတွန်၏ စကားကို မင်းရဲကောင်းပုံဘွဲ့ခံ အန်တိုနီယို က ဘာသာပြန်ပေးလိုက်၏။

“ကျွန်တော်မျိုးတို့ အခုလာတာက အလောင်းဘုရားဘုရင်ထံ သို့ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီအနေဖြင့် အမြောက်ကြီးများ၊ လက်နက်များစစ်ကူမပေးနိုင်သော်လည်း...အာဖရိကန်တပ်စုနှစ်စု ပေးပို့ကာ တိုက်ပွဲများတွင် ကူညီပေးဖို့ရာ

ဖဝါးတော်ရင်း ရောက်လာကြွခြင်းပါ..ထို့ကြောင့် ယခုတပ်စုများအား စိုးရိမ်ကြောင့်ကြစရာမလိုကြောင်းလျှောက်တင်ပါတယ်..ဗိုလ်ချုပ်”

အာဆိုင်းလက်စတာ၏ စကားကိုမူ တော့ပေလိုက ဘာသာပြန်ကာ လျှောက်တင်လိုက်သည်။

“ဟုတ်ပြီလေ....ဘာပဲဖြစ်ဖြစ် လက်နက်တွေနဲ့ စစ်အင်အားကိုတော့ သစ်တပ်အပြင်မှာပဲ ထားခဲ့ပါ..ကုမွဏီအကြီးအကဲနှစ်ဦးသာ မင်းတရားထံ ဝင်ခွင့်ရှိပါမယ်”

လက်စတာနှင့် ဒေါက်တာဝီလျံဆင်တို့ နှစ်ဦး ကို စစ်သည်များက ခြံရံလျက်...သစ်တပ်အတွင်းသို့ ခေါ်ဆောင်သွားကြ၏။

ငတွန်က မလိုက်သေးပဲ...သစ်တပ်ပြင်တွင် ကျန်ရစ်သော ကုမ္ပဏီလက်အောက်ခံအာဖရိကန်တပ်သားများကို အသေအချာ ကြည့်ရှုနေသည်။

ထို့နောက် သူနဘေးနားတွင် ရှိနေသော တော့ပေလို ကို မေးလိုက်၏။

“လူကောင်လူလုံးနဲ့ ပုံသဏ္ဌာန်တွေကတော့..အားရစရာပဲ..သတ္တိအရာမှာသာစဉ်းစားရမှာပ”

“စိတ်မပူပါနဲ့..ဗိုလ်ချုပ်..သန်လျင်ကို ပို့ထားတဲ့ အာရေဗျုဒေသမှာ တိုက်ခဲ့တဲ့စစ်ပွဲတွေမှာ ပါဝင်ခဲ့သူတွေချည်းပါပဲ..စစ်အရေးအတွေ့အကြုံရှိပါတယ်”

“ဒါနဲ့...တော့ပေလို..မောင်မင်း အခု သန်လျင်က လာတာမဟုတ်လား”

“ကျွန်တော်မျိုးက ဟိုင်းကြီးကနေ သန်လျင်ကို ဝင်ပြီးမှ လာတာပါ”

“သန်လျင်မြို့အခြေအနေရောကွဲ့”

“ဒဂုံကို ဗိုလ်ချုပ်တို့ သိမ်းပိုက်ပြီဆိုတာနဲ့ ...သန်လျင်လည်းလှုပ်လှုပ်ရှားရှားဖြစ်နေပါတယ်...သန်လျင်မှာ မြင်းမူးမင်းသားဗညားဒလရဲ့တပ်တွေ ရှိနေပါတယ်”

“ပြီးရင်..သန်လျင်ပြန်ကြမှာပေါ့”

“မှန်ပါ”

“ဒါဆို..သန်လျင်မှာ ဟံသာဝတီကနေ ပြစ်ဒဏ်ချပြီးနယ်နှင်ခံထားရတဲ့ ကုန်သည်ကြီးလွိဇာဆိုတာ ရှိတယ်လို့ ကြားတယ်”

“မှန်ပါ..နာမည်ကျော်အမျိုးသမီးကြီးပါပဲ..ကျွန်တော်မျိုးကောင်းကောင်းသိပါတယ်”

“သူ့ကို ကျုပ် စကားကြံုပါးလိုက်ချင်တယ်..မောင်မင်းပြောပေးမလား”

“မှန်ပါ”

“ဘယ်လိုအခြေအနေပဲဖြစ်ဖြစ်..ဒဂုံမှာ ကျုပ်ရှိနေတယ်....မကြာခင် သန်လျင် ကမီးဟုန်းဟုန်းတောက်တော့မယ်..ဒီတော့..သူ့အနေနဲ့.သန်လျင်ကို စွန့်ခွာပြီး ဒဂုံကို ထွက်လာခဲ့စေချင်တယ်လို့ ပြောပေးပါ”

“မှန်ပါ”

“ပြောဖြစ်အောင် ပြောချေ..တော့ပေလို”

.....
.....

မေလ ၈ ရက်။

အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီအလံလွှင့်ထူထားသော သင်္ဘောနှစ်စီးသည် ဒဂုံဆိပ်ကမ်းမှ သန်လျင်ဘက်သို့ ထွက်ခွာသွားပြီဖြစ်၏။

ဒဂုံမြစ်လယ်တွင် ကျောက်ချလျက် ရပ်နေသော ပြင်သစ်သင်္ဘောနှစ်စင်းအနက်မှ တစင်းပေါ်မှ သဗ္ဗာန်ငယ်တစ်စင်း ထွက်ခွာလာသည်။

သဗ္ဗာန်ပေါ်တွင် ပြင်သစ်ကိုယ်စားလှယ် ဘရူနို၊ လားဗီး နှင့် ဗီယက်နမ်လူမျိုး ဥရင်သီဟန် တို့ လိုက်ပါလာကြ၏။

ဒဂုံဆိပ်ကမ်းစောင့်တပ်သည် အလံဖြူလွှင့်လျက် ဆိပ်ကပ်လာသော သဗ္ဗာန်ငယ်ကို သေနတ်များဖြင့် ချိန်ထားလိုက်ကြ၏။

“ကျွန်တော်တို့ ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီကပါ...အလောင်းဘုရားဘုရင်ရဲ့ခြေရင်းကို လာရောက်ခစားတာပါ”

ဗမာစကားတတ်ကျွမ်းသော လာဗီး က အော်ပြောသည်။

“မင်းတို့ရဲ့သင်္ဘောက ဘယ်မှာလဲ”

“ဟိုးမြဲစ်လယ်မှာပါ”

ဆိပ်ကမ်းစောင့်သွေးသောက်ကြီးဦးဆောင်သော အဖွဲ့က မြစ်လယ်သို့ ကြည့်လိုက်ကြသည်။

“ခင်ဗျားတို့ ဒီမှာ ခဏနေဦး...ဟေ့..ငစိန်မြ..သစ်တပ်ခြေရင်းမှ ဗိုလ်ချုပ်ဦးတွန် ရှိနေတယ်..သွားလျှောက်တင်ချေစမ်း”

မကြာမီ မြင်းသည်တစ်ဦးထွက်ခွာသွား၏။ မြင်းသည်နှင့်အတူ အပြင်းနှင်လာသော မြင်းတစ်စီး။

မြင်းပေါ်တွင် ချွေးသံတရွဲရွဲ၊ ဆံပင်ဖားလျားနှင့် ငတွန် ပါလာ၏။

ငတွန် သည် အင်္ဂလိပ်ကုမ္ပဏီမှာ ပို့ထားသော တပ်စုနှစ်စုနှင့် လှံရေးကစားလေ့ကျင့်နေရာကလာခြင်းဖြစ်သဖြင့် ချွေးများရွဲနစ်နေသည်။

“ကျုပ်..ဒဂုံမြို့စောင့်တပ်မှူး ဗိုလ်ချုပ်ငတွန်ပဲ...လျှောက်တင်စရာရှိလျှောက်စေ”

အပေါ်အင်္ကျီမပါ ကိုယ်ဗလာဖြင့် အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်တောင့်တောင့် ထိုသူမှာ ဗိုလ်ချုပ်ဖြစ်ကြောင်း လာဗီး က ဘရူနိုအား စကားပြန်ပေးလိုက်၏။

“ကျွန်တော်တို့ အလောင်းမင်းတရားဆီ အခစားဝင်လာကြတာပါ၊ သူက ပြင်သစ်အရှေ့အိန္ဒိယ ကုမ္ပဏီရဲ့ တာဝန်ခံ မွန်စီယာဘရူနို ပါ။ ကျွန်တော်မျိုးကတော့ သူ့ရဲ့ လက်ထောက် လာဗီးပါ။ ဒါကတော့ ကုမ္ပဏီစာရေးတော်ကြီး ဒုရင်ဒီဟန်ပါ”

“ထီးဘုရားကြီးက ပထမအကြိမ် သင်တို့ဆီ စာစေလိုက်တုန်းက ဘာကြောင့်..အကြောင်းမပြန်ကြသလဲ”

“မှန်ပါ..အဲ့ဒီတုန်းက ကျွန်တော်မျိုးတို့ မှာလည်း ပွန်ဒီချယ်ရီက အမိန့်ကို စောင့်နေကြရလို့ပါ”

“အေး...နင်တို့ ကိစ္စ ခြေတော်ရင်းရောက်မှ ရှင်းချေတော့...သူတို့ကို သစ်တပ်ထဲခေါ် ခဲ့ကြဟေ့”

.....
.....

အလောင်းဘုရားအောင်ဇေယျထံသို့ ဘရူနိုတို့ ဝင်ရောက်ခစားသည်မှာ နှစ်ရက်မြောက်ပင်ရှိခဲ့ပြီ။

ရန်ကုန်မြစ်လယ်တွင် ဆိုက်ကပ်ထားသော ပြင်သစ်သင်္ဘောနှစ်စီး ထံသို့ ပင်လယ်ဝဘက်မှ လှေတစ်စင်း ချဉ်းကပ်လာသည်။

ပြင်သစ်လူမျိုး သစ်ကုန်သည် မွန်စီယာဟင်နရီ သည် လှေပေါ်မှ တဆင့် သင်္ဘော ပေါ်သို့ တုန်တုန်ချိချိဖြင့် တက်လာ၏။

သင်္ဘောနှစ်စီး၏ အအုပ်အချုပ် ကပ္ပတိန်ဂါဘရီရယ် က အဘိုးအို ဟင်နရီကို ဆီးကြိုလိုက်သည်။

“ဘာကိစ္စနဲ့များ ဒီအထိလိုက်လာတာလဲ..မွန်စီယာဟင်နရီ”

“သန်လျင်က ဒီစာပါးခိုင်းလိုက်လို့ပါ..ငါတို့ကို ကယ်ပါ..ဂါဘရီရယ်”

ကပ္ပတိန်ဂါဘရီရယ်က ဟင်နရီလက်ထဲမှ စာကို ယူကာ ဖတ်လိုက်၏။

အလောင်းဘုရား၏တပ်များသည် ဒဂုံကို သိမ်းပိုက်ပြီးသည့်နောက် သန်လျင်တွင် ရှိနေသော မြင်းမူးမင်းသားဗညားဒလ အောင်စ၏ တပ်များမှာ သန်လျင်မှ ခရမီး ဘက်သို့ ခေတ္တမျှ ဆုတ်ခွာကြသည်။

သို့သော် အလောင်းဘုရားအောင်ဇေယျကမူ သန်လျင်ကို ဆက်လက်မတိုက်ခိုက် သေးရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ဒဂုံကို အလွယ်တကူစွန့်ခွာခဲ့သော ဟံသာဝတီတပ်များသည် သန်လျင်ရှိတပ်များ နှင့်ပူးပေါင်းကာ..မိမိတို့အား ပရိယာယ်ဆင်တိုက်လိမ့်မည်ဟု အောင်ဇေယျက ယူဆခဲ့၏။

ထိုအချိန်တွင် ဟံသာဝတီတွင်ရှိသော ဘုရင်ဦးအောင်လှကလည်း လက်ဦးဗိုလ် အား မြင်း (၂၀၀၀) ၊ သေနတ်တပ်သား (၅၀၀၀)၊ စစ်သည် (၂၀၀၀၀)တို့ဖြင့် ချီ တက်စေခဲ့ပြီဖြစ်သည်။

သန်လျင်မှဆုတ်ခွာနေသော ဗညားဒလအောင်စ ၏ တပ်များမှာ ဟံသာဝတီနှင့် အဆက်အသွယ်ရပြီး ထိုသတင်းကို ကြားခဲ့သည်။

သန်လျင်သို့လည်း ရွှေဘိုတပ်များ ရောက်မလာသဖြင့် ဗညားဒလအောင်စတပ် များသည် သန်လျင်သို့ ပြန်လည် ဝင်ရောက်ကာ ခြေကုပ်ပြန်ယူကြ၏။

ထိုအခါ သန်လျင်တွင်ကျန်ရစ်ခဲ့သော ပြင်သစ်လူမျိုး သံအမှုထမ်းများ၊ ကုန်သည် များ၊ သင်္ဘောကျင်းအလုပ်သမားများ အားလုံးကို ဖမ်းဆီးထားလိုက်ကြသည်။

ဟံသာဝတီမှ ပြန်လာကြသော အင်္ဂလိပ်ကိုယ်စားလှယ်များလည်း ဖမ်းဆီးခံကြရ၏။

ထို့နောက် အလောင်းဘုရားထံသွားရောက်တွေ့ဆုံသော ဘရူနိုနှင့် သဘော်နှစ်စီးကို ပြန်လည်ခေါ်ယူပေးရန်၊ သဘော်နှစ်စီးပြန်မလာပါက သန်လျင်ရှိ ပြင်သစ်ကုမ္ပဏီရုံးကို မီးတိုက်ပြီး သန်လျင်မှ ပြင်သစ်လူမျိုးအားလုံးကို ကွပ်မျက်မည်ဟု ဆိုကာ ပြင်သစ်ကုန်သည်ကြီး ဟင်နရီကို စေလွှတ်လိုက်ခြင်းဖြစ်သည်။

ကပ္ပတိန်ဂါဘရီရယ်မှာ စာကိုဖတ်ပြီးနောက် မနီးမဝေးရှိ ဒဂုံဆိပ်ကမ်းဘက်ဆီသို့ တချက်ကြည့်လိုက်၏။

“ခက်တယ်..မွန်စီယာဟင်နရီ...အခုက မွန်စီယာဘရူနို တို့က ဒဂုံဆိပ်ကမ်းမှာရှိနေကြတယ်...သူတို့ကို သွားလိုက်ခေါ်ရင်လည်း ဗမာဘုရင်က ရိပ်မိပြီး ကျုပ်တို့ကိုပါ သန်လျင်ကို ပေးပြန်တော့မှာမဟုတ်ဘူး..ဘယ့်နယ့်လုပ်ကြမလဲ”

“လောလောဆယ်...သန်လျင်က ပြင်သစ်လူမျိုး (၂၀၀)ကျော်ရဲ့ အသက်က အရေးကြီးပါတယ်...မင်းတို့ သဘော်နှစ်စီး ပြန်လိုက်ခဲ့ရင်...မင်းသားက ခွင့်လွှတ်ပေးမှာပါ”

“အင်း...ဒီလိုပဲ ဆုံးဖြတ်ရတော့မှာပေါ့”

မေလ ၁၀ ရက်ညနေခင်းတွင် မြစ်လယ်တွင် ကျောက်ချထားသော ပြင်သစ်သဘော်နှစ်စင်းမှာ ကျောက်ဆူးနုတ်လျက် သန်လျင်ဘက်ဆီသို့ ပြန်လည်ထွက်ခွာသွားသည်ကို ဒဂုံကင်းတပ်မှ တွေ့ရှိလိုက်ကြသည်။

မကြာမီ....ဘရူနို ၊ လာဗီး နှင့် ဌရင်သီဟန်တို့မှာ လက်ပြန့်ကြိုးတုပ်ခံထားရလျက်..အလောင်းဘုရားအောင်ဇေယျရှေ့တွင် ဒူးထောက်နေကြရ၏။

ကညင်ဆိမီးတိုင်လဲ့လဲ့အောက်တွင် ဘရူနို၏မျက်နှာမှာ တုန်ရီနေ၏။ ပါးပြင်မှ ကန့်လန်ဖြတ်အမာရွတ်ကြီးမှ တဆတ်ဆတ်ဖြင့် လှုပ်ရှားနေသည်။

“ကျွန်တော်မျိုးတို့ ပြန်မလာမချင်း...မြစ်လယ်မှာပဲ ကျောက်ချနေဖို့ မွန်စီယာဘရူနိုက အမိန့်ပေးခဲ့တာပါ..ဘုရား..ယခုလို ပြန်လည်ထွက်ခွာသွားခြင်းဟာ ကျွန်တော်မျိုးတို့ အမိန့်မရပဲ..ကပ္ပတိန်ရဲ့ သဘောထားသက်သက်မို့ ကျွန်တော်မျိုးတို့ဖြင့်မသက်ဆိုင်ပါဘုရား”

လာဗီး၏ အသံကလည်း ထိတ်လန့်မှုအပြည့်ဖြင့်။

သူတို့အနားယူရာ သံတဲအတွင်းသို့ ဝိုင်းရုံပြီးနောက် ကြိုးတုတ်ကာ ဆွဲခေါ်လာကြခြင်းဖြစ်သည်။

“မောင်မင်းတို့ လျှောက်တင်ထားချက်ရှိတယ်...သဘော်တွေပေါ်မှာပါလာတဲ့ အမြှောက်တွေကို ငါကိုယ်တော်အတွက် လက်ဆောင်ပဏ္ဏာအဖြစ် ဆက်သမယ် ဆိုကွ...အခုက မောင်မင်းတို့ ပရိယာယ်မဟုတ်လား..မှန်မှန်ပြောကြစမ်း..မဟုတ်ရင်..အကုန် ခေါင်းဖြတ်ကွပ်မျက်ပစ်မယ်”

လာဗီးက နဘေးရှိ ဘရူနိုကို ခပ်တိုးတိုးဘာသာပြန်ပြောပြလိုက်သည်။ ဘရူနိုက လာဗီးကို ပြန်ပြော၏။

ဘရူနို၏ စကားကြောင့် လာဗီးမှာ မျက်စိမျက်နှာပျက်သွားတော့သည်။

“ဟဲ့..သူဘာပြောတာလဲ..လျှောက်စမ်း..ကလံပွားငယ်”

အောင်ဇေယျသည် လာဗီး ၏ နာမည်အား ကလံပွားဟုသာ မြန်မာမှုပြုကာ ခေါ်လိုက်သည်။

“မှန်ပါ..မွန်စီယာဘရူနို က ပြောပါတယ်...ဘုရား...ဒီကိစ္စကို သူကတိပေးထားတဲ့ အတိုင်း တာဝန်ယူပါတယ်..သန်လျင်ကို ပြန်သွားတဲ့ သဘော်တွေကို သူလှေလျှင်နဲ့ လိုက်ပြီးခေါ်ပေးပါ့မယ်တဲ့”

“ဟဲ့..ငါက ဘယ်လိုယုံကြည်ရမလဲ..သင်းကို”

“မှန်ပါ..ကျွန်တော်မျိုး..ကျွန်တော်မျိုးကို အာမခံသဘော ဒီမှာ ထားခဲ့ပြီး သူနဲ့ ကုမ္ပဏီစာရေးတို့က သွားခေါ်မှာပါတဲ့ဘုရား”

“ဟေ...အိမ်း..ဒီလိုဆိုလည်း..ကတိတည်စေပေါ့ကွယ်..မဟုတ်လို့ကတော့...မင်းအသက် ကို ဖက်နဲ့ ထုပ်ထားပေတော့..ကလံပွားငယ်”

“ကြောက်ရွံ့လှပါတယ်..ဘုရား”

.....
.....

၁၇၅၅ မေလ ၁၃ ရက်။

လက်ျာဗိုလ်ခေါင်းဆောင်သော ဟံသာဝတီတပ်ကြီးသည် ဒဂုံသစ်တပ်နှင့် မနီးမဝေးရှိ တာမွေသို့ ဆိုက်ရောက်လာပြီဖြစ်သည်။

လက်ျာဗိုလ်သည် တာမွေတွင် ဝါးတပ်တစ်ခုကို အရေးပေါ်ဆောက်လုပ်လိုက်သည်။

ထို့နောက် ပေါ်တူဂီကြွေးစားအမြောက်စစ်သည်များ၊ စပိန်သေနတ်ဗိုလ်များ ပါဝင်သောတပ်များ ကို ဝါးတပ်ကြီး၏ အမြင့်တွင် တင်ကာ တည်ထား၏။

အောက်ခြေတွင် ဟံသာဝတီမြင်းစီးစစ်သည်များက ပတ်လည်နေရာယူထားကြသည်။

မြန်အောင်၊ ပုသိမ်ဘက်တို့မှ အလောင်းဘုရားအောင်ဇေယျ၏ ဒဂုံတပ်သို့ ဝင်ရောက်မည့် ရိက္ခာများကိုလည်း သန်လျင်ကင်းဝတွင် ဒေါစွယ်ယစက်က လှေအစီး (၁၀၀)ဖြင့် ပိတ်ဆို့ထား၏။

အလောင်းဘုရားနှင့်တွေ့ဆုံခဲ့သော အင်္ဂလိပ်ကိုယ်စားလှယ်နှစ်ဦး ကို ဗညားဒလအောင်စ က ဖမ်းဆီးခဲ့သည့်အတွက် ဟိုင်းကြီးကျွန်းမှ ကုမ္ပဏီအကြီးအကဲ ဟင်နရီဘရွတ်ကိုယ်တိုင် သန်လျင်သို့ လာရောက်ကာ ညှိနှိုင်းခဲ့သည်။

ထို့နောက် ကိုယ်စားလှယ်နှစ်ယောက်အားလွှတ်ပေးရန်နှင့် ကုမ္ပဏီရုံးအား သန်လျင်တွင် ဆက်လက်တည်ရှိခွင့်ပေး ရန်အတွက် ဟင်နရီဘရွတ်က သန်လျင်ရှိ ဟံသာဝတီတပ်များကို အားကောင်းသောအမြောက်ကြီးနှစ်လက်၊ နောက်ဆုံးပေါ် သေနတ်အလက် (၁၀၀)ပေးအပ်ခဲ့ရ၏။

ဟံသာဝတီတပ်တို့ကား...ဒဂုံတွင်ရှိနေသော ရွှေဘိုသားတို့အာ ဝိုင်းပတ်ချေမှုန်းရန် ပြင်ဆင်ကြပြီဖြစ်သည်။

အခန်း (၃၂)

၁၇၅၅ မေလ ၁၈ ရက်။ တာမွေခံတပ်။

အဝေးဆီမှ မြင်းခွာသံသဲ့သဲ့ကြောင့်..ဟံသာဝတီကင်းတပ်ဗိုလ်က ထောင်ထားသော မှန်ပြောင်းမှ တဆင့်ကြည့်လိုက်သည်။

မြင်းတစ်စီး။ လူတစ်ယောက်။

ဆံပင်ကို ဖားလျားချလျက်။ လှံရှည်တစ်လက်ကို ကိုင်ထား၏။

သူ၏ ပတ်လည်တွင် အင်္ဂလိပ်စစ်ယူနီဖောင်းဝတ်ထားသည့် သေနတ်ကိုင်အာဖရိကန်လူမဲတစ်ချို့။

“သူတို့ ထွက်တိုက်ကြပြီလား”

တပ်မှူးလက်ျာဗိုလ် ရောက်လာသဖြင့် ကင်းတပ်ဗိုလ်က မှန်ပြောင်းမှ ဖယ်ပေးလိုက်သည်။

လက်ျာဗိုလ်က မှန်ပြောင်းမှတဆင့် အရှေ့ဘက်မြင်ကွင်းကို သေချာကြည့်လိုက်၏၊

“ဗိုလ်တွန်ပဲ....သူ့ဘေးက အင်္ဂလိပ်ကုမ္ပဏီစစ်သားတွေပါလား”

လက်ျာဗိုလ်၏ စိတ်ထဲတွင် ဒွိဟပေါင်းများစွာဖြင့်။

“အင်္ဂလိပ်တွေက ရွှေဘိုသားတွေနဲ့ ပေါင်းနေပြီလား..ဘုရား”

နဘေးမှ ကင်းဗိုလ်၏ အမေးကြောင့် ကျန်သည့်စစ်သားများထံမှ အာမေဋိတ်သံများပင်ထွက်လာကြသည်။

“ကြေးစားတွေကို တမင်ကုမ္ပဏီယူနီဖောင်းပေးဝတ်လာတယ်ထင်ပါရဲ့..ကဲ..တွေဝေမနေကြနဲ့ဟေ့...ဗိုလ်တွန် နဲ့ ဒီကြေးစားတွေ က အောင်ဇေယျတပ်ရဲ့ စစ်ဦးအနေနဲ့ ချီလာတာပဲဖြစ်မယ်..စစ်ဦးကြိုးအောင် ထွက်တိုက်ကြမယ်”

လက်ျာဗိုလ် ၏ တွက်ကိန်းကား မှားသွားခဲ့၏။

ခံတပ်အတွင်း မနေပဲ ထွက်တိုက်သော ဟံသာဝတီတပ်များမှာ ဗိုလ်တွန်နှင့် အင်္ဂလိပ်တပ်စုနှစ်စု အပြင် အနောက်ဘက်တွင် အလောင်းဘုရားဦးအောင် ဇေယျကိုယ်တိုင် ကွပ်ကဲလာသော စစ်သည်များနှင့် ရင်ဆိုင်တွေ့ကြရသည်။

တပြိုင်နက်တည်းတွင်ပင် တောင်ဘက်မှ မောင်ရွှေ၏ စစ်ကြောင်းနှင့် မြောက်ဘက်မှ မောင်လောက်၏ စစ်ကြောင်းက ညှပ်၏ တိုက်ကြ၏။

ဟံသာဝတီတပ်များ အရှေ့ပိုင်းတွင် အသည်းအမဲခုခံတိုက်ခိုက်နေစဉ် ဗိုလ်တွန်နှင့် ကုမ္မဏီတပ်စု နှစ်စုမှ တာမွေဝါးတပ်၏ အနောက်ဘက်ပိုင်းကို ကွေ့ဝိုက်ကာ ပေါ်တူဂီကြေးစားအမြောက်တပ်နှင့်စပိန်ကြေးစားဗိုလ်တပ်တို့ကို တိုက်ခိုက်ကြပြန်သည်။

နောက်ဆုံးတွင် လက်ျာဗိုလ်အပါအဝင် တပ်မှူးများမှာ အရှေ့မြောက်ထောင့်အရပ်ရှိ ချုံပုတ်များထူထပ်ရာ အရပ်ကို တိုးကာ ဆုတ်ခွာကြတော့၏။

ဟံသာဝတီဘက်မှ ၂၀၀၀ ခန့် ကျဆုံးပြီး သုံ့ပန်း (၁၀၀၀)ခန့် ဖမ်းဆီးခံခဲ့ရသည်။ ထိုသုံ့ပန်းများထဲတွင် ပေါ်တူဂီနှင့် စပိန်ကြေးစားတပ်သားများလည်းပါဝင်ကြသည်။

တာမွေခံတပ်ရှေ့တွင် ဟံသာဝတီတပ်များ ကျန်ရစ်သည့် အမြောက် (၅၀)နှင့် သေနတ်အလက်(၁၀၀၀)ကျော်ကို ခင်းကျင်းထားသည်။

ငတွန်နှင့် တပ်မှူးများမှ သေနတ်နှင့် အမြောက်များကို သေချာကြည့်ရှုစစ်ဆေးကြ၏။

အောင်ဇေယျက သူ့လက်ထဲမှ သေနတ်တစ်လက်ကို အသေချာကိုယ်တွယ်ကြည့်ရှုလိုက်သည်။

“ဘယ့်နယ့်လဲ..ဗိုလ်တွန်..လက်နက်အတော်များများက အင်္ဂလိပ်လက်နက်တွေပါလား”

“မှန်ပါ..အမြောက်ကြီး ဆယ်လက်ကလည်း အရှေ့အိန္ဒိယကုမ္ပဏီတံဆိပ်နဲ့ နောက်ဆုံးပေါ် အမြောက်များဖြစ်ပါတယ်”

အောင်ဇေယျက ပြုံးလိုက်သည်။

“သင်းတို့က ငါ့ကို ပြောတော့ လက်နက်တွေ ထောက်ပံ့ဖို့ မလွယ်ကူဖူးပြောပြီး..ဟံသာဝတီကို လက်နက်ထောက်ပံ့နေတယ်..ငါ့ကိုကျ...တပ်စုနှစ်စုလောက်

စစ်ကူပို့ပေးပြီး နှစ်သိမ့်တယ်..လှေနံနှစ်ဖက်နှင်းပြီး သာတဲ့ဘက်နေမယ့်သူတွေပဲ..အင်း..ဘယ်သူက သင်းတို့ကို ဒုက္ခပိုပေးနိုင်တယ်ဆိုတာ ပြကြရသေးတာပေါ့"

.....
.....

"ကလံပွားငယ်"

"ဘုရား"

ဒဂုံ ယာယီတဲနန်းအတွင်းရှိ အလောင်းဘုရားအောင်ဇေယျ၏ သလွန်ခြေရင်းတွင် လာဗီးက ဒူးတုပ်ရှိခိုးလျက်။

"မောင်မင်းရဲ့အထက်အရာရှိ ဘရူနို့ ကတော့ မောင်မင်းရဲ့အသက်နဲ့လဲပြီး..သူ့ကတိကို ဖျက်သွားပြီ..မဟုတ်လား"

လာဗီး မှာ မျက်စိမျက်နှာပျက်လျက် ခေါင်းကို ငုံ့ထား၏။ သူ၏ ရင်ဘတ်အစုံမှာ နိမ့်ချည်မြင့်ချည်ဖြင့် စိတ်လှုပ်ရှားလျက်။

ဘရူနို့ ကား တပတ်အတွင်း သဘော်ကိုခေါ်ကာ ပြန်လာမည်ဆိုသည့် ကတိကို ဖျက်သွားခဲ့ပြီဖြစ်သည်။

အသက်ဖြင့်အာမခံထားခဲ့သော လာဗီး အတွက် မျှော်လင့်ချက်မရှိတော့။

"မောင်မင်း...သေရမှာ ကြောက်သလား"

"ကြောက်ပါတယ်..ဘုရား"

"မောင်မင်း အသက်ကို ငါကိုယ်တော်ချမ်းသာပေးမယ်ဆို...ငါကိုယ်တော်ရဲ့အမှုကို သေတဲ့အထိ ထမ်းရွက်နိုင်မလားဟေ့"

"ထမ်းရွက်ပါ့မယ်..ဘုရား"

"မောင်မင်းတို့ ဘာသာအယူဝါဒ ကျမ်းစာနဲ့ ကျိမ်ဆိုပြီး သစ္စာရည်သောက်ဝံ့သလား"

"သောက်ဝံ့ပါတယ်...ဘုရား"

"အေး..ဒါဆိုရင်...အန်တိုနီယို"

“ခစားလျက်ပါ...ဘုရား”

နဘေးတွင်ရှိနေသော မင်းရဲကောင်းပုံဘွဲ့ခံ၊ အာမေးနီးယန်းလူမျိုး သွေးသောက်ကြီး အန်တိုနီယို က လက်အုပ်ချီလိုက်သည်။

“မောင်မင်းနဲ့ ဒီက ကလံပွားငယ်ကို ငါကိုယ်တော် အရေးကြီးတဲ့ အထူးတာဝန် တစ်ခုပေးတော်မူတယ်...အသက်ကိုစွန့်ပြီး ထမ်းမည်မဟုတ်လား”

“ထမ်းပါမည်..ဘုရား”

“ဟဲ့..ကလံပွားငယ်..နင်ကရော”

“မှန်..မှန်ပါ...အသက်စွန့်ထမ်းရွက်ပါ့မယ်..ဘုရား”

“အတွင်းဝန် ဂရေဂိုရီ...သူတို့ကို လုပ်ရမယ့်..အစီအစဉ်တွေ အသေးစိတ်ပြောပြ ချေတော့”

ဦးအောင်ဇေယျ က သူ၏ ခြေရင်းတွင် ခစားနေသော အတွင်းဝန်အာမေးနီးယန်း မစ္စတာ ဂရီဂိုရီ အား အမိန့်ပေးကာ ပြန်လာထွက်ခွာသွားတော့သည်။

.....

နေဂရေ့(ခေါ်) နဂါးရစ် (ခေါ်) ဟိုင်းကြီးကျွန်း။

မြန်မာနိုင်ငံ၏ ပင်လယ်ဝထွက်ပေါက်တွင် တည်ရှိပြီး ရာသီဥတုဘေးမှ ကင်းလွတ်ပြီး သဘော်များဆိုက်ကပ်ရန် ဆိပ်ကမ်းအနေအထား ကောင်းမွန် သည် ကျွန်းတစ်ခုဖြစ်သည်။

အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီသည် (၁၆)ရာစု ၌ သန်လျင် တွင် ကုမ္ပဏီလာ ရောက်ဖွင့်လှစ်ခဲ့သည်။ ၁၇၄၃ မဟာဓမ္မရာဇာဓိပတိမင်းလက်ထက်တွင် ဟံသာ ဝတီသားတို့၏ မီးရှို့ဖျက်စီးခြင်းခံရပြီးနောက် အင်္ဂလိပ်တို့သည် သန်လျင်မှ ဆုတ်ခွာခဲ့ကြသည်။

ထို့နောက် ဟံသာဝတီသည် အင်းဝကို အတိအလင်းပုန်ကန်ပြီး ခွဲထွက်သည့်အခါ အင်္ဂလိပ်တို့နှင့် ပဲခူးဘုရင်တို့ကြား အဆက်အသွယ်ပြန်လည်ရရှိခဲ့သည်။

ဟိုင်းကြီးကျွန်းတွင် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၏ အခြေစိုက်စခန်းအဖြစ် ခိုင် ခိုင်မာမာတည်ဆောက်နိုင်ခဲ့ကြ၏။

၁၇၅၅ မေလလယ်တွင် ဟိုင်းကြီးကျွန်းသို့ အာမေးနီးယန်းလူမျိုးကုန်သည်တစ်ဦး ခေါင်းဆောင်သည့် သဘော်နှစ်စင်း ဆိုက်ကပ်လာကြသည်။

ဟိုင်းကြီးကျွန်းဆိပ်ကမ်းအရာရှိ ဂျိမ်းရောဘတ်ဆင် က ဒဂုံမှလာသည့် ကုန်သည်များနှင့်အတူ အလောင်းဘုရားဦးအောင်ဇေယျ ၏ သဝဏ်လွှာ ထည့်ပေးလိုက်သည်ဆိုသဖြင့် ဆိပ်ကမ်းအထိ ဆင်း ကြိုဆိုကြ၏။

ထိုညနေတွင် သဘော်နှစ်စီးမှ ကုန်သည်အကြီးအကဲ အာမေးနီးယန်း ကုန်သည်ကြီး အန်တိုနီယို နှင့် အရှေ့အိန္ဒိယကုမ္ပဏီ၊ ဟိုင်းကြီးကျွန်းမှ ကုန်သွယ်ရေးအရာရှိ မစ္စတာဆောဘီ (Southby)တို့ ညစာစားကာ ပါရှိလာသည့် ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ကိစ္စကို ဆွေးနွေးကြ၏။

နောက်တစ်နေ့ နံနက်။

ကုန်သည်ကြီး အန်တိုနီယိုသည် ရာဇသံကိစ္စပြန်ကြားရေးကိုမေးမြန်းရန်နှင့် ကုန်ပစ္စည်းများ ပြသရန်အတွက် ကုမ္ပဏီအဆောက်အဦသို့ ရောက်ရှိလာသည်။

အန်တိုနီယိုနှင့်အတူ ချိုပ်၊ ဖယောင်း၊ ဆင်စွယ် တို့ထည့်ထားသည့် တောင်းကြီးများကို ဝါးထမ်းပိုးဖြင့် လျှိုကာ ထမ်းလာကြသည့် အလုပ်သမား(၂၀)ပါလာကြ၏။

ကုမ္ပဏီအရာရှိများက ပါရှိလာသည့် ပစ္စည်းများကို ကြည့်ရှုကြသည်။

ထို့နောက် အရှေ့အိန္ဒိယကုမ္ပဏီရုံးအပေါ်ထပ်တွင် ကုန်သွယ်ရေးအရာရှိများဖြစ်သော ဆော့ဘီ၊ ဆိပ်ကမ်းအရာရှိ ဂျိမ်းရောဘတ်ဆင်၊ မစ္စတာဟုတ်၊ အဝယ်တော် မစ္စတာဘရစ်တို့ နှင့် အန်တိုနီယို တို့ ကုန်ပစ္စည်းများ ဝယ်ယူရေးရေးကို စျေးညှိနှုန်းကြသည်။

စျေးညှိနှုန်းမှုများမှာ နေ့တပိုင်းခန့်အချိန်ကြာမြင့်ခဲ့ပြီဖြစ်၏။ နေ့လည်စာစားပြီးနောက် ထပ်မံ ညှိနှုန်းကြပြန်သည်။

နေသည် ပင်လယ်ဘက်ဆီသို့ တဖြည်းဖြည်း ဝင်စပြုပြီဖြစ်၏။

နောက်ဆုံးတွင် ကုန်သည်ကြီး အန်တိုနီယိုက အင်္ဂလိပ်ကုမ္ပဏီက စျေးဆစ်သမျှကို လိုက်လျောပေးလိုက်သည်။

“ကဲ...အားလုံးလည်း အဆင်ပြေပြီဆိုတော့ ဒီကနေ့ ကုန်သွယ်မှုအောင်မြင်ခြင်းအတွက် မစ္စတာအန်တိုနီယိုကို ညစာနဲ့ တည့်ခင်းပါရစေဗျာ”

မစ္စတာဆော့ဘီ က ဝမ်းသာအားရဖြဲ့ဲ့ ဆိုလိုက်သည်။

“ညစာပြင်ဆင်တာစောင့်ရင်း..ဝရံတာမှာ ဆေးတံလေးထွက်ဖွာခွင့်ပြုပါ”

အန်တိုနီယိုက ဆေးတံကို ကိုင်လျက် ဝရံတာသို့ ထွက်လာခဲ့၏။

ဝရံတာရောက်သည်နှင့် အောက်ဖက်တွင် စောင့်နေကြသော အထမ်းသမား လူ(၂၀)က သူ့ကိုမော့ကြည့်လိုက်ကြသည်။

အန်တိုနီယိုက ခေါင်းညိတ်ပြလိုက်၏။

အထမ်းသမားအယောင်ဆောင်ထားသော စစ်သည်နှစ်ဆယ်မှာ တောင်းများတွင် တပ်ထားသည့် ထမ်းပိုးတစ်ဖြစ်လဲ တင်ကျီးတုတ်များကို ထုတ်လိုက်ကြတော့သည်။

ထိုနောက် ကုမ္ပဏီတိုက်၏ အရှေ့ပေါက်နှင့် အနောက်ပေါက် ထဲသို့ ရုတ်တရုတ် ဖြန့်ခွဲဝင်ရောက်ကာ မြင်မြင်သမျှကို ရိုက်နှက်ကြ၏။

အန်တိုနီယိုကလည်း ဝရန်တာမှ ရုတ်တရက်ခုန်ဆင်းချသွားတော့သည်။

အပေါ်ထပ်သို့ တင်ကျီးတုတ်ကိုင်လူများ ရုတ်တရက်တက်လာသဖြင့် ဆော့ဘီတို့ လူတစ်စုမှာ အံ့ဩသြနေကြစဉ် ထိုလူစုက အတင်းဝင်ရောက်ရိုက်နှက်ကြတော့၏။

ဆိပ်ကမ်းတွင်ဆိုက်ကပ်ထားသောသင်္ဘောများနှင့် အရှေ့အိန္ဒိယကုမ္ပဏီဝန်ထမ်းတို့နေထိုင်သော အိမ်ရာတို့မှာ ကုမ္ပဏီရုံးခန်းအတွင်းအဖြစ်အပျက်များကို မသိကြသေး။

ထိုအချိန်တွင် ရှက်ဖူရီသင်္ဘောမှ ကပ္ပတိန်ငယ်တစ်ဦးသည် ကုမ္ပဏီအတွင်းသို့ ဝင်လာစဉ် တိုက်ပွဲကို မြင်လိုက်ရသည်။

ဆိပ်ကမ်းမှ သင်္ဘောများအား ပြန်ပြောရန် အမြန်ပြန်ထွက်လိုက်သည်။

ထိုအချိန်တွင် အဝတွင်ရှိနေသော အန်တိုနီယိုက တောင်းတစ်ခုထဲတွင် ဝှက်ယူလာသော လှံတိုတစ်ချောင်းဖြင့် ပစ်ထည့်လိုက်၏။

ကပ္ပတိန်မှာ နံကြားတွင် လှံတိုစိုက်လျက်ကပင် ဆိပ်ကမ်းဆီသို့ အရောက်ပြန်ပြေးသည်။

ဆိပ်ကမ်းရှိ ဒဂုံသင်္ဘောပေါ်တွင် ကျွန်ရစ်သော လာဗီးနှင့် လူရွှစ်ဆယ်မှာ လုံတို စိုက်လျက် ပြေးလာနေသော ကပ္ပတိန်ငယ်ကို မြင်လိုက်သည်နှင့် သင်္ဘောပေါ်မှ ခုန်ဆင်းလာကြတော့၏။

ထို့နောက် ကုမ္ပဏီအမှုထမ်းများ၏ အိမ်များဘက်သို့ ဝိုင်းရုံလိုက်ကာ မီးတုတ်များဖြင့် ပစ်ပေါက်ကြသည်။

မီးများလောင်ကျွမ်းသည်နှင့် ဆိပ်ကမ်းတွင် ရပ်ထားသော အင်္ဂလိပ်သင်္ဘောများ၊ ကုန်သည်သင်္ဘောများမှာ ဟိုင်းကြီးကျွန်းအား စစ်တပ်ကြီးတစ်ခုမှ ဝင်ရောက် တိုက်ခိုက်နေပြီဟု ထင်ကာ..ကျောက်ဆူးနုတ်ပြီး ထွက်ခွာကုန်ကြပြီဖြစ်သည်။

မကြာမီ အန်တိုနီယို၊ လာဗီးနှင့် တပ်သားများက အရှေ့အိန္ဒိယကုမ္ပဏီပိုင် ရွှေငွေ၊ ကျောက်သံပတ္တမြားများ၊လက်နက်များ၊ အမြောက်များ၊ သို့ပန်းများကို သင်္ဘောခုနှစ်စီးဖြင့် တင်ကာ ဒဂုံသို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

.....
..

ထူးထူးခြားခြား သန်လျင်ဆိပ်ကမ်းတွင် သင်္ဘောများ ပြည့်ကြပ်နေ၏။

ဟိုင်းကြီးကျွန်းမှထွက်ခွာလာကြသော သင်္ဘောများအနက် ရိက္ခာလုံလောက်သော သင်္ဘောများမှာ အိန္ဒိယဆိပ်ကမ်းများသို့ခုတ်မောင်းကြသော်လည်း ရိက္ခာမလုံလောက်သော သင်္ဘောများမှာ သန်လျင်သို့ အပြေးအလွှားဆိုက်ကပ်ကြသည်။

ဟံသာဝတီတပ်များ၏ အဖမ်းခံထားရသော အရှေ့အိန္ဒိယကုမ္ပဏီ အင်ဆိုင်းလက်စတာနှင့် ဒေါက်တာဝီလျံဆင်တို့အရေးအတွက် သန်လျင်သို့ရောက်ရှိနေသည့်အတွက် ဟိုင်းကြီးကျွန်းတာဝန်ခံ ဟင်နရီဘရွတ် မှာ အသက်ဘေးမှ ကင်းလွတ်ခဲ့ရသည်။

အင်္ဂလိပ်သင်္ဘောကပ္ပတိန်များမှာ သန်လျင်ရှိ အရှေ့အိန္ဒိယကုမ္ပဏီရုံးတွင် ဝင်ထွက်ကာ အလုပ်ရှုပ်နေကြ၏။

သန်လျင်ဆိပ်ကမ်းကို လှမ်းမြင်နေရသည့် ဘုရားကျောင်းကုန်းမြင့်ပေါ်တွင် လွီဇာ က ဆိပ်ကမ်းအခြေအနေများကို သေချာအကဲခတ်နေသည်။

လွန်ခဲ့သည့်နာရီပိုင်းက ဟိုင်းကြီးကျွန်းမှလွတ်မြောက်လာသော အင်္ဂလိပ်သင်္ဘောများနှင့်အတူ ပါလာသည့် ဒတ်ချ်လူမျိုး၊ ကက်သလစ်ခရစ်ယာန်တစ်ဦးက ဖာသာနာရေနီထံတွင် အာပတ်ဖြေဆုတောင်းရန် ရောက်ရှိလာခဲ့သည်။

ထိုသူထံမှ ဟိုင်းကြီးကျွန်းတိုက်ခိုက်ခံရသည့်သတင်းကို လွိဇာတို့ ရရှိခဲ့ခြင်း ဖြစ်၏။

“ဖာသာ....ကျောင်းမှာလှောင်ထားတဲ ရိက္ခာက ဘယ်နှစ်လစာလောက်ရှိမလဲ”

လွိဇာက နဘေးမှ ဖာသာနာရေနီကို မေးလိုက်သည်။

“တလစာလောက်ပဲ...ကြိုဝယ်ထားလေ့ရှိတယ်..လွိဇာ”

“ဒါဆို ကျွန်မတို့ ရိက္ခာတွေရသလောက် ကြိုစုမှဖြစ်တော့မယ်..ဖာသာ”

“ဘာဖြစ်လို့လဲ..လွိဇာ”

“မုဆိုးဖိုတပ်တွေက ဟိုင်းကြီးကျွန်းကို ဝင်တိုက်ပြီမဟုတ်လား..ဒီတော့..သန်လျင်မှာ ရှိတဲ့ အင်္ဂလိပ်တွေဟာ..ဟံသာဝတီဘက်ကနေ သိသိသာသာ ဆုတ်ခွာသွားတော့မယ်...မကြာခင်မှာ..သန်လျင်ကို သူတို့ အရသိမ်းလိမ့်မယ်...ဟံသာဝတီကလည်း သန်လျင်ကို လွယ်လွယ်နဲ့ လက်လွတ်ခံမယ်မထင်ဘူး..စစ်ပွဲက ကြာလိမ့်မယ်”

ဖာသာနာရေနီက သက်ပြင်းချလိုက်သည်။

“ရိက္ခာဝယ်စုရအောင်လည်း..ကျုပ်က သာသနာ့ဝန်ထမ်းပါ..လွိဇာ..အသင်းတော်က ထောက်ပံ့တဲ့ ငွေပဲရှိတယ်..ဘယ်မှာ ငွေပိုငွေလျှံရှိပါ့မလဲ”

“ကျွန်မကို...ဟံသာဝတီမင်းသမီး ပေးထားတဲ့ နော်ဇာကုံးနဲ့ လက်ဝတ်လက်စား အချို့ ရှိပါတယ်..အဲ့ဒါတွေကို ထုခွဲပြီး ရိက္ခာဝယ်စုကြတာပေါ့..ဖာသာ”

“ဟံသာဝတီက လုံးဝ စစ်ရှုံးတော့မယ်လို ဆိုလိုလိုက်တာလား..လွိဇာ”

“အင်္ဂလိပ်တွေက သူတို့အကျိုးစီးပွားကို မကာကွယ်ပေးနိုင်တဲ့ ဟံသာဝတီဘက်မှာ နေတော့မယ်မထင်ဘူး..ဖာသာ.. ဟံသာဝတီတပ်တွေ အဓိက အားကိုးနေရတာ..အင်္ဂလိပ်လက်နက်တွေပဲ မဟုတ်လား”

“ပြင်သစ်ကရော...ဟံသာဝတီက သူတို့ဆီကနေ စစ်ကူတောင်းလို့ရမှာပါ”

“ကြားရတဲ့သတင်းတွေအရတော့...ပြင်သစ်တွေက အင်အားနည်းနေပြီ..ဖာသာ”

ထိုအချိန်တွင် ဘရာသာအင်ဂျလို က သူတို့အနီးသို့ ရောက်လာသည်။

“ဖာသာနဲ့ လွိဇာ တို့ကို...ဟံသာဝတီမင်းသားနဲ့ မွန်စီယာဘရူနိုု တို့က တွေ့ချင်လို့ တဲ့...ဘုရားကျောင်းထဲမှာ စောင့်နေပါတယ်”

လွိဇာနှင့် ဖာသာနာရေနီတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

.....

“ဟံသာဝတီဘုရင် နဲ့ဥပရာဇာတို့ဟာ ကက်သလစ်ခရစ်ယာန်သာသနာကို ဘယ်လိုစောင့်ရှောက်ပေးခဲ့တယ်ဆိုတာ...ဖာသာ အသိပါပဲ..ဒီတော့...အခုလို ဟံသာဝတီအကြပ်အတည်းတွေ့နေချိန်မှာ ပွန်ဒီချယ်ရီမှာ ရှိတဲ့ ပြင်သစ်ကုမ္ပဏီအနေနဲ့ စစ်ကူ ပို့ပေးဖို့ ဟော့ဒီက မွန်စီယာဘရူနိုကို ဟံသာဝတီဘုရင်ကိုယ်စားကျုပ်တောင်းဆိုခဲ့ပါတယ်...သူကတော့...ဖာသာနဲ့ လွိဇာဟာ ပွန်ဒီချယ်ရီမှာ ကတည်းက ပြင်သစ်ကုမ္ပဏီအရာရှိတွေနဲ့ သိကျွမ်းခင်မင်ခဲ့ကြတဲ့သူများဖြစ်တဲ့အတွက်..ဖာသာတို့ရဲ့ထောက်ခံချက်နဲ့အတူ စစ်ကူတောင်းမယ့်..စာကို ပို့ပေးလိုပါတယ်လို့..တောင်းဆိုလာလို့ပါ..ဖာသာ”

ဗညားဒလအောင်စ ၏ စကားကြောင့် လွိဇာက မျက်မှောင်ကြုံ့ကာ စဉ်းစားလိုက်သည်။

“ဘာကိုဆိုလိုတာပါလဲ...မင်းသား...ဟံသာဝတီက ပြင်သစ်ကို စစ်ကူတောင်းတာ..ကျွန်တော်မျိုးမတို့၊ ဖာသာနာရေနီတို့နဲ့ ဘာများ သက်ဆိုင်ပါသလဲ..ကျွန်တော်မျိုးမဟာ ဟံသာဝတီဘုရင်ရဲ့အမှုထမ်းလည်း မဟုတ်တော့ပါဘူး..ရာဇဝတ်ပြစ်ဒဏ်ချထားသူတောင်ဖြစ်နေပါပြီ”

ဗညားဒလအောင်စ ပြုံးလိုက်သည်။

ထို့နောက် ခါးကြားမှ ချိတ်ပိတ်ထားသော စာတစ်စောင်နှင့် သော့တွဲတစ်တွဲကို ထုတ်လိုက်၏။

“ဒါက ကုန်သည်တော်ကြီးလွိဇာကို ဘုရင့်ကုန်သည်တော်ကြီးအဖြစ် ဟံသာဝတီနန်းတော်က ပြန်လည်အရာအပ်နှင်းတဲ့စာပါ၊ ဒါက လွိဇာ ရဲ့ကုန်လှောင်ရုံတွေနဲ့ ဟံသာဝတီက အိမ်သော့တွေပါ..လွိဇာ”

“အော်..ဖြစ်ရပြန်ပြီလား”

လွိဇာက လှောင်ပြုံးပြုံးလိုက်၏။

“ဒီလိုပါ...အခု စစ်ပွဲကာလဖြစ်တဲ့အတွက်...ဒီက ပြင်သစ်ကိုယ်စားလှယ်ကြီး မွန်စီယာဘရူနိုနဲ့ ဟံသာဝတီအနေနဲ့ သီးခြားစာချုပ်ချုပ်မနေပဲ နှုတ်ကတိတစ်ခု ခံထားကြမှာဖြစ်ပါတယ်..နှုတ်ကတိအရ..ဒီစစ်ပွဲမှာ ပြင်သစ်က စစ်ကူပေးပြီး ဟံသာဝတီအနိုင်ရတဲ့အခါ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီကိုဟိုင်းကြီးကျွန်းနဲ့ သန်လျင်ကနေ အပြီးဖယ်ထုတ်ပြီး..ပြင်သစ်ခံတပ်တွေ ဆောက်လုပ်ခွင့်ပြုမယ်ဆိုတာပါ...ဒီကတိကို ဟော့ဒီက လွိဇာနဲ့ ဖာသာနာရေနီရှေ့မှာ ဟံသာဝတီကိုယ်စားကျုပ်က ပေးတယ်ဆိုတာကို အာမခံကြောင်း...ပွန်ဒီချယ်ရီကဘုရင်ခံချုပ်ထံ ထောက်ခံစာရေးပေးယုံပါပဲ”

“တကယ်ပဲ..အဲ့ဒီလို လိုအပ်လို့လား..မွန်စီယာဘရူနို”

လွိဇာက ဘရူနို အား ပြင်သစ်ဘာသာဖြင့် လှမ်းမေးလိုက်သည်။

“အခု ပွန်ဒီချယ်ရီက ရေတပ်မှာ မွန်စီယာမီလပ်က အရေးပါတဲ့ အရာရှိတစ်ယောက်ဖြစ်နေတယ်..လွိဇာ..ပွန်ဒီချယ်ရီရဲ့ ဘုရင်ခံသစ် ချာလီ ဂိုဒါဟျူး က သူ့ကို သားအဖြစ်တောင် မွေးစားထားတယ်လို့ နာမည်ထွက်နေတယ်..ဒါကြောင့်..မင်းရဲ့နာမည်နဲ့ ဖာသာနာရေနီရဲ့နာမည်ပါတဲ့ စာတစ်စောင်ဟာ သန်လျင်ကို စစ်ကူလွှတ်ဖို့ အများကြီးအရေးပါနေတယ်..လွိဇာ”

လွိဇာက ဗညားဒလကို ပြုံးပြလိုက်၏။

“ဒါက ကျွန်တော်မျိုးမ အပေါ်ကောင်းခဲ့တဲ့ ဦးအောင်လှ နဲ့ သူ့သမီး ဂမုန်းတို့အတွက်...နောက်ဆုံး ကူညီခြင်းပါပဲ..မင်းသား”

.....

ဟံသာဝတီ၏နောက်ဆုံးခံတပ်ဖြစ်သော ဘောင်းနင်းမလစ်ခံတပ်ကြီးသို့ တာမွေတပ်မှ ဆုတ်ခွာလာသော လက်ျာဗိုလ်နှင့် စစ်သည်များ တဖွဖွဝင်လာနေကြသည်။

တလပန်းနှင့် ဦးလေးဖြစ်သူ ဒေါ်ထောအိုင် တို့က စစ်သည်များထမ်းလာသည့် ပုခက်ကို ခေတ္တရပ်ခိုင်းလိုက်၏။

“ဗိုလ်မင်း..နေသာရဲ့လား”

တလပန်းက ပုခက်ဘေးတွင် ဒူးထောက်ထိုင်လိုက်၏။

လက်ျာဗိုလ်၏ မျက်နှာနှင့် ညာဘက်လက်မောင်းတွင် သွေးစေးတို့ ရွဲနစ်နေဆဲ။

“အား..ကျွတ်..ကျည်က ပုခုံးကို ဖောက်ဝင်သွားတာ..ခဲစေ့ကို ခွဲထုတ်လိုက်ရင်..ကောင်းသွားမှာပါ..တလပန်း”

“ဗိုလ်မင်းကို ဟံသာဝတီကို တန်းခေါ်လာဖို့..ဥပရာဇာက မှာလိုက်တယ်..ဆင်လည်း အဆင်သင့်ပြင်ထားပြီးပါပြီ”

လက်ျာဗိုလ်က တလပန်း၏ လက်ကို ဆုပ်ကိုင်လိုက်သည်။

“တလပန်း...ဗိုလ်တွန်ကို နှိုင်ရင်...သူတို့လက်တစ်ဖက်ပြုတ်ပြီ”

“စိတ်ချပါ...သူ့ကို ရအောင်သတ်ပါ့မယ်..ဗိုလ်မင်း”

ဘောင်းနင်းမလစ်ခံတပ်ကား ဟံသာဝတီ၏ ခံစစ်ဗဟိုချက်မ အဖြစ် အင်အား (၃၀၀၀၀)ဖြင့် ခံစစ်ထားရှိသည်။

တလပန်းနှင့် ဦးလေးဖြစ်သူ ဒေါ်ထောအိုင်၊ ညီမျှားဖြစ်သော ပုတ္တကျော်၊ ပုတ္တ၊ ဒေါ်တော်ထိပ်တို့ က တပ်မှူးများအဖြစ်နှင့် ခေါင်းဆောင်ထား၏။

ဘောင်းနင်းမလစ်တွင် တပ်အင်အားကြီးစွာဖြင့် တည်နေကြောင်း အလောင်းဘုရားအောင်ဇေယျ သိလျှင် ကိုးသိန်းသခင်၏အမှုထမ်းဟောင်းရာဇာဓိရာဇ်ကို အင်အားငါးထောင်ဖြင့် သွားတိုက်စေခဲ့သည်။

ဘောင်းနင်းမလစ်၏ တပ်ဦးဖြစ်သော ပုတ္တကျော်၏ တပ်မှ အမြှောက်ကြီးများဖြင့် ဆီးကြိုပစ်ခတ်ရာ..ရာဇဓိရာဇ်မှာ ရဲမက်များကို မစုစည်းနိုင်ပဲ မြင်းဖြင့် ကိုယ်လွတ်ရုန်းပြေးခဲ့သည်။

တပ်ကို မစုစည်းနိုင်ပဲ ကိုယ်လွတ်ရုန်းခဲ့သဖြင့် ရာဇဓိရာဇ်နှင့် တာဝန်ရှိသူ တပ်မှူးများကို ဒဂုံတွင်ပင် ကွပ်မျက်ပစ်ခဲ့၏။

၁၇၅၅ မေလ ၂၇ ရက်။

ဘောင်းနင်းမလစ်ပင်မ ခံတပ်ကြီးဆီသို့ ရှေ့ခံစစ်စခန်းဖြစ်သော ပုတ္တကျော်၏တပ်မှ အလဲလဲအပြိုပြိုဖြင့် ဆုတ်ခွာလာကြ၏။

“ဟေ့...ဘယ်လိုဖြစ်လာကြတာလဲ”

ဒေါ်တောအိုင် က မြင်းကို ကဆုန်ဆိုင်းလာသော ပုတ္တကျော်ကို ဆီးမေးလိုက်သည်။

“ဟိုကောင်ကြီး..သရဲစီးလာသလိုပဲ...သရဲစီးလာသလိုပဲ”

“ဘယ်ကောင်ကြီးလဲဟ”

“ငတွန်ကြီး..ဦးလေးရေ...ငတွန်ကြီး”

“ဟာ...ဒီငကြောက်တွေနဲ့တော့”

ဒေါတောအိုင်က မြင်းပေါ်သို့ ခုန်တက်လိုက်၏။

“ဟေ့..တလပန်း..နင်တပ်စီးကနေကြည့်နေ....ငတွန်ခေါင်းကို ငါကိုယ်တိုင်ဖြတ်ပြီး ပြန်လာမယ်..တပ်တွေ ငါ့နောက်လိုက်ခဲ့”

ဒေါတောအိုင် က ကြိမ်းဝါးလျက် မြင်းဖြင့် တပ်ပြင်သို့ ထွက်လိုက်သည်။ နောက်မှ ဟံသာဝတီတပ်သားများလည်း ညာသံပေးလျက် လိုက်လာကြ၏။

“ဖောင်း”

ရှေ့ဆုံးမှ ထွက်ခွာသွားသော ဒေါတောအိုင်၏ မြင်းမှာ ကွင်းပြင်အရောက်တွင် ပစ်လဲကျသွား၏။

ဒေါတောအိုင်မှာ မြင်းပေါ်မှ တလိမ့်ခေါက်ကွေးပြုတ်ကျသွားသည်။

“ဦးလေး”

နောက်မှလိုက်ပါလာသော ဟံသာဝတီတပ်များမှာ ဒေါတောအိုင်ကျဆုံးပြီအထင်နှင့် ရပ်တန့်သွားကြ၏။

မလှမ်းမကမ်းတွင် ပေါ်လာသော ငတွန်၏ တပ်ကြီးကို မြင်သည့်အခါ နောက်သို့ ဆုတ်ရန်ပြင် ပြင်နေကြသည်။

ထိုအချိန်တွင် ခြေထောက်ခေါက်သွားသော ဒေါတောအိုင်မှာ တရွတ်တိုက်၍ ထရန်ပြင်လိုက်၏။ ငတွန်ဦးဆောင်သည့် ရွှေဘိုတပ်များမှာလည်း သေနတ်များချိန်လျက်တဖြည်းဖြည်း ရှေ့တိုးလာနေသည်။

ထိုအချိန်တွင် ဟံသာဝတီတပ်များထဲမှ မြင်းတစ်စီး ထွက်လာ၏။

တလပန်း။

ဦးရီးတော်အား ဆွဲယူရန် မြင်းဖြင့် အပြေးနှင်လာသည်။

ဒေါ်တောအိုင်အား မြင်းပေါ်သို့ ဆွဲတင်နေချိန်တွင် ခပ်လှမ်းလှမ်းအကွာမှ ငတွန်က လှုံ့ရှည်တစ်ချောင်းဖြင့် ပေါ်လာ၏။

“ဟိတ်”

ငတွန်က လှုံ့ရှည်ဖြင့် လှမ်းပစ်ရာ တလပန်းနှင့် ဒေါ်တောအိုင်၏ ကြားတွင်ရှိနေသော မြင်းက ကို လှုံ့တန်းလန်းစိုက်ဝင်သွား၏။

အခန်း (၃၃)

တလပန်းက ကျောတွင်လွယ်ထားသော ဓားရှည်ကို ထုတ်ကာ နောက်သို့ လှည့်ကြည့်လိုက်၏။

ငတွန်က နောက်ထပ် လှံရှည်တစ်ချောင်းကို ကောက်ကိုင်လိုက်သည်။

“ငါ..ထိထားတယ်..ငါ့ကို ထိထားပြီ..တလပန်း”

မြင်းပေါ်တွင် ဝမ်းလျားမှောက်ပါလာသော ဒေါတောအိုင် က အော်လိုက်၏။

ဒေါတောအိုင် ၏ မျက်နှာမှာ ဖြူလျော်နေ၏။

ပုခုံးမှ သွေးများသည် မြင်း၏ကျောကုန်းပေါ်တွင် ရွဲနစ်လျက်။

တလပန်းလည်း..ဒေါတောအိုင်၏အခြေအနေကြောင့်..မြင်းကို..ဒုန်းစိုင်းလျက် ခံတပ်ထဲသို့ အမြန်ပြေးဝင်သွားတော့သည်။

တလပန်းပြန်ဆုတ်ပြီဖြစ်သဖြင့် ဟံသာဝတီတပ်သားများလည်း ခံတပ်တွင်းသို့ ပြေးဝင်ကုန်ကြသည်။

တပ်တံခါးပိတ်ချလိုက်သည်နောက်..စစ်သည်များက တလပန်း၏ မြင်းပေါ်မှ ဒေါတောအိုင်ကို စစ်သည်များက ဝိုင်းပွေ့ယူလိုက်ကြ၏။

ဒေါတောအိုင်၏ ပုခုံးတွင် ကျည်ဆံမှန်ထားသဖြင့် သွေးများ ရွဲနစ်နေသည်။

“တပ်တံခါးတွေ အကုန်အစေ့ပိတ်ဟော့..အမြောက်တွေ ခံတပ်ပေါ်တင်ပြီး ဆက်တိုက်သာပစ်ထားကြ”

ဟံသာဝတီတပ်သားများက ခံတပ်ပေါ်သို့ အမြောက်ငယ်များကို တွန်းတင်ကြသည်။

ရွှေဘိုတပ်များမှာ ခံတပ်ခြေရင်းအထိ လိုက်မလာပဲ..ခပ်လှမ်းလှမ်းအရောက်တွင် ပြန်လည်ဆုတ်ခွာသွားကြတော့၏။

နံနက်အာရုဏ်တက်ချိန်။

ဒေါ်တောအိုင်၏ ဒဏ်ရာမှာ သွေးထွက်လွန်နေသဖြင့် ညဦးပိုင်းကပင် ခံတပ်တွင် တစ်ကောင်တည်းပါလာသော ဆင်လျင်နှင့်အတူ ဟံသာဝတီသို့ ပြန်လည်ခေါ် ဆောင်သွားခဲ့ပြီဖြစ်သည်။

ဒေါ်တောအိုင်အား ဟံသာဝတီသို့ ပြန်ပို့နိုင်ရန် တည်လုံးနီးပါး စီစဉ်ခဲ့ရသဖြင့် တ လပန်းမှာ မောပန်းလျက် အိပ်မောကျသွား၏။

ဆူဆူညံညံအသံများကြောင့် တလပန်းနိုးလာသည်။

“အနောက်ဘက်မျက်နှာကို ဝင်တိုက်နေကြပြီ..ဗိုလ်မင်း..တပ်တွေအားလုံး အနောက်ဘက်ကို စုပြီး ခုခံခိုင်းထားပါတယ်”

တလပန်းက ခံတပ်မျှော်စင်ပေါ်သို့ အပြေးတက်သွားပြီး အခြေအနေကို ကြည့် လိုက်သည်။

ခံတပ်ဆီသို့ ချီတက်လာနေသော ရွှေဘိုတပ်များ၏ အခြေအနေကို ကြည့်ကာ တ လပန်း မျက်လုံးပြူးသွား၏။

“ဟေ့ကောင်တွေ...အနောက်မှာပဲ စုမနေနဲ့....အရှေ့ဘက်တပ်တွေ့ ကိုယ့်နေရာ ကိုယ်ပြန်သွားကြ...ဒါဒီကောင်တွေ...စစ်ပရိယာယ်..စစ်ပရိယာယ်”

သို့သော် နောက်ကျသွားခဲ့ပြီဖြစ်သည်။

ငတွန်၏ တပ်တို့သည် အနောက်ဘက်သို့ စုစည်းတက်လာသည်အထင်ဖြင့် ဟံ သာဝတီတပ်များမှာ အနောက်ဘက်ခံတပ်တွင် အင်အားများသွားရောက်စုစည်းမိ ကြသဖြင့် အရှေ့ဘက်တွင် တပ်စီးအနည်းငယ်သာ ကျန်ရစ်သည်။

ထိုအချိန်တွင် အရှေ့ဘက်သို့ အမာခံစစ်သည်(၂၀၀)ခန့်က ထိုးဖောက်တိုက်ခိုက် သဖြင့် တပ်စည်းရိုးပေါက်သွားခဲ့သည်။

တပ်စည်းရိုးပေါက်သည်နှင့် အနောက်ဘက်တွင် ရှိနေသော ရွှေဘိုတပ်တို့မှာ တောင်ဘက်သို့ ကွေ့ပတ်ပြီး အနောက်တပ်သို့ ဝင်ရောက်ကြတော့၏။

ဘောင်းနင်းမလစ်တပ်ကြီးမှာ နာရီပိုင်းအတွင်း အလဲလဲအပြိုပြိုဖြင့် ဆုတ်ခွာခဲ့ရ တော့သည်။

ဘောင်းနင်းမလစ်တပ်ပျက်သည်နှင့် သန်လျင်ကင်းဝတွင် ပိတ်ဆို့နေသော ဒေါ် စွယ်ယစက်၏ ရေတပ်မှာလည်း ကြည်းတပ်အထောက်အပံ့မရှိတော့သဖြင့် သန် လျင်သို့ ဆုတ်ခွာသွားတော့သည်။

.....
.....

၁၇၅၅ မေလ ၃၁ ရက်။

မင်းရဲကျော်လှ ဦးစီးသည့် တိုက်လေ(၂၀)ကျော်မှာ ရုတ်တရက်လမ်းကြောင်းပြောင်းကာ သန်လျင်ကင်းဆီပ်သို့ ဦးတည်နေ၏။

မင်းရဲကျော်လှ၏ လှေနှင့် ကပ်လျက်ပါလာသည့် သွေးသောက်ကြီး က လှမ်းအော်မေးလိုက်သည်။

“ဗိုလ်မင်း..ကျုပ်တို့ကို မင်းတရားကြီးလွှတ်လိုက်တာက...စည်သာမင်းကြီးတို့၊ ဗိုလ်တွန်တို့ကို အကြုံထောက်ကူညီပေးဖို့မဟုတ်လား..အခုက ကမာတကော ဘက်မဟုတ်ပဲ..သန်လျင်ဘက်ကို ဘာလို့ ဦးတည်နေတာလဲ”

မင်းရဲကျော်လှက ပြုံးလိုက်သည်။

“မင်းတရားကြီးက..သန်လျင်ကင်းတပ်က စည်သာမင်းကြီးတို့အပြန်မှာ တိုက်မှာ စိုးလို့..ကျုပ်တို့ ကို ရံခိုင်းလိုက်တာမဟုတ်လား..သွေးသောက်ကြီး...ဒါကြောင့်..သူတို့ကို မနှောင့်ယှက်နိုင်အောင် သန်လျင်ကို ကျုပ်တို့ သွားတိုက်ကြမလို့”

“ဟာ...မဖြစ်နိုင်တာ..ဗိုလ်မင်းရဲ့”

“ဟေ့...ခင်ဗျား ယောကျ်ားမဟုတ်ဘူးလား...ကြောက်ရင် လှေပေါ်က ဆင်းနေခဲ့”

မင်းရဲကျော်လှ ကား..အလောင်းဘုရားဘုရင် ၏ မျက်နှာသာပေးမှု ကို ရရှိရေးအတွက် မိုက်ရူးရဲ ဆုံးဖြတ်ချက်တစ်ခုကို ချခဲ့သည်။

မေ ၃၀ ရက်နေ့တွင် အလောင်းဘုရား၏ အမိန့်ဖြင့် စည်သာမင်းကြီးဦးစည်းစိမ်၊ မုဆိုးခြံဗိုလ်ငတွန်၊ ခင်လတ်ဗိုလ်ငရွှေရည် တို့သည် လှေ(၅၀)ဖြင့် သန်လျင်နှင့် ဟံသာဝတီကြား ပဲခူးမြစ်စဉ်တစ်လျှောက် ကျေးရွာများကို မီးရှို့ရန် ထွက်ခွာလာခဲ့သည်။

ကမာတကောအရပ်သို့အရောက်တွင် ဒီရေကျသွားသဖြင့် အထက်သို့ မဆန်နိုင်ပဲ..ပြန်လည်ဆုတ်ခွာလာကြ၏။

တပ်မှူးသုံးယောက်ဆုတ်ခွာရာတွင် သန်လျင်မှ တပ်များမြေင်တွေ့လျှင် လိုက်လံတိုက်ခိုက်မည့် စိုးသဖြင့် စစ်ကူအဖြစ် ကာပေးရန် မင်းရဲကျော်လှ အား လေ့(၂၀)နှင့်အတူ စေလွှတ်လိုက်ခြင်းဖြစ်သည်။

သို့သော် မင်းရဲကျော်လှမှာ ရုတ်တရက်စိတ်ကူးပြောင်းပြီး သန်လျင်မြို့ကို အလစ်ဝင်တိုက်ရန် ကြံစည်ခဲ့ခြင်းဖြစ်၏။

“ဖောင်း..ဖောင်း...ဖောင်း”

မင်းရဲကျော်လှ၏ လေ့များ သန်လျင်ဆိပ်ကမ်းနှင့် မလှမ်းမကမ်းရှိ တောတန်းလေးသို့ ဆိုက်ကပ်သည်နှင့် ထိုတောတန်းတွင် တပ်ဖျောက်ကာ စခန်းချလျက်ရှိသော ဒေါစွယ်ယစက်၏ တပ်များက သေနတ်များဖြင့် ပစ်ခတ်ကြတော့၏။

သန်လျင်ဘက်ဆီမှ အမြောက်ငယ်များဖြင့်လည်း ပစ်ခတ်ကြသည်။

မင်းရဲကျော်လှမှာ ကုန်းမြေသို့ပင် မဆင်းရသေးခင်..လေ့ပေါ်တွင်ပင် သေနတ်ကျည်သင့်ကာ သေဆုံးသွားခဲ့၏။

ထိုအချိန်တွင် ကမာတကောဘက်မှ ပြန်လှည့်လာကြသော စည်သာမင်းကြီးတို့တပ်များမှာ သန်လျင်ဘက်မှ သေနတ်သံများကြောင့် အခြေအနေကို အကဲခတ်ရန် လှည့်လာကြသည်။

တိုက်ပွဲမှာ ပြင်းထန်နေပြီး ရွှေဘိုလေ့တပ်များ အလူးအလဲကျဆုံးနေသည်ကို မြင်ရသဖြင့် စည်သာမင်းကြီးက တပ်မှူးနှစ်ဦးနှင့် တိုင်ပင်ကြ၏။

ငတွန်နှင့် ငရွှေရည်တို့၏ သဘောတူညီချက်ကို ရယူပြီးနောက် တိုက်ပွဲဖြစ်ရာသို့ တိုက်လေ့များဖြင့် ရောက်ရှိလာပြီး ကမ်းပေါတက်ကာ တိုက်ခိုက်ကြတော့သည်။

ထိုအချိန်တွင် တိုက်ပွဲ၏ အင်အားချိန်ခွင်လျှာမှာ ပြောင်းပြန်ဖြစ်သွား၏။

ဒေါစွယ်ယစက်က ဟံသာဝတီတပ်များကို သုံးစုခွဲပြီး ဆုတ်ခွာရန် အမိန့်ပေးလိုက်သည်။

“ဗိုလ်တွန် က လက်ျာဘက်တပ်ကိုလိုက်တိုက်၊ ခင်လတ်ဗိုလ်က လက်ဝဲဘက်ကိုလိုက်၊ ကျုပ်က အလယ်က တပ်ကို လိုက်တိုက်မယ်”

တိုက်ပွဲအသာစီးရနေသဖြင့် စည်သာမင်းကြီးမှာ စိတ်ဓာတ်တက်ကြွနေသည်။

မထင်မှတ်ပဲ သန့်လျင်အနီး ကင်းတပ်ကိုပါ ဖရိုဖရဲဖြစ်အောင် တိုက်နိုင်ပြီဖြစ်သဖြင့် သန့်လျင်မြို့ရင်းအထိ တိုက်ရန် ဆုံးဖြတ်လိုက်၏။

သို့သော် ရွှေဘိုတပ်မှူးများမှာ ဟံသာဝတီ၏ စစ်ပရိယာယ်ကို အချိန်လွန်မှ သိလိုက်ကြရတော့သည်။

အစောပိုင်းကပင် သန့်လျင်ဘက်မှ စစ်ကူလာသော တပ်များက သုံးစုကွဲသွားသော ရွှေဗိုလ်တပ်မှူးများကို ဝိုင်းရံရန် စစ်ကြောင်းဖြန့်လိုက်ကြ၏။

အလယ်မှ စစ်ကြောင်းကျဲထွက်သွားသော စည်သာမင်းကြီးဦးစည်းစိမ်မှာ ဟံသာဝတီသားတို့၏ ဝိုင်းရံခြင်းကိုခံလိုက်ရသည်။

ဦးစည်းစိမ်၏ တပ်များမှာ ဟံသာဝတီတပ်များ၏ ဝိုင်းရံတိုက်ခိုက်ခြင်းကို ခံနေရပြီး တဖြည်းဖြည်း ထွက်ပေါက်ပိတ်သွားခဲ့၏။

ငတွန်နှင့် ငရွှေရည်၏ တပ်များမှာလည်း ဟံသာဝတီစစ်ကူတပ်များကို တိုက်ခိုက်နေရသဖြင့် ဦးစည်းစိမ်၏ တပ်များကို အကူအညီမပေးနိုင်ခဲ့။

ဦးစည်းစိမ်သည် ဓားရှည်တစ်ချောင်းနှင့် လွှားကို ကိုင်ကာ ဟံသာဝတီတပ်များကို ထိုးခုတ်နေသည်။

ထိုအချိန်တွင် မြင်းတစ်စီးက လူအုပ်ကြား အပြေးနှင်လာ၏။

“ဟိတ်”

ကြုံးဝါးသံကြီးနှင့်အတူ ဟံသာဝတီတပ်မှူး ဒေါစွယ်ယစက်က လှံဖြင့် လှမ်းပစ်လိုက်သည်။

ဦးစည်းစိမ်က လွှားဖြင့် ကာလိုက်သော်လည်း လှံမှာ အရှိန်ပြင်းလွန်းသဖြင့် လွှားတွင်စိုက်ဝင်သွား၏။

လှံ၏အလေးချိန်ကြောင့် လွှားမှာ အောက်သို့ စိုက်ကြသွားစဉ် အသက်(၆၀)အရွယ်ရောက်နေပြီဖြစ်သော ဦးစည်းစိမ်မှာ မထိန်းနိုင်ပဲ ဟန်ချက်ပျက်သွား၏။

ဟန်ချက်ပျက်သွားသော ဦးစည်းစိမ်၏ လည်ပင်းကို ဟံသာဝတီစစ်သည်တစ်ဦး၏ ဓါးချက်က ကျရောက်သွားတော့၏။

ထို့နောက် ဓားချက်ပေါင်းများစွာက စည်သာမင်းကြီးဦးစည်စိမ်၏ ခန္ဓာကိုယ်သို့ စုပြုံဝင်ရောက်လာတော့သည်။

“မင်းကြီး”

ငတွန်က ဓါးတစ်ချောင်းဖြင့် ဟံသာဝတီတပ်များကြား ထိုးခုတ် နေရာမှာ လှမ်း အော်လိုက်၏။

“ရွှမ်း”

ဟံသာဝတီတပ်သားတစ်ဦး၏ ဓါးချက်က ငတွန်၏ ဖားလျားချထားသော ဆံပင် အဖျားကို တိခနဲ ပြတ်သွားစေ၏။

စည်သာမင်းကြီးဦးစည်းစိမ်၏ ကျဆုံးမှုကို မြင်လိုက်ရသဖြင့် ငတွန်၏ စိတ်တို့ စုစည်းမရတော့။

ဟံသာဝတီတပ်များထံသို့ အားကုန်ဝင်ရောက်ထိုးခုတ်တော့၏။

“ကိုတွန်..စွတ်မဝင်နဲ့....စွတ်မဝင်နဲ့”

အနောက်ဘက်တွင် ကျန်ရစ်သော ...ခင်လတ်ဗိုလ်က လှမ်းအော်သည်။

ထိုအခါမှ သတိဝင်လာသော ငတွန်သည် လူအုပ်များကြားမှ ဓားတစင်းနှင့် ကိုယ် လွတ်ပြန်လည် ထွက်ပြေးလာတော့၏။

ကမ်းဘက်ရှိလှေပေါ်မှ သေနတ်ကိုင်(၅၀)ခန့်က ကာပစ်ပေးသဖြင့် ဟံသာဝတီ တပ်များမှာ ဆက်မလိုက်ရဲပဲ ပြန်လည်ဆုတ်ခွာကြသည်။

ငတွန်နှင့် ငရွှေရည်တို့၏ တပ်များ လှေများပေါ်သို့ ပြန်ရောက်ချိန်တွင် ဟံသာဝ တီတပ်များက ပြန်တက်လာကြပြန်၏။

တကွဲတပြားဖြစ်နေကြသော ရွှေဘိုတပ်တို့မှာ စုစည်းမိသွားပြီဖြစ်သဖြင့် ပြန်လည်ပစ်ခတ်ခုခံကြသည်။

မြစ်ကြောင်းဘက်တွင်လည်း သန်လျင်ဘက်မှ ဟံသာဝတီလှေများက လာ ရောက်ပိတ်ဆို့ထားကြသည်။

ငတွန်နှင့် ငရွှေရည်တပ်များမှာ နှစ်ဖက်ညှပ်တိုက်ခြင်းကို ခံနေရပြီဖြစ်သည်။

အမြော်က်ဆံများ၊ ကျည်ဆံများတဖွဲဖွဲကြဲးတွင် ရွှေဘိုတပ်များမှာ အလူးအလဲ ခုခံနေကြရ၏။

နေကား တဖြည်းဖြည်း ဝင်သွားခဲ့ပြီ။

ရွှေဘိုတပ်တို့တွင် ယမ်းကျည်အင်အားလည်း နည်းသည်ထက် နည်းလာပြီ ဖြစ်သည်။

နေဝင်သွားသည်နှင့် ဟံသာဝတီတပ်များမှာ ခေတ္တမျှ ငြိမ်သက်သွားကြ၏။

“အားမလျော့လိုက်နဲ့ဟေ့..ဒဂုံကနေ မှိုင်းသဲသဲကြီး စစ်ကူလိုက်လာတာ ရောက် တော့မယ်...ဟေ့”

ငတွန်က ဟံသာဝတီတပ်များ ကြားလောက်သည်အထိ အသံကို မြှင့်အော်လိုက် သည်။

ညမိုးချုပ်သည်နှင့်အမျှ မြစ်ကြောင်းတွင် ပိတ်ဆို့ထားသော ဟံသာဝတီလှေတပ် များမှာ တဖြည်းဖြည်း ဆုတ်ခွာသွားကြ၏။

ရွှေဘိုလှေများမှာလည်း အသံလုံလုံဖြင့် သန်လျင်ကင်းတပ်ရှိရာ ကမ်းစပ်မှ မ ကြာမီ ထွက်ခွာလာနိုင်တော့သည်။

စည်သာမင်းကြီးဦးစည်းစိမ်၏ အသက်မဲ့သော ခန္ဓာကိုယ်ကား ညအမှောင်ယံ တွင် တိတ်ဆိတ်လျက် ငြိမ်သက်ကျန်ရစ်။

မကြာမီ နေထွက်တော့မည်။

အောင်ဇေယျသည် ဒဂုံလှေဆိပ်ဆီသို့ အပြေးအလွှားဆင်းသွား၏။

ငရွှေရည်က အောင်ဇေယျကို လက်အုပ်ချီမိုးလိုက်သည်။

“ငရွှေရည်...ဗိုလ်တွန်နဲ့ စည်သာမင်းကြီးရော”

“ဗိုလ်တွန်က ဟိုဘက်လှေမှာ ဒဏ်ရာရသူတွေကို တွဲကူချပေးနေပါတယ်”

“ကိုကြီးစည်းစိမ်ရော...ကိုကြီးစည်းစိမ်”

ငရွှေရည်က ခေါင်းငုံ့သွားသည်။

ခဏအကြာ အောင်ဇေယျ၏ ရှေ့သို့ ငတွန် ရောက်လာ၏။

ခန္ဓာကိုယ်တစ်ခုလုံး သွေးစေးများ ၊ ဒဏ်ရာများဖြင့် ငတွန်ကို အောင်ဇေယျက စိုက်ကြည့်လိုက်သည်။

“စည်သာမင်းကြီးကို...ကျွန်တော်မျိုးတို့...မကယ်လိုက်နိုင်ပါဘူး...ကျွန်တော်မျိုးတို့ အပြစ်ပါ...ကိုယ်တော်”

ငတွန်က ဒူးထောက်လျက်..လက်သီးကို ဆုပ်ထား၏။ မျက်လုံးတွင်လည်း မျက်ရည်အချို့ဝေ့သီနေ၏။

အောင်ဇေယျက လက်သီးကို ဆုပ်လျက်..အံကို ကြိတ်ထားသည်။

“မင်းရဲကျော်လှ လို စစ်တိုက်ဖို့ထက်..စစ်ဗိုလ်ချုပ်အဖြစ် ထင်ပေါ်ကျော်ကြားလိုတဲ့ ကောင်ကို..လွတ်မိတာ..ငါ့အမှားပါ...ငါ့အကိုကြီး...အလောင်းရော...ငါနောက်ဆုံး ကြည့်ချင်တယ်”

ငတွန်နှင့် ငရွှေရည်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

“စည်သာမင်းကြီးလို့ ငါ့အပေါ်ကျေးဇူးရှိတဲ့သူရဲ့ အလောင်းကို စစ်မြေပြင်မှာတော့ မဖွယ်မရာ..ငါမထားခဲ့နိုင်ဘူး..ငါ့အကိုကြီး အလောင်းကို ရအောင်ပြန်ယူကြချေ..မြို့ငြိုင်းသဲသဲ နဲ့ လိုအပ်တဲ့ အင်အား နှင်တို့ ယူသွားကြ..ဗိုလ်တွန်က ဒဏ်ရာဒဏ်ချက်တွေများတယ်...နေရစ်ခဲ့”

.....
.....

မင်းကျော်စည်သူဘွဲ့ခံ ခင်လတ်ဗိုလ်ငရွှေရည်၊ မင်းထင်နော်ရထာဘွဲ့ခံ လက်ျာဘီလူးငညိုသူ ၊ မင်းကျော်တန်ဆောင်ငညိုမင်းတို့က မြို့ငြိုင်းသဲသဲလေ့ကြီးအပါအဝင် တိုက်လေ့(၅၀)ဖြင့် စည်သာမင်းကြီးအလောင်းကို ယူရန် ဘော့ချောင်းဝသို့ နေ့ချင်းပြန်လည်ချီတက်ကြရသည်။

စည်သာမင်းကြီးအလောင်းကို ကမ်းပေါ်တက်ရှာသော်လည်း မတွေ့ကြရသဖြင့် ပြန်လည်ဆုတ်ခွာလာကြ၏။

ဘော့ချောင်းဝသို့ ရောက်သောအခါ ဟံသာဝတီလေ့တပ် (၅၀၀) ကျော်နှင့် ပြင်သစ်သင်္ဘောနှစ်စင်း က ဝန်းရံပိတ်ဆို့ ထားခြင်းကို ခံကြရသည်။

နောက်မှ စစ်ကူရန် လိုက်လာကြသော နေမျိုးရွှေတောင်ငပွင့်၊ နန္ဒယော်ခါ ငပန်း၊ နေမျိုးနန္ဒမိတ်ငသော် တို့ တိုက်လေ့ (၁၀၀)မှာလည်း ဘော့ချောင်းဝတွင် ဟံသာဝ

တီလေ့ျမားပိတ်ဆို့နေသည်မြင်သဖြင့် ဒေါပုံမြစ်တွင်းပင် ရပ်တန့်နေကြသည်။

ငရွေရည် ၊ ငညိုသူ ၊ ငညိုမင်းတို့လည်း ပိတ်ဆို့ထားသည့်ကြားမှာ အတင်းထိုးဖောက်ထွက်ကြရသည်။

ဒေါပုံမြစ်ဝအရောက်တွင် ငပွင့်၊ ငပန်း၊ငသော်တို့၏ တပ်များနှင့် ပေါင်းမိသော်လည်း နောက်ထပ် စစ်ကူထပ်ဖြည့်လာသည့် ဟံသာဝတီတပ်များက အပြင်းအထန်တိုက်ခိုက်ခြင်းကို ခံရပြန်သည်။

မှိုင်းသဲသဲလှေကြီးကိုလည်း ဟံသာဝတီသားတို့က ရရှိလိုက်၏။

ရွှေဘိုတပ်များ၏ လှေ(၁၅၀)အနက်မှ တပ်မှူးများလိုက်ပါလာသည့် လှေ(၂၀)ကျော်သာ ဒဂုံသို့ ပြန်လည်လွတ်မြောက်လာနိုင်တော့သည်။

.....
.....

၁၇၅၅ ဇွန်လ။

မိုးများ သဲသဲမဲမဲရွာနေသည့်ကြားမှ မြင်းသုံးစီး က ဘာနာဗိုက်ဘုရားရှိခိုးကျောင်းထဲသို့ ဝင်လာကြသည်။

လေများ တရကြမ်းတိုက်ခတ်နေသဖြင့် ဘုရားကျောင်းတစ်ဖက်ရှိ ယာယီဆေးရုံအဖြစ်ဆောက်နေသော ဝါးတဲရှည်ကြီးမှာ အမိုးများ လန်ထွက်ကုန်၏။

ငလှေးနှင့် ဘရာသာအင်ဂျလို က ခေါင်မိုးပေါ်တွင် အမိုးများကို ကြိုးတုပ်နေကြ၏။

အောက်ဘက်တွင်လည်း မယ်ဖူးနှင့် မယ်စော တို့က နှီးကြိုးများကို ယူပေးနေကြသည်။

မိုးသဲသဲထဲ မယ်စောမှာ ပျော်ရွှင်နေ၏။

ရုတ်တရက် သူတို့အနီးတွင်လာရပ်သော မြင်းသုံးစီးကြောင့် မယ်စောမှာ အလန့်တကြားဖြစ်သွားလေသည်။

“လက်ျာဗိုလ်မင်းတို့ပါလား...ဟယ်..မြတ်ဝါလည်း ပါတာကိုး”

မယ်ဖူးက နှုတ်ဆက်လိုက်၏။

“ဖာသာနဲ့ မမလွိဇာတို့ အထဲမှာ ရှိပါတယ်..လာကြပါ”

မယ်ဖူးက လက်ျာဗိုလ်ကို ဘုရားကျောင်းအတွင်းသို့ ဦးဆောင်ကာ ခေါ်သွားသည်။

“ဦးလေး..လိုက်သွားလေ..အထဲကို”

မြင်းတစ်စီးက ကျန်ရစ်နေသဖြင့်...မယ်စောက မော့ကြည့်ပြီးပြောလိုက်၏။

မြင်းပေါ်မှ လူက ခမောက်ကို ချွတ်ကာ ပြုံးပြလိုက်သည်။

“ကျွန်တော့်ကို မှတ်မိလား...အစော”

မိုးရေစက်များကြားမှ အပြုံးနုနုကြောင့် မယ်စောမှာ ရုတ်တရတ်မှင်သက်မိနေသည်။

“မောင်မင်းလေ....ဟိုတခါက ဒီဘုရားကျောင်းကို လာဖူးခဲ့တယ်လေ”

“ဟို..ဟံသာဝတီက ကသည်းမင်းသားဆိုတာ...အင်း..မှတ်မိပြီ”

“အော်..ကျွန်တော့်နာမည်ကိုတော့ မမှတ်မိဘူးပေါ့...ကျွန်တော်ကတော့...ဒီက အစော နာမည်ကို မှတ်မိနေတာ”

အပျိုပေါက်စလေး မယ်စောမှာ ရှက်စိတ်ကြောင့် လက်ထဲမှ နှီးများကို လိမ်ချိုးနေ၏။

“ဟော့..ကောင်မလေး..နှီးတွေတော့ ပျက်ကုန်တော့မှာပဲ..ပေးဦးဟ..ဒီမှာ..လုပ်ရဦးမယ်”

ငလှေးက အပေါ်မှ လှမ်းအော်လိုက်သဖြင့် မယ်စောမှာ ပုခုံးလေးပင် တုန်တက်သွားသည်။

.....

“လုလင်ကြီး”

ဘုရားကျောင်းတံခါးဝမှ အရိပ်တစ်ခုကို မြင်သည်နှင့် ဖာသာနာရေနီက ရုတ်တရက် ရေရွတ်ကာ မတ်တပ်ရပ်လိုက်၏။

ဆေးဝါးများကို ခွဲခြဲမ်းသိမ်းဆည်းနေသော လွီဇာကလည်း အပြင်ဘက်ဆီသို့ ကြည့်လိုက်သည်။

ဖာသာနာရေနီက လက်ျာဗိုလ်ဆီသို့ အပြေးကလေးလှမ်းသွား၏။

သို့သော် အနောက်ဘက်မှ ပေါ်လာသော မြတ်ဝါ၏ မျက်နှာကြောင့် ဖာသာနာရေနီ၏ ခြေလှမ်းများမှာ ရပ်တန့်သွားတော့သည်။

“သြော်...မြတ်ဝါလည်း ပါလာတာကိုး”

မြတ်ဝါက ဖာသာနာရေနီကို ပြုံးပြလိုက်၏။

လက်ျာဗိုလ်နှင့် မြတ်ဝါ က လွီဇာ၏ နဘေးတွင် ထိုင်လိုက်ကြသည်။

ဖာသာနာရေနီက ဘုရားကျောင်းအနောက်ဘက်ထဲသို့ ပြေးဝင်သွား၏။ ထို့နောက် မွေးပွသဘက်ကြီး တစ်ထည်ကို ယူလာ၏။

“ဗိုလ်မင်း..တစ်ကိုယ်လုံးစိုရွှဲနေတာပဲ..ဖျားနေပါ့မယ်..သုတ်လိုက်ပါဦး”

လက်ျာဗိုလ်က ဖာသာနာရေနီဆီမှ သဘက်ကို ယူကာ မြတ်ဝါအား လှမ်းပေးလိုက်သည်။

“မြတ်ဝါ..ခေါင်းတွေစိုရွှဲနေတာပဲ..သုတ်လိုက်”

ဖာသာနာရေနီက ထိုမြင်ကွင်းကို ငေးကြည့်နေတော့သည်။

“ကဲ...ဘယ်လိုဖြစ်ပြီး...ဒီကာလကြီး သန်လျင်အထိ ရောက်လာကြတာလဲ..ဗိုလ်မင်း”

လွီဇာက အခြေအနေကို ကြည့်ကာ စကားစလိုက်တော့သည်။

“အခု တလပန်းကို ရဲမွန်မှာ ခံတပ်ကြီးတည်ပြီး ဒဂုံကို မိုးကုန်တာနဲ့ တိုက်ဖို့ ဥပရာဇာက အမိန့်ပေးလိုက်ပြီ....ကျုပ်ကတော့...မင်းသားဗညားဒလန့် ပူးပေါင်းဖို့ ဥပရာဇာက သန်လျင်ကို လွှတ်လိုက်တာပါ...လွီဇာ...မြတ်ဝါတစ်ယောက်တည်း ဟံသာဝတီမှာ ထားခဲ့တာ စိတ်မချတာနဲ့..တစ်ခါတည်း ခေါ်လာခဲ့တာပါ”

“ဒီလောက်အန္တရာယ်ကြားကနေ ရှင်တို့ နှစ်ယောက်တည်း လာခဲ့ရသလား”

“မင်းသားမောင်မင်း လည်း ပါလာပါတယ်..သူလည်း ဗိုလ်အဖြစ် သန်လျင်တပ်မှာ အမှုထမ်းရမှာပါ”

“မောင်မင်း...”

“ကျွန်တော်..ဒီမှာပါ..အရီးလေးလွဲဇာ”

မောင်မင်းက အနောက်ဘက်မှ ရောက်လာ၏။

“ဗိုလ်မင်းတို့က ဘယ်မှာနေမှာလဲ”

“ကျုပ်တို့ကတော့..မြင်းမူးမင်းသားရဲ့ တပ်စခန်းကုန်းမှာပဲ နေမှာပါ..မြတ်ဝါကိုတော့ ဒီမှာ အပ်ခဲ့ပါရစေ..ဖာသာ”

“မြတ်ဝါ က ကျုပ်ရဲ့နှမလေးပါပဲ..စောင့်ရှောက်ပေးမှာပါ..ဗိုလ်မင်း”

ဖာသာနာရေနီက မြတ်ဝါ၏ ပုခုံးကို ကိုင်လျက် ပြောလိုက်သည်။

လက်ျာဗိုလ်က လွဲဇာ၏ ရှေ့မှ ဆေးများကို တချက်ကြည့်လိုက်၏။

“ဒါက ဘာတွေလဲ..လွဲဇာ”

“မကြာခင်..စစ်က သန်လျင်ကို ရောက်လာတော့မယ်..မဟုတ်လား...ဗိုလ်မင်း...ဒါကြောင့် ဒီမြို့သားတွေ အတွက် ဆေးဝါးတွေ ရိက္ခာတွေ ကျွန်မတို့ စုနေတာ”

“လောလောဆယ်တော့..ဒေါ်ပုံတိုက်ပွဲမှာ...ရွှေဘိုလေ့တပ်တွေကို ကျုပ်တို့ အပြတ်အသတ်နှိုင်လိုက်တယ်..လွဲဇာ....သူတို့အားကိုးတဲ့ မြို့ငယ်သဲသဲလေ့ကြီးကိုတောင် ကျုပ်တို့ရလိုက်တယ်.သူတို့ ဒီမိုးမကုန်ခင်တောင် ဒဂုံမှာ ရှိနေသေးရင် ကံကောင်းပဲ..သန်လျင် ကို တိုက်ဖို့ကတော့ ပိုဝေးပါသေးတယ်”

“အောင်ဇေယျကို အဲ့ဒီလောက်အထင်မသေးသင့်ဘူး...ဗိုလ်မင်း”

“ဒလမှာလည်းကျွန်တော်တို့ တပ်တွေရောက်နေပါပြီ....အရီးလေးလွဲဇာ...ဒလရယ်၊ ရဲမွန်ရယ်၊ သန်လျင်ရယ်...သုံးဘက်သုံးတန်က ပိတ်ဆို့ထားပြီးပြီပဲ..သင်းတို့ မကြာခင် အညာကို ပြန်ဆုတ်ကြရတော့မှာပါ”

မောင်မင်း က မာန်အပြည့်ဖြင့် ပြောလိုက်၏။

“မင်းသား..က ငယ်ပါသေးတယ်..အောင်ဇေယျ ဟာ စစ်တိုက်တဲ့နေရာမှာ ရက်စက်သလောက်..အကွက်ကျကျ စီစဉ်တတ်တယ်...ကျွန်တော်မျိုးမက ငယ်စဉ်ကတည်းက သူတို့နဲ့ ရင်းနှီးခဲ့ရသူမို့ အကြောင်းသိတွေပါ”

“အရှိးလေး လွိဇာက အလောင်းဘုရား နဲ့ သိတယ်ပေါ့...ဒါဆို သူ့လက်ရုံး ငတွန်ဆိုတဲ့လူကြီးကရော...သူကလည်း လူမဟုတ်...ဘီလူးကြီးလိုပဲ...ရက်စက်ကြမ်းတမ်းတယ်ဆို”

မင်းသားမောင်မင်း ၏ အမေးကြောင့် လက်ျာဗိုလ်က လွိဇာကို အားတုံ့အားနာဖြင့် လှမ်းကြည့်လိုက်၏။

“ငတွန်ဟာ လူသားတစ်ယောက်ပါပဲ..မင်းသား...သိပ်ပြီး..လူသားပီသတဲ့ လူတစ်ယောက်ပါ...ပြီးတော့...သူက..သိပ် အနစ်နာခံတတ်တဲ့ ယောကျ်ားကောင်းတစ်ယောက်ပဲ...သူကို..ဘီလူးသူရဲလို့ပြောတဲ့သူတွေက..သူ့ရဲ့နူးညံ့သိမ်မွေ့မှုနဲ့ မကြုံဖူးတဲ့လူတွေပဲ”

ကောင်းကင်ဆီမှလျှပ်စီးကြောင်း လက်ခနဲဖြစ်သွားပြီး မိုးချိန်းသံ ကြားလိုက်ရသည်။

မောင်မင်းက စကားဆက်ပြောရန် လွိဇာကို ကြည့်လိုက်၏။

သို့သော် လွိဇာ မရှိတော့။

ဘုရားကျောင်းအနောက်ဘက် အမှောင်ရိပ်ထဲသို့ ဝင်ရောက်သွားခဲ့ပြီဖြစ်သည်။

အခန်း (၃၄)

“ကျုပ် သေရတော့မယ်...ဗိုလ်တွန်..ကျုပ်ခင်ဗျားကို နှုတ်ဆက်ခဲ့ပါတယ်..ဗိုလ်တွန်”

နှောင်ကြိုးတည်းခံထားရသော ရဲခေါင်စံကျော်က မြင်းပေါ်တွင် ရှိနေသော ဗိုလ်တွန်ကို အော်ဟစ်ပြောလိုက်သည်။

သူ၏ အသံတို့ တုန်ရီနေ၏။

လွန်ခဲ့သောနာရီပိုင်းကပင် ရွှေဘိုတပ်မှူးတစ်ဦးအဖြစ်ရှိနေသော ရဲခေါင်စံကျော်မှာ ယခုတော့ သေဒဏ်ကျ ရာဇဝတ်သားဖြစ်နေပြီဖြစ်သည်။

တလပန်းဦးဆောင်သော ဟံသာဝတီတပ်အင်အား(၃၀၀၀)ခန့်သည် ရဲမွန်အရပ်တွင် စတင်တပ်ချနေပြီဆိုသည့် သတင်းကို အလောင်းဘုရားကြားသည့်အခါ ရဲခေါင်စံကျော် နှင့် ဒီပယင်းဗိုလ်တို့ကို အင်အား(၁၀၀၀)ဖြင့် ကင်းစမ်းရန် စေလွှတ်လိုက်သည်။

အားမတန်လျှင်ဆုတ်၊ အားတန်လျှင်တိုက်ဟု မှာလိုက်၏။

ရဲခေါင်စံကျော်မှာ ရဲမွန်တပ်အနီးသို့ရောက်သောအခါ မြင်း(၁၀)စီးနှင့် ဟံသာဝတီတပ်အခြေအနေကို စောင့်ကြည့်လေ့လာရန် စေလွှတ်လိုက်သည်။

တလပန်းလည်း ရဲခေါင်စံကျော်၏ တပ်ချီလာသည့် သတင်းကို ကြိုတင်ရပြီးဖြစ်၏။

သို့သော် သန်လျှင်နှင့် ဒလဘက်မှ တပ်များအထိုင်ကျမှ ဒဂုံကို ဝန်းရံတိုက်ခိုက်မည့် ဗျူဟာဖြစ်သဖြင့် ရဲခေါင်စံကျော်နှင့် ထိပ်တိုက်မတွေ့ပဲ တပ်များကို အနောက်ဘက်သို့ ခေတ္တဆုတ်ခွာစေသည်။

ရဲခေါင်စံကျော်စေလွှတ်လိုက်သည့် ရှေ့ပြေးတပ်ဖွဲ့မှာ ဟံသာဝတီတပ်များ တပ်ဆုတ်သည့်အသံများကို ကြားလျှင် တလပန်းတပ်အင်အားများစွာ ရှေ့သို့ဆက်လက်ချီတက်လာသည်ဟု ထင်ပြီး ရှေ့ဆက်မတိုးပဲ လှည့်ပြန်ခဲ့ကြ၏။

တလပန်းတပ်များမှာ ဆင်မြင်းများနှင့် လူအင်အားများစွာ ရှေ့ချီတက်လာပြီဟု ရဲခေါင်စံကျော်အား လျှောက်ကြလျှင် ရဲခေါင်စံကျော်လည်း ဆက်မတိုက်တော့ပဲ

ဒဂုံသို့ ပြန်လည်ဆုတ်ခွာလာခဲ့သည်။

သို့သော် တလပန်း၏တပ်မှ ထွက်ပြေးလာကြသော ဗမာလူမျိုးအချို့သည် ဒဂုံသို့ ခိုဝင်လာခဲ့၏။ ထိုသူများကို စစ်မေးသည့်အခါ တလပန်းသည်လည်း ရဲခေါင်စံကျော်တပ်များ ချီလာသည်ကို ကြားသည်နှင့် အနောက်သို့ ပြန်လည်ဆုတ်ခွာခြင်း ဖြစ်ကြောင်း အလောင်းဘုရားအောင်ဇေယျ သိခဲ့ရသည်။

နောက်နှစ်ရက်ခန့်အကြာ ရဲခေါင်စံကျော်တပ်ဖွဲ့ ပြန်ရောက်လာပြီး တလပန်းတပ်များနှင့် မတွေ့ခဲ့ရကြောင်း လျှောက်တင်သည်။

ထိုအခါ ရဲခေါင်စံကျော်သည် စစ်မတိုက်ရသေးမီတွင်ပင် ကြောက်လန့်၍ ပြန်ဆုတ်လာသည်။ ရှေးယခင် အင်းဝတပ်တွင် အမှုထမ်းစဉ်ကလည်း ဟံသာဝတီ အင်အားကြီးလာသဖြင့် ဟံသာဝတီနှင့်ပူးပေါင်းသည်။

ရွှေဘိုတပ်များ အင်အားကြီးလာချိန်တွင် ရွှေဘိုတပ်နှင့်ပူးပေါင်းပြန်သည်။

နောင်တချိန် အင်အားကြီးသူအသစ်တွေ့လျှင် ပူးပေါင်းမည့် သစ္စာမဲ့သူဖြစ်သည်ဟု အလောင်းဘုရားက ယူဆကာ ရဲခေါင်စံကျော်နှင် ဒီပဲရင်းဗိုလ်တို့အား သေဒဏ်ပေးခဲ့ခြင်းဖြစ်၏။

ကွပ်မျက်ရန် အနောက်တံခါးသို့ ခေါ်သွားခြင်းခံရသော ရဲခေါင်စံကျော်မှာ လမ်းတွင် တွေ့ရသော ဗိုလ်တွန်ကို အသနားခံအော်ဟစ်နေသည်။

ဗိုလ်တွန်က မြင်းပေါ်မှ ဆင်းလိုက်၏။

ထို့နောက် ခါးတွင်ချိတ်ထားသော ရေတကောင်းကို ဖြုတ်ယူကာ ရဲခေါင်စံကျော်၏ ပါးစပ်တွင် တေ့ပေးလိုက်သည်။

ရဲခေါင်စံကျော်က ရေကို အငမ်းမရသောက်၏။

“ဗိုလ်တွန်...ကျုပ်..သေရတော့မယ်ဗျာ..သေရတော့မယ်...ကျုပ်ရဲ့တပ်မှူး ဗညားကျန်းတော လိုပဲ..ကိုယ့်တပ်က အချင်းချင်း ကိုယ့်ကို သတ်တာခံရတာတော့...ကျုပ်နာတယ်ဗျာ..ကျုပ်ကို ကယ်နိုင်ရင် ကယ်ပါဦးဗိုလ်တွန်”

“ဗိုလ်မင်း..ကျုပ်တို့က အခု ရန်သူနယ်မြေထဲမှာ နေရာယူပြီး စစ်တိုက်နေရတာ...တချက်လေး အတိမ်းအစောင်းဖြစ်ရင်..ကျုပ်တို့ဟိုးအညာကနေ ဒီအထိ ချီတက်သိမ်းပိုက်လာခဲ့သမျှ အလကားဖြစ်ကုန်မယ်.....အားလုံးဟာ အသက်တွေပေးတိုက်နေရတာမဟုတ်လား..ကျုပ်လည်း ဘာမှ မတတ်နိုင်ဘူး”

ရဲခေါင်စံကျော်က ဗိုလ်တွန်၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

“ဗိုလ်တွန်..ခင်ဗျားလည်း ကျုပ်နဲ့ တပ်မှူးဗညားကျွန်းတော်လို ရန်သူက သတ်လို့မသေပဲ..ကိုယ့်လူအချင်းချင်း က သတ်လို့သေတာမျိုး မဖြစ်ပါစေနဲ့လို့ ကျုပ် ဆုတောင်းပေးလိုက်မယ်...နောက်ဘဝမှာ ကျုပ် ဒီလို လွယ်လွယ် ဆုံးဖြတ်၊ လွယ်လွယ်သတ်နေတဲ့ အုပ်ချုပ်မှုမျိုး၊ စစ်ပွဲမျိုးရှိတဲ့ မြေမှာ လူမဖြစ်ပါစေနဲ့လို့ ဆုတောင်းမယ်”

ဗိုလ်တွန်က အနောက်မှ စစ်သည်များကို အချက်ပြလိုက်၏။

စစ်သည်များက ရဲခေါင်စံကျော်ကို သူသတ်ကုန်းရှိရာ အနောက်တံခါးသို့ ဆွဲခေါ်သွားကြတော့သည်။

.....
.....

၁၇၅၅ ဇွန်လ ၂၇ ရက်။

အလောင်းဘုရားအောင်ဇေယျသည် ရွှေဘိုသို့ ပြန်တော့မည်ဖြစ်သည်။

ရှမ်းပြည်တခွင်သို့ ချီတက်သိမ်းယူနေသော မင်းလှမင်းခေါင်ကျော်ဘွဲ့ခံ ငကောင်းသည် မကြာမီ သစ္စာခံရှမ်းစော်ဘွားတပ်များနှင့်အတူ ရွှေဘိုသို့ ပြန်လည်ရောက်ရှိတော့မည်ဖြစ်၏။

ထို့ကြောင့် အလောင်းဘုရားသည် ဟံသာဝတီအား အပြီးသတ်သိမ်းပိုက်နိုင်ရန် ရွှေဘိုသို့ လိုက်ပါလာမည့် ရှမ်းစော်ဘွားတပ်များနှင့် တွေ့ဆုံမည်ဖြစ်သည်။

ဒဂုံတွင် မင်းလှမင်းခေါင် ငတွန်၊ မင်းကျော်စည်သူ ငရွှေရည်၊ မင်းထင်နော်ရထာ ငညိုသူ တို့အား အင်အား(၃၀၀၀၀) နှင့်အတူ မြို့စောင့်တပ်အဖြစ် ခန့်အပ်ထားခဲ့၏။

၁၇၅၅ ဇူလိုင် ၃၁ တွင် အောင်ဇေယျသည် ရွှေဘိုသို့ ပြန်လည်ရောက်ရှိခဲ့သည်။

.....
.....

“လက်ျာဗိုလ်က သန်လျင်မြို့စောင့်အနေနဲ့ နေခဲ့ပါ....ဒဂုံကိုက ကျုပ်ကိုယ်တိုင်ချီမယ်”

ဗညားဒလအောင်စ ၏ အသံက တက်ကြွနေသည်။

“ဥပရာဇာရဲ့ အမိန့်အရ..ကျွန်တော်မျိုးကို သန်လျင်ကနေ ဒဂုံကို ဝန်းရံခြီတက်ဖို့ လွှတ်လိုက်တာပါ..မင်းသား..တော်ကြာ..ဥပရာဇာက သူ့အမိန့်မနာခံလို့ အမြတ်တော်ရှုနေပါ့မယ်”

“ကျုပ် နောင်တော်ကို ကျုပ်..ရှင်းပြလိုက်ပါ့မယ်..လက်ျာဗိုလ်..ဒဂုံမှာရှိနေတဲ့ အောင်ဇေယျရဲ့ လက်ရုံး ငတွန် နဲ့ ဗိုလ်မှူးတစ်စုကို ကျုပ်ကိုယ်တိုင်ဖမ်းပြီး ကွပ်မျက်မယ်..ပြီးရင်..သင်းတို့အားလုံး နောက်တကြိမ် ဟံသာဝတီအနီးကို မလာရဲအောင် တိုက်ထုတ်ပြမယ်..လက်ျာဗိုလ်ကသာ သန်လျင်မြို့ကို လုံလုံခြုံခြုံ ဖြစ်အောင် အုပ်ချုပ်ပြီးနေရစ်ခဲ့ပါ”

“မင်းသားသဘောပါပဲ..မင်းသား..ဒါပေမယ့်..ကျွန်တော်မျိုး တစ်ခုတော့ သတိပေးပါရစေ..တပ်ချီတဲ့အခါမှာတော့ အခုလိုမျိုး အရက်တွေကို အချိန်ပြည့် သောက်မနေစေချင်ဘူး..စစ်မြေပြင်မှာဖြစ်တဲ့အတွက် သတိတချက်လွတ်ရင် မင်းသားရဲ့အသက်အန္တရာယ်ကို ထိခိုက်သွားနိုင်လို့ပါ”

ဗညားဒလအောင်စ က ဘေးနားတွင် ချထားသော သောက်လက်စ ဘရန်ဒီ ပုလင်းကို လှမ်းကြည့်လိုက်၏။

“ဗိုလ်မင်းလက်ျာဗိုလ်...ခင်ဗျား..သိပ်ချစ်တဲ့သူကို သတ်ဖို့အရေး ခင်ဗျားကိုယ်တိုင်ဦးစီးဦးဆောင် ပြုခဲ့ရတဲ့ အဖြစ်မျိုး ကြုံဖူးလား”

လက်ျာဗိုလ်က ဗညားဒလအောင်စ ကို စိတ်မသက်သာစွာကြည့်လိုက်၏။

“ဗိုလ်မင်း...ကျုပ်က သူမရှိကတည်းက သေလူပါဗျာ.ကျုပ်ကိုယ်ကျုပ် သေဒဏ် ချပြီးသားပါ”

နဘေးတွင်ရှိနေသော ကိုယ်လုပ်တော်မောင်းမတစ်ဦးက ဘရန်ဒီပုလင်းကို ကိုင်ကာ ဗညားဒလအောင်စ ၏ ခွက်ထဲသို့ ထပ်ငှဲ့ပေးလိုက်သည်။

“ဒီတခေါက်တိုက်ပွဲက တလပန်းက ရေကြောင်းကနေ တိုက်ပြီး တိုက်ပွဲကြီးတွေ တခါမှ မတိုက်ဘူးတဲ့ မတ္တရာဗိုလ်ဘယ်ကျော် ကိုပါ ဗိုလ်မှူးခန့်ပြီး ကြည်းကြောင်းချီတိုက်မှာပါ..ကျွန်တော်မျိုးတို့ သန်လျင်ဘက်က တပ်တွေက အတွေ့အကြုံနည်းလွန်းတဲ့ ဘယ်ကျော်တပ်ကို ရှေ့ထားပြီးတိုက်ရမှာဆိုတော့.. ကျွန်တော်မျိုးက မင်းသားအတွက် စိုးရိမ်လို့ပါ”

“တပ်မှူးဒေါစွယ်ယစက်လည်း ကျုပ်နဲ့အတူပါမှာပါ..ဗိုလ်မင်းသိပ်လည်းစိတ်မပူပါနဲ့”

.....
.....

ဗိုလ်ဘယ်ကျော်။

ဂုဏ္ဍာအိမ်၏ လက်အောက်ခံအဖြစ်မှ ဟံသာဝတီနှင့်ပူးပေါင်းလာကြသော မတ္တရာမွန်အစု၏ ဒုတိယခေါင်းဆောင်။

ပထမခေါင်းဆောင်ဖြစ်သော အကြွပ်ကြီးထော်ကန် ကွယ်လွန်ပြီးသည့်နောက် ဗိုလ်ဘယ်ကျော် သည် ဟံသာဝတီရောက် မတ္တရာမွန်အစု၏ ခေါင်းဆောင်ဖြစ်လာခဲ့၏။

မွေးရာပါညာလက်တစ်ဖက်သိမ်နေသဖြင့်စစ်ပွဲများတွင် ဦးဆောင်တိုက်ခိုက်ရန် ဟံသာဝတီဘုရင်က ခွင့်မပြုပဲ..မြို့စောင့်တပ်မှူးအဖြစ်သာ ထားရှိခဲ့သည်။

နောက်ပိုင်းတွင်တိုက်သည့်တိုက်ပွဲတိုင်း ရှုံးနိမ့်နေသည့် တပ်မှူးများကို ဖယ်ထုတ်ကာ..ဘယ်ဘက်လက်တစ်ဖက်တည်းဖြင့် လုံ့ပစ်၊လုံ့ထိုးအရာ ကျွမ်းကျင်ခြင်းကြောင့် နာမည်ကျော်လာသည့် ဗိုလ်ဘယ်ကျော်ကို ဒဂုံမြို့သိမ်းတိုက်ပွဲအတွက် ဥပရာဇာဦးအောင်မြက တပ်မှူးအဖြစ်ခန့်အပ်လိုက်၏။

ပြင်သစ်တို့ပေးထားသည့် သင်္ဘော(၇)စင်းကို ဒဂုံမြစ်လယ်တွင် တလပန်းက ရေတပ်ချုပ်မြို့ တိုက်ခိုက်မည်။ ဗိုလ်ဘယ်ကျော်နှင့် သန်လျင်မှ လက်ဂျာဗိုလ်၊ ဒေါစွယ်ယစက်တပ်တို့က ဗိုလ်ဘယ်ကျော်ကို ရဲလျက် တိုက်ကြမည်ဖြစ်၏။

.....
.....

“ဒဂုံမြို့စောင့်တပ်မှူး မုဆိုးခြံဗိုလ်တွန် သို့ ကျွန်ုပ် ဟံသာဝတီဗိုလ်ချုပ် တလပန်းကြားရောက်လိုက်သည်။ ဘောင်းနင်းမလစ်၊ သန်လျင်တို့တွင် အဆုံးအရှုံးများနှင့် ကြုံရပြီးနောက်..အလောင်းဘုရားဘုရင်သည် နင်တို့တပ်မှူးတစ်စုကို ရန်ကုန်တွင် ပစ်ထားခဲ့ပြီး..အထက်သို့ ပြန်လေပြီ၊ ယခုငါတို့မှာ အင်အားကြီးမားစွာဖြင့် နင်တို့အား ကြည်းကြောင်းရေကြောင်း ရံထားပြီဖြစ်၏။ ထို့ကြောင့် တပ်မှူးတစ်စုမှာ စစ်ကူလည်းမရှိ၊ တပ်တွင်းလည်း ရေရှည်မနေနိုင်၊ ထွက်တိုက်၍လည်း မဝံ့ဖြစ်နေကြသည်ကို ငါတို့သိသည်။ ထို့ကြောင့် အလွယ်တကူ ထွက်ခွာသွားလိုလျှင် လမ်းဖွင့်ပေးမည်။ ယခုအခွင့်ပေးတုန်း အမြန်ထွက်ခွာသွင်းစေလို၏”

ရန်ကုန်မြစ်ပြင်တွင် တလပန်းဦးဆောင်သည့် ပြင်သစ်လုပ်စစ်သင်္ဘော(၇)စင်း၊ တိုက်လေ့(၇၀၀)၊ သမ္မာန်(၅၀) ၊ ကြည်းကြောင်းတွင် ဗိုလ်ဘယ်ကျော်ဦးဆောင်သည့် မြင်းသည် ၁၀၀၀၊ ခြေလျင်စစ်သား ၁၅၀၀၀ ဒဂုံကို ဝန်းရံထားကြပြီဖြစ်သည်။

မကြာမီ သန်လျင်မှ ဗညားဒလအောင်စ၊ဒေါစွယ်ယစက်တို့၏ နောက်ရုံတပ် ၅၀၀၀ တို့ ကလည်း သန်လျက်မှ ဒေါပုံဘက်ကမ်းသို့ ကူးကာ ဒဂုံမြို့ဆီသို့ ချီတက်လာမည်ဖြစ်သဖြင့် မြို့စောင့်တပ်မှူး ဗိုလ်ချုပ်ငတွန်ထံ တလပန်းက စာစေလိုက်ခြင်းဖြစ်သည်။

မကြာမီ ငတွန်ထံမှ စာပြန်လာ၏။

“တလပန်း

ငါတို့ကို ဆယ်နှစ် ဝိုင်းလည်း ငါတို့မမှု၊ အခု ငါတို့ ထွက်တိုက်တော့မည်၊ ပြေးစရာရှိ နင်တို့သာ အခု ကြိုပြေးထားလေ”

ဆက်သားလုပ်လာသည့် သမ္မာန်သည် ရန်ကုန်မြစ်အတွင်းသို့ ပြန်လည်ထွက်ခွာသွားသည်။

တလပန်းက ငတွန် ပြန်ပါးလာသည့် စာကို ဖတ်ကာ မဲ့ပြုံးပြုံးလိုက်၏။

ထို့နောက် အသင့်စောင့်နေသော ပေါ်တူဂီကြေးစားအမြောက်တပ်ဗိုလ်ဆီသို့ အမိန့်လှမ်းပေးလိုက်သည်။

မကြာမီ မြစ်လယ်ဆီမှ အမြောက်သံများဆူညံသွားတော့၏။

အလောင်းဘုရား၏ ဒဂုံသစ်တပ်မြို့သစ်မှာ ဆိပ်ကမ်းနှင့် အလှမ်းဝေးကွာအောင် တည်ဆောက်ထားခြင်းဖြစ်ပြီး တလပန်း၏အမြောက်တပ်များမှာ ယခင်မြို့ဟောင်းနေရာကိုသာ ချိန်ဆပစ်နေခဲ့ခြင်းဖြစ်သည်။

အမြောက်သံများကြားသည်နှင့် ဗိုလ်ဘယ်ကျော် ၏ တပ်များက သန်လျင်မှလာမည့် နောက်ခံရံတပ်ကို မစောင့်ပဲ ဒဂုံသစ်တပ်မြောက်ဖက်တံခါးကို ဝင်တိုက်ရန် ပြင်ကြသည်။

သို့သော် မြောက်ဘက်တံခါးသို့ မရောက်မီပင် ရုတ်တရက် အပေါ် စီးမှ သေနတ်များ၊ အမြောက်များဖြင့် ပစ်ခတ်သည်ကို ခံလိုက်ကြရ၏။

ဆင်များပေါ်တွင် သေနတ်များ၊ အမြောက်များကို တင်ထားသည့် မင်းကျော်စည်သူ ငရွှေရည်ဦးဆောင်သော ရွှေဘိုတပ်များမှာ ဗိုလ်ဘယ်ကျော်၏ တပ်များ ခံတပ်စည်းသို့ မရောက်မီပါပင် ရုတ်တရက် တိုက်စစ်ဖွင့်ကာ အကြမ်းပတမ်းဝင် တိုးတိုက်ကြခြင်းဖြစ်သည်။

ဟံသာဝတီတပ်ဆီသို့ သေနတ်၊ အမြောက်တင်ထားသော ဆင် အကောင်(၂၀)တပ်က ဝင်တိုးတိုက်ကြလျှင် ဗိုလ်ဘယ်ကျော်က ဆင်များကို ဝန်းရံကြရန် တပ်ကို သုံးစုခွဲထုတ်လိုက်၏။

ဟံသာဝတီကြည်းတပ်က ဆင်များကို စက်ဝိုင်းခြမ်းသဏ္ဌာန်ပတ်လည်ဝိုင်းကာ တိုက်ခိုက်ရန်ပြင်ဆင်နေကြစဉ်မှာပင်... လက်ျာဘီလူးငညိုသူ၏ မြင်းတပ်များက စစ်နံနှစ်ဖက်မှ ရုတ်တရက်ပေါ်လာကာ...လက်ဝဲ၊ လက်ျာ နှစ်စုကွဲနေသော ဟံသာဝတီတပ်များကို ဝင်ရောက်ထိုးခုတ်ကြ၏။

အရှေ့တည့်တည့်တွင် ရှိနေသော ဗိုလ်ဘယ်ကျော်၏ တပ်မှာမူ ဆင်တပ်၏ နင်းခြေခြင်းကို ခံရသည်။

အမြောက်များဖြင့် ပစ်ခွင်းပြီးနောက် ငြိမ်သက်နေသော ဒဂုံတပ်အခြေအနေကို စောင့်နေသည် တလပန်း၏ ရေတပ်မှာ မြောက်ဘက်မှ ပစ်ခတ်သံများကြား သဖြင့် ဗိုလ်ဘယ်ကျော်တပ်များနှင့်အတူ သန်လျင်တပ်များက ပါ ဝင်တိုက်နေပြီဟု ထင်မှတ်ခဲ့ကြသည်။

ထို့ကြောင့် သဘော်ပေါ် ရှိတပ်သားများ၊ တိုက်လှေများပေါ်သို့ ဆင်းကာ ဆီပ်ကမ်းသို့ ချဉ်းကပ်လာကြ၏။

ကမ်းပေါ်အတက်တွင် အလောင်းဘုရားနှင့် ဗိုလ်ချုပ်ငတွန်တို့ စီမံထားသော နှံများဖို့ထည့်ထားသည့် မြေကတုတ်မြောင်းများအတွင်း စစ်သည်အချို့ နစ်ဝင်ကုန်ကြ၏။

တလပန်းက လှေများကို သယ်ယူကာ နှံများအပေါ်သို့ တံတားပုံစံခင်းပြီး တက်ရောက်ရန် ပြင်ဆင်နေဆဲတွင်ပင် ရုတ်တရက် ငတွန်၏ တပ်များက အနီးကပ် ဝင်ရောက်ထိုးခုတ်တိုက်ခိုက်ကြတော့၏။

နှံနစ်နေဆဲဖြစ်သော ဟံသာဝတီစစ်သားများမှာ ရွှေဘိုသားတို့၏ တင်ကျည်းတုတ်ရှည်များနှင့် ရိုက်နှက်မှုကို အလူးအလဲခုခံနေရသည်။

သေနတ်ကိုင်စစ်သားများကလည်း တောခြုံပုတ်များအတွင်းမှ ပစ်ခတ်ကြသဖြင့် ဟံသာဝတီစစ်သည်အချို့မှာ လှေများဆီသို့ အလုအယက်ပြန်ပြေးကြရ၏။

နွံကတုတ်မြောင်းများကို တူးစဉ်က နွံမရှိသည့်နေရာကို ရွှေဘိုတပ်များက အမှတ်အသားလုပ်ကာ ကွေ့ပတ်ပြုလုပ်ထားခြင်းဖြစ်သဖြင့် ထိုနေရာများမှ ငတွန်၏ တပ်များက ဝိုင်းပတ်ကာ ဟံသာဝတီတပ်ကို ပစ်ခတ်ထိုးခုတ်ကြ၏။

သင်္ဘောပေါ်မှ ပေါ်တူဂီအမြောက်ဗိုလ်မှာလည်း စစ်ကူအဖြစ် အမြောက်များ ပစ်ခတ်ကူညီလိုသော်လည်း နှစ်ဖက်တပ်များမှာ လုံးထွေးနေသဖြင့် အခွင့်မသော တော့ချေ။

တလပန်းကား ဓါးရှည်ကို ဝှံလျက် သူ၏ တပ်သားများ နောက်မဆုတ်ရေးကို ရှေ့တက်ကွပ်ကဲနေသည်။

“မဆုတ်ကြနဲ့...ရအောင်ပစ်ကြ..သူတို့ တက်လာတဲ့ လမ်းကြောင်းတွေမှာ နွံမရှိဘူး..အဲ့ဒီဘက်တွေကို ရအောင်ယူ”

တလပန်း က အော်ဟစ်နေစဉ်တွင် သူ့ဆီသို့ အပြေးလာနေသော လူတစ်ဦးကို သတိထားမိလိုက်၏။

ဆံပင်ဖားလျားက လေတွင် လွင့်နေသည်။ ပုခုံးတွင် ဗာလီကွေး တစ်ခုသာ စွဲတ်ထားပြီး အပေါ် ပိုင်းကိုယ်လုံးတီး ကြွက်သားအမြောင်းမြောင်းဖြင့် ထိုသူကို တလပန်း မှင်တက်ကာ ကြည့်နေမိသည်။

ထိုသူ၏ မျက်လုံးများက တလပန်းတည့်တည့်သို့သာ စူးစိုက်ကြည့်နေပြီး..လက်ထဲတွင်လည်း လှံရှည်ကြီးကို အသင့်အနေအထားဖြင့် ချိန်ရွယ်ထား၏။

“ဒါ..မုဆိုးခြံဗိုလ်ငတွန်ပဲ”

အနီးရှိ လက်ထောက်တပ်မှူးဖြစ်သူ ဗညားစိန် က တလပန်း၏ ပုခုံးကို စောင့်တွန်းကာ သတိပေးလိုက်သည်။

“ဗိုလ်မင်း..ဆုတ်တော့..တပ်ပျက်နေပြီ..သူက ဗိုလ်မင်းက လက်ရဖမ်းဖို့လာနေတာ..ရင်မဆိုင်နဲ့..သူတို့က အသာစီးရနေပြီ”

ထိုအခါမှ တလပန်းမှာ သတိဝင်လာ၏။

ရေစပ်သို့ တဟုန်ထိုး လှည့်ပြေးကာ နီးစပ်ရာလှေပေါ်သို့ ခုန်တက်လိုက်တော့သည်။

“သင်္ဘောဆီ လှော်ကြ..အမြန်လှော်ကြ”

ကမ်းစပ်ဆီမှ ငတွန်လှမ်းပစ်လိုက်သော..လှုံရှည်ကြီးက...တလပန်းရှေ့မှ လှေလှော်သမား၏ ကျောပြင်ကို ဒုတ်ခနဲ စိုက်ဝင်သွားတော့သည်။

တလပန်းက ထိုလှေသမားထံမှလှော်တက်ကို ကောက်ယူကာ..အသည်းအသန် လှော်ခတ်သွားတော့၏။

မကြာမီ ဒဂုံမြို့ရိုးပေါ်မှ အမြောက်များ က မြစ်ပြင်သို့ ပစ်ခတ်ကြပြန်သဖြင့် သဘော်ခုနှစ်စင်းမှာလည်း ကျောက်ဆူးဖြတ်ကာ ဆုတ်ခွာသွားတော့သည်။

ထိုအချိန်တွင် သန်လျင်မှ ချီတက်လာသော ဗညားဒလအောင်စ ၏ ရံတပ်မှာ တပ်ပျက်သွားသော ဗိုလ်ဘယ်ကျော်တပ်ကို လိုက်လံတိုက်ခိုက်နေသည့် ငရွေရည်၊ ငညိုသူ တပ်များနှင့် အရှေ့ဘက်မျက်နှာတွင် ရင်ဆိုင်မိကြ၏။

ရေတပ်ရော၊ ကြည်းတပ်ပါ ပျက်ပြိုဖြစ်သဖြင့် အရံတပ်များမှာလည်း မခုခံတော့ပဲ..သန်လျင်ဘက်သို့ ပြန်လည်ဆုတ်ခွာသွားတော့သည်။

.....
..

ဗညားဒလအောင်စ ၏ တပ်များ ပြန်လည်ဆုတ်ခွာလာသဖြင့် ဆီးကြိုရန် သန်လျင်မြို့တံခါးပေါ်တွင် တပ်များ အသင့်နေရာယူထားကြ၏။

လက်ျာဗိုလ်က သံလျင်မြို့ရိုးပေါ်မှ တဆင့် ဒေါပုံကမ်းမှ ကူးလာကြသည့် ဗညားဒလ၏ လှေတပ်ကြီးကို စောင့်ကြည့်နေသည်။

အနောက်ဘက်မှ ရွှေဘိုတပ်များလိုက်လာလျှင် ပစ်ခတ်ရန်လည်း အမြောက်များကို အဆင့်သင့်ပြင်ထား၏။

“ဗိုလ်မင်း...ဗိုလ်မင်း”

မြို့ရိုးအောက်မှ ခေါ်သံကြားသဖြင့် လက်ျာဗိုလ်က ငုံ့ကြည့်လိုက်သည်။ ကသည်းမင်းသားမောင်မင်း က လှမ်းခေါ်နေခြင်းဖြစ်၏။

“ဘာကိစ္စများရှိပါသလဲ...မင်းသား”

“ဟို ဗရင်ဂျီဘုန်းကြီး..ရောက်နေပါတယ်..အရေးကြီးလို့တဲ့”

“ကျုပ် ဒီမှာ..မအားဘူးလေ”

“ဗိုလ်မင်းကတော်..မူးလဲလို့တဲ့”

“ဟင်”

လက်ျာဗိုလ်က မှန်ပြောင်းကို နဘေးမှ တပ်မှူးတစ်ဦးအား ပေးကာ မြို့ရိုးပေါ်မှ အလျင်အမြန်ဆင်းလာ၏။

အောက်သို့ ရောက်သောအခါ ဖာသာနာရေနီက မောင်မင်း၏ ဘေးတွင် မတ်တပ်ရပ်လျက်။

“မြတ်ဝါ..ဘယ်လိုဖြစ်တာလဲ...ရေနီ”

“သူ မူးလဲသွားတယ်...ဗိုလ်မင်း”

“အခု ဘယ်မှာလဲ”

“ဘုရားကျောင်းမှာပါပဲ....အဲ့ဒါ ဗိုလ်မင်းကို ကျုပ် လာခေါ်တာ”

“ကျုပ်လိုက်လို့မရသေးဘူး..ဖာသာ..ဗညားဒလမင်းသား နဲ့အဖွဲ့ စစ်ဆုတ်လာတာကို ဒီကနေ အကြိုထောက်ပေးရဦးမယ်..ညဦးပိုင်းလောက် မင်းသားနဲ့အဖွဲ့ပြန်ဝင်လာပြီးရင်..အဲ့ဒီကို တန်းလာခဲ့ပါ့မယ်”

ဖာသာနာရေနီက ခေါင်းညိတ်လိုက်သည်။

“ဗိုလ်မင်း....ဗိုလ်မင်းမလိုက်နိုင်လည်း..ဘုရားကျောင်းကို ကျွန်တော်လိုက်သွားပေးလိုက်မယ်..ဖြစ်မလားဗျ.. သူတို့လိုအပ်တာတွေကူရအောင်ပါ”

ကသည်းမင်းသားမောင်မင်းက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

“အင်း..မင်းသားလိုက်သွားရင်တော့ ပိုကောင်းတာပေါ့”

.....
.....

တလပန်းနှင့် ဗိုလ်ဘယ်ကျော်တပ်များကို ရံပေးရန်သွားသည့် သန်လျင်တပ်များမှာ ဒဂုံသို့ ရောက်ခဲ့သော်လည်း အကူပေးရမည့်တပ်များမှာ ပျက်နှင့်ပြီဖြစ်သဖြင့် သန်လျင်သို့ ပြန်လည်ဆုတ်ခွာလာခဲ့ပြီဖြစ်၏။

ဗညားဒလအောင်စ မြို့ရိုးတံခါးဝသို့ ရောက်သည်နှင့် မည်သူ့ကိုမျှ စကားမပြော တော့ပဲ...သူ၏ ကိုယ်လုပ်တော် ဂျပန်အမျိုးသမီးတစ်ဦးရှိရာ အိမ်သို့ သွားကာ အရက်သောက်နေလေတော့သည်။

ဒေါစွယ်ယစက် သာ လက်ဂျာဗိုလ်နှင့် စစ်ရေးအခြေအနေ၊ သန်လျင်မြို့လုံခြုံရေး ကိစ္စများကို အရေးပေါ် တိုင်ပင်ကြ၏။

ဒဂုံတွင် တပ်ပျက်ပြီး သန်လျင်ဘက်သို့ လှော်ခတ်ပြေးလာကြသော ဟံသာဝတီ ရေတပ်သားများ ကို ဆေးကုသပေးရေးကို လက်ဂျာဗိုလ်ကပင် တာဝန်ယူစီစဉ် ပေးရသည်။

ညဉ့်ကား အတော်ပင် နက်ခဲ့လေပြီ။

ဩဂုတ်မိုး က ညဉ့်နက်လေ..ပိုသဲလေပင်။

လက်ဂျာဗိုလ်၏ မြင်းက ဘာနာဘိုက်ကက်သလစ်ဘုရားကျောင်းအတွင်းသို့ ဝင် ရောက်လာ၏။

ဘုရားကျောင်းဆင်ဝင်အောက်တွင် ရှိနေသာ ဖာသာနာရေနီက မီးအိမ်ကို အပေါ် သို့ မြှင့်တင်လိုက်သည်။

မီးအလင်းရောင်အောက်တွင် မိုးရေများစိုနေသော လက်ဂျာဗိုလ်၏ မျက်နှာက စိုးရိမ်မှုအပြည့်ဖြင့်။

“မြတ်ဝါရော..ဖာသာ...အနောက်ဘက်တဲမှာလား”

“သူ..သက်သာသွားပါပြီ..ဘရာသာအင်ဂျလို ဆေးတိုက်ထားပါတယ်.ဗိုလ်မင်းကို စောင့်ရင်း..အိပ်ပျော်သွားလေရဲ့”

လက်ဂျာဗိုလ်က မြတ်ဝါတို့ နေထိုင်သည့် အနောက်ဘက်သို့ သွားရန် ပြင်လိုက်၏။

ဖာသာနာရေနီ က လက်ဂျာဗိုလ်၏လက်ကို လှမ်းဆွဲထားလိုက်သည်။

“ဘာလဲ..ရေနီ..ဒီအချိန်မှာ ကျုပ် တခြားစကားတွေ မပြောချင်ဘူး..မြတ်ဝါက ကျုပ်အတွက် အရေးအကြီးဆုံးပဲ”

“မဟုတ်ဘူး...လုလင်ကြီး...ကျုပ် ပြောတာကို ခဏနားထောင်ပေးပါ”

စတွေ့ခါစ အချိန်ကကဲ့သို့ လုလင်ကြီးဟုခေါ်လိုက်သဖြင့် လက်ျာဗိုလ်မှာ ခေတ္တမျှ တွေဝေသွား၏။

“ဘာလဲ..ရေနီ...ခင်ဗျားနဲ့ ကျုပ်ကြားက ကိစ္စတွေဆို ဒီအချိန် မပြောပါနဲ့တော့”

“မဟုတ်ဘူး...ကျုပ်ပြောချင်တာက...မြတ်ဝါမှာ ကိုယ်ဝန်ရှိနေပြီ”

“ဟမ်.ဘယ်လို”

“မြတ်ဝါမှာ ကိုယ်ဝန်ရှိနေပြီ..ဒါကြောင့်..နေ့လည်က မူးလဲသွားတာ..အခု ဘရာသာအန်ဂျလို စမ်းသပ်ကြည့်တော့ ကိုယ်ဝန်ရှိနေတာ သေချာတယ်”

လက်ျာဗိုလ်၏ မျက်နှာက ပြုံးလာ၏။

“အဲ့ဒါကြောင့်..ကျုပ် ပြောချင်တာ..လုလင်ကြီး.မြတ်ဝါကို ဘယ်လောက်ချစ်တယ်ဆိုတာ..ကျုပ်အသိဆုံးပါ..လုလင်ကြီးချစ်တဲ့ လူကိုလည်း ကျုပ်က ချစ်ပေးရမှာပါပဲ..ဒါကြောင့် လုလင်ကြီးရဲ့ရင်သွေးလေးလွယ်ထားရတဲ့ မြတ်ဝါကို မကြာခင်မှာ စစ်ပွဲကြီးဖြစ်တော့မယ့်..ဒီသံလျင်မှာ ထားလို့မဖြစ်ဘူးဆိုတာ..ပြောမလို့ပါ”

နာရေနီစကားကြောင့် လက်ျာဗိုလ်က တွေဝေသွားသည်။

“သန်လျင်ရော...ဟံသာဝတီပါ ရန်သူပတ်ချာလည်ဝိုင်းနေတာ...သူ့ကို ကျုပ်က ဘယ်ကို ပို့ရမှာလဲ...ရေနီ”

“ဒီကိစ္စကို နေ့လည်က လွိဇာ နဲ့ ကျုပ် အသေးစိတ်တိုင်ပင်ပြီးပါပြီ...သူ့ကို တနသာရီက ကျုပ်သူငယ်ချင်း အိတလီသီလရှင်ကျောင်းကို ပို့ထားချင်တယ်”

လက်ျာဗိုလ်က ခပ်တိုးတိုးရယ်လိုက်သည်။

“ရေနီ က...မြတ်ဝါကို ကျုပ်နားကအနေ အဝေးဆုံးရောက်သွားအောင် ပို့ချင်နေတာပဲ..အဲ့ဒီလို မဟုတ်လား”

လက်ျာဗိုလ်စကားကြောင့် ဖာသာနာရေနီ၏ မျက်နှာမှာ တင်းခနဲဖြစ်သွား၏။

“ဒါ...ကျုပ် စေတနာကို စော်ကားလိုက်တာပဲ..လက်ျာဗိုလ်...ကျုပ်ဘဝမှာ ခင်ဗျားကြောင့် နာကြင်ခဲ့ရတာတွေရှိပေမယ့်..ကျုပ် အခြေအနေကြောင့် ကျုပ်ဖြေသိမ့်နိုင်ခဲ့ပါတယ်..အခုတော့...ခင်ဗျားက..ကျုပ်ကို စော်ကားတာ”

ဖာသာနာရေနီ၏ အသံမှာ အနည်းငယ်ကျယ်သွားသည်။

ထိုအချိန်တွင် ဘုရားရှိခိုးကျောင်းအရှေ့ဘက်..ဖာသာနာရေနီ၏ မိခင်အုတ်ဂူရှိရာ အဆောက်အဦဆီမှ အရိပ်နှစ်ခု လှုပ်ရှားသွားသဖြင့် လက်ျာဗိုလ်က ခါးကို ထုတ်လိုက်၏။

“ဟေ့..အထဲက ငါတို့ ပြောတာတွေကို ချောင်းနားထောင်နေတာ..ဘယ်သူလဲ..ထွက်ခဲ့စမ်း”

အထဲမှ အသံပေါ်မလာ။

“ထွက်ခဲ့ဆို..ထွက်ခဲ့..မဟုတ်ရင်..ငါဝင်လာပြီး ခါးနဲ့ ပိုင်းမှာဟေ့”

“ကျွန်တော်ပါ..ဗိုလ်မင်း”

အမှောင်ရိပ်ထဲမှ အသံထွက်လာသည်။

ဖာသာနာရေနီက မီးအိမ်ကို အသံလာရာဘက်သို့ လှည့်လိုက်၏။

“မင်းသားမောင်မင်း..ပါလား..အခုချိန်ထိ မပြန်ရသေးဘူးလား..နောက်က တစ်ယောက်က ဘယ်သူလဲ”

အရပ်မြင့်မြင့် မောင်မင်း၏ နောက်မှ မျက်နှာတစ်ခု ပေါ်ထွက်လာသည်။

“မယ်ဖူး”

ဖာသာနာရေနီက အံ့သြတကြီးရေရွတ်လိုက်တော့၏။

အခန်း (၃၅)

မယ်ဖူး၏ မျက်နှာက ထိတ်လန့်မှုဖြင့် တုန်ရီနေ၏။

လက်ျာဗိုလ်က သူတို့အနားသို့ လျှောက်သွားသည်။

“ဘာလုပ်နေကြတာလဲ..အဲ့ဒီထဲ”

မယ်ဖူးက အိခနဲ ငိုချလိုက်သည်။

“ကျွန်မကို...သူ..သူ”

လက်ျာဗိုလ်က ခါးကို ထုတ်ကာ မင်းသားမောင်မင်း ၏ လည်မြိုကို ထောက်လိုက်သည်။

“မင်း..လူလေးက လက်တောက်လောက်နဲ့...ယုတ်မာလှချည်လား..အဲ့ဒါလင်ရှိမိန်းမကွ”

“မဟုတ်ဘူး..ဗိုလ်မင်း...မဟုတ်ဘူး”

“ဘာဖြစ်နေကြတာလဲ”

အနောက်ဘက်မှ လွိဇာ၏ အသံ။

“ဒီမှာ..ဒီအမျှောင်ထဲ အသံကြားလို့..ထွက်လာခဲ့ခိုင်းတာ..သူတို့နှစ်ယောက်ဖြစ်နေတယ်..လွိဇာ”

မယ်ဖူးက လွိဇာ ဆီသို့ ပြေးဝင်သွားပြီး ဖက်ကာ ငိုလိုက်သည်။

“ဘာတွေဖြစ်နေတာလဲ..မယ်ဖူး..ပြောလေ...ဘာတွေဖြစ်နေတာလဲ”

“သူ..ညီမကို..ညီမကို”

လွိဇာက မင်းသားမောင်မင်းကို မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ကြည့်လိုက်သည်။

ထို့နောက် လက်ထဲတွင် အသင့်ပါလာသော ပစ္စတိုဖြင့် မင်းသားမောင်မင်းကို ချိန်လိုက်၏။

“ကဲ.မယ်ဖူး...ပြော..သူ နင့်ကို ဘာလုပ်လဲ”

“ညီမ က အနောက်ဘက်ကို အပေါ့သွားချင်လို့...သွားမလို့လုပ်တုန်း...အိမ်က မီးခွက်ကလည်း မီးငြိမ်းသွားတယ်. မီးခွက်ထဲ ဆီလည်းမရှိတော့ဘူး...ကညင်ဆီမီးအိမ်ကိုရှာတာမတွေ့ဘူး... မနေ့ညနေက အမေကြီးအုတ်ဂူအဆောက်အဦထဲ ဖာသာနာရေနှီ ဆုတောင်းဝတ်ပြုတော့ ကိုရင်ငလေး က အဲ့ဒီကညင်ဆီမီးအိမ်နဲ့ သွားထွန်းပေးပြီး ကျန်ခဲ့တာ သတိရသွားတယ်...ကိုရင်ငလေးကလည်း ညနေက ကျိုက်ခေါက်ထန်းတောက ပြန်လာပြီးကတည်းက မူးပြီးအိပ်နေပြီ...သူ့ကိုမနှိုးတော့ပဲ... ညီမလည်း မိုးသဲသဲထဲ...ပက္ကလာခြုံပြီး အမေကြီးအုတ်ဂူကို လာတာ...အုတ်ဂူထဲဝင်လိုက်တော့ လက်ကြီးတစ်ဖက်က ညီမကို ဆွဲလိုက်တာခံလိုက်ရတယ်..ညီမလည်း နာနာဘာဝခြောက်တယ် မုတ်လို့....အော်မယ်လုပ်တုန်း..သူက အတင်းသိမ်းကြုံးဖက်ပြီး..ညီမ..နှုတ်ခမ်းကို..အတင်းဖိနမ်းဖို့လုပ်တယ်.အဲ့ဒီအချိန်မှာ ညီမက ရုန်းကန်နေတုန်း..ဒီဘက်က ဗိုလ်မင်းနဲ့ ဖာသာတို့ အသံကြားမှ သူလွှတ်လိုက်တာ.”

“ကဲ..လူယုတ်မာလေး...နင်..ဘာပြောချင်သေးလဲ”

လက်ျာဗိုလ် က မောင်မင်း၏ လည်မြို့ထံသို့ မားကို ထက်တိုးထောက်လိုက်၏။

မောင်မင်း က လက်အုပ်ချီလိုက်သည်။

“ကျွန်တော်..လူမှားသွားတာပါဗျာ..ဒီက အမကို တောင်းပန်ပါတယ်...တကယ် တောင်းပန်ပါတယ်”

“ဟင်...လူမှားတာ..ဘယ်သူနဲ့ မှားတာတုန်း”

လွိဇာက မျက်မှောင်ကြုံ့လျက်မေးလိုက်၏။

“အစော...ဟို..မယ်စောနဲ့ပါ”

“ဘာ”

“ဟုတ်ပါတယ်...ကျွန်တော် နေ့ခင်းက ဗိုလ်မင်းကတော် နေမကောင်းတာကို လာကြည့်ရင်း..မယ်စောနဲ့ ဒီည..ဒီအုတ်ဂူအဆောက်အဦနားမှာ တွေ့ကြမယ်ဆိုပြီး ချိန်းချက်ခဲ့ကြတာပါ...ညမိုးချုပ်ကတည်းက ကျွန်တော် ဒီထဲ တိတ်တိတ်လေး

ရောက်နေတာ...မိုးတွေအရမ်းရွာလာတာနဲ့ဒီထဲ ဝင်ခိုနေရင်း မယ်စောကို စောင့်နေတာပါ..အမှောင်ထဲမှာ မိန်းကလေးတစ်ယောက် ဒီထဲဝင်လာတော့..မယ်စောမှတ်လို့..ဆွဲပြီး..အဲ့ဒီလို ဖြစ်မိတာပါဗျာ..ကန်တော့ပါ..အမမယ်ဖူးရယ်..ကန်တော့ပါ"

ဖာသာနာရေနီ နှင့် လွိဇာတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

"မယ်ဖူး...မယ်စောကို သွားနှိုးစမ်း...ဒီမှာ သူ့အရှုပ်ထုတ်"

ခဏအကြာတွင် မယ်ဖူးနှင့်အတူ မယ်စော က ခပ်ကုပ်ကုပ်ဖြင့် ပါလာ၏။

လွိဇာတို့ လူစုရှေ့တွင် ရပ်နေသော မင်းသားမောင်မင်းကို မြင်သောအခါ မယ်စောမှာ အလန့်တကြားဖြစ်သွားသည်။

"သမီးမယ်စော...သူပြောတာမှန်လား"

"ရှင်..ဘာကိုလဲ..အမေလွိဇာ"

"သူက သမီး နဲ့ ချိန်းထားတာဆို"

"အင်း..ဟိုဟာ..အဲ့ဒါလေ"

လွိဇာက မယ်စော၏ နားရွက်ကို လိမ်ဆွဲလိုက်သည်။

"အား..အမေလွိဇာ..ချိန်းထားတာ..ဟုတ်ပါတယ်...ဒါပေမယ့်..မိုးတွေဒီလောက်ကြီးရွာနေတော့..သမီးလည်း အဲ့ဒီနေရာကို သွားရမှာကြောက်လို့..ပြီးတော့..သူလည်း မလာလောက်တော့ဘူးဆိုပြီး..အိပ်နေလိုက်တာ"

ထိုအခါမှ လက်ျာဗိုလ်ရော၊ ဖာသာနာရေနီပါ..မသိမသာကြိတ်ရယ်လိုက်ကြ၏။

မင်းသားမောင်မင်းမှာ ခေါင်းကို ငုံ့ထားသည်။
"မင်းသား...သူ့လင် ငလျှေးဆိုတာ...လှံရှည်တစ်လက်နဲ့ အထက်ဘက်မှာ ဓါးပြတိုက်စားလာတဲ့အကောင်နော်.. တော်သေးတယ်....ဒီကိစ္စ ..သူသာသိရင်..မင်းသားတော့ မလွယ်လောက်ဘူး"

"ဟုတ်ကဲ့ပါ...အရီးလေးလွိဇာ...ကျွန်တော် လူမှားသွားလို့ပါ..ဒီက အမကို မယ်စောထင်လို့"

“ဟေ့..လူမှားစရာလည်းမလိုဘူး...လူမှန်စရာလည်းမလိုဘူး...ငါ့သမီး.မယ်စော က အခုမှ ဆံတောက်ချခါစပဲရှိသေးတယ်..မင်းသားတို့ လူငယ်ချင်း ချစ်ကြတာ ချစ်ကြပါ...နောက်ဆို နေ့လည်နေ့ခင်း လူမြင်ကွင်းမှာ တွေ့ဆုံနိုင်ပါ တယ်....တိုင်းပြည်က စစ်မက်ရေးရာတွေနဲ့ ရှုပ်ထွေးနေရတဲ့အထဲ.ဒီလို ညဘက် ကြီး..ခိုးကြောင်ခိုးဝှက်လာတာ အန္တရာယ်များတယ်...အခန့်မသင့်ရင်..ဒီလို ပြဿနာတွေဖြစ်လာရင် အသက်ဘေးပါ စိုးရိမ်ရတယ်...သိရဲ့လား”

“ဟုတ်ကဲ့”

“မယ်စော...သမီး ကလည်း...အမေလွိဇာကို တစ်ခုခုဆို ပွင့်ပွင့်လင်းလင်းပြော ပါ..ဒီအရွယ် ရည်းစားထားတတ်တာ..အမေလွိဇာ နားလည်ပါတယ်..ဒါပေ မယ့်..သမီးအရွယ်က ငယ်သေးတယ်..တခုခုဆို ထိန်းထိန်းသိမ်းသိမ်းနေမှဖြစ် မယ်”

“ဟုတ်ကဲ့”

“မယ်ဖူး...ညည်းလင်မူးရော..ဒီလောက်ဖြစ်နေတာ..မနိုးဘူးလား”

“မနိုးဘူးထင်တယ်..မမလွိဇာ”

“အေး..ကောင်းတာပဲ...ဟိုကောင်လေးက လူမှားတာတဲ့...ဘာပဲပြော ပြော..ညည်းက အပြုံခံရတဲ့သူ..မယ်ဖူး..ညည်းဘာလုပ်ချင်လဲ..ဘာဖြစ်ချင် လည်း”

“သူလည်း လူမှားတာဆိုတော့ ဘာမှ မလုပ်ချင်တော့ပါဘူး..အဲ..အခု လောလောဆယ်တော့ ဖြစ်ချင်တာတော့ သေးပေါက်ချင်ပါတယ်..ညီမ..ခုထိ သေးမပေါက်ရသေးဘူး..မမလွိဇာ”

“ကဲ..သွားပေါက်တော့..မီးအိမ်ဝင်ယူပြီးမှသွား...မယ်စောလည်း မမဖူးနဲ့ လိုက် သွားပေးလိုက်”

မယ်ဖူးက ရှက်ကိုးရှက်ကန်းဖြင့် ထွက်သွား၏။

“ကျွန်တော်လည်း ပြန်လို့ရပြီလား..အရီးလေးလွိဇာ”

မင်းသားမောင်မင်း က မိုးရေများဖြင့် ရွှဲနစ်နေပြီဖြစ်သည်။

“မပြန်လို့ ဒီမှာ ညအိပ်ချင်တာလား”

“ဟုတ်ကဲ့..ဟုတ်ကဲ့”

မောင်မင်းက ဘုရားကျောင်းရှေ့သို့ ကမန်းကတန်းပြန်ထွက်သွား၏။

“မမလွိဇာ..သူခိုးလာလို့လား...ဗိုလ်မင်းတို့ သူခိုးဘယ်မှာလဲ”

အိပ်မှုံစုံမွှားဖြင့် ထလာသော..ငလေး။ လက်ထဲတွင်လည်း လုံရှည်ကြီးကို ကိုင်လျက်။

“အေး..သူခိုးက နင့်မိန်းမကို ခိုးသွားပြီ..ငလေးရေ”

“ဗျာ”

“ဗိုလ်မင်းနဲ့ ဖာသာတို့ စကားပြောလက်စထင်တယ်..ဘုရားကျောင်ထဲမှာ သွားပြောကြရအောင်”

လှည့်ထွက်သွားသော လွိဇာကို ကြည့်ကာ..ငလေးမှာ အူကြောင်ကြောင်ဖြင့် ကျန်ရစ်တော့သည်။

လွိဇာက ဘုရားကျောင်း၏ ရှေ့ဆုံးရှိ ထိုင်ခုံတန်းလျားတွင် ထိုင်လိုက်၏။

နဘေးတွင် လက်ျာဗိုလ်နှင့် ဖာသာနာရေနီတို့ ဝင်ထိုက်လိုက်ကြသည်။

“ဗိုလ်မင်းကို..မြတ်ဝါကိစ္စ..ဖာသာပြောပြီးပြီထင်ရဲ့”

“ပြောပြီးပါပြီ..လွိဇာ”

“ဦးသာအောင်တို့ မိသားစုအသတ်ခံရပြီးနောက်ပိုင်း..ကျွန်မက မြတ်ဝါကို သမီးလေးလို ကယ်တင်စောင့်ရှောက်လာခဲ့တာပါ..အခုမြတ်ဝါမှာ ကိုယ်ဝန်ရှိနေပြီဆိုတော့..မြတ်ဝါကို စစ်ပွဲနဲ့ ဝေးရာမှာ ခဏထားတာအကောင်းဆုံးဖြတ်လိမ့်မယ်..ဗိုလ်မင်း”

“ဖြစ်ပါ့မလား..လွိဇာ..ကျုပ် သူ့ကို စိတ်မချဘူး”

“သူတစ်ယောက်တည်း မဟုတ်ပါဘူး..မယ်ဖူးတို့လင်မယားရော၊ မယ်စော ကို ပါထည့်ပေးလိုက်မှာပါ..သွားထားမယ့်နေရာကိုလည်း ဖာသာနာရေနီက ပြောပြပြီးရောပေါ့”

“ကျုပ် စဉ်းစားချင်သေးတယ်”

“မစဉ်းစားနဲ့တော့..ဗိုလ်မင်း...အခု ဒဂုံကို တလပန်းတို့ ဝိုင်းတိုက်ကြဲတာလည်း အကျအရှုံးတွေနဲ့ ချည်း ဆုတ်ခွာလာရတယ်မဟုတ်လား..အင်္ဂလိပ်တွေကလည်း ဟံသာဝတီဘက်ကနေ သိသိသာသာ နောက်ဆုတ်နေပြီ.. ဒါကို ကြည့်ခြင်း အားဖြင့် မကြာခင်မှာ..သူတို့ အောင်ဇေယျရဲ့ဘက်ကို ပြောင်းကြလိမ့်မယ်..ဒီ အတွက်လည်း အောင်ဇေယျ ဟာ သန်လျင်လို နှိုင်ငံခြားကုန်သည်တွေအခြေချ တဲ့နေရာကို မရမက တိုက်လိမ့်မယ်..ဗိုလ်မင်း...ပြီးတော့ ဗိုလ်မင်းဟာ ဒီစစ်ပွဲထဲ ပါဝင်ရမယ့် တပ်မှူးတစ်ယောက်ပဲ..စစ်ပွဲထဲမှာ ဗိုလ်မင်းရဲ့ မိန်းမနဲ့ ရင်သွေးလေး ကို...အလုံခြုံဆုံးနေရာမှာ ထားတာက..ဗိုလ်မင်းစစ်တိုက်တဲ့အခါ စိတ်ချလက်ချ တိုက်နိုင်လိမ့်မယ်ထင်တယ်”

“ဒီဘုရားကျောင်းကရော..မလုံခြုံလို့လား”

“တကယ်လို့ စစ်ဖြစ်လာခဲ့ရင်...ဒီသန်လျင်မြို့ရဲ့ဘယ်နေရာမှ မလုံခြုံပါဘူး..ဗိုလ် မင်း..သန်လျင်မှ မဟုတ်ဘူး..အခုချိန်မှာ ဟံသာဝတီလည်း မလုံခြုံ ဘူး..တနင်္သာရီကတော့ အယုဒ္ဓယရဲ့အာဏာစက်အောက်မှာ ရှိနေတဲ့အတွက် ဘေးကင်းနေဦးမှာပါ”

လက်ျာဗိုလ်က ခေါင်းငိုက်စိုက်ချလိုက်သည်။

“လွိဇာ စီမံတာကို ကျုပ်သဘောတူပါတယ်”

ထို့နောက် ဖာသာနာရေနီဘက်သို့ လှည့်လိုက်၏။

“ရေနီ..ကျုပ်ခုန ရုတ်တရက်မို့ အထင်လွဲပြီး ပြောလိုက်မိတာ.တောင်းပန်ပါ တယ်”

“ရပါတယ်..လုလင်ကြီး..အဲ့ဒါဆို...တနင်္သာရီကို ပို့ဖို့ကိစ္စ..ကျုပ်စီစဉ်လိုက်တော့ မယ်နော်

အပြင်ဘက်တွင် မိုးက စဲသွားပြီဖြစ်၏။ ဖားအော်သံများ ညီညီညာညာထွက် ပေါ်လာနေသည်။

.....
.....

၁၇၅၅ ဩဂုတ် ၂၈ ရက်၊ ဟံသာဝတီ။

ဟံသာဝတီနန်းတော် စစ်ဆင်ရေးများ စည်းဝေးရာ မြေနန်းပြဲသာဒ်ဆောင်တွင် တလပန်း၊ စောဖြ၊ သန်လျင်မှလက်ျာဗိုလ်၊ ဒေါ်စွယ်ယစက်၊ ဒလခံတပ်မှ ဗိုလ် ဘယ်ကျော်တို့ အပါအဝင် တပ်မှူးများစုံညီကြပြီဖြစ်သည်။

ဥပရာဇာသည် ဘုရင်ထိုင်မည့်သလွန်၏ ညာဘက် သလွန်ပေါ်တွင် ထိုင်လိုက်၏။

မကြာမီ ဟံသာဝတီဘုရင် ဖြမိုင်းဓိရာဇာဦးအောင်လှ က သမီးနှစ်ဦးဖြစ်သော သီရိနွှင့် ဂမုန်းတို့က တစ်ဖက်တစ်ချက်စီမှ တွဲကာ သလွန်ပေါ်တွင် ထိုင်လိုက်သည်။

ဂမုန်းက ဖခင်ကို လက်အုပ်ချီနောက်ဆုတ်ရင်း ရှေ့တွင်ခစားနေသည့် တလပန်းကို တစ်ချက်ခိုးကြည့်လိုက်၏။

တလပန်းနှင့် ဂမုန်းတို့ အကြည့်ချင်းစုံသွားကြသည်။

“ကဲ..အရေးကြီးစစ်ရေးအစီအမံတွေ ဘုရင်မင်းမြတ်ကိုယ်တိုင်စီရင်တော်မူမှာ မို့....သမီးတော်တွေ..အပြင်မှာ ခစားကြပါ”

ဥပရာဇာဦးအောင်မြ က သလွန်ပေါ်မှ ပြောလိုက်သဖြင့် ဂမုန်းက အပြင်သို့ ခပ်သွက်သွက်ထွက်သွား၏။

နှစ်နာရီခန့်အကြာတွင် အစည်းအဝေးပြီးသဖြင့် တလပန်းသည် နန်းဆောင်အပေါ်မှ ဆင်းလာသည်။

တလပန်း၏ လက်ထောက်တပ်မှူး ဗညားတာနောက လူကောင်ထွားထွားကြီးနှင့် မလိုက်ဖက်စွာ သဇင်ပန်းခြင်း တစ်ခြင်းကို ကိုင်ထား၏။

“တာနော...ဒါက ဘာကြီးလဲ”

ဗညားတာနောက ပြုံစိစိဖြင့်။

“တစ်ပင်တိုင်ထိပ်ထားက ဗိုလ်မင်းဆီ ပို့လိုက်တာဆိုပြီး အနောက်ဆောင် အပျိုတော်တစ်ယောက် ကျွန်တော့်ကို လာပေးသွားတာပါ”

တလပန်း၏ မျက်နှာက ပြုံးသွား၏။

“ခြင်းထဲမှာ...ထန်းဖူးစာလိပ်လေးတစ်လိပ်လည်း ပါပါသေးတယ်..ဗိုလ်မင်း”

ဗညားတာနော က စာလိပ်ကို ကမ်းပေးလိုက်သည်။ တလပန်းက စာလိပ်ကို ယူကာ ဖြန့်ဖတ်လိုက်၏။

“မင်းပါလာတဲ့ အဝတ်နဲ့ သဇင်ပန်းခြင်းကြီးကို အုပ်ပြီး..ငါ့အိမ်ကို သွားနှင့်..တာနော..တော်ကြာ တခြားသူတွေမြင်ရင်..မကောင်းဘူး..တပ်မှူးကြီးတွေ သဇင်ပန်းခြင်းကြီးကိုင်ပြီး ဘာလုပ်နေလဲဆိုပြီး ပြောကုန်ကြဦးမယ်”

“ဗိုလ်မင်းပြောတော့....အိမ်မှာ ဗိုလ်မင်းဗညားကျဉ်တို့နဲ့ စစ်ထွက်မယ့်ကိစ္စ သီးသန့်အစည်းအဝေးလုပ်ဦးမယ်ဆို”

“အင်း...အဲ့ဒီထက် အရေးကြီးတဲ့ အစည်းအဝေး ငါလုပ်စရာရှိနေလို့..သူတို့ကို ညနေမှသာ ချိန်းလိုက်တော့..တာနော....မင်းမြင်း ဘယ်နား ထားထားလဲ”

“ဗျာ”

“ငါ..မြင်းနဲ့သွားမယ်..ငါ့ဝေါကိုမင်းစီးပြီး အိမ်ပြန်နှင့်တော့”

“ကျွန်တော်မျိုးမြင်းက အတွင်းမြို့ရိုး ဒါဒလိုပေါက်က ကင်းမှူးတွေဆီမှာပါ”

တလပန်းက ထန်းဖူးစာလိပ်ကို ခါးကြားတွင် လိမ်ကာ ခပ်သွက်သွက်ထွက်သွား၏။

.....
.....

ဟင်္သာကုန်းစေတီခြေရင်းသို့ တလပန်းရောက်လာသည်နှင့် အပျိုတော်ကလေးများက ရယ်မောနေကြရာမှ ရပ်တန့်သွားသည်။

“ပင်တိုင်စံထိပ်ထားအပေါ်မှာ စောင့်နေပါတယ်..ဗိုလ်မင်း”

တလပန်းက ခေါင်းညိတ်ပြကာ ဟင်္သာကုန်းပေါ်သို့ တက်လာခဲ့လိုက်၏။

ချစ်သော ဧကရီမလေး ဂမုန်း။

ဆံထုံးမြင့်မြင့်မှ ထွက်နေသည့် ဆံစလေးများက လေတဖြူးဖြူးတွင် လွင့်နေ၏။

တိုက်ခတ်လာသော ထိုလေထဲတွင် ရင်းနှီးခဲ့ဖူးသော ကိုယ်သင်းရနံ့တို့ကို တလပန်း တခုပ်တရခံစားလိုက်သည်။

“ဂမုန်း”

ဂမုန်းက တလပန်းကို လှည့်ကြည့်ကာ ပြုံးပြလိုက်သည်။

သူတို့ စကားတစ်ခွန်းမျှ မပြောဖြစ်ကြပဲ တစ်ယောက်နဲ့ တစ်ယောက် စိုက်ကြည့်နေကြ၏။

“ဂမုန်း”

တလပန်း က ဂမုန်း၏ ခန္ဓာကိုယ်ကို သူ့ရင်ခွင်ထဲ ထည့်သွင်းကာ ဖက်ထားလိုက်သည်။

ထို့နောက် ဂမုန်း၏ လက်ဖဝါးကို ဆုပ်ကိုင်လိုက်ပြီးနောက် သူ့ပါးတွင် ကပ်ထားလိုက်သည်။

“ရှင်..ကျွန်မကို အကြာပြီး ပစ်သွားတယ်နော်”

တလပန်းထံမှ စကားပြန်မလာ။

ဂမုန်းက မော့ကြည့်လိုက်၏။

“ရှင်..မျက်လုံးမှာ မျက်ရည်တွေလား..မောင်”

“ဟုတ်တယ်..ဂမုန်း..မောင် အရင်က သေမှာ မကြောက်ဘူး....အခု ဂမုန်းကို ချစ်ပြီးနောက်ပိုင်းမှာ သေမှာကို သိပ်ကြောက်လာတယ်...အဲ့ဒီအားနည်းချက်နဲ့ပဲ...အခုနောက်ပိုင်း စစ်ပွဲတွေမှာ မောင် ရှုံးရတာထင်ပါရဲ့”

“မဟုတ်တာ...စစ်ဆိုတာ ဒီလိုပဲ အနိုင်အရှုံး ရှိတယ်..မဟုတ်လား..မောင်ရယ်..တချို့ကလည်း အမောင်တို့ အင်းဝကို အောင်ပွဲတွေအလီလီနဲ့ နိုင်ခဲ့ဖူးတာပဲ..မဟုတ်လား”

“အင်း..စစ်ပွဲတွေမြန်မြန်ပြီးချင်ပါပြီ...ဂမုန်း နဲ့ အမြန်လက်ထပ်ချင်ပြီ..ထီးနန်းစည်းစိမ်တွေ၊ နယ်မြေတွေ မလိုပါဘူး..သာမန်လူတစ်ယောက်လိုပဲ..ဒီဟံသာဝတီမှာ အေးအေးဆေးဆေးနေချင်ပြီ”

“ဂမုန်းတို့က သာမန်လူတွေမှ မဟုတ်ခဲ့ကြတာ...မောင်ရယ်...ဒါနဲ့..မိုးကုန်မှ စစ်ထွက်ရတော့မှာ မဟုတ်လား..အမောင်”

“မဟုတ်ဘူး..ဂမုန်း...နောက် တပတ်လောက် စစ်ပြန်ထွက်ရတော့မယ်”

“ဟင်..ပြန်ရောက်တာမှ ဘာမှ မကြာသေးပါလား.အမောင်ရယ်”

“အခု ဒဂုံမှာ သေနတ်ဝန်ငကောင်းရဲ့ တပ်တွေပါရောက်နေပြီ..မုဆိုးဖိုမင်းရဲ့ လက်ရုံးနှစ်ဖက်လို့ ပြောကြတဲ့ ငကောင်းရော၊ ငတွန်ပါ ဒဂုံမှာ ရှိနေတုန်း..မောင်တို့ တပ်ကြီးငါးတပ်နဲ့ ဝန်းရံတိုက်ကြမယ်...ငကောင်းရော၊ ငတွန်ကိုပါ မရရအောင် လက်ရဖမ်းရမယ်လို့ တပ်မှူးတွေအားလုံးကို မှာကြားထားတယ်.သူတို့မရှိရင်...မုဆိုးဖိုမင်းအောင်ဇေယျ လက်ရုံးတွေပြုတ်ပြိမဟုတ်လား”

“စစ်ပွဲအကြောင်းတွေ..ခဏ မပြောပဲ နေပါလား...အမောင်”

ဂမုန်းက တလပန်း၏ မေးစေ့မှ မုတ်ဆိတ်မွှေးများကို သူမ၏ လက်ဖြင့် ပွတ်သပ်ဆော့ကစားရင်း ပြောလိုက်သည်။

“စစ်ပွဲအကြောင်းဆိုပေမယ့်..မောင်တို့နှစ်ယောက်ရဲ့ ဘဝနဲ့လည်း သက်ဆိုင်နေတယ်မဟုတ်လား..ဂမုန်းလေးရဲ့.. ဒီပွဲနိုင်သွားတဲ့အခါ မုဆိုးဖိုသားတွေကို အထက်အညာကို အပြီးပြန်မောင်းထုတ်ကြမယ်..အဲ့ဒီအခါ..ဟံသာဝတီဟာ အရင်လို အေးချမ်းတဲ့နေ့တွေ ပြန်ရလာမယ်..ဂမုန်းနဲ့ အမောင် ကိုလည်း...ဘုရင်မင်းမြတ်က သူ့ကတိအတိုင်း ခမ်းခမ်းနားနားလက်ထပ်ပေးမှာပါ...”

စကားဆုံးသည်နှင့်..တလပန်းက ဂမုန်း၏ ပါးပြင်ကို ငုံ့ကာ နမ်းလိုက်တော့သည်။

.....

၁၇၅၅ စက်တင်ဘာလ။

လက်ျာဗိုလ်နှင့် မတ္တရာဗိုလ်ဘယ်ကျော် တို့ ဦးဆောင်သည့် ကြည်းတပ်အင်အား (၃၀၀၀၀) သည် ဒဂုံမြို့ အရှေ့မျက်နှာ၊ မြောက်မျက်နှာ၊ အနောက်မျက်နှာတို့ကို ပိတ်ဆို့ထားသည်။

တပြိုင်တည်းမှာပင် တလပန်း ဦးဆောင်သော့ တိုက်လှေကြီး (၃၅၀)၊ ဒေါစွယ်ယစက်ဦးဆောင်သည့် တိုက်လှေကြီး (၃၅၀)က ဒဂုံမြစ်တောင်ဘက် မြို့ဝင်ကူတစ်လျှောက် ရေကြောင်းမှပိတ်ဆို့သည်။

စောဖြူ ဦးဆောင်လာပြီး ပြင်သစ်တပ်မှူးများ ကွပ်ကဲသည့် အမြောက်တင်သဘော် (၇)စင်း က ဒဂုံမြို့ အရှေ့တည့်တည့်မြစ်လယ်တွင် ကျောက်ချထား၏။

ဒဂုံမြို့တွင်းရှိ တပ်များကလည်း မြို့စီး၊ပြဲစီးများတွင် သေနတ်၊ အမြောက်များ တင်ပြီး အခြေအနေကို စောင့်ကြည့်နေကြသည်။

ငါးရက်မြောက်နေ့တွင် ဟံသာဝတီဘက်မှ မြင်းတစ်စီး သည် ဒဂုံသစ်တပ်နှင့် မ နီးမဝေးသို့ ရောက်လာသည်။

“ဟံသာဝတီဗိုလ်ချုပ် သရဲသမိန်စား ဗိုလ်ချုပ်စောဗြ က စကားပါးလိုက် တယ်...မုဆိုးဖိုသား ငတွန်နဲ့ ငကောင်းတို့....နင်တို့ သူရဲကောင်းဆို..ဘာကြောင့် ထွက်မတိုက်ဝံ့ကြသလဲ၊ ယောကျ်ားကောင်း ဆို..အခု သာ ထွက်လှည့်”

ထိုအသံကို မြို့ရိုးပေါ်မှ ကင်းစစ်သည်များကြားသဖြင့် ငတွန်နှင့် ငကောင်းထံ သွားရောက် လျှောက်တင်ကြသည်။

ခဏအကြာတွင် အသံကျယ်ကျယ်ဗျို့ဟစ်သမားတစ်ဦးက မြို့ရိုးပေါ်သို့ တက် လာပြန်၏။

“စောြဗ...နင်တို့ လေမကြီးနဲ့..မနက်ဖြန် ငါတို့ ထွက်တိုက်ဖို့ အသင့်ဖြစ်နေ ပြီ..နင်တို့သာ ပြေးပေါက်ရှာထားကြ..ပြေးလည်း ဟံသာဝတီကလွဲပြီး နင်တို့မှာ ပြေးစရာမြေမရှိ..ဟံသာဝတီအထိ ငါတို့လိုက်လာမည်”

စကားစစ်ထိုးပွဲကား ရပ်တန့်သွားခဲ့ပြီ။

နောက်တစ်နေ့ နံနက်။

မင်းကျော်စည်သူဘွဲ့ခံ ခင်လတ်ဗိုလ်ငရွှေရည် အား မြင်း(၁၀၀၀) ၊ ရဲမက် (၇၀၀၀)နှင့် ဂုံတွင် အစောင့်ထားခဲ့ပြီး ငတွန်နှင့် ငကောင်း တို့က တိုက်လေ (၁၀၀)စီကို ဦးဆောင်ကာ ဒဂုံမြစ်အတွင်းသို့ စစ်စည်စစ်မောင်းများ တီးကာ ဆင်း လာကြ၏။

အသံများကြားသည်နှင့် အသင့်စောင့်နေသော ဒေါစွယ်ယစက်တက်က လက်ဝဲဘက်၊ တလပန်းတပ် က လက်ယာဘက်မှ ဝင်တိုက်၏။

ငကောင်း ၏ တပ်မှ လှေသုံးစင်းပေါ်မှ စစ်သည်များမှာ ရုတ်တရက်ရေထဲသို့ ဆင်းငုတ်သွားကြသည်။

ထိုသူတို့မှာ အထက်ချင်းတွင်းတလျှောက်၊ ရောဝတီမြစ်ကမ်းတစ်လျှောက် မှ ရေကူးရေငုတ်ကျွမ်းကျင်သူတပ်သားများဖြစ်ကြ၏။

ငတွန်နှင့် ငကောင်းတပ်တို့က ဟံသာဝတီရေတပ်များကို နှစ်ဖက်ညှပ်ခံပြီး တိုက်နေသဖြင့် ဟံသာဝတီလှေတပ်သားများမှာ အရှေ့သို့ သာ အာရုံစိုက်နေကြသည်။

ထိုအချိန်တွင် ရေငုတ်ဆင်းသွားကြသူများက အသင့်ယူလာသော ချိတ်များဖြင့် ဟံသာဝတီလှေများကို ချိတ်လိုက်ကြသည်။

ထို့နောက် ကြိုးစများကို ခါးတွင်ချည်လျှက် ကမ်းစပ်ဆီမှ အဆင့်သင့်ပြုလုပ်ထားသော ငုတ်တိုင်များဆီတွင် သွားရောက် ချည်နှောင်လိုက်ကြ၏။

အောင်မြင်ကြောင်း အချက်ပြလိုက်သည်နှင့် ငတွန်နှင့် ငကောင်း၏ လှေတပ်များမှာ ဆုတ်ခွာဟန်ပြုကြသည်။

ဟံသာဝတီတပ်မှ လှေကြီးများမှာ အရှိန်မြင့်ရန် လှော်ခတ်လိုက်ကြစဉ် ရုတ်တရက် တစုံတရာ၏ စောင့်ဆွဲထားခြင်းကို ခံလိုက်ရပြီး အချို့လှေများမှာ တိမ်းမှောက်ကုန်ကြ၏။

အချို့လှေများမှာ အချင်းချင်းတိုက်မိကြကာ ဟန်ချက်ပျက်ကုန်သည်။

ထိုအချိန်တွင်မှ ငကောင်းနှင့် ငတွန်၏ လှေတပ်များက ဟံသာဝတီလှေတပ်များထံ ပြန်လည်ကပ်လာကာ စွန့်စွန့်စားစားထိုးခုတ်ကြတော့သည်။

ဒေါစွယ်ယစက်နှင့် တလပန်း တို့လည်း လှေကြိုးများကို ခုတ်ဖြတ်ချကာ မြစ်လယ်မှ သင်္ဘော (၇)စီးထံသို့ ကူးပြေးကြ၏။

မြစ်လယ်မှ စောဖြ ၏ သင်္ဘောများကလည်း တိုက်ပွဲဖြစ်ရာသို့ အမြောက်များဖြင့် ပစ်ခတ်ကြသည်။

သို့သော် ငကောင်း၊ ငတွန်တို့၏ လှေတပ်များမှ သင်္ဘောများအနီးအထိ ချဉ်းကပ်လာပြီး သင်္ဘောဝမ်းများကို လှံရှည်များ၊ ပုဆိန်များဖြင့် ဖျက်စီးကြသဖြင့် စောဖြ၏ သင်္ဘောခုနှစ်စီး ကို ဆုတ်မိန့်ပေးရတော့၏။

ရေကြောင်းတွင် အားသာနေကြောင်း သိရသည်နှင့် ဒဂုံမြို့တွင်းမှ ငရွှေရည်၏ တပ်များက အနောက်မျက်နှာတံခါးမှ ထွက်ပြီး လက်ျာဗိုလ်နှင့် ဗိုလ်ဘယ်ကျော်တပ်များကို တိုက်ခိုက်ကြသည်။

မြို့စောင့်တပ်များတွင် သေနတ်ပစ်ကျွမ်းကျင်သော အရှေ့အိန္ဒိယအင်္ဂလိပ်ကုမ္ပဏီမှပေးထားသည့် အာဖရိကန်တပ်စိတ်နှစ်စိတ်က ရှေ့မှ ပစ်ခတ်

ပြီး..မြဲင်းသည်များက ဘေးမှ ဝင်ရောက်တိုက်ခိုက်ကြဲသဖြင့် ဗိုလ်ဘယ်ကျော်တပ် ပျက်လေသည်။

လက်ျာဗိုလ်၏ တပ်များသာ ကျန်ရှိပြီး ခုခံကြသော်လည်း..ရေကြောင်းမှ ပြန်ဆုတ်လာသည် သေနတ်ဝန်ငကောင်း တပ်များက ဝိုင်းရံလာသဖြင့် လက်ျာဗိုလ်တပ်ပါ ဆုတ်ခွာသွားကြရ၏။

ထိုတိုက်ပွဲတွင် သဘော် (၇)စီးရှိသော ဟံသာဝတီတပ်များကို လှေများသာ ရှိသည့် ရွှေဘိုတပ်များက အောင်မြင်လိုက်သဖြင့် ဟံသာဝတီဗိုလ်ချုပ်များမှာ စိတ်ဓာတ်များကျဆင်းလျက် ဆုတ်ခွာလာခဲ့ကြသည်။

.....
.....

“သံလျက်စွန်းကင်းဝမှာ မသက််စရာ လောင်းလှေငယ်တစ်စီး တွေ့လို့...ဖမ်းစီးလာပါတယ်..သန်လျင်ဘက်က လာတာလို့ သိရကြောင်းပါ..ဘုရား”

ညဉ့်နက်သန်းခေါင် ရောက်လာသော ဒဂုံမြို့စောင့်တပ်မှ ငရွှေရည် ထံသို့ ကင်းတပ်ဗိုလ်မှူးက လျှောက်တင်လိုက်သည်။

နဘေးတွင် ဗိုလ်ချုပ်ငတွန်နှင့် သေနတ်ဝန်ငကောင်း တို့ အတူရှိနေကြ၏။

“လှေပေါ်မှာ လူဘယ်နှစ်ယောက်ပါလဲ”

“ယောကျ်ားငယ်တစ်ယောက်၊ မိန်းမငယ်တစ်ယောက်နဲ့ လှေသမားရယ်ပဲ..ပါပါတယ်..လက်နက်ဆိုလို့ ဆောင်ခါးတစ်လက်ပဲ သိမ်းမိပါတယ်”

“ဟေ..ဒီလောက်စစ်ပွဲကြီးထဲ... အထူးအဆန်းပါလား...ကဲ..ငါတို့ လိုက်ကြည့်ဦးမှပဲ”

ဆိပ်ကမ်းကင်းဆီသို့ တပ်မှူးသုံးယောက် ဆင်းလာခဲ့ကြသည်။

ဖမ်းဆီးရမိထားသော သူများကို ထိပ်တုံးတွင် ထည့်ထားကြ၏။

“သူတို့လား”

“ဟုတ်ပါတယ်..ဗိုလ်မင်း”

“မင်းတို့ ဘယ်သူတွေလဲ..ဘယ်ကလာကြတာလဲ”

ဖမ်းခံရထားသူများက သူတို့ကို မော့ကြည့်လိုက်ကြ၏။

“ကျွန်တော်တို့ ရည်းစားတွေပါ...သန်လျင်က နေ ထွက်ပြေးလာကြတာပါ”

“သန်လျင်ကနေ ဘယ်ကို ထွက်ပြေးကြတာတုန်း”

“ဘယ်ရယ်လို့ မဟုတ်ပါဘူး..ကျွန်တော်တို့ ချစ်ခြင်းကို မခွဲကြမယ့်နေရာကိုပါ”

“မင်း..လေသံကို ငါသတိထားမိတယ်...မင်း အင်းဝနန်းတွင်းက မဟုတ်လား”

ငတွန်၏ အမေးကြောင့် လူငယ်က မျက်စိမျက်နှာပျက်သွား၏။

“မှန်မှန်ဖြေ..မင်းပုံစံက...မင်းညီမင်းသားပုံစံပဲ”

“ဟုတ်ပါတယ်...ကျွန်တော် မင်းသားမောင်မင်းပါ...အင်းဝဘုရင်တနင်္ဂနွေမင်းနဲ့ ကသည်းမင်းသမီးကြီး နီလာခမ်းတို့ရဲ့သားအငယ်ပါ”

တပ်မှူးသုံးဦး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

“ဒါဆို...ဒီဘက်ဘေးက မင်းသား ရဲ့ရည်းစားပေါ့”

ငတွန်က မင်းသားမောင်မင်း၏ ရှေ့တည့်တည့်တွင် မုဆိုးဒူးထောက် ထိုင်ကာ မေးလိုက်သည်။

မင်းသားဘေးမှ အမျိုးသမီးငယ်ကို ကြည့်ကာ ငတွန်က မျက်မှောင်ကြုံ့လိုက်၏။

“ဒီကလေးမ မျက်နှာကိုလည်း ကျုပ်..တစ်နေရာရာမှာ မြင်ဖူးနေတယ်...မင်း..အမေ..ဘယ်သူလဲ..ကလေးမ”

“ကျွန်မ အမေက သန်လျင်က ကုန်သည်တော်ကြီးလွိဇာ”

“ဟင်”

ငတွန်မှာ မုဆိုးဒူးထောက်ထိုင်နေရာမှ ဖင်ထိုင်လျက် ကျသွား၏။

ငကောင်းက ငတွန်၏ ပုခုံးကို ဆုပ်ကိုင်လိုက်သည်။

“ကိုတွန်..ကလေးတွေကို ထိပ်တုံးဖြုတ်ပေးဖို့ လိုပြီထင်ရဲ့”

အခန်း (၃၆)

အညာစောင်ထူထူကို ခြုံလျက် ရေနွေးပူပူကို မှုတ်သောက်နေသော မယ်စော ကို ငတွန်က သေချာကြည့်ပြီး ပြုံးလိုက်သည်။

“ဟူး..တော်သေးတာပေါ့..မင်းက နားလဲရဲ့သမီးကို..ဒါကြောင့် ဦးရီး လွီဇာနဲ့ နောက်ဆုံးတွေ့ခဲ့အချိန်ထိ လွီဇာမှာ အိမ်ထောင်မှ မရှိသေးတာလို့ တွေးနေတာ....အင်းလေ..နားလဲ နဲ့ လွီဇာ ဆိုတာ ညီအစ်မတွေလို ချစ်ခင်ခဲ့ကြတာပဲ...လွီဇာ ရဲ့သမီးဆိုလည်း ဟုတ်ပါတယ်လေ”

“ဟုတ်ပါတယ်...အမေနားလဲ က ဘကြီးတော်ဂုဏ္ဍာအိမ်ဆီကို ဆိုပြီး ထွက်သွားတာ..အခုအချိန်အထိ ပြန်မလာပါဘူး..ဦးရီးရယ်”

မယ်စော စကားကြောင့် ငတွန်က ခေါင်းငုံ့ကာ သက်ပြင်းချလိုက်၏။

“မင်းအမေ...တိုက်ပွဲမှာ ကျသွားပြီ..သမီး..ဦးရီး မျက်စိရှေ့မှာတင် ဆုံးသွားခဲ့တာ.”

“ဦးရီးတကယ်ပြောတာလားဟင်”

“ဟုတ်တယ်...သမီး...မင်းအမေက သူ့အမျိုးအနွယ်အတွက် သူရဲကောင်းဆန်ဆန်ကျဆုံးသွားခဲ့တာ..ဒါကြောင့် ဦးရီးတို့လည်း သေချာစွာ သင်္ဂြိုလ်ပေးလိုက်ပါတယ်”

“အမေနားလဲကို...ဦးရီးတို့ သတ်လိုက်တာလားဟင်”

“စစ်ဖြစ်နေခဲ့တာ...သမီး..တစ်ဖက်နဲ့တစ်ဖက်စစ်ပွဲဖြစ်နေခဲ့တာ..ဦးရီးရောက်သွားတော့..သူ ဒဏ်ရာတွေအတော်ရနေပြီ...သူ့အသက်ကို မကယ်နိုင်တော့ဘူး...ဘာပဲဖြစ်ဖြစ်...သမီးမှာ အမေလွီဇာရှိသလို..ဦးရီးကလည်း သမီးကို ကိုယ့်သမီးအရင်းလေးလို စောင့်ရှောက်မှာပါ..မင်းတို့ ကို ရွှေဘိုကို ပို့ပေးမယ်...ဟိုမှာ နေရေးထိုင်ရေးအားလုံးစီစဉ်ပေးမယ်...မကြာခင် အလောင်းဘုရားလည်း ဒဂုံကို ဆင်းလာတော့မှာပါ.အဲ့ဒီကျ မင်းသားမောင်မင်းကိုလည်း အလောင်းဘုရားဆီ အပ်နှံပေးပါမယ်.. အင်းဝဘုရင်ရဲ့သွေးသားဆိုတော့..အလောင်းဘုရားက ချီးမြှောက်မှာပါ...ကဲ..ဒီညတော့ ဒီတဲနန်းမှာပဲ အိပ်ကြတော့..ဦးရီး က သေနတ်ဝန်တဲမှာ သွားအိပ်လိုက်မယ်”

ငတွန်က မောင်မင်းနှင့် မယ်စော တို့ကို နှုတ်ဆက်ကာ ထသွား၏။

မောင်မင်းက မယ်စော၏ နဘေးသို့ ကပ်လိုက်သည်။

“ဒီအချိန်လို အမေလွှဲဇာတော့...အစောကို စိတ်တအားဆိုးနေမှာပဲနော်”

“ဒီလိုမှ အစောကို အကိုခေါ်မပြေးဘူးဆိုရင်လည်း..အစောကို သူတို့က တနည်းရီအထိပိုပစ်ကြမှာမဟုတ်လား..အဲ့ဒီကျ နှစ်ယောက်လုံး ရင်ကွဲနာကျရမှာ...အစော”

“အင်းလေ..အစောတို့တော့ ဘာတွေဆက်ဖြစ်ကြဦးမလဲမသိဘူး..အကိုရယ်”

“ကဲ..အစောအိပ်ချင်ပြီလား”

“ဟင်အင်း..အိပ်လို့လည်း ပျော်မယ်မထင်ပါဘူးလေ”

“အဲ့ဒါဆိုလည်း အကို တံခါးထပိတ်လိုက်မယ်နော်”

ဟောင်းလောင်းပွင့်နေသော တံခါးမှ မိုးသက်လေတစ်ချက်က ဝှေ့ကနဲ တိုက်သွား၏။

မောင်မင်းက တက်ကြွသော ခြေလှမ်းများက တံခါးပိတ်ရန် အလျင်အမြန်ထလိုက်သည်။

.....
.....

လက်ျာဗိုလ် ၏ ပုခုံးမှ ဒဏ်ရာကို ဖာသာနာရေနီက ပတ်တီးစီးပေးနေ၏။

“မြတ်ဝါတို့ အဆင်ပြေပြေမှ ဟိုကို ရောက်သွားရဲ့လားမသိဘူး”

“ဘရာသာအန်ဂျလိုပါသွားတာပဲ..ပြီးရင် ငလှေးနဲ့ မယ်ဖူးကလည်း..ဟိုမှာ သူ့ကို စောင့်ရှောက်ကြမှာပါ..သိပ်လည်း စိတ်မပူပါနဲ့..လုလင်ကြီး”

“ကျုပ်..ပင်ပန်းလှပြီ..ရေနီ..ဒီစစ်ပွဲမှာ ဘယ်ဘက်ကပဲနိုင်နိုင်..ကျုပ် အသက်ရှင်အောင်တော့ ကြိုးစားရမှာပဲ..မြတ်ဝါနဲ့ သူမွေးလာတဲ့ကလေးက ကျုပ်ရှိနေမှဖြစ်မယ်”

ထိုအချိန်တွင် အပြင်ဘက်မှ လွှဲဇာ ဝင်လာ၏။

“ဘယ်နှယ့်လဲ..လွိဇာ..သူတို့ ဟံသာဝတီကို ရောက်ကြဲပြီတဲ့လား”

ဖာသာနာရေနီ၏ အမေးကို လွိဇာက ခေါင်းခါလိုက်သည်။

“ဟံသာဝတီကိုလည်း သူတို့ရောက်မသွားတာသေချာတယ်..ဖာသာ...ဒီတိုင်းဆို..မြစ်ကြောင်းအတိုင်း ပြေးကြတာဆိုရင်တော့..ဒဂုံက ကင်းတပ်နဲ့ တွေ့ပြီး...တစ်ခုခုဖြစ်မှာစိုးရိမ်တယ်”

လွိဇာက စိတ်ဓာတ်ကျစွာဖြင့် ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။

“သူတို့က ကလေးသာသာတွေပါပဲ...ဒဂုံက ရွှေဘိုတပ်တွေက ဖမ်းမိရင်တောင် ရန်ရှာကြမယ်တော့မထင်ပါဘူး.. ပြီးတော့ မင်းသားမောင်မင်း က အင်းဝဘုရင့် သွေးသားမဟုတ်လား..သူတို့ဘေးကင်းမှာပါ..လွိဇာ”

ဖာသာနာရေနီ က လွိဇာကို နှစ်သိမ့်လိုက်သည်။

“ကျွန်မ နားလဲအပေါ်တာဝန်မကျေခဲ့ဘူး..သူ့သမီးကို ကျွန်မ မစောင့်ရှောက်နိုင်ခဲ့ဘူး..ဖာသာ”

“ဘယ်တတ်နိုင်ပါ့မလဲ..လွိဇာရယ်...သူတို့က ခိုးကြောင်ခိုးဝှက်ထွက်ပြေးသွားကြတာပဲကိုး”

“ဒီလိုမှန်းသိရင်...သူ့ကို တနင်္သာရီလိုက်သွားရမယ်လို့..ကျွန်မ မပြောခဲ့ပါဘူး..မကြာခင် ဖြစ်လာမယ့်စစ်ပွဲမှာ ဒီကလေး ကို အန္တရာရုံတွေ့ ထပ်မြင်ရမှာစိုးလို့..သူ့အမေလို စိတ်ဒဏ်ရာတွေရမှာစိုးလို့သာ..တနင်္သာရီပို့ဖို့ ကျွန်မ ဆုံးဖြတ်ခဲ့မိတာပါ..အခုတော့”

လွိဇာ၏ အသံတွင် ငိုသံတို့ ရောယှက်လာသည်။

ဖာသာနာရေနီက လက်ျာဗိုလ်နားမှ ထလာပြီး လွိဇာနဘေးတွင် ထိုင်လိုက်၏။

“ဘုရားသခင်က ဒီကလေးနှစ်ယောက်ကို စောင့်ရှောက်ပေးမှာပါ..လွိဇာ..ကျုပ်လည်း ဘုရားဆုတောင်းတိုင်း သူတို့ ကို ထည့်ဆုတောင်းပေးပါတယ်”

.....
.....

၁၇၅၅ စက်တင်ဘာလ ၁၇ ရက်။ ရတနာသိန်ရွှေဘိုမြို့တော် ။ ညနေ လေးနာရီ။

နန်းမြို့ရှိသို့ တည့်တည့်မတ်မတ်ဖောက်ထားပြီး ညီညာသန့်ရှင်းသည့်လမ်းကြီး။

ထိုလမ်းကြီး တစ်ဖက်တစ်ချက်စီတွင် အမြောက်အလက် (၂၀၀)ကို မျက်နှာချင်းဆိုင် စီတန်းထား၏။

အတွင်းနန်းတော် တံခါးဝရောက်သည်နှင့် အတူပါလာသော မြန်မာအရာရှိက စကားပြန် တော့ပေလိုကို တစ်စုံတစ်ခုပြောလိုက်၏။

တော့ပေလိုက မဟာမိတ်စာချုပ် ချုပ်ဆိုရန် ရောက်ရှိလာကြသည့် အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီသံတမန်များဖြစ်သည့် ကပ္ပတိန်ကျော့ဘောကာ နှင့် လက်ဖတင်နင် ဂျွန်နော့သ်တို့ ဘက်သို့ လှည့်လိုက်သည်။

“လူကြီးမင်းများခင်ဗျား..မြန်မာအရာရှိ က ဓလေ့ထုံးစံအရ နန်းတော်ကို ဦးသုံးကြိမ်ချပြီးမှဝင်လို့ရမှာဖြစ်ကြောင်းနဲ့ ဓလေ့ထုံးစံများကို လိုက်နာပေးရန် တောင်းဆိုနေပါတယ်”

“ငါတို့က ဘာလုပ်ရမှာလဲ..တော့ပေလို”

ကျော့ဘောကာက နားမလည်ဟန်ဖြင့် ပြန်မေးလိုက်သည်။

“ဗုဒ္ဓဘာသာတွေ ဘုရားရှိခိုးတဲ့ပုံစံမျိုး..သုံးကြိမ်ပြုလုပ်ရမှာပါ..ကျွန်တော်နဲ့ မြန်မာအရာရှိတွေ ရှေ့က လုပ်ပြတဲ့ အတိုင်း လုပ်ကြပါ”

အရာရှိများနှင့် တော့ပေလိုက မြေပြောင်ပြောင်တင် ဒူးထောက်ကာ ဦးသုံးကြိမ်ချလိုက်သဖြင့် အင်္ဂလိပ်သံများက လိုက်လုပ်ကြသည်။

ဟိုင်းကြီးကျွန်းအရေးအခင်းပြီးသည့်နောက် အင်္ဂလိပ်တို့သည့် အလောင်းဘုရားအင်အားစုနှင့် မဖြစ်မနေ စာချုပ် ချုပ်ဆို ရတော့မည်ဟု ဆုံးဖြတ်လိုက်ကြသည်။

ထို့ကြောင့် ကျော့ဘောကာဦးဆောင်သော အဖွဲ့ကို ဒဂုံသို့ လွှတ်လိုက်၏။ ထိုအဖွဲ့ ရောက်ရှိချိန်တွင် အလောင်းဘုရားဘုရင်မှာ ရွှေဘိုသို့ ပြန်သွားချိန်ဖြစ်သည်။

ထို့ကြောင့် ဒဂုံမြစ်ထဲတွင် ကျောက်ချဆိုက်ကပ်ထားစဉ်..ဟံသာဝတီ၊ပြင်သစ် သဘော်များကို ရွှေဘိုလှေတပ်မှူးက ပြန်လည်ချေမှုန်းလိုက်သည့် တိုက်ပွဲကို အင်္ဂလိပ်ကိုယ်စားလှယ်များ မြင်တွေ့ခဲ့ရသည်။

ထိုသို့မြင်တွေ့ပြီးသည့်နောက် အလောင်းဘုရားဘုရင်ရှိရာ ရွှေဘိုသို့ မဖြစ်မနေ သွားရောက်ပြီး စာချုပ်ချုပ်ဆိုရန် ဆုံးဖြတ်လိုက်ကြခြင်းဖြစ်၏။

အင်္ဂလိပ်သံကိုယ်စားလှယ်အဖွဲ့၏ အနောက်တွင် ရွှေဘိုနန်းတွင်းအမှုထမ်း (၁၂)ဦးက မဒရပ်ဘုရင်ခံ၏ လက်ဆောင်များကို သယ်ယူလာကြသည်။

ယမ်း(၄)သေတ္တာ၊ အမြောက်ကျည်စေ့(၈၀)၊ သေနတ် (၄)လက်၊ မှန်ဘီလူး (၁)လက်၊ ရေမွှေး(၆)ပုလင်း နှင့် မဒရပ်ဘုရင်ခံ၏ ချစ်ကြည်ရေးသဝဏ်လွှာ တို့ ပါရှိလာသည်။

အင်းဝ၊ ကျောက်မြောင်းဆိပ်ကမ်းတွင်လည်း အလောင်းဘုရားအား ဆက်သရန် ဆယ့်နှစ်ပေါင်းကျည်ဝင် သံအမြောက် (၁)လက်၊ ကိုးပေါင်ကျည်ဝင်အသံ အမြောက် (၃)လက် ကို ကမ်းသို့ ချထားပြီးဖြစ်သည်။

နန်းမြို့ရိုးထဲသို့ ဝင်လိုက်သည်နှင့် စနစ်တကျစီတန်းရပ်ကာ စစ်ရေးပြနေသော စစ်သားများကို တွေ့ရသည်။

စစ်သားများနောက်တွင် မြင်းတပ်၊ ဆင်တပ်များက ဝင်းပုံစံခင်းကာ ကြိုဆိုနေကြ၏။

စစ်ရေးပြအခင်းအကျင်းကို ကျော်လွန်ပြီးသည့်အခါ ဘုရင့်သေနတ်ကိုင်တပ်မှ ပေါ်တူဂီလူမျိုး စစ်ဗိုလ်တစ်ဦးက ခါးကို ဝုံလျက် အလေးပြုကြိုဆိုလိုက်သည်။

ဘဲန္ဒတ်သီးဦးထုတ်ဆောင်း ဘောင်းဘီဝတ် ပေါ်တူဂီလူမျိုး သေနတ်ကိုင်စစ်သား နှစ်ဆယ်က အင်္ဂလိပ်သံအဖွဲ့ကို ဦးဆောင်ကာ နန်းတော်လှေကားရင်းသို့ ခြံရံခေါ်ဆောင်သွားသည်။

နန်းတော်လှေကားသို့ မရောက်မီ လမ်းမတစ်ဖက်တစ်ချက်တွင် ကခြေသည်များ၊ ဆိုင်းဝိုင်းများက ဖျော်ဖြေပေးလျက်ရှိ၏။

ကပ္ပတိန်ဂျော့ဘောကာ နှင့် လက်ဖတင်နင် ဂျွန်နော့သ်တို့မှာ ထိုမြင်ကွင်းများကို မခံစားနိုင်အား။

အင်းဝကျဆုံးပြီးနောက် ပြန်လည်အင်အားကြီးထွားလာသည့် ရွှေဘိုဘုရင်အသစ်နှင့်တွေ့ရမည့်အရေးကို ကြိုတွေးကာ စိတ်လှုပ်ရှားနေကြသည်။

လှေကားရင်းသို့ ရောက်သည်နှင့် အလောင်းဘုရား၏ နန်းမတော်အတွင်းဝန် အာမေးနီးယန်းလူမျိုး ဂရီဂိုရီက စောင့်ကြိုနေ၏။

“သံတမန်များ ဝင်ရောက်ခစားဖို့ မင်းတရားကြီး က သနားတော်မူပါတယ်၊ ခြေတော်ရင်းကို ဝင်ရောက်ခစားသည့်အခါ ကိုယ်ကို ကိုင်းလျက် ခေါင်းကို ငုံ့ကာ ဝင်

ရပါမယ်၊ ခစားရမယ့် နေရာကို ရောက်ရင်..ဒူးထောက်ပြီး ရှိခိုးဦးတိုက်ရပါမယ်..မော်ဖူးစေ အခွင့်မရှိမခြင်း..ဘုရင်မင်းမြတ်အား..မော့ကြည့်ခွင့်မရှိပါ..သံတမန်ကြီးများအနေဖြင့် နန်းတော်၏ ဓလေ့ထုံးစံကို လေးစားမည်ဟု ယုံကြည်ပါတယ်”

ဂရိဂိုရိက အင်္ဂလိပ်ဘာသာဖြင့် ပြောလိုက်သည်။ ထို့နောက် စကားပြန်တော့ပေလိုမှာ နန်းရင်ပြင်သို့ တက်ခွင့်မရပဲ လှေကားရင်းတွင်ပင် နေခဲ့ရ၏။

ဂရိဂိုရိက ဦးဆောင်ကာ သံတမန်များကို ခေါ်ဆောင်သွားသည်။

လှေကားအဆုံးရောက်သည် နှင့် ကြီးမားသော ပလ္လင်ကြီးနှင့်အတူ မူးမတ်၊ စစ်သူကြီးများ ခစားနေသည့် နန်းရင်ပြင်ကြီးကို တွေ့လိုက်ရသည်။

ပလ္လင်ပေါ်တွင် အလောင်းဘုရားဦးအောင်ဇေယျက ထိုင်လျက်။

ပလ္လင်ခြေရင်းရှိ သလွန်များပေါ်တွင် သားတော်ကြီးဒီပဲရင်းမင်းသားမောင်လောက် နှင့် သားတော်လတ် မြေဒူးမင်းသာမောင်ရွှ တို့က ခစားလျက်ရှိကြသည်။

တော့ပေလို၏ စကားကြောင့် အင်္ဂလိပ်အရာရှိနှစ်ဦးမှာ ရှေ့တွင်ရှိနေသော ဘုရင်ကို ဒူးထောက်ရှိခိုးလိုက်ကြ၏။

“မော်ဖူးစေ”

ဂရိဂိုရိက ဘာသာပြန်ပေးလိုက်သည့်နောက်..ဂျော့ဘောကာက ပလ္လင်ပေါ် ရှိ ပုဂ္ဂိုလ်ကို မော့ကြည့်လိုက်သည်။

ကျယ်ဝန်းသောနဖူး၊ ခန္ဓာကိုယ်ချပ်ချပ်ရပ်ရပ်ဖြင့် ထိုပုဂ္ဂိုလ်က အောင်ဇေယျ (ခေါ်) အလောင်းဘုရား။

သာမန်ရွာသူကြီးငယ်ဘဝမှ နိုင်ငံအသစ်တစ်ခုကို စုစည်းထူထောင်ခဲ့သူ။

အလောင်းဘုရားက ဂျော့ဘောကာကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

ထို့နောက် ကျကျေနပ်နပ်ကြီး ပြုံးပြလိုက်တော့၏။

.....
.....

“ဤကဲ့သို့ ပြုပါမူ..အလွန်တန်ခိုးအာဏာကြီးသော..အရှေ့အိန္ဒိယကုမ္မဏီနှင့် မဟာမိတ်ဖြစ်လာပါက ကုမ္မဏီက အရှင်မင်းကြီး ထီးနန်းစည်းစိမ်ကို လည်းကောင်း၊ ပြည်တွင်းပြည်ပရန်များကိုလည်းကောင်း ကာကွယ်စောင့်ရှောက်ပေးပါမည်”

အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္မဏီ ၏ သံတမန်လျှောက်စာကို ဖတ်နေသော အတွင်းဝန်ဂရီဂိုရီက ထို့စာပို့ဒ်အရောက်တွင် ရယ်သံများထွက်ပေါ်လာသဖြင့် ဖတ်လက်စကို ရပ်တန့်လိုက်၏။

ပလ္လင်ပေါ်တွင် ထိုင်နေသော အလောင်းဘုရားဘုရင်က ရယ်မောလိုက်သည်နှင့် နန်းရင်ပြင်တစ်ခုလုံးကလည်း လိုက်လံ ရယ်မောကြသည်။

“ရယ်ဖို့ကောင်းပ..သူတို့ကို ပြောလိုက်ပါဦး..ငါကိုယ်တော်က သူတို့ကို အကူအညီတောင်းနေလို့လား..သူတို့ အကူအညီကို ငါကိုယ်တော်က လိုနေလို့လား...ဒီနိုင်ငံ၊ ဒီမြို့တော်ကို သုံးနှစ်ထဲနဲ့ ငါတို့ ထူထောင်လာခဲ့တာ.. အမြောက်တွေ၊ သေနတ်တွေ အများကြီးနဲ့ ထူထောင်ခဲ့တာမဟုတ်၊ အင်းဝကို ဖျက်စီးခဲ့ပြီး အင်းဝဘုရင်ကို ဖမ်းသွားတဲ့ ဟံသာဝတီသားတွေကိုပင် တင်ကျည်းတုတ်နဲ့ ရင်ဆိုင်ရခဲ့တာပ၊ ရွှေလမ္းငါကိုယ်တော်တိုင် ဒဂုံကို စုန်ဆင်းပြီး ဟံသာဝတီကို အပြီးသိမ်းဖို့ ပြင်ဆင်နေပြီ၊ ပြီးရင်..ဟံသာဝတီကို ကူညီနေပြီး ကတိစကား မတည်တဲ့ ပြင်သစ်လူရွှပ် ဘရူနို့ ကို ရှာပြီး ကွပ်မျက်မှာဖြစ်တယ်၊ ငါ့ရန်သူတွေကို ဒီလိုမျိုး ချေမှုန်းပစ်မယ်”

အလောင်းဘုရားက သူ၏ လက်ဝါးတစ်ဖက်ကို ကျန်လက်ဝါးတစ်ဖက်ဖြင့် ချေဖျက်မည့်ပုံ လုပ်ပြလိုက်၏။

.....
.....

စက်တင်ဘာ ၁၈ ရက်နေ့၊ မဟာမိတ်စာချုပ်မူကြမ်းကို ဘာသာ ပြန်ဆိုပြီး သော်လည်း ဘုရင်က သံတမန်များအား အတွေ့မခံတော့ပေ။

နန်းမတော်အတွင်းဝန် ဂရီဂိုရီမှ တဆင့်သာ ဆက်သွင်းစေရသည်။

ထို့နောက် ဂရီဂိုရီမှ တဆင့် စာချုပ်ပါ အချက်အလက်များအနက်မှာလက်ဆောင်ပဏ္ဏာများ ဆက်သမည့် ဆိုရာတွင် အခြားအထည်အလိပ်၊ အသုံးအဆောင်များ မပေးစေလိုပဲ နှစ်စဉ် သေနတ်အလက် (၁၀၀၀)၊ အမြောက် (၂၀)လက် တို့ ကို လိုချင်ကြောင်း၊ ထိုလက်နက်များပေးပါက ဟိုင်းကြီးကျွန်းနှင့် ပုသိမ်ဆိပ်ကမ်း

တွင် နေထိုင်ခွင့် ပြုပုံမည်ဖြစ်ပြီး ဒဂုံတွင်လည်း နေရာတစ်နေရာပေးမည် ဖြစ်ကြောင်း ညှိနှိုင်းခဲ့သည်။

ဂျော့ဘောကာတို့ဘက်မှာလည်း သေနတ်(၇၅)လက်နှင့် အမြောက် (၆)လက်သာ ပေးနိုင်ကြောင်း ဈေးပြန်ဆစ်၏။

စက်တင်ဘာ (၂၁) ရက်များတွင် အလောင်းဘုရားဘုရင်အား တွေ့ရန် ဘောကာ အား နန်းတော်သို့ ဆင့်ဆိုခဲ့သဖြင့် နန်းတော်တွင် သွားစောင့်နေခဲ့သော်လည်း ဘုရင်က ထွက်မတွေ့ခဲ့။

စက်တင်ဘာ (၂၂)တွင် မူ တွေ့ဆုံခွင့်ရခဲ့၏။

အလောင်းဘုရာအနေဖြင့် အင်္ဂလိပ်တို့ဘက်မှ လက်နက်ပေးနိုင်မှုအပေါ်ကို ကြည့်ကာ ဟိုင်းကြီးကျွန်းနှင့် ပုသိမ်ကိစ္စကို ဆုံးဖြတ်မည်ဖြစ်ကြောင်း အဖြေသာ ထွက်ခဲ့သည်။

နောက်နေ့ နံနက်တွင်မူ အလောင်းဘုရားဘုရင်သည် အရှေ့အိန္ဒိယကုမ္ပဏီ အကြီးအကဲ မစ္စတာဘရုတ် ထံသို့ ရာဇသံတစ်စောင် ရေးပေးခဲ့သည်။ သို့သော် ဟိုင်းကြီးကျွန်း၊ ပုသိမ်ကိစ္စနှင့်ပတ်သက်ပြီး တိတိကျကျ အဖြေ များ မပါရှိလာခဲ့။

.....
....

စက်တင်ဘာ (၂၃) ရက်၊ နံနက် ၉ နာရီ။

အနောက်ဆောင်တော်သို့ ရှင်ဘုရင်ဝင်လာပြီဖြစ်သဖြင့် မိန်းမစိုးများ၊ အပျိုတော် များအားလုံး..လက်အုပ်ချီလျက် ဝပ်တွားနေကြသည်။

ဘုရင်က အဆောင်တစ်ခုဆီသို့ ဦးတည်သွား၏။

ခပ်ဟဟဖြစ်နေသော အဆောင်တံခါးကို တွန်းဖွင့်လိုက်သည်။

တံခါးဝတွင်ရှိနေသာ မိန်းမစိုးများက ပြားပြားဝပ်လျက် ခစားလိုက်ကြ၏။

ရှင်ဘုရင်သည် ရှေ့တည့်တည့်ရှိ ညောင်စောင်းရှိရာသို့ သာ ဦးတည်သွားသည်။

ညောင်စောင်းပေါ်တွင် လှဲလျောင်းနေသော အမျိုးသမီးတစ်ဦး။

ဖြဲ့ဖျော့နေသော သူမက မျက်လုံးများကို မှိတ်ကာ အသက်ကို ခပ်ပြဲပြဲင်းရှူနေ၏။

အနီးတွင်ရှိနေသော အမျိုးသမီးဆေးသမားတော်များကအနားမှ ဖယ်ပေးလိုက်ကြသည်။

ရှင်ဘုရင်က ညောင်စောင်းဘေးတွင် ဒူးထောက်ထိုင်ရန် ပြင်လိုက်၏။

“မသင့်တော်ပါဘူး..ဘုရား”

အနီးရှိ အပျိုတော်ကြီးက ကတ္တီပါခုံငယ်တစ်ခုကို ချပေးလိုက်သည်။

ရှင်ဘုရင်က..အမျိုးသမီး၏ နဖူးပေါ်မှ ဆံပင်များကို သပ်တင်ပေးလိုက်၏။

အမျိုးသမီးထံမှ အသံတိုးတိုးလေးထွက်ပေါ်လာသည်။

“ဘုန်းတော်ကြီးဘုရားလား”

“ဟုတ်တယ်..ကိုယ်တော်ပါ..ရှင်ရွှေငယ်”

ရှင်မိငယ်၏ လက်က ကယောင်ကတမ်းဖြင့် လိုက်စမ်းသည်။ အောင်ဇေယျက ရှင်မိငယ်၏ ပိန်လှီနေသောလက်ဖျံကို ဆုပ်ကိုင်လိုက်သည်။

ထို့နောက် လက်ဖဝါးဖြူဖျော့ဖျော့လေးကို ခပ်တင်းတင်းဆုပ်ကိုင်ထားလိုက်၏။

မျက်လုံးတို့ ဖြည်းညင်းစွာပွင့်လာသည်။

“အလုပ်တွေများနေတာ..ဘာလို့ ကိုယ်တော်တိုင်ကြွလာရတာလဲ..ဘုရား”

“နှမတော်...ဝေဒနာက ပြင်းထန်နေတယ်ဆိုမှတော့..ကိုယ်တော်က ဘာလုပ်နိုင်တော့မှာလဲ..မိငယ်”

ရှင်မိငယ်၏ နှုတ်ခမ်းတို့က ဖြေးညှင်းစွာပြုံးလိုက်၏။

အဆုတ်နာရောဂါက ရှင်မိငယ်၏ တချိန်ကရှိခဲ့သော လှပမှု၊ နုပျိုမှု၊ ထက်မြတ်မှုတို့ကို တဖြည်းဖြည်း ယူဆောင်နေခဲ့ပြီဖြစ်သည်။

“သမီးတော်ရော”

“ရှိပါတယ်..ခမည်းတော်”

အနီးတွင် ခစားနေသော ရှင်ညိုမြ က လက်အုပ်ချီလျက် အနားသို့ ကပ်လာ၏။

ရှင်ညိုမြ သည် တချိန်က အောင်ဇေယျ၏ မဟာနှဖူးနှင့် မိခင်ဖြစ်သူ၏ မျက်နှာပေါက်သို့ ပေါင်းစပ်ထားသဖြင့် မဟာဆန်ဆန်လှပသော မင်းသမီး တစ်ပါးဖြစ်နေပေပြီ။

“မယ်ဘုရားကို...သေချာ ဂရုစိုက်ကြရဲ့လား”

“ဂရုစိုက်ကြပါတယ်...နောင်တော်မြေဒူးမင်းသားလည်း မကြာခဏလာကြည့်ပြီး..အောက်ပြည်ဖြစ် ဌက်သိုက် တွေ အားရှိစာတွေ ပို့ပို့ပေးပါတယ်”

“အင်း..မောင်ရွ ကတော့...သူ့အမိလေး ကို အမေအရင်းလို သံယောဇဉ်ရှိရှာတာပဲ...ကဲ..သမီးရော.သားရောက ဂရုစိုက်နေကြတယ်နော်..နှမတော်....ကိုယ်တော်လည်း မကြာမကြာလာကြည့်ပါမယ့်..အားမငယ်နဲ့..ဟုတ်လား”

ထိုအချိန်တွင် မိန်းမစိုးတစ်ဦးက အောင်ဇေယျရှေ့သို့ ဒူးထောက်ဝပ်တွားဝင်လာပြီး ရှိခိုးလိုက်သည်။

“ဟဲ့..ဘာလဲ”

“နန်းမတော်ဝန် ရောက်နေကြောင်းပါ...အင်္ဂလိပ်သံတမန် ကပ်ပီတန်နှင့်အဖွဲ့နှင့် တွေ့ဆုံရန် အချိန်ကျပါပြီတဲ့..ဘုရား”
“မတွေ့တော့ဘူးလို့ ပြောလိုက်..ဒီမှာ ငါ့ မိဖုရားမကျွန်းမာလို့ ငါစိတ်ထဲလည်း သိပ်မကြည်လှဘူး...နောက်နေ့မှ အခစားဝင်လို့ ပြောချေ”

အောင်ဇေယျ၏ အသံက တင်းမာသွားသဖြင့် မိန်းမစိုးကြီးက ကြောက်ကြောက်လန့်လန့်ဖြင့် ပြန်ထွက်သွား၏။

“ကိုယ်တော်ကြီးဘုရား..အဟွတ်..အဟွတ်”

အပျိုတော်တစ်ဦးက ထွေးခံကို ယူကာ ရှင်မိငယ်ရှေ့တွင် ခံပေးလိုက်သည်။

ရှင်မိငယ်က အောင်ဇေယျ၏ လက်ကို မလွှတ်သေးပဲ...သလိပ်များကို ထွေးလိုက်၏။ ထွေးခံထဲမှ သွေးစများကို အောင်ဇေယျ သတိထားမိလိုက်သည်။

“ကျွန်တော်မျိုးမ..နေကောင်းပါတယ်...တိုင်းပြည်ကိစ္စက အရေးကြီးတယ်မဟုတ်လား..အင်္ဂလိပ်တွေဆီက လက်နက်ရမှာ ဟံသာဝတီကို မြန်မြန်သိမ်းနိုင်မယ်လို့..မင်းသားမောင်ရွ လာတုန်းက ပြောဖူးတယ်..ကျွန်တော်မျိုးမ ရောဂါက

သက်သာသွားမှာပါ.....သံတမန်အရေး၊ တိုင်းပြည်အရေးကိုသာ ဂရုစိုက်ပေးပါ..ဘုရား”

“အားလုံး သင့်တော်ရာမှာ ခစားကြ”

အောင်ဇေယျက အမိန့်ပေးလိုက်သဖြင့် အနီးအနားတွင်ရှိသော သူများက နောက်ဆုတ်ကာ အပြင်သို့ ထွက်သွားကြ၏။

“သမီးတော်တံခါးကို စေ့ခဲ့”

နောက်ဆုံးကျန်ရစ်သော ရှင်ညိုမြ က တံခါးကို စေ့ကာ အခန်းအပြင်တွင် ခစားလိုက်သည်။

“မိငယ်”

“ဘုရား”

“အရင်တုန်းကလို မောင်ကြီးလို့ပဲ ခေါ်ပါ..မိငယ်ရယ်”

“မသင့်တော်ပါဘူး..ဘုရား”

“ဘုရားတွေ့ တရားတွေ့ လုပ်မနေပါနဲ့..မိငယ်...မောင်ကြီး...ဘဝမှာ မိငယ်က အရေးပါတဲ့ မိန်းမတစ်ယောက်ပါ.. မိဖုရားခေါင်ကြီးမဖြစ်ရပေမယ့် လည်း..မောင်ကြီးရဲ့ ဟော့ဒီပလွင်ပေါ် တက်လာတဲ့ ခရီးမှာ..မိငယ် ရဲ့ အစွမ်းတွေ၊ ပေးဆပ်ခြင်းတွေအများကြီးပါတယ်..အဲ့ဒီအတွက်လည်း မိငယ်ကို မောင်ကြီး ကျေးဇူးတင်ပါတယ်”

“မိငယ်အပေါ် မောင်ကြီးကျေးဇူးက ပိုကြီးပါတယ်..ကျွန်ဘဝကနေ ရွေးထားတာပဲ မဟုတ်လား...မိငယ် ကို မောင်ကြီး စပြီး ခေါ်လာတဲ့နေ့ကို မှတ်မိလားဟင်...အဲ့ဒီနေ့က မောင်ကြီး မမလွိဇာဆီက ပိုက်ဆံချေးပြီး မိငယ်ကို မွန်းစံသာကျွန်စျေးမှာရောင်းမယ့်အရေးကနေ ဝယ်ပြီး ကယ်တင်ခဲ့တာ..အဲ့ဒီကတည်းက လှည်းပေါ်မှာ မိငယ် ပြောခဲ့ပါတယ်...မောင်ကြီးဟာ မိငယ်ရဲ့သခင်ပါလို့”

အောင်ဇေယျ က မိငယ်၏ လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ထားရင်း..မျက်လုံးများကို မှိတ်ထားသည်။

“မကြာခင်..မောင်ကြီး...အောက်ပြည်ကို စစ်ထွက်ရဦးမယ်ဆို..မိငယ်..မောင်ကြီးကို ကန်တော့ခဲ့ပါတယ်...မောင်ကြီး အောင်ပွဲနဲ့ ပြန်အလာကို မိငယ် ကြိုနိုင်မယ်မထင်ဘူး”

အောင်ဇေယျက မျက်လုံးတို့ ပြန်ဖွင့်လိုက်၏ ။ ဘယ်ဘက်မျက်လုံးအစွန်းမှ မျက်ရည်စများ စို့တက်လာသည်။

“မိငယ်..ဘာတွေလျှောက်ပြောနေတာလဲ..စကားတွေပြောနေတော့..ပိုမောမယ်ကွယ်”

“မိငယ်..နားချင်လှပြီ..မောင်ကြီး..မိငယ်ကြောင့် မောင်ကြီးလည်း..အလုပ်တွေလစ်ဟာနေမယ်..တိုင်းပြည်အရေးကို ဂရုစိုက်လုပ်ပေးပါ.မောင်ကြီး...သွားပါတော့”

အောင်ဇေယျက မိငယ်၏ လက်ကို လွှတ်ချကာ မတ်တပ်ထရပ်လိုက်၏။

တုန်ရီလှိုက်မောစွာဖြင့် အသက်ရှူနေသော သူ၏ ရှင်မိငယ်ကို တချက်ကြည့်ကာ လက်ဖျံဖြင့် ခွေးသုတ်ဟန်ပြုကာ မျက်ဝန်းမှ မျက်ရည်စများကို သုတ်လိုက်သည်။

ထို့နောက်...ကျောပေးလျက်..အခန်းတွင်းမှ ထွက်ခွာသွားတော့၏။

ညနေပိုင်းတွင် အလောင်းဘုရားဘုရင်က ကပ္ပတိန်ဂျော့ဘောကာနှင့် အဖွဲ့ကို ထပ်မံခေါ်ယူပြီး တွေ့ဆုံ၏။

မဟာမိတ်စာချုပ်ကိစ္စများကို အပြီးသတ်ညှိနှိုင်းကြပြီးနောက် ဟိုင်းကြီးကျွန်း၊ ပုသိမ် နှင့် ဒဂုံတွင် အခြေစိုက် နေထိုင်ခွင့်ပေးလိုက်သည်။

.....
.....

၁၇၅၅ အောက်တိုဘာလ။

သန်လျင်မြို့၏ ဒေသခံများနေထိုင်သော ရပ်ကွက်များတွင် ဆီမီးများ ထိန်ထိန်လင်းနေကြ၏။

စစ်ပွဲများက ခေတ္တသာရပ်တန့်နေသည့် ကာလဖြစ်သော်လည်း ဝါကျွတ် သီတင်းကျွတ်ပွဲတော်အဖြစ် ပွဲလန်းသဘင်များဖြင့် စည်ကားနေကြသည်။

ဒေသခံတို့၏ ပွဲလန်းသဘင်သည် သန်လျင်မြို့ ရှိ နိုင်ငံခြားသားအများစုနေထိုင်သည့် ဆီညောကိုနိုဗီ ရပ်ကွက်တွင်ပါ ထင်ဟပ်လျက်ရှိ၏။

ဆီညှော်ကိုနိုဗီ ရှိ အရက်ဆိုင်တန်းများ၊ ပြဲညံ့တန်ဆာအိမ်များတွင် လူမျိုးစုံသဘော်သားများ၊ သဘော်ကျင်းအလုပ်သမားများ၊ ကုန်သည်များ၊ သံတမန်များ၊ နိုင်ငံတကာဆိပ်ကမ်းကြမ်းပိုးပွဲစားများ ဖြင့် ရှုပ်ယှက်နေသည်။

သန်လျင်မြို့၏ နာမည်ကျော် အာဒါရှာလက်ချ်မီး ၏ ပြည့်တန်ဆာအိမ်တွင် ဆူဆူညံညံဖြင့် ပြဿနာတစ်ခုဖြစ်ပွားလျက်ရှိသည်။

တမီလ်နာဒူးပြည်နယ်မှ အာဒါရှာလက်ချ်မီးသည် ငယ်စဉ်ဘဝက ပွန်ဒီချယ်ရီ ရှိ ဖာရစီလူမျိုးကုန်သည်တစ်ဦးထံ တွင် ရောင်းစားခံခဲ့ရသည်။

ထိုကုန်သည်ထံတွင်..အိမ်ဖော်အငှားမယားအဖြစ် နေထိုင်ပြီးနောက် အာဒါရှာလက်ချ်မီးသည် ကုန်သည်အား သတ်ဖြတ်ကာ ပစ္စည်းများလုယူပြီး မဒရပ်သို့ ထွက်ပြေးခဲ့၏။

မဒရပ်မှတဆင့် ဒတ်ချ်ကျွန်ကုန်သည်တစ်ဦးအကူအညီဖြင့် သန်လျင်တွင် အခြေချခဲ့သည်။

သန်လျင်မြို့တွင် ပါရှိလာသော ငွေကြေးများဖြင့် အမျိုးသမီးအချို့ကို ဝယ်ယူကာ ပြည့်တန်ဆာအိမ် ထူထောင်ထားခဲ့၏။

လူသတ်ခဲ့ဖူးသော အာဒါရှာ သည် သန်လျင်မြို့ ပြည့်တန်ဆာလောကတွင် သူမ၏ ရဲရင့်မှုကြောင့် နာမည်ကျော်ကြားသည်။

သန်လျင်မြို့တွင် အာဏာအထက်ဆုံးဖြစ်သည့် ဟံသာဝတီမြင်းမူးမင်းသား ဗညားဒလအောင်စ ထံသို့ သူမထံမှ အကျွမ်းကျင်ဆုံး ပြည့်တန်ဆာ ဂျူပန် အမျိုးသမီးငယ်လေးကို ဆက်သထားသဖြင့် ဗညားဒလအောင်စ နှင့် ဆက်ဆံရေးကောင်းသူလည်းဖြစ်၏။

ပြဿနာဖြစ်ပွားသည့်အခန်းသို့ အာဒါရှာကိုယ်တိုင် ရောက်ရှိလာသည်။

“ဘာဖြစ်တာလဲ..မိပွင့်”

အာဒါရှာက ဗမာစကားကို ကျွမ်းကျင်စွာဖြင့် မေးလိုက်၏။

“ဒီလူ...မူးပြီး..ကျွန်မ တစ်ကိုယ်လုံးကို အံချတယ်..အမား”

မိပွင့်ဆိုသည့် ပြည့်တန်ဆာမလေး၏ တကိုယ်လုံးတွင် အံဖတ်များဖြင့် ပေကျံနေသည်။

“ဒီလောက် ရုံစရာကောင်းပြီး မူးနေတာကို...ကျွန်မက ဘယ်လိုလုပ် သူ့ကို လက်ခံရမှာလဲ”

“ဟွေ့..ငါ.ပိုက်ဆံအပြည့်ပေးထားပြီးသားလေ...အန်ချတာက သက်သက်..နင် ခံစရာရှိတာ ခံရမှာပဲ”

မိပွင့်၏ ရှေ့တွင် ရှိနေသော အမျိုးသားက မပီမသဗလုံးဗထွေးဖြစ်နေသော ဗမာစကားဖြင့် ပြန်ပြောလိုက်သည်။

အာဒါရှာက သူမအား ကျောပေးထားသည့် ထိုသူကို ဆွဲလှည့်လိုက်၏။

“ရှင့် ပိုက်ဆံ ကျွန်မတို့ ပြန်ပေးမယ်..ရှင်မတရားမူးနေပြီ..အခုပြန်ပါ”

ထိုသူ က အာဒါရှာကို စောင့်တွန်းလိုက်သည်။

“နင်က ဘာကောင်မလဲ..မိန်းမပျက်မ.”

အာဒါရှာက ပုံစံပျက်သွားသော သူမ၏ ဆာလီကို ပြန်ခြုံလိုက်၏။

“ခါလစ်”

သူမ၏ နောက်မှ ပထန်လူထွားကြီးတစ်ဦးထွက်လာသည်။

ထို့နောက် မူးနေသော သူအား...သိုင်းချုပ်လိုက်၏။ မူးနေသူက အော်ဟစ်ကာ လူထွားကြီး၏ ခွကြားသို့ ကန်ထည့်လိုက်၏။

လူထွားကြီး လဲကျသွားစဉ်.ထိုသူက.အာဒါရှာအား လက်သီးဖြင့် ထိုးချလိုက်ပြန်သည်။

အာဒါရှာက အော်လိုက်သည်။

“ဒီကောင့်ကို အသေသတ်ကြ”

ပြည့်တန်ဆာအိမ်မှ လူမိုက်များက ခါးကိုယ်စီဖြင့် ထွက်လာကြ၏။ ထိုသူကို ခါးများဖြင့် ဝိုင်းခုတ်ကြသည်။

နောက်ဆုံးတွင် ထိုသူမှာ ဝါးထရံများကြားလုံးထွေးနေပြီးနောက် အပြင်ဘက်သို့ လွတ်ထွက်သွား၏။

သွေးသံရဲရဲဖြင့် ပြည့်တန်ဆာအိမ်အနောက်ဘက် တောတန်းမှ မွေ့နှန်းကုန်းရှိရာ ဘက်သို့ တက်ပြေးတော့သည်။

ဘာနာဗိုက်ကက်သလစ်ဘုရားရှိခိုးကျောင်းရှေ့အရောက်တွင် သွေးအလိမ်းလိမ်း ဖြင့် လဲကျသွားတော့၏။

“သတ်ကွာ..အသေခုတ်”

အပြင်ဘက်မှ အသံများကြောင့် လွီဇာ က ပစ္စတိုသေနတ်ကို ယမ်းထည့် ကာ..မီးခတ်ကို ယူပြီး ရှေ့သို့ ထွက်လာ၏။ ဖာသာနာရေနှီနှင့် ပြန်လည်ရောက်ရှိ နေပြီဖြစ်သော ဘရာသာအင်ဂျလိုတို့ကလည်း အပြေးအလွှားလိုက်လာ တော့သည်။

လူတစ်ယောက်အား ခါးဖြင့် ဝိုင်းခုတ်နေကြသည့်မြင်ကွင်းကြောင့် လွီဇာက သေနတ် နားခွက်ကို မီးညှိကာ မိုးပေါ်သို့ ထောင်ဖောက်လိုက်၏။

“ဖောင်း”

သေနတ်သံကြားသဖြင့် ပြည့်တန်ဆာအိမ်မှာ လူမိုက်များမှာ အမှောင်ထုထဲ အသီးသီး ဝင်ပြေးသွားကြတော့သည်။

သွေးအိုင်ထဲတွင် လဲနေသော ထိုသူအနားသို့ ဘရာသာအင်ဂျလို ရောက်ရှိ သွား၏။

“သေပြီလားမသိဘူး..ကြည့်ပါဦး..ဘရာသာ”

လွီဇာက သူတို့အနားသို့ ရောက်လာပြီး မေးလိုက်သည်။

“သွေးတွေတော့ အရမ်းများတယ်...အသက်တော့ရှူနေသေးတယ်..မသေသေး ဘူး”

ထိုအချိန်တွင် ဖာသာနာရေနှီက မီးအိမ်ကို အပေါ်သို့ မြှင့်လိုက်၏။

“ဟင်..ဒါ တော့ပေလိုပဲ”

“ဖာသာက သူ့ကို သိလို့လား”

“သိတယ်...ပုသိမ်နဲ့ သန်လျင်ဆိပ်ကမ်းတွေမှာ နှာမည်ကြီးတဲ့ အာဖရိကန်လူရွှေ ကောင်လေးပဲ..အင်္ဂလိပ်သူလျှိုလို့လည်း ပြောကြတယ်...တော့ပေလိုတဲ့”

အခန်း (၃၇)

“အား...အ...ကျွတ်..ကျွတ်”

တော့ပေလို သတိရလာသည်။

မျက်လုံးကို ဖွင့်ကြည့်လိုက်၏။ သောက်ရေအိုးစင်တစ်ခုနှင့် လက်ဝါးကပ်တိုင်တစ်ခုကို မြင်လိုက်ရသည်။

“ဒါ..ဘယ်နေရာလဲ”

သူ စဉ်းစားမရ။ နာကြင်မှုများက သူ၏ ကျောအနှံ့ ပတ်ချာလည် လျှောက်ပြေးနေသကဲ့သို့ ခံစားရ၏။

မှောက်ခုံဖြစ်နေသော သူ၏ ရင်ဘတ်အောက်တွင် ခေါင်းအုံးတစ်လုံးရှိနေသည်။

သူထရန် ကြိုးစားလိုက်၏။

“ခင်ဗျား ထဖို့မကြိုးစားပါနဲ့..ကျောကျန်းမှာ ရထားတဲ့ ဓားချက်တွေကို ချုပ်ပေးထားတာ..အသားမကျသေးဘူး..အဲ့ဒီအတိုင်းပဲနေပါ..မစ္စတာ တော့ပေလို”

အင်္ဂလိပ်စကားသံတစ်ခုက အိတာလျံသံဝဲဝဲ။

တောပေလိုက သူမျက်နှာရှေ့တွင် ပေါ်လာသော ဘရာသာအင်ဂလိုကို ကြည့်လိုက်သည်။

“ဖာသာတို့..ကျုပ်ကို ကယ်ခဲ့တာလား”

“ဟုတ်တယ်....ညက ခင်ဗျားကို ချတ်ချ်ရှေ့မှာ ခါးနဲ့ဝိုင်းခုတ်နေကြတာ..လွီဇာက သေနတ်ဖောက်လိုက်လို့သာ ဟိုလူတွေထွက်ပြေးကုန်ကြတာ..မဟုတ်ရင် ခင်ဗျားအလောင်းကို ဒီမနက် သင်္ဂြိုလ်နေရလောက်ပြီပဲ”

တော့ပေလိုက မျက်စိကို စုံမှိတ်ပြီး နာကြင်မှုများကို လိုက်လံခံစားနေသည်။

“ကျောကုန်းကို ချုပ်လိုက်ရတယ်..ဟုတ်လား..ခါးချက် ဘယ်နှစ်ချက်ထိတာလဲ..ဖာသာ”

“ကျောရိုးနဲ့ လက်ပြဲင်မှာ စုစုပေါင်း ဓားဒဏ်ရာကြီးငါးချက်ထိထားတယ်...ကျုပ်က ဘရသာအင်ဂျလိုပါ”

“ဒါဆို..ကျုပ်ကို ကယ်တင်ခဲ့တာ..လွီဇာ..ပေါ့..ဟုတ်လား”

“ဟုတ်တယ်...ဘုရင့်ကုန်သည်တော်ကြီး လွီဇာဒီမဲလိုးပေါ့”

“ကျုပ်..သူ့ကိုတွေ့ချင်တယ်..ဘရာသာ..ကျုပ်တွေ့ချင်တယ်”

တော့ပေလို၏ မျက်စိများ ပြန်မှိတ်သွားပြန်၏။

.....

“ရှင်က ကျွန်မကို ဘာကိစ္စတွေ့ချင်ရတာလဲ”

လွီဇာက အမဲရိုးစွတ်ပြုတ်ပန်းကန်ကို တော့ပေလိုထံသို့ ကမ်းပေးလိုက်၏။

တော့ပေလိုက တင်ပလ္လင်ခွေထိုင်နေလျက်မှ စွတ်ပြုတ်ပန်းကန်ကို လှမ်းယူလိုက်သည်။

ထို့နောက် စွတ်ပြုတ်တစ်ဇွန်းကို သောက်လိုက်၏။

“ခင်ဗျားဆီကို လူတစ်ယောက်က စကားပါးခိုင်းလိုက်တာရှိတယ်..ကြာတော့ကြာပြီ...တလနှစ်လလောက်ရှိမယ်ထင်တယ်... ကျုပ်မေ့နေတာ”

“ဘယ်သူလဲ”

“ဗိုလ်ချုပ်ဦးတွန်”

“ဘယ်သူ”

“အလောင်းဘုရားဘုရင်ရဲ့စစ်ဗိုလ်ချုပ်ကြီး ဦးတွန်လေ”

တော့ပေလို၏ အသံက ခပ်တိုးတိုးဖြစ်သွားသည်။

“သြော်...မောင်ကြီးငတွန်”

“ဟုတ်တယ်...သူက ပြောလိုက်တယ်....အခု မကြာခင်မှာ ဟံသာဝတီနဲ့ သန်လျင်ကို အလောင်းဘုရားတပ်တွေ သိမ်းဖို့ စီစဉ်နေပြီ..ဘယ်အခြေအနေဖြစ်ဖြစ်..ခင်ဗျား..ဒဂုံကို လာခဲ့ပါ..ဒဂုံမှာ သူရှိနေမယ်တဲ့”

“ဒဂုံမှာ သူရှိနေမယ်တဲ့လား.”

လွိဇာက ခေတ္တမျှတိတ်ဆိတ်သွား၏။

“ သူမှာလိုက်တာ...ကြာပါပြီ..အခု လို ဖြစ်မှာ ပြောပြဖြစ်တာ...ကျုပ်ကို ခွင့်လွှတ်ပါ”

“ရပါတယ်....ကျွန်မကလည်း သူခေါ်ပေမယ့်..သွားဖို့ အစီအစဉ်မရှိပါဘူး..ဒါနဲ့...ရှင်က ဒဂုံကို ဘယ်လိုရောက်ပြီး သူနဲ့ ဘယ်လိုတွေ့တာလဲ”

“ကျုပ်က သဘော်သားပဲ..ဒီလိုပဲ...လျှောက်သွား...အား”

တော့ပေလိုမှာ ရုတ်တရက်နာနာကြင်ကြင်အော်လိုက်၏။

သူ့ဘေးတွင် ရှိနေသော လွိဇာက ပြုံးနေသည်။ သို့သော် လွိဇာ၏ ညာဘက်က တော့ပေလို၏ ပုခုံးချုပ်ရိုး တစ်ခုပေါ်တွင် အားဖြင့် ဖိညှစ်ထားသည်။

“သာမန်ကုန်သည်တစ်ယောက်က အလောင်းဘုရားရဲ့ စစ်ဗိုလ်ချုပ်နဲ့ တွေ့ခွင့်ရမတဲ့လား..ဟုတ်လား”
လွိဇာက ထပ်ညှစ်၏။

“အား..နာတယ်ဗျ...ခင်ဗျား...ခင်ဗျား...လွှတ်ပါဗျာ”

“ရှင့်အကြောင်းကို ကျွန်မ သိတန်သလောက်သိပြီးပြီ..ရှင်က အရှေ့အိန္ဒိယကုမ္ပဏီနဲ့ အလုပ်တွဲလုပ်နေတဲ့ သူပဲ...ပြောပါဦး...လက်ရှိ အရှေ့အိန္ဒိယကုမ္ပဏီနဲ့...မုဆိုးဖိုသားတွေကြားက ဘယ်လိုဆက်ဆံရေးတွေ ထူထောင်ထားပြီးလဲဆိုတာလေးပါ..ကျွန်မကို ပြောပြပါဦး”

တော့ပေလိုက စကားတစ်ခွန်းမှ မပြောပဲ လွိဇာကို ခပ်တိုးတိုးဆဲရေးလိုက်သည်။

လွိဇာက ပြုံးလိုက်၏။

ထို့နောက်..တော့ပေလို၏ သောက်လက်စ စွတ်ပြုတ်ပန်းကန်ပူပူကို ဆွဲယူလိုက်၏။

“ရှင့် လက်တွေသိပ်မလှုပ်ရှားနိုင်ဘူးမဟုတ်လား..အခုနေ ကျွန်မ ဒီစွတ်ပြုတ်ရည်ပူပူကို ချုပ်ရိုးမကျက်သေးတဲ့ အပေါ်ကို လောင်းချလိုက်ရင်..အတော်လေးလည်းပူမယ်..နာလည်းနာမယ်နော်..ခံကြည့်မလား....အဲ့ဒီလို အနာခံပြီးလည်း မပြီးသွား

ဘူးနော်...ရှင့် ခြေထောက်မှာလည်း ဒဏ်ရာနဲ့ဆိုတော့ ရှင်က ပြေးလို့မရဘူး..ဒီတော့...ကျွန်မက ဘုရားကျောင်းကုန်းဟိုးဘက်ထောင့်ပေါ်မှာ ကျင်းတစ်ကျင်း အေးအေးဆေးဆေးတူးထားလို့ရတယ်"

"ဟမ်...ဘာဆိုင်လို့လဲ"

"ကျွန်မ ရှင့်ကို ပစ်သတ်ပြီး..ကျင်းထဲ မြုပ်ပစ်လိုက်ရင် ဘယ်သူမှ သိမှာမဟုတ်ဘား...ဒီကျောင်းက ဖာသာတွေဆိုတာလည်း ကျွန်မ စကားတစ်ခွန်းပဲ..နားလည်လား"

"အာ..မလုပ်ပါနဲ့...မလုပ်ပါနဲ့...ဘာမှမလုပ်ပါနဲ့.ကျုပ်ပြောပါမယ်"

.....

သန်လျင်သင်္ဘောကျင်း ပတ်ချာလည်သို့ မြင်းမူးမင်းသားအောင်စ ၏ တပ်များက အထပ်ထပ် ဝန်းရံလိုက်ကြသည်။

သင်္ဘောကျင်းအတွင်းမှ သင်္ဘောအင်ဂျင်နီယာများ၊ အလုပ်သမားများမှာ အခြေအနေကို အကဲခတ်နေကြ၏။

မကြာမီ သင်္ဘောကျင်းအင်ဂျင်နီယာဟောင်းဖြစ်ဖူးသူ ကိုဇာနီကော့ဗ် နှင့် ဟံသာဝတီတပ်မှူးတစ်ဦး ခေါင်းဆောင်သည့် တပ်စိတ်သည် ပြုံပြင်ပြီး သင်္ဘောများရှိရာသို့ ဦးတည်လာနေသည်။

"အားကော့သင်္ဘောက ဘယ်တစ်ခုလဲ"

ကိုဇာနီကော့ဗ်၏ အမေးကို ဆိပ်ကမ်းအရာရှိဖြစ်သော အာမေးနီးယန်းလူဝကြီးက လက်အုပ်ချီလျက် ပြန်ဖြေလိုက်သည်။

"ဟိုးအနောက်က အပြာရောင်ဆေးတွေ အလံတိုင်မှာ သုတ်ထားတဲ့ သင်္ဘောပါ"

"အဲ့ဒီသင်္ဘောကို မကြာခင်..ဆွဲယူသွားတော့မယ်ဆို"

"ဟုတ်ပါတယ်..အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီက ဟန်းတာဆိုတဲ့ သင်္ဘောက ဆွဲယူဖို့ပါ..သူနဲ့ ကပ်လျက်ပါပဲ"

"ဟန်းတားသင်္ဘောပေါ်က အရာရှိတွေကို ဒီကို ခဏခေါ်ပေး"

လူဝကြီးက သူ့တပည့်တစ်ဦးအား အမိန့်ပေးလိုက်၏။

မကြာမီ ထိုတပည့်နှင့်အတူ အင်္ဂလိပ်အရာရှိနှစ်ဦး ရောက်ရှိလာကြသည်။

“ကျုပ်က ကိုဇာနီကော့ဗ်ပါ၊ ဟံသာဝတီဘုရင်ရဲ့ အသိအမှတ်ပြုကုန်သည်ပါ၊ ဒါကတော့...လက်ရှိ သန်လျင်ကို အုပ်ချုပ်နေတဲ့ မြင်းမူးမင်းသားဗညားဒလ ရဲ့ လက်ထောက်တပ်မှူး ဗညားစိန်ပါ”

“ကျုပ်နာမည်စထရင်းဖဲလိုးပါ...အရှေ့အိန္ဒိယကုမ္ပဏီအထူးအရာရှိပါ.ဟန်းတားသင်္ဘောနဲ့ အားကော့သင်္ဘောကို ဆွဲယူလာဖို့ တာဝန်ပေးခံခဲ့ရသူပါ..သူကတော့ လုံခြုံရေးလိုက်ပါလာတဲ့ စစ်ဘက်အရာရှိ လက်ဖတင်နင်စာဗေ့ ပါ..ဘာကိစ္စများ ရှိပါသလဲခင်ဗျာ”

ကိုဇာနီကော့ဗ်က အမိန့်စာတစ်စောင်ကို စထရင်းဖဲလိုး ထံ ကမ်းပေးလိုက်၏။

“ဘာအမိန့်များလဲ...မစ္စတာနီကော့ဗ်”

“မြင်းမူးမင်းသားဗညားဒလ ရဲ့ အမိန့်အရ အင်္ဂလိပ်ပိုင်သင်္ဘောအားလုံးနဲ့ အင်္ဂလိပ်အမျိုးသားအားလုံးကို ဒီဆိပ်ကမ်းကနေ ထွက်ခွာခွင့်ပိတ်လိုက်ပါပြီ”

အင်္ဂလိပ်အရာရှိနှစ်ဦးမှာ နားမလည်နိုင်စွာဖြင့် ကြည့်လိုက်ကြသည်။

“ကုမ္ပဏီနဲ့ ဟံသာဝတီဘုရင်ကြားမှာ သဘောတူစာချုပ်တွေရှိတယ်နော်..ခင်ဗျားတို့ ဒီလိုလုပ်တာ စာချုပ်ကို ဖောက်ဖျက်တာပဲ”

“စာချုပ်ကို အရင်ဖောက်ဖျက်ပြီး..ဟံသာဝတီရဲ့ ရန်သူတွေကို လူရော၊ လက်နက်ပါထောက်ပံ့ခဲ့တာက..ခင်ဗျားတို့ ကုမ္ပဏီပါ..ဒီကိစ္စကို ဟံသာဝတီမှာရှိတဲ့ ဥပရာဇာက အတော်လေးကို စိတ်ဆိုးနေတယ်..အဲ့ဒီကိစ္စနဲ့ပတ်သက်လို့ ခင်ဗျားတို့ ကုမ္ပဏီက အရာရှိတွေအနေနဲ့...ဗညားဒလမင်းသားက တွေ့ချင်နေတယ်”

“ဒါက ကျုပ်တို့နဲ့ မဆိုင်ဘူးလေဗျာ...ကျုပ်တို့က မဒရပ်က အမိန့်နဲ့ ဒီသင်္ဘောကျင်းမှာ သင်္ဘောလာဆွဲတဲ့လူတွေ သက်သက်ပဲ”

“ဟုတ်တယ်...အဲ့ဒီကိစ္စခင်ဗျားတို့နဲ့ မဆိုင်ပေမယ့်..ဆိပ်ကမ်းက အင်္ဂလိပ်သင်္ဘောတွေ တစ်စီးမှ ထွက်ခွင့်မရဘူးဆိုတဲ့ အမိန့်ကတော့..ခင်ဗျားတို့နဲ့ သက်ဆိုင်နေပါတယ်..ဒီလောက်ပါပဲ”

.....
.....

ဗညားဒလအောင်စ ၏ စကားကို စကားပြန်က ပြော်ပြုံပြီးသည်နှင့် အရှေ့အိန္ဒိယ ကုမ္ပဏီကိုယ်စားလှယ် ရောဘတ်ဂျက်ဆင်မှာ ခေါင်းကို ဖြည်းဖြင်းစွာခါရမ်းလိုက်သည်။

“မင်းသားခင်ဗျား...ဒီလိုစပ်စဲ့ချက်တွေဟာ အထင်အမြင်နဲ့ ပြောနေကြတဲ့ ကောလဟလတွေသက်သက်ပါပဲ... ကျွန်တော်မျိုးတို့ အနေနဲ့ ဒဂုံမှာရှိနေတဲ့ မူဆိုးဖိုသားတွေနဲ့ အဆက်အသွယ်ရှိတာကို မငြင်းပါဘူး..ဒါပေမယ့်.. တာမွေတိုက်ပွဲမှာ ကုမ္ပဏီကပေးထားတဲ့တပ်တွေကပါ ဝင်တိုက်ပေးခဲ့တယ်ဆိုတာကတော့....လုံးဝ မဖြစ်နိုင်တဲ့ စွပ်စဲ့ချက်ပါပဲ..အရှေ့အိန္ဒိယကုမ္ပဏီဟာ ပဲခူးဘုရင့်တပ်တွေကလွဲပြီး ဘယ်တပ်ကိုမှ လူသူ၊ လက်နက် ကူညီပေးတာမျိုး မရှိပါဘူး ”

စကားပြန်၏ စကားကို ဆုံးအောင်နားထောင်ပြီးသည်နှက် အောင်စက ပြုံးလိုက်သည်။

“ကျုပ်တို့က ထင်ရာမြင်ရာပြောနေတယ်ဆိုရင်လည်း..ဟော့ဒီက..မစ္စတာဂျက်ဆင်ကို နာမည်တစ်ခုပြောလိုက်ပါ့မယ်....တော့်ပေလို ဆိုတဲ့ လူမည်းကို သိသလားလို့”

စကားပြန်ထံမှ တော့်ပေလိုဆိုသည့် စကားကို ကြားသည်နှင့် ရောဘတ်ဂျက်ဆင်မှာ သက်ပြင်းချလိုက်၏။

“တော့်ပေလိုဆိုတာ...အရှေ့အိန္ဒိယကုမ္ပဏီရဲ့ တရားဝင်ဝန်ထမ်းလည်းမဟုတ်ပါဘူး..ဘာအဆင့်မှ မရှိတဲ့ ဆိပ်ကမ်းဂျပိုးတစ်ယောက်ပါပဲ...မင်းသား”

“အင်း..ဒါဆို..ခင်ဗျားတို့ အင်္ဂလိပ်ကုမ္ပဏီအရာရှိမင်းတွေက..ဆိပ်ကမ်းဂျပိုးတစ်ယောက်ကို..အောင်ဇေယျရဲ့မြို့တော်အထိ ခေါသွားခဲ့ကြတယ်ပေါ့လေ”

ရောဘတ်ဂျက်ဆင်မှာ ဘာမှ ပြန်မပြောနိုင်တော့။

“ကောင်းပါပြီ..မင်းသား..မင်းသားနဲ့ ကျွန်တော်မျိုး ဘာမှ ဆက်မငြင်းခုံချင်တော့ပါဘူး....အခု ကိစ္စကို စိန်ဂျော့က ကုမ္ပဏီဆီကို အစီရင်ခံထားပါမယ်...ပဲခူးနဲ့ ကုမ္ပဏီကြားက အထင်အမြင်လွဲမှားမှုတွေကို မကြာခင် ပြန်လည်ဖြေရှင်းနိုင်မှာပါ”

ရောဘတ်ဂျက်ဆင်နှင့် စကားပြန်တို့မှာ အောင်စ ကို အရိုအသေပြုကာ အခန်းတွင်းမှ ထွက်ခွာသွား၏။

“ဗိုလ်မင်း”

အောင်စ နဘေးတွင်ရှိနေသော လက်ျာဗိုလ်အား ခေါ်လိုက်သည်။

“မိန့်ပါ..မင်းသား”

“လွိဇာ ကို ဒီကိစ္စအတွက် ကျုပ်က အထူးကျေးဇူးတင်တယ်လို့ ပြောပေးပါ..ဟံသာဝတီအပေါ် သူ့ရဲ့ သစ္စာရှိမှုကိုလည်း..ကျုပ်တို့ မမေ့ပါဘူး..ဒီကိစ္စပြီးရင် နောင်တော်မင်းမြတ်ဆီ ပြန်လည်လျှောက်တင်ပြီး..လွိဇာကိုအရာပြန်ထားဖို့..ကျုပ်တာဝန်ယူပါတယ်”

“မင်းသားတို့ အရာပြန်ပေးလည်း...သူက ဒီမြေကို စွန့်ခွာသွားတော့မှာတဲ့”

“ဟုတ်ရဲ့လား..ဗိုလ်မင်း..ဒါနဲ့များ ဘာလို့..အခုလို ကျုပ်တို့ကို ကူညီနေရသေးတာလဲ”

“သူ ပြောတဲ့ စကားတစ်ခု ရှိတယ်....ဟော်ဒီစစ်ပွဲတွေ ဖြစ်လာတဲ့ တစ်လျှောက်.သူကယ်တင်ထားခဲ့တဲ့ သူလို ဘဝကြမ်းကြမ်းနဲ့ မိဘမဲ့ အထီးကျန် မိန်းကလေးတွေအများကြီးရှိတယ်...မယ်ဖူးတို့၊ မြတ်ဝါတို့၊ မယ်စော တို့လို ပေါ့... အခုဆို သူတို့လည်း လွိဇာ့အနားမှာ မရှိကြတော့ဘူး..သူသံယောဇဉ်ရှိတဲ့ သူညီမလိုဖြစ်နေတဲ့ ပင်တိုင်စိမင်းသမီး ဂမုန်း အတွက်..သူ နောက်ဆုံးအကြိမ် ဟံသာဝတီကို ကူညီပေးလိုက်တာတဲ့လေ”

“ဂမုန်းအတွက်တဲ့လား..ဂမုန်းက မိဘမဲ့မှ မဟုတ်ပဲ..ကျုပ်တူမက အထီးလည်းမကျန်ပါဘူးလေ.. နန်းတော်ထဲ သူလက်ညှိုးညွှန်ရာ ရေဖြစ်နေတဲ့ မင်းသမီးတစ်ပါးပဲဟာကို”

.....
.....

၁၇၅၆ ခုနှစ် ဇန်နဝါရီ ၅ ရက်နေ့။

သန်လျင်ဆိပ်ကမ်း၏ အနောက်ဘက် အိမ်တော်ရာကုန်းမြင့်ပေါ်တွင် ဗညားဒလ အောင်စ မတ်တပ်ရပ်နေ၏။

လက်ထဲတွင် မှန်ပြောင်းကို ကိုင်ထားလျက် ပင်လယ်ဘက်သို့ တဖြည်းဖြည်း ရွက်လွှင့်သွားသည့် သင်္ဘောနှစ်စီးကို ကြည့်နေသည်။

ထိုသင်္ဘောနှစ်စီးကား အားကော့ နှင့် ဟန်းတား။

မကြာမီ နောက်ထပ် အင်္ဂလိပ်အရှေ့အိန္ဒိယပိုင်သင်္ဘောများလည်း သန်လျင်ဆိပ်ကမ်းမှ ထွက်ခွာတော့မည်ဖြစ်၏။

ဗညားဒလအောင်စ က မှန်ပြောင်းကို မြေပြင်သို့ ပစ်ချကာ ပေါက်ခွဲပစ်လိုက်သည်။ မှန်ပြောင်းကား မကွဲ။

“နောင်တော်ဥပရာဇာက ငါ့အရှက်ကို ခွဲလိုက်တာပဲ...ငါ့အရှက်ကွဲတာထက်..သန်လျင်ကို ကာကွယ်မယ့် ငါ့အစီအစဉ်တွေအားလုံးကို ဖျက်ဆီးလိုက်တာ”

ဗညားဒလအောင်စ ၏ အသံက ပေါက်ကွဲထွက်လာသည်။

အနားတွင်ရပ်နေကြသော ဗညားစိန်နှင့် လက်ျာဗိုလ်က နံနက်စောစောစီးစီး အရက်နံ့တထောင်းထောင်းဖြင့် အော်ဟစ်နေသော မင်းသားအောင်စကို စိတ်မသက်သာဖြင့် ကြည့်နေကြ၏။

လွန်ခဲ့သည့် နှစ်လခန့်က ဗညားဒလအောင်စ၏ အမိန့်ဖြင့် သန်လျင်ဆိပ်ကမ်းမှ အင်္ဂလိပ်အရှေ့အိန္ဒိယပိုင်သင်္ဘောများ အားလုံးကို ထွက်ခွာခွင့်ပိတ်သိမ်းခဲ့သည်။

အင်္ဂလိပ်တို့နှင့် အလောင်းဘုရားအကြား စစ်ကူပေးမှုများ၊ ဆက်သွယ်မှုများတွင် အဓိကပါဝင်ခဲ့သည်ဟု ဆိုသော တော်ပေလို့ သည် ဒဏ်ရာများသက်သွားပြီး နောက်..သင်္ဘောတစ်စီးနှင့်လိုက်ပါစဉ် ဒလမြို့တွင် အသတ်ခံခဲ့ရ၏။

ထို့နောက်တွင်တော့ ကုမ္ပဏီကိုယ်စားလှယ်ရောဘတ်ဂျက်ဆင် က ဟံသာဝတီသို့ သွားရောက်ကာ အိမ်ရှေ့ဥပရာဇာ ဦးအောင်မြ နှင့် တိုက်ရိုက်သွားရောက်တွေ့ဆုံခဲ့သည်။

အလောင်းဘုရားအောင်ဇေယျအပေါ် အကူအညီပေးခဲ့သည့်ကိစ္စနှင့်ပတ်သတ်ပြီး ကြေလည်ခြင်းမရှိသည့် ဥပရာဇာဦးအောင်မြ နှင့် တလတိုင်တိုင်ဆွေးနွေးသော်လည်း အဖြေထွက်မလာခဲ့။

သို့သော် ..အထောက်သတင်းများအရ..အလောင်းဘုရားအောင်ဇေယျကိုယ်တိုင် အောက်ပြည်သို့ အပြီးသတ် သိမ်းပိုက်ရေးစီမံကိန်းဆွဲနေပြီး မကြာမီ သန်လျင်နှင့် ဟံသာဝတီကို ထိုးစစ်ဆင်တော့မည်ဟူသည် သတင်းများကို ကြားသည့်အခါ ဥပရာဇာဦးအောင်မြ သည် အင်္ဂလိပ်တို့အပေါ် ဆက်ဆံရေးပြောင်းလဲလာသည်။

အရေးပေါ်အခြေအနေဖြစ်လာချိန်တွင် ပြင်သစ်တို့ထံမှရော၊ အင်္ဂလိပ်ထံမှပါ.မည်သူ့ဆီက အကူအညီရရယူမည်ဟု ဆုံးဖြတ်ပြီး အင်္ဂလိပ်တို့ကို ပျော့ပြောင်းစွာ ပြန်လည်ဆက်ဆံခဲ့သည်။

ထို့ကြောင့် သန်လျင်ဆိပ်ကမ်းမှ သင်္ဘောများကိုလည်း လွတ်လပ်စွာထွက်ခွာခွင့် ပေးလိုက်၏။

သန်လျင်တွင်ရှိနေသော ဗညားဒလအောင်စ မှ အင်္ဂလိပ်တို့၏ သစ္စာမဲ့မှုကို အခွင့်အရေးယူကာ အင်္ဂလိပ်ကုမ္ပဏီပိုင်သင်္ဘောများအား...အောင်ဇေယျတပ်များ လာရောက်တိုက်ခိုက်ပါက..ထိုသင်္ဘောများဖြင့် တားဆီးရန် ကြံစည်ထားခြင်းဖြစ်သည်။

သို့သော် ထိုအကြံအစည်မှာ ဥပရာဇာ၏ မူဝါဒအပြောင်းအလဲကြောင့် ပျက်စီးသွားခဲ့ပြီဖြစ်၏။

.....
.....

အရောက်နောက်ကျခဲ့သောနွေဦး၏ နံနက်ခင်းတစ်ခု။

ဒဂုံမြို့ ဆိပ်ကမ်းတလျှောက်တွင် အမြောက်ကြီးများ တန်းစီထား၏။

ဆိပ်ကမ်းမြေပြန့်ပေါ်တွင်လည်း သေနတ်တပ်ဖွဲ့၊ တင်ကျည်းတပ်ဖွဲ့များက စတုရန်းပုံ အကွက်လိုက် ရပ်နေကြသည်။

ထို့နောက်တွင်မှ လှံရှည်ကိုင်ထားသော မြင်းတပ်များ။

မြင်းတပ်များနောက်တွင် ဆင်တပ်များ။ ဆင်များပေါ်တွင် ရွှေထီးများဆောင်းထားကြသည့် တပ်မှူးကြီးများ။

မကြာမီ မြစ်ပြင်အထက်ဘက်ဆီမှ တိုက်လှေကြီးများ ဘွားခနဲ ပေါ်ထွက်လာ၏။

ရွှေထီးဆောင်းထားသည့်စစ်ဗိုလ်ချုပ်များမှ အောက်တွင် တန်းစီနေသည့် စစ်သားများအားလုံး ၏ မျက်နှာများမှာ မျှော်လင့်ချက်ဖြင့် ဝင်းလက်သွားတော့သည်။

အလောင်းဘုရားအောင်ဇေယျ သည် အောက်ပြည်ကို အပြီးသတ်သိမ်းယူရန် အတွက် တပ်ကြီးချီလာခဲ့ပြီဖြစ်သည်။

သို့သော်ငြား..ဒဂုံတွင် ရှိနေကြသော တပ်မှူးတပ်သားများသည် အလောင်းဘုရားထက် ပိုမိုမျှော်လင့်ကြသည့် အရာတစ်ခုရှိသေး၏။

ထိုအရာကား အခြားမဟုတ်။

တပ်တော်ကြီးနှင့်အတူ ပါလာမည့် နောက်တန်းရှိ မိသားစုများထံမှ စာလွှာများ ၊ သတင်းစကားများတည်း။

သေနတ်ဝန်ငကောင်း က မှန်ပြောင်းဖြင့် မြစ်ပြင်ကို ကြည့်လိုက်၏။

“ရှေ့ချီတပ်ကတော့ ထုံးစံအတိုင်း...မင်းသားမောင်ရွှဲပဲ..ဗိုလ်တွန်ရေ”

“အင်း....ထင်သားပဲ.အမြဲရှေ့က ပဲ ချီတက်ချင်တဲ့ ကောင်လေး..သူ့အဖေကို ပူဆာမှာပေါ့ဗျာ”

တပ်မှူးများက အလောင်းဘုရားဘုရင်အား ကြိုဆိုရန် ဆင်ပေါ်မှ ဆင်းလိုက်ကြ၏။

ထိုအချိန်တွင် အနောက်ဘက်မှ စစ်စည်၊စစ်မောင်းရွှမ်းသံများ ဆူညံစွာကြားရပြန်သဖြင့် ငတွန်က ဆင်ပေါ်မှ ဆင်းရင်း အလန့်တကြားလှည့်ကြည့်လိုက်သည်။

“ဘာသံတွေလဲဗျ..မောင်ကောင်း..ကြားလား”

ငကောင်းက ပြုံးလိုက်သည်။

“ကိုရွှေကြူ့ လည်း တောင်ငူကနေ စစ်ကြောင်းတစ်ကြောင်းချီလာရတယ်လေဗျာ..သူတို့တပ်တွေ မြို့ထဲ အရင်ဝင်နှင့်တာ နေမယ်”

မကြာမီ ကြိုဆိုရေးတပ်များထံမှ အလောင်းဘုရားအား ကြိုဆိုကြောင်း အမြောက်ဖောက်သံများ ထွက်ပေါ်လာသည်။

ငတွန်၊ငကောင်း၊ ငရွှေရည် စသော တပ်မှူးကြီးများက ဆိပ်ကမ်းသို့ ဆင်းရန် ပြင်ဆင်လိုက်ကြတော့၏။

၁၇၅၆ မတ်လ ၁၅ ရက်နေ့တွင် အလောင်းဘုရားဦးအောင်ဇေယျ၊ သားတော်များဖြစ်သော ဒီပဲရင်းမင်းသားမောင်လောက်၊ မြေဒူးမင်းသားမောင်ရွှ တို့ သည် အင်အား (၂၀၀၀၀) ၊ တိုက်လှေကြီး (၅၀၀)ကျော်ဖြင့် ဒဂုံဆိပ်ကမ်းသို့ ရောက်ရှိလာကြသည်။

ခရီးလမ်းတစ်လျှောက် ညောင်ဦးတွင် ရွှေစည်းခုံစေတီကိုဖူးမြော်၍ ပြည်မြို့တွင် ရွှေဆံတော်ဘုရားကို ရွှေချသည်။

မြဲန်အောင်တွင် ရှေ့ဘုံသာစေတီကို ထီးတင်သည်။ သန်လျင်ကင်းဝ ရန်ကင်းစံရာတွင် ငါးရက်နေပြီး ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ်တို့ထံ ကိုယ်စားလှယ်များ စေလွှတ်သည်။

ထို့နောက်မှ ဒဂုံသို့ ရောက်ရှိလာခြင်းဖြစ်၏။

ဒဂုံသို့ ရောက်ရောက်ခြင်းပင် ဟံသာဝတီနှင့် တိုက်ပွဲများတွင် အောင်ပွဲရခဲ့သည့် တပ်မှူးကြီးများကို ဆုချသည်။

ဘုရင်နှင့်အတူ ပါရှိလာသည့် ဇာတ်သဘင်အဖွဲ့များဖြင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးသည်။

ဆိုင်းသံဗုံသံများနှင့် ဝေးရာ..မြို့ရိုးပေါ်တွင် ငတွန်က ဆေးတံကို ဖွာလျက် ထန်းဖူးစာတစ်စောင်ကို အကြိမ်ကြိမ် ဖတ်နေ၏။

“ဒဂုံမှာ တယ်လည်း..ဇိမ်ကျနေပါလား..ကိုယ့်လူ”

အသံကြောင့် ငတွန်က လှည့်ကြည့်လိုက်သည်။

ရွှေကြူ။

ရွှေကြူ က ပြုံးရွှင်သော မျက်နှာဖြင့် မြို့ရိုးပေါ်သို့ တက်လာ၏။

“ဘယ့်နယ့်လဲ...မတွေ့တာတောင်ကြာပေါ့..ဗိုလ်တွန်..မာပါစ”

“လူကတော့ မာပါရဲ့ဗျာ”

“ဘာက မမာတာလဲဗျ..ပြောစမ်းပါဦး”

“ဒီမှာလေဗျာ...ဟိုမှာကျန်ခဲ့တဲ့ ကျုပ်အိမ်သား ရှင်ထွေးပုက...သမီးကလေးမွေးထားတယ်တဲ့...အော်..စစ်ထွက်ယောကျ်ားဘဝများ ကိုယ့်မိန်းမတောင် ဘယ်အချိန်ဗိုက်ကြီးပြီး ဘယ်လိုသမီးမွေးထားမှန်းမသိလိုက်ရဘူးဗျာ...ဒါကိုတွေးပြီး..လူက ကျန်းမာပါလျက်..စိတ်က ဟိုးရွှေဘိုကို လွမ်းနေတာဗျို့”

“မပူပါနဲ့ဗျာ..မကြာခင် ကျုပ်တို့ ဟံသာဝတီကိုအပြီးသိမ်းပြီးရင်..ပြန်ကြရမှာပါ...ကျုပ်ကတော့ အခုကို ဟံသာဝတီကို သွားတိုက်ချင်နေပြီ”

“အင်းပေါ့လေ..ကိုယ့်လူက ဟံသာဝတီကို တိုက်ချင်တာထက်..ဟံသာဝတီသူကို ကိုက်ချင်နေတာဖြစ်မယ်..ဟားဟား...ဘာတဲ့ နာမည်တောင်မေ့တော့တော့ဖြစ်နေ

ပြီ..ခင်မိထော ဆိုလား”

“ခင်ထော်မိ ပါဗျာ”

“အေး..ကိုရွှေကြူရယ်..ခင်ထော်မိ..ခင်ထော်မိ”

“ကဲ..လွမ်းလို့ဝရင်လည်း..ကျုပ်တို့ ပြန်ဆုံကြခြင်းအထိမ်းအမှတ်အဖြစ် အောက်မှာ တခွက်တဖလား လာသောက်ပါဦးဗျ..ခင်ဗျားနှယ့်”

“ခင်ဗျားကို မြင်တော့....ခင်ဗျားနဲ့ တွဲဖော်တွဲဖက်..ငအိုး ကိုတောင် သတိရသွားတယ်ဗျာ..ဒီကောင်ကြီးရှိရင်လည်း..ဒီလို စစ်တိုက်ရတော့မယ်ဆို မြူးရွင်နေတတ်တာဗျနော့”

ငတွန့်စကားကြောင့် ရွှေကြူမှာ ရုတ်တရုတ် ငိုင်သွားတော့၏။

ငတွန်က ရွှေကြူ၏ ပုခုံးကို ဖမ်းလိုက်သည်။

“ကဲ..ငါ့လူ..ကျုပ်ပြောလိုက်လို့ ပျော်နေရာကနေ... စိတ်မကောင်းဖြစ်သွားပြီတူရဲ့.. လာ..လာ..အောက်ဆင်းသောက်ကြစို့ရဲ့ဗျာ”

အခန်း (၃၈)

အရပ်ခြောက်ပေကျော်၊ ခန္ဓာကိုယ်ထွားထွားကြိုင်းကြိုင်း။

သေနတ်ပစ်ခတ်ခြင်း၊ ဓားခုတ်၊ လှံထိုးနှင့် လူချင်းသတ်ပုတ်ရာတွင် ကျွမ်းကျင်သော ထိုလူစု။

သူတို့သည် အင်းဝမြေမှ ပေါ်တူဂီ၊ ကမန်များ နှင့် ဒဂုံသို့ ခိုဝင်လာသည့် ပြင်သစ်၊ အာဖရိကန်၊ စပိန်၊ ပထန် ကြေးစားစစ်သည် တို့ပါဝင်သည့် (၅၅)ယောက်အစု ဖြစ်သည်။

သီရိဓမ္မရုတ်သွေးသောက်အစုဟု အမည်သမုတ်သည်။

ထိုအဖွဲ့မှာ အလောင်းဘုရား၏ ကိုယ်ရံတော်တပ်ဖွဲ့အဖြစ် အထူးတာဝန်ပေးအပ်ဖွဲ့စည်းခဲ့ခြင်းဖြစ်၏။

ဂျိုးဇက်ပက်ဒရို ဦးဆောင်သည့် ထိုတပ်ဖွဲ့မှာ မည်သည့်အခြေအနေမျိုးတွင်မဆို အလောင်းဘုရားအား အသေခံကာ ကာကွယ်ရမည်ဟု လက်မောင်းသွေးဖောက်ကာ သစ္စာနှံထားကြသည်။

မှိုင်းသဲသဲလှေကြီးကို ဆုံးရှုံးရပြီးနောက်..အနောက်တိုင်းပုံစံစစ်သင်္ဘောတစ်စီးအား တည်ဆောက်ရန် အလောင်းဘုရားဦးအောင်ဇေယျ အား လက်ရုံးအကြံပေးများဖြစ်သော ငနေ၊ ငမြတ်စံ၊ တွင်းသင်းမင်းကြီး ဦးထွန်းညို တို့က အကြံပြုကြ၏။

ထို့ကြောင့် နန်းမတော်ဝန်အာမေးနီးယန်း ဂရီဂိုရီ၊ မင်းရဲကောင်းပုံဘွဲ့ခံ အန်တိုနီယို၊ သင်္ဘောနရာဘွဲ့ခံ ကလံဟား ခေါ် လာဗီး တို့ ဦးဆောင်မှုဖြင့် ဒဂုံတွင်ရှိနေသော သန်လျင်ရှိ ပြင်သစ်သင်္ဘောကျင်းတွင် သင်္ဘောဆောက်အတွေ့အကြုံရှိခဲ့ဖူးသည့် မွန်လူမျိုးများဖြင့် ရေနန်းစကြာအမည်ဖြင့် တိုက်သင်္ဘောကြီးတစ်စီးကို ဒဂုံတွင် တည်ဆောက်နေခဲ့သည်။

သီရိဓမ္မရုတ်သွေးသောက်အစုတွင် မပါဝင်ဘဲ သေနတ်ပစ်၊ အမြှောက်ပစ် ကျွမ်းကျင်သည့် ပေါ်တူဂီ၊ ပြင်သစ်၊ ပသီ၊ ပထန်၊ အာဖရိကန်စစ်သည် (၁၀၀)ကျော်နှင့် ဒေသခံစစ်သည် (၁၀၀)ကျော်ကိုလည်း ထိုသင်္ဘောတွင် တာဝန်

ထမ်းဆောင်ရန် သေနတ်ပစ်၊ အမြှောက်ပစ်ကျွမ်းကျင်အောင် ပူးတွဲစစ်ရေးလေ့ကျင့်စေ၏။

ထိုသို့ အစီအမံများ ပြုလုပ်ပြီးသည်နှင့် အောင်ဇေယျ၏ လက်ရုံးစစ်သူကြီးများမှာ သန်လျင်ကို တိုက်ခိုက်ရန်နှင့် ရိက္ခာစုဆောင်းရန် ဗျူဟာချမှတ်ထားသော နေရာများသို့ စစ်ကြောင်းများဖြန့်ခွဲ ထွက်သွားကြသည်။

မင်းလှမင်းခေါင်တွန် ဦးစီးသည့် တိုက်လှေ(၁၀၀)ပါ စစ်ကြောင်းက ပုဇွန်တောင်၊ မင်းကျော်စည်သူငရွှေရည် ဦးစီးသည့် တိုက်လှေ (၁၀၀)ပါ စစ်ကြောင်းက သန်လျက်စွန်း တို့တွင် တပ်ဖျောက်ကာ နေစေသည်။

ထို့နောက် သေနတ်ဝန်မဟာသေနာပတိ ငကောင်း ဦးစီးသည့် တိုက်လှေ (၁၀၀) ပါ စစ်ကြောင်းက ဒလနှင့် ဓနုတ် တို့အထိ တက်ကာ ဆန်စပါးရိက္ခာများကို သိမ်းယူသည်။

ထိုတပ်များ၏ အဓိကတာဝန်မှာ မှော်ဝန်း၊ ဒနုတ်ကင်း အစရှိသည့် လယ်ကွင်းပြင်ဒေသများမှ ရိက္ခာများကို ရသလောက်စုဆောင်းပြီး ဒဂုံသို့ တင်ပို့ပေးရန်ဖြစ်သည်။

ထိုသို့ရိက္ခာစုဆောင်းနေစဉ် ဟံသာဝတီ၏ အရံမြို့ရွာများဖြစ်သော ပဲခူးမြစ်တောင်ဘက် တစ်လျှောက် ကို မင်းသားများဖြစ်သော မောင်လောက်၊ မောင်ရွှေတို့၏ တပ်များက မီးရှို့ဖျက်စီးပြီး သုံ့ပန်းများ ဖမ်းယူကြ၏။

ဟံသာဝတီမှ သန်လျင်သို့ ရိက္ခာသွင်းရန် ဆန်စပါးအပြည့်တင်လာသည့် လှေကြီး(၈၀)နှင့် မောင်လောက်၊ မောင်ရွှေလက်အောက်ခံလှေတပ်တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားပြီး ရိက္ခာတင်လှေများကိုလည်း သိမ်းပိုက်ရရှိလိုက်ကြသည်။

ထိုသို့ ဟံသာဝတီမှ ရိက္ခာတပ်များဖြတ်တိုက်ခံရပြီး သန်လျင်အနှီး ဒလတွင်လည်း ငကောင်း၏ တပ်များက ရိက္ခာများသိမ်းယူနေသဖြင့် သန်လျင်မြို့တွင်းမှ ဗညားဒလအောင်စ သည် ဒလတွင်ရှိနေသော ငကောင်း၏ တပ်များကို အရင်ဆုံးတိုက်ထုတ်ကာ လမ်းကြောင်းဖွင့်ရန် ဆုံးဖြတ်လိုက်၏။

ပြင်သစ်သင်္ဘောခုနှစ်စင်းတွင် အမြောက်ကြီးများတင်ဆောင်ကာ တိုက်လှေ(၅၀၀)ကျော်ဖြင့် ဒလကို တိုက်လေသည်။

ငကောင်း၏ တပ်များကလည်း ဗညားဒလအောင်စ၏ သင်္ဘောများတွင် အမြောက်ကြီးများပါရှိလာသည်ကို သိရှိသည့်အတွက် တပ်ချသည့်နေရာသို့ပင်

အရောက်မခံပဲ သဘော်များအနီးသို့ လှေများဖြင့် ထွက်လာကာ အနီးကပ် ဝင်ရောက်တိုက်ကြ၏။

အနီးကပ်လုံးထွေးကြသည့်တိုက်ပွဲမို့ အမြောက်ကြီးများမှာ အသုံးမဝင်ဖြစ်နေသည့်အခြေအနေတွင် လက်ဝဲဘက် ပုဇွန်တောင်မှ ငတွန်၏လှေတပ်၊ လက်ယာဘက်မှ ငရွှေရည်၏ လှေတပ်များက ရုတ်တရက် ချီတက်ကာ သုံးဘက်ညှပ်တိုက်ခိုက်ကြသည်။

မထင်မှတ်သည့် စစ်ကြောင်းနှစ်ကြောင်းက ညှပ်တိုက်ခြင်းကို ခံရသဖြင့် ဗညားဒလအောင်စ တပ်များမှာ သဘော်ကြီးများကို ရန်သူလက်မပါရေးအတွက်ဦးစားပေးပြီး သန်လျင်သို့ အပြင်းဆုတ်ခွာခဲ့ရသည်။

၁၇၅၆ ဧပြီ ၉ ရက်နေ့တွင် ငကောင်း၏ တပ်များမှာ သန်လျင်၏ အဝင်ဖြစ်သော မွေ့နွန်းကန်အထိ ရောက်ရှိကာ တည်နေတော့၏။

.....
.....

၁၇၅၆ ဧပြီလ ၂၆ ရက်။ ဟံသာဝတီ။

အနောက်ပွဲတက်ဆောင်။

ဆင်ရုပ်ခံသလွန်ပေါ်တွင် ထိုင်နေသော ဗြမိုင်းဓိရာဇာဦးအောင်လှ သည် သူ့လက်ထဲတွင် ရှိနေသော ပေစာကို ဖတ်ရှုလိုက်သည်။

စာဖတ်နေရာမှ မျက်နှာခွာကာ သူ့ရှေ့တွင် ခစားနေကြသူများကို ကြည့်သည်။

ပေစာ ကို နောက်တကြိမ်ပြန်လည်ဖတ်ရှုသည်။

ထို့နောက် သူပတ်လည်တွင် ခစားနေကြသော အိမ်ရှေ့ဥပရာဇာဦးအောင်မြ နှင့် တလပန်းစသော စစ်သူကြီးများကို တချက်ပြန်ကြည့်ပြီး မေးလိုက်၏။

“ဒါက..ဘာတွေရေးထားတာတုန်း”

ထိုအခါ ဥပရာဇာဦးအောင်မြ က ရှေ့တွင် ရှိသော စာရေးတော်ကြီးကို မျက်ထောင့်နီဖြင့်ကြည့်လိုက်၏။

“စာရေးတော်ကြီး”

“ဘုရာ့”

“ဘုန်းတော်ကြီးဘုရားဆီက စာကို ယူပြီး ဘာသာပြန်ပေးလိုက်လေ..တယ်..ဒီကောင်”

ဘုန်းကြီးလူထွက်စာရေးတော်ကြီးမှာ လက်များတုန်တုန်ရီရီဖြင့် ဘုရင်ဆီမှ ပေစာကို ယူလိုက်သည်။

“ဟံ ရတိယော သဗ္ဗဂန်၊ သာ ဓုသမ္မာဓမ္မောနတ္ထိ၊ ဝ နေဘာဝတီတိသုညံ၊ တိ ကပ္ပ ဂတာစောရာမတာ....အနက်အဓိပ္ပါယ်အရတော့ ဟံသာဝတီ၊ ပန်းလှိုင်တံခါးအထိသည် ရွှေဘိုမင်း အလောင်းဘုရား၏ ပိုင်နက်ဖြစ်သည်။ သူတပါးမပေးသော ပစ္စည်းကို လုယူ၊ သူတော်ကောင်းတရားမရှိသောကြောင့် ဟံသာဝတီပြည်သည်လည်း ပျက်စီးလတ္တံ၊ မင်း ဟု အဓမ္မခံယူထားသော သူခိုးခေါင်းအကြီးလည်း သေလတ္တံ လို့ ရေးသားထားတာပါ...အရှင်မင်းကြီး”

ဟံသာဝတီဘုရင် ဦးအောင်လှ မှာ မျက်စိမျက်နှာပျက်သွား၏။ ယင်းပေစာကို စာဆို့ပညာရှိ ဦးမြတ်စံမှ ရေးသားပြီး အလောင်းဘုရားတပ်မှ မင်းထင်နော်ရထာ လက်ဦဘိလူး ငညိုသူ မှ ဟံသာဝတီပန်းလှိုင်တံခါးဝတွင် လာရောက်ချိတ်ဆွဲသွားခြင်းဖြစ်သည်။

“ဒါ..ဟံသာဝတီအပေါ်သင်းတို့ရဲ့ အဆုံးစွန်သော စော်ကားခြင်းပါပဲ..ဘုရား”

လက်ဦဘက်တွင် သလွန်နိမ့်တစ်ခုနှင့် ထိုင်နေသော ဥပရာဇာဦးအောင်မြ ၏ အသံက တိတ်ဆိတ်သော နွေနေ့လည်ခင်းထဲ ကျယ်လောင်စွာထွက်ပေါ်လာ၏။

“တကယ်ပဲ ငါ့အာဏာတော်စက်က ပန်းလှိုင်တံခါးဝအထိပဲရှိတော့တာလား...ညီတော်..သန်လျက်မှာ ရှိနေတဲ့ ညီတော်ကရော...မုဆိုးဖိုသားတွေကို အညံ့ခံလိုက်ပြီလား”

“မှန်ပါ...သန်လျင်မှာ ရှိတဲ့ မဟာမိတ်ပြင်သစ်တွေနဲ့အတူ ကြံ့ကြံ့ခံရပ်တည်နေလျက်ပါပဲ...သို့သော်ငြား ကျွန်တော်မျိုးတို့နဲ့ သန်လျင်ကြား ဒဂုံတပ်ကို သင်းတို့ ပိတ်ဆို့ထားကြသဖြင့် အဆက်အသွယ်မရပဲ..စစ်ရေးစစ်ရာ စီမံဖို့ ခက်ခဲနေကြတာပါ..ဒါကို အခွင့်ကောင်းယူပြီး အခုလို စော်ကားလာကြခြင်းပါပဲ”

“အခုအခြေအနေအရ အရေးကြီးဆုံးက သန်လျင်နဲ့ ဟံသာဝတီကြားနယ်မြေတွေကို ငါတို့ ပြန်ရကြဖို့လိုတယ်...သန်လျင်နဲ့ ဟံသာဝတီဆက်သွယ်လို့ရနေသမျှ ဆိပ်ကမ်းကလက်နက်တွေ၊ မဟာမိတ် အကူအညီတွေရဖို့ အခွင့်အလန်းရှိနေတာပဲ...အဲ့ဒီ နယ်မြေတွေကို ပြန်ရဖို့ စီမံရမယ်..က..ညီတော် ဥပရာဇာ..စစ်ပွဲ

တွေ့ စကတည်းက မင်းစိတ်ကြိုက် စီမံကွပ်ကဲဖို့ ငါကိုယ်တော် ခွင့်ပြုထားခဲ့တယ်..အခုတော့ ဟံသာဝတီရဲ့မြို့တံခါးအထိ ရန်သူက စာလာချိတ်သွားတာခံခဲ့ရပြီးပြီ...ဒီတကြိမ်တော့...ညီတော်အစား စစ်မှုရေးရာများကို ကွပ်ကဲဖို့ တလပန်းကို တာဝန်လွဲပြောင်းပေးမယ်..ညီတော်အနေနဲ့လည်း စစ်ရေးထက် ပြည်ထဲရေးကိစ္စ များကို ပိုပြီး အာရုံစိုက်ကိုင်တွယ်နိုင်မယ်မဟုတ်လား”

ဘုရင်ဦးအောင်လှ၏ အမိန့်ကြောင့် ဥပရာဇာဦးအောင်မြ ၏ မျက်နှာမှာ ပိုမို တင်းမာသွား၏။

တလပန်းက မူ ခေါင်းကို ငုံ့လျက်မတုန်မလှုပ်။

စစ်ပွဲများ ဆက်တိုက်ရှုံးနေမှုကြောင့် ဟံသာဝတီနန်းတွင်းတွင်လည်း ဥပရာဇာဦးအောင်မြ ၏ ဩဇာမှာ တအံအကျဆင်းနေပြီဖြစ်သည်။

ထို့ကြောင့် ဦးအောင်မြ မှာ အကိုဖြစ်သူ၏ အမိန့်ကို စောဒကတက်ရန်လည်း ခက်ခဲလျက်ရှိနေ၏။

“ဗိုလ်မင်းတလပန်း”

“ဘုရား”

“ဟံသာဝတီနဲ့ သန်လျင်ကြားမှာ ပိတ်ဆို့နှောက်ယှက်နေတဲ့ အောင်ဇေယျရဲတပ်တွေအရေး ဖြေရှင်းဖို့ရာ မောင်မင်းမှာ စစ်ဗျူဟာများ တွေးတောထားတာရှိသလား..ရှိရင်..အခု ညီလာခံမှာ အပြီးလျှောက်တင်”

“မှန်ပါ..ရှိကြောင်းပါ”

“လျှောက်စေ”

“ဟံသာဝတီနဲ့ သန်လျင်ကြား ဒေါပုံအရပ်ဟာ တောကြီးတောင်ကြီးရှိပါသေးတယ်...ဒီအရပ်မှာ တပ်ကြီးတစ်တပ် သွားတည်ပါမယ်ဘုရား..အဲ့ဒီလို တပ်တည်ရာတွင်လည်း တပ်မှူးဟာ မုဆိုးဖိုတပ်တွေနဲ့ အထိအတွေ့နည်းဖူးပြီး..သူတို့ သိပ်မသိတဲ့ တပ်မှူးတစ်ယောက်ကို သုံးပါမယ်..မြို့စောင့်တပ်အဖြစ် နေနေတဲ့ စျေးငယ်ဗိုလ်ကို ဒေါပုံကို စေလွှတ်ပါမယ့်ဘုရား”

“ဟဲ့..စျေးငယ်ဗိုလ်က လူကလည်း ငယ်..အတွေ့အကြုံကလည်းမရှိဘူးမဟုတ်လား”

“မုန်ပါ..ဈေးငယ်ဗိုလ်ဟာ သန်လျင်မှာရှိနေတဲ့ ဗိုလ်မင်းလက်ဂျာဗိုလ်ရဲ့ လက်ထွက်ပါ..ဘုရား..လူလည်းလူငယ်..ပြီးတော့ သူ့အကြောင်းကိုလည်း မုဆိုးဖိုတပ်မှူးတွေ သိပ်မသိကြပါဘူး”

“အင်းလေ...သူ့ကိုသွားထားပြီး ဘာလုပ်မှာလဲ”

“မုန်ပါ...သူကို ထားခြင်းဖြင့်..ဒဂုံမှာရှိနေတဲ့ မုဆိုးဖိုတပ်တွေက အထင်သေးကြပါလိမ့်မယ်..ဒီတော့ သူ့တပ်ကို မရမက လာတိုက်ပါလိမ့်မယ်ဘုရား..သူတို့ ဒေါပုံကို ဝန်းရံနေစဉ်မှာ ကျွန်တော်မျိုးကိုယ်တိုင်ဦးစီးတဲ့ တပ်တွေက တစ်ဖက်က ချီပါမယ့်..အဲဒီအခါ မုဆိုးဖိုတပ်မှူးတွေဟာ သူတို့အထင်သေးတဲ့ ဈေးငယ်ဗိုလ်ရဲ့ ဒေါပုံတပ်ကို မဝိုင်းအရဲ ပဲ ဟံသာဝတီရဲ့ အဓိကစစ်သူကြီးဖြစ်တဲ့ ကျွန်တော်မျိုးကို တိုက်ဖို့သာ လှည့်လာပါလိမ့်မယ်..ဒီလို သူတို့ အရံဖြုတ်ပြီး ကျွန်တော်မျိုးတပ်တွေဆီ လှည့်ချိတ်နဲ့ နောက်ကနေ ဈေးငယ်ဗိုလ်တပ်က ထွက်လိုက်လာပြီး..နှစ်ဖက်ညှပ်တိုက်ကြပါမယ်....တချိန်တည်းမှာပဲ ကျွန်တော်မျိုးအနေနဲ့ သန်လျင်ကဗညားဒလမင်းသား ကို စာကြိုတင်ပို့ထားပါမယ်...မုဆိုးဖိုတပ်များ ညှပ်တိုက်ခံနေရချိန်မှာ.သန်လျင်တပ်က ရေကြောင်းက ချီလာပြီး ဒဂုံကို အမြောက်များဖြင့် ပစ်ပြီး ဝင်တိုက်ကြလျှင်ဖြင့်..အညာသားတို့ကို အထက်ဆီ အပြီးတိုင် မောင်းထုတ်နိုင်မှာပါ..ဘုရား”

တလပန်း ၏ လျှောက်တင်မှုပြီးဆုံးသွားသည်နှင့် နန်းဆောင်တစ်ခုလုံး တိတ်ဆိတ်သွား၏။

“တလပန်း ဟာ ကျုပ်ရဲ့ အားအကိုးရဆုံးစစ်သူကြီး..ကျုပ်အတွက်တော့ သားအရင်းလိုပါပဲ...ဒီပွဲလန်း အောင်နိုင်ပြီးရင်တော့..တလပန်း..မောင်မင်းဖြစ်ချင်တာတွေအားလုံးကို ကျုပ် ချီးမြှောက်ပါ့မယ်”

တလပန်း က ခေါင်းငုံ့လျက် ပြုံးနေလိုက်၏။ သူ၏ မျက်လုံးထဲတွင်တော့ ဂမုန်း၏ ပြုံးရွှင်နေသော မျက်နှာကိုသာ အထပ်ထပ်မြင်ယောင်နေတော့သည်။

အနောက်ပွဲတက်ဆောင်ပြတင်းပေါက်ဆီမှတဆင့် ဝင်လာသည့် နွေဥဩ၏ တွန်သံက ချိုချိုရှရှ။

.....
....

၁၇၅၆ မေလ ၈ ရက်။

သန်လျင်မြို့နှင့် ဒဂုံမြို့ကြားရှိ ဈေးငယ်ဗိုလ်၏ ဒေါပုံခံတပ်။

ဈေးငယ်ဗို့လ်အပြင် တချိန်က အင်းဝမင်းမှူထမ်းဖြစ်သော ဗမာလူမျိုးတပ်မှူး နန္ဒဗလကျော်သူ ပါ ဦးစီးကွပ်ကဲသည်။

ဒေါပုံခံတပ်တွင် ဟံသာဝတီသား (၄၀၀၀)ကျော်နှင့် မုတ္တမသား (၄၀၀၀)ကျော် စုစုပေါင်း ခုနှစ်ထောင်ကျော် ခန့်ရှိပြီး ရင်းတားများ၊ ဆူးညောင်များ၊ ကတုတ်များ အဆင့်ဆင့်စီမံထားသည်။

တပ်ထိပ်တွင် အမြောက်ကြီးများ တင်ထား၏။

“သေနတ်သမားတွေကို အသင့်ပြင်ခိုင်းလိုက်ရတော့မလား ဗို့လ်မင်း”

ဒေါပုံခံတပ်နှင့် မနီးမဝေးတောင်ကမူပေါ်တွင် မတ်တပ်ရပ်လျက် အခြေအနေကို အကဲခပ်နေသော မင်းလှမင်းခေါင် ငတွန်ကို လက်ျာဘီလူးငည်ုသူ က မေး လိုက်၏။

ငတွန်က မှန်ပြောင်းရှည်ကို အောက်ချလိုက်သည်။

“နေဦး..ညီုသူ....သူတို့တပ်စီးမှာ အမြောက်တွေ အသင့်တင်ထားတာတွေ့ တယ်...ဒီဘက်က အရိပ်အယောင်မြင်တာနဲ့ ပစ်ရင်..ငါတို့ စစ်ဦးလန်သွား မယ်..ကိုမြတ်သူတို့ ရေတပ်ရောက်မှ အဲဒီက အမြောက်နဲ့ စပစ်ရင်..သူတို့လည်း မြစ်ဘက်ကိုလှည့်ပြီး ပစ်ကြလိမ့်မယ်..ဒီတော့မှ မင်းရဲ့ အမာခံတပ်တွေက တပ်ရင်းကို ချည်းကပ်ပြီး ခလုတ်ကန်သင်းတွေဖြုတ်ဖို့လုပ်ချေ...သေနတ်တပ် တွေက ဝဲယာက ကာပစ်ပေးထားမယ်”

မကြာမီ မြစ်ဘက်ဆီမှ အမြောက်သံများ ထွက်လာ၏။

မင်းကျော်တန်ဆောင် ငမြတ်သူ ဦးစီးသည့် တိုက်လှေ (၃၇၀)ပေါ်တွင် ပါရှိသော အမြောက်ငယ်များမှ စတင်ပစ်ခတ်လိုက်ခြင်းဖြစ်သည်။

ဒေါပုံခံတပ်မှာ လူပ်လူပ်ရှားရှားဖြစ်သွားပြီး အမြောက်များကို မြစ်ဘက်သို့ ဦး တည်ပစ်ခတ်ကြသည်။

ထိုအချိန်မှ လက်ျာဘီလူးငည်ုသူ၏ တပ်များက ခံတပ်ခြေရင်းသို့ အားကုန်တက် သွားကြ၏။

ဈေးငယ်ဗို့လ်က ကြည်းကြောင်းကိုလည်း တွက်ဆထားသည့်အတိုင်း နန္ဒဗလ ကျော်သူကို စိန်ပြောင်းကိုင် ပေါ်တူဂီကြေးစားစစ်သားများနှင့် အသင့်စောင့်နေ စေသည်။

“ပစ်ကြ....”

နန္ဒဗလကျော်သူက တပ်ဦးတွင် ဓါးကိုဝှေ့ရင်း အမိန့်ပေးလိုက်သည်နှင့် စိန်ပြောင်းများကို ပစ်ခတ်ကြတော့သည်။

“တက်ကြ...သေမှာ ကြောက်ရင်..သူရဲကောင်းမတွင်ဘူး..ငါ့ကောင်တွေ”

စိန်ပြောင်း၊ လက်ဖြောင့်သေနတ်များကြားမှာ လက်ျာဘီလူးငည်ိသူ မှာ ဓါးရှည်ကို ဝှေ့လျက် ရှေ့သို့ တက်သွား၏။

ဘေးနားမှာ စစ်သည်များမှာ စိန်ပြောင်း၊ သေနတ်ပစ်ခတ်မှုကြောင့် လဲကျသူ လဲကျကုန်သည်။

“ညိုသူ...စွတ်မတက်နဲ့..ခဏပြန်ဆုတ်ချေ..ပြန်ဆုတ်”

ငတွန်က လှမ်းအော်သည်။

“ဟေ့...လက်ျာဘီလူး ဘက်ကို ကာပစ်ပေးကြ..ကာပစ်ပေးကြ”

ငတွန်က သေနတ်ကိုင်များကို လိုက်လံအော်ဟစ်ကာ အမိန့်ပေးနေ၏။

တပ်ခြေရင်းသို့ ရောက်သွားသော ငညိုသူ သည် မြင်းပေါ်မှ လွှားခနဲ လှိမ့်ဆင်းလိုက်သည်။

ထို့နောက် မြေပြင်တွင် ဝမ်းလျားမှောက်ရင်း ကျောတွင် အသင့်ကျည်ထိုးထားသော ပြောင်းရှည်သေနတ်ကို ခံတပ်ရိုးပေါ်သို့ ချိန်လျက်..နားခွက်ကို မီးညှိလိုက်တော့၏။

“ဖောင်း”

ခံတပ်ထိပ်တွင် ကွပ်ကဲနေသော နန္ဒဗလကျော်သူ မှာ သေနတ်မှန်ကာ အောက်သို့ လွင့်စင်ကျသွားသည်။

ငညိုသူက ထိုအခါမှ မြင်းပေါ်သို့ ပြန်တက်တကာ ငတွန်၏ သေနတ်တပ်များရှိရာသို့ ဒုံးစိုင်းပြန်ဝင်သွားတော့၏။

“ငါလူ..ဒီလောက်တော့ စွန့်မလုပ်နဲ့လေ...အခြေအနေတွေကို သေချာသုံးသပ်ပြီး ခေါင်းအေးအေးနဲ့ လုပ်ပါဟာ”

ငတွန်က ခွေးသံတရွှဲရွှဲ၊ ဖုန်အလူးလူးဖြင့် ပြဲန်ရောက်လာသော ညီညြသူအား ပြောလိုက်သည်။

“သူတို့ တပ်မှူးတစ်ကောင်တော့ မှန်အောင်ပစ်နိုင်တယ်..ဗိုလ်တွန်...ဒီကောင်တွေ..စိတ်ဓာတ်တော့ ကျသွားမှာပဲ..မဟုတ်လား”

“ငါပြောတာ...သူတို့ဆီမှာ တပ်မှူးကောင်းတွေရှိပါလျက် ဒီလောက်အဆင့်လူတွေကို ဒီခံတပ်ဆီမှာ ထားတာကို ပြောတာ...ညီညြသူရ..ဒါ မသက်သာစရာအခြေအနေပဲ....ဒီတပ်ကို ဘန်းပြပြီး..နောက်ကနေ..တလပန်းဖြစ်ဖြစ်၊ စောဗြဲ ဖြစ်ဖြစ် လာတိုက်လိမ့်မယ်လို့..ကျုပ်ခန့်မှန်းမိနေလို့...ရှေ့ကို စွတ်မဲနေရင်..အင်အားတွေနည်းသွားမယ်..ဟံသာဝတီသားတွေက..အနောက်ဘက်ကြောက ကျုပ်တို့ကို လာတိုက်တဲ့အခါကျ ဒုက္ခများလိမ့်မယ်”

“ကျုပ်..ဒါကို မစဉ်းစားမိလိုက်ဘူး..ဗိုလ်တွန်”

ညီညြသူက မြင်းကို ရေတိုက်ရန်အတွက် တပ်အနောက်သို့ ထွက်ခွာသွားတော့သည်။

ဒေါပုံခံတပ်ကို ရေကြောင်း၊ ကြည်းကြောင်းတို့မှ ရွှေဘိုတပ်များက ပိတ်ဆို့ထားကြသော်လည်း အမြောက်၊ စိန်ပြောင်းများဖြင့် တရစပ်ပစ်ခတ်မှုကြောင့် အနားကပ်မရကြ။

ထို့ကြောင့် ဒေါပုံတပ်ကို ၅ ရက်တိုင်တိုင် ပိတ်ဆို့ဝန်းရံထားကြသည်။

ထိုအချိန်တွင် တလပန်းနှင့် ဘယ်ကျော်တို့မှာ စစ်သည်အင်အား (၂၀၀၀၀)ဖြင့် လက်ဝဲလက်ယာ စစ်ကြောင်းဖြန့်လျက် ချီတက်လာခဲ့သည်။

ဒေါပုံတပ်နှင့် မနီးမဝေး တောတန်းတွင် ဗိုလ်တွန်နှင့်အတူ တပ်မှူးများဖြစ်သော မင်းကျော်တန်ဆောင်မြတ်သူ၊ လက်ဦဘီလူးညီညြသူ၊ သူရိန်တန်ဆောင်၊မင်းလှသီရိစသော တပ်မှူးများ စည်းဝေးတွေ့ဆုံကြ၏။

“ဒေါပုံတပ်မှာက စျေးငယ်ဗိုလ်လို ကလေးက တပ်မှူးလုပ်နေတာ..သူတို့အမြောက်၊ စိန်ပြောင်းများလိုသာ ကျုပ်တို့ က အခုနေကပ်မရတာပါ...ဒီလို ကလေးကို အချိန်မရွေးဝင်သိမ်းလို့ရတယ်..အရေးကြီးတာက အနောက်ကနေ ချီလာတဲ့ တလပန်းတို့ပဲ...သူတို့ ဦးတည်ချက်က ဒေါပုံခံတပ်မဟုတ်ပဲ...ဒဂုံကို ဆို...တပ်တွေအားလုံး အကွဲအကွဲ အပြားပြားဖြစ်ကုန်တော့မယ်..ဒီတော့..ကျုပ်တို့ ဒီဒေါပုံခံတပ်ကို ခဏခွာပြီး..တလပန်းတို့ကို စီးတိုက်မယ်..ပြီးမှ ဒေါပုံခံတပ်ကို ပြန်တိုက်ကြတာပေါ့...ဒေါပုံတပ်ဟာ ပလိုင်းထဲက ဖားပါပဲ..ဗိုလ်မင်း”

မင်းကျော်တန်ဆောင်မြတ်သူ၏ စကားကို ငတွန်က ခေတ္တမျှ စဉ်းစားလိုက်သည်။

ထို့နောက် ခေါင်းကို ခပ်ဖြေးဖြေးခါရမ်းလိုက်၏။

“ဒေါ်ပုံတပ်ထဲကို ကျုပ်တို့ ရုံတာ ငါးရက်ရှိပြီ..ဟိုရက်က ကင်းထောက်တွေ ပြောတဲ့ပုံအရ သူတို့ တပ်ပြင်ထွက်ပြီး ရေရှာတာတွေဘာတွေလုပ်ကြတယ်တဲ့..ကျုပ်အတွေ့အကြုံအရတော့ သူတို့ ရိက္ခာမကြာခင်ပြတ်တော့မယ်... ဒီလို ခံတပ်ကြီးလာတည်ထားပြီး ရိက္ခာကို အပြည့်အစုံအဖူအလုံမယူလာတာ ဘာကြောင့်လဲ ဆိုတာကိုလည်း မဖြစ်မနေ ထည့်တွေးကြရမှာပဲ..ဒီလို ရိက္ခာအပြည့်အစုံမယူလာတာဟာ သူတို့ဟာ ဒီခံတပ်ထဲမှာ ရေရှည်နေပြီး ခံတိုက်မယ်ဆိုတဲ့ ဗျူဟာ မျိုး မရှိလိုပဲ..ကျုပ်တို့ ထင်တဲ့အတိုင်း..အခုဆို တလပန်းတပ်တွေက နောက်ကနေ ကျုပ်တို့ကို တိုက်ဖို့ချီလာပြီ...ဒါက ဒေါ်ပုံခံတပ်တိုက်ခံနေရလို့ အခုမှ စစ်ကူပေးဖို့လာတာမျိုးမဟုတ်ပဲ..အစောကြီးကတည်းက စီမံထားတဲ့ ပုံပဲ...ဒါ စစ်ပရိယာယ်ဖြစ်ဖို့များတယ်...တကယ်လို့ ကျုပ်တို့က ဒေါ်ပုံခံတပ်ကို ဝိုင်းထားတာဖြုတ်ပြီး တလပန်းတပ်ကို စီးတိုက်ဖို့ ထွက်သွားတာနဲ့..ဒေါ်ပုံတပ်ထဲက စျေးငယ်ဗိုလ်တို့က နောက်ကလိုက်လာပြီးတိုက်ရင် စစ်နှစ်ဖက်ညှပ်ပြီးပေါ့”

“အခုလည်း သူတို့နောက်ကျောက ရောက်လာရင် စစ်နှစ်ဖက်ညှပ်မှာ မဟုတ်ဘူးလား..ဗိုလ်မင်း”

ညိုသူက ဝင်ပြောလိုက်သည်။

“ဟုတ်တယ်..အဲ့ဒီလိုမဖြစ်အောင်..လုပ်ရမယ်..ညိုသူ...မင်းက ကြည်းကနေ ဒေါ်ပုံကို ရံမြဲရံပါ..ကိုမြတ်သူတို့ကလည်း ရေကနေ ရံမြဲရံ..တလပန်းတို့ကို ကျုပ် တတပ်တည်းနဲ့ သွားစီးတိုက်ပြီး တားထားမယ်..မကြာခင်မှာ ဒေါ်ပုံတပ်ထဲကကောင်တွေလည်း သူတို့ထင်သလိုဖြစ်မလာရင် ငတ်ကုန်ကြမှာ..အဲ့ဒီကျ အရေးတောင်းလာကြလိမ့်မယ်”

“တလပန်းတပ်က အင်အားအရမ်းများတယ်..ဗိုလ်တွန်..ခင်ဗျားတပ်နဲ့တင်ဖြစ်ပါ့မလား”

“ညိုသူ..ဒီဒေါ်ပုံခံတပ်ကို မင်းဦးစီးပြီး ဝန်းရံဖို့ မင်းကို ငါယုံတယ်..ငါ့ကိုရော..မင်းယုံလား”

“ယုံတာပေါ့..ကိုယ့်လူရာ”

“အေး..ဒါဆိုပြီးရော..တလပန်းကို ငါက..ငယ်နိုင်ပါ”

.....

မအူမြိုအနောက်ဘက်။

မျက်စိတစ်ဆုံးထိများပြားသော တလပန်း၏ မြင်းတပ်ကြီးသည် ကွင်းပြင်အစပ်ရောက်သည့်အခါ ရပ်တံ့သွား၏။

ကွင်းပြင်၏ အဆုံး တောတန်းခပ်မြင့်မြင့်နေရာတစ်လျှောက် ခပ်ကြဲကြဲနေရာယူထားသော ရွှေဘိုသေနတ်သမား များကို တလပန်းက သတိထားမိလိုက်သည်။

“သူတို့ရောက်နေကြပြီကိုး”

တလပန်းက တောတန်းအတွင်းရှိနေနိုင်သော ရွှေဘိုစစ်သည်များအခြေအနေကို ကြည့်ကာ အင်အားကို တွက်ဆနေ၏။

တောတန်း၏ အနောက်ဘက်တွင်လည်း မီးခိုးငွေ့များ ဟိုမှသည် တလူလူတက်နေသည်ကို တွေ့ရသည်။

မီးခိုးများတလူလူတက်နေသည့် မီးဖိုများရှေ့တွင် ထိုင်နေသည့် စစ်သည်များကို စိစစ်ပြီးနောက် တောတန်းပေါ်သို့ တက်လာခဲ့၏။

“သူရိန်ဒေဝ...ခင်ဗျားလက်ဖြောင့်တွေက ကျုပ်ကို ဘယ်ညာရံပေးထား...တလပန်းထွက်လာတာနဲ့ ကျုပ်ကုန်းပေါ်တက်မယ်”

ငတွန်က လက်ဖြောင့်သေနတ်ဗိုလ်သူရိန်ဒေဝအား အမိန့်ပေးလိုက်သည်။

ထို့နောက် အခြေအနေကို စောင့်ကြည့်၏။

မီးခိုးငွေ့များမှအပ ထူးထူးခြားခြားမတွေ့ရသဖြင့် တလပန်းသည် အခြေအနေကို အကဲခတ်ရန် မြင်းသည်(၁၀၀၀) ရံလျက် ကွင်းပြင်ထဲသို့ တရွေ့ရွေ့တက်လာသည်။

တောတန်းနှင့် မနီးမဝေးနေရာသို့ ရောက်လျှင် ငတွန်က သျှောင်ကို ဖြန့်ချလိုက်၏။

ထို့နောက် လှံရှည်ကို ကိုင်လိုက်သည်။

တောတန်းကုန်းပေါ် စတက်လိုက်သည်နှင့် ကျောမှ ဆံပင်အချို့ကို ရှေ့သို့ ချလိုက်သည်။

ဆံစတို့ လွင့်မျောရာဘက်ကို သတိပြုလိုက်ပြီးနောက် လေတိုက်ရာဘက်ကို တွက်ချက်လိုက်၏။

“လေက သူတို့ဘက်ကို တိုက်နေတာပဲ..တလပန်းတော့..ကံဆိုးပြီ”

ငတွန် က ဘေးနားမှ သေနတ်ကိုင်စစ်သည်ကို ပြောပြီးသည်နှင့် ကုန်းမြင့်ပေါ်သို့ လှုံရှည်ကို ဝှံလျက် ပြေးတက်လိုက်သည်။

ထို့နောက် မြင်းစစ်သည်များ ရှေ့ဆုံးတွင် ရှိနေသော တလပန်းရှိရာသို့ လှုံရှည်ကို အားကုန်ပစ်လွှတ်လိုက်၏။

ကျွမ်းကျင်သောလှုံပစ်အားနှင့် လေတိုက်နှုန်းပေါင်းစပ်လိုက်သည့်အခါ လှုံရှည်မှာ သာမန်ရောက်နိုင်သည့် အကွာအဝေးထက်အနည်းငယ်ပိုလွန်ကာ တလပန်းဆီသို့ ဦးတည်သွား၏။

“ရွှမ်း”

လှုံတပစ်အကွာမကသော နေရာတွင်မို့ သက်တောင့်သက်သာနေနေသော တလပန်းမှာ သူဆီ တည့်တည့်လာနေသော လှုံကြောင့် အလန့်တကြားခေါင်းကို ငုံ့ရှောင်လိုက်သည်။

တလပန်း၏ ခေါင်းပေါင်းပုဝါမှာ လှုံနှင့်အတူ ပါသွားပြီး မြေပြင်တွင် စိုက်သွား၏။

“ဟာ”

တလပန်း၏ အနောက်ဘက်မှ စစ်သည်များမှာ အံ့သြတကြီးဖြစ်သွားကြသည်။

လှုံပစ်သူမှာ ဟိုးခပ်ဝေးဝေးမှ ဆံပင်ဖားလျား၊ လူကောင်ထွားထွား၊ အပေါ် ပိုင်း ဗလာ၊ ပါလီကွေးလယ်ကွပ်သာ ဝတ်ထားသူ။

ထိုသူ ဗိုလ်တွန်။

“ဟ...ဗိုလ်တွန်ကိုယ်တိုင်ပဲဟ”

“ဘီလူးသဘက်ကောင်ကြီးဟေ့”

မြင်းတပ်များ ဆူညံသွားကြသည်။

တလပန်းက သူ့တပ်ကို ဟန့်ရန်ကြိုလိုက်သော်လည်း..ဗိုလ်တွန်က နောက်ထပ်လှံတစ်စင်း ယူပြီး ချိန်ရွယ်နေသည်ကို မြင်သဖြင့် သူ့ကိုယ်တိုင် လှံလွတ်ရာ မြင်းတပ်ထဲသို့ ဝင်ပြေးလေတော့၏။

ထိုအချိန်တွင် ငတွန်၏ ဘေးဘယ်ညာမှ သေနတ်တပ်များက တဖောင်းဖောင်း ပစ်ခတ်ကြသည်။

သေနတ်သံများစသည်နှင့် အနောက်ဘက်မှ စစ်သည်များမှာ ဝါးကျည်တောက်များကို မီးဖိုများအတွင်းသို့ ပစ်ထည့်ကြပြန်သည်။

တဖောင်းဖောင်အသံများက လွင်ပြင်တစ်ခုလုံး ဆူညံသွား၏။

ရှေ့ချီတပ်မှူကိုယ်တိုင် လှံဖြင့် အပစ်ခံရပြီးနောက်...ထောင်ပေါင်းများစွာသော သေနတ်သံများပါ ထပ်မံထွက်ပေါ်လာရာ..ဟံသာဝတီတပ်များမှာ အလန့်တကြားဖြင့် နောက်ဆုတ်ရန်ပြင်ကြသည်။

ငတွန်ကိုယ်တိုင်ချီတက်လာခြင်းဖြစ်ပြီး သေနတ်သံများမှာလည်း အင်အားများသည့်ပုံဖြစ်နေသဖြင့် တလပန်းကိုယ်တိုင်ပင် ဆုတ်မိန့်ပေးကာ ဟံသာဝတီတပ်များ ပြန်လည်ဆုတ်ခွာကြရတော့၏။

ဟံသာဝတီတပ်များဆုတ်ခွာသည်နှင့် ငတွန်၏ မြင်းတပ်(၃၀၀)မှာ ဖြန့်ကျက်ကာ ထွက်လာပြီး လိုက်လံထိုးခုတ်တိုက်ခိုက်ကြသည်။

မကြာမီ ဘယ်ကျော်၏ မြင်းတပ်က မှီလာပြီး..စစ်ကူဖြည့်ပေး၏။

သို့သော်..တလပန်းတပ်၏ စိတ်ဓာတ်ပျက်ပြားမှုက ဘယ်ကျော်တပ်များကိုပါ ကူးစက်သွားသဖြင့် ငတွန်၏ မြင်း(၃၀၀)ကိုပင် မနည်းခုခံနေရသည်။

နေကား တဖြည်းဖြည်း ဝင်ခဲ့ပြီ။

ငတွန်၏ မြင်းတပ်နှင့် သေနတ်တပ်များမှာ လူများ လေးဘက်လေးတန်ဖြန့်ခွဲလိုက်ပြီး ညာသံများ ပေးကြသည်။

တလပန်းနှင့် ဘယ်ကျော်၏ တပ်များမှာ အမှောင်ထဲတွင် စစ်ကူများ ထပ်ရောက်လာပြီအထင်နှင့် ဟံသာဝတီသို့ အသည်းအသန်ပြန်လည်ဆုတ်ခွာသွားကြတော့၏။

အင်အားဆယ်ဆကျော်ကွာသော်လည်း စစ်ပရိယာယ်က ငတွန် ၏ တပ်များကို အရေးသာစေခဲ့ခြင်းဖြစ်သည်။

.....
.....

“ကြားရောက်လိုက်ပါသည်..မုဆိုးဖိုတပ်ဗိုလ်မင်းများ

ငါတို့တပ်များအား နင်တို့ အကြိမ်ကြိမ်လုပ်ကြံသော်လည်း မရနိုင်သဖြင့် ရံနေရသည်သာ။

ဆယ်နှစ်ရံသော်လည်း ငါတို့ကို ရမည်မဟုတ်။

ငါတို့ဘုရင်ကလည်း နောက်ထပ် စစ်ကူများ ထပ်လွှတ်ပေးလိမ့်ဦးမည်။ ထိုအခါကျ နင်တို့ စစ်နှစ်ဖက်ညှပ်ပြီး အလုပ်အကြံများလိမ့်မယ်။

နင်တို့ ခွင့်ပြုမည်ဆိုက ငါတို့ ဒေါပုံတပ်က ထွက်သွားပါမည်။ ဒေါပုံသည် သန်လျင်မြို့၏ အသက်ဖြစ်သဖြင့် ဒေါပုံမရှိလျှင် သံလျင်ကို နင်တို့ရလိမ်မည်။

ထို့ကြောင့် ငါတို့ကို ထွက်သွားခွင့်ပြုစေလိုသည်။ ထွက်ခွင့်မပေးလျင်လည်း ငါတို့ ငတ်မွတ်ပြီး အသေခံတိုက်ရပါတော့မည်။

ဈေးငယ်ဗိုလ်”

ငတွန်က စာကို ဖတ်ကာ ပြုံးလိုက်သည်။

“ငါမပြောလား..ညိုသူ...ကောင်ကလေးက စားစရာမရှိငတ်နေတဲ့ဟာကို တောင်..တို့ကို စာထဲကနေ ညာဝါးပြီး ခြိမ်းခြောက်လိုက်သေး..သူ့ အဖေ တလပန်းတောင်...ပြေးပြီကို မသိရှာပဲကိုး..က..ဒီတခါတော့ အရေးပေးလိုက်ပါ..တပ်မှူးငယ်တွေဆိုတော့ တိုက်ဖက်လည်း မတန်လှပါဘူး”

ငတွန်က ပေရွက်နှင့် ကညစ်ကို ယူလိုက်၏။

“ဈေးငယ်ဗိုလ်

ဒေါပုံသည် သစ်တပ်ငယ်ကလေးသာဖြစ်သည်။ သင်သည်လည်း တပ်မှူးငယ်ကလေးသာ။

အလောင်းဘုရား၏ တပ်မှူးများ မရဖူးသော ခံတပ်ဟူသည် အခုထိမရှိ။

ငါတို့သဘောက ကြောက်လို့ပြေးလိုသူကို အရဖမ်းလေ့မရှိ။ ထွက်ချင်လျှင် ယခု ထွက်ပြေးပေးတော့”

စာဆုံးသည်နှင့် ငတွန်က မင်းလှမင်းခေါင် ဟူသော သူ၏ဘွဲ့အမည်ကို ပေရွက်ပေါ်တွင် ရေးလိုက်တော့သည်။

အခန်း (၃၉)

၁၇၅၆ မေလ ၁၅ ရက် ၊ ပွန်ဒီချယ်ရီမြို့ အိန္ဒိယပြင်သစ်ကိုလိုနီ။

အိန္ဒိယပြင်သစ်ကိုလိုနီ ဘုရင်ခံ ချားလ်ဂိုဒီဟူး ၏ အိမ်တော်၊ သီးသန့် အစည်းအဝေးခန်းမတွင် ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီ၏ အကြီးအကဲများ၊ စစ်ဘက်ဆိုင်ရာအရာရှိများ စုံညီစွာရှိနေကြ၏။

ပဲခူးမြို့မှ ရောက်လာသော စာတစ်စောင်အတွက် ထိုသို့ စည်းဝေးနေကြခြင်း ဖြစ်သည်။

ထိုစာတွင် ပဲခူးဘုရင် ဖြမိုင်းဓိရာဇာဗညားဒလ နှင့် အိမ်ရှေ့ဥပရာဇာ၏ ချိတ်တံဆိပ်များ ခပ်နှိပ်ထား၏။

ပွန်ဒီချယ်ရီရှိ အရှေ့အိန္ဒိယကုမ္ပဏီအနေဖြင့် ယခင်မူဝါဒများအရဆိုလျှင် ပဲခူးနှင်ငံမှ စစ်ကူတောင်းသည့် သဝဏ်လွှာကိစ္စကို အလျင်စလို ဆုံးဖြတ်လေ့မရှိပဲ...ပါရီရှိ အရှေ့အိန္ဒိယကုမ္ပဏီရုံးချုပ်နှင့် ပါရီနိုင်ငံခြားရေးဝန်ကြီးဌာနထံသို့ တင်ပြပြီး ပါရီ၏ ဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်လေ့ရှိသည်။

သို့သော် ယခုကား ထိုအခြေအနေနှင့်မတူ။

၁၇၅၄ တွင် မြောက်အမေရိကတိုက်ရှိ ကိုလိုနီနယ်မြေများပေါ်တွင် ပြင်သစ်နှင့် အင်္ဂလိပ်တို့ တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့သည်။

ထိုပဋိပက္ခများမှတဆင့် ဥရောပသို့ ကူးစက်လာပြီး ဗြိတိန်နှင့် ပေါ်တူဂီမဟာမိတ်များကတဖွဲ့၊ ပြင်သစ်၊စပိန်၊ ပရပ်ရှား(ဂျာမနီနယ်များ) က တစ်ဖက် ခုနှစ်နှစ်စစ်ပွဲကြီး စတင်ဖြစ်ပွားနေပြီဖြစ်သည်။

အိန္ဒိယတောင်ပိုင်းတွင်လည်း ရောဘတ်ကလိုက်၏ အင်္ဂလိပ်စစ်တပ်များမှာ အင်အားကောင်းလာပြီး ပြင်သစ်ကိုလိုနီနယ်များကို စတင်တိုက်ခိုက်လျက်ရှိသည်။

ပွန်ဒီချယ်ရီရှိ ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီအနေဖြင့် ဥရောပရှိစစ်ပွဲများအတွက် စစ်ရိတ်ငွေ ထောက်ပံ့ပေးရန်နှင့် အိန္ဒိယမြေတွင် အင်္ဂလိပ်တို့အား ရင်ဆိုင်ရန် ငွေကြေးအရေးပေါ်လိုအပ်လျက်ရှိ၏။

ချမ်းသာကြွယ်ဝသောပဲခူးဘုရင်က စစ်ကူတောင်းသည့်စာတွင်..ရွှေ ပိဿာချိန်နှင့် ဆင်စွယ်များအပြင် သင်္ဘောကျင်းများ၊ ဆိပ်ကမ်းဆောက်လုပ်ခွင့်များပါ ပါရှိလာသည်။

အခြားအခွင့်အရေးများထက် ပဲခူးအား စစ်ကူပေးပြီးလျှင် ချက်ချင်း ရလာမည့် ရွှေပိဿာများသည် လတ်တလော ဘဏ္ဍာရေးအခက်အခဲရင်ဆိုင်နေရသည့် ကုမ္ပဏီအတွက် မက်လောက်စရာဖြစ်ခဲ့သည်။

ထို့ကြောင့် ပဲခူးအား စစ်ကူများ စေလွှတ်ပေးရေးကို အလျင်အမြန်အစည်းအဝေးထိုင်ကာ ဆုံးဖြတ်နေကြခြင်းလည်းဖြစ်သည်။

စာထဲတွင် ပဲခူးဘုရင်နှင့် အိမ်ရှေ့ဥပရာဇာတို့၏ စစ်ရေးအကူအညီတောင်းခံမှုအပေးအယူကတော် ကို ပဲခူးမှ ကိုယ်စားလှယ် ဘရူနိုအပြင် သန်လျင်ဘာနာဘိုက်အသင်းတော်မှ ဘုန်းတော်ကြီး ဖာသာနာရေနီ ကလည်း အာမခံပေးထားသည်။

နှစ်နာရီကျော်ခန့် စည်းဝေးတိုင်ပင်ပြီးသည့်နောက် ပဲခူးသို့ လက်နက်အပြည့်အစုံနှင့် ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီစစ်သား (၆၀၀) ပါသော ရေတပ်သင်္ဘောအုပ်စုကို စေလွှတ်ရန် ဆုံးဖြတ်လိုက်သည်။

ထိုသင်္ဘောအုပ်စုတွင် လာဖလူရီ(La Fleury)၊ လာဂလာသီး(La Galathee)၊ လာဒီလီဂျင့်(La Diligent) တိုက်သင်္ဘော(၃)စီးပါဝင်၏။

ပဲခူးသို့ ဦးဆောင်လမ်းပြမည့် ရွှေ့ပြေးသင်္ဘောဖြစ်သော လာဖလူရီသင်္ဘောရှိတပ်စုကို ဦးဆောင်သူမှာ ပဲခူးသို့ ရောက်ရှိဖူးခဲ့သော ပီရာရီဒီ မီလပ် ဖြစ်သည်။

ပွန်ဒီချယ်ရီဆိပ်ကမ်း တွင် ဆိုက်ကပ်ထားသော လာဖလူရီသင်္ဘောပေါ်မှ ခရာမူတ်သံနှင့်အတူ ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီအလံက အလံတိုင်ပေါ်သို့ တဖြည်းဖြည်းမြင့်တက်လာ၏။

မီလပ် သည် သင်္ဘောကုန်းပတ်ပေါ်တွင် ရပ်နေရာမှ ပင်လယ်ပြင်ကို ငေးကြည့်နေသည်။

သူ၏ ဘယ်ဘက်ရင်ဘတ်အိပ်ကပ်ထဲတွင် ထည့်ထားသော စာတစ်စောင်ကို လက်ဖြင့် စမ်းလိုက်၏။

ထိုစာလွှာ၏ အောက်ဘက်မှ တဒိတ်ဒိတ်ခုန်နေသော ရင်ခုန်သံတို့က သူ့လက်ဖဝါးကိုပင် လာထိသယောင်။

ဟံသာဝတီခေါ်ပဲခူးမှ ပွန်ဒီချယ်ရီသို့ ရောက်လာသည့်စာလွှာသည် ဘုရင်ခံချားလ်ဂိုဒီဟူးထံသို့သာ မဟုတ်။

ရေတပ်ဗိုလ်လေး မီလပ်ထံသို့လည်း နောက်ထပ်တစ်စောင်ပါလာခဲ့၏။

ထိုစာက အခြားမဟုတ်။

တချိန်က ချစ်ရပါသော အမျိုးသမီးလွီဇာထံမှ။

မီလပ် က ပင်လယ်လေကို တဝကြီး ရှူရှိုက်လိုက်သည်။ ထို့နောက် ခါးကြားတွင် ထိုးထားသော ပစ္စတိုသေနတ်ကို သေချာစစ်ဆေးလိုက်ပြီးနောက် သဘော်ကုန်းပတ်ပေါ်တွင် တန်းစီနေသော သဘော်သားများ၊ စစ်သည်များရှိရာသို့ လှမ်းကြည့်လိုက်၏။

“ရွက်လွှင့်ဖို့ အသင့်ဖြစ်ပြီလားဟေ့”

.....
.....

၁၇၅၆ မေလ ၁၉ တွင် အလောင်းဘုရားဦးအောင်ဇေယျ ၏ ရွှေဘိုတပ်များက ဟံသာဝတီတို့၏ ဒေါပုံခံတပ်ကို သိမ်းယူနိုင်ခဲ့သည်။

အစောပိုင်းတွင် ဝိုင်းရံပိတ်ဆို့ထားသည့် ရွှေဘိုတပ်များက ဒေါပုံခံတပ်မှ တပ်မှူးစျေးငယ်ဗိုလ်ကို အသာတကြည်ထွက်ခွာခွင့်ပေးခဲ့သည်။

သို့သော်..စျေးငယ်ဗိုလ်က ပရိယာယ်ဖြစ်မည်ဟု ယူဆကာ မထွက်သေးပဲ အခြေအနေကို စောင့်ကြည့်နေ၏။

နောက်ဆုံးတွင် မင်းလှမင်းခေါင်ငတွန် ၏ အစီအမံဖြင့် ဒေါပုံတပ်အတွင်းသို့ ဥမင်တူးကာ ဝင်ရောက်ပြီး တဲကန္နား၊ အဆောက်အဦများကို မီးရှို့ဖျက်စီးကြသည်။

ခံတပ်အတွင်းမှ ဟံသာဝတီတပ်သားများကိုလည်း လိုက်လံထိုးခုတ်ကြပြီး ခံတပ်တံခါးကို ဖွင့်ပေးလိုက်ကြ၏။

ဒေါပုံတပ်ပျက်ပြီးနောက် စျေးငယ်ဗိုလ်လည်း မြင်းဖြင့် ကိုယ်လွတ်ဆုတ်ခွာသွားသည်။

ဟံသာဝတီဗိုလ်မှူး အဲကံကောင်း နှင့် သိဒ္ဓိတုရင်တို့ကို စီးသည့်မြင်းနှင့်တက္ကအရှင်ဖမ်းမိ၏။ အမြောက်သေနတ်နှင့် သို့ပန်း (၇၀၀)ကျော်ကို သိမ်းဆီးရမိလိုက်သည်။

တလပန်းသည် သူ၏ စစ်ရေးအစီအမံအရ သန်လျင်မှ မြင်းမူးမင်းသားဗညားဒလအောင်စ တပ်များကို စစ်ကူပေးရန် စာဖြင့် ခေါ်ယူခဲ့သော်လည်း ဗညားဒလအောင်စက ငြင်းပယ်ခဲ့၏။

အကိုဖြစ်သူ ဥပရာဇာ က အင်္ဂလိပ်သင်္ဘောများကို ထွက်ခွာခွင့်ပြုခဲ့သည့်အပေါ် စိတ်ခုနေသည့် ဗညားဒလ က သန်လျင်တွင်ရှိနေသော သင်္ဘောခုနှစ်စင်း နှင့် ပင်လယ်ဝသို့ ရှောင်တိမ်းနေရန် ရိက္ခာများကို အသည်းအသန်စုဆောင်း၍သာနေခဲ့သည်။

အလောင်းဘုရားတပ်များသည် ဒေါပုံကို ရလိုက်ပြီဖြစ်သဖြင့် သန်လျင်ကို ပင်လယ်ထွက်ပေါက်မှလွဲပြီး ကျန်သည့်အရပ်မျက်နှာများကို ပိတ်ဆို့ထားနိုင်ပြီဖြစ်သည်။

အလောင်းဘုရားက သေနတ်ဝန် မင်းကျော်ပုံချီငကောင်း ကို သေနတ်ကိုင်(၃၀၀၀)ဖြင့် သန်လျင် ဝက်သားတံခါးမှ မြို့တော်မျက်နှာအထိ ဝန်းရံစေသည်။

ဟံသာဝတီမှ သန်လျင်သို့ ရေကြောင်းအတိုက် ရိက္ခာများ မပို့နိုင်စေရန် လက်ျာဘီလူးညိုသူ ကို သေနတ် သေနတ်ကိုင်ပေါ်တူဂီစစ်သည်(၅၀၀)၊ ရဲမက်(၂၀၀၀)၊ မင်းလှမင်းခေါင်ငတွန်ကို သေနတ်ကိုင်ဗမာစစ်သည် (၅၀၀)၊ ရဲမက်(၂၀၀၀)ဖြင့် ဘော့ချောင်းဝမှ သန်လျင်မြို့ရှေ့မြစ်လက်တက်၊ချောင်းလက်တက်များအထိ ပိတ်ဆို့စေခဲ့သည်။

သန်လျင်မြို့၏ အနောက်မျက်နှာနှင့် မြောက်ဘက်မျက်နှာ သည် ပင်လယ်ပြင်ဆီမျက်နှာမူလျက်။

သန်လျင်ဆိပ်ကမ်းတစ်လျှောက် တိုက်သင်္ဘောကြီးခုနှစ်စင်း က တစ်စီးနှင့်တစ်စီးကြား ခြားလျက် အသင့်ရပ်ထားသည်။

သင်္ဘောပေါ်တွင် ပြင်သစ်တို့ထံမှရရှိသည့် သုံးဆင့်ကွဲအမြောက်ကြီး (၃)လက်စီအသင့်ပြင်ဆင်ထား၏။

တိုက်သင်္ဘောကြီးများကြားတွင် သဖွာန်များ၊ တိုက်လှေများကို အမြောက်ငယ်များ၊ သေနတ်များတင်ကာ..ကာကွယ်ထားသည်။

၁၇၅၆ ဇွန်လ။

မြစ်ရေတက်ချိန်တွင် သန်လျင်ဆိပ်ကမ်း၏ မြောက်ဘက်အစွန်ဆုံးတွင်ရပ်ထားသော သင်္ဘောကြီး (၃)စင်းမှာ ရုတ်တရက် ရေနှင့် မျောပါသွား၏။

ကျောက်ဆူးကြိုးဖြတ်ခံရချခြင်းဖြစ်သဖြင့် ကျန်သည့်သင်္ဘောများက အလန့်တကြားဖြစ်ကုန်ကြသည်။

ထိုအချိန်တွင် အနောက်ဘက်နှင့် မြောက်ဘက်ဆီမှ ရွှေဘိုရေတပ်မှူး ရဲစက်ကျော်ခေါင်ဘွဲ့ခံ ခင်ပါး ဦးဆောင်သည့် တိုက်လှေတစ်ရာက ညာသံပေးလျက် သင်္ဘောများကို ဝင်ရောက်တိုက်ခိုက်တော့သည်။

သို့သော် အားကောင်းလှသော အမြောက်ကြီးများကို ဘရူနိုနှင့် လက်ဂျာဗို့လ်တို့ ဦးစီးကာ ပစ်ခတ်သဖြင့် ရွှေဘိုလှေများမှာ တဝက်ခန့် နစ်မြုပ်ကုန်ကြ၏။

အရှေ့ဘက်နှင့် တောင်ဘက်တွင် ရှိနေသော ရွှေဘိုကြည်းတပ်များကလည်း သန်လျင်မြို့ရိုးကို တစ်ပြိုင်နက်တည်း တိုက်ခိုက်ကြသည်။

ဗညားဒလအောင်စက မြို့တံခါးထိပ်များတွင် တန်းစီတည်ထားသည့် အိုးကြီးများကို လိုက်လံစစ်ဆေး၏။

ထိုအိုးကြီးများတွင် ပွဲလျက်ပူရည်များကို ထည့်ထားခြင်းဖြစ်ပြီး အိုးငါးလုံးလျှင် တတန်းတန်းကာ သစ်သားပြားတန်းတစ်ခုပေါ်တွင် အထိန်းအကွပ်ဖြင့် ကပ်ထားသည်။

ထို့သစ်သားတန်း၏ ခွထောက်များ၊ ဘီးများစီမံထားပြီး တစ်ပြိုင်နက် အိုးငါးလုံးလုံး မြို့ရိုးအောက်သို့ သွန်ချပြီးသည်နှင့် နောက်ထပ် အိုးများကို ဘီးဖြင့်တွန်းကာ ရှေ့တင်နိုင်ရန် စီမံထား၏။

ယခင်က ပွဲလျက်အိုးတစ်လုံးလျှင် လူနှစ်ယောက်နှုန်းသုံးရသော်လည်း..ယခုစနစ်မှာ လူအင်အား နှစ်ဦးဖြင့် ပွဲလျက်အိုး (၅)လုံးကို တပြိုင်တည်းလောင်းချနိုင်သည့် နည်းပညာဖြစ်သည်။

သန်လျင်မြို့ရိုး၏အရှေ့ဘက်နှင့် တောင်ဘက်မှ သေနတ်ဝန်တပ်များက ပစ်အားဖြင့် ဖိထားစဉ် ဝင်သားတံခါးထိပ်တွင် ပိတ်ဆို့ထားသော မင်းရဲသခင်ယာဆွေနည်း ၏ တပ်များက လှေကားများထောင်ကာ မြို့ရိုးပေါ်သို့တက်ရန် ပြင်ဆင်ကြ၏။

သို့သော် ပွဲလျက်ရည်များမှာ ယခင်ကနှင့်မတူပဲ..တပြိုင်နက်တည်း အဆက်မပြတ်လောင်းချခံရသဖြင့် မြို့ရိုးသို့ မတက်နိုင်ပဲ..အားလုံးပြန်လည် ဆုတ်ခွာလာကြရသည်။

.....

ပုံ့လွင့်ပုံလွှားလေ့ကြီး။

လေ့ဦးထိပ်တွင် ရှိနေသော တလပန်းက အဝေးသန့်လျင်မြို့ဆီမှ မီးခိုးများ၊ အမြောက်သံများကြောင့် သူ၏ တပ်များကို အသင့်ဖြစ်စေရန် တပ်လှန့်လိုက်၏။

ထို့နောက် လေ့ကို ခေတ္တရပ်တန့်ရန် အချက်ပြလိုက်သည်။

“ဈေးငယ်ဗိုလ်ရဲ့ တိုက်လေ့တပ်က အရင် ရွေ့ဆုံးက မြစ်ကျဉ်းထဲကို ဝင်ပါ...ငါတို့ မလှမ်းမကမ်းက လိုက်ခဲ့မယ်...တစ်ခုခုတိုက်ခိုက်လာတာတွေ့ရင် ပြန်မတိုက်ပဲ..လေ့တွေကိုကမ်းဆီ ခွဲဖြစ်ပြီး ငါ့ကို ယမ်းမီးကျီ နဲ့ အချက်ပြခေ့”

ဒေါပုံခံတပ်ကျပြီးနောက် ဈေးငယ်ဗိုလ်မှာ တပ်များကိုပင် မစုစည်းနိုင်ပဲ ဟံသာဝတီသို့ ကိုယ်လွတ်ပြန်ပြေးလားခဲ့သည်။

ဒေါပုံတိုက်ပွဲတွင် စစ်ကူပေးရန် ပျက်ကွက်ခဲ့သော သန့်လျင်မှ ဗညားဒလ အောင်စန္ဒင့် လက်ျာဗိုလ် ကို ဟံသာဝတီသို့ ပြန်ခေါ် ပြီး တလပန်းနှင့် ဈေးငယ်အား သန့်လျင်တွင် အစားထိုးခန့်အပ်မည့်အမိန့်ကို ဟံသာဝတီဘုရင် ဦးအောင်လှကိုယ်တိုင်ထုတ်ပြန်ခဲ့၏။

ထို့ကြောင့် တလပန်းနှင့် ဈေးငယ်ဗိုလ်တို့သည် တိုက်လေ့ကြီး သုံးရာကျော်တွင် ဆန်ရိက္ခာအပြည့်၊ ငါးပိသာဝင် အမြောက်ကြီး ကိုးလုံး၊ ယိုးဒယားကြဲစစ်အမြောက် သုံးပိသာဝင် နှစ်လုံး၊ စိန်ပြောင်းငါးရာ၊ သေနတ်တစ်ထောင်ကျော်တို့နှင့်အတူ သန်လျင်သို့ စုန်ဆင်းလာခြင်းဖြစ်သည်။

ဘော့ချောင်းဝ ၊ ဒဲ့စပ်ကျေးရွာမြစ်ကျဉ်းနေရာအရောက်တွင် တလပန်းက ဈေးငယ်ဗိုလ်၏ လေ့များကို ရှေ့မှ ဦးစွာ စေလွှတ်လိုက်သည်။

ဒဲ့စပ်ကျေးရွာအောက်ဘက်ရှိ မြစ်ကြောင်းမှာ တိတ်ဆိတ်နေ၏။

မိုးသားများ မှိုင်းမှိုင်းညို့လာသဖြင့် ပတ်ဝန်းကျင်သည် အုံ့အုံ့မဲမဲဖြင့် လွမ်းမောစရာဖြစ်နေသည်။

ဈေးငယ်ဗိုလ်၏ လှေတော်သားများထံမှ သီချင်းဆိုသံ သဲ့သဲ့ပင် တစ်ချက်တစ်ချက်ထွက်ပေါ်နေသည်။

ထိုအချိန်တွင်..ချောင်းကွေ့တစ်နေရာမှာ အမြောက်ငယ်သံတစ်ချက်ထွက်ပေါ်လာပြီး နောက် ရှေ့ဆုံးမှ လှေတစ်စင်းမှာ တိမ်းမှောက်သွားတော့၏။

ရှေ့ဆုံးမှ အမြောက်ငယ် တင်ထားသော လှေတွင် လက်ျာဘီလူးငည်းသူက ခါးရှည်ကို ဝင့်လျက်..မာန်အပြည့်ဖြင့် အော်လိုက်သည်။

ဘော့ချောင်းတလျှောက်စောင့်နေသော ရွှေဘိုကင်းတပ် နှင့် ဈေးငယ်ဗိုလ်၏ တပ်များ တည့်တည့်တိုးပြီဖြစ်သည်။

ဈေးငယ်ဗိုလ်က ခုခံခြင်းမပြုပဲ..လှေများကို ကမ်းနှစ်ဖက်သို့ ခွဲကပ်လှော်ရန် အမိန့်ပေးလိုက်၏။

ရှေ့တည့်တည့်မှာ ငည်းသူ၏ တိုက်လှေများမှာ အရှိန်ဖြင့် လှော်ခတ်နေရာမှ တစ်ဖက်လှေတပ်က ဘေးသို့ ခွဲပေးလိုက်သဖြင့် မြစ်ကျဉ်းကွေ့ထဲ ရောက်သွားသည်။

ဈေးငယ်ဗိုလ်ထံမှ ယမ်းမီးကျည်တစ်တောင့် ကောင်းကင်သို့ ထိုးတက်သွား၏။

မြစ်ကျဉ်းတစ်ဖက်မှ တလပန်း၏ ပျံ့လွင့်ပျံလွှားလှေကြီး က ဘွားခနဲပေါ်လာသည်။

ထို့နောက် ကိုးပိသာဝင်အမြောက်သံကြီးများက ပတ်ဝန်းကျင်တစ်ခုလုံးသို့ ဟိန်းထွက်သွား၏။

ငည်းသူ ၏ ဘေးကပ်လျက်မှ လှေမှာ ချက်ချင်းပင် နစ်မြုပ်သွားတော့သည်။

“နီးသတက် နီးအောင်လှော်ဟေ့..အနီးကပ်ဆို ဒီမြောက်တွေဘာတတ်နိုင်မှာလဲ”

သို့သော် တလပန်း၏လှေအစုမှာ အမြောက်ကြီး၊ အမြောက်ငယ် အပြည့်တင်ဆောင်လာသည့် လှေတပ်ဖြစ်သဖြင့် အမြောက်များ မရပ်မနားပစ်ကြသည်။

အနောက်ဘက်တွင် ပါလာသော ငတွန်၏ တပ်များက လမ်းဖွင့်ပြီးနောက် ပြန်လည်ပိတ်ဆို့ကာ ဝိုင်းပတ်တိုက်နေသည့် ဈေးငယ်ဗိုလ်၏ လှေတပ်ကို ထိုးဖောက်ထွက်နေသည်။

ညီညြတ်သူ၏ တပ်များက ပုံလွှင့်ပုံလွှားနားသို့ အထိအခိုက်များစွာဖြင့် တိုးကပ်နေချိန်တွင် ရုတ်တရက် မိုးက သည်းထန်စွာရွာချလိုက်တော့၏။

မိုးသည်ထန်စွာရွာသွန်းမှုကြောင့်အမြောက်ယမ်းများမှာ မီးကူးရန် အခက်အခဲဖြစ်ကုန်ကြသည်။

ထိုအချိန်တွင် ငတွန်၏ လှေတပ်နှင့် ညီညြတ်သူ ၏ လှေတပ်များ ပေါင်းစီးမိသွားခဲ့ပြီဖြစ်၏။

အမြောက်များပစ်ခတ်ရန်မဖြစ်နိုင်တော့သည့်အပြင် တရှိန်ထိုးတိုက်ခိုက်လာသော ရွှေဘိုတပ်မှူးနှစ်ဦးကြောင့် ဟံသာဝတီလှေတပ်များမှာ အင်အားချိန်ခွင်လျှာပြောင်းလဲခဲ့ပြီဖြစ်သည်။

ပုံလွှင့်ပုံလွှား၏ ထိပ်ဘက်အမြောက်နဘေးတွင် တလပန်းက အသာဝပ်လိုက်၏။

ထို့နောက် လုံရှည်ကို ညာလက်တွင်ကပ်ကာ ချဉ်းကပ်လာသော ရွှေဘိုလှေများကို အကဲခတ်လိုက်သည်။

ရှေ့ဆုံးမှ လှေတွင် ရွှေကျင်ခတ်ခေါင်းပေါင်းဖြင့် မိန်ညိုချွပ်ဝပ်အင်္ကျီအနက်ကို ဝတ်ထားသည့် တပ်မှူး လက်ျာဘီလူး ညီညြတ်သူ ကို တွေ့လိုက်ရ၏။

ညီညြတ်သူက ပုံလွှင့်ပုံလွှားအား ချိတ်ဆွဲရန် သံချိတ်ပါသော ကြိုးကို ကိုင်ထားသည်။

ကြိုးကို အားဖြင့် လွှဲနေစဉ် တလပန်းက ထလာပြီး ညီညြတ်သူရှိရာ လုံရှည်ဖြင့် ခုန်ကာ အားကုန် ထိုးစိုက်ချလိုက်၏။

ရုတ်တရုတ်အရိပ်တစ်ခုကို မြင်လိုက်ရသော ညီညြတ်သူက ခန္ဓာကိုယ်ကို ယိမ်းလိုက်ရာ လုံရှည်မှာ နေရာလွဲသွားပြီး တလပန်းနှင့် ညီညြတ်သူ၏ ခန္ဓာကိုယ်နှစ်ခုမှာ လုံးထွေးလျက် လှေပေါ်သို့ ကျသွားသည်။

တလပန်းက လူးလဲထကာ ညီညြတ်သူ၏ အပေါ်မှ ခွကာ မျက်နှာကို နှစ်ချက်ဆင့်ထိုးချလိုက်၏။

“ဖောင်း”

ညီညြတ်သူက တလပန်း၏ လည်မြိုကို ညှစ်ကာ ခါးကို ခြေထောက်နှစ်ဖက်ဖြင့် အားကုန်လိမ်ထားသည်။

ထိုအချိန်တွင် ပုံလွှင့်ပုံလွှားပေါ်သို့ ငတွန်က သူ၏ ကိုယ်ရံတပ်သားများနှင့်အတူ တက်ရောက်နိုင်ခဲ့ပြီဖြစ်၏။

ပုံလွှင့်ပုံလွှားပေါ်သို့ ရောက်ရှိနေသော ပေါ်တူဂီလက်ဖြောင့်သမားများက အောက်ဘက်တွင် လုံးထွေးတိုက်နေကြသော လှေတပ်များထဲမှ ဟံသာဝတီသားများကို ရွေးချယ်ကာ ပစ်ခတ်ပေးနေသည်။

“ဖောင်း”

ညိုသူနှင့် သတ်ပုတ်နေသော တလပန်းမှာ အသံနှင့်အတူ တွန့်တက်သွား၏။

ညိုသူက အောက်ဘက်မှနေပြီး တလပန်း၏ လည်ပင်းကို အားကုန်ညှစ်နေရာမှ လွှတ်လိုက်သည်။

“သေနတ်ထိသွားတာလား”

“ဒီသေနတ်လောက် ငါမမှုဘူး..နင့်ကို အခုအသေသတ်မယ်”

သို့သော်ငြား တပလန်း၏ လက်မောင်းတစ်ဖက်မှာ တွဲလောင်းကျနေပြီဖြစ်သည်ကို ညိုသူ သတိထားမိလိုက်၏။

“ပွဲက မမှုတော့ဘူး..တလပန်း...နင် သွားတော့..နောက်မှ ငါနဲ့ လာသတ်ချေ”

ညိုသူက တလပန်း၏ လည်ပင်းကို လက်ဖြင့်သိမ်းကာ ထလိုက်သည်။

“သူ့ကို မပစ်ကြနဲ့...သူသွားပါစေ”

ထိုမြင်ကွင်းကို ငတွန်က ပုံလွှင့်ပုံလွှားပေါ်မှ ကြည့်နေ၏။

လွတ်နေသော လှေတစ်စင်းပေါ်သို့ တလပန်းကို ကုပ်ကပ်တက်သွားသည်။ သေနတ်တပ်သားများဝန်းရံထားသော စျေးငယ်ဗိုလ်၏ လှေနှစ်စီးရောက်လာပြီး တလပန်း၏ လှေကို ကမ်းနားသို့ ဆွဲယူသွားကြတော့၏။

ဟံသာဝတီရေတပ်၏ နာမည်ကျော် ပုံလွှင့်ပုံလွှားလှေကြီး ပေါ်မှ ငတွန် က ညိုသူ ကို လက်ကမ်းလိုက်သည်။

ညိုသူက ငတွန်၏ လက်ကိုဆွဲကာ လှေပေါ်သို့ တက်လိုက်သည်။

“သေနတ်သမားရှုပ်လို့..နို့မဟုတ်..နင်တို့ ပွဲကို ငါကြဲ့ည့်ကောင်းကောင်းနဲ့ ကြဲ့ည့်နေတာ..ညိုသူ..လက်မှကြသားပဲ”

“ဟုတ်ပ..ဗိုလ်တွန်..ဟံသာဝတီစစ်သူရဲကောင်း.အားဘယ်လောက်ကောင်းလဲတောင် သေချာမစမ်းလိုက်ရဘူး...တောက်”

.....

တလပန်း၊ ဈေးငယ်ဗိုလ်တို့သည့် ရသည့်တပ်များကို စုစည်းကာ မိုးသဲသဲထဲ ဟံသာဝတီသို့ မနားတမ်းဆုတ်ခွာလာခဲ့၏။

မိုးက သဲသဲမဲမဲလိုက်ရွာနေဆဲ။

နေဝင်သွားသည်နှင့် ပတ်ဝန်းကျင်မှာ ပိန်းပိတ်အောင်မှောင်သွားသည်။

တလပန်း၏ လက်မောင်းမှ ကျည်ဆံဒဏ်ရာမှာလည်း အဝတ်များစည်းထားသည့် ကြားမှ သွေးများ စိမ့်ယိုကာထွက်နေ၏။

“ရှေ့မှာ..တဲ့အပျက်တစ်ခုတွေ့တယ်...အဲ့ဒီမှာ ဒီတည နားပြီး မိုးလင်းမှ ဟံသာဝတီကို ဝင်ကြမလား..ဗိုလ်မင်း”

ဈေးငယ်ဗိုလ်က တလပန်း အား မေးလိုက်သည်။

“ကောင်းတယ်..ငါ့ဒဏ်ရာကလည်း သွေးမတိတ်ဘူးဖြစ်နေတယ်...အနားယူပြီး ဆန္ဒင်းနဲ့ဆေးသိပ်ပြီး သေချာ ကြပ်စည်းမှ ဖြစ်မယ်..နားကြတာပေါ့”

ပဲခူးမြစ်ကမ်းကိုလှမ်းမြင်နေရသည့် ကွင်းပြင်၏ အဆုံးတွင် တဲကန္နားပျက်ကလေးတစ်ခု။

ဟံသာဝတီတပ်သားများက မီးရအောင်ဖိုလိုက်ကြ၏။

ခန္ဓာကိုယ်တွင် စလွယ်သိုင်းလျက်ပါလာသော ထမင်းခြောက်နှင့် အမဲခြောက်များကို ထုတ်ကာ မီးဖုတ်စားကြသည်။

တလပန်း၏ ဒဏ်ရာကို ယမ်းစများခွဲထုတ်ကာ ပါလာသည့် ဆန္ဒင်းအချို့နှင့်သိပ်ကာ သေချာကြပ်စည်းလိုက်၏။

ထမင်းခြောက်များစားပြီးချိန်တွင် တလပန်းမှာ ဒဏ်ရာအရှိန်၊ မိုးမိထားသည့်ဒဏ်တို့ဖြင့် အဖျားတဖြည်းဖြည်းတက်လာတော့သည်။

မိုးက ပိုပို၍သာ သဲလာ၏။

ညဉ့်က ပိုပိုနက်လာသည်။

မီးဖိုမှာလည်း ငြိမ်းပြီဖြစ်၏။

ဘေးတစ်စောင်းလှဲလျောင်းနေသော တလပန်း၏ မျက်လုံးတို့ ရုတ်တရက်ပွင့်လာသည်။

သူ့ရှေ့တည့်တည့်ကွင်းပြင်တွင် တလှမ်းချင်းလျှောက်လာနေသော ဂမုန်း။

ဂမုန်းက တလပန်းရှေ့တည့်တည့်တွင် ရပ်လိုက်၏။

“ဂမုန်း”

တလပန်းက အသံထွက်ခေါ်ရန် ကြိုးစားသည်။ သို့သော် အသံကထွက်မလား။

ဂမုန်းက တလပန်းကို နာနာကြည်းကြည်း ကြည့်နေသည်။

“နင်တို့ ဟံသာဝတီသားတွေ...ငါတို့သေသလို သေရမယ်..ငါတို့ ပျက်စီးသလို.ပျက်စီးရမယ်..ဟေ့”

ဂမုန်းက အသံနက်ကြီးဖြင့်အော်လိုက်၏။ တဖြည်းဖြည်း ဂမုန်း၏ ရုပ်မှာ ပြောင်းလဲသွားပြီး..မြို့ကြီးမင်းသမီး နန်းသွယ်ဖြစ်သွားသည်။

နန်းသွယ်က တလပန်း၏ ရှေ့တွင် ရပ်ကာ ဟံသာဝတီပြည်အား ကျိန်စာမျိုးစုံ ရွတ်ဆိုနေသည်။

“ဗိုလ်မင်း...ဗိုလ်မင်း”

ထိုအသံကြောင့် နန်းသွယ်ပျောက်သွားပြီး အမှောင်အထိပြန်ကျသွား၏။

“ဗိုလ်မင်း..မိုးလင်းပြီ..ဘုရား..ဟံသာဝတီကို အမှီပြန်ဝင်ကြမှဖြစ်ပါ့မယ်..ဘုရား”

တလပန်းက မျက်စိကို ဖွင့်လိုက်သည်။

စျေးငယ်ဗိုလ်က သူ့နဘေးတွင် ထိုင်လျက်။

တလပန်း အားယူပြီး ထလိုက်သည်။

“ဗိုလ်မင်း..ညကလည်း တညလုံးဖျားနေတာ..အခုတော့ နည်းနည်းသက်သာသွားပါပြီ..ဒါပေမယ့်..အားနည်းနေမှာမို့လို့...ဟံသာဝတီအထိ ထမ်းစင်နဲ့လိုက်ခဲ့ပါ..ထမ်းစင်ထမ်းဖို့ စစ်သည်တွေကိုလည်း..ကျွန်တော်အားလုံး စီစဉ်ထားပါတယ်”

“ထမ်းစင်..ဟုတ်လား...ဟော့..သူတို့ရော ငါတို့ပါ အသက်ဘေးကနေ မနည်းလွတ်အောင် ပြေးလာကြတာပါ..အခုချိန်မှာ.သူတို့ရော..ငါတို့ပါ ဒုက္ခသည်ဘဝတူတွေပါ...ဒီလိုဖြစ်ရတာလည်း ငါတို့ တပ်မှူးတွေညံ့လို့ဖြစ်ရတာဆိုတော့..ထမ်းချင်ထမ်း..ငါတို့ကတောင် သူတို့ကို ထမ်းရဦးမယ်..စျေးငယ်ဗိုလ်.. စစ်လည်းရှုံးလာသေး..ထမ်းစင်ကြီးနဲ့အခန့်သားမြို့ထဲဝင်သေးတော့ ငါမလုပ်နိုင်ဘူး”

“မှန်ပါ...ဗိုလ်မင်းသဘောပါ”

“အေး..ဒါဆိုလည်း သွားကြမယ်”

ထိုအခါမှ တလပန်းက မတ်တပ်ရပ်လိုက်ပြီး လင်းနေပြီဖြစ်သော ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

“ဒါ..ဘယ်နေရာများလဲ”

“ဒီနေရာကို..ကျွန်တော်မျိုးလည်း မိုးလင်းမှ မှတ်မိတာ..ဗိုလ်မင်း..ဒါ ထနောင်းပင်ရပ် ပဲ..ရှေ့မှာ စည်တီးရွာရှိတယ်”

“ဟင်..ထနောင်းပင်ရပ် ဟုတ်လား”

“ဟုတ်တယ်..ဗိုလ်မင်း..တချိန်က အင်းဝဘုရင်မဟာဓမ္မရာဇာဓိပတိကို ရေချကွပ်မျက်ခဲ့တဲ့နေရာပဲ...ဒီတဲကန္နားကလည်း အဲ့ဒီတုန်းက မြင်းမူးမင်းသားအောင်စတို့ ကျွန်တော်မျိုးတို့ ယာယီတဲနန်းလုပ်ခဲ့တဲ့တဲပေါ့...ဟော့.ရှေ့က ကွင်းပြင်မှာ ဘုရင့်မိသားစုကို ရေချပြီးတဲ့နောက် မြို့ကြီးမင်းသမီးနန်းသွယ်တို့ အိမ်တော်သားတစ်စုကို တန်းစီထားပြီး ကတ္တီပါအိတ်ထဲသွတ်ခဲ့ကြတာပေါ့”

စျေးငယ်ဗိုလ်၏ စကားကြောင့်..တလပန်းမှာ အလန့်တကြားဖြစ်သွားတော့သည်။

ထို့နောက် အိပ်မက်ထဲမှ နန်းသွယ်၏ ကျိန်စာတိုက်သံများက သူ့နားထဲတွင် ခပ်သဲ့သဲ့။

.....
.....

မင်းသား မောင်ရွှက သေနတ်ကျည်ဆံခဲသီးများကို သားရည်စဖြင့် ထုတ်လျက် အမြောက်ဆံပုံစံ ချည်နှောင်လိုက်သည်။

ထို့နောက် အသင့်ရှိနေသော အမြောက်၏ အဝသို့ ထည့်လိုက်၏။

ဂျူးဇက်ဒီဆေးဗားက အမြောက်ဆံထည့်သကဲ့သို့ တုတ်တံဖြင့် ထိုးထည့်သည်။

ထို့နောက် အနောက်ဘက်မှ ပေါ်တူဂီအမြောက်စစ်သည်တစ်ဦးက ယမ်းသိပ်ကာ မီးညှိလိုက်တော့၏။

“ဝုန်း”

အမြောက်သံနှင့်အတူ လွင့်ထွက်သွားသော သေနတ်ကျည်စေ့များမှာ ဖွားခနဲ ထွက်သွားတော့၏။

ထို့နောက် မောင်ရွှ က သူ့ဖခင်ဖြစ်သူ ဦးအောင်ဇေယျာဘက်သို့ ကြည့်ကာ ပြုံးပြလိုက်သည်။

ဦးအောင်ဇေယျက ထလာ၏။

ထို့နောက် ကျေကျေနပ်နပ်ကြီး ပြုံးလိုက်သည်။

“သားတော် စမ်းသပ်ထားတဲ့ နည်းက တကယ်ထိရောက်တာပဲ..အမြောက်ဆံ အစား..သေနတ်ကျည်တွေကို စုထုပ်ပြီး အမြောက်ထဲထည့်ပစ်တာမျိုးကို ခမည်း တော်တောင် ခုမှ တွေးမိတော့တယ်”

“မှန်ပါ..အမြောက်ဆံတစ်ခုက တစ်နေရာကိုပဲထိပြီး လူလေးငါးဆယ်ယောက်သာ သေနိုင်ပါတယ်...ကျည်ထုတ်တွေ ထည့်ပစ်တဲ့အခါ အထဲက ကျည်စေ့ပေါင်း (၃၀၀) လောက်က ပုံ့ဖွာထွက်သွားပြီး ရန်သူ (၄၀)လောက်ထိ သေနိုင်ပါတယ်..ခမည်းတော်ဘုရား”

“သန်လျင်တိုက်ပွဲမှာ ဒီလက်နက်အသစ်ကို သုံးရလိမ့်မယ်..မောင်ရွှ..ဒါနဲ့...မင်းနောင်တော်ကြီး အခစား မဝင်သေးပါလား”

“မှန်ပါ..ရွှေဘိုက မှာထားတဲ့ ကာခမောက်များကို ကင်းဝက မုဆိုးခြံဗိုလ်တို့ လာရောက်ပို့ဆောင်တာကို လက်ခံနေကြောင်းပါ”

ကာခမောက်ဆိုသည်မှာ အလောင်းဘုရား နှင့် သူ၏ စစ်ရေးအကြံပေးများက အင်းဝမြို့သိမ်းတိုက်ပွဲအတွက် တီထွင်ဖန်တီးထားသည့် ခမောက်များ ဖြစ်သည်။

လူတကိုယ်စာလုံသည့် ခမောက်အဝိုင်းကြီးများကို သစ်စေးများ အထပ်ထပ် သုတ်လိမ်းကာ ပွဲလျက်ဒဏ်၊ ရေနွေးပူဒဏ်များ ခံနိုင်ရန် ပြုလုပ်ထားသည့် ခမောက်များဖြစ်၏။

“အေး..ဟုတ်ပြီ...ဒီညနေကို ပွဲညက်ရည်တွေအသင့်ပြင်ထားဖို့ ငရွှေရည်ကို မင်းပဲ သွားပြောချေ...ငဆွေနည်းနဲ့ မြို့တက်လက်ရွေးစင်အဖွဲက ကာခမောက်တွေ ဆောင်းပြီး ပွဲညက်ရည်ဒဏ်ခံနိုင်မခံနိုင် လေ့ကျင့်ကြရမယ်”

“မှန်ပါ”

မောင်ရွှ ထွက်ခွာသွားချိန်တွင် နဘေးတွင်ရှိနေသော ရွှေကြူကို အောင်ဇေယျ က ကြည့်လိုက်သည်။

“ရွှေကြူ...မင်းတပ်တွေကရော..အဆင်သင့်ပဲလား”

“မှန်ပါ...အခုပင် သန်လျင်ကို ချီလျင်ပင် ရနေပါပြီ..ဘုရား”

“အံမယ်..တယ်လည်း တက်ကြွနေပါလား”

“ဟံသာဝတီအထိတက်သိမ်းချင်နေတာပါ..ဟံသာဝတီကို သိမ်းပြီးရင် တော့..ကတိတော်အတိုင်း တည်စေပ..ဘုရား”

“ဘာကတိတုန်းဟ”

“ခင်ထော်မိကတိလေ”

“ရွှေကြူ...မင်းဟာလေ...တဏှာစိတ်နဲ့ စစ်တိုက်နေတဲ့အကောင်ပဲ...ဟိုမှာ မိန်းမတစ်ယောက်ပေးစားထားပြီးတာတောင်.ဒီလောက် သရမ်းချင်တဲ့ကောင်..ဟံသာဝတီပွဲမှာ ပွဲလန်းမရလို့ကတော့..မင်းငယ်ပါကို..ထိပ်တုံးခတ်ပစ်မယ်မှတ်”

အောင်ဇေယျ က သူညီဖြစ်သူ ရွှေကြူ၏ သွေးငှက်ထုံးကို ဆွဲကာ ကျောအား တံတောင်ဖြင့် ထောင်းဟန်ပြုပြီး ပြုံးရယ်လိုက်သည်။

အခန်း (၄၀)

အမျိုးသမီးများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများ။

သန့်လျှင် မွေ့နှန်းကုန်းပေါ် ရှိ ဘာနာဗိုက်ကက်သလစ်ဘုရားကျောင်းရှေ့မှ စည်းရုံးတိုင်များကို တိုးဝှေ့နေကြသည်။

သူတို့လက်ထဲတွင် အုန်းမှုတ်ခွက်၊ သံခွက်၊ တရုတ်ကြွေပန်းကန်များ မျိုးစုံ ကိုင်ထားကြ၏။

သူတို့သည် သန့်လျင်မြို့ရှိ လူတန်းစားမျိုးစုံဖြစ်ကြသည်။ ဆင်းရဲသားများ၊ သဘော်ကျင်းအလုပ်သမားများ၊ အလယ်အလတ်အဆင့်ရှိ ကုန်သည်ပွဲစား လူမျိုးစုံ ဘာသာစုံ တို့၏ ဇနီးများ၊ သားသမီးများ ဖြစ်ကြ၏။

၁၇၅၆ ဇွန်လမှ စတင်ပြီး အလောင်းဘုရား၏ တပ်များက သန့်လျင်ကို ဝိုင်းဝန်းပိတ်ဆို့ထားသည်မှာ ဇူလိုင်လပင် တိုင်လာခဲ့ပြီဖြစ်သည်။

သန့်လျင်တွင်ရှိနေသော မြင်းမူးမင်းသားဗညားဒလမှာ အလောင်းဘုရားတပ်များကိုခုခံရန် သဘော်ခုနှစ်စင်းစာ ရိက္ခာများကို စုဆောင်းထားရှိသော်လည်း မြို့နေလူထုမှာမူ ရိက္ခာအတွက် အခက်အခဲတွေ့လာကြ၏။

ဗညားဒလက သန့်လျင်မြို့တွင်းရှိကြသော သူဌေးသူကြွယ်၊ လက်မှုအတတ်ပညာရှင်၊ သဘော်သားများမှ အစ သာမန်ဆင်းရဲသားများအဆုံး ယောကျ်ားဟူသမျှအား အရေးပေါ်စစ်မှုထမ်းခိုင်းထားသည်။

ရိက္ခာများမှာလည်း ထိုသူများအတွက်သာ ဝေမျှပေးခြင်းဖြစ်သဖြင့် မြို့တွင်းမှ အမျိုးသမီးများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများမှာ ငတ်မွတ်ကြရ၏။

လွိဇာ တို့ဘုရားကျောင်းတွင်မူ လွန်ခဲ့သည့်လများကတည်းက သူပိုင်ဆိုင်မှုအချို့နှင့် ဂမုန်းပေးလိုက်သော လက်ဝတ်ရတနာများကို ရောင်းချကာ စုဆောင်းထားသည့် ဆန်အများအပြားရှိနေသည်။

ထိုဆန်များဖြင့် ဆန်ပြုတ်ပြုတ်ကာ..မြို့နေပြည်သူများကို တစ်နေ့နှစ်ကြိမ် ဆန်ပြုတ်ဝေငှနေခြင်းဖြစ်၏။

“တန်းစီကြဲပါ...တစ်ယောက်ချင်းစီယူပါ..လုတာ ယက်တာတွေ ၊ ပြောမရတာတွေဆို...ဒီသေနတ်က မီးပွင့်သွားမယ်နော်”

ခြံစည်းရိုးရှေ့တွင် လွီဇာက ပစ္စတိုသေနတ်ကို ကိုင်လျက် မတ်တပ်ရပ်ကာ အော်နေသည်။

ဖာသာနာရေနီ၊ ဘရာသာအင်ဂျလိန္ဒင့် အာမေးနီးယန်းအမျိုးသမီးများ၊ မွန်အမျိုးသမီးများက ဆန်ပြုတ်အိုးကြီး လေးအိုးဘေးတွင် ရပ်ကာ တစ်ဦးချင်း ဝေငှပေးနေ၏။

ကျိုက်ခေါက်ဘုရားခြေရင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင်လည်း ထမင်းများ၊ ဆန်များ ဝေငှပေးနေကြသော်လည်း မြို့ခံလူအင်အားနှင့် ရိက္ခာမှာ မလောက်ငှ သဖြင့် နေရာတိုင်းတွင် လူများ တိုးဝှေ့နေကြခြင်းဖြစ်သည်။

စစ်ဘေးမရောက်မီတွင်ပင် ငတ်မွတ်ခြင်း၊ ရှားပါးခြင်းဘေးက ရှေးဦးအနေဖြင့် ရောက်ရှိလာခဲ့ပြီ။

သန့်လျင်မြို့ထဲမှ ခိုးထွက်ကာ..မြို့ပြင်ရှိ ရွှေဘိုတပ်များထံ ခိုဝင်သူများလည်း တဖြည်းဖြည်းများပြားလာ၏။

ဗညားဒလအောင်စသည် သူ၏ နောက်ဆုံးထွက်ပေါက်အဖြစ် မြို့ပြင်တွင်ဝန်းရံနေသော သေနတ်ဝန်ငကောင်း ၏ တပ်များထံသို့ ထန်းရွက်စာ ပါးလိုက်လေသည်။

ထိုထန်းရွက်စာတွင် ဝါဆိုလရောက်တော့မည်ဖြစ်ပါသဖြင့်၊ ဝါတွင်းကာလ စစ်ကို မတိုက်သင့်ပါ၊ သီတင်းဝါလကျွတ်မှ စစ်ပြိုင်ကြမည် ဟု ပါရှိသည်။

သို့သော်ြငား အခြေအနေက ထူးမလားခဲ့။

ဗညားဒလအောင်စ စုဆောင်းထားခဲ့သော ရိက္ခာများကလည်း တဖြည်းဖြည်း နည်းပါးလာခဲ့ပြီဖြစ်၏။

မြို့တွင်းတွင်လည်း လူများစွာမှာ စိတ်ဓာတ်ကျလျက်ရှိသည်။

အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီမှာ ဟိုင်းကြီးကျွန်းသို့ အားလုံးနီးပါး ထွက်ခွာသွားကြပြီဖြစ်သည်။

မဟာမိတ်အဖြစ် ကျန်ရစ်သော ဘရူနိုနှင့် ပြင်သစ်သင်္ဘောသုံးစီး သည်လည်း ရိက္ခာအခြေအနေ ရှားပါးစပြုလာနေ၏။

ပွန်ဒီချယ်ရီမှ ပြင်သစ်စစ်ကူသဘော်သုံးစီးလာရောက်နေပြီဟု သတင်းများကြား ရသော်လည်း မည်သည့်အချိန်တွင်မှ ရောက်လာမည်ကို မသိရသေး။

ဘုရားကျောင်းရွေ့တွင် တိုးဝှေ့နေသော လူအုပ်ကြီးအနောက်ဘက်မှ မြင်းခွာသံများ ကြားရသည်။

“ဖယ်ကြစမ်း..ဖယ်ကြစမ်း...ငါလုပ်လိုက်ရ”

ဆူဆူညံညံအသံများနှင့်အတူ လူအုပ်ကြီးမှာ ဘေးတစ်ဖက်တစ်ချက်စီသို့ နှစ်စုကွဲသွား၏။

ဗညားဒလအောင်စ က ရှေ့ဆုံးမှ မြင်းဖြူကြီးကို စီးကာ ဆံပြုတ်ဝေ့နေရာသို့ ဝင်လာသည်။

နဘေးမှ ကိုယ်ရံသေနတ်ကိုင်တပ်များက ဝန်းရံထား၏။

အနောက်မှ မြင်းတစ်စီးတွင် ပြင်သစ်ကိုယ်စားလှယ်ဘရူနို။

လွိဇာက ပစ္စတိုသေနတ်ကို ထမီကြားသို့ ထိုးလိုက်၏။

“ဘာကိစ္စရှိလို့များ ကြွလာပါသလဲ..မင်းသား”

“ဟော့ဒီက ကျုပ်ရဲ့မဟာမိတ် ပြင်သစ်သဘော်တပ်တွေအတွက် ရိက္ခာလိုလို့ အလှူလာခံတာပါ..လွိဇာ”

“ကျွန်တော်မျိုးမတို့မှာ မင်းသားတို့ကို ပေးလောက်တဲ့အထိ ဆန်မရှိပါဘူး...ရှိတဲ့ ဆန်ကိုလည်း မြို့ထဲက ငတ်ပြတ်နေတဲ့ ပြည်သူတွေကို ပေးဝေနေတာ..မင်းသား အသိပဲမဟုတ်လား”

ဗညားဒလအောင်စ က ဘေးနားတွင် ရှိနေသော ဆန်ပြုတ်အိုးကြီးများကို တချက်ကြည့်လိုက်သည်။

“ကျုပ်တို့ ဟာ မကြာခင်မှာ အောင်ဇေယျတပ်တွေရဲ့ထိုးစစ်ကို ခုခံပေးကြမယ့် စစ်သည်တွေပဲ...စစ်ပွဲမှာ ဘာမှသုံးမရတဲ့သူတွေထက်..ကျုပ်တို့ စစ်သည်တွေ အတွက် ရိက္ခာက အရေးကြီးတယ်..ရိက္ခာတွေ ဘယ်နားထားသလဲ..ပြောပါ....ကောင်းကောင်းပြောလို့မရရင်..ဖြစ်တဲ့နည်းနဲ့ သိမ်းယူမယ်..ဒါ ကျုပ် အမိန့်”

လွိဇာက ဗညားဒလအောင်စ၏ မျက်လုံးတည့်တည့်ကို စူးစိုက်ကြည့်လိုက်သည်။

“ရှင်တို့ မရှက်ဘူးလား”

လွိဇာ၏ အသံက တင်းမာကျယ်လောင်လှ၏။

သန့်လျင်မြို့တွင် အာဇာအထက်ဆုံးဖြစ်နေသည့် ဟံသာဝတီဘုရင်၏ ညီတော်မြင်းမူးမင်းသားတစ်ပါးကိုလူပုံအလယ်တွင် ထိုသို့သော အသံဖြင့် ပြောလိုက်ခြင်းကြောင့် လူအုပ်ကြီးမှာ လွိဇာကို တအံ့တသြကြည့်နေကြသည်။

ဘရူနိုသည်ပင်လျင် လွိဇာအားငေးမောနေ၏။

အသက်လေးဆယ်ကျော်သော်သော်လည်း လှပပြည့်တင်းနေဆဲဖြစ်သည့် ထိုမိန်းမ၏ မျက်လုံးများက မည်သည့်အရာကို မဆို ရင်ဆိုင်တိုက်ခိုက်တော့မည့်ဟန် မာန်အပြည့်နှင့်။

“ရှင်တို့ မရှက်ဘူးလား”

လူအုပ်ကြားထဲမှ ပြင်သစ်ဘာသာစကားဖြင့် အမျိုးသမီးအသံတစ်ခုထွက်လာ၏။

ဘရူနိုက အသံလာရာသို့ ကြည့်လိုက်သည်။

ပြည့်တန်ဆာခေါင်းအာဒါရှာလက်ချ်မီး။

သူမလက်ထဲတွင် ကြွေပန်းကန်ခွက်တစ်ခုကို ကိုင်ထားသည်။ အာဒါရှာလက်ချ်မီး၏ ပြည့်တန်ဆာအိမ်တွင် စုဆောင်းထားသည့် ဆန်များ၊ ရိက္ခာများကိုလည်းလွန်ခဲ့သည့် ငါးရက်ကတည်းက ယခုလို သိမ်းယူခံခဲ့ရပြီးဖြစ်သည်။

ထို့ကြောင့် အာဒါရှာလက်ချ်မီးနှင့် ပြည့်တန်ဆာမလေးများမှာ လွိဇာဝေဌနေသည့် ဆန်ပြုတ်ကို လာရောက်တန်းစီယူနေရခြင်းပင်။

“ရှင်တို့ မရှက်ဘူးလား”

“နင်တို့ မရှက်ဘူးလား”

“မရှက်ကြဘူးလား”

လူအုပ်ထဲတွင်ရှိသော လူများထဲမှ ဗမာဘာသာ၊ အာမေးနီးယန်းဘာသာ၊ အင်္ဂလိပ်ဘာသာ၊ မွန်ဘာသာ တို့ဖြင့် အသံများ သဲ့သဲ့ ထွက်ပေါ်လာကြ၏။

ဗညားဒလအောင်စ ကို ဝန်းရံပေးထားကြဲသော မွန်စစ်သည်များ၊ ပေါ်တူဂီ ကြေးစားစစ်သည်များမှာ ခေါင်းများကို ငုံ့ထားလိုက်ကြ၏။

ဘရူနိုက ဗညားဒလအောင်စ၏ မြင်းဘေးတွင် ယှဉ်ရပ်လိုက်သည်။

“မင်းသား...ပြန်ကြရအောင်..ရိက္ခာအတွက် တခြားနည်းလမ်းတစ်ခု စဉ်းစားကြတာပေါ့”

ဗညားဒလအောင်စ ကမူ လွိဇာကို စိုက်ကြည့်နေရာမှ မျက်နှာလွှဲလိုက်၏။

သို့သော် လူအုပ်တစ်နေရာစီမှ သူရင်းနှီးနေကြ အသံစာစာလေးတစ်ခုကို ကြားလိုက်သဖြင့် လှည့်ကြည့်လိုက်သည်။

သူ၏ အချစ်တော်ဂျပန်ပြည့်တန်ဆာမလေးသည်လည်း ထိုလူအုပ်ထဲတွင်ပါနေ၏။

သူမက ဗညားဒလအောင်စဘက်သို့ ခါးကိုညွှတ်ကာ ဂျပန်ဘာသာခပ်တိုးတိုးဖြင့် တောင်းပန်နေသည်။

“မြို့ကြီးမင်သမီးနန်းသွယ် သာ ဒီနေရာမှာ ရှိနေရင်..ရှင့်အတွက် သူရှက်နေလိမ့်မယ်”

လွိဇာ က စကားကို တစ်လုံးချင်း ပီပီသသ ပြောလိုက်၏။

အောင်စမှာ မြင်းဇက်ကြိုးကိုပင် အလန့်တကြားဆွဲလိုက်မိသဖြင့် မြင်းမှာ ဟီးခနဲ အော်ကာ ခွာကို မြောက်လိုက်သည်။

ထို့နောက် အောင်စက မည်သည့်စကားမျှ မပြောတော့ပဲ...မြင်းကို ပြန်လှည့်ကာ ထွက်ခွာသွားတော့၏။

.....
.....

၁၇၅၆ ဇူလိုင် ၁၃ ရက်။ နံနက်အာရုဏ်တက်ချိန်။

သန်လျင်ဆိပ်ကမ်းမှ အမြောက်ကြီးများ တင်ဆောင်ထားသည့် သင်္ဘော(၇)စီးသည် ကျောက်ဆူးကြိုးများကို နုတ်လိုက်ကြပြီဖြစ်သည်။

သဘော်ကြီးတစ်စီးစီ၏ ပတ်လည်တွင် ပေါ်တူဂီ၊ အာဖရိကန် သေနတ်ကိုင် ကြေးစားစစ်သားများပါသော သင်္ဘောနှစ်လေ့ (၁၀)စီး စီက ဝန်းရံလိုက်ပါ၏။

မြင်းမူးမင်းသားဗညားဒလအပါအဝင် သန်လျင်မြို့တွင်ရှိနေသော ဟံသာဝတီ အရာရှိများ၊ ပြင်သစ်အရာရှိများ၊ ကုန်သည်များ၊ သူဌေးသူကြွယ်မိသားစု များမှာ သဘော်(၇)စီးတွင်လိုက်ပါလျက် ပင်လယ်ဝမှတဆင့် ရှောင်တိမ်းထွက်ခွာတော့ မည်ဖြစ်သည်။

ဗညားဒလအောင်စ သည် စွန့်ခွာခဲ့ရမည်ဖြစ်သော သန်လျင်မြို့ကို နှမြောတသစွာ ဖြင့် ကြည့်နေ၏။ မကြာမီ ရန်သူက လာရောက်ဝန်းရံသည့်အခါ လက်ျာဗိုလ်နှင့် မြို့စောင့်တပ်အနည်းငယ်မှာ မည်သို့မျှ ခုခံနိုင်လိမ့်မည်မဟုတ်။

သို့သော် သူလည်း ဘာမှ မတတ်နိုင်ခဲ့။ လက်ျာဗိုလ်ကို သူနှင့်အတူ ဆုတ်ခွာရန် ပြောခဲ့သော်လည်း လက်ျာဗိုလ်က သန်လျင်တွင်သာ နေရစ်ရန် ခေါင်းမာစွာပြော ခဲ့သည်။

ဗညားဒလအောင်စသည် ရက်ပေါင်းများစွာ အရက်ကို နေ့ရောညပါ သောက်ခဲ့ သဖြင့် သူ၏ အသားအရည်တို့မှာ ဖြူဖတ်ဖြူရော်ဖြစ်နေသည်။ မျက်လုံးများက ကြောင်စီစီဖြင့် ပင်လယ်ပြင်ဆီသို့ ထပ်မံငေးကြည့်နေပြန်၏။

ချစ်ရသည့် နန်းသွယ်..ကို သူကိုယ်တိုင်ဦးဆောင်သတ်ခဲ့ရသည်ဆိုသော သူကိုယ် သူ နာကြည်းမှုက ပြီးခဲ့သည့် ရက်များစွာတွင် သူ့ကို များစွာ ခြောက်လန့်ဖျက်စီး နေခဲ့ပြီဖြစ်သည်။

နန်းသွယ်ကို ကွပ်မျက်မှုတွင် သူ့အား တာဝန်ယူစေခဲ့သည့် အကိုများဖြစ်သော ဟံ သာဝတီဘုရင် ဦးအောင်လှ နှင့် ဦးအောင်မြ ကိုလည်း သူမုန်းသည်။ ဟံသာဝတီ နန်းတော်ကိုလည်း သူမုန်းသည်။ မုဆိုးဖိုသားအောင်ဇေယျကိုလည်း သူ မုန်းသည်။ သူ့ကိုယ်သူလည်း သူမုန်းသည်။

ခဏခဏကြုံလာရသော အရှုံးများက သူ့အမုန်းကို ပိုမိုအရောင်တောက်လာ စေ၏။

သူသည် ပင်လယ်ပြင်ကိုလည်း အမုန်းအတိပြီးသော မျက်လုံးများဖြင့် ငေးကြည့် နေခြင်းသာ။

ထိုအချိန်တွင် အမြောက်ကြီးနှစ်လက်ကို ရှေ့ဆုံးမှ တင်လာသည့် သဘော်ကြီး တစ်စီးက ပင်လယ်ဘက်မှ ဘွားခနဲ ထွက်ပေါ်လာခဲ့သည်။

“ပြဲသစ်ကလာတဲ့ စစ်ကူသဘော်လား”

ဗညားဒလအောင်စ၏ မျက်လုံးများက အရောင်လက်သွား၏။

သို့သော် သဘော်ဦးတွင် တလူလူလွင့်နေသော ဒေါင်းတံခွန်အလံများကြောင့် သူ့မျက်နှာမှာ ချက်ချင်း ပြောင်းလဲသွားတော့သည်။

“ရန်သူ...ရန်သူဟေ့”

ရေနန်းစကြာသဘော်ကြီးသည် သန်လျင်ဆိပ်ကမ်းတွင် ရပ်ထားသည့် သဘော်ကြီးခုနစ်စင်းထံသို့ တည့်တည့်မတ်မတ်ကြီး တိုးဝင်လာနေ၏။

လှေဦးတွင် မိန်ညိုကိုယ်ကြပ်အင်္ကျီနှင့် ဆံပင်ဖားလျားချထားသော ဗိုလ်ချုပ်ငတွန် က လှံရှည်တစ်ချောင်းကို ကိုင်လျက်။

အလောင်းဘုရားသည် သန်လျင်ကို ရေကြောင်းမှ စတင်ထိုးဖောက်တိုက်ခိုက်ရန် ဆုံးဖြတ်ချက်ချခဲ့ပြီဖြစ်သည်။

ဆောက်လုပ်ပြီးစ ရေနန်းစကြာသဘော်ကို ငတွန်အား ဦးစီးစေလျက်..သေနတ်ပစ်၊ အမြောက်ပစ်ကျွမ်းကျင်သည့် ပေါ်တူဂီ၊ အာမေးနီးယန်း၊ ပဿီစစ်သည်(၁၀၀)၊ မြန်မာစစ်သည်(၁၀၀)၊ အမြောက်ကြီး (၆)လက်၊ စိန်ပြောင်း (၂၀) ဖြင့် ချီတက်စေခိုင်းခဲ့ခြင်းဖြစ်၏။

သဘော်၏ လက်ဝဲ၊ လက်ျာတွင် တိုက်လှေကြီး (၇၀)စီ ဝန်းရံလိုက်ပါလာသည်။

“ဝုန်း..ဝုန်း..ဝုန်း..ဝုန်း”

ဗညားဒလအောင်စ၏ သဘော်(၇)စီးထံမှ အမြောက်ကြီးများက အဆက်မပြတ် စတင်ပစ်ခတ်ကြ၏။

ရေနန်းစကြာကို အရံလိုက်ပါလာသော တိုက်လှေများအနက် သုံးစီးမှာ အမြောက်ဆံမှန်ကာ နစ်မြုပ်သွားကြသည်။

ငတွန်က ရေနန်းစကြာသဘော်ဦးတွင် ခန္ဓာကိုယ်ကို ဝပ်လျက်..တဖက်သဘော်များ၏ တည်နေပုံကို မှတ်သားတွက်ချက်နေ၏။

“ဗိုလ်မင်း..အမိန့်ပေးပါတော့”

ပေါ်တူဂီအမြောက်တပ်မှူး အယ်ဖွန်စီကာ က လှမ်းအော်ပြောသည်။

အမြောက်ဆံများက ရေနန်းစကြာ၏ ပတ်ချာလည်တွင် တဝုန်းဝုန်းကျလျက်။

ငတွန်က ကိုယ်လိမ်ခါးချိုးပုံစံဖြင့် အမြောက်များရှိရာသို့ ပြေးလာ၏။

“အောင်ပေါ် စီငယ်...ငါ ပြောတဲ့ အတိုင်း သာ ပစ်မိန့်ပေးလေ”

အယ်ဖွန်စီကာက ခေါင်းညိတ်လိုက်သည်။

“ဖောင်း...ဖရော..ဖရော”

အလောင်းဘုရား၏ အထူးစီမံထားသော အမြောက်ပစ်နည်းသစ် ။

အမြောက်ကျည်လုံးများမထည့်ပဲ..သေနတ်တွင်ထည့်သည့် ယမ်းကျည်လုံးများကို အထုတ်လိုက် ထည်ပစ်လိုက်ခြင်းဖြစ်သည်။

ဟံသာဝတီသင်္ဘောများပေါ်မှ ပေါ်တူဂီ၊ ဒတ်ချ်၊ အာရပ်ကြေးစားစစ်သည်များသည် အမြောက်ဆံ၏ လာရာကို တွက်ဆပြီး ရှောင်တိမ်းကြသည်။

သို့သော် အမြောက်ဆံက အလုံးလိုက်မလာပဲ..ကျည်စေ့ငယ်လေးများက လေထဲတွင်ပင် ဖြန့်ခွဲပြီး ကျရောက်လာသဖြင့် လူ (၆၀)ခန့်ကို တပြုံတပျိုး ကျည်ဆံများ ထိမှန်ကုန်သည်။

(၁၈ ရာစု သေနတ်တွင်း ထည့်ပစ်သည့် ကျည်စေ့ဆိုသည်မှာ ယနေ့ခေတ်ကျည်ဆံနှင့် မတူညီပါ..ယမ်း၊ခဲစေ့လုံးများကို ရှေ့မှထည့်ရပြီး မီးခတ်ကျောက်တတ်ထားသည့် မောင်းရိုက်တံဖြင့် မီးပွင့်စေပြီး ပစ်ခတ်ရခြင်းဖြစ်သည်)

အပြန်အလှန်ပစ်ခတ်ကြသည်မှာ တစ်နာရီခန့်ပင် ကျော်မြင့်လာပြီဖြစ်သည်။

သင်္ဘောခုနှစ်စင်းပေါ်မှ အမြောက်များ၏ ပစ်ခတ်အားကို ရေနန်းစကြာအနေဖြင့် ကြာရှည်တောင့်မခံနိုင်တော့။

ရေနန်းစကြာ၏ ပဲ့စင်ပင်လျင် အမြောက်ဆံမှန်ကာ ကျိုးပဲ့သွားရပြီဖြစ်၏။

ငတွန်က ဟံသာဝတီမှ သင်္ဘောခုနှစ်စင်း၏ အခြေအနေကို ထပ်မံလေ့လာနေသည်။

ထို့နောက် သူခန္ဓာကိုယ်တွင် ဝတ်ထားသော မိန်ညိုကိုယ်ကြပ်အင်္ကျီကို ချွတ်ပစ်လိုက်၏။

ဓားရှည်နှစ်ချောင်းကို ကျောတွင် စလွယ်သိုင်းလွယ်လိုက်ပြီး..သင်္ဘောပေါ်မှ တဆင့် အောက်ဖက်ရှိ တိုက်လှေ ရှိရာသို့ ဆင်းလိုက်သည်။

“ကဲ..နင်တို့ အဲ့ဒီသင်္ဘောတွေကြား ဘာဖြစ်ဖြစ်ရောက်အောင်သာလှော်..သေနတ်ပစ်လည်းမကြောက်နဲ့ အမြောက်ပစ်လည်းမကြောက်နဲ့..ငါရှေ့ဆုံးက လိုက်မယ်”

တိုက်လှေပေါ်မှ စစ်သည်များမှာ ဗိုလ်ချုပ်ငတွန်ကိုယ်တိုင် သူတို့လှေပေါ်တက်လာသဖြင့် ယောင်ကနဖြစ်ကုန်ကြသည်။

“ဟေ့ကောင်တွေ...ဘာြဖစ်နေတာလဲ..အဲ့ဒီသင်္ဘောတွေကြား လှော်ပါဆို”

ထိုအခါမှ လှေလှော်သားများက လှေကို အားကုန်လှော်ကြ၏။

ငတွန်က လှေဦးတွင် မုဆိုးဒူးထောက်ထိုင်ကာ လက်သီးနှစ်ဖက်ကို ဆုပ်ထားသည်။ လှေက အရှိန်ဖြင့် ထွက်ခွာသည့်အခါ ဆံပင်ဖားလျားက လေတွင် တလူလူလွင့်လျက်။

ငတွန်၏ လှေသည် သင်္ဘောခုနစ်စီးအနက် အလယ်တွင်ရှိနေသည့် ဘရှုန်၏ သင်္ဘောဆီသို့ အမြောက်ဆံ၊ ကျည်ဆံများကြားမှ အတင်းဝင်တိုးသည်ကို ရွှေဘို တပ်သားများ အားလုံးမြင်ကြရသည်။

အမြောက်ဆံတစ်ခုက လှေနံဘေးအကျတွင် လှော်သားတစ်ဦးကို ထိပြီး ရေထဲကျသွား၏။

ငတွန်က လှော်တက်ကို ပြေးယူကာ သူပါ ဝင်လှော်တော့သည်။

သင်္ဘောခုနစ်စီးမှာ ရေနန်းစကြာကို သာ သဲသဲမဲမဲပစ်ခတ်နေသဖြင့် ငတွန်၏ တိုက်လှေကို သတိမထားမိ။

ငတွန်က ဘရှုန်၏ သင်္ဘောကျောက်ဆူးကြိုးနားအရောက်တွင် လှေပေါ်မှတဆင့် ကျောက်ဆူးကြိုးကို လွှားခနဲ ခုန်ကာ ဖက်တွယ်လိုက်သည်။

ထို့နောက် လှေပေါ်သို့ ကုပ်ကပ်တက်သွား၏။

လှေပေါ်ရောက်သည်နှင့် ကျောတွင်လွယ်ထားသော ဓါးနှစ်လက်ကို ထုတ်ကာ အမြောက်ပစ်နေကြသော ပြင်သစ်စစ်သည်များကို ဝင်ရောက်ထိုးခုတ်တော့သည်။

တစ်ဖက်သင်္ဘောပေါ်သို့ ဗိုလ်တွန်ရောက်နေသည်ကို မြင်ရသဖြင့် ရွှေဘို တိုက်လေ့များမှာလည်း စိတ်ဓာတ်တက်ကြွလာကာ..ဟံသာဝတီ၊ ပြင်သစ် သင်္ဘောများထံသို့ အားကုန်ပြေးဝင်ကြသည်။

တပ်သားများက ငတွန်၏ နည်းလည်းအတိုင်းကျောက်ဆူးကြိုးများမှတဆင့် တက်ကာ ပစ်ခတ်ထိုးခုတ်ကြ၏။

အမြောက်နှင့်သေနတ်ကိုသာ အဓိကထားပစ်ခတ်နေသော သင်္ဘောခုနစ်စီးပေါ်မှ စစ်သည်များမှာ ရုတ်တရက် တက်ရောက်လာပြီး အနီးကပ်ဓားဖြင့်ခုတ်ခြင်းခံရသည့်အခါ အသည်းအမဲခုခံကြရသည်။

ငတွန်နှင့် ကပ်လျက်ပါလာသော လက်ျာဘီလူးညီညြူ၏ တပ်စိတ်ကလည်း ဘရူနို၏ သင်္ဘောကို အနီးကပ်ဝင်ခုတ်ကြသည်။

ဘရူနို နှင့် ပြင်သစ်စစ်ဗိုလ်များမှာ ရေသို့ ခုန်ချကာထွက်ပြေးတော့၏။

ဗညားဒလမှာ ဓါးတလက်နှင့် သူ၏ စစ်သည်များကို အမိန့်ပေးရင် တိုက်ခိုက်နေရာမှ သန်လျင်ဘက်ဆီသို့ ကူးခတ်ထွက်ပြေးသွားသော ဘရူနိုတို့ကို မြင်လိုက်ရသည်။

ပြင်သစ်စစ်သည်များ ဆင်းပြေးသည်ကို မြင်လျင်..အမြောက်ကိုင် ပေါ်တူဂီ၊ ဒတ်ချ်ကြေးစား စစ်သည်များကလည်း ရေသို့ ဆင်းပြေးကြ၏။

မကြာမီ ဗညားဒလအောင်စ နှင့် ဟံသာဝတီအရာရှိ၊ စစ်သည်များလည်း သင်္ဘောများကို ထားရစ်ကာ လေ့ဖြင့် သန်လျင်သို့ ဆုတ်ခွာပြေးကြတော့သည်။

သင်္ဘောခုနစ်စင်းအနက်မှ အကြီးမားဆုံးသော ဘရူနို၏ သင်္ဘောထိပ်တွင် ငတွန်က ဒေါင်းအလံကို လွှင့်ထူလိုက်၏။

သန်လျက်စွန်းမှ မှန်ပြောင်းဖြင့် တိုက်ပွဲအား ကြည့်နေသော အလောင်းဘုရားက သင်္ဘောထိပ်တွင် တလူလူလွင့်နေသော ဒေါင်းအလံကို ကြည့်ကာ ဝမ်းသာအားရ ကြိုးဝါးလိုက်တော့သည်။

“သန်လျင်ရေတပ်ပြုပြီဟေ့”

ဘေးနားတွင်ခစားနေသော မြတ်သာနေ ၊ မြတ်စံ၊ ထွန်းညို စသည့် ပညာရှိ အမတ်များ ပင် ဝမ်းသာအားရဖြင့် ထခုန်ကကြသည်။

“မောင်ကောင်း”

“ဘုရား”

“ဗိုလ်တွန်ကတော့ တာဝန်ကျပြီ..မင့်အလှည့်ပဲ”

“မှန်ပါ..နက်ဖြန် ညနေ အပြီး သန်လျင်ကို ကိုယ့်တော်ခြေဖဝါးအောက် အရောက် ဆက်စေပါမယ်”

.....

မွေ့နှန်းကုန်းပေါ် ရှိ ဘုရားရှိခိုးကျောင်းခေါင်းလောင်းစင်ပေါ်တွင် လွီဇာက မတ် တပ်ရပ်နေ၏။

နဘေးတွင် ဖာသာနာရေနီက ခေါင်းလောင်းကြိုးကို ကိုင်လျက်။

မီးခိုးတလူလူထွက်နေသော သဘော်များ၊ နစ်မြုပ်နေသော သဗ္ဘာန်များ၊ ဆိပ်ကမ်းဘက်ဆီမှ သန်လျင်မြို့ရိုးဆီသို့ ပြေးလာသော လူများကို လွီဇာက ငေး ကြည့်နေသည်။

“ကျွန်မတို့ ဆေးရုံလေးတော့ လုပ်ငန်းစရတော့မယ်ထင်တယ်..ဖာသာ”

ဖာသာနာရေနီက ခေါင်းလောင်းကြိုးကို ကိုင်ကာ ခေါင်းလောင်းသံပေးလိုက် တော့သည်။

“ဒေါင်..ဒေါင်..ဒေါင်”

သန်လျင်မြို့ရိုး၊ ဆိပ်ကမ်းတံခါးပေါက်မှ အစောင့်စစ်သည်များက စက်ယန္တယား များကို ခန္ဓာကိုယ်ဖြင့် တွန်းကာ လှည့်လိုက်ကြ၏။

ကျယ်ပြန့်သော ကျုံးနင်းကြမ်းတံခါးများမှာ မြို့ရိုးပေါ်သို့ ကပ်ထောင်ထားရာမှ တအိအိဖြင့် ကျုံးအတွင်း တံတားသဖွယ် ပြန်ကျသွားသည်။

ဗညားဒလအောင်စ၊ ဘရူနို တို့နှင့်အတူ ဒဏ်ရာရသူများမှာ တဖွဲဖွဲ သန်လျင်မြို့ထဲ ပြန်ရောက်လာကြ၏။

သဘော်များပေါ်တွင် မိသားစုဝင်အချို့လည်းပါလာသဖြင့် အချို့မှာ ထိခိုက် ဒဏ်ရာရရှိကုန်ကြသည်။

“မြဲနိမြဲနှံ..ဝင်ကြဲ..မြဲနိမြဲဝင်ကြဲ..ပြီးရင် နင်းကြဲမ်းကို ပြဲန်တင်တော့မှာ..ဝင်ကြ..ဝင်ကြ”

ဖာသာနာရေနီ၊ ဘရာသာအန်ဂျလို၊ လွိဇာ နှင့် အာမေးနီးယန်းအမျိုးသမီး၊မွန်အမျိုးသမီးများမှာ ထမ်းစင်ကပ်များကို အဆင့်သင့်ပြန်ထားကြ၏။

လမ်းပင်မနည်းလျှောက်လာရသည့် ဒဏ်ရာရသူများကို ကပ်များပေါ်တင်ကာ မြင်းရထားပေါ်သို့ ရွှေ့တင်ကြသည်။

မြင်းနှစ်ကောင်ဆွဲသော ရထားမှာလည်း မွေ့နှန်းကုန်း ကက်သလစ်ဘုရားရှိခိုးကျောင်းရှိ ယာယီဆေးရုံနှင့် သန်လျင်မြို့ရိုးအကြား ခေါက်တုံ့ခေါက်ပြန်လူးလားလျက်။

“ကျုံးထိပ်မှာ အလောင်းဘုရားတပ်တွေ ရောက်နေပြီ...ငတွန်ဆိုတဲ့ လူကြီးက အကျီချွတ်ကြီးနဲ့ သရဲမရဲစီးသလိုပဲ လိုက်လာတာ...သဘော်ခုနစ်စင်းလုံးကို သူတစ်ယောက်တည်းနဲ့ တက်ခုတ်တာတဲ့”

အနီးအနားမှ ပြောနေသံများကြောင့် လွိဇာက မြင်းရထားပေါ်မှ လူမမာကို တစ်ချက်ကြည့်လိုက်၏။

ထို့နောက် မြို့ရိုးပေါ်သို့ အပြေးတက်လိုက်သည်။

မြို့ရိုးပေါ်တွင် အမြောက်စစ်သည်များမှာ ရှုပ်ယှက်ခပ်နေ၏။ မည်သူမျှ လွိဇာကို ဂရုမစိုက်အား။

လွိဇာက မြို့ရိုးထိပ်ရောက်သောအခါ အမြောက်ကြီးတစ်ခု၏ နဘေးတွင်ရပ်ကာ ကျုံးထိပ်သို့ လှမ်းကြည့်လိုက်၏။

ဗညားဒလအောင်စ ရောက်ပြီးနောက် စနစ်တကျ ပြင်ဆင်ထားဖော်ထားသည့် ကျုံးသည် နက်သည့်အပြင် ကျယ်လွန်းလှသည်။

ငတွန်ဦးဆောင်သော ရေတပ်က သန်လျင်ရေတပ်ကို ချေမှုန်းပြီးနောက်..သေနတ်ဝန်မဟာသေနာပတိ ငကောင်း ၏ တပ်များက နေ့ချင်းပင် သန်လျင်မြို့ရိုးပတ်လည်ကို အထပ်ထပ်ဝိုင်းရံကြသည်။

သို့သော် သန်လျင်မြို့သို့ ဝင်မည့် ကျုံးနင်းကြမ်းမှာ စက်သီးဖြင့် အရှင်လှုပ်ကာ ဆွဲတင်ထားခြင်းကြောင့် ကျုံးကို မကူးနိုင်ကြ။ ထို့ကြောင့် ကျုံးထိပ်တွင် ပင်ရပ်နေကြ၏။

လွီဇာက အမြော်က်ကြီး၏ အောက်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

ရှေ့မြင်ကွင်းတွင်ရှိနေသော စစ်သွေးကြွနေသည့် အလံတလူလူတပ်ကြီး။

သူ့နောက်ဘက်တွင်တော့...ငယ်စဉ်ဘဝ အဘွားဖြစ်သူ၏ ပုံပြင်များထဲမှပင် သံယောဇဉ်တွယ်..ချစ်ခင်ပါသော သန်လျင်မြို့ကလေး။

သူချစ်သော မြို့ကလေးကို ဖျက်စီးပစ်ရန် ဦးဆောင်နေသူတွေထဲက တစ်ယောက် သောသူက....တွယ်တာခဲ့ရပါသော မောင်ကြီးငတွန်ရယ်တဲ့။

အင့် ခနဲ ရှိုက်သံတချက် က လွီဇာ၏ ရင်ဘတ်ထဲမှ တွန်းကန်ထွက်ပေါ်လာ၏။

တပေါက်ပေါက်ဖြင့် ကျလာသော မျက်ရည်များကို လွီဇာ မသုတ်မိ။

ဆိပ်ကမ်းဘက်ဆီမှ လေညှင်းသည်..လွီဇာအား ခပ်သုတ်သုတ် ဖြတ်အကျော်။

လွီဇာက လေညှင်းကို ဝမ်းသာရအား ရှုရှိုက်လိုက်၏။

ဟိုမှာ တဖက်ကမ်းမှာ ရှိနေသော..ချစ်ရသူ၏ ကိုယ်ရနံ့ကို ထိုလေညှင်းသည် သယ်ဆောင်လာခဲ့ပါသလား။

သို့သော်...

ယမ်းခိုးငွေ့များသာ။

.....
.....

နောက်တနေ့။

ဗညားဒလအောင်စ သည် ရမ်ပုလင်းကို ခပ်ပြင်းပြင်းမော့ချလိုက်သည်။

သူသည် တညလုံး မအိပ်ခဲ့ရသေး။

သန်လျင်မြို့ပတ်ချာလည်မှ သူရဲခိုတိုင်းတွင် စိန်ပြောင်းသမားများကို ကင်း အလဲအလှယ်ဖြင့် စောင့်ကြည့်ရန် စနစ်တကျကြပ်မတ်ကွပ်ကဲနေ၏။

သဘော်များ ပျက်စီးဆုံးရှုံးရပြီးကတည်းက မဟာမိတ်ဖြစ်သူ ဘရူနို ရော၊ သူ၏ ပြင်သစ်စစ်သားများပါ ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီရုံးဝန်းအတွင်း က ထွက်မ လာတော့။

“မင်းသောက်ဦးမလား”

စိန့်ပြောင်းကိုင်ကာ မျက်နှာချင်းဆိုင်မှ ရန်သူတပ်ကို စောင့်ကြည့်နေသော စစ်သည်လူငယ်မှာ သူ့အား နှိုင်ငံခြားဖြစ် ရမ်ပုလင်းကို ထိုးပေးလာသည့် မြင်းမှူး မင်းသားကို တအံ့တသြကြည့်လိုက်၏။

လူငယ်သည် ချိုချဉ်တွဲတဲ့ရိကွာများကို ရက်ပေါင်းများစွာစားနေရသဖြင့် မျက်တွင်းများ ချောင်ကျနေသည်။

သူ့ရှေ့မှ ခပ်ပြင်းပြင်း ရမ်ပုလင်းသည် သူ့ကို စိန်ခေါ်နေ၏။

“တကယ်သောက်ရမှာလား..ဘုရား”

“သောက်ကွာ..ငါလည်း ဒီနားခဏထိုင်မယ်”

ညဦးကတည်းက ခံတပ်ပေါ်တွင် အရူးတစ်ယောက်ကဲ့သို့ လျှောက်သွားနေသည့် ဗညားဒလအောင်စ က သူရဲခိုို ထိပ်တွင် ထိုင်ချလိုက်သည်။

ရှေ့မျက်နှာချင်းဆိုင်ရှိ ကုန်းတစ်ဖက်ကမ်းတွင် စီတန်းနေရာယူထားသော ရွှေဘို တပ်များကို တချက်ကြည့်ကာ ပြုံးလိုက်၏။

“မင်းတို့ အကုန်သေရတော့မယ်..မင်းတို့အကုန်သေရတော့မယ်ကွ..ဟားဟား”

ရမ်အရက်ကို မရဲတရဲမော့နေသည့် စစ်သည်လူငယ်မှာ အော်ဟစ်ရယ်မောနေသည့် ဗညားဒလအောင်စကို မျက်လုံးပြူးဖြင့်ကြည့်နေ၏။

ဗညားဒလအောင်စသည် ရယ်နေရာမှ ရုတ်တရက်တည်သွားသည်။

“ဟေ့..ဟိုးကို ကြည့်စမ်း...ဒါ..သူတို့ တပ်မှူးဖြစ်မယ်”

ခပ်ဝေးဝေးတွင် မြင်းပေါ်မှ လူတစ်ဦးရှေ့တွင် လက်အုပ်ချီလျက်ဝိုင်းရံနေသော စစ်သည်အချို့ကို တွေ့ရ၏။ အချို့က မတ်တပ်ရပ်နေသော်လည်း အချို့မှာ ဒူးထောက်လျက်။

ဗညားဒလအောင်စ အသင့်ပါလာသော မှန်ပြောင်းကို ထုတ်ကာ ကြည့်လိုက်သည်။

ထို့နောက်...

“ဟေ့..ကောင်လေး..မင်းနဲ့တွဲဖက် ပေါ်တူဂီစိန်ပြောင်းသမားရော”

“ရိက္ခာဝေတာသွားယူနေပါတယ်”

“မင်း စိန်ပြောင်းပစ်တာ ဘယ်လောက်ရှိပြီလဲ”

“နှစ်နှစ်ရှိပါပြီ..ဘုရား”

“ပေါ်တူဂီတွေလောက် ကျွမ်းသလား”

“မှန်ပါ..သူတို့နိုနီးတော့ ရောက်အောင် ပစ်နိုင်ပါတယ်..ဘုရား”

“ဟုတ်ရင်ဟုတ်ပေါ့ကွာ..မဟုတ်ရင်တော့...နင့်သေဖို့သာပြင်...လာခဲ့..ဒီကို”

ဗညားဒလအောင်စ စစ်သည်လူငယ်ကို သူနားသို့ ခေါ်လိုက်သည်။

“ဟိုးက လူစုစုတွေ့လား..အဲ့ဒါ အောင်ဇေယျလား...သူဗိုလ်ချုပ်တွေထဲက တစ်ယောက်ယောက်လားပဲ ..ရော့ကြည့်စမ်း”

လူငယ်က မှန်ပြောင်းကို ယူကြည့်လိုက်၏။

“မင်း ရောက်အောင် ပစ်နိုင်လား”

“ရပါတယ်...ဘုရား”

“ပစ်ချေကွာ...ဟေ့..ဟိုဘက်က စိန်ပြောင်းသမားတွေလည်း..သူစပစ်ပြီဆိုတာနဲ့..အဲ့ဒီကို စုပြုံပစ်ကြ”

လူငယ်က စိန်ပြောင်းငယ်ကို မကာ ယမ်းကို စနစ်တကျထောင်းထည့်သည်။

ထို့နောက် သူရဲခိုထိပ်တွင် တင်လိုက်ပြီး သေချာချိန်ရွယ်လိုက်၏။

စိန်ပြောင်းရင်းရှိ နားခွက်မှ မီးစကို မီးညှိလိုက်သည်။

“ဖောင်း” "ဖောင်း" "ဖောင်း"

သေနတ်ဝန်မဟာသေနာပတိ ငကောင်း စီးလာသော မြင်းမှာ ဟီးခနဲ ထအော်၏။

ပေါက်ကွဲသံနှင့်အတူ သူတို့အနီးတွင် ယမ်းငွေ့များ အူတက်သွားသည်။

မနီးမဝေးမှ စစ်သည်တစ်ဦးမှာ သူ၏ ပုခုံးကို ကိုင်လျက် လဲကျနေ၏။

ငကောင်းမှာ မြင်းဇက်ကြိုးကိုဆွဲပြီး အားလုံးကို နောက်ဆုတ်ရန် အမိန့်ပေးလိုက်သည်။

“ဗိုလ်မင်း..ဘာများဖြစ်သွားသေးလဲ..ဘုရား”

အနောက်ဘက်ခပ်ကျဉ်းကျဉ်းရှိ အမြောက်များကို သွားရောက်စစ်ဆေးနေသော မြင်းရည်တက် ကျော်ထင်ရွှေတောင် ငပန်းညို့ က အပြေးအလွှားရောက်လာသည်။

“စိန်ပြောင်းကျတာပါ..ငါဘာမှ မဖြစ်”

သို့သော် ငပန်းညို့က သေနတ်ဝန်ငကောင်း၏ ခြေထောက်မှ စီးကျလာသည့် သွေးစေးပျစ်ပျစ်များကို မြင်ကာ ကြည့်ကာ မှင်တက်နေသည်။

ထိုအခါမှ ငကောင်း က သူ၏ ချက်အောက်ဘက်ကို လက်ဖြင့် စမ်းကြည့်လိုက်၏။

“ဟော့..မဟာသေနာပတိကို ကျည်သင့်ထားတယ်ဟော့..မြင်းပေါ်က တွဲကူချကြစမ်း”

“ရတယ်..ငါဆင်းနိုင်သေးတယ်..ပန်းညို့”

ငကောင်းက မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်သည်။

သို့သော် မြေပြင်သို့ ရောက်သည်နှင့် ခွေကျသွား၏။

“ကိုကြီးကောင်း...ကိုကြီးကောင်း”

ငပန်းညို့မှာ သူ့အား မြင်းရည်တက်ဖြစ်လာသည်အထိ လေ့ကျင့်ကူညီပေးခဲ့သော အကိုဝမ်းကွဲဖြစ်သူ၏ ငယ်မည် ခေါ်ကာ စိုးရိမ်တကြီးဖြင့် ပွေ့ဖက်လိုက်သည်။

“ပန်းညို့....ငါရတယ်..ဘာမှမဖြစ်ဘူး..မင်း ငါ့ကိုယ်စား..တပ်တွေကို ရုံမြဲရုံထား..လုံးဝနောက်မဆုတ်နဲ့..ငါပြန်လာမယ်..ဟုတ်ပြီလား..အ..အ”

အခန်း (၄၁)

မြစ်ရေ၏ အလျဉ်သည် တည်ငြိမ်စွာရွေ့နေ၏။

သန့်လျင်ဖက်ခြမ်းတွင် အမြောက်သံ၊ သေနတ်သံများ ဆူညံနေသော်ငြား မြစ်တစ်ဖက်ခြမ်းရှိ ဒဂုံဆိပ်ကမ်းတွင်မူ ထူးထူးခြားခြားတိတ်ဆိတ်ငြိမ်သက်နေသည်။

အတွင်း အပြင် ရှေပိန်းများချထားသော အဖုံးရေကန်ပါ ပျဉ်ခေါင်း ထဲတွင် မဟာသေနာပတိ သေနတ်ဝန် မင်းလှမင်းခေါင်ကျော်ငကောင်း ၏ အလောင်းက ငြိမ်သက်လျက်။

အလောင်းဘုရား၏ လက်ရုံးနှစ်ဖက်အနက် တစ်ဖက်မှာ ပြုတ်ကျခဲ့ရပြီဖြစ်သည်။

ငတွန်က ဖျူလျော်နေသော ငကောင်း၏ အလောင်းကို အံကြိတ်လျက် စိုက်ကြည့်နေ၏။

သူ့အား မုဆိုးဖိုရွာသို့ စတင်ခေါ်ဆောင်လာခဲ့သည့် ရှင်မိငယ်နှင့် ငကောင်း တို့၏ ပုံရိပ်များ။

ငကောင်း၊ ငတွန် ဟူ၍ တက်ညီလက်ညီတိုက်ခဲ့သော စစ်ပွဲများ။

ဇနီးနှင့် သားသမီးများ၊ ညီများကို ချစ်တတ်လွန်းသည့် ငကောင်း။

ရှေဘိုတွင် မမာမကျန်းဖြစ်ကျန်ရစ်သော ရှင်မိငယ် သည် သူ၏ မိတ်ဆွေကြီး ငကောင်း၏ သတင်းကို ကြားပါက..မည်သို့ နေလိမ့်မည်နည်း။

“ဗိုလ်တွန်.မီးပူဇော်ဖို့.အချိန်ကျပါပြီ”

ပညာရှိအမတ် မင်းလက်ဝဲနော်ရထာငနေ က အနားသို့ ကပ်ကာ တိုးတိုးပြောလိုက်၏။

အလောင်းဘုရား၏ အမိန့်အရ သေနတ်ဝန်ငကောင်းအား ဘုရင့်ညီတော်တို့အား သင်္ဂြိုလ်သည့် အစဉ်အတိုင်း သင်္ဂြိုလ်ရမည်ဖြစ်သည်။ ထို့ကြောင့် မီးပူဇော်သည်ဟူသော အသုံးကိုသုံးရခြင်းပင်။

ထီးဖြူနှစ်လက်အုပ်မိုးထားသည့် အခေါင်းပေါ်တွင် ရွှေမှော်ကြဲထားသည့် ကတ္တီပါအနီစကို အုပ်လိုက်သည်။

ထို့နောက် ဖျင်စကို ပတ်ချာလည်ကာရံလိုက်ကြ၏။

အုတ်စီထားသော ယာယီလောင်တိုက်၏အပေါ်တွင် ငှက်ချေးခံဝါးပိုးတိုင် ၄ ခုနှင့် ခါသာမျက်နှာကျက်ပြုလုပ်ပြီးသည်နှင့် အလောင်းကို မီးတင်ရှို့လိုက်တော့သည်။

သန်လျက်စွန်းတွင် ယာယီတဲနန်းထားလျက် သန်လျင်တိုက်ပွဲကို ကြည့်ရှုနေသော အောင်ဇေယျသည် ဒဂုံဘက်ဆီမှ မီးခိုးငွေ့များတက်လာသည်ကို ငေးကြည့်နေ၏။

“ကျွန်တော် ဒီနေ့ပဲ..ကိုယ်တော့်ကို ပစ်သွားရတော့မယ်..တာဝန်မကျေပွန်ခဲ့လို့ ခွင့်လွှတ်ပါ..ဘုရား”

စိန်ပြောင်းကျည်ထိမှန်ကာ သန်လျက်စွန်းသို့ ကူးလာသော ငကောင်း က ထိုနှယ့် နောက်ဆုံး စကားကို ဆိုခဲ့သည်။

မူးမြစ်ကမ်းဘေးကျေးရွာကလေးမှ လူပျိုပေါက်အရွယ်တွင် အောင်ဇေယျထံ ရောက်လာသောငကောင်း။

အင်းဝမြို့ပေါ်တွင် ဆိုးဖော်ဆိုးဖက်၊ သွားဖော်လာဖက် ညီအရင်းကဲ့သို့ ငကောင်း။

အောင်ဇေယျက မျက်လုံးများကို အကြာကြီးမှိတ်ပစ်ထားလိုက်၏။

“သန်လျင်ရော..ဟံသာဝတီပါ...ဒီအတွက် ပေးဆပ်ကြရလိမ့်မယ်”

အောင်ဇေယျက ခပ်တိုးတိုးရေရွတ်လိုက်သည်။

.....

သေနတ်ဝန်ကျဆုံးပြီးသည့်နောက် သေနတ်ဝန်၏ နေရာတွင် ကျော်ထင် ရွှေတောင်ငပန်းညိုနှင့် လက်ျာဘီလူးငညိုသူ တို့ လူငယ်များကို ဦးစီးစေသည်။

ထိုတပ်များက သန်လျင်ကို ကိုးရက်တိုင်တိုင် မီးကုန်ယမ်းကုန်ဝန်းရံတိုက်ခိုက်ကြသည်။

သို့သော် သန်လျင်မြို့ရိုးပေါ်မှ အမြော်က်များဆက်တိုက်ပစ်ခတ်နေမှု၊ ကျုံး၏ နက်ရှိုင်းကျယ်ဝန်းမှု၊ ကျုံးကို ဖြတ်ကျော်နိုင်ပြီး မြို့ရိုးနားကပ်လာလျှင်လည်း ဗ ညားဒလအောင်စ ၏ အစီအမံဖြစ်သော ပွဲလျက်အုံးများတပြိုင်နက်လောင်းချ သည့်နည်းစနစ်ကြောင့် လည်းကောင်း မြို့အနီးသို့ အလွယ်တကူ ကပ်ရန် မလွယ် ကူဖြစ်နေကြသည်။

အလောင်းဘုရားသည် ဒဂုံသို့ ပြန်ပြီး စစ်ကိုင်းမြို့မှ ခေါ်ဆောင်လာသည့် ပုဏ္ဏားမဟာဒေဝဗြဟ္မ အမည်ခံ ငစိုင်ဖြူ၊ နန္ဒရာဇအမည်ခံ ငစိုင်ညို တို့နှင့် နက္ခတ်တာရာများ၊ နေ့ရက်အခါကောင်းများတွက်ချက်သည်။

စာပေပညာရှင်များဖြစ်သော မင်းလက်ဝဲနော်ရထာငနေ၊ လက်ဝဲသုန္ဒရငမြတ်စံ၊ တွင်းသင်းတိုက်ဝန်ဦးထွန်းညို ၊ တပ်မှူးများဖြစ်သော မင်းလှမင်းခေါင်ငတွန်၊ သတိုးသခ်ိသူရွှေကြူ၊ အိမ်ရှေ့စံ မောင်လောက်၊ မြေဒူးမင်းသားမောင်ရွှ တို့နှင့် သန်လျင်မြို့သိမ်းယူရေးကို စည်းဝေး၏။

အစည်းအဝေးပြီးသည့် ညနေတွင်ပင် ဒဂုံမြို့တွင်းတွင် ပျော်ပွဲရွှင်ပွဲကြီးတစ်ခု ကျင်းပခဲ့သည်။

ထိုပျော်ပွဲရွှင်ပွဲတွင် ထူးထူးခြားခြား စစ်သည်ဝတ်စုံများဝတ်ဆင်ထားခြင်းမရှိပဲ စက်အနားပါဆေးရေးပုဆိုး၊ သက္ကလပ်အင်္ကျီ၊ ရွှေခါးစည်း၊ ရွှေခေါင်းပေါင်းတို့ ဝတ်ဆင်ထားသည့် လူငယ်များကို ဦးစားပေးဧည့်ခံကျွေးမွေးသည်။

ထိုသူတို့မှာ လက်ျာဘီလူးဧည်သူ ၊ မင်းရဲသခ်ိယာငဆွေနည်း တို့ လူငယ်တပ်မှူး များဦးဆောင်ပြီး တပ်အသီးသီးမှ ရွေးချယ်ထားသော လူငယ်လူသန်(၉၃)ဦး ဖြစ်၏။

ဒဂုံဘက်ကမ်းတွင် ပျော်ပွဲရွှင်ပွဲများကျင်းပနေစဉ် သန်လျင်အား ဝန်းရံထားသည့် ကျော်ထင်ရွှေတောင် ငပန်းညို ၏ တပ်ဆီသို့ ဗိုလ်ချုပ်ငတွန် က ဆင်ကြီးများကို ဖောင်ဖြင့် တစ်ကောင်ချင်း တင်ပို့နေ၏။

ထိုဆင်ကြီးများမှာ တိုက်ဆင်များမဟုတ်ပဲ ပေါင်းဝန်းတင်ဆင်များဖြစ်နေသည်။ ထူးထူးခြားခြား ထိုဆင်များ၏ နားများကို ဝါဂွမ်းစကြီးများ ဆို့ထား၏။

ပေါင်းဝန်းတင်ဆင်ဆိုသည်မှာ အထူးလေ့ကျင့်ထားသည့် နန်းတွင်းသုံးဆင်အမျိုး ဖြစ်ပြီး တိုက်ဆင်များကဲ့သို့ သွေးဆူတတ်သည့် ဆင်များမဟုတ်။

ဆင်ဦးစီးများ ကိုင်တွယ်ရာကို ညွှင်သာစွာလိုက်ပါတတ်သည့် ဆင်မျိုးဖြစ်သည်။ နန်းပြဿာဒ်ပုံသဏ္ဌာန်ပေါင်းမိုးများတင်ကာ မင်းမိဖုရားများ စီးသည့် ဆင်များ

ဖြဲစ်၏။

ငပန်းညို့ က တစ်ဖက်ကမ်းမှ ပျော်ပွဲရွှင်ပွဲများ မီးရောင်များကိုတလှည့်။ ဖောင်များပေါ်မှ ပေါင်းဝန်းတင်ဆင်များကိုတ လှည့်ကြည့်ကာ ရေဆိပ်သို့ ဆင်းလာသည်။

ငတွန် အား လက်အုပ်ချီလိုက်၏။

“ဗိုလ်မင်းဘုရား....ဟိုဘက်မှာလည်း မီးရှူးမီးပန်းတွေလွှတ်လို့၊ အခုလည်း စစ်ဆင်မဟုတ်တဲ့ ပေါင်းဝန်းတင်ဆင်ကြိုးများကို ဒီဘက်ပို့လွှတ်လိုက်ပြန်ပြီ...ကျွန်တော်မျိုး နားမလည်နိုင်တော့ပါ”

ငတွန်က ပြုံးလိုက်သည်။

“ပေါင်းမိုးတွေထဲ ဘာတွေရှိလဲ..သေချာကြည့်ရင်..မင်းသဘောပေါက်လိမ့်မယ်..ပန်းညို့”

ငပန်းညို့ က ဆင်ပေါ်တွင် တင်လာသည့် ပေါင်းမိုးများအတွင်းသို့ သေချာကြည့်လိုက်သည်။

ပေါင်းမိုးအတွင်း တင်းတိမ်စများဖြင့် ကာရံထားသည့်ကြားမှ စိန်ပြောင်းငယ်များကို မြင်လိုက်ရ၏။

ထိုအချိန်တွင် အနောက်တွင်ပါလာသော တိုက်လှေပေါ်မှ လက်ရွေးစင်စိန်ပြောင်းတပ်သားများ ဆင်းလာကြသည်။

ငပန်းညို့က တအံ့တသြဖြင့်။

“ဆင်ပေါ်ကို စိန်ပြောင်းတွေ တင်ပစ်ကြမှာလား”

“မဟာသေနာပတိကို အဲ့ဒီမြို့ ရိုးပေါ်က အကောင်တွေက စိန်ပြောင်းနဲ့ ချောင်းပစ်သွားတာမဟုတ်လား..ပန်းညို့”

ငတွန်က စကားကို ခပ်လေးလေးပြောလိုက်သည်။

“သူတို့က စစ်ပွဲထဲမှာ အသားကျပါ့မလား...စိန်ပြောင်းသံ၊ ဗုံးသံကြားရင် လန့်ကုန်ကြမှာပေါ့”

“ဒီကောင်တွေကို စစ်ပွဲနဲ့အသားကျအောင် လေ့ကျင့်ပေးထားပြီးသား..ပန်းညို့”

သေနတ်ဝန်မကျဆုံးမီကပင်...ဒဂုံမြို့အနောက်ဘက် သရက်တောအတွင်း ပေါင်းဝန်းတင်ဆင်များထဲမှ ကျောကုန်းကျယ်ပြန့်သည့် ရန်ခေါင်နင်း၊ ရွှေပေါ်ပင်၊ ဥပေါ်ပြောင်မွန် ၊ ငစပ်ကြီး ဆင်တို့ကို မွန်ကရင်ဆင်ထိန်းများ က သေနတ်ပြောင်းသံများ ပေးကာ နားယဉ်အောင် လေ့ကျင့်ပြီး တိုက်ပွဲတွင် ပုံစံတစ်မျိုးဖြင့် သုံးရန် လေ့ကျင့်ပေးခဲ့ကြခြင်းဖြစ်သည်။

.....

၁၇၅၆ ဇူလိုင် ၂၅။ နေ့လည် ၃ ချက်တီး။

ဗညားဒလအောင်စ နှင့် လက်ျာဗိုလ်တို့သည် မြို့ရိုးပေါ်မှတဆင့် ဝက်သားတံခါးရှေ့တည့်တည့်တွင် တပ်ပြင်နေကြသော ရွှေဘုံတပ်များကို အကဲခတ်နေကြသည်။

“ဆင်တွေက တိုက်ဆင်တွေလည်းမဟုတ်ပါလား...မင်းသား..ဒင်းတို့ ဘာတွေကြဲကြပြန်ပြီလဲမသိဘူး”

လက်ျာဗိုလ်က က မှန်ပြောင်းကို ဗညားဒလအောင်စထံ ကမ်းပေးပြီး ပြောလိုက်သည်။

“သူတို့ရဲ့ မဟာသေနာပတိကျပြီဆိုတော့..တပ်ဆုတ်ဖို့..ဝန်တင်ဆင်တွေနဲ့ လာခေါ်တာထင်ပါရဲ့”

လက်ျာဗိုလ်က မျက်မှောင်ကုံ့ကာ စဉ်းစားနေ၏။

“အောင်ဇေယျဟာ ဒီလောက်လွယ်လွယ်နဲ့တော့ ဆုတ်မှာမဟုတ်ဘူး...သူ့မှာ ငတွန်တစ်ယောက်လုံး ရှိနေသေးတယ်..ပြီးတော့ အင်းဝက ငသာတို့ လည်း ရောက်ချင်ရောက်နေလိမ့်မယ်”

“ကျုပ်တို့ဆီကိုလည်း မကြာခင် ပြင်သစ်စစ်ကူသင်္ဘောတွေ ရောက်လာလိမ့်မယ်..အဲ့ဒီအခါကျမှ ဒဂုံအထိ တက်တိုက်ပြီး...ဟံသာဝတီကို အောင်ပွဲနဲ့ ပြန်ကြမယ်..လက်ျာဗိုလ်”

အလောင်းဘုရား၏ လက်ရုံးဖြစ်သော သေနတ်ဝန်အား ကျဆုံးစေနိုင်ခဲ့သည့်အတွက် ဗညားဒလအောင်စ မှာ စိတ်ဓာတ်များ တက်ကြွနေ၏။

“ပေါင်းမိုးဝန်းဆင်တွေကို စစ်မြေပြင်ကို ခေါ်လာတာဟာ..တခုခုတော့ ထူးခြားနေတယ်...သူတို့ ဘယ်လို ပရိယာယ်အသစ်တွေနဲ့ တိုက်ကြမှာပါလိမ့်”

“ဒီဆင်တွေနဲ့ မြို့ရိုးကိုတိုးမယ်ဆိုလည်း..ဟောဒီမှာ ကျူပ်လုပ်ထားတဲ့ ချိတ်၊ပွဲလျက်အိုးတွေ တပြိုင်နက်သွန်လွှတ်တာနဲ့တင် အဲ့ဒီဆင်တွေ ကိုယ့်တပ်ကိုယ်ပြန်နင်းကြလိမ့်မယ်..မပူနဲ့..လက်ျာဗိုလ်”

ထိုအချိန်တွင် ကောင်းကင်မှ မိုးသားများက မည်းမှောင်ကာ လိပ်တက်လာ၏။

“ကဲ..မိုးရွာတော့မယ်ထင်ရဲ့...ပြန်ဆင်းကြစို့”

မြင်းမှူးမင်းသားနှင့် လက်ျာဗိုလ်တို့ ပြန်ဆင်းသွားပြီမို့ သူရဲခိုး၊ ပြအိုးများပေါ်တွင် အသင့်နေနေကြသော စစ်သည်များမှာလည်း သက်သာသလို ပြန်နေလိုက်ကြ၏။

ထိုအချိန်တွင် သန့်လျင်မြို့ရင်းပတ်လည်သို့ အနက်ရောက် လူတစ်စု သည် တိတ်တဆိတ် ချဉ်းကပ်လာနေကြသည်။

သူတို့မှာ နဂါးကြွေးထပ် ကြဲသေးသံချပ်ဟုခေါ်သော သံချပ်အင်္ကျီပုံစံများကို ဆင်တူဝတ်ထားကြ၏။ ထိုအင်္ကျီများမှာ မင်းညီမင်းသားများ စစ်ထွက်လျှင်သာ ဝတ်ဆင်ခွင့်ရှိသည့် သံချပ်များဖြစ်သည်။
တိုက်ပွဲဝင်မည်ဖြစ်သဖြင့်..သံချပ်များကို ပါလယ်ကွေး၊ လက်စည်းများဖြုတ်ထား၏။

ထိုသံချပ်များကို မင်းသားများဖြစ်သော မောင်လောက်နှင့်မောင်ရွက်ကိုယ်တိုင် ဦးစီးပြီး သူတို့အား ဝတ်ဆင်ပေးလိုက်ကြခြင်းဖြစ်သဖြင့် သူတို့၏ စိတ်ဓာတ်များမှာ အထူးပင် တက်ကြွနေကြ၏။

ကျောတွင်လည်း အပူခံ ပွဲလျက်ဒဏ်ခံ သရိုးကိုင် ကာခမောက်ခေါ် ခမောက်ကျယ်ကြီးများကို လွယ်ထားကြသည်။

ကြိုးကိုယ်စီ၊ လုံတိုကိုယ်စီ၊ ဓါးရှည်ကိုယ်စီဖြင့် အနီးကပ်တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေကြသည့် လက်ရွေးစင်စစ်သည် (၉၃)ယောက်တို့သည် သန့်လျင်မြို့အနောက်မြောက်ထောင့် ကမ်းစောင့်ရုံတွင် ဝပ်ကာ ညအမှောင်ကို စောင့်နေကြသည်။

နေဝင်သည့်နှင့် မိုးကလည်း ခပ်ဖွဲဖွဲရွာကျလာ၏။

တချက်ချက်လက်လိုက်သည့် လျှပ်စီးအလင်းရောင်တွင် သံလျင်မြို့အနောက်မြောက်ထောင့်မြို့ရိုးအောက်သို့ တဖြည်းဖြည်းချင်း တိုးကပ်သွားကြသည်။

လက်ျာဘီလူးငည်ုသူက အစုတစ်ကို ဦးဆောင်ပြီး အလောင်းဘုရား၏ ညီဝမ်းကွဲမင်းရဲသခ်ယာငဆွေနည်းက အစုနှစ်ကို ဦးဆောင်သည်။

ဝက်သာတံခါးဘက်မှ အသံတစ်ခုကို သူတို့ စောင့်နေကြ၏။

ထိုအချိန်တွင် ဝက်သာတံခါးတည့်တည့်မလှမ်းမကမ်းသို့ ပေါင်းမိုးဝန်းတင်ဆင်ကြီးလေးကောင်သည် ဖြည်းညှင်းစွာ လျှောက်လာသည်။

ထို့နောက် ဆင်ကြီးလေးကောင်ပေါ်မှ စိန်ပြောင်းတပ်သားများ က စိန်ပြောင်းများကို တရစပ်ပစ်လွှတ်ကြ၏။

တစ်နေ့ရာတည်းမှမဟုတ်ပဲ..ကျုံးတစ်လျှောက် ပတ်ချာလည် လှည့်ပတ်ကာ ဆင်ကြီးများပေါ်မှ စိန်ပြောင်းများဖြင့် ပစ်ကြသဖြင့် သန်လျင်မြို့ရိုး ဝက်သာတံခါးဘက်ခြမ်းတွင် တပ်များစွာ စုပြီး ခုခံကြရတော့သည်။

ဝက်သာတံခါးဘက်မှ စိန်ပြောင်းသံများကြားသည်နှင့် အသင့်စောင့်ဆိုင်းနေကြသော လက်ရွေးစင် (၉၃)ဦးသည်

မြို့ရိုးပေါ်သို့ သံချိတ်ကြိုးများ ကိုယ်စီပစ်တင်လိုက်သည်။

ကျောတွင်လွယ်လာသော သစ်စေးကိုင် ကာခမောက်ကြီးများကို ဆောင်းလိုက်ကြ၏။

ထို့နောက် လက်ျာဘီလူးငည်ုသူက ရှေ့ဆုံးမှ ကြိုးကို ဆွဲကာ တက်ချသွားသည်။

“ဒီဘက် တပ်စည်းကို တက်လာပြီဟေ့...ပွဲလျက်တွေ ပြင်ကြ..ပြင်ကြ”

တစ်ပြိုင်နက် ပွဲလျက်ငါးအိုးပစ်ချနိုင်သည့် ယန္တယားစနစ်ကို သုံးကာ ပွဲလျက်၊ ချိတ်ပူရည်များ လောင်းချကြသည်။

လူအင်အားသိပ်မသုံးရပဲ သက်သာသည့်နည်းဖြစ်သဖြင့် ပွဲလျက်အိုးများနေရာတွင် လူအနည်းငယ်သာချထားပြီး ဝက်သာတံခါးဆီသွားရောက်ခုခံနေကြ၏။

သို့သော် အပူခံကာခမောက်များနှင့် နဂါးကြေးထပ် သံချပ်များဝတ်ထားသည့် လက်ရွေးစင်စစ်သည်တို့သည် မြို့ရိုးပေါ်သို့ အစီးအတားမရှိရောက်လာကြ

သည်။

မြို့ရိုးပေါ်မှ အစောင့်စစ်သည်များကို ပွဲလျက်အိုးကိုင်စစ်သည်များကို ဝင်ရောက်ထိုးခုတ်ကြ၏။

သန်လျင်မြို့စည်း ပေါက်သွားပြီဖြစ်သည်။

လက္ခ်ျာဘီလူးငညိုသူ၏ အစု တစ်က အဆောက်အဦများ၊အမြောက်များကို မီးတိုက်ဖျက်စီးနေစဉ် ငဆွေနည်း၏ အစုနှစ်က အပြင်တပ်များ စောင့်နေကြသည့် ဝက်သာတံခါးကို အသေခံဝင်ရောက်ကာ ယန္တယားများရှိရာသို့ သွားပြီး ကျုံးနင်းကြမ်းခလုပ်များကို ဖွင့်ပစ်ကြသည်။

ကျုံးနှင်းကြမ်းများကျလာသည်နှင့် မြို့ပြင်တွင် ဝန်းရံနေသော ငတွန်နှင့် ငပန်းညို၏ တပ်များက မြို့တွင်းသို့ တရမ်းကြမ်းဝင်ရောက်တိုက်ခိုက်ကြတော့၏။

မြို့ထိပ်တွင် ရွှေဘိုတပ်များနှင့် ဟံသာဝတီတပ်များ အနီးကပ်တိုက်ပွဲဖြစ်ပွားကြသည်။

အချို့တပ်များက မြို့တွင်းသို့ဝင်ကာ နေအိမ်များ၊ တဲကန္နားများကို မီးရှို့ကြ၏။

သန်လျင်မြို့ကြီး ကား မီးဟုန်းဟုန်းတောက်ခဲ့ပြီ။

မီးတောက်မီးလျှံများ၊ အမြောက်ကျည်ပေါက်ကွဲမှုများဖြင့် သန်လျင်၏ ကောင်းကင်ကား ရဲရဲနီလျက်။

စစ်သွေးမာန်များကြွလျက်ရှိသော အလောင်းဘုရားတပ်သားများမှာ သန်လျင်မြို့တွင်းသို့ မြင်မြင်သမျှ လိုက်လံ ထိုးခုတ် သတ်ဖြတ်နေကြ၏။

“မဆိုင်သူတွေကို မလုပ်ကြနဲ့....မဆိုင်သူတွေ ရှောင်ကြစေ..မလုပ်ကြနဲ့..ဟံသာဝတီစစ်သည်တွေကိုသာ အဓိက ပိတ်ဆို့ကြဟေ့”

မီးလျှံတညီးညီးဆွဲလောင်နေသည့် မြို့ရိုးထက်ပေါ်တွင် လှံရှည်တစ်ဖက်၊ ဒိုင်းတစ်ဖက်ကို ကိုင်ထားသော ငတွန်က အော်ဟစ်အမိန့်ပေးနေသည်။

သို့သော်ငြား လောလောလတ်လတ်သေနတ်ဝန်သေဆုံးထားမှုကြောင့် ဒေါသထွက်နေကြသော စစ်သည်များကို ငတွန်၏ အမိန့်က မတိုးတော့။

ထိုအချိန်တွင် မြို့ရိုးတစ်နေရာအမှောင်ရိပ်မှ မြင်းဖြူတစ်စင်း လွှားခနဲ ထွက်သွားသည်ကို ငတွန် မြင်လိုက်ရ၏။

မင်းညီမင်းသားစလွယ် လွယ်ထားသည်ကို ရုတ်တရက်သတိထားမိလိုက်သဖြင့် ဗညားဒလအောင်စ မှန်း သိလိုက်သည်။

ထို့ကြောင့် မြို့ရိုးလှေကားအတိုင်း ဆင်းလိုက်သည်။

“ဟော့....မင်း ဆင်းစမ်း”

ကသည်းလူမျိုးမြင်းအမှူထမ်းတစ်ဦးစီးလာသည့် မြင်းကို ငတွန်က ယူကာ တက်ခွလိုက်၏။

ထို့နောက် ဗညားဒလအောင်စ၏ နောက်သို့ အပြင်းလိုက်သည်။

ဗညားဒလအောင်စ ကား ရှမ်းတံခါးဆီသို့ ဦးတည်နေ၏။

ငတွန်က အနောက်မှ မျက်ခြေမပြတ်တန်းလိုက်သည်။

တနေရာအရောက်တွင် ဟံသာဝတီစစ်သည်များသည် ကုန်းမြင့်ပေါ်သို့ ပြေးတက်ရာ အနောက်မှ ရွှေဘိုစစ်သည်များက လိုက်သွားသည်ကို ငတွန်မြင်လိုက်ရ၏။

ကုန်းမြင့်ပေါ်သို့ လှမ်းကြည့်သောအခါ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၏ အမိုးခွန်ခွန်ဖြင့် ခေါင်းလောင်းစင်ကို မြင်လိုက်ရသည်။

တစ်စုံတစ်ခုကို သတိရသွားပြီး ငတွန် က မြင်းဇက်ကြိုးကို စောင့်ဆွဲပြီး ထိုကုန်းမြင့်ရှိရာသို့ ဦးလှည့်လိုက်တော့၏။

မွေ့နွန်းကုန်းပေါ် ရှိ ဘာနာဘိုက်ဘုရားရှိခိုးကျောင်း၏ ယာယီဆေးရုံအတွင်း ဒဏ်ရာရသူများ၊ စစ်ရှောင်ပြေးလာသူများဖြင့် ပြည့်ကြပ်နေ၏။

ဆေးရုံအတွင်းသာမက ဘုရားကျောင်းဝန်းအတွင်းတွင်ပင် မြို့သူမြို့သားများ ရောက်ရှိနေကြသည်။

လွိဇာနှင့် ဖာသာနာရေနီက ဦးဆောင်ကာ စစ်ဘေးရှောင်သန့်မာသူများက ဒဏ်ရာရလာသူများကို ဘုရားကျောင်းဝန်းအတွင်းသို့ သယ်သွင်းကြသည်။ လူနာများအား ရသလောက်လိုက်ကုပေးနေသည့် ဘရာသာအန်ဂျလိုအား အာဒါရှာလက်ချီမီးနှင့် ပြည့်တန်ဆာမလေးများမှ ဝိုင်းဝန်းကူညီပေးနေကြသည်။

ထိုအချိန်တွင် လက်နက်ကိုယ်စီဖြင့် ဘုရားကျောင်းဝန်းတံခါထိပ်သို့ ရောက်လာသော ဟံသာဝတီစစ်သည်တစ်စုကို လွိဇာ မြင်လိုက်ရသည်။

“ရှင်တို့ ဝင်လို့မရဘူး..ဒါသာသနာနယ်မြေ...အရပ်သားဒဏ်ရာရသူတွေကိုပဲ စောင့်ရှောက်ပေးတာ”

လွီဇာက ပစ္စတိုသေနတ်ကို ထုတ်ကာ ခြံဝန်းတံခါးရှေ့တွင် ရပ်လိုက်၏။

“ဒီမှာ ကျုပ်တို့ ဗိုလ်မင်း ဒဏ်ရာ ရလာလို့.....သူ့ကို လာပို့တာ”

ဟံသာဝတီစစ်သားတစ်ဦး၏ ကျောတွင် ပိုးလာသူကို လွီဇာ၏ ရှေ့တွင် ချပေးလိုက်သည်။

လက်ျာဗိုလ် ၏ မျက်နှာက သွေးဆုတ်ဖြူလျော်လျက်။

“လုလင်ကြီး”

ဖာသာနာရေနီက လူနာများကို သယ်ရန် ညွှန်ကြားနေရာမှ လက်ျာဗိုလ်ဘေးတွင် ဒူးထောက်ထိုင်လိုက်သည်။

“ဗိုလ်မင်း ခါးကို အမြောက်ယမ်းစမှန်ထားတယ်”

ဖာသာနာရေနီက လက်ျာဗိုလ်၏ ခါးတွင် စီးထားသော ပုဝါကို ဖြည်ချလိုက်ရာ သွေးများ ပွက်ခနဲ ထွက်ကြလာ၏။

“လုလင်ကြီး..အားတင်းထား”

ဖာသာနာရေနီ က လက်ျာဗိုလ် အား သူ့ကျောပေါ်သို့ မရမက တင်ကာ ဘုရားကျောင်းအတွင်း ဝင်သွားသည်။

ထိုအချိန်တွင် အနောက်မှ လိုက်လာသောရွှေဘိုတပ်များက ညာသံပေးကာ တက်လာကြ၏။

ဟံသာဝတီတပ်များမှာ ဒူးထောက်ထိုင်ကာ သေနတ်များဖြင့် ချိန်ထားလိုက်ကြသည်။

ရွှေဘိုတပ်မှ သေနတ်ကိုင်တပ်သားများကလည်း သေနတ်များကို ယမ်းထိုးကာ ချိန်ရွယ်လိုက်ကြ၏။

“ဟေ့..လက်နက်ချကြကွ...မင်းတို့ခံတိုက်လည်းမထူးဘူး....သန်လျင်က ငါတို့လက် ကျသွားပြီ”

ဟံသာဝတီစစ်သည်တို့မှာ သေနတ်ကို မချပဲ...ပစ်ခတ်ရန်ပြင်လိုက်ကြသည်။

“နေကြဦး”

အားကုန်အော်လိုက်သည့်အသံနှင့်အတူ လွီဇာက ဟံသာဝတီစစ်သည်တို့၏ သေနတ်ပြောင်းများ ရှေ့တွင် ကာရပ်လိုက်၏။

မထင်မှတ်ပဲ ပေါ်လာသည့် အမျိုးသမီးကြောင့် ရွှေဘိုတပ်များမှာ အံ့သြသင့်သွားကြသည်။

“ဒါက ဘုရားသခင်ရဲ့ ဖိမာန်တော်ပါ..သာသနာနယ်မြေပါ...အထဲမှာ ရှင်တို့ရဲ့ စစ်ပွဲနဲ့ မဆိုင်တဲ့ ခိုကိုးရာမဲ့နေတဲ့ ပြည်သူတွေရှိနေပါတယ်...အပြစ်မဲ့တဲ့သူတို့ကို မထိခိုက်စေဖို့ ကျွန်မ တောင်းပန်ပါတယ်”

ထိုအချိန်တွင် ရွှေဘိုစစ်သည်တစ်ဦးက မီးခတ်ဖြင့် မီးညှိကာ သေနတ်၏ နားခွက်တွင် တေ့ရန် ပြင်လိုက်၏။

“ရှဲ”

“ဟေ့..ငမိုက်သားအကောင်..မင်းမီးကို သတ်လိုက်စမ်း”

အမှောင်ထဲမှ သြဇာပြည့်ဝသော အသံတစ်ခု ပေါ်လာသည်။

ထိုအသံကို မှတ်မိနေသည့် သွေးသောက်ကြီးက စစ်သည်၏ မီးခတ်ကို ယူကာ နင်းချေပစ်လိုက်၏။

အမှောင်ထဲမှ မြင်းတစ်စီး တည်ငြိမ်စွာဖြင့် ထွက်လာ၏။

ဘုရားကျောင်းအတွင်းမှ မီးရောင်လဲ့လဲ့က သူအပေါ် ဖြာကျလျက်။

ဆံပင်ဖားလျား၊ ပါလယ်ကွေးအနက်ရောင်၊ မိန်ညိုအင်္ကျီအနက်ရောင်တို့ဖြင့် ထိုသူ။

“လွီဇာ”

ထိုအသံသည် အစောပိုင်းက အသံနှင့်မတူပဲ..တိုးတိတ်ညှင်သာသော်လည်း လွီဇာမှာ တုံတက်သွား၏။

လွီဇာက သူ့ရှိရာသို့ တလှမ်းချင်းလာနေသော မြဲငြိမ်းပေါ်မှ ငတွန်ကို ကျောက်ရုပ်တရုပ်ကဲ့သို့ ငြိမ်သက်သော မျက်လုံးအစုံဖြင့် ကြည့်နေမိသည်။

“မင်းတို့..လက်နက်ချကြရင်..ငါ ပြေးခွင့်ပေးမယ်”

ငတွန်က လွီဇာ၏ နောက်ကျောဘက်မှ ဟံသာဝတီတပ်သားများကို ဦးတည်ပြောလိုက်၏။

“ဟေ့..ပြောနေတယ်လေကွာ..ငါ အလောင်းဘုရားရဲ့ဗိုလ်ချုပ် မုဆိုးခြံဗိုလ်တွန်ပဲကွ...ငါပြောနေတယ်လေ”

ဟံသာဝတီစစ်သားများမှာ သေနတ်များကို ပစ်ချလိုက်ကြသည်။ ထို့နောက် အနောက်ဘက် အမှောင်ထုထဲသို့ ပျောက်ကွယ်သွား၏။

ငတွန်က ရွှေဘိုစစ်သည်အစုဘက်သို့ ပြန်လှည့်လိုက်သည်။

“သေနတ်တွေသိမ်းကြ....ပြီးရင်...ရှမ်းတံခါးဘက်ကို လိုက်..ဗညားဒလမင်းသားအဲ့ဒီဘက်ကို မြင်းနဲ့ ထွက်ပြေးသွားတယ်..အရဖမ်းကြချေ”

“မှန်ပါ..ဘုရား”

သွေးသောက်ကြီးနှင့်တပ်စုက မွေ့နွန်းကုန်းအောက်သို့ ပြန်လည်ပြေးဆင်းသွားကြ၏။

ငတွန်က မြင်းပေါ်မှ ဆင်းလိုက်သည်။

လွီဇာ ဆီသို့ တလှမ်းချင်းလျှောက်လာ၏။

ထို့နောက် သူ၏ အနောက်ဘက်မှ ဆံပင်များကို စုစည်းလိုက်ပြီး ဖြစ်သလို ဘေးတစ်စောင်သျှောင်ဖွဲ့ထုံးလိုက်သည်။

လွီဇာ ကား ကြက်သေသေလျက်ပင်။

“လွီဇာ”

ငတွန် ၏ အသံက အဝေးမှလာသည့် ပဲ့တင်သံကဲ့သို့ အက်ရှရှ။

“မောင်ကြီးငတွန်”

လွီဇာက ငတွန်ရှိရာသို့ အပြေးကလေးလုမ်းလာပြီးမှ ရပ်တန့်သွား၏။

ငတွန်းကလည်း ကိုယ်ရှိန်ကို သက်လိုက်ပြီး လွိဇာ၏ မျက်ဝန်းများကို စိုက်ကြည့်လိုက်သည်။

“အံ့သြစရာကောင်းလိုက်တာ..နှစ်တွေဒီလောက်ကြာသွားတာတောင်...ခင်ဗျားက အင်းဝ နမော်စျေး ဗျစ်ဆိုင်က အရက်သမလေး လို့...ဘာမှ မပြောင်းလဲသွားသေးဘူး..အခုချိန်ထိ.တခြားသူတွေအတွက် ခင်ဗျားက အသက်နဲ့ရင်းပြီး ရဲရင့်ပေးနေတုန်းပဲ..လွိဇာ”

“ရှင်ရော...ကျွန်မအတွက်တော့...ဟိုးအရင် ကိုးသိန်းသခင်အိမ်က သွေးသောက်လေးလို့ပါပဲ”

ငတွန်က ခေါင်းကို ခပ်ဖြည်းဖြည်းခါယမ်းလိုက်သည်။

“ကျုပ်..အိမ်ထောင်ကျသွားပြီ..လွိဇာ...သမီးလေးတစ်ယောက်ပါ ရှိနေပြီ”

လွိဇာက ပြုံးလိုက်သည်။

“ဘာပဲဖြစ်ဖြစ် ရှင့်ရင်ခွင်ထဲမှာ ခဏလေးတော့ ဝင်နေလို့ရမယ်..မဟုတ်လား..ကျွန်မ ပင်ပန်းလှပြီ..မောင်ကြီး..ခဏလေးဖြစ်ဖြစ်ပါ”

လွိဇာက ခပ်သွက်သွက်လျှောက်လာပြီး ငတွန်၏ ရင်ခွင်ထဲ ဝင်ကာ ခါးကို သိမ်းဖက်လိုက်သည်။

ငတွန်က တစ်ဖက်က လှံရှည်ကို ကိုင်လျက် ငူငူကြီး ရပ်နေ၏။

လွိဇာ၏ ဆံနွယ်များဆီမှ ပြင်သစ်ပြည်လုပ် စံပယ်ပန်းအဆီနှင့် ခွေးနံ့၊သွေးစေးနံ့များကို ငတွန်က ရှုရှိုက်လိုက်သည်။

ထို့နောက် လွိဇာ၏ ကျောကုန်းအား သူ၏ လက်ဖြင့် ထွေးပွေ့ဖက်ထားလိုက်၏။

“ကျုပ်...ခင်ဗျားကို ဒဏ်ကို ခေါ်သွားမယ်..လွိဇာ..ခင်ဗျား အပြစ်တွေကို လွှတ်ပေးဖို့ အလောင်းဘုရားကို တောင်းပန်မယ်..ပြီးတော့ မင်းလိုချင်တဲ့ဘဝမျိုးရောက်အောင် သူ့ကို ကိုယ်လျှောက်တင်ပေးမယ်”

လွိဇာက ငတွန်၏ ရင်ဘတ်ကို ခပ်ဖြည်းဖြည်းတွန်းလိုက်သည်။

“ကျွန်မအတွက်နဲ့ ရှင် ဘယ်သူ့ကိုမှ မတောင်းပန်ရဘူး..ကျွန်မ ဒီဘုရားကျောင်းက တစ်ဖဝါးမှ မခွာဘူး...စစ်ဘေးဒဏ်ခံနေရတဲ့ သန်လျင်မြို့သူမြို့သားတွေ

အတွက် ကျွန်မ ဒီမှာ ရှိနေရဦးမယ်..မောင်ကြီး”

ငတွန်က လွီဇာကို သူ့ရင်ခွင်ထဲမှ ဆွဲထုတ်လိုက်၏။

ထို့နောက် သူ၏ မိန်ညိုချစ်ဝန်အောက်ဘက်မှ အရာဝတ္ထုတစ်ခုကို နှိုက်ထုတ်လိုက်သည်။

လွီဇာ၏ လက်တစ်ဖက်ကို သူ၏ လက်ဖြင့် ဆွဲယူကာ ထိုအရာကို ထည့်ပေးလိုက်၏။

“ဒါ ကုန်းဘောင်ဘုရင် အလောင်းဘုရားရဲ့ ချိုတ်တံဆိပ်နဲ့ စစ်ဗိုလ်ချုပ် မင်းလှမင်း ခေါင်ဗိုလ်တွန်တို့ရဲ့ချိုတ်တံဆိပ်ခပ်နှိပ်ထားပါတဲ့...နဖူးစည်းပဲ...အရေးအကြောင်းဆိုရင်..ရွှေဘိုက ဘယ်တပ်မဆို ခင်ဗျား ကို ဘေးအန္တရာယ်ပြုတော့မယ်ဆို ဒီချိုတ်တံဆိပ်နဖူးစည်းကို သာ ပြလိုက်ပါ..လွီဇာ”

ငတွန်က လွီဇာ၏ လက်ကို တချက်ဆုပ်ကိုင်လိုက်သည်။

ထို့နောက် မြင်းပေါ်သို့ ခုန်တက်ကာ အမြောက်သံ၊ သေနတ်သံများ ဆူညံနေသော သံလျင်မြို့တွင်းရှိရာသို့ ဆင်းသွားတော့သည်။

ဘုရားရှိခိုးကျောင်း၏ ခြံစည်းရိုးအတွင်းတွင်တော့ အဖြစ်အပျက်အခြေအနေများကို ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေကြသော စစ်ဘေးရှောင်တို့၏ မျက်ဝန်းများစွာ။

အခန်း (၄၂)

၁၇၅၆ ဇူလိုင် ၂၈ ရက်။

လာဂါလာတေ(La Garlartay) သဘော်သည် မြစ်ဝတွင် ရပ်တန့်နေ၏။

မီလပ် က အဝေးတွင်မြင်နေရသည့် မီးခိုတလူလူ သန်လျင်မြို့ကို တလှည့်၊ လက်ထဲမှ စာရွက်ကိုတလှည့် ကြည့်ကာ စဉ်းစားနေသည်။

“သို့

ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီ သဘော်အုပ်စု၏ ကပ္ပတိန်

စစ်ပွဲစတင်သည့်အချိန်တွင်ပင် မွန်ဘုရင်သည် ကျွန်ုပ်တို့အား အကျဉ်းချထားခဲ့ပါသည်။

ယခု သန်လျင်ကို အလောင်းဘုရားတပ်မှူးက သိမ်းပြီး ကျွန်ုပ်တို့နှင့် အလောင်းဘုရားလူများ ဆွေးနွေးညှိနှိုင်းမှု အောင်မြင်ပါပြီ။

ယခုလွတ်လိုက်သော ရေကြောင်းပြသဘော်နှင့်အတူ သန်လျင်ဆိပ်ကမ်းသို့ ဆိုက်ကပ်ရန် အကြောင်းကြားပါသည်။

ဆီရာဒီဘရူနို

ပဲခူးဆိုင်ရာ ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီအထူးကိုယ်စားလှယ်”

မီလပ်က စာကို နောက်ဆုံးအကြိမ် ပြန်ဖတ်လိုက်၏။

မီးခိုးများ တလူလူဖြစ်နေသော သန်လျင်မြို့ထဲတွင် ရှိနေမည့် လွီဇာကို လည်း သူ စိတ်ပူနေသည်။

ဘရူနို၏ လက်မှတ်နှင့် စည်းတံဆိပ်နှိပ်ထားသော စာအရ ဆိုလျှင် သန်လျင်သို့ ချက်ချင်းဝင်ရန် အမိန့်ပေးရတော့မည်။

သို့သော် မီလပ်၏ စိတ်တို့လေးလံနေ၏။

အနောက်ဘက်မှ ကပ်လျက်ပါလာသော လာဖလူရီသင်္ဘော သည်လည်း မြဲစံ့ဝ သို့ ဝင်ရောက်လာပြီဖြစ်သည်။

လာဂါလာတေနှင့် လာဖလူရီသင်္ဘောတို့မှာ စစ်တောင်းမြစ်အတွင်း လမ်းကြောင်းပြောင်း ဝင်ရောက်သွားခြင်းကြောင့် သန်လျင်သို့ နှစ်ရက်ခန့် နောက်ကျပြီးမှ ရောက်လာကြခြင်းဖြစ်၏။

ထိုသင်္ဘောအုပ်စုထဲမှ လာဒီလီဂျော့သင်္ဘောမှာမူ နီကိုးဘားကျွန်းအနီး လေဆန်တွင် နောက်ကျ ကျန်ရစ်နေခဲ့သည်။

လာဂါလာတေနှင့် ဖလူရီသင်္ဘောနှစ်စီးလုံးသည် ရေကြောင်းပြသင်္ဘောငယ်နှင့် အတူ သန်လျင်ဆိပ်ကမ်းသို့ တဖြည်းဖြည်းချင်းဝင်ရောက်လာကြ၏။

သန်လျင်ဆိပ်ကမ်းသို့ရောက်သည်နှင့် ပြင်သစ်အမြောက်တင်သင်္ဘောသုံးစီး၊ အခြားသင်္ဘောသုံးစီးတို့ကာ ထိုသင်္ဘောနှစ်စီးကို အမြောက်များဖြင့် ချိန်ရွယ်ကာ ညှပ်ထားလိုက်ကြသည်။

မီလပ်က ကမ်းပေါ်သို့ အကဲခတ်လိုက်သည်။

ရွှေထီးဆောင်းထားသော လူငယ်မင်းသားတစ်ပါး နှင့် လက်နက်အပြည့်အစုံနှင့် ချိန်ရွယ်ထားသည့်တပ်များ။

လူငယ်မင်းသား၏ နဘေးတွင် ဘရူနို၏ လက်ထောက် လာဗီးကိုလည်းတွေ့ လိုက်ရ၏။

“မွန်စီယာမီလပ်...သင်္ဘောသားအားလုံးရဲ့အသက်အန္တရာယ်ကို ငဲ့ကွက်သော အားဖြင့် လက်နက်အားလုံးကို သင်္ဘောပေါ် ပဲ ထားခဲ့ပြီး တယောက်မကျန် သင်္ဘောပေါ်မှဆင်းခဲ့ကြပါ”

လာဗီးက ပြင်သစ်ဘာသာဖြင့် အော်ပြောလိုက်သည်။

“ဒါက ဘယ်လိုဖြစ်တာလဲ..မွန်စီယာလာဗီး...ကျုပ်ဆီကို စာပို့တဲ့ မွန်စီယာဘရူနို ရော..ဘယ်မှာလဲ”

“မီလပ်..လောလောဆယ်.ကျုပ်ပြောသလိုလက်နက်ချပြီး...ကျန်တာတွေ နောက်မှဆက်ပြောကြတာပေါ့”

မီလပ်က အခြေအနေကို သဘောပေါက်လိုက်၏။

သင်္ဘောနှစ်စီးပေါ်တွင် ပါလာသည့် ပြင်သစ်စစ်သားများ၊ သင်္ဘောသားများကို လက်နက်များထားခဲ့ပြီး အောက်သို့ ဆင်းရန် အမိန့်ပေးလိုက်သည်။

ပြင်သစ်စစ်သည်များ၊ သင်္ဘောသားများ သန်လျင်ဆိပ်ကမ်းတွင် ဒူးထောက်လျက် တန်းစီထိုင်လိုက်ကြသည်။

သင်္ဘောနှစ်စင်းပေါ်တွင် ပါလာသော သင်္ဘောတင်အမြောက် (၃၅)လက်မှ အပကျန်လက်နက်များကို သူတို့နှင့် မလှမ်းကမ်းမြေပြင်သို့ ရွှေဘိုစစ်သားများက ယူဆောင်ခင်းကျင်းနေကြ၏။

သေနတ်အရှည် (၁၃၀၀) လက်၊ ယမ်းစည် (၃၅)စည်၊ ဗုံးသွတ်ကျည်စေ့ (၃၀၀၀)၊ အမြောက်ကြီးကျည်စေ့ (၃၀၀၀)၊ အမြောက်ငယ်ကျည်စေ့ (၃၀၀၀)၊ အထည်အလိပ်အုပ်(၁၅၀၀)၊ မြင်းသေနတ်(၃၀၀)၊ လှုံစွတ်သေနတ် (၃၀၀)၊ ထောပတ်စည် (၁၂၀၀)၊ တရုတ်လုပ်စာရေးစက္ကူအချော (၂၀၀၀၀၀၀) ကို မင်းသားမောင်ရွှ နှင့် လာဗီ တို့က လိုက်လံစစ်ဆေးကြ၏။

မောင်ရွှ က ကနုတ်ပန်းများဖြင့် ပုံဖော်ထားပြီး ပုံစံတမျိုးထူခြားနေသည့် ပစ္စတို တစ်လက်ကို တွေ့သည့် အခါ ကောက်ကိုင်လိုက်သည်။

“ဒါက ဘယ်သူကိုင်တာလဲ”

လာဗီးက သေနတ်ကို ပြကာ မီလပ်အား ပြင်သစ်ဘာသာဖြင့် မေးလိုက်၏။

“ကျုပ် ကိုင်တာ..လာဗီး”

မောင်ရွှက ပစ္စတို့အကြောင်းအရာကို စိတ်ဝင်တစားမေး၏။ လာဗီးမှ တဆင့် မီလပ်က ပြန်ဖြေပေးသည်။

“ဒါ ကွင်းအင်နီ (Queen Anne pistols) လို့ခေါ်ပါတယ်..အင်္ဂလန်လုပ်ဖလင့်လုပ် အမျိုးအစားပစ္စတို့ပါ”

“ဘာလို့ ဘုရင်မနာမည်နဲ့ ထုတ်တာလဲ”

“အင်္ဂလန်ဘုရင်မအင်နီ ကို ဂုဏ်ပြုပြီး ထုတ်ထားတဲ့သေနတ်မို့ပါ”

“မိန်းမတွေကိုင်ရတာလား”

“အင်္ဂျီအောက်မှာ အလွယ်တကူ ဝှက်ယူသွားလို့ရတဲ့ အရွယ်အစားမို့..မိန်းမရော..ယောကျ်ားပါ ကိုင်ကြပါတယ်”

“ပစ်ခတ်ရင်ရော…အကွာအဝေးဘယ်လောက်ရောက်မလဲ”

“ဟိုးသဘော်ဦးက အလံတိုင်ထိပ်ဖျားကို ထိပါတယ်”

“အဝေးကြီးကို…ဟုတ်ပါ့မလား”

“ကျွန်တော်မျိုး ထိအောင် ပစ်ပြနိုင်ပါတယ်”

“ရှုစားတော်မူမယ်..ပစ်ကြည့်”

မင်းသားမောင်ရွက အမိန့်ပေးလိုက်သည်။

လာဗီး က ပစ္စတိုသေနတ်ကို မီလပ် ၏ လက်သို့ ထည့်ပေးလိုက်၏။

မင်းသားမောင်ရွှ၏ ကိုယ်ရံတပ်သားများက မီလပ်၏ လည်မြိုကို လှံတိုများဖြင့် ဝိုင်းထောက်ထားလိုက်သည်။

“သေနတ်ကို…အလံတိုင်ရှိရာကိုပဲ ချိန်ပါ..တခြားကို ချိန်မိတာနဲ့…လှံတိုတွေက..မင်းရဲ့ လည်မြိုထဲဝင်သွားလိမ့်မယ်”

မီလပ် က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါလိုက်သည်။

ထို့နောက် ပစ္စတိုကို ယူလိုက်၏။ ခဲသီးကျည်၊ယမ်းအနည်းငယ်နှင့် ကျည်ထိုးတံကို ယူပြီး ယမ်းထိုးသည်။

ပစ္စတိုကို သေသပ်စွာကိုင်တွယ်ပြီး ခလုပ်မောင်းကို ဆွဲလိုက်တော့၏။

“ဒိန်း..ချလွင့်”

ယမ်းပေါက်သံနှင့်အတူ သေနတ်၏ ဘေးဘက်မှ ကျည်အိမ်ပွင့်သံလေးက ချလွင်ခနဲ ကျန်ရစ်သည်။

အလံတိုင်ထိပ်မှာ စုတ်ဖွာထွက်သွား၏။

မောင်ရွ က မီလပ် လက်ထဲမှ သေနတ်ကို ယူပြီး သေချာကိုင်တွယ်ကြည့်သည်။

“မောင်မင်းက ပစ္စတို့ပစ်တဲ့နေရာမှာတော့….တကယ့်လူကျော်ပဲ…ကြည့်လို့လည်းကောင်းတယ်..ဒီလောက်ဝေးတဲ့ ပစ်မှတ်ကိုလည်း မှန်တယ်…မောင်မင်း

ကို ကိုယ့်တော်ရဲ့အနီးကပ်လုံခြုံရေးတပ်မှာ ဗိုလ်အဖြစ်မြောက်စားမယ်..ပြီးတော့ ကျုပ်ကိုလည်း ပစ္စတိုပစ်နည်း သင်ပေးရမယ်”

လာဗီးက ဘာသာပြန်ပြီးသည်နှင့် မီလပ်က ခေါင်းငြိမ့်လိုက်သည်။

“လာဗီး..မင်းသားကို လျှောက်တင်ပေးပါဦး...ကျုပ်တင်မဟုတ်ဘူး..ကျုပ်ရဲ့သဘော်တွေနဲ့ ပါလာသူတွေအားလုံးဟာ အလောင်းဘုရားဘုရင်ရဲ့အကျိုးစီးပွားကို ဘာမှဖျက်စီးတိုက်ခိုက်တာ မလုပ်ကြရသေးပါဘူး..အားလုံးကို အသက်ချမ်းသာပေးမယ်ဆို...သူတို့ဆီမှာ စစ်မှုထမ်းပေးဖို့ ကျုပ်တာဝန်ယူပါလို့ ပြောပေးပါ”

လာဗီး၏ လျှောက်တင်မှုအပြီး မောင်ရွက ကျေကျေနပ်နပ်ကြီးပြုံးလိုက်သည်။

ထိုအချိန်တွင် သဘော်ပေါ်မှ ပြင်သစ်ဘာသာဖြင့် ရေးထားသော စာရွက်စာတမ်းများကို စစ်သည်တစ်ဦးက လာဗီးအား လာရောက်ပေး၏။

လာဗီးက စာရွက်များကို ဖတ်ကြည့်လိုက်သည်။

“ဘာစာရွက်တွေလဲ..ကလံပွား”

“မှန်ပါ...ဟံသာဝတီဘုရင်ကနေ ပြင်သစ်ဘုရင်ခံဆီ စစ်ကူတောင်းထားတဲ့စာရွက်စာတမ်းတွေပါ”

“မောင်မင်း..အဲ့ဒီစာရွက်စာတမ်းတွေကို တလုံးမကျန်ဘာသာပြန်ပါ...ညညီလာခံမှာ ခမည်းတော်ဆီ ကိုယ်တော် ကိုယ်တိုင် တင်သွင်းမယ်”

.....

ပြင်သစ်စစ်ကူသဘော်ာ မြစ်ဝသို့ ဝင်လာချိန်တွင် သန်လျင်ရှိ ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီမှ ဘရူနိုနှင့် ဝန်ထမ်းများ၊ ကုန်သည်များမှာ အလောင်းဘုရားတပ်များ၏ ဖမ်းဆီးအကျဉ်းချထားခြင်းကို ခံနေရသည်။

မြစ်ဝသို့ သဘော်ာနှစ်စီးဝင်လာသော အခါ ဘရူနို အား အတင်းအကြပ်စာရေးခိုင်းခဲ့ခြင်းဖြစ်၏။

ဘရူနိုနှင့် ပြင်သစ်အရာရှိများမှာ သူတို့အား အကျယ်ချုပ် ချုပ်ထားသော ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီသစ်တပ်ဝန်းအတွင်း သူတို့၏ ကံကြမ္မာကို တိတ်ဆိတ်စွာ စောင့်စားနေကြသည်။

ပြင်သစ်အရာရှိများ၊ ဝန်ထမ်းများ၏ ဇနီးမယားများဖြစ်သော ပြင်သစ် အမျိုးသမီးများ၊ ဂျားဗားကျွန်းသူအမျိုးသမီး များကိုမူ နေ့လည်ခင်းကတည်းက အလောင်းဘုရား၏ တပ်များက ခေါ်ဆောင်သွားကြပြီဖြစ်၏။

မည်သည့်နေရာသို့ ခေါ်ဆောင်သွားသည်ကို မသိကြရ။

သစ်တပ်တံခါးအပြင်မှ အသံများကြားရပြီးနောက် တံခါးပွင့်သွား၏။

ခေါင်းဆောင်ဖြစ်သူ ဘရူနိုမှာ အမျိုးသမီးများကို ပြန်လာပို့သည်ဟု အထင်ဖြင့် မတ်တပ်ရပ်လိုက်သည်။

ရှေ့ဆုံးမှ တပ်မှူးဝတ်စုံဖြင့် ဝင်လာသူက လက်ျာဘီလူးငည်ိသူ။

“ဘော်ရနို့..ဒူးထောက်ခစားစမ်း”

ငည်ိသူက အသံမာမာဖြင့် ပြောလိုက်သဖြင့် ဘရူနိုနှင့် အရာရှိများက မြေပြင်တွင် ဒူးထုတ်လိုက်ကြ၏။

စစ်သားများက လုံ့ရှည်များကိုကိုင်ကာ ပြင်သစ်အရာရှိ (၁၂)ဦးကို လုံ့ရှည်များဖြင့် ထောက်ကာ လည်ပင်းနှင့် လက်တို့ကို သစ်သားပြားထိပ်တုံးကွင်းများတွင် စွတ်လျက်...တွဲ ချည်နှောင်လိုက်ကြသည်။

“ညတွင်းချင်း မင်းတရားကြီးဆီ အခစားဝင်ရမယ်...ရာဇဝတ်သားတွေ”

အလောင်းဘုရားသည် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီမှ ထားရစ်ခဲ့သော အုတ်တိုက်အဆောက်အဦတွင် ယာယီနန်းအဖြစ် ထိုင်နေ၏။

အဆောက်အဦရှေ့တွင် ဘရူနိုနှင့် တကွ ကုမ္ပဏီအရာရှိ (၁၂)ဦးကို ဒူးတုပ်လျက် ထိုင်ခိုင်းလိုက်သည်။

မကြာမီ အလောင်းဘုရားနှင့် သားတော်မောင်လောက်၊ မောင်ရွှ ၊ တပ်မှူးများက ချထားသော သလွန်များတွင် အသီးသီး နေရာယူထိုင်လိုက်ကြ၏။

“လူလိမ်လူကောက်ဘော်ရနို့...နင်သူ့ကို မှတ်မိသေးလား..သေချာကြည့်ပါဦး”

အလောင်းဘုရားက သူ၏ နှဘေးတွင် ခစားနေသော လာဗီးကို ပြလိုက်သည်။ လာဗီးက ဘရူနိုကို လှောင်ပြုံးဖြင့် ကြည့်လိုက်သောအခါ ဘရူနိုမှာ ခေါင်းငုံ့သွား၏။

“နင့် လက်အောက်ငယ်သားအသက်နဲ့ရင်းပြီးတောင်..ငါ့ကို နင်လိမ်ညာခဲ့တယ်..ဒါပေမယ့်...ငါက နင့်လက်အောက်ငယ်သားကို မသတ်ခဲ့ပါဘူး..သူ့အပြစ်မှမရှိပဲ...အခုတော့ သူက ငါ့ကျွန်ဖြစ်နေပြီ..ဘော်ရနိုင်ယ်..နင်သာ အစကတည်းက ငါတို့ဘက်က ရိုးရိုးသားသားရပ်တည်ခဲ့ရင်..အခုလို ဖြစ်လာစရာမရှိပေဘူး”

“ကျွန်တော်မျိုးဟာ ပြင်သစ်ဘုရင်ရဲ့ ကိုယ်စားလှယ်ပါ...ဟံသာဝတီဘုရင်နဲ့ချုပ်တဲ့ စာချုပ်ထဲမှာလည်း ဒီမြေပေါ်မှာ ဖြစ်တဲ့စစ်ပွဲတွေမှာ ပြင်သစ်အနေနဲ့ ဘယ်ဘက်ကမှ ဝင်မပါဘူးလို့..ချုပ်ဆိုထားပါတယ်..ကျွန်တော်မျိုးတို့ဟာ ကြားနေပါ”

“ကြားနေတဲ့လား..ကြားနေဆိုကတည်းက သာတဲ့ဘက်မှာနေမယ်ဆိုတာ..ငါကိုယ်တော် အတွေ့အကြုံတွေအရ သိပြီးသားပါ..မောင်မင်း...အခုထက်ထိလိမ်နေဦးမယ်ပေါ့..ရော့..ဒီမှာ”

အလောင်းဘုရားက သူ့လက်ထဲမှ စာရွက်များကို ဘရူနိုရှေ့သို့ ပစ်ပေါက်ချလိုက်သည်။

“မောင်မင်း နဲ့ ဟိုဗရင်ဂျီဘုန်းကြီး ပေါင်းပြီး..စစ်ကူတောင်းလို့... ဟံသာဝတီဘက်က ကူတိုက်ပေးဖို့ ပန်ဒီချယ်ရီက စစ်ကူလွှတ်လိုက်တဲ့သင်္ဘောတွေကိုလည်း ငါတို့ ဖမ်းမိထားပြီးပြီ..ဒီစာရွက်စာတမ်းတွေထဲ...မောင်မင်းနဲ့ ဗရင်ဂျီဘုန်းကြီးယုံတ် တောင်းဆိုမှုကြောင့် လွှတ်လိုက်ရတာ ငါတို့သိပြီးပြီ..ဘာငြင်းမလဲ”

ဘရူနိုက စကားပြန်မဖြေပဲ..ခေါင်းကိုသာ ငုံ့ထား၏။

“ဗိုလ်တွန်”

“ဘုရား”

“အဲ့ဒီ ဗရင်ဂျီဘုရားကျောင်းကို မောင်မင်းကိုယ်တိုင် ဦးဆောင်ပြီးသွား..ငါကိုယ်တော် ပေးထားတဲ့ ယိမ်းနွဲ့ပါးပတ်များကျောက်စီခါးနဲ့ ဒင်းခေါင်းကို ဖြတ်ပြီး အခုချက်ချင်း ယူလာခဲ့စေ....ခုခံသူမှန်သမျှ အကုန်သတ်ခဲ့”

အလောင်းဘုရား၏ ခြေရင်းတွင် ခစားနေသော ငတွန်မှာ ရုတ်တရက်တွေဝေသွား၏။

မင်းသားမောင်ရွ ကမူ ဖခင်ဖြစ်သူက မည်သည့်အချိန်တွင် ပေးလိုက်မှန်းမသိသည့် ဗိုလ်တွန်လက်ထဲမှ ယမ်းနွေပါးပတ္တမြားကျောက်စီခါးကိုသာ ကြည့်နေသည်။

“ဗိုလ်တွန်...ကိုယ်တော်မိန့်နေတယ်လေ..အခုချက်ချင်းသွား”

“မှန်ပါ”

ငတွန်က အလောင်းဘုရားအနီးမှ လေးကန်သောခြေလှမ်းများဖြင့် ထွက်ခွာသွားသည်။

.....
.....

“ရှင်..အခုချက်ချင်းလှည့်ပြန်ပါ”

ပစ္စတိုသေနတ် မောင်းခလုတ်ပေါ်တွင် တင်ထားသော လွိဇာ၏ လက်ညှိုးကလေးကို ငတွန်က စိုက်ကြည့်နေ၏။

လွိဇာက ငတွန်၏ နဖူးတည့်တည့်တွင် သေနတ်ကိုထောက်ထားသည်။

“ကျုပ်တောင်းပန်ပါတယ်..လွိဇာ....ခင်ကြီးနာရေနီ ကို ကွပ်မျက်ဖို့ ကျုပ်မှာအမိန့်ပါလာတယ်..အဲ့ဒီအမိန့်ကိုတော့ နာခံရလိမ့်မယ်”

“ဖာသာနာရေနီမှာ ဘာအပြစ်ရှိလို့လဲ”

“ဟံသာဝတီဘက်ကနေ အာမခံပြီး ပွန်ဒီချယ်ရီကို စစ်ကူလှမ်းတောင်းပေးတဲ့အပြစ်”

“အဲ့ဒါဆို..ကျွန်မလည်း..အဲ့ဒီထဲပါတယ်...ကျွန်မကို ရှင်အရင်သတ်..မောင်ကြီး” ငတွန်က ရှေ့သို့တိုးလိုက်သည်။

“ပစ်လိုက်..လွိဇာ..ကျုပ်ကို ပစ်”

ငတွန် ၏ အသံက ဆို့နင့်နေ၏။

နဘေးမှ စစ်သည်များမှာ သူတို့နှစ်ဦး၏ အခြေအနေကို ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေကြသည်။

သိပ်ချစ်ခဲ့ကြဲသည်ဆိုသော ချစ်သူနှစ်ဦးမှာ ယခုတော့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်သတ်ပစ်ကြရန် တောင်းဆိုနေကြပြီဖြစ်သည်။

လွိဇာက သေနတ်ကို အောက်သို့ စိုက်လိုက်၏။ ထို့နောက် တအိအိဖြင့် ဝိုင်းကြီးကာ ဒူးထောက်ပျော့ခွေကျသွားသည်။

ငတွန်က လွိဇာ၏ ခန္ဓာကိုယ်ကို စိုးရိမ်တကြီးပွေ့ယူလိုက်တော့၏။

.....

ခြင်းကို အုပ်ထားသည့် အဝတ်ကို အလောင်းဘုရားဘုရင်က လှန်ကြည့်လိုက်သည်။

“ဒါ..အဲ့ဒီဗရင်ဂျီဘုန်းကြီးရဲ့ခေါင်း လား..ဗိုလ်တွန်”

“မှန်ပါ”

“နေပါဦး...မောင်မင်းက.. အဲ့ဒီဗရင်ဂျီဘုန်းကြီးကို မြင်ရော မြင်ဖူးလို့လား”

ငတွန်က ပြန်မဖြေ။

အလောင်းဘုရားက လာဗီးကို လှမ်းခေါ်လိုက်၏။

“လာဗီး...ဒါ ဟိုဗရင်ဂျီဘုန်းကြီး ခေါင်းလား”

လာဗီးက တောင်းအတွင်းမှ ခေါင်းပြတ်ကြီးကို မဝံ့မရဲဖြင့် ကြည့်လိုက်သည်။

ဆံပင်နီညိုရောင်များကို လက်ဖြင့် မသိမသာကိုင်ပြီး ခေါင်းကို လှန်ကြည့်လိုက်၏။

“ဒါ ဖာသာနာရေနီမဟုတ်ပါဘူး...ဘုရား...ဒါ.သန်လျင်နဲ့ ဂျက်ဆီလွန်(ဖူးခက်)ကို ကုန်ကူးနေတဲ့ အီတလီကုန်သည် မစ္စတာဖရန်စစ္စကို ပဲ”

အလောင်းဘုရား၏ အကြည့်က ငတွန်ဆီသို့ ရောက်သွားသည်။

“နင်ကိုယ်တိုင် သူ့ခေါင်းကို ဖြတ်ခဲ့တာလား..ငတွန်”

“မှန်ပါ...သူက ခုခံသဖြင့် စစ်သည်များက သတ်ဖြတ်ပြီးမှ ခေါင်းဖြတ်ယူလာတာပါ...သူတို့အပြောအရတော့ ဒါ ဖာသာနာရေနီလို့ သိရပါတယ်”

“လွဲတော့လွဲနေပြီ..အေး..ရှိစေတော့...မောင်ရွှ...လာဗီကို ခေါ်သွားပြီး..အဲ့ဒီဘုရားကျောင်းအမြွန်သွား..ရှိသမျှ ဗရင်ဂျီဘုန်းကြီးအကုန်သတ်ပြီး ခေါင်းဖြတ်ခဲ့...ကိုယ့်အလုပ်ကိုယ်မလုပ်ပဲ..သူများမြေပေါက စစ်ရေးမှာ ဝင်ပါချင်တဲ့လူမိုက်တွေ..သေတာနဲ့ပဲ ထိုက်တန်တယ်”

မောင်ရွှ နှင့် လာဗီး က ခပ်သုတ်သုတ်ထွက်ခွာသွားသည်။

အလောင်းဘုရား၏ ရှေ့တွင်တော့ ဘရူနို ဦးဆောင်သည့် ကုမ္ပဏီအရာရှိအုပ်စုအပြင်၊ စစ်ကူသင်္ဘောပေါ်မှ မီလပ်နှင့် အရာရှိများမှာ ဒူးတုပ်လျက် ကြိုးတုပ်ခံထားကြရ၏။

.....

“အကုန်ဖမ်း..ခုခံသူမှန်သမျှ အကုန်သတ်”

ခပ်ကြမ်းကြမ်းဝင်လာသော မင်းသားမောင်ရွှ ၏ တပ်များ။

ဘုရားရှိခိုးကျောင်းအနောက်ဘက် အံဝှက်ရှိသောအခန်းအတွင်းတွင် ဖာသာနာရေနှီ၊ ဘရာသာအင်ဂျလို၊ လွိဇာ နှင့် လက်ျာဗိုလ်တို့ ရှိနေကြ၏။

သူတို့သည် ငတွန်ပြန်သွားပြီးနောက် ထွက်ပြေးရန် ကြံစည်ကြသော်လည်း ဒဏ်ရာကြောင့် အဖျားတက်နေသည့် လက်ျာဗိုလ်ကိုပါ တပါတည်း သယ်ဆောင်ရန် လှည်းပြင်ဆင်နေသဖြင့် လက်မလေးတင် နောက်ကျသွားခြင်းဖြစ်သည်။

ပထမတကြိမ်တွင် လွိဇာက ငတွန်နှင့် ညှိနှိုင်းကာ သူ၏ အကြံအစည်အတိုင်း လွန်ခဲ့သည့်နေ့က ဒဏ်ရာဖြင့် ကွယ်လွန်သွားသည့် ကုန်သည်ဖရန်စစ္စကို၏ ဦးခေါင်းကိုဖြတ်ကာ ပေးလိုက်ခြင်းပင်။

ဖရစစ္စကိုသည် ဖာသာနာရေနီနှင့် ခပ်ဆင်ဆင်တူသော်လည်း ဖရစစ္စကို အားကောင်းကောင်းသိနေသည့် လာဗီးကြောင့် သူတို့ ၏ လိမ်ညာမှုမှာ မအောင်မြင်ခဲ့။

မင်းသားမောင်ရွှ ၏ တပ်များ ဘုရားကျောင်းအတွင်းဝင်လာသော်လည်း စစ်ဘေးရှောင်များ၊ လူမမာများကို သာတွေ့ကြရသည်။

မောင်ရွှက မြင်းဖြူကြီးကို စီးလျက် ဘုရားရှိခိုးကျောင်းအတွင်းသို့ ကြည့်လိုက်၏။

စစ်သည်များမှာ ဘုရားရှိခိုးကျောင်းအတွင်း ဝင်ရောက်ရှာဖွေကြဲသော်လည်း အံဝှက်လုပ်ထားသည့် ထိုအခန်းကို ရှာမတွေ့ကြ။

မောင်ရွက ဘုရားကျောင်းအနောက်ဘက်တွင် ပစ္စည်းများတင်ကာ အသင့်ပြင်ထားသော လှည်းတစ်စီးကို သတိထားမိသွား၏။

“ဒင်းတို့ ထွက်ပြေးမလို့ စီစဉ်နေတာပဲ.....ဒီဘုရားရှိခိုးကျောင်းထဲက တနေရာမှာပဲ ရှိမယ်...ကဲ...အားလုံးကို ဒီမြေကွက်လပ်မှာ စုထိုင်ခိုင်းစမ်း”

မင်းသားမောင်ရွ ၏ အမိန့်အတိုင်း စစ်ဘေးရှောင်များ၊ လူနာများကို ဘုရားကျောင်းရှေ့တွင် စုထိုင်ခိုင်းလိုက်ကြ၏။

“ဒီထဲက တနေရာရာမှာ ခင်ဗျားရှိနေမယ်ဆိုတာ ကျုပ်သိတယ်..ဗရင်ဂျီဘုန်းကြီး..တကယ်လို့ ခင်ဗျား မထွက်လာရင်..ဟော့ဒီမဆိုင်သူတွေအားလုံးကို ဒီဘုရားရှိခိုးကျောင်းထဲ ပိတ်ပြီး မီးတင်ရှို့ပစ်မယ်”

အပြင်ဘက်မှ အော်ဟစ်သံကို အံဝှက်အခန်းထဲမှ သူတို့အားလုံး ကြားနေရ၏။

“တစ်ကနေ တစ်ဆယ်အထိမှ မထွက်လာရင်..ကျုပ်..အဆိုးမဆိုနဲ့”

လွိဇာက သူ့လက်ထဲမှ ပစ္စတိုကို ကျည်ထိုးရန် ကျည်ထိုးတုတ်တံကို ထုတ်လိုက်သည်။

ဖာသာနာရေနီက လွိဇာ ၏ လက်ထဲမှ ပစ္စတိုသေနတ်ကို သူ့လက်ဖြင့် ဖိထားလိုက်၏။

“လွိဇာ...ဒီတခေါက်လာတာက ခင်ဗျားရဲ့ ငတွန်မဟုတ်ဘူး...သူကတော့ ခင်ဗျားကို တကယ်သတ်လိမ့်မယ်”

“ကျွန်မ ဖြေရှင်းနိုင်ပါတယ်..ဖာသာ”

“မဟုတ်ဘူး..လွိဇာ..ခုနက မင်းတာဝန်ကျေခဲ့ပြီးပြီ..ဒီတစ်ခါတော့...ဘုရားသခင်က ကျုပ်ကို သူတို့လက်ထဲ အပ်စေချင်ပြီထင်ပါရဲ့..ဘုရားစီမံတာကို ရှောင်လွှဲလို့ မရပါဘူး..ကျုပ်သွားမယ်”

“ဖာသာ...မသွားရဘူး”

“လွိဇာ..ကျုပ်တစ်ယောက်ကြောင့် အကုန်လုံးဒုက္ခရောက်ကြရလိမ့်မယ်...ကျုပ်ကို သွားခွင့်ပြုပါ”

ဖာသာနာရေနီက ဘုရားဆုတောင်းပြီးနောက်...အံဝှက်တံခါးကို ဖွင့်ကာ ဘုရားကျောင်းရှေ့သို့ ထွက်ခွာသွား၏။

မောင်ရိပ်ကြနေသော ဘုရားကျောင်းအတွင်းမှ တဖြည်းဖြည်းထွက်လာသည့် ဗရင်ဂျီဘုန်းကြီးဝတ်စုံ၊ ဦးခေါင်းစွတ်ခွာနှင့်ကို ခြုံထားသော ထိုသူကို အပြင်ဘက်မှ မောင်ရွှ က သေချာကြည့်နေသည်။

အလင်းရောင်ထဲအရောက်တွင် ဖာသာနာရေနီက သူ၏ ဦးခေါင်းစွတ်ကို လှန်လိုက်၏။

“သူလား...ကလံပွား”

မင်းသားမောင်ရွှ က ဘေးနားမှ လာဗီးကိုမေးလိုက်၏။ လာဗီး၏ အသံက တိုးလျလျ။

“ခြင်းနဲ့...ဓါးပေးစမ်း”

မောင်ရွှက လက်တစ်ဖက်မှ ဦးခေါင်းထည့်ရန် ခြင်း ၊ တစ်ဖက်မှ ဒှက်ကြီးတောင်ဓါးရှည်ကို ကိုင်လိုက်၏။

ဖာသာနာရေနီရှိရာသို့ ဦးတည်ကာ လျှောက်သွားလိုက်သည်။

“ဒိန်း”

ထိုအချိန်တွင် ပစ္စတိုသေနတ်သံတချက်ထွက်လာသောကြောင့် မောင်ရွှက ကိုယ်ဝပ်ချလိုက်သည်။

ကျည်ဆံက လွဲကာ နဘေးမှ သစ်ပင်အား သွားမှန်၏။

“ရာနိတ်...ပြေးတော့”

ဖျားနာဖြူလျော့နေသော လက်ျာဗိုလ်က ပစ္စတိုသေနတ်ကို ပစ်ချပြီးနောက် မောင်ရွှရှိရာသို့ အရှိန်ဖြင့် ပြေးဝင်လာသည်။

သို့သော် မောင်ရွှ၏ ကိုယ်ရံတော် လုံကိုင်စစ်သည်က လုံရှည်ဖြင့် လှမ်းပစ်လိုက်သဖြင့် လက်ျာဗိုလ်၏ ရင်ဝသို့ ထုတ်ချင်းပေါက် စိုက်ဝင်သွား၏။

ဖာသာနာရေနီက အနောက်ဖက်သို့ လှည့်ကြည့်လိုက်သည်။

“လုလင်ကြီး”

လက်ျာဗိုလ်၏ ဒူးခေါင်းများ ညွတ်ကွေးကျသွား၏။ လှံသွားမှာ မြေပြင်တွင် ထောက်နေသဖြင့် လဲကျမသွားပဲ မြေပြင်တွင် ဒူးထောက်လျက်ပင်။

ဖာသာနာရေနီထွက်သွားပြီးနောက် ဒဏ်ရာအရှိန်ဖြင့် ဖျားနာနေသော လက်ျာဗိုလ်သည် လွိဇာထံမှ သေနတ်ကို လုယူကာ ပြေးထွက်သွားခြင်းဖြစ်သည်။

ဖာသာနာရေနီက လက်ျာဗိုလ်ရှိရာသို့ အပြေးလှည့်သွား၏။

မောင်ရွှ ကိုမူ သူ၏ ကိုယ်ရံတပ်များက လှံရှည်များ၊ သေနတ်များဖြင့် နေရာယူကာရံလိုက်ကြသည်။

“ငါက အရေးမကြီးဘူး…သူ့ကို သတ်..သတ်”

မောင်ရွှက သူ၏ ကိုယ်ရံတော်တစ်ဦးထံမှ လှံရှည်ကို ယူကာ လှမ်းပစ်လိုက်တော့၏။

“ဒုတ်”

ဖာသာနာရေနီ၏ ကျောပြင်သို့ လှံရှည်မှာ စိုက်ဝင်သွားတော့သည်။

အရှိန်ပြင်းလှသော လှံပစ်ချက်ကြောင့် ဖာသာနာရေနီမှာ လှံတန်းလန်းဖြင့် မြေပေါ်သို့ တစောင်းလဲကျသွားသည်။

ဖာသာနာရေနီ၏ မျက်လုံးများက သူ့ရှေ့တွင် လှံတန်တန်းလန်းဖြင့် ဒူးထောက်လျက်အသက်ငင်နေသည့် လက်ျာဗိုလ်ကို ငေးကြည့်နေ၏။

“တီ..အာ..မို..တန့်..တို..လုလင်ကြီး”

ဖာသာနာရေနီ၏ ပါးစပ်မှာလည်း အီတလီစကားမပီမသဖြင့် အဆက်မပြတ် ရေရွတ်နေသည်။

သို့သော် အသက်ထွက်သွားပြီဖြစ်သည့် လက်ျာဗိုလ်က ထိုစကားကို ကြားနိုင်တော့မည်မဟုတ်။

အကယ်၍ ကြားနိုင်ခဲ့လျှင်လည်း..အီတလီဘာသာဖြင့် “အရမ်းချစ်တယ် (ti amo tanto)” ဆိုသည့် အဓိပ္ပါယ်ကို သူနားလည်နိုင်လိမ့်မည်မဟုတ်။

“တီ..အာ..မိုု..တန့်..တိုု”

ဖာသာနာရေနီက လက်ျာဗိုုလ်အတွက် တသက်လုံးစာမြိုသိပ်ခဲ့ရသည့် စကားကို သွေးများပွက်ပွက်ထွက်နေသည့်ကြားမှာ ရေရွတ်နေ၏။

“တီ..အာ..မိုု”

စစ်သည်တစ်ဦး၏ ခါးက ဖာသာနာရေနီ၏ လည်ပင်းကို တိခနဲ ပြတ်ထွက်သွားစေတော့သည်။

အခန်း (၄၃)

လာဗီး က မျက်လုံးကို မှိတ်ကာ ကျောခိုင်းထွက်သွား၏။

“လာဗီး..ကျေးဇူးပြုပြီး..ကျုပ်တို့ကို မသတ်ဖို့ ပြောပေးပါ..ပြောပေးပါဗျာ..ကျုပ်တို့ဟာ လုပ်ဖော်ကိုင်ဖက်တွေပါ.. ပြင်သစ်လူမျိုးအချင်းချင်းတွေပါ..လာဗီး”

သံလျှောင်အိမ်ထဲတွင် ကြိုးတုတ်ခံထားရသော ဘရူနို က အသံများပြာသည် အထိ အော်ဟစ်နေသည်။

သံလျှောင်အိမ်အတွင်း ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီမှ အခြားအရာရှိ (၁၁)ဦး၏ မျက်လုံးများမှာလည်း ကြောက်လန့်မှုများဖြင့် ကြောင်စီစီဖြစ်နေကြ၏။

သစ်သားစများ၊ မီးသွေးများ၊ ထင်းခြောင်းများ စုပြုံဝန်းရံထားသည့် သံလျှောင်အိမ်၏ မလှမ်းမကမ်းမြေပြင်တွင် မီလပ် နှင့်အတူ သဘော်နှစ်စီးမှ ပြင်သစ်တပ်သားများကို ကြိုးများတုတ်လျက် ထိုင်ကြည့်ခိုင်းထားသည်။

အသားမဲညစ်ညစ်၊ အင်္ကျီအပေါ် ပိုင်းဗလာကျင်းနှင့် ခေါင်းပေါင်းပေါင်းထားသည့် လူတစ်ဦးက မီးတုတ်တစ်ခုကို ထင်းပုံထဲသို့ ပစ်ထည့်လိုက်တော့၏။

“ရတနာသိဃ် ကုန်းဘောင်နှိုင်ငံတော်ကြီးရဲ့ အရှင်သခင် အလောင်းဘုရား ကို သစ္စာမဲ့သူတွေဟာ ဘယ်လိုအဆုံးသတ်သွားလဲဆိုတာ အဲ့ဒီမှာ ကြည့်ထားကြ”

နန်းမတော်အတွင်းဝန် ဂရီဂိုရီ က ပြင်သစ်ဘာသာဖြင့် ရှေ့မှ သုံ့ပန်းတစ်စုအား အော်ပြောလိုက်သည်။

လျှောင်အိမ်အတွင်း မှ ဘရူနိုအပါအဝင် ပြင်သစ်အရာရှိများမှာ မီးအပူဒဏ်ကြောင့် နာကြင်စွာ အော်ဟစ်နေကြသည်။

မီးများက ချည်နှောင်ထားသည့် ကြိုးများကို ကူးစက်သွားသည့်အခါ ကြိုးများပြေသွား၏ ပူလောင်လွန်းသောကြောင့် သံလျှောင်အိမ်အတွင်း ပြေးလွှားနေကြ၏။

ကယ်ပါယူပါ တစာစာအော်သံများ ဆူညံပွက်နေသည်။

အကြားအာရုံမရှိသည့် မီးတောက်မီးလျှံများကတော့ ထိုအသံများကို မျက်ကွယ်ပြုကာ တဟုန်းဟုန်း လောင်နေဆဲ။

တဖြည်းဖြည်းနှင့် အသံများပျောက်ကွယ်သွားပြီး အသားစည်ပော်နံ့များ က လှိုဏ်ထလာ၏။

ပြင်သစ်သုံ့ပန်းအများစုမှာ မြင်ကွင်းကို မကြည့်ရဲတော့ပဲ..ခေါင်းကို ငုံ့ထားလိုက်ကြသည်။ အချို့က မျက်စိမှိတ်ကာ ဘုရားဆုတောင်းနေကြ၏။

ရှေ့ဆုံးတွင် ထိုင်နေသော မီလပ် က မူ မီးတောက်ထဲသို့ ရီဝေသော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

မီးတောက်ကား တဖြည်းဖြည်းငြိမ်းသွားခဲ့ပြီ။

အကြွင်းအကျန် လူခန္ဓာကိုယ်များအား မီးလောင်ရာမှ ထွက်လာသည့် ခွဲပစ်ပစ် အဆီများက ပြာပုံမှတဆင့် မြေပြင်ပေါ်သို့ စီးကျနေ၏။

“ဝေါ့”

ပြင်သစ်စစ်သားတစ်ဦးက မခံစားနိုင်တော့ပဲ...ရှေ့သို့ အန်ချလိုက်သည်။

မီးလောင်တိုက်သွင်းသည့်နေရာတွင် တာဝန်ကျနေသည့် ဂရီဂိုရီနှင့် အခြားသော အမှုထမ်းများမှာ ရုတ်တရက် ထိတ်ထိတ်ပြာပြာဖြင့် မြေကြီးတွင် ဒူးတုပ်လိုက်ကြ၏။

မင်းသားမောင်ရွ က မြင်းပေါ်မှ ဆင်းလိုက်သည်။ ထို့နောက် မီးစမီးနများမသေသေးသော လှောင်အိမ်ကို တချက်ကြည့်လိုက်၏။

“ပေတလူမိလပ်”

မောင်ရွ က မီလပ်၏ ရှေ့တွင် မတ်တပ်ရပ်လိုက်သည်။

မီလပ်က မော့ကြည့်လိုက်၏။

“မောင်မင်းတို့အားလုံးကို ဒီလိုမျိုး စီရင်ပစ်ဖို့ အခွင့်အရေးမျိုး ငါ့မှာ အပြည့်ရှိတယ်..ဒါပေမယ့်..ငါကိုယ်တော်က မင်းတို့ကို သနားတယ်..ဒီအတွက် နောင်တသက်လုံး ငါ့အမှုတော်ကို မောင်မင်းတို့တတွေ သက်စွန့်ဆဲဖျားထမ်းဖို့ ငါအလိုရှိတယ်....ဒီရှေ့က အသုဘတွေကို ကြည့်ပြီး..မောင်မင်းတို့ကို ရှင်သန်ခွင့်ပေးခဲ့တဲ့ ငါ့ကျေးဇူးတော်ကို ဆပ်ဖို့ သင့်မသင့် ဒီတည စဉ်းစားကြပေါ့”

ဂရီဂိုရီ က မောင်ရွ ၏ စကားကို ဘာသာပြန်ပေးလိုက်သည်။

မိလပ်က ခေါင်းကိုသာ ငုံ့ထား၏။

“နောက်နေ့ကစပြီး...ငါကိုယ်တော်ကို ပစ္စတိုသေနတ် စနစ်တကျပစ်ခတ်နည်း ပြသပေးဖို့ အဆင်သင့်ပြင်ထားပါ”

မောင်ရွက မိလပ်ကို တချက်ငုံ့ကြည့်ကာ ထွက်ခွာသွားသည်။

ခဏအကြာတွင် နောက်ထပ် လူနှစ်ဦးကို ပြာကျနေပြီဖြစ်သော သံလှောင်အိမ်ရှေ့ ကွက်လပ်သို့ ခေါ်လာပြန်၏။

စစ်သည်များက သူတို့အား မိလပ်တို့ လူစုနဘေးတွင် ထိုင်ခိုင်းလိုက်သည်။

“ဟို..ကောင်မ..မြေပေါ်ထိုင်ချစမ်း”

စစ်သည်တစ်ဦးက သေနတ်အရှည်ဖြင့် ကျောကုန်းကို ထုလိုက်သဖြင့် အမျိုးသမီးတစ်ဦးမှာ မိလပ်၏ အရှေ့သို့ ပုံလျက်သား လဲကျသွား၏။

“လွိဇာ”

မိလပ်၏ ပါးစပ်မှ ရုတ်တရက် အသံထွက်သွားသည်။

လွိဇာက မိလပ်ကို လှည့်ကြည့်လိုက်၏။

သူတို့နှစ်ဦးလုံး၏ ခန္ဓာကိုယ်တွင် နှောင်ကြိုးများ ကိုယ်စီဖြင့်။

လွိဇာ၏ နဘေးတွင် ဘရာသာအင်ဂျလိုက ဒဏ်ရာဒဏ်ချက်များဖြင့် ညည်းညူနေသည်။

“တွေ့ပြီလား..သစ္စာမဲ့သူတို့ရဲ့သွားရာလမ်းကို...ဟိုမှာမြင်ကြလား..ကြည့်ကြ..အေး...နင်တို့ကိုလည်း ကိုယ်တော်လေးဘုရားက စစ်ကြောပြီးတာနဲ့ ဒီလိုစီရင်မှာပဲ...သေဖို့သာ ပြင်ဆင်ထားကြ”

သူတို့အားထားရစ်ပြီး သွေးသောက်ကြီးနှင့် စစ်သည်များထွက်သွား၏။

တချိန်က ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီဝန်း ဟုဆိုကာ လုံခြုံစွာတည်ဆောက်ထားသော ထိုခံတပ်ထဲတွင်ပင် ဘရူနို့ နှင့် ကုမ္ပဏီအရာရှိများမှာ အရှင်လတ်လတ်မီးသင်္ဂြိုလ်ခံခဲ့ရပြီဖြစ်သည်။

နေဝင်စ ပျံပြီ။

ကုမ္ပဏီသစ်တပ်ဝန်းရှေ့တွင် အထပ်ထပ်ချထားသော သေနတ်ကိုင်စစ်သည်များမှအပ ပတ်ဝန်းကျင်သည် ရှင်းလင်းနေ၏။

အတွင်းတွင်တော့ မီးလောင်ပြီး ပြာတပိုင်းဖြစ်နေသည့် ဘရူနိုတို့၏ ရှေ့ကွက်လပ်တွင် သဘော်နှစ်စင်းမှ ပြင်သစ်သုံပန်းများ၊ လွိဇာနှင့် ဘရာသာအန်ဂျလိုတို့မှာ အချုပ်အနှောင်များဖြင့်။

“သူတို့ပရိယာယ်ကို ရှင်ဘာလို့..အလွယ်တကူယုံလိုက်ရတာလဲ....သန်လျင်မြို့ကြီး မီးဟုန်းဟုန်းတောက်နေတာကို ပင်လယ်ဝကနေ မြင်ရင် အခြေအနေကို သိသင့်တယ်”

လွိဇာက မီလပ် ကို ကြည့်ကာ ပြောလိုက်၏။

မီလပ်က ပြုံးလိုက်သည်။

“ကိုယ်သိတာပေါ့..လွီဇာ...ကာနာတစ်စစ်ပွဲကို တိုက်ခဲ့တဲ့ စစ်ဗိုလ်တစ်ယောက်ပဲ...ကိုယ်သိခဲ့တာပေါ့.. တကယ်လို့သာ..ကိုယ်ဟာ ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီ စစ်တပ်ရဲ့ စစ်ဗိုလ်တစ်ယောက် အနေနဲ့ဆို ချက်ချင်းလှည့်ပြန်သွားမှာပါ...ဒါပေမယ့်..အခုကိုယ့်ကို အကူအညီတောင်းခဲ့သူက မင်းလေ...လွီဇာ. ဒီလို ရက်စက်တဲ့ စစ်ပွဲတွေကြား မှာ မင်းရဲ့လက်တကမ်းကို ရောက်ခဲ့ပြီးမှ ကိုယ်ပြန်လှည့်သွားနိုင်ရက်မလား..ပြီးတော့..လွီဇာဒီမဲလိုးဆိုတဲ့အမျိုးသမီးရဲ့ဘဝမှာ ခခယယ အကူအညီတောင်းခံ ရတဲ့ ယောကျ်ားဟာ ကိုယ်ပထမဆုံးဖြစ်မယ်ထင်တယ်...ဒါ့ကြောင့်ပါ”

“ကောင်းပါတယ်...အခုတော့....ကျွန်မတို့ နှစ်ယောက်လုံး သေကြရတော့မယ်”

သူတို့နှစ်ဦးကြား အတန်ကြာ တိတ်ဆိတ်သွား၏။

ရုတ်တရက်မိုးက သဲသဲမဲမဲရွာချလိုက်သည်။ မီးကျွမ်းအလောင်းများစိုစွတ်သွားရာမှ ပေါ်လာသည့် အနံ့များ ရုတ်တရက်လွှမ်းမိုးသွား၏။

“ကိုယ်မသေပါဘူး..ကိုယ်မသေသ၍ မင်းလည်း မသေပါဘူး..လွီဇာ...စိတ်ချပါ”

မိုးသံများကြားမှ မီလပ်၏ အသံကို လွီဇာက ကြားရတချက်.မကြားရတချက်။

.....
.....

“ဒီနိုင်ငံကို ထူထောင်ခဲ့တာ...ကျုပ်ရဲ့ခန္ဓာကိုယ်ဆို...ကျုပ်ရဲ့ဘယ်လက်နဲ့ ညာလက် ဟာ ခင်ဗျားနဲ့ မောင်ကောင်းပဲမဟုတ်လား..ဗိုလ်တွန်”

သန်လျင်ရှိ အလောင်းဘုရားယာယီနန်းလုပ်ထားသော အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ အဆောက်အဦ၏ ဝရံတာ တွင် အလောင်းဘုရားအောင်ဇေယျ နှင့် ငတွန် နှစ်ဦးတည်းသာရှိနေသည်။

အလောင်းဘုရားက ဆေးတံကို ဖွာရင်း...ပင်လယ်ဘက်သို့ ငေးကာ ပြောလိုက်ခြင်းဖြစ်၏။

“အချစ်တွေ..သံယောဇဉ်တွေ...အဲ့ဒါကို ကျုပ်နားလည်ပါတယ်...ဒါပေမယ့်...အခုကျုပ်တို့က စစ်တိုက်နေကြတာ...နိုင်ငံတခုထူထောင်နေကြတာ..အသက်တွေ အများကြီးနဲ့ ရင်းနေကြရတာ...ကိုယ့်က သူ့ကို မသတ်ရင်လည်း..သူက ကိုယ့်ကို သတ်မှာပဲ....ဓါးလက်နက်ကိုင်ထားတဲ့ လက်အောက်ငယ်သားတွေအများကြီးကို ခေါင်းဆောင်နေရတာ...ဒါတွေ ခင်ဗျား နားလည်ပြီးသားပါ ဗိုလ်တွန်”

ငတွန်က မည်သည့်စကားမျှ မပြောပဲ..အမှောင်ထဲသို့သာ ကြည့်နေသည်။

“မမလွိဇာ...အင်း..လွိဇာဒီမဲလိုး.... သူက ခင်ဗျားရော..ကျုပ်ရောနဲ့ ဟိုး ငယ်ငယ်ကလေးကတည်းက သိခဲ့ကြတာမဟုတ်လား...မိငယ် အပေါ်လည်း သူကျေးဇူးတွေရှိခဲ့တာပဲ...ဒါပေမယ့်...အခုက ကျုပ်တို့ဟာ အင်းဝမြို့ပေါ်က အရပ်သားလူငယ်လေးတွေ မဟုတ်ကြတော့ဘူး..ဗိုလ်တွန်...သူဟာ ကျုပ်တို့ရဲ့ရန်သူဖြစ်တဲ့ ဟံသာဝတီဘုရင်ကို ကူညီနေတဲ့သူ...ဟံသာဝတီရဲ့အင်းဝကိုပုန်ကန်မှုမှာ နောက်ကွယ်ကပါဝင်ခဲ့တဲ့ ခေါင်းဆောင်တစ်ယောက်...အခုလည်း ကျုပ်တို့ တိုက်နေတဲ့ စစ်ပွဲမှာ ရန်သူဘက်က စစ်ကူပေးဖို့အတွက် နိုင်ငံခြားနဲ့ ချိတ်ဆက်ရာမှာ အဓိကပါဝင်နေတဲ့သူ....ဒါဟာ ကျုပ်ရဲ့ရန်သူပဲမဟုတ်လား..ကျုပ်ရဲ့ရန်သူ ဟာ ခင်ဗျားရဲ့ရန်သူ..ခင်ဗျားရဲ့ရန်သူဟာ ကျုပ်တို့ထူထောင်လာတဲ့ ကုန်းဘောင်ပြည်ရဲ့ရန်သူပဲ မဟုတ်လား..ဗိုလ်တွန်”

ငတွန် က သက်ပြင်းချကာ ခေါင်းငုံ့လိုက်၏။

“ခင်ဗျားကို ကျုပ်ယုံခဲ့တယ်..ဗိုလ်တွန်...ညီအစ်ကိုအရင်းတစ်ယောက်လို.ဒါပေမယ့်. .ခင်ဗျား..ကျုပ်ကို..လိမ်ခဲ့တယ်.. ဒီလိုလိမ်ရတာလည်း ခင်ဗျားရဲ့စီတ်ခံစားချက်တစ်ခုကြောင့် ဆိုတာ ကျုပ် သိပါတယ်...ဒါပေမယ့်....ကျုပ်က ဟော့ဒီ ကုန်းဘောင်ရတနာသိန်ပြည်ကြီးကို ကိုယ်စားပြုနေတဲ့သူ...ကုန်းဘောင်စစ်တပ်ကြီးကို ကိုယ်စားပြုနေတဲ့သူ..ကျုပ်ကိုလိမ်တာ သူတို့အားလုံးကို လိမ်သလိုဖြစ်သွားတယ်....မထီမဲ့မြင်ပြုသလိုဖြစ်သွားတယ်..ခင်ဗျားရဲ့အမိန့်မနာခံမှုတစ်ခုနောက်

မှာ..လူတွေ ထောင်နဲ့ချီ ထပ်သေသွားနိုင်တယ်ဆိုတယ်..မဟုတ်လား.ဗိုလ်တွန်..ဒီတစ်ခုနဲ့တင်..ဒီအမှုဟာ သေဒဏ်ထိုက်တယ်မဟုတ်လား..ဒါပေမယ့်... ကျုပ် ခင်ဗျားကို ဘယ်လို သေဒဏ်ပေးရက်မလဲ...ဘယ်သူက ကိုယ့်ခြေကိုယ့်လက်ကို ခုတ်ဖြတ်ပစ်ရက်ပါ့မလဲ...ငါ့လူရာ"

"ကျွန်တော်မျိုးမှာ..အပြစ်ရှိပါတယ်...ထီးဘုရား..ပေးမယ့် ဘယ်ဒဏ်မျိုးမဆို ခံယူရပါတယ်"

"ထီးဟန် နန်းဟန်တွေ ခဏထား..ကျုပ်တို့ မုဆိုးဖိုတွန်းကလို ပွင့်ပွင့်လင်းလင်း စကားပြောကြမယ်...ကိုတွန်.....ကျုပ်ရည်ရွယ်ချက်က....သားတော်တွေနဲ့ တခြားစစ်ဗိုလ်ချုပ်တွေရှေ့မှာ ကျုပ်ပြီးရင် ခင်ဗျားပဲဆိုတဲ့ ယုံကြည်မှုမျိုးကို ရစေချင်တယ်..တကယ်လို့ ကျုပ်အရင်သေသွားလို့ ကျုပ်သားတော်တွေ ထီးနန်း ဆက်ခံချိန်မှာလည်း..ခင်ဗျား ရှိနေဖို့လိုတယ်..ဗိုလ်တွန်...သူတို့ကို ထိန်းကျောင်းနေဖို့ ကျုပ်ကိုယ်စား ခင်ဗျားလို စစ်သူကြီးလိုတယ်... ကျုပ်ထူထောင်တဲ့ ထီးနန်းကို ကျုပ်သားတော်တွေကဆက်ခံသလို..ကျုပ်ထူထောင်တဲ့ ကုန်းဘောင်စစ်တပ်ကြီးကိုလည်း သားတော်တွေနဲ့အတူခင်ဗျားက သစ္စာရှိရှိဆက်ခံပေးဖို့ ကျုပ် ရည်ရွယ်ထားတာ..ငါ့လူရဲ့.."

ငတွန်က အောင်ဇေယျအား လက်အုပ်ချီလိုက်သည်။

"ဟုတ်ပါတယ်...ကျုပ် ခံစားချက်ကို ရှေ့တန်းတင်လိုက်မိတယ်...ကိုအောင်ဇေယျရဲ့နိုင်ငံတော်ဟာ ကျုပ်ရဲ့နိုင်ငံတော်ပါပဲ..ဒါ ကျုပ်တို့ နိုင်ငံတော်ပါပဲ"

အလောင်းဘုရား နှင့် စစ်ဗိုလ်ချုပ် မင်းလှမင်းခေါင်တို့မှသည် အောင်ဇေယျနှင့် ငတွန် ဘဝသို့ သူတို့ ခေတ္တမျှ ပြန်ရောက်သွားကြသည်။

"ကဲ..ဗိုလ်တွန်...ကျုပ် သားတွေ၊ တပ်မှူးတွေရှေ့မှာ ခင်ဗျားဟာ ဒီလို အပြစ်လုပ်ပါလျက်နဲ့ အပြစ်မယူခဲ့ဘူးဆို.. နောင် ကျုပ် အုပ်ချုပ်ရခက်တော့မယ်..ဒီတော့..ခင်ဗျား အပြစ်အတွက် ကျုပ် အပြစ်တစ်ခုတော့ ပေးရလိမ့်မယ်"

"ခံယူဖို့ အသင့်ပါပဲ"

"အခု ရန်ကင်းစံရာမှာ တပ်စွဲနေတဲ့ ကျုပ်တို့ ရဲ့တပ်တွေကို ဟံသာဝတီဗိုလ်မှူး ဒေါတောတုတ် တပ်တွေက တိုက်လို့ တပ်မှူးကျော်ထင်နော်ရထာ ဆုံးသွားခဲ့ပြီ...သူတို့က ဒဂုံနဲ့ သန်လျင်ကို ရိကွာမသွင်းနိုင်အောင် ပြန်ပိတ်ဆို့ထားတယ်...အဲ့ဒီကိစ္စအတွက် ခင်ဗျားက သားတော်ကြီး မောင်လောက် ရှိတဲ့ ဒဂုံတပ်ကို ပြန်ပါ....ပြီးတော့ မြစ်လက်တက်တွေမှာ ကင်းပုန်းနဲ့ ပိတ်ဆို့နေတဲ့ ဟံသာဝ

တီတပ်တွေကို ဖြဲန့်ခွဲ ဖြိုခွင်းဖို့...လက်ျာကျော်ထင် ငနှောင်း တို့ အစုကို ကွပ်ကဲ စီမံပေးပါ..ဒါခင်ဗျားအတွက် ပေးတဲ့ အပြစ်ပဲ”

ဗိုလ်တွန်က အလောင်းဘုရား၏ ရှေ့တွင် ဒူးထောက်လိုက်၏။

“လွီဇာ ကိစ္စ ထပ်ပြောချင်နေတာမဟုတ်လား...ဗိုလ်တွန်”

ငတွန်က မည်သည့်စကားမျှမဆို။

“ကျုပ် ဘာမှ မလုပ်ပေးနိုင်ဘူး..ဗိုလ်တွန်..သန်လျင်တိုက်ပွဲကနေ ဖမ်းမိတဲ့ မျက်နှာဖြူ၊ မျက်နှာမည်း..တိုင်းတပါးသားသုံ့ပန်းတွေအားလုံးကိစ္စကို မင်းသား မောင်ရွှေ ကို လွှဲပေးထားလိုက်ပြီ...သူ့ သဘောအတိုင်းပါပဲ”

“ကိုယ်တော်...လွီဇာ ဟာ ... ရဲစွမ်းသတ္တိရော ဉာဏ်ပညာရော.စိတ်ဓာတ်ပါ ကောင်းတဲ့ မိန်းမတစ်ယောက်ပါ”

“ကျုပ် သိတယ်..ဗိုလ်တွန်...သူသာ ကျုပ်တို့ဘက်ကဆိုရင်တော့ နှမြောစရာ ပေါ့..အခု.ရန်သူဘက်ကဖြစ်နေတော့..အန္တရာယ်ကြီးတယ်..ဗိုလ်တွန်..သူက ဟံသာဝတီဘုရင်.ဦးအောင်လှ ထက်တောင်ပိုပြီး အန္တရာယ်ကြီးတယ်”

အလောင်းဘုရားက သူ့ရှေ့တွင် ဒူးထောက်နေသော ငတွန်၏ ပုခုံးကို ဆုပ်ကိုင်ပြီး နောက် ထွက်ခွာသွား၏။

.....
.....

စွတ်စိုသောမြေကြီးရနံ့။ ချဉ်ပွက်နံ့။

ခန္ဓာကိုယ်တစ်ခုလုံးက စိုထိုင်းအေးစိမ့်နေ၏။ လက်နှစ်ဖက်က လှုပ်လို့မရ။ ကြိုး များဖြင့် ခပ်တင်းတင်းချုပ်နှောင်ခံထားရသည့် အသိ။

သူ ပခုံးမြစ်ရေထဲမှာလား။ တချိန်က အနောက်ဘက်လွန်မင်းအမိန့်ဖြင့် သခင်မ ဒွန်နာလွီဇာကို စိမ်ထားခဲ့သည့် ပခုံးမြစ်ထဲမှာလား။

“သိပ်ခေါင်းမာတဲ့ ပေါ်တူဂီမပဲ”

အသံ။ ဟိုးလွန်ခဲ့တဲ့ နှစ်တစ်ရာကျော်ကလာတဲ့အသံလား။ တပ်မှူးဘယကျော်သူ အသံလား။ အနောက်ဘက်လွန်မင်းရဲ့အသံလား။

သူမကရော..ဒွန်နာလွီဇာလား။

သူမ ရှေ့မှာ အပြုံးတစ်ခု။ သျှောင်ထုံးအား ဘေးတစ်စောင်းထုံးထားသည့် ထိုလူ ညီချောက ပြုံးပြသည်။ အင်းဝသားများထဲတွင် ထူးထူးခြားခြား ဆေးမဆိုးထားသည့် သူ၏ သွားဖွေးဖွေး။

“မောင်ကြီးငတွန်”

သူမ အော်ခေါ်ကြည့်သည် အသံက ထွက်မလာ။

ဒါဆို သူမက လွီဇာဒီမဲလိုးပဲ။ ဟိုးအရင်က ဒွန်နာလွီဇာက အဘွားပြောပြတဲ့ ဇာတ်လမ်းထဲမှာကျန်ခဲ့ပြီမဟုတ်လား။

“မင်းရှိနေတဲ့ သန်လျင်ကို အဝေးကြီး ပွန်ဒီချယ်ရီကနေ ငါလာရတာ.လွီဇာ”

ဟင်...မောင်ကြီးငတွန်မဟုတ်တော့ဘူး။ ဒါ...ဒါ။

“မီလပ်..မီလပ်..ထစမ်း..ထစမ်း”

နားထဲတွင် ကြားရသော အသံများကြောင့် လွီဇာက မျက်လုံးများကို ဖြည်းဖြည်းချင်းဖွင့်ကြည့်လိုက်သည်။

ရေမှုန်ရေမွှားများနှင့် ရှုံ့ဗွက်အချို့က သူ့မျက်လုံးတွင် ပေကျံနေသဖြင့် အမြင်အာရုံက ဝေဝါးနေ၏။

လက်နှစ်ဖက်ကို ကြိုးတုတ်ထားသဖြင့် မျက်လုံးကို ပုတ်ခပ်ပုတ်ခတ်လုပ်ပြီး ခေါင်းကိုခါရမ်းကာ ရှုံ့များကို ခါလိုက်သည်။

ညက မိုးများသဲသဲမဲမဲရွာနေသည့်ကြားမှ သူတို့ မြေကြီးပေါ်တွင် အိပ်ပျော်သွားခဲ့သည်ပဲ။

သူ၏ ရှေ့တွင် ရှိနေသော မီလပ်ကို လူတစ်စုက ဆွဲခေါ်သွားကြပြီဖြစ်သည်။

ကျန်သည့် ပြင်သစ်စစ်သုံ့ပန်းများက အလန့်တကြားဖြင့် ထကြည့်နေကြ၏။

“မီလပ်ကို သူတို့ သတ်ကြတော့မှာလား”

လွီဇာက စိုးရိမ်စိတ်ဖြင့် မတ်တပ်ထရပ်ရန်ပြင်လိုက်သည်။

“လွီ..ဇာ..”

ဘရာသာအန်ဂျလိုဇ၏ ခေါ်သံက တုန်ရီနေဇ၏။

“ကျုပ်ဖျားနေပြီ...ကျုပ် သေတော့မလားမသိဘူး”

လွီဇာက ဘရာသာအန်ဂျလိုဇ၏ အနားသို့ သွားကာ သူမဇ၏ လက်မောင်းဖြင့် နဖူးကို ကပ်ကြည့်လိုက်သည်။

ခြစ်ခြစ်တောက်အောင် ပူနေသော အပူ။

.....
.....

မြေဒူးမင်းသားမောင်ရွ ခေတ္တရုံးထိုင်သည့် အာမေးနီးယန်းကုန်သည်အာကွီးလားဇ၏ အိမ်ဝန်း။

မောင်ရွနှင့်အတူပါလာသည့် ကိုယ်လုပ်မောင်းမများကိုယ်တိုင် မီလပ်ကို ရေချိုးသန့်စင်ပေးဇ၏။

ထို့နောက် အမွေးနံသာများလိမ်းကြံပေးကာ...ပိုးအင်္ကျီ၊ ပိုးပုဆိုးနှင့် ခေါင်းပေါင်းဖြူကို ဝတ်ဆင်စေသည်။

“အဆင်သင့်ဖြစ်ရင်..မင်းသားဆီ အခစားဝင်ကြပါမယ်”

ပြင်သစ်စကားကျွမ်းကျင်သည့် အမျိုးသမီးငယ် က မီလပ်ကို ဦးဆောင်ပြီး အိမ်ပေါ်ထပ်သို့ ခေါ်သွားသည်။

ထိုအမျိုးသမီးငယ်မှာ သန်လျင်ဆိပ်ကမ်းမှ ဖမ်းဆီးရမိသည့် ပြည့်တန်ဆာကျွန်အမျိုးသမီးတစ်ဦးဖြစ်ပြီး ပြင်သစ်စကားကို ကျွမ်းကျင်သဖြင့် မောင်ရွက ရှာဖွေခေါ်ယူထားခြင်းဖြစ်သည်။

အခန်းဝရောက်သည်နှင့် ဒူးတုတ်ဝတ်တွားကာ ဝင်ကြရဇ၏။

“ပေတလူမိလပ်..သက်သာသလိုနေပါစေ”

သလွန်ပေါ်တွင် ထိုင်နေသော မင်းသားမောင်ရွဇ၏ စကားကို အမျိုးသမီးငယ် ဘာသာပြန်ပေးလိုက်ဇ၏။

မီလပ်က ကြမ်းပြင်တွင် သက်သာသလို ထိုင်လိုက်သည်။

မင်းသားမောင်ရွှ ၏ သလွန်ဘေးတွင် ရွှေဘိုတပ်၏ ဗိုလ်ဝတ်စုံဖြဲစ်သော မိန်ညိုအနက်ကို ဝတ်ကာ မောက်တိုကို ဆောင်းထားသည့် အနောက်တိုင်းသားမျက်နှာပေါက်နှင့် လူငယ်တစ်ဦး က ခစားနေ၏။

“မောင်ဂျိုး..တံခါးသွားပိတ်ချေ”

ထိုလူငယ်က ကပြာကယာထကာ တံခါးကို သွားပိတ်လိုက်သည်။

“ငါပြောတဲ့ ကိစ္စကို တညလုံး စဉ်းစားပြီးပြီလား...မိလပ်”

စကားပြန်အမျိုးသမီးငယ်၏ အကူဖြင့် သူတို့ စကားဝိုင်းကို စတင်လိုက်သည်။

“ကျွန်တော်မျိုးတို့ဟာ စစ်သုံ့ပန်းတွေပါ..ဒီတော့..မင်းသားတို့ သတ်ရင်လည်းသေရမယ်..ဒါမှမဟုတ်..မင်းသားတို့ ခိုင်းစေသမျှ အကုန်လုပ်ရတော့မှာပါ”

မိလပ်၏ စကားကို မောင်ရွှက ဖြည်းညှင်းစွာခေါင်းခါလိုက်သည်။

“မိလပ်..ငါပြောတာ အဲ့ဒီလိုမဟုတ်ဘူး....မင်းတို့ဟာ ငါ့အမှုတော်ကို သစ္စာရှိရှိထမ်းပါမယ်ဆိုတာကို လိုချင်တာ..ငါ့အမှုတော်ဆိုတာ ငါ့အမှုတော်ပဲ....ခမည်းတော်ဘုရင်မင်းမြတ်ရဲ့ အမှုတော်မဟုတ်သလို...ကျန်တဲ့ ဘယ်သူ့ရဲ့ အမှုတော်မှ မဟုတ်ဘူး..ငါကို မင်းတို့ သစ္စာရှိစေချင်တာ..မင်းနဲ့တက္ခ..မင်းရဲ့ပြင်သစ်သုံ့ပန်းစစ်တပ် တစ်ခုလုံးဟာ ငါတည်ရှိနေသမျှ ကာလပတ်လုံး ငါ့အကျိုးစီးပွား၊ ငါ့အာဏာ၊ ငါ့ထီးနန်းအတွက် အသက်ကိုပုံပြီး အမြဲရှိနေစေချင်တာ..အဲ့ဒီအတွက်လည်း မင်းတို့ကို ငါ အသက်ချမ်းသာပေးတဲ့အပြင်...ချီးမြှင့်မြှောက်စားပေးခဲ့မှာ”

မောင်ရွှ၏ အသံက မာန်ပါသွား၏။

မိလပ်က မောင်ရွှ၏ စကားဆိုလိုရင်းကို အသေအချာစဉ်းစားနေသည်။

“ဟော့ဒီ ငါ့ဘေးက ဂျိုးဇက်ဒီဆေးဗား ဆိုတာလည်း ငါ့အပေါ် သစ္စာခံနေတဲ့ ငါ့လူယုံပဲ..သူဟာ အခုဆိုရင် ခမည်းတော်ရဲ့ကိုယ်ရံတပ်ခေါင်းဆောင်ဖြစ်နေပြီ...သူ့ကို ချောင်ခိုးရွာကို အပိုင်စားပေးဖို့ ခမည်းတော်ဆီ ငါလျှောက်တင်ပေးတော့မယ်...သူဟာ ရွာစားဖြစ်လာတော့မယ်...မောင်မင်းလည်း သူလိုမျိုး ငါ့သစ္စာတော်ကို ခံမယ်ဆိုရင်.. ဒီနယ့်မြောက်စားခံရမယ်..မောင်မင်း..အို..ဒီနယ့်မကဘူး...ငါ ကိုယ်တော်ဟာ ခမည်းတော်ရဲ့အရိုက်အရာကို ဆက်ခံရတဲ့အခါ..မောင်မင်းတို့ဟာ ငါ့ရဲ့ သစ္စာရှိ မြို့စားတွေ၊ တပ်မှူးကြီးတွေအဖြစ်

မြော်က်စားခံကြဲရမှာပဲ..အေး..ဒီလိုမှ မဟုတ်ရင်တော့..မနေ့က ဘော်ရနိုး လို အသေဆိုးက စောင့်ကြိုနေလိမ့်မယ်မှတ်”

မီလပ်က မောင်ရွှ၏ မျက်လုံးကို စေ့စေ့ကြည့်လိုက်၏။ မောင်ရွှ၏ မျက်နှာပေါ်တွင် မင်းပျိုမင်းလွင်တို့၏ မာန်က အတင်းသား။

“ကျွန်တော်မျိုး သေမှာမကြောက်ပါဘူး”

မီလပ်၏ စကားကြောင့် မောင်ရွှက လက်သီးကို ဆုတ်ကာ ခန္ဓာကိုယ်က အရှေ့သို့ ကြွတက်လာ၏။

“သေမှာကြောက်လို့..မင်းသားရဲ့သစ္စာကို ခံတာမျိုး မဖြစ်ချင်ပါဘူး”

“ဒါဆို ဘာဖြစ်ချင်တာလဲ”

“ဒါပေမယ့်...ကျွန်တော်မျိုးနဲ့ ကျွန်တော်မျိုးရဲ့တပ်တွေကို အသက်ချမ်းသာပေးမယ်ဆိုရင်..နောင်တချိန်.မင်းသား သွားမယ့် ဘယ်လမ်းကိုမဆို ကျွန်တော်မျိုးရဲ့တပ်တွေက အသက်ပေးပြီး သစ္စာရှိရှိ ခင်းပေးသွားပါ့မယ်..အဲ့ဒီအတွက် ကျွန်တော်မျိုးက တစ်ခုပဲ တောင်းဆိုမှာပါ”

မောင်ရွှက မျက်မှောင်ကြုံ့လိုက်သည်။

“ဘာများလဲ..မိလပ်”

.....
.....

“ဘာများလဲ..ဦကြီးငတွန်”

မင်းသားမောင်ရွ ခေတ္တာနေထိုင်ရာ အာရတွန်တိုက်သို့ ညနေပိုင်းတွင် ရောက်လာသော ငတွန်ကို မောင်ရွှက ဆီးကြိုမေးလိုက်၏။

“မင်းသားကို လျှောက်ထားစရာများရှိလို့ပါ”

“အံမယ်..မကြုံစဖူး..လက်အုပ်တွေဘာတွေ ထူးထူးခြားခြားချီလို့ပါလား...ဗိုလ်ချုပ်ကြီးရဲ့”

မောင်ရွှ၏ အသံက မြူးကြွနေသည်။

“နှစ်ယောက်တည်း ပြောမှ ဖြစ်မှာမို့ပါ..မင်းသား”

“ကဲ..ဒါဆို..အပေါ်ထပ်က ညေ့ဆောင်ကို သွားကြတာပ..ဟေ့..တစ်ယောက်မှ လိုက်မလာကြနဲ့”

မောင်ရွှက ဦးဆောင်ပြီး ငတွန်ကို ခေါ်သွား၏။

ထို့နောက် ညေ့ဆောင်တွင်ရှိနေသော တစ်ခုတည်းသော သလွန်တွင် ဝင်ထိုင်လိုက်သည်။

“အားတော့နာပါရဲ့..ဦးရီးငတွန်..သင့်တော်ရာမှာ ခစားပါ”

ငတွန်က မတ်တပ်ရပ်လျက်ပင်။

“ကဲ..မတ်တပ်ပဲ ခစားမယ်ဆိုလည်း..ခစားပါလေ...ပြော..ဘာအရေးများရှိလို့လဲ”

“ဗရင်ဂျီကျောင်းက ဖမ်းလာတဲ့ နှစ်ယောက်ကို ဘာလုပ်မှာလဲ”

“ဘော်ရနိုး တို့ကိုတောင် သေဒဏ်ပေးထားသေးတာပဲ...သူတို့လည်း ဘော်ရနိုးလို သစ္စာဖောက်တွေပဲကိုး..သွားမြဲလမ်းစဉ်ပေါ့.ဦးရီး”

“လွှဲဇာကို မသတ်ပါနဲ့”

မောင်ရွှက ငတွန်၏ မျက်နှာကို သေချာကြည့်လိုက်သည်။

“ဘယ်သူ့ကို”

“လွှဲဇာဒီမဲလိုး ဆိုတဲ့ အမျိုးသမီးကို မသတ်ပါနဲ့..မင်းသား”

“သြော်...အင်း..အင်း..သိပြီ..သိပြီ..ဟိုပေါ်တူဂီမ ကိုပြောနေတာကိုး..နေပါဦး..ဘာကြောင့် မသတ်ရမှာတုန်း..ဦးရီး.. သူက ရာဇဝတ်သားမဟုတ်လား”

“မင်းသားရဲ့ခမည်းတော်က မင်းသားကို အာဏာကုန်လွှဲထားတယ်ပြောပါတယ်..ကျုပ်တောင်းဆိုနေတာပါ..မောင်ရွှ.... သူ့အသက်ကို ချမ်းသာပေးပါ”

“တောင်းဆိုတယ်...ဟုတ်လား”

ငတွန်က အံကို ကြိတ်ကာ သက်ပြင်းချလိုက်၏။ ထို့နောက်အသက်ကို ပုံမှန်ရှူသွင်းလိုက်သည်။

“တောင်းပန်တာပါ..မင်းသား..တောင်းပန်တာပါ”

မောင်ရွက ငတွန်ကို ပြုံးစစဖြင့် ကြည့်လိုက်သည်။

ငတွန်က ဒူးနှစ်ဖက်ကို ကြမ်းပြင်သို့ ထောက်ချလိုက်၏။

လက်အုပ်ချီကာ ရှိခိုးလိုက်သည်။

“ကျွန်တော်မျိုး..အရှင့်သားကို တောင်းပန်နေတာပါ..ဘုရား”

မောင်ရွက နဘေးနားရှိ ကွမ်းအစ်မှ ကွမ်းရွက်ကို ယူကာ..ကွမ်းကို အေးအေးဆေးဆေးယာနေ၏။

အပြင်ဘက်မှ မိုးသက်လေတချက်က အခန်းတွင်း ဝေ့ခနဲတိုက်ခတ်သွားသည်။

“ဦးရီး..မှတ်မိလား..မုဆိုးဖိုမှာ ဦးရီးကို ကျုပ်စတွေ့ဖူးတဲ့နေ့ကလေ....လှည်းပေါ်ကနေ မားနဲ့ ငှက်ပျောပင်တွေကို ပုံစံမပြတ်ပဲ ထက်ပိုင်းဖြစ်နေအောင် ခုတ်ပြသွားတာ..အဲ့ဒီတုန်းက..ကျုပ်ကို အဲ့ဒီများပညာသင်ပေးဖို့ ဦးရီးကို ကျုပ် တောင်းပန်ဖူးတာ သွားသတိရမိတယ်”

ငတွန်က ဒူးထောက်လျက်၊ ခေါင်းကိုသာ ငုံ့ထားသည်။

“အင်း..အခုတော့...ကျုပ်လည်း...အဲ့ဒီလိုမျိုး ကျွမ်းကျွမ်းကျင်ကျင် မားရေးကစားတတ်သွားပါပြီ....ဦးရီး ကို သင်ပေးဖို့ တောင်းပန်စရာမလိုတော့ပါဘူး...ထားပါတော့..ကျုပ် စဉ်းစားနေတာ...ဒီနေ့ တစ်နေ့တည်းမှာတင် အဲ့ဒီ မိန်းမရဲ့အသက်အတွက် ကျုပ်ကို လာတောင်းဆိုတဲ့ ယောကျ်ားနှစ်ယောက်ကို တွေ့လိုက်ရတာပဲ..တစ်ယောက်က သူ့ဘဝနဲ့ပုံပြီး တောင်းဆိုတယ်..တစ်ယောက်က သူ့ရဲ့ဂုဏ်သိက္ခာမာန နဲ့ ပုံပြီး တောင်းဆိုတယ်...နှစ်ယောက်လုံးက စစ်ပွဲတွေနဲ့ ရင်သန့်ခဲ့ကြတဲ့..ယောကျ်ားကောင်းတွေချည်းပဲ..ဒီမိန်းမဟာ ဘယ်လိုမျိုး မိန်းမမျိုးပါလိမ့်”

မောင်ရွက ကွမ်းယာကို ပါးချောင်အတွင်းထည့်ကာ ဝါးလိုက်တော့သည်။

.....
.....

“သေမင်းအရိပ်..လွှမ်းမိုးသောချိုင့်..လျှောက်ရသော်လည်း..မကြောက်ရွံနိုင်”

သန်းခေါင်ကျော်သည်အထိ မိုးက တစိမ့်စိမ့်ရွာနေဆဲ။

အဖျားဒဏ်ကြောင့် မိုးရေထဲတွင် သတိရတချက်၊ မရတချက်ဖြစ်နေသော ဘရာသာအန်ဂျလို ၏ ဘေးတွင် လွိဇာက ထိုင်ရင်း..ဆာလံသီချင်းကို ခပ်တိုးတိုးဆိုနေ၏။

ဘရာသာအန်ဂျလို၏ တောင်းဆိုမှုအရ လွိဇာကဆိုညည်းပေးနေခြင်းဖြစ်သည်။

“ရန်သူရှေ့၌....စားပွဲခင်း၍....ငါ့ခေါင်းကို...ဆီနှင့်..လိမ်းမူပါ..အ..အ”

ထိုအချိန်တွင် လွိဇာ၏ ပါးစပ်ကို အဝတ်စတစ်ခုဖြင့် စီးနှောင်ခြင်းခံလိုက်ရ၏။

လွိဇာ၏ ကိုယ်အား လူနှစ်ယောက်က ချုပ်လျက် မခေါ်သွားသည်။

ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီသစ်တပ်အပြင်ဘက်တွင် အသင့်စောင့်နေသော ပေါင်းမိုးလှည်းတစ်စီးပေါ်သို့ လွိဇာကို ပစ်တင်လိုက်သည်။

ထို့နောက် ခြေထောက်များကိုပါ ကြိုးဖြင့် မလှုပ်နိုင်အောင် စည်းနှောင်လိုက်တော့၏။

အမှောင်အထိပြီးသော လှည်းပေါင်းမိုးအတွင်း လွိဇာ လိုက်ပါလာရသည်။

အချိန်အတန်ကြာ မောင်းနှင်ပြီးနောက် လှည်းက ရပ်သွား၏။

လှည်းပေါင်းမိုးနောက်တွင် အုပ်ထားသော အဝတ်စကို တစ်စုံတစ်ယောက်က လာလှန်လိုက်သည်။

လွိဇာက ကြိုးချည်ခံထားရသော ခြေထောက်နှစ်ချောင်းဖြင့် စုံကန်လိုက်သဖြင့် ထိုသူမှာ အနောက်သို့ လန်ကျသွားသည်။

“လွိဇာ...ကိုယ်ပါ..မီလပ်ပါ”

မီလပ်က ထလာပြီး လွိဇာ၏ ပါးစပ်တွင် စည်းထားတဲ့ အဝတ်စကို ဖြည်ပေးလိုက်သည်။

ထို့နောက် လွိဇာ၏ ခြေနှင့်လက်တို့တွင် တုပ်နှောင်ထားသော ကြိုးများကို ခါးမြှောင်ငယ်ဖြင့် ဖြည်ပေးလိုက်၏။

“မီလပ်...ကျွန်မတို့ ဘယ်ရောက်နေတာလဲ”

“မင်း..လွတ်မြောက်ပြီ..လွိဇာ..မင်းကို..ပွန်ဒီချယ်ရီကို ပို့ပေးမယ်...ပြီးရင်..မင်းတို့ ပေါ်တူဂီမျိုးနွယ်တွေရှိမယ့် ဂိုအာ အထိ သွားဖို့ ကိုယ်စီစဉ်ပေးမယ်”

“ဟင်..ဘယ်လို”

“မင်းကို မင်းသားမောင်ရွှက လွတ်လပ်ခွင့်ပေးလိုက်ပြီ”

“ဘရာသာအန်ဂျလို..အရမ်းဖျားနေတယ်...သူ့ကိုပါ ကျွန်မတို့ တပါတည်းခေါ် ခဲ့မှဖြစ်မယ်”

မီလပ်က လွိဇာ၏ လက်နှစ်ဖက်ကို ခပ်ကြမ်းကြမ်းဆုပ်ကိုင်လိုက်၏။

“သူများအတွက်ချည်းတွေးပေးမနေနဲ့...အခု မင်းအသက်အန္တရာယ်က လွတ်မြောက်ဖို့ကိုပဲ.အရင်တွေး..လွိဇာ..တို့မှာ အချိန်မရှိဘူး..လာ”

သန်လျင်ဆိပ်ကမ်း၏ မှောင်ရိပ်ကျသော တစ်နေရာသို့ မီလပ်က လွိဇာကို ဆွဲခေါ်သွားသည်။

ခြံကွယ်တစ်ခုကို ကျော်လွှန်ပြီးသည့်နောက် မီးတုတ်များထွန်းထားသည့် လှေဆိပ်တစ်ခုကို တွေ့လိုက်ရ၏။

ရေကြောင်းပြ တိုက်လှေကြီးတစ်စီးနှင့် အရံလှေသုံးစီးပေါ်တွင် ရွှေဘိုရေတပ်သားများက အသင့်အနေအထားဖြင့်။

“ကျွန်မတို့က ဒီလှေတွေနဲ့ ပွန်ဒီချယ်ရီအထိ သွားကြမှာတော့..မဟုတ်လောက်ပါဘူးနော်”

“မဟုတ်ဘူး...ကိုယ်တို့ ပွန်ဒီချယ်ရီက ထွက်လာတဲ့ သင်္ဘောအုပ်စုမှာ သင်္ဘောတစ်စီးကျန်ခဲ့သေးတယ်..အဲ့ဒီတစ်စီးက အခု မြစ်ဝမှာ ရောက်နေပြီ”

“အလောင်းဘုရားတပ်တွေက သူတို့ကို ရန်မမူဘူးလား”

“ဒါတွေမမေးနဲ့...မြေဒူးမင်းသားမောင်ရွှ ကိုယ်တိုင် ခွင့်ပြုပေးထားတာ...မင်းကို အဲ့ဒီသင်္ဘောဆီ အရောက်ပို့ပေးမယ်”

မီလပ် က လွိဇာကို ခပ်သုတ်သုတ် ဆွဲခေါ်သွားပြီး..လှေပေါ်သို့ တက်လိုက်သည်။

“တက်လေ..လွိဇာ”

လွီဇာက မျောင်မဲတိတ်ဆိတ်နေသော သန်လျင်မြို့ကြီး ဘက်သို့ သမင်လည်ပြန်လှည့်ကြည့်လိုက်၏။

“တက်ပါ..လွီဇာ..မိုးမလင်းခင်..မြစ်ဝကို တို့တွေရောက်မှဖြစ်မယ်”

မီလပ်က အတင်းစောင့်ဆွဲလိုက်သဖြင့် လွီဇာက လှေပေါ်သို့ တက်လိုက်သည်။

တိုက်လှေကြီးမှာ အားကောင်းကောင်းဖြင့် မြစ်ဝဘက်ဆီသို့ လှော်ခတ်ထွက်သွား၏။

မိုးကတိတ်သွားခဲ့ပြီ။ ကောင်းကင်သည် မျက်လှည့်ပြလိုက်သကဲ့သို့ ခဏချင်းပင် ကြည်လင်လာပြန်သည်။

လဆန်း(၁၄)ရက်နေ့မို့...လရောင်က မြစ်ပြင်ကို ဖြာလျက်။

“ကျွန်မ ဘာမှနားမလည်တော့ဘူး..မီလပ်...မင်းသားမောင်ရွှက ကျွန်မကို ဘာကိစ္စ လွှတ်ပေးလိုက်တာလဲ”

“ကိုယ်တောင်းဆိုလိုက်လို့ပါ...မီလပ်”

“ဘယ်လို...ရှင်တောင်းဆိုတာနဲ့ သူက လွယ်လွယ်လက်ခံရောလား”

“မဟုတ်ဘူး..အဲ့ဒီအတွက် ကိုယ် သူ့ဆီမှာ တသက်လုံး သစ္စာရှိကျွန်တစ်ယောက်အဖြစ် စစ်မှုထမ်းရလိမ့်မယ်”

“ဘာ”

လွီဇာ၏ အသံက တုန်ရီနေ၏။

“ရှင်ဘာတွေ လျှောက်လုပ်ခဲ့တာလဲ..မီလပ်..ရှင်ရူးနေလား...ကျွန်မအတွက်နဲ့ ဒီလိုလုပ်ရလား”

“မင်းအတွက်...ရူးနေတာကိုယ်တစ်ယောက်တည်း မဟုတ်ပါဘူး....မင်းရဲ့အသက်ကို လွှတ်ပေးဖို့...နှောက်ထပ် လူတစ်ယောက်လည်း မင်းသားရဲ့ရွှေ့မှာ ဒူးလာထောက်ခဲ့တယ်....ဒါကြောင့်ပဲ..မင်းသားမောင်ရွှက မင်းကိုလွှတ်ပေးဖို့ ဆုံးဖြတ်လိုက်တာ”

လွီဇာက ခေတ္တမျှ ငြိမ်သက်သွား၏။

“အဲ့ဒီလူ..ဘယ်သူလဲလို့..မမေးတော့ဘူးလား..လွိဇာ”

လွိဇာက လှေပေါ်တွင် ထိုင်နေရာမှ မတ်တပ်ရပ်လိုက်ပြီး သူမ ထွက်ခွာလာသည့် ဆိပ်ကမ်းကို ကြည့်လိုက်သည်။

လရောင်ဝိုးတဝါးအောက်..ဆိပ်ကမ်းဘောင်ပေါ်တွင် မြင်းတစ်စီးပေါ်မှ လူတစ်ယောက်။

ထိုသူက…သူတို့လှေရှိရာသို့ ငေးကြည့်နေသယောင်။

လွိဇာ၏ ပါးပြင်ပေါ်မှ မျက်ရည်များ တလှိမ့်ချင်း ကျလာ၏။

“နှုတ်ဆက်ခဲ့ပါတယ်….မောင်ကြီးငတွန်”

ခက်ဇော်

Beyond AVA 1750s ပြီးပါပြီ။

Beyond AVA 1750s မှီငြမ်းကိုးကားစာစုစာရင်း

၁။ AVA 1740s Season 1 နှင့် 2 ပါ (၅၂)အုပ်
၂။ အလောင်းဘုရား ၊ စစ်ကိုင်းဦးဘိုးသင်း
၃။ အလောင်းဘုရား၊ မြန်မာ့သူရဲကောင်းများ ၊ ဦးသိမ်းမောင်
၄။ အလောင်းဘုရားအရေးတော်ပုံနှစ်စောင်တွဲ ၊ လက်ဝဲနော်ရထာရေးနှင့် တွင်းသင်းတိုက်ဝန်ရေး
၅။ မဟာဒေဝီစောငြိမ်းဦး၏သား အလောင်းဘုရား၊ မြေလတ်မြတ်သူ
၆။ တတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့သူအလောင်းမင်းတရားဦးအောင်ဇေယျ၊ တင်ထွေး
၇။ မြန်မာ့ရက်စွဲသမိုင်း(ကုန်းဘောင်ဆက်)၊ ဦးတိကွခမ္မာလင်္ကာရ ၊ဒေါက်တာသန်းထွန်း
၈။ သူသောဓိတမဟာရာဇဝင်ကြီး ၊ ဆရာကြီးဦးဘီ၊ ဆရာသိန်း၊ ဆရာကိုဘကျော်
၉။ သမိုင်းရနံ့ပုံပုံသင်းသင်း၊ ဦးစိန်မောင်ဦး(ရွှေးဟောင်းသုတေသန)
၁၀။ ကုန်းဘောင်ရာဇဝင်ထဲမှ ရုပ်ပုံလွှာများ၊ ဦးစိန်မောင်ဦး(ရွှေးဟောင်းသုတေသန)
၁၁။ ကပ္ပတိန်ဂျော့ဘေကာ၏ ရတနာသိခ်ိန်သွားမှတ်တမ်း၊ ဒေါက်တာဒေါ်ရီရီ
၁၂။ ရာမည ၊ ပန်းတနော်ခင်မောင်မြင့်
၁၃။ ကုန်းဘောင်ခေတ် မြန်မာ- ပြင်သစ်ဆက်ဆံရေးသမိုင်း၊ ဒေါက်တာခင်မြကြူ
၁၄။ The Stricken Peacock(Anglo – Burmese Relation 1752 – 1948) by Dr Htin Aung
၁၅။ ကုန်းဘောင်ခေတ်မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များ၊ မကြန်
၁၆။ ရန်ကုန်ရာဇဝင်သမိုင်း၊ ဦးသိမ်းမောင်
၁၇။ A History of Rangoon by B.R.Pearn
၁၈။ Old Rangoon by Noel F Singer
၁၉။ သမိုင်းထဲကရွှေဘို ၊ ဒေါက်တာဦးသန်းထွန်း(ရွှေဘို)
၂၀။ ရွှေဘိုမြို့တော်အခြင်းအရာများ၊ ဒေါက်တာဦးသန်းထွန်း(ရွှေဘို)
၂၁။ ကုန်းဘောင်ခေတ်ဦးလူမှုရေးနှင့်အုပ်ချုပ်ရေး၊ ဒေါက်တာဦးသန်းထွန်း(ရွှေဘို)
၂၂။ ရဲမြန်မာ ၊ ဦးသိမ်းမောင်
၂၃။ လက်ဝဲသုန္ဒရ၏ ရတုများ၊ ဟံသာဝတီဦးဘရင်
၂၄။ ကုန်းဘောင်ခေတ်ယောနယ်စစ်မှုထမ်းများ၊ ဦးကျော်

၂၅။ ကုန်းဘောင်ခေတ်ယောနယ်အုပ်ချုပ်ရေး၊ ဦးကျော်
၂၆။ ကုန်းဘောင်ခေတ်အမိန့်တော်များမှ ရွှမ်းပြည်နယ်ဆိုင်ရာသမိုင်း
အထောက်အထားများ၊ ဒေါက်တာမိုးမိုးဦး၊ ဒေါခင်ချိုနွယ်၊ ဒေါနန်းသန်းသန်းတင်
၂၇။ မြန်မာ့စစ်ပညာ၊ မေမြို့မိုးကြည်
၂၈။ မင်းလက်ဝဲနော်ရထာ၊ မြန်စာပြန့်စာစဉ်
၂၉။ မြင်းလက္ခဏာကျမ်း
၃၀။ မြန်မာ့နန်းသုံးဆင် ၊ ရွှေးဟောင်းသုတေသီတစ်ဦး
၃၁။ ရတနာသိခ်ကုန်းဘောင်မြို့တည်စာတမ်းဘုရားပုရိပုဒ်မူ
၃၂။ ရွှေနန်းသုံးဝေါဟာရအဘိဓာန်၊ ဦးမောင်မောင်တင်
၃၃။ ရွှေးခေတ်မြန်မာ့တပ်မတော်မှတ်စုများ၊ နတ်မောက်ဘုန်းကျော်
၃၄။ လက်ဝဲသူန္ဒရ အတ္ထုပ္ပတ္တိနှင့်ရတုများ၊ ဟံသာဝတီဦးဘရင်
၃၅။ လှေ၊ လင်းယုန်သစ်လွင်
၃၆။ The Alaungpra Dynasty by James Gray
၃၇။ ရွှေဘုံနိဒါန်း ၊ ဇေယျသန်ယာ
၃၈။ ကုန်းဘောင်ခေတ်ဦးသမိုင်း ၊ ဒေါက်တာတင်ဝင်း(ရွှေဘို)
၃၉။ ခင်ဦးသမိုင်းတစ်ပိုင်းတစ်စ၊ အညာသား
၄၀။ နန်းမှုနန်းရာအဆင်တန်ဆာ၊ ရွှေးဟောင်းစာပေသုတေသီတဦး
၄၁။ ရန်ကုန်ရာဇဝင်၊ နဂါးဗိုလ်ထိပ်တင်ထွေး
၄၂။ ထန်း၊ တက္ကသိုလ်စိန်တင်
၄၃။ Early Catholic Settlement in a Burma: by Vivian Ba
၄၄။ The Cambridge History of the British Empire by Dodwell H. H. (ed),
၄၅။ Empire: How Britain Made the Modern World " by Niall Ferguson
၄၆။ တတိယမြန်မာနိုင်ငံတည်ဟန်၊ မောင်ကျော်ရှင်း
၄၇။ ကုန်းဘောင်ဖြူဝန်းမိုး၊ ရွှေဘိုမိမိကြီး
၄၈။ မြန်မာ့ဓား၊ မင်းယက္ခ
၄၉။ ရတနာသီခမဟာရာဇဝင်၊ နဂါးဗိုလ်ထိပ်တင်ထွေး
၅၀။ Robert Clive: The life and Death of a British Emperor by Harvey
၅၁။ Cambridge History of India, Vol. v. by Dodwell H. H. (ed),
၅၂။ အလောင်းမင်းတရား၊ ဒေါအုန်းကြည်၊ မြန်မာ့သမိုင်းအဖွဲ့